
www.burmeseclassic.com




BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com

19 MAR 2014

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

**ဒို့တာဝန်အရေးသုံးပါး**

ပြည်ထောင်စု မပြိုကွဲရေး ...ဒို့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး ...ဒို့အရေး
အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး ...ဒို့အရေး

# နက္ခတ္တရောင်ခြည်

နက္ခတ္တရောင်ခြည်

နက္ခတ္တရောင်ခြည်


















လော ကီ ပ ညာ ရ သ စုံ မ ဂ္ဂ ဇင်း



www.burmeseclassic.com

www.burmeseclassic.com

# နက္ခတ္တရောင်ခြည်



မဟာအဓိဋ္ဌာန်ဝင်ပုံမှာ
မိမိဝင်လိုသော မဟာဆိုသည့် စာလုံးနှင့်
ဘွဲ့အမည် စတင်ခေါ်ဆိုသော စေတီရင်ပြင်တွင်...

စာ-၁၀၆


စာတည်းချုပ်

ဦးကျော်မိုးသိန်း၊

တာဝန်ခံစာတည်း

ဓမ္မဒေဝ

နယ်လှည့်အယ်ဒီတာ

အောင်ဇ(LL.B)၊ကိုစိုးဆန်း၊

သန်းထွန်း(ဘားအံ)

ပါဠိ အယ်ဒီတာ

* ဦးစံတင်

(စေတုနိကာယကောဝိဒ၊ဝိနယရေး၊ဓမ္မာစရိယ)

* ဦးသန်းအောင်ရွှေ

[ဓမ္မာစရိယ (မဟာဝဏ္ဏိဒီ မြန်မာဂုဏ်ထူး၊)
ဒီဃဘာဏက-ဒီဃနိကာယကောဝိဒ
(နိကာယဝိပုလ)]

ဥပဒေအကြံပေး

ဦးထွန်းစိန်

B.A(Myanmar),H.G.P,R.L(Advocate)

ပန်းချီဒီဇိုင်းပညာရှင်

ကိုတင်ဦး၊

တင်တင်နွယ်

မျက်နှာဖုံးပန်းချီ

မြတ်မင်းဟန်

ဖြန့်ချိရေးမှူး

ယဉ်ကျေးဝေ

ကွန်ပျူတာစာစီ

ပါရမီ ကွန်ပျူတာစာစီလုပ်ငန်း

အတွင်းဖလင်

ပါရမီ

နာယကကြီး

ဒေါက်တာ အောင်မိုးနိုင်

M.B.B.S (Ygn)

ဒ-ဘ-ဗ(တိုင်းရင်းဆေး)

M.Med.Sc (Pharmacology)

Advānced Pharmacokinetics

Training (London)

M.C.P.A, A.T.C.M

(Wuhan), D.M.A

Senior Fellowship of Aryuvedic

Medicine(India)

သာသနာ့အကျိုးဆောင်

ကောလာသ ဆရာအောင်

တိုင်းရင်းဆေးပညာရပ်ဆိုင်ရာ

အကြံပေး

ဒေါ်ဝတ်ရည်ဆွေ

B.Sc(Bot),Dip.T.Med.

ဦးဝင်းထိန်ကျော်

B.A(Philos),Dip.T.Med.,

T.L.R.M (INDIA)

အနောက်တိုင်း ဆေးဗေဒ

အယ်ဒီတာ

ကိုကိုမောင်

ထုတ်ဝေသူ

ဦးခင်မောင်ဝင်း(၀၃၄၇၂)၊ နက္ခတ္တရောင်ခြည်မဂ္ဂဇင်းတိုက်၊
၂၃၃၊ ၂၉ လမ်း၊ ရန်ကုန်မြို့၊

အတွင်းနှင့် မျက်နှာဖုံးရိုက်

ဦးခင်မောင်ဝင်း(၀၅၃၉၄)၊ ပါရမီအော့ဖ်ဆက်၊
အမှတ် ၅၈၉၊ ရန်ကြီးအောင်လမ်း၊
၅-ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊
ရန်ကုန်မြို့၊

မန္တလေးဖြန့်ချိရေး

နဂါးစာပေ

ရှမ်းတောင်ကြီး ဖြန့်ချိရေး

မီလျံနာစာပေ (တောင်ကြီး)၊
ဝင်္ဂါနဒီစာပေဖြန့်ချိရေး(တောင်ကြီး)

မွန်ပြည်နယ်၊ ကရင်ပြည်နယ်ဖြန့်ချိရေး

ကျော်ကျော်စာပေ(မော်လမြိုင်)

ဖြန့်ချိရေး

ကျော်မိုးသိန်းစာပေ၊ ၂၃၃၊ ၂၉ လမ်း၊ ရန်ကုန်မြို့၊
☎- ၀၁ ၂၄၂၂၈၄



ကြော်ငြာဌာနမှူး - ကိုတင်မောင်ဆွေး
မင်္ဂလာ စီးပွားရေးကြော်ငြာလုပ်ငန်း



၂၀၁၄ ခုနှစ်၊ မေလ

အမှတ် ၃၃၄

အုပ်ရေ

၁၀၀၀

☎-၀၁ ၂၄၂၂၈၄




F.15.May, 2014.


www.burmeseclassic.com

www.burmeseclassic.com



ဝါရမိရှင် ရသေ့ကြီးဦးစိအား
အထက်ဝုဏ္ဏိုလ်များက
တောလင်းမြို့ ခမောက်တောင်တွင်...
စာ-၆၅

ကြံ့နတ်ငါးများကို ဖမ်း ယူစားသောက်မိပါက
ဝမ်းသွားအော့အန်ပြီး
အသက်ဆုံးရှုံးသည်အထိ ဖြစ်တတ်သည်ဟု...
စာ-၁၈၅



## ဗေဒင်ဗျောင်လက်ဗျောင်တွေ


### ဆေးဆိုးပိတ်ဆံ ဗေဒင်ဖွားဝွားဆရာ

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်
အနန္တသုခတိုင်းရင်းဆေးခန်း ဆရာမဒေါ်ကလျာစိုး
(တဆ-၀၃၆၁၉)၏မီးယပ်ဖြူဆင်းရောဂါကာကွယ်
စောင့်ရှောက်နည်းများ [မြောင်းမြ မောင်ယဉ်တင့်] ၁၅၈

### ပညာပေးရောင်ခြည်

သင်္ကေတများ၏ ဘာသာစကား (၃၄) [ဟူဂျင်းဇီ] ၁၄၈
တရုတ်ကြိုးထုံးပညာ (၉၀) ၂၀၄
လူတိုင်းအတွက် တရုတ်ရိုးရာ
အိပ်မက်ရှင်းတမ်း (၈၀) [ထက်မင်းကျော်စွာ] ၂၀၅

### လက္ခဏာရောင်ခြည်

တစ်ချက်ကောင်းဟောကွက် [ဦးသော်ခင်-ဟသာတ] ၉၄
ကိုယ်ပိုင် အိမ်ခြံမြေလုံးချင်း ကျယ်ကျယ်ဝန်းဝန်း
နေထိုင်ရမလား [ဆရာကြီး ဦးအောင်မြိုင်-ဥပဒေဘွဲ့] ၁၄၅
လက္ခဏာပဟေဠိ အဖြေညီကြစို့ ၁၆၈
အိမ်မဲမြို့ အထက်ပိုင်းရပ်ကွက်၊ သီရောမဏိတိုက်ကျောင်း
ဆရာတော် သာသနဓဇဓမ္မာစရိယ ဂန္ထဝါစကပဏ္ဍိတ
ဘဒ္ဒန္တပညာဝံသမထေရ်၏ လက္ခဏာတော်နှင့် ဩဝါဒ
[ဆရာဦးခင်မောင်လင်း-B.Sc,ရွှေဘို] ၁၆၉
သား များမလား၊ သမီး များမလား ၁၉၈
တစ်ချက်ကောင်းဟောကွက် ၂၂၉

### လမ်းညွှန်ရောင်ခြည်

ပုဂံမြို့ဟောင်းမှ တိမ်မြုပ်နေသည့် အလိုပြည့်စေတီနှစ်ဆူ
[ခရီးသည်သုတေသီ] ၂၅
မြတ်သမဏတို့ စံပျော်မြန်းသည့် ထုံးတောင်မြေ
သာစခန်းဆီသို့(၃) [ဇင်ညိုငယ်] ၄၁
ခရီးတစ်ထောက် လွယ်ကြိုးလောက်[မောင်နိုး-ကျောက်မဲ] ၁၆၁
ဂမ္ဘီရဆန်းဆန်း နတ်ငါးတန်း [ညိုမင်းနိုင်] ၁၈၅
ကျိုက်သန်လန်မှ ငါးမျက်နှာအောင်မြေစေတီ
[ထိုင်းလီစု] ၂၅၇

### အကျွဲးတလျှာရောင်ခြည်

အခင်းကြုံလျှင် မင်းစုံတောင်တွင် အမိဌာန်ဝင်ပါ(၁)
[ဘုန်းကျော်စွာ-မြိုင်တက္ကသိုလ်] ၉
ဂုဏ်တော်ထုံမွှမ်းသည့် မြတ်ဘုရားပုံတော် ၅၄
ရန်မာန် တင်းစေသည့် တောလင်းနယ်မှ အောင်နိမိတ်
ဆောင် ခမောက်တောင်(၆) [ထက်မင်းကျော်စွာ] ၆၅
တဘောင်ထဲက ဖြစ်ပေါ်လာသည့် မြိတ်မြို့မှ
စုံလေးစုံစေတီ(၃) [နွေဦး-မြိတ်] ၈၁
ဝေဘူဆရာတော်ကြီး၏ နွေရာသီ သီတင်းသုံးရာ
အင်ကြင်းပင်သာသနာမြေသို့(၆) [ထက်မင်းကျော်စွာ] ၈၉
ရွှေဟောင်းသမိုင်းဝင် ရွှေမန်လင်းစေတီတော်နှင့် ယာမံ
ဘိုးဘိုးအောင် အောင်မြေနှင့် အင်းတော် [မုံရာမောင်] ၁၂၁

www.burmeseclassic.com


## ❀ ကိုယ်တွေ့ရောင်ခြည် ❀

ထူးတာတွေ့တော့ ပြောချင်ပြချင်
[မောင်ကံ-ထံတားရွာ] ၂၃၃
မြင်တွေ့ခဲ့ဖူးသော မြွေတုဆရာသုံးဦး
[သုတေသီ မြင့်ထွန်း] ၂၄၆
ရခိုင်ပြည်နယ် မဟာမုနိဘုရားကျွန်းမှ
ပျောက်ဆုံးနေသော ခေါင်းလောင်း
[ရွှေခိုင်ကျော်-မြောက်ဦး] ၂၇၀
အစ်ကိုတော်ဦးပဥ္စင်း လူခြောက်ကလေး
[စောမြတ်မွန်-မန္တလေး] ၂၇၆
ထူးထူးဆန်းဆန်း သိုက်နန်းရှင်တို့၏ သက်နှုံးအလှူ
[ကြော့ကြော့-ပုဖွန်မြောင်း] ၂၉၇

## ✻ ကျန်းမာရေးရောင်ခြည် ✻

မဟာအမိဋ္ဌာန်နှင့် စိတ်ဝင်စားဖွယ်ရာများ
[အောင်ဇ-L.L.B] ၁၀၅
သရဏဂုံသစ္စာအဓိဋ္ဌာန်ကျင့်စဉ် [ပဲခူးကျော်ကျော်] ၁၁၆
ဝန္တာရီပုဂ္ဂိုလ်တစ်ဦး၏ ကိုယ်တွေ့ပုတီးစိပ်
[မောင်လှယဉ်-မော်လမြိုင်] ၁၈၈
ဘြာခံဘုရားနှင့် လျှို့ဝှက်ဂမ္ဘီရကျင့်စဉ်
[ကဝိသိရောမဏီ] ၂၁၇

## ● အစီအရင်ရောင်ခြည် ●

ကြမ်းပိုးမကိုက်အောင် စီရင်နည်း [သုတေသီ မောင်နန္ဒ] ၂၃
အိမ်သာယာ၍ စီးပွားတက်စေသည့်
အုန်းထွမ်းအစ်အဆောင် [ထက်မင်းကျော်စွာ] ၃၈
မဟာဘုတ်ချိန်ခွင်နှင့် လွယ်ကောင်းယတြာ
[စနေ သားသမီးများအတွက်] [သန်းပညာ] ၉၅
လောရှမ်း လာဘ်ရွှင်ဈေးခေါ် အစီအရင်
[သန်းထွန်းသိန်း-ဘားအံ] ၁၃၄
လာဘ်ရွှင်စေသည့် နှုတ်ဆိုင်မျက်ဆိုင် စင်ရော်တောင်
[ဇင်ညိုငယ်] ၁၃၇
သိဒ္ဓိအောင်လိုက ပိတုန်းဆောင်ကြ
[ဆရာစိုင်းကြည်ဝင်း-ပထဝီ၊ ဘီအေ၊ အာရ်အယ်လ်] ၂၀၉
ပုတီးကျင့်စဉ်နှင့် ယတြာ [တက္ကသိုလ် အပန်ငယ်] ၂၈၉

## ❐ အဂ္ဂိရတ်ရောင်ခြည် ❐

အဂ္ဂိရတ်ပညာရှင်များအတွက် နမောဂါထာပြန်နှင့်
ရှုပ် ၁၀၈ မျိုး [အောင်(သိဒ္ဓိရာဇာ)-နဝင်းမြို့တော်] ၁၃၉
ရှင်ကောဝိဒရဲ့ ဓန်နှာသုတရစာ(၁)
[ရွှေတောင် ခင်မောင်ကြည်] ၁၇၇
ကန်နိုင်ငံဆင့် ဆရာတော်ကြီး အနန္တသိဒ္ဓိပြဒါးလမ်း
[ချမ်းသာအေး ဦးဆန်းမြင့်ထွန်း] ၂၁၅
သံသေဒန်ကြေ သုဝဏ္ဏရွှေ [ဦးမင်းဇင်-ရွှေနဝင်း] ၂၁၉







မြိတ်မြို့မှ စုံလေးစုံ အပါအဝင်
မဂ်ကိုစုံဇေတီအနီးမှ
သူရသမတီပယ်တော်ရှပ်တုအား… ☛ စာ-၈၄

အိစ်မက်အရ သစ်ပင်းပင်ကို
ထူးဆော်ကြည့်ရာ ပါးပျဉ်းထောင်နေသော
မြွေစုံသဏ္ဌာန်အမြစ်ကို… ☛ စာ-၁၆၂




www.burmeseclassic.com

www.burmeseclassic.com



မင်းစုံတောင် တောရအဝင်ရှိ
ကျောက်တံခါးကြီးကိုလည်း
ဤသို့ ထူးခြားစွာ တွေ့ရသည်... ☛ စာ-၁၂

မဇ္ဈိမဒေသလွန်အခြားသော
သာဘာပွင့်အဆောင်ကို
ဆောင်ထားလိုသူများသည်... ☛ စာ-၁၃၇



## ✱ ဂါထာမန္တန်ရောင်ခြည် ✱


နော(၉)တန် ဣ(၈)တန် ဂါထာတော်ထူးမြတ်ကြီးနှင့် ပတ်သက်၍
[ဆရာဦးမောင်မောင်ကျော်-အ.လ.က၊ အင်းလေးခေါင်တိုင်] ၁၁၀
မဟာဝေဒမန္တန်တော်ကြီး ရွတ်ပွားပူဇော်သူများအတွက် ဖြည့်စွက်ပေးပါရစေ [ဗိဇ္ဇာဝိုင်ရံ ဦးအောင်] ၁၅၃


## ✱ ဆေးနည်းပေါ်ရောင်ခြည် ✱


အကြောနှင့် ပတ်သက်၍ ဤဆေးကိုသုံး
[ဉာဏ်မြင့်ဦး-စက္ကူချုပ်] ၁၆၄
ဆီးချိုအတွက် ဆေးတစ်ခွက် [မြဒင်-ဝင်းကျိုက်] ၁၈၃
မျက်စိရောဂါ တိမ်သလ္လာအတွက် ဆေးနည်း
[မိုး-သရက်] ၁၉၂
ပန်းသေပန်းညှိုးလိမ်းဆေး [ဘုမ္မဝတီ ကိုကိုလေး] ၂၉၁


## ◆ ဆေးဗေဒရောင်ခြည် ◆


သင့်အကျိုး ငွေမကုန်သောကုနည်း
[ခင်ခင်ဝင်း-မောရဝတီ] ၆၃
နွေရာသီ ဆီးရောဂါအတွက် အနေမခက်ရအောင်
[ဦးမင်းခင်-ရွှေနဝင်း] ၈၅
တလေးသူငယ် သူငယ်နာဝမ်း သွားနေခဲ့လျှင်
[အောင်ထက်-ရေအနောက်မြို့တော်] ၂၇၂
အကြော်ဆောင်လား၊ အချဉ်အခါး ဆောင်လား
[ကိုကိုခန့်ချော-ကသာမြေ] ၂၉၆


## ✳ ဝတ္ထုရှည်ရောင်ခြည် ✳


တမလွန်ဘဝက တစ်ပြည်သူ မရှေ့ထား
[ရေနံသာ အောင်ချမ်းဇော်] ၂၅၈


## ✢ ထူးခြားသစ်ပင်ရောင်ခြည် ✢


ထန်းရွက်ဝန်တာ ကျေပွန်ပါစေ [ခင်ထွန်း] ၇၀
ထူးခြားရှားပါး သစ်တွင်းကြီး
[ရွှေမှော်မြေ မောင်ကြည်သိန်း] ၁၁၃


## ✂ ဗဟုသုတရောင်ခြည် ✂


အောက်လမ်းပညာဖြင့် လုပ်ကြံမှုခံရသည့်အခါ
[စောမိသွင်---ရန်ကုန်] ၂၈၁


## ✝ ထူးခြားပစ္စည်းရောင်ခြည် ✝


သိမ်းထားသည့် အမြှုတေများအကြောင်း
[ခင်ခင်ဝင်း-မောရဝတီ] ၈၇
ရွှေတူးဖော်သူတို့အတွက် မင်္ဂလာကျောက် (သို့)ကျောက်ပုပ် [မျိုးတင့်-ညောင်လေးပင်] ၆၁

www.burmeseclassic.com


**● ကိုယ်ခံပညာရောင်ခြည် ●**

သိုင်းပညာရှင် ဆရာကြီး မင်းယက္ခ၏ ဘဝအတွေ့အကြုံများ (၂၇) [ဆရာကြီး၊ မင်းယက္ခ–တိုက်ပွဲဝင်] ၂၂၂

**✻ ကုထုံးရောင်ခြည် ✻**

ရေကုထုံး [မောင်အေးကြူ–စီးပွားရေး] ၂၉

ဖက်ထိုးခြေတက် အသက်ရှူခက် [အဿဝဏီ] ၂၂၈

**✻ အမျိုးသမီးအလှူးရောင်ခြည် ✻**

ပိန်းရိုးစား၍ အာခေါင်ယားလျှင် [နန်းဖြူဖြူဝင်း] ၂၉၅

**○ သုတေသနရောင်ခြည် ○**

မဟာဘုတ်ချိန်ခွင်နှင့် ကျေးဇူးရှင်ဆရာတော်ကြီးများ

[အိမ်မဲမြို့နယ်၊ ထိန်ငူကျေးရွာအုပ်စု၊ ကျောင်းစုကျေးရွာ

ဓမ္မသုခကျောင်းဆရာတော် ဘဒ္ဒန္တစန္ဒောဘာသ

မထေရ်အား ဂါရဝပြုပူဇော်ခြင်း] [သန်းပညာ] ၄၆

စိတ်ဝင်စားဖွယ်ကောင်းသော ထိုးမြလက်မှတ်များအကြောင်း

[ဆရာကြီး ဦးအောင်မြင့်–ဥပဒေအဘွဲ့] ၁၄၂

သျှစ်သောင်းပုထိုးတော်ကြီးမှ ရွှေခေတ်ရခိုင်ရိုးရာ

ဝတ်ဆင်ထုံးဖွဲ့မှုနှင့် အခြားဒီဇိုင်းလက်ရာများ(၂)

[ပန်းချီးထူးလှ–ရှေးဟောင်းသုတေသန] ၁၉၃

**○ မြစ်ချင်းကြီးဆေးပင်ဆေးမြစ်ရောင်ခြည် ○**

ဆိပ်ဖလူးပင် ဆေးဖက်ဝင်ပုံ [ဆေးသုတေသီ] ၁၉၉

တောခံပင်၏ ဆေးအသုံး [ခွန်စိုင်းဝမ်း] ၂၀၈

ချွေးလေ့းယားသီး အနုတ်နှင့်အဖြူ စိုက်ပျိုးနည်းနှင့် စားသုံးနည်း [စန္ဒာမိုး–တောင်ငူ] ၂၁၀

**✻ ဟီရညာန်ရောင်ခြည် ✻**

ခိုင်းနွား ပွေဆိုး အာနိသင်ပြယ်အောင်

[စောသိင်းလဲ] ၂၃၂

**⊠ ကြည်ညိုခြင်းရောင်ခြည် ⊠**

မြင်းခြံစာတိုက်တော်တိုက်ကျောင်းမှ ထူးခြားသော ရုပ်ပွားတစ်ဆူ [ခင်ထွန်း] ၁၄

ထူးထွေဆန်းပြား ရွှေလင်းပင်ဘုရား(၂) [နိုင်မင်းညို] ၄၉

**✻ အောင်မြေရောင်ခြည် ✻**

စစ်ကိုင်းတစ်ခွင် သမိုင်းဝင်စေတီများ၏ အောင်မြေနှင့် ရှိန်းပူဇော် ဂါထာတော်များ(၁၅)

[အောင်ရွှေမြတ်–စစ်ကိုင်းတောင်] ၇၃

စပါးတောင်ခြေ အမိဋ္ဌာန်ပြုရာ သစ်ဖြူတောင် အောင်မြေ(၃) [မောင်မောင်စိုး–ထားဝယ်] ၉၇

စလင်းမြို့နယ်မှ ဇရပ်ကြီးဘုရားအောင်မြေ


[စလင်း ဦးကျော်] ၂၀၁






ဘုန်းကြီးကို ရဟန္တာ ထင်နေကြတယ်
ဘုန်းကြီး ရဟန္တာမဟုတ်ပါ
ဆုကြီးပန်ပါ ... စာ–၁၆၅

ကျောက်ပုပ်ဆိုတာ
ရွှေသမားတွေအတွက် မင်္ဂလာကျောက်ပဲ
ကျောက်ပုပ်ကို တွေ့ပြီဆိုရင် အဲဒီနေရာမှာ... စာ–၆၁





www.burmeseclassic.com



ဒီ ကျောက်ပွားလို့ ခေါ်တယ်
ဒီကျောက်မျိုးကို ဆောင်ထားရင်
ကျောက်မျက်ရတနာများ ဝင်လာမစဲ ထင့်ခဲ့ပါ ... စာ-၁၇

အဘဆိုးဘိုးအောင် ဓာတ်ခန်းနှင့်
စေတီဆုံး ဇြေ့ဘွားအင်းတော်ကြီးကို
ကြည်ညိုခွင့် ရခဲ့သည် ... စာ-၁၂၃



ပြောင်းလဲနေသော အုန်း(မှတ်)ကွမ်းအစ်သည်
နေအိမ် သာယာ၍ သုခပြည့်ဝခြင်းအတွက်
နိမိတ်ကောင်းရှသော အိမ်အဆင်တန်ဆာဖြစ်သည် ... စာ-၃၈




## ✧ ထီဗေဒရောင်ခြည် ✧

၂၀၁၄ ခုနှစ်၊ မေလ ထီအတွက် ရွေးချယ်ပါ ဤဂဏန်း
[ဆရာရဲထက်-သုတေသီ] ၃၀

၂၀၁၄ ခုနှစ်၊ မေလအတွက် ဓာတ်ကြီးငါးပါး
စိုးမိုးမှုနှင့် အောင်ဘာလေထီဆုငွေ [ထက်မင်းကျော်စွာ] ၁၇၆

## ❊ စိုက်ပျိုးရေးရောင်ခြည် ❊

ရွှေပတီ အပင်ဝါရောဂါ ပျောက်ကင်းစေရန်
[ညွှန့်ဝင်း-နတ်တလင်း] ၁၅၂

## ✣ ထပ်ဆင့်အသံရောင်ခြည် ✣

ကျေးဇူးတင်ပါသည် နက္ခတ္တရောင်ခြည်
(သူ့အသက်ကို ဂမ္ဘီရနည်းဖြင့် ထပ်မံ ကယ်တင်လိုက်နိုင်ပြီ)
[ဦးမင်းညို-မြဝတီ] ၃၀၁

## ✸ အင်းဓမ္မရောင်ခြည် ✸

ဂမ္ဘီရက္ကစ္စာသယ ဖယောင်းတိုင်စီရင်နည်း
[ဝေဒသုတေသီ ကျော်ဝင်းအောင်-ပြည်၊ ဆည်မြောင်း] ၂၂၅

## ✎ ပုဂ္ဂိုလ်ထူးရောင်ခြည် ✎

စလေဆရာတော်ကြီး ဘဒ္ဒန္တကောသလ္လ(အဘိဓဇ
အဂ္ဂမဟာသဒ္ဓမ္မဇောတိက)မထေရ်မြတ်ကြီးနှင့်
ကိုယ်တွေ့ အတွေ့အကြုံ [မြင့်] ၁၂၅

ဘုတလင်မြို့ကြောင်ပန်းဆရာတော်ကြီး အရှင်ကုဏ္ဍတ၏
ဘဝတောက်ကြောင်း(၄) [ဇင်ညိုငယ်] ၃၃

အာဏာတည် ဆရာတော်(၃)
[အရဟံ ဆရာသိန်း-လပွတ္တာ] ၅၇

သူတစ်ပါးစိတ်ကို သိတော်မူသော အင်းလေးမှ
ဝက်သကင်ဆရာတော်
[ဒေါ်သုမနဝီစိတ္တ-B.Sc,H.G.P,DipEd] ၁၆၅

## ✤ ထူးခြားဆန်းကြယ်ရောင်ခြည် ✤

မန်တျည်းစုရှာတ ပတ္တမြားပုံ [အင်္ဂါမိုး-မြင်းမူ] ၂၄၉

ထူးဆန်းသောခွေးနှင့် ဆန်းပြားသောသတ်နည်း
[ထီလာကျော်] ၂၇၃

## ❑ အမေးအဖြေရောင်ခြည် ❑

ထူးခြားဆန်းကြယ် ဖုံးညြဖွယ် ရှင်သီဝလိရုပ်ပွားတော်နှင့်
သိသူများမှ ဖော်ပြပေးစေချင် [မနှင်းမေသိန်းဇော] ၁၈၂

## ⇔ ဗိဇ္ဇာဓရဂမ္ဘီရရောင်ခြည် ⇔

ရှိန်းဆာသာ ပိုမောက်လို့ ကိုယ်ပျောက်တဲ့ဝိဇ္ဇာ
[ရွှေတောင် ကြည်မောင်အေး] ၂၃၆




www.burmeseclassic.com

www.burmeseclassic.com


✂ နေ့စဉ်သုံး အစားအစာ ညှန်ရောင်ခြည် ✂

၂၀၁၄ ခုနှစ်၊ မေလအတွင်း
ပုံနှိပ်ရှင်တို့၏ ထံကြွမှာ [ဟူကျင်း၏] ၁၃၅

၂၀၁၄ ခုနှစ်၊ ဧပြီလအတွက်
ခုနစ်ရက်သားသမီး ဟောစာတမ်း [ဆရာ ရောင်ခြည်] ၂၃၀

★ မြန်မာ့ရိုးရာပညာရောင်ခြည် ★

ခရီးသွားနှင့် ယာယီပြောင်းသင့် မပြောင်းသင့်
တွက်နည်းနှင့်အဟော
[ကောင်းခန့်-သခွတ်မြေ၊ ဝက်လက်] ၁၄၇

မြန်မာ့တွေ့ လက်တော်ရွှတ ပစ္စည်းပျောက်
ရ မရ အဟော [မောင်ဗဟိန်း-အင်းတော်] ၁၅၁

◆ ကျန်းမာရေး ဓာတ်စာရောင်ခြည် ◆

၂၀၁၄ ခုနှစ်၊ မေလအတွင်း
ကျန်းမာရေးအတွက် အကြံပေးချက်များ [ဟူကျင်း၏] ၂၁၆

✣ မြန်မာ့နှစ်သစ်ကူး အလှူးရောင်ခြည် ✣

၁၃၇၆ ခုနှစ် နှစ်သစ်မှာ ကံကောင်းပြီးရင်း
ကံကောင်းကြစေဖို့ [အောင်နန္ဒစ်-ကျိုက်လတ်] ၁၂၉

ကောဓသတ္တရာစ် ၁၃၇၆ ခုနှစ် မြန်မာနှစ်အပြောင်းမှာ
ကံကောင်းမှာလား [ကောင်းမြင့်မြတ်စိန်] ၁၇၁

● ဖြူစင်မှုန်ရောင်ခြည် ●

တင်းစစ်ပေးသော ပရလောကသားများ (၃)
[ချစ်ဆိုင်] ၂၄၁

ဘယ်သူပေးတဲ့ အမွေနဲ့လဲ [မောင်အေးကြူ-စီးပွားရေး] ၂၅၁

ဓုတ်ဝင်တဲ့နွား [ညီလေးငယ်-လယ်တော်] ၂၅၄

ရှုကွဲမိုး မသူ [ဝေစည်-ရွှေဘို] ၂၆၅


ပေါ်င်ကျိုးသွားသော ကွင်းပိုင်ကြီး
[ရှစ်ခွင်ကျော်-ဖောင်တော်သီ] ၂၆၇

ပရလောက အိမ်ဝေယာမှာ တစ်ခဏတာ
[အောင်-ကယားမြေ] ၂၇၈

အိပ်မက် မတ်ပြီး ရရှိသော ရွှေထည်ပစ္စည်းများနှင့်
ငွေဒင်္ဂါးပြားများ [ဦးအေးရွှေ-ကနောင်] ၂၈၆

လိုရာနိုင်းနိုင်တဲ့ နာနာဘာဝသရဲ [မိုးဇော်အောင်] ၂၉၂



ဒီ ဆင်ရုပ်၊ မြွေရုပ်တွေကလည်း
ထားတဲ့နေရာမှာ မနေဘဲ
သူ့မူလနေရာ ပြန်ပြန်ရောက်နေတယ်... စာ-၄၉

ဝန်ထမ်းတွေ
ထမ်းရွက်ရတဲ့
တာဝန်တွေ
ပေါက်မြောက်
ထူးချွန်အောင်
ဆောင်ထားသင့်တဲ့
သစ်ပင်လေးပါ...
စာ-၅၀



မိဖုရား
နိုင်သူများ
ဒီသစ်ကိုင်း
အောက်
ဖြတ်လျှောက်ပြီး
အကုံပေမာလသုတ်
ခုနစ်ခေါက်
ရွတ်ရင်...
စာ-၁၁၃



www.burmeseclassic.com

အခင်းကြုံလျှင်

# မင်းစုံတောင်တွင်

အဓိဋ္ဌာန်ဝင်ပါ (၁)

ဘုန်းကျော်စွာ
(မြိုင်တက္ကသိုလ်)

တစ်နေ့တွင် နက္ခတ္တရောင်ခြည် မဂ္ဂဇင်းရုံးခန်းရောက်ရှိက် စာတည်းချုပ်မှ မြင်းခြံ နွားထိုးကြီးလမ်းပိုင်းတွင်ရှိသော မင်းစုံတောင်သို့ သွားရောက်လေ့လာရန် တာဝန်ပေးသည်။ သို့နှင့် ခရီးထွက်လာရင်း မြင်းခြံခရိုင်၊ နွားထိုးကြီးမြို့နယ်တွင်း တည်ရှိသော မင်းစုံတောင်သည် အရိယာဝိဇ္ဇာ၊ လောကီဝိဇ္ဇာ ဝိဇ္ဇာအစုံစုံတို့ ခိုလှုံမွေ့ပျော်၊ အားထုတ် ကျင့်ကြံလေ့ရှိကြသော **အဓိဋ္ဌာန်အောင်မြေ နေရာထူးတစ်ခု ဖြစ်ကြောင်း** ရန်ကုန်-မြင်းခြံ အဝေးပြေးယာဉ်ပေါ်တွင် ခရီးဖော်အဖြစ် ဆုံတွေ့ ဖူးမြော်ခွင့်ရခဲ့သည့် **တောပျော်အရှင်မုနိန္ဒ**က မိန့်ကြားတော်မူခဲ့သည်။

သို့ဖြစ်လေရာ မင်းစုံတောင်သို့ စုံစမ်း၍ သွားရောက် လေ့လာဖြစ်ခဲ့သည်။ နွားထိုးကြီးမြို့မှ အရှေ့ဘက် ပြင်စည်မြို့ဟောင်းသို့သွားသော ကားလမ်းအတိုင်း (၇)မိုင်ခန့်အကွာ လမ်း၏မြောက်ဘက် (လက်ဝဲဘက်)တွင်...

"ဒွေးစေတီကြီးတောရကျောင်း၊ မင်းစုံတောင်" ဟူသော ဆိုင်းဘုတ်ငယ်နှင့်အနီးတွင် မင်းစုံတောင် ဘေးမဲ့တောဟူသည့် သစ်တောဌာန ဆိုင်းဘုတ်ကြီးတို့ကို မြင်တွေ့ရလေသည်။

ထမ်းထိပ် လုံခြုံရေးဝန်ထမ်းနေအိမ်မှ အမျိုးသမီးတစ်ဦးအား မေးမြန်းကြည့်သောအခါ ဤမြေလမ်းအတိုင်း သုံးမိုင်ခန့် ဝင်ရောက်သွားပါက မင်းစုံတောင်ခြေသို့ ရောက်ရှိပါမည်။



ကျွန်ုပ်ဘောက်တိုင်စေတီ

ယင်းနေရာတွင် ဆိုင်ကယ်ထားကာ တောင်တက် လှေကားထစ်အတိုင်း တက်ရောက်နိုင်သည်။ တောင်တက်ကားလမ်း မရှိပါဟု ပြောပြလေသည်။

မင်းစုံတောင်အဝင် မြေလမ်းကလေးမှာ သထုံခရိုင်၊ ဘီလင်းမြို့နယ်ရှိ ဘုန်းတော်ကြီး ဦးအုန်း'ၡင် ဘီတောင်းသုံးတော်မူရာ ရွှေရေးပြီတောရ

www.burmeseclassic.com

သွားလမ်းနှင့် ဆင်ဆင်တူ၍ ကျေးငှက် တိရစ္ဆာန်အော်သံမှအပ ငြိမ်သက် တိတ်ဆိတ်လှသည်။

ရေ မရှိသော ချောင်းအချို့နှင့် ကုန်းအတက်အဆင်းများကို ကျော် ဖြတ်လျက် (၃)မိုင်ခန့် သွားရလေ သည်။

## မင်းစုံတောင်ထက်သို့

တောင်ခြေ ရောက်သောအခါ မြေ စိုက်သွပ်မိုး ဇရပ်တစ်ဆောင်နှင့်အနီး တွင် အုတ်၊ သဲ၊ ကျောက်၊ ထုံး ဆောက်လုပ်ရေးပစ္စည်းများကို တွေ့ရ သည်။

ဇရပ်အတွင်း မြေကြမ်းခင်း၌ ထန်းကုလားထိုင်နှစ်လုံး ချထားကာ ရေအိုးစင်တွင် ရေချမ်းအိုးသုံးလုံး အတွင်း၌ ထက်ဝက်ခန့် ဖြည့်ထား သည်။

ရေသောက်၊ ကွမ်းယာစား၊ ခေတ္တ နားနေပြီးနောက် ကျောက်ခင်းလှေ ကားထစ်များအတိုင်း စတင် တက် ရောက်သည်။

ကျောက်ပြားခင်း လှေကားမှာ ရှေးယခင်ကပင် ရှိခဲ့ဟန်တူ၍ ဖြူဖြူ ဖွေးဖွေး မဆလာ လောင်းထားသည့် နေရာများကား မကြာမီက အသစ်မွမ်းမံ ထားခြင်း ဖြစ်နိုင်ပါသည်။

စတက်တက်ချင်း စောင်းတန်း လက်ဝဲဘက် ကုန်းစောင်းတွင် ထူးခြား သောပုံစံနှင့် စေတီတစ်ဆူ တွေ့ရ သည်။ **"ကမ္ဘာ့မာတ်တိုင်စေတီ"**ဟု ကမ္ပည်းရှိသည်။ အောက်ခြေ စက်ဝိုင်း ကတော့ပုံ ထုလုံးချွန်နှင့် အထက်၌ ထီးတင်ထားသည်။ အောက်ခြေတွင် **"၁၃၆၁ ခုနှစ်"**ဟူသော သက္ကရာဇ် ကမ္ပည်း ရှိသည်။

ကတော့ပုံ ထုလုံးချွန်တွင် ၂၄ ပစ္စည်း




◆ နွားထိုးကြီး ပြင်စည်ကားလမ်းခွဲသားမှ မင်းစုံတောင် ဘေးမဲ့တောဆိုင်းဘုတ်

◆ မင်းစုံတောင်ခြေမှ နားနေဆောင်ကလေး



◆ တောင်ပေါ်တွန်းလာသော ဆောင်တန်းများ





www.burmeseclassic.com

www.burmeseclassic.com



ပဋ္ဌာန်းအကျဉ်းကို ရေးထွင်းပူဇော်ထားသည်။ အထက်တွင် လေးထောင့်လေးမျက်နှာ အလွှာရှိရာ တောင်ဘက်တွင် **ဇမ္ဗူဒီပါကျွန်း၊** အနောက်ဘက်တွင် **မြဂေါယာကျွန်း** စသည် ရေးသားထားလေရာ အထက်မှ ထီးတော်သည် မြင်းမိုရ်တောင်ကို အုပ်မိုးထားသည်ဟု ရည်ညွှန်းဟန်ရှိလေသည်။

လေးကျွန်းမြင်းမိုရ် အထိမ်းအမှတ်စေတီ ဖြစ်လေသည်။ လောကမြေပြင်ကမ္ဘာအနှံ့ဟူသော သဘောဆောင်၍ အရပ်ရပ်သို့ ပျံ့နှံ့စေလိုသော ကိစ္စများတွင် တည်ဆောက်၊ ပူဇော်၊ အဓိဋ္ဌာန်ပြုလေ့ ရှိကြသည်။

ဤနေရာတွင် မြင်တွေ့ရခြင်းကား အရိယာဝိဇ္ဇာ၊ လောကီဝိဇ္ဇာတို့က ကမ္ဘာအနှံ့ သာသနာတော် ပြန့်ပွားတည်တံ့ရေးအတွက် တောင်းဆုခြွေ ကောင်းမှုစေတီ တည်ထားခြင်း ဖြစ်နိုင်သည်။


တစ်နယ်ရပ်ခြား ခရီးသွား၍ စီးပွား ရှာသူများ၊ အနယ်နယ်အရပ်ရပ်သို့ ပတ်သွားလာနေရသည့် ဆယ့် ဈေးသည်များ၊ သုတေသီများ၊ စခန်းဝင် သာသနာပြု များ၊ တစ်ရပ်တစ်နယ်ရောက် ဝရှိသူများအတွက် ဆု ပြည့်ဝနိုင်သောစေတီ ဖြစ်သည်။

"လေးကျွန်း တစ်မြင်းမိုရ်"ဟု ကြသော ရိုးတံတစ်ခုတည်း၌ လေးခုထွက်သည့် ခတ္တာ တင်လှူပူဇော်ခြင်းဖြင့် ပို၍ များစေသည်။

= တနင်္လာ+စနေ=၂+၇=၉



◆ မိုးရေလှောင်ကန်





www.burmeseclassic.com

www.burmeseclassic.com



▲ တောရအဝင် ကျောက်တံခါး

ရုပ် နဝင်းဖြစ်လေရာ သိသာထင်ရှားသော လက်တွေ့ကျသည့် အခြေအနေကို ကြုံဆုံပိုင်ဆိုင်နိုင်သည်။ ခတ္တာပန်းပွင့်ပုံအရလည်း သဏ္ဍာန်တူ ဝဂ္ဂုတ္တမ မြတ်သောအစုအထပ် သဘောဆောင်ခြင်းကြောင့်လည်း သင့်မြတ်သောအကျိုး ခံစားရခြင်း ဖြစ်သည်။

ယင်းမှ ဆက်၍ တက်လာခဲ့ရာ သွပ်မိုးစောင်းတန်းအချို့ စတင် တွေ့ရှိရသည်။ မောင်ရင်ပေါ်ချောက်မှ ဦးဝိသုဒ္ဓ၏ သာဝက ဒါယကာများ စုပေါင်း လှူဒါန်းခြင်းဖြစ်သည်ဟု သိရသည်။

ထိုအရှင်သည် ပြည့်စုံစွာ နေထိုင်ရသော လူ့ဘဝ စည်းစိမ်ဥစ္စာများအားလုံးကို စွန့်လွှတ်ကာ မောင်ရင်ပေါ်ချောက်တွင် သာသနာ့ဘောင်သို့ ဝင်ခဲ့ရာ (၁၀)ဝါ ရှိပေပြီ။

မြင်းခြံသတိပဋ္ဌာန်ကျောင်း၊ နန်းမြင့်တောင် ဆုတောင်းပြည့်ကျောင်းတို့တွင် ဝါကပ်ဆို၍ အားထုတ်ကျင့်ကြံခဲ့ကာ မင်းစုံတောင်သို့ ၁၃၅၈ ခုနှစ်တွင် ကြွရောက်၍ ဝါကပ်ဆိုခဲ့သည်။

ထိုအရှင် ကြွရောက်တော်မူရာ နေရာဒေသများတွင် သာသနိကအဆောက်အအုံများ တိုးတက်ဖြစ်ထွန်း စည်ကားလာခဲ့သည်ဟု ဝမ်းမြောက်ဖွယ် ကြားသိကာ အနုမောဒနာပြုရပေသည်။

စောင်းတန်းများမှာ နားနေရန် အုတ်ခုံများလည်း ပါဝင်သဖြင့် အတန်ငယ် မတ်စောက်သော တောင်တက်လမ်းအတွက် ကျေးဇူးများလှသည်။ မကြာမီ တိတ်ဆိတ်မှုများကို ထွင်းဖောက်၍ လှူသံများ ကြားရကာ ကိုရင်ကြီးတစ်ပါးနှင့် ကပ္ပိယအချို့ သွပ်ပြားများ ထမ်းလာသည်ကို မြင်ရသည်။ ဆောက်လက်စ စောင်းတန်းများတွင် အသုံးပြုရန်ဖြစ်သည် ဆိုလေသည်။

တောင်တက်လမ်း ဝဲယာရှိ သစ်ပင်ချုံနွယ်များအတွင်း ကြက်လည်ဆံ၊ ပုဏ္ဏမ၊ တိလက်သာ စသော ပရဆေးပင် များစွာ တွေ့ရသည်။ အရွက်ကျချိန်ဖြစ်၍ အမြစ်ဥကို တူးယူမှသာ ဆေးအမည်ကို သေချာစွာ သိနိုင်မည်ဖြစ်သော်လည်း **“မင်းစုံတောင် ဆေးမဲ့တော”** ဆိုင်းဘုတ်ကို မြင်ယောင်လာသဖြင့် မတူးဖော်ဖြစ်တော့ပါ။

မိုးနည်းရေရှား ရပ်ဝန်းတွင် အကိုင်းအခက်သာမက အပင်ခြေကို နုတ်ယူခြင်းမှာ ဆိုးဝါးသော လုပ်ရပ်ဖြစ်ပေမည်။

မိနစ်(၂၀)မျှ ကြာသောအခါ စေတီတစ်ဆူသို့ ရောက်သည်။ ချမ်းအေးသော ရာသီဥတုနှင့် သစ်ပင်ရိပ်များကြောင့် ချွေးဒီးဒီး မကျသော်လည်း



www.burmeseclassic.com

www.burmeseclassic.com

အတန်ပင် မောပန်းလာပြီဖြစ်၍ ခေတ္တ နားကာ စေတီတော်ကို ဖူးမြော်ကြည့် ညိုသည်။

ရှေးယခင်က "ချုပ္ပဲ"စေတီတွင်ခဲ့ သည်။ ပညတ်သွားရာ မာတ်သက်ပါ လေလား။ ပူဇနီယပွဲတော်ကာလတွင် ရိုက်ပွဲ၊ ရန်ပွဲများ နှစ်စဉ်လိုလို ပါဝင် အားဖြည့်ပေးကြသည်။

တောင်ပေါ်ရှိ စေတီများအား ကပ်လှူထားသော ဆွမ်းခဲဖွယ် သစ်သီး ဝလံများ (စွန့်ယူ)ဆွမ်းချကာ ဝေငှ စားသုံးကြသော နေရာတွင် ရှိသဖြင့် "ချုပ္ပဲ"စေတီဟု အလွယ်ခေါ်ခြင်းဖြစ် သည်။

စောင်းတန်းမှ တက်လာပါက ဦးစွာ ဖူးမြင်ရသော စေတီဖြစ်၍ "စောင်း တန်းဦး"စေတီဟုလည်း ခေါ်ဝေါ်ကြ သည်။

ရှေးမြန်မာဘုရင်များ အုပ်စိုးစဉ် ကာလ ဘုန်းတန်ခိုးကြီးသော မင်းတစ် ပါး ကြွရောက်၍ စေတီပုထိုး တည် ဆောက်ကာ သာသနာပြုရာတွင် တောင်နန်းစံ ယုဝတီဒေဝီက သပြေ ငါးခက် ပန္နက်ရိုက်၍ တည်ခဲ့သော စေတီဖြစ်သည်ဆို၏။

ထို့ကြောင့် "**စောင်းတန်းဦး စေတီ**"ဟူ၍ ကမ္ပည်းရေးထိုး ပူဇော်ခဲ့ ရာ ရန်ပွဲများလည်း ပျောက်ကွယ်ခဲ့ ကြောင်း သိရလေသည်။

စောင်းတန်းဦးစေတီမှာ စောင်းတန်း ဦး ကုန်းမြင့်အထက် လေးထောင့်ပစ္စယံ သုံးဆင့်တင်၍ ခေါင်းလောင်းမှောက် စေတီ ပေါက်ထားသည်ကို တွေ့ရ သည်။

"**မင်းစုံ**" တောင်ကို "**မီးကုန်**" တောင်ဟုလည်း ခေါ်ဝေါ်ကြောင်း တောင်တော်ထက်ရှိ "**ရွှေစေတီကြီး ကျောင်း**"တိုက် ဆရာတော် ဦးခေမိန္ဒက မြွက်ကြားတော်မူသည်။

အရိယာဝိဇ္ဇာဟုဆိုအပ် ဘုရား ပစ္စေကဗုဒ္ဓါ၊ ရဟန္တာတို့သည် ဓမ္မမီး (၁၁)မီး ကုန်ဆုံးငြိမ်းသတ်နိုင်အောင် ကြိုးစားအောင်မြင်နိုင်သော နေရာဟု ဆိုလိုခြင်းဖြစ်သည်။

"**စောင်းတန်းဦး**"စေတီ ဘွဲ့မည် အရ **အင်္ဂါ၊ စနေ၊ တနင်္ဂနွေ = ၃+ ၇+ ၁ = ၁၁**။ ဘုရားဒါယိကာမ ယုဝတီဒေဝီက "**သပြေ**"ငါးခက်ဖြင့် ပန္နက်ချခဲ့ရာ **သပြေ = သောကြာ၊ ကြာသပတေး = ၆+၅=၁၁**။

ရုပ်ဓာတ်အရ (၁၁)ဂဏန်းခြေကို ရည်ညွှန်းလေရာ နိမိတ်ထူးသော စောင်းတန်းဦးစေတီတွင် ကုသိုလ်ပြု ကာ ဓမ္မမီး(၁၁)မီးငြိမ်းစေရန် အား ထုတ်နိုင်သည်။

**ကြာဘာဝနာ များသူငါ**။

- ဥဒ္ဓုမာတက စသည်ပြ အသုဘ ဘာဝနာ ပွားကြပါ။
- ရာဂလောင်မီး ထိန်ထိန်ငြီး၊ အပြီး မှချ ငြိမ်းနိုင်တာ။

◎ **ခင်သိမ်းများစွာ သတ္တဝါ ချမ်း သာကိုယ်စိတ် မြဲစေရာ**။

- ကိုယ့်အသက်ပမာ များသတ္တာ ကျန်းမာချမ်းသာစေဖို့ရာ။
- မေတ္တာဘာဝနာ စီးဖြန်းပါ။ လောင် လာဒေါသမီး ငြိမ်းနိုင်တာ။

◎ **ရုပ်နာမ်နှစ်ဖြာ ငါးခန္ဓာ၊ ဉာဏ် မှာမြင်အောင် စူးစိုက်ပါ**။

- ကိလေသာဖောက်ခွင်း၊ ဉာဏ် မြင်လင်း၊ ထိုးထွင်းသိအောင် အားထုတ်ပါ။

| ဓမ္မမီး (၁၁)မီး |
|---|
| ၁။ အလိုရမ္မက်၊ မလွှတ်ရက်၊ တပ်မက် **ရာဂမီး**။ |
| ၂။ ပြစ်မှားပုတ်ခတ်၊ စိတ်ဆိုးတတ်၊ ညှဉ်းသတ် **ဒေါသမီး**။ |
| ၃။ အမှန်မသိ၊ အမှားသိ၊ မှိုင်းမိ **မောဟမီး**။ |
| ၄။ ပဋိသန္ဓေ၊ မိဝမ်းဗွေ၊ တည်နေ **ဇာတိမီး**။ |
| ၅။ အိုမင်းယိုယွင်း၊ ကုန်းကွခြင်း၊ ယိုင်ဆင်း **ဇရာမီး**။ |
| ၆။ ပျက်စီးသေဆုံး၊ သက်စွန့်ရှုံး၊ တုံးလုံး **မရဏမီး**။ |
| ၇။ စိုးရိမ်ပူဆွေး၊ စိတ်မအေး၊ မှိုင်ငေး **သောကမီး**။ |
| ၈။ ငိုကြွေးရှိုက်ငင်၊ သံကုန်ပင်၊ အော်လျှင် **ပရိဒေဝမီး**။ |
| ၉။ ကိုယ်ဆင်းရဲလျှင်၊ ကိုယ်လုံးတွင်၊ ပူပင် **ဒုက္ခမီး**။ |
| ၁၀။ စိတ်ဆင်းရဲက၊ စိတ်ဓာတ်ကျ၊ ပူရ **ဒေါမနဿမီး**။ |
| ၁၁။ ဆို့တက်မေ့မြော၊ ပြင်းစွာမော၊ ခွေးဖော **ဥပါယာသမီး**။ |

ဆောင်ပုဒ်

တပ်မက်စိတ်ရိုင်း၊ မိုက်မှိုင်းသန္ဓေ အိုပေသေရေး၊ ပူအဆွေးနှင့်၊ ငိုကြွေး ကိုယ်နွမ်း၊ စိတ်မချမ်းမြ၊ ပူပန်ရသည် ဓမ္မလောင်မီး ဆယ့်တစ်သီး။

**ဓမ္မမီး(၁၁)မီး ငြိမ်းစေရန်**

◎ **သုံးဆယ့်နှစ်ဝ ကောဋ္ဌာသ၊ ပွား**

- ဝိပဿနာမဂ်ပညာ ပွားကာ မောဟမီး ငြိမ်းနိုင်တာ။

**ရှေ့လ ဆက်ဖတ်ပါရန်**

**ဘုန်းကျော်စွာ**
***(မြိုင်တဏ္ဍသိုလ်)***



www.burmeseclassic.com

www.burmeseclassic.com

# မြင်းခြံ ဓာတ်တော်တိုက်ကျောင်းမှ

ထူးခြားသော ရုပ်ပွားတော်တစ်ဆူ

ခင်ထွန်း

မြင်းခြံ ဓာတ်တော်တိုက်ကျောင်းသို့ သွားရောက်၍ ဓာတ်တော်များကို ဖူးမြော်စဉ် လက်ရှိဆရာတော် ဦးသုရိယက ရင်းနှီးစွာ နှုတ်ဆက်၍ ဓာတ်တော်တိုက်ကို ဖွင့်လှစ်ပေးတော်မူသည်။

ဘုရားရှင်က သရီရဓာတ်တော်များ၊ ရဟန္တာဓာတ်တော်များကို ကြည်ညိုဖွယ် အရောင်မျိုးစုံဖြင့် ဖူးတွေ့ရသည်။ တကောင်းဓာတ်တော်များမှာ အရွယ်အစား အတန်ကြီးမားလှသည်။

'မင်းတို့ နက္ခတ္တရောင်ခြည်မဂ္ဂဇင်းမှာ တကောင်းဓာတ်တော်တွေကို အသားပေးဖော်ပြခဲ့တော့ လာဖူးတဲ့လူတွေ အုတ်အုတ်သဲသဲနဲ့ ရုပ်ဝေးက များပါတယ်။ တကောင်းကြံ့ညှပ်က ဓာတ်တော်တောင်မှာလဲ ဒီလောက်ကြီးတဲ့ ပုံဆောင်ခဲမာဏ လောက်မရှိတော့ဘူး'

'နက္ခတ္တရောင်ခြည်မဂ္ဂဇင်းမှာ လွန်ခဲ့တဲ့ ဆယ်နှစ်လောက်က တပည့်တော်ရေးခဲ့တာပါ။ အရှင်ဘုရား မှတ်မိနေသားပဲ'

'မှတ်မိတာပေါ့။ ငါ အခုမှ (၈၁)နှစ်ပဲ ရှိသေးတာ။ တကောင်းဓာတ်တော် သွားပင့်တာ ငါလဲပါတယ်။ ဟိုရောက်တော့ ဘာမှမတွေ့ရဘူး။ **ဆရာတော် (ပျံလွန်သွားပြီဖြစ်သည့် ဓာတ်တော်တိုက်ကျောင်း ယခင်ဆရာတော်)**က အဓိဋ္ဌာန်ပြုပြီး နေဝင်ဆည်းဆာချိန်လောက်မှ ဂူဝပြိုကျပြီး ဒီဓာတ်တော်ခဲကြီးတွေ ရခဲ့တာကွ'

'တပည့်တော်လဲ ကြံ့ညှပ်ကို သွားလေ့လာခဲ့ပါတယ် ဘုရား။ "**အလယ်ဓာတ်**"မှာ ခွဲတောင်းလောက် ဓာတ်



▲ ထူးခြားသော ဟန်တော်ဖြင့် စံပယ်တော်မူသည့် ရုပ်ပွားတော်

www.burmeseclassic.com

တော်ခဲကြီးတစ်ခုကလွဲပြီး ကြီးကြီးမားမား မရှိတော့ပါဘူး။ ဒီမြင်းခြံ ဓာတ်တော်တိုက်ကျောင်းမှာသာ တွေ့ဖူးပါတယ်'

'ကဲ... ဟောဒီရုပ်ပွားတော်က နက္ခတ္တရောင်ခြည်မဂ္ဂဇင်းလို လောကီရသစုံမဂ္ဂဇင်းနဲ့ ကိုက်ညီမယ် ထင်ပါတယ်။ အင်ဒိုနီးရှားက လာလှူသွားတဲ့ ဘုရား'

အင်ဒိုနီးရှား ရုပ်ပွားတော်မှာ (ကုလားထိုင်)ထိုင်ခုံပေါ်တွင် ခြေနှစ်ချောင်းချကာ သက်သောင့်သက်သာ သီတင်းသုံးနေတော်မူသည့် ပုံတော်ဖြစ်သည်။ ယသော်ဓရာဒေဝီ၏ တိုက်ခန်းဆောင်၌ အဖူးအမြော်ခံယူစဉ် တစ်ကြိမ်နှင့် ပါလိလေယျတော၌ သီတင်းသုံးစဉ်များသာ ထိုင်တော်မူဟန်ဖြစ်သည်။

**လက်ဟန်မုဒြာမှာ** လက်ဝဲလက်ဖြန့်ခံကာ သပိတ်ကဲ့သို့ တစ်ခုခု ကိုင်မ, ထားဟန်ရှိ၍ လက်ယာလက်တော်က အုပ်မိုးထားသော "**ပတ္တဟတ္ထ**"မုဒြာဟန်တော်ဖြစ်သည်။

သန္တရသကို ပေါ်လွင်စေ၍ သမဏာနုဒ္ဒသနမင်္ဂလာ၊ ဒါနဥ္စမင်္ဂလာ၊ ပူဇာစ ပူဇနေယျာနံ မင်္ဂလာ၊ တပေါစ မင်္ဂလာများကို သရုပ်ဖော် ညွှန်ပြထားသည်။

၎င်းမုဒြာဟန်တော်ဖြင့် ရုပ်ပွားတော်အလုပ် ပူဇော်သူတို့သည် စားသောက်ဖွယ်ရာ ပေါများကြွယ်ဝခြင်း၊ စည်းစိမ်ဥစ္စာကုံလုံ ပြည့်စုံခြင်း၊ ဆုတောင်းပြည့်ခြင်း၊ အင်အားကြီးမားခြင်း၊ တန်ခိုးအာနုဘော် ထက်မြက်ခြင်း၊ မကောင်းသော ဂြိုဟ်စီးဂြိုဟ်နင်းတို့မှ လွတ်ငြိမ်းချမ်းသာခြင်းအကျိုးများ ရရှိနိုင်ကြောင်း ကျမ်းဂန်များ၌ ဖွင့်ဆိုထားလေသည်။



◆ မြင်းခြံမြို့၊ ဓာတ်တော်ကျောင်းဆရာတော် ဦးသုရိယ(သက်တော်-၈၀နှစ်)

ခြေတော်ရင်း တစ်ဖက်တစ်ချက်စီတွင် ခြူးခြသေ့်ငယ်နှစ်ကောင်စီ တွေ့ရသည်။ ကြေးသွန်းရုပ်ပွားတော်ဖြစ်ကာ ရှားပါးထူးခြားသောမုဒြာနှင့် ဟန်တော်ဖြစ်သောကြောင့် မှတ်တမ်းပြု တင်ပြလိုက်ပါသည်။

မှန်ခန်းတွင်း ပူဇော်ထားရာ အလင်းတိုင်၊ အလင်းဖွာခြင်းများကြောင့် ပြတ်သားမှု အားနည်းသော်လည်း ကောင်းစွာ ကြည်ညို ဖူးမြော်နိုင်ပါလိမ့်မည်။

*[ဆရာတော်ဦးသူရိယအား ကျေးဇူးတင် ဂါရဝပြုလျက်...]*

**ခင်ထွန်း**



www.burmeseclassic.com

www.burmeseclassic.com


မြန်မာ့နန်းတွင်း သမားတော်ကြီး ဦးပန္နဝ၊ သမားတော်ကြီး ဦးနွယ်၊ မြန်မာ့မျိုးချစ်တော်လှန်ရေးခေါင်းဆောင် ဆရာစံ(သမားတော်ကြီး ဦးစံရှား)တို့ထံမှ လက်ဆင့်ကမ်း၍ ဆင်းသက်လာသော နန်းတွင်း သမားစဉ် မှုရင်းဆေးစွမ်းကောင်းတို့ကို သမားတော်ကြီး ဦးနွယ် ၏မြေး၊ သမားတော် ဦးတင့်လွင်(ငြိမ်း/ ဗိုလ်ကြီး)၊ ဖနီးဒေါ်ကျင်သိန်းမိသားစု (သမားအို ဆေးတိုက်) မှ အကြောင်းပြု ပေါင်းစုလျက် သမားအိုအမှတ်တံဆိပ် မြန်မာ့ဆေးစွမ်းကောင်းများကို ထုတ်လုပ် ဖြန့်ချိလျက် ရှိပါသည်။

ကြော်ငြာဆောင်းပါး

ဆေးစွမ်းထက်မြက်ကြောင်း အကြွားမပိုတဲ့

# သမားအိုဆေးတိုက်

မှထုတ်လုပ်သော အစာအိမ်ရောဂါသောက်ဆေး၊ ပါရမီရှင်ချောင်းဆိုးပျောက်ငုံဆေးပြား၊ ငှက်ဖျားရောဂါသောက်ဆေး၊ ယားနာရောဂါသောက်ဆေး၊ အငြေကျော်လေဆေးလျက်ဆား



## ဦးစိန်တောင်း၏

သမားအို၊ အမှတ်တံဆိပ်

ငှက်ဖျားရောဂါသောက်ဆေး

ဝရ၁၁ Y၀၀၉၀ရ၅

ဤဆေးသည် ငှက်ဖျားနှင့် အဖျားရောဂါ အမျိုးမျိုးကို ထိရောက်စွာ သက်သာ ပျောက်ကင်းစေပါသည်။

ချွေးထွက်လျှင် အအေးပြန်မပတ်စေရန် အဝတ်နှင့် သုတ်ပေးရပါမည်။ မည်သည့် အဖျားမဆို ဆေးသောက်ပြီးပါက အအေးခံခြင်း၊ ပင်ပန်းစွာလှုပ်ရှားခြင်းတို့ကို ရှောင်ရှားသင့်ပါသည်။ ငှက်ဖျားနှင့် အအေးမိနာစေးခြင်းတို့ကြောင့် တစ်ကိုယ်လုံး နာကျင်ကိုက်ခဲခြင်းများအတွက် သောက်သုံးနိုင်ပါသည်။

## ဒေါ်ခင်ခင်ထွေး၏

သမားအို အမှတ်တံဆိပ် အစာအိမ်ရောဂါသောက်ဆေး ဝရ၁၁ Y၀၀၉၀ရ၄

လူမှာအကျင့် ဝမ်းမှာအချင့် ဆိုသလို မသင့်သော အစားအစာများကို စားခြင်း၊ အချိန်မှန်မှန် မစားသောက်ခြင်း၊ အပူ၊အစပ်၊ အချဉ်၊အငန် စသည့် အရသာများကို တာရှည်စွာ စားသောက်ခြင်း၊ ကြေညက်ခဲသော အစာများကို တာရှည်စွာစားသောက်ခြင်း၊ အလွန်အိပ်ရေးပျက်ခဲသော်လည်း အစားပုံမှန် မစားခြင်း စသည့် အကြောင်းများ တာရှည်ရာမှ ပါစကဝမ်းပျက်ပြီး အစာအိမ်ရောဂါအမျိုးမျိုး ဖြစ်ပေါ်လာပါသည်။

ဤဆေးသည် အစာမကြေ၊ လေထိုးလေအောင့်၊ ရင်ပြည့်ရင်ကယ်၊ ရင်ခေါင်းနှင့် နံကြားတို့၌ ထိုးအောင့်နာကျင်ခြင်း၊ အစာအိမ် အချဉ်ပေါက်ခြင်း၊ အစာအိမ်ရောင်ခြင်း၊ နာခြင်း၊ ပျို့အန်ခြင်း စသည့် အစာအိမ် လေနာအမျိုးမျိုးတို့ကို ထိရောက်စွာ သက်သာ ပျောက်ကင်းစေပါသည်။

## ဒေါ်နှင်းနှင်းကြည်၏

သမားအို အမှတ်တံဆိပ် ယားနာသောက်ဆေး ဝရ၁၁ Y၀၀၉၀ရ၂

ပိုးမွှားတိရစ္ဆာန်အချို့မှဖြစ်သော အဆိပ်သဖွယ် ယားယံမှုကြောင့်လည်းကောင်း၊ အပူ၊အစပ်၊အချို၊အဆိမ့် အရသာများ လွန်ကဲစွာ စားသောက်ပြီး ကိုယ်လက်လှုပ်ရှားမှုနည်းခြင်းကြောင့် လည်းကောင်း၊ ယခင်က ဝမ်းကိုက်၊သွေးပျက်၊ဝမ်းလျှော၊အသည်းရောင်နှင့် သည်းခြေနာ အမျိုးမျိုးဖြစ်ခဲ့ဖူးရာမှ သွေး၊သည်းခြေ ဖောက်ပြန်မှုကြောင့် လည်းကောင်း၊ တစ်ကိုယ်လုံး အနှံ့အပြားမှာ ဝဲကဲ့သို့ ရေကြည်ဖုကလေးများဖြစ်ခြင်း၊ ပွစပ်ပွလောင်ယားယံပြီး အဖုအပိမ့်နှင့် အင်ပျဉ်များ ဖြစ်လာရပါသည်။ ဤဆေးသည် အထက်ပါ ယားယံခြင်း အမျိုးမျိုးတို့ကို ထိရောက်စွာ သက်သာပျောက်ကင်းစေသည့်အပြင် သွေးသား ညီညွတ်စေပါသည်။

## ဒေါ်ဒေးဒေးမူ၏

သမားအို အမှတ်တံဆိပ် ပါရမီရှင် ချောင်းဆိုးပျောက်ငုံဆေး ဝ၅၁၂ Y၀၀၉၆၉၆

ဤဆေးသည် ရာသီအကူးပြောင်း၌ ဖြစ်တတ်သော ချောင်းဆိုးခြင်း၊ ချွဲကျပ်၊ ရင်ကျပ်၊ သလိပ်ကပ်၊ လည်ချောင်းနာ၊ လည်ချောင်းယား၊ အသံဝင်၊ အသံပျက်၊ အစာမကြေ၊ ရင်ပြည့်ရင်ကယ်၊ လည်ချောင်းနှင့် ရင်ဘတ်အတွင်း၌ သလိပ်များ ရှုရှုတက်ဖြစ်နေခြင်း၊ တရှုံးရှုံးမြည်နေခြင်းများကို ဆေးတစ်ပြားဆို ဆိုသလောက် သိသာ လျင်မြန်စွာ သက်သာ ပျောက်ကင်းစေပါသည်။ ပထမတစ်ကြိမ်ငုံနေစဉ်မှာပင် ချွဲသလိပ်များ ထွက်လာပြီး ရောဂါများ သက်သာလာကြောင်းကို လက်တွေ့သုံးဆောင်ခြင်းက သက်သေပြပါလိမ့်မည်။ ဤဆေးသည် အသံကို အထူးကြည်လင်စေသဖြင့် အဆိုတော်များ၊ စာပေသင်ကြားပို့ချနေသူများ၊ အသံဖြင့် အသက်မွေးဝမ်းကျောင်းနေသူများနှင့် လူတိုင်း အိမ်တိုင်း မရှိမဖြစ် ဆောင်ထားရမည့် ဆေးစွမ်းကောင်းတစ်လက် ဖြစ်ပါသည်။

## ဦးသန်းဇော်၏

သမားအို အမှတ်တံဆိပ် အငြေကျော်လေဆေးလျက်ဆား ဝရ၁၁ Y၀၀၉၀ရ၃


လူမှာအကျင့် ဝမ်းမှာအချင့်ဆိုသလို မသင့်သောအခါ မသင့်သော အစားအစာများစားမိ၍ အစာတောက်ခြင်း၊ အစာအဆိပ်သင့်ခြင်း၊ မူးဝေအော့အန်ဝမ်းကျခြင်း၊ ဝမ်းချုပ်ခြင်း၊ အထက်လှန် အောက်လျှောဖြစ်ခြင်း စသည်တို့ဖြစ်ကာ အချိန်ကြာလာသော် ဝမ်းမီးနံ့ရာမှ ဓာတ်လေးပါးပျက်ပြီး အခြားခြားသောရောဂါများ နောက်ဆက်တွဲ ဖြစ်ပေါ်စေတတ်ပါသည်။ အထက်ပါ အစားမှား၊ အစာအဆိပ်ဖြစ်ခြင်း၊ အစာတောက်ခြင်း၊ အစာမကြေ ရင်ပြည့်ရင်ကယ် ဝမ်းရင်တိုးအောင့်ခြင်း၊ အစာအိမ်အချဉ်ပေါက်ခြင်း၊ အစားမှား၍ သလိပ်ထခြင်း၊ အအေးမိ၍ ဖျားခြင်း၊ ရက်ခြားဖျားခြင်း၊ ချမ်းတစ်လှည့် ပူတစ်လှည့်ဖြစ်ခြင်း၊ ခြေဖဝါးလက်ဖဝါးပူခြင်း စသည့် ရောဂါများကို ထိရောက်စွာ သက်သာပျောက်ကင်းစေပါသည်။

**ဆေးသုံးစွဲသူ ဝေဒနာရှင်များအနေဖြင့် ဆရာ ဦးသန်းဇော် (တဆ-၀၂၉၁၇) ဖုန်း-၀၉-၄၉၂၆၄၄၀၃ သို့ ဆွေးနွေး တိုင်ပင်နိုင်ပါသည်။**

**သမားအိုဆေးတိုက်**

အမှတ်(၄၇)၊ (၁၁၈)လမ်း၊ မင်္ဂလာဈေးအနီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်။ ဖုန်း-၂၉၀၆၁၀ အမြို့မြို့ရှိ မြန်မာ့ဆေးဆိုင်များတွင် ရရှိနိုင်ပါသည်။

www.burmeseclassic.com



▲ အမြုတေ — ပုလဲမြူ(၅၀)ရတီ

▲ အမြုတေ — ပုလဲပန်းရောင်(၄၅)ရတီ


▲ ကျောက်မွှား

▲ မြွေအမြုတေ — ပုလဲနက်

သိမ်းထားသည့်

# အမြုတေများအကြောင်း

ခင်ခင်ဝင်း
(မောရဝတီ)



▼ အမြုတေရောင်ပုလဲ ပန်းရောင်

အမြုတေ ဆိုသည်မှာ ရှားပါးခြင်း၊ တန်ဖိုးကြီးခြင်း၊ ထူးဆန်းခြင်း၊ တန်ခိုးသိဒ္ဓိများရှိခြင်း၊ မီးမကူးခြင်း၊ ကျည်လွဲခြင်း စသည်ဖြင့် လေ့လာလိုက်စားသူများ သိရှိကြလေသည်။

အသီးအနှံများမှ ဖြစ်ပေါ်လာသော အမြုတေများ ရှိသလို သက်ရှိသတ္တဝါများမှ ဖြစ်ပေါ်လာသော အမြုတေများလည်း ရှိပါသည်။

နဂါးတ္တရောင်ခြည် မဂ္ဂဇင်းတွင် မကြာမကြာ အနယ်နယ် အရပ်ရပ်မှ အမြုတေများအကြောင်းကို ဖတ်ရှုရသည်။


ထူးဆန်းသော ဂမ္ဘီရပစ္စည်းများကို စုဆောင်း ဝယ်ယူသူများ၏ လက်ဝယ် ထိုအမြုတေများသည် မည်ကဲ့သို့ အကျိုးပေး သက်ရောက်မှု ရှိသည်ကို မသိရသော်လည်း ကျွန်မထံတွင် (၂၉)နှစ်ခန့် သိမ်းထားသော

www.burmeseclassic.com



▲ ပုလဲအမြုတေပုလဲမြို့ အနီးကပ်မြင်ကွင်း

▼ အမြုတေပုလဲ ပန်းရောင်



အမြုတေများအကြောင်းကို စာဖတ်ပရိသတ်များနှင့် လေ့လာသူများအတွက် တင်ပြချင်ပါသည်။

ကျောက်မျက်ရတနာများကို ဝါသနာပါလွန်းသော ကျွန်မသည် ကရင်ပြည်နယ်၏ ဝေးသီခေါင်ဖျား သံလွင်မြစ်ကမ်းနံဘေးရှိ ရွာလေးတစ်ရွာတွင် ဆရာမအလုပ်ကို ထမ်းဆောင်စဉ်ကာလမှစ၍ ဒေသထွက် **ဥဒေါင်ကျောက်များကို** ဒေသခံများက **ပတ္တမြားနက်**ဟု ခေါ်ဝေါ်၍ မကြာမကြာ လက်ဆောင်ရတတ်သည်။


ထောင်၍ နေရောင်မှာ ကြည့်လိုက်လျှင် နီရဲနေပြီး အရိပ်မှာ ကြည့်လိုက်လျှင်တော့ မည်းနက်နေတတ်သည်။ ယင်းကျောက်ကို ဒေသခံများက တန်ဖိုးထားကြသည်။ ချောင်းမြောင်းမြစ်ထဲမှ ရရှိသည်ဟု ပြောသည်။





www.burmeseclassic.com

www.burmeseclassic.com



▲ ပုလဲအမြုတေ ပုလဲမြူ

▲ အမြုတေပုလဲ ပန်းရောင်

တစ်လတစ်ခါ ကရင်ပြည်နယ်၏ မြို့တော် ဘားအံမြို့သို့ လချုပ်အစီရင်ခံစာများနှင့် ရုံးကိစ္စများအတွက် ဘားအံသို့လာရင်း မော်လမြိုင်မြို့သို့ နေ့ချင်းပြန်ကူး၍ ထိုကျောက်များကို သွားကြည့်ခြင်း၊ တန်ဖိုးကို လေ့လာခြင်းများ ပြုသောအခါ တန်ဖိုးမကြီးကြောင်း၊ ဥဒေါင်ကျောက်ဟု ခေါ်ကြောင်း ရွာသားများကို ပြန်ပြောပြရသည်။

တစ်နေ့သောအခါ ချောင်းထဲမှ ရရှိသော အပေါက်ပါသော ကျောက်ကလေးတစ်ခုကို ယူလာပေးပါသည်။ သေးသော်လည်း ထူးဆန်းသည့်အတွက် ကျွန်မ ယူထားလိုက်ပါသည်။ ငွေနှင့် ဝယ်ရခြင်းမဟုတ်ပါ။ လက်ဖက်ရည်တိုက် မုန့်ကျွေးခြင်းလောက်သာ ဖြစ်ပါသည်။

ရွာခံများ ယူလာပေးသော ဥဒေါင်ကျောက် အရွယ်စုံကို အချောသွေးပေးသော ကျွန်မ၏ အခမဲ့စေတနာကြောင့် ဖြစ်သည်။ ထိုကျောက်ပေါက်လေးကို အမြတ်တနိုး သိမ်းထားသည်မှလွဲ၍ မည်သူ့ကိုမှလည်း မပြဖြစ်ခဲ့ပါ။

ယနေ့ ထိုအကြောင်းအရာများနှင့် ဆက်နွှယ်ပတ်သက်ပြီး ရေးသားမည့်အတွက် ထိုကျောက်ကလေး ထုတ်ကြည့် ဓာတ်ပုံရိုက်သောအခါ အသွင်ထူးခြား လှပနေသည်ကို တွေ့ရှိရပါသည်။


ကရင်ပြည်နယ်မှာ (၇)နှစ် တာဝန်ထမ်းဆောင်နေစဉ် နယ်မြေ၏ မအေးချမ်းမှုကြောင့် ဖြတ်လေးဖြတ်ကာလဖြစ်၍ အလုပ်မှထွက်ပြီး မော်လမြိုင်သို့ ပြန်လည် ပြောင်းရွှေ့ခဲ့လေသည်။

ဝိသနာပါသော ကျောက်မျက်ဆိုင်နှင့် အထည်ခတ်ရန် ပန်းထိမ်ဆိုင်ပါ ပူးတွဲဖွင့်ဖြစ်သည်။ ထိုကျောက်ပေါက်လေး၏ အစွမ်းကြောင့်ဟု နောင်ခါမှ သိရသည်။ ရတနာစိန်ကျောက် မျိုးစုံကို ကိုင်တွယ်လုပ်ကိုင် စုဆောင်းမိပါသည်။

ပန်းထိမ်ဆိုင်များသို့ လှည့်လည်၍ ကျောက်မျက်ရတနာ အဟောင်းများကို တစ်ပတ်တစ်ခါ လှည့်လည်၍ ဝယ်သော အလုပ်ကိုလည်း လုပ်ဖြစ်ပါသည်။


တစ်နေ့သောအခါ ပန်းထိမ်ဆိုင်များသို့ လိုက်ဝယ်ရင်း ကျောက်မျက်ရတနာများ၊ ပန်းထိမ်လုပ်ငန်း စိန်ရွှေများကို ကျွမ်းကျင်လုပ်ကိုင်ခဲ့ဖူးပြီး ယခုအသက်ကြီး၍ စုဆောင်းထားသည်များကို ပြန်လည် ရောင်းချသောက်

www.burmeseclassic.com



▲ ကျောက်မွှားအနီးကပ်မြင်ကွင်း

▼ ကျောက်ပေါက်





www.burmeseclassic.com

www.burmeseclassic.com

နေထိုင်လျက်ရှိသော အမေအိုး၏ အိမ်သို့ ရောက်ခဲ့သည်။

ကျောက်မျက်အညှံ့များကို ခင်းကျင်းပြသထားပြီး ကောင်းတာလေးများကို စိတ်လိုလက်ရရှိမှ ပြသတတ်သည်။

ထိုနေ့က ကျွန်မ၏ (၅)နှစ်အရွယ် သမီးလေးလည်း ပါလာသည်။ ပုလဲအဆင်းရှိသော ကျောက်(၂)ပွင့်ကို ထုတ်ပြသည်။ ကျွန်မ ကြည့်ဖို့ ကမ်းယူကာ ရှိသေးသည် ပါလာသော ကျွန်မသမီးလေးက လုယူလိုက်ပြီး လက်ထဲတွင် တစ်ဖက်တစ်လုံးစီ ဆုပ်ကိုင်ထားပြီး ''ဝယ်ပေး ဝယ်ပေး''ဟု ပူဆာပါတော့သည်။

သေချာကြည့်ရန် ပြန်တောင်းသော်လည်း မပေးဘဲ လက်သီးဆုပ်ထဲတွင် ကျစ်ကျစ်ပါအောင် ဆုပ်ထားပါသည်။ အထာနပ်သော စိတ်ရွှေရတနာ ကျွမ်းကျင်ပညာရှင် နာမည်ကြီး အမေအိုသည် ဈေးမလျှော့တော့ပါ။ ဆစ်၍လည်း မရတော့ပါ။ ကလေးကလည်း ပြန်မပေးတော့ပါ။

ကျွန်မမှာ အကျပ်ရိုက်ပြီး ထိုခေတ်ငွေတစ်ကျပ်သားဈေး (၂၅၀၀၀)ကျပ် ပေးချေလိုက်ရပါတော့သည်။ ဆိုင်ကို ပြန်ရောက်၍ သေချာကြည့်လိုက်တော့ တစ်လုံးကအဖြူ၊ တစ်လုံးက ပန်းရောင်ဖျော့ဖျော့လေး အရွယ်ကြီးတာကလွဲလျှင် ပုံမကျ ပန်းမကျနှင့် အရောင်မှာလည်း ခပ်မှိန်မှိန် ဖြစ်နေ၍ ပန်းထိမ်ထုပ်ငန်းသုံး ကင်ပွန်းသီးရည်အင်တုံမှာ ကြေးဘရပ်နှင့် ပွတ်တိုက်ဆေးကြောသော်လည်း အရောင်မတက်လာသဖြင့် စိတ်ပျက်မိသည်။

ထူးခြားသည်က သေချာစွာ ကြေးဘရပ်နှင့် ပွတ်တိုက်ဆေးကြောသော်လည်း အပွန်းအပဲ့ အစင်းရာ ဆောင်ဘဲ မာကျောလှကြောင်း တွေ့ရသည်။ ပုလဲအရောင်အဆင်း ဖြစ်သော်လည်း ပုလဲလို မပျော့ဘဲ ကျောက်သားကျောက်စိုင်ကဲ့သို့ မာကျောနေသည်။

အဖြူပုလဲမှာ နောက်ဘက်ကို လှန်ကြည့်လိုက်သောအခါ မှတ်ကောင်ပေါက်စလေးတစ်ကောင်လို ဖြစ်နေသည်။ ပုလဲလို ချောမွေ့ခြင်းမရှိဘဲ အဖုအထစ်ကလေးတွေ ဖြစ်နေသည်။

ကျွန်မ စိတ်ပျက်နေသော်လည်း သမီးလေး နှစ်သက်သည့် ပစ္စည်းလေး ဖြစ်နေသည့်အတွက် ကျွန်မ သိမ်းထားသော ကျောက်ပေါက်လေးနှင့် အတူ အိတ်ရှို့လေးထဲ ထည့်၍ သိမ်းထားလိုက်ပါတော့သည်။



ကျောက်ပေါက်

လမ်းလျှောက် လိုက်ဝယ်ခြင်း အလုပ်ကို ရပ်နားလိုက်ပြီး မော်လမြိုင်မြို့သို့ စတုတ္ထသမီးတော်၏အိမ် ကျောင်းရှေ့ဆိုင်ခန်းတွင် ဆိုင်ဖွင့်ပြီး ရောင်းခြင်းဝယ်ခြင်းကို ပုံမှန် လုပ်ကိုင်နေပါသည်။

ထိုစဉ် သဘာဝပုလဲ၊ မွေးပုလဲ၊ မှတ်ခွံပုလဲ၊ မိခင်ပုလဲ စသည်ဖြင့် ပုလဲများ တော်တော် ဝယ်လိုက် ရောင်းလိုက် ဖြစ်ခဲ့သည်။ သတ္တုတွင်းဝန်ကြီးဌာန၏ ပုလဲ လေလံတင်ရောင်းခြင်းဖိတ်စာ နှစ်စဉ် ရရှိပြီး ရန်ကုန်သို့သွားရောက်



www.burmeseclassic.com

www.burmeseclassic.com

၍ ပုလဲများကို ကိုင်တွယ်တွေ့ရှိလေလံ တင်ခွင့်လည်း ရရှိခဲ့သည်။

ထူးဆန်းသော ပန်းရောင်သဘာဝ ပုလဲ (၇)ရတီခန့်ကို ထပ်မံရရှိပြီး ရွှေဖြင့် လက်စွပ်ကွင်းဝတ်ပြီး ပြန်ရောင်းသောအခါ အမြတ်အစွန်းများစွာ ရရှိခဲ့ပါသည်။


မကြာမီ သထုံမှ ကျောက်မျက်ပညာရှင် အကျော်အမော် ဆရာကြီးတစ်ဦးက ထူးဆန်းသော ပုလဲနက်တစ်ပွင့် ရရှိထားကြောင်း ကျွန်မကို ရောင်းမည်ဖြစ်ကြောင်း ပြောပါသည်။

ကျွန်မလည်း လိုချင်ပါကြောင်း ပြောသောအခါ နောက်တစ်ခေါက် မော်လမြိုင်သို့ လာသောအခါ ကျွန်မ ဆိုင်သို့ လာရောင်းသွားပါသည်။

အလွန် လှပထူးဆန်းသော ပုံမကျ ပန်းမကျ သဘာဝ ပုလဲပုံသဏ္ဌာန်ဖြစ်နေ၍ ထိုပုလဲနက်၏ ရာဇဝင်ကို လိုက်သောအခါ **မြွေမှ ရရှိသော ပုလဲနက်**ဖြစ်ကြောင်း သိရသည့်အတွက် ကျွန်မ၏ ထူးဆန်းကျောက် သိမ်းဆည်းထားသော အိတ်ရှုံ့လေးတွင် စုပေါင်းသိမ်းထားလိုက်ပါတော့သည်။


ထိုပုလဲနက် ရရှိပြီး မကြာမီ မြွေတစ်ကောင် အိပ်မက်ပေးပါသည်။ လက်သန်းလုံးခန့်ရှိ မြွေတစ်ကောင် ကျွန်မအိမ်အောက်ထပ်တွင် နေမည့်အကြောင်း အိပ်မက် မက်ပြီး ထိုအိပ်မက်မြွေကို ကျွန်မ အိပ်အောက်ထပ်တွင် အိပ်မက်တွင် ပြသောနေရာတွင် တွေ့ရှိပြီး (၁၀)နှစ်ကျော်ခန့် နေသွားပြီး တဖြည်းဖြည်း ကြီးပြင်းလာသည်ကို အမြဲတွေ့မြင်နေရသည်။

တစ်နေ့သော သီတင်းကျွတ်လပြည့်နေ့တွင် အိမ်ရှေ့တံခါးမကြီး အပေါက်ဝသို့ **ငန်းတော်ကျားမြွေကြီး** (၃)နာရီခန့်



◆ မြွေအမြုတေ ပုလဲနက်

◆ မြွေအမြုတေ ပုလဲနက်



လာနေပြီးနောက် ကျွန်မ အိမ်အောက်ထပ်မှာနေသော အမြဲတွေ့နေကျ မြွေကြီးကို ယနေ့ထိ မတွေ့ရတော့ပေ။

ထို ပုလဲနက်အမြုတေကြောင့်ဟု ထင်သည်။ ပုလဲနက်ပေါင်းများစွာ ရောင်းလိုက် ဝယ်လိုက်နှင့် အလုပ်



www.burmeseclassic.com

www.burmeseclassic.com

အတော်ဖြစ်ခဲ့သည်။

မကြာမီ ကျွန်မဆိုင်သို့ ထူးဆန်းသော ကျောက်တစ်ပွင့် လာရောင်းပြန်သည်။ သာကူစေ့လေးများ တစ်လုံးနှင့်တစ်လုံး ပူးကပ်နေသယောင် ချစ်စရာ ကျောက်ကလေးများဖြစ်၍ ကျွန်မ တွေ့သည်နှင့် နှစ်သက်စွာ ဝယ်ယူလိုက်ပါသည်။

နားလည်သော ပညာရှင် ဆရာများကို ပြသကြည့်တော့ ဆရာကြီးတစ်ဦးက...

'ဒီ ကျောက်ပွားလို့ခေါ်တယ်။ ဒီကျောက်မျိုးကို ဆောင်ထားခြင်းအားဖြင့် ကျောက်မျက်ရတနာများ ဝင်လာမစဲ တဖွဲဖွဲပဲ'

ဟု ပြောပါသည်။

ကျွန်မလည်း အလွန် သဘောကျ၍ ကျွန်မ၏ အဆောင်ကျောက်အိတ်ကလေးတွင် တစ်ပွင့် ထပ်ထည့်သိမ်းထားလိုက်ပါတော့သည်။

ထိုနေ့မှစ၍ ကျောက်မျက်ရတနာမျိုးစုံကို စာတွေ့လက်တွေ့ သင်ကြားတတ်မြောက်ခဲ့ပြီး ရတနာကျောက်မျိုးစုံကို ဘုရားများသို့ လှူဒါန်းနိုင်ခဲ့ပါသည်။

အမြုတေတို့၏ အကြောင်းကိုလည်း အတော်အတန် တီးခေါက်မိပြီဖြစ်၍ ကျွန်မထံတွင်ရှိသော ပုလဲအမြုတေ (၂)လုံးမှာ တစ်လုံးက(၅၀)ရတီ၊ တစ်လုံးက (၄၅)ရတီ အမြုတေပုလဲ၏ ဂုဏ်အင်္ဂါနှင့် အညီအညွတ်ပင်ဖြစ်ကြောင်း သိရပါသည်။

ထိုအမြုတေများကို ရောင်းချလိုခြင်း၊ သေနတ်ပစ် စမ်းသပ်လိုခြင်းများ လုံးဝမရှိဘဲ အမြတ်တနိုး ဆောင်ထားခြင်းကြောင့်လားမသိ ယနေ့အထိ ကျောက်မျက်ရတနာများဖြင့် ဆက်နွှယ်ပတ်သက်သော အလုပ်များက အကျိုးပေးလျက် ရှိပါသည်။

**ယခု ဓာတ်ပုံရိုက်၍ ဖော်ပြထားသော အမြုတေများ အကြောင်းကို သိရှိထားသော ပညာရှင်၊ ဝါသနာရှင်များမှ လိုအပ်တာများ၊ သိထားတာများရှိလျှင် ဖြည့်စွက်ရေးသားပေးပါရန် ပန်ကြားအပ်ပါသည်။**

**ခင်ခင်ဝင်း(မော်ရဝတီ)**

# ကြမ်းပိုးမကိုက်ဆောင်

**စီရင်နည်း**

လူကို သွေးစုပ်တဲ့ ပိုးကောင်တွေများစွာရှိတဲ့အထဲမှာ ကြမ်းပိုးက သိပ်ဆိုးတယ်။ ခြင်ကို ခြင်ထောင်နဲ့ ကာကွယ်လို့ရတယ်။ ကျွတ်နဲ့ မှျော့ကလဲ ကြည့်ရှောင်လို့ရတယ်။ ကြမ်းပိုးကတော့ တစ်ကောင် ရောက်ပြီးရင် မကြာမီ ပွားတော့တာပဲ။ မြွေနှစ်ကောင်ဖျန်းဆေးကလဲ အနံ့ကို လူကမခံနိုင်ရင် မသက်သာဘူး။ အဲဒီတော့ အနံ့လဲကင်း၊ အကုသိုလ်လဲ မဖြစ် ငွေကုန်ကြေးကျလဲမရှိဘဲ ထိရောက်တဲ့ **ရှေးဟောင်းပေစာကရတဲ့နည်းကို ကြမ်းပိုးကြောင့် စိတ်ညစ်နေရတဲ့သူတွေအတွက်** ဖော်ပြပေးလိုက်တယ်။

ဒီနည်းက **"ဓာတ်တူနံ့တူ ဆေးဖက်ယူ နံ့တူသတ်က အသေရ"**ဆိုတဲ့ **အင်္ဂဝိဇ္ဇာအဆိုက**လွဲပြီး ဘယ်လိုနည်းနဲ့ စီရင်ထားတယ်ဆိုတာ မသိနိုင်ပါဘူး။

မန္တန်ရဲ့ အစွမ်းက သိပ်ပြီး အံ့သြစရာပါ။ စာရေးသူကတော့ လက်တွေ့စမ်းသပ်ပြီး လက်ခံပြီးပါပြီ။ စာရှုသူတွေ အတွက် နက္ခတ္တရောင်ခြည်မဂ္ဂဇင်းကတစ်ဆင့် ဆင့်ဆက်လိုက်ပါတယ်။

'ဥ မိဏ္ဍိ မိဏ္ဍိ သရုပ္ပမိဏ္ဍိ မိဏ္ဍိ ဥံ ဆေဆုဖုပ္ပတ္တသွာဟ'

ကင်ပွန်းသီးတောင့်ကို (၇)ဆစ်ချိုး (၇)အုပ်မန်း၍ အိပ်ရာအောက်မှာထား ကြမ်းပိုး မကိုက်နိုင်။

**တစ်နည်း...**

'ဥ ပကုံ မကုံ မဟာပကုံ သတ်ပမကုံ ဆေဆုပ္ပတ္တသွာဟ'

ကင်ပွန်းမြစ်ကိုယူ ကြမ်းပိုးကိုက်လျှင် (၇)အုပ်မန်း၍ အိပ်ရာအောက်မှာထား ကြမ်းပိုးမကိုက်နိုင်။

**ကြမ်းပိုး** => တနင်္လာ၊ ကြာသပတေး

**ကင်ပွန်း** => တနင်္လာ၊ ကြာသပတေး

အဆာရှိန်ဓာတ် ဓာတ်တူနံ့တူ။



ယုံကြည်မှုဖြင့် ပြုလုပ်ကြည့်ပါ။

**အသံထွက်ပုံ...**

'မိန်ဒိ မိန်ဒိ သရပ်ပ မိန်ဒိ ဆေဆု ဖုပ်ပတ်တ သွာဟ'

**( သုတေသီ မောင်နှံ )**

www.burmeseclassic.com

ကြော်ငြာဆောင်းပါး




# ကျားမှန်လျှင် အားသန်ရအောင် ပြည်စိုး အမျိုးသားအားဆေးကိုဆောင်

အမှတ်တံဆိပ်

တိုင်းရင်းဆေးဝါးမှတ်ပုံတင် TMR 009194(0814)

လိုင်စင်-၅/၂၀၁၀/တဆထလ/တိုး(၀၁၄၇၂)

"ကိုမင်းဝေပါလား. . . မရွှင်မလန်းနဲ့ စိတ်ပင်ပန်းလူပင်ပန်းဖြစ်နေပုံရတယ်"

"ဟုတ်တယ်ဗျာ. . . စိတ်သွားတိုင်းကိုယ်မပါဘဲ လိုရာဆန္ဒမပြည့်ဖြစ်နေတာ. . . ပွင့်ပွင့်လင်းလင်းပြောရရင် အမျိုးသားအားနည်းနေလို့ ဘယ်ဆေးစားပြီး ဘယ်ဆရာနဲ့ကုသရင်ကောင်းမလဲဆိုတာ အကြံပေးပါဦး"

"ရောဂါသိမှတော့ဆေးရှိပါတယ် ကိုမင်းဝေ. . . ကျွန်တော့်မိတ်ဆွေဆရာကြီး ဦးစံမြင့်က. . . ပြည်စိုးအမျိုးသားအားဆေး ထုတ်လုပ်နေတဲ့အပြင် အမျိုးသားအားနည်းရောဂါ (ပန်းညှိုးပန်းသေရောဂါ)၊ လိပ်ခေါင်းရောဂါ၊ လေငန်းလေဖြတ်ရောဂါတွေကို ဦးစားပေးကုသနေတာဗျ. . . ပြည်စိုးဆေးတိုက်ကို လမ်းညွှန်လိုက်မယ် ခင်ဗျား သွားလိုက်ပါလား"

"ခင်ဗျားရဲ့မိတ်ဆွေဆိုတော့ ခင်ဗျားပါမှ ပိုကောင်းတာပေါ့"

"ဒါဆို. . . ပြည်စိုးဆေးတိုက်ကို အခုပဲသွားကြရအောင်'

❀ ❀ ❀ ❀ ❀

"ကိုမင်းမြတ်မောင်ပါလား. . . မလာတာကြာလို့ သတိရနေတာ. . . ဧည့်သည်လဲပါလာတာကိုး၊ ကဲ. . . ထိုင်ကြပါ"

"ဆရာ. . . ဒါ ကျွန်တော့်မိတ်ဆွေ စာရေးဆရာ ကိုမင်းဝေပါ၊ စိတ်သွားတိုင်းကိုယ်မပါဘဲ အမျိုးသားအားနည်းနေလို့ ဆရာနဲ့ဆွေးနွေးပြီး အမျိုးသားအားဆေးလဲ လာဝယ်တာပါ"

"ကဲ. . . ကိုမင်းဝေ ဒီရောဂါကြောင့်တော့ သိပ်လဲစိုးရိမ်သောကမဖြစ်ပါနဲ့. . . ကျွန်တော် ပြောပြတာတွေကို နားထောင်ပြီး ခင်ဗျားခံစားနေရတဲ့အချက်တွေနဲ့ ကိုက်ညီမှုရှိမရှိသိမှ ပိုကောင်းတာပေါ့. . . အမျိုးသားအားနည်းရောဂါ ဖြစ်တတ်သူတွေဟာ (၁) မေထုန်မှုလွန်ကဲသူများ၊ (၂) သဘာဝမဟုတ်သောဟဿမေထုန်ပြုသူများ၊ (၃) ကုန်ခန်းသွားသောသုက်ဓာတ်နဲ့ အင်အားများကို ဆေးဝါးဓာတ်စာနဲ့ ပြန်လည်မဖြည့်ဆည်းသူများ၊ (၄) အပျော်အပါးလိုက်စားသူများ၊ (၅) မြစ်ခြောက်နာရှိသူများ၊ (၆) သားကြောဖြတ်ထားသူများ၊ (၇) အဆုတ်ရောဂါရှိသူများ၊ (၈) လေဖြတ်ဖူးသူများနဲ့ လေငန်းရောဂါရှိသူများ၊ (၉) ဆီးချိုသွေးချိုရောဂါရှိသူများ၊ (၁၀) လိပ်ခေါင်းရောဂါရှိသူများ၊ (၁၁) အသက်အရွယ်ကြီးရင့်သူများ၊ ပန်းညှိုးပန်းသေရောဂါ ဖြစ်တတ်ကြပါတယ်၊ ပန်းညှိုးရောဂါခံစားနေရပြီဆိုရင် (၁) ခန္ဓာကိုယ်ဝနေသော်လည်း စိတ်ရောကိုယ်ပါ ရွှင်လန်းမှုမရှိခြင်း၊ (၂) မောပန်းလွယ်ခြင်း၊ (၃) အစားအသောက်ပျက်ခြင်း၊ (၄) ညဥ့်ဦးပိုင်းတွင် အိပ်ပျော်သော်လည်း တရေးနိုးလျှင် အိပ်မရတတ်ခြင်း၊ (၅)သတိမေ့လျော့တတ်ခြင်း စတဲ့လက္ခဏာတွေရှိနေတတ်ပါတယ်"

"ဟုတ်ပါတယ်ဆရာ. . . ဆရာပြောပြတဲ့အချက်အလက်အတော်များများနဲ့ ကိုက်ညီနေပါတယ်"

"ဒါဆိုရင် ပြည်စိုး အမျိုးသားအားဆေးကို ပုံမှန်သောက်သုံးပြီး အကြောပညာ၊ ဆေးပညာနဲ့ ကုသသွားမယ်ဆိုရင် ကိုမင်းဝေခံစားနေရတဲ့ အမျိုးသားအားနည်းရောဂါဟာ တဖြည်းဖြည်း သက်သာပျောက်ကင်းသွားမှာပါ"

"ပြည်စိုးအမျိုးသားအားဆေးက ဘယ်လိုရောဂါတွေ သက်သာပျောက်ကင်းစေပါသလဲဆရာ"

"ပြည်စိုးအမျိုးသားအားဆေးဟာ အိပ်နေစဉ် သုက်လွှတ်ခြင်း၊ သုက်အားနည်းခြင်း၊ သုက်လွှတ်မြန်ခြင်း၊ အကြောအားနည်းပြီး အကြောသန်စွမ်းမှုမရှိခြင်း၊ အမောမလုံခြင်း၊ နှစ်နှစ်ခြိုက်ခြိုက် အိပ်မပျော်ခြင်း၊ အစဉ်သဖြင့် အားအင်နုံးချည့်သလို ခံစားရခြင်းများကို သက်သာပျောက်ကင်းစေပါ[illegible]

ဆရာကြီး ဦးစံမြင့်နဲ့ တွေ့ဆုံဆွေးနွေးပြီး "ပြည်စိုးအမျိုးသားအားဆေး ဝယ်ယူရရှိနိုင်တဲ့နေရာတွေကတော့...

**ဆေးထုတ်လုပ်ပင်ရင်း**
အမှတ် (၂၅၁၉/ခ)၊ ဗညားဒလလမ်း၊
(ရ၁) ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)

**ဆေးဖြန့်ချိရေး - ပြည်စိုး ဆေးကုဌာန**
အမှတ် (၁)၊ ကျိုက္ကဆံဘုရားဝင်းတောင်ဘက်မုခ်၊
သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့။

www.burmeseclassic.com

www.burmeseclassic.com

ပုဂံမြို့ဟောင်းမှ တိမ်မြုပ်နေသည့်

# အလိုပြည့်စေတီနှစ်ဆူ

ခရီးသည် သုတေသီ



◆ ငါးအုသင်စေတီ

မြင်းကပါကမ်းနဖူး လေသာကျောင်းမှ ရှပ်ကလာပ်တော် မပျက်စီးသည့် ဆရာတော် အရှင်ဓမ္မသာမိ၏ ဘဝ တောက်ကြောင်း အချို့ကို စုဆောင်း ဆေ့လာပြီး၍ အပြန် ပုဂံမြို့ဟောင်း ဘုရားပတ်ဝန်းကျင်သို့ ရောက်သော် ဆေင်မရှား တိမ်မြုပ်နေသည့် စေတီ နှစ်ဆူကို သတိရမိသဖြင့် သွားရောက် ရှာဖွေကြည့်သည်။

ဘွဲ့မည်ရှိသမျှ ဘုရားစေတီအားလုံး နှံ့အောင် လေ့လာ ကြည့်ရှုပြီးသော် လည်း မတွေ့ရှိရချေ။

မြင်းခြံမြို့နယ်၊ ကျားတိုင်းရွာ သိမ်တော်ရှင်သမိုင်းနှင့် ပေါင်လောင် ရှင်ကဿပထေရုပ္ပတ္တိ စာအုပ် စာ မျက်နှာ (၂၄၊ ၂၅)တို့တွင် ဖတ်ရှုရသည့် **ငါးအုသင်ဘုရားနှင့် ငါးချိန်ခွင် ဘုရားနှစ်ဆူဖြစ်သည်။**

တွေ့ရသည့်အဆုံး ဗူးဘုရား အဝင်လမ်းရှိ စားသောက်ဆိုင်တွင် ဝင်ရောက် စုံစမ်းသည်။ သူတို့လည်း သတိမထားမိပါဟု ဆို၏။ ဘုရားဖူး များကို ပုဂံဘုရားစုံ လိုက်ပါပို့ဆောင် ပေးသည့် မော်တော်ယာဥ်မောင်း၊ မြင်းတော် ဆိုင်ကယ်မောင်းသမားတို့ လည်း မသိကြပါ ဆိုကြ၏။

ထိုစဉ် အသက်(၄၀)ကျော်ခန့် အမျိုးသမီးတစ်ဦး ဆိုင်ကယ်ဖြင့် ရောက်လာသဖြင့် ဆိုင်ရှင်တို့က မေးမြန်း စုံစမ်းပေးကြသည်။ ထိုအမျိုးသမီး က...

'ကြုံကြုံဖန်ဖန် ငါးအုသင်ဘုရားရယ်လို့ မကြားဖူးပါဘူး။ ငါးအုဖောက်ဘုရားပဲ ရှိပါ တယ်'

'ဟုတ်ပါပြီ။ အဲဒီ ငါးအုဖောက် ဘုရားက ဘယ်နားမှာလဲ'

'မြင်နေရတဲ့ ဘုရားပဲ၊ ငါးအုဖောက်

www.burmeseclassic.com

ဘုရားတဲ့။ မျက်နှာချင်းဆိုင် ထမင်းဆိုင်နံဘေးက ဘုရားက ငါးချိန်ခွင်ဘုရား'

သူ လက်ညှိုးညွှန်ရာ အရပ်ရှိ စေတီအား လေးထောင့်ပစ္စယံ သုံးဆင့် အထက် ခေါင်းလောင်းမှောက်စေတီ ပေါက်ထားသည်။

အရုံတံတိုင်းခတ်ထားကာ တံတိုင်းအနီး၌ ဘုရားအမှတ်(၁၆၅၂) ဖြစ်၍ (၂၄-၅-၂၀၁၃) ကဆုန်လပြည့်နေ့တွင် ရန်ကုန်မြို့မှ မိသားတစ်စုက ပြုပြင်မွမ်းမံကြောင်း ကမ္ပည်းစာ စိုက်ထူထားသည်။ **"ငါးအူသင်ဘုရား"**ပေတည်း။

ငါးအူသင်မှ ငါးအူဖောက်ဟု ပြောင်းလဲခေါ်ဝေါ်သည်ကို ကြားရသဖြင့် ၁၉၇၉ ခုနှစ်၊ ဧပြီလတွင် စာမတတ်သူ ပပျောက်ရေးလှုပ်ရှားမှုတွင် တက္ကသိုလ် ကျောင်းသားလုပ်အားပေးဆရာအဖြစ် ရမ်းဗြဲကျွန်း၊ မရွတ်ချိန်အလယ်ရွာသို့ သွားရောက်စဉ်က အဖြစ်အပျက်ကလေးကို သတိရမိသည်။

ညချမ်း အားလပ်ချိန်တွင် ရခိုင်ဓလေ့ "ငဇင်"ဟောပြောပွဲသို့ သွားရောက် လေ့လာနားထောင်ကြသည်။ **("ငဇင်"ဟူသည်ကား ဇာတ်နိပါတ်တော်များကို အသံနေအသံထားနှင့် သာမက ဟန်ပန်အမူအရာ ပြည့်စုံစွာ တင်ဆက် ဟောပြောခြင်းဖြစ်သည်။ ဟန်ပန်အမူအရာ မပါရှိပါက "ကွက်စိပ်"ဟောသည် ဆိုကြသော မြန်မာဝေါဟာရဖြစ်သည်။)** ငဇင်ဆရာက ကုလားထိုင်ပေါ်တွင် ဘုရင့်ဟန်ပန်ဖြင့် ထိုင်၍...

'မောင်မင်း တစ်ယောက်တည်းသာလော'



◆ ငါးအူသင်စေတီ၏ မှတ်တမ်းကျောက်စာ

ဟု ဆိုပြီးနောက် မြေပြင်သို့ ကမန်းကတမ်း ဆင်း၍ လက်အုပ်ချီလျက်...

'တစ်ယောက်တည်း မဟုတ် လုံးချင်းပါဘုရား'

ဟု လျှောက်၏။ ပရိသတ်က တဝါးဝါး ရယ်ကြလေသည်။ "လုံးချင်း"သည်လည်း "တစ်ယောက်တည်း"ဟုပင် အဓိပ္ပာယ် ရပေသည်။

ယခု ငါးအူသင်နှင့် ငါးအူဖောက်သည်လည်း အဓိပ္ပာယ် တစ်မျိုးတည်းသာ ဖြစ်၏။ ငါးဗိုက်ခွဲ၍ မလိုအပ်သော အစိတ်အပိုင်းများကို ဖယ်ရှားခြင်းသည် ငါးအူသင်ခြင်း ဖြစ်သည်။ ငါးအူဖောက်သည်ဟု အရပ်ဝေါဟာရဖြင့် ပြောဆိုနိုင်သော်လည်း "ငါးအူသင်သည်" ဆိုသည် ဝေါဟာရကို ပိုမို ပြည့်စုံပါသည်။

ဟင်းရွက်ခြွေခြင်းနှင့် ဟင်းရွက်သင်ခြင်းဟူသော စကားနှစ်ရပ်ပမာ ဖြစ်သည်။ ဟင်းရွက်ခြွေခြင်းသည် အရွက်များကို ခြွေပစ်ခြင်းဟုသာမန်အဓိပ္ပာယ်ရှိကာ ဟင်းရွက်သင်ခြင်းကား စား၍ ရသော အရွက်၊ အညွန့်၊ အရိုးများ ယူကာ မလိုအပ်သော အစိတ်အပိုင်းများ ဖယ်ရှားခြင်း ဖြစ်လေသည်။

မည်သို့ဆိုစေကာမူ ငါးအူဖောက်ဘုရား သို့မဟုတ် ငါးအူသင်ဘုရား ဟူ၍ စေတီဘွဲ့မည်ကို မတွေ့ရဘဲ ကိုယ်ပိုင်နံပါတ်ဖြင့်သာ ဖူးမြော်ခဲ့ရလေသည်။

မျက်နှာချင်းဆိုင် ဈေးဆိုင်အနီးရှိ **"ငါးချိန်ခွင်"**ဘုရားကိုကား ဘွဲ့မည် သာမက ကိုယ်ပိုင်နံပါတ်ပင် ပူဇော်ခြင်း မခံရဘဲ ကိန်းဝပ်တော်မူသည်ကို ဖူးတွေ့ရသည်။

လေးထောင့်ပစ္စယံ သုံးဆင့်အထက် ရှစ်မြှောင့်ကျည်းဝန်းခံကာ ခေါင်းလောင်းမှောက်စေတီ ပေါက်ထားသည်။ စားသုံးသူများအား ကြိုဆိုနေသည့် ဆိုင်လုလင် မောင်အေးမင်းသန့်ဆိုသူအား စုံစမ်းကြည့်ရာ...

'ငါးချိန်ခွင်ဘုရားလဲ ခေါ်တယ်။ မီးကွင်းဘုရားလဲ ခေါ်တယ်'

'ဘာကြောင့် ခေါ်တာလဲ'

ပုဂံညောင်ဦးရှိ ကလေးများအားလုံးဆိုင်ရာ စေတီပုထိုး၏ နောက်ခံသမိုင်းကို အလွတ်ကျက်၍ ပြောပြခြင်းဖြင့် မုန့်ဖိုးရှာဖွေကြသည်ဖြစ်ရာ မောင်အေးမင်းသန့်ကလည်း သူ ကျက်ထားသည့် နောက်ခံသမိုင်းကို တတွတ်တွတ် ရွတ်ပြလေသည်။

'သူကြွယ်ကြီးက လာရောင်းတဲ့ ငါးကို ဝယ်ဖို့အတွက် ချိန်ခွင်နဲ့ ချိန်တဲ့





www.burmeseclassic.com

www.burmeseclassic.com

နေရာမှာ ဘုရားတည်လို့ "ငါးချိန်ခွင်ဘုရား" ခေါ်တာတော့ ဟုတ်ပါပြီ။ မီးကွင်းဘုရားဆိုတာကကော...'

'ဟိုတလောက ဒီဘက်ဆိုင်တန်းအားလုံး မီးလောင်သွားတာ ဘုရားတစ်ဆူတည်း ကျန်တော့လို့ မီးကွင်းဘုရားလို့ ခေါ်ကြတယ်လေ'

စေတီနှစ်ဆူမှာ ဘွဲ့မည်ကမ္ပည်း မရှိသော်လည်း ဧည့်ကြိုကလေးများက ညွှန်ပြနိုင်သေးသဖြင့် သာဓုခေါ်ရပါသည်။

## နောက်ခံသမိုင်း

အနန္တသူရိယအမတ်သည် ပေါင်လောင်ရှင်ကဿပထေရ်အား ကျောင်းဆောင် ဆောက်လုပ်လှူဒါန်းလိုကြောင်း လျှောက်ထားရာ ပေါင်လောင်ရှင်ကဿပမထေရ်မြတ်က **"ဓမ္မိယ လဒ္ဓပစ္စည်းမှ သင့်လျော်မည်"** ဟု အမိန့်တော်ရှိသည်။

တစ်နေ့သောအခါ ဘုရင့်အမှုဖြင့် မြင်းကပါ သူဌေးထံ သွားရောက်ရလေရာ သူဌေးက လက်ဆောင်ပေးလိုက်သော ပတ္တမြားတစ်လက်ခုပ်ကို ရောင်းရာ အသပြာတစ်ထောင်ရ၏။

ဤအရာကား မတောင်းဘဲ သူ့အလိုအရ ပေးခြင်းဖြစ်၍ ဓမ္မိယလဒ္ဓဖြစ်နိုင်သည်။ ငါ၏ ဥစ္စာဓန မှန်ပါက ပြန်၍ ရစေသတည်းဟု အဓိဋ္ဌာန်ပြုကာ ညောင်ဦးမြို့ အရှေ့မြောက်ထောင့်ရှိ နတ်သမီးကမ်းပါးမှ ရေထဲသို့ ပစ်ချလိုက်သည်။

ထိုအခါ ငါးကြီးတစ်ကောင်က အသပြာထုပ်ကို အစာမှတ်၍ မျိုချ၏။ ထိုငါးကိုတံငါတို့ ဖမ်းမိ၍ ဈေးတွင် ရောင်းသော်လည်း ဝယ်နိုင်သူ မရှိချေ။ လှည့်လည်ရောင်းချရာ အမတ်ကတော်က ဝယ်၍ ဗိုက်ဖောက်၊ အသင်သောအခါ အသပြာထုပ်ကို တွေ့ရ၏။



◆ ငါးချိန်ခွင်စေတီ

ထိုအခါ အနန္တသူရိယအမတ်လည်း ဓမ္မိယလဒ္ဓ ဥစ္စာစစ်စစ်ဖြစ်သည်ဟု ဝမ်းမြောက်၍ ပေါင်လောင်ရှင် ကဿပမထေရ် သီတင်းသုံးရန် ကျောင်းဆောက်လှူလေသည်။ ယခုအခါ မင်းနန်သူ(အနန္တသူရိယ) ကျောင်းဟု တွင်၍ မင်းနန်သူရွာအနီး၌ တည်ရှိ၏။

ငါးဝယ်သောနေရာ၌ **"ငါးချိန်ခွင်"** ဘုရား ငါးအူသင်ရာအရပ်တွင် **"ငါးအူသင်"** ဘုရား ဟူ၍ ဘွဲ့မည်ကပ်လှူကာ တည်ထား ကုသိုလ်ပြုခဲ့ရာ ပုဂံမြို့ဟောင်းတွင်း ယခု နေရာ၌ ဖူးတွေ့ရပေသည်။ *[၁၃၁၈ ခုနှစ်၊ ဒီတင်းကျွတ်လသာ(လဆုတ် ၁၄)ရက်နေ့၌ ရေးသားထုတ်ဝေသော ပေါင်လောင်ရှင်ကဿပ*

www.burmeseclassic.com



ငါးချိုန်ခွင်စေတီအနီးရှိဆိုင်မှ မောင်အောင်မင်းသန့်

*အဏ္ဏုပ္ပဋ္ဌိ၊ စာ မျက်နှာ ၂၄၊၂၅။*

## အလိုပြည့်စေတီများ

ဤစေတီနှစ်ဆူသည် ဘွဲ့မည်မတင် မထင်မရှား စံပယ်တော်မူနေရသော်လည်း ဆုတောင်းပြုသူတို့ အလိုဆန္ဒပြည့်ဝစေသည့် အလိုပြည့်စေတီများ ဖြစ်ကြသည်။

ပုဂံဘုရားဖူးရောက်ခဲ့ပါက ထိုစေတီနှစ်ဆူအား ဖူးမြော်၍ ဒါန၊ သီလ၊ ဘာဝနာ ကုသိုလ်ပြုကာ အဓိဋ္ဌာန်ယူ ဆုတောင်းနိုင်ကြောင်း မော်လမြိုင် ကောလိပ် အရှေ့တိုင်းဌာနမှူး ဦးထွန်းရွှေက လမ်းညွှန်ပေးခဲ့သည်။

သို့ဖြစ်၍ ၁၉၇၈ ခုနှစ် ကျောင်းပိတ်ရက်ကာလတွင် စာသင်ဖက်များနှင့် ဘုရားဖူးရောက်ရှိသည်၌ ဤစေတီနှစ်ဆူကိုလည်း ဖူးမြော်ဖြစ်ခဲ့သည်။ ထိုစဉ်က သရပါတံခါးကျော်သည်နှင့် ဈေးဆိုင်တန်းများ အစီအရီ တွေ့မြင်နိုင်သည်။

ကျိုက်ထီးရိုးစေတီ တောင်တက်ကားများ မရှိသေးမီ ရေမြောင်ကြီးစခန်းကဲ့သို့ အပြိုင်အဆိုင် ကြိုဆိုခေါ်ငင်ကြလျက် ဆိုင်တစ်ဆိုင်တွင်း ဝင်လိုက်ပါက ထမင်းဟင်းဝယ်စား၍ အခမဲ့ တည်းခိုနိုင်သည်။

စက်ဘီး လိုအပ်လျှင် တစ်နေ့ (၃) ကျပ်နှုန်းဖြင့် ငှားရမ်း လည်ပတ်နိုင်လေသည်။ တည်းခိုရာ ဆိုင်ရှင်၏ လမ်းညွှန်မှုဖြင့် စေတီနှစ်ဆူကို ပူဇော်ကာ ပန်း၊ ရေချမ်း၊ အရုဏ်ဆွမ်းများ ကပ်လှူဖြစ်သည်။

ဗုဒ္ဓါနုဿတိကမ္မဋ္ဌာန်း စီးဖြန်းပြီးနောက် ပုဂံဘုရားများအား နောင်အကြိမ်ကြိမ် ဖူးမြော်ရလိုကြောင်း ဆုတောင်းခဲ့သည်။

ထို့နောက် (၃၅)နှစ်အကြာကာလအတွင်း ပုဂံဒေသသို့ တစ်ကိုယ်တည်းသော်လည်းကောင်း၊ မိသားစု ဆွေမျိုးမောင်နှံစုံညီစွာဖြင့် လည်းကောင်း မရေမတွက်နိုင်အောင် ရောက်ရှိဖူးမြော်ရသည့်အပြင် ပြည့်ငါးပြည့်အဓိဋ္ဌာန်၊ ရင်ခွင်ပိုက်သုံးဆူအဓိဋ္ဌာန်၊ ဘုရားလှူငါးဆူအဓိဋ္ဌာန်၊ ရှင်အရဟံငါးဌာနအဓိဋ္ဌာန် စသည်ဖြင့် အထူးပြုပူဇော်နိုင်ရန် လမ်းညွှန် ရေးသားဖြစ်ခဲ့လေသည်။

ဆရာ ရှင်းပြသည်ကား ဤစေတီနှစ်ဆူသည် အမတ်ကြီးမင်းနန်သူ၏ ဓမ္မိယလဒ္ဓ မှန်ကန်စွာ ရှာဖွေရရှိသော သန့်စင်သည့် ဥစ္စာပစ္စည်းဖြင့် ပူဇော်သော စေတီများ ဖြစ်သည့်အပြင် "ငါးချိန်ခွင်" ပညတ်အရ တနင်္လာ သုံးလုံးထပ် အမြတ်ပြုလျက် ဂြိုဟ်သက်ပေါင်း (၄၅) နဝင်းကိန်းဆောင်သည်။

ပါပနဝင်းဖြစ်၍ လျင်မြန်တက်ကြွမှု အကျိုးပေး၏။ ငါးအူသင် ပညတ်ကား မလိုလားအပ်သည်တို့အား အတွင်းသို့တိုင် သုတ်သင်ရှင်းလင်းစေခြင်း နိမိတ်ကောင်းဆောင်သည့်အပြင် ဂြိုဟ်သက်ပေါင်း **၁၅+၆+၂၁=၄၂** ကောလီ ဓာတ်ဆောင် အောင်မြင်စေသည်။

ငါးချိန်ခွင်စေတီတွင် နဝင်းကိန်းဆောင်သဖြင့် ဗုဒ္ဓဂုဏ်တော်ကိုးပါး နှလုံးသွင်းပူဇော်ခြင်း၊ ဗုဒ္ဓါနုဿတိကမ္မဋ္ဌာန်းဆောက်တည်၍ ငါးအူသင်စေတီတွင် **၄၂ ကောလီဆောင်ကာ ၂၄ ပစ္စည်း ပဋ္ဌာန်းဒေသနာများ** ရွတ်ဖတ်ပူဇော်သင့်သည်။

**သတိပြုရန်မှာ** ဓမ္မိယလဒ္ဓ ဥစ္စာဖြင့် ပူဇော်သော စေတီများဖြစ်ရာ မိမိတောင်းသော ဆုသည် သူတစ်ပါးအား ထိခိုက်မှု မရှိသော မှန်ကန်သည့် သမ္မာဆန္ဒဖြစ်ရန် လိုသည်ဟု ဆိုလေသည်။

သို့ဖြစ်၍ လူသိနည်းသော ဤစေတီနှစ်ဆူအား ဖူးမြော်၍ ကုသိုလ်ပြုကာ လိုရာဆုများကို အဓိဋ္ဌာန်ပြု လျှောက်ထား ပြည့်စုံနိုင်ကြောင်း ဖော်ထုတ် လမ်းညွှန် တင်ပြရပါသည်။

**(ဖူးဘုရားလမ်းအဝင်မှ စားသောက်ဆိုင်မိသားစုအား ကျေးဇူးတင်ရှိပါသည်။)**

**ခရီးသည် ကုတေသီ**

www.burmeseclassic.com

www.burmeseclassic.com

# ရေကုထုံး

မောင်အေးကြူ
(စီးပွားရေး)



ပုသိမ်မြို့၊ အမှတ်(၂)အ.ထ.ကမှာ ကျောင်းတက်နေစဉ် ကတည်းက သူငယ်ချင်းဖြစ်ခဲ့တဲ့ တင်မောင်က သူ့မွေးနေ့ကိုလာဖို့ ဖိတ်တာကြောင့် ကုက္ကိုင်းက သူ့အိမ်ကို အိမ်သူနဲ့အတူ ရောက်သွားခဲ့ပါတယ်။

အ.ထ.က(၁)က သူငယ်ချင်းတချို့လဲ ပါ,ပါတယ်။ သူငယ်ချင်းတွေ အတော်စုံစုံ ရောက်နေကြပြီ။ အချို့က စားသောက်လို့ပြီးလို့၊ အလွမ်းသင့်ရာ စုပြီး စကားဖောင်ဖွဲ့နေကြပါတယ်။

မိမိတို့လဲ တင်မောင့်ဇနီး ရှမ်းတိုင်းရင်းသူချက်တဲ့ အင်းလေးမုန့်ဟင်းခါးနဲ့ ရှမ်းထမင်းကိုစား၊ အချိုပွဲစားပြီးတဲ့နောက် သူငယ်ချင်းတွေ စကားဝိုင်းဖွဲ့ရာဆီ သွားပူးပေါင်းလိုက်ပါတယ်။

ငယ်ဘဝ ကျောင်းတုန်းက အဖြစ်အပျက်တွေ၊ ဘဝတစ်လျှောက် ကြုံကြိုက်ခဲ့တာတွေကို စားမြုံ့ပြန်ရင်း တဝါးဝါး တဟားဟားပေါ့။ တချို့လဲ ကွယ်လွန်ကြ၊ နေမကောင်းလို့ မလာနိုင်ကြရှာပါဘူး။

ဩော်...အသက်တွေကိုလဲ ကြည့်ပါဦးလေ။ (၆၅,၆၆)နှစ်ဆိုတာ အငယ်ဆုံး။ စကားတွေပြောကြရင်းက ထုံးစံအတိုင်း နောက်ဆုံးမှာ ဘာသာရေးနဲ့ ကျန်းမာရေးအကြောင်းတွေဆီ ရောက်သွားကြပါတယ်။

**"ယောက်ျားမှာဆီး၊ မိန်းမမှာ ဒီး"** ဆိုတဲ့ စကားက တကယ့်ကို မှန်လှသဗျာ။ ယောက်ျားလေး သူငယ်ချင်း အယောက်(၂၀)လောက်ထဲမှာ နှစ်ယောက်လောက်ပဲ ဆီးရောဂါကင်းတာ တွေ့ရပါတယ်။

ကုမ္ပဏီမှာ အလုပ်လုပ်နေဆဲ အောင်ခန့်က **ဆီးရောဂါနဲ့ ကုထုံး တစ်ခု**ကို ပြောပြလို့ ဖောက်သယ်ချလိုက်ရပါတယ်။

'ငါ့ကုမ္ပဏီကလွှတ်လို့ တရုတ်နိုင်ငံရောက်သွားတယ်။ ဟိုမှာ သူတို့ရိုးရာကုထုံးတွေကို လေ့လာမိတယ်။ အဲဒီမှာ ဘာတွေရသလဲဆိုတော့ ရေကုထုံးက ကင်ဆာကိုတောင် ပျောက်စေသတဲ့ကွ'

'ဟာ တယ်ဟုတ်ပါလား။ ဘယ်လိုလုပ်ရတာလဲ ပြောပါဦး'

လို့ အားလုံးကပဲ စိတ်ဝင်တစားနဲ့ တောင်းဆိုကြတယ်။

'ဒီလိုလေကွာ။ လုပ်ရတာက ဘာမှ မခက်ပါဘူး။ စိတ်ရှည်ဖွဲ့သန်ဖို့ပဲလိုတာ။ ကုထုံးက ဒီလိုကွ။ မင်း ဆီးရောဂါ ဖြစ်နေတယ်။ ဥပမာကွာ ဆီးကျိတ်ရောင်တယ်ပေါ့။

ငါဆို ဆီးကျိတ်ရောင်တော့ ဆီးသွားရင် ဆီးလုံးကသေးတယ်၊ ဆီးသွားရင် ကြာတယ်၊ ဆီးကျန်တယ်၊ အားမရဘူး။

အဲဒီတော့ ရေချိုးရင် ရေပန်းဖွင့်ပြီး ဆီးခုံကို လက်နဲ့ပွတ်ပေးရတယ်။ အကောင်းဆုံးကတော့ အောက်ပိုင်းကို ရေထဲမှာစိမ်ပြီး ဆီးခုံကို ပွတ်ရင်တော့ အကောင်းဆုံးပဲ။ ဒီလိုမှ မဟုတ်ရင်တော့ ရေပန်းဖွင့်ထားပေါ့ကွာ'

မျိုးညီညီဆိုတဲ့ကောင်က ဝင်ဖောက်တယ်။

'ရေလောင်းပြီး ပွတ်ရင်ရော မရဘူးလားတဲ့...'

အဲဒီတော့ ဝင်းအောင်က...

'မင်းကလဲကွာ သူပြောတာ အရှင်းကြီး။ ရေနဲ့တရစပ်ထိနေဖို့ပြောတာကွ။ ငါ့အထင်တော့ ချောင်းတို့၊ မြစ်တို့ထဲဆင်းပြီး ခုလို ပွတ်ပေးရင် ပိုကောင်းမယ် ထင်တယ်'

မျိုးညီညီကတော့ မရပ်သေး ဆက်မေးပြန်ပါတယ်။

'ပွတ်တဲ့အခါ ဘယ်လို ပွတ်ရမှာလဲ၊ အထက်အောက်လား၊ ဘေးတိုက်လား'

သူ့စကားကြားပြီး အားလုံးက ဝိုင်းရယ်ကြတယ်။

'မင်းကွာ၊ ကြုံကြုံဖန်ဖန် ဘေးတိုက်ပွတ်တာကတော့ ပိုပြီး အလျဉ်းသင့်မှာပေါ့ကွ'

လို့ တစ်ယောက်က ဝင်ပြောတယ်။ နောက်တစ်ယောက်က ဝင်ဟောက်လိုက်တယ်။

"ဟေ့ကောင် မျိုးညီညီ မင်းပေါက်တတ်ကရတွေ ပြောမနေနဲ့ ငါ်တော့။ ကဲ သူငယ်ချင်း ဆက်ပြော" ဆိုတော့မှ အောင်ခန့်က ဆက်ပြောပါတယ်။



www.burmeseclassic.com

www.burmeseclassic.com

'ဆီးခုံကို ပွတ်တာကတော့ ကြိုက်တဲ့ပုံစံနဲ့ ပွတ်လို့ရပါတယ်။ ငါဆိုရင် အင်း–ခု၊ ခြောက်လလောက်ရှိပြီ။ ဆီးကိစ္စအဆင်ပြေနေတယ်။ ဆီးလုံးကြီးကြီးသွားတယ်။ ဆီးမကျန်တော့ဘူး'

'မင်းရဲ့ ရေကုထုံးက ဆီးအတွက်ပဲလား'

လို့ မိမိက ဝင်မေးတော့...

'မဟုတ်ဘူးကွ။ ရင်သားကင်ဆာဖြစ်ရင် ရင်သားကိုပွတ်၊ လည်ချောင်းကင်ဆာဖြစ်ရင် လည်ချောင်း။ အသည်းကင်ဆာဖြစ်ရင် အဲသည့်နေရာကိုပွတ်ပေါ့ကွာ။ ရောဂါရှိတဲ့နေရာကို ပွတ်ပေါ့'

လှအုန်းက ဝင်ပြောတယ်။

'ငါ တရုတ်နယ်စပ်မှာ တာဝန်ကျတုန်းက တရုတ်ဆေးဆရာကြီးတစ်ယောက်နဲ့ ဆုံဖူးတယ်၊ သူလဲ ရေကုထုံးကို ခုလိုပဲပြောဖူးတယ်။ ခု မင်းပြောမှ ငါ ပြန်သတိရတယ်'

တဲ့...။

'နို့ မင်းရော ဆီးရောဂါမရှိဘူးလား'

လို့ ဝင်းအောင်က မေးတော့...

'ဟေ...အေး... ငါက ဆီးရောဂါမှ မရှိတာ၊ မလုပ်ဖြစ်ဘူး'

တဲ့လေ...

ကဲ စာရှုသူရေ...


ငွေကုန်ကြေးကျမရှိတဲ့ ရေကုထုံးကို စမ်းသပ် မကြည့်သင့်ပေဘူးလား။ မိမိလဲ ကြိုးစားပြီး လုပ်ရဦးမယ်။ မိမိမှာလဲ ဆီးကျိတ်ရောဂါ၊ ကျောက်ကပ်ကျောက်တည်ရောဂါကရှိနေလို့ ဆေးသောက်ပြီး ထိန်းနေရတာ မဟုတ်ပါလား...

***ရွှင်လန်း ကျန်းမာကြပါစေ။***

**မောင်အေးကြူ**
***(စီးပွားရေး)***

## ၂၀၁၄ ခုနှစ်၊ မေလ

# ထီ



## အတွက် ရွေးချယ်ဝါ ဤဂဏန်း

၂၀၁၄ ခုနှစ်၊ မေလ(၁)ရက်နေ့တွင် ဖွင့်လှစ်မည့် အောင်ဘာလေထီဖွင့်ပွဲတွင် ထွက်ပေါ်လာနိုင်သည့် ထီဂဏန်းတွဲများအား အောက်ပါအတိုင်း တွက်ချက် ဖော်ပြအပ်ပါသည်။

| | |
|---|---|
| **အကြိမ်** | ၃၀၄ |
| **မေလ** | ၅ |
| **ခုနှစ်** | ၂၀၁၄ |
| | ၂၃၂၃ = ၁၀ = ၁ |

**အကြိမ်၊ လ၊ ခုနှစ်** ဂဏန်းများအား တစ်လုံးတည်းဖြစ်အောင် ပေါင်းပါက (၁)ဂဏန်းရသည်။ သို့ဖြစ်၍ **၁၊ ၄၊ ၅၊ ၇၊ ၀** ဂဏန်းများများပါအောင် ရွေးချယ်ပါ။ အထူးသဖြင့် ရှေ့ဂဏန်းများကို **၁၊ ၄၊ ၅၊ ၇** ဂဏန်းများကို ရွေးချယ်ပါ။

ဥပမာ

| စ...ဆုံး | စ...ဆုံး | စ...ဆုံး | စ...ဆုံး |
|---|---|---|---|
| ၁...၁ | ၄...၁ | ၅...၁ | ၇...၁ |
| ၁...၄ | ၄...၄ | ၅...၄ | ၇...၄ |
| ၁...၅ | ၄...၅ | ၅...၅ | ၇...၅ |
| ၁...၇ | ၄...၇ | ၅...၇ | ၇...၇ |
| ၁...၀ | ၄...၀ | ၅...၀ | ၇...၀ |

မှတ်ချက် ။ ။ (...)ကွင်းအတွင်းတွင် **၁၊ ၇၊ ၀** ဂဏန်းများကို များများပါအောင် ရွေးချယ်ပါ။

"**အကြိမ်**"ဂဏန်းမပါဘဲ "**လ**" ဂဏန်းနှင့်"**နှစ်**"ဂဏန်းကိုသာ ပေါင်းပါက (၅+ ၂ +၀ + ၁ + ၄)=၁၂=၃ ဂဏန်းပင်ရသည်။ သို့ဖြစ်၍ "၃" ဂဏန်းကိုလည်း ပစ်ပယ်၍ မရပါ။

သို့ဖြစ်၍...

| စ... ဆုံး | | | | | |
|---|---|---|---|---|---|
| ၁... ၁၊ | ၃၊ | ၄၊ | ၅၊ | ၇၊ | ၀ |
| ၄... ၄၊ | ၅၊ | ၇၊ | ၀၊ | ၁၊ | ၃ |
| ၅... ၅၊ | ၇၊ | ၀၊ | ၁၊ | ၃၊ | ၄ |
| ၇... ၇၊ | ၀၊ | ၁၊ | ၃၊ | ၄၊ | ၅ |

ဤလတွင် **တနင်္ဂနွေနှင့် အင်္ဂါ သားသမီးများ** ထီကံပွင့်နေပါသည်။

သို့ဖြစ်၍ မိမိတို့အရပ်ဒေသရှိ ရှေးဟောင်းဘုရားတစ်ဆူဆူတွင် မိမိတို့၏ မွေးနံ့အရပ်ထောင့်တွင် ဂုဏ်တော်ကိုးပါးဖြင့် (၁၀၈)လုံး ပုတီးကုံးဖြင့် သက်စေ့စိပ်ပွားရန်ဖြစ်သည်။ ထိုသို့ စိပ်ပွားပြီးပါက ဘုရားရင်ပြင်တော်ကို သန့်ရှင်းရေး လုပ်ပေးပါ။ (၃)ရက်ဆက်၍ အဓိဋ္ဌာန်ပြုလုပ်ပါ။

ထိုအဓိဋ္ဌာန် အောင်မြင်ပြီးပါက မိမိတို့ဒေသရှိ စာသင်တိုက်တစ်ခုသို့ ဆန်၊ ဆီ၊ ဆား တတ်နိုင်သမျှ လှူဒါန်းပြီးမှ ထီကံစမ်းကြရန် ဖြစ်ပါသည်။

အထူးဂဏန်း

**✦၁၀၃၃၇၇ ✦၅၁၃၀၄၇ ✦၄၅၅၁၁၇**

***ထီကံ ပွင့်ပါစေ။***

**ဆရာရဲထက် *(သုတေသီ)***



www.burmeseclassic.com

www.burmeseclassic.com


ကြော်ငြာဆောင်းပါး

ဆီး ဝမ်း လေမှန်၍ မျက်စိကြည် အကြောပြေပြီး အပူအပုပ် ထင်းစေတဲ့

# ဝကြောမင်း

အမှတ်တံဆိပ်

# မျက်စိကြည် အကြောပြေဆေး

ယာယီတိုင်းရင်းဆေးဝါး မှတ်ပုံတင်အမှတ် ၀၁၁၂ YR ၀၀၇၉၉၃

ကြော်ငြာခွင့်ပြုချက်အမှတ်
တဆဝက(စာနယ်ဇင်း) ၅၅/၀၅၁၃





ကျွန်ုပ်သည် တစ်နေ့တွင် စိတ်ချမ်းသာကိုယ်ကျန်းမာ အသက်တစ်ရာ ကျင့်ကြံနေထိုင်နည်းစာမူ ရေးသားနေစဉ် "ဟာ စာရေးဆရာကြီးကို တွေ့မှတွေ့ပါ့မလား" ဟူသော အသံရှင်ကြောင့် ရေးလက်စ စာမူကို အသာချထားပြီး ပြန်လည် ခရီးဦးကြို နှုတ်ဆက်လိုက်သည်။

'ဩော် ကိုမျိုးမြင့်ပါလား၊ လာဗျာ'

'စာရေးဆရာ ကိုဘုန်းဝေကတော့ ဘယ်အချိန်တွေ့တွေ့ တက်ကြွလန်းဆန်းပြီး စာရေးစာဖတ် အမြဲတမ်းမပြတ်ဘူးနော်'

'ဟဲ... ဟဲ... ဟဲ'

'ဟဲ... ဟဲ လုပ်မနေနဲ့ စာရေးဆရာကြီးရေ၊ အခု စာရေးဆရာကြီးကို အကူအညီ တောင်းချင်လို့ဗျ'

'ပြောလေ ကိုမျိုးမြင့်'

'ဒီလိုဗျ၊ ကျွန်တော် ရုံးမှာပဲဖြစ်ဖြစ်၊ အိမ်မှာပဲဖြစ်ဖြစ် နည်းနည်းလေး စာဖတ်မိတာတို့၊ အလုပ်ထဲကို အာရုံစူးစိုက်တာတို့၊ အထိုင်နည်းနည်းလေးကြာကြာ ထိုင်မိတာတို့ဆိုရင် မျက်ခုံး၊ မျက်လုံးတွေ လေးလံလာတယ်။ ခေါင်းမကြည်တော့ဘူး။ နောက်ကြောတက်၊ ဇက်ကြောထိုးလာတယ်။ အမြဲတမ်းလိုလို ကိုယ်လက်တွေ လေးလံထိုင်းမှိုင်းနေပြီး စိတ်ရော ကိုယ်ပါ မလန်းဆန်းဘူး ဖြစ်နေလို့ဗျ။ အဲဒါ ဘာဆေးတွေများ သုံးစွဲရမလဲဆိုတာ စာရေးဆရာကြီးဆီမှာ အကြံဉာဏ် လာတောင်းတာ'

'ညှိသည်ဆိုလို့ ဘယ်သူများမှတ်တယ် ကိုမျိုးမြင့်ကို။ ကော်ဖီလေး သုံးဆောင်ပါဦး'

'ကျေးဇူးပဲ အစ်မ၊ ကိုဘုန်းဝေနဲ့ အစ်မ မအေးစိန်တို့ ဇနီးမောင်နှံကတော့ ကျန်းမာရေး ပညာပေးစာပေတွေ ရေးသားနေသူတွေမို့လား မသိဘူး။ လန်းဆန်းကျန်းမာ လှပနေတာကို တွေ့ရလို့ အားကျမိပါတယ်ဗျာ'

'ကိုမျိုးမြင့်ရေ ကျွန်တော်ရော အေးပါ အရင်တုန်းက ခင်ဗျားလိုပဲဗျ။ ကျွန်တော်ဆိုရင် စာလဲ မရေးနိုင်၊ စာလဲ မဖတ်နိုင် စာရေးစာဖတ်တိုင်း ခေါင်းတွေ အုံ့ခဲလာပြီး စိတ်ရောလူရော အကြံဉာဏ်ပါ ထုံထိုင်းလေးလံနေတာဗျ။ အေးဆိုရင်လဲ တစ်နေ့တခြား ဝ,ဝလာတယ်။ ဇက်ကြောထိုး၊ နောက်ကြောတက်၊ ကိုယ်လက်ညောင်းညာ ကိုက်ခဲနေတယ်။ အထိုင်လေး၊ အသွားလေးနဲ့ ညဘက်ရောက်လာရင် သားသမီးတွေက နှိပ်နယ်ပေးရတယ်။ သူကြည့်ပြီး စိတ်မချမ်းသာ၊ ကိုယ်ကျတော့လဲ မကျန်းမာဘူး ဖြစ်နေခဲ့တာပါဗျာ'



www.burmeseclassic.com

www.burmeseclassic.com






'ဟာ ကိုဘုန်းဝေကလဲ လုပ်တော့မယ်။ အခု ဆရာဆိုလဲ ကျန်းမာလန်းဆန်းလို့၊ အစ်မဆိုရင်လဲ ခန္ဓာကိုယ် သွယ်လျပြီး သွက်လက်ပေါ့ပါးနေတဲ့ဥစ္စာ'

'ကိုမျိုးမြင့်ရေ၊ အခုလို ကျွန်မ အဆီတွေကျ၊ ကိုယ်ရေစစ်တာ၊ ခန္ဓာကိုယ် သွယ်လျပြီး ဖနီးမောင်နှံ ကျန်းမာရွှင်လန်းနေတာက တော့ ဆေးစွမ်းတစ်လက်ကြောင့်ပဲရှင်'

'ဒါဆိုရင် လုပ်ပါဦးဗျ၊ ဘာဆေးလဲ'

'ဆရာမြင့်ရဲ့ စကြာမင်းအမှတ်တံဆိပ် မျက်စိကြည် အကြောပြေဆေးလေ'

'ကိုဘုန်းဝေကတော့ လုပ်ပြီ၊ ဆေးဝါးကောင်းတွေ့တာတောင် အသိမပေးဘူး'

'ဒီလိုဗျ၊ ကျွန်တော်လဲ စာဖတ်စာရေးတာနဲ့ မျက်စိ၊ မျက်ခုံး၊ မျက်လုံးတွေ လေးလံလာတယ်။ နောက်ကြောတက်၊ ဇက်ကြောထိုးပြီး ညောင်းညာလေးလံနေတယ်။ ဆီးဝမ်းလဲချုပ်၊ အပူလဲ ငုပ်နေပြီး ဒူလာ လိပ်ခေါင်းရောဂါပါ ဖြစ်စပြုလာနေတာဗျ။ တစ်နေ့မှာ ကျွန်တော့်မိတ်ဆွေ စာရေးဆရာ မောင်မြင့်မောင် ရောက်လာပြီး ဆရာမြင့်ရဲ့ စကြာမင်းအမှတ်တံဆိပ် မျက်စိကြည် အကြောပြေဆေးတစ်ဘူး လက်ဆောင်ပေးသွားတယ်။ ဆေးညွှန်း ဖတ်ကြည့်တော့ ကျွန်တော်တို့ ဇနီးမောင်နှံဖြစ်နေတဲ့ ရောဂါ လက္ခဏာတွေနဲ့ တစ်ထပ်တည်း တွေ့ရလို့ သုံးစွဲလိုက်တာ ဖြစ်ပေါ်ခံစားနေရတဲ့ ရောဂါတွေဟာ ကင်းစင်သွားပြီး အခုလို စိတ်ရောကိုယ်ပါ ကျန်းမာလန်းဆန်းနေတာပါ'

'ဆရာမြင့်ရဲ့ စကြာမင်းအမှတ်တံဆိပ် မျက်စိကြည် အကြောပြေဆေးရဲ့ အာနိသင်လေး ပြောပြပါဦး'

'သမားတော် ဆရာကြီး ဆရာမြင့်ကတော့ ဤဆေးဟာ တိုင်းရင်းဆေးစစ်စစ်ဖြစ်ပြီး သဘာဝဆေးဖက်ဝင် ဆေးပစ္စည်းများ နဲ့ စနစ်တကျ စီမံဖော်စပ်ထားတဲ့ ဆေးဖြစ်လို့ စိတ်ချယုံကြည်စွာ သုံးစွဲနိုင်ပါတယ်လို့ ဆိုပါတယ်။

သုံးစွဲနိုင်တဲ့ ရောဂါတွေကတော့ မျက်စိမှုန်ဝေခြင်း၊ မျက်စိ အာရုံကြောများအားနည်းခြင်း၊ ခေါင်းမူး၊ ခေါင်းအုံ့၊ ခေါင်းကိုက်ခြင်း၊ မျက်ခုံး၊ မျက်လုံးများ လေး၍ မျက်ရိုးကိုက်ခြင်း၊ နောက်ကြော တက် ဇက်ကြောထိုးခြင်း၊ ကိုယ်လက်များ ညောင်းညာကိုက်ခဲ၍ မအီ မသာ ထိုင်းမှိုင်းလေးလံနေခြင်း၊ သွေးတက်၊ သွေးတိုးဖြစ်ခြင်း၊ သွေးမသန့်ခြင်း၊ အတွင်းလိပ်ဖြစ်၍ သွေးကျခြင်း၊ အပြင်လိပ်ဖြစ် ခြင်း၊ ဒူလာကိုက် ညောင်းညာ ချည့်နဲ့ခြင်း၊ အပူရှိန် အပုပ်ခိုးများ အပေါ်သို့တက်၍ မျက်ရည်ပူကျခြင်း၊ မျက်ဝတ်ထွက်ခြင်း၊ တိမ်သလာဖြစ်ခြင်း၊ အာခေါင်ခြောက်ခြင်း၊ လည်ချောင်းနာခြင်း၊ ဆီးပူညောင်းကျဖြစ်ခြင်း၊ ဆီးချုပ်ဆီးကျန်ဖြစ်ခြင်း၊ ဝမ်းချုပ် ဝမ်းကျန် စမြင်းခံခြင်း၊ လေချုပ်လေပွဖြစ်ခြင်း၊ အဝလွန်ခြင်း၊ ဗိုက်ခေါက်ထူ၍ အဆီပိုများ ပွားများနေခြင်း အသားအရေ မွဲခြောက် ညစ်ထေးနေခြင်း စသော ရောဂါများကို သက်သာ ပျောက်ကင်းလို့ မျက်စိကြည် အကြောပြေကာ အပူအပုပ်များ ကင်းစင်လျက် ပိုလျှံနေတဲ့ အဆီများကို ကျဆင်းစေပြီး ဆီး၊ ဝမ်း၊ လေတို့ကို မှန်၍ ကျန်းမာပေါ့ပါး သွက်လက်လန်းဆန်းစေ တဲ့ဆေး ဖြစ်တယ်ဗျ'

'ဒါဆို ဆရာမြင့်ရဲ့ စကြာမင်း မျက်စိကြည် အကြောပြေဆေး ဟာ မျက်စိကို အသုံးပြုပြီး အလုပ်လုပ်ရသူတွေ၊ နေ့စဉ် စာရင်း ဇယားတွေနဲ့ ရင်ဆိုင်နေရတဲ့သူတွေ၊ ရုံးမှာ မိမိတို့လုပ်ငန်းတွေ မှာ ကြာမြင့်စွာ ထိုင်ကြပြီး အလုပ်လုပ်ကြရသူတွေနဲ့ ကာယ၊ ဉာဏ အလုပ်သမားတွေအတွက် နေ့စဉ် မှီဝဲသုံးစွဲသင့်တဲ့ ဆေးပေါ့နော်'

'ပြောဖို့လိုသေးလား ကိုမျိုးမြင့်ရယ်၊ ဝမ်းတစ်လုံးကောင်းပြီး ခေါင်းမခဲဘဲ ဖွံ့ဖြိုးတိုးတက်နေတဲ့ ခေတ်ကြီးထဲမှာ ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေးတွေ နောက်ကျကျန်မနေခဲ့အောင် အဖော် ကောင်းဖြစ်တဲ့ ဆရာမြင့်ရဲ့ စကြာမင်းအမှတ်တံဆိပ် မျက်စိကြည် အကြောပြေဆေးကို ဆောင်ထားပါလို့ သင့်ကျန်းမာရေးအတွက် အကြံပြုပါရစေ'

'ကျေးဇူးပဲ ဆရာကိုဘုန်းဝေရေ၊ ကျန်းမာပျော်ရွှင် ပြည့်စုံ ကောင်းမွန်တဲ့ မိသားစုကမ္ဘာလေးဖြစ်အောင် "စကြာမင်း မျက်စိကြည် အကြောပြေဆေး"ကို ပြေးဝယ်လိုက်ဦးမယ်ဗျာ'

မင်ရင်း-မြန့်ချိုရေး

**စကြာမင်း**

တိုင်းရင်းဆေးတိုက်

အမှတ်-၈/၆၆၆၊ သုဓမ္မာလမ်းမကြီး၊
သန္တာမှတ်တိုင်အနီး၊ မြောက်ဥက္ကလာပမြို့နယ်။
ဖုန်း-၀၁-၆၉၁၀၉၁၊ ၇၂၂၉၄၁

www.burmeseclassic.com

ဘုတလင်မြို့ ကြောင်ပန်းတောရနှင့် ပထမ ကြောင်ပန်းဆရာတော်ကြီး

စင်ဦးငယ်

# အရှင်ဣန္ဒက

၏ ဘဝကောက်ကြောင်းများ (၄)

ယခင်လမှ အဆက်



ပထမ ကြောင်ပန်း ဆရာတော် ဘုရား ပုံတော်

ထိုအခါ ဦးဝီရိယသည် တရားနာ ရင်း **"ဩော် တို့သင်ထားတဲ့ စာတွေ ထဲက တရားတွေပါပဲလား"**ဟု အဘောပေါက်လိုက်သည်။ မူလက ကြည့်ထားသည်များလည်း မေ့ပျောက် ကာ ဆရာတော်ထံ ခွင့်တောင်း၍ ဝိပဿနာရှုရနည်းခံ အားထုတ်ဖြစ် သည်။

လူထွက်၍ နိုင်ငံရေးလုပ်လိုစိတ် သည်း မရှိတော့ပေ။ (၆)လခန့် အကြာ တွင် မန္တလေးသို့ ခေတ္တ ပြန်သွားသည်။ မိတ်ဆွေသူငယ်ချင်းများက **"ကြောင် ပန်းကိုယ်တော်ကြီးက အယူမှားနေ တဲ့ ကိုယ်တော်ကြီး မဟုတ်လား"**ဟု မေးကြရာ ဦးဝီရိယက ကြောင်ပန်း ဆရာတော်ကြီးဟောသည့် တရားများ ကို မှတ်မိသလောက် ပြန်ပြောပြသည်။ မိတ်ဆွေများက ဒီတရား မမှားပါ။ မိတို့ သင်ထားသော စာထဲက တရား များဖြစ်ကြောင်း လက်ခံကြပြီး မသိခင် က ပြောမိဆိုမိတာတွေကို သည်းခံ ခွင့်လွှတ်တော်မူရန် ကြောင်ပန်းဆရာ တော်ကြီးရှိရာသို့ ဦးချ၍ တောင်းပန်ကြ လေသည်။

ထို့နောက် ၁၂၈၆ ခုနှစ်တွင် ကြောင် ပန်းတောရသို့ အပြီးပြောင်းရွှေ့လာ သည်။ ထိုအခါ **ဦးရီးတော်(ဒုတိယ ကြောင်ပန်းဆရာတော်)**က...

"အရှင်ဘုရားတော်ရဲ့ ဘုလဲဖြစ် တပည့်လဲဖြစ်ပါ တယ်။ ဒါ့ကြောင့် အလွန်ကြည်ညိုတယ်ပါတယ်။ ဒီတိုက်နဲ့ မလျော်ပါဘုရား'

ဟု ဆရာတော်ကြီးကို လျှောက်လေ သည်။

ဦးဝီရိယသည် အလွန်စိတ်ကြီးသူ ဖြစ်သည်။ ငယ်စဉ်ကလေးဘဝ ဦးလေး က ကြက်သတ်ခိုင်းရာ မသတ်ဟု ဆို သည်။ "မသတ်ရင် ဟင်းကျက်တဲ့အခါ မစားနဲ့"ဟု မာန်သည်။ ထမင်းဝိုင်းတွင် ကြက်သားဟင်းကို လုံးဝမကိုင် ဦးလေး က "ငါ ကျီစယ်တာပါ"ဟု ဆိုကာ ကြက်သားဟင်း ခပ်ထည့်ပေးသည့် တွင် ထမင်းပန်းကန်ကိုပါ လွှင့်ပစ်လိုက် လေသည်။

ကိုရင်ဘဝ ပန်းသာဆရာတော် (ဒုတိယ ကြောင်ပန်းဆရာတော်)ထံ တွင် စာသင်စဉ် ကျောင်းပေါ် ခွေးတက် သည့်အခါ ဆရာတော်က **"ဟိုခွေးကို မောင်းချကြပါလား"**ဟု ဆိုလျှင်

www.burmeseclassic.com



● လက်ရှိ ကြောင်ပန်း အဓွန့်ဆရာတော် ဦးအာလောက

ရှင်ဝီရိယ မောင်းသည့်အခါ ထိုခွေးသည် မသေသော်မှ မရှုမလှ ဖြစ်ရသဖြင့် ကြိမ်ဒဏ်မပြတ် အပေးခံရ တတ်လေသည်။

ထို့ကြောင့် ဦးရီးတော်က ဆိုခြင်းဖြစ်သည်။ ကြောင်ပန်းဆရာတော်ကြီးက **"တဖြည်းဖြည်း သူဟာသူ ပြင်သွားမှာပါ။ တပည့်တော် မွေးပါ့မယ်"**ဟု ဆို၍ လက်ခံခဲ့သည်။

ဦးဝီရိယ ကြောင်ပန်းတောရ တတိယဆရာတော် ဖြစ်သောအချိန်တွင် မန္တလေး သံဃဝိနိစ္ဆယဌာနသို့ ကြောင်ပန်းဓမ္မကို စစ်ဆေးပေးရန် တိုင်တမ်းမြည်ကြသည်။

ထိုအခါ ဦးဝီရိယနှင့် မဟာဓမ္မိကာရာမတိုက်တွင် စာသင်ဖက်ဖြစ်၍ စိတ်သဘောထားချင်းလည်း တူညီကာ ရင်းနှီးချစ်ခင်ကြသည့် **ဦးပဏ္ဍိတ** (မဟာဓမ္မိကာရာမတိုက် နဝမဆရာတော်)က ဝိနည်းမိုရ်ဌာနသို့ သွားရောက်လျှောက်ထားသည်။

ဝိနည်းမိုရ် ဆရာတော်များအား...

'ကိုယ်တော်တို့ အခု ကြောင်ပန်းဆရာတော် ဖြစ်နေတဲ့ ဦးဝီရိယဆိုတာ တပည့်တော်နဲ့ ကျောင်းနေဖက်ဖြစ်တယ်။ သတ္တိရော ပုဏ္ဏိပါ ဘယ်သူမှ လိုက်မမီဘူး။ စာချတဲ့အခါ ကိုယ်တော်တို့လို စာအုပ်ကိုင်ပြီးချတဲ့ ဘုန်းကြီးမဟုတ်ဘူး။ ကိုယ်တော်တို့ အကုန် အရှုံးကြွလိမ့်မယ်'

ဟူ၍ သတိပေးလျှောက်ထားရာ ထိုအမှုကို ဝိနိစ္ဆယ ရုံးမှ ပယ်ချလိုက်လေသည်။

ထို့ကြောင့် ကြောင်ပန်းတရားနှင့် ပတ်သက်၍ တတိယဆရာတော် လက်ထက်တိုင်အောင် ဝိဝါဒကွဲလွဲကာ ငြင်းခုံနေကြဆဲဖြစ်ကြောင်း တွေ့ရသည်။

သို့ဖြစ်လေရာ ဆရာတော် ဦးဝီရိယသည် ကြောင်ပန်းဆရာတော်ကြီး ဦးဣန္ဒကကိုယ်တိုင် ဟောကြားသည့် တရားကို နာခွင့်မရဘဲ စာအုပ်သာ ကြည့်ရသူတို့ စိတ်တွင် ရှင်းလင်းပြတ်သားစွာ နားလည်နိုင်စေရန်အတွက် သော်လည်းကောင်း၊ ဆရာတော်ကြီး ပြုစုခဲ့သည့် ကျမ်းစာများ ပျောက်ပျက်သွားမည် စိုးရိမ်သောကြောင့်လည်းကောင်း သိဒ္ဓိဝိဟာရက တပည့်ရဟန်းတော်များနှင့် အထပ်ထပ် အဖန်ဖန် စိစစ်ပြင်ဆင်တော်မူကာ ၁၂၈၉ ခုနှစ်၊ တော်သလင်းလပြည့်နေ့တွင် ဝိပဿနာ ခြောက်စောင်တွဲ ကျမ်းကြီးကို စစည်းပုံနှိပ်ခဲ့လေရာ **"ကြောင်ပန်းဝိပဿနာ ခြောက်စောင်တွဲကျမ်း"**ဟူ၍ ထင်ရှားလာခဲ့လေသည်။

## ကြောင်ပန်းကန်တော်ကြီးနှင့် သဘာဝပတ်ဝန်းကျင်

ကြောင်ပန်းတောရ သာသနာ့မြေသည် ဧက(၁၀၀)ခန့် ကျယ်ဝန်း၍ တောရမြေ မြောက်ဘက်ထိပ်တွင် ကန်တော်ကြီး တည်ရှိသည်။

ဆယ့်နှစ်ရာသီ ရေမခန်းသည့် ဆယ်ဧကကျယ် ကြောင်ပန်းကန်တော်ကြီးကြောင့် ဝန်းကျင်ရှိ စိမ့်ရေတွင်းများမှ ရေအလျှံပယ် ရရှိကာ ကန်နံဘေးရှိ သစ်ပင်များလည်း စိုပြည်စိမ်းလန်းစွာ ရှင်သန်နေကြသဖြင့် သဘာဝပတ်ဝန်းကျင် မပျက်စီးစေရန် ထိန်းသိမ်းရာ ရောက်မေသည်။

မိုးခေါင် ရေရှားသော အညာဒေသရာသီဥတုကိုလည်း တစ်စိတ်တစ်ဒေသ ပြုပြင်အားဖြည့်ပေးနိုင်လေသည်။

ရေကန်၏အနောက်တောင်၊ တောရ၏ အနောက်ဘက်တွင် သီလရှင်ကျောင်းကို သီးခြား အရံတံတိုင်းခြားလျက် မြင်တွေ့ရသည်။


ထိုမှ ကျောင်းဝင်း တစ်ပတ် ပတ်၍ လာခဲ့ရာ **လှေကြီးတစ်စင်းပုံ သဏ္ဍာန် အင်္ဂတေရုပ်လုံးကို** တွေ့ရသည်။ **ပဲ့ထိန်းသူ ရုပ်တုလည်း ပါရှိသည်။** လှေနံရံတွင်...

'ယောဂီလှေတူ၊ ဉာဏ်ပဲ့ကူ၊ ထိုးသူဝီရိယ
သံသရာမြစ်ထဲ၊ ကိလေဝဲ၊ ရှောင်လွှဲကြိုး
လိုက်ကြ'

ဟူသော စာတန်း ရေးထွင်းထားသည်။ **ကြောင်ပန်း ဗုဒ္ဓဆရာ**


F.SB. May, 2014.
www.burmeseclassic.com

www.burmeseclassic.com



သတိပေးလေှ

**တော်ကြီးဦးတိဿ ပြုလုပ်သွားသော သတိပေးလေှကြီး ဖြစ်သည်ဆို၏။**

အနီးတွင် ဦးတိဿ သီတင်းသုံးသွားသည့် ကျောင်းကိုလည်း တွေ့ရသည်။ ကျွင်း၏ အလျားရှည်သည်။ ဘီလင်းမြို့ ရွှေရောင်ပြတောရမှ ဘုန်းတော်ကြီး ဦးအုန်းခိုင် သီတင်းသုံးရာ ကျောင်းနှင့် ဆင်ဆင်တူလေသည်။

ဦးတိဿ နွားကျောင်းသားဘဝတွင်ပင် ဆရာတော်ကြီးက ကြန်အင် လက္ခဏာကို ကြည့်ရှုစစ်ဆေးကာ မိဘများထံမှ အလှူခံထားသော ငယ်မွေးဘပည့်ကြီးဖြစ်ကာ လယ်တီဆရာတော်၊ ကြောင်ပန်းဆရာတော်တို့ထံမှ အဆုံးအမ၊ ဩဝါဒများ ခံယူရရှိခဲ့သည်။

ဆရာတော်ဦးတိဿ တရားဟောရာတွင် ဂါထာတစ်ပုဒ်တည်းကို ထိုဂါထာ၏ အကျဉ်းချုပ် မှတ်ဖွယ် ကဗျာတစ်ပုဒ်သာ ဟောကြားသော်လည်း တစ်နာရီခွဲခန့် ကြာတတ်သည်။

ထိုဂါထာ၏ အနက်အဓိပ္ပာယ်ကို နားရိုင်း(လုံးဝ မကြားနားဘူးသူ)များပင် သဘောပေါက်အောင် ဥပမာဥပမေယျများဖြင့် တန်ဆာဆင် ဟောကြားတတ်သည်။

တရားနာပရိသတ်မှာ ငြီးငွေ့ပျင်းရိသည်မရှိ၊ တရားပွဲပြီးသောအခါ နားချလျက် အာသာတန်းလန်းနှင့်သာ ကိုယ်စီ ကျန်ခဲ့သည်ဆို၏။


ကြောင်ပန်းဆရာတော် လက်ထက် အငြင်းပွားခဲ့ကြသော **တုံးနာမ်၊ တိုင်နာမ်ကိစ္စ**ကိုလည်း **သမ္ဘာနိစ္ဆာယကျမ်း**တွင် ကောင်းစွာ ဖြေရှင်းပြသည့် အပြင် ကျမ်းပေါင်းများစွာကိုလည်း ပြုစုခဲ့သည်။

ပထမဆရာတော်ကြီး ကြို့တင်ဟောကြားခဲ့သည့်အတိုင်း ဘုန်းကြီးသည့် ဆရာတော်တစ်ပါး ဖြစ်ခဲ့သည်။ ၁၂၉၈ ခုနှစ်၊ တော်သလင်းလတွင် ကြောင်ပန်းဒုတိယ ဆရာတော် ဦးသုဇာတ ပျံလွန်တော်မူရာ တတိယဆရာတော်ဦးဝီရိယ၊ ပြည်မြို့မှ ကြွလာကာ စျာပနကိစ္စ ဆောင်ရွက်ပေးပြီး ဝါကျွတ်သောအခါ ပြည်မှ ဒကာများ လာပင့်ကြသဖြင့် ဦးတိဿအား စတုတ္ထ ဆရာတော်အဖြစ် လွှဲအပ်ခဲ့သည်။

ဦးတိဿ လက်ထက်တိုင်အောင် လူအများစုသည် ဝိပဿနာတရားနှင့် မယဉ်ပါးကြသေးသဖြင့် ၁၃ဝ၁ ခုနှစ်တွင် ပိုးကုန်းရွာ ဆေးဆရာကြီး ဦးစံကျော်နေအိမ် မဏ္ဍပ်၌ တရားဟောရာ ရွာသားအချို့က အိုးစည်ပုံမောင်းတီး၍ ခဲဖြင့် ဝိုင်းပေါက်သဖြင့် ညတွင်းချင်းပင် ဇီးတောရွာသို့ ပြေးခဲ့ရသည်။

နောင်တွင် ကြောင်ပန်းတရားကို

www.burmeseclassic.com



◆ ဦးတိဋ္ဌာ သီတင်းသုံးခဲ့သောကျောင်း

လူတို့ သဘောပေါက်လာသောအခါ ဦးတိဋ္ဌာက ထိုစဉ်က အဖြစ်ကို ဖေါ်ထပ်ရေးခဲ့သည်။ အဆုံး၌…

'အရပ်လမ်းမှာတော့ မပြတ်တမ်းဟစ်အော်ဗီးတောမြေ ခြေလှင်ပြေးကာမှ ရှေးရင်အေးမေ့မိုက်လိုပျော်။ တွေးမိတိုင်း ဒိတွေပေါ်သည် မာဆေနော် ဆုမွန်ကောင်းကိုလ တောင်းလျက်ပ။ ကာတိုးတုံးရေဖျော် ပိုးကုန်းအဆွေတော်တို့ ခုသွားလို့ နွဲသူပေါ်မယ်၊ ခဲပုဇော် ခံစမ်းချင်လှလေး'

ဟု ရေးစပ်ထားလေသည်။

## အလိုအလျောက် ပေါ်လာသည့် ညောင်ပင်များ

ထို့နောက် ကျောင်းဝင်းအတွင်း အရှေ့ဘက်ရှိ ညောင်(၁၁)ပင်သို့ သွားရောက်လေ့လာသည်။ အရွက်မျက်နှာနှစ်ဖက်စလုံး ချောမွေ့သည့် ဗောဓိညောင်ပင်များ ဖြစ်သည်။ ဆရာတော်က ဤသို့ ပြောပြသည်။

'မတ္တရာနယ် နဂါးမောက်တောင်နားက ရွှေမြင်တင်လိုဏ်ဂူမှာ သီတင်းသုံးနေတုန်း အရှင်ဘုရားတို့ ကျောင်းပန်းတောရမှာ ထွက်ရပ်ပေါက်ပေါ်လိမ့်မယ်။ (၆)လအတွင်း ပေါ်မယ်ဆိုပြီး အိပ်မက် မက်တယ်။ လူသူတော်တစ်ယောက် လာလျှောက်တာပါ။ အဲဒီနှစ် တော်သလင်းလရောက်တော့ ကျောင်းဝင်းအရှေ့ဘက် စိန်ပန်းပင်ကြီးအောက်မှာ ဗောဓိညောင်ပင်ပေါက်ကလေး (၁၁)ပင် ပေါက်လာပါလေရော။ မြေကြီးထဲက အလိုလိုထွက်ပြီး ပေါက်လာတာပါ။ ညောင်ပင်ကလေးတွေ တဖြည်းဖြည်း ကြီးလာတော့ စိန်ပန်းပင်ကြီးက အလိုလို ညှိုးခြောက်ပြီး သေသွားတယ်။

ညောင်ပင်ပေါက်ခါစက ညဆယ်နာရီလောက်ကျရင် လိပ်တစ်ကောင် ရောက်ရောက်လာပြီး ဘုရားဖူးသလို ခေါင်းတညိတ်ညိတ်နဲ့ နာရီဝက်လောက်နေပြီးမှ ပြန်ထွက်သွားတယ်။ လူတွေ လိုက်ကြည့်တော့ အရှေ့အရပ်ကလာပြီး အရှေ့အရပ်ကို ပြန်သွားတာပဲ။

ကြည့်နေရင်း ပျောက်သွားတတ်တယ်။ လူတွေဖမ်းရင် စူးရှကျယ်လောင်တဲ့ အသံနဲ့အော်လို့ ပြန်လွှတ်ပေးရတယ်။ ညတိုင်း ရောက်လာပြီး တစ်လလောက်ကြာတော့ ပျောက်သွားတယ်။ အဲ့ဒီလိပ်ကြီး ဘာကြောင့်လဲဆိုတာတော့ မသိရပါဘူး'

ဟူ၍ ဖြစ်သည်။ ထိုစဉ်က မှတ်တမ်းဓာတ်ပုံများရိုက်ကာ ညောင်ပင်အနီး မဏ္ဍပ်တွင် ချိတ်ဆွဲပြထားခဲ့သည်။

ညောင်(၁၁)ပင် အလိုအလျောက် ပေါက်လာသည် ဆိုသဖြင့် စာနယ်ဇင်းများမှ ရေးသားဖော်ပြကြရာ နက္ခတ်ဗေဒင်မဂ္ဂဇင်းကိုယ်စား ရောက် လေ့လာရေးသားခဲ့ဖူးသည်ကို သတိရမိသည်။ **ယခုအခါ ထိုညောင် (၁၁)ပင်မှာ (၁၅)ပေမျှအထိ မြင့်မား**



www.burmeseclassic.com

www.burmeseclassic.com

**စွာ ရှင်သန်နေသည်ကို မြင်တွေ့ရလေသည်။**

ထို့နောက်တွင် စတုတ္ထဆရာတော် လက်ထက် တည်ဆောက်ပူဇော်ခဲ့သည့် တင်ပျဉ်ခွေရုပ်ပွားတော်ကြီးအား ဝင်ရောက်ဖူးမြော်သည်။

ဂန္ဓကုဋီ တန်ဆောင်းအဝင်ဝတွင် ဆင်ရုပ်နှစ်ရုပ်နှင့်အတူ **"၁၃၁၀ ပြည့်နှစ်၊ ပြည့်လုံးချမ်းသာဘုရားကြီး ဉာဏ်တော်(၁၈)တောင်"** ဟူသော ကမ္ပည်းကို တွေ့ရသည်။


လွတ်လပ်ရေးရပြီးခါစ တိုင်းပြည်မငြိမ်မသက်ဖြစ်နေရာ ပြည်သူအပေါင်း ချမ်းသာရာရစေကြောင်း ရည်ညွှန်းတည် လုပ်ပူဇော်ခြင်းဖြစ်ကြောင်း သိရသည်။

ထို့ကြောင့် တင်ပျဉ်ခွေရုပ်ပွားတော်ကြီး၏ ဉာဏ်တော်အမြင့်ကို ပါပနဝင်းဆောင် (၁၈)တောင် ထားရှိပူဇော်ခဲ့သည်။

ပါပသဘောကား လျင်မြန်ခြင်း၊ ပျက်စီးပြောင်းလဲခြင်းဖြစ်ရာ အင်္ဂလိပ်အစိုးရ၏ ဆိုးမွေများ ပျောက်ပျက်စေရန် ရည်ရွယ်ခြင်း ဖြစ်သည်။

ဤရုပ်ပွားတော်ကို စတုတ္ထဆရာတော်ဦးတိက္ခာ လက်ထက်၌ တည်ဆောက် ပူဇော်သော်လည်း ဆရာတော်ကိုယ်တိုင် ဦးဆောင်ပါဝင်မှု ရှိမရှိကိုမူ မသိရှိရချေ။ ဆရာတော်ဦးတိက္ခာသည် မျိုးချစ်စိတ်ကား ထက်သန်သူဖြစ်သည်။

၁၉၃၂ ခုနှစ်က တတိယဆရာတော် ဦးဝိရိယ သီတင်းသုံးတော်မူသည့် ပြည်ခရိုင်၊ ပေါင်းတည်မြို့နယ်၊ အုန်းသုံးပင်ရွာသို့ ကြွရောက်စဉ် အင်းကြီးရွာမှ တရားဟောပင့်သဖြင့် **"အနန္တလက်နက်ကြီး"** ဟူသော ခေါင်းစဉ်ဖြင့် တရားဟောရသည်။



ဆရာတော်များ၏ ကျမ်းများကို ကျောက်စာထွင်းထားရှိသည့် ကျောက်စာတိုက်

ထိုစဉ်က သာယာဝတီနယ်တွင် ဆရာစံ ခေါင်းဆောင်သော တောင်သူလယ်သမားသူပုန်များက ညအခါ ကုလားစစ်တပ်များ အတွင်းဝင်၍ ဓားဖြင့် တိုက်ခိုက်သဖြင့် အတုံးအရုံး ကျဆုံးနေချိန်ဖြစ်သည်။ အလစ်အငိုက်မိ၍ ဒုတ်တုတ်ခံကြရသည်။

ဆရာတော်က **"အနိစ္စဟူသော လက်နက်ကြီးသည် ရုပ်၊ နာမ်၊ ဓမ္မ၊ သင်္ခါရတရားတွေကို ဖြုတ်နဲ့ ကာချလိုမို့ မလှုပ်သာ ဒုတ်တုတ်သာ ခံကြရပါတော့သည်"** ဟု ဟောကြား၏။ ထို့ကြောင့် "မှတ်တိုင်" ရွာဂတ်တဲတွင် ညတွင်းချင်း ဖမ်းဆီးခံရကာ တစ်ညကျိန်းခဲ့ရလေသည်။

ဦးတိက္ခာသည် ဝိပဿနာကမ္မဋ္ဌာနာစရိယဆရာတော် ဖြစ်သော်လည်း လမ်းတိုက်ကို မလိုက်ကြောင်း **သူ၏ ဟောပုံကျမ်းတတိယပွဲ ကျမ်းပြီးနိဂုံး၌...**

'ဟောပုံကျမ်းပြု ကောင်းမှုကံတွေ အကြောင်းတစ်ခု တောင်းဆုပန်ရွေ ပညာဓိက မရမနေ ကသစ်ပန်း ဆွတ်လှမ်းနိုင်ရစေ'

ဟူ၍ ဗောဓိကသစ်ပင်ရင်း၌ ပညာဓိကဘုရားအဖြစ် သဗ္ဗညုတ ရွှေဉာဏ်တော် ရလိုကြောင်း ဆုတောင်းထားလေသည်။ **ဘုရားဆုပန်ပုဂ္ဂိုလ် ဖြစ်လေသည်။**

## ကျောင်းပန်းပထမဆရာတော်ကြီး၏ တုံးနာမ် တိုင်နာမ်တရား

ထို့နောက်တွင် စေတီအနီးရှိ ဆရာတော်များ၏ ကျမ်းအချို့ ကမ္ပည်းတင်ထားသော ကျောက်စာတိုက်အတွင်း လှည့်လည်ကြည့်ရှုပြီးနောက် လက်ရှိဆရာတော်၏ကျောင်းသို့ ပြန်လာခဲ့ကြသည်။

ဆရာတော်က ရေနွေးကြမ်း၊ ငှက်ပျောသီး စားဖွယ်များ ညှော်ခံ စွန့်လှူ၍ စကားစမြည် ပြောဆိုတော်မူသည်။

'ဆရာတော်ကြီးရဲ့ တုံးနာမ် တိုင်နာမ်နဲ့ ပတ်သက်ပြီး ဆရာတော်ကြီး ပြုစုခဲ့တဲ့ ခြောက်စောင်တွဲကျမ်းမှာ ဖတ်ကြည့်တော့လဲ သိပ်မရှင်းလင်းသေးပါဘုရား'

**ရွှေလ ဆက်ဖတ်ပါရန်**

**ဇင်ညိုငယ်**



www.burmeseclassic.com

www.burmeseclassic.com



● မြင်းခြံမြို့နယ်၊ တောင်ရှေ့ရွာ ဦးပြေအေးနေအိမ်မှ အုန်းမှုတ်ကွမ်းအစ်ခေါ် အုန်းကွမ်းတောင်များ

အိမ်သာယာ၍ စီးပွားတက်စေသည့်

ထက်မြင့်ကျော်စွာ

# အုန်းကွမ်းအစ်အဆောင်

**မြင်းခြံမြို့နယ် နန်းမြင့်တောင်ခေါ် နွားပြင်းတောင်၊ ဓမ္မဝိဟာရ ရွှေကုန်းပေါ် သာသနာမြေ၏ ဂေါပက အဖွဲ့ဝင်တစ်ဦးဖြစ်သော ဦးပြေအေးအား** သူနေထိုင်ရာ **တောင်ရှေ့**ကျေးရွာ နေအိမ်သို့ သွားရောက်တွေ့ဆုံမေးမြန်းစဉ် စားပွဲပေါ်မှ အုန်းမှုတ်ဖြင့် ပြုလုပ်ထားသော ဆွမ်းအုပ်ပုံစံကို တွေ့ရသဖြင့် မေးမြန်းကြည့်သည်။

'ကွမ်းအစ်ပါ။ ရှေးတုန်းကတော့ "ကွမ်းတောင်"ခေါ်ကြတယ်။ ကွမ်းတောင်ဆိုတာ ရွာမှာ အလှူပွဲလယ်ရှိရင် တော်တန်ရုံ လုံမပြီက ကိုင်ခွင့်ရတာ မဟုတ်ဘူး။ ရပ်ရွာကလေးက သနရုပ်ပ ရှိရုံတင်မက အလှူရှင်နဲ့လဲ ရင်းနှီးမှ "ကွမ်းတောင်ကိုင်"ဖြစ်ရတာ။ မြန်မာ့ထုံးစံလေ့မှာ အလေးအမြတ်ထားတဲ့ ပစ္စည်းပေါ့ဗျာ။

ကွမ်းတောင်က ပွင့်လို့ရအောင် အောက်ပိုင်း ရည်ရည်ကလေး ရှိတယ်။ အခုဟာက အိမ်မှာ ညှပ်ခံတဲ့ ကွမ်းအစ်မို့ အောက်ပိုင်းကို နှိမ့်ထားတာပါ'

ဟူ၍ ရှင်းပြသည်။

ရှေးက ကွမ်းတောင်ကို ကြိမ်ဝါးတို့ဖြင့် ရက်လုပ်သော ဒေါင်းရွှေထည်အဖြစ် လည်းကောင်း၊ သစ်စေးသရိုးကိုင် ယွန်းထည်အဖြစ် လည်းကောင်း ပြုလုပ် သုံးစွဲလေ့ရှိကြသည်။ အုန်းဖြင့်ပြုလုပ်သော ကွမ်းတောင်၊ ကွမ်းအစ်ကို ဤတစ်ကြိမ်သာ တွေ့ဖူးခြင်း ဖြစ်သည်။

အုန်း၊ ထန်း၊ ပေ၊ ကွမ်းတို့သည် ပင်စည်ထီးတည်း ဝေဟင်လွင့်လွင့် တက်ကာ အစုအပြွတ်လိုက် သီးနိုင်များက ဝေဝေဆာဆာ ရှိကြသဖြင့် အိမ်ဂေဟာရှေ့၌ စိုက်ပျိုးထားခြင်းဖြင့် ပဒေသာပင်အဖြစ် နိမိတ်ကောင်းဆောင်သည်ဟု ယုံကြည်ကြသည်။

ယင်းတို့အနက် "**ပေ**"မှာ အနည်း

www.burmeseclassic.com

ငယ်ရှားပါး၍ **"အရွက်"**ကို စာများ ရေးသား မှတ်တမ်းပြုရာ၌ သုံးကြသည်။ အသက်ရှည်၍ အသီး သီးခဲသည်။ ပွင့်သီးပြီးသောအခါ ပေပင်မှာ သေဆုံးသွားသဖြင့် ပေသီး၊ ပေရည်၊ ပေထန်းလျက်မှာ စားသုံးမှု နည်းပါးလှသည်။

ထန်းမှာကား အပင်ပေါက်မှအစ အရွက်များအထိ အသုံးပြုကြသည်။ ထန်းသီး၊ ထန်းလျက်ကိုလည်း လှိုင်လှိုင် စားသုံးကြသည်။ သို့သော် **"တော်"မဝင်ပေ။**

ဆိုလိုသည်ကား မြတ်စွာဘုရား၊ သံဃာတော်များ၊ သက်ကြီးဝါကြီး လူကြီးသူမများနှင့် ပညာသင်ပေးသည့် အာစရိယဆရာတို့အား ပူဇော်ဂါရဝပြုရာတွင် အုန်းနှင့် ကွမ်းတို့သည် ကန်တော့ပွဲတွင် အလေးအနက်ထား၍ ထည့်သွင်းလေ့ရှိကြသဖြင့် အုန်းနှင့်ကွမ်းမှာ တော်ဝင် အထွတ်အမြတ် ပစ္စည်းများ ဖြစ်ကြလေသည်။

တော်ဝင်အမြတ်ပြုကာ အုန်းနှင့်ကွမ်းကို ပေါင်းစပ်ခြင်းသရုပ် ဖြစ်သော ဤအုန်းမှုတ်ကွမ်းတောင်၊ ကွမ်းအစ်သည်ကား ဝဂ္ဂုတ္တမ မြတ်သော အစု ဖြစ်နေပေသည်။

ကွမ်းအစ်ကား မြန်မာ့ယဉ်ကျေးမှုတွင် ညှော်ခံပစ္စည်း ဖြစ်သည်။ အိမ်သို့ရောက်လာသည့် ဧည့်သည်အား ကွမ်း၊ ဆေး၊ လက်ဖက် တည်ခင်းရသည်မှာ မြန်မာ့လောကဝတ်ဖြစ်သည်။ အိမ်သာမှ ဧည့်လာသည် ဖြစ်လေရာ **"ကွမ်းညှပ်ထက်လျှင် စီးပွားတက်သည်"**ဟု ဆိုရိုးပြုကြသည်။

ကွမ်းညှပ်သည် ကွမ်းသီးညှပ်ဖန်များသဖြင့် ပြောင်လက်နေခြင်းကို ဆိုလိုသည်။ ကွမ်းညှပ်လက်လျှင် စီးပွားတက်သည်ဟုလည်း ဆိုနိုင်သည်။ ကွမ်းညှပ်အသွား ပြောင်လက်နေခြင်းသည် ဧည့်သည်များပြားခြင်း သင်္ကေတ ဖြစ်သည်။

အိမ်သာ၍ ဧည့်လာများရသည်။ အိမ်တွင် စားဝတ်နေရေး ပြည့်စုံကာ ငွေကြေးဥစ္စာ စီးပွားဓနများ တိုးပွားခြင်း၊ အိမ်တွင်းရေး ပဋိပက္ခသောက ကင်းရှင်းခြင်း၊ ဇနီးမောင်နှံမိသားစု စည်းလုံးသင့်မြတ်ခြင်း စသည်ဖြင့် အိမ်သာယာမှ ဧည့်လာများပေမည်။

**ဤသို့သော အကြောင်းများကြောင့် ပြောင်လက်နေသော အုန်း(မှုတ်)ကွမ်းအစ်သည် နေအိမ်သာယာ၍ သုခ ပြည့်ဝခြင်းအတွက် နိမိတ်ကောင်းလှသော အိမ်အဆင်တန်ဆာပစ္စည်း ဖြစ်လေသည်။**


အရွယ်ကြီး၍ ဝန်းဝိုင်းသော အုန်းမှုတ်ကို "ဝမ်း"ပြုလုပ်၍ အရွယ်ငယ်သော အုန်းမှုတ်များ စီထပ်ကာ အောက်ခံနှင့် အထက်အဖုံးများ ပြုလုပ်ထားလေသည်။ မူလီတိုင် သို့မဟုတ် သစ်သားအူတိုင်ဖြင့် ထိန်းကွပ်ထားသည်။

အိမ်တွင်းရေး သာယာ၍ စီးပွားလာဘ်လာဘ တိုးတက်စေရန် အဆောင်ပြု တန်ဆာဆင်နိုင်သဖြင့် မှတ်တမ်းပြု ဖော်ပြလိုက်ပါသည်။

**ထက်မင်းကျော်စွာ**

# ခြများကို

## ရွှေ့ပြောင်းစေလိုလျှင် စတိတစ်နည်း



ခြသတ္တဝါများသည် လူကို ဒုက္ခအပေးဆုံး သတ္တဝါများတွင် နံပါတ်စဉ်ရှေ့မှာ ရှိပါသည်။ သူ့နာမည်ကိုက "ခြ"ဆိုမှတော့ သူကချည်း နိုင်ပါသည်။ လူ့အသုံးအဆောင်များဖြစ်သော နေအိမ်အဆောက်အအုံ အသုံးအဆောင် ပရိဘောဂ၊ စာရွက်စာတမ်း အဝတ်အစား စသည်တို့ကို နေ့မနား ညမနား စားသုံး ဖျက်ဆီးနိုင်သော သတ္တဝါများ ဖြစ်ပါသည်။

နည်းမျိုးစုံဖြင့် နှိမ်နင်းကြသော်ထည်း ယခုတိုင် မြို့လယ်ကောင်မှာပင် တွေ့ရှိနေရပါသေးသည်။

လူသားတို့အား ဒုက္ခပေးလှသည့် အနီး ခြသတ္တဝါများကို သတ်ဖြတ်ခြင်းမျှော ဘဲ လွတ်ရာကျွတ်ရာသို့ ရွှေ့ပြောင်းဆောင်သည့် အောက်ပါ ဂမ္ဘီရဆန်ဆန် ဆောင်ရွက်နည်းလေးကို မျှဝေ ရေးသားပေး လိုက်ပါသည်။

**နည်းလေးကတော့...**

နံနက်(၅)နာရီ သို့မဟုတ် ညနေ(၅)နာရီအချိန်မှာ ဆန်လက်တစ်ဆုပ် ယူ၍ ခြတက်နေသောနေရာတွင် ပုံပြီး နှုတ်မှ...

'အသင် နဂါးမင်းကြီး မြင်းနှင့် အပေါင်းပါတို့အား ဤနေရာမှ(အဆောက်အအုံ)မှ အခြား လွတ်ရာကျွတ်ရာနေရာသို့ ပြောင်းရွှေ့ပေးပါ။ အသင်တို့ ပြောင်းရွှေ့ပေးဖို့ကိုလဲ ရိက္ခာ အပြည့်အစုံ ထည့်ပေးပါသည်'

ဟု နှုတ်မှ ပြောဆိုပေးရပါမည်။

ဤနည်းဖြင့် သုံးရက်ဆက်တိုက် ပြုလုပ်ပေးပါက မကြာမီ ခြအုံမှ ခြများသည် ရွှေ့ပြောင်းသွားပါလိမ့်မည်။ နေအိမ်အောက်မှာ တောင်ပို့ပေါက်ခြင်းကိုလည်း ပြုလုပ်နိုင်ပါသည်။

ဤနည်းလေးကို ပြောပြပေးသော **မနှင်းအေး (ဗဟိုဈေးကြီး၊ တောင်ငူ)**သည် သူကိုယ်တိုင် လက်တွေ့ပြုလုပ် အဆင်ပြေသွားသဖြင့် အခြား ခင်မင်သူများကိုလည်း ပြောပြ၍ ပြုလုပ်ရာ အဆင်ပြေကြကြောင်း ပြန်လည်ပြောကြားကြပါသည်။

ဤစာစုအတွက် မနှင်းအေးကို အထူးပင် ကျေးဇူးတင်ရှိပါကြောင်း မှတ်တမ်းတင်အပ်ပါသည်။

***ခြကောင်ရန်ဘေး ကင်းဝေးကြပါစေ***

**စေနွာမိုး (တောင်ငူ)**



www.burmeseclassic.com

www.burmeseclassic.com

# ကျန်းမာပါစေဆေးတိုက်မှဖြန့်မာဆေးစွမ်းကောင်းများ ထုတ်လုပ်ဖြန့်ချီလျက်ရှိပါသည်။

ဆရာကြီး ဦးဝင်းလေး ၊ ဆရာမကြီး ဒေါ်လှသိန်းနှင့် သားဆရာ ဦးသီဟတို့က နှစ်(၃၀)ကျော် ကုသ အောင်မြင်ခဲ့သောဆေးများကို ရောဂါဝေဒနာရှင်များ တောင်းဆိုချက်အရ ထုတ်လုပ် ဖြန့်ချိလိုက်ခြင်းဖြစ်ပါကြောင်း။



ဆီး ၊ ဝမ်း ၊ လေ မှန်ပြီး အကြောများပြေစေဖို့အတွက်

**ဆရာကြီး ဦးဝင်းလေး ၏ ကျန်းမာပါစေ အကြောပြေဆေး**

အမှတ်တံဆိပ် မှတ်ပုံတင် TMR 011801(1215)

အကြောတက်ခြင်း၊သွေးကြောလေကြောပိတ်ခြင်း၊မျက်စိရောဂါ၊အတွင်းတိမ်၊ အပြင်တိမ်၊စအိုနာ၊ဆီးဝမ်းလေချုပ်ရောဂါများအတွက်၊ဝမ်းတွင်းရှိအပူအပုပ် အညစ်ကို ယူထုတ်ပစ်သလိုကင်းစေပြီး၊သွက်လက်ပေါ့ပါးကျန်းမာစေပါသည်။



နေပူ ၊ မီးပူ ၊ ရင်တွင်းသောကအပူ မှန်သမျှ ငြိမ်းစေမည့်

**ဆရာကြီး ဦးဝင်းလေး ၏ ကျန်းမာပါစေ အပူငြိမ်းသွေးဆေး**

အမှတ်တံဆိပ် မှတ်ပုံတင် TMR 011800(1215)

နှလုံးတုန်၊ရင်ခုန်မောပန်းခြင်း၊မူးဝေခြင်း၊အိပ်မပျော်ခြင်း၊မီးယပ်သွေးမမှန်ခြင်း၊ သွေးသားမကြည်လင်ခြင်း၊အသားအရေခြောက်သွေ့ခြင်းတို့ကို သက်သာပျောက် ကင်းစေပါသည်။

ကိုယ်ခန္ဓာအတွင်း ငုပ်လျှောင်နေသည့် အဆိုးအကင်းမှန်သမျှ ပွင့်စေမည့်

**ဆရာကြီး ဦးဝင်းလေး ၏ ကျန်းမာပါစေ အဆိုးပွင့်ဆေး**

အမှတ်တံဆိပ် မှတ်ပုံတင် TMR 011825(1215)



ကိုယ်၊လက်၊ခြေကိုက်ခဲခြင်း၊ချွေးငုပ်ခြင်း၊ခေါင်းကိုက်ခြင်း၊ခေါင်းအုံခြင်း၊ အနာရောဂါအမျိုးမျိုးတို့အတွက် ငန်းမန်းတို့ကို သက်သာပျောက်ကင်းစေခြင်းနှင့် အများရောဂါများကို သက်သာပျောက်ကင်းစေပါသည်။



ထုံကျဉ်ကိုက်ခဲလေးဖက်နာ နှင့် လေငန်းလေဖြတ်ရောဂါရှင်များအားထားရတဲ့

**ဆရာကြီး ဦးဝင်းလေး ၏ ကျန်းမာပါစေ အကြောလိမ်းဆေး**

အမှတ်တံဆိပ် မှတ်ပုံတင် TMR 011826(1215)

အကြောတင်ခြင်း၊အကြောကပ်ခြင်း၊အကြောထုံခြင်း၊အကြောရောင်ခြင်း၊ အဆစ်အမျက်ရောင်ခြင်း၊ထုံကျဉ်ကိုက်ခဲ၍လေးဖက်နာဖြစ်ခြင်း၊မေးရွဲ့ပါးရွဲ့ခြင်း၊ ခြေကပ်လက်ကပ်ခြင်းနှင့် လေငန်းရောဂါ တို့ကို သက်သာပျောက်ကင်းစေပါသည်။

# ကျန်းမာပါစေ

**တိုင်းရင်းဆေးဝါးထုတ်လုပ်ရေးလုပ်ငန်းနှင့်ဆေးကုဌာန**

အမှတ်(၈၂)ဒေသလမ်း၊(၁၀)ရပ်ကွက်၊တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့

ဖုန်း- ၀၉ ၇၃၀၈၅၄၄၀၊ ၀၉ ၇၃၀ ၂၉၃၀၊ ၀၉ ၄၂၀၀၆၆၃၉၈



www.burmeseclassic.com

စင်ဒိုင်ယ

မြတ်သမဏတို့ စံပျော်မြိန်းသည့်

# ထုံးတောင်ဧပြွ သာစခန်းဆီသို့ (၃)

## ယခင်လမှ အဆက်

တောအရပ်ဒေသ ဖြစ်သော်လည်း ကျွန်းလုံးတိုင်ကြီးများနှင့် ပျဉ်ထောင်ကျောင်းကြီးဖြစ်ကာ နှစ်ပေါင်း(၆၀) ကျော်သည့်တိုင် ခိုင်ခံ့ဆဲပင်။ လွတ်လပ်ရေးရပြီးခါစ မြန်မာနိုင်ငံ၏ သပ်ဒါတ ပေါ်များကြွယ်ဝမှု ပြယုဂ်ဖြစ်သည်။

'ဒကာလေး ကျောင်းပေါ်တက်ပြီး အစားစရာတွေ ယူချေ'

'ဘာယူရမှာလဲ ဘုရား၊ သစ်သီး တွေက အများကြီးပဲ'

'ငှက်ပျောသီး၊ ပန်းသီး ကြိုက်ရာ ယူတာ များများယူခဲ့ဟေ့။ ဒကာတို့ အားလုံးမှာလဲ စားလို့ရတာပေါ့'

ဆိုင်ကယ်အငှားသမား သူငယ်ချင်း တောခေါင်ခေါင်တွင် များပြားလှ သော လှူဖွယ်သီးနှံများကို တွေ့ရသည့် အတွက် အံ့ဩနေသည်။ သူက...

'လူတွေက ဆရာတော်ကြီးကို ကြည်ညိုလို့ တကူးတက လာလှူထား တာ။ ကျွန်တော်တို့က ဘာမှ မလှူဘဲ အချိုကသား စားရမှာ အားနာစရာ ကြီးပဲ'

ဟု၍ တီးတိုးပြောသော်လည်း ငှက်ပျောတစ်ဖီးနှင့် ပန်းသီး (ခါးပုံစ) အပြိုက်စာမျှ ယူဆောင်လာလေ သည်။

ထို့နောက် ဆရာတော် ဦးတေဇနိယ သီတင်းသုံးခဲ့သည့် ကျောင်းဆောင်ကို ဖူးသည်။ အနံကျဉ်း၍ အလျားရှည် သော ခြင့်ပျဉ်ထောင်ကျောင်း



▲ ဆရာတော် ဦးတေဇနိယ ပံ့လွန်း၍ (၇)ရက်အကြာတွင် ရိုက်ကူးထားသည့် ပုံတော်


ဖြစ်သည်။ ဆရာတော် ရှိစဉ်က အောက်ခြေသုံးဖက် ကဲလားချထား၍ ဥပုသ်နေ့တွင် ကဲလားများ ဖွင့်တင် ကာ ဒကာ ဒကာမများ ကဲလားအရိပ် အောက် နေရာယူလျက် သီလပေး၊ တရားပြသည်။

ထို့နောက် သစ်ပင်ရိပ်များတွင် အားထုတ်စေကာ ကဲလားကို ပြန်ချ ထားလေ့ရှိကြောင်း သိရသည်။ ယခု အခါ အောက်ခြေကို အုတ်ပတ်ကာ စီထားလေသည်။ အနံကျဉ်း၍ အလျား ရှည်သော ပျဉ်ထောင်ကျောင်း မှသာ



www.burmeseclassic.com

www.burmeseclassic.com



◆ လက်ရှိထုံးတောင်ဆရာတော် ဦးကုမာရ

ပုံစံမှာ ဘီးလင်း ရွှေရောင်ပြတောရမှ ဘုန်းတော်ကြီး ဦးအုန်းခိုင် သီတင်းသုံးခဲ့သည့် ကျောင်းနှင့် သဏ္ဌာန်တူလေသည်။

ထိုမှ မြောက်ဘက်တွင် အမိုးတန်ဆောင်းအတွင်း ပဉ္စဝဂ္ဂီငါးဦးနှင့် ဓမ္မစကြာမုဒြာ ရုပ်ပွားတော်တစ်ဆူ ဖူးမြင်ရသည်။ ရန်ကုန်မြို့ ဒေါ်ယုတင် မိသားစုကောင်းမှုဟု သိရသည်။

ထိုမှ အင်္ဂတေလမ်းကလေးအတိုင်း လျှောက်ခဲ့ကြရာ ဇလီကာကျောင်းဆောင်တစ်ဆောင် တွေ့ရှိရသည်။ ဆရာတော် ဦးကုမာရ ထုံးတောင်တောရသို့ စတင် ရောက်ရှိစဉ်က သီတင်းသုံးခဲ့သော ဝါးထရံ ဇလီကာကျောင်း ဖြစ်သည်ဆို၏။ စတင် သီတင်းသုံးစဉ်က ကျောင်းပုံကို ဓာတ်ပုံရိုက်ကူးထားသဖြင့် မှတ်တမ်းပြု ဖော်ပြလိုက်ပါသည်။

ယင်းမှ ရှေ့၌ နဂါးရုံရုပ်ပွားတော် တန်ဆောင်းရှိသည်။ ၁၃၁၆ ခုနှစ်တွင် ကျောက္ကာရွာ ဦးစံရှား၊ ဒေါ်အေးညွန့် လှူဒါန်း၍ တောင်တွင်းကြီးမြို့ ဦးပေါက်စီ၊ ဒေါ်ဝင်းကြည်တို့ ထပ်မံပြုပြင်ကြောင်း မှတ်တမ်းရှိသည်။

နဂါးရုံတန်ဆောင်း အနီးတွင် ဦးတေဇနိယ ဦးဆောင်ပူဇော်သည့် မှန်တံကဲနှင့် အလယ်တွင် မတ်ရပ်တော်တစ်ဆူကို ဖူးမြင်ရသည်။

တောတန်းကလေးတစ်ခု အလွန်တွင် ဒုက္ကရစရိယာ ကျင့်တော်မူပုံကို သစ်ပင်ရင်း၌ သဘာဝကျစွာ ဖူးတွေ့ရသည်။ ဦးကုမာရလက်ထက် ကောင်းမှုဖြစ်သည်ဆို၏။ တောင်စောင်းကလေးတစ်ခုတွင် တစ်ပါးကျောင်းတစ်ဆောင် ဆောက်လုပ်ထားသည်။

ဆရာတော် ဦးကုမာရသည် တောရအတွင်း သာသနိက အဆောက်အအုံများ လှူဒါန်းမှုကို လက်ခံသော်လည်း ကိုယ်တိုင်ကမူ နှစ်ထပ်ကျောင်းအောက် အစွန်ဘက် အခန်းကလေး၌သာ သီတင်းသုံး၍ ပက်လက်ကုလားထိုင် တစ်လုံးမှလွဲ၍ ပရိဘောဂပစ္စည်း မတွေ့ရပါ။

ကျောင်းဆောင်ကြီးများ၊ တစ်ပါးစာ ကမ္မဋ္ဌာန်းကျောင်းများကို အာဂန္တုရဟန်းများ၊ သက်ကြီးဝါကြီးရဟန်းများ ကြွရောက်လာလျှင် သီတင်းသုံးနိုင်ရန် ထားရှိသည်ဟု သိရသည်။

အင်္ဂတေလမ်းအဆုံးတွင် တောင်ထွတ်တစ်ခု အထက်၌ **ကျိုက်ထီးရိုးကလေးစေတီတစ်ဆူ** ကိန်းဝပ်တော်မူသည်။ "၁၃၃၃ ခုနှစ်၊ ငမင်းရွာ ဒေါ်သိုင်းကောင်းမှု" ကမ္ပည်းကို တွေ့ရသည်။

"ဒီဒါယိကာမကြီးက မုဆိုးမ ဟိုခေတ်အခါက မုဆိုးမတောင် ...တည်နိုင်တယ်။

www.burmeseclassic.com

မြို့ကြီးပြကြီးက မဟုတ်ဘူးနော်၊ ဇနပုဒ်လို့ ဆိုနိုင်တဲ့ ယင်ရွာကလေးက မှဆိုးမပါ'

ဦးပဋ္ဌင်းက မိန့်ကြားတော်မူသည်။

ဆရာတော် ဦးတေဇနိယသည် ဆွမ်းကိစ္စပြီးလျှင် **ဤစေတီအောက်ရှိ တူးထားသော ဥမင်လိုဏ်အတွင်း ဝင်ရောက်၍** တရားရှုမှတ်ကာ ညချမ်းအချိန်မှ ပြန်ထွက်လေ့ရှိသည်။

နောင်တွင် ဒါယကာ ပရိသတ်များပြားလာသောအခါ သီလပေး တရားဟောပြီးသည်နှင့် ဤလိုဏ်အတွင်း၌ သီတင်းသုံးလျက် ပရိသတ်ရှောင်လေ့ရှိကြောင်း သိရ၏။ **လိုဏ်ဂူကလေးမှာ ယခုအခါ ပြိုပျက်သွားပြီဖြစ်သည်။**

ကျိုက်ထီးရိုးကလေး ကုန်းတော်မှ ရွှေဘုံတောင်စေတီသို့ ဦးတည်သော အင်္ဂတေလမ်းအတိုင်း ဆက်လျှောက်ကြရာ ကုန်းမြင့်တစ်နေရာသို့ ညွှန်ပြ၍

'ဆရာတော် ဦးတေဇနိယ ပျံလွန်တော်မူတော့ ဒီနေရာမှာ မီးသင်္ဂြိုဟ်ခဲ့တယ်။ အခုအချိန်အထိ (၅၄)နှစ်ရှိပြီ၊ သစ်ကြီးဝါးကြီး မပေါက်တော့ဘူး'

ဟု မိန့်ကြားသည်။

သစ်ကြီးဝါးကြီး မပေါက်သော်လည်း မြက်ပင်ချုံပင် လွှမ်းမိုးသော တောင် ထိပ်နေရာ ဖြစ်လေရာ ဓာတ်ပုံရိုက်ခွင့် မသာခဲ့ပေ။

ထို့နောက် တောင်စွယ်အစွန်းတစ်ခုပေါ်၌ **မဟာဝိဇယစေတီတော်ကို** ဖူးမြင်ရ၏။ ၁၃၁၇ ခုနှစ်တွင် ချိုင်းရွာမှ ဦးလွင်ကြီး၊ ဒေါ်ဖွားခင် သားမြေးများ လှူဒါန်းပူဇော်ခြင်းဖြစ်ကာ အတွင်း၌ ကင်းပျဉ်ခွေ ရုပ်ပွားတော်တစ်ဆူ ဖူးတွေ့ရသည်။

မဟာဝိဇယစေတီ ကုန်းတော်မှ အရှေ့ယွန်းယွန်း အဝေးဆီတွင် တောင်ညိုညိုကလေးကို လှမ်းမြင်ရကာ ထိုတောင်၏ အခြေတွင် နေပြည်တော် တည်ရှိကြောင်း ဦးပဋ္ဌင်းက ပြောပြလေသည်။




◆ ထုံးတောင်တောရမုခ်ဦး

ရှေ့ဆက်သော် ရွှာဘုံတောင်စေတီ ခြေရင်းသို့ ရောက်ရှိ၍ ကျောင်းဆောင်များဆီသို့ ပြန်လှည့်လာကြသည်။

ရွှာဘုံတောင်စေတီအခြေ အရှေ့ဘက်ကုန်းစောင်းတွင် တစ်ပါးစာ ကမ္မဋ္ဌာန်း အုတ်ဆောင်ကလေးများ အစီအရီ မြင်တွေ့ရကာ အထက်တောင်ကုန်းတွင် ကရဝိက်ငှက်နှင့် စေတီငယ်ကို ပူဇော်ထားသည်။

'ကရဝိက်နဲ့ စေတီဟာလဲ မုဆိုးမ ဘုရားပဲ။ ၁၃၁၇ ခုနှစ်မှာ ယင်ရွာ ဒေါ်မိုးရှင် မိသားစု ကုသိုလ်ပြုခဲ့တာပါ။ ကမ္မဋ္ဌာန်းအုတ်တိုက်ဆောင်တွေလဲ ဒီလိုပဲ ယင်ရွာ ဒေါ်ဖွားခင် မိသားစုက ၁၃၂၀ ခုနှစ်မှာ လှူထားတယ်။ ၁၃၃၉ ခုနှစ်မှာ တစ်ခါ ထပ်ပြင်ပေမယ့် အခုတော့ အသုံးပြုလို့ မရတော့ပါဘူး။ ပြိုပျက်နေပါပြီ။ တိုလီမိုစကလေးတွေ သိုလှောင်တဲ့ စတိုအဖြစ်တော့ သုံးနိုင်ပါသေးတယ်'

ဦးခေမ္မပိယက ကမ္မဋ္ဌာန်းတိုက်ဆောင်

www.burmeseclassic.com

၏ မျက်နှာချင်းဆိုင် သစ်ပင်အား ညွှန်ပြသဖြင့် ကြည့်လိုက်ရာ အကိုင်းချင်း ကျိုးပေါင်းတက်၍ ဆက်စပ်နေသော သစ်ကွင်းကို တွေ့ရသည်။

ဆရာတော်ဦးတေဇနိယ လက်ထက်ကပင် ရှိခဲ့သော သစ်ကွင်း ဖြစ်သည်။ ထုံးတောင်တောရ ကျောင်းဆောင်များ စုဝေးရာ လွင်ပြင်အဝင်ဝတွင် မြင်တွေ့ရသဖြင့် တောရမြေသို့ ရောက်လာသူတိုင်းအတွက် ဘေးအန္တရာယ်ရန်အသွယ်သွယ် ကင်းကွာစေကြောင်း နိမိတ်ကောင်း ဆောင်သည့် သစ်ကွင်း ဖြစ်လေသည်။

ထို့နောက် နှစ်ထပ်တိုက်ကျောင်း အနီးသို့ ရောက်ရှိသည်။ ဆရာတော် ဦးကုမာရ သီတင်းသုံးရာကျောင်းဖြစ်သည်။

'ထုံးတောင်တောရ ရောက်လာမှတော့ ဆရာတော် ဦးကုမာရ ပုံတော်ကို ဓာတ်ပုံရိုက်ကူး ပူဇော်ချင်ပါတယ် အရှင်ဘုရား'


'အင်းလေ လျှောက်ကြည့်ပေါ့'

ထိုအခါ ဆရာတော် ဦးပါဝရ မိန့်ကြားသည်များကို သတိရမိသည်။

## ဦးပါဝရ၏ အတွေ့အကြုံ

**ဦးပါဝရသည် တောင်တွင်းကြီးမြို့ တောင်ဘက်အထွက် ညောင်ပင်လုရွာ၏ အရှေ့ဘက် ချောင်းတစ်ဖက်ကမ်းရှိ သဲပြင်တောရကျောင်းဆရာတော် ဖြစ်သည်။** ယင်းဆရာတော်သည် သုံးဘဝ လူဝင်စား ဆရာတော်ဖြစ်ကြောင်း ဦးသန်းစိုး(ချောင်းနက်)က ...ပြ၍ သွားရောက် ဖူးတွေ့ဖြစ်

...ဝတွေ မှတ်မိတာတော့ မှန်ပါရဲ့ ...ဝ်တော် ဘုန်းကြီးက ဒီအကြောင်း ...ဘ် မပြောရ မရေးစေနဲ့လို့



▲ ကွမ်းထောင်းလိုက်တွင်းမှ မူလစေတီ ယောင်းရင်းအထက်ပိုင်း

တားမြစ်တာကြောင့် သည်းခံပါ ဒကာကြီး'


'ရှေးဘဝ နောက်ဘဝရယ်လို့ ရှိတယ်။ ကံ ကံရဲ့ အကျိုး ရှိတယ်ဆိုတာကို လူအများ သိရပြီး သံသရာလည်ပတ်နေပုံကို သံဝေဂ အထောက်အပံ့ ဖြစ်စေနိုင်တာပဲ။ ဘွဲ့အမည် မထည့်ဘဲ ရေးမယ်ဆိုရင်ကော အရှင်ဘုရား'

'မရေးပါနဲ့ဗျာ၊ နောင်တော်ကြီးက သိမှာပါပဲ။ အစ်ကိုတော်လဲဖြစ် သက်ကြီးဝါကြီး ရဟန်းလဲ ဖြစ်တာမို့ မလွန်ဆန်ဝံ့ပါဘူး'

'ဒါဖြင့်ရင်လဲ ထုံးတောင်တောရကို မကြာခဏ ကြွဖူးတယ်လို့ သိရပါတယ်။ ထုံးတောင်တောရကို သွားပြီး ပူဇော်ချင်လို့ ဆရာတော် သိရသလောက် မိန့်ကြားပါလား'

'အဲဒါတော့ ပြောနိုင်တယ်။ ...စ်နေ့မှာ နေ့ဆွမ်းဘုဉ်းပြီးလို့ ကျောင်းနားက သကြားပင်အောက် ...နံတန်းလေးမှာ

www.burmeseclassic.com



ဆရာတော် ဦးကုမာရ သီတင်းသုံးရာကျောင်း

ထိုင်နေတယ်။ သကြားပင်ရင်း အရှေ့ဘက်မှာ သစ်သားတန်းကလေး လုပ်ထားတယ်လေ။ ရသမျှ အချိန်ကလေးမှာ ရုက္ခမူဓုတင် ဆောက်တည်တာပါ။

အဲဒီအချိန်မှာ ဒကာကြီးနှစ်ယောက် ရောက်လာပြီး ထုံးတောင်တောရမှာ တရားဟောပေးဖို့ ဆရာတော်ကြီး (ဦးကုမာရ)က ပင့်ခိုင်းတယ်လို့ လျှောက်ကြတယ်။

"ဆရာတော်ကြီးက ဘယ်လို မိန့်လိုက်တာလဲ ဒကာတို့"

"ညောင်ပင်လှရွာရှေ့ သဲပြင်ကျောင်းက သကြားပင်အောက်မှာ အရှေ့ဘက်လှည့်ထိုင်နေတဲ့ ကိုယ်တော်ကို တွေ့လိမ့်မယ်။ ထုံးတောင်မှာ တရားဟောဖို့ ပင့်ခဲ့ကြ။ အဲဒီဆရာတော်ကို မတွေ့ရင် ဆတ်သွားရွာ ဂန္ဓာရုံဘုံကျော်ဆရာတော် ဦးဝိလာသကို ပင့်ခဲ့ပါ။ အင်းလေ သဲပြင်ကျောင်းမှာ သေရာပေါက် တွေ့ရမှာပါဆိုပြီး မိန့်ပါတယ်ဘုရား"




ပိဋကတ်တိုက်

ဒါနဲ့ တရားဟောမယ့်နေ့မှာ ထုံးတောင်တောရကို သွားတယ်။ ဆရာတော်ကြီးရဲ့ သီလသမာဓိ ဂုဏ်သတင်းကတော့ ကြို့တင်ကြားသိကြည်ညိုပြီး ဖြစ်ပါတယ်။ ထုံးတောင်တော့ မရောက်ဖူးသေးဘူး။

ပထမဆုံးအကြိမ် ရောက်ဖြစ်သို့ ဆရာတော်ကို ဖူးရတော့ ကြားရတဲ့အတိုင်း အင်မတန် ကြည်ညိုဖွယ်ကောင်းတာ တွေ့ရတယ်။ ဆရာတော်

www.burmeseclassic.com



● အရှည်ဖြေမှနဲ့သိမ်တော်

က ကျောင်းကလေးတစ်ဆောင်မှာ နေရာပေးတယ်။ ည(၇)နာရီမှာ ဟောရမှာ။ နှစ်ညဆက်တိုက် ဟောရမယ်တဲ့။

အချိန်တန်တော့ တရားဟောမဏ္ဍပ်ထဲကို ဆရာတော်ကိုယ်တိုင် လိုက်ပို့ပါတယ်။ တရားကို တစ်နာရီခွဲတိတိပဲ ဟောပေးပါလို့ မိန့်တယ်။ (၈)နာရီ (၃၀)မိနစ်မှာ အပြီးပေါ့။ ကျုပ်လဲ အတွေ့အကြုံ ရှိပြီးသားမို့ အတိအကျပဲ ဟောပေးပါတယ်။

တောရကျောင်းမှာ လျှပ်စစ်မီး မရှိဘူး။ ဖယောင်းတိုင်ကလေးတွေ ထွန်းထားပေမယ့် လူလုံးမကွဲဘူး။

ထူးခြားတာက တရားနာ ပရိသတ်က တုပ်တုပ်မှ မလှုပ်ဘူး။ အချင်းချင်း စကားပြောတာတို့၊ မျက်ရိပ်မျက်ကဲပြတာတို့ မရှိသလို ရုပ်ရည်တွေကလဲ အားလုံး ဆင်တူနေကြတယ်။ ကိုယ်လုံးကိုယ်ထည် အရပ်အမောင်းကအစ ကွဲပြားမှု မရှိဘူး။

အင်း ငါရောက်လာတုန်းက ဒီလူတွေ ဘယ်မှာ ရှိကြတာလဲ၊ တောထဲမှာ ဒီလောက်များတဲ့ ပရိသတ် ပုံစံတွေကလဲ ထူးခြားနေတယ်။ တရားပွဲပြီးရင် ဘယ်ကို ပြန်ကြမှာလဲဆိုတာ သိချင်လို့ မထသေးဘဲ စောင့်ကြည့်မယ် စိတ်ကူးတယ်။

တရားဟော ရေစက်ချ မေတ္တာပို့ပြီးတာနဲ့ ဆရာတော်ကြီး ရောက်လာပြီး **"ကဲ ဆရာတော် တည်းကျောင်း ပြန်ကြစို့"** ဆိုတာနဲ့ အကြံပျက်သွားတယ်။

ဒီလိုနဲ့ နောက်တစ်နေ့ကျတော့ တရားဟောပလ္လင်မှာ မစောင့်ဘဲ အနားက ကုဋီမှာ ကုဋီတက်ယောင်ဆောင်ပြီး ချောင်းမြောင်းကြည့်မယ်လို့ စဉ်းစားတယ်။

ချိန်ကိုက်ပဲ တရားဟောပြီးပြီးချင်း ဆရာတော်ဦးကုမာရက **"ဆရာတော် ကုဋီတက်မလို့လား ကြွကြစို့၊ တည်းကျောင်းမှာ ကုဋီရှိပါတယ်"**လို့ မိန့်တဲ့အတွက် အထ မမြောက်ခဲ့ပြန်ပါဘူး။

ဆရာတော်ကြီးက ကျုပ်ရဲ့ စိတ်အကြံကို သိနေတာဗျာ'

ရွှေလ ဆက်ဖတ်ပါရန်

ဖင်ညိုငယ်



www.burmeseclassic.com

www.burmeseclassic.com

# မဟာဘုတ်ချိန်ခွင်နှင့်

ကျေးဇူးရှင် ဆရာတော်ကြီးများ

| |
|---|
| အိမ်မဲမြို့နယ်၊ ထိန်ငူကျေးရွာအုပ်စု |
| ကျောင်းစုကျေးရွာ၊ |
| ဓမ္မသုခကျောင်း |
| ဆရာတော် |
| ဘဒ္ဒန္တစန္ဒောဘာသမထေရ်အား |
| ဂါရဝပြုပူဇော်ခြင်း |

ဆရာတော်သည် ၁၃၀၈ ခုနှစ်၊ တပို့တွဲလဆန်း (၁၂)ရက်၊ အင်္ဂါနေ့၌ ဖွားမြင်တော်မူရာ မဟာဘုတ်အရ ၆–ကြွင်းပိုင်ရှင် ဖြစ်ပါတယ်။

* * *

| | | |
|---|---|---|
| | ၃ | |
| ၅ | ၁ | ၄ |
| ၂ | ၆ | ၀ |

၆–ကြွင်း မဟာဘုတ်

**တနင်္ဂနွေ(၁–နွေ)သည် သိုက်ဂြိုဟ် ဖြစ်တဲ့အတွက်...**

★ အကြီးအကဲ ဖြစ်ရခြင်း
★ အဆောက်အအုံကောင်းနဲ့ ပြည့်စုံခြင်း
★ ဂုဏ်ဒြပ် ထူးခြားထင်ရှားစေခြင်း
★ ဂုဏ်သတင်းကောင်းများ ကြားရခြင်း
★ အောင်မြင်မှု ရစေခြင်း...

တို့ပါပဲ။

**သောကြာဂြိုဟ် (၆–ကြာ)သည် ဘင်္ဂအိမ်၌ ရပ်တည်နေတဲ့အတွက်...**

❦ စကားနည်းပါးခြင်း
❦ ကတိတည်ခြင်း
❦ လုပ်ရှားမှု မြန်ဆန်ခြင်း
❦ အားနာတတ်ခြင်း
❦ နှုတ်လေးခြင်း...

တို့ ရှိပါမယ်။

**အင်္ဂါဂြိုဟ်သည် အဓိပတိအိမ်၌ ရပ်တည်နေတဲ့အတွက်...**

✪ စိတ်တတ်နိုင်မာခြင်း
✪ စိတ်မြန်ခြင်း
✪ သနားတတ်ခြင်း
✪ ဒိုတုံချတုံ ဖြစ်တတ်ခြင်း
✪ စိတ်စွမ်းအားများ ရစေနိုင်ခြင်း...

တို့ပါပဲ။


**တနင်္လာဂြိုဟ် (၂–လာ)သည် မရဏ အိမ်မှာ ရပ်တည်နေတဲ့အတွက်...**

✤ ငွေကြေးကံ မကောင်းတတ်ခြင်း
✤ မိခင်ကံ မကောင်းတတ်ခြင်း
✤ ငွေကြေး ဆုံးရှုံးမှုကြုံရခြင်း
✤ စန်းအားနည်းခြင်း

တို့ ဖြစ်ပါမယ်။

**စနေဂြိုဟ်သည် ပုတိအိမ်၌ ရပ်တည်နေတဲ့အတွက်...**

★ ရွေခြားမြေခြား ရပ်ဝေးဒေသများနဲ့ အကျိုးပေးခြင်း
★ မွေးရပ်ဇာတိမြေနဲ့ အကျိုးမပေးတတ်ခြင်း
★ လူမျိုးခြားနဲ့ ပို၍ အကျိုးပေးခြင်း
★ အလိုနည်းခြင်း...



▲ အိမ်မဲမြို့နယ် ဓမ္မသုခကျောင်းဆရာတော် ဘဒ္ဒန္တ စန္ဒောဘာသထေရ်

တို့ ဖြစ်ပါမယ်။

ထို့အပြင် ကြာသပတေးဂြိုဟ်(၅–တေး)နဲ့ စနေဂြိုဟ်(စနေ)သည် **အထွန်းနဲ့ပုတိ ပက္ခ**ဖြစ်တဲ့အတွက်...

★ ပညာရေးကို အခက်အခဲ ကြုံတွေ့ရခြင်း
★ မိတ်ဆွေကောင်း မကြုံရခြင်း...

တို့လဲ ဖြစ်တတ်ပါတယ်။

***အေးပါစေ၊ အောင်ပါစေ***

**သန်းပညာ**

www.burmeseclassic.com

ကြော်ငြာဆောင်းပါး

အမျိုးသားများ အားအင်ကုန်ခန်း စိတ်မရွှင်လန်းရင်

# စကြာမင်း

အမှတ်တံဆိပ်

# အားတိုးဆေး မှီဝဲပါ

ယာယီတိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ် (ဝ၇၁၁ YR ဝဝ၆ဝ၂၄)



ကြော်ငြာခွင့်ပြုချက်အမှတ်
တဆဝက(စာနယ်ဇင်း)
၅၃/ဝ၅၁၃

'ဟော့ ကိုကြီးကောင်း အိမ်တွင်းပုန်းလုပ်နေတာလားဗျ'

'အိမ်တွင်းပုန်းနေတာ မဟုတ်ဘူး။ စိတ်ဓာတ်ကျနေတာဗျ'

'ကဲ ဆိုစမ်းပါဦး၊ စိတ်ဓာတ်ကျစရာ ဘယ်လိုအကြောင်းတွေများ ရှိလို့လဲ'

'ပြောရရင်တော့ ရှက်စရာကြီးပါဗျာ၊ ဒါပေမယ့် ခင်ဗျားက ဗဟုသုတစုံသူဆိုတော့ အကြံဉာဏ်များပေးနိုင်ကောင်းရဲ့ ဆိုပြီး ရှေ့မျက်နှာ နောက်ထားပြီး ပြောမယ်ဗျာ။ ကျွန်တော့်မှာ အမျိုးသားအားနည်းရောဂါ ဖြစ်နေလို့ဗျ။ အဲဒါ လုပ်ပါဦး။ ဘယ်လိုလုပ်ရင် ကောင်းမလဲ'

'ဆေးတွေ မသုံးစွဲဘူးလား'

'သုံးစွဲတာမှ ရှိသမျှအားဆေးတွေ စုံနေပြီ။ ထူးခြားမှုမရှိဘူး ကိုဘုန်းရဲ'

'ဒါဆိုရင် ကျွန်တော်လဲ အမျိုးသားအားနည်းရောဂါ ဖြစ်နေရလို့ ခင်ဗျားလိုပဲ စိတ်ဓာတ်ကျနေတဲ့အချိန်မှာ ဆရာကြီး ဆရာမြင့် (စကြာမင်း) ရေးသားပြုစုထားတဲ့ ''အမျိုးသားရောဂါ သိကောင်းစရာနဲ့ ကာကွယ်ကုသနည်းများ'' ဆိုတဲ့ အမျိုးသားများအတွက် ကျန်းမာရေး ပညာပေးစာအုပ်ကို ဖတ်မှတ်မိရာမှ အားတက်သွားပြီး ဆရာမြင့်ထံ အပြေးကလေး သွားရောက်ဆွေးနွေးမိတယ်ဗျ။

အဲဒီမှာ ဆရာမြင့်က စကြာမင်းအားတိုးဆေးပေးပြီး တစ်နေ့ (၂)ကြိမ် မှန်မှန်သောက်ရင် မင်းရဲ့ရောဂါဟာ အချိန်တိုအတွင်း သက်သာပျောက်ကင်းပါလိမ့်မယ်လို့ ညွှန်ကြားလိုက်တယ်။ ဒါနဲ့ ကျွန်တော်လဲ ဆရာ့ရဲ့ ညွှန်ကြားချက် ဆေးညွှန်းပါ အညွှန်းအတိုင်း သောက်သုံးလိုက်တာ အခုဆိုရင် လန်းဆန်းပြီး အကြောအားတွေ ကောင်းလိုက်တာမှ ဒေါင်ဒေါင်မြည်ပဲဗျ'

'ဆေးရဲ့ အစွမ်းအာနိသင်က ဘာတွေကောင်းလဲ'

'ဘာတွေကောင်းလဲဆိုရင် ခန္ဓာကိုယ်အတွက် တစ်နေ့တာ ကုန်ခန်းသွားတဲ့ အားအင်များကို အလျင်အမြန် ပြန်လည်ပြီး ဖြည့်တင်းပေးနိုင်တဲ့ အစွမ်းသတ္တိထူးရှိလို့ သွေးသစ်၊ အားသစ်၊ ခွန်အားသစ်၊ ဓာတ်ပစ္စည်းအသစ်များ ဖြစ်ထွန်းတည်ဆောက်ပေးနိုင်တယ်။

ပန်းသေ၊ ပန်းညိုးဖြစ်ခြင်း၊ အားအင်ကုန်ခန်းခြင်း၊ သုက်ဓာတ်အားနည်းခြင်း၊ သုက်လွှတ်မြန်ခြင်း၊ အိပ်နေစဉ်အလိုလို သုက်လွှတ်ခြင်း၊ ပင်ပန်းနွမ်းနယ်နေခြင်း၊ စိတ်ဖိစီးမှုများခြင်း၊ အကြောအားနည်းခြင်း၊ နှစ်ခြိုက်စွာအိပ်မပျော်ခြင်း၊ စားမကောင်းခြင်း၊ ကိုယ်ခံစွမ်းအား လျော့နည်းကျဆင်းခြင်း၊ အာရုံကြောအားနည်းခြင်းနဲ့ အဆုတ်အား၊ နှလုံးအား၊ သွေးအားနည်းခြင်းများကို သက်သာပျောက်ကင်းစေပြီး အမောလုံး၍ စိတ်ဓာတ်အား၊ ဆန္ဒအား၊ အကြောအား၊ ပန်းအားများကို တက်ကြွလန်းဆန်းစေလျက် ဆန္ဒသုခ အိမ်ထောင်ရေးရသတို့ကို ပြည့်စုံစွာ ပေးစွမ်းနိုင်သော ရသာယနဆေး ဖြစ်ပါတယ်။ ပြီးတော့ နေ့စဉ်သုံးစွဲပါက ဒါ့အပြင် ခန္ဓာကိုယ်အတွင်းရှိ ဓာတ်ပစ္စည်းများကို ညီညွတ်မျှတစေပါတယ်'

'ကျွန်တော်လဲ ဆရာမြင့်ရဲ့ စကြာမင်းအားတိုးဆေးကို သုံးစွဲချင်လို့ ဆေးဆိုင်တွေမှာ မေးကြည့်တော့ မရှိဘူးလို့ ပြောပြောနေတော့ ခက်တယ်ဗျ'

'မခက်ပါနဲ့ဗျာ အလွယ်တကူ ဝယ်ယူသုံးစွဲနိုင်စေဖို့ တစ်ပြည်လုံးကို ဖြန့်ချိနေပါပြီ။ ခင်ဗျားလဲ နီးစပ်ရာ ဆေးမျိုးစုံဆိုင်သာ ပြေးပြီးဝယ်ပေတော့'

ဟော အခုတော့ ဆရာမြင့်ရဲ့ စကြာမင်းအားတိုးဆေး အစွမ်းထက်မှုကြောင့် စိတ်ရောကိုယ်ပါ လန်းဆန်းတက်ကြွနေတဲ့အပြင် အကြောအားတွေလဲ ကောင်းမှကောင်းပဲ။

အဲဒါကြောင့် ဘဝတူအမျိုးသားများ အကျိုးများပြီး အင်အားတိုးပွားကာ အမြဲတမ်းတက်ကြွလန်းဆန်း သန်မာစွာနဲ့ နေနိုင်စေဖို့ အသက်ရှည်ရာ အနာကင်းရေး သော့ချက်ဖြစ်တဲ့ စကြာမင်း စိတ်ပျိုကိုယ်နု အားတိုးဆေးစွမ်းတစ်လက်ကို နီးစပ်ရာဆေးဆိုင်များမှာ ဝယ်ယူသုံးကြည့်ပါလို့ အကြံပြုပါရစေ။

အဲ ဆရာမြင့်နဲ့ ကိုယ်တိုင်တွေ့ဆုံ ဆွေးနွေးချင်ကြရင်တော့...

**ဆရာမြင့်**

**စကြာမင်း တိုင်းရင်းဆေးတိုက်**

အမှတ် (စ/၆၆၆)၊ သုဓမ္မာလမ်းမကြီး၊ သုဓမ္မာမှတ်တိုင်အနီး၊
(စ)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊ ဖုန်း-၇၂၂၅၄၁

ကိုကြီးကောင်း



www.burmeseclassic.com

www.burmeseclassic.com



◆ ရွှေလင်းပင်ဘုရားကြီးအား စောင့်ရှောက်တော်မူနေသော မြွေရုပ်တုနှင့် ဆင်ရုပ်တု

ထူးထွေဆန်းပြား

နှင်းမင်းသိ

# ရွှေလင်းပင်ဘုရား (၂)

**ယခင်လမှ အဆက်**

မြို့ဟောင်းဝင်းအတိုင်း ဆက်ဆင်း သွားပါက ရွှေလင်းပင်ဘုရားကြီး၏ အနောက်ဘက်ရှိ စည်ပုတ္တရာရွာသို့ သွားသည့် လှည်းလမ်းဆီသို့ ရောက်ရှိ ပြီး ညာဘက် ကွေ့လိုက်ပါက ရွှေလင်း ပင်ဘုရားကြီး၏ မုခ်ဦးအဝင်သို့ ရောက် ရှိပါသည်။ ဘုရားကြီးမှာ စည်ပုတ္တရာ ရွာ၏ မြောက်ဘက်တွင် ကပ်လျက် တည်ရှိပါသည်။

စည်ပုတ္တရာရွာဆိုသည့် ရွာအမည်မှာလည်း အထူးပင် စိတ်ဝင်စားစရာ ကောင်းနေသဖြင့် စာရေးသူ လိုက်လံ မေးမြန်း စုံစမ်းကြည့်မိပါသည်။

မှဆိုးဖိုရွာသူကြီး မင်းညိုစံနှင့် မယ်တော်စောငြိမ်းဦးတို့မှ မြန်မာ သက္ကရာဇ် ၁၀၇၆ ခုနှစ်၊ တော်သလင်း လပြည့်ကျော်(၁)ရက် သောကြာနေ့ ညဥ့်(၁)ချက်တီး အကျော်အချိန်တွင် ဦးအောင်ဇေယျကို မွေးဖွားခဲ့ပါသည်။

ညီအစ်ကိုမောင်နှမ သားတော် ငါးပါး၊ သမီးတော်သုံးပါး စုစုပေါင်း ရှစ်ပါးရှိပြီး ငယ်စဉ်အခါ သာလွန်ကျောင်း ဆရာတော်ထံတွင် လောကုတ္တရာ စာပေများကို သင်ကြားပြီး အသက် (၁၆)နှစ်တွင် ကျောင်းမှထွက်၊ အသက် (၁၉)နှစ်တွင် မယ်တော်၏ မောင်အရင်း ဖြစ်သူ ဦးဖြိုးမြ၊ မယ်ညက်တို့မှ ဖွားမြင် သော ခင်ကောင်းစံ၊ ခင်ယွန်းစံ၊ ခင်နိုင်းစံ သမီးတော်သုံးပါးမှ ဒုတိယသမီးတော် ခင်ယွန်းစံ(၁၆)နှစ် တနင်္ဂနွေသမီးနှင့် လက်ဆက်ခဲ့ပါသည်။

ထို့ကြောင့် စည်ပုတ္တရာရွာနေ ဦးပုကြီး ဖွားတော် မယ်မှန်တို့မှ ဖွားမြင် သော ရွှေကာတ ထောင်မှူး ဦးဖြိုးမြ





www.burmeseclassic.com

www.burmeseclassic.com



▲ ကျောင်းတော်သို့ အတက်လှေကား တစ်ဖက်တစ်ချက်ရှိ နဂါးရုပ်တုတော်များ



▼ စည်ပုတ္တရာ ခံတပ်မြို့ဟောင်းနံဘေးရှိ ကျုံးတော်

သည် ဦးအောင်ဇေယျ၏ မယ်တော် စောညိမ်းဦး၏ မောင်အရင်းဖြစ်သောကြောင့် ဦးအောင်ဇေယျနှင့် ခင်ယွန်းစံတို့ မောင်နှမဝမ်းကွဲတော်၏။

ထို့ကြောင့် သမိုင်းကို ပြန်စစ်လိုက်ပါက ယခု စာရေးသူ ရေးသားတင်ပြသော စည်ပုတ္တရာမြို့ဟောင်းကလေးသည် ရှေးအခါက မုဆိုးမင်းဆက် (သို့) ကုန်းဘောင်မင်းဆက် (၁၁)ဆက် စတင်ပေါ်ထွန်းရာ သမိုင်းဝင်မြို့ဟောင်းတစ်ခုအဖြစ် ဂုဏ်ယူဝံ့ကြွားစွာ သမိုင်းကမွည်း တင်နိုင်ပါသည်။

အနှစ်သုံးရာနီးပါးခန့်က နရပတိစည်သူမင်းကြီး လက်ထက်တွင် တည်ထားကိုးကွယ်ခဲ့သော ယခု ရွှေဘိုခရိုင် ခင်ဦးမြို့အပိုင် စည်ပုတ္တရာမြို့ဟောင်းမှ ရွှေလင်းပင်ရုပ်ပွား ဆင်းတုတော်မြတ်၏ ဂန္ဓကုဋီတိုက် ပျက်ရာတွင် ဌာပနာတိုက်အတွင်းမှ အရင်းအဖျား အလယ်ဖြောင့်ဖြောင့်၊ ထိပ်ဝ တစ်လက်မခန့်ရှိသော ဖန်နားတောင်းကြီးတစ်ရံကို တွေ့ရကြောင်းကိုလည်း လက်ရှိကျောင်းထိုင်ဆရာတော် ဦးဂန္ဓာမ
မိန့်ကြားပါသည်။


အဝိပ္ပာယ်မှာ ရှေးကုန်းဘောင်ခေ
မြန်မာလူမျိုးတို့၏ကိုယ်ခန္ဓာ ထွားကျိုင်

www.burmeseclassic.com




◀ အတွင်းခန်းထဲရှိ ရှေးဟောင်း ကြေးမုံမှန်ချပ်ကြီးများ

▼ ယခုအခါထိ အရှိန်ထက်သော သစ္စာတော်ကျွန်းမိုးကြီး



● ဘုရားကြီး၏ လက်ယာဘက် ကျောင်းနံရံရှိ ရှေးဟောင်းဗုဒ္ဓဝင် ဆေးရေးပန်းချီများ



မှုကို သိတိပြုမိစေရန် ဖြစ်သည်ဟု ဆက်လက်မိန့်ကြားပါသည်။

ရှေးအခါက စည်ပုတ္တရာမြို့ မတည်မီ ထိုအရပ်သည် ဆောင်းကြမ်း(အနက် ရောင်နယ်မြေ)အရပ် ဖြစ်ခဲ့သည်ဟု ဆိုပါသည်။ အလွန်ကြီးမားသော မျောက်ကြီးတစ်ကောင်မှ ကြီးမှူးအုပ်စိုး ထားပြီး ထိုမျောက်ကြီးလက်ထဲတွင် အလွန်အစွမ်းထက်သည့် ပလုပ်တုတ် စည်ကြီးတစ်ခုရှိသည်။

မြို့တည်ရန်အတွက် နယ်မြေ ရှာဖွေပြီး သစ်တောများကို မင်းစေ၊ အလုပ်သမားများမှ ခုတ်ထွင်ရှင်းလင်းပြီး ညဥ့်ဦးယံရောက်လျှင် မျောက်ကြီး၏ လက်တွင်းရှိ စည်ပလုတ်တုတ်ကို တီးခတ်လိုက်ပါက ထိုသစ်ပင်သစ် တောများမှ အကုန်ပြန်ဆက်၍ ပြန်လည် ရှင်သန်ကြသည်ဟု ဆိုပါသည်။

နေ့စဥ် ထိုသို့ ဖြစ်နေသောကြောင့် ထိုမျောက်ကြီး၏လက်ထဲမှ ပလုတ် တုတ်စည်ကို ရရှိရန် ခဲ(ဂဲ)တစ်ရာ၊ တုတ်(ဒုတ်)တစ်ရာနှင့်ပစ်မှ အောင် သည်ဟု ဆိုသည်။


ထို့ကြောင့် **"စည်ပလုတ်တုတ်၊ တုတ်(ဒုတ်)တစ်ရာ"**ဟု ဆိုခဲ့ကြရာမှ **စည်ပလုတ်တုတ် (စည်ပုတ္တရာ)**ဟု ခေါ်ဆိုခဲ့ကြကြောင်းကို မှတ်သားခဲ့ရပါ သည်။

စည်ပုတ္တရာရွာ၏ တောင်ဘက်ရှိ မုခ်ဦးမှ ဝင်လိုက်ပါက ကျောင်းပေါ်သို့ တက်သည့် လှေကားတန်ဆောင်း လက်ရမ်းနှစ်ဖက်တွင် နဂါးနှစ်ကောင် ရှိထားပါသည်။ လှေကားတစ်ဖက် တစ်ချက်ရှိ နဂါးနှစ်ကောင်၏ ဦးခေါင်း များမှာ ယခင်က အောက်သို့ စိုက်နေ သည်ဟု ဆိုပါသည်။




www.burmeseclassic.com

www.burmeseclassic.com



◆ နှစ်ငယ်ကာလ ကျောင်းထိုင်ဆရာတော် ဦးဂန္ဓမာ



◆ ယခု ကျောင်းထိုင်ဆရာတော် ဦးဂန္ဓမာ၏ နှစ်ငယ် ဓာတ်ပုံကားချပ်အောက်တွင် ဝပ်နေသော ကြက်ဖြူမကာလေး

**ရန်ကုန်မှ အလှူရှင်တစ်ဦးက အိမ်မက်အရ ထိုနတ်ရုပ်ထောင်များ အောက်စိုက်နေသည်ကို ပြန်လည် ထောင်မတ်ပေးရန် အိမ်မက် အကြိမ်ကြိမ် မြင်မက်သဖြင့် လာရောက် ပြုပြင်ပေးသွားကြောင်း သိရပါသည်။**

ထိုသို့ ကျောင်းပေါ်တက်သည့် လှေကား၏ မြောက်ဘက်တွင် ပေ(၃၀) ခန့်တွင် အမြင့်၌ စည်တော်ကြီးနှစ်လုံးကို ကြောင်လိမ်လှေကားဖြင့် တက်ရောက်ကြည့်ရှုနိုင်ပါသည်။

**ထိုစည်တော်ကြီးများ၏ ထူးထမ်းမှုမှာ ကျောင်းအတွင်းသို့ ဧည့်သည်သူများ ဝင်ရောက်လာပါက တီးမည့်သူ မရှိပါဘဲနှင့် စည်တော်ကြီးများမှ သူ့အလိုလို သတိပေး မြည်ဟိန်းသည်ဟု ကျောင်းထိုင်ဆရာတော်မှ မိန့်ကြားပါသည်။ မည်သည့်အချိန်သည်မှ အသံဟိန်း တီးခွင့်မပြုပါ။**

ကျောင်းထိုင် ဆရာတော်ကြီး၏ ဘွဲ့တော်မှာ ဦးဂန္ဓမာဟုသိရပြီး စည်ပုတ္တရာရွာနှင့် ကပ်လျက်ရှိသော ကြာပို့(ဂျပို့)ရွာသားဖြစ်ပြီး ငယ်ဖြူ ဆရာတော်တစ်ပါးဖြစ်ကြောင်း မိန့်ပါသည်။ သက်တော်(၇၀)၊ ဝါတော်(၅၅) ဝါ ရှိပြီဟု သိရပါသည်။ ဆရာတော်မှ စာရေးသူတို့အဖွဲ့အား အရှေ့ဘက် အတွင်းခန်းရှိ စံကားသားဖြင့် ထုလုပ်ကိုးကွယ်ထားသော ရွှေလင်းပင်ဘုရားကြီးကို ဝင်ရောက်ဖူးမြော်ခွင့် ပြုပါသည်။ စာရေးသူမှ...

'အရှင်ဘုရား မည်သည့်သဘောဖြင့် ဘုရားခန်းအရှေ့ဘက် အဆောင်တွင် မထားရှိပါဘဲ အတွင်းခန်းထဲသို့ ထည့်ထားရသည်ကို သိလိုပါသည် ဘုရား'

ဟု လျှောက်ထားသောအခါ ဆရာတော်မှ...


'ဒီလိုရှိတယ် ဒကာကြီး... အမှန်က အ[...] ဒကာတို့ ဖူးတွေ့ရတာက ဘုရားကြီးရဲ့ [...] မူလ စံပယ်တဲ့ နေရာအမှန်ပါ။ ၁၉၈၈ ခု[...] ပြီ(၁၇)ရက် နှစ်ဆန်းတစ်ရက်နေ့ အ[...] အခင်းမတိုင်ခင်မှာ ထောင်ထားတဲ့ ဘယ်တ[...] လက်တော်ရဲ့ ကျွေးထားတော်မူသေ[...] လက်နှစ်ချောင်းကြားမှ သွေးတော် ယိုစီးရ[...] မကာဘူး။ ညာဘက် နားထင်တော်မှလည်း[...] သွေးတော်ယိုစီး နိမိတ်တော် ပြခဲ့တာ[...] မကြာပါဘူး ဒကာ... ၈၈ အရေးအ[...] ဖြစ်တော့တာပါပဲ။

အဲဒီမှာ ဘုရားကြီးက နာမည်ကြ[...] တန်ခိုးထွားလိုက်တော့ အနယ်[...] အရပ်ရပ်က ဘုရားဖူးတွေဆို[...]လို[...] ကြတာ ပွဲတော်ကြီးတစ်ခုလို ဖြစ်[...] တော့တာပေါ့။ တစ်ရက်,တစ်ရက်[...]



www.burmeseclassic.com

www.burmeseclassic.com



◆ မသမာသူများ ထင်လာလျှင် အလိုလို
ထမြည်ဟည်းသော
စည်တော်ကြီးနှစ်လုံး (စည်ပုတ္တာရာကျောင်းအတွင်း)

အလှူငွေတွေလဲ ရလိုက်တာဆို တစ်ရက်ကို သိန်း(၅၀)လောက်ကို ရတာ ဒကာကြီး။ အဲဒီ ရတဲ့ အလှူငွေတွေနဲ့ အခုလို ကျောင်းတော်ကြီးကို ပြင်ဆင်ကြတာပေါ့။ ဒါပေမယ့် ဘယ်လိုပဲ ပုံစံဟောင်းကိုပြင်ပြင် အဲဒီနေရာမှာ စံပယ်နေတဲ့ ရွှေလင်းပင်ဘုရားကြီးကို ဘယ်နေရာကိုပဲ ယာယီရွှေ့ရွှေ့ ဘယ်လိုမှ ရွှေ့မရခဲ့ဘူး။

ယာယီစံနန်းတော်ကို မနက်ပိုင်းဒါမှမဟုတ် ညခင်းပိုင်း ရွှေ့ထားလိုက်တာ မနက်မိုးလင်းရင် အရင်နေရာဟောင်းကိုပဲ ရောက်ရောက်နေတော့ ဘုန်းကြီးတို့လဲ ထပ်မရွှေ့ဝံ့တော့ဘူးပေါ့။ ရွှေလင်းပင်ဘုရားကြီးတင် ဘယ်ကမတုန်း အဲဒီ ကျောင်းဆောင်ကြီးထဲရှိတဲ့ **မြွေ ဆင်ရုပ်တွေကောပဲ** ပြန်ပြန်ရောက်နေတာ ဒကာကြီး။

နာမည်ကြီးလာတော့ ငရဲမကြောက်တဲ့ မသမာသူတွေက ခိုးယူဖို့ အကြိမ်ကြိမ် ကြိုးစားခဲ့ကြသေးတယ်။ ဘုန်းကြီး ငယ်စဉ်ဘဝ အရင်ကျောင်းထိုင်ကိုယ်တော် မန္တလေး ခဏကြွတုန်းက တစ်ခါ လာခိုးကြတာ ဘယ်သူမှ မသိလိုက်ကြဘူး။ စည်တော်ကြီးတွေသူ့အလိုလို မြည်ဟိန်းမှ သိတော့ ဘုရားကြီးက မရှိတော့ဘူး။

ဒါပေမယ့် နောက်မနက်ကျတော့ ကန်သာယာ(ကန်တစ်ရာ)ရွာနဲ့ ဗအိုးရွာကြား ညောင်ပိုင်း ညောင်ပင်မှာ သူခိုးတွေက ထောင်ထားခဲ့ကြတယ်။ နောက်နောင် အဲဒီခိုးသူတွေထဲမှာပါတဲ့ ရာဇဝတ်သားတစ်ယောက် ထောင်ကလွတ်လာပြီး ပြန်ပြောပြတာမှာ သူတို့ ဘုရားကြီးကို ထမ်းပြီးအပြေး အသံတွေကြားလို့ လှည့်ကြည့်ကြတော့ **ရွာသူရွာသားတွေ မဟုတ်ဘဲ ဘုရားကြီးခြေတော်ရင်းမှာ ခစားနေကြတဲ့ ဆင်ရုပ်၊ မြွေရုပ်တွေက ထလိုက်လာတာကို တွေ့ရပြီး ဆက်မယူသွားဝံ့တော့ဘဲ ထားခဲ့တာလို့ ဆိုတယ်။**

အခု ဒကာကြီးတို့နဲ့ အတူပါလာတဲ့ ဗအိုးရွာက ဦးကြီးတိုးတို့က အိုးစည်ဗုံမောင်းတွေနဲ့ ပြန်ပြီး ပို့ဆောင်ခဲ့ကြတာ’

ဟု ထပ်မံ မိန့်ကြားပါသည်။

ရွှေလင်းပင်ဘုရားကြီး၏ ရှာနီးချုပ်စပ်မှ ဂေါ်စဂါမ်ရွာများမှ အလှူအတန်းများရှိ၍ လာရောက် ပင့်ဆောင်ပါက လယ်ကွင်းများကို ကျော်ဖြတ် ပင့်ဆောင်ရပါသည်။

**ရွှေလ ဆက်ဖတ်ပါရန်**

**နိုင်မင်းညို**



www.burmeseclassic.com

www.burmeseclassic.com

ဂုဏ်တော် ထုံမွမ်းသည့်

# မြတ်ဘုရားပုံတော်

ဘုန်းကျော်စွာ
(မြင်တက္ကသိုလ်)

တစ်ခုသော စနေညနေ့တွင် **ကျောက်ရေတွင်း ဘူတာအနီးရှိ ရန်ကုန် ကြောင်ပန်းဝိပဿနာရိပ်သာ** ခွဲသို့ စာအုပ်တစ်ထုပ်ဖြင့် ရောက်သွားခဲ့သည်။

ဘုတလင်မြို့၊ ကြောင်ပန်းတောရ တိုက်ရင်းသို့ စာတည်းချုပ်က လှူဒါန်းလိုက်သော နက္ခတ္တရောင်ခြည်မဂ္ဂဇင်းနှင့် ပါရမီမဂ္ဂဇင်းများ (၁၄)လစာကို သွားရောက်ပေးပို့ခြင်း ဖြစ်သည်။


ရိပ်သာအတွင်း ရောက်ရှိ၍ ဆရာတော်ဦးသုကစိအား စာအုပ်များပေးအပ်ကာ စာတည်းချုပ် ကပ်လှူလိုက်သည့် ၂၀၁၄ ခုနှစ်၊ ဖေဖော်ဝါရီလထုတ် နက္ခတ္တရောင်ခြည်မဂ္ဂဇင်းကိုလည်း ဆက်ကပ်လိုက်သည်။

'သာဓုဗျာ ခင်ဗျားတို့ အယ်ဒီတာ စာတည်းချုပ်ရော ကိုယ်ရောစိတ်ပါ ကျန်းမာချမ်းသာပြီး သာသနာအကျိုး ဆထက်ထမ်းပိုး၍ ဆောင်ရွက်နိုင်ကြပါစေ'

ဆရာတော်ဦးသုကစိက ဝမ်းမြောက်စွာ ဆုပေးပြီးနောက်...

'ဒီမဂ္ဂဇင်း စာအုပ်(၁၅)အုပ်လောက်ကို တိုက်ထုတ်ဈေးနဲ့ ဝယ်လို့ရမလား။ အခုပဲ မိုးချုပ်နေပြီဆိုတော့ နံနက်ဖြန်မနက် ဝယ်ပေးစေချင်တယ်။ ညနေပိုင်းမှာ ကျုပ် ဘုတလင် သွားတဲ့အခါ ယူသွားပြီး လက်ဆောင်ပေးချင်လို့ပါ'

ဟု မိန့်၏။



ဂုဏ်တော်ဘုရားပုံတော်

'နံနက်ဖြန် တနင်္ဂနွေနေ့မို့ မဂ္ဂဇင်းတိုက် ပိတ်ပါတယ်ဘုရား'

'စာရေးမတို့၊ အစောင့်တို့ မရှိဘူးလား'

'မရှိပါဘူး ဘုရား။ အားလုံး သော့ခတ်သိမ်းသွားပါတယ်'

'ဒီစာအုပ်မှာ ကျေးဇူးရှင် ကြောင်ပန်းပထမဆရာတော်ကြီး အကြောင်း ဆောင်းပါးလဲ ပါတယ်။ ရန်ကုန်တိုက်ခွဲက ဓာတ်သားဘုရားအကြောင်းလဲ ပါနေလို့ လိုချင်တာပါ'

ကြံရာမရသည့်အဆုံး မိမိ မေတ္တာလက်ဆောင်ရသော စာအုပ်များကို ကပ်လှူခဲ့သည်။ ဆရာတော်က ဝတ္ထုငွေ စွန့်လှူသဖြင့် ထိုငွေများဖြင့် ကြက်သား၊ ဝက်သား၊ အသီးအရွက်များ ဝယ်ယူချက်ပြုတ်၍ ဆွမ်းကပ်လှူဖြစ်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



ရန်ကုန် ကြောင်ပန်းတိုက်ခွဲ ဆရာတော် ဦးသုကာဝိ

နောက်တစ်နေ့ တနင်္ဂနွေနေ့တွင် ဆွမ်းသွားပို့သောအခါ ဆရာတော်က **''ကျုပ်သတိရတာ တစ်ခုရှိတယ်။ ဘုရားတစ်ဆူ ရှိသေးတယ်''** ဟု ဆို၏။

ဇနီးသည်က ဓာတ်သားရုပ်ပွားတော်အား မှန်ဘီလူးဖြင့် စူးစိုက်ကြည့်ရှုနေခိုက်ဖြစ်ရာ...

'ဓာတ်သားဘုရားပဲလား အရှင်ဘုရား'

ဟု မေးလျှောက်မိသည်။

'နေဦးဗျာ ခင်ဗျားတို့ အချိန်ရရဲ့လား။ အသိမ်းကြာလို့ အရှာ ခက်နေတယ်'

'ရပါတယ်။ အေးအေးဆေးဆေး သာရှာပါ'

'ဟောဗျာ ကြာကြာမရှာရပါဘူး ဟောဒီမှာ တွေ့ပါပြီ'

ဆရာတော် ပြသပေးသော ဘုရားမှာ ဂုဏ်တော်များဖြင့် ထုံမွမ်းသော ဘုရားပုံတော် ဖြစ်နေလေသည်။ ခေါင်းစည်းတွင်...

"မဟာအတုလ အညမည အဘယလာတမုနိဆုတောင်းပြည့် မြတ်စွာဘုရား"

ဟူ၍ လက်နှိပ်စက်ဖြင့် ကမ္မည်းတင်ထားသည်။

'ဘယ်ကရတာလဲအရှင်ဘုရား'

'ကြာပါပြီ (၁၅)နှစ်ကျော်လောက် ရှိရော့မယ်။ ပဲခူးဘက် တရားဟောတရား ပြသွားတော့ သာသနာပြု ပုဂ္ဂိုလ်နာမည်ကြီးပဲ။ ရုတ်တရက်မို့ သူ့နာမည် မေ့နေတယ်။ ကျုပ်တို့က ကမ္မဋ္ဌာနာစရိယဘုန်းကြီးဆိုတော့ မပြောတတ်ဘူး။ **ခင်ဗျားတို့ နက္ခတ္တရောင်ခြည် မဂ္ဂဇင်းမှာတော့ တတ်သိနားလည်တဲ့ ပညာရှင်တွေ ဖြေကြားပေးဖို့ဆိုပြီး ရေးသားတင်ပြတာတွေ ဖတ်ရတယ်။ အများအတွက် အကျိုးရှိတာပေါ့**'

'မှန်ပါ့...တပည့်တော် သိရသလောက်ကတော့ **''စာဖို စာမ''**တဲ့ တရုတ်ဓလေ့အရ **''ယင်း-ယန်း''**လို့ ခေါ်တယ်။ ဆန့်ကျင်ဘက်အင်အား နှစ်ခု ဒွန်တွဲပြီး လွန်ဆွဲနေကြတယ်။ ဝိရောဓိအသွင်နဲ့ အပြန်အလှန် အားပြုနေကြပါတယ်။

မြန်မာစာမှာလဲ **ဒီဃရဿ**= သံတိုသံရှည်။ **ဂရုလဟု**= သံလေးသံပေါ့ စတဲ့ ဆန့်ကျင်ဘက် ဗျည်းသရစာလုံးတွေကို ညီမျှအောင် ယူပြီး ဘုန်းရိပ်ခိုသောအားဖြင့် မြတ်စွာဘုရားရှင်ရဲ့ ခြေဖဝါးတော်က (၁၀၈)ကွက် လက္ခဏာစက်ကို အမှီပြုပြီး လောကီအကျိုးအတွက် စီမံလုပ်ဆောင်ကြပါတယ်။ သုတ်ပရိတ်ဂါထာတွေ ထုံမွမ်းပြီး သိဒ္ဓိတင်ကြပါတယ်။

ဒီပုံတော်က တန်ခိုးတော်အနန္တရှိတဲ့ မြတ်စွာဘုရားရဲ့ ဂုဏ်တော်(၉)ပါး လွှမ်းခြုံမွမ်းထုံထားတာမို့ အထူးအထွေ စီမံစရာ မလိုဘဲ အလေးအမြတ် ကော်ရော်ထိုက်ပါတယ်။

တတ်နိုင်ရင် ဂုဏ်တော်ကိုးပါးကို ပုတီးပတ် ကိုးပတ်စီ နေ့စဉ် စိပ်ပွားပြီး ကိုးရက်ပြည့်အောင် ပူဇော်သင့်ပါတယ်။ မိမိတို့ လိုအပ်တဲ့ သမ္မာဆန္ဒတွေ ပြည့်စုံနိုင်ပါတယ်။

ဒါက တပည့်တော် သိရသလောက်ပါ။ တခြားသော သုတေသီ၊ ပညာရှင်တွေလဲ သူတို့ လေ့လာသိမှတ်ရသလောက် ဖော်ထုတ်လမ်းညွှန်နိုင်အောင် တပည့်တော် တင်ပြပေးလိုက်ပါ့မယ်ဘုရား။

ဒီပုံတော်ကို မော်တော်ယာဉ်ရှေ့ခန်း၊ အိမ်ဦးခန်း(ဘုရားစင်)၊ အလုပ်ခန်းမြင့်ရာတို့မှာ ပူဇော်ထားရင် ဂုဏ်တော်''ခြုံ''ပြီး ဘေးရန်အသွယ်သွယ် ''လုံ''နိုင်ပါတယ် အရှင်ဘုရား။

ဆေးရောင်စုံမပါဘဲ အဖြူနဲ့ အမည်းသာ ပေါင်းစပ်ထားတာမို့ ဇနီးမောင်နှံ လက်တွဲမြဲမြံဖို့အတွက်လဲ အင်မတန် ကောင်းတဲ့နိမိတ်နဲ့ ပူဇော်ခြင်းပါဘုရား။ လုပ်ငန်း ကုမ္ပဏီအတွက်ကတော့ အလုပ်ရှင် အလုပ်သမား သင့်မြတ်ညီညွတ်မှု ရရှိနိုင်ပါလိမ့်မယ်။

***မိမိတို့ အလိုရှိရာ မျက်နှာစာအသီးသီးအတွက် ပူဇော်၍ အကျိုးများနိုင်ကြပါစေ။***

ဘုန်းကျော်စွာ

(မြိုင်တက္ကသိုလ်)

www.burmeseclassic.com

ကြော်ငြာဆောင်းပါး

အမျိုးသမီးများ သွေးသားမွန်တန့်ပြီး စိုပြည်လှပဖို့ဆိုရင်

# တင်တင်အောင်

အမှတ်တံဆိပ်


# အကိုက်အခဲပျောက် မီးယပ်သွေးပေါ်ဆေး

(တိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ် ၀၁၁၂ YR ၀၀၇၉၈၈)

'ဣတ္ထိယ မိန်းမတို့၏ ဥစ္စာမနကား အဆင်းတည်း'' ဟု လောကနီတိဆရာများက အဆိုရှိပါတယ်။ အမျိုးသမီးတိုင်း ရွှင်လန်းကျန်းမာပြီး စိုပြည်လှပဖို့ဆိုရင် သွေးစ၊ သွေးလယ်၊ သွေးဆုံး အရွယ် (၃)ပါးလုံး ဓမ္မတာရာသီပန်း တစ်လတစ်ကြိမ် မှန်မှန် ပွင့်လန်းဖို့လိုပါတယ်။

အမျိုးသမီးများအနေနှင့် ကိုယ်ဝန်ဆောင်စဉ်ကာလ၊ သားဖွားပြီးစ ကာလများမှလွဲ၍ လစဉ် ဓမ္မတာ မှန်မှန်လာဖို့ လိုပါတယ်။ မီးယပ်ထိမ် ငုပ်၊ ချုပ်၊ ကျန် ဖြစ်ခဲ့လျှင် အသားအရေ ညှိုညစ်ညစ်နှင့် ယဉ်ဆိုသမျှ ပင်ကိုအလှများ ပျောက်ကွယ်တတ်ပါတယ်။

ဒါဆိုရင် မီးယပ်သွေးပေါ် ဆေးကောင်း တစ်လက် သုံးစွဲဖို့ လိုနေပြီ ဖြစ်ပါတယ်။ မီးယပ်သွေးပေါ်ဆေး အမျိုးမျိုးထဲက ဘယ်ဆေး အကောင်းဆုံးလဲလို့ မေးလာခဲ့ရင် အမျိုးသမီးများ မီးယပ်သွေးပေါ်ဆေးကို အမျိုးသမီးတိုင်းရင်းဆေးဆရာမ ဒေါ်တင်တင်အောင်(တဆ–၄၉၅၃)ကိုယ်တိုင် စီမံထုတ်လုပ်တဲ့ ဒေါ်တင်တင်အောင် အကိုက်အခဲပျောက် မီးယပ်သွေးပေါ်ဆေးဟာ အကောင်းဆုံးပဲလို့ ပြောလိုက်ပါရစေ။




ကြော်ငြာခွင့်ပြုချက်အမှတ်
တဆဝက(စာနယ်ဇင်း) ၅၁/၀၅၁၃

တင်တင်အောင် အကိုက်အခဲပျောက် မီးယပ်သွေးပေါ်ဆေးဟာ ဘယ်လိုရောဂါ တွေအတွက် သုံးစွဲနိုင်သလဲဆိုရင် မီးယပ်မမှန် ထိမ်ကျန်၊ ငုပ်ခြင်း၊ နည်းခြင်း၊ အတုံးအခဲများ ဆင်းသက်ခြင်း၊ ရာသီသွေးပေါ်ခါနီးနှင့် ဖြစ်ပေါ်ဆဲ အချိန်အခါများ တွင် ခါး၊ ရင်၊ ဆီးစပ် ကိုက်ခဲသူများ ဓမ္မတာမလာမီ (၃)ရက်ဆက်၍ တစ်နေ့ (၂)ကြိမ် သောက်နိုင်သလို ရာသီသွေးပေါ်ရမည့်ရက်ထက် တစ်ပတ် (သို့မဟုတ်) အရက်နဲ့ နှစ်ပတ် ကျော်လွန်နေပါက တစ်နေ့ (၂)ကြိမ် (၃)ရက် ဆက်သောက်နိုင်ပါတယ်။

သုံးပတ်၊ လေးပတ် ကျော်လွန်နေပါက တစ်နေ့ (၂)ကြိမ် (၃)ရက် ဆက်သောက် နိုင်ပါတယ်။ သုံးပတ်၊ လေးပတ် ကျော်လွန်နေပါက တစ်ခါသောက် ဆေး(၅)ပြား တစ်နေ့ (၃)ကြိမ် (၃)ရက် ဆက်ပြီး(ချင်း+ထန်းလျက်+ကွမ်းရွက်ပြုတ်ရည်) (သို့မဟုတ်) အရက်နဲ့ သောက်မယ်ဆိုရင် ဓမ္မတာပန်း ပွင့်လန်းလာပါလိမ့်မယ်။

သွေးမသန့်ခြင်း၊ သွေးပုပ်ကျခြင်း၊ မီးယပ်ကွက်များပေါ်ခြင်း၊ အသားအရေ ညစ်ထေးမွဲခြောက်ပြာနှမ်းခြင်း၊ ကိုယ်ခန္ဓာနံ့ပြင်းခြင်း ဖြစ်နေသူများ တစ်နေ့တစ်ကြိမ် ဆေး(၅)ပြား ရေနွေးနဲ့သောက်ရင် အသားအရေ စိုပြည်သန့်ရှင်းပြီး ကိုယ်ခန္ဓာရနံ့ပြင်းခြင်းမှ ကင်းဝေးစေပါတယ်။

အိမ်ထောင်ရှင်အမျိုးသမီးများ သားသမီးဝေးလိုပါက ဓမ္မတာပေါ်မည့်ရက်မတိုင်မီ (၃)ရက်ကြိုတင်ပြီး တစ်နေ့ (၂)ကြိမ် (၃)ရက်ဆက် ရေနွေးနဲ့ သောက်ပါ။ ဓမ္မတာပေါ်ပြီး နောက်တစ်ပတ်အကြာတွင် တစ်နေ့ (၂)ကြိမ်၊ (၃)ရက်ဆက် ရေနွေးနဲ့သောက်ပါ။ ဓမ္မတာပေါ်ပြီး (၃)ရက်ဆက်သောက်လျှင် သားသမီးဝေးပြီး နုပျိုဖွံ့ဖြိုး အလှတိုးစေပါတယ်။ မီးမကင်ဆေးအဖြစ် မီးတွင်းကာလတွင် (၁)ရက်ခြား ဆေးတစ်ခွက်နှုန်း (၃)ခွက်ပြည့်အောင် သောက်ပါ။ သွေးပုပ်၊ ချွေးပုပ်၊ အနီးပုပ်များ ကင်းစင်ပြီး တစ်သားမွေး တစ်သွေးလှစေပါတယ်။

အသက် (၄၀)ဝန်းကျင် ရောက်ရှိလာသူ အမျိုးသမီးများ သွေးပေါ်ချည်တစ်ခါ၊ ငုပ်ချည်တစ်လှည့် သွေးကစားခြင်း၊ ချမ်းလိုက်ပူလိုက်ဖြစ်ခြင်း၊ အပူဒဏ်၊အအေးဒဏ် မခံနိုင်ခြင်း၊ သွေးဆုံးရောဂါ ဖြစ်နေသူများ တစ်နေ့တစ်ကြိမ် မှီဝဲသုံးစွဲပါက သွေးဆုံးမီးယပ်ရောဂါ ကင်းဝေးစေပါတယ်။

အမျိုးသမီးရောဂါမှန်သမျှ အမျိုးသမီးတိုင်းရင်းဆေးဆရာမ ဒေါ်တင်တင်အောင်နဲ့ ပွင့်ပွင့်လင်းလင်း တွေ့ဆုံဆွေးနွေးပြီး ဆေးကုသမှုခံယူလိုက်မယ်ဆိုရင် အမျိုးသမီးရောဂါများသက်သာပျောက်ကင်းကာ အနာဂတ်ဘဝ သာယာစိုပြည်သွားမှာပါ။

**ဆရာမ ဒေါ်တင်တင်အောင်**
**ဟိတ်းထက်အောင် ဆေးတိုက်**
အမှတ် (ဆ / ၆၁)၊ ကရဝိက် (၁)လမ်း၊ ဆ-ရပ်ကွက်၊
(မြောက်ဥက္ကလာပဆေးရုံကြီးအနီး) မြောက်ဥက္ကလာပမြို့နယ်။

မေမြတ်နိုးဦး (ဝိဇ္ဇာ/သိပ္ပံ)



www.burmeseclassic.com

www.burmeseclassic.com

# အာကာကညာဆရာတော် (၃)

ဘုရပ်ာ ဆရာသိန်း
(လပွတ္တာ)

ယခင်လမှ အဆက်

'ဆရာ ဖိုးမှက်ခိုင်းတဲ့အတိုင်း လုပ်ပါ့မလား ဟင်း'

ဖိုးမှက်ကိုလည်း နေရာပေးရသည်။ ...ပေးရသည်။ သူက အားကိုးရသည်။ ...ယ် မပြောတတ်သမျှကို သူက ရှေ့မှ ...ကြောင်းပေးသည် မဟုတ်ပါလား။

...တော်သေးသည်။ ဖိုးမှတ်လို လူတစ်...ယောက်ပါ၍ အခြေအနေကို ပုံမပျက်...အောင် ကြောင်းပေးသလို အဆင်ပြေ...သွားသည်။

...နှစ်ယောက်စလုံး ဘုရားကို ဦးတိုက်...သည်။ အလွန်ကြောက်သည့် ပုံစံဖြစ်...သည်။

'...ဘုန်းတော်တို့ကို ပြန်ခွင့်ပြုပါဆရာ'

'...ခွင့်မပြုနိုင်သေးဘူး။ တို့ပြန်ဆိုမှ ...ပြန်ရမယ်။ ဒါ ဆရာတော်အမိန့်ပဲ။ ...အားလုံး ဒီမှာရှိတဲ့ လူတွေ ဘာမေး...ကြမလဲ မင်းတို့ မှန်မှန်ဖြေနော်'

'...ဟုတ်ကဲ့ ဖြေပါမယ်'

...ခင်ပုံးသူနှစ်ယောက်စလုံး ခေါင်း...ညောက်ငုံ့ထားသည်။ ထိုင်နေသူ လူ...တစ်ယောက်မေးသည်။

'...မနက် လှေပြိုင်မှာ တိုးကြီးနဲ့ ဗလ...ဆိုင် ဘယ်လှေနိုင်မလဲ'

'...တိုးကြီးနိုင်မယ်'

'...သေချာလို့လား တော်ကြာ လွဲနေ...မယ်နော်'

'...မယုံရင် မမေးနဲ့ပေါ့ကွ'

...ကွင်းပိုင်ပုံးသူက ခပ်တည်တည်...ပြောသည်။

'...ဒါဖြင့်ရင် နောက်ရက်မှာ ဂန့်အိပ်ရွာ...က ဦးကျော်လေးကျွဲနဲ့ ကုန်းကြီးဖြား...က ဦးမဲကြီးကျွဲ တိုက်ကြမယ်။ ဘယ်ကျွဲနိုင်မလဲ'



◆ ဂန့်အိပ်ရွာလယ်ဘုရား

နောက်တစ်ယောက် မေးပြန်သည်။ တော်တော်နှင့် မဖြေသေး။ ဆရာလေး ရွှေလှော်မှ ညာလက်ကို မြှောက်ပြီး...

'ကဲ ဖြောင့်ဖြောင့်တန်းတန်း ဖြေလေကွာ'

'အမယ်လေး ဖြေပါမယ် ဆရာ၊ ရိုက်တော့မရိုက်ပါနဲ့၊ ဦးကျော်လေးကျွဲ ကနတ်စင်မှာအပ်ပြီး နတ်တိုက်ထားတယ်။ ဦးမဲကြီးကျွဲက ဆားကျင်းရွာက အောက်လမ်းဆရာနဲ့ တိုက်ထားတယ်။ ကျော်လေးကျွဲနိုင်မယ်'

'အမယ် မင်းက သိလှချည့်လား၊ ဟုတ်မှလဲ ပြောကွ'

နောက်က မတ်တတ်ရပ်နေသူ လူငယ်တစ်ယောက်က မယုံသလို


www.burmeseclassic.com

www.burmeseclassic.com

လှမ်းပြောသည်။ စတာနောက်တာလည်းဖြစ်နိုင်သည်။ လှမ်းပြောသောလူငယ်သည် ဝင်ပူးနေသော မိန်းကလေးနှင့် သူငယ်ချင်းများဖြစ်သည်ဟု သိရသည်။

ဖမေးလည်းမေးသည်။ ခနဲ့သလိုလှောင်သလို ပြောနေသော လူငယ်ကို တော်တော် မကျေမနပ်ဖြစ်သွားသည်။ သရဲ စိတ်တိုသွားဟန်တူသည်။ ခေါင်းငုံ့ပုဆစ်တုပ်နေရာမှ ဖြုန်းဆို ထိုင်လိုက်သည်။

'မင်း ဘာကောင်လဲ မင်းလုပ်တာ မသိဘူး မှတ်လို့လား'

ကွင်းပိုင်ပူးနေသော မိန်းကလေးဘေးမှ နောက်ထပ် ဝင်ပူးသော မိန်းကလေးဖြစ်သည်။ နောက်ကျောဘက်မှ ပြောသော လူငယ်အား လှည့်ကြည့်ရင်း မကျေမနပ်ပုံစံမျိုး လက်ညှိုးထိုး၍ ပြောတော့သည်။

'သိတာပေါ့ကွ ဟိုတစ်နေ့က မင်း အဖေ တောသွားတာ။ မင်းကို သွားဖို့ ခေါ်တော့ နေမကောင်းဘူးလို့ ညာပြောပြီး ကျန်ခဲ့တယ် မဟုတ်လား၊ ဟင်း... ဟင်း... မနေ့ညနေက လုံးတင်ဆိုတဲ့ ကောင်မလေးကို လူကြီးတွေအလစ်မှာ မင်း ရည်းစားစာ ဝင်ပေးတယ် မဟုတ်လား'

နောက်ဝင်ပူးသည့် အကောင်က အကုန်သိနေသည်။ ဟောတာမှန်နေပုံရသည်။ ထိုလူငယ်မှာ အိမ်ပေါ်မှ ချာခနဲ လှည့်ထွက်ပြေးသွားတော့သည်။ အကြောင်းမှာ သူ စာပေးသော လုံးတင်ဆိုသော ကောင်မလေးမှာ ဘေးမှ ကွင်းပိုင်ပူးနေသော ကောင်မလေးဖြစ်သည်။ အပြန်လမ်းတွင် သူတို့ကို ပြန်ပို့သော ကိုထွန်းကြည်မှ ပြောပြသည်။ ဖိုးမှက်မှ ဆက်မေးသည်။

'မင်းတို့က ဘာလာလုပ်တာလဲ'



ညောင်ပိုင်းကုန်းရွာကျောင်း

'သူခေါ်လို့ လိုက်လာတာပါ။ သူက ခဏလေးဆိုပြီး ခေါ်လို့ပါ'

'ဒါဖြင့် မင်းတို့က ဘယ်မှာနေတာလဲ'

'ဒီကွင်းစပ်က အပင်ကြီးမှာပါ'

'အဲဒီအပင်ကြီးအောက် သွားတဲ့ လူတွေကို အနှောင့်အယှက်ပေးသေးလား'

'အပင်အောက်လာပြီး မစင်စွန့်တာတို့၊ ဆီးသွားတာတို့ လုပ်ရင်တော့ မှတ်လောက်သားလောက် လုပ်ပါတယ်'

'နောက်ကို ဘယ်သူ့ကိုမှ မနှောင့်အယှက်ပါနဲ့ ပြန်ချင်ပြီလား'

တော်တော်နှင့် မပြောသေး ခေါင်းအောက်ငုံ့နေကြသည်။ ဆရာရွှေလှော် ဝင်ရတော့သည်။ ညာလက်ကို ဟန်ပြင်ရင်း...

'ကဲ ပြောလေကွာ နောက် ဘယ်သူမှ မနှောင့်ယှက်နဲ့၊ ပြန်ချင်ပြီလား'

'ဟုတ်ကဲ့ပါ ဆရာလေး နောက် ဘယ်သူမှ မနှောင့်ယှက်တော့ပါဘူး။ အခု သွားပါရစေ'

'ကဲ ဘုရားကို ဦးတိုက် ကောင်းပြီ သွားတော့'

ဆရာရွှေလှော် အမိန့်ပေးလိုက်သည်။ မိန်းကလေးနှစ်ယောက် မျက်နှာကို လက်ဖြင့်အုပ်ရင်း ဘုရားကို ဦးတိုက်သည်။ ထို့နောက် ဦးခေါင်းများ ပြန်ထောင်သည်။ မျက်နှာအမူအရာ ပြောင်းသွားသည်။

သူတို့ ဘာတွေ ပြောခဲ့သည်ဆိုတာကို မသိသလို ဟိုကြည့်ဒီကြည့် ကြောင်ကြည့်နေသည်။ ခန္ဓာကိုယ်တွင်လည်း ချွေးစေးများ ရွှဲနစ်နေသည်။ ဘေးမှ အမျိုးသမီးများ ယပ်တောင် ရှာသူရှာ ချွေးသုတ်ပေးရန် တဘက် ယူသူယူဖြင့် ပျာယာခတ်နေကြသည်။ ဘယ်လိုနေသေးလဲ မေးသူမေးနေကြသည်။ "ခုန ညည်း ဘာတွေ ပြောသလဲ သိလား" ဟု စူးစမ်းသလို မေးနေကြသည်။

အိမ်နောက်ဖေးဘက်က ခွေးများ လိုက်ဟောင်သံ ကြားရသည်။ ခွေးများကျ၍ ဟိုဒီကြည့်နေသော မိန်းကလေးနှစ်ယောက်အား ဘေးမှ အမျိုးသမီးများက ဝိုင်းပြီး ယပ်တောင်ဖြင့် ယပ်ခတ်ပေးကြသည်။ ရေခပ်တိုက်ပေးကြသည်။ ဝိုင်း၍ ပြုစုနေကြသည်။

'အာဏာတည် ဆရာတော် တပည့်

www.burmeseclassic.com

လေးတွေ အားကိုးရလောက်အောင် စွမ်းကြပါတယ်။ ပထမဆရာတစ်ယောက် ကတော့ကွာ အမိန့်ပေးရင်း ကွင်းပိုင်က ထချင်းနဲ့ ဆရာထွက်ပြေးသွားရော ဟ"

အားလုံးက ဝိုင်း၍ ချီးမွမ်းကြသည်။ ဖိုးမှက်ကိုတော့ သူတို့သိနေကြသည်။ သူတို့သုံးယောက် ပြန်ခွင့်ပြုရန် ပြောသည်။ ကထိန်ဒကာ ကိုထွန်းကြည်မှ ကျောင်းသားများကို သူ ပြန်ပို့ပေးမည် ပြောပြီး ဘုန်းတော်ကြီးထံ အရောက် လိုက်ပို့သည်။

ဘုန်းတော်ကြီးသည် အိပ်ရာတွင် ပက်လက်ခါးဆန့်နေသည်။ ကထိန် ဒကာနှင့် ကျောင်းသားများ ဘုန်းတော်ကြီးအနီးတွင် ဝတ်ပြည့်ကြသည်။ ဆန့်ထားသော ခြေထောက်များအား ဝင်နှိပ်ပေးကြသည်။ ကထိန်ဒကာလည်း ဝင်နှိပ်ပေးရင်းဖြင့် ကွင်းပိုင်ပူးသည့်အကြောင်း ဘုန်းတော်ကြီးအား ပြန်ပြောပြနေသည်။

နောက်တစ်နေ့ နံနက်တွင် လှေပြိုင်ပွဲရှိသည်။ မြစ်ကမ်းစပ်ရွာဖြစ်၍ ကမ်းလုံးညွတ် ကြည့်ကြသည်။ တိုက်ဆိုင်မှုလားတော့ မသိ တိုးကြီးနိုင်သွားသည်။

ဂန့်အိပ်ကျောင်း ကထိန်သည် အလွန်စည်သည်။ ဒကာ ဒကာမများ အလှူအတန်း ရက်ရောကြသည်။ နေ့လယ်ပိုင်း စာရေးတံမဲဖောက်ပြီး အလှူပြီးသွားသည်။

## လူမိုက်ကျောက်လုံး

ဘုန်းတော်ကြီးသည် ညနေပိုင်းတွင် အမြူကုန်းကျောင်းသို့ ပြန်ကြွသည်။



ဂန့်အိပ်ရွာလယ်မှ ရှေးဟောင်းခြေတော်ရာ

ဂန့်အိပ်ရွာမှ အပြန်ခရီးသည် သဲကုန်းလမ်းဖြစ်သည်။ ပထမ ဓမင်းစုရွာမှ ညောင်ဝိုင်းကုန်းရွာ၊ ယင်းလွန်လျှင် ကုန်းကြီးဖြားရွာ တစ်ရွာနှင့်တစ်ရွာ ဆက်နေသည်။

ကုန်းကြီးဖြားရွာ အဝင်မှာ ရှေ့မှ လူတစ်စုသည် မျက်နှာချင်းဆိုင် လျှောက်လာနေကြသည်။ လူတွေက အရက်မူးနေပုံရသည်။ ခေါင်းဆောင်ဟု ထင်ရသူအား ဘေးမှ လူများက ဝိုင်းထိန်းနေရသည်။

ဒယိမ်းဒယိုင်ဖြင့် သူတို့လူအုပ် တစ်လမ်းလုံးပြည့်နေသည်။ ဘယ်သူကိုမှ ဂရုမစိုက်သည့် ပုံစံမျိုး ပြောဆို၍ လက်သီးလက်မောင်းတန်း၍ ကြိမ်းဝါးနေပုံရသည်။

မကြုံဘူးသေးသူများနှင့် တစ်ခါတစ်ရံ ရောက်သွားသူများအဖို့ အန္တရာယ်ရှိသော အနေအထားဖြစ်သည်။ သူတို့အဖို့ကတော့ ပုံမှန်ပုံမှန် သွားနေကျလုပ်နေကျ ဖြစ်မည်ထင်သည်။

ဤလူအုပ် လျှောက်လာနေသော လမ်းတောက်လျှောက် ရှေ့နောက် ဝဲယာ လူသွားလူလာ ပြတ်နေသည်။ သူတို့ကို ရှောင်နေကြသည်။ လူမိုက်များဖြစ်မည်။ ယှဉ်၍ မမိုက်လိုသူများက ရှောင်နေကြပုံရသည်။

ဘုန်းတော်ကြီးနှင့် မနီးမဝေး ရောက်လာနေပြီ။ မောင်ဖိုးမှက် သိလိုက်ပြီ။ ဂန့်အိပ်သားများကို မောင်ဖိုးမှက်အားလုံးသိသည်။

'ဟာ အဲဒါ ရွာလူမိုက် ကျောက်လုံးတို့အုပ်စုပဲ မူးနေကြပြီ'

ဒီလူမိုက်ကို ဖိုးမှက်ကြောက်သည်။ ဘုန်းတော်ကြီး ကြားအောင် ပြောလိုက်ခြင်းဖြစ်သည်။ ရွှေလှော်နှင့် ဘိုးသိန်းတို့လည်း ကြားဖူးသည်။

**"မရမ်း ကွက်လိပ် ဇီးဖြူဆိပ် ဂန့်အိပ်ကျောက်လုံး အမိုက်ဆုံး"** စာဆိုရှိသည်။ ဂန့်အိပ်ရွာတွင် ဤလင်္ကာလေးကို အလွတ်ရကြသည်။

မရမ်းဆိုတာက **မရမ်းချောင်းရွာ၊** ကွက်လိပ်ဆိုတာက **ကွက်လိပ်ရွာ၊** **ဇီးဖြူဆိပ်**ဆိုတာက ဂန့်အိပ်ရွာတစ်ဖက်ကမ်း **ဇီးဖြူဆိပ်ရွာ**သည် နယ်မှာတော့ အလွန်နာမည်ကြီး လူမိုက်ဖြစ်သည်။

သူနှင့် မတွေ့အောင် အတတ်နိုင်ဆုံး ရှောင်ကြသည်။ သူ့ခါးတွင် အမြဲတမ်း ဓားမြှောင်တစ်လက် ထိုးထားသည်။ ထိုခေတ်က မြို့နှင့် ဝေးသော တောနယ်များတွင် လူမိုက်များ ကြီးစိုးထားသည်။

အထက်ပါ လင်္ကာအား ဖိုးမှက်ဆိုပြ၍ ကြားဖူးထားကြသည်။ လူသတ်ရမှာ ဝန်မလေးဘဲ ထစ်ခနဲဆို ထိုးသည်



www.burmeseclassic.com

www.burmeseclassic.com

ခွတ်သည် လူသတ်သည် ဆို၏။

သူတို့သုံးယောက်စလုံး ကြောက်နေကြသည်။ ကျောစိမ့်သည်။ ဟန်လုပ်၍ ဘုန်းတော်ကြီးနောက်မှ လိုက်နေရသည်။ လူမိုက်ကျောက်လုံးသည် အရပ်ခပ်ပုပု ကိုယ်လုံးကိုယ်ထည် ခပ်တောင့်တောင့်ဖြစ်သည်။

ဘေးမှ တပည့်များက လမ်းဘေးရှောင်ပေးပြီး ဘုန်းတော်ကြီးအား ထိုင်ကန်တော့ရန် ခွဲထိုင်ပေးသည်။ သူက လက်မခံတပည့်များကိုတွန်းထိုးပစ်သည်။

'ဖယ်ကြစမ်းကွာ'

သူ့တပည့်များက ကြောက်ကြသည်။ လူမိုက်ကျောက်လုံးကို လွှတ်ပေးလိုက်သည်။ သူသည် မနည်းထိန်း၍ ရပ်နေပုံရသည်။ ဘုန်းတော်ကြီးသည် လူမိုက်ကျောက်လုံးနှင့် မျက်နှာချင်းဆိုင် ရပ်လိုက်သည်။

နောက်က ဖိုးမှက်တို့သုံးယောက် ရင်ခုန်နေသည်။ သူတို့ ဆရာကိုတော့ ယုံကြည်သည်။ မြွေတို့ ကျွဲတို့ တိရစ္ဆာန်မျိုးစုံကို သူတို့ဆရာတော် အကြိမ်ကြိမ် နိုင်သည်။ သို့သော် ဒါက လူမိုက် ဖြစ်သည်။

ဘုန်းတော်ကြီးသည် လူမိုက်ကျောက်လုံးကို သေသေချာချာ စိုက်ကြည့်နေသည်။ သူက လမ်းဖယ်မပေးသေး။ တပည့်နှစ်ယောက်သည် လမ်းဘေးတွင် ထိုင်ကန်တော့ကြသည်။

သပြုကုန်းဘုန်းတော်ကြီး ဆိုသည်ထက် (အာဏာတည်)ဆရာတော်ဟု လူသိများသည်။ ဂန့်အိပ်ရွာတစ်ကြောတွင် အာဏာတည်(အာဏာဒီ)ဆရာတော်၏ အာဏာအစွမ်းကို ကြားဖူးကြသည်။

သို့သော် ယခု ထိုဆရာတော်နှင့် တကယ့် လူမိုက်ကျောက်လုံးတို့ ကုန်းကြီးဖြားရွာတွင် မျက်နှာချင်းဆိုင်



ဂန့်အိပ်ကျေးရွာကျောင်းဟောင်း ကျောင်းထိုင်ဆရာတော်

တွေ့နေချေပြီ။ ရွာလမ်း၏ လက်ဝဲလက်ယာ မျက်နှာချင်းဆိုင် အိမ်များမှ လူများ ရင်တဖိုဖိုဖြင့် ကြည့်နေကြသည်။ အိမ်များမှ တစ်ယောက်မှ မထွက်ရဲကြဟန်တူသည်။

'သပြုကုန်းကျောင်း အာဏာတည် ဆရာတော်ပါလားဘုရား'

'ဟုတ်တယ် ဒီက ဒကာကျောက်လုံး ဆိုတာလား'

'မှန်ပါ့ တပည့်တော် ကျောက်လုံးပါဘုရား'

ဘုန်းတော်ကြီးသည် ရှေ့တစ်လှမ်းတိုးလိုက်သည်။ လူမိုက်ကျောက်လုံး၏ ပခုံးကိုအသာ လက်နှင့်ပုတ်လိုက်သည်။

'ဒကာကျောက်လုံး မမူးပါဘူး နဂိုအတိုင်း ကြည်ကြည်လင်လင် ဖြစ်သွားပြီ'

လူမိုက်ကျောက်လုံးသည် ဘုန်းတော်ကြီးအား သေသေချာချာ ကြည့်သည်။ သူတပည့်တွေကို လှည့်ကြည့်သည်။ ဘေးပတ်ဝန်းကျင်ကို ဝေ့ဝိုက်ကြည့်သည်။ လမ်းဘေးမျက်နှာချင်းဆိုင် အိမ်များမှ ထွက်မလာရဲကြ။ ချောင်းကြည့်နေကြသည်။

ကျောက်လုံး အမူအရာ ပြောင်းသွား
သည်။ ချက်ချင်း လက်အုပ်ချီလျက်
လမ်းဘေးနေရာရွေ့ကာ ထိုင်၍
ကန်တော့သည်။ ကျားရဲတစ်ကောင်မှ
ကြောင်ကလေး တစ်ကောင်သဖွယ်
ဖြစ်သွား၏။

'တပည့်တော်တို့ကို ခွင့်လွှတ်ပါဘုရား
တကယ့်သူတော်ကောင်းပုဂ္ဂိုလ်ကို မ
လေးစားလုပ်မိသလို ဖြစ်သွားပါတယ် ဘုရား
တပည့်တော် ခေါင်းထဲမှာ ခုန မူးနေတာ
ဘယ်ရောက်သွားမှန်း မသိတော့ဘူး။ ကြ
ကြည်လင်လင် ဖြစ်သွားတယ်။ အံ့မခန်း
ဘုရား ဒါမျိုး မကြုံဘူးပါဘုရား'

ထပ်ကာထပ်ကာ အကြိမ်ကြိမ် ဦး
ကန်တော့မဆုံး ဖြစ်နေသည်။ အ
အနား အိမ်များမှ လူများ အလျှိုအလျှို
ထွက်လာကြသည်။ ဘုန်းတော်ကြီး
အား ဝိုင်း၍ ကန်တော့ကြသည်။

ကျောက်လုံးနှင့် တပည့်များလည်း
ဝမ်းသာအားရ ပြောမဆုံး ဖြစ်နေသည်
သူတို့ဆရာ အမူအရာမှာ တက
ကြောင်ကလေးပမာ ပြောင်းနေ၍
သည်။

'အားလုံး ကျန်းမာချမ်းသာကြပါစေ

ဘုန်းတော်ကြီး ဆုပေး၍ ဆက်
သွားသည်။ နောက်မှ ဖိုးမှက်တို့ ရင်
ပေါ့သွားသည်။ တစ်ယောက်
တစ်ယောက် တီးတိုးပြောရင်း နောက်
လိုက်သွားကြသည်။ ကျောက်လုံး
တပည့်များ ရွာသူရွာသားများ တ
တသြ ပြောဆိုရင်း ကျန်ခဲ့ကြတော့

**အာဏာတည် ဆရာတော်ဘု**
**ရှိသေစွာ ရှိခိုးကန်တော့ပါ၏။**

**အဘဦးရွှေလှော်၊ အဘဦးဘိုးမ**
**အဘ ဦးဘိုးသိန်းတို့အား ရှိသေ**
**ရှိခိုးကန်တော့ပါ၏။**

**အရပ်၊ ဆရာသိန်း (လပွတ္တာ**



www.burmeseclassic.com

www.burmeseclassic.com

# ရွှေတူးဖော်သူတို့အတွေ့အကြုံ

မင်္ဂလာကျောက် (သို့မဟုတ်) ကျောက်ပုပ်

ချိုတင့်
(ညောင်လေးပင်)


မြန်မာနိုင်ငံသည် ရွှေထွက်သော နိုင်ငံဖြစ်သည်။ ရွှေကြောကြီးများကို ဖင်ခုထိုင်ထားသော နိုင်ငံဟု ဆိုနိုင်သည်။ ရွှေတူးဖော်ခြင်း လုပ်ငန်းများကို ယနေ့ကာလတွင် များစွာ ပြုလုပ်လာကြသည်။

နေရာအတော်များများတွင် ပုံစံအမျိုးမျိုးနှင့် တူးဖော်လုပ်ကိုင်နေသည်။ ကုမ္ပဏီများက စက်ယန္တရားများကို အသုံးပြု တူးဖော်ကြသကဲ့သို့ တစ်ပိုင်တစ်နိုင် တူးဖော်ကြသော ဆင်းရဲသားရွှေသမားများ၏ လက်တွင်းကလေးများလည်း ရှိသည်။

၂၀၁၃ ခုနှစ်၊ နိုဝင်ဘာလအတွင်းက စာရေးသူသည် ဆေးမြင်းခွာဥတက်များကို ဆေးဖော်ခြင်း ပြုနိုင်ရန် **ပဲခူးတိုင်းဒေသကြီး၊ ရွှေကျင်မြို့နယ် မဟာသောင်ဟု**ခေါ်သော တောင်ပေါ်ရွာကလေးမှ မိတ်ဆွေများကို အကူအညီ တောင်းခဲ့ပါသည်။

စာရေးသူ၏မိတ်ဆွေ ဦးပေါ်ဦးတို့ မိသားစုသည် လျှိုမြောင်များ၊ ဥယျာဉ်ခြံမြေများတွင် ပေါက်ရောက်နေသော သိဒ္ဓိဝင် ဆေးမြင်းခွာပင်၏ ဥတက်များကို တူးယူ၍ ဝါးဖောင်များနှင့် တင်ကာ မျှောစုန် သယ်ယူလာခဲ့ကြသည်။

ဆေးမြင်းခွာပင်ဟူသည် မြင်းခွာကဲ့သို့ ရှိပြီး အစွမ်းထက်သော ဆေးဥများ ဖြစ်ပါသည်။ အသက်ရှည်ဆေးဖော်စပ်ရာတွင် အသုံးပြုပါသည်။ သယ်ယူလာသော ဆေးမြင်းခွာဥတက်များမှာ ရွှံ့နွံများ ပေကျံနေသောကြောင့် စင်ကြယ်သွားအောင် ရေနှင့်



ကျောက်ပုပ်ကလေး(၂)ခု (အနီးကပ်ပုံ)

ဆေးကြောရသည်။

ထိုအခါတွင် ဆေးဥ၊ ဆေးမြစ်များကြားမှ ကွမ်းသီးလုံးသာသာ ကျောက်ခဲကလေးနှစ်ခုကို ရရှိပါသည်။

ဝါဖန့်ဖန့် နီကြန့်ကြန့်အရောင် ရှိသော သက်ရင့်ကျောက်ခဲကလေးများ ဖြစ်ကြသည်။ ဦးပေါ်ဦးက ထိုကျောက်ခဲကလေးများ စာရေးသူကို ပြရင်း

**"ဒါကို ကျောက်ပုပ်လို့ ခေါ်တယ်"**


ဟု ပြောပြလေသည်။

'ကျောက်ပုပ်ဆိုတာ ဘယ်လိုအသုံးဝင်လို့လဲ'

ဟု မေးကြည့်မိသည်။


'ကျောက်ပုပ်ဆိုတာ ရွှေသမားတွေအတွက် မင်္ဂလာကျောက်ပဲ။ ကျောက်ပုပ်ကို တွေ့ပြီဆိုရင် အဲဒီနေရာမှာ ရွှေတွေ့ပြီ သေချာပြီ

www.burmeseclassic.com



▲ ကျောက်ပုပ်(၂)ခု (အကြီးချဲ့)

▼ ဦးပေါ်ဦးနှင့် ဒေါ်တင်ရွှဲ့ ဆေးမြင်းခွာဆေးနေပုံ



လို့ ရွှေတူးသမားတွေက အတပ် ပြောနိုင်တယ်'

ဟု ဦးပေါ်ဦးက ရှင်းပြပါသည်။

ကျောက်ပုပ်တို့သည် **ရွှံ့စေးမြေလွှာ (ရွှေသမားတို့က ''ဒုံ''ဟု ခေါ်သည်။)**ပေါ်တွင် ရှိနေတတ်ပြီး ထိုမြေလွှာ၊ မြေဝါ၊ မြေစေးများအောက်တွင် ရွှေမှုန်၊ ရွှေခဲများ တည်နေတတ်သည်ဟု ဆိုသည်။

အချို့သော ကျောက်ပုပ်များတွင် ရွှေမှုန်ရွှေစများ ကိန်းအောင်းနေတတ်၍ ထုထောင်းခြေမွပြီး ကျင်ယူလျှင် ရွှေရနိုင်ကြောင်းသိသည်။

စာရေးသူသည် ဆေးမြင်းခွာဥ တက်များကြားမှ ရရှိလာသော ကျောက်ပုပ်ခဲလေးနှစ်ခုကို ဓာတ်ပုံရိုက်ယူလိုက်သည်။

ကျောက်ပုပ်သည် မင်္ဂလာကျောက်ဖြစ်ပါသည်။ တောတောင် ကန္တာရတွင်း ခရီးသွားသူကို သံလိုက်အိမ်မြှောင်က ခရီးလမ်းညွှန်ပြသကဲ့သို့ ရွှေရှိမည့်နေရာကို ဖော်ပြပေးနိုင်ပါသည်။

**ကျောက်ပုပ်အကြောင်းကို ပြောပြခဲ့သူ မဟာသောင်ရွာမှ ဦးပေါ်ဦး၊ ဒေါ်တင်ရွှဲ့တို့ ဆေးမြင်းခွာများ ရေဆေးနေသောပုံကိုလည်း ဓာတ်ပုံမှတ်တမ်းယူထားလိုက်ပါသည်။**

မင်္ဂလာရှိသော ကျောက်ပုပ်ကလေးများ အကြောင်းကို စာဖတ်သူတို့ သိရှိပြီး သုတပွားများ အသုံးချနိုင်ကြရန် စေတနာကောင်းနှင့် ရေးသားတင်ပြလိုက်ပါသည်။

*(ဦးပေါ်ဦးတို့မိသားစုကို ကျေးဇူးမှတ်တမ်းတင်ပါသည်။)*

*မေတ္တာရှည်လျက်...*

**မျိုးတင့်(ညောင်လေးပင်)**



www.burmeseclassic.com

www.burmeseclassic.com

# သပိုင်းအကျိတ်



## ငွေမကုန်သော ကုနည်း

**နက္ခတ္တရောင်ခြည်မဂ္ဂဇင်း အမှတ် (၃၃၀)၊ ဇန်နဝါရီလ၊ ၂၀၁၄ ခုနှစ်ထုတ် စာမျက်နှာ(၁၄၂)တွင် လည်ပင်းမှ အကျိတ်အဖုအကြောင်း ဆေးနည်းကို သိသူများ ဆေးနည်းကောင်းများရှိလျှင် ဖော်ပြပေးရန် စာကို ဖတ်လိုက်ရသည်။**

ကျွန်မ၏ အဘွားသည် တိုင်းရင်းမြန်မာဆေးဆရာ ဖြစ်သည့်အတွက် အဘွားနှင့် ငယ်စဉ်က အတူနေပြီး ဆေးဖော်ခြင်း လုပ်ငန်းများကို ဝိုင်းကူလုပ်ကိုင်ပေးရင်း ဆေးနည်းပေါင်းများစွာကို ကျွန်မ သိခဲ့ရသည်။

မြန်မာဆေးတစ်မျိုးကို အနည်းငယ် စားကြည့်လိုက်သည်နှင့် ထိုဆေးတွင် ပါဝင်သော ဆေးဖက်များနှင့် ပျောက်သည့် ရောဂါများကို သိနေသည်။

ယနေ့ထိ မြန်မာ့ဆေးဝါးနှင့် ဆေးဖက်ဝင် အသီးအရွက်များနှင့်သာ ဘဝကို ရပ်တည်ခဲ့သည်။ ယနေ့ထိ ဆေးခန်းသွားရခြင်း၊ ဆေးထိုးရခြင်း မရှိဘဲ ဘဝကို ရှင်သန်ခဲ့သည်။

နိုင်လင်းဇော်(ဖျာပုံ)၏ လည်ပင်းအကျိတ်ကိစ္စကို သိသလောက် အကြံပေးချင်ပါသည်။

လည်ပင်းမှ အကျိတ် ဆိုသည်မှာ စလုတ်(ဇလုတ်)ရှိသော ရှေ့တည့်တည့်ကလား၊ ပခုံးနှင့် တစ်တန်းတည်း ဘေးနှစ်ဖက်မှာလား၊ အနောက်ဇက်ပိုးမှာလား သိဖို့ လိုပါသည်။

တစ်လအတွင်းက လည်ပင်းအကျိတ်အဖုဆိုလျှင်တော့ ကုသရန်ရောဂါ မရင့်သေး၍ လွယ်ကူပါသည်။ ကင်ဆာ မဖြစ်နိုင်ဟု ယူဆပါသည်။

အရှေ့စလုတ်(ဇလုတ်) နေရာတွင် ဖြစ်ပါက အိုင်အိုဒင်းချို့တဲ့၍ဖြစ်ခြင်းနှင့် အဆီကျိတ်လည်း ဖြစ်နိုင်ပါသည်။ ဇာတိပ္ဖိုလ်သီး အဆန်ကို သွေးလူး၍ လှစ်ပိုပုလင်းတွင် ရေနွေးအပူ ခံနိုင်ရုံဖြင့် လိမ့်ပေးခြင်းဖြင့် (၂)ပတ်, (၃)ပတ် အတွင်း သက်သာပျောက်ကင်းသွားနိုင်ပါသည်။

မောရိယမန်းဆေးဖြင့်လည်း လူးနိုင်ပါသည်။ ဆေးလူးပြီး ရေနွေးဖြင့် လိမ့်ပါ။ လည်ပင်း၏ ဘေးနှစ်ဖက် အနောက်ဇက်ပိုးတွင် အကျိတ်ဖြစ်ပါက ထိုအကျိတ်လုံးသည် မာနေလား၊ လက်ငါးချောင်းဖြင့် အကျိတ်ကို ဆွဲထုတ်၍ မြဲစွာ ကိုင်ပြီး လှုပ်ပေးပါ။

ထိုအကျိတ်သည် ခိုင်မနေဘဲ လှုပ်၍ ရွေ့လျားလာသည်ဆိုလျှင်တော့ အမြစ် မတွယ်သေးသည့်အတွက် ကု၍ ပျောက်နိုင်ပါသည်။

အကယ်၍ လှုပ်၍ မရဘဲ ခိုင်နေသည်ဆိုလျှင်တော့ အမြစ်တွယ်နေခြင်း ဖြစ်ပါသည်။ သို့သော်လည်း ဘာမှ စိတ်မပူပါနှင့် ထိုအကျိတ်လုံးကို လက်ငါးချောင်းဖြင့် ထိထိမိမိ ဆွဲကိုင်ပြီး လှုပ်နေ နှဲနေပေးပါ။ မိမိကိုယ်တိုင်လည်း လုပ်နိုင်သည်။ အခြားတစ်ယောက်က လုပ်ပေးလည်း ရပါသည်။

"ကပ္ပိယံ ကရောဟိ၊ ကပ္ပိယံ ဘန္တေ"
ရွတ်၍ နှဲပေးပါ။

"ဉုံ ဖုဿ လောကမေ့ဟိ၊ စိတ္တံ ယဿ နကမ္ပတိ အာသောကံ ဝိရဇံ ဉုံ ခေမံ"
ရွတ်ဆို၍ နှဲပေးပါ။

သစ်ပင်တစ်ပင်၏ အမြစ်ကို နှဲပေးလျှင် ထိုအပင်သည် မကြာမီ သေသွားသကဲ့သို့ သဘော သက်ရောက်သည်။ အမြစ်နုတ်ကုနည်း ဖြစ်သည်။

ဆေးပညာ လိုက်စားသူများတွင် **မိုးကြိုးသွား** ရှိတတ်ပါသည်။ အထက်ပါ ဂါထာဖြင့် ရွတ်၍ မိုးကြိုးသွားဖြင့် အကျိတ်ရှိနေသော နေရာကို ခုတ်ပေးပါ။

ကင်ဆာ ဆိုသည်မှာ နှစ်နှင့်ချီ၍ ခိုင်မြဲ အမြစ်တွယ်ပြီးမှ နာကျင်ခံစားရသောအခါ ရောဂါ လွန်နေပြီဖြစ်သည်။

ကင်ဆာအကျိတ်သည် မြင်သာထင်သာသောနေရာ အရေပြားပေါ်တွင် အဖုအကျိတ်သည် ကုသရ လွယ်ပါသည်။ ငွေမကုန်သော အမြစ်နုတ်ကုသနည်းဖြင့် အရင် စမ်းသပ်ကုသကြည့်ပါဦး။

တစ်လအတွင်း မထူးခြားပါက အဆင့်မြင့် တခြားတစ်နည်း ရှိပါသေးသည်။

ယခုပေးသော နည်းဖြင့် ကျွန်မကိုယ်တိုင် (၂၁)ရက်နှင့် ပျောက်ကင်းခဲ့ဖူးပါသည်။

နား နားခေါင်း လည်ချောင်း အထူးကု ဆရာဝန်ကြီး၏ ညွှန်ကြားမှုဖြင့် ဆေးရုံတက်ခွဲစိတ်ရန် ဆေးရုံပေါ်ရောက်ပြီးမှ မခွဲစိတ်ရဲတော့ဘဲ ဆေးရုံမှ ခိုးဆင်းပြီး ဤနည်းဖြင့် ပျောက်ကင်းခဲ့ပါသည်။

ကျွန်မ၏ လည်ပင်းစလုတ်(ဇလုတ်) အရှေ့တည့်တည့်မှာ ဖြစ်ပေါ်လာသော အကျိတ်ဖြစ်သည်။

အနှစ်(၂၀)ကျော်ပြီ ပြန်မဖြစ်တော့ဘဲ လုံးဝ ပျောက်ကင်းသွားပါသည်။ ကျွန်မ တနင်္လာသမီး စနေဂြိုဟ်ထဲ အဝင်မှာ ဖြစ်သည်။ ယတြာချေခြင်း၊ ဘာသာရေးကို ဖိလုပ်ခြင်းတို့လည်း ပါပါသည်။

မိမိ၏ ကျရောက်ဆဲ ဂြိုဟ်အိပ်ဂြိုဟ်စားများကိုလည်း တွက်ချက် ယတြာချေပေးပါဦးဟု တိုက်တွန်းချင်ပါသည်။

***ကောင်းကျိုး လိုရာဆန္ဒ ပြည့်ဝကြပါစေ။***

**ခင်ခင်ဝင်း(*မောရိယ*)**

www.burmeseclassic.com

► ကြော်ငြာဆောင်းပါး ◄

မှတ်ပုံတင် - ၀၁၁၄၅၀၀၈၇၃၆ လိုင်စင် ၇၂၀၁၁၊ တဆယလတိုး (၁၃၁၂)

နှလုံးရောဂါ ကင်းဝေးအောင်

# မုံရွာဆရာမိုး

အမှတ်တံဆိပ်

# အမောလုံ နှလုံးအားဆေးကိုဆောင်

" ဆရာကိုယဉ်တင့်နဲ့ တွေ့ချင်နေတာ အတော်ပဲ။ ခုတလော အသက်ရှူကျပ်ပြီး မောတယ်ဗျာ။ ညဘက်လည်း အိပ်မပျော်ဘူး။ တစ်ခါတစ်ရံ နှလုံးခုန်ရောက အောင့်တယ်။ ကိုယဉ်တင့်က တိုင်းရင်းဆေး သုတေသီဆိုတော့ ကျွန်တော့်ရဲ့ ဝေဒနာကို ဆန်းစစ်ပါဦး "

" ကိုချစ်ဆွေ ခံစားနေရတာ နှလုံးရောဂါပါ။ နှလုံးရောဂါဟာ ကံ၊ စိတ်၊ ဥတု၊ အာဟာရဆိုတဲ့ သမုဋ္ဌာန်လေးပါး ညီညွတ်မျှတအောင် နေထိုင်စားသောက်မှုမရှိတဲ့အတွက် ဖြစ်ရတဲ့ရောဂါပါ။ အထူးသဖြင့် စိတ်ကြောင့် ဖြစ်ရတာများပါတယ်။ လောဘ၊ ဒေါသ၊ မောဟ လွန်ကဲတဲ့သူတွေ ပရိဒေဝမီးတောက်လောင်ပြီး၊ နှလုံးအိမ်ကို လောင်မြိုက်တဲ့အတွက် နှလုံးရောဂါဖြစ်စေတာပါ "

" နှလုံးရောဂါဟာ စိတ်ကြောင့်ဖြစ်ရတယ်ဆိုတာ လက်ခံပါတယ်။ ဆက်ပြောပါဦး "

" နှလုံးဟာ မွေးဖွားသည်မှ အသက်ရှင်နေသမျှကာလပတ်လုံး နေ့၊ ညမပြတ် အလုပ်လုပ်ရတဲ့ ခန္ဓာကိုယ်တွင်းက သက်စောင့်စက်ယန္တရားတစ်ခုပါ။ နှလုံးရောဂါ ခံစားနေရတာမသိဘဲ သန္ဓေပါတ်နှလုံးရောဂါဖြစ်လာပြီဆိုရင် ညဘက် အိပ်မပျော်ခြင်း၊ မူးခြင်း၊ မောခြင်း၊ အစားအသောက်ပျက်ခြင်း၊ ပူခြင်း၊ အသက်ရှူကျပ်မောခြင်း၊ နှလုံးနေရာမှ အောင့်ခြင်း၊ ခြေဖျားလက်ဖျားအေးခြင်း၊ ဘယ်သူမှ စကားမပြောဘဲ စကားပြောသံကြားရခြင်း(စိတ်မှ ထင်မှတ်ခြင်း)၊ နှလုံးနေရာမှာ အပ်နဲ့ ထွသလို နာကျင်ခြင်း၊ လက်သည်းခွံအရောင်မမှန်ခြင်း၊ လက်သည်းများ ပြာ နှမ်းလာခြင်း၊ အိပ်နေရင်း ကယောင်ကတမ်းပြောခြင်း၊ သွေးစမ်းကြည့်ပါက သွေးတိုးမမှန်ခြင်း၊ နှလုံးနေရာ အောင့်နေခြင်း၊ တစ်ကိုယ်လုံး အေးစက်နေခြင်း၊ လေးလံနေခြင်းစတဲ့ လက္ခဏာတွေ ဖြစ်တတ်တယ် ကိုချစ်ဆွေ "

" ကိုယဉ်တင့် ပြောခဲ့တဲ့ နှလုံးရောဂါလက္ခဏာတွေထဲက ကျွန်တော် ခံစား နေရတဲ့ အချက်သုံးမျိုးနဲ့ တူတယ်ဗျ။ ဒါဆို ဘာဆက်လုပ်ရမှာလဲ "

" ကိုချစ်ဆွေ ခံစားနေရတာ ဘယ်လောက်ကြာပြီလဲ။ ဖြစ်တာ မကြာသေးဘူးဆိုရင် ဆေးစားရုံနဲ့ သက်သာပျောက်ကင်းနိုင်ပြီး ရောဂါ သက်ကြာရင်တော့ ဆေးရုံဆေးခန်းပြရမှာပေါ့ "

" ကျွန်တော် ခံစားနေရတာ ဆယ်ရက်၊ ဆယ့်ငါးရက်လောက်ပဲ ရှိသေးတယ် "

" ဒါဆိုရင် ဆေးစားရုံနဲ့ သက်သာပျောက်ကင်းနိုင်ပါတယ် "

" သက်သာပျောက်ကင်းဖို့ဆိုရင် ဘယ်ဆေးစားရင် ကောင်းမယ်ဆိုတာ ကိုယဉ်တင့် ညွှန်ပြပေးပါဦး "




" သမားတော်ကြီး မုံရွာဆရာမိုးကိုယ်တိုင် ကုသအောင်မြင်ခဲ့တဲ့ **မုံရွာဆရာမိုး အမှတ်တံဆိပ် အမောလုံနှလုံးအားဆေး** သောက်ရင် ကိုချစ်ဆွေ ခံစားနေရတဲ့ နှလုံးရောဂါဟာ အချိန်တိုအတွင်း သက်သာပျောက်ကင်းသွားမှာ သေချာပါတယ် "

" ဒါဆို မုံရွာဆရာမိုး အမှတ်တံဆိပ် အမောလုံ နှလုံးအားဆေးသောက်မယ်ဗျာ။ ဆေးအညွှန်းကို သိပါရစေ "

" ကဲ ကိုချစ်ဆွေ နားထောင်ပြောပြမယ်။ အညွှန်းက နှလုံးသွေးကြောကျဉ်းခြင်း၊ ကျယ်ခြင်း၊ ရင်ညွှန့်၌ ဗူး၍ အောင့်ခြင်း၊ အသက်ရှူမဝခြင်း၊ အသက်ရှူကျပ်ခြင်း၊ သွေးတိုးခြင်း၊ ကျောနှင့်ရင် ညှပ်အောင့်ခြင်း၊ နှလုံးတုန်ရင်ခုန်မောပန်းနွမ်းနယ်ခြင်း၊ နှလုံးအားနည်းခြင်း၊ ရောင်ခြင်း၊ အနည်းငယ်လှုပ်ရှားရုံဖြင့် မောပန်းခြင်း၊ ချွေးထွက်လွန်၍ နှလုံးခုန်မမှန် မောပန်းခြင်း၊ မူးဝေခြင်း၊ စိတ်ဖိစီးမှုများ၍ အိပ်မပျော်၊ စားမဝင်၊ စိတ်မကြည်ခြင်း၊ အားအင်ကုန်ခမ်းစိတ်မရွှင်လန်းခြင်းတို့အတွက် သုံးစွဲနိုင်တယ်တဲ့ "

" ကိုယဉ်တင့် ညွှန်မှတော့ မုံရွာဆရာမိုး အမှတ်တံဆိပ် အမောလုံ နှလုံးအားတိုးဆေးဟာ ဆေးစွမ်းကောင်းတစ်လက်ဖြစ်တာ သေချာတယ်။ သောက်မယ်ဗျာ။ အဲဒီဆေးကို ဘယ်ဆိုင်တွေမှာ ဝယ်ရင်ရနိုင်မှာလဲ "

" အဆီကျ၊ အကြောပြေ၊ ဆီး၊ ဝမ်း မှန်စေတဲ့ မုံရွာဆရာမိုးရဲ့ ရှောက်တစ်လုံး ဝမ်းမှန်ဆေးဟာ တိုင်းသိပြည်ကျော်ဖြစ်ပြီးသားမို့ အထူးညွှန်းစရာမလိုတဲ့ ဆေးဖြစ်ပြီး ခုအသစ်တဖန် ထုတ်လုပ်လိုက်တဲ့ မုံရွာဆရာမိုး အမှတ်တံဆိပ် အမောလုံ နှလုံးအားဆေးကိုလည်း မြန်မာ့ဆေးမျိုးစုံ ဖြန့်ချိရေးဆိုင်ကြီးများမှတစ်ဆင့် ဝယ်ယူရရှိနိုင်ပါတယ်။ ကဲ ကိုချစ်ဆွေ ယုံယုံကြည်ကြည် သောက်ကြည့်လိုက်စမ်းပါ။ ခင်ဗျား ခံစားနေရတဲ့ နှလုံးရောဂါဝေဒနာဟာ သက်သာပျောက်ကင်းသွားမှာ သေချာပါတယ် "

ရန်ကုန်မြို့၊ မန္တလေးမြို့နှင့် မုံရွာမြို့၊ မော်လမြိုင်မြို့ရှိ မြန်မာ့ဆေးမျိုးစုံ ဖြန့်ချိရေးဆိုင်ကြီးများမှတစ်ဆင့် တစ်ပြည်လုံး ဖြန့်ချိပေးနေပါပြီ။

ပင်ရင်း

**မုံရွာဆရာမိုး တိုင်းရင်းဆေးဝါးထုတ်လုပ်ရေး၊**

အမှတ်-(ဈ/၃၅၆)မေတ္တာသီလမ်းကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊

ရန်ကုန်မြို့။ ဖုန်း၀၁-၆၉၁၀၇၉၊ ၀၉-၅၁၀၀၆၃၂


ဖြောင်းဖြူ မောင်ယဉ်တင့်

www.burmeseclassic.com

ရန်မာန် ကင်းစေသည့် ကောလင်းနယ်မှ

# အောင်နိုင်မိတ်ဆောင် ခမောက်တောင် (၆)

ထက်မင်းကျော်စွာ



◆ ရသေ့ဦးစီရုပ်တု

**ယခင်လမှ အဆက်**

တစ်နေ့ လင်းကြက်တွန်သည့်အချိန် ...နေ့တွင် ကျော်ဇေယျာရပ်ကွက်နေ **ဦးအောင်တိုး** (အသက် ၇၀နှစ်ခန့်)၊ မြောက်အင်းရပ်နေ **ကိုကျော်လွင်** (အသက် ၅၀ခန့်)တို့နှင့် မိတ်ဖွဲ့သိကျွမ်း၍ ...က်ဖက်ရည်ဝိုင်းဖွဲ့မိရာမှ ရသေ့ဦးစီ၏ ...လွှန်စတစ်ခု ကောက်ရလေသည်။

ဦးစီသည် မန္တလေးတွင် နေထိုင်ရာမှ ၁၃၀၀ ပြည့်နှစ် မတိုင်မီတွင် ကောလင်း မြို့ တောင်အင်းရပ်ကွက်သို့ ပြောင်းရွှေ့ ရောက်ရှိကာ တိုင်းရင်းဆေးဆရာ အဖြစ် ဝေဒနာရှင်များကို ကုသကယ်မ ပေးခဲ့ရာ လူအများ ကြည်ညိုအားထား ရသည့် (တိုင်းရင်းသမားတော်) ဗိန္ဓော ဆရာတစ်ဆူ ဖြစ်ခဲ့သည်ဆို၏။

ထို့နောက် ဒုတိယကမ္ဘာစစ်အပြီး ၁၃၀၆–၁၃၀၇ ခုနှစ်ခန့်တွင် မြောက်အင်း ရပ်သို့ ပြောင်းရွှေ့သွားခဲ့သည်။

လွတ်လပ်ရေးရပြီး (၁၃၀၉ခုနှစ်၊ ပြာသိုလဆန်း၊ ၉ ရက်နေ့) နောက်ပိုင်း တွင် ခမောက်တောင်ပေါ်၌ ပန်းတင် ...သား ဦးချီတည်ထားသော (၉) ဆောင်ပြည့်စေတီသည် ငလျင်ဒဏ် ကြောင့် ပြိုပျက်လေသည်။

ထိုအခါ ဤစေတီ ပြိုပျက်လျှင် ...မွမ်းမံ တည်ဆောက်ပါမည်ဟု ...သား ဦးကောက်အား ကြိုတင် ...ဝတ် ပြုထားသဖြင့် ဦးစီသည် ...ဦးရွှေလူ၊ ဗန်းမော်အောင်တို့နှင့် တိုင်ပင်၍ ပုပ္ပားတောင် အဘအောင် မင်းခေါင်ထံ လျှောက်ထားရန် လူလွှတ် စေခိုင်းကြသည်။

အဘအောင်မင်းခေါင်က [illegible]

www.burmeseclassic.com



▲ ရောင်တော်ပြန် မတ်ရပ်တော်

စိန်ဖူး၊ စီးကာရက်ဘုရားခွံ၊ မီးခြစ်ဘူးခွံတို့ ပေး၍ **"ပုလင်းစိန်ဖူး"**တင်ပါဟု မိန့်မှာလေသည်။

**"ပယင်း"**စိန်ဖူးကို ပုလင်းဟူ၍ အဘအောင်မင်းခေါင် နှုတ်ထွက်စကားရှိသည်မှာ **ယနှင့်လ** နံတူဖြစ်ကာ **ပါပဓာတ်လင်းစေရန်** (၃၆)တောင် ပါပနဝင်းဆောင် စေတီတော်ကြီး ပွင့်ထွန်းစေရန် အမှာတော်ရှိသည်ဟု ရသေ့ဦးစီက ကောက်ယူဆ၍ ဘိုးတော်ဘုရား(အဘအောင်မင်းခေါင်)၏ ဝရဖိန် ရောင်လျှံဟု အမြွတ်တနိုး ပူဇော်ထား၏။

၁၃၁၂ခုနှစ်၊ ခမောက်တောင်ထက် စေတီတည်ပြီးသော်လည်း ထီးမတင်ချန်ရစ်ခဲ့၏။ မည်သည့်အချိန်ကာလတွင် ဤစိန်ဖူးတော်ကို တင်လှူပါဟု မိန့်မှာစကားမပါရှိသည့်အပြင် စီးကာရက်ဘူးခွံမှာ မြင်းစီးရုပ်ပါ ပိုလိုစီးကာရက်ဖြစ်သည်။

မရပ်နား ပြေးလွှားခြင်းသဘောဆောင်နေသည်။ မီးခြစ်ဘူးခွံတွင်ကား နတ်သမီးရုပ်ပါ၏။ အမျိုးသမီးဦးဆောင်သောကာလ (သို့မဟုတ်) သောမနဝင်းဆောင် (၇၂)တောင်အမြင့် ဖိနပ်တော်အောင်မြင်သောကာလတွင်မှ ထီးတင်ရန်ဖြစ်သည်ဟု ယူဆလေသည်။

တည်ပြီးသော ခမောက်တောင်ထက် ကျောက်ထီးစေတီသည် **"ကျောက်ထီးတန္တု အလေးပြု"** ဆိုစကားနှင့်အညီ အထက်အညာ ကောလင်းနယ်ဝန်းကျင်မှ လာရောက်ပူဇော် ကုသိုလ်ပြုကာ သာသနာတော်အဓွန့်ရှည်ကြာ ပြန့်ပွားစေရေးရည်သည်။

စေတီ၌ သရီရဓာတ်တော်များအပြင် ရွှေသားအစစ် အုတ်လေးချပ်လည်း ဌာပနာပြု ပူဇော်ထားသည်ဟု သိရသည်။ **(ကာယကံရှင်တို့၏ ဆန္ဒအရ ထိုသူနှစ်ဦး ဓာတ်ပုံများ မဖော်ပြနိုင်ခဲ့ပါ။)**

## ဗန်းမော်အောင်မှတ်တမ်းမှ

ဗန်းမော်အောင်ဆရာကြီး ဦးထွန်းအောင်၏ သာသနာပြု ခရီးစဉ်မှတ်တမ်း။ [လှရွှေ (ဟိုပင်)ရေးသားသည်။] စာအုပ်မှ ရသေ့ဦးစီနှင့် ခမောက်တောင်စေတီအကြောင်း ထုတ်နုတ်ဖော်ပြပါမည်။

ပါရမီရှင် သူတော်စင်ရသေ့ဦးစီအား အထက်ပုဂ္ဂိုလ်များက ကောလင်းမြို့ ခမောက်တောင်တွင် ဘုရားတည်ရန် အမိန့်ဝင်စေသဖြင့် ၁၃၀၅ခုနှစ်တွင် မိသားစုနှင့်အတူ ရောက်ရှိလာကာ **ရသေ့ဣန္ဒာစက္က**ဘွဲ့မည်ဖြင့် နယ်လှည့်လေ့လာခဲ့သည်။

ခမောက်တောင်ပေါ်တွင် ဗန်းတင်ရွာက ဦးချိုက ကိုးတောင်ပြည့်ဘုရား

www.burmeseclassic.com

တည်ထားကြောင်း သိရသဖြင့် သွား ရောက်တွေ့ဆုံရာ ဦးချီ ကွယ်လွန်ပြီး ဖြစ်၍ သား ဦးကောက်က လက်ရှိ ဘုရား ပြိုပျက်ပါက ပြုပြင်နိုင်ကြောင်း ခွင့်ပေးသည်။

၁၃၀၉ခုနှစ်၊ မြန်မာပြည် လွတ်လပ် ရေးပြီးချိန်တွင် မြေလျှင်ဒဏ်ကြောင့် ခမောက်တောင်မှ မူလ ကိုးတောင်ပြည့် ဘုရား ပြိုပျက်သည်။ ရသေ့ဦးစီ၊ ဆရာ ဦးရွှေလု၊ ဗန်းမော်အောင် ဆရာကြီးတို့ သုံးဦး တိုင်ပင်ကာ ခမောက်တောင် ဘပ်ကျော်စေတီတည်ရန် ပုပ္ပါးတောင် ရှိ အဘအောင်မင်းခေါင်ထံသို့ ဗန်းမော် အောင်၏တပည့် ဦးထိန်အား စေလွှတ် လျှောက်ထားစေသည်။

အဘအောင်မင်းခေါင်က ဓာတ် တော်များနှင့်အတူ စေတီတွင် ဌာပနာပြုရန် ပစ္စည်း အလိုအလျောက် ရောက်လာမည်ဟု အမှာစကား ပါး လိုက်သည်။ ၁၃၁၁ခုနှစ်မှစ၍ စေတီ တည်ဆောက်ခဲ့ရာ စေတီဌာပနာ ပိတ်မီတွင် ကောလင်းမြို့ အနောက် (၂)မိုင်ကွာ ကျောက်ကာရွာမှ **ရွှေအုတ် ခဲချပ်** ရောက်ရှိလာသည်။

ကျောက်ကာရွာမှ ဦးဘိတ်စော့၊ ဒေါ်စောမြတို့က ရွှေလုံချောင်းအတွင်း ရှာရာမှ ရရှိသော ရွှေအုတ်များဖြစ် သည်။ တစ်ချပ်လျှင် (၉)ပိဿာ၊ (၄)ချပ်ပေါင်း **(၃၆)ပိဿာ**ရှိသည်။

ဘာယက်ရှင်များ ကွယ်လွန်ပြီး နောက် ခမောက်တောင်စေတီတွင် ဌာပနာပြု လှူဒါန်းပါရန် အကြိမ်ကြိမ် အိပ်မက်ပေးသဖြင့် သားသမီးများက ဝိုက်နှစ်ပါးအား ရည်စူးလှူဒါန်းခြင်း ဖြစ်သည် ဆို၏။

သို့ဖြစ်၍ ၁၃၁၂ခု၊ နှစ်မကူးမီ ရက် အလို စေတီတည်ချိန် (၂၄)ရက်ဖြင့် ဘုရားတည် အနေကဇာတင် အောင်



လက်ဝဲဘက်မှ သိကြားရုပ်

မြင်သည်။

***(လှရွှေ(ဟိုပင်) ရေးသားသည့် ဗန်းမော်အောင်ဆရာကြီး ဦးထွန်း အောင်၏ သာသနာပြု ခရီးစဉ်မှတ် တမ်းစာအုပ်၊ စာမျက်နှာ ၁၃၃-မှ ၁၄၄ အတွင်း ဖတ်ရှုနိုင်ပါသည်။)***

အဆိုပါစာအုပ်တွင် ၁၃၁၂ခု၊ နှစ်မကူးမီ (၂၄)ရက်နှင့် ဘုရားတည် အနေကဇာတင် အောင်မြင်သည်ဟု ဖော်ပြသော်လည်း ဦးစီကိုယ်တိုင် ရေးသား၍ ၁၃၁၃ ခုနှစ်တွင် ထုတ်ဝေ သည့် **အရိယာဝိဇ္ဇာမဟာဒွိကျမ်း စာမျက်နှာ (၄၀)**တွင် ၁၃၁၂ခုနှစ်၊ ပြာသိုလပြည့်ကျော် (၁)ရက်နေ့တွင် အောင်မြင်ပြီးစီးကြောင်း၊ ရာသီစက်၊ ဟောရစ်၊ တြင်း၊ နက္ခတ်စီးများဖြင့် တိကျစွာ ဖော်ပြထားသည်။

ထို့အပြင် ရသေ့ဦးစီသည် ကောလင်း သို့ ၁၃၀၅ခုနှစ်ခန့်၌ ရောက်ရှိသည်ဟု ဖော်ပြသော်လည်း ၁၃၀၀ ပြည့်နှစ်တွင်



www.burmeseclassic.com

www.burmeseclassic.com

ထုတ်ဝေသည့် လောကသိပ္ပ ဝိဇ္ဇာ အလင်းပြကျမ်း၌ **"ကောလင်းမြို့၊ တောင်အင်းရပ်၊ ပင်စင်အငြိမ်းစား ဆေးဆရာကြီးဦးစီ"**ဟူ၍ ရေးသား ထား၏။

ကောလင်းမြို့ တောင်အင်းရပ်သို့ ၁၃၀၀ ပြည့်နှစ်တွင် ရောက်ရှိနေပြီ ဖြစ်ကြောင်း သိရသည်။ ထို့နောက် မြောက်အင်းရပ်သို့ ပြောင်းရွှေ့သွားရာ ယခုအခါ ထိုမြေကွက်၌ မြေးတော်သူ ဒေါ်အေးကြည် နေထိုင်လျက် ရှိလေ သည်။


အဆိုပါ **လောကသိပ္ပဝိဇ္ဇာအလင်း ပြကျမ်း**အဖွင့်တွင်...

'ရသေ့ဦးအောင်ကျမ်း၊ ရေတိမ် ဆရာကျမ်း၊ တောင်ဘီလူးကျမ်း၊ ဣန္ဒာ စရိယကျမ်း၊ လောဟဒီပနီ ဝိဇ္ဇာမိုရ် ကျမ်း၊ လေးထပ်ဆရာတော်ကျမ်းတို့ နှင့်တကွ လောကီကျမ်းပေါင်း (၄၀)တို့ ကို ပညာပေါက် ဆရာကြီးများထံတွင် (၁၅)နှစ်မျှ သင်ကြားမှတ်သားခဲ့ရာ...

မိမိကဲ့သို့ ရှာမှီးကြသော သူတော် ကောင်းအပေါင်းတို့ လောကီပညာရပ် များကို ဟုတ်မှန်သည့်အတိုင်း သိကြ ပါစေခြင်းအကျိုးငှာ မိမိကိုယ်တွေ့ ယထာဘူတဉာဏ်ဖြင့် ရေးသားထား ကြောင်း ဖော်ပြထားသဖြင့် ဦးစီ၏ လောကီပညာလိုက်စားမှု အခြေအနေ ကို သိရသည်။

ယင်းအပြင် ခန္ဓာအာယတနသစ္စာ၊ မဂ္ဂင်ရှစ်ပါးဒေသနာ၊ ပဋ္ဌာန်းအဘိဓမ္မာ အလင်းပြ၊ သမထဝိပဿနာကျင့်စဉ် စသည့် စာအုပ်များလည်း ရေးသားခဲ့ သဖြင့် လောကုတ္တရာ၌လည်း အတိုင်း အတာတစ်ခုအထိ ခရီးပေါက်ခဲ့သည် ဟု ယူဆဖွယ်ရှိ၏။

ဦးစီသည် စာအုပ်ပေါင်း (၁၅)အုပ် ထက်မနည်း ရေးသားထုတ်ဝေခဲ့



တောစီညောင်ပင်

ကြောင်း သိရသည်။ ထိုစာအုပ်အားလုံး ကို လေ့လာနိုင်ပါက ဦးစီ၏ ဘဝဖြစ်စဉ် ကို ပိုမိုပြည့်စုံစွာ သိရှိနိုင်ပေမည်။ သွေးသားရင်းဖြစ်သော ဒေါ်အေးကြည် အား မေးမြန်းကြည့်ရာ ဤသို့ ဖြေ၏။

'အဘိုးရေးခဲ့တဲ့ စာအုပ်အားလုံးကို သေသေ ချာချာ သိမ်းထားခဲ့ပါရဲ့ ရည်ရည်မွန်မွန်ရှိတဲ့ လူတစ်ယောက်က ငှားပါရစေ ပြန်ပေးပါမယ် ဆိုတာနဲ့ ငှားလိုက်တာ၊ ပြန်လဲမပို့ သွား

တောင်းတော့လဲ စာအုပ်ကို တွေ့ပေမ... သမီးတွေက အဖမရှိလို့ မပေးဝံ့ဘူး ပြော... တယ်။

နောက်တစ်ခေါက် သွားတောင်းတော့... ပြောင်းသွားကြပြီတဲ့။ ဒါကြောင့် ရေး... ကလေး မိတ္တူကူးပြီး သိမ်းထား... လေးငါးအုပ်ပဲ ရှိပါတယ်'

အောင်သိဒ္ဓိရက္ခာန်းစင်ဆောင်ဟု ခေါ်... ဝေါ်ကြသည့် ...ပတ္တရာမြို့နယ်...

www.burmeseclassic.com

ရက္ကန်းစင်တောင်ထက် အောင်မြေ ကျောက်တိုင်အနီးရှိ တန်ဆောင်း အတွင်း၌ ပါရမီကျင့်စဉ်စခန်း ပေါက် မြောက်ကြကုန်သော ပုဂ္ဂိုလ်များ၏ ဓာတ်ပုံကားချပ်ကြီး ချိတ်ဆွဲထားရာ ကုန္ဒာစက္ကရသေ့ခေါ် ဦးစီ၏ပုံလည်း ပါဝင်နေသည်ကို သတိပြုမိသည်။

**ရသေ့ကြီးဦးစီ၏ နောက်ခံဖြစ်စဉ် ကို ပြည့်စုံစွာ ဖော်ထုတ်နိုင်ပါက တိမ်မြုပ်နေသော မြန်မာ့လောကီ ပညာကို ကွက်လပ်ဖြည့်ရာ ရောက် သဖြင့် တတ်စွမ်းသူတို့ ကြိုးပမ်း ကြပါရန် တိုက်တွန်း မေတ္တာရပ်ခံ အပ်ပါသည်။**

*[နက္ခတ္တရောင်ခြည်မဂ္ဂဇင်း]*

---

ပြည်(ပြေ)လုံး

ကျောက်ထီးစေတီနှင့်


ဓာတ်သဘာဝ

---

တိုင်းနိုင်ငံတစ်ခုလုံး အရှည်တည်တံ့ ရန် ကမ္ဘာ့အလယ်မော်ကြွားနိုင်စေရန် ပြည်(ပြေ)လုံး ကျောက်ထီးစေတီဟု ဘွဲ့မည်သမုတ်ကာ တည်ထားသော ခမောက်တောင်စေတီ အောင်မြင်သော အချိန်၊ တည့်နက္ခတ်မှာ သွာဒိနက္ခတ် ဖြစ်ကြောင်း ဦးစီက မှတ်တမ်းပြုခဲ့ သည်။ နက္ခတ္တဗေဒအလိုအရ သွာဒိ နက္ခတ်အဟောကား...

ယဉ်ကျေးသော အမူအရာရှိ၏။ သဒ္ဒါတရား ပြည့်ဝ၏။ ကျမ်းဂန် တတ်ပွန်၏။ ရတနာသုံးပါး ကြည်ညို၍ မိဘကို ပြုစု၏။ ပြေပြစ်စွာပြောဆို တတ်၏။ သတ္တဝါများကို သနားကြင်နာ တတ်၏။

ဟု ဖွင့်ဆို၏။ ထို့ကြောင့် မူလ အားထုတ်ကောင်းမှုပြုသူ ရသေ့ဦးစီက **"ကမ္ဘာလုံးဆိုင်ရာ ရန်ပြေမာန်ပြေ အောင်စကြာ နေမင်းလမင်း လေးကျွန်း ကျောက်ထီးဘုရား"**ဟူ၍ ဘွဲ့မည် ကပ်လှူခဲ့ခြင်း ဖြစ်ပေမည်။



ဗောဓိကုက္ကိုပင်

အထက်ပိုင်း ဉာဏ်တော်အမြင့် (၃၆)တောင်က ပါပဂြိုဟ်များဖြစ်သော **တနင်္ဂနွေ၊ အင်္ဂါ၊ ရာဟု၊ စနေဂြိုဟ် သက်များ (၆+၈+၁၂+၁၀=၃၆)** ပေါင်းခြင်းနှင့် ညီ၏။

တေဇောဓာတ်နှင့် ဝါယောဓာတ် ပေါင်းစည်းမှုဖြစ်၍ ကုန်ပျက်အောင် လောင်ကျွမ်းခြင်း၊ လှုပ်ရှားခြင်း၊ ပေါ့ပါး ခြင်း (လဟုကရုပ်) ဓာတ်ဖိုဖြစ်၏။ ပါပနဝင်းစီးသော ဤစေတီ အထက် ပိုင်းကို ဦးစွာ တည်ဆောက်ပူဇော်ခြင်း ဖြင့် ကိုလိုနီနယ်ချဲ့အစိုးရ၏ မကောင်း သော အငွေ့အသက်၊ အမွေခံများ လွယ်ကူလျင်မြန်စွာ လောင်ကျွမ်း ကုန်ပျက်စေ၏။

---

**ရွှေလ ဆက်ဖတ်ပါရန်**

**ထက်မင်းကျော်စွာ**

www.burmeseclassic.com

# ထမ်းရွက်ဝန်ဗဟာ

ကျေပွန်ပါစေ

'ဆရာတို့က ဝန်ထမ်းတွေလား'

ဥက္ကာဒိရွာအဝင်တွင် မိတ်ဆက်သိကျွမ်းရသော ကရင်တိုင်းရင်းသားကြီး စောတင်ငွေက ကျွန်တော်တို့၏ ဝတ်စားဆင်ယင်ပုံကို အကဲခတ်ကာ မေးမြန်းလိုက်ခြင်းဖြစ်သည်။

'ဝန်ထမ်းကော၊ ဈေးသည်ကော၊ လယ်သမားပါ အစုံပါတယ်။ ဘာဖြစ်လို့ မေးတာလဲ'


'ဝန်ထမ်းတွေအတွက် ထမ်းရွက်ရတဲ့ တာဝန်တွေ ပေါက်မြောက် ထူးချွန်အောင် ဆောင်ထားသင့်တဲ့ သစ်ပင်ကလေး ပြမလို့ပါ'

'ကျွန်တော်တို့အားလုံး အိမ်ထောင့်တာဝန်ကိုယ်စီ ထမ်းရွက်နေရတာပဲ။ အားလုံးနဲ့ သင့်တော်ပါတယ်။ ဗဟုသုတအဖြစ် ပြပါဦးဗျာ'

'ဟောဒါက ရွက်ပေါက်ဂမုန်း။ အရွက်အားလုံး အပေါက်ကိုယ်စီ ရှိတယ်။ သူနဲ့တွဲပြီး စိုက်သင့်တာက မြွေဂမုန်း။ တိုင်ပေါ် တွယ်တက်နေတဲ့ နွယ်ပင်ကို ကြည့်ပါဦး။ မြွေနဲ့ မတူဘူးလား။ အကြေးခွံ အထပ်ထပ်နဲ့'

**မြွေဂမုန်းမှာ အရွက်၊ အညွှန့်မရှိ၊ သေးငယ်သော ဆူးပွင့်ကလေးများက မြွေ၏ အကြေးခွံပမာ တွေ့မြင်ရလေသည်။**

"**မြွေမှန်ရင် တွင်းဝင်ဖြောင့်သတဲ့**" ဆိုရိုးရှိတယ် မဟုတ်လား။ ရွက်ပေါက်ဂမုန်းက တွင်းသဏ္ဍာန်အပေါက်တွေနဲ့မို့ တွဲဖက်စိုက်သင့်တာပေါ့'



တာဝန် ကျေပွန်စေသည့် ရွက်ပေါက်ဂမုန်းနှင့် မြွေဂမုန်း

'ဒါတွေ စိုက်ထားရုံနဲ့ တာဝန်ကျေဖြစ်မြောက်ပါ့မလားဗျာ'

'အပင်စိုက်ကတည်းက ရေလောင်းပေါင်းသင်ပိုးမွှားအန္တရာယ်တွေ ဂရုစိုက်ပြုစုပေးရသေးတာပဲ။ ရိုးရိုးဖြောင့်ဖြောင့် ကျင့်ကြံသူတွေအတွက် ပိုပြီး ခရီးရောက်ဖို့သာ အထောက်အကူ ဖြစ်စေတာပါ။ ဘာမှမလုပ်ဘဲ နေရင်တော့လဲ ဘာမှမဖြစ်ဘူးပေါ့'

ခင်ထွန်း



www.burmeseclassic.com

www.burmeseclassic.com

(ကြော်ငြာဆောင်းပါး)

# ဝမ်းတစ်လုံးကောင်း ခေါင်းမခဲရအောင်

## ဆရာမြင့်ရဲ့ မြင့်မြန်မာ အကြောပြေ ဝမ်းမှန်ဆေးကို ဆောင်

"ဆရာကို တွေ့မှတွေ့ပါ့မလားလို့"

"အော် အင်ဂျင်နီယာကြီး ကိုနိုင်ဦးပါလား၊ လာဗျာ ထိုင်"

"ဆရာကို အကူအညီလေး တောင်းချင်လို့"

"ရပါ့ဗျာ. . . ပြောလေ"

"ဒီလိုပါ ဆရာ၊ ကျွန်တော် ကိုယ်လက်တွေလေးလံ ညောင်းညာပြီး ဦးခေါင်းတွေလည်း အုံခဲနေတယ် ဆရာ။ အဲဒါ ဘာဖြစ်လို့များလည်းလို့ပါ"

"ကိုနိုင်ဦး ညာဘက်လက်လေးခဏပြဗျာ၊ သွေးစမ်းကြည့်ရအောင်"

"ဟုတ်ကဲ့ ဆရာ"

"တွေ့ပြီကိုနိုင်ဦးရေ- ခင်ဗျားပြောသလို ခေါင်းတွေအုံခဲနေမယ်။ မျက်လုံးမျက်ခွံတွေ လေးနေမယ်။ တစ်ကိုယ်လုံးလေးလံညောင်းညာနေတာတွေဟာ ဝမ်းတစ်လုံးမကောင်းလို့ဗျ"

"ဆရာပြောတာ ကျွန်တော်နားမရှင်းဘူးဖြစ်နေတယ်"

"ဒီလိုလေ ကိုနိုင်ဦးရဲ့၊ လူတစ်ဦးဟာ ကျန်းမာတယ် မကျန်းမာဘူးဆိုတာကို သိချင်ရင် ဆီး,ဝမ်း,လေ, ချွေးလို့ ခေါ်တဲ့ မလကြီးလေးပါးကို စိစစ်ရမယ်ဗျ။ ခင်ဗျားမှာက အဲဒီမလကြီးလေးပါးထဲက အဓိကအကျဆုံးဖြစ်တဲ့ ဝမ်းလို့ ခေါ်တဲ့ မာတတ်ချုပ်တတ်တဲ့ လက္ခဏာတွေ့ရတယ်လေ"

"အော် ဟုတ်တယ်၊ ဟုတ်တယ်။ ကျွန်တော်က Construction လုပ်ငန်းကို လုပ်ကိုင်တာဆိုတော့ Site ထဲမှာ အလေးအပေါ့သွားချင်တဲ့အခါ အဆင်မပြေတာနဲ့ မသွားဖြစ်ဘူး၊ ဒီတော့ ဝမ်းကချုပ်တတ်တဲ့ အလေ့အကျင့်ဖြစ်နေပြီ ဆရာ"

"အင်းပေါ့ဗျာ. . . မတားအပ်တဲ့အဟုန်ထဲမှာ ဆီး၊ဝမ်း၊လေတို့ပါနေတော့ ဒီထဲက အထူးသဖြင့် ဝမ်းကို တားဆီးထိုက်တော့ မကောင်းတဲ့ ဆီးအဆိပ်၊ ဝမ်းအဆိပ်၊ လေအဆိပ်တွေဟာ ခန္ဓာကိုယ်အပြင်ကို မရောက်တော့ပဲ ခန္ဓာကိုယ်ထဲမှာလည်ပြီး စီးဆင်းပျံ့နှံ့ရာက ဦးခေါင်းပိုင်းရောက်ရင် ခေါင်းကိုက်တာ၊ ခေါင်းအုံတာ၊ ဇက်ကြောတက်၊ နောက်ကြောတင်းတာ၊ မျက်လုံးမျက်ခွံများလေးတာတွေ ဖြစ်စေတဲ့အပြင် ခန္ဓာကိုယ်အနှံ့ ပျံ့နှံ့ပါက ကိုယ်လက်တွေ လေးလံ ညောင်းညာတာတို့၊ ထုံကျဉ်ကိုက်ခဲတာတို့၊ မအီမသာ ဖြစ်ပေါ်ခံစားရတတ်ပါတယ်"

"ဟုတ်ကဲ့ဆရာ၊ အခုလို ဆရာပြောပြတော့မှ ဆီး, ဝမ်း, လေတွေနဲ့ ကျန်းမာရေးဟာ ဆက်စပ်နေတယ်ဆိုတာ သိရတော့တယ်"

"ဟုတ်တယ် ကိုနိုင်ဦးရေ၊ ဒါကြောင့် ရှေးကသမားတော်ကြီးတွေက ဝမ်းတစ်လုံးကောင်း၊ ခေါင်းမခဲဘူးလို့ မိန့်ခဲ့တာပေါ့ဗျ"

"ဟုတ်ကဲ့ ဆရာပြောမှ ဝမ်းတစ်လုံးကောင်း ခေါင်းမခဲဆိုတဲ့ ဆိုရိုးစကားရဲ့ အဓိပ္ပာယ်ကို သိရတော့တယ်။ လူသားတွေရဲ့ ကျန်းမာရေးဟာ ဒီ ဆီး,ဝမ်း,လေတွေနဲ့ ဆက်စပ်နေတယ်နော် ဆရာ"

"သိပ်ပြီး ဆက်စပ်နေတာပေါ့၊ လူတစ်ယောက်ဟာ မကျန်းမမာဖြစ်တော့မယ်ဆိုရင် အရင်ဆုံး Sign ပြတာက ဆီးနီနည်းတာတို့၊ ဒါမှမဟုတ် ဆီးဖြူများတာတို့ ဝမ်းချုပ်တာ၊ ဝမ်းပျက်တာ၊ စမြင်းခံတာ၊ ဝမ်းကိုက်တာ၊ အပူဝမ်းသွားတာ၊ လေချုပ်တာ၊ ချွေးငုပ်တာတို့ဆိုတဲ့ လက္ခဏာတွေ ပြတတ်တယ်ဗျ"

"ဟုတ်ကဲ့ ဆရာ"

"အဲ. . . အဲ့ဒီထဲမှာ ဝမ်းပျက်ဝမ်းလျှောတာ၊ ဝမ်းကိုက်တာတွေက ထင်ရှားတဲ့လက္ခဏာ ချက်ချင်းကုသရတဲ့ ရောဂါအဆင့်ပေါ်လွင်နေတော့ အများက သတိထားမိကြတယ်ဗျ၊ ဝမ်းချုပ်၊ စမြင်းခံတဲ့အခြေအနေကိုတော့ အမှုမဲ့၊ အမှတ်မဲ့နေတတ်ကြတယ်။ ဒီလိုဖြစ်တာ ကြာလာတာနဲ့အမျှ အဆိပ်အတောက် အဆင့်ရောက်နေတဲ့ ဆီး,ဝမ်း,လေ ဆိုတဲ့ မလအညစ် အကြေးတွေဟာ ခန္ဓာကိုယ်အတွင်းမှာ ပျံ့နှံ့စီးဆင်းကာ ကိုယ်တွင်းရှိ အတွင်းအင်္ဂါစုများဖြစ်တဲ့ ဦးနှောက်၊ နှလုံးအသည်း၊ အဆုတ်၊ ကျောက်ကပ်၊ အစာအိမ်၊ ပန်ကရိယစတဲ့ ခန္ဓာကိုယ်အတွက် အရေးကြီးဆုံး အင်္ဂါစုများသို့ စုဝင်ရောက်ရှိ ခိုအောင်းအပြစ်ပြု ရာကစလို့ စောစောကပြောခဲ့တဲ့သာမန်ရောဂါလေးမှစပြီး ကင်ဆာလိုမျိုးရောဂါများအပြင် ကုသ

www.burmeseclassic.com

## ဆီးဝမ်းမှန်၍ လေလည်းရ အဆီကျလို့ အကြောလည်းပြေတဲ့ မြင့်မြန်မာ ဝမ်းမှန်ဆေး . . .

ရခက်ခဲတဲ့ရောဂါတွေ စွဲကပ်ဖြစ်ပေါ်စေပါတယ်"

"ဟာ . . ဟုတ်လားဆရာ၊ ကျွန်တော်တို့က ပေါ့ပေါ့တန်တန်ထားတဲ့ ဒီဝမ်းချုပ်ခြင်း၊ ဆီးနည်းခြင်းတွေဟာ အလွန် မတန်ကြောက်စရာကောင်းတဲ့ ရောဂါကြီးတွေရဲ့ ရှေ့ပြေးလက္ခဏာတွေပေါ့နော်"

"ဟုတ်ပါ့ဗျာ၊ ဟုတ်ပါ့"

"ဒါဆို နေ့စဉ် ဆီး၊ ဝမ်း၊ လေ၊ ချွေးတွေ မှန်နေအောင် ကျွန်တော်ဘာဆေးတွေ စားသင့်လဲဆရာ"

"ဆီး၊ ဝမ်းမှန်လို့လေရ အဆီပိုများကျပြီး ခန္ဓာကိုယ် ပေါ့ပါးကျန်းမာအောင်အတွက်ကတော့ ရော့ . ဒီမှာ **မြင့်မြန်မာ တောရှောက်သီး အကြောပြေဝမ်းမှန်ဆေး**ကို သုံးစွဲပေးပေါ့ဗျာ"




"ဒီမြင့်မြန်မာအကြောပြေဝမ်းမှန်ဆေးရဲ့ အာနိသင်ကိုလည်း ပြောပါဦးဆရာ"

"မြင့်မြန်မာ အကြောပြေဝမ်းမှန်ဆေးရဲ့ အစွမ်းကတော့ ဆီးချုပ်၊ ဝမ်းချုပ်၊ လေချုပ်ရောဂါတွေ၊ စမြင်းခံခြင်း၊ ဇက်ကြောတက်၊ နောက်ကြောထိုးခြင်း၊ ခေါင်းအုံ့, ခေါင်းကိုက်ဖြစ်ခြင်း၊ ကိုယ်လက်တွေ လေးလံညောင်းညာ ကိုက်ခဲခြင်း၊ ဆီးပူညောင်းကျဖြစ်ခြင်း၊ ဒူလာလိပ်ခေါင်းဖြစ်ခြင်း၊ အတွင်းလိပ်ဖြစ်၍ သွေးကျခြင်း၊ အပူအပုပ်များခြင်း၊ ဆီးချုပ်, ဆီးကျန် ဝမ်းချုပ်,ဝမ်းကျန်ခြင်း၊ လေချုပ်ခြင်း၊ အသားအရေယားယံခြင်း၊ အသားအရေ ညစ်ထေမွဲခြောက်ခြင်း၊ အဖုအပိန့်အကွက်များဖြစ်ပေါ်ခြင်း၊ သွေးမသန့်ခြင်း၊ ပါးစပ်နံခြင်း၊ ကိုယ်နံ့ပြင်းခြင်း၊ အပူခိုး၊ အပုပ်ခိုးများ အပေါ်ကိုဆောင်တက်ပြီး လည်ချောင်းနာခြင်း၊ မျက်ရည်ပူများကျခြင်း၊ လျှာ,နှုတ်ခမ်း, အာခံတွင်းတွေမှာ အပူနာတွေဖြစ်ခြင်း၊ သွေးတိုးသွေးတက်ဖြစ်ခြင်း၊ ဆီးပူ၊ ဆီးအောင့်၊ ဆီးဝါ၊ ဆီးနီ၊ ဆီးနည်းခြင်း၊ မျက်နှာမှာ တင်းတိပ်၊ ဝက်ခြံ၊ မှည့်ခြောက်ထွက်ခြင်း၊ သွေးခာတ်ထဲနဲ့ ခန္ဓာကိုယ်ထဲမှာ မလိုအပ်တဲ့ အဆီပို(မလ)တွေ ပွားများလာပြီး အဝလွန်ခြင်း၊ ဗိုက်ခေါက်ထူခြင်း စတဲ့ ရောဂါတွေအတွက်သုံးစွဲနိုင်ပြီး အကြောပြေကာ အပူအပုပ်များ ကင်းစင်လျက် ပိုလျှံနေသော အဆီပိုများကို ဖယ်ရှားပေးနိုင်ပြီး ဆီး၊ ဝမ်း၊ သွေး၊ လေ ညီညွတ် မှန်ကန်စေပြီး ကျန်းမာပေါ့ပါးလန်းဆန်း တက်ကြွစေပါတယ်"

"ဟုတ်ကဲ့၊ ဘယ်လိုသုံးစွဲရမလဲ ဆရာ"

"မြင့်မြန်မာ အကြောပြေဝမ်းမှန်ဆေးကို ညအိပ်ရာဝင် ရေအေးနဲ့ ဆေး ၅ ပြားကို အစာနဲ့ဝေးဝေးမှာ သုံးစွဲပေးခြင်းဖြင့် အထက်ပါရောဂါတွေကို ပျောက် ကင်းသက်သာပြီး မဖြစ်သေးရင်လည်း ကာကွယ်ပြီး သားဖြစ်စေပါတယ်" **(ဝမ်းနုတ်ဆေးမဟုတ်၍ နေ့ စဉ်မှန်မှန် သုံးစွဲနိုင်ပါသည်။ ဝမ်းချုပ်တတ်သူများ ဆေး ၅ ပြားမှ ၇ ပြား အထိ သုံးစွဲနိုင်ပါသည်။)**

"ဟုတ်ကဲ့ အခုလို ကျန်းမာရေးဗဟုသုတတွေ ရရှိအောင် ပြောပြလမ်းညွှန်ပေးတဲ့အပြင် သုံးစွဲရမယ့် ဆေးပါ ညွှန်ပြပေးတဲ့အတွက် ဆရာ့ကို အထူးပဲကျေးဇူးတင်ပါတယ် ဆရာ"

---


ပင်ရင်း - **စကြာမင်းဆေးတိုက်**

အမှတ် (၆၆၆)၊ (စ) ရပ်ကွက်၊ သုဓမ္မာလမ်း
မြောက်ဥက္ကလာပ။ ဖုန်း - ၀၁ ၆၉၁၀၉၁၊ ၀၉ ၇၃၁၈၇၃၂၄။



www.burmeseclassic.com

www.burmeseclassic.com



▲ ဗျာဒိတ်ပေးဘုရား အနီးကပ်ပုံမြင်ရပုံ

အောင်ရွှေမြတ်
(စစ်ကိုင်းတောင်)

# စစ်ကိုင်းတောင်တွင်း သမိုင်းဝင်စေတီများ

၏ အောင်မြေနှင့် ဌာပနာဂါထာတော်များ (၁၅)

ဗျာဒိတ်ပေးစေတီတော်

...မောတဿ ဘဂဝတော အရဟ
...တော သမ္မာသမ္ဗုဒ္ဓဿ။

*[၃-ကြိမ်ရွတ်ပါ။]*

...အောင်ဇေယျရာဇာ မာပိတံ၊
...ဗျာဒိတ်ပေး စေတီယံ။
...ဇေယျာပူရ သုသပါကဋံ၊
...အနှုတံ သီရသာမဟံ။

...သော ပါဠိအသံထွက်

| | | |
|---|---|---|
| ... | = | ပုတ်ဓ |
| ...သုပါကဋံ | = | သုပါကတံ |
| ...အနှုတံ | = | ဝန်ဒေတံ |

မြန်မာပြန်

**အောင်ဇေယျရာဇာ၊** ကုန်းဘောင်ဆက်တည်ထောင် ဦးအောင်ဇေယျနာမည်ရသော အလောင်းမင်းတရားကြီးသည်။

**မာပိတံ၊** တည်ထားကိုးကွယ်အပ်ပါသော။

**ဗုဒ္ဓဗျာဒိတ်ပေး စေတီယံ၊** ဗုဒ္ဓလောင်းမွန် ဖြစ်ကြောင်းမှန်သည့် ဝစနဗျာဒိတ်ရကြောင်း နိမိတ်ကောင်းကြောင့် ဗျာဒိတ်ပေးစေတီတော်မြတ်သည်။

**ဇေယျာပူရ၊** ရန်အပေါင်းအောင်မြင် စစ်ကိုင်းအောင်မြေတွင်။

**သုပါကဋံ၊** ကောင်းစွာထင်ရှား တည်ထားရှိတော်မူပါပေ၏။

**တံ၊** ထို ဗျာဒိတ်ပေးစေတီတော်ကို။

**အဟံ၊** '......'ဟု နာမသမုတ် အကျွန်ုပ်သည်။

**သီရသာ၊** ဦးခေါင်းထက်ဆီ လက်အုပ်ချီ၍။

**[မှတ်ချက်။ ။''......''နေရာတွင် ရှိခိုးသူ၏အမည် ထည့်သွင်းပါ။]**

**ဝန္ဒာမိ၊** ယုံကြည်ကော်ရော် ဖူးမြော်



www.burmeseclassic.com

www.burmeseclassic.com



ဗျာဒိတ်ပေးဘုရားအတွင်း သုမိတ္တာသတို့သမီး
ကြာပန်းသုံးဆိုင်ဖြင့် ဘုရားရှင်အားလှူနေပုံ



ဗျာဒိတ်ပေးဘုရားအတွင်း သုမေဓာ
ရှင်ရသေ့နှင့် သုမိတ္တာတို့ ဗျာဒိတ်ခံယူနေပုံ

ဗျာဒိတ်ပေးဘုရား ရုပ်ပွားတော်၏
ဝဲယာအောင်မြေ

ဗျာဒိတ်ပေးစေတီတော်၏ ရင်ပြင်တော်
အောက်သို့ဝင်ရောက်နိုင်သောဗျာဒိတ်ရလိုဏ်








www.burmeseclassic.com

www.burmeseclassic.com



ဗျာဒိတ်ပေးစေတီအား ရင်ပြင်ထက်မှ ဖူးမြင်ရပုံ

ဗျာဒိတ်ပေးစေတီသို့ ဟေမဝတီကျောင်း အတက်မှ ဖူးမြင်ရပုံ





ကန်တော့ပါ၏ အရှင်ဘုရား။

ဘုရားတည်နှစ်

သက္ကရာဇ် ၁၁၁၄ ခုနှစ်။

ဘုရားဒါယကာ

အလောင်းမင်းတြားကြီး ဦးအောင်ဇေယျ။

တည်နေရာ

စစ်ကိုင်းတောင်ရိုး ဟေမဝတီကျောင်းအတွင်း။

ပွဲတော်ရက်

အတိအကျ သတ်မှတ်ထားခြင်း မရှိပါ။

အောင်မြေနေရာ

ဗျာဒိတ်စေတီတော် လိုဏ်အတွင်း ရုပ်ပွားတော်၏ ဝဲယာနေရာ။

အစောင့်အရှောက်

နတ်ဒေဝီ ခုနစ်ဖော်။

ထူးခြားချက်

ဗျာဒိတ်စေတီတော်များ၏ နောက်ခံဖြစ်စဉ်မှာ ဘုရားအလောင်း သုမေဓာရှင်ရသေ့သည် ဈာန်အဘိညာဉ်အားဖြင့် ကောင်းကင်ခရီး ကြွသွားစဉ် ဒီပင်္ကရာ မြတ်စွာဘုရား ကြွလာတော်မူမည် ဖြစ်သောကြောင့် ရမ္မာမြို့သူမြို့သားများ ပျားပန်းခပ်မျှ လမ်းပြင်ကုသိုလ် လုပ်နေခြင်းကို မြင်တော်မူကာ ကောင်းကင်ထက်မှ ဆင်းသက်၍ မိမိလည်း လမ်းပြင်ကုသိုလ် ရလိုသောကြောင့် နေရာတစ်ကွက် တောင်းယူ လမ်းပြင်လေ၏။

မိမိ ပြင်ဆင်ခွင့်ရသော နေရာမှာ ရွှံ့ညွန်ဗွက်အိုင်ဖြစ်နေပြီး ပြုပြင်မှု မပြီးမီ ဘုရားရှင် ကြွလာသောကြောင့် မိမိ

ဗျာဒိတ်ပေးစေတီ

အရှေ့ဘက် အဝင်မုခ်ဦးနှင့်

ရှေးဟောင်းခြင်္သေ့ကြီးများ

www.burmeseclassic.com



မျှော်စိတ်သယေဘုရားရှိ ဒီပင်္ကရာမြတ်ဘုရားအား နောက်ပါရဟန္တာများဖြင့် ကြွလာပုံ



ဘိုးတိုးအောင်အား မျှော်စိတ်သယေဘုရား ရာဟုဆောင်တွင် တွေ့မြင်ရပုံ

မျှော်စိတ်သယေစေတီတော်မှ ရှုမျှော်ခင်းလေးခင်တော်





မျှော်စိတ်သယေစေတီ ဇော်ပြက်တုန်ရှိ တန်ဆော

ခန္ဓာကိုယ်အား အလျားမှော
တံတားခင်း၍ မြတ်စွာဘုရားအ
ကြိုဆိုလေ၏။

ထိုအခါ၌ သုမိတ္တာ သတို့သမီးသည်
ကြာပန်းရှစ်ခိုင်ဖြင့် မြတ်စွာဘုရားအ
စောင့်ကြိုနေခိုက် ကြုံကြိုက်လေ
ဘုရားရှင်အားလှူရန် ကြာပန်းငါး
ကို သုမေဓာအရှင်ရသေ့၏လက်
အပ်လေသည်။

မိမိကိုယ်တိုင်ကမူ ကြာသုံးခိုင်
ဘုရားရှင်အား ပူဇော်ကန်တော့လေ


ဒီပင်္ကရာ မြတ်စွာဘုရားသည်
သူနှစ်ဦး၏ နောင်ရေးကို သိမြင်
ရာ...

'ကျွဲရသေ့သည် ဂေါတမဘုရား ဖြစ်
မည်။ သတို့သမီးသည်ကား ပါရမီဖြည့်



www.burmeseclassic.com

www.burmeseclassic.com






● ဖျာဒိတ်ပေးစေတီတော်ရှိ
အစောင့်ညီအစ်မ (၇)ပေါ်မှ
အစ်မကြီးထိုင်နေရာ

● ဖျာဒိတ်ပေးစေတီ ဗိမာန်တော်
စနေထောင့်ရှိ အစောင့်ညီအစ်မ
(၇)ပေါ်အား တွေ့ရပုံ

● ဖျာဒိတ်ပေးစေတီ ရာဟုထောင့်မှ အစောင့်အရုပ်များထိုင်နေရာ



ဖြစ်လိမ့်မည်'

ဟု ဗျာဒိတ်ပေးတော်မူလေသည်။

ထိုသမိုင်းဝင် ဖြစ်စဉ်ကို ရည်သန်၍ ဗျာဒိတ်ပေးစေတီ၊ ဗျာဒိတ်ပေးရုပ်ပွားတော်များ ပေါ်ပေါက်လာရပေတော့သည်။

စစ်ကိုင်းမြို့နှင့် စစ်ကိုင်းတောင်သည်ကား အလောင်းဘုရား၏ ဘုရားဆုပန်ယောက်ျားမြတ်အဖြစ် အဓိဋ္ဌာန်ပြုရာ အောင်မြေ ဖြစ်လေသည်။

ဦးအောင်ဇေယျခေါ် အလောင်းဘုရားသည် **''ငါကား ဘုရားဆုပန်ယောက်ျားမြတ်ဖြစ်၏။ ဗျာဒိတ်ရဘုရားအလောင်းတော်ဖြစ်သည်'**ဟု ယုံကြည်၍ အဓိဋ္ဌာန်နှင့် ဗျာဒိတ်ပေးစေတီနှင့်တကွ ဗျာဒိတ်ပေးရုပ်ပွားတော်အား တည်ထားကိုးကွယ်တော်မူလေသည်။

www.burmeseclassic.com

www.burmeseclassic.com




◆ ဗျာဒိတ်ရ လိုက်ဂူအထက်မှ ဘိုဘိုးအောင်နှင့် ပုတ္တိလ်ထုပုံ



ဗျာဒိတ်ပေးစေတီရှိ တစ်ဝဂ္ဂုနေရာအား
ပြသနေသော ဦးပဥ္စင်းကြီး ◆

◆ ဗျာဒိတ်ပေးဘုရား ရင်ပြင်အနီးမှ ထူးခြားသော
သမုန်း(သမားမုန်းပင်ကြီး)အား တွေ့မြင်ရပုံ



ဘုန်းလက်ရုံးနှင့် ပြည့်စုံသော သာသနာ့ဒါယကာလည်း ဖြစ်လေ၏။

အလောင်းမင်းတြားကြီး နုစဉ်ကာလ အင်းဝမင်းနေပြည်ပျက်၍ မွန်တို့က သိမ်းယူထားသောအခါ ဦးအောင်ဇေယျသည် ထိုရန်အပေါင်းအား ဖြိုဖျက်၍ မြန်မာမင်းမျိုးကို တစ်ဖန်ပြန်လည်ထူထောင်လေရာ နောင်အခါတွင် အလောင်းဘုရားဟု သမိုင်းတွင် လေတော့၏။

ဦးအောင်ဇေယျကား မိုးညှင်းမင်း၏ ညီတော်ဖြစ်၍ ပြည့်စုံမင်းတို့၏ အနွယ်တော်လည်း ဖြစ်လေသည်။

ဘုန်းလက်ရုံးပညာနှင့် အထူးပြည့်စုံ၍ ရဲစွမ်းသတ္တိ ကြီးမားလေသည်။

ဒဂုံမြို့ကို ရန်သူ့လက်မှ အလွယ်တကူပင် ရယူနိုင်သောကြောင့် **ရန်သူတို့ကို သည်တွင်ကုန်အောင်ပြုတော့မည်**'ဟု ကြုံးဝါး၍ **ရန်ကုန်မြို့**ဟု အမည်သစ် သမုတ်ခဲ့ပြီး မြို့သစ်တည်သောမင်း ဖြစ်လေသည်။

ရန်ကုန်မြို့ကို အောင်မြင်သောအခါ ရွှေတိဂုံစေတီအား ပြုပြင်မွမ်းမံလေ၏။

ပြည်မြို့ကို အောင်မြင်သောအခါ၌လည်း ပြည်ရွှေဆံတော်ကို ပြုပြင်မွမ်းမံလေ၏။

ဗျာဒိတ်ပေးစေတီတော် တည်ထားသောအခါ ခေါင်းလောင်းတော်၊ တံခွန်တိုင်၊ ဗောဓိပင်၊ အစောင့်နတ်ကွန်းနှင့် တစ်ဝဂ္ဂုများကိုလည်း ပြုလုပ်တော်မူလေသည်။


ဗျာဒိတ်ရ လိုဏ်ဂူတော်အား စေတီတော်၏ ရင်ပြင်တော်အောက်တွင် စနေထောင့်မှစ၍ အင်္ဂါထောင့်တိုင်အောင် ထူးခြားစွာ ပြုလုပ်ထားလေ၏။


ဗျာဒိတ်ရလိုဏ်ဂူအတွင်း၌ **အောင်မာတ်အောင်မြေဌာန**များကို စီထားရှိသောကြောင့် မိမိတို့ အာရုံရှိရာ



www.burmeseclassic.com

www.burmeseclassic.com





◆ ဗျာဒိတ်ပေးစေတီအရှေ့ဘက်မှ တောခိုင်ပင်ရှိ
ထူးခြားသော ပုံဟန်ပြင် ဗျာဒိတ်ပေး
ဓာတ်ခွန်တိုင်အား တွေ့မြင်ရပုံ ◆

အောင်မြေဌာနများတွင် အဓိဋ္ဌာန်ဝင်အားထုတ်နိုင်လေ၏။

အလောင်းမင်းတြားကြီး၏ စတုတ္ထသားတော် ဗဒုံမင်းခေါ် ဘိုးတော်ဦးဝိုင်း၏ ကျောင်းနေဖက်သူငယ်ချင်း ဦးအောင် ခေါ် ပထမံဘိုးဘိုးအောင်သည် ဗျာဒိတ်ပေးစေတီ၌ သိဒ္ဓိအမျိုးမျိုးတို့ကို ပေါက်မြောက်အောင်မြင်ခဲ့လေသည်။

ဗျာဒိတ်ပေးစေတီတော်၏ ရင်ပြင်အခြေတွင် တည်ရှိသော တစ်ဝဂူသည် ပထမံ ဘိုးဘိုးအောင်၏ ဆရာသခင် ပုဂ္ဂိုလ်မြတ်သည် **မဟာဂန္ဓာရီဝိဇ္ဇာပညာရပ်**များကို ကျင့်ကြံအားထုတ်အားပြုခဲ့ရာ အောင်မြေဌာနလည်း ဖြစ်လေ၏။

ပထမံဘိုးဘိုးအောင်၏ သိဒ္ဓိပညာ ဟောဂန္ဓာရီ အတတ်ပညာများ မြန်နှံ့ကြက်ရာ အောင်မြေမှန်လည်း ဖြစ်လေသည်။

၁၉၄၂ ခုနှစ်၊ မေလ(၁)ရက်နေ့တွင် မန္တလေးမြို့ကြီး ဂျပန်လက်အောက် ရောက်ရှိသွားစဉ်က စစ်ကိုင်းမြို့များမှာလည်း အုပ်ချုပ်သူ မရှိခိုက် **စစ်ကိုင်းခရိုင်မြေ အောက်ဌာနချုပ်** အဖြစ် ဗျာဒိတ်ပေး စေတီတွင် သုံးရောင်ခြယ် ဒေါင်း အလံကို အတိအလင်း လွှင့်ထူကာ BIAဌာနချုပ်(စစ်ကိုင်း)ဟူ၍ အောင်မြေနင်း ဖွင့်လှစ်ခဲ့လေ၏။

ဗျာဒိတ်ပေးစေတီတော် ရင်ပြင်တော်အောက်ရှိ ဗျာဒိတ်ရ အောင်မြေလိုဏ်ဂူများသည် BIAတပ်သား၊ တပ်မှူးများနှင့် မျိုးချစ်တော်လှန်ရေးရဲဘော်များ၏ စီမံခန့်ခွဲရာ၊ ဆွေးနွေးတိုင်ပင်ရာ အောင်မြေနင်းနေရာ ဖြစ်လေသည်။

ဗျာဒိတ်ရလိုဏ်ဂူအနီးမှ ဗျာဒိတ်ရသမုန်း **(သမားမုန်းပင်ကြီး)ကလည်း** ကျန်းမာရေးအတွက် ခွန်အားသစ်များ ရရှိရာဌာန ဖြစ်လေ၏။

ဗျာဒိတ်ပေးစေတီတော်တွင် သစ္စာ၊ သမာဓိ၊ သီလ၊ ပညာ အထူးပြုသော **ဝိဇ္ဇာစည်း၊ ဝိဇ္ဇာအောင်မြေ** ဖြစ်သော ကြောင့် အောင်ခါတ်ရယူ အောင်လံထူနိုင်သည့် နေရာထူး ဖြစ်လေသည်။

**အောင်ရွှေမြတ်**
***(စစ်ကိုင်းတောင်)***


www.burmeseclassic.com

ကြော်ငြာဆောင်းပါး

• • • • • • • • ဆေးစွမ်းထက်မြက်ကြောင်း အကြွားမဝိုတဲ့ • • • • • • • •

# သမားအိုဆေးတိုက်

မှ ထုတ်လုပ်သော နန်းတွင်းလိမ်းဆေး၊ လေးဖက်နာဆေး၊ နှလုံးရောဂါနှင့် ဉာဏ်ကောင်းဆေး



သီပေါမင်း ပါတော်မူပြီးနောက်နန်းတွင်းသမားတော်ကြီးများ မြို့နယ်အသီးသီးသို့ ပြန့်ကျဲရောက်ရှိခဲ့ကြရာ ဘီလူးကျွန်း၊ ကမာမွန်ရွာသို့ ရောက်ရှိခဲ့ကြသည့် နန်းတွင်း သမားတော်ကြီး ဦးပန္နဝ၊ သမားတော်ကြီး ဦးနွယ်၊ မြန်မာ့မျိုးချစ်တော်လှန်ရေး ခေါင်းဆောင်ဆရာစံ (သမားတော်ကြီး ဦးစံရှား)တို့ထံမှ လက်ဆင့်ကမ်း၍ ဆင်းသက်လာသော နန်းတွင်းသမားစဉ် မူရင်းဆေးစွမ်းကောင်းတို့ကို **သမားတော်ကြီး ဦးနွယ်၏မြေး သမားတော်ကြီး ဦးတင့်လွင်(ငြိမ်း/ဗိုလ်ကြီး) ဖနီးဒေါ်ကျင်သိန်း၊ တိုင်းရင်းသမားတော် ဦးသန်းဇော်၊ ညီမဒေါ်ခင်ခင်ထွေး**တို့ အကြောင်းပြု ပေါင်းစုလျက် သမားအိုဆေးတိုက်မှ မြန်မာ့ဆေးစွမ်းကောင်းများကို ထုတ်လုပ် ဖြန့်ချိလျက် ရှိပါသည်။

## သမားအို နန်းတွင်းလိမ်းဆေးကြီး

*[တိုင်းရင်းဆေးမှတ်ပုံတင်အမှတ် ၀၅၁၀ YR ၀၀၀၉၉၄]*

*[လိုင်စင်အမှတ် ၁၁/၂၀၀၈ တဆထလ တိုး(၀၁၂၁)]*

မြန်မာ့နန်းတွင်း အစဉ်အဆက် သုံးစွဲခဲ့သည့် လိမ်းဆေးဖြစ်ပြီး **ပရုတ်၊ မင်သော် စသည့် ဆေးပူများ မပါရှိသော** ဆေးအေးဖြစ်၍ ဘေးထွက်ဆိုးကျိုး လုံးဝ မပါရှိတဲ့ အပူနာများကိုပါ သက်သာပျောက်ကင်းစေကြောင်း အာမခံသည့် လိမ်းဆေးတစ်လက်ဖြစ်သည်။

ပျောက်ကင်းစေသော ရောဂါများ

သမားအို နန်းတွင်းလိမ်းဆေးကြီးသည် အဆစ်၊ အမြစ်၊ အကြောရောင်/နာ၊ ကိုက်ခဲခြင်း၊ ဒူးနာ၊ ခါးနာ၊ လေးဖက်နာ၊ ဂေါက်နာ၊ ဇက်ထိုး၊ ခေါင်းအုံ၊ ခေါင်းကိုက်၊ ပန်းနာ၊ ရင်ကျပ်၊ နှာစေး၊ နှာပိတ်၊ ထိပ်ကပ်နာ၊ အရိုးကျိုး၊ အဆစ်လွဲ၊ အဆစ်ဟ၊ ဒဏ်နာဖြစ်၊ လက်ကပ်ခြင်းနှင့် အပူလောင်ခြင်းများကို သက်သာ ပျောက်ကင်းစေပါသည်။

အသားပပ်ခြင်း၊ အသားကွဲခြင်း၊ ဝက်ခြံ၊ တင်းတိပ်၊ နေလောင်ကွက်များကို ညအိပ်ရာဝင်ချိန်၌ မျက်နှာအား ဆပ်ပြာဖြင့် စင်ကြယ်စွာ ဆေးကြောပြီးမှ ဆေးလိမ်း တစ်ရှူးကပ် အိပ်ပါ။

နေ့စဉ်ရက်ဆက် လိမ်းပေးခြင်းဖြင့်"**အသားအရေ ဖြူနု ချောမွတ်ပြီး မကြဲ့ဘူးအောင် အလှထူးစေသည့်**"ကမ္ဘာ့ ဆေးစွမ်းကောင်းတစ်လက် ဖြစ်ပါသည်။ မန္တလေးတောင်၊ ကျိုက်ထီးရိုးတောင်၊ ပုပ္ပါးတောင်ကဲ့သို့ အလှေ့အကျင့်မရှိသော တောင်တက်ဘုရားဖူးခရီးသည်များ သုံးစွဲလျှင် ထုံကျဉ်ညောင်းညာ ကိုက်ခဲခြင်းများ သက်သာပျောက်ကင်းစေသည့်အပြင် ကျီးပေါင်းရောဂါဝေဒနာရှင်များ အသားထဲ စိမ့်ဝင်အောင် ညင်သာစွာ လိမ်းပေးခြင်းဖြင့်ကျီးပေါင်းရောဂါဝေဒနာများ အချိန်တိုအတွင်း သက်သာပျောက်ကင်းစေပါသည်။

## သမားအို လေးဖက်နာဆေး

*[တိုင်းရင်းဆေးမှတ်ပုံတင် အမှတ် ၀၃၀၅ YR ၃၀၆၃]*

လူတစ်ယောက်၏ခန္ဓာကိုယ်အား သိပ္ပံနည်းကျ သွေးစစ်ကြည့်ခြင်းဖြင့် **ယူရစ်အက်စစ် အလွန် များနေခြင်း၊ အေအက်စ်အို သီတာ ယူနစ်(၂၀၀)ထက် ရှိခြင်း၊ နောက်ဆုံး အာအေ စမ်းသပ်မှု၌ (+) အပေါင်းလက္ခဏာတွေ့ရှိခြင်း**စသည်ဖြင့် လေးဖက်နာရောဂါအဆင့်ဆင့်တို့ကို သိရှိနိုင်ပေသည်။

လေးဖက်နာရောဂါ၏ ဆင့်ပွားရောဂါများဖြစ်သော နှလုံး၊ ကျောက်ကပ်၊ မီးယပ်ရောဂါများ မဖြစ်ပွားစေရန် ကြိုတင်ကာကွယ်သည့် ဆေးဖက်များ သမားအို လေးဖက်နာဆေးတွင် ထည့်သွင်း ဖော်စပ်ထားပါသည်။

သမားအိုလေးဖက်နာဆေးတွင် သက်စောင့်ဆေးဖက်များ ပါရှိသည့်အတွက် ရာသီဥတုဒဏ်ခံနိုင်ပြီး တရားထိုင်သူများ၊ ယာဉ်မောင်းသူများ၊ စက်ချုပ်သမားများ၊ လက်နှိပ်စက်နှင့် ကွန်ပျူတာ အော်ပရေတာများ ဤဆေးကို မှန်မှန် စားသုံးသွားပါက သီး၊ ဝမ်း၊ လေမှန်ကန်ပြီး ကျန်းမာရေးနှင့်ညီညွတ်ကာ ကိုယ်လက်ပေါ့ပါး သွက်လက်စေပါသည်။

## သမားအို နှလုံးရောဂါနှင့် ဉာဏ်ကောင်းဆေး

*[တိုင်းရင်းဆေးမှတ်ပုံတင် ၀၃၁၁ YR ၀၀၃၀၆၂]*

မြန်မာ့နန်းတွင်းသမားတော်ကြီးများ အသုံးပြုခဲ့သော ဆေးစွမ်းကောင်းတစ်လက် ဖြစ်သည်။ **နှလုံးသွေးကြောကျဉ်းခြင်း၊ ကျယ်ခြင်း၊ နှလုံးကျပ်ခြင်း၊ နှလုံးခုန်လွန်းခြင်း၊ မောပန်းခြင်း၊နှလုံးအားနည်းခြင်း၊ နှလုံးရောင်ခြင်းနှင့် နှလုံးရောဂါအမျိုးမျိုး**တို့ကို သက်သာပျောက်ကင်းစေပြီး စိတ်ဓာတ်ကို ကြည်လင် လန်းဆန်း၍ ဉာဏ်ရည်ထက်မြက်စေသော "**သတ္တဂုဏ်**"နှင့် ပြည့်စုံသော ဆေးကောင်းတစ်လက် ဖြစ်ပါသည်။ ထို့ကြောင့် ကျောင်းသူကျောင်းသားများနှင့် ရဟန်းသံဃာ အရှင်မြတ်များ စာမေးပွဲနီးသောအခါ၌ လည်းကောင်း၊ ပရိယတ္တိ၊ပဋိပတ္တိ ဝန်ဆောင်ရာ၌ လည်းကောင်း အစဉ်အလာအားဖြင့် အောင်မြင်စွာ သုံးစွဲခဲ့သော ဆေးစွမ်းကောင်းတစ်လက် ဖြစ်ပါသည်။

**ဆေးသုံးစွဲသူ ဝေဒနာရှင်များအနေဖြင့် ဆရာ ဦးသန်းဇော် (တဆ–၀၂၉၁၇) ဖုန်း–၀၉–၅၉၂၆၄၄၀၃ သို့ ဆွေးနွေး တိုင်ပင်နိုင်ပါသည်။**

**သမားအိုဆေးတိုက်**

အမှတ်(၄၇)၊ (၁၁၈)လမ်း၊ မင်္ဂလာဈေးအနီး၊


မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။

ဖုန်း ၂၉၀၆၁၀ အမြို့မြို့ရှိ မြန်မာ့ဆေးဆိုင်များတွင် ရရှိနိုင်ပါသည်။




www.burmeseclassic.com

www.burmeseclassic.com



▲ ပလပ်စုံစေတီ(ရှမ်းချောင်းကျေးရွာ)(၁၃၁၄)



▲ ပလပ်စုံစေတီအတွင်းမှ အပူဇော်ခံ ရုပ်ပွားတော်

တဘောင်ထဲက ဖြစ်ပေါ်လာသည့် မြိတ်မြို့မှ

ရွှေဦး (မြိတ်)

# စုံလေးစုံစေတီ (၃)

**ယခင်လမှ အဆက်**

ပလပ်စုံစေတီ

မြိတ်မြို့မှ (၄)မိုင်ခန့် ဝေးကွာပြီး **[illegible]–ကျွဲကူးသွား ကားလမ်း [illegible]ယာဘက်ရှိ လျှပ်စစ်တပ်ရင်း [illegible] ကျော်ဖြတ်ရောက်ရှိလာပြီး** [illegible]ခြံမြေများကို ကျော်ဖြတ်လျက် [illegible]ချောင်း(ကြီး)ကျေးရွာရှိ ပလပ်စုံ [illegible]အား ဆရာတော်ဦးသုရိယသည် [illegible] တပို့တွဲလဆန်း(၁၄)ရက်၊ [illegible]ကြာနေ့တွင် ဉာဏ်တော်အမြင့် (၁၈)တောင်ခန့်ကို တည်ထားခဲ့လေသည်။

ယခုအခါ ထိုစေတီ၏ ပထမပစ္စယံအရပ်(၈)မျက်နှာတွင် ဂြိုဟ်ခွင်(၈)ခုထားရှိပြီး ပစ္စယံ၏ မြောက်ဘက်တွင် မုခ်တစ်ခုပြုလုပ်လျက် ယင်းမုခ်အတွင်း၌ **ဦးနန္ဒဝံသကောင်းမှု**ဟု ရေးထိုးထားသည့် ပလ္လင်ပေါ်တွင် အပူဇော်ခံ ရုပ်ပွားတော်ငယ်တစ်ဆူကို ဖူးတွေ့ရပေသည်။

ထို အပူဇော်ခံ ရုပ်ပွားတော်အား တက်ရောက်ဖူးမြော်နိုင်ရန် စောင်းတန်းငယ်ကို ပြုလုပ်ထားပြီး လက်ယာဘက်တွင် **ပလပ်စုံစေတီ**တော်အား **ရသေ့**စောင့်သည်ဟု ဆရာတော်ဦးသုရိယ၏ အဆိုအရ ရသေ့ရုပ်တုကို တွေ့မြင်ရပြီး လက်ဝဲဘက်တွင် ရှင်သီဝလိရုပ်တုကို ဖူးတွေ့ရလေသည်။

ပလပ်စုံကျောင်းတိုက်သည် တောရကျောင်းငယ်တစ်ခုအဖြစ်သာ သိမြင်ရပြီး သက်တော်(၃၆)နှစ်၊ ဝါတော်(၁၆)ဝါရှိ ရှမ်းချောင်းကျေးရွာဇာတိ ဆရာတော်ဦးသုန္ဒရသည် လာရောက်သီတင်းသုံးသည့် ၂၀၀၂ ခုနှစ်မှ(၂)

www.burmeseclassic.com



◆ ရသေ့အောင်သည်ဆိုသည့် ရုပ်တု (ပလယ်ပုံစေတီ)



◆ ပလယ်ပုံစေတီ ပစ္စယံအတက် လက်ဝဲဘက်မှ ရှင်သီဝလိရုပ်တု

◆ ပလယ်ပုံစေတီကျောင်း
ဆရာတော် ဦးသုန္ဒရ




◆ မကိုးပုံစေတီနှင့် ကျောင်းအား
ထိန်းသိမ်းစောင့်ရှောက်လျက်ရှိသော ဦးပဉ္စင်း ဦးဝိဇယ





www.burmeseclassic.com

www.burmeseclassic.com



▼ မဏိစုံစေတီအနီး သိမ်အတွင်းမှ ရုပ်ပွားတော်



▲ မဏိစုံစေတီ အနောက်ဘက်မုခ်အတွင်းမှ ရုပ်ပွားတော်

◀ ထေရုဏ္ဍ မဏိစုံစေတီ(ကာလှင်/၁၃၁၄)



ဝါသာ ရှိသေးကြောင်း သိရှိရသည်။

ဆရာတော်အား စာရေးသူမှ ပလပ်စုံစေတီ၏ ထူးခြားမှုပိုင်းဆိုင်ရာများကို လျှောက်ထားမေးကြားသည့်အခါ ထိုစေတီ၏ တောင်ပေါ်တောထဲမှ မကြာခဏ ဆိုသလို လပြည့်လကွယ်နေ့များတွင် ကြီးမားသော မြွေကြီးသည် ကျယ်လောင်သော မြွေတွန်သံပေးလျက် ဘုရားအား လက်ယာရစ်သုံးပတ်မျှပတ်ကာ မည်သူကိုမျှ အန္တရာယ်မပြုတဲ့ပြန်လည် ထွက်ခွာသွားသည်သာဖြစ်ကြောင်း မိန့်ကြားပါသည်။

## မဏိစုံ စေတီ

ဆရာတော် ဦးသူရိယသည် ၁၃၁၄ ခုနှစ်၊ တပို့တွဲလဆန်း(၁၄)ရက်၊ သောကြာနေ့မှာပင် **ပလပ်စုံစေတီ**နှင့်အတူ တစ်နေ့တည်း၊ တစ်ရက်တည်းမှာပင် **မဏိစုံစေတီ**ကို မြိတ်မြို့မှ



www.burmeseclassic.com

www.burmeseclassic.com



◆ မဏိစိုးစေတီမှ သိကြားမင်း ရုပ်တု



◆ မဏိစိုးစေတီအနီးမှ သူရဿတီမယ်တော် ရုပ်တု

(၄)မိုင်ခန့်ဝေးကွာသော မြောက်ဘက် ကလွင်ကျေးရွာတွင် ဉာဏ်တော်အမြင့် (၁၈)တောင်ခန့်ဖြင့် တည်ထားပြီး **သိကြားမင်း စောင့်သည်**ဟု အဆိုပြု၍ အရှေ့မြောက်ထောင့်တွင် သိကြားမင်းရုပ်တုကို ထားရှိပေသည်။

စေတီတော်၏ အနောက်ဘက်မုခ်တစ်ခုကို ပထမပစ္စယံပေါ်၌ ထားရှိပြီး ယင်းမုခ်အတွင်း၌ အပူဇော်ခံရုပ်ပွားတော်ငယ်တစ်ဆူကို ဖူးမြင်ရပေသည်။

မြောက်ဘက်သို့ မျက်နှာမူထားသော ရုပ်ပွားတော်တစ်ဆူကို မဏိစိုးကျောင်းတိုက် သိမ်အတွင်း ဖူးတွေ့ရပြီး သူရဿတီရုပ်တုတစ်ခုကို အရှေ့ဘက်တွင် မြင်တွေ့ရလေသည်။

မဏိစိုးစေတီတော်နှင့် ကျောင်းတိုက်သည် ယခု အသစ် ထပ်မံဖောက်လုပ်ထားသော မြိတ်မြို့ပတ်လမ်းဘေး အနီးတွင်ရှိပြီး မဏိစိုးစေတီနှင့် ကျောင်းတိုက်အား ဝေယျာဝစ္စ ပြုလုပ်ဆောင်ရွက်နေသော **သက်တော်(၉၀)နှစ်၊ ဝါတော်(၂၅)ဝါရှိ ဦးပဥ္စင်းကြီး ဦးဝိဇယတစ်ပါးသာလျှင် ရှိပေသည်။**

ထို့ကြောင့် ဤဆောင်းပါးမှ **မြိတ်ရာဇဝင် ဆရာ ဦးကြီးစိန်၏ တဘောင်သိုက်စာအတိုင်း ဖြစ်ပေါ်လာသော ဆေးဝက်ပါဆရာတော် ဦးသုရိယ၏ ကောင်းမှုတော် စုံလေးစုံစေတီများကို** သာသနာအကျိုး မျှော်ကိုးလျက် နောင်လာနောက်သား လူအများ သိရှိကြစေရန် စေတနာအမှန်ရှာဖွေ ရေးသားတင်ပြအပ်ပါသည်။

**နွေဦး (မြိတ်)**

ကျမ်းကိုးစာရင်း

၁။ ဦးကြီးစိန်၏ တနင်္သာရီတိုင်း မြိတ်ရာဇဝင်တော်ကြီး။


၂။ ၁၉၉၁ ခုနှစ်ထုတ် မြိတ်မဂ္ဂဇင်း အမှတ်(၁၆)။

၃။ ၂၀၀၂ ခုနှစ်ထုတ် မဟာစည် ဗုဒ္ဓသာသနာ့ရိပ်သာ၊ ကန်ဖျားရပ် နှစ်ဝိ... ဆယ် ရွှေရတုအထိမ်းအမှတ်စာစောင်။

၄။ မြိတ် တာယေတာနယ်ဇင်း အ...ဝင် တရွာသိုက် ကိုလှတင်၏ လေ့လာချက်များ

၅။ စုံလေးစုံကျောင်း ဆရာတော်ကြီးများ၏ ပြည့်ပိုဒ်များ။

www.burmeseclassic.com



နွေရာသီ

# ဆီးရောဂါအတွက်

## အနေမခက်ရအောင်

ဦးမင်းဇင် (ရွှေနဝင်း)

နွေရာသီသို့ရောက်လျှင် မီးအဲတွက်ရတာက် မအေးရသလို လက်လုပ်လက်စား အခြေခံ လူတန်းစားများအဖို့ ဆီးအတွက် အနေခက်ရပေသည်။

နေပူပြင်းပြင်းတွင် ဘဝပေး အခြေအနေအရ မဖြစ်မနေ သွားလာလှုပ်ရှားရုန်းကန်ရပေသည်။

သို့အတွက်ကြောင့် အပေါ်က နေပူ အောက်ခြေ မြေက ပူနှင့် အအေးကို တောင့်တကြသည့်အတွက် ရေခဲရည်၊ ကြံရည်၊ အအေးခံထားသော အချိုရည်အမျိုးမျိုးတို့ကို တဒင်္ဂ သက်သာခွင့်ရရေး ငွေပေး၍ သောက်သုံးကြသည်။

သို့သော် ငွေပေး၍ ရောဂါကို ဝယ်ယူသလို ဖြစ်နေပေသည်။

တဒင်္ဂ အပူသက်သာရေး နေပူပြင်းပြင်းတွင် ရေခဲကဲ့သို့သော အအေးလွန်သော အစာရေစာတို့ကို ရုတ်ခြည်း ပူလောင်နေသော ဝမ်းထဲသို့ လောင်းထည့်လိုက်သောအခါ အပူနှင့်အအေး ဝိရောဓိ ဓာတ်အားကြီးပြီး အခန့်မသင့်လျှင် ချက်ချင်း အပူလျှပ်သလို ဖြစ်၍ အပူငုတ်ပြီး ပြင်းထန်စွာ ဖျားခြင်း၊ သွေးပေါင်ချိန် ဖိအားများလာပြီး ဦးနှောက်သွေးကြောကို ထိခိုက်စေခြင်း...

နောက်ဆုံး အခြား ဘာမှမဖြစ်လျှင် တောင်မှ အခြေခံဖြစ်သော ဆီးနှင့် ကျောက်ကပ်တွင် အပူငုတ်၍ အပူအောင်းပြီး **ဆီးပူ၊ ဆီးနီ၊ ဆီးဝါ၊ ဆီးသွေးပါခြင်း၊ ဆီးနည်းခြင်း စသော ဆီးနှင့် ပတ်သက်သည့် ဆိုးကျိုးများကို** ခံစားရတတ်ပေသည်။

သို့အတွက်ကြောင့် နေပူပြင်းပြင်းထဲတွင် သွားလာလှုပ်ရှားပြီးခါစ အခြေအနေတွင် အေးလွန်းသော ရေခဲကဲ့သို့သော အစာရေစာများကို ချက်ခြင်း စားသောက်ခြင်း...

လေအေးပေးထားသော အခန်း၊ ပန်ကာလေအေး ပေးထားခြင်းတို့ကို ချက်ချင်း တိုက်ရိုက် အအေးခံခြင်းတို့ကို အထူးဂရုပြု ရှောင်ကြဉ်ပါ။

အကောင်းဆုံးသော နည်းမှာ နေပူပြင်းပြင်းထဲတွင် သွားလာပြီးခါစ အချိန်တွင် သင့်တော်သော အရိပ်ကောင်းကောင်းတွင် ခေတ္တနား၍နေပြီး **ရိုးရိုးသာမန် ရေအေးတစ်ခွက်ကို အဝသောက်ပြီး အနည်းဆုံး နာရီဝက် (သို့မဟုတ်) တစ်နာရီခန့်ကြာမှ ရေခဲ၊ အအေး စသော အစာရေစာတို့ကို သောက်သုံးသင့်ပါသည်။**

အကယ်၍ မလွှဲမရှောင်သာ နေပူပြင်းပြင်းထဲတွင် သွားလာလှုပ်ရှားရ၍ ဆီးနှင့် ပတ်သက်သော ရောဂါဝေဒနာ ဖြစ်ပွားရသူများအတွက် အကောင်းဆုံး၊ အလွယ်ဆုံး၊ အထိရောက်ဆုံး ဆေး(၃)မျိုးကို ဖော်ပြပေးပါမည်။

ဆေးနည်း—၁

နေပူပြင်းပြင်းထဲတွင် သွားလာရ၍ တစ်ကိုယ်လုံး ပူစပ်ပူလောင်ဖြစ်ပြီး အပူလျှပ်၍ ဖျားနာချင်သလို ဖြစ်လာပါက နေပူထဲမှ ဆက်လက် သွားလာလှုပ်ရှား



www.burmeseclassic.com

www.burmeseclassic.com

ခြင်းကို ရပ်တန့်ပါ။

အေးသောနေရာတွင် ခေတ္တ အနားယူပြီး ကြက်သွန်နီဥ ခပ်ရွယ်ရွယ် အနေတော်တစ်လုံးကို အခွံသင်ပြီး ထန်းလျက် အရွယ်တော်တစ်ခဲနှင့် ရော၍ ဝါးစားပြီး ရိုးရိုးရေအေးတစ်ခွက်ကို အဝသောက်ချပါ။

ပြီးလျှင် အနားယူလိုက်ပါက ခံစားနေရသော ဝေဒနာသက်သာ ပျောက်ကင်းသွားပေမည်။

ဆေးနည်း–၂

နေပူပြင်းပြင်းထဲတွင် သွားလာရ၍ ဆီးနီ၊ ဆီးနည်း၊ ဆီးဝါ၊ ဆီးအောင့်ဖြစ်လာပါက သခွားသီး အကြွပ်မျိုး (ကိုင်းသခွားသီး အရွယ်တော် ၂ လုံး၊ ၃ လုံးခန့်)ကို အခွံခွာပြီး ထန်းလျက် အနေတော် (၄,၅)ခဲနှင့်ရော၍ နံနက်နှင့် နေ့လယ်ပိုင်းတွင် အဝစားပါ။

ညနေနှင့် ညဘက်တွင် မြင်းခွာရွက် အရည် လက်ဖက်ရည်ပန်းကန်တစ်လုံးခန့်တွင် သံပရာသီး အရွယ်တော် တစ်ခြမ်းညှစ်ထည့်၍ သကြား သင့်တော်ရုံထည့်၍ ဖျော်ပြီး သောက်ပေးပါ။ ယင်းအတိုင်း နံနက်၊ ည (၃)ရက်ခန့် နေ့စဉ် သောက်ပေးပါက ရောဂါ ပျောက်ကင်းပေမည်။

ဆေးနည်း–၃

ဆီးပူ၊ ဆီးနည်း၍ အညောင်းအကိုက်အားကြီးပြီး ကိုယ်သားကိုယ်ရေ ပူနေပါက **ဆေးကုလားမ ကောင်းကောင်းဖွေးဖွေးကို** ရေဖြင့် တစ်ညစိမ်၍ နံနက်အိပ်ရာထတွင် သကြားသင့်ရုံ ထည့်ပြီး ဖျော်ပြီး အဝသောက်ပါ။

ရှားစောင်းလက်ပပ် အတွင်းသား လက်ဖက်ရည်ပန်းကန် (၂)လုံးခန့်ကို သကြားဇွန်းကြီး(၂)ဇွန်း၊ ပျားရည်ဇွန်းကြီး(၁)ဇွန်း၊ဆား မန်ကျည်းစေ့(၂)စေ့ခန့်ရော၍ ဖျော်ရည်ကဲ့သို့ စိမ်ထားပြီး ညအိပ်ရာဝင် အဝသောက်ပါ။

ဤကဲ့သို့ (၃,၄)ရက်ခန့် နေ့စဉ် သောက်သုံးပေးသွားလျှင် အပူစင်၍ ရောဂါ သက်သာ ပျောက်ကင်းချမ်းသာပေမည်။

အထက်ပါ ဆေးနည်းတို့အပြင် ဆီးနှင့် ပတ်သက်သော ရောဂါဝေဒနာရှင်များသည် ညအိပ်ရာဝင်ချိန်တွင် **ခြေဖဝါးအလယ်ကြော (၂)ဖက်ကို ဆားဖြင့် (၁၀)မိနစ်ခန့် နာနာပွတ်ပေးပြီး ဒူးခေါင်း(၂)ဘက်မှနေ၍ ရေအေးအေး တစ်ဝလောင်းချပြီး ခြေဆေး၍ ခြောက်သွေ့အောင် သုတ်ပါ။**

ပြီးလျှင် **ကရမက်ကို များများသွေးပြီး ဆီးစပ်၊ ပေါင်ခြံနှင့် မြီးညှောင့်ရိုးတစ်ပတ်လည်ဆီးခုံ အထက်ချက်အထိ ဝမ်းဗိုက် တစ်ပြင်လုံးတို့ကို လိမ်းပြီး အိပ်ရာဝင်ပါ။**

အထက်ပါ နည်းတို့သည် အဖိုးနည်းသော်လည်း အကျိုးမနည်းပါဟု ဆိုချင်ပါသည်။

***[ဆေးတန်ဖိုး အကုန်အကျနည်းသော်လည်း ရောဂါပျောက်ကင်းစေသည့် အကျိုးအာနိသင်မှာ များပြားလှပါသည်။]***

စာရေးသူ ဆရာကိုယ်တိုင် လက်တွေ့ကုသပျောက်ကင်းစေသော နည်းကောင်းများကို ဝေဒနာရှင် အပေါင်းအတွက် စေတနာကောင်းဖြင့် ရေးသားတင်ပြလိုက်ပါသည်။

**မိသားစု စားဝတ်နေရေးအတွက် ရှန်းကန် လှုပ်ရှားနေရသောသူ အပေါင်းတို့ ကျန်းမာ၍ ချမ်းသာသုခနဲ့ ပြည့်စုံကြပါစေ။**

ဦးမင်းဇင်(ရွှေနဝင်း)

စာမူရှင်များသို့...

ပေးပို့သော

စာမူများကို

မူပွား

ထားကြပါရန်နှင့်

မရွေးချယ်ပါက

ပြန်လည်ပေးပို့မည်

မဟုတ်ပါကြောင်း

အသိ

ပေးအပ်ပါသည်။

စာတည်းအဖွဲ့...

နက္ခတ္တရောင်ခြည်မဂ္ဂဇင်း

www.burmeseclassic.com

www.burmeseclassic.com

ကြော်ငြာဆောင်းပါး

# အရိုးကျိုးပေါင်းရောဂါအတွက် စကြာမင်း

အမှတ်တံဆိပ်

## ဆေးစွမ်းကောင်းနှစ်လက်

ဦးဉာဏ်ထွန်းရှိန်
(ဆက်မှု-၁)

'ဟေ့... ကိုဉာဏ်ထွန်းရှိန် ရုံးမတက်ဘူးလား'

'သြော်... စာရေးဆရာကြီး မောင်ကိုဇော် (ဥက္ကလာ)ပါလား။ သာထိုင်ဗျာ၊ ကျွန်တော် ခွင့်ယူထားရတယ်ဗျ။ နေမကောင်းလို့'

'ကိုဉာဏ်ထွန်းရှိန်က ဘာရောဂါတွေ ဖြစ်နေလို့တုံး'

'မသိပါဘူးဗျာ။ ဓာတ်မှန်ရိုက်ပြီး ဆေးစစ်ချက်အရကတော့ ကျွန်တော် ကုပ်ဆက်ရိုးအဆစ် (၄ + ၅ + ၆ + ၇)မှာနဲ့ ခါးဆက်ရိုး (၄ + ၅) အဆစ်တွေမှာ အရိုးကျိုးပေါင်းတက်တဲ့ရောဂါလို့ ပြောကြတာပဲ'

'ဆေး မကုဘူးလား'

'ကုတာမှ စုံနေတာပဲ။ လေ့ကျင့်ခန်းတွေလဲ လုပ်တယ်။ ဒါပေမယ့် အရိုးကျိုးပေါင်းရောဂါကတော့ ကျွန်တော့်ကို နှိပ်စက်နေတုန်းပဲ'

'ဒါဆို နက္ခတ္တရောင်ခြည်မဂ္ဂဇင်းထဲမှာ ကျွန်တော် ဖတ်လိုက်ရတဲ့ ကိုယ်တိုင် အရိုးကျိုးပေါင်းရောဂါ သက်သာပျောက်ကင်းသွားကြတဲ့ ကိုဘုန်းဝေ၊ ပြီးတော့ ရွှေနေကြီး ဦးညွန့်လှိုင် (ညောင်ပင်)တို့ ကုသကြ၊ သုံးစွဲကြတဲ့ ဆရာမြင့် ကိုယ်တိုင်ကု၊ ဖော်လုပ်ထားတဲ့ စကြာမင်း အရိုးကျိုးပေါင်းရောဂါအတွက် သောက်ဆေး၊ လိမ်းဆေးတစ်စုံကို သုံးစွဲကြည့်ပါလား။

ဒီဆေးဟာဆိုရင် အရိုးကျိုးပေါင်းရောဂါရှင်တွေကို စနစ်တကျ ကုသပေးရာမှ စနစ်တကျ ဖော်စပ်ထုတ်လုပ်ထားတဲ့ ဆေးဖြစ်လို့ ခင်ဗျားအတွက် အကျိုးမယုတ်နိုင်ပါဘူး'

'ဒါဖြင့် အဲဒီဆရာကြီး ဆရာမြင့်ဆီ ကျွန်တော့်ကို လိုက်ပို့ပေးပါ'

'ကဲ... လာ သွားကြမယ်'

* * * * * *

'သိပ်လဲ မစိုးရိမ်ပါနဲ့ ကိုဉာဏ်ထွန်းရှိန်ရယ်။ အနာရှိရင် ဆေးရှိပါတယ်။ ဒီခေတ်မှာတော့ ဇက်ကျိုးပေါင်းတို့၊ ခါးကျိုးပေါင်း၊ ဒူးဆစ်ကျိုးပေါင်းတို့၊ ခြေဖနောင့် အတက်ထွက်တာတို့ ဆိုတဲ့ အရိုးဓာတ် ပျက်စီးရာမှ အရွတ်တွေ၊ အကြောတွေ၊ အာရုံကြောတွေ ရှုန်းပြန့်ကြွက်သားတွေ ချို့ယွင်းပျက်စီးတဲ့ အရိုးကျိုးပေါင်းရောဂါဟာ တော်တော် အဖြစ်များနေတဲ့ ရောဂါတစ်ခု ဖြစ်ပါတယ်။ ကျွန်တော့်ဆေးကုခန်းမှာလဲ အရိုးကျိုးပေါင်းရောဂါ အမျိုးမျိုးကို နေ့စဉ် ကုသပေးနေရပါတယ်'

'ဇက်ရိုးကျိုးပေါင်းနဲ့ ခါးရိုးကျိုးပေါင်း လက္ခဏာတွေက ဘယ်လို ရှိပါသလဲ ဆရာ'




ယာယီတိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ်-၀၅၁၃ YR ၀၀၅၃၆၉

ကြော်ငြာခွင့်ပြုချက်အမှတ်
တဆဝက(စာနယ်ဇင်း) ၅၆/၀၅၁၃

'ကုပ်ဆက်မှာ ကျိုးပေါင်းတက်လာရင်တော့ ဇက်ကြောတွေတက်ခြင်း၊ ထိုးခြင်း၊ ခေါင်းမကြည်လင်ခြင်း၊ နားထင်ကြောတွေ မျက်ကြောတွေထိုးခြင်း၊ ကိုက်ခြင်း၊ ခေါင်းငုံ့ရင် နောက်ကြောတက်ခြင်း၊ ဆွဲထားသလိုဖြစ်ခြင်း၊ မိုက်ခနဲမူးခြင်း၊ ချာချာလည်အောင်မူးခြင်း၊ ဟိုဘက်ဒီဘက် ခေါင်းလှည့်ရခက်ခြင်း၊ ဇက်ခိုင်ခြင်း၊ ခေါင်းငုံ့မရခြင်း၊ လက်ပြင်ကြော မကြာခဏ ငုပ်တတ်ခြင်း၊ မကြာခဏ အုံးလွဲခြင်း၊ လက်ကြောများကိုက်ခြင်း၊ လက်ဖျားများ ထုံကျဉ်ခြင်း၊ ကြာလာတဲ့အခါ လက်တွေ အားမရှိသလိုဖြစ်ခြင်း၊ အကိုင်အတွယ်မမြဲခြင်း၊ စိတ်ကြည်လင်မှုမရှိခြင်း၊ ဗဟို အာရုံကြောကြီးတွေကို အရိုးကျိုးပေါင်းများမှ ဖိတောက်ပိတ်ဆို့မှုပြုနေရင် အောက်ပိုင်းလေးခြင်း၊ ဆွဲခြင်း၊ ထုံကျဉ်ကိုက်ခဲခြင်းများကို ဖြစ်ပေါ် ခံစားရတတ်ပါတယ်။

ခါးဆစ်မှာ ကျိုးပေါင်းတက်နေရင်တော့ ခါး မကြာခဏနာခြင်း၊ တောင့်တင်းကိုက်ခဲခြင်း၊ တင်ပါးဆုံထဲက အောင့်ခြင်း၊ ကိုက်ခြင်း၊ ခြေထောက်အကြောတွေ ကိုက်ခြင်း၊ တင်းခြင်း၊ ခြေဖျားတွေ ထုံကျဉ်လေးလံတတ်ခြင်း၊ ကြာလာပါက ခြေထောက်တွေဟာ သွားရလာရ အားမရှိသလိုဖြစ်ခြင်း စတဲ့ လက္ခဏာတွေကို

နက္ခတ္တရောင်ခြည်မဂ္ဂဇင်း ၈၇

www.burmeseclassic.com






(ယာယီတိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ်–၀၆၁၂YR ၀၀၆၇၀၈)

ခံစားရတတ်ပါတယ်။ ပြင်းထန်လာပါက အောက်ပိုင်းတွေ ချည့်သွားစေနိုင်သလို အကြော လုံးဝ သေသွားတဲ့အထိလဲ ဖြစ်ပေါ်စေနိုင်ပါတယ်'

'ဟုတ်ကဲ့ပါဆရာ ကျွန်တော်ဖြစ်နေတာတွေနဲ့ တစ်ထပ်တည်းပါပဲ။ ကျွန်တော့်ကို လိုအပ်တဲ့ အကောင်းဆုံး ကုသမှုတွေ ပေးပါဆရာ'

'လိုအပ်တဲ့ ကုသမှုတွေ ပေးရမယ်ဆိုရင် ကျွန်တော့်ရဲ့ ကုထုံးစနစ်က နှစ်မျိုးရှိတယ်ဗျ။ ပထမစနစ်က စကြာမင်း အရိုးကျိုးပေါင်းပျောက်သောက်ဆေး၊ လိမ်းဆေးနဲ့ ကုသတဲ့နည်း။ ဒီနည်းစနစ်က ကျွန်တော်တို့ရဲ့ဆေးခန်းမှာ အရိုးကျိုးပေါင်းရောဂါရှင်ပေါင်းများစွာကို သုတေသနပြု ကုသရင်းမှ အရိုးကျိုးပေါင်းရောဂါကို ထိရောက်ပျောက်ကင်းတဲ့အတွက် ကျွန်တော့်ဆေးတိုက်က ထုတ်လုပ်တဲ့ စကြာမင်း အရိုးကျိုးပေါင်းရောဂါပျောက် (သောက်ဆေး)နဲ့ လိမ်းဆေးကို ဝယ်ယူပြီး ဆေးညွှန်းအတိုင်း သုံးစွဲတဲ့နည်း ဖြစ်ပါတယ်။

ဒုတိယနည်းကတော့ အစွမ်းထက်တဲ့ စကြာမင်း အရိုးကျိုးပေါင်းရောဂါပျောက်ဆေး (သောက်ဆေး) လိမ်းဆေးတွေနဲ့ တွဲဖက်ပြီး အနာရောက်ရာ၊ ဆေးရောက်ရာဆိုတဲ့ ရောဂါကို အလျင်အမြန် နှိမ်နင်းတဲ့ ကုထုံးစနစ် ဖြစ်ပါတယ်။

ဒီနည်းစနစ်ကုထုံးကတော့ အရိုးကျိုးပေါင်းဖြစ်ရာ အစိတ်အပိုင်းကို ဆေးကြပ်ထုပ်တွေထိုးပေးခြင်း၊ ကျိုးပေါင်းဖြစ်ရာ နေရာရှိ ပျက်စီးနေတဲ့ အရွတ်တွေနဲ့ ပိုလျှံ အရိုးကျိုးပေါင်းတွေကို ခြေဖျက်ပေးနိုင်ပြီး အာရုံကြောတွေ အကြောတွေကို အားရှိ ပွင့်လန်းစေတဲ့ ဆေးတွေ အုံပြီး စည်းပေးတဲ့စနစ် ဖြစ်ပါတယ်။

ဒီကုထုံးစနစ်နဲ့ စကြာမင်း အရိုးကျိုးပေါင်းရောဂါပျောက် သောက်ဆေး၊ လိမ်းဆေးတွေနဲ့ တွဲဖက်ပြီး ကုသမှုခံယူရင်တော့ နှစ်ပတ်အတွင်း သက်သာပြီး လေးပတ်မှ ခြောက်ပတ်အတွင်း သက်သာ ပျောက်ကင်းစေပါတယ်'

ကျွန်တော်လဲ အားတက်သွားပြီး စကြာမင်း အရိုးကျိုးပေါင်းရောဂါပျောက် သောက်ဆေးရော လိမ်းဆေးပါ သောက်၊လိမ်းပြီး ဆရာမြင့်ရဲ့ ဒုတိယကုထုံးစနစ်နဲ့လဲ ကုသမှု ခံယူလိုက်တာ နှစ်ပတ်အတွင်းမှာ သိသိသာသာ သက်သာလာပြီး တစ်လအတွင်းမှာ ကျွန်တော် ခံစားနေရတဲ့ အရိုးကျိုးပေါင်းရောဂါဟာ သက်သာ ပျောက်ကင်းချမ်းသာမှု ရခဲ့ပါပြီ။

'ဆရာ့ကို အရမ်း ကျေးဇူးတင်တာပဲခင်ဗျာ။ ကျွန်တော်ကတော့ တစ်သက်လုံး မပျောက်တဲ့ရောဂါမှ ငါ့ကို လာဖြစ်ရတယ်လို့ စိတ်ဓာတ်ကျနေတာ အခု ဆရာရဲ့ စကြာမင်းဆေးစွမ်းကောင်းနှစ်လက်ကြောင့် ဖက်ကျိုးပေါင်းရောဂါ၊ ခါးရိုးကျိုးပေါင်းရောဂါဘေးမှ စိတ်ရောကိုယ်ပါ လွတ်မြောက်ခဲ့တာပါ ဆရာ'

'ဒီလိုပေါ့ဗျာ အနာမသိတော့ ဆေးမရှိ၊ အနာသိရင် ဆေးရှိတယ်ဆိုတဲ့ ရှေးတိုင်းရင်း ဆေးပညာရှင်ကြီးတွေရဲ့ အဆိုအမိန့်အတိုင်းပေါ့လေ၊ အရိုးကျိုးပေါင်းရောဂါလို့ သိရတော့ ဆေးတွေ့ပြီး ဦးလေးရဲ့ရောဂါဟာ သက်သာ ပျောက်ကင်းသွားတာပေါ့'

'ကျွန်တော့်လို ဆရာ့ဆီလာရောက်ပြီး မကုသနိုင်တဲ့ အရိုးကျိုးပေါင်းရောဂါရှင်တွေအတွက် ကိုယ်ချင်းစာမိတယ်ဆရာ'

'ဒီအတွက်တော့ ဘာမှ စိတ်မပူပါနဲ့ ကိုညဏ်ထွန်းရှိန်ခင်ဗျားလိုပဲ အများရဲ့ တောင်းဆိုတိုက်တွန်းချက်ကြောင့် ကိုယ်တိုင်ကုပြီး လက်တွေ့ပျောက်တဲ့ စကြာမင်း အရိုးကျိုးပေါင်းပျောက်ဆေးကို ဗဟို တိုင်းရင်းဆေးဝါး မှတ်ပုံတင်ဌာနသို့ မှတ်ပုံတင်စစ်ဆေးမှု ခံယူပြီး ဗဟိုတိုင်းရင်းဆေးဝါးမှတ်ပုံတင်နဲ့ ထုတ်လုပ်ဖြန့်ဖြူးခွင့် ရရှိထားလို့ တစ်ပြည်လုံးကို ဖြန့်ချိနေပါပြီ။

ကျွန်တော့်ဆေးခန်းကို လာရောက်ပြီး ကုသမှု မခံယူနိုင်တဲ့ အရိုးကျိုးပေါင်းရောဂါရှင်တွေအနေနဲ့ အမြို့မြို့အနယ်နယ်ရှိ ဆေးမျိုးစုံဆိုင်ကြီးများနဲ့ မိမိတို့ရဲ့ လက်တစ်ကမ်းရှိ ဆေးမျိုးစုံဆိုင်များမှာ စကြာမင်း အရိုးကျိုးပေါင်းပျောက်ဆေး၊ သောက်ဆေး၊ လိမ်းဆေးတစ်စုံကို လွယ်လင့်တကူ ဝယ်ယူပြီး ဆေးညွှန်းပါအတိုင်း စနစ်တကျ သောက်ကြလိမ်းကြရင် အရိုးကျိုးပေါင်းရောဂါဘေးဒုက္ခမှ ကင်းဝေးကြပါလိမ့်မယ်'

'ကဲ... အရိုးကျိုးပေါင်းရောဂါရှင်များ ပေါ့ပေါ့ဆဆ မနေကြပါနဲ့၊ ကျွန်တော်ရဲ့ ဖက်ကျိုးပေါင်း၊ ခါးရိုးဆစ်ကျိုးပေါင်းရောဂါကတော့ ဆရာကြီး ဆရာမြင့်ရဲ့ ကုသမှုနဲ့ ကိုယ်တိုင်က လက်တွေ့ပျောက်ကင်းတဲ့ စကြာမင်း အရိုးကျိုးပေါင်းရောဂါပျောက်တဲ့ သောက်ဆေး၊ လိမ်းဆေး ဆေးစွမ်းကောင်းနှစ်လက်ကြောင့် ကင်းဝေးခဲ့ပါပြီ။

ကျွန်တော့်လို ဘဝတူ အရိုးကျိုးပေါင်းရောဂါရှင်များအနေနဲ့ စကြာမင်း အရိုးကျိုးပေါင်းရောဂါပျောက် သောက်ဆေး၊ လိမ်းဆေး တစ်စုံလောက်ကို သုံးစွဲကြည့်လိုက်ပါ။ အရိုးကျိုးပေါင်းရောဂါဘေးမှ ကင်းဝေးကြမှာ အမှန်ပဲ ဖြစ်ပါတယ်။

မှတ်ထားနော် ''စကြာမင်း''လို့ မေးဝယ်ပါ။


**ဆရာမြင့်**
**စကြာမင်းဆေးတိုက်**
**အမှတ်–၈/၆၆၆ သုဓမ္မာလမ်းမကြီး**
**သန္တာမှတ်တိုင်အနီး**
**မြောက်ဥက္ကလာပမြို့နယ်။**

ဦးညဏ်ထွန်းရှိန် (စက်မှု–၁)



www.burmeseclassic.com

www.burmeseclassic.com



◆ အင်ကြင်းပင် ကမ္မဋ္ဌာန်းကျောင်းတိုက်မှ မူလသိမ်တော်

ထက်မင်းကျော်စွာ

ဝေဘူဆရာတော်ကြီး၏ နွေရာသီ သီတင်းသုံးရာ

# အင်ကြင်းပင် သာသနာပြုမှု (၆)

**ယခင်လမှ အဆက်**

ထိုသည်များကြောင့် အင်ကြင်းပင်သို့ နိုင်ငံခြားညှော်သည်များ အာရုံစူးစိုက်ရောက်ရှိလာကြခြင်း ဖြစ်သည်ဟု အရှင်မဏ္ဍလက သုံးသပ်တော်မူသည်။

ဩစတြေးယားနိုင်ငံ ဓမ္မရောင်ခြည်စေတီဖွင့်ပွဲ အထိမ်းအမှတ်အဖြစ်ထုတ်ဝေခဲ့သော အဆိုပါ စာအုပ်တွင် ဝိပဿနာဆရာကြီး ဦးဘခင်နှင့် ဝေဘူဆရာတော်ကြီး စတင်တွေ့ရှိပုံ၊ ဝေဘူဆရာတော်ကို ဥပဇ္ဈာယ်ပြု၍ ဦးဘခင်၊ ဦးကိုလေးတို့ အင်ကြင်းပင် ကမ္မဋ္ဌာန်းကျောင်းသိမ်တွင် ရဟန်းပြုခဲ့ပုံများ ပါရှိသဖြင့် ဦးဘခင်နှင့် ဦးဂိုအင်ကါတို့၏ တပည့် နိုင်ငံခြားယောဂီများ ဝေဘူဆရာတော်အား ပို၍ အာရုံစူးစိုက်လာကြသည်။

**ဝေဘူဆရာတော်နှင့် ဦးဘခင်**

၁၉၁၄ ခုနှစ်တွင် ဦးဘခင်သည် မီးရထားဌာန စာရင်းကိုင်အရာရှိအဖြစ် မြစ်သားမြို့သို့ ရောက်ရှိစဉ် အလုပ်နားချိန်၌ ကျောက်ဆည်ဘူတာမှ လက်ထောက်ရုံပိုင်နှင့်အတူ ရွှေသာလျောင်းတောင်ပေါ်တက်၍ ဘုရားဖူးကြသည်။

ထိုအခါ ဝေဘူဆရာတော်အကြောင်း ကြားသိရသဖြင့် ဝေဘူချောင်သို့ ညနေခင်းအချိန်တွင် သွားရောက်ကြသည်။ သီလရှင်နှစ်ပါးက ဆွမ်းစားချိန်နှင့် ညအချိန်တွင်သာ ဆရာတော် တရားဟော၍ ဖူးတွေ့နိုင်ကြမည်ဖြစ်ကြောင်း ပြောပြကြသည်။

ဦးဘခင်က **"မဖူးရလဲ နေပါစေ။ ကျောင်းအပြင်မှ ဦးတိုက်ပါရစေ"**

www.burmeseclassic.com

ဟု ဆိုသဖြင့် သီတင်းသုံးရာ ကျောင်းကို ညွှန်ပြပေးကြသည်။ ဆရာတော်၏ဝါးကျောင်းကလေးအပြင်မှ ရှိုးကာ…

'ရန်ကုန်မှ ဒါယကာများ ရှိခိုးကန်တော့နေပါတယ်ဘုရား'

ဟု စိတ်ဖြင့် လျှောက်ထားရာ တဲကျောင်းတံခါး ပွင့်လာပြီး ဆရာတော်ကို ဖူးမြော်ရသည်။ ဆရာတော်နှင့် အချိန်တစ်နာရီကျော်မျှ လျှောက်ထားနာယူခွင့်ရပြီး နောက်သော် ဆရာတော်က…

'ဒကာကြီးက ပါရမီရှိတယ်။ ဘုန်းကြီးစိတ်ထဲမှာက တောထဲသွားပြီး ပင်ပင်ပန်းပန်း လုပ်ခဲ့ရတယ်လို့ အောက်မေ့မိတယ်'

ဟု မိန့်တော်မူလေသည်။

နောက်တစ်နေ့တွင် အရုဏ်ဆွမ်းဆက်ကပ်၍ တရားဆွေးနွေးကြပြီးနောက် ဆရာတော်က…

'ဒကာကြီး ရရှိထားတဲ့ တရားကို သူများကို ဝေမျှပြရလိမ့်မယ်။ အခု ဒကာကြီးနဲ့ ပါလာတဲ့ ဒီက ဒကာလေးကို နောက်ဘယ်တော့မှ တွေ့ရဦးမယ် မသိဘူး။ တွေ့တုန်းပေးခဲ့ပါ။ နည်းကလေး ပြပေးခဲ့ပေါ့။ ဒကာကြီးတို့ လူပုဂ္ဂိုလ်အနေနဲ့ ဝိတ်ဖြူလဲပြီး တရားပေးပါ'

ဟု မိန့်မှာသဖြင့် ကျောက်ဆည်ရုံပိုင်ကလေးမှာ ဆရာကြီး ဦးဘခင်၏ ပထမဆုံး တရားပြပေးခြင်း ခံရသူဖြစ်လာ၏။

နောင်တွင် ဦးဘခင်သည် စာရင်းစစ်ညွှန်ကြားရေးဝန် ဖြစ်လာကာ ၁၉၅၁ ခုနှစ်တွင် အင်းလျားမြိုင်လမ်း၌ အပြည်ပြည်ဆိုင်ရာ ပဋိပတ္တိလုပ်ငန်းဌာန ထူထောင်လျက် ဝိပဿနာကမ္မဋ္ဌာန်းတရား ပြန့်ပွားအောင် ဆောင်ရွက်သည်။

ထိုစဉ် **"ပရိယတ္တိအခြေခံနှင့် ပဋိပတ္တိအဖြေမှန်"** စာအုပ်ကို ရေးသား



◄ ဦးဘခင် ရဟန်းဝတ်စဉ်က

▼ ဆရာတော်နှင့် ဦးဘခင်




ကာ မထုတ်ဝေမီ ဝေဘူဆရာတော် သီတင်းသုံးရာ ရွှေဘိုသာသနာ့ရိပ်သာသို့ ပေးပို့ဆက်ကပ်ခဲ့သည်။ ဆရာတော်က အားရနှစ်သက်ကြောင်း စာရေးသား ပြန်ကြားခဲ့သည်။

နောင်တွင် ဆရာတော်ကြီး ရန်ကုန်သို့ ကြွလေတိုင်း ဦးဘခင်နှင့် တပည့်များက အမြဲပင့်ဖိတ်ကြသဖြင့် အပြည်ပြည်ဆိုင်ရာ(ပဋိပတ္တိလုပ်ငန်းဌာန) ဓမ္မရိပ်သာသို့ ကြွရောက်တော်မူ၍ နိုင်ငံခြားယောဂီများကို တရားဟောကြားပေးတော်မူခဲ့လေသည်။

## ဦးဘခင်တို့

## ဒုလ္လဘရဟန်း ဝတ်ကြခြင်း

ဦးဘခင်သည် ၁၉၆၄ ခုနှစ် အောက်တိုဘာလ(၁)ရက်နေ့တွင် သူ၏ လုပ်ငန်းတာဝန်များဖြစ်သော မြန်မာ






www.burmeseclassic.com

www.burmeseclassic.com



▲ ဒိတော်မှုသိမ်

▼ ပိဋကတ်တိုက်



နိုင်ငံ ကူးသန်းရောင်းဝယ်ရေး စာရင်းစစ်ဌာန ညွှန်ကြားရေးဝန်၊ နိုင်ငံတော် စာရင်းကိုင်နှင့် စာရင်းစစ် သင်တန်းကျောင်း ကျောင်းအုပ်ကြီး၊ ကုန်သွယ်မှု တိုးတက်ရေး အထူးအရာရှိ နိုင်ငံတော် ကောက်ပဲသီးနှံ ရောင်းဝယ်ရေးအဖွဲ့ ဥက္ကဋ္ဌ စသည်တို့မှ အငြိမ်းစားယူခဲ့သည်။

ထို့နောက် (၁၈–၆–၁၉၆၅)နေ့ရက်တွင် အင်ကြင်းပင် ကမ္မဋ္ဌာန်းကျောင်းတိုက် တိလောကသဗ္ဗညုစေတီ အရှေ့ဘက်ရှိ မူလသိမ်တော်တွင် ဦးကိုလေးနှင့် ဦးဘခင်တို့ ရဟန်းဝတ်ကြသည်။

ဥပဇ္ဈယ်မှာ ဝေဘူဆရာတော်ကြီးဖြစ်၍ ကမ္မဝါဆရာတော်(၄)ပါး၊ ကာရက သံဃာ(၁၈)ပါးတို့ ရှေ့မှောက်တွင် ရဟန်းအဖြစ်သို့ ရောက်ကြသည်။ ဦးဘခင်က အရှင်ကုသလ၊ ဦးကိုလေးက အရှင်တေဇိန္ဒာဘိဝံသ ဘွဲ့မည်ရရှိကြသည်။

အင်ကြင်းပင် ကမ္မဋ္ဌာန်းကျောင်းတွင် ဆယ်ရက်တာမျှ သီတင်းသုံး ကျင့်ကြံကြပြီးနောက် ၂၈–၆–၁၉၆၅နေ့တွင် ဝေဘူဆရာတော် ရှေ့တော်မှောက်၌ သိက္ခာချပရိသုဒ္ဓ ပြုခဲ့ကြလေသည်။

## သိမ်တော်များနှင့် အခြားအဆောက်အအုံများ

အာရုံခံတန်ဆောင်းမှ ပြန်ထွက်ခဲ့ရာ အရှေ့ဘက်ကပ်လျှင် မူလသိမ်တော်ကို မြင်တွေ့ရသည်။ ၁၂၉၁ ခုနှစ်တွင် အင်ကြင်းပင် ကမ္မဋ္ဌာန်းကျောင်းသား ဝေဘူဆရာတော် စတင်ထူထောင်စဉ်က သမုတ်ခဲ့သော သိမ်ဖြစ်သည်။

www.burmeseclassic.com

ထို၏ အရှေ့ဘက်တွင် ခံ့ညားထည်ဝါသော သိမ်ကြီးရှိ၏။ **"ဒါးတန်းသိမ်"**ဟု ခေါ်ကြသည်။ အဘယ်ကြောင့် ဤအမည်တွင်ကြောင်း မသိရပေ။


**ထိုသိမ်၏ ပတ်လည် အရံတံတိုင်း အပြင်ဘက် အရပ်မျက်နှာတွင် ဗြိုဟ်တိုင်အရုပ် (၈)ရုပ် ပြုလုပ်ထားသည်ကို မြင်ခဲ့ရလေသည်။**

ဒါးတန်းသိမ်၏တောင်ဘက် မလှမ်းမကမ်းတွင် ပိဋကတ်တိုက် ရှိသည်။ နှစ်ထပ် အုတ်တိုက်ဆောင်ဖြစ်ကာ ဝေဘူဆရာတော် သီတင်းသုံးစဉ်က ညနေ(၅)နာရီထိုးလျှင် ရဟန်း၊ သာမဏေ၊ ဥပုသ်သည်များအားလုံး ဤအဆောင်သို့ လာရောက် စုဝေးကြရသည်။

အောက်ထပ်တွင် စုဝေးပြီးနောက် အခန်းတွင်း ညောင်စောင်းတွင် ဆရာတော်က သီတင်းသုံးလျက် သံဃာ ပရိသတ်က အောက်မှ ဝိုင်းရံလျက် ဆေးကပ်ပွဲပြုလုပ်သည်။ ထန်းလျက်၊ တင်လဲ၊ ပျား၊ စတုမဓူ၊ ချင်း၊ အဖျော်များကို အလှူရှင်၊ ရွာသူရွာသားများက ကပ်လှူကြသည်။


သုံးဆောင်ပြီးသောအခါ သံဃာတော်များကို သီးခြားသြဝါဒပေး၏။ လူတွေဘက်မှ သာသနာပြုသည့် အလုပ်များ တာဝန်ကျေသကဲ့သို့ ရဟန်းတော်များကလည်း သာသနာ့တာဝန် ကျေပွန်ကြ၍ လိုရာဗောဓိ ပြည့်စုံကြစေရန် နေ့စဉ်နေ့တိုင်း တိုက်တွန်းတော်မူလေ့ရှိသည်။ တရားပွဲဆုံးလျှင် **"ဆောင်ကြတာ အောင်ကြပြီ ဝမ်းသာကြ"**ဟု အဆုံးသတ်တော်မူလေသည်။

ဤကျောင်းဆောင်၏ အပေါ်ထပ်တွင် ပိဋကတ်ကျမ်းများထားရှိသဖြင့် ပိဋကတ်တိုက်ဟု ခေါ်ခြင်းဖြစ်သည်။



◆ ဆွမ်းစားဆောင်

◆ ဆရာတော် သီတင်းသုံးရာကျောင်း



ယင်း၏ အနောက်ဘက်တွင် ဆွမ်းစားဆောင်ရှိ၍ ဆွမ်းစားဆောင် မြောက်ဘက်၌ ဆရာတော် သီတင်းသုံးခဲ့ရာ **နောက်ဆုံး ခန္ဓာဝန်ချရာကျောင်းဆောင်**ရှိသည်။

ဆရာတော်ကြီးသည် ပျံလွန်တော်မူမည့်နေ့ နေ့ဆွမ်းဘုဉ်းပေးခြင်း၊ တရားဟောခြင်းတို့ကို ကောင်းမွန်စွာ လုပ်ဆောင်တော်မူပြီးနောက် နေ့လယ် (၂)နာရီကျော်တွင် အမောဖောက်လာသဖြင့် မဒေါင်းလှကျေးရွာမှ ဆေးမှူးဦးကျော်ညွန့်ကို ခေါ်၍ အားဆေးသွင်းပေးကြသည်။

ဆေးသွင်းပြီး ခွေးစို့ကာ အမော သက်သာလာခဲ့သည်။ ည(၇း၁၅)နာရီ တွင် ကုဋီသို့သွား၍ ကိုယ်လက် သန့်စင် ကာ ခြေကျင်လျှောက်ပြန်လာသည်။ ကျောင်းခန်းတွင်းသို့ ရောက်၍ တပည့် များ ဝိုင်းဝန်းတွဲချိုလေမှ ခန္ဓာဝန်ချတော် မူခြင်းဖြစ်ကြောင်း သိရသည်။

ပျံလွန်တော်မူပြီးနောက် လူအများ ဖူးမြော်နိုင်ကြစေရန် ပိဋကတ်တိုက် သို့ ရွှေ့ပြောင်းအပူဇော်ခံကြသည် ဆို၏။

ထိုမှ အနောက်ဘက် မနီးမဝေးတွင် ဒေါ်မေတာဝီ လှူဒါန်းသော မော်တော်



www.burmeseclassic.com

www.burmeseclassic.com



ဆရာတော် ကျောင်းဆောင် တစ်ဆက်မြင်ကွင်း


ကားထားသည့်ရုံကို တွေ့ရသည်။ မော်တော်ကားကိုမူ မတွေ့မမြင်ရပေ။

ဝေဘူဆရာတော် ပျံလွန်တော်မူပြီး နောက်တွင် မုံရွာမှ တရုတ်သူဌေးတစ်ဦး က ဆက်ခံသူ ဆရာတော်ဦးခေမိန္ဒ အား ဤကားကို စွန့်ပါက ခေတ်ပေါ် တန်ဖိုးကြီး ကားတစ်စီးအစား လှူဒါန်း ပါမည်ဟု လျှောက်ထားသော်လည်း နာယကဆရာတော်များနှင့် တိုင်ပင်၍ ငြင်းပယ်ခဲ့ပါသည်။

ထိုမှ အတန်ကြာပြီးနောက် လူ တစ်ယောက်က ပြန်လည် ပြုပြင်ပေးပါ မည်ဆို၍ ၁၃၇၄ ခုနှစ်တွင် ယူဆောင် သွားရာ လုံးဝ ပြန်ရောက်လာခြင်း မရှိတော့ဟု ဦးမင်းလွင်က ပြောပြ သည်။

## ဗောဓိပင်များ

ဒေါ်မမောဒီ လှူသော ကားရုံ



ထိုမှ စေတီတောင်ဘက်ရှိ ဓမ္မာရုံ ကြီးအား ကွေ့ပိုက်ကာ လျှောက်လာ ကြရာ စေတီအနောက်မြောက်ထောင့် အရပ်တွင် ဗောဓိပင်များကို မြင်တွေ့ရ သည်။ အရှေ့ဘက် အစွန်ရှိအပင်မှာ **ဗောဓိလင်းလွန်းပင်**ဖြစ်၍ အရွက်များ ဝိုင်းသည်။ အနောက်ဘက်နှစ်ပင်မှာ ဗောဓိညောင်ပင်များဖြစ်၍ ချွန်နေသည် ကို တွေ့ရသည်။

ရွှေလ ဆက်ဖတ်ပါရန်

**ထက်မင်းကျော်**

www.burmeseclassic.com


ကြည့်ပါ။

**(၁)အရ...**

နှလုံးလမ်းကြောင်းထိပ်မှာ ဖြတ်မျဉ်းများ၊ ဥပဒ်လမ်းများကို တွေ့ရပါမယ်။

ဒါကြောင့်...

* * *



နှလုံးလမ်းကြောင်း ထိပ်တွင် အခက်အလက်(၃)ခု တွေ့လို့ ချစ်သူ (၃)ဦးတွေ့မယ်။ (၁.၂.၃)

**(၃)အရ** ရည်းစားဦးနဲ့ လွဲမယ်။

**(၂)အရ** နောက်ထပ် ရည်းစားနဲ့ ကွဲမယ်။

**(၁)အရ** တတိယရည်းစားနဲ့ မြဲမယ်။

# တစ်ချက်ကောင်း ဟောကွက်




**(၄)အရ** နိုးရာလိုက် ရမယ်။

**(၂.၃)အရ** မိဘဆွေမျိုး သဘော မတူလို့ ကွဲမယ်။

**(၅.၁)(၅.၂)အရ** သဘောမတူလို့ ကွဲကွာရ တယ်။

ပညာသင်များအတွက် ဗဟုသုတ ဖြစ်စေရန် တင်ပြလိုက်ပါတယ်။

**ပရံ ရက္ခန္တော အတ္တာနံ ရက္ခတိ။**

**ဦးသော်ခင် (ဟသ်ာတ)**



www.burmeseclassic.com

www.burmeseclassic.com

### စနေသားသမီးများအတွက်

စနေသားသမီးများအတွက် ထူးကဲချမ်းသာ ကံကောင်းစေရာ လွယ်ကောင်းယတြာ ဖြစ်ပါတယ်။

စနေသားသမီးများသည် စနေနေ့တိုင်း ဆောင်ရွက်ရပါမယ်။ စနေသားသမီးများအားလုံးသည် အတာရေအိုးငယ်တစ်လုံးဖြင့် ရေသန့်သန့်ကြည်ကြည်ကို ထည့်ပြီး **ဆင်စီးမြင်းရံ** ရုပ်ပွားတော်ရှေ့မှောက်၌ လှူရပါမယ်။

ပြီးရင်...

စနေသားသမီးများသည် မဟာဘုတ်ဆိုင်ရာ ဖွားလိုက် သီးခြား လှူရမယ့် ယတြာဝတ္ထုပစ္စည်းကို ဇယားတွင်ကြည့်ပြီး ဆောင်ရွက်ပါ။ လှူပါ။

ပြီးရင်...

စနေသားသမီးများ အားလုံးသည် "**ယမိတဗ္ဗယမော**"ဂါထာဖြင့် ရှိခိုး[illegible] ပြီးရင် ပိတောက်သားပုတီးဖြင့် "**ဥပနိဿယပစ္စယော**"ကို ပုတီး(၃)[illegible] စိပ်ပါ။

### ယမိတဗ္ဗယမောဂါထာ

[illegible]မိတဗ္ဗယမောဒဿော၊ ဂမိတဗ္ဗ ဂမာဝိကော၊ [illegible] မာရသ ယော ဇိနော၊ ဝရံ သော [illegible] သ ဇယံ။

[illegible]

**[illegible]မိတဗ္ဗယမော၊** စောင့်ရှောက်[illegible]သော ဣန္ဒြေကို စောင့်ရှောက်[illegible]မှုသည်ဖြစ်၍...

**[illegible]၊** ယဉ်ကျေးတော်မူသော...

**[illegible]မိတဗ္ဗဂမော၊** ရောက်အပ် သိအပ်သော တရားကို ရောက်တော် သိတော်မူသည်ဖြစ်၍...

**အဝိကော၊** လွန်ကဲ ထူးမြတ်တော်မူသော...

**ယောဇိနော၊** အကြင် မြတ်စွာဘုရားသည်...

**မာရဿ၊** မာရ်မင်း၏...

**ဗလံ၊** ရဲမက်ဗိုလ်ပါအားကို...

**ဇိနော၊** အောင်တော်မူ၏...


**သောဇိနော၊** ထိုမြတ်စွာဘုရားသည်...

**မေ၊** အကျွန်ုပ်အား...

**ဝရံ၊** မြတ်သော...

**ဇယံ၊** မင်္ဂလာအောင်ဆုကို...

**ဒေတု၊** ပေးသနားတော်မူပါစေသတည်း။



◆ ရန်ကုန်မြို့ မြောက်ဥက္ကလာပမြို့နယ် မယ်လမုစေတီတော်ဝန်းတွင်ရှိသော ဆင်စီးမြင်းရံရုပ်ပွားတော်

# မဟာဘုတ်ချိန်ခွင်

## နှင့် လွယ်ကောင်းယတြာ

ပုတီးစိပ်ရန်ဂါထာ

ဥပနိဿယပစ္စယော ***(ပုတီးတစ်လုံးချ)***

***[၃-ပတ်]***

***အေးပါစေ၊ အောင်ပါစေ။***

**သန်းပညာ**

**စနေသားသမီးများအတွက် မဟာဘုတ်ဖွားဆိုင်ရာအလိုက် လှူရမည့် ဝတ္ထုပစ္စည်းပြဇယား**

| [illegible] | သိုက် | ရာဇ | အဓိပတိ | ဘင်္ဂ | မရဏ | ပုတိ |
|---|---|---|---|---|---|---|
| [illegible] | ပိတောက်စွယ်တော် | ပိတောက်ရွက်လှ | ပိတောက်သပြေ | ပိတောက်ညွန့် | ပိတောက်အုန်းညွန့် | ပိတောက်ပျဉ်းမညွန့် |



www.burmeseclassic.com

www.burmeseclassic.com

ကြော်ငြာဆောင်းပါး

တိုင်းရင်းဆေးဝါးမှတ်ပုံတင် **0412 YR 004687**

လိုင်စင် ၇/၂၀၀၈၊ တာဆထလ (တိုး)-၁၃၁၂




အဆီကျအကြောပြေ ဆီး၊ ဝမ်း၊ မှန်စေတဲ့

# မုံရွာ ဆရာမိုး ရဲ့

# ရှောက်တစ်လုံးဝမ်းမှန်ဆေး

ကြော်ငြာခွင့်ပြုချက်အမှတ် တဆဝက (စာနယ်ဇင်း) ၁၃၀/၀၁၁၁၄

"ကိုဇော်ရဲနိုင်ကို ကြည့်လိုက်ရင် သွက်လက်ပေါ့ပါးဖျတ်လတ်နေတာပဲ။ အသားအရေ စိုပြည်ပြီး အဆီတွေလည်းကျ အသားတွေလည်း ကျစ်လျစ်လာတယ်။ ဆေးကောင်းတစ်လက်တွေ့ထားပြီထင်တယ်။ ဆေးကောင်းရှိရင် လက်တို့သတင်းပေးပါဦး"

"သွက်လက်ပေါ့ပါးဖျတ်လတ်ဆို **မုံရွာဆရာမိုးရဲ့ ရှောက်တစ်လုံးဝမ်းမှန်ဆေး** လက်ကိုင်ထားလို့ပါ။ ကျန်းမာရေးရှုထောင့်ကကြည့်ရင် နေ့စဉ်နေ့တိုင်း ဆီး၊ ဝမ်း၊ သွေး၊ လေ မှန်မမှန် မိမိကိုယ်တိုင် ဆန်းစစ်ပြီး ဖြူပြင်နေထိုင်သွားဖို့လိုတယ်မဟုတ်လား။ လူသားတိုင်း ကျန်းမာဖို့ ဓာတ်ကြီးငါးပါးညီညွတ်မျှတပြီး မဖောက်ပြန်ဘဲ ဝင်လမ်း၊ ထွက်လမ်း မှန်ကန်ခြင်းရှိဖို့ လိုအပ်ပါတယ်။ ဂီတနယ်မှာ စည်းနဲ့ဝါးဟာ အဓိကကျသလို လူသားတိုင်း ကျန်းမာဖို့ဆိုရင် ဆီးနဲ့ဝမ်းဟာ အဓိကကျပါတယ်။ ဝမ်းတစ်လုံးကောင်း ခေါင်းမခဲဆိုတဲ့ စကားရပ်လည်းရှိတယ်မဟုတ်လား'

"ဟုတ်ပါ့ဗျာ. . . ဒါထက် ကိုဇော်ရဲနိုင် အမြဲသုံးစွဲနေတဲ့ မုံရွာဆရာမိုးရဲ့ ဝမ်းမှန်ဆေးဟာ ဝမ်းမှန်ရုံသက်သက် စားတာလား၊ ဘယ်လိုရောဂါတွေအတွက် သုံးစွဲနိုင်တယ်ဆိုတာ ပြောပြဦးမှပေါ့"

"ကျွန်တော်တို့မိသားစု အမြဲသုံးစွဲနေတဲ့ မုံရွာဆရာမိုးရဲ့ ရှောက်တစ်လုံးဝမ်းမှန်ဆေးဟာ ဝမ်းနုတ်ဆေးမဟုတ်သလို ဝမ်းမှန်ရုံသက်သက်မဟုတ်ဘဲ ဘယ်လိုရောဂါတွေအတွက် သုံးစွဲနိုင်သလဲဆိုရင် အဲဒီဆေးကို နေ့စဉ်မှန်မှန် သုံးစွဲခြင်းဖြင့် လေငန်း လေဖြတ်ရောဂါဖြစ်ခြင်း၊ သွေးတိုးသွေးတက်ခြင်း၊ နှလုံးအဆီဖုံး, အသည်းအဆီဖုံးခြင်းတို့ကို ကာကွယ်ပြီး ဇက်ကြောထိုးခြင်း ခြေ၊ လက်များ ထုံကျဉ် ကိုက်ခဲလေးလံခြင်း၊ အစာအိမ်ရောဂါဖြစ်ခြင်း၊ လေကြောင့်ဖြစ်သော ဗိုက်နာ, ဗိုက်အောင့်ဖြစ်ခြင်း အတွင်းလိပ်, အပြင်လိပ်ဖြစ်ခြင်း၊ သွေးကျခြင်း၊ ဆီး,ဝမ်း,လေ ချုပ်ခြင်း၊ ဆံပင်ဖြူခြင်း၊ မျက်စိမှုန်ခြင်း၊ ကိုယ်လက်လေးလံထိုင်းမှိုင်းပြီး ညောင်းညာကိုက်ခဲခြင်း၊ ခံတွင်းနံ့ဆိုးခြင်း၊ ချွေးနံ့မကောင်းခြင်း၊ မျက်နှာပေါ်တွင် ဝက်ခြံ, တင်းတိပ်များထွက်ခြင်း အသားအရေ အက်ကွဲခန်းခြောက်ခြင်း၊ စိတ်ဖိစီးမှုများ၍ ကိုယ်လက်မအီမသာဖြစ်ခြင်း စတဲ့ ရောဂါများကို သက်သာပျောက်ကင်းစေပါတယ်။

ခန္ဓာကိုယ်တွင်းရှိ ပိုလျှံနေသောအဆီများတို လျော့ကျစေပြီး အပူ၊ အပုပ်၊ အညစ်ကို ယူထုတ်ပစ်သလို ကင်းစင်စေရုံမက ကိုယ်ဝန်ဆောင်မိခင်များ နေ့စဉ်သုံးစွဲခြင်းဖြင့် ဆီး၊ ဝမ်း၊ လေ မှန်ကန်၍ မွေးဖွားရလွယ်ကူပြီး ကလေးတွင် လေနာကင်းကာ ကျန်းမာစေခြင်း စတဲ့ အကျိုးကျေးဇူးတွေ ခံစားစေနိုင်ပါတယ်"

"ကိုဇော်ရဲနိုင်တို့မိသားစု သုံးစွဲနေတဲ့ မုံရွာဆရာမိုးရဲ့ ရှောက်တစ်လုံးဝမ်းမှန်ဆေးဟာ ကျား/မ စွယ်စုံရတဲ့ ဆေးကောင်းတစ်လက်ပဲဗျို့။ ကျွန်တော်လည်း သုံးမယ်ဗျာ။ ကျွန်တော်တို့ ခင်ဗျားတို့လို စာရေးဆရာ၊ ပန်းချီဆရာ၊ ကွန်ပျူတာသမားတွေ အညောင်းထိုင်သူတွေ၊ အဆီများ အဝလွန်သူတွေ၊ တစ်ကိုယ်လုံးလေးလံထိုင်းမှိုင်း ညောင်းညာကိုက်ခဲနေသူများအတွက် ဒီဆေးက ဝမ်းနုတ်ဆေးမဟုတ်လို့ နေ့စဉ်မှန်မှန်သုံးစွဲဖို့ လက်ကိုင်ထားရမယ့် ဆေးကောင်းတစ်လက်မို့ ဆေးရဲ့ကောင်းခြင်းဂုဏ်သတင်းကို အပေါင်းအသင်းတွေသိအောင် ရေးသွင်းကြေညာလိုက်ချင်ပါရဲ့ဗျာ"

ရန်ကုန်မြို့ မန္တလေးမြို့နှင့် မုံရွာမြို့ မော်လမြိုင်မြို့ရှိ မြန်မာ့ဆေးမျိုးစုံဖြန့်ချိရေးဆိုင်ကြီးများမှတစ်ဆင့် တစ်ပြည်လုံးသို့ဖြန့်ချိပေးနေပါပြီ။

**ပင်ရင်း - မုံရွာ-ဆရာမိုး** တိုင်းရင်းဆေးဝါးထုတ်လုပ်ရေးနှင့်ဆေးကုခန်း

အမှတ်-ရ/၃၅၆၊ မေဆုဝီလမ်းမကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၁-၆၉၀၅၈၇၊ ၀၉-၅၁-၈၈၆၅၂

မုံရွာဆရာမိုး - ဖုန်း-၆၉၉၆၁၁ လိုင်းခွဲ (၃၄၇)၊ ၆၉၀၄၅၆ လိုင်းခွဲ (၃၄၇)

www.burmeseclassic.com

www.burmeseclassic.com



▲ အောင်တော်မူစေတီတော်ပုံတော်

မောင်မောင်စိုး
(ထားဝယ်)

စပါးတောင်ခြေ အစိဋ္ဌာန်ပြုရာ

# သစ်ပြုတောင် အောင်ချေ (၃)

**ယခင်လမှ အဆက်**

မြတ်စွာဘုရား ကိုယ်တိုင်ပင် လောကကြီးတစ်ခုလုံး မောဟတည်း ထူသော အမိုက်မှောင်ဖုံးနေသော်လည်း တရားဟောလျှင် သိနိုင်လောက်သော အသိဉာဏ်ပါရမီရှိသူများ ရှိနေသေးကြောင့် ဟောမည့်သူမရှိက ထိုသို့ ဉာဏ်ပါရမီရှိသူများ မဂ်ဖိုလ်နိဗ္ဗာန်မှ ဆုံးရှုံးကြရတော့မည့်အကြောင်း သိမြင်တော်မူပြီးပင် ဖြစ်သည်။

တရားဟောရန် ဆုံးဖြတ် ဝန်ခံတော်မူပြီးနောက် မိမိကိုယ်တော်မြတ်အပေါ် ကျေးဇူးပြုဖူးသည့်အပြင်၊ ဟောလျှင် သိနိုင်သူများအား တရားဦးဖြင့် ကျေးဇူး တုံ့ဆပ်ရန် အကြံဖြစ်တော်မူသည်။

ထိုအကြံအရ ဘုရားမဖြစ်မီ အလောင်းတော်ဘဝက မိမိအား လောကီချာန် အဘိညာဉ်ရအောင် ကျေးဇူးပြုခဲ့ပေဖူးသော လောကီဆရာ အာဠာရသေ့ကြီးနှင့် ဥဒက ရသေ့ကြီးတို့အဘယ်အရပ်၌ ရှိနေကြသည်ကို ဆင်ခြင်ကြည့်ရှုတော်မူသည်။


အာဠာရသေ့ဆရာကြီး ကွယ်လွန်သည်မှာ (၇)ရက်မျှသာ ရှိသေး၍ ဥဒကရသေ့ကြီးတို့ အဘယ်အရပ်၌ ရှိနေကြသည်ကို ဆင်ခြင်ကြည့်ရှုတော်မူသည်။

အာဠာရသေ့ဆရာကြီး ကွယ်လွန်သည်မှာ (၇)ရက်မျှသာ ရှိသေး၍ ဥဒက ဆရာကြီးကား ယမန်နေ့ည သန်းခေါင်ယံကလေးကမှ ကွယ်လွန်သွားသည်။

ဘဝလွတ်မြောက်မှုကို မရရှိရံသာမက သူတစ်ပါးဟော၍ပင် မနားကြားနိုင်သော ရုပ်ကိုယ်ခန္ဓာမရှိသည့် အရူပပြဟ္မာဘုံ၌ ဖြစ်နေကြောင်း မြင်တော်မူရာ...

'ဆုံးရှုံးခြင်းကြီး ဆုံးရှုံးကာ နစ်နာကြရလေစွ။ ငါ့တရားကို နာရသော် လွတ်မြောက်ကြလေရာ၏'

www.burmeseclassic.com



◆ အောင်တော်မူစေတီတော်၏ ခေါင်းလောင်းသပိတ်မှောက် နားရေးအောက်မှ ဘီလူးလက်ယှက်သန်ဆွဲကို အနီးကပ် မြင်တွေ့ရသည့်ပုံ

ဟု ရင်သပ်တော်မူလေ၏။

ထို့နောက် ကျေးဇူးလည်းရှိ၍ ဟောလျှင် သိနိုင်သောသူများအား ဆက်လက် ဆင်ခြင်တော်မူရာ ဗာရာဏသီမြို့အနီး မိဂဒါဝုန်တောသို့ ထွက်ခွာသွားကြသော ပဉ္စဝဂ္ဂီ(၅)ဦးတို့ကို မြင်တော်မူ၍ မဟာဗောဓိပင်မှ(၁၈)ယူဇနာ (၁၄၄)မိုင်ဝေးသော မိဂဒါဝုန်သို့ ခြေကျင်ကြွတော်မူသည်။

မြတ်စွာဘုရားရှင်သည် သားသမင်တို့အား ဘေးမဲ့ပေးရာ မိဂဒါဝုန်တော၌ ပဉ္စဝဂ္ဂီ(၅)ဦးတို့အား ရှောင်ကြဉ်ရန် ဝဲယာအစွန်းလွန် လမ်းစဉ်နှစ်မျိုး၊ လိုက်နာ ကျင့်ကြံရန် မဇ္ဈိမပဋိပဒါ အလယ်အလတ်လမ်းစဉ် ခေါ် မဂ္ဂင်ရှစ်ပါး၊ သစ္စာလေးပါးတို့ဖြင့် တန်ဆာဆင်အပ်သော **"ဓမ္မစက္ကပဝတ္တနသုတ္တန်"** (ဓမ္မစကြာ)တရားကို ဟောကြားတော်မူရာ အရှင်ကောဏ္ဍည မထေရ်သည် သောတာပန် တည်တော်မူပြီး နတ်ဗြဟ္မာ (၁၈)ကုဋေတို့မှာ တရားအဆင့်ဆင့် တည်တော်မူသည်။ တရားဒေသနာအပြီးတွင် မဟာပထဝီမြေကြီးလည်း မြည်ဟည်း တုန်လှုပ်သွားသည်။

ဓမ္မစကြာတရားဦးဟောရာ ထိုနေ့ကား မဟာသက္ကရာဇ် ၁၀၃ ခုနှစ် နေလည်း ဝင်စ၊ လလည်း ထွက်ပြူချိန်ဖြစ်သော **ဝါဆိုလပြည့် စနေနေ့ ညနေချမ်း** ဖြစ်သည်။

နေလနက္ခတ်တာရာနှင့် ပျားပန်းခပ်မျှ တရားနာ လာကြသွားကြသော နတ်ဗြဟ္မာတို့၏ အရောင်အဝါများ တစ်လောကလုံး အခါမဲ့ပွင့်သောပန်းများကြောင့် ထူးခြားသော နေ့ကြီးတစ်နေ့လည်း ဖြစ်တော့သည်။

လပြည့်ကျော် (၁)ရက်နေ့မှစ၍ (၄)ရက်တိုင်တိုင် ဓမ္မစကြာတရားတော်အတိုင်း ကျင့်ကြံအားထုတ်စေတော် မူရာ ဝပ္ပ၊ ဘဒ္ဒိယ၊ မဟာနာမ်၊ အဿဇိ လေးဦးတို့လည်း တစ်ရက်ပြီးတစ်ရက် တစ်ပါးပြီးတစ်ပါး သောတာပန် တည်ကြလေသည်။

ဝါဆိုလပြည့်ကျော် (၅)ရက်နေ့တွင် **"အနတ္တလက္ခဏသုတ္တန်"**ကို ဟောတော်မူရာ ပဉ္စဝဂ္ဂီငါးပါးလုံး ရဟန္တာဖြစ်တော်မူကြလေသည်။

ထိုအခါမှစ၍ ကမ္ဘာလောကကြီးအတွင်း **"သံဃရတနာ"**ဟူ၍ ပေါ်ထွန်းလာလေသည်။


ထို့နောက် မြတ်စွာဘုရားသည် ပဉ္စဝဂ္ဂီတို့နှင့်အတူ မိဂဒါဝုန်တော၌ ဝါကပ်တော်မူသည်။ ထိုအခါ ဗာရာဏသီသူဌေးနှင့် သူဌေးကတော်





www.burmeseclassic.com

www.burmeseclassic.com



◆ အရှေ့ဘက်တောင်ကုန်း
အရှေ့မြောက်ထောင့်ရှိ တံခွန်တိုင်
အရှေ့ဘက် ဘုရားသိမ်၏ အမိုးပေါ်တင်ထားရှိ
တွေ့ရသော ထီးတော် ▶



သူဇာတာ၏သား ယသ,သတို့သားသည် ချမ်းသာစွာဖြင့် စည်းစိမ်ခံကာ နေထိုင်စဉ် တစ်နေ့သောအခါ ယသ,သတို့သားသည် ကာမဂုဏ်တို့ကို ရှုစက်ဆုပ်ပြီး နံနက်မိုးမလင်းမီ မိဂဒါဝုန်ဘက်သို့ အိမ်မှ ထွက်ပြေးလာသည်။

မြတ်စွာဘုရားနှင့် တွေ့သောအခါ တရားဟောတော်မူသဖြင့် သောတာပန် တည်သွားသည်။ သားပျောက် လိုက်ရှာသော ဖခင်သူဌေးကြီးအား တရားဟောပြန်ရာ ဖခင်လည်း သောတာပန်တည်၍ ဖခင်အား ဟောသော တရားကို ထပ်မံနာကြားရသော ယသ သတို့သားမှာ ရဟန္တာ ဖြစ်သွားလေသည်။

နောက်တစ်နေ့ မြတ်စွာဘုရားနှင့် ယသထေရ်တို့ မိခင်ဖခင်တို့ အိမ်သို့ ဆွမ်းစားကြွကြပြီး တရားဟောတော်မူရာ မိခင်နှင့် လူ့ဘဝက ယသဇနီးတို့ သောတာပန် တည်ကြလေသည်။

ထို ဗာရာဏသီသူဌေးကြီး ဇနီး မောင်နှံနှင့် ယသထေရ်၏ ဇနီးဟောင်းတို့သည် လောက၌ ပထမဆုံး(တေဝါစိက)သရဏဂုံသုံးပါး တည်ဆောက်ရသူတို့ ဖြစ်ကြသည်။

ယသသူဌေးသား ရဟန်းပြုသွားသည်ဟူသော သတင်းကို ကြားရသဖြင့် **"ယသလို ပုဂ္ဂိုလ်မျိုး ဝင်ရောက်သော သာသနာတော်သည် အမှန်တကယ် မြင့်မြတ်ကောင်းမွန်၍သာ ဖြစ်ရမည်"** ဟု ဆုံးဖြတ်ကြကာ ယသထေရ်၏ သူငယ်ချင်းငါးကျိပ်လေး(၅၄)ဦးတို့ ရှေ့ဆင့်နောက်ဆင့် ရဟန်းဘောင်သို့ ဝင်ရောက်လာကြသည်။

ထိုအခါမှစ၍ ဤကမ္ဘာလောကကြီးအတွင်း မြတ်စွာဘုရားနှင့်တကွ ကိုးလေသော အာသဝေါ ကုန်ခန်းသော

www.burmeseclassic.com

ရဟန္တာခြောက်ကျိပ်တစ်ပါး ထင်ရှား ဖြစ်ပေါ်တော်မူကြ၏။

ပဥ္စဝဂ္ဂီ(၅)ပါး၊ ယသ အမျိုးရှိသော (၅၅)ပါးတို့ကား "ဧဟိဘိက္ခု"ရဟန်းများဖြစ်ကြကုန်၏။ "ချစ်သား လာလော့"ဟု ခေါ်ရုံမျှဖြင့် လူအသွင်ပျောက် ရဟန်းအသွင် ရောက်လာသူများ ဖြစ်လေသည်။


ထို့ကြောင့် ဗုဒ္ဓဘာသာ ဘုန်းတော်ကြီးကျောင်းများနှင့် ဘုရားသိမ်များတွင် ပဥ္စဝဂ္ဂီငါးဦး တရားဦးဟောခန်း ပန်းချီ ရုပ်တု စသည်တို့ကို ကိုးကွယ်ပူဇော်ထားကြသည်ကို တွေ့မြင်ဖူးမြော်နေကြရခြင်း ဖြစ်လေသည်။

ထို့နောက် အရှေ့ဘက်တောင်ကုန်း မြောက်အရပ်မှ အောင်တော်မူစေတီကို ကြည်ညိုမှုပြန်ရာ စေတီ၏ အောက်ခြေ ခုံပေါ်၌ ၁၃၄၉ ခုနှစ်၊ နတ်တော်လပြည့်ကျော် (၁၀)ရက်နေ့တွင် အောင်တော်မူစေတီတော်အား ပြန်လည်ပြုပြင်ခဲ့ကြောင်း မှတ်တမ်းမှုပြုထားသည်ကို လေ့လာမိသည်။

အရှေ့မြောက်ထောင့်အရပ်၌ ရှိသော တန်ဆောင်းလှေကားမှ အနောက်ဘက် တောင်ကုန်းမြေပြန့်ပေါ်၌ တည်ရှိသော သစ်ဖြူတောင်ကျောင်းကြီးဆီ ဦးတည်ကာ ပြန်လည်၍ စာရေးသူတို့ ဆင်းသက်လာခဲ့ကြသည်။


သစ်ဖြူတောင် ကျောင်းကြီး၏ ကျောင်းဆောင် ဘုံပြာသာဒ်ထိပ်၌ ထီးတော်တင်စေတီ တည်ထားသည်မှာလည်း ရှေးထားဝယ်မိသုကာ ပညာရှင်တို့၏လက်ရာ ကိုးကွယ်ယုံကြည်မှု အတွေးပုံရိပ်တီထွင်မှုကို ချီးကျူးဂုဏ်ယူဖွယ်ရာ ဖြစ်ရလေသည်။

သစ်ဖြူတောင် ကျောင်းကြီး၏



◆ အရှေ့ဘက် ဘုရားသိမ်အတွင်း ပဥ္စဝဂ္ဂီ(၅)ဦးအား ဗုဒ္ဓဘုရားရှင် တရားဦး ဟောကြားနေသည့်ပုံတော်

◆ အောင်တော်မူစေတီ၏ မြောက်ဘက် အောက်ခြေ၌ တွေ့ရသော ပြန်လည်ပြုပြင်မှု မှတ်တမ်း



မြောက်ဘက်တွင် သာသနာ့အဆောက်အအုံအသစ်များ ဆောက်လုပ်ရန် မြေနေရာရှင်းလင်း ဆောင်ရွက်နေကြသည့် မြင်ကွင်းကိုလည်း လေ့လာကြည့်မိသည်။

ထိုကျောင်း၏ အနောက်မြောက်ထောင့် တောင်ကုန်းရှုရပ်မှ မြို့ထားဝယ်တစ်ခွင် ကြည့်မိရာ ထားဝယ်လေဆိပ်လေယာဉ် ပြေးလမ်းကို မြင်သာထင်သာ လှမ်းမြင်ရသည်။

မြောက်အရပ်မှ ရှုမျှော်ကြည့်ပြန်
ဘိုးဘိုးအောင်တောင်ကို မြင်နေ
ဇလွန်တောင်ရှိ ပြည်လုံးချမ်းသာစေ
တော်ကိုမူ မှိန်းပျပျ အဝေးမြင်ကွင်းသ
ဖြစ်၍ ရှုမျှော်ကြည့်ညိုမိသည်။

အနောက်အရပ်တွင် တောင်
တောင်တန်းကြီး၏ တောင်စွယ်သ
ကပ္ပလီပင်လယ်ထဲသို့ ငုပ်လျှိုး
ပျောက်သွားလေသည်။

အနောက်အရပ်၌ပင် တ



www.burmeseclassic.com

www.burmeseclassic.com



◆ သစ်ဖြူတောင်ကျောင်းကြီး၏
ကျောင်းဆောင် ဘုံပြာသာဒ်ထိပ်၌
ထီးတော်တင်စေတီ တည်ထားသည့်ပုံ



◆ သစ်ဖြူတောင်ခြေ
အနောက်ဘက်ရှိ စေတီတော်ပုံ

ဘခေါ် လယ်ကွင်းပြင်ကြီးများ၌ နွေပေါ်းပင်များ စိမ်းစိုလျက်ရှိကာ မြို့ထားဝယ်ကို သစ်ပင်ကြီး ငယ်ဖုံးလွှမ်းထားသော စိမ်းမိုးမြင်ကွင်း။

အနောက်မြောက်ထောင့် အဝေးမြင်ကွင်းတွင် ဝဲကြီးတောင်၊ တောင်ကုန်းပေါ်၌ ကိန်းဝပ်သော ရွှေရောင်ဝင်းလက်စွာဖြင့် မြစေတီ၊ ထိုစေတီမှ လှမ်းကျော်ကြည့်ရာ ထားဝယ်မြို့၏ ကျက်သရေဆောင် ရွှေတောင်စားစေတီတော်မြတ်ကြီးအား ရွှေရောင်တဝင်းဝင်းဖြင့် စိတ်ချမ်းမြေ့ ကြည်ညိုဖွယ်ရာ ဖြစ်နေဘိ၏။


တောင်ပတ် ကားလမ်းအတိုင်း အနောက်မြောက်ထောင့်ရှိ ကွန်ကရစ်ကားလမ်းအတိုင်း ဆင်းသက်လာရာ တောင်ခြေ၏ အနောက်ဘက်၌ စေတီတစ်ဆူ ပြန်လည်ပြုပြင်နေမှုကို တွေ့ရသည်။ ထိုစေတီ၏ ဘုရားပွဲတော်ကို တပေါင်းလတွင် ကျင်းပပြုလုပ်မည်ဟု သိရသည်။

ထို့နောက် တောင်ပတ်ကွန်ကရစ်ကားလမ်းနှင့် တန်ဆောင်းလှေကားထိပ်ရှိ မြေနီလမ်းမကြီးတို့ တွေ့ဆုံရာ သစ်ဖြူတောင် တောင်ခြေသို့ ပြန်လည်ရောက်ရှိကြလေသည်။

နံနက်(၁၀)နာရီထိုးပြီ နေရောင်ခြည်အလင်းသည် တဖြည်းဖြည်းမြင့်၍ နေအပူရှိန်လည်း မြင့်လာပြီ။ ကူးတို့ရွာထဲမှ ဆွမ်းခံရာမှ ကြွလာသော သံဃာတော်တစ်ပါးအား ရှိခိုးဦးတိုက်ကာ သစ်ဖြူတောင် ကျောင်းတော်ခြေမှ ထားဝယ်မြို့သို့ ပြန်လည် ထွက်ခွာလာပါတော့သည်။

ရှေးအစဉ်ဆက်ကပင် သစ်ဖြူ

www.burmeseclassic.com



သစ်ဖြူတောင်တော်၏ အနောက်မြောက်ထောင့် ရှုမှ မြင်ရသော ထားဝယ်မြို့မြင်ကွင်း

တောင် ကျောင်းထိုင်ဆရာတော် ဘုန်းတော်ကြီး အဆင့်ဆင့်သည် တောရတည်ဆောက်ခြင်း ကျောင်း၊ ကန်၊ ဘုရား၊ စေတီ၊ သိမ်၊ ဇရပ် စသည်တို့ကို ရှေးမူမပျက် ထိန်းသိမ်း စောင့်ရှောက်လာခဲ့သည့် အစဉ်အလာ သည် ယနေ့ ထားဝယ်သူ၊ ထားဝယ်သားတို့အတွက် ဂုဏ်ယူစရာ ဖြစ်ရပါ၏။

ယခုအခါ သစ်ဖြူတောင်ကျောင်းထိုင်ဆရာတော် ဦးဝိသုတသည်လည်း ကျောင်း၊ ကန်၊ ဘုရား၊ စေတီတို့ကို ပြုပြင်ခြင်း၊ တိုးချဲ့ဆောက်လုပ် လှူဒါန်းခြင်း စသည့် သာသနာပြုလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ စေတနာရှင်ပြည်သူများ ပါဝင်လှူဒါန်းခြင်းဖြင့် ဒါနကုသိုလ်ပြုကြရန် နိဗ္ဗာန်ဆော် ပန်ကြားလိုက်ရပါသည်။

သို့ဖြစ်၍ **ထားဝယ်မြို့မှ လေးမိုင်ခရီးခန့်၌ တည်ရှိသော ကူးတို့ရွာ၏ အရှေ့ဘက် စပါးတောင်အောင်မြေ (၉)ဌာနအနက် အဓိဋ္ဌာန်အောင်မြေတစ်ခုဖြစ်သော သစ်ဖြူတောင်အောင်တော်မူစေတီတော်၌** အဓိဋ္ဌာန် တရားဘာဝနာ ကုသိုလ်ပြုကြရန် တိုက်တွန်းဖိတ်ခေါ် လိုက်ရပါကြောင်း…

**[ကူညီဆောင်းပါး ဖြစ်မြောက်ရေးအတွက် ကူညီပေးသော ဦးကျော်သက်(ကညုံရပ်၊ ထားဝယ်မြို့)အား အထူးကျေးဇူး တင်ရှိပါကြောင်း…]**

***သတ္တဝါ ဝေနေယျအပေါင်း၊ ကျန်းမာကြပါစေ၊ ချမ်းသာကြပါစေ။***

**မောင်မောင်စိုး (*ထားဝယ်*)**

ကိုးကားချက်

၁။ **ရှင်ကိုးရှင်နှင့် သမိုင်းဝင် ထားဝယ်ဘုရားများ။** မောင်သန်းဆွေ (ထားဝယ်)။

၂။ **သာသနာ့တံခွန် ထားဝယ်ထေရ်မှန်များ။** မောင်သန်းဆွေ(ထားဝယ်)။

၃။ **ဗုဒ္ဓတရားတော်** (သာသနာရေးဝန်ကြီးဌာန သာသနာရေးဦးစီးဌာနမှ ပုံနှိပ်ထုတ်ဝေသည်။) (၁၉၉၅ ခုနှစ်)။

၄။ **သစ်ဖြူတောင်ကျောင်း ဆရာတော်ဦးဝိသုတ၏ မိန့်ကြားချက်များ။**

၅။ ကိုယ်တိုင် ဘုရားဖူး သွားရောက်ခြင်း၊ မှတ်တမ်းဓာတ်ပုံများ ကိုယ်တိုင်ရိုက်ကူးခြင်း (၂၅-၁၁-၂၀၁၂)။



www.burmeseclassic.com

www.burmeseclassic.com

(ကြော်ငြာဆောင်းပါး)

# အသက်ကျ အလုပို ဆီး,ဝမ်း မှန်စေလိုလျှင်

# ဆရာမြင့်ရဲ့ မြင့်မြန်မာ အကြောပြေ ဝမ်းမှန်ဆေးကို မှီဝဲပါ

ကျွန်မတို့လို မိန်းမသားတွေဟာ အမျိုးသားတွေ ထက် အနာရောဂါပိုပြီး ဖြစ်လေ့ဖြစ်ထရှိပါတယ်။ အမျိုးသမီးများ အနေနဲ့ အထူးအလေးပေး ဂရုတစိုက်ရှိတာကတော့ ဓမ္မတာ ခေါ် လစဉ် ၂၈ ရက်တစ်ကြိမ် ဆင်းသက်လာတဲ့ သွေးသား ပါ။ အဲဒီသွေးသား ဓမ္မတာမမှန်ကန်ဖောက်ပြန်ခြင်း ကြောင့် ရောဂါပေါင်းမြောက်မြားစွာ ဖြစ်ပေါ်ခံစားရသလို သွေးသားမှန်ကန်နေရင်လည်း အသားအရေ စိုပြေဝင်းပ ကျန်းမာပြီး လှပတင့်တယ်လို့နေပြန်ပါတယ်ရှင်။

ယနေ့ခေတ်မှာ ခေတ်မီသော အမျိုးသမီးများအတွက် ပဋိသန္ဓေတားဆေးတွေ သုံးစွဲခြင်းကြောင့်လည်း ရောဂါတစ်ခု မဟုတ်တစ်ခု ဖြစ်ပေါ်ခံစားနေရတယ်လို့ သမားတော်ကြီး ဆရာမြင့်မှ ပြောပြခဲ့ဖူးပါတယ်။ အလွန်မှန်ကန်တဲ့ ကျန်း မာရေးပညာပေးစကားဖြစ်ပါတယ်။ ယင်းပဋိသန္ဓေတားဆေး များ သုံးစွဲခြင်းကြောင့် ၂၈ ရက် တစ်ကြိမ် သွေးဖွားရမည့် အစား နှစ်ကျော်တဲ့အထိ ဓမ္မတာသွေးဟာ ဖွားခြင်းဆင်း ခြင်းမဖြစ်ဘဲ ခန္ဓာကိုယ်တွင်း ခိုအောင်းနေတတ်ကြပါတယ်။

ဒီလို သွေးဟောင်းလည်း မဆင်း၊ သွေးသစ်လည်း မပေါ် လနှစ်ကြာလာသော် ကျွန်မတို့လို အမျိုးသမီးများမှာ အသားအရေ မကြည်လင်တော့၊ ပွယောင်ယောင်နှင့် ညို မှောင်သန်းလာပြီး ဗိုက်ခေါက်ထူကာ ဝ,သထက် ဝ, လာ ကြပါတော့တယ်။ ခန္ဓာကိုယ် ဝ,လာတာနှင့်အမျှ ရောဂါ တွေလည်း ခုတစ်မျိုး၊ တော်ကြာတစ်မျိုးနဲ့ အမျိုးမျိုးဖြစ်လာ တော့တာပေါ့ရှင်။

ကြာတော့ လူလည်း အလှပျက်၊ အသားအရေလည်း မကြည်လင်၊ ဗိုက်ပူနံကား ငါးစီပူခါးလို ပုံကပျက်၊ ရောဂါက ထပ်တော့ စိတ်ပျက်ရတော့တာပေါ့။ ဒီလိုနဲ့ သင့်တော်မယ့် ဆေးကို ရှာမိပါတယ်။ ဒါနဲ့ပဲ သမားတော်ဆရာမြင့်ထံ ရောက်သွားပါတယ်။ ဆရာ့ကို ဖြစ်ပျက်ခံစားနေရတာတွေ အကုန်ပြောပြဆွေးနွေးမိတော့ ဆရာက-

"မကေသီအောင်ရေ အခုခေတ်မှာတော့ အများစု သော အမျိုးသမီးတွေ ဖြစ်ပေါ်ခံစားတွေ့ကြုံနေရတဲ့ ဆင်းမီးရောဂါပေါ့ဗျာ" တဲ့လေ. .။

"ဆရာရယ် ဘယ်လိုကြောင့် ဒီလိုဖြစ်ရတာလည်း" ဆိုတော့ -

"မကေသီအောင်ရေ၊ မကေသီအောင် ပြောသလို ပဋိ သန္ဓေတားဆေးတွေကြောင့် ပါသလို နေ့စဉ် စားသောက်နေ ရတဲ့ အစားအသောက်တွေကြောင့်လည်း ပါပါတယ်။ ပြီး တော့ လူနေထိုင်မှုပုံစံ၊ နောက် ပတ်ဝန်းကျင်စတဲ့ အ ကြောင်းတွေကြောင့်လည်း ဒီလိုဖြစ်တတ်ပါတယ်"

"ကျွန်မတို့လို အိမ်ထောင်ရှင်အမျိုးသမီးများ အနေနဲ့ မကင်းနိုင်တဲ့ ပဋိသန္ဓေတားဆေးတွေကြောင့် လစဉ်ဓမ္မတာ မလာတာကနေစပြီး အမျိုးသမီးတွေ ဝ,လာတယ်၊ ရောဂါ တွေ ပိုထူပြောလာတယ်လို့ ခံစားရပါတယ် ဆရာ၊ အဲ့ဒါကို ဘယ်လိုကုသပြီး ဘယ်လိုဆေးမျိုးတွေ သုံးစွဲသင့်ပါလဲ ဆရာ" ဆိုတော့ -

"မကေသီအောင်မေးတဲ့ မေးခွန်းက ကောင်းပါတယ်။ အမျိုးသားတွေနဲ့ အမျိုးသမီးတွေရဲ့ စွန့်ထုတ်ပစ္စည်းမလ ကွာခြားချက်က ဓမ္မတာသွေးသားပဲ ဖြစ်ပါတယ်။ ကျန်တာ ကတော့ ဆီး၊ ဝမ်း၊ လေ၊ ချွေး တွေဟာ အမျိုးသားရော အမျိုးသမီးပါ တူညီနေပါတယ်"

"ဟုတ်ကဲ့ ဆရာ"

"ဒီတော့ အမျိုးသမီးအနေနဲ့ အထူးသဖြင့် ပဋိ သန္ဓေ တားဆေးတွေ သုံးလို့ပဲဖြစ်ဖြစ် အစားအသောက် အနေအ ထိုင်တွေကြောင့်ပဲဖြစ်ဖြစ် ဓမ္မတာမမှန် ထိန်ကျန်ချုပ် ငုပ်နေ တာ ကြာလာတာနဲ့အမျှ ရောဂါတစ်ခု မဟုတ်တစ်ခုတော့ စွဲကပ်လာပါတယ်။ ဒီလိုအခါမျိုးမှာ တားဆေးတွေကြောင့် ဓမ္မတာမပေါ်တာကို ကုစားဖို့လိုပါမယ်"

"ဘယ်လိုများ ကုစားရမလဲဆရာ"

"စောစောက ဆရာပြောခဲ့သလိုပေါ့ လူသားတွေ အ နေနဲ့ နေ့စဉ်စွန့်ထုတ် ဖယ်ရှားပေးရမယ့် မလအဆိပ် ဓာတ် တွေရှိပါတယ်။ ဒါတွေကတော့ ဆီး၊ ဝမ်း၊ လေ၊ ချွေး ပြီးတော့ အမျိုးသမီးတွေလစဉ်စွန့်ပေးရတဲ့ သွေးသားဓမ္မတာပေါ့။ သွေးသားဓမ္မတာကတော့ တားဆေးတွေကြောင့် ဖြစ်ဖြစ်၊ အစားအသောက်ကြောင့်ဖြစ်ဖြစ် လစဉ်မပေါ်ဘူးဆိုရင် ကျန်တဲ့ ဆီး၊ ဝမ်း၊ လေ၊ချွေးတွေ မှန်နေဖို့လိုပါတယ်။ ဒီ မလလေးမျိုးထဲက ဆီးနဲ့ဝမ်းဟာ အဓိကဖြစ်ပါတယ်။ နေ့စဉ် ဆီး၊ ဝမ်း မှန်စေရန် ဂရုတစိုက် ပြုပြင်နေထိုင်ရပါ မယ်။ အဲဒီလိုတားဆေးသုံးသူတွေရော၊ တားဆေးမသုံးသူတွေ



www.burmeseclassic.com

www.burmeseclassic.com

ပါ ဖြစ်လေ့ဖြစ်ထရှိတဲ့ ဗိုက်ပူခြင်း၊ ဗိုက်ခေါက်တွေထူလာခြင်း၊ အဆီတွေ ဝမ်းဗိုက်ပြင်မှာ စုလာခြင်း၊ အသားအရေ စိုပြည်မှု မရှိခြင်း၊ ကြည်လင်တောက်ပဝင်းလက်မှုမရှိခြင်း၊ နောက် ကြောတက်၊ ဇက်ကြောထိုးခြင်း၊ ခေါင်းမူး၊ ခေါင်းအုံဖြစ်ခြင်း၊ ကိုယ်လက်များ လေးလံထိုင်းမှိုင်းခြင်း၊ ညောင်းညာကိုက်ခဲခြင်း၊ ပေါ့ပါးသွက်လက်မှု မရှိခြင်း၊ ဆီးချို သွေးတိုး အသည်းအဆီဖုံး၊ နှလုံးသွေးကြောကျဉ်း စတဲ့ ရောဂါများနဲ့ အမျိုးသမီးရောဂါများကို ဖြစ်ပေါ်လာစေပါတယ်။ ဒါကြောင့် ဆီး၊ ဝမ်း၊ သွေး၊ လေ၊ ချွေးတို့ကို မှန်မှန်စွန့်ထုတ်နိုင်စေရန် နေထိုင်စားသောက်ရပါမယ်။ အကယ်၍ ကျန်းမာပြီး စိုပြည်လှပ အချိုးအစားကျတဲ့ ခန္ဓာကိုယ်ကို ပိုင်ဆိုင်ချင်တယ်ဆိုရင်တော့ ဆီးနဲ့ဝမ်းကိုတော့ မှန်ကို မှန်နေအောင် ပြုပြင်နေထိုင်ရပါမယ် မကေသီအောင်"

"ဒါဆို တားဆေးတွေကြောင့် သွေးသားမပေါ်ရင် ဆီး၊ ဝမ်းမှန်အောင် ပြုပြင်ပေးရင် အဝလွန်ခြင်း၊ ဗိုက်ပူခြင်း၊ အသားအရေညစ်ထေခြင်း၊ အကြောတက်ညောင်းညာခြင်းများနဲ့အတူ အခြားသောရောဂါတွေပါ ဖြစ်ပွားမလာအောင် တားဆီးနိုင်တာပေါ့ နော်. . . ဆရာ"

"ဟုတ်ပါ့ဗျာ. . ."




"အဲဒါဆို ဘာဆေးသောက်မလဲ ဆရာ"

"ဆရာ့ဆီလာတော့လဲ ဟောဒီ **မြင့်မြန်မာ တောရှောက်သီး အကြောပြေဝမ်းမှန်ဆေး**ကိုပဲ ညွှန်ရမှာပဲဗျ"

"မြင့်မြန်မာ အကြောပြေဝမ်းမှန်ဆေးက ဘာတွေကောင်းလဲဆရာ"

"ဘာတွေကောင်းလဲဆိုတော့ ဆီးချုပ်၊ ဝမ်းချုပ်၊ လေချုပ် ရောဂါတွေ၊ စမြင်းခံခြင်း၊ ဇက်ကြောတက်၊ နောက်ကြောထိုးခြင်း၊ ခေါင်းအုံ့,ခေါင်းကိုက်ဖြစ်ခြင်း၊ ကိုယ်လက်တွေလေးလံညောင်းညာကိုက်ခဲခြင်း၊ ဆီးပူညောင်းကျဖြစ်ခြင်း၊ ဒူလာလိပ်ခေါင်းဖြစ်ခြင်း၊ အတွင်းလိပ်ဖြစ်၍ သွေးကျခြင်း၊ အပူအပုပ်များခြင်း၊ ဆီးချုပ်,ဆီးကျန် ဝမ်းချုပ်,ဝမ်းကျန်ခြင်း၊ လေချုပ်ခြင်း၊ အသားအရေ ယားယံခြင်း၊ အသားအရေ ညစ်ထေမွဲခြောက်ခြင်း၊ အဖုအပိန့်အကွက်များဖြစ်ပေါ်ခြင်း၊ သွေးမသန့်ခြင်း၊ ပါးစပ်နံခြင်း၊ ကိုယ်နံ့ပြင်းခြင်း၊ အပူခိုး၊ အပုပ်ခိုးများ အပေါ်ကို ဆောင်တက်ပြီး လည်ချောင်းနာခြင်း၊ မျက်ရည်ပူများကျခြင်း၊ လျှာ,နှုတ်ခမ်း, အာခံတွင်းတွေမှာ အပူနာတွေဖြစ်ခြင်း၊ သွေးတိုးသွေးတက်ဖြစ်ခြင်း၊ ဆီးပူ၊ ဆီးအောင့်၊ ဆီးဝါ၊ ဆီးနီ၊ ဆီးနည်းခြင်း၊ မျက်နှာမှာ တင်းတိပ်၊ ဝက်ခြံ မှည့်ခြောက်ထွက်ခြင်း၊ သွေးမာတ်ထဲနဲ့ ခန္ဓာကိုယ်ထဲမှာ မလိုအပ်တဲ့ အဆီပို(မလ)တွေ ပွားများလာပြီး အဝလွန်ခြင်း၊ ဗိုက်ခေါက်ထူခြင်း စတဲ့ ရောဂါတွေအတွက်သုံးစွဲနိုင်ပြီး အကြောပြေကာ အပူအပုပ်များ ကင်းစင်လျက် ပိုလျှံနေသော အဆီပိုများကို ဖယ်ရှားပေးနိုင်ပြီး ဆီး၊ ဝမ်း၊ သွေး၊ လေ ညီညွတ်မှန်ကန်စေပြီး ကျန်းမာပေါ့ပါးလန်းဆန်း တက်ကြွစေပါတယ်"

"ဟုတ်ကဲ့၊ ဘယ်လိုသုံးစွဲရမလဲ ဆရာ"

"မြင့်မြန်မာ အကြောပြေဝမ်းမှန်ဆေးကို ညအိပ်ရာဝင် ရေအေးနဲ့ ဆေး ၅ ပြားကို အစာနဲ့ဝေးဝေးမှာ သုံးစွဲပေးခြင်းဖြင့် အထက်ပါရောဂါတွေကို ပျောက်ကင်းသက်သာပြီး မဖြစ်သေးရင်လည်း ကာကွယ်ပြီးသားဖြစ်စေပါတယ်" **(ဝမ်းနုတ်ဆေးမဟုတ်၍ နေ့စဉ်မှန်မှန် သုံးစွဲနိုင်ပါသည်။ ဝမ်းချုပ်တတ်သူများ ဆေး ၅ ပြားမှ ၇ ပြား အထိ သုံးစွဲနိုင်ပါသည်။)**

"ဟုတ်ကဲ့ အခုလို ကျန်းမာရေးဗဟုသုတတွေရရှိအောင် ပြောပြလမ်းညွှန်ပေးတဲ့အပြင် သုံးစွဲရမယ့်ဆေးပါ ညွှန်ပြပေးတဲ့အတွက် ဆရာ့ကို အထူးပဲကျေးဇူးတင်ပါတယ် ဆရာ"

ပင်ရင်း - **စကြာမင်းဆေးတိုက်**

အမှတ် (၆၆)၊ (စ) ရပ်ကွက်၊ သုဓမ္မာလမ်း

မြောက်ဥက္ကလာပ။ ဖုန်း - ၀၁၆၉၁၀၉၁၊ ၀၉၅၁၃၉၅၂၄

www.burmeseclassic.com



ဇော်ဝင်း (LL.B)

◆ မဟာသက္ကမုနိစေတီတော်ပရိဝုဏ် (ကြံခင်းမြို့)

# မဟာအဓိဋ္ဌာန်နှင့်

## စိတ်ဝင်စားဖွယ်ရာများ

◆ မဟာသက္ကမုနိစေတီတော်အနီးရှိ ချုံနွယ်ပိတ်ပေါင်း ပိုးမွှင်ပေါက်နေသော သာသနိကအဆောက်အအုံဟောင်း



စေတီတော်များနှင့် ရုပ်ပွားတော်များကို ဘွဲ့အမည်အလိုက် သီးခြားအဓိဋ္ဌာန် ဝင်စေလေ့ရှိခြင်းမှာ **ကျွန်ုပ်၏ ဆရာ ဘုန်းဘုန်း ဦးပညာသိဒ္ဓိ၏** လမ်းညွှန်မှုကြောင့် ဖြစ်ပါသည်။

ကျွန်ုပ် ယခု ဖော်ပြမည့် အဓိဋ္ဌာန်မှာ "မဟာ" ဟူသော စာလုံးက ဘွဲ့အမည်အစတွင် ပါရှိသော စေတီတော်များကို ရွေးချယ်၍ အဓိဋ္ဌာန်ဝင်ရခြင်း ဖြစ်ပါသည်။

**ကြံခင်းမြို့နှင့် အနီးဝန်းကျင်မှာ ကျွန်ုပ်အဓိဋ္ဌာန် ဝင်ခဲ့ပြီးသော မဟာ စေတီတော်အချို့ကို ဖော်ပြပါမည်။**



www.burmeseclassic.com

www.burmeseclassic.com



မဟာဆုတောင်းပြည့်စေတီတော် (ကြခင်းမြို့)

၁။ မဟာသကျတိလောကမာရဇိန် ရွှေဂုံတိုင်ဆုတောင်းပြည့်စေတီတော် ***(ဗဟန်းမြို့နယ်၊ ရွှေဂုံတိုင်လမ်း)***

၂။ မဟာဓမ္မရံသီ အိမ်တော်ရာစေတီ ***(ဒဂုံမြို့နယ်)***

၃။ မဟာဝိဇယစေတီ ***(ရွှေတိဂုံဘုရားအနီး)***

၄။ မဟာဗောဓိဆုတောင်းပြည့်စေတီ ***(ကမာရွတ်မြို့နယ်)***

၅။ မဟာတေဇာမုနိစေတီတော် ***(လှိုင်သာယာမြို့နယ်)***

၆။ မဟာသကျအတုလမာရဇိန် အောင်တော်မူစေတီတော် ***(ငါးထပ်ကြီး ဘုရားတောင်ဘက် ပိဋကတ်တိုက်ကျောင်းအနီး ဗဟန်းမြို့နယ်)***

၇။ မဟာသဒ္ဓမ္မရံသီရွှေစေတီတော်မြတ်ကြီး ***(ကုန်းတလဘောင် စံပြကျေးရွာ၊ မင်္ဂလာဒုံမြို့နယ်)***

**ပဲခူးမြို့တွင် ဝင်ခဲ့သော အဓိဋ္ဌာန်စေတီတော်များမှာ...**

၁။ မဟာကြီးစေတီ၊

၂။ မဟာစေတီ၊

**ဧရာဝတီတိုင်းဒေသကြီးသို့ ဘုရားဖူးခရီးစဉ်တွင် အောက်ပါ စေတီတော်များမှာ အဓိဋ္ဌာန်ဝင်ဖြစ်ခဲ့ပါသည်။**

၁။ မဟာသကျမုနိစေတီတော်***(ကြခင်းမြို့)***

၂။ မဟာဆုတောင်းပြည့်စေတီတော် ***(ကြခင်းမြို့)***

၃။ မဟာသိဝစေတီတော်***(ထူးကြီးမြို့)***

၄။ မဟာသိရိစေတီတော် ***(မဲဇလီကုန်းမြို့)***

ယခု ဆောင်းပါးတွင် ကြခင်း၊ ထူးကြီး၊ မဲဇလီကုန်းတို့မှ စေတီတော်များတွင် မဟာအဓိဋ္ဌာန်ဝင်ခဲ့ပုံကိုသာ ဖော်ပြပါမည်။

မဟာသကျမုနိ စေတီတော်မှာ ကြခင်းမြို့သစ်ရပ်တွင် ဖူးမြင်ခဲ့ရသည်။ မုခ်ဝအနီး စေတီတော်ရင်ပြင်တွင် ခေမံသီရိအာရုံခံတန်ဆောင်း ရှိသဖြင့် ထိုအာရုံခံအတွင်းမှာပင် အဓိဋ္ဌာန်ဝင်ရပါသည်။

စေတီတော်၏ ဘယ်ညာ ပေသုံးလေးဆယ်ခန့်အကွာတွင် ချုံနွယ်ပိတ်ပေါင်းဖုံး၍ ယိုယွင်းပျက်စီးနေသော သာသနိက အဆောက်အအုံများကို စိတ်မချမ်းသာဖွယ် တွေ့ရှိရပါသည်။

လွန်ခဲ့သော နှစ်တစ်ရာခန့်က ထိုနေရာမှာ ရဟန်းသံဃာတော်များ သီတင်းသုံးပြီး လွန်ခဲ့သော နှစ်(၅၀) ကျော်ခန့်မှစ၍ သီတင်းသုံးသူများ မရှိတော့ကြောင်း အနီးအနားမှ ဒေသခံတချို့က ပြောပြသည်။

www.burmeseclassic.com

မဟာဆုတောင်းပြည့် စေတီတော်မှာ ကြံခင်းမြို့မရပ်၊ ဧရာဝတီမြစ်ကမ်းနား ရွှေသာလျောင်းမြတ်စွာဘုရားကြီး၏ ပရိဝုဏ်အနီးမှာ ဖူးတွေ့ရပြီး ထိုစေတီတော်အနီးမှာ အောင်တော်မူ ဗုဒ္ဓရှင်တော်မြတ်ကြီး (ကရုဏာမုဒြာ) နှကုဋ္ဌိတိုက်ရှိသည်။

စေတီတော်ရှေ့ ရင်ပြင်မှာလည်း အာရုံခံတန်ဆောင်းနှင့် မျက်နှာချင်းဆိုင် ထိုင်တော်မူ ရုပ်ပွားတော်တစ်ဆူ ရှိပါသည်။ အာရုံခံတန်ဆောင်းအတွင်းမှာရော အောင်တော်မူရုပ်ပွားတော်ရှေ့မှာပါ မဟာအဓိဋ္ဌာန်ဝင်ခဲ့ပါသည်။


မဟာသိဝစေတီတော်မှာ ဧရာဝတီတိုင်းဒေသကြီး မြန်အောင်-အင်္ဂပူ မော်တော်ကားလမ်း အင်္ဂပူမြို့နယ်အပိုင် ထူးကြီးမြို့ တောင်ကုန်းပေါ်တွင် ဖူးမြင်ရသည်။

ကိုယ်ပိုင်ကားဖြင့် သွားခဲ့သည်ဖြစ်၍ တောင်တက် မော်တော်ကားလမ်းအတိုင်း စေတီတော်ရင်ပြင်အနီးရှိ မော်တော်ကားလမ်း ရပ်နားရန် ခြံကွက်ကျယ်မှာ ကားရပ်ပြီးမှ ရင်ပြင်တော်သို့ သွားခဲ့သည်။

အရှေ့ဘက်အာရုံခံအတွင်းရှိ ရုပ်ပွားတော်ရှေ့မှာမဟာအဓိဋ္ဌာန်ဝင်ခဲ့ပါသည်။

မဟာသိရီစေတီတော်မှာ ထူးကြီးမြို့နှင့် အင်္ဂပူမြို့ကြား မော်တော်ကားလမ်းဘေး မဲဇလီကုန်းမြို့တွင် တည်ရှိသည်။

မုခ်ဝကြီး(၂)ခုရှိသည့်အနက် လမ်းခင်းမထားရသေးသော မုခ်ဝဘက်မှ ကားဝင်ပြီး စေတီတော်ရင်ပြင်ပေါ်သို့ တက်၍ ရင်ပြင်တော်ဘေးရှိ ဓမ္မာရုံတစ်ခုအတွင်းမှာ အဓိဋ္ဌာန်ဝင်ခဲ့ပါသည်။ မဟာသိရီစေတီတော်မှာ ကုန်းမြင့်ပေါ်တွင်ရှိ၍ ရင်ပြင်ပေါ်သို့ အင်္ဂတေလှေကားထစ်မှ တက်ရခြင်းဖြစ်သည်။



မဟာသိဝစေတီတော်(ထူးကြီးမြို့)

**“အောင်ကျော်သူကြွယ် ဘုရားတည်”**ဟူသော လင်္ကာကို ဒေသခံအမျိုးသားတစ်ဦးက ရွတ်ပြသဖြင့် ဤစေတီတော်ကို မြန်မာသက္ကရာဇ် ၁၂၆၂ ခုနှစ်က တည်ထားခဲ့ကြောင်း သိရသည်။

မြို့၏ ကျက်သရေဆောင် အဓိက ဘုရားစေတီတော်ကြီးမှာ ဘုရားသမိုင်းနှင့် ပတ်သက်သော ကျောက်စာချပ် စိုက်ထူထားခြင်း (သို့မဟုတ်) လက်ကမ်းစာစောင် လေ့လာစရာများ ထားရှိလျှင် ကောင်းလေစွဟု ဆန္ဒပြုမိပေသည်။

**မဟာအဓိဋ္ဌာန်ဝင်ပုံမှာ** မိမိဝင်လိုသော **မဟာ**ဆိုသည့် စာလုံးနှင့် ဘွဲ့အမည် စတင်ခေါ်သော စေတီတော် ရင်ပြင်၊ အာရုံခံ၊ ဓမ္မာရုံ စသည့် မည်သည့်နေ့ရက် မည်သည့်အချိန်တွင်မဆို ဝင်နိုင်သည်။

ဖယောင်းတိုင်(၁)တိုင်၊ အမွှေးတိုင်

www.burmeseclassic.com



မဟာသိရီစေတီတော်(မဲဇလီကုန်းမြို့)

(၉)တိုင်ထွန်းပြီး **မဟာကပ္ပိနသစ္စာသုံးဂါထာကို** တစ်ဂါထာဆုံး ပုတီး(၁)လုံးချ၍ (၁၀၈)လုံးပုတီးဖြင့် ပုတီး(၁)ပတ်ဖြစ်စေ၊ (၃)ပတ်ဖြစ်စေ၊ (၆)ပတ်ဖြစ်စေ၊ (၉)ပတ်ဖြစ်စေ မိမိအချိန်ရသလောက် အဓိဋ္ဌာန်ပုတီးစိပ်ခြင်း၊ မေတ္တာပို့ခြင်း၊ အမျှပေးဝေခြင်းတို့ လုပ်ရသည်။

<u>မဟာကပ္ပိနသစ္စာသုံးဂါထာ</u>

၁။ ဘဝသောတံ ဟဝေ ပုဗ္ဗေါ၊ တိဏ္ဏောလောကန္တဂူ ဝိဒူ။
ဧတေန သစ္စဝဇ္ဇေန၊ ဂမနံ မေ သမိဇ္ဈတု။ *(ပုတီး ၁-လုံးချ)*

၂။ ယဒိ သန္တိဂမော မဂ္ဂေါ၊ မောက္ခော စစ္စန္တိကံ သုခံ။
ဧတေန သစ္စဝဇ္ဇေန၊ ဂမနံ မေ သမိဇ္ဈတု။ *(ပုတီး ၁-လုံးချ)*

၃။ သံဃော စေ တိဏ္ဏကန္တာရော၊ ပုည ကျွေတ္တော အနုတ္တရော။
ဧတေန သစ္စဝဇ္ဇေန၊ ဂမနံ မေ သမိဇ္ဈတု။ *(ပုတီး ၁-လုံးချ)*

ခက်ခဲသော ပါဠိအသံထွက်

| | |
|---|---|
| ၁။ **ပုဗ္ဗေါ** | =ပုတ်ဗော |
| **တိဏ္ဏော** | =တိန်နော |
| **လောကန္တဂူ** | =လောကန်တဂူ |
| **သစ္စဝဇ္ဇေန** | =သစ်စဝစ်ဇေန |
| **သမိဇ္ဈတု** | =သမိတ်ဈတု |
| ၂။ **သန္တိ** | =သန်တိ |
| **မဂ္ဂေါ** | =မက်ဂေါ |
| **မောက္ခော** | =မောက်ခေါ |
| **စစ္စန္တိကံ** | =စစ်စန်တိကံ |
| ၃။ **တိဏ္ဏကန္တာရော** | =တိန်နကန်တာ… |
| **ပုညကျွေတ္တော** | =ပုန်ညက်ခစ်တေ… |
| **အနုတ္တရော** | =အနုတ်တရော |

မဟာကပ္ပိနသစ္စာ(၃)ဂါထာအနက်…

၁။ **လောကန္တဂူ၊** လောကအဆုံး… သိမြင်ထွင်းဖောက် ရောက်တော်… သော။ **ဝိဒူ၊** သင်္ခါတရား ဖြစ်ပျ… များကို မမှားထင်ထင် သိမြင်တော်… မူတတ်သော။ **ပုဗ္ဗေါ၊** မြတ်စွ… ဘုရားသည်။ **ဟဝေ၊** စင်စ… **ဘဝသောတံ၊** သံသရာ… အခါခါမောရ ဘဝတည်းဟူသော… ရေအလျဉ်ကို။ **တိဏ္ဏော၊** … မြောက်တော်မူခဲ့လေပြီ။ **ဧတေ…**



www.burmeseclassic.com

www.burmeseclassic.com

**သစ္စဝဒ္ဓေန၊** မလွဲကေန် အမှန်ဆိုပြား ဤသစ္စာစကားကြောင့်။ **မေ၊** အကျွန်ုပ်၏။ **ဂမနံ၊** အဝေးအနီး ခရီးသွားခြင်းသည်။ **သမိဇ္ဈတု၊** လိုရာသို့ရောက် ပြီးမြောက်ပါစေသတည်း။

၂။ **သန္တိဂမော၊** ငြိမ်းအေးရာသို့ သွားကြောင်းဖြစ်သော။ **မဂ္ဂေါ၊** မဂ္ဂင်ရှစ်ခန်း ခရီးလမ်းသည်။ **ယဒိ ကေဒ္တေန၊** စင်စစ်ကေန် အမှန်အားဖြင့်။ **မောက္ခာစ၊** ဘေးရန်အန္တရာယ် အသွယ်သွယ်မှလည်း လွတ်မြောက်ပါပေ၏။ **အစ္စန္တိကံ သုခံစ၊** အလွန်ကဲဆုံးချမ်းသာလည်း ဖြစ်ပါပေ၏။ **ဧတေန သစ္စဝဒ္ဓေန၊** မလွဲကေန် အမှန်ဆိုပြား ဤသစ္စာစကားကြောင့်။ **မေ၊** အကျွန်ုပ်၏။ **ဂမနံ၊** အဝေးအနီး ခရီးသွားခြင်းသည်။ **သမိဇ္ဈတု၊** လိုရာသို့ရောက် ပြီးမြောက်ပါစေသတည်း။

၃။ **သံဃော၊** အရိယာရှစ်ဖော် သံဃာတော်သည်။ **ဟဝေ၊** စင်စစ်။ **တိဏ္ဏ ကန္တာရော၊** သံသရာခရီးဝဲမှ ကူးမြောက်တော်မူပြီး ဖြစ်ပါပေ၏။ **အနုတ္တရော၊** အတုမရှိ မြတ်တော်မူသော။ **ပုညက္ခေတ္တော၊** ကုသိုလ်မျိုးစေ့တို့ စိုက်ပျိုးရာ လယ်ယာမြေကောင်း ဖြစ်ပါပေ၏။ **ဧတေန သစ္စဝဒ္ဓေန၊** မလွဲကေန် အမှန်ဆိုပြား ဤသစ္စာစကားကြောင့်။ **မေ၊** အကျွန်ုပ်၏။ **ဂမနံ၊** အဝေးအနီး ခရီးသွားခြင်းသည်။ **သမိဇ္ဈတု၊** လိုရာသို့ရောက် ပြီးမြောက်ပါစေသတည်း။

*[ဤဂါထာတော် ပါဠိအနက်ကို နက္ခတ္တရောင်ခြည်မဂ္ဂဇင်းနှင့် ပါရမီမဂ္ဂဇင်းတို့၏ ပါဠိအယ်ဒီတာဆရာကြီး ဦးသန်းအောင်ရွှေ ဓမ္မာစရိယ(မဟာဝဂ္ဂါဒီမြန်မာဂုဏ်ထူး)၊ ဒီဃဘာဏက–ဒီဃနိကာယကောဝိဒ(နိကာယဝိပုလ)]မှ ပြန်ဆိုပေးပါသည်။]*

**မဟာ**အဓိဋ္ဌာန်တွင် စေတီအဆူအရေအတွက် ကန့်သတ်ထားခြင်း မရှိပါ။ မည်သည့်မြို့ မည်သည့်ဒေသဟူ၍လည်း ကန့်သတ်ထားခြင်း မရှိပါ။ မည်သည့်မြို့ရွာဒေသရှိ စေတီတွင်မဆို အဓိဋ္ဌာန်ဝင်နိုင်သည်။ စေတီတော်အဆူများလေ ကောင်းလေဖြစ်သည်။

**ဤအဓိဋ္ဌာန်၏ ကိုယ်တွေ့အကျိုးမှာ...**

မည်သည့် အကြောင်းကိစ္စအတွက်မဆို၊ မည်သည့်မြို့ရွာဒေသသို့မဆို ရေကြောင်း လေကြောင်း ကုန်းကြောင်း မည်သည့် ခရီးစဉ်မျိုးမဆို အတားအဆီး အနှောင့်အယှက် အခက်အခဲ ဘေးရန်ဥပဒ် အန္တရာယ်အမျိုးမျိုး ကင်းရှင်းပြီး ရည်မှန်းချက်ပန်းတိုင်ရောက် ပြီးမြောက်အောင်မြင်ခြင်း ဖြစ်ပါသည်။

**အလိုရှိရာ ဉာဏ်ကိုလွှာသုံး မိုးမြေရေအဆုံး...**

*စေတနာမှန်လျှင် ကံကောင်းမည်။*

အောင်ဇ*(LL.B)*

---

စာမျက်နှာ (၁၁၀)မှ အဆက်

**ဣတိ၊** ဤသို့ ဆိုအပ်ခဲ့ပြီးသည်ကား။ **ဗုဒ္ဓေ၊** သုံးလောကထွတ်ထား မြတ်ဘုရား၌။ **မေ မမ၊** အကျွန်ုပ်၏။ **သရဏ၊** ကိုးကွယ်ဆည်းကပ်ခြင်းသည်။ **ဟိယသ္မာ၊** အကြင်ကြောင့်။ **ဝတာ၊** ရောက်ကုန်၏။ **တသ္မာ၊** ထို့ကြောင့်။ **မမ၊** ကျွန်ုပ်အား။ **ပိယံ၊** ချစ်ခြင်းဟူသမျှကို။ **တဒေ၊** အကယ် မလွဲသဖြင့်။ **ဒေထ၊** ပေးတော်မူပါလော။

**တိ၊** ဘုရားကို ဆိုအပ်ပြီးသည်သာမက မှတစ်ပါး တရားတော်ကို ဆိုဦးအံ့။ **ဓမ္မေ၊** တရားတော်၌။ **သရဏ၊** ကိုးကွယ်ဆည်းကပ်ခြင်းသို့။ **ဝတာ၊** ရောက်၏။

**ဣတိ၊** ထို့ကြောင့်။ **သဗ္ဗအန္တရာယော၊** အလုံးစုံသော အန္တရာယ်တို့သည်။ **ဝိနဿန္တု၊** ကင်းစဉ်လွင့်ပျောက် ကိုယ်သို့မရောက်ပါစေသတည်း။

**တိ၊** တရားတော်မှတစ်ပါး သံဃာတော်ကို ဆိုဦးအံ့။ **သံဃေ၊** သမုတိ ပရမတ် သံဃာတော်မြတ်၌။ **သရဏံ ဣတိ၊** ကိုးကွယ်လျှောင်း ပုန်းအောင်း မှီခိုရာဟူ၍။ **ဝတဇ္ဇာ၊** ဆည်းကပ်တတ်သည်၏ အဖြစ်ကြောင့်။ **သဗ္ဗေ၊** အလုံးစုံကုန်သော။ **ဒေဝါ၊** နတ်ကောင်း နတ်မြတ်တို့သည်။ **မနံ၊** သူတော်ဥစ္စာ ခုနစ်ဖြာဟု ဆိုအပ်သော ပုရိသဓနတို့၏။ **ပါဒ၊** ခြေရွှေငွေ ကျောက်သံမြတ် ဓနကို။ **ဒေထ၊** မကြာလက်ငင်း ချက်ချင်းလျင်အောင် ပေးစေသော ဝါ ပေးပါစေသတည်း။

**မှတ်ချက်** ။ ။ လောကီလောကုတ္တရာ နှစ်ဖြာသောအကျိုးကို ပြီးစေသောကြောင့် ဉာဏ်ရှိတိုင်း ရွှေ၊ ငွေ၊ ကြေးပြား၊ စက္ကူ၊ ဖယောင်းတိုင်၊ မီးခွက်၊ ရေးလျက် မန်းမှုတ်ဉာဏ်ရှိသလို ပြုလုပ်သုံးစွဲနိုင်၏။

ဟု ပါရှိသဖြင့် စာရေးသူနှင့်အတူ မှီခိုအားထားကြသူများ အကျိုးထူးများ ခံစားရရှိသည့်နည်းတူ အများပြည်သူတို့ ရရှိခံစားနိုင်ပါစေသတည်း။

ဆရာ ဦးမောင်မောင်ကျော်
(အ.လ.က–အင်းလေးခေါင်တိုင်)



www.burmeseclassic.com

www.burmeseclassic.com

# နော(၉)တန် ဣ(၈)တန်

သရာ ဦးမောင်မောင်ကြော့
(အ.လ.က–အင်းလေးခေါင်တိုင်)



၁၉၉၈ ခုနှစ်၊ အောက်တိုဘာလထုတ် နက္ခတ္တရောင်ခြည်မဂ္ဂဇင်း လောကီပညာရသစုံမဂ္ဂဇင်း စာမျက်နှာ အမှတ်(၂၁၈)မှ ဆောင်းပါးရှင် ရွှေဖြူး စောလွမ်းနိုင်(ဖြူးမြို့)မှ **"ပညာရှင်အများ ဖြေကြားပေးပါ"** ဟူသော စာမူဆောင်းပါးတွင် နော(၉)တန် ဣ(၈)တန် ဂါထာတော်နှင့် ပတ်သက်၍ အစီရင်ခံ တင်ပြထားပါသည်။

၁၉၉၈ ခုနှစ်၊ နိုဝင်ဘာလထုတ် နက္ခတ္တရောင်ခြည်မဂ္ဂဇင်း လောကီပညာရသစုံမဂ္ဂဇင်း စာမျက်နှာအမှတ် (၂၃၆)တွင် ဆရာစကြာအောင်(လူမှုထူးချွန်)က နော(၉)တန် ဣ(၈)တန် ဂါထာတော်ထူးမြတ်ကြီး၏ မူရင်း၊ မူလ၊ မူမှန်ဂါထာတော်မြတ်ကြီးနှင့် အကျိုးကျေးဇူးများကို အမေးပုစ္ဆာရှင်နှင့်တကွ အများအကျိုး ရည်မျှော်လျက် တင်ဆက်ထားပြီး ဖြစ်ပါသည်။

စာရေးသူသည်လည်း **ဘဝနတ်ထံ ပျံလွန်တော်မူပြီးသော အင်းလေးဒေသခေါင်တိုင် ဆုတောင်းပြည့် ဆရာတော်ကြီး အရှင်နန္ဒဝံသ၏ လက်ရေးစာမူကို လက်ရှိ ခေါင်တိုင် ဆုတောင်းပြည့်ဆရာတော် အရှင် ဣန္ဒောဘာသထံမှ ဆည်းပူးရရှိအပ်သော နော(၉)တန်ဂါထာတော်ကို** နက္ခတ္တရောင်ခြည်မဂ္ဂဇင်း စာဖတ်ပရိသတ်နှင့် အများပြည်သူတို့ အကျိုးများစေရန် ရေးသားတင်ပြအပ်ပါ ဂါထာတော်ထူးမြတ်ကြီးနှင့် ပတ်သက်၍ သည်။

နော(၉)တန်ဂါထာတော်

ဥုံ နောရဋ္ဌတိ ရဋ္ဌမာနော၊
နနောနော နာနော ဥတ္တမောနနော
နောနာနော ဘုမ္မိရာဇာ သုခါဝဟာ
နော နမော ဣတိပိသော ဘဂဝါ ဝုတ္တာ
ဣတိပိ မန္တာ သုခါဝဟာ ဣတိဗုဒ္ဓေဟိ
သရဏံ တစေ မေ ဒေထ ပိယံမမ
ဣတိ ဓမ္မေဟိ သရဏံ
သဗ္ဗအတ္ထရာ ယော ဝိနာသတ္တု
ဣတိ သံဃေဟိ သရဏံ -
သဗ္ဗေအဝေါ ဓနံ ဒေထ။

နော(၉)တန်ဂါထာအနက်

**ဥုံ၊** ဝစီမြွက်ဟ မှန်သစ္စကြောင့် ကြံကြံသမျှ ကမ္မဥသုံ အလုံးစုံ အကုန် ပြီးစေသော ဝါ ပြီးစေသတည်း။

**နိဗ္ဗာနံ၊** နိဗ္ဗာန်ရွှေမြို့တော်ကို။ **ရဋ္ဌမာနော၊** ရှာမှီးတောင့်တ တပ်မက်လှသော။ **နော၊** ငါတို့၏။ **ဥတ္တမော၊** မြတ်သော။ **နော၊** နေမင်းအနွယ် ဖြစ်တော်မူသော မြတ်စွာဘုရားသခင်တို့သည်။ **နော၊** ကာမဂုဏ်ငါးပါးကို ငါတို့ တပ်နှစ်သက်သကဲ့သို့ နိဗ္ဗာန်ကို တပ်နှစ်သက်သည် မဟုတ်။

**နော၊** ငါတို့သည်။ **ရဋ္ဌတိ၊** ကာမဂုဏ်ငါးပါး အယုတ်တရား၌ တပ်နှစ်သက်တတ်၏။ **နော၊** ငါတို့၏ သုံးလောကထွတ်ထား သဗ္ဗညု မြတ်စွာဘုရားကား ငါတို့ကဲ့သို့ ကာမဂုဏ်ငါးပါး အယုတ်တရားတို့ကို မတပ်နှစ်သက်တတ်။

**နော၊** ငါတို့၏။ **နာ၊** နေမင်းအနွယ်တော်ဖြစ်တော်မူသော မြတ်စွာဘုရားသခင်သည်။ **နော၊** ငါတို့ကဲ့သို့မဟုတ်။ **န၊** နိဗ္ဗာန်၌ တည်တော်မူ၏။ **ဘုမ္မိရာဇာနော၊** လူနတ်ပြဟ္မာ သတ္တဝါ။ **ယ၊** ဘုံဌာနကို အစိုးရတော်မူသော တရားမင်းဖျား မြတ်ဘုရားတို့သည်။ **သုခါဝဟာ၊** လူနတ်နိဗ္ဗာန် သုံးတန်သော ချမ်းသာမြတ်ကို ဆောင်တတ် ပေးတတ်၏။ ဝါ ဆောင်တတ်ပေ၏။

**ယောဘာဂဝါ၊** အကြင်မြတ်စွာဘုရားသခင်သည်။ **ဣတိပိဣမိနာ စကာရဇောန၊** ဤသို့ ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူသော ကြောင့်။ **သောဘဂဝါ၊** ထိုမြတ်စွာဘုရားသည်။ **ဘဂဝါ၊** ဘဂဝါ မရှုပ်တော်မူပြီ။ **ဣတိ၊** ဤသို့။ **ဝုတ္တာ၊** ဟောတော်မူအပ်သည်၏ အဖြစ်ကြောင့်။ **နော၊** ငါတို့သည်။ **နမော၊** ရှိခိုးပါ၏။

**ဣတိ၊** ဤသို့။ **မန္တာ၊** ရှိခိုးအပ်ပြီးသော မန္တရားသည်။ **သုခါဝဟာ၊** လောကီလောကုတ္တရာ နှစ်ဖြာသော ချမ်းသာကို ဆောင်တတ်၏။

စာမျက်နှာ (၁၁၀) သို့

www.burmeseclassic.com

ကြော်ငြာဆောင်းပါး

# အသည်းရောဂါအတွက်ကိုယ်တိုင်ကုသထုတ်လုပ်ထားတဲ့

# မန်းရာဇာ အသည်းအားဆေး

အမှတ်တံဆိပ်

(တိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ် ၀၈၁၁ Y ၀၁၀၇၂) (တာသတ(စာနယ်ဇင်း)၀၁၇/၀၂၁၂) ဦးအိုက်စံ(လားရှိုး)

ယနေ့ခေတ်၊ ယနေ့အခါတွင် ရောဂါများသည်ခေတ်နှင့်အပြိုင်လိုက်၍ ထူးထွေဆန်းပြားစွာ ပေါ်ပေါက်၍လာပေသည်။ ထိုကဲ့သို့ ပေါ်ပေါက်စွဲကပ်လာသော ရောဂါများအနက်လွယ်ကူစွာ ကုသပေးနိုင်သော ရောဂါများရှိသကဲ့သို့ ခက်ခဲနက်နဲပြီး လုံးဝပျောက်ကင်းသက်သာအောင်ကုသမရဘဲလျက်သက်သာရုံရောဂါကို ထိန်းချုပ်ထားရုံမျှသာ တတ်နိုင်သော ရောဂါများလည်းရှိ၏။

ထိုခေတ်နှင့်အပြိုင် ဆန်းပြားထွေလာသောရောဂါများအနက်မှ အသည်းနှင့်ပတ်သက်သောရောဂါသည်လည်း ယနေ့အချိန်အခါတွင် ခေတ်စားအဖြစ်များသော ရောဂါတစ်မျိုးပင်ဖြစ်သည်။ အချို့အသည်းရောဂါများသည် ကာကွယ်ရုံမျှသာစွမ်းနိုင်ပြီး ဖြစ်ပေါ်လာခဲ့လျှင် လုံးဝပျောက်ကင်းအောင်ကုသမှုခံယူရန် မဖြစ်နိုင်ဘဲလျက် ရောဂါကို ထိန်းထားရုံမျှသာ စွမ်းနိုင်သောရောဂါဖြစ်ပါသည်။

လွန်ခဲ့သောနှစ်နှစ်ကျော်လောက်က ကျွန်တော်၏ဝမ်းဗိုက်အထူးသဖြင့် ညာဘက်ခြမ်းနံရိုးဆုံးမှ အောင့်နာသည်။ ရင်ခေါင်းအောင့်၏။ ပျို့အန်၏။ အစားအစာများစားချင်သောက်ချင်စိတ်မရှိ ဝမ်းဗိုက်ထဲမှလေသံများ တဂျုံးဂျုံး ကြားနေရ၏။မျက်စိနှင့်အသားအရေများ ဝါဖျော့လာ၏။ ဆီးနည်းလာ၏။ရံခါဝမ်းချုပ်၍ ရံခါ အပူဝမ်းကဲ့သို့ နည်းနည်းနှင့် ပျော့ပျော့သွား၏။ အားအင်ချည့်လာ၏။ အိပ်မပျော်ဖြစ်လာ၏။ အစားပျက်၊ အအိပ်ပျက်ကာပိန်ချုံးလာ၏။ လူကသာပိန်လာသော်လည်း ဝမ်းဗိုက်ကလေးကတော့ ပူတင်းနေ၏။ ဘာမှန်းမသိရသော ရောဂါတစ်မျိုးကိုကျွန်တော်ခံစားလာရသည်။

အစာမစားနိုင်သည်မှာ နှစ်လလောက် ဖြစ်လာတော့အစာအိမ်ရောဂါလို့ထင်ခဲ့၏။ သည့်လိုနှင့် ကျွမ်းကျင်သောအထူးကုသမားတော်ကြီးများနှင့် ပြသကြည့်တော့ လိုအပ်သော ဆေးစစ်ဆေးမှုများခံယူခိုင်း၏။ သည်မှာ ကျွန်တော်ကိုစိုးကျော်ကျော်နှိပ်စက်နေသော အန္တရာယ်သူသည် B-ပိုးဖြစ်နေ၏။ ယင်းပိုးကြောင့် ကျွန်တော်၏အသည်းမှာ မာကျောက်နေ၏ဟု ဆရာဝန်ကြီးကမိန့်ကြား၏။ ထိုခဏမှာပင်ကျွန်တော်နှင့် ဇနီးဖြစ်သူတို့မှာ ခေါင်းခေါင်းခေါင် မိုးကြိုးပစ်ခံလိုက်ရသလို ခံစားလိုက်ရ၏။

ကျွန်တော့်ရောဂါအတွက် ရောဂါနှင့် ရောဂါကိုဖြစ်စေသော လက်သည်ကိုတော့ တွေ့ပါ၏။ သို့သော် ထိုလက်သည် B-ပိုးနှင့် အသည်းမာခြောက်သောရောဂါကို လုံးဝကင်းစင်သွားအောင် ကုသနိုင်သောဆေးဝါးက နတ္ထိတဲ့လေ။ အသည်းပျက်စီးမှုကို မြန်မြန်မပျက်စီးစေရန် ထိန်းထားရုံနှင့် B-ပိုးကို အကောင်ရေ လျှော့ချရုံမျှသာစွမ်းနိုင်၏ဟု သမားတော်ကြီးက ဆိုလာလေတော့ ဆောက်တည်ရာမရခံစားရပြန်သည်။

သည့်လိုနှင့် ဟိုဆရာ ဟိုဆေးကောင်းနိုးနိုး၊ သည်ဆရာသည်ဆေးကောင်းနိုးနိုးနှင့် လိုက်ကုလိုက်တာ ရန်ကုန်ကိုရောက်လာပါလေရော။ ခေတ်မီဆေးဝါးများနှင့် ပျောက်ကင်းအောင် ကုသမှုမပေးနိုင်ဘူးဆိုတော့ ရေနစ်သူအတွက် ကောက်ရိုးတစ်မျှင်ကို ရှာရ၏။ မိတ်ဆွေတစ်ဦး၏အကြံပေးမှုကြောင့် တိုင်းရင်းဆေးနှင့် ကုသရန် ဆုံးဖြတ်လိုက်၏။ သည်လိုနှင့် ထိုမိတ်ဆွေမှ အရိုးကျိုးပေါင်းရောဂါ အထူးကုပေးနေသကဲ့သို့ ဆေးကျမ်းများစွာလည်း ရေးသားနေသော သမားတော်ဆရာမြင့်ရှိရာ စကြာမင်း တိုင်းရင်းဆေးကုခန်းသို့ လိုက်ပို့ပေး၏။ သမားတော် ဆရာမြင့်ထံရောက်တော့ ဆရာက "ကျွန်တော်က အရိုးကျိုးပေါင်းရောဂါကိုပဲ အဓိက ကုသပေးနေတာပါ။ ဒါပေမယ့် အရိုးကျိုးပေါင်းရောဂါတုန်းကလိုပဲ ယနေ့ခေတ်မှာအဖြစ်များပြီး ဆေးတွေ့ဖို့ခက်ခဲနေတဲ့ အသည်းရောဂါအတွက်လည်း ကုထုံးဆေးဝါးတွေ တစ်နိုင်တစ်ပိုင်



www.burmeseclassic.com

ကုသရင်း သုတေသနပြုနေပါတယ်။ အခုတော့ အသည်းရောဂါအတွက် ဆေးတစ်လက်တော့ တွေ့ထားတယ်။ အဲဒါ ဦးအိုက်စံ ယူသွားပြီး တစ်ကြိမ် ဆေး ၅ ပြား တစ်နေ့ ၃ ကြိမ် သောက်ပေးပေါ့။ သဘာဝ တိုင်းရင်းဆေးဖြစ်လို့ ဘေးထွက်ဆိုးကျိုးမရှိပါဘူး။ "ဟုတ်ကဲ့ပါ။ ကျေးဇူးအများကြီး တင်ပါတယ်"ဟု ဆရာ့ကို နှုတ်ဆက်ပြီး ပြန်လာခဲ့ပါသည်။

အိမ်ရောက်တော့ သမားတော်ဆရာမြင့် ပြောကြားသည့်အတိုင်း ငါ့အတွက် အကျိုးတော့မယုတ်တန်ကောင်းဘူး ဆိုပြီး သမားတော်ဆရာမြင့်ပေးလိုက်တဲ့ဆေးကို ညွှန်ကြားချက်အတိုင်း ပုံမှန်သုံးစွဲမိသည်။ သည်လိုနှင့် တဖြည်းဖြည်းနှင့် ကျွန်တော် စောစောကပြောခဲ့တဲ့ ကျွန်တော်ခံစားနေရတဲ့ ရောဂါလက္ခဏာတွေ တစ်စတစ်စ သက်သာလာတာကို သတိပြုမိလာသည်။ ပုံမှန် အိပ်ရသည်။ ပုံမှန်စားကောင်းလာသည်။ ဝမ်းဗိုက်၏ ညာဘက် နံရိုး အဆုံးနားမှာ တစ်မျှင်းမျှင်းနှင့် အောင့်နာနေသော နာကျင်မှုမရှိတော့။ ဒါနှင့် အားတက်သွားပြီး ဂရုတစိုက်ဆေးကို သောက်မိ၏။ ဆေးသောက်လို့ ၆ လလောက်ကြာတော့ ကျွန်တော် အတော်လေး ကျန်းမာဝဖြိုးလာသည်။ ပုံမှန် အသားအရေနှင့် နဂိုအတိုင်း အားအင်အပြည့်နှင့် လုပ်ငန်းဆောင်တာတွေကို လုပ်လာနိုင်သည်။

ကျွန်တော်လည်း ကျေးဇူးရှင် သမားတော်ဆရာမြင့်ရှိရာ ရန်ကုန်သို့ မီးရထား မန်းရွှေပြည်ကားနှင့် လိုက်လာခဲ့သည်။ ဆရာထံရောက်တော့ "ဆရာ့ရဲ့ကျေးဇူးကို ဘယ်လိုဆပ်ရမှန်းကို မသိတော့ပါဘူး"လို့ ဆိုတော့ ဆရာက တွေတွေလေးစိုက်ပြီး ကျွန်တော့်ကို ကြည့်နေတယ်။ "ဆရာ ကျွန်တော့်ကို မမှတ်မိဘူးလား။ ကျွန်တော် အိုက်စံလေ။ အသည်းရောဂါဖြစ်လို့ ဆရာ့ဆီလာပြတာ ဆရာ ပေးလိုက်တဲ့ဆေးကြောင့် အခု ကျွန်တော်ရဲ့အသည်းရောဂါဟာ သက်သာကင်းဝေးသွားပြီ ဆရာ"ဆိုမှ "ဩော် မှတ်မိပြီ ဦးအိုက်စံကိုး အခုလို ကြားရတာ ဝမ်းသာပါတယ်ဗျာ" "ဆရာ့ကို ကျွန်တော် တစ်ခုလောက် တောင်းဆိုချင်ပါတယ်ဆရာ" "ပြောပါ၊ ကျွန်တော် ဘာကူညီရမလဲ" "ဒီလိုပါဆရာ၊ ကျွန်တော့်လို အသည်းရောဂါရှင်တွေအတွက် ကျွန်တော့်ကိုပေးတဲ့ဆေးကို ထုတ်လုပ်ဖြန့်ဖြူးပေးပါလားဆရာ" "အင်း...ဦးအိုက်စံအနေနဲ့ အသည်းရောဂါသည်တွေအပေါ်ထားတဲ့ စိတ်စေတနာကို ကျွန်တော်လေးစားပါတယ်။ ဒါပေမယ့် ကျွန်တော့်မှာက ဆေးကုခန်းကတစ်ဖက်၊ အခြား ထုတ်လုပ်ဖြန့်ချိနေတဲ့ဆေးတွေက တစ်ဖက်ဆိုတော့ ဒီအသည်းဆေးကို ထုတ်လုပ်ဖို့ မလွယ်ကူသေးပါဘူး"

"ဆရာခွင့်ပြုမယ်ဆိုရင်တော့ ကျွန်တော်လို စိတ်ရောကိုယ်ပါ နာကျင်ခံစားနေရတဲ့ အသည်းရောဂါဝေဒနာရှင်တွေအတွက် ကူညီပေးချင်လို့ ဆရာမထုတ်ရင် ဒီအသည်းဆေးကို ကျွန်တော် ထုတ်လုပ်ချင်ပါတယ်ဆရာ။ အသည်းရောဂါဝေဒနာရှင်များ အလွယ်တကူသုံးစွဲနိုင်အောင်လို့ပါ။ "ဟာ... ကောင်းတဲ့အကြံပဲဗျာ။ ဦးအိုက်စံထုတ်လုပ်ချင်ရင် ထုတ်ပါ" "ဖော်မြူလာဆရာက ပေးမှာလား" "ပေးပါ့ဗျာ၊ ပေးပါ့၊ ဖော်မြူလာတင်မဟုတ်ဘူး လိုအပ်တဲ့အရာတွေကိုလဲ ကူညီပေးပါ့မယ်" "မြင့်မြတ်တဲ့ ဆရာ့စိတ်ထားကို အရမ်းလေးစားပါတယ် ဆရာ"

ကဲ ကျွန်တော့်လိုအသည်းနှင့်ပတ်သက်၍ ဝေဒနာခံစားနေကြရသော အသည်းရောဂါရှင်များ...သမားတော် ဆရာမြင့်ရဲ့စေတနာ၊ ကျွန်တော်ကိုယ်တိုင် အသည်းရောဂါရဲ့ နှိပ်စက်မှုကို ခံစားခဲ့ရသည်မှလွတ်မြောက်၍ ရရှိခဲ့သော ပျော်ရွှင်မှုအရသာကို အသည်းရောဂါရှင်များထံ ဖြန့်ဝေပေးလိုက်ပါသည်။ ကျွန်တော့်ကို အသည်းရောဂါဝေဒနာ ဘေးဒုက္ခမှ လွတ်မြောက်စေသော ဆေးစွမ်းကောင်းတစ်လက်ကတော့ **မန်းရာဇာ အမှတ်တံဆိပ် အသည်းအားဆေး**ပဲ ဖြစ်ပါသည်။ ဤ**မန်းရာဇာ အမှတ်တံဆိပ် အသည်းအားဆေး**၏ အာနိသင်ကတော့ အသည်းအားနည်းခြင်း၊ အသည်းရောင်အသားဝါရောဂါဖြစ်ခြင်း၊ အသည်းအဆီဖုံးခြင်း၊ အသည်းမာ၊ အသည်းကြီး၊ အသည်းခြောက် ရောဂါဖြစ်ခြင်း၊ အသည်းတစ်ဝိုက် အောင့်နာနေခြင်း၊ ပျို့အန်ခြင်း၊ ပိုးကြောင့်ဖြစ်သောရောဂါများအတွက် ထိရောက်သောဆေးဖြစ်သည်။ **မန်းရာဇာ အမှတ်တံဆိပ် အသည်းအားဆေးကို** အသည်းရောဂါအမျိုးမျိုး ခံစားနေရသူများ၊ အသည်းကိုထိခိုက်စေတဲ့ အရက်သေစာနှင့် မကင်းနိုင်သူများ အသည်းမပျက်စီးအောင် ကာကွယ်လိုသူများ မဖြစ်မနေသုံးစွဲသင့်တဲ့ဆေးကတော့ **မန်းရာဇာအမှတ်တံဆိပ် အသည်းအားဆေး**ပဲဖြစ်၏ ဟူ၍ သတင်းကောင်းလေး ပါးလိုက်ပါသည်။

**ဦးအိုက်စံ (လားရှိုး)**


**ဤဆေးသည် သဘာဝဆေးဖက်ဝင်ပစ္စည်းများဖြင့် စီမံဖော်စပ်ထားခြင်းကြောင့် အသည်းပျက်စီးခြင်းတို့ကို ကာကွယ်ပေးနိုင်သော ဆေးဖြစ်ပါသည်။**

**ပင်ရင်း-မန်းရာဇာတိုင်းရင်းဆေးဝါးထုတ်လုပ်ရေး**
**အမှတ်(ဆ/၃၆၀)၊ သုနန္ဒာ(ဂ)လမ်း၊ မ/ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၁ ၆၉၁၀၉၁၊ ၀၉ ၇၃၂ ၄၃၀၉၄**

**ရှမ်းပြည်နယ်ဖြန့်ချိရေး-**
**အမှတ်(၃၂/၉)၊ ဘူတာလမ်း၊ ရပ်ကွက်-၁၀၊ လားရှိုးမြို့။**
**ဖုန်း-၀၈၂ ၂၆၂၉၁၊ ၀၉ ၄၇၃ ၂၂၁၃၃**




www.burmeseclassic.com

www.burmeseclassic.com

ထူးခြားရှားပါး

# သစ်ကွင်းကြီး

ရွှေတော်မြေ
မောင်ကြည်သိန်း



▲ ထူးခြားရှားပါး သစ်ကွင်းကြီး အထောက်

အပင်တစ်ရာမှာတစ်ပင်၊ အပင်တစ်ထောင်မှာ တစ်ပင်မရှိတဲ့ ထူးခြားရှားပါး သစ်ကွင်းကြီးကို စာရေးသူ စတင်တွေ့ရှိခဲ့ပါတယ်။ ဒီကုက္ကိုပင်ကြီးအောက် ဖြတ်လျှောက်ခဲ့တဲ့ လပေါင်း၊ နှစ်ပေါင်း မနည်းတော့။ ဒီကုက္ကိုပင်ကြီးရှိတဲ့နေရာကတော့ ကြာနီကန်ရပ်ကွက် အညှိ့ကုန်းတောင်ပိုင်း ရွှေနတ်တောင်လမ်းသွား စာရေးသူအိမ်နဲ့ဆို ဘာဝေးတို့လဲ ခြေလှမ်း(၂၀)လှမ်းရုံနဲ့ ရောက်တယ်။

ဒါပေသိ "သတိမမူ ဂူမမြင်"၊ "သတိမူ မြူတောင်မြင်" ဆိုသလိုတစ်နေ့(၅-၉-၂၀၁၃)နေ့ စာရေးသူ ရွှေနတ်တောင်လမ်းထဲမှာ (၃)ပင် အိမ်ထား(၁)အိမ် ဆောက်လုပ်ရာမှာ ဝင်လောက်ကြည့်တော့ ပန်းရန်ဆရာအညှိ့က ကိုခင်ဝင်း စာရေးသူ မိတ်ဖွဲ့ထားပြောပြီး အပေါ်မော့အကြည့်...

'ဟာ ဟိုမှာသစ်ကွင်းသစ်ကွင်းကြီးပါလားဗျ'

'ခင်ဗျားပြောမှပဲ မော့ကြည့်မိတယ်။ ဒီအပင်ကြီး သက်တမ်း ခန့်မှန်းနှစ်(၂၀၀)နီးပါး ရှိရော့မယ်။ အင်္ဂလိပ်ဂျပန် စစ်ဖြစ်တော့ ရွှေတောင်တိုက်ပွဲဆိုတာ အကြီးကျယ်ဆုံး စစ်ပွဲဆိုဗျ'

'ကျွန်တော်လဲ ကြားဖူးတယ်၊ ကျွန်တော် ငယ်ငယ် (၁၅)နှစ်သားအရွယ်က ရန်ကုန် အစ်ကိုကြီးဆီမှာသက္ကဏာ ဆရာ စောနောင်ဆီမှာနေခဲ့နေတာဗျ။

ကျွန်တော့်အစ်ကိုကြီးက ကျွန်တော့်ကိုကျောင်းထားပေးတာ။ ရန်ကုန်သားတစ်ပိုင်း ဆိုပါတော့ဗျာ။ ဒီကို ၂၀၀၆ ခုနှစ်မှ ပြောင်းလာခဲ့တာ။ ခုတော့ ရွှေတောင်သားပေါ့ဗျာ၊ ပျော်ရာမှာနေရ တော်ရာမှာနေရ ဆိုသလိုပေါ့ဗျာ။

ခုဆောက်နေတဲ့အိမ်က ပိုင်ရှင် ဦးချစ်မြင့်၊ ဒေါ်အုံးကြယ်အိမ် မဟုတ်လား'

'ဟုတ်ပါ့ဗျာ အိမ်ဟောင်းကို ပြောင်းဆောက်တာဗျ'

'ဒါနဲ့ ကိုခင်ဝင်း ဒီသစ်ကွင်းကြီးနဲ့ ပတ်သက်ပြီး သိသလောက် ပြောပြပါဗျာ၊ ကျွန်တော်က နက္ခတ္တရောင်ခြည်

www.burmeseclassic.com

မဂ္ဂဇင်းနဲ့ ပါရမီမဂ္ဂဇင်းမှာ စာရေးဆရာ ဗျ'

'ဩော် ဟုတ်လား ကျွန်တော်လဲ အဲဒီမဂ္ဂဇင်းကြီးရဲ့ စာဖတ်ပရိသတ် တစ်ဦးပါဗျ'

'ဒီလိုပါ ဒီသစ်ကွင်းကြီး ရှိတဲ့အရပ်မှာ မီးကွင်းခြင်း၊ အန္တရာယ်အပေါင်း ကင်းဝေးစေခြင်း၊ မီးမဖွားနိုင်တဲ့သူများ ဒီသစ်ကွင်းကြီးအောက် ဖြတ်လျှောက်ပြီး အဂုံလိမာလ သုတ်(၇)ခေါက် ရွတ်ပွားစေခြင်းဖြင့် လွယ်ကူချောမောစွာ မီးဖွားနိုင်ခြင်း၊ ဖုံးကွင်းစေခြင်း ဆိုတဲ့ ကောင်းကျိုးတွေ ပေးစေသတဲ့ဗျာ'

'ကျေးဇူးတင်ပါတယ်ဗျာ နောင်တွေ့ရင်လဲ ခေါ်ပါပြောပါဗျာ'

'နို့ နေပါဦး ခင်ဗျားက ဘယ်ဘက် ဒေသမှာ နေတာတုံး'

'ကျွန်တော်နေတာ "မယားမာန်" ကျေးရွာမှာပါ'

စာရေးသူ ရွှေနတ်တောင်လမ်းမှာ ထမင်းသုပ်သွားစားတော့ ဒေါ်လေး ဒေါ်တင်သန်းက လက်ယပ်ခေါ်တယ်။ ဒါနဲ့ သွားတော့...

'မောင်လေး ဘာတွေ မော့မော့ ကြည့်နေတာလဲ'

'ကျွန်တော် ဒီသစ်ကွင်းကြီး အကြောင်း နက္ခတ္တရောင်ခြည်မဂ္ဂဇင်းမှာ စာရေးမလို့ အကြောင်းအရာ ရှာနေတာ ဒေါ်လေး'

'အတော်ပဲ ဒေါ်လေး ပြောပြမယ်'

ဒေါ်လေး ဒေါ်တင်သန်းဆိုတာ ယခင်တုန်းက ဆေးလိပ်ခုံပိုင်ရှင်။ လုပ်သား(၅၀)ကျော်နဲ့ အလွန်အောင်မြင်တဲ့ ဆေးလိပ်ခုံပိုင်ရှင်တစ်ဦးပါ။

'ဒီလို မောင်လေးရဲ့ ဒီသစ်ကွင်းကွင်းကြီးရှိတဲ့ အရပ်မှာ မီးကွင်းစေတယ်။ ဖုံးဒဏ် ကာကွယ်စေတယ်။ မီးမဖွားနိုင်တဲ့ အမျိုးသမီးတွေ ဒီအပင်အောက် ဖြတ်လျှောက်ရင် လွယ်ကူစွာ



ရွှေနတ်တောင်ဘုရားလမ်းရှိ ထူးခြားရှားပါး သစ်ကွင်းကြီး အနီးကပ်

မီးဖွားစေတယ်'

'ဟိုခပ်လှမ်းလှမ်းက **ဆန်တစ်ဆုပ်ဓမ္မာရုံကြီးက** ဖုံးကွင်းလို့ ကျန်ခဲ့တာလား'

'ဟုတ်ပါ့တော် ရွှေတောင်မှာ ဖုံးကွင်းတဲ့ နေရာဆိုလို့ ဒီဆန်တစ်ဆုပ်ဓမ္မာရုံကြီးရယ်၊ ဦးလေးချူရဲ့ တိုက်ကြီးရယ်ပဲ ကျန်ခဲ့တာ။ ကျန်တာတွေတော်တော်များများ စစ်တလင်းဖြစ်ခဲ့တယ်'

'ဒေါ်လေး ဂျပန်ခေတ် မီတယ် မဟုတ်လား'

'မီပါ့မောင် ခုံ မင်္ဂလာခန်းမလုပ်တဲ့ တို့ကြာနီကန်ရပ်က **လယ်တီပိဋကတ်** တိုက်ကြီးလဲ ဖုံးဒဏ်၊ မီးဒဏ် မသင့်ဘူး ကွယ့်။

ဒီပိဋကတ်တိုက်ကြီး ဟိုတုန်းက ဂျပန်တွေ ဆေးရုံလုပ်ခဲ့တယ်။ ဂျပန် ဆေးရုံကြီးဆိုပြီး နာမည်ကြီးပါ့တော် သရဲလဲ တယ်ခြောက်ဆိုပဲ'

'ဒါနဲ့ ဒေါ်လေး ဒီဆန်တစ်ဆုပ်ဓမ္မာရုံ ကြီးအကြောင်း သိရင် ပြောပြပါဦး'


'ဒီ ဆန်တစ်ဆုပ်ဓမ္မာရုံကြီး(ပုံတွင်





www.burmeseclassic.com

www.burmeseclassic.com



▲ ကျွန်တော် ပုံကူးခဲ့သည့် တည်ကျုံရပ် သင်္ကြန်ကြီး အနီးရှိ ဆန်တစ်ဆုပ် မွှာရုံကြီး

ပါသည့်အတိုင်း)ကို တို့အဖေ သခင်ထွန်းခိုင်ကစပြီး ကမကထလုပ်တာ မောင်လေးရေ။ သူ့ဟာသူ သွပ်ဘူးလေးတွေလုပ် တစ်အိမ် တစ်လုံး ချိတ်ဝေ ပြီးရင်...

"အစ်ကိုတို့ အစ်မတို့ ဦးလေးတို့ ဒေါ်လေးတို့ ထမင်းချက်ခါနီး ဆန်လက်တစ်ဆုပ်ဒီဘူးလေးထဲ ထည့်ထားပေးပါဗျာ၊ လကုန်ရင် လာယူပါ့မယ်"

ဆိုပြီး ဘူးလေးတွေပေး လကုန်ရင်လိုက်ဆု၊ တစ်တင်း၊ နှစ်တင်းရရင် မြို့ရောင်း ဒီလိုပဲ ဆန်ရောင်းလာတဲ့ ငွေလေးတွေကိုလဲ...

"ဦးလေးတို့ သဒ္ဓါတတ်အား နည်းများမဆို ဆန်လှူခဲ့ပါဗျာ"

ဆိုတော့ ရဲက်ရက်ရောရော တစ်ပြည် တစ်ခွဲ လှူကြသကွယ့်။

အေး အဲဒီငွေလေးတွေစုပြီး ဒီဆန်တစ်ဆုပ်ဓမ္မာရုံကြီး ပြီးမြောက်အောင် မြင်အောင် ဆောက်ခဲ့တာကွယ့်။ ရပ်သူရွာသား အများကောင်းမှုပေါ့ကွယ်။

ဒီလို ဆန်တစ်ဆုပ်စီ လှူရလို့ ခုတော့ ဆန်တစ်ဆုပ်ဓမ္မာရုံကြီးရယ်လို့ ယနေ့တိုင်အောင် အထင်ကရ မှတ်တိုင်ကြီး သဖွယ် ရန်ကုန် ပြည်လမ်းဘေးမှာ ရှိနေတာပေါ့'

ပုံးကွင်းတဲ့ ဓမ္မာရုံကြီးပါ။ ပြောရဦးမယ် သခင်ထွန်းခိုင်ကလဲ မျိုးချစ်ဗမာ့တပ်မတော်သားကြီး သခင်အောင်ဆန်းရွှေတောင်ကြာနီကန်ရပ်က အိမ်ကြီးတစ်အိမ်မှာ ညအိပ်စဉ်က **(ယနေ့တိုင် ထိုအိမ်ကြီး ဆန်တစ်ဆုပ်ဓမ္မာရုံ အနီးမှာ ရှိပါသည်။)**

သခင်ထွန်းခိုင်တို့ အဖွဲ့နဲ့ ဗိုလ်ချုပ်အောင်ဆန်းတို့ လျှို့ဝှက်ဆွေးနွေးပြီး သရက်၊ မင်းတုန်းဘက် မသွားခင်မှာဘဲ ဖက်ဆစ်များ တော်လှန်ဖို့ တစ်ခဲနက် ဆုံးဖြတ်ခဲ့တဲ့ မတ်လတော်လှန်ရေးကို ရွှေတောင်မြေမှာ ဆုံးဖြတ်သွားခဲ့တာလို့ သခင်ထွန်းခိုင်သား ဦးလေးစိုးက စာရေးသူကို ပြောပြတာကို တင်ပြရပါတယ်။

ဒီဦးလေးစိုးရဲ့ ဒေါ်လေး ဒေါ်တင်သန်းဟာ မောင်နှမအရင်းတွေပါ။ ရွှေနတ်တောင်ဘုရားကြီးရဲ့ တောင်ခြေက ဇရပ်လေးမှာလဲ ဗိုလ်ချုပ်အောင်ဆန်းတို့အဖွဲ့ ညအိပ်ရပ်နားခဲ့ပါသေးတယ်။ **(ယနေ့တိုင် ရွှေနတ်တောင်ဘုရား ရောက်ခဲ့ရင် တောင်အောက်မှာ ယနေ့တိုင် မပျက်မယွင်း ရှိနေပါသေးတယ်။)**

နောက် ဆက်ပြီး နှစ်(၅၀)ကြာတဲ့တိုင် မပုပ်မသိုးတဲ့ သိမ်တောင်ဆရာတော်ကြီးဆီ အရောက်သွား ဖူးမြော်ရင်း ဆောင်းပါးကောင်း တစ်ပုဒ် ရေးထွက်ပါဦးမယ်လို့ ကြားဖြတ်ကြေညာဝင်ပါရစေ။

***စာဖတ်သူအပေါင်း ကျန်းမာချမ်းသာကြပါစေ။***

**ရွှေမှော်မြေ မောင်ကြည်သိန်း**



www.burmeseclassic.com

www.burmeseclassic.com



# သရဏဂုံသစ္စာ

ပဲခူး ကျော်ကျော်

**သစ္စာဆိုသည်မှာ** မှန်ကန်ခြင်း ဖြစ်၏။ သစ္စာပြုရာ၌ ကောင်းသော အမှုအလုပ်ဖြစ်စေ၊ မကောင်းသော အမှုအလုပ်ဖြစ်စေ ဖြစ်ရပ်သဘောတရား မှန်ဖို့သာ ပဓာနဖြစ်၏။ သစ္စာဆိုရာတွင် ဖြစ်ရပ်မှန်ကို ထုတ်ဖော်တိုင်တည်၍ ကတိပြုသည်။

သစ္စာထား သစ္စာဆို၍ ကတိပြုခြင်း ဖြစ်သည်။

'ဧတေန သစ္စဝဇ္ဇေန ဟောတုမေ ဇယမင်္ဂလံ'

ဤသို့ ဟုတ်မှန်သော သစ္စာစကားကြောင့် **(အာယုဝမုန်၊ ဝဏ္ဏဝမုန်၊ သုခဝမုန်၊ ဗလဝမုန်)** ရန်မာန်အောင်ကြောင်း ကောင်းမှုမင်္ဂလာ ဖြစ်စေသား။

**(အသက်၏ ပွားများခြင်းသည်၊ အဆင်း၏ ပွားများခြင်းသည်၊ ကိုယ်စိတ်ချမ်းသာခြင်း၏ ပွားများခြင်းသည်၊ ကိုယ်အား,ဉာဏ်အား ပွားများခြင်းသည်၊ မေ–ငါ့အား။ ဟောတု၊ ဖြစ်စေသား)။**

နေ့တိုင်း လိမ်ညာမုသားဆိုနေသော ပါးစပ်ဖြင့် သစ္စာဆိုသော် စွမ်းအားနည်းတတ်သည်ကို သတိထားရမည်။ အရေးကြုံမှထ၍ ရွတ်၊ ထ၍ သစ္စာပြုသော်လည်း အောင်မြင်မည် မဟုတ်။ မိမိကလည်း ယုံကြည်မှု၊ ကြည်ညိုမှု သဒ္ဓါတရားဖြင့် ဝီရိယစိုက်ထားသင့်သည်။

ထသုန္ဒေ၊ ဤမြေသော်လည်း စောင့်စည်းမှုသား ကျင့်သောအားဖြင့် စကားသစ္စာ၊ မှန်သောအခါကား ဩဇာလေးနက်၊ ပေါ်ဆီတက်၍ နွယ်မြက်သစ်ပင် ဆေးဖက်ဝင်၏။ ***(ပါရမီတော်ခန်းပျို့)***

သစ္စာ– အမှန်ကို အမှန်အတိုင်း ပြောဆိုခြင်းသည် အစွမ်းသတ္တိရှိသည်။ မီးကို ငြိမ်းစေ၏။ မိုးကို ရွာစေ၏။ အဆိပ်ကို ပြယ်စေ၏။ ရောဂါကို ပျောက်စေ၏။ အနှောင်အဖွဲ့တို့မှ လွတ်စေ၏။ အလောင်းတော်တို့ ဘဝတိုင်း သစ္စာပါရမီကို ခိုင်မြဲစွာ တည်ဆောက်ကြကုန်၏။

မှန်သော သစ္စာစကားကို ပြောဆိုနိုင်စွမ်း မရှိသူဖြစ်က အကျိုးသက်ရောက်မှု မရှိနိုင်။ ***(ဗုဒ္ဓ)***

ရတနာသုံးပါး ယုံကြည်သူများမှာ သစ္စာထိရောက်မှန်ကန်စေ၏။ သီလ၊ သမာဓိ၊ သိက္ခာ ဖြူစင်ရန်လည်း လို၏။

သစ္စာနှုတ်သီး မန္တန်ကြီးက သေပြီးသော်မှ ရှင်ပြန်ရ၏။ ***(မဃဒေဝလင်္ကာ)***

ဘုရားကိုသာ တစ်သက်တာ မြဲစွာ ကိုးကွယ်မည်။

အမိဋ္ဌာန်ကျင့်စဉ်

တရားကိုသာ တစ်သက်တာ မြဲစွာ ကိုးကွယ်မည်။

သံဃာကိုသာ တစ်သက်တာ မြဲစွာ ကိုးကွယ်မည်။

ဘုရားကို ယုံပါ၏။ တရားကို ယုံပါ၏။ သံဃာကို ယုံပါ၏။ ဘုရား၊ တရား၊ သံဃာမှ တစ်ပါး ကိုးကွယ်ရာ မရှိပါ။

ဤမှန်သော သစ္စာစကားကြောင့်...

သစ္စာဟူငြား၊ မှန်တရားလည်း တိမ်းပါးမရှိ၊ မြဲစေဘိလော၊ တောင်မှ မပြို၊ မယိမ်းယိုနှင့်။ ***(မန်လည်ဆရာတော်)***

---

## သရဏဂုံသစ္စာအဓိဋ္ဌာန်(ကျင့်စဉ်)

---

ပရိကံပြုပုံ အစီအစဉ်

**၁။ နှစ်သက်ရာ သီလ (သို့မဟုတ်) ငါးပါးသီလ ခံယူဆောက်တည်ပါ။**

**၂။ သီလယူအပြီးတွင်...**

'ဝိဝိတံ စဇမာနော ပိယိက္ခာ ပဒါဟံ နစဏ

'လွန်စွာနှစ်သက် ရှင်နန်းသက် အဆက်အခဲ အကျွပ်အတည်းနှင့် တွေ့ကြုံရ၍ စွန့်လွှတ်ရခက်မှ ဆော တည်ထားသော ကျွန်ုပ်၏သီလ သိက္ခာ တော်မြတ်ကို ဘုရားတပည့်တော် သည် ဘယ်သောအခါမှ လွယ်လွယ်ကူကူ မစွန့်လွှတ်ပါ မြတ်စွာဘုရား'

ဟု ဆိုပါ။

**၃။ ဘုရားရဟန္တာနှင့် နတ်မင်းကြီးများကို ပင့်ဖိတ်ရန်။**

မြတ်စွာဘုရား သက်တော်ထင်ရှား ရှိစဉ်အခါ ရောင်ခြည်တော် ခြောက် သွယ်ကွန့်မြူး၍ ကြွဘိသကဲ့သို့ ဘုရား တပည့်တော်၏ ဦးခေါင်းထက်၌ ကြွ



www.burmeseclassic.com

www.burmeseclassic.com

တန့်သီတင်းသုံးတော်မူပါ။

မဟာကရုဏာတော်ဓာတ်၊ မေတ္တာဓာတ်တို့ဖြင့် လွှမ်းခြုံပတ်၍ စောင့်ရှောက်တော်မူပါ။

ယာဘက်ပခုံးပေါ်၌ အရှင်ပစ္စေကဗုဒ္ဓါများ၊ ရဟန္တာမထေရ်ကြီးများ ကြွရောက် သီတင်းသုံး စောင့်ရှောက်တော်မူပါ။

ဝဲဘက်ပခုံးပေါ်၌ သိကြားမင်းကြီးနှင့်တကွ နတ်မင်းကြီးလေးပါး၊ သာသနာစောင့် နတ်မင်းကြီးများ၊ နတ်စစ်သူကြီးများ၊ နတ်ဝိဇ္ဇာကြီးများ အားလုံး ကြွရောက်တော်မူကြပါ။ စောင့်ရှောက်တော်မူကြပါ။

**၄။ မြတ်စွာဘုရားအား ဆွမ်း၊ ပန်း၊ ရေချမ်း၊ ဆီမီး ကပ်လှူရန် ပူဇော်ရန်။**

သိကြားမင်းနှင့်တကွ နတ်မင်းကြီးလေးပါး မြတ်စွာဘုရား မဟာသမယသုတ်၊ မဟာအာဋာနာဋိယသုတ်တို့ကို ဟောတော်မူသောအခါ လာရောက်၍ တရားနာလာကြကုန်သော နတ်မင်းကြီးများ၊ သာသနာတော်ကို ကြည်ညိုလေးစား စောင့်ရှောက်တော်မူသော နတ်မင်းကြီးများအားလုံး ဤနေရာ၊ ဤဌာန၊ ဤဘုရားခန်းသို့ ကြွတော်မူကြပါ။

အကျွန်ုပ်နှင့်အတူ မြတ်စွာဘုရားအား ဆွမ်း၊ ပန်း၊ ရေချမ်း၊ ဆီမီး စသည်တို့ဖြင့် ဝမ်းမြောက်ဝမ်းသာ လှူဒါန်းပူဇော်ကြပါ။

မြတ်စွာဘုရား၏ ကိုယ်စားတော် ရုပ်ပွားတော်၊ ဓာတ်တော်၊ မွေတော်တို့အား သက်တော်ထင်ရှား မြတ်စွာဘုရားပမာ ရည်မှန်း၍ လှူဒါန်းတော်မူပါ။ ပူဇော်တော်မူကြပါ။ နတ်မြတ်နတ်ကောင်းနတ်မင်းအပေါင်းတို့...

ဤကဲ့သို့ လှူဒါန်း ပူဇော်ကြသည့် အတွက်ကြောင့် နတ်မြတ်နတ်ကောင်း နတ်မင်းအပေါင်းတို့မှာလည်း ဘုန်းတန်ခိုး အာနုဘော် ကြီးမားကြပါစေ။ ကိုယ်ရောင်ကိုယ်ဝါများလည်း ထွန်းလင်းကြပါစေ။ ကောင်းကျိုး အနန္တ ပြည့်စုံကြပါစေ။

အကျွန်ုပ်နှင့်တကွ အကျွန်ုပ် မိသားစုကိုလည်း ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာ၍ ကောင်းကျိုးအနန္တ ပြည့်စုံအောင် စောင့်ရှောက်တော်မူကြပါ။

**၅။ တောင်းပန်ဝန်ချ ကန်တော့ရန်၊ ခွင့်လွှတ်ရန်**

အကျွန်ုပ်သည် အတီတနန္တရ ဘဝအဆက်ဆက် သံသရာ အဆက်ဆက်၌လည်းကောင်း၊ ယခု ပစ္စုပ္ပန်ဘဝ၌လည်းကောင်း၊ အနန္တငါးပါး ကျေးဇူးရှင်များ၏ အပေါ်၌လည်းကောင်း၊ ခင်ပွန်းကြီးဆယ်ပါးကျေးဇူးရှင်များ၏ အပေါ်၌လည်းကောင်း ပြစ်မှားမိသော ကာယကံမှု၊ ဝစီကံမှု၊ မနောကံမှုများ ရှိပါက...

သည်းခံ၊ ခွင့်လွှတ်၊ ကျေနပ်ပါရန် အနူးအညွတ် တောင်းပန်ပါ၏။ ဝန်ချပါ၏။ ကန်တော့ပါ၏။ ခွင့်လွှတ်တော်မူပါ။ သည်းခံတော်မူပါ။ ကျေနပ်တော်မူပါ။

အကျွန်ုပ်၏ အပေါ်၌ တစ်စုံတစ်ယောက်သောသူက ပြစ်မှားထားသော အပြစ်များရှိပါက အကျွန်ုပ်က သည်းခံပါ၏ ခွင့်လွှတ်ပါ၏။ ကျေနပ်ပါ၏။

**၆။ မေတ္တာဓာတ်ခံယူခြင်း**

ကျွန်ုပ်သည် ဘုရား၊ အရိယာသူတော်ကောင်းအပေါင်းတို့၏ မေတ္တာဓာတ်ကို ခံယူပါ၏။

မိဘဆရာသမားတို့၏ မေတ္တာဓာတ်ကိုလည်း ခံယူပါ၏။

သာသနာတော်စောင့် နတ်မြတ်နတ်ကောင်း နတ်မင်းအပေါင်းတို့၏ မေတ္တာဓာတ်ကိုလည်း ခံယူပါ၏။ ဆရာတော်ကြီးများ၏ မေတ္တာဓာတ်ကိုလည်း အထူးပြုခံယူပါ၏။

**၇။ အဓိဋ္ဌာန်ပြု၍ ရွတ်ဆိုပူဇော်ရန်**

ယခု ရွတ်ဖတ်ပူဇော်မည့် သရဏဂုံသစ္စာသည် ကျွန်ုပ် ဆောင်ရွက်နေသော လုပ်ငန်းကိစ္စ မှန်သမျှ၏ ပြီးစီးအောင်မြင်ခြင်း အကျိုးငှာ ဖြစ်ပါစေသတည်း။

သရဏဂုံသစ္စာ (၁၀၈)ခေါက် ရွတ်ဆို၍ အဓိဋ္ဌာန်ပြုပါမည်။ မြတ်စွာဘုရားအား ရွတ်ဖတ်ပူဇော်ပါမည်။ ကျွန်ုပ်နှင့် အတူ နတ်မြတ်နတ်ကောင်းတို့လည်း ကြွရောက်ပြီး ပူဇော်ကြပါ။ ဝမ်းမြောက်ဝမ်းသာ ခေါ်ကြပါ။

ကျွန်ုပ် ရွတ်ဖတ်ပူဇော်မည့် **သရဏဂုံသစ္စာတို့သည် ကျွန်ုပ်နှင့် မိသားစုတို့၏ ကိုယ်တွင်းကိုယ်ပ၊ အိမ်တွင်းအိမ်ပ၊ အရပ်တွင်း အရပ်ပ နှစ်ဌာနတို့၌ ကျရောက်ပြီး ကျရောက်ဆဲ၊ ကျရောက်လတ္တံ့ ဖြစ်ကုန်သော ဘေးရန်အားလုံး ဖယ်ရှား၍ ကောင်းကျိုးမှန်သမျှ ပြည့်စုံရန် အစောင့်အရှောက် အရံအတား ဖြစ်ပါသတည်း။**

**၈။ သရဏဂုံသစ္စာပြုပုံ**

ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊
ဓမ္မံ သရဏံ ဂစ္ဆာမိ၊
သံဃံ သရဏံ ဂစ္ဆာမိ။
နတ္ထိမေ သရဏံ အညံ၊
ဗုဒ္ဓေါ မေ သရဏံ ဝရံ၊
ဓမ္မော မေ သရဏံ ဝရံ၊
သံဃော မေ သရဏံ ဝရံ၊
ဧတေန သစ္စဝဇ္ဇေန၊
ဟောတု မေ ဇယ မင်္ဂလံ၊
ဟောတု မေ အာယုဝဍ္ဎနံ၊
ဟောတုမေ သုခဝဍ္ဎနံ၊
သဗ္ဗရောဂါ ဝိနဿတု၊
သဗ္ဗန္တရာယော၊
ယံယံကုလ္လိ သမိဇ္ဈတု။



www.burmeseclassic.com

www.burmeseclassic.com

ခက်ခဲသော ပါဠိအသံထွက်

| | |
|---|---|
| **ဂစ္ဆာမိ** | =ဂစ်ဆာမိ |
| **နတ္ထိ** | =နတ်ထိ |
| **အညံ** | =အင်ညံ |
| **ဗုဒ္ဓေါ** | =ဗုတ်ဓော |
| **ဓမ္မော** | =ဓမ်မော |
| **ဧတေန** | =အေတေန |
| **သစ္စဝဇ္ဇေန** | =သစ်စဝစ်ဇေန |
| **မင်္ဂလံ** | =မင်ဂလံ |
| **အာယုဝဍ္ဎနံ** | =အာယုဝတ်ဒနံ |
| **ဝိနဿတု** | =ဝိနတ်သတု |
| **သဗ္ဗန္တရာယော** | =သပ်ဗန်တရာယော |
| **ဣတ္တိံ** | =အိတ်ဆံ |
| **သမိဇ္ဈတု** | =သမိတ်ဇတု |

အနက်

**ဗုဒ္ဓံ၊** မြတ်စွာဘုရားကို။ **သရဏံ၊** ကိုးကွယ်ရာဟူ၍။ **ဂစ္ဆာမိ၊** ဆည်းကပ်ပါ၏။ **ဓမ္မံ၊** တရားတော်မြတ်ကို။ **သရဏံ၊** ကိုးကွယ်ရာဟူ၍။ **ဂစ္ဆာမိ၊** ဆည်းကပ်ပါ၏။

**သံဃံ၊** သံဃာတော်မြတ်ကို။ **သရဏံ၊** ကိုးကွယ်ရာဟူ၍။ **ဂစ္ဆာမိ၊** ဆည်းကပ်ပါ၏။ **မေ၊** ဘုရားတပည့်တော်အား။ **အညံ၊** ရတနာသုံးပါးမှ တစ်ပါးသော။ **သရဏံ၊** ကိုးကွယ်ရာသည်။ **နတ္ထိ၊** မရှိပါ။

**ဗုဒ္ဓေါ၊** မြတ်စွာဘုရားသည်။ **မေ၊** အကျွန်ုပ်၏။ **ဝရံ၊** မြတ်လှစွာသော။ **သရဏံ၊** ကိုးကွယ်ရာအစစ် ဖြစ်ပါပေ၏။

**ဓမ္မော၊** တရားတော်မြတ်သည်။**မေ၊** အကျွန်ုပ်၏။ **ဝရံ၊** မြတ်လှစွာသော။ **သရဏံ၊**ကိုးကွယ်ရာအစစ်ဖြစ်ပါပေ၏။

**သံဃော၊** သံဃာတော်မြတ်သည်။ **မေ၊** အကျွန်ုပ်၏။ **ဝရံ၊** မြတ်လှစွာသော။ **သရဏံ၊** ကိုးကွယ်ရာအစစ် ဖြစ်ပါပေ၏။

**ဧတေနသစ္စဝဇ္ဇေန၊** ဤသို့ ဟုတ်မှန်သော သရဏဂုံ သစ္စာပါရမီ စကားကို ပြောဆိုရသောကြောင့်။ **မေ၊** ဘုရားတပည့်တော်အား။ **ဇယမင်္ဂလံ၊** အောင်ခြင်းမင်္ဂလာသည်။ **ဟောတု၊** ဖြစ်ပါစေသတည်း။

**မေ၊** ဘုရားတပည့်တော်အား။ **အာယုဝဍ္ဎနံ၊** အသက်ရှည်ခြင်းသည်။ **ဟောတု၊** ဖြစ်ပါစေသတည်း။

**မေ၊** ဘုရားတပည့်တော်အား။ **သုခဝဍ္ဎနံ၊** ချမ်းသာစီးပွား တိုးတက်ကြီးပွားခြင်းသည်။ **ဟောတု၊** ဖြစ်ပါစေသတည်း။

**သဗ္ဗရောဂေါ၊** ခပ်သိမ်းသော အနာရောဂါသည်။ **ဝိနဿတု၊** ကင်းစင်လွင့်ပျောက်ပါစေသတည်း။

**သဗ္ဗန္တရာယော၊** ခပ်သိမ်းသော ကျရောက်ဆဲ ကျရောက်လတ္တံ့သော ဘေးဥပဒ် အန္တရာယ်မှန်သမျှသည်။ **ဝိနဿတု၊** ကင်းစင်လွင့်ပျောက်ပါစေသတည်း။

**ယံယံဣစ္ဆိံ၊** အကြင်အကြင် အလိုရှိတိုင်း။ **သမိဇ္ဈတု၊** ကောင်းကျိုးချမ်းသာ မှန်သမျှ ပြည့်စုံပါစေသတည်း။

**မှတ်ချက် ။ ။ အထက်ပါ သရဏဂုံ သစ္စာအဓိဋ္ဌာန်ပြုရာ၌ ပါဠိကို (၁၀၈) လုံးပုတီးကုံးဖြင့် တစ်နေ့လျှင် (၁၀၈) ခေါက် ရွတ်ဆိုပါ။ အနက်ကို တစ်ခေါက် ရွတ်ဆိုပူဇော်ပါ။**

မွေးနေ့မှစ၍ (၉)ရက် သုံးကြိမ် အဓိဋ္ဌာန်ပြု ပူဇော်ပါ။

**၉။ ဆုတောင်းမှုပြုရန်**

ဘုရား, တရား, သံဃာ ရတနာ မြတ်သုံးပါး၏ ဂုဏ်ကျေးဇူးကြောင့် လည်းကောင်း။ မိဘ,ဆရာသမားတို့၏ ဂုဏ်ကျေးဇူးကြောင့် လည်းကောင်း၊ သာသနာတော်စောင့် နတ်မြတ် နတ်ကောင်း နတ်မင်းအပေါင်းတို့၏ ဂုဏ်ကျေးဇူးကြောင့် လည်းကောင်း ယခု ဘုရားတပည့်တော် ရွတ်ဆိုပူဇော်ရသော သရဏဂုံသစ္စာ၏ ဂုဏ်ကျေးဇူးကြောင့် လည်းကောင်း ဘုရားတပည့်တော်နှင့်တကွ ဘုရားတပည့်တော်တို့ မိသားစုသည်။

ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ ချမ်းသာခြင်းနှင့် ပြည့်စုံရပါလို၏။ ဘေးရန်ကြောင့်ကြ ဆင်းရဲကင်း၍ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာရလိုပါ၏။ ကြီးစည်သမျှတောင့်တရာရာကောင်းကျိုး လိုအင်ဆန္ဒ မှန်သမျှ ပြည့်စုံရလိုပါ၏။

ဘုရားတပည့်တော် ယခု လိုအပ်နေသော (...)ဆုနှင့် ပြည့်စုံလိုပါ၏။

**၁၀။ မေတ္တာပို့ အမျှဝေရန်**

အကျွန်ုပ်ပင့်ဖိတ်ထားသော သိကြားမင်းနှင့်တကွ နတ်မင်းကြီးလေးပါး သာသနာတော်စောင့် နတ်မင်းကြီးများ အားလုံးသော နတ်မြတ်နတ်ကောင်း နတ်မင်းအပေါင်းတို့နှင့် မင်းသည် လည်းကောင်း၊ ယမမင်းသည် လည်းကောင်း၊ အတိတ်ဘဝ ယခုဘဝ ဆွေတော်မျိုးတော်အပေါင်းနှင့် သတ္တဝါ အပေါင်းတို့သည် လည်းကောင်း ဘုန်းတန်ခိုးအာနုဘော် ကြီးမားကြ ပါစေ။ ကောင်းကျိုးအနန္တ လိုအင်မှန် သမျှ ပြည့်စုံကြပါစေ။

ယခု ပြုရသော ကုသိုလ်ကောင်းမှု ရှေးရှေးက ပြုခဲ့ဖူးသော ကုသိုလ် ကောင်းမှု အစုစုတို့၏ အဖို့ဘာဂ မှန်သမျှကို အမျှပေးဝေပါကုန်၏။အမျှ ရ၍ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာ ကြပါစေ။

(၉)ရက်ပြည့်သောနေ့တွင် (၉)ကြိမ် (၉)ခါ ဆုတောင်းမေတ္တာပို့ အမျှဝေခြင်း ပြုလုပ်ပါ။

**ဤကျင့်စဉ်ကို ချီးမြှင့်သော ပေါင်းတလည်မြို့ သဒ္ဓမ္မမဋ္ဌိကျောင်း အရှင် ဉာဏဗလ(သဒ္ဓမ္မဇောတိကဓဇ သာသနာ့ဓဇဓမ္မာစရိယ)အား ပူဇော် ကန်တော့ပါ၏။**

ပဲခူး ကျော်ကျော်



www.burmeseclassic.com

www.burmeseclassic.com

ကြော်ငြာဆောင်းပါး

အာရုံကြောနှင့် အကြောအားနည်းသူများအတွက်

# စကြာမင်း

အမှတ်တံဆိပ်

# အကြောအားဆေး

(ယာယီ တိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ် ၀၇၁၁YR ၀၀၆၀ ၂၅)




ကြော်ငြာခွင့်ပြုချက်အမှတ်
တဆ၀က(စာနယ်ဇင်း) ၅၂/၀၅၁၃

'မင်္ဂလာပါ ဆရာ'

'မင်္ဂလာပါဗျာ။ ဘယ်သူတွေများလဲ မှတ်တယ် ရှေ့နေကြီး ဦးအောင်ဝင်းနိုင်တို့ကို။ ဘယ်က လှည့်လာကြတုံး'

'ဆရာ့ဆီ သက်သက်လာတာပါ။ ဒီ ကျွန်တော့်မိတ်ဆွေ ဦးဇော်ထွန်းက ရုံးဝန်ထမ်းဆိုတော့ အလုပ်များ၊ အထိုင်များလို့နဲ့ ထင်တယ်။ ထိုင်းမှိုင်းလေးလံနေပြီး အမြဲတမ်း ညောင်းညာကိုက်ခဲကာ အကြောတွေတက်နေလို့ ညတိုင်းလိုလို နင်းခိုင်း၊နှိပ်ခိုင်းနေတာ တွေ့တာနဲ့ ဆရာ့ဆီ ခေါ်လာတာ'

'ဒါဆိုရင် ဦးဇော်ထွန်းရဲ့ ညာဘက်လက် တစ်ချက်လောက် ပြပါဦး။ ကျွန်တော် သွေးစမ်း အဖြေရှာကြည့်မယ်'

'ဟုတ်ကဲ့ ဆရာ။ လိုအပ်သလိုသာ ကုသပေးပါ'

'ဪ... ဦးဇော်ထွန်းမှာ အာရုံကြောအားတွေ၊ အကြောအားတွေ နည်းလာလို့ အခုလို ဖြစ်လာတာပါ'

'အာရုံကြောအားနည်းရင် ဒီလိုမျိုး ခံစားရသလား ဆရာ'

'အာရုံကြောတွေ၊ အကြောတွေ အားနည်းလာရင် နောက်ကြောတက်, ဇက်ကြောထိုးခြင်း၊ ခြေလက်တွေ အားမရှိသလိုဖြစ်ခြင်း၊ ခြေလက်တွေ တုန်ယင်လာတတ်ခြင်း၊ အမြဲတမ်း လေးလံထိုင်းမှိုင်းနေခြင်း၊ ခြေကုန်လက်ပန်းကျသလို ခံစားရခြင်း၊ အမြဲတမ်း ထုံထုံ ခြေလက်တွေ ညောင်းညာတောင့်တင်းခြင်း၊ ခြေလက်တွေ ထုံခြင်း၊ လုပ်ချင်ကိုင်ချင်စိတ်တွေ လျော့နည်းလာပြီး နုံးချည့်သလိုမျိုး ခံစားရတတ်ပါတယ်။

အာရုံကြောနဲ့ အကြောတွေ အားနည်းတော့ ကြွက်သားတွေ အဆစ်အဆက်အရွတ်တွေပါ အားနည်းသွားစေပါတယ်။ ဒီအခါမှာ လေးလံထိုင်းမှိုင်း ကိုက်ခဲခြင်း၊ အားမရှိသလိုမျိုး ခံစားရခြင်း၊ အကြောတက် ညောင်းညာခြင်း၊ လေဖြန်း, လေဖြတ်, သွက်ချာပါဒ ရောဂါတွေ ဖြစ်ပေါ်ခြင်း၊ ခြေတုန်,လက်တုန်၊ လည်ပင်း,ဦးခေါင်းတွေ တုန်ယင်ခြင်းတွေ ဖြစ်ပေါ်ခံစားရတတ်ပါတယ်'

'ဟုတ်လား ဆရာ။ ကျွန်တော့်ကို အကောင်းဆုံးဆေးတွေ ညွှန်ပေးပါ'

'ဦးဇော်ထွန်းအတွက် အကောင်းဆုံးဆေး ပေးရမယ်ဆိုရင် အာရုံကြောနဲ့ အကြောအား အဆစ်အရွတ် ကြွက်သားအားတွေ ကောင်းမွန်စေတဲ့ စကြာမင်း အကြောအားဆေးကိုသာ ...'

'စကြာမင်း အကြောအားဆေးက ဘာတွေကောင်းလဲ ဆရာ'

'ဘာတွေကောင်းလဲဆိုရင်တော့ အာရုံကြောနဲ့ အကြောများ ...ရောင်ရမ်းပြီး နောက်ကြောတက် ဇက်ကြောထိုးခြင်း၊ သတိမှတ်ဉာဏ်နည်းခြင်း၊ အာရုံကြောများ၊ အကြောများ၊ ကြွက်သားများ အားနည်းရောင်ရမ်းခြင်း၊ အရိုးကျီးပေါင်းတက်ခြင်း၊ လက်ခြေများ အားမရှိသလိုဖြစ်ခြင်း၊ အကိုင်အတွယ်မမြဲခြင်း၊ ထုံကျဉ်ကိုက်ခဲခြင်း၊ အကြောများ တောင့်တင်း၍ ဆိုင်းနေခြင်း၊ လှုပ်ရှားမှုများ အားနည်းနှေးကွေးခြင်း၊ ခြေကပ်လက်ကပ်ဖြစ်ခြင်း၊ လက်မြှောက်မရခြင်း၊ ခါးနာ၊ ခါးတောင့်၊ ခါးကိုက်ခြင်း၊ အောက်ပိုင်းများ ထုံကျဉ်လေးလံညောင်းညာကိုက်ခဲခြင်း၊ ခြေလက်မသယ်နိုင်ခြင်း၊ အထိုင်အထလေးလံခြင်း၊ အမျိုးသားများ ပန်းသေ ပန်းညိုး ဖြစ်ခြင်း၊ အကြောသေခြင်း၊ ဒူးနာ၊ ဒူးကိုက်၊ ဒူးရောင်ခြင်း၊ ဒူးဆစ် အကွေးအဆန့်မရခြင်း၊ အဆစ်ရောင်၊ အဆစ်နာ၊ အဆစ်ကိုက် လေးဖက်နာဖြစ်ခြင်း၊ အတက်စာနည်းနည်းစားရုံနဲ့ အကြောတက် ညောင်းညာလာခြင်း တစ်ကိုယ်လုံး သွက်လက် ပေါ့ပါးမှုမရှိခြင်းများကို သက်သာပျောက်ကင်းပြီး ကျန်းမာသန်စွမ်းကာ သွက်လက်ပေါ့ပါးစေတဲ့ဆေး ဖြစ်ပါတယ်။ ဒါ့အပြင် လေဖြတ်၊ လေငန်း၊ သွက်ချာပါဒရောဂါများအတွက်လဲ ကာကွယ် ဆေးအဖြစ် တစ်နေ့တစ်ကြိမ် ဆေး(၅)ပြား မှီဝဲပြီး ကြိုတင် ကာကွယ်နိုင်ပါတယ်'

'ဒီဆေးဟာ ဆရာ့ဆေးတိုက်မှာပဲ ရသလား ဆရာ'

'ကျွန်တော့်ဆေးတိုက်အပြင် အမြို့မြို့အနယ်နယ်ရှိ ဆေးမျိုးစုံဆိုင်တိုင်းမှာ ရနိုင်ပါတယ်'

'အခုဆိုရင် ကျွန်တော့်မှာ စကြာမင်း အကြောအားဆေးအစွမ်းကြောင့် ကျန်းမာသန်စွမ်းပြီး သွက်လက်ပေါ့ပါးနေပါပြီ။ အာရုံကြော အားနည်းနေသူများ၊ အကြောအားနည်းသူများ၊ အဆစ်အရွတ် ကြွက်သားအားနည်းသူများ၊ အသက်(၄၀)ကျော်သူများနဲ့ အာရုံကြောအားနည်းတဲ့ ကလေးလူကြီး၊ အမျိုးသား၊ အမျိုးသမီးများအတွက် အကောင်းဆုံး အဖော်မွန်ဖြစ်တဲ့ စကြာမင်း အကြောအားဆေးကို အိမ်တိုင်းဆောင်ထားပြီး မှီဝဲကြပါလို့ အကြံပြုပါရစေ'

**ဆရာမြင့်**
**စကြာမင်းဆေးတိုက်**
အမှတ်-စ/၆၆၆၊ သုဓမ္မာလမ်းမကြီး၊ သွန္တာမှတ်တိုင်အနီး၊
မြောက်ဥက္ကလာပမြို့နယ်။ ဖုန်း-၇၂၂၅၄၁

**ဦးဇော်ထွန်း**



www.burmeseclassic.com

www.burmeseclassic.com



ကြော်ငြာဆောင်းပါး

လေးဖက်နာရောဂါအတွက်

# စကြာမင်း

အမှတ်တံဆိပ်

# လေးဖက်နာသောက်ဆေးနဲ့ လိမ်းဆေး

"မမမျိုးရေ မမမျိုး"

"ဟဲ့ ဘယ်သူတုံး"

"ညီမလေး ခင်ခင်ပါ"

"ဩော် ညီမလေး လာ အထဲကို ဝင်ခဲ့ဟယ်"

"မမမျိုး အပြင်တောင် မထွက်နိုင်အောင် ဘာရောဂါတွေ ဖြစ်နေလို့လဲ"

"အခန်းပြင်ထွက်ဖို့ နေနေသာသာ လက်ဆစ်ခြေဆစ်တွေ ရောင်ရမ်း နာကျင်ကိုက်ခဲနေလို့ အိပ်ရာထဲ ဟိုဘက်၊ ဒီဘက် လှည့်တာတောင် မချိမဆံ့ ခံစားရပြီး အမယ်လေး တ,နေရတယ်"

"ဒီလောက်ဖြစ်နေတာ ဆေးခန်းမပြဘူးလား"

"ဆေးခန်းလဲပြတယ်။ လိုအပ်တဲ့ စစ်ဆေးမှုတွေလဲ ခံယူတယ်"

"မမမျိုးဖြစ်တာ ဘာရောဂါတဲ့လဲ"

"ဆေးပညာရှင်တွေ ကတော့ လေးဖက်နာရောဂါတဲ့။ ဆေးမတွေ့ဘူး ဖြစ်နေတယ်။ အဲဒါကြောင့် ဟိုတစ်ခါ ညီမလေး အစ်မလို လေးဖက်နာရောဂါ ဖြစ်တုန်းက သောက်သုံးပြီး သက်သာပျောက်ကင်းသွားတဲ့ဆေးက ဘာဆေးလဲလို့ သိချင်လို့ ခေါ်ခိုင်းလိုက်ရတာပဲ"

"ဩော် ဟုတ်ပါရဲ့။ အဲဒီဆေးကတော့ စကြာမင်း လေးဖက်နာသောက်ဆေးနဲ့ လေးဖက်နာလိမ်းဆေးပဲ အစ်မရဲ့"

"ဟုတ်လား ဒီဆေးက ဒီလောက်တောင် စွမ်းသလား"

"စွမ်းဆို စကြာမင်း လေးဖက်နာဆေး ထုတ်လုပ်ဖြန့်ချိတဲ့ ဆရာမြင့်ဆိုတာ အရိုးကျိုးပေါင်းရောဂါ၊ လေးဖက်နာရောဂါတို့ကို ကိုယ်တိုင် စနစ်တကျ ကုသမှုတွေပေးနေတဲ့ ဆရာလေ။

ဆေးခန်းကို လာရောက် မကုသနိုင်တဲ့ လေးဖက်နာရောဂါရှင်တွေအတွက် မြန်မာနိုင်ငံ တစ်နိုင်ငံလုံးသို့ ဖြန့်ချိလိုက်ပါပြီ"

"အဲဒီ စကြာမင်း လေးဖက်နာဆေးရဲ့ အညွှန်းလေးလဲ ပြောပြပါဦး"

"စကြာမင်း လေးဖက်နာသောက်ဆေးနဲ့ လိမ်းဆေးရဲ့ အစွမ်းအာနိသင်ကတော့ သွေးအနည်ထိုင်၍ဖြစ်တဲ့ အဆစ်နာ၊ အဆစ်ရောင်၊ အဆစ်ကိုက် လေးဖက်နာဖြစ်ခြင်း၊ လက်ဖဝါး၊ ခြေဖဝါးများ တင်းခြင်း၊ ကျိန်းခြင်း၊ အဆစ်အမျက်များ ကိုက်ခဲနာကျင်ခြင်း၊ ခြေဆစ်၊ လက်ဆစ်များ ရောင်ပွပြီး ကြီးနေခြင်း၊ နံနက်အိပ်ရာထနဲ့ ကြာကြာထိုင်ပြီး ပြန်အထများတွင် လက်ဖဝါး ခြေဖဝါး ပို၍ တင်းခြင်း၊ ကျိန်းခြင်း၊ နာကျင်မှု ပိုများခြင်း။

အဆစ်အမျက်များ အနည်းငယ် လှုပ်ရှားရုံဖြင့် နာကျင်ခြင်း၊ အကြောများ တောင့်တင်း၍ ဆိုင်းနေခြင်း၊ လှုပ်ရှားမှုများ အားနည်း နှေးကွေးခြင်း၊ လက်မြှောက်မရခြင်း၊ ခါးနာ ခါးတောင့်၊ ခါးကိုက်ခြင်း၊ တင်ပါးခွက်ကြောနှင့် ပေါင်တွင်းကြောများ ထုံကျဉ်ကိုက်ခဲခြင်း၊ ဒူးနာ၊ ဒူးကိုက်၊ ဒူးဆစ်ရောင်ခြင်း၊ တံကောက်ခွက်ကြော တင်းခြင်း။

ဒူးဆစ် အကွေးအဆန့်မရခြင်း၊ အောက်ပိုင်းများ လေးလံ ညောင်းညာ ကိုက်ခဲနေခြင်း၊ လက်ခြေများ မသယ်နိုင်ခြင်း၊ အာရုံကြောနဲ့ အကြောများ အားနည်းခြင်း၊ လေအားနည်းခြင်း၊ လေဖြတ်၊ လေငန်း၊ သွက်ချာပါဒဖြစ်ခြင်း၊ အရိုးကျိုးပေါင်းရောဂါ အမျိုးမျိုးဖြစ်ခြင်းနဲ့ အရိုးအဆစ်အကြောနဲ့ လေးဖက်နာရောဂါများကို သက်သာပျောက်ကင်းစေတဲ့ဆေး ဖြစ်ပါတယ်"

ကဲ စာဖတ်ပရိသတ်များ ညီမလေး ခင်ခင် အညွှန်းကောင်းတာနဲ့ စကြာမင်း လေးဖက်နာသောက်ဆေးနဲ့ လေးဖက်နာလိမ်းဆေးကို သုံးစွဲလိုက်တာဟာ အခု ကျွန်မ ခံစားဖြစ်ပေါ်နေတဲ့ လေးဖက်နာရောဂါဟာ သက်သာပျောက်ကင်းသွားပါပြီ။ အဲဒါကြောင့် ဆေးစွမ်းကောင်းတစ်လက်ကို သတင်းကောင်းလေး ပါးရတာလေ။

"မှတ်ထားနော် လေးဖက်နာရောဂါဖြစ်ရင် စကြာမင်း လေးဖက်နာသောက်ဆေးနဲ့ လေးဖက်နာလိမ်းဆေးကို မမေ့နဲ့နော်"




(ယာယီတိုင်းရင်းဆေးဝါး
မှတ်ပုံတင်အမှတ်-၀၇၁၁ YR ၀၀၆၀ ၂၇)




(ယာယီတိုင်းရင်းဆေးဝါး
မှတ်ပုံတင်အမှတ်-၀၆၁၃ Y ၀၁၀၅၀၉)

ကြော်ငြာခွင့်ပြုချက်အမှတ်
တဆဝက(စာနယ်ဇင်း) ၅၇/၀၅၁၃

**ဆရာမြင့်**

**စကြာမင်းတိုင်းရင်းဆေးတိုက်**


အမှတ်-၈/၆၆၆၊ သုဓမ္မာလမ်းမကြီး။
သန္တာမှတ်တိုင်အနီး၊ မြောက်ဥက္ကလာပမြို့နယ်။
ဖုန်း-၅၂၂၅၄၁





www.burmeseclassic.com

www.burmeseclassic.com



◆ ရွှေမုန်လင်း စေတီတော်မြတ်

ရေးမှောင်

ရွှေဟောင်း သမိုင်းဝင်

# ရွှေမှုန်လင်းစေတီတော်

နှင့် ဝထမံ ဘိုးဘိုးအောင် အောင်မြေနင့် အင်းတော်

သီကူးပြောင်းကာလ ဆောင်းလေ
နှင့် မုန်တိုင်းမိုးရိပ်ကြောင့် အေး
င့် ပူအွေးသောရာသီကို ခံစားနေ
ည်။ ယခုနှစ် ၁၃၇၅ခု၊ သီတင်း
ကာလတွင်းဝင်ရောက်ခဲ့သည်နှင့်
သာနွယ်ဝင် သူတော်စင်တို့
လ်ကောင်းမှုပြုရန် စိတ်ဝင်စား
ည်။

ကွက်တွင်း ဓမ္မာရုံများမှ ဝတ်
များ စုပေါင်း ဝတ်ရွတ်ပူဇော်မှု
အလှူအတန်းများ ဆထက်တိုး
လာသည်ကို ယခင်နှစ်များထက်
ကြက်စွာ တွေ့ရသည်။

မှတ်မှတ်ရရ ယုဇနဥယျာဉ်မြို့တော်မှ ဓမ္မပါလ ဝတ်အသင်းသူ/သားများ သီတင်းကျွတ်လပြည့်နေ့တွင် **တောင်တွင်းကြီးမြို့နယ် ဆပ်သွားအုပ်စု တောစိမ်းကျောင်းတိုက်တွင်စ.မအင်း စေတီတော်ထီးတင်ရန်**တိုင်ပင်နေကြသည်။

သွားမည့်နေ့တွင် မိုးလေဝသမှ ရာနှုန်းပြည့် ကြေငြာထားသော်လည်း သွားမည့်သူများ ညနေပိုင်း ရန်ကုန်မှ စတင်ထွက်ခွာခဲ့ရာ ရွာမလိုမိုးမှ ရာသီဥတု သာသာယာယာနှင့် ပြောင်းလာခဲ့သောကြောင့် ထူးခြားမှုနှင့်အတူ ခရီးထွက်ခဲ့ကြသည်။

လပြည့်နေ့ည ဆီမီးပူဇော်ရာတွင်လည်း တောစိမ်းကျောင်းတိုက်အတွင်း ရွှေမုန်လင်းစေတီတော်မှ နဂါးသဏ္ဍာန် မီးညွှန့်များနှင့် စေတီတော်တွင် အပူဇော်ခံနေသည်ကို ထူးခြားစွာ ဖူးမြင်ရသည်။

တောင်တွင်းကြီးမြို့သည် ယခင်နှစ်ပေါင်းများစွာ သာသနာရောင် ထွန်းပြောင်ခဲ့ပြီး ပိသနိုးဘုရင်မကြီး ထီးနန်းစိုက်ခဲ့သော ပိသနိုးမြို့ဟောင်းနှင့် အနီးဆုံးနေရာဖြစ်ခြင်း၊ နှစ်ပေါင်း(၁၀၀) ကျော်ကာလက မင်းပြောင်မင်းကြီး

www.burmeseclassic.com

တည်ထားခဲ့သော ရွှေအင်းတောင်ဘုရား၊ ရွှေရောင်တော်ဘုရားကြီး။

မင်းပြောင်မင်းကြီး၏ မိဖုရားကြီး မဟာနုမာလာရတနာဒေဝီ တည်ထားသော (ရခိုင်ဘုရားကြီး) တောစိမ်းကျောင်းတိုက်အတွင်းရှိ ရွှေမှန်လင်းစေတီတော်နှင့် များပြားစွာသော တန်ခိုးကြီးဘုရားများကြောင့် တောင်တွင်းကြီးမြို့မှာ ထူးခြားခဲ့သည်။ သာသနာ့နယ်မြေ ဖြစ်သည်နှင့်အညီ အထူးစိတ်ဝင်စားခဲ့သည်။

တန်ဆောင်မုန်းလပြည့်နေ့ ဆပ်သွားအုပ်စု တောစိမ်းကျောင်းတိုက်သို့ ကထိန်သင်္ကန်းကပ်လှူရန်အတွက် (၁၅–၁၁–၂၀၁၃)ခုတွင် ညကားစီးပြီး ခရီးထွက်ခဲ့သည်။

ကျောင်းတိုက်အတွင်း ဝင်မိသည်နှင့် အေးမြသော အာရုံခံစားမှုများ ဖြစ်ပေါ်ခဲ့မှုနှင့်အတူ ရွှင်လန်းတက်ကြွလာမိသည်။ မင်းပြောင်မင်းကြီးလက်ထက် တည်ထားကိုးကွယ်ခဲ့သော တိမ်မြုပ်ပျောက်ကွယ်နေသည့် ရွှေမက်လင်းစေတီတော်မြတ်ကြီးအား ဖူးမြော်ခဲ့ရသည်။

ရွာသားများအား မေးမြန်းကြည့်ရာ ယခင် တောစိမ်းကျောင်းတိုက်ကြီးမှာ မင်းကိုးကွယ်သော မင်းကျောင်းကြီးဖြစ်ခြင်း၊ စာပြန်ပွဲများနှင့်အတူ စည်ကားသည်။ ကျောင်းတိုက်အတွင်း ရွှေမက်လင်းစေတီတော်ကြီးမှာ **ရွှေသလင်းနှင့် ရွှေဒင်္ဂါး(၁)တင်းစီ အရပ်(၄)မျက်နှာတွင် မြှုပ်နှံဌာပနာထားသော ဆုတောင်းပြည့်စေတီတော်ဖြစ်ခြင်း။**

နှောင်းခေတ် သိုက်ဆရာတို့ တူးဖော်ကြရာ အစောင့်အရှောက်များ ဒဏ်ခတ်၍ မြေပြင်ကို ရေအမှတ်ဖြင့် ကူးခပ်နေရသည်ကို ကျောင်းသားကလေးများ လာရောက် နောက်ပြောင်ကြမှ အသိဝင်



◆ နဂါးသကျွာန် မီးညှိမှုများ

ကာ ထွက်ပြေးကြကြောင်း ဂေါပကအဖွဲ့မှ လူကြီးများမှ ပြောခဲ့သည်။

အဆက်ဆက် ကျောင်းထိုင်ဆရာတော်များ ကျောင်းထိုင်ခဲ့ရာ ဆရာတော်ဦးစန္ဒိမာလက်ထက်အထိ စည်ကားခဲ့ပြီး နောက်ပိုင်း စေတီတော်ကြီးနှင့် ကျောင်းတိုက်ကြီးမှာ သာသနာ ညှိုးငယ်၍ ဖုန်းဆိုးတောကြီးများ ဖြစ်ခဲ့ရသည်။

ယခင် သိမ်ဟောင်းကြီးမှာလည်း ကျောက်တိုက်အငုတ်များ အဖြစ်သ... တွေ့မြင်ခဲ့ရသည်။ ၂၀၀၃ ခုနှ... စက်တင်ဘာလ၊(၂၂)ရက်တောင်တွ... ကြီး ငလျင်ဒဏ်ကြောင့် ဘုရားကြ... ပြိုကျပျက်စီးခဲ့ပြီး အုတ်ပုံဘဝ ရောက်... ရသည်။


ကမ္ဘာအေး နယ်လှည့် သာသနာ... ဆရာတော် ဦးပညာဓဇာမှ ဦးဆော... ဦးရွှက်ပြု၍ ရွှေသလင်းပြင်နှင့် ရွှေ...





www.burmeseclassic.com

www.burmeseclassic.com



▲ ပထမံ ဘိုးဘိုးအောင် စ-မ အင်းတော်ကြီး

များ ဥာပနာခဲ့သည်မှာ မှန်ကန်သည်ဟု အဓိဋ္ဌာန်ပြု၍ ရွှေမှန်လင်းစေတီတော်မြတ်ဟု ဘွဲ့တော်နှင့် အောင်အတိတ်၊ အောင်နိမိတ်ယူ၍ ပြန်လည်မွမ်းမံပြင်ခဲ့သည်။

ထူးခြားမှုတစ်ခုမှာ ရွှေမှန်လင်းစေတီတော်အနီး နှစ်ပေါင်း(၁၀၀)ကျော်သက်တမ်းရှိသည့် **ပထမံ အဘဘိုးဘိုးအောင် အောင်မြေနင်းသောနေရာမှ ဆိပ်ဖလူးပင် တည်ရှိသည်**ဟု အသက်(၈၀)ကျော် ယခင်သိမ်ကျောင်း ဒါယကာ၏ မြေးဖြစ်သူ အမေကြည်မှ ပြောပြသည်။

ယခင် မိဘများလက်ထက်မှ ရှိခဲ့ပြီး မိမိငယ်စဉ်ကပင် ဆိပ်ဖလူးပင်မှ ပန်းများ ကောက်ယူ၍ ဘုရားကြီးအား ပူဇော်ခဲ့ပုံနှင့် မကြီးမသေးဘဲ ယခုတိုင် ရှင်သန်နေသောအပင်ဟု ပြောပြခဲ့သည်။

ရွှေရောင်တော်ဘုရားကြီး၊ ရွှေအင်းတောင်စေတီနှင့် ရွှေမက်လင်းစေတီတော်မြတ်ကို နေမွန်းမတိမ်းမီ ဖူးမြော်ရန် ရွှေမက်လင်း(ခေါ်) ရွှေမှန်လင်းစေတီတော်အနီး ဆိတ်ဖလူးပင်အနီးရှိ အဘဘိုးဘိုးအောင်၏ အောင်မြေတွင် အောင်မြေနင်းပါက အဓိဋ္ဌာန်အောင်၍ လုပ်ခင်း ကိုင်တာ၊ နိုင်ငံခြားခရီးသွား၊ စီးပွားရေး၊ ကြီးပွားရေး၊ ပဋ္ဌာန်းပါရမီဆက်များ ပွင့်ထွန်းအောင်မြင်သည်ဟု အဓိဋ္ဌာန်ဝင်သူများ ပြောချက်အရ သိရသည်။

ယခင် တောစိမ်းကျောင်းတိုက် ဆရာတော် ဦးစန္ဒိမာ လက်ထက်တွင် လင်္ကာလေးတစ်ခု ပေါ်ထွက်ခဲ့သည်။

**"သင်ပုန်းကြီးလေ့လော့၊ ပြည်ကျော်တဲ့ကျောင်း၊ ကျောင်းသားလာ၊ အကုန်ထောင်း၊ ဦးစန္ဒိမာကျောင်း"**ဟု စပ်ဆိုခဲ့သည်ဟု ပြောပြသည်။

တောစိပ်ရွာမှ ပထမံဘိုးဘိုးအောင် မွေးဖွားရာဇာတိမြေ လက်ပန်ရှည်ကျေးရွာသို့ ဆိုင်ကယ်နှင့်ထွက်လာခဲ့သည်။ ဘိုးဘိုးအောင် တည်ထားခဲ့သော **"ဖူးပြည့်အောင် စေတီတော်မြတ်"** အား ဖူးမြော်ရင်း ပထမံဘိုးဘိုးအောင်၏ ဓာတ်ခန်းနှင့် "ဝ"တစ်လုံးစကြာအင်းတော်ကို ကြည့်ရှုခွင့်ရခဲ့သည်။

အများကြည့်ရှုနိုင်ရန် ဓာတ်ပုံနှင့် ဖော်ပြလိုက်ပါသည်။ ပထမံဘိုးဘိုးအောင်၏ မွေးသက္ကရာဇ်မှာ **၁၁၀၅ ခုနှစ်၊ နတ်တော်လဆန်း (၉)ရက် (၁၇၄၃ ခုနှစ်၊ နိုဝင်ဘာလ (၂၅)ရက်)**ဟု ဒေသခံလူကြီးများ ပြောကြားချက်အရ သိရသည်။ ယခုအခါ နှစ်ပေါင်း (၂၀၀)ကျော်ရှိပြီဟု သိရသည်။

အပြန်တွင် မင်းပြောင်မင်းကြီး၏ မိဖုရား မဟာနမာလာရတနာဒေဝီ



www.burmeseclassic.com

www.burmeseclassic.com



နှစ်(၁၀၀)ကျော် ညှိပ်ပလူးပင်

တည်ထားကိုးကွယ်ခဲ့သော ရခိုင်ဘုရားကြီး(ခေါ်) အောင်မြေဇေယျစေတီတော်မြတ်ကြီးအား သပ္ပါယ်စွာ ဖူးမြော်ခဲ့ရသည်။

တည်းခိုရာ တောစိမ်းကျောင်းတိုက်သို့ ပြန်လည်ရောက်ရှိပြီး တန်ဆောင်မုန်းလပြည့်နေ့ ညတွင် ဆီမီးများပူဇော်ခဲ့ရာ ထူးခြားစွာ မီးပန်းများကို တွေ့မြင်ခဲ့ရသည်။

ရွှေမုန်လင်းစေတီတော်ကြီး ပြုပြင်စဉ်က အုတ်ပုံကြားမှ ဓာတ်တော်များရောင်ခြည်ကွန့်မြူးခဲ့သည်။ စေတီတော်ပြုပြင်ပြီးတစ်ခါ ရောင်ခြည်တော်များဖူးမြော်ခဲ့ရသည်ဟု ဂေါပကအဖွဲ့များမှ ပြောခဲ့သည်။

ထူးခြားချက်မှာ စေတီတော်ဗိမာန်၏ ကျောင်းအတွင်း အလှူအတန်းများပြုကြရာ ဆွမ်း၊ ဆွမ်းဟင်းများ အမြဲတမ်း ပိုလျှံ၍ (၃၁)ဘုံသားများပါဝဝလင်လင် လှူဒါန်းရသည်ဟု ပြောပြသည်။

ယခုအခါ လာရောက် အဓိဋ္ဌာန်ပြုသူများ၊ ဘုရားဖူးများအား ဆရာတော်ဦးပညာဇောတ၊ ဦးနိမလ၊ ဦးကုန္ဒကဆရာတော် သံဃာတော်များမှ ဦးစီး၍ သာသနာ့နယ်အောင်မြေမှ သာသနာ့အလံ စိုက်ထူ သာသနာပြုနေကြသည်။

သွားရေးလာရေး လွယ်ကူ၍ စီးပွားရေး၊ အလုပ်အကိုင်၊ နိုင်ငံခြားခရီးအပြောင်းအရွှေ့များအတွက် အဓိဋ္ဌာန်ဝင်ရန် အောင်မြင်ရာ အောင်မြင်ကြောင်း စေတနာသက်သက်ဖြင့် လမ်းညွှန်ရပါသည်။ မသိသူ သိ၊ သိသူအောင်မြင်စေကြောင်း စေတနာဖြင့် ကြေညာအပ်ပါသည်။

*သုတ ပွားနိုင်ကြပါစေ။*

**ရောမောင်**


**နယ်မှ စာဖတ်ပရိသတ်များသို့...**

မိမိတို့ဒေသတွင်
အစိုးရစာပို့တိုက်များနှင့်
ဆက်သွယ်၍ ရပါက
နက္ခတ္တရောင်ခြည်မဂ္ဂဇင်းအား
မှာယူနိုင်ပါသည်။
တန်ဖိုးပေးရွေးယူစနစ်ဖြင့်
မှာကြားနိုင်ပါသည်။
နက္ခတ္တရောင်ခြည် မဂ္ဂဇင်း
တစ်အုပ်လျှင် ၂၃၀၀/ကျပ်
(နှစ်ထောင့်သုံးရာကျပ်နှုန်းဖြင့်)
မိမိတို့
လက်ဝယ်အရောက်
ပို့ဆောင်ပေးပါမည်။
(၃)လ၊ (၆)လ၊ (၉)လ
(၁၂)လ စသည့်
မိမိလိုသောလကို
ရေးသား၍
မှာကြားနိုင်ပါသည်။

မှာကြားရန် လိပ်စာ. . .

**နက္ခတ္တရောင်ခြည်မဂ္ဂဇင်းတိုက်**
အမှတ် ၂၃၃၊ (၂၉)လမ်း၊
ပန်းဘဲတန်းစာတိုက်၊
ရန်ကုန်မြို့။
ဖုန်း–၀၁ ၂၉၂၂၈၄

www.burmeseclassic.com

စလေဆရာတော်ကြီး

# ဘဒ္ဒန္တ ကောသလ္လ

(အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက)

မဟာထေရ်မြတ်ကြီးနှင့် ကိုယ်တွေ့ အတွေ့အကြုံ

မြင့်

မရောက်တာ ကြာပြီဖြစ်သော မြွေဘုရားသို့ သွားရောက် ဖူးမြော်ဖြစ်သည်။ မြွေဘုရားပွဲများ တစ်နှစ်ပြီး တစ်နှစ်သာ ပြီးသွားသည် မရောက်ဖြစ်ခဲ့ နီးလျက်နှင့် ဝေးသည့်အဖြစ်ပါ။

ဒီနှစ် ဘုရားပွဲပြီးမှသာ မြွေဘုရားကို ဖူးဖြစ်သည်။ ဘုရားဖူးရင်း တောင်ဘက်ကို လှမ်းမျှော်ကြည့်ရင်း စလေဆရာတော်ကြီးကို သတိရမိသည်။

ယခင်က စလေကျောင်းတွင် ကျွန်မတို့ ခြေရာတွေ ထပ်ခဲ့သည်ပဲ။ စလေကျောင်းသို့ရောက်လျှင် မြွေဘုရားသန္တေတည်သည့်အချိန်က မြွေဘုရားသို့ မကြာခဏ ရောက်ဖြစ်သည်။ ထိုအချိန်က သွားလမ်းလာလမ်း ဒီလောက်ထိ မဝေးလှပါ။

စလေဆရာတော်ကြီးလည်း ပျံလွန်တော်မူခဲ့လေပြီ။ သီလရှင်လေး ခေါ်ကုသလစာရီလည်း မရှိတော့ပါ။ အတူသွားနေကျ ကြီးကြီးလည်း မရှိတော့၍ တစ်ကြောင်း အကြောင်းအမျိုးမျိုးကြောင့် စလေကျောင်းသို့ ခြေဦးမလှည့်ဖြစ်တော့သည်မှာ ကြာနေပါပြီ။

ည ဘုရားဝတ်တက်ရင်း ထူးထူးခြားခြား အာရုံထဲမှာ စလေဆရာတော်ကြီးကို ဖူးတွေ့ရသဖြင့် ကြက်သီးဖြန်းခနဲ ထမိပါသည်။ ဆရာတော်ကြီးကို ပိုပြီး သတိရမိသည်။

မေတ္တာတရားတွေ ကိန်းဝပ်နေသည့် ဆရာတော်ကြီးရှိစဉ်က တရားသိအောင် အားမထုတ်ခဲ့မိသည်ကို ယူကျုံးမရ ဖြစ်မိပါသည်။

သင်ရှားသည့် ပုဂ္ဂိုလ်ထူးပုဂ္ဂိုလ်မြတ်ကြီးက တရားဟောပြ ဆုံးမခဲ့သော်လည်း တရားရအောင် ကျင့်ကြံအားထုတ်ခြင်း မရှိခဲ့သည့်အဖြစ်ကို နောင်တရမိပါသည်။

ဆရာတော်ကြီးသည် သကြန်အကျ



စလေဆရာတော်ကြီး ဘဒ္ဒန္တ ကောသလ္လ (အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက)

နေ့မှ ကျွန်မတို့မြို့ကို ဒုလ္လဘရဟန်းများနှင့်အတူ နှစ်စဉ် ဆွမ်းခံကြွရောက်လေ့ရှိပါသည်။ သကြန်တစ်တွင်းလုံး ပတ်ဝန်းကျင် ကျေးရွာတွေကို ဒုလ္လဘတွေနှင့် ကိုယ်တော်တိုင် ဆွမ်းခံကြွပါသည်။

ကျွန်မတို့က အစဦးမှာ သံဃာတော်အပါးစေ့ ဆွမ်း,ဆွမ်းဟင်းများလောင်းခဲ့ပြီး နောင်နှစ်တွေမှာ ဆရာတော်ကြီးကို နွားနို့ စသည်တို့ ကပ်လှူပြီး ဆွမ်းဆန်စိမ်းနှင့် အခြောက်ကို လောင်းလှူခဲ့ပါသည်။

နောက်ပါ သံဃာများနှင့် ဆရာတော်ကြီး ကြွလာသည်မှာ အလွန်ကြည်ညိုဖွယ် ကောင်းလှပါသည်။ သက်တော် မငဲ့ကွက်ဘဲ သာသနာအကျိုးကို ဆောင်ရွက်တော်မူသည့် ဆရာတော်ကြီးပင် ဖြစ်ပါသည်။

နှစ်ဆန်းတစ်ရက်နေ့မှာ ကျွန်မတို့အဖွဲ့တွေ ကျောင်းမှာ ညအိပ်သွားရောက်ပြီး ဆွမ်းဆက်ကပ်ကြပါသည်။ နှစ်ဆန်းတစ်ရက်နေ့မှာ သံဃာတော်တွေ ဆွမ်းစားကျောင်းပေါ် တက်သည့်အခါ တစ်ဦးချင်းရော၊ အဖွဲ့လိုက်ရော လောင်းလှူကြပါသည်။

သကြန်တွင်းမှာ ဒုလ္လဘတွေကို ဆရာတော်ကြီးကိုယ်တိုင် သင်္ချိုင်းမှာ တရားထိုင်ခိုင်းပြီး တရားပြလေ့ရှိပါသည်။ ပဝါရနာနှင့် စာပြန်ပွဲတွေမှာလည်း ကျွန်မတို့ကျောင်းမှာ ညအိပ်ပြီး သံဃာတော်တွေကို ဆွမ်းကပ်ကြပါသည်။

ကျွန်မအနေဖြင့် ဝါတွင်းကာလမှာ အပတ်စဉ် ကျောင်းသို့သွားပြီး ဥပုသ်စောင့်ပါသည်။ ဝါပမှာ အခါအားလျော်စွာ သွားရောက်ဖြစ်ပါသည်။ ကျွန်မတို့တစ်တွေ ကြုံလျှင် ကြုံသလို ဆွမ်းကပ်

www.burmeseclassic.com

ဖြစ်ပါသည်။ အလှူရှင်တွေလည်း ပေါများကြပါသည်။

ဆရာတော်ကြီး ဆွမ်းဘုဉ်းပေးလျှင် နည်းနည်းစီပဲ ဘုဉ်းပေးလေ့ရှိပါသည်။ ဆွမ်းဘုဉ်းပေးတာ နည်းသော်လည်း ဆရာတော်ကြီးသည် ဖျတ်လတ်လျက်ရှိသည်မှာ အံ့ဩဖွယ် ကောင်းလှပါသည်။

ကျွန်မတို့ကျောင်းမှာ ညအိပ်သည့်အခါ ဆရာတော်ကြီး ကျွန်မတို့နေသည့် ဇရပ်ဆောင်သို့ ကြွလာပြီး တရားချီးမြှင့်လေ့ရှိပါသည်။ ကျွန်မက တရားတော်တွေကို ကောင်းစွာ မမှတ်မိသော်လည်း ကြီးကြီးက မှတ်မိပြီး ကောင်းစွာအားထုတ်ခဲ့ပါသည်။ပေါက်ရောက်ခဲ့ပါသည်။

ဆရာတော်ကြီးမှာ သက်တော်သာကြီးသည်။ အအားနေလေ့ မရှိပါ။ တရားဘာဝနာ အားထုတ်ပြီးလျှင် စက္ကူပင်ရိပ်အောက်မှာ အုန်းလက်တံမြက်စည်း ပြုလုပ်နေတာကို မြင်ယောင်မိပါသည်။

ဆရာတော်ကြီး ကျော်ကြားလာသည့်အခါ အားသည်မရှိတော့ပါ။ ကားတွေ တစ်ကားပြီးတစ်ကား လူတွေ တစ်စုပြီးတစ်စု ဆရာတော်ကြီးထံ လာရောက် ဂါရဝပြုနေသည်မှာ မြင်ရသူ ကျွန်မအဖို့ ဆရာတော်ကြီး ပင်ပန်းနေမှာကို တွေးမိပြီး စိတ်မသက်မသာ ဖြစ်မိပါသည်။ ကျွန်မများ ငရဲကြီးနေမလား မသိပါ။

ဆရာတော်ကြီးက သက်တော်ကြီးသည်ကို မငဲ့ကွက်ဘဲ လာသမျှ လူတွေကို ပင်ပန်းနွမ်းနယ်မှုမရှိဘဲ သတ္တဝါတွေ ချမ်းသာစေကြောင်း မေတ္တာကရုဏာဖြင့် ဆုတောင်းမေတ္တာ ပို့သဖြည့်ဆည်းပေးလျက် ရှိပါသည်။ သူတော်ကောင်းတို့၏ မေတ္တာဓာတ်ကား ကြီးမားလှပါသည်။

လူတွေ တစ်သုတ်ပြီး တစ်သုတ် လာရောက်နေသော်လည်း ဆရာတော်ကြီးသည် အတွေ့မခံသည့်အချိန် မရှိခဲ့ပါ။ ကျိန်းတော်မူသည့်အခါရော ရှိရဲ့လား မသိပါ။ သတ္တဝါတွေကို မေတ္တာကရုဏာထားပြီး စောင့်ရှောက်နေသော သူတော်ကောင်းတွေအဖို့ မသက်သာလှပါ။

ထိုစဉ်က ကျောင်းမှာ ဥပုသ်သည်တွေနှင့် ပြည့်နေပါသည်။ သော်ကပင်ရိပ်အောက်မှာ မန်ကျည်းပင်ရိပ်နှင့် ကျောင်းဆောင်တွေမှာ ဥပုသ်သည်တွေ တရားဆွေးနွေးကြ၊ ဆရာတော်ကြီးကို မေးလျှောက်သည့်သူက မေးလျှောက်ကြနှင့် မြင်ကွင်းမှာ ကြည်နူးအားရဖွယ်ကောင်းလှပါသည်။

ကြည်လင်အေးချမ်းသည့် ဆရာတော်ကြီး၏ မေတ္တာအေးရိပ်မှာ ကျွန်မအတွက် အမှတ်ရစရာ ရှိခဲ့ပါသည်။ ကျွန်မမိခင်ကြီး ဆုံးပါးသည့် နှစ်လပြည့်မှာ မိခင်ကြီးအတွက် ဆရာတော်ထံ ဆွမ်းကပ်ရန် သွားခဲ့ပါသည်။

ကားမှတ်တိုင်မှာ ကားစောင့်နေသော်လည်း ကားက တော်ရုံနှင့် ရောက်မလာပါ။ ခါတိုင်း ကျွန်မတို့ကျောင်းကို သွားနေကျ အချိန်မှာ ဆွမ်းစားချိန် ကောင်းကောင်းမီရုံမက အချိန်တွေ ပိုနေပါသေးသည်။

ယခုမှ ဘယ်လို အနှောင့်အယှက်တွေ ဝင်သည်မသိပါ။ ကားက ရောက်မလာခဲ့ပါ။ အချိန်လည်း အတော်ကြာသွားပါပြီ။ ဆွမ်းစားချိန် မီပါဦးမလားဟု တွေးပူမိပါသည်။

မော်တော်ကား လာပြန်တော့လည်း တော်ရုံနှင့်မထွက် ကြန့်ကြာနေပါသည်။ ဆွမ်းစားချိန်မမီမှာ အလွန်စိုးပြီး စိတ်မောနေရပါသည်။

မိခင်ကြီးအတွက် ဆွမ်းကပ်ချင်သဖြင့် ကျွန်မကပ်သည့် ဆွမ်းဘုဉ်းပေးဖြစ်မှာစိုးပြီး စိတ်သောက ရောက်နေပါသည်။ ပလိပ်ကားဆိပ်ရောက်တော့ ဆိုက်ကားစီးပြီး စလေကျောင်းသို့ သွားရပါသည်။

ကျောင်းရောက်၍ ဆရာတော်ကြီးကို ဆွမ်းကပ်ဖို့ မီပါသေးသလားဟု သီလရှင်လေးကိုမေးတော့ ဆရာတော်ကြီး ဘယ်အချိန် ရောက်နေသည် မသိပါ။ ကျွန်မနာမည်ခေါ်ပြီး...

'စိတ်မပူပါနဲ့ ဆွမ်းကပ်ဖို့ မီပါတယ် စိတ်အေးအေးထားပါ'

ဟု လှမ်းပြောရာ ကျွန်မမှာ လန့်သွားမိပါသည်။ ကျွန်မစိတ်ကို သိနေသော ဆရာတော်ကြီးကို ဝမ်းသာကြည်ညိုမိပါသည်။ ကျွန်မ ကပ်မည့်ဆွမ်းကိုများ စောင့်နေသလား မသိ။ ကျွန်မစိတ်ထဲ ဖြစ်နေတာကို သိနေသဖြင့် တကယ်ပဲ အံ့ဩကြည်ညိုရပါသည်။

ကျွန်မက တရားသာ ရချင်သည်။ ဝီရိယက နည်းပါးပါသည်။ စာအုပ်တွေဖတ်ပြီး ကောင်းနိုးရာရာတွေကို ကျွန်မနှင့် သင့်တော်မလား အထင်ဖြင့် လိုက်ပြီး အားထုတ်မိပါသည်။ ငါးသိုင်းများ ဟင်းဟုန်သည်ကို အမှတ်မထားမိ။

ကျွန်မ ဝင်လေထွက်လေကို ဂဏန်းစဉ်အတိုင်း လိုက်မှတ်နေပါသည်။ တစ်နေ့ကျောင်းရောက်ပြီး ဆရာတော်ကြီးကို ကန်တော့သည့်အခါ ဆရာတော်ကြီးက ကျွန်မ မှတ်နေသည့် ဂဏန်းစဉ်က နည်းစနစ် မကျ၍ ထပ်...သည်။

ကျွန်မကို **"ဂဏန်းစဉ်အတိုင်း မမှတ်နှင့် ဝင်လေဖြစ် ထွက်လေ... ပျက် မှတ်ပါ"** ဟု ကျွန်မနှင့် သင့်...မည့် တရားကို ပေးပါသည်။ ကျွန်...



www.burmeseclassic.com

www.burmeseclassic.com

သည်း ဆရာတော်ကြီးက ကျွန်မစိတ်အစဉ်ကို သိနေသဖြင့် ဒုတိယအကြိမ် ဆုံးဖြတ်ကြည့်ညိုရပါသည်။

ကျွန်မနှင့် ကိုက်ညီသည့် တရားကို ပုဂ္ဂိုလ်ထူးပုဂ္ဂိုလ်မြတ်ကြီးက ပေးခဲ့ပါသော်လည်း ကျွန်မ အသုံးမကျမှုကြောင့် ဆရာတော်ကြီး မှာထားချက်အတိုင်း ကြိုးစားအားထုတ်မှု မပြုလုပ်နိုင်ခဲ့၍ ပေါက်ပေါက်မြောက်မြောက် မဖြစ်ခဲ့သဖြင့် အချိန်တွေကို လွန်စွာ နှမြောမိပါသည်။

ဟိုးယခင်က ယခုအချိန်လောက် အသိတရား မရှိသေးပါ။ ထိုအချိန်တုန်းကသာ အသိတရားရှိပြီး ကြိုးစားအားထုတ်ခဲ့လျှင် ယခုမှာ ခရီးပေါက်လောက်နေပြီး ဆရာတော်ကြီးကိုမှ ဆရာတော်ကြီးကို အားနာမိပြီး အာရုံထဲမှာ ဆရာတော်ကြီးကို ဦးချကန်တော့ပန်မိပါသည်။

ဆရာတော်ကြီး တရားဟောရင်း ကျွန်မတို့ တရားရစေချင်သည့် စိတ်စေတနာဖြင့် တရားအသိကို ဆရာတော်ကြီး လက်ရေးနှင့် ရေးပေးခဲ့ပါသည်။ ဆရာတော်ကြီး၏ လက်ရေးမူကို ကျွန်မ စာအုပ်အဖုံးအတွင်းမှာ ကပ်ထားပါသည်။

ဆရာတော်ကြီးက ခဲတံနှင့်ရေးပေးသဖြင့် တချို့စာလုံးတွေ မထင်တော့ပါ။ ဆရာတော်ကြီး၏ လက်ရေးအပေါ် ထပ်ပြီး ရေးရမှာ မသင့်တော်သဖြင့် အတိုင်းပဲ ထားရှိပါသည်။ ဆရာတော်ကြီး ရေးပေးထားသည့်မှာ

'အာရုံပသာဒ တိုက်ဆိုင်ကြသော် အသိပေါ်လာ ငါးခန္ဓာမှတ်ပါ ဒုက္ခသစ္စာပါ'

* * * ────────→

ဆရာတော်ကြီး လက်ရေးက လှပါသည်။ အချို့စာလုံးတွေ ဖတ်မရသဖြင့် ကော်ပြထားပါသည်။ ဆရာတော်ကြီး၏ စာကို သိသမျှ ဖြည့်စွက်ပြီးလည်း မရေးရဲသဖြင့် အရှိအတိုင်း ထားလိုက်ပါသည်။ ဒီအကြောင်းအရာတွေက တရား အားထုတ်ဖူးသူတိုင်း သိပြီးသားဖြစ်ပါသည်။

ဆရာတော်ကြီးက တရားဓမ္မကို သိလွယ်မြင်လွယ်စေရန် လင်္ကာဆောင်ပုဒ်များဖြင့် ချီးမြှင့်ခဲ့ပါသည်။ ကျွန်မ မှတ်သားထားသည်များကို ဆရာတော်ကြီးကို ပူဇော်သောအားဖြင့် ဖော်ပြလိုက်ပါသည်။

၁။ အာရုံပသာဒ တိုက်ဆိုင်သော်၊ အသိပေါ်
လာ ငါးခန္ဓာ၊ မှတ်ပါဒုက္ခသစ္စာပါ။
ပသာဒအာရုံ ၊ တွေ့ထိဆုံ၊ ပေါ်ကြံ၍လာ
သိဓမ္မာ။ သိဓမ္မာကိုပင် လက္ခဏာတင် လွတ်
အင်ဒိဋ္ဌိသာ။ ဒိဋ္ဌိလွတ်က ပယ်လေး၀၊ မုချ
လွတ်သည်သာ။

၂။ မရှိတရား၊ အရှိထား၊ မှားကြတို့သုဝ်။
အရှိကိုပင်၊ အမြဲထင်၊ လွဲအင်တို့သုဝ်။
အကြောင်းနှစ်ရပ်၊ ပေါင်းစပ်မှတ်၊ ဖြစ်အပ်
ကိုးဓမ္မာ။
ကိုးဓမ္မာကိုပင်၊ လက္ခဏာတင်၊ လွတ်အင်
ဒိဋ္ဌိသာ။
ဒိဋ္ဌိလွတ်က၊ ပယ်လေး၀၊ မုချ လွတ်သည်
သာ။

၃။ မြင်မြင်သမျှ မေတ္တာဖြင့် ပြုံးနိုင်ပါစေ။
ခင်မင်သမျှ ပစ္စည်းလို ရှုနိုင်ပါစေ။
ထင်မြင်သမျှ သစ္စာနှင့် သုံးနိုင်ပါစေ။

***တရားထူး တရားမြတ်ကို သိလွယ် ရောက်လွယ်ကြပါစေ။***

မြင့်

စာရှုသူ သုတေသီနှင့်

ပါသနာရှင်များသို့ . . .

**မိမိတို့ဒေသရှိ ဆရာတော်ကြီးများ၊ ပုဂ္ဂိုလ်ထူးကြီးများ၏ မိမိတို့သာသိပြီး သမိုင်းမဝင်သော ဖြစ်ရပ်များကို ရေးသား ပေးပို့နိုင်ကြပါပြီ။**

**ဤသို့ ရေးသားပေးပို့ခြင်းဖြင့် ကွက်လပ်ဖြစ်နေသော၊ အများမသိသော ဖြစ်ရပ်များကို မှတ်တမ်းတင်ပြီး ဖြစ်သွားပါမည်။ သမိုင်းမှတ်တမ်းတင်ပြီးလည်း ဖြစ်ပါလိမ့်မည်။ ဤကုသိုလ်ထူးကြီးကို ပါဝင်ကုသိုလ်တော်ယူကြပါရန် မေတ္တာရပ်ခံ ပန်ကြားအပ်ပါသည်။**

***လေးစားစွာဖြင့် . . .***

**ဦးကျော်မိုးသိန်း**
**စာတည်းချုပ်**
**နက္ခတ္တရောင်ခြည်မဂ္ဂဇင်း**

| အာရုံ | | ပသာဒ | အသိစိတ် |
|---|---|---|---|
| အဆင်းများ | | မျက်စိ | စက္ခုဝိညာဉ်စိတ် |
| အသံများ | | နား | သောတဝိညာဉ်စိတ် |
| အနံ့များ | | နှာခေါင်း | ဃာနဝိညာဉ်စိတ် |
| အရသာများ | | လျှာ | ဇိဝှာဝိညာဉ်စိတ် |
| အပူအအေး<br>အပျော့အကြမ်း | များ | ကိုယ် | ကာယဝိညာဉ်စိတ် |
| အရာကိစ္စများ<br>မြန်တွေးဟူသမျှ | | မနောဓာတ် | မနောဝိညာဉ်စိတ် |

......... ခန္ဓာငါးပါးဖြစ်ပျက် မပြတ်နေသည်။

www.burmeseclassic.com

ကြော်ငြာဆောင်းပါး




# သွေးတိုးရောဂါရှင်များ . .


# စကြာမင်း

## အမှတ်တံဆိပ်

# သွေးတိုးကျဆေး

# ကိုဆောင်ထား

ကိုရဲ




တိုင်းရင်းဆေးဝါးမှတ်ပုံအမှတ်-0112 YR 007991

"အတော်ပဲ မြတ်တို့အိမ် အလည်လာတာ ထမင်းပွဲနဲ့ တန်းတိုးတယ်ဟေ့" "အော် မမမြင့်၊ လာ တစ်ခါထဲဝင်စားလိုက်လေ" "ဘာဟင်းချက်လဲဟင်" "မမမြင့်ရေ, မနေ့က စင်ကာပူက သားကြီးပြန်လာ တယ်လေ၊ အဲ့ဒါ သားကြီးက အုန်းနို့ခေါက်ဆွဲ စားချင်တယ်ဆိုလို့ ထမင်းလွတ် ချက်စားနေကြတာပါ" "အမလေး အုန်းနို့ခေါက်ဆွဲဆိုရင် အသံကြားတာနဲ့တင် သွေးတိုးချင်ပြီ။ တော်ပါပြီအေမစားရဲပါဘူး" "မမမြင့်ကလဲ ရောဂါရှိရင်ဆေးရှိပါတယ်။ ကျွန်မလဲ အစက ဒီလိုပဲလေ။ သွေးတိုးရှိလို့ ဟိုဟာမစားရဲ ဒီဟာမစားရဲနဲ့ ရှောင်လိုက်ရတဲ့အစား။ အခုတော့ စားချင်တာစားလို့ရပြီ မမမြင့်ရဲ့" "အေး အဲ့ဒါကြောင့် ငါအံ့သြနေတာ၊ အရင်ကဆို အစားအသောက်ရှောင်တာ မမထက်တောင် မြတ်ကပိုသေးတယ်။ ခုတော့ အံ့သြဘနန်းပဲ" "ဟုတ်တယ် မမမြင့်ရေ အရင်ကတော့ နည်းနည်းလေးအစားမှားတာနဲ့ သွေးကတိုးတိုးလာတော့ အစားတစ်လုပ်အတွက်နဲ့ ရောဂါမခံစားချင်တာနဲ့ အစားအသောက်ကို ဂရုတစိုက် ရှောင်ကြဉ်စားသောက်ခဲ့တာ။ အခုတော့ စကြာမင်းသွေးတိုးကျဆေး အားကိုးရှိနေပြီ မမမြင့်ရဲ့" "ဟင် ဟုတ်လား၊ တစ်ယောက်ထဲ ကျိတ်ပြီး သုံးစွဲမနေနဲ့ဦး မမကိုလဲ ပြောအုံးလေ" "လာပါ မမမြင့်ရယ် ဆေးကိုနောက်မှပေးမယ်၊ အုန်းနို့ခေါက်ဆွဲကို အရင်တဝကြီးစားပြီးမှ ဆေးဘယ်လောက်စွမ်းသလဲဆိုတာ လက်တွေ့ပြမယ်" "ဟုတ်ရဲ့လား မြတ်ရယ်" "အော် မမမြင့်ရယ် ကျွန်မကိုယ်တိုင် ဒီမှာအားရပါးရ စားနေတာပဲ၊ မမမြင့်ကို ဘေးဖြစ်အောင်တော့ မလုပ်ပါဘူး" "စိတ်ချလက်ချသာစားပါ မမမြင့်၊ ကျွန်တော်နဲ့ မြတ်ကတော့ သွေးတိုးစေမယ့် အစားအစာတွေစားပြီးတာနဲ့ ဆေးသောက်လိုက်တာပဲ" "ကဲပါလေ လင်ရောမယားပါ ဒီလောက်ညွှန်းနေမှတော့ စားပြီဟေ့၊ များများသာထည့်" "ဟား ဟား။ ဟင်း ဟင်း ဟင်း"

"မြတ်တို့ဇနီးမောင်နှံတိုက်တွန်းလို့ အုန်းနို့ခေါက်ဆွဲကို တဝတပြစားပြီးပြီနော်၊ ကဲ ဆေးမြန်မြန်ပေးတော့လေ"

"ပေးပါ့မယ်မမမြင့်ရယ်၊ ရော့ ရော့၊ ၅ ပြားသောက်လိုက်" "မှန်း ဘာဆေးလဲ၊ ဟယ် **စကြာမင်း သွေးတိုးကျဆေးကိုး**"

"ဟုတ်တယ်မမမြင့်ရေ သွေးတိုးရောဂါကာကွယ် ချင်လို့ပဲဖြစ်ဖြစ်၊ သွေးတိုးနေလို့ပဲဖြစ်ဖြစ်၊ သွေးတိုးရောဂါရှိလို့ စားချင်ရက်နဲ့ အစားအသောက် ရှောင်နေရသူများပဲဖြစ်ဖြစ် သွေးတိုးရောဂါနဲ့ပတ်သက်ရင် အိမ်တိုင်းအမြဲဆောင်ထား သင့်တဲ့ဆေးကတော့ **ဆရာမြင့်ရဲ့ စကြာမင်း**အမှတ်တံဆိပ် **သွေးတိုးကျဆေး**ပဲ ဖြစ်ပါသတဲ့ရှင်" "သမားတော် **ဆရာမြင့်ရဲ့ စကြာမင်း သွေးတိုးကျဆေး**ဆိုရင် ယုံကြည်ပါတယ်၊ ဒါနဲ့အခြားဘာရောဂါတွေအတွက် သုံးစွဲလို့ရလဲဟင်"

"သုံးစွဲနိုင်တဲ့ ရောဂါတွေကတော့သွေးတိုးရောဂါဖြစ်ခြင်း၊ သွေးတက်၊ သွေးတိုးခြင်း၊ သွေးပေါင် အမြဲတမ်းတက်နေခြင်း၊ နောက်ကျောတက်၊ ဇက်ကြောထိုးခြင်း၊ ခေါင်းမူးဝေခြင်း၊ ခေါင်းအုံခဲ၍ လေးလံထိုင်းမှိုင်းနေခြင်း၊ အာရုံကြောအားနည်းခြင်း၊ အကြောအားနည်းခြင်း၊ အဆစ်ရောင်အဆစ်ကိုက်ရောဂါဖြစ်ခြင်း၊ လက်ခြေများ ထုံကျဉ်ကိုက်ခဲခြင်း၊ အတက်စာ နည်းနည်းစားရုံဖြင့် သွေးတက်၊ သွေးတိုးလာခြင်း၊ အစာအိမ်အားနည်းခြင်း စတဲ့ ရောဂါတွေအတွက်လည်း သုံးစွဲနိုင်ပါတယ်"

"ဟယ် ! စကားကောင်းနေလိုက်တာ (၂)နာရီတောင် ကျော်ပါပေါ့လား၊ ပြန်အုန်းမှ ပြန်အုန်းမှ" "ဘယ်လိုလဲ မမမြင့်" "အေးဟဲ့ ဘယ်လိုမှမခံစားရဘူး၊ အရင်ကဆိုရင် ဒီလိုသွေးတိုးစာတွေစားပြီးတာနဲ့ ဆေးခန်း တန်းပြေးရတော့တာပဲ" "ဒါကြောင့် သွေးတိုးရောဂါအတွက် အကောင်းဆုံးဆေးပါလို့ဆို" "ဟုတ်ပတော်၊ ဝမ်းသာလိုက်တာ။ အိမ်က ကိုရဲအတွက်လဲ အုန်းနို့ခေါက်ဆွဲ ယူသွားအုန်းမှပဲ" "ဒီမှာ မမမြင့်ရေ၊ အဆင်သင့်ထည့်ထားပြီးပြီ၊ ရော့၊ ဒါက **စကြာမင်းသွေးတိုးကျဆေး** ကိုရဲကိုလဲ ပြောလိုက်ပါ။ သွေးတိုးအတွက်တော့ စိတ်မညစ်နဲ့တော့လို့"

"အေးအေး၊ ပြောရုံမဟုတ်ဖူး လက်တွေ့ပြလိုက်မယ်"

"ကဲ ကျွန်တော်ရဲ့ဇနီးနဲ့ ညီအစ်ကိုမောင်နှမသဖွယ် ခင်မင်ရင်းနှီးတဲ့ ကိုအေးမင်းနဲ့မအေးမြတ်ဝင်းတို့ရဲ့ စေတနာမေတ္တာကြောင့် အခု ကျွန်တော့်မှာစွဲကပ်နေတဲ့ သွေးတိုးရောဂါဟာ ပိန်းကြာရွက်ပေါ် ရေမတင်သလို ပျောက်ကင်းချမ်းသာရာရခဲ့ပါပြီ၊ ဒါ့ကြောင့် စာဖတ်ပရိသတ်ကြီးရေ ကျန်းမာခြင်း ဆုလာဘ်နဲ့ပြည့်စုံပြီး စားချင်တာစားရအောင်နော်၊ ဒါပေမဲ့...**စကြာမင်းသွေးတိုးကျဆေး**တော့ ဆောင်ထားဖို့တော့ လိုလိမ့်မယ်..."

**ကိုရဲ**

---

ပင်ရင်း – **စကြာမင်းဆေးတိုက်**

အမှတ် (၆၆၆)၊ (၈) ရပ်ကွက်၊ သုဓမ္မာလမ်း၊
မြောက်ဥက္ကလာပ။ ဖုန်း – ၆၉၁၀၉၁၊ ၇၂၆၄၁။

---




www.burmeseclassic.com

www.burmeseclassic.com

၁၃၇၆ ခုနှစ် နှစ်သစ်မှာ


# ကံကောင်းပြီးရင်း ကောင်းကြစေဖို့





ဇော်နန္ဒံ
(ကျိုက်လတ်)

မြန်မာသက္ကရာဇ် ၁၃၇၆ ခုနှစ်သို့ ရောက်ရှိ၍ လာခဲ့ပါပြီ။ ၁၃၇၆ ခုနှစ်၏ ဘူတမဟာဘုတ်မှာ (၄)ကြွင်း မဟာဘုတ် ဖြစ်ပါသည်။




(၄)ကြွင်းမဟာဘုတ်တွင် ကဋ္ဌဂြိုဟ်အဖြစ် ပေါ်ထွက်လာသော ဂြိုဟ်(၄)လုံးမှာ တနင်္ဂနွေဂြိုဟ်၊ တနင်္လာဂြိုဟ်၊ အင်္ဂါဂြိုဟ်နှင့် သောကြာဂြိုဟ်တို့ပင် ဖြစ်ပါသည်။

တနင်္ဂနွေဂြိုဟ်သည် **အလုပ်အကိုင်၊ အိမ်ထောင်ရေးဂြိုဟ်** ဖြစ်ပါသည်။ အဓိပတိဌာနတွင် ရပ်တည်နေ၍ ဤနှစ်တွင် မြန်မာနိုင်ငံသူ နိုင်ငံသားများသည် အိမ်ထောင်ရေးများ၊ အလုပ်အကိုင်များ အဆင်ပြေချောမွေ့ အောင်မြင်ကြပါလိမ့်မည်။ ***(အဓိပတိဌာနသည် ...အလိုဗျယ သဘောအရ စိုးရိမ် ...တော့ မကောင်းတတ်ပါ။)***

အိမ်ထောင်ရေးနှင့် အလုပ်အကိုင် ... ကောင်းသောအခါ **တနင်္လာ(အချစ်ရေး၊ ငွေရေးကြေးရေး)ဂြိုဟ်**သည် ရာဇဌာနတွင် ရပ်တည်နေ၍ ငွေရေးကြေးရေးများ၊ ချစ်ရေးချစ်ရာများ အဆင်ပြေ ချောမွေ့လာကြမည် ဖြစ်ပါသည်။

လူတို့သည် ငွေကြေးကိစ္စများ၊ ချစ်မှုရေးရာများ အဆင်ပြေ ချောမွေ့နေသောအခါ **အင်္ဂါ(စိတ်၊ စိတ်ခံစားမှု)**ဂြိုဟ်သည် အထွန်းဌာနတွင် ရပ်တည်နေ၍ စိတ်ပိုင်းဆိုင်ရာ ပျော်ရွှင်ကြည်နူးရမှုများကို ပြည့်ဝစွာ ခံစားကြရမည် ဖြစ်ပါသည်။

စိတ်ပိုင်းဆိုင်ရာ ကျေနပ်ပျော်ရွှင်မှုများ ရရှိနေကြသောအခါ **သောကြာ(အနုပညာ၊ ဇိမ်ခံ)**ဂြိုဟ်သည် သိုက်ဌာနတွင် ရပ်တည်နေ၍ မြန်မာနိုင်ငံသူ နိုင်ငံသားများတို့သည် **အနုပညာ(ရုပ်ရှင်၊ သဘင်၊ ဂီတ၊ စာပေ)**တို့ဖြင့် ပျော်ရွှင်ကြရမှုများနှင့် စည်းစိမ်ခံ...

ဇိမ်ခံပစ္စည်းများစွာဖြင့် အိစက်ညက်ညောသော မွေ့ရာထက်ဝယ်၊ ပန်းခင်းသောလမ်းထက်ဝယ် အေးချမ်းကြည်သာ ချမ်းမြေ့စွာ အောင်ကြောင်းမင်္ဂလာ အဖြာဖြာဖြင့် ၁၃၇၆ ခုနှစ်ကို သာသာလေး လျှောက်လှမ်းဖြတ်သန်းကြရမည်ဖြစ်ကြောင်း မင်္ဂလာနိမိတ်ကောင်း၊ သတင်းကောင်းပါး ရေးသားလိုက်ရပါသည်။

ဤတွင် ကျွန်ုပ်ကလည်း အချို့ပေါ်သကာလောင်းဆိုသလို မြန်မာနိုင်ငံသူ နိုင်ငံသားများ မကောင်းသော အညံ့များ ပပျောက်၍ ကံပွင့်ကံမြင့်ကာ ကံကောင်းပြီးရင်း ကောင်းအောင် မေတ္တာစေတနာ ရှေ့ထား၍ တစ်နှစ်တာအတွင်း ဆောင်ရန် ရှောင်ရန်နှင့် အစွမ်းထက်ယတြာများကို အလွန် တိကျမှန်ကန်လှသော မြန်မာ့ရိုးရာ ဆန်းကျမ်းဗေဒင်ပညာဖြင့် သေသေချာချာ စိစစ်တွက်ချက်၍ ရေးသားတင်ပြပေးလိုက်ပါသည်။

ယုံယုံကြည်ကြည် လေးလေးစားစား





www.burmeseclassic.com

www.burmeseclassic.com

လိုက်နာကျင့်သုံးခြင်းဖြင့် ကံအကောင်းကြီး ကောင်းကြပါစေ။ အန္တရာယ်ရှင်းဘေးကင်း၍ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာစွာဖြင့် လိုရာဆန္ဒပြည့်ဝ ကြပါစေ သတည်း။

**(အဟောပိုင်းတွင် မွေးနံဂြိုဟ် ပရိယာယ် တစ်ခုတည်းကိုသာ ရွေးချယ်၍ ဟောပေးထားပါသည်။ ဆောင်ရန်၊ ရှောင်ရန်နှင့် ယတြာများကိုသာ ဦးစားပေး တင်ပြသွားမည် ဖြစ်ပါသည်။)**

## တနင်္ဂနွေသားသမီး

ချူချာတတ်၊ ရောဂါဘယများတတ်သော်လည်း စိုးရိမ်စရာမရှိပါ။ ထင်ထားတာမဖြစ်၊ ထင်မထားတာများ ဖြစ်လာတတ်သည်။ ဖြစ်လာသည်က အကောင်းတွေဖြစ်မည်။

လာဘ်လာဘတို့ ရွှင်မည်။ ဖခင်၊ ကြီးကဲသူတို့ထံမှ လက်ဆောင်တို့ရမည်။ သူတို့၏ အကျိုးပြုခြင်း ခံရမည်။ အင်္ဂါ၊ အဆောင်တို့ ဝင်လာတတ်သည်။ အလုပ်အကိုင်များ မထင်မှတ်ဘဲ အဆင်ပြေလာမည်။


လုပ်ငန်းခွင်အတွင်း ထူးခြားသော လာဘ်ရွှင်မှုများ ကြုံတွေ့ရမည်။ အိမ်ခန်း ရှာဖွေသူများ အဆင်ပြေမည်။ အိမ်ထောင်ရေး အဆင်ပြေလာမည်။

**ဆောင်ရန်**

တနင်္ဂနွေ၊ တနင်္လာ၊ ကြာသပတေး နာမည်ရှင်များ၊ နေ့သားများ၊ နေ့ရက်များ၊ အရပ်ထောင့်များ၊ မြို့ဒေသများ၊ ကုန်ပစ္စည်းလုပ်ငန်းများ၊ ဂဏန်းများ၊ အရောင်များ အကျိုးပေးမည်။

**ရှောင်ရန်**

အင်္ဂါ၊ ဗုဒ္ဓဟူး၊ သောကြာ၊ စနေ နာမည်ရှင်များ၊ နေ့သားများ၊ နေ့ရက်များ၊ အရပ်ထောင့်များ၊ မြို့ဒေသများ၊ ကုန်ပစ္စည်းလုပ်ငန်းများ၊ ဂဏန်းများ၊ အရောင်များ အကျိုးမပေးပါ။



**မကောင်းသော အညွှန့်များ လျှော့နည်း ပပျောက်ရန်**

- ✦ ဝက်၊ ဝက်ဝံ၊ လိပ် အဆင်ပြေရာကို အစာကျွေးပါ။
- ✦ ဘုရားတွင်တံမြက်စည်း မကြာခဏ သွားလှူပါ။
- ✦ စာလေး (သို့မဟုတ်) ဆိတ် အစာကျွေးပါ။
- ✦ ခန္ဓာကိုယ်အောက်ပိုင်း မကောင်းသူကို အစားအစာကျွေးမွေးပါ။

**ကံပွင့်ကံမြင့်ရန်**

- ★ အိမ်မှ ဘုရားရှင်ကို ပေါက်ပေါက်ပွင့် ကပ်လှူပါ။
- ★ အင်္ဂါထောင့်မှနေ၍ ဖမြို့ပန်း (၅)ပင် ဘုရားရှင်ကို ကပ်လှူပါ။
- ★ ဘုန်းကြီးကို ပန်းသီး(၅)လုံး ကပ်လှူပါ။
- ★ ကိုရင်ကို အာလူးကြော်လှူပါ။
- ★ **ဂုဏ်တော်ကွန်ချာ**ကို နေ့စဉ် ရွတ်ဖတ်ပူဇော်ပါ။
- ★ **ဂုဏ်တော်ကိုးပါး**ကို ပုတီး(၉)ပတ် နေ့စဉ်စိပ်ပါ။

## တနင်္လာသားသမီး

အိမ်မကပ် အသွားအလာများနေမည်။ အငြိမ်မနေရ၊ လှုပ်ရှားမှုများနေတတ်သည်။ ကံကောင်းခြင်းနှင့် ကံဆိုးခြင်းကို ယှဉ်တွဲ၍ ကြုံတွေ့ရမည်။ ပြင်ပရန်အတိုက်အခံ များနေမည်။ မမြဲသော သဘောတရားတို့ကို မျက်ဝါး ထင်ထင် ကြုံတွေ့ရမည်။

ငွေများ ဝင်လိုက်ထွက်လိုက် ဖြစ်နေမည်။ မိခင်၊ အစ်မတို့နှင့် စိတ်ဝမ်းကွဲရန်ပေါ်မည်။ အချစ်ရေးများ ကောင်းတော့မလိုလိုနှင့် အဖျားရှူးသွားမည်။ ရည်ရွယ်ထားသော အလှူမင်္ဂလာကိစ္စများ မတင်မကျ မရေမရာ ဖြစ်နေတတ်သည်။ ငွေမမြဲတတ်ပါ။

**ဆောင်ရန်**

ပထမကောင်း အင်္ဂါ၊ ဒုတိယကောင်း ကြာသပတေး၊ သောကြာ၊ စနေ နာမည်ရှင်များ၊ နေ့သားများ၊ နေ့ရက်များ၊ အရပ်ထောင့်များ၊ မြို့ဒေသများ၊ ကုန်ပစ္စည်းလုပ်ငန်းများ၊ ဂဏန်းများ၊ အရောင်များ အကျိုးပေးမည်။

**ရှောင်ရန်**

တနင်္ဂနွေ၊ ဗုဒ္ဓဟူး နာမည်ရှင်များ၊ နေ့သားများ၊ နေ့ရက်များ၊ အရပ်ထောင့်များ၊ မြို့ဒေသများ၊ ကုန်ပစ္စည်းလုပ်ငန်းများ၊ ဂဏန်းများ၊ အရောင်များ အကျိုးမပေးပါ။

**မကောင်းသော အညွှန့်များ လျှော့နည်း ပပျောက်ရန်**

- ✦ ဦးခေါင်း မကောင်းသူကို အစား အစာများ ကျွေးပါ။
- ✦ ခွေးလေးလွှင့်ကို ဝက်သားဟင်း(၃) တုံးကျွေးပါ။

**ကံပွင့်ကံမြင့်ရန်**

- ★ ကြာသပတေး အရပ်မှနေ၍ စပျစ် (၃)ကုံး ဘုရားရှင်ကို ကပ်လှူပါ။
- ★ အိမ်မှ ဘုရားရှင်ကို ဆီးယိုပန်းကန် ကပ်လှူပါ။
- ★ ဘုန်းကြီးကို စာအုပ်လှူပါ။
- ★ ကိုရင်ကို သကြားလုံးများ ကပ်လှူပါ။





www.burmeseclassic.com

www.burmeseclassic.com

★ **စိန္တာမဏိမန္တန်**ကို နေ့စဉ် သက်စေ့ ရွတ်ဖတ်ပူဇော်ပါ။

★ **ဓိနောဗုဒ္ဓေါ**ကို ပုတီး(၉)ပတ် နေ့စဉ်စိပ်ပါ။

---

### အင်္ဂါသားသမီး

---

အစစအရာရာ အနေအထား ကောင်းနေပါသော်လည်း သောကဒုက္ခများကတော့ တွေ့ကြုံနေရမည်။ အဆိုးအညံ့များ အနည်းငယ် ရှေ့က ခံပြီးမှသာ အကောင်းကြုံရတတ်သော ဓာတ်မျိုးဖြစ်သည်။

အလုပ်ကိစ္စ၊ အိမ်ကိစ္စ အနည်းငယ် ပူပင်စရာ ကြုံမည်။ ညီငယ်၊ ညီမငယ်တို့အတွက် ရတက်မအေး ဖြစ်ရတတ်သည်။ ခင်ပွန်းသည်အတွက် ပူရပင်ရတတ်သည်။

အစွပ်အစွဲခံ၊ ဝေဖန်ခံရတတ်ပြီးမှ ချီးကျူးခံရမည်။ စက်ပစ္စည်းများ ဝင်လာတတ်ပြီး စိတ်ညစ်စရာ ကပ်ပါလာတတ်သည်။ စာအုပ်အဟောင်းများ ဝင်မည်။

**ဆောင်ရန်**

တနင်္ဂနွေ၊ ဗုဒ္ဓဟူး၊ ကြာသပတေး နာမည်ရှင်များ၊ နေ့သားများ၊ နေ့ရက်များ၊ အရပ်ထောင့်များ၊ မြို့ဒေသများ၊ ကုန်ပစ္စည်းလုပ်ငန်းများ၊ ဂဏန်းများ၊ အရောင်များ အကျိုးပေးမည်။

**ရှောင်ရန်**

အင်္ဂါ၊ သောကြာ၊ စနေ၊ တနင်္လာ နာမည်ရှင်များ၊ နေ့သားများ၊ နေ့ရက်များ၊ အရပ်ထောင့်များ၊ မြို့ဒေသများ၊ ကုန်ပစ္စည်းလုပ်ငန်းများ၊ ဂဏန်းများ၊ အရောင်များ အကျိုးမပေးပါ။

**မကောင်းသော အညံ့များ လျှော့နည်းပပျောက်ရန်**

✦ ကျောင်းသားများကို စာအုပ်လှူပါ။

✦ သူတောင်းစားကို သရက်သီး(၆)လုံး လှူပါ။

✦ ခွေး (သို့မဟုတ်) ကျီးကန်းကို အစာကျွေးပါ။

✦ နွမ်းပါးသူ၊ ဒုက္ခိတတို့ကို ငွေကြေးစွန့်ကြဲပါ။

**ကံပွင့်ကံမြင့်ရန်**

★ အင်္ဂါထောင့်မှနေ၍ ပျဉ်းမ(၅)ညွန့် ဘုရားရှင်ကို ကပ်လှူပါ။

★ အိမ်မှ ဘုရားရှင်ကို ဆီထမင်း ကပ်လှူပါ။

★ ဘုန်းကြီးကို အာလူးကြော် ကပ်လှူပါ။

★ ကိုရင်ကို ရွှေချီ၊ ဆနွင်းမကင်း ကပ်လှူပါ။

★ **ပထမံဂါထာ**ကို နေ့စဉ် သက်စေ့ ရွတ်ဖတ်ပူဇော်ပါ။

★ **ဗုဒ္ဓေါသိဒ္ဓိ**ကို ပုတီး(၉)ပတ် နေ့စဉ်စိပ်ပါ။

---

### ဗုဒ္ဓဟူးသားသမီး

---

စိတ်မတည်မငြိမ် ဖြစ်မည်။ သူများအတွက် အသက်ရှင်နေရသကဲ့သို့ ခံစားရမည်။ စိတ်ဆင်းရဲ ဒေါသထွက်စရာတို့ ကြုံမည်။ မကောင်းသောဘက်သို့ စိတ်များ ယိုင်နေတတ်သည်။ ထင်မှတ်မထားသော ကိစ္စတို့ ထဖြစ်တတ်သည်။ စိတ်လေ၊ စိတ်ဓာတ်ကျစရာများ ကြုံတွေ့ရမည်။

ကောင်းသည်ဖြစ်စေ၊ မကောင်းသည်ဖြစ်စေ ဘာမဆို အကြိမ်ကြိမ် ကြုံမည်။ ရွှေထွက်မည်။ လူလိမ်ခံရတတ်သည်။ ရေလမ်းခရီး အညံ့ရှိသည်။ သားသမီး၊ ညီအစ်ကို၊ မောင်နှမတို့ ကျန်းမာရေးညံ့တတ်၊ မိမိကို ဆန့်ကျင်ဘက် လုပ်တတ်သည်။ ရွှေ အဝင်မခံရ။

**ဆောင်ရန်**

တနင်္လာ၊ အင်္ဂါ၊ ကြာသပတေး၊ သောကြာ နာမည်ရှင်များ၊ နေ့သားများ၊ နေ့ရက်များ၊ အရပ်ထောင့်များ၊ မြို့ဒေသများ၊ ကုန်ပစ္စည်းလုပ်ငန်းများ၊ ဂဏန်းများ၊ အရောင်များ အကျိုးပေးမည်။

**ရှောင်ရန်**

တနင်္ဂနွေ၊ ဗုဒ္ဓဟူး၊ စနေ နာမည်ရှင်များ၊ နေ့သားများ၊ နေ့ရက် များ၊ အရပ်ထောင့်များ၊ မြို့ဒေသများ၊ ကုန်ပစ္စည်းလုပ်ငန်းများ၊ ဂဏန်းများ၊ အရောင်များ အကျိုးမပေးပါ။

**မကောင်းသော အညံ့များ လျှော့နည်းပပျောက်ရန်**

✦ သူစိမ်းကလေးများကို အုန်းယိုကျွေးပါ။

✦ သူတောင်းစားကို လိမ္မော်သီး(၄)လုံး လှူပါ။

✦ ခွေးလေလွင့်များကို ထန်းလျက်များ ကျွေးပါ။

**ကံပွင့်ကံမြင့်ရန်**

★ ကြာသပတေးအရပ်မှနေ၍ စိန်ခြယ်(၃)စည်း ဘုရားရှင်ကို ကပ်လှူပါ။

★ အိမ်မှ ဘုရားရှင်ကို မက်မန်းသီး(၅)လုံး ကပ်လှူပါ။

★ ဘုန်းကြီးကို သက်ရက်သီး(၆)လုံး ကပ်လှူပါ။

★ ကိုရင်ကို ကိတ်မုန့်(၂)ခု ကပ်လှူပါ။

★ **ပဌာန်း(အကျဉ်း)**ကို နေ့စဉ် သက်စေ့ ရွတ်ဖတ်ပူဇော်ပါ။

★ **ဗုဒ္ဓေါဓိနော**ကို ပုတီး(၉)ပတ် နေ့စဉ်စိပ်ပါ။

---

### ကြာသပတေးသားသမီး

---

အဆင်ပြေ ကံကောင်းနေရာမှ



www.burmeseclassic.com

www.burmeseclassic.com

ရှတ်တရက် အဆိုးအညံ့ ကြုံတွေ့ရတတ်ပြီး အဆင်ပြေ ပြန်ကောင်းမည်။ အကောင်းမလာခင် အဆိုး ရှေ့က ခံသောကိန်းဖြစ်သည်။ ဥပဒေနှင့် မလွတ်သောကိစ္စများ ရှောင်ပါ။ အမှု အခင်း ဖြစ်တတ်သည်။ လူမျိုးကွဲတို့နှင့် ပြဿနာပေါ်တတ်သည်။

မိတ်ဆွေ၊ မိန်းမသားတို့နှင့် ပြဿနာ ပေါ်မည်။ မြေကိစ္စ၊ အမွေကိစ္စများ အရှုပ်အရှင်းဖြစ်မည်။ ဆရာအတု အယောင်တို့နှင့် တွေ့ဆုံရတတ်သည်။ ကိုယ့်ငွေနှင့်ကိုယ် ဒေါသထွက်စရာတို့ ကြုံမည်။ ပညာရေးတွင် ပေါ်ဆလျှင် ကျရှုံးမှုနှင့် ရင်ဆိုင်ရမည်။

ဆောင်ရန်

တနင်္ဂနွေ၊ အင်္ဂါ၊ ဗုဒ္ဓဟူး နာမည်ရှင်များ၊ နေ့သားများ၊ နေ့ရက်များ၊ အရပ်ထောင့်များ၊ မြို့ဒေသများ၊ ကုန်ပစ္စည်းလုပ်ငန်းများ၊ ဂဏန်းများ၊ အရောင်များ အကျိုးပေးမည်။

ရှောင်ရန်

တနင်္လာ၊ ကြာသပတေး၊ သောကြာ နာမည်ရှင်များ၊ နေ့သားများ၊ နေ့ရက်များ၊ အရပ်ထောင့်များ၊ မြို့ဒေသများ၊ ကုန်ပစ္စည်းလုပ်ငန်းများ၊ ဂဏန်းများ၊ အရောင်များ အကျိုးမပေးပါ။

မကောင်းသော အညံ့များ လျော့နည်းပပျောက်ရန်

✦ ချိုင့်ခွက်များကို သဲဖို့၊ သဲလမ်းခင်းပါ။

✦ ငါး(၆)ကောင် လွှတ်ပါ။

✦ ခွေးလေလွင့်များကို ပဲကြော်(၅)ခု ကျွေးပါ။

ကံပွင့်ကံမြင့်ရန်

★ ကြာသပတေးအရပ်မှနေ၍ ဆီမီး (၃)ခွက်ဖြင့် ဘုရားမီးပူဇော်ပါ။

★ အိမ်မှဘုရားရှင်ကို မုန့်စိမ်းပေါင်း ကပ်လှူပါ။



★ ဘုန်းကြီးကို လိမ္မော်ရည် ကပ်လှူပါ။

★ ကိုရင်ကို ဩဇာသီး ကပ်လှူပါ။

★ **စ.ဓ.ဗ.ဝ စမလေးလုံးဂါထာ**ကို နေ့စဉ် သက်စေ့ ရွတ်ဖတ်ပူဇော်ပါ။

★ **"ဇိနော မယုံ ဇယံဒေတု"**ကို ပုတီး(၉)ပတ် နေ့စဉ်စိပ်ပါ။

သောကြာသားသမီး

အစစအရာရာ အနေအထားများ တဖြည်းဖြည်း ပြန်ကောင်းလာမည်။ ငြိမ်သက်နေသော ကံကြမ္မာများ ပြန်ကောင်းလာမည်။ ရပ်ဝေးဒေသ အကျိုးပေးမည်။ နိုင်ငံရပ်ခြား သွားရတတ်သည်။

ရပ်ဝေးမှ ဆွေမျိုးများနှင့် ဆုံတွေ့ရမည်။ တစ်ရပ်တစ်ရွာရှိ ဇနီးသည်၏ အဆင်ပြေ အောင်မြင်မှုကို ကြုံတွေ့ရမည်။ ခရီးသွားရင်း သူတော်စင်တို့နှင့် ဆုံမည်။ မိမိကို ကူညီမစမည်။ ဆွေမျိုးတို့၏ မစခြင်း ခံရမည်။ ချောင်ထိုးထားသော အသုံးအဆောင်ပစ္စည်းများ ပြန်ကောင်းလာမည်။ ပြန်လည် အသုံးတည့်လာမည်။

ဆောင်ရန်

တနင်္လာ၊ ကြာသပတေး၊ သောကြာ နာမည်ရှင်များ၊ နေ့သားများ၊ နေ့ရက်များ၊ အရပ်ထောင့်များ၊ မြို့ဒေသများ၊ ကုန်ပစ္စည်းလုပ်ငန်းများ၊ ဂဏန်းများ၊ အရောင်များ အကျိုးပေးမည်။

ရှောင်ရန်

အင်္ဂါ၊ ဗုဒ္ဓဟူး၊ စနေ နာမည်ရှင်များ နေ့သားများ၊ နေ့ရက်များ၊ အရပ် ထောင့်များ၊ မြို့ဒေသများ၊ ကုန်ပစ္စည်း လုပ်ငန်းများ၊ ဂဏန်းများ၊ အရောင်များ အကျိုးမပေးပါ။

မကောင်းသော အညံ့များ လျော့နည်း ပပျောက်ရန်

✦ ဘုန်းကြီးကျောင်း ရေမြောင်းဖော် ရင်ပြင်တော် သန့်ရှင်းရေး ဆောင် ရွက်ပေးပါ။

✦ နွား(သို့)ဒရယ်စာ သွားကျွေးပါ။

✦ ခွေးလေလွင့်များကို ဆိတ်သားနှင့် ထမင်းကြမ်း နယ်၍ကျွေးပါ။

ကံပွင့်ကံမြင့်ရန်

★ အင်္ဂါထောင့်မှနေ၍ ပဲကြော်(၇)[illegible] ဘုရားရှင်ကို ကပ်လှူပါ။

★ အိမ်မှဘုရားရှင်ကို သစ်သီး(၆)မျိုး ကပ်လှူပါ။

★ ဘုန်းကြီးကို ကြံရည် ကပ်လှူပါ။

★ ကိုရင်ကို ဘာလီရည် ကပ်လှူပါ။

★ **သမ္ဗုဒ္ဓေဂါထာ**ကို နေ့စဉ် သက်စေ့ ရွတ်ဖတ်ပူဇော်ပါ။

★ **သုဂတောသိဒ္ဓိ**ကို ပုတီး(၉)ပတ် နေ့စဉ် စိပ်ပါ။

စနေသားသမီး

အခက်အခဲ အကျပ်အတည်း ပြဿနာများကြားမှ အဆင် [illegible] လွတ်မြောက်လာမည်။ ရောဂါဟောင်း အနာဟောင်း၊ ဝေဒနာဟောင်း [illegible] ဆေးကောင်းတွေ့ပြီး သက်သာပျော [illegible] ကင်းလာမည်။

အမှုကိစ္စပြဿနာဟောင်းတို့ [illegible] လည်း ဖြေရှင်းရတတ်သော [illegible] ပြေပြေလည်လည် ဖြစ်သွားမ [illegible] သူတစ်ပါး အကျိုးဆောင် ကိုယ့်အ [illegible]



www.burmeseclassic.com

www.burmeseclassic.com

အောင်မည်။ အတိတ်မှ ထီပေါက်ကံ ပေါ်နေသည်။

ထွက်သွားသော အလုပ်သမားများ ပြန်ဝင်လာမည်။ ထင်မှတ်မထားသည်များ ထဖြစ်တတ်သည်။ ဖြစ်လာသည်က အကောင်းတွေဖြစ်မည်။ လူမျိုးကွဲတို့၏ အကူအညီများ မထင်မှတ်ဘဲ ဖြစ်ရတတ်သည်။

ဆောင်ရန်

အင်္ဂါ, ဗုဒ္ဓဟူး နာမည်ရှင်များ၊ နေ့သားများ၊ နေ့ရက်များ၊ အရပ်ထောင့်များ၊ မြို့ဒေသများ၊ ကုန်ပစ္စည်းလုပ်ငန်းများ၊ ဂဏန်းများ၊ အရောင်များ အကျိုးပေးမည်။

ရှောင်ရန်

တနင်္ဂနွေ, တနင်္လာ, ကြာသပတေး နာမည်ရှင်များ၊ နေ့သားများ၊ နေ့ရက်များ၊ အရပ်ထောင့်များ၊ မြို့ဒေသများ၊ ကုန်ပစ္စည်းလုပ်ငန်းများ၊ ဂဏန်းများ၊ အရောင်များ အကျိုးမပေးပါ။

မကောင်းသော အညွှန်းများ လျော့နည်းပပျောက်ရန်

✦ သူစိမ်းကလေးများကို မုန့်ဖိုး မကြာခဏပေးပါ။

✦ ဘဲ(သို့)ပူး အဆင်ပြေရာကို သွားကျွေးပါ။

✦ အုန်းခြေသုတ်ခုံ ဘုန်းကြီးကျောင်းကို လှူပါ။

ကံပွင့်ကံမြင့်ရန်

★ ကြာသပတေးအရပ်မှနေ၍ ဆီထမင်း(၃)ပန်းကန် ဘုရားရှင်ကို ကပ်လှူပါ။

★ အိမ်မှဘုရားရှင်ကို ဆီချက်ခေါက်ဆွဲ ကပ်လှူပါ။

★ ဘုန်းကြီးကို လိမ္မော်သီး(၄) ကပ်လှူပါ။

★ ကိုရင်ကို ဆီးထုပ်(၃)ထုပ် ကပ်လှူပါ။

★ **စိန္တာမဏိမန္တန်**ကို နေ့စဉ် သက်စေ့ရွတ်ဖတ်ပူဇော်ပါ။

★ "**ဝရဒေါ ဒေတု မေ ဝရံ**"ကို ပုတီး(၉)ပတ် နေ့စဉ်စိပ်ပါ။

ယတြာများကို ပြုလုပ်ရာတွင် ယုံယုံကြည်ကြည် လေးလေးနက်နက် ဆောင်ရွက်ခြင်းတို့ဖြင့် ယတြာ၏ အကျိုးကျေးဇူးများကို ပြည့်ပြည့်ဝဝ ခံစားကြရမည် ဖြစ်ပါသည်။

*ဘဝအစစ လှကြပါစေ။*

**အောင်နန္ဒစံ (ကျိုက်လတ်)**

ပူးတွဲအသုံးချရန် ဇယား

| | အရပ်ထောင့် | မြို့/ဒေသ | ကုန်စည်/လုပ်ငန်း | ဂဏန်း | အရောင် |
|---|---|---|---|---|---|
| တနင်္ဂနွေ | အရှေ့မြောက် | အမေရိက, အမေရိကန် | အိုး, အုတ်, ဥအမျိုးမျိုး, အိမ်ဆောက်ပစ္စည်း, အုန်းသီးထွက်ပစ္စည်း | ၁ | အနီ |
| တနင်္လာ | အရှေ့ | ကျိုက်ထို, ကိုရီးယား | ကျောက်, ကား, ကြံ့, ခြံ, ကွမ်း, ကွမ်းယာ, ငါးခြောက်, ကုန်ခြောက် | ၂/၉ | အဖြူပြောင် |
| အင်္ဂါ | အရှေ့တောင် | စစ်ကိုင်း, စင်ကာပူ | ဆန်, ဆီ, ဆေး, စာအုပ်, စာရေးကိရိယာ, စက်ပစ္စည်း | ၃ | အဝါနု, နီညို |
| ဗုဒ္ဓဟူး | တောင် | လှိုင်သာယာ, လာအို | ရွှေ, ရေလုပ်ငန်း, ရေသန့်, ရေမွှေး, လက်ဖက်, လက်ဖက်ရည်, ရုပ်ရှင် | ၄/၈ | အစိမ်း, ရွှေအို |
| ကြာသပတေး | အနောက် | မန္တလေး, မလေးရှား | ပဲ, ပိတ်, မြေ, ပညာရေးဝန်ဆောင်မှု, ပိုးထည်, ဖရဲ, ပွဲရုံ, ဖရုံ, ဖယောင်း | ၅ | အဝါရင့်, အပြာနု |
| သောကြာ | မြောက် | သာစည်, ဟော်လန် | သစ်, သံ, သွပ်, အသံထွက်ပစ္စည်း, ဟင်း, စားသောက်ဆိုင်, ခရီးသွားဝန်ဆောင်မှု | ၆ | အောက်ခံအဖြူပေါ် အစက်အပြောက်, အကွက်, အကျားပုလဲပေါက်အဆင်း |
| စနေ | အနောက်တောင် | တောင်ကြီး, ထိုင်း | ထီး, ဖိနပ်, နာရီ, နို့ အထည်, ဓား, ဓာတ်သတ္တု | ၇/၀ | အနက်, နက်ပြာ |

www.burmeseclassic.com

(လောရှမ်း)

# လာဘ်ရွှင် ဈေးခေါ် အစီအရင်

သန်းထွန်းသိန်း
(ဘားအံ)

လူ့လောကတွင် အများနည်းတူ နေထိုင်နိုင်ရေးအတွက် ရောင်းဝယ်ဖောက်ကား သွားလာကြသည်။ အိမ်ဆိုင်မှသည် ကုန်စုံဆိုင်ကြီးများအထိ ဖွင့်လှစ်ရောင်းချကြသည်။

မိမိတို့ ဖွင့်လှစ်ထားသော ဈေးဆိုင်များ ရောင်းကောင်းအောင် တောထဲမှ နွယ်လိမ်၊ နွယ်ဝင်တို့ကို မိမိတို့ဆိုင်မျက်နှာစာတွင် ချိတ်ဆွဲထားတတ်ကြသည်။ အသုံးပြုနေသော ငွေစက္ကူပေါ်တွင် လာဘ်ခေါ် အင်း၊ စမများ စီရင်ကာ ဆောင်ထားတတ်ကြသည်။

နယ်စပ်ဒေသတွင် စာရေးသူရောက်ရှိစဉ် နယ်စပ်ဒေသသုံး လာဘ်ရွှင်ဈေးခေါ်နည်းကို လေ့လာမိပါသည်။ **ဘုရားသုံးဆူမြို့၊ ဓမ္မဟောဝန်ကျောင်း ဦးပဥ္စင်းကြီး ဦးပညာထံ**မှ ရရှိသည်။

'ဦးပဥ္စင်းဘုရား၊ လာဘ်ရွှင်ဈေးခေါ်တဲ့နည်းက ဘယ်လိုနည်းလဲ အမိန့်ရှိပေးပါဦး ဘုရား'

'နည်းတွေကတော့ အတော်ကိုများပါတယ်။ ဦးပဥ္စင်း အသုံးပြုတဲ့နည်းကတော့ နံကို အဆင့်ဆင့်ယူတဲ့နည်းဖြစ်ပါတယ်'

'အချို့ဆိုရင် ကိုယ်ရောင်းနေတဲ့ ဈေးဆိုင်ပေါ်မှာ လာဘ်ကောင်ဖြစ်တဲ့ ဇီးကွက်ရုပ်ကြီးတွေ တင်ထားတတ်ကြတယ်။ ဒါပေမယ့် အဲဒီ ဇီးကွက်ရုပ်ကြောင့် လာဘ်ရွှင်ပေမယ့် အဲဒါကို မလိုတဲ့လူတွေက ဖျက်လို့ရတယ်'

'ဘယ်လို ဖျက်မှာလဲ ဘုရား'

'ဇီးကွက်ဆိုတာ သိန်းငှက်ကို အကြောက်ဆုံးပဲ။ ဇီးကွက်ကိုနိုင်တယ်၊ ဇီးကွက်ဟာ သိန်းငှက်ရဲ့အစာ ဟုတ်ရဲ့လား ဒကာကြီး'

'ဟုတ်ပါတယ် ဘုရား'

'အဲဒီ သဘောတရားအရ ဇီးကွက်ရုပ်နားမှာ သိန်းငှက်ရုပ်ကိုဖြစ်စေ၊



လောရှမ်း လာဘ်ရွှင်ဈေးခေါ်နည်းပြောပြနေသော ဦးပညာ

သိန်းငှက်ရုပ်ကို စက္ကူပေါ်မှာ ရေးဆွဲပြီးတော့ဖြစ်စေ၊ ဇီးကွက်ရုပ်နားမှာ ထားလိုက်တာနဲ့ အဲဒီဇီးကွက်ရုပ်ဟာ လာဘ်မရွှင်တော့ဘဲ လာဘ်တိတ်သွားတော့တယ်'

'ဟုတ်လား ဘုရား၊ အရှင်ဘုရားနှင့်တွေ့မှပဲ ဒါကို သိခွင့်ရတော့တယ်။ ဒါဖြင့် ဘယ်လို ဈေးခေါ်လာဘ်ရွှင်အောင် စီရင်ရမလဲ ဘုရား'

'လာဘ်ရွှင်အောင် စီမံနည်းကတော့ **ဆွဲခြင်းလုလုလေး တစ်လုံးကိုယူ၊ အဲဒီထဲမှာ စက္ကူကိုခင်း၊ စက္ကူပေါ်မှာ ဆန်ကွဲ၊ ဇီး(ဆီး)ကင်း (သို့မဟုတ်) ဇီး(ဆီး)ခြောက်၊ ဆားခါးကိုထည့်၊ အပေါ်က ဆန်ခါ၊ ဆန်ကော၊ ဇီး(ဆီး)ကိုင်းတွေကို အလှဆုံးဖြစ်အောင် စီစဉ်ပြီးထည့်၊ ပြီးရင် ဆိုင်ရဲ့မျက်နှာစာမှာ ဆွဲချိတ်ထားလိုက်ရင် အလွန် ဈေးခေါ်ကောင်းပြီး လာဘ်ရွှ[illegible] ပါလိမ့်မယ်'**

'အဲဒီ ဈေးခေါ်နဲ့ပတ်သက်ပြီး နည်[illegible] နည်းရှင်းပြမယ်။ ဈေးခေါ်ဆိုတာ ဈေ[illegible] က အင်္ဂါနံ(၃)ဂဏန်း၊ ခေါ်က တနင်္လာ[illegible] နံ(၂)ဂဏန်း။ ဒါကြောင့်မို့...


* * *

"**ဈေးခေါ်**"ဆိုတဲ့နံကို ထပ်ကာ[illegible] ထပ်ကာ (၇)ဆင့်တင်ထားတဲ့ အ[illegible] အရင်ပေါ့။ အဲဒီလို တူတဲ့နံကို အဆ[illegible] ဆင့် တင်လိုက်ရင် (မူလဟာ) အလို[illegible] အားကောင်းလာတယ်'

'ဒီ ဈေးခေါ် အစီအရင်တွေ[illegible] ဘယ်လို လောကီနည်းတွေနှင့် [illegible] ဖျက် မပျက်နိုင်တဲ့နည်းတွေ[illegible] လွန်ခဲ့[illegible] အနှစ်(၂၀)ကျော်လောက်က (လော[illegible]

စာမျက်နှာ (၁၃၆) သို့

www.burmeseclassic.com



၂၀၁၄ ခုနှစ်၊ မေလအတွင်း
ပုံရိပ်ရှင်တို့၏

# ကံကြမ္မာ

ဟူကျင်းဇီ (Hu Jin Zhi)



÷ ကြွက်နှစ်ဖွား

အခက်အခဲ ပြဿနာအားလုံး ပြေလည်သွားလိမ့်မည်။ မျှော်လင့်ချက် အိပ်မက်လှလှကလေးများ အကောင် အထည်ပေါ်လာမည်။ ကံကြမ္မာ တစ်ဆစ်ချိုးပြောင်းလဲ၍ မျက်နှာသာပေးခြင်း ခံရသောကာလ ဖြစ်သည်။

စားဖို အသုံးအဆောင်ပစ္စည်းများ ဝင်ကိန်းရှိသည်။ အများအကျိုး ဆောင်ရွက်ရမည်။ မိတ်ဆွေတိုးပွားနိုင်ပါသည်။



÷ နွားနှစ်ဖွား

ငွေကြေးလာဘ်လာဘ အတန်အသင့် ရွှင်လန်းသောသမယ ဖြစ်သည်။ စာရင်းဟောင်း ကြွေးမြီဟောင်းတို့မှ ရရန်ရှိသော ငွေကြေးများပြန်လည် ရရှိနိုင်သည်။

နေအိမ်တွင်းရှိ ပိုးမွှားတိရစ္ဆာန်အချက်အဆီးများ လျော့နည်းသွားလိမ့်မည်။ ထီး၊ ခမောက်၊ ဦးထုပ်၊ ခေါင်းစည်း ကိုယ်အထက်ပိုင်း အဆင်တန်ဆာ ဝင်ကိန်းရှိသည်။



÷ ကျားနှစ်ဖွား

လေ့လာ မှတ်သားထားသော အတတ်ပညာ၊ အသိပညာများကြောင့် မျက်နှာပွင့်လန်းမည်။ စိတ်ကြည်လင်ပေါ့ပါးဖွယ် ဣဋ္ဌာရုံမြင်ကွင်းများ ကြုံဆုံတွေ့မြင်ရဖွယ် ရှိသည်။

ပန်းပု၊ ပန်းယွန်း၊ အိမ်ထောင်ပရိဘောဂနှင့် ဒေါင်းရွှေထည်(နှီး၊ ဝါး၊ ကြိမ်တို့ဖြင့် ရက်လုပ်ထားသည့်ပစ္စည်း)များ အကျိုးပေးလိမ့်မည်။



÷ ယုန်နှစ်ဖွား

စိတ်မချမ်းမြေ့ဖွယ် အဖြစ်အပျက်များ မြင်တွေ့ရကိန်းရှိသည်။ အခြွေအရံ လက်အောက်ငယ်သား ဒုက္ခပေးနိုင် သည်။ မျက်စိနှင့် ပတ်သက်သော ရောဂါဝေဒနာများ ကြိုတင်ကာကွယ် ကုသပါ။

ဆင်ခြင်တုံတရား အားနည်းသော ကာလဖြစ်ရာ လုပ်ငန်းဆောင်တာများကို သေချာစေ့စပ်စွာ စူးစမ်းပြင်ဆင်ပြီးမှ လုပ်ဆောင်သင့်သည်။



✣ နဂါးနှစ်ဖွား

ငွေကြေးအမြောက်အမြား ပိုင်ဆိုင်ခွင့်ရနိုင်သောကာလ ဖြစ်သည်။ လာဘ်လာဘရွှင်လန်းသွက်လက်၍ စီးပွားလုပ်ငန်းများ ကြီးပွားအောင်မြင်မည်။

သတ္တု (သံ,သွပ်,ကြေး,ငွေ စသည်) နှင့် ပတ်သက်သော လုပ်ငန်းများ အကျိုးပေး ထက်သန်လိမ့်မည်။ နဂါးလုလင်တို့မှာ ကြင်ရာဇနီး ပါဝင်ကိန်း ရှိသည်။



✣ မြွေနှစ်ဖွား

ပူဇော်ချီးမြှောက်ခြင်း ခံရတတ်သည်။ ဩဇာတိက္ကမ ကြီးမားသောကာလ ဖြစ်သည်။ ပတ်ဝန်းကျင်နှင့် မိတ်ဆွေ အသိုင်းအဝိုင်းကြားတွင် အလေးပေးခြင်း ခံရမည်။

အမွေအနှစ် ခံစားရကိန်းရှိသည်။ ဆိုးဆေး၊ အဖျော်ယမကာနှင့် ရေထွက်ပစ္စည်းများ အကျိုးပေးသန်မည်။ မြွေလုံမပျိုတို့ အားကိုးအားထားပြုစရာ ခင်ပွန်း ရရှိနိုင်သည်။



✣ မြင်းနှစ်ဖွား

သွားပုပ်လေလွင့် ပြောဆိုရှုတ်ချခြင်း ခံရဖွယ်ရှိသည်။ ပြောစကားဆိုစကား မအောင်မြင်၊ လျစ်လျူပြုခြင်း ခံရတတ်သောကာလ ဖြစ်ရာ မိမိနှင့် တိုက်ရိုက် သက်ဆိုင်မှုမရှိသော အဖြစ်အပျက် ကိစ္စများတွင် စွက်ဖက်မိခြင်း မရှိအောင် သတိထားရှောင်ကြဉ်ပါ။

ကျောက်ကပ်နှင့် ပတ်သက်သော ရောဂါများ ခံစားရကိန်းရှိသည်။



✣ ဆိတ်နှစ်ဖွား

ငွေကြေး အတန်အသင့် ချောင်လည်မှု ရှိပါသည်။ သိထားမှတ်ထားသော အသိအတတ်ပညာရပ်များမှလည်း ငွေကြေးလာဘ်လာ အတိုအထွာများ ဝေဝေဆာဆာဝင်လာနိုင်သည်။

အဆုတ်နှင့် အူမဆိုင်ရာ ရောဂါများ သတိထားပါ။ စွမ်းအင်မဲ့စက်များ ဝင်ကိန်း ရှိသည်။ အမွှေးနံ့သာ၊ ရေမွှေး လက်ဆောင်ရတတ်သည်။



✣ မျောက်နှစ်ဖွား

အိမ်ခြံမြေ ဝင်ကိန်း ရှိသည်။ အကြံအစည် အောင်မြင်မည်။ ကြွေထည်၊ မြေထည်၊ ကျောက်ထည် ပစ္စည်းများမှ အကျိုးအမြတ်များစွာ

www.burmeseclassic.com

ရရှိနိုင်သည်။

ကတိစကား မှန်ကန် တည်ကြည်မှု ကြောင့် စီးပွား အရောင်းအဝယ် လုပ်ငန်းဆောင်တာများ အဆင်ပြေ အောင်မြင်လိမ့်မည်။ မျောက်နှစ်ဖွား အိမ်ရှင်မတို့ သားသမီးရတနာ တိုးပွား နိုင်သည်။

✣ ကြက်နှစ်ဖွား



ငွေကြေးပြဿနာ ကြီးကြီးမားမား ရင်ဆိုင်ရဖွယ် မရှိပါ။ စုဆောင်းထားသော ငွေကြေး အတွင်း ပစ္စည်းများ တိုးပွားလာနိုင်သည်။ စား ကောင်းသောက်ဖွယ် ရရှိတတ်သည်။

မာတုပေဒပစ္စည်း၊ တွင်းထွက်ပစ္စည်း များ အကျိုးပေး ထက်သန်မည်။ ကုန်းကမူနှင့် လွင်ပြင်ကျယ် ပေါ်များ ရာ နေရာဒေသများသို့ အလည်အပတ် ရောက်ရှိနိုင်သည်။

✣ ခွေးနှစ်ဖွား



ငွေကြေးနှင့် ပတ်သက်၍ ပရမ်းပတာ ဖြစ်ရတတ် သဖြင့် ကြိုတင်၍ စနစ်တကျ စီမံ ခန့်ခွဲသင့်သည်။

ဥပဒေနှင့်ငြိစွန်းသော ပစ္စည်း ငွေကြေး၊ လောင်းကစားလုပ်ငန်းများ ကြောင့်လည်း စီးပွားဥစ္စာ လျော့ပါး ပျက်ပြားနိုင်ခြေ ရှိသည်။

ဖခင်နှင့် ဆွေမျိုးသားချင်းများ အတွင်း ဒုမင်္ဂလာရေးကိစ္စ ပေါ်ပေါက် ၍ ငွေကုန်လူပန်း ဖြစ်ရကိန်းရှိသည်။

✣ ဝက်နှစ်ဖွား



ရင်ဆိုင်ကြုံတွေ့နေရ သော စီးပွားရေး၊ ကျန်းမာရေး အခက်အခဲပြဿနာများ လျော့ပါး ပြေလည်သွားနိုင်သည့်ကာလ ဖြစ် သည်။

ဝတ်ကောင်းစားလှ ဝတ်စား ဆင်ယင်ကာ ပွဲနေပွဲထိုင် သွားရတတ် သည်။

မိတ်ဆွေအပေါင်းအသင်း တိုးပွား နိုင်သည်။ လျှပ်စစ်အသုံးအဆောင် ပစ္စည်းများ အကျိုးပေးမည်။ နှလုံးနှင့် အူသိမ်ဆိုင်ရာရောဂါ သတိထားပါ။

ဤလတွင် ကံကြမ္မာ နိမ့်ပါးနေသူ များသည် **သက်လတ်ပိုင်းအမျိုးသား (ရဟန်းသံဃာအပါအဝင်)** တစ်ဦး အား စနေနေ့တွင် ဖိနပ်တစ်ရန်လှူဒါန်း ၍ ဤကောင်းမှုကြောင့် ယခု မေလ အတွင်း ကြုံဆုံရဖွယ်ရှိသော လောကဓံ အဆိုးတရားများကို ကြံ့ကြံ့ခံကာ ကျော်ဖြတ်နိုင်ပါစေဟု ဆုတောင်းပါ။

***ကြိုဆောင်သမျှ အောင်မြင်ကြပါစေ***

**ဟူဂျင်းဇီ** *(Hu Jin Zhi)*

စာမျက်နှာ (၁၃၄)မှ အဆက်

**'ဈေးခေါ်'** = အင်္ဂါ+တနင်္လာ = ၃+၂ ဖြစ်တယ်။
၁။ **ဆွဲခြင်း** = အင်္ဂါ+တနင်္လာ = ၃+၂ ဖြစ်တယ်။
၂။ **စက္ကူ** = အင်္ဂါ+တနင်္လာ = ၃+၂ ဖြစ်တယ်။
၃။ **ဆန်ကွဲ** = အင်္ဂါ+တနင်္လာ = ၃+၂ ဖြစ်တယ်။
၄။ **ဇီး(ဆီး)ခြောက်** = အင်္ဂါ+တနင်္လာ = ၃+၂ ဖြစ်တယ်။
၅။ **ဆန်ခါ** = အင်္ဂါ+တနင်္လာ = ၃+၂ ဖြစ်တယ်။
၆။ **ဆန်ကော** = အင်္ဂါ+တနင်္လာ = ၃+၂ ဖြစ်တယ်။
၇။ **ဇီး (ဆီး)ကိုင်း** = အင်္ဂါ+တနင်္လာ = ၃+၂ ဖြစ်တယ်ကို တွေ့ရမယ်။

ရှမ်း) ဘုန်းတော်ကြီးတစ်ပါး ထိုင်း နိုင်ငံကုန်စုံဆိုင်တွေ၊ ကုန်တိုက်တွေမှာ လာဘ်ရွှင်အောင် အသုံးပြုခဲ့တဲ့နည်း ဖြစ်ပါတယ်'

'တင်ပါဘုရား၊ အခု ဆရာပြောတဲ့ နည်းလေးကို အများသိအောင် နက္ခတ္တ ရောင်ခြည် ရသစုံမဂ္ဂဇင်းမှာ ရေးမယ် ဆိုရင် ခွင့်ပြုနိုင်ပါ့မလား'

'ရပါတယ် ပိုကောင်းတာပေါ့။ နည်း ပညာဆိုတာက လက်တွေ့လုပ်ကြည့် မှ သိတာပါ။ ဒီနေ့အချိန်မှာ လောဘ၊ ဒေါသတွေ၊ ထူပြောပြီး အချင်းချင်း မေတ္တာမဲ့နေကြတယ်။

ဒီတော့ ဒါန၊ သီလ၊ ဘာဝနာ အလုပ်တွေကို အတတ်နိုင်ဆုံး ကျင့် သုံးကြပြီး မေတ္တာပွားများကြဖို့ ပြော ချင်တယ်'

ဟု စာရေးသူအား အမိန့်ရှိလိုက် ပါသည်။

စာဖတ်သူများအနေနှင့် ဖော်ပြပါ လာဘ်ရွှင်စေသော "**တုတ်ခဲ့နံကို အဆင့် ဆင့်**" အသုံးပြုနည်းမှာ လွယ်ကူပြီး လာဘ်ရွှင်စေသည်ဟု သိရှိလာရသည် အတွက် မေတ္တာရှေ့ထား၍ ရေးသား ဖော်ပြလိုက်ရပါသည်။

**အနန္တမေတ္တာများဖြင့်...**

**သန်းထွန်းသိန်း (ဘားအံ)**



www.burmeseclassic.com

www.burmeseclassic.com

'ဦးဦး ကိုအညာကို မှတ်မိသေး သား'

'ဘယ်မမှတ်မိဘဲ ရှိပါ့မလဲ သူ ဘယ်မှာ ရှိနေလို့လဲ'

'မုပ္ပန်ဘုရားမှာ ကပ်ပြီး ကပ္ပိယလုပ် နေတယ်။ ဟိုတစ်နေ့က တွေ့လို့ ကျွန်တော့်ကို ဟောဒီပုံကလေး ပေး လိုက်တယ်။ **လာဘ်ရှင်စေတဲ့ အဆောင်တဲ့။** ဟုတ်ပါ့မလား ကြည့် ပြီး'

'ဒီကောင်က အလုပ်စုံတော့ လူစုံနဲ့ တွေ့တတ်တယ်။ ဒီတော့ ဖြစ်နိုင်ပါ တယ်။ ဒါကို တစ်နေရာရာမှာ တွေ့ဖူးပါ တယ်'

'ဟုတ်ပြီ တို့တွေ တောင်ရိုးတန်း ခဏလောက် တက်ကြည့်စို့။ စေတီ တစ်ဆူဆူမှာ ဖြစ်နိုင်တယ်'

သို့ဖြင့် တူကလေးအောင်အောင် နှင့်ကျွန်တော် ပေါင်း နှစ်ဦးသား ဦးဇိနဘုရား ဦးခန္တီ သာသနာ ၂၅၀၀ စသည် ဖြင့် တစ်ဆူစီကို စေ့စပ်စွာ လေ့လာ ကြည့်ကြသည်။ ထိုပုံကိုမူ မတွေ့ရ သေး။

'မောပြီ ဦးဦးရာ ခဏလောက် နားကြစို့'

'အေး... ဟောဒီ တောင်ဆင်းလမ်း ဘေးက လက်ဖက်ရည်ဆိုင်ကလေး မှာ နားကြတာပေါ့'

လက်ဖက်ရည်ဆိုင်တွင်း ရှိနေစဉ် သားကို ကျယ်လောင်စွာ ပြောဆို တတ်သော အသက်(၇၀)နှစ်ခန့် လူကြီးတစ်ဦးအား လက်ဖက်ရည် သောက်နေစဉ် စုံစမ်းကြည့်ရာ...

'ဪ ဒီတောင်ပေါ်က အောင်တော်မူ ဘုန်းကြီး ကျောင်းမှာ နေတာပဲ။ ဒီပုံကို သိတာပေါ့။ ကျိုက်သန်လန်စေတီ ကြာသပတေးအရပ်က ခေါင်းလောင်းမှာ တွေ့ဖူးတယ်။ အခုတော့ ဆွမ်းတွေ ဝိန်းပိတ်အောင် သုတ်ထားလိုက် တာ မင်းတို့အတော်ကြီး ဂရုစိုက်ကြည့်မှ တွေ့နိုင်တော့မယ်'

သို့ဖြင့် လက်ဖက်ရည်ဆိုင်မှ အထွက်တွင် **ကျိုက်သန်လန်ရင်ပြင် ကြာသပတေးအရပ်သို့** သွားရောက် ကြသည်။

# လာဘ်ရှင်စေသည့်

နှုတ်ဆိုင်မျက်ဆိုင် စင်ရော်တောင်


(စင်ညိုငယ်)



◆ ကျိုက်သန်လန်ရင်ပြင် ကြာသပတေးထောင့်မှ မဓေသရဃဏ္ဍာခေါင်းလောင်းတော်

သက္ကရာဇ် ၁၂၀၈ ခုနှစ်၌
မဟာသုဿပွဲလူ့မင်း လှူဒါန်းသည့်
မဓေသရဃဏ္ဍာခေါင်းလောင်းတော်
ကမ္ဘည်းပါ ခေါင်းလောင်းကြီးသည်
ကြေးကွင်းတွင် ခြင်္သေ့(၂)ကောင် ထိပ်
၍ နရားရုပ် ပွတ်သီးကွင်းဖြင့် လျှိုသား

www.burmeseclassic.com



လေသည်။ ခေါင်းလောင်း၏ မျက်နှာနှစ်ဖက်တွင် "အောင်အောင်"ပြသော စာရွက်မှ ပုံစံအတိုင်း **စင်ရော်(၂) ကောင် တောင်ပံဖြန့်၍ မျက်နှာတူရူ ပျံသန်းနေပုံကို မထင်မရှား တွေ့ရသည်။**

ချေးညှော်များ၊ ငွေမင်စများအား ဘောလ်ပင်ထိပ်ကလေးဖြင့် အသာခြစ်ကြည့်လေမှ ပါးလျားသော ကောက်ကြောင်းကို ရေးရေးမြင်လေသည်။ ကြေးထွင်းကညစ်ရာမှာ အတန်ပင် သေးငယ်လှသည်။

ဆုတောင်းစာတွင်ကား **"မဟာလာဘ ပြည့်စုံပါစေ"**ဟု ညွှန်ပြထားသည်ကို တွေ့ရှိရလေသည်။

'လာဘ်ပွင့်အဆောင်ဆိုတာတော့ သေချာသွားပြီ။ ဒါပေမယ့် သီလ လုံခြုံရင် ပိုပြီး အစွမ်းထက်တာပေါ့။ လူငယ်တွေအဖို့တော့ ဝန်လေးမယ်ဆိုရင် အဖြစ်နိုင်ဆုံးသီလ နှစ်ပါး,သုံးပါးလောက်ကို လုံခြုံအောင် ထိန်းနိုင်ရင် အကျိုးရှိမှာပါ'

'ဟုတ်ကဲ့ ကျွန်တော်က ဖြစ်နိုင်, မဖြစ်နိုင် သိချင်တာပါ။ စိတ်ကို ပိုင်နိုင်လို့ သီလစောင့်နိုင်တဲ့အချိန်မှ ဒီအဆောင်ကလေးကို အသုံးပြုမှာပါ'

မဇ္ဈိမသရဃဏ္ဍာ ခေါင်းလောင်းတော်ပါ လာဘ်ပွင့်အဆောင်**(ငှက်နှစ်ကောင် တောင်ပံဖြန့် မျက်ဆိုင်နှုတ်ဆိုင်ပုံ)**ကို ဆောင်ထားလိုသူများသည် ဤပုံစံအား မိတ္တူရေးကူးကာ သမ္မာဒေဝနတ်မြတ်များအား တိုင်တည်၍ အသုံးပြုနိုင်လေသည်။

**ဖင်ညိုငယ်**

## စာမူရှင်များသို့ . . .

**ပေးပို့သော**

**စာမူများကို**

**မူပွား**

**ထားကြပါရန်နှင့်**

**မရွေးချယ်ပါက**

**ပြန်လည်ပေးပို့မည်**

**မဟုတ်ပါကြောင်း**

**အသိ**

**ပေးအပ်ပါသည်။**

လေးစားစွာဖြင့်. . .


**နက္ခတ္တရောင်ခြည်မဂ္ဂဇင်း**





www.burmeseclassic.com

www.burmeseclassic.com



ဆွေကောင် (သိဒ္ဓိရာဇာ)
နဝင်းမြို့တော်

အဝိဇ္ဇာပညာရှင်များအတွက်

# နမောဂါထာပြန်

နှင့် ရုပ်(၁၀၈)မျိုး

ဘနုဂ်နွေနေ့...။

၁၃၄၈ ခုနှစ်၊ တပေါင်းလဆန်း(၉)ရက်[၁၉၈၇ ခုနှစ် မတ်လ(၈)ရက်]နေ့ကပါ။ စာရေးသူ၏မိတ်ဆွေ ဦးတင်အောင်(ဗိုလ်တထောင် ကွမ်းယာနှင့်ကုန်စုံဆိုင်) အမှတ်(၉)ရပ်ကွက်က စာရေးသူကို ဝင်ရောက်ခေါ်သဖြင့် မိတ်ဆွေနှင့်အတူ လိုက်သွားဖြစ်ခဲ့ပါသည်။

စာရေးသူတို့မြို့၏ အရှေ့ဘက် (၂) မိုင်ခွဲခန့်လောက် အဝေးမှာရှိသည့် တွဲတဲကျေးရွာ ရိပ်သာကျောင်း ဆရာတော်ကို ဖူးရန်ဖြစ်ပါသည်။

ဆရာတော်သည် အလွန် အနေချစ်လျစ်ပြီး ကြည်ညိုစရာ ကောင်းပါသည်။ စာရေးသူတို့နှစ်ယောက်မှာ စက်ဘီးတစ်စီးနှင့် သွားလိုက်ကြတာ မိနစ်(၃၀)ခန့်အကြာမှာ ရိပ်သာကျောင်းကို ရောက်ပါတော့သည်။

စာရေးသူနှင့် စာရေးသူ မိတ်ဆွေတို့က ဦးစွာ ကျောင်းတိုက်အတွင်းက ဘုရားပွားတော်ကို ဦးတိုက်ကန်တော့ကြပြီး ဆရာတော်ကို ဖူးမြော်ကန်တော့ကြပါသည်။

ဆရာတော်နှင့် မနီးလွန်း မဝေးလွန်းသည့် နေရာကို ရွေးပြီး ရိုသေစွာ ထိုင်လိုက်ကြပါသည်။

စာရေးသူမိတ်ဆွေနှင့် ဆရာတော်သည် အလွန်ရင်းနှီးကြသည့် ဆရာရင်း တကာရင်းတွေ ဖြစ်ပါသည်။

စာရေးသူကို ဆရာတော်နှင့် မိတ်ဆက်စကား လျှောက်ထားပေးပါသည်။ နောက် ဆရာတော်၏ နှစ်လိုဖွယ် အဆုံးအမဩဝါဒကို ဝမ်းမြောက်စွာ နာကြားခဲ့ရပါသည်။

ဆရာတော်က စာရေးသူ၏ အမည်၊ အလုပ်အကိုင်တို့ကို မေးမြန်းသဖြင့် စာရေးသူ ရိုသေလေးစားစွာ ပြန်လည်လျှောက်ထားခဲ့ပါသည်။ နောက် စကားဆက်ပြောနေကြရင်း အမှတ်မထင် ဆရာတော်က...

'ဒါယကာကြီးကို ဘုန်းကြီးအနေနဲ့ ဂါထာတစ်ပုဒ်တော့ ပေးလိုက်မယ်။ ယုံယုံကြည်ကြည် ရွတ်ဖတ်ပူဇော်မယ်ဆိုရင် အကျိုးထူး အမျိုးမျိုးကို ရရှိပါလိမ့်'

ဟု မိန့်ကြားတော်မူပါသည်။

ဂါထာတော်သည် "**နမောတဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ**"ကို အရကောက်ထားသည့်ဂါထာ။ ဂါထာတော် အရကောက်ပုံကိုလည်း နားလည်အောင် ရှင်းပြပေးပါသည်။ "**နမောဂါထာပြန်**"ဟု ခေါ်ကြောင်းလည်း မိန့်ဆိုပါသည်။

ထိုဂါထာမှာ ဗားမဲ့ကျမ်းရင်းတွင် ပါရှိပါသည်။ နမောဂါထာပြန်ဂါထာကို အောက်တွင် ရေးသားဖော်ပြပေးလိုက်ပါသည်။

* * *

ဖြစ်ပါသည်။ ဆရာတော် ချီးမြှင့်သော စကားများနှင့် စာရေးသူ အတွေ့အကြုံတို့ကို အဆင်ပြေအောင် ရေးသား ဖော်ပြလိုက်ပါသည်။

နမောဂါထာပြန် (တစ်နည်း) နမောပြန်ဂါထာတော်ကို တစ်နေ့လျှင် (၉) ခေါက်၊ အနည်းဆုံး ရွတ်ဆိုရမည်ဆိုလျှင် လာဘ်ရွှင်စေခြင်း၊ အနာရောဂါကင်းခြင်း၊ ဘေးဥပဒ်ကင်းရှင်းခြင်း၊ သူတစ်ထူး၏ မကောင်းသော အကြံအစည်နှင့် မကြံစည်နိုင်ခြင်း၊ ပရလောကနှင့် စပ်ဆိုင်သော ပယောဂများ၊ စုန်းတိုက်၊ နတ်တိုက်များတို့၏ အနှောင့်အယှက်တို့မှ ကင်းဝေးခြင်း

www.burmeseclassic.com

## နမောဂါထာပြန်

နမောတဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။
***နမောတတ်သ ဘဂဝတော အရဟတော သမ်မာသမ်ဗုတ်ဓတ်သ [အသံထွက်]***
ဝမ္မာ တရုဋ္ဌ ဂဿမော အမ္ဗုဘာတော နတော ဿဿဟာဿ။
***ဝမ်မာ တရုတ်ဓ ဂဿမော အမ်ဗုဘာတော နတော သတ်သ ဟတ်သ [အသံထွက်]***
ဿတော တမ္ဗုဟ ဂနမ္မာ အဿဒတော ဝမော ဿရာဿ။
***ဿတောတမ်ဗုဟ ဂနမ်မာ အတ်သဓတော ဝမောသရာတ်သ [အသံထွက်]***
နမောတဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

စသည့် အကျိုးများ ခံစားရကြောင်း...

လူများနှင့် နတ်တို့၏ ချစ်ခင်လေးစားမှုကို ခံစားရကြောင်းတို့ကို အကျယ်တဝင့် ရှင်းလင်းပြောကြားခဲ့ပါသည်။

နမောပြန်ဂါထာသည် ဝိသေသ အထူးရှိသော ဂါထာဖြစ်ကြောင်း၊ **အင်္ဂရတ် ဝါသနာရှင်များအတွက် အလွန် စိတ်ဝင်စားဖွယ်ရာ ဝိဇ္ဇာရေ ဂမ္ဘီရပညာမှ ထူးခြားဆန်းပြားသည့် ဖြစ်စဉ်ကို မိန့်ကြားခဲ့ပြန်ပါသည်။**

လုပ်ထုံးလုပ်နည်း အပြည့်အစုံကို ဖော်ပြပေးလိုက်ပါသည်။ ထိုလုပ်ထုံးနည်းကို အကျင့်သီလ ခိုင်ကြည်သူများသာ လုပ်ကိုင်သင့်ကြောင်း၊ အလိုဆန္ဒ ပြည့်ဝနိုင်ပြီး မိမိ၏ ပါရမီအလျောက် သိဒ္ဓိအမျိုးမျိုး ပေးစွမ်းကြောင်း...

ထိုနည်းလမ်းများမှာ လမ်းနှစ်သွယ် ဖြစ်ကြောင်း၊ တစ်နည်းမှာ "**ရုပ်(၁၀၈) မျိုး ပေါ်ထွန်းသော ရုပ်ပေါ်လမ်း**" ဖြစ်ပြီး တစ်နည်းမှာ "**နဝသိဒ္ဓိလမ်း**" ဖြစ်ကြောင်းကို ရှင်းလင်းဖော်ပြပါသည်။

ပထမ အစီအရင်ဖြစ်သော "**ရုပ် (၁၀၈)မျိုး ရုပ်ပေါ်လမ်း**" အဆင့်ကြီး သုံးဆင့် ပိုင်းခြားထားပါသည်။ လုပ်ထုံးအပြည့်အစုံမှာ...

### ရုပ်(၁၀၈)မျိုး ရုပ်ပေါ်လမ်း

ပထမအဆင့်

ရုပ်ပေါ်လမ်းကို စီမံဆောင်ရွက်လိုလျှင်...

၁။ မည်သည့်လတွင်မဆို ရက်မြတ် ရက်ကောင်းဖြစ်သော နေ့တစ်နေ့ကို ရွေးချယ်နိုင်ပါသည်။
၂။ ထို နေ့ကောင်းရက်မြတ်တွင် သာသနာပွဲတစ်ပွဲ တည်ခင်း ကပ်လှူရပါမည်။ သာသနာပွဲတွင်...
 (က) အုန်းတစ်လုံး
 (ခ) ငှက်ပျောဖီး
 (ဂ) ဖယောင်းတိုင်(အလင်းတိုင်)
 (ဃ) အမွှေးတိုင်(နံ့သာတိုင်)
 (င) အောင်သပြေ
 တို့ ပါဝင်သော ကန်တော့ပွဲ ဖြစ်ရပါမည်။
၃။ စီမံဆောင်ရွက်သူသည် နဝင်္ဂသီလ ခံယူရပါမည်။
၄။ ခုနစ်နေ့ သားသမီးများ၊ နတ်များ၊ သိကြားဗြဟ္မာ (အထူး)အားဖြင့် သာသနာတော်စောင့် နတ်မင်းကြီးများ၊ စတုလောကပါလနတ်မင်းကြီးလေးပါးနှင့် ဆေးဝိဇ္ဇာ၊ ပြဒါးဝိဇ္ဇာ၊ သံဝိဇ္ဇာ၊ အင်းဝိဇ္ဇာ(ဝိဇ္ဇာလေးပွါး)တို့ကို မေတ္တာပို့သပါ။
၅။ ရုပ်(၁၀၈)မျိုး လမ်းစဉ်မှ အထူး
 အထက်မြတ်ဆုံးသော ရုပ်တစ်
 ပေးကမ်းချီးမြှင့်ရန် တောင်းခံ

ဒုတိယအဆင့်

ရုပ်ပေါ်လမ်း စီမံရန်အတွက် ငွေ ငွေကောင်း (သို့မဟုတ်) ဘော် ( လော်ဘော်ဆိုလျှင် ကောင်းပါသည် ကို အလေးချိန် ၅(ငါးကျပ်သား) အပြားခတ်ရပါမည်။

ငွေစင်ငွေကောင်း သို့မဟုတ် ဘော ပြားပေါ်တွင် နမောပြန်ဂါထာတော် လေးပိုဒ်ကို တစ်တန်းတစ်ကြောင်း အောင် လေးတန်း ရေးသားရပါသည် **[စာရေးသားရာတွင် အက္ခရာ ပီ ရန် လိုပါသည်။]**

နောက် "**လက်ဖွဲ့အရင်း၊ အ အဖျား**"အမှာစကားရှိသည့်အတွ နမောဂါထာပြန် ရေးသားပြီးသော ငွေပြား (သို့မဟုတ်) ဘော်ပြား အစဘက် **(နမော)**ဘက်မှစ၍ လိပ် ရပါမည်။

တတိယအဆင့်

ရုပ်ပေါ်လမ်း စီမံဆောင်ရွက်မည့် ဖို(ဖိုခန်း)ကို အထူး သန့်ရှင်းစင်ကြ စေရပါမည်။

ထို့နောက်...

(က) စတုလောကပါလ နတ်မင်းကြီး များ၊ သာသနာစောင့် နတ်မင်း ကြီးများ၊ သိကြားမင်းနှင့် ဝိဇ္ဇာ လေးပါးတို့အား ဖယောင်းတိုင် (အလင်းတိုင်)၊ အမွှေးတိုင် (နံ့သာတိုင်)တို့ဖြင့် ပေးလှူ ဒါနပြုပါ။
(ခ) ဖိုတွင် သုံးရာ၌ မီးသွေး ရေဆေး၍ စင်ကြယ်အောင် မည်။ ***(သန့်ရှင်းသော မီးသွေး ဖြစ်ရပါမည်။)*** ထိုသို့ အသင့်



www.burmeseclassic.com

www.burmeseclassic.com

လျှင် ဖိုခွင်တွင် မီးမွှေးထားရပါမည်။

(ဂ) လုံနံ့ပါတ် (၅)လောက်ဆိုလျှင် သင့်ပါသည်။ ထိုလုံထဲကို နမောဂါထာပြန် ရေးသားပြီးသော ငွေ သို့မဟုတ် ဘော်လိပ်ကိုထည့်ပါ။ နောက် ဖိုခွင် မီးဖိုထဲသို့ လုံကို တည်ပါ။

(ဃ) လုံကို မီးဖိုတွင် တည်ကတည်းက နမောဂါထာပြန်ကို စတင်ရွတ်ဆိုပါ။ အလောတကြီး ရွတ်ဆိုရန် မဟုတ်ဘဲ အသံဌာန် ညီညွတ်အောင် ဆိုရပါမည်။

နောက် ငွေ (သို့မဟုတ်) ဘော်လိပ်ထားသော ပစ္စည်း အရည်ပျော်လာအောင် ဖိုဆွဲပါ။ အရည်မှာ ကြည်လင်လာအောင် ဖိုဆွဲ(ဖိုထိုး)ရပါမည်။ ဂါထာတော်ကိုလည်း မရပ်မနား ရွတ်ဆိုနေရပါမည်။

(င) အသင့် စီမံပြုလုပ်ထားသော နံ့သာငါးပါးအရည်ထဲသို့ ကြည်လင်စွာ အရည်ပျော်နေသော ငွေ (သို့မဟုတ်) ဘော်အရည်ကို လောင်းထည့်ရပါမည်။

အင်္ဂရတ်ဝါသနာရှင်များ နားလည်ပါသည်။ နံ့သာငါးပါးရည်တွင် **နံ့သာခံရည်**လောင်းခြင်း ဖြစ်ပါသည်။

**မှတ်ချက် ။ ။ ငွေ (သို့မဟုတ်) ဘော်ကို ကျိုရာတွင် လက်ချားမီးအောက် အနည်းငယ် ထည့်သင့်ပါသည်။ မကျွမ်းကျင်သူများ လက်ချားမပါလျှင် ငွေ (သို့) ဘော်သတ္တုများ ထုံနှုတ်ခမ်းတွင် လေစိမ်းတိုက်သဖြင့် အနည်းငယ် ကျန်နေတတ်ပါသည်။ နံ့သာရည် လောင်းချိန်တွင် ဖြစ်တတ်ပါသည်။**

အထက်တွင် ဖော်ပြရေးသားထားသည့်အတိုင်း နံ့သာငါးပါးအရည်လောင်းထည့်ပြီးသည့်အထိ ဂါထာတော် ရွတ်ရပါမည်။

နောက် အေးအောင်စောင့်၍ ထုတ်ယူသောအခါ ပါရမီအလျောက် စီမံဆောင်ရွက်သူနှင့် ထိုက်တန်သော ရုပ်တုရုပ်ပုံတစ်ခု ရရှိမည် ဖြစ်ပါသည်။

ရုပ်(၁၀၈)မျိုးမှ ဥပမာဆိုရလျှင် ရုပ်ပွားဆင်းတုပုံတော်၊ စေတီပုံတော်၊ နတ်သိကြားရုပ်၊ ဝိဇ္ဇာရုပ် စသည်တို့ ဖြစ်ပါသည်။

ထိုသို့ မိမိပါရမီအလျောက် ရပြီးသော ပုံတော်တစ်ဆူကို အထက်တွင် ဖော်ပြခဲ့ပြီးသော သာသနာပွဲရှေ့မှာပင် (၉)ရက်အဓိဋ္ဌာန်ဝင်၍ တစ်နေ့လျှင် (၁၈)ခေါက်၊ (၅၄)ခေါက်၊ (၇၂)ခေါက်၊ (၁၀၈)ခေါက် မိမိ၏ အာရုံရှိသလို နမောဂါထာပြန်နှင့်ပင် သိဒ္ဓိတင်ကြရပါသည်။

ဒီနေရာတွင် စာရေးသူအကြိုက် တင်ပြရလျှင် နမောဂါထာပြန်လေးပိုဒ်ကို ပုတီးတစ်လုံးချစနစ်ဖြင့် (၁၀၈) ဂုဏ်တော် စိပ်ပုတီးတစ်ပတ်စာ ဂါထာတော် ရွတ်ဖတ်၍ ပုတီးစိပ် သိဒ္ဓိတင်ခြင်းကို အထူး နှစ်သက်ကြောင်း ဖော်ပြလိုပါသည်။

သိဒ္ဓိတင်၍ ပြီးဆုံးသောအခါ မိမိနှစ်သက်ရာ နံ့သာရည်ဖြင့် ဆွတ်ဖျန်း၍ ကိုယ်တွင်ပင် ဆောင်လိုက ဆောင်နိုင်ကြပြီး အိမ်တွင် သန့်ရှင်းမြင့်မြတ်သော ဘုရားစင်၊ ဘုရားခန်းတွင်ထား၍ အလိုရှိသလို အသုံးပြုနိုင်ကြပါသည်။

တစ်ခုတော့ မှာကြားရပါဦးမည်။ ''လူ့အလို နတ်မလိုက်နိုင်'' ဆိုစကားသည် တကယ်မှန်သော ကိုယ်တွေ့ဖြစ်ရပ်ဖြစ်၍ သတိပေး ရေးသားလိုက်ပါသည်။

တစ်ခါက ရုပ်ပေါ်လမ်း အစီအရင်ကို ပြုလုပ်ခဲ့ကြပါသည်။ အောင်မြင်စွာဖြင့် ရုပ်တုတစ်ဆူ ရခဲ့ပါသည်။ ကာယကံရှင်က ရလာသော ရုပ်တုကို အားမရ။ **[အားမရပုံမှာ လောဘကြောင့် ဖြစ်သည်။]**

ရရှိသော ရုပ်တုပုံကို ဖိုထဲထည့်ပြီး အရည်ကျို အပြားခတ်၍ ဒုတိယပွဲ စီမံဆောင်ရွက်ပြန်ပါသည်။

ပထမအကြိမ်က ရုပ်တုနှင့် မတူ သီးခြားရုပ်တုတစ်ဆူ ရပြန်ပါသည်။ သို့သော် လောဘသားက မကျေနပ် အားမရ၍ ဒုတိယအကြိမ် ရသော ရုပ်တုကို ဖိုထဲထည့်၍ အရည်ကျိုပြန်ပါသည်။

သူ့စေတနာနှင့်သူ လက်တွေ့အကျိုးပေးပါချေပြီ။ ရုပ်တုမှာ ပုံပျက်ပြားသွားတော့ ငွေ (သို့မဟုတ်) ဘော်အခဲအတုံးသာ ဖြစ်နေပြီး လုံးဝ အရည်မပျော်တော့ပါ။

နာရီအတော်ကြာ ဖိုဆွဲ၍ ကျိုသော်လည်း အခဲက မပျောက်။ ဒီလိုနှင့်ပဲ အခဲကိုသာ သူ့ခမျာ ရယူလိုက်ရရှာပါတော့သည်၊ အလွန် ထူးခြားဆန်းကြယ်လှပါဘိ၏။

ထိုဖြစ်ရပ်မှန်တစ်ခုကြောင့် (၁၀၈) မျိုး ရုပ်ပေါ်လမ်း စီရင်သူသည် တစ်ကြိမ်တည်းသာ ပြုလုပ်ပြီး မိမိနှင့်ထိုက်ရာတန်ရာ ရုပ်တုရုပ်ပုံကိုသာ ပူဇော်ကြ ဆောင်ကြပါရန် အကြံပြုပါရစေ။

**[ရိပ်သာဆရာတော်အား ကိုယ်စိတ်နှလုံး သုံးပါးလုံးဖြင့် ပူဇော်ကန်တော့ပါ၏။]**

***ကောင်းမှုကိစ္စမှန်သမျှ လိုလားတောင့်တတိုင်း ပြည့်စုံကြပါစေ။***

**အောင်(သိဒ္ဓိရာဇာ)**
***နဝင်းမြို့တော်***



www.burmeseclassic.com

www.burmeseclassic.com


စိတ်ဝင်စားဖွယ်ကောင်းသော

# ထိုးမြဲလက်မှတ်များအကြောင်း

ဆရာကြီး ဦးအောင်မြင်
(ဥပဒေဘွဲ့)
လက္ခဏာဗေဒင်ပညာသုတေသီ

၁။

* * *



ယခုလအတွက် ဖော်ပြပေးလိုက်တာကတော့ ရေစကြိုမြို့နယ်မှ အသက် **ငါးဆယ်ခန့် အမျိုးသား တစ်ဦးရဲ့ ထိုးမြဲလက်မှတ်ပုံစံ** ဖြစ်ပါတယ်။

**"မျိုးသိန်း"**ဆိုတဲ့ နာမည်နှစ်လုံးမှ အစ စာလုံးကို လက်မှတ်ရွေးထိုးထား ခြင်း ဖြစ်တယ်။

လက်မှတ်ပုံသဏ္ဍာန်က လုံးတင် ကြီးပြီး အောက်မှာ**မျဉ်းပြိုင်သင်္ကေတ** ရှိတယ်။

ဒါကြောင့် အလုပ်ပိ၊ တာဝန်ပိ ဖြစ်တတ်ပြီး အိမ်ထောင်ရေးကိစ္စတွေ အပြိုင်အဆိုင် အရှုပ်အထွေး ကြုံတတ်တယ်။

လက်မှတ်အပေါ်မှာလဲ **မျဉ်းပြိုင်လို သင်္ကေတ နောက်တစ်ကြောင်းက လုံးကြီးတင်ကို ထိုးဖောက်ထား တယ်။**

'ဒါဟာ မတော်တဆ ဘေးဥပဒ်ကြုံတတ်ပြီး ခန္ဓာကိုယ် ခွဲစိတ်ကုသခံရတတ်တဲ့ နိမိတ်ပုံ ဖြစ်တယ်'

**မြန်မာသက္ကရာဇ် ၁၃၂၈ ခုနှစ်၊ တော်သလင်းလဆွေးတဲ့ ကြာသပတေးသား** ဖြစ်တဲ့အတွက် မူလမဟာဘုတ်ခွင်နဲ့ နာမက္ခရတိုင်စဉ် ချကြည့်ရင် အောက်ပါအတိုင်း တွေ့ရတယ်။


* * *[နံပါတ်-၁]


ကြာသပတေး ဘင်္ဂဖွားဖြစ်သူကို ကြာသပတေးအစ သောကြာအဆုံး မွေးနံကို အညွှန့်အုပ်နာမည် ပေးထားတယ်။ **နာမက္ခရတိုင်စဉ်မှန်၊ ဝုဒ္ဓိမှန် ဖြစ်ပါတယ်။** အနိဋ္ဌဖွားဖြစ်သူကို **အနိဋ္ဌ+အနိဋ္ဌ**နာမည် ပေးထားတာ၊ ဆန်းဝင်တဲ့အတွက် နာမည်အမှား လို့တော့ မသတ်မှတ်နိုင်ပါဘူး။

ဒါပေမယ့် **ဘင်္ဂ(အပျက်)ဌာနက နာမည်အက္ခရာစာလုံးတစ်လုံးတည်း လက်မှတ်ထိုးမယ့်အစား** နာမည် နှစ်လုံးတွဲ လက်မှတ်ထိုးတာ ပိုကောင်း ပါမယ်။

**ငွေအိတ်သင်္ကေတ တည့်တည့် လှလှဆွဲ၊ လက်မှတ်အောက်က မျဉ်း မသားရ။**

* * *






အဝေးပြေး ကုန်တင်ကားလုပ်ငန်း လုပ်ကိုင်မယ့်သူအတွက် ပုတိဌာနက သောကြာနံ အက္ခရာစာလုံးကို ထည့် သုံးခြင်းကြောင့် ပိုပြီး ကံကောင်းစေပါ လိမ့်မယ်။

၂။

* * *



ယခုလအတွက် **နံပါတ်(၂)** နေရာ မှာ ဖော်ပြပေးလိုက်တဲ့ ထိုးမြဲ လက်မှတ်ပိုင်ရှင်က**အသက်ငါးဆယ် ကျော် ရန်ကုန်သူ အမျိုးသမီးတစ်ဦး** ဖြစ်ပါတယ်။

'ဘာပဲလုပ်လုပ် အယှဉ်အပြိုင်များပြီး ရှေ့ လဲမပြဘူး၊ အချစ်ရေး အိမ်ထောင်ကိစ္စတွေ မှာလဲ အပြိုင်အဆိုင်များ၊ စိတ်သောကများ တယ်။ အဲဒါ ဘာဖြစ်လို့လဲ'

[နံပါတ်-၁]

| | | | | | |
|---|---|---|---|---|---|
| | အဓိပတိ | | | ၂ | |
| အထွန်း | သိုက် | ရာဇ | ၄ | ၀ | ၃ |
| မရဏ | ဘင်္ဂ | ပုတိ | ၁ | ၅ * | ၆ |

(မူလမဟာဘုတ်ခွင်)



www.burmeseclassic.com

www.burmeseclassic.com

လက်မှတ်ပိုင်ရှင် အမျိုးသမီးရဲ့ မေးခွန်းဖြစ်ပါတယ်။ ထိုးမြဲလက်မှတ်ပုံသဏ္ဌာန်က အပေါ်မှာရော၊ အောက်မှာပါ အပြိုင်သင်္ကေတတွေ ရှိနေတယ်။

"ခ"အက္ခရာကလဲ **ခွက်မှောက်ပုံ** ဖြစ်နေတယ်။ ဒါတွေဟာ သူမရဲ့ မေးခွန်းအတွက် အဖြေပဲဖြစ်ပါတယ်။

နောက်ပြီးတော့ တနင်္လာအစ၊ သောကြာအဆုံး အတွင်းရန်ဓာတ်နဲ့ နာမည်ပေးထားခြင်းကလဲ ရန်များစေတတ်တယ်။


**မြန်မာသက္ကရာဇ် ၁၃၂၇ ခုနှစ်၊ အီတင်ကျွတ်လမွေးတဲ့ကြာသပတေး သမီး**ဖြစ်သူကို တနင်္လာအစ အင်္ဂါအဆုံး သောကြာအဆုံး နာမည်ပေးထားလို့ **ပဌမပွတ်+ဆပွတ်+အညွန့်** နာမည်ပေးနည်း ဖြစ်တယ်။

မူလမဟာဘုတ်ခွင်နဲ့ နာမက္ခရတိုင် ဆွဲချကြည့်ရင် အောက်ပါအတိုင်း တွေ့ရှိရပါတယ်။

* * *[နံပါတ်-၂]

နှစ်လုံးတွဲ လက်မှတ်ရေးထိုးခြင်းက ပိုပြီး ကံကောင်းစေနိုင်တယ်။


* * *



ငွေအိတ်သင်္ကေတ ဝိုင်းဝိုင်းကြီး လှလှဆွဲပြီး၊ လက်မှတ်ရဲ့ အညွန့်နေရာမှာ ပွင့်ဖတ်(၅)ခုပါတဲ့ ပန်းပွင့်သင်္ကေတထည့်မယ်။ လက်မှတ်အောက်က မျဉ်းမသားဘူးဆိုရင် အညံ့အပျက်တွေ သက်သာ ပပျောက် ကံကောင်းလာပါမယ်။

၃။

* * *



ယခုလအတွက် **နံပါတ်(၃) နေရာမှာ** ဖော်ပြပေးလိုက်တဲ့ ထိုးမြဲ

[နံပါတ်-၂]

| | | |
|---|---|---|
| | အဓိပတိ | |
| အထွန်း | သိုက် | ရာဇ |
| မရဏ | ဘင်္ဂ | ပုတိ |

| | | |
|---|---|---|
| | ၁ | |
| ၃ | ၆ | ၂ |
| ၀ | ၄ | ၅* |

**(မူလမဟာဘုတ်ခွင်)**

| | |
|---|---|
| ၃ | |
| *၂ | ၁ |
| ၀ | ၆ |
| ၅ | ၄ |

**(နာမက္ခရတိုင်)**

ကြာသပတေး ဘင်္ဂဖွားဖြစ်ပြီး **အထွန်း+သိုက်+ကူဋ** စာလုံးများနဲ့ပေးထားခြင်းဖြစ်ပါတယ်။ အနိဋ္ဌများကို ကူဋနာမည်ပေးထားတာ အမှီဝင်ပေမယ့် နာမည်ညံ့တယ်လို့တော့ မပြောနိုင်ဘူး။

ဒါပေမယ့် ဒီလိုနာမည်မျိုးမှာ **တနင်္လာအစ၊ အင်္ဂါအဆုံး** "ခင်စံ"

လက်မှတ်ပိုင်ရှင်က **မကွေးတိုင်းဒေသကြီးဇာတိ အသက်သုံးဆယ်ဝန်းကျင် အမျိုးသားတစ်ဦး** ဖြစ်ပါတယ်။

'လူမအား၊ စိတ်မနား၊ လှုပ်ရှားပုံလွှင့်၊ အယှဉ်အပြိုင်များ၊ အလုပ်များ၊ အပြောင်းအလဲများ၊ ပိုက်ဆံမမြဲ အလုပ်မမြဲ အိမ်မမြဲ အချစ်အမြဲ အိမ်ထောင်မမြဲ ဘာလို့များ ဖြစ်ရတာလဲဗျာ'

ဒီအမျိုးသားရဲ့ မေးခွန်းက စိတ်ဝင်စားစရာဖြစ်ပါတယ်။ ဒါပေမယ့် သူ့ရဲ့ ထိုးမြဲလက်မှတ်ပုံသဏ္ဌာန်ကို မြင်ရတော့ မအံ့သြမိပါဘူး။ မိုးပျံဘောလုံး နှစ်လုံးနဲ့ တူနေလို့ပါ။

လက်မှတ်ရဲ့အပေါ်မှာ အလုံးကြီး နှစ်လုံးတင်ထားတော့ အလုပ်များပြီး အလုပ်ပိ၊ ဝန်ပိဖြစ်တဲ့ နိမိတ်ပေါ့။ မိုးပျံဘောလုံးကတော့ လေတိုက်ရာ ရွေ့လျားပျံသန်းရလို့ လှုပ်ရှားပုံ့လွှင့် အပြောင်းအလဲများတဲ့ နိမိတ်ပေါ့။

လက်မှတ်အောက်မှာ အပြိုင်သင်္ကေတကတော့ အချစ်မမြဲ၊ အိမ်ထောင်မမြဲ ဖြစ်တတ်တဲ့ နိမိတ်ပါပဲ။


**"ခိုင်စိုး"**ဆိုတဲ့ နာမည်(၂)လုံးတွဲကို မြန်မာအက္ခရာစာလုံးနဲ့ လက်မှတ်ရွေးထိုးထားသူရဲ့ **မွေးသက္ကရာဇ်က ၁၃၄၇ခု၊ ဝါခေါင်လ၊ တနင်္လာနေ့** ဖြစ်ပါတယ်။ မူလမဟာဘုတ်ခွင်နဲ့ နာမက္ခရတိုင်စဉ်ချကြည့်ရင် အောက်ပါအတိုင်း တွေ့ရပါတယ်။

* * *[နံပါတ်-၃]


တနင်္လာအထွန်းဖွားကို မွေးနံပေါ် အညွှန့်အုပ်နာမည်ပေးနည်း မှန်ပေမယ့် **အထွန်း+ဘင်္ဂ = ကူဋ+အနိဋ္ဌ** နာမည်၊ နာမက္ခရတိုင်စဉ်များဖြစ်လို့ နာမည်ညံ့ပါတယ်။ ဒီနာမည်မျိုးပြုပြင်သင့်တယ်။

လက်မှတ်ထိုးရင် အထွန်းဌာနက တနင်္လာနံ **"ခိုင်"**တစ်လုံးတည်း လက်မှတ်ထိုးသင့်တယ်။ နိုင်ငံခြားသွားရောက်လုပ်ကိုင်မယ့်သူဖြစ်လို့ အင်္ဂလိပ်လို လက်မှတ်ထိုးသင့်တယ်။

* * *



www.burmeseclassic.com



(မူလမဟာဘုတ်ခွင်) (နာမကျွရတိုင်)

လက်မှတ်အောက်က မျဉ်းမသား ရပါ။ "ကေ"ဆိုတဲ့စာလုံးအစကို ညာဘက် ခပ်စောင်းစောင်းဖြစ်စေပြီး "ဂျီ" ဆိုတဲ့ နောက်ဆုံးစာလုံးအောက်က ငွေအိတ်သင်္ကေတ တည့်တည့်လှလှ ဆွဲပြီး အညွန့်မှာ မြှားထိပ်သင်္ကေတ ထည့်သင့်တယ်။

*ဒီတစ်လ ဤမျှနှင့်သာ ကျေနပ်နိုင်ကြပါစေ။*

***အောင်မြင်ကျော်ကြား ချမ်းသာကြီးပွားအောင်...***

**ဆရာကြီး ဦးအောင်မြိုင်**
*(ဥပဒေဘွဲ့)*
**လက္ခဏာဗေဒင်ပညာသုတေသီ**

သွေးပွက် ယားယံခြင်းနှင့်

# အင်ပျဉ်ထခြင်း အတွက်



သွေးပွက်ယားယံခြင်း ဆိုသည်မှာ မတည့်သော အသားငါး,အငန်,အဆိမ့်များ အစားများ အစားမှား၍သော်လည်းကောင်း၊ မသင့်သော အငွေ့များ အနံ့များ ရှူရှိုက်မိ၍သော် လည်းကောင်း၊ ပြင်းသောရေမွှေးနံ့ အမွှေးတိုင်များ ရှူမိ၍ လည်းကောင်း...

မိမိသွေးနှင့် မသင့်သော ပန်းအနံ့များ မိမိအသားအရေနှင့် မတည့်သော အဝတ်အထည် အထိအတွေ့များကြောင့် သွေးပွက်ယားယံခြင်း ဖြစ်ရပါသည်။ အခြားသော အကြောင်းအချက်များလည်း ရှိနိုင်ပါသေးသည်။

တစ်နေ့...

ကျွန်ုပ်၏မိတ်ဆွေ ဦးအောင်သိန်းသည် ငန်သော ငါးခြောက်များနှင့် ငါးသလောက်ပေါင်း စားမိလျှင် သွေးပွက်ယားယံတတ်ပါသည်။

သွေးပွက်ယားယံပြီး အဖုအပိမ့်များ ထလာတတ်ပါသည်။ အသားဖြူသူဖြစ်သဖြင့် နီနီရဲရဲ အဖုများ ထင်ရှားမြင်သာ ထလာတတ်ပါသည်။ အရပ်ထဲတွင် အင်ပျဉ်ထသည်ဟု ခေါ်သည်။ အင်္ဂလိပ်အသံထွက် "အလာဂျစ်"ဟု ခေါ်ပါသည်။

ထိုသို့ အင်ပျဉ်ထသည့် အခါတိုင်း အညာဒေသနှင့် မြေလတ်ပိုင်းတွင် အလေ့ကျ ပေါများစွာ ပေါက်ရောက်သော အင်ပင်ကြီးများမှ အင်ဖက်ရွက်တစ်ပေလောက် အခြောက်များ လေး, ငါးဆယ်ရွက် ကောက်ယူမီးရှို့ပြီး ထိုမီးလှုံပေးလျှင် မိနစ်ပိုင်းအတွင်း ပျောက်ကင်းသွားပါသည်။

**ထို့အပြင် ထိုအင်ဖက်ရွက်၏ လက်ညှိုးခန့်ရှိသည့် အညှာရိုး(အင်ရိုး)ကို ဆား၊ ရေတို့နှင့် သွေး၍ လိမ်းပေးခြင်းဖြင့်လည်း လက်တွေ့ပျောက်ကင်းပါသည်။**

တစ်ခုသောသကြန် ရုံးရက်ရှည်ပိတ်တွင် သူနှင့် ကျွန်ုပ်တို့ စည်သာတောရကျောင်းတွင် ဒုလ္လဘရဟန်း ဝတ်ပါသည်။ ဆရာတော်မှာ ပိဋကပါတ်ရှုတင်ဖြစ်၍ ကျွန်ုပ်တို့လည်း သပိတ်တစ်လုံးစီနှင့် ဆွမ်းရော၊ ဆွမ်းဟင်းပါ အလှူခံစားရရာ၊ ငါးခြောက်၊ ငါးပိကောင်၊ ငံပြာရည်၊ ငါးပိကြော်၊ ပုစွန်ချဉ်၊ ဝက်သား၊ ချဉ်ပေါင်ရွက်၊ ဘူးရွက်ဟင်းအစုံ ပိဋကပါတ်ဆွမ်း ဘုဉ်းပေးရသည်။

ထိုအခါ ဦးအောင်သိန်းမှာ သွေးပွက်ယားယံပြီး အဖုအပိမ့်များ ထွက်လာပါသည်။ အင်ဖက်ရွက်၊ အင်ရိုး မရှိသဖြင့် အလွန်ပင် အခက်တွေ့ရာ ဆရာတော်အရှင်ဥက္ကဋ္ဌယမှ **ထန်းရွက်ခြောက်များ မီးရှို့လှုံစေရာ ဆယ်မိနစ်အတွင်း သက်သာ ပျောက်ကင်းသွားခဲ့ပါသည်။**

သို့အတွက် သွေးပွက်ယားယံလျှင် ထန်းရွက်ခြောက် မီးရှို့လျှင်လည်း သက်သာပျောက်ကင်းကြောင်း သိမြင်ရ၍ ရေးသားပါသည်။

**မြေမှိုးချစ်(နတ်မောက်)**



www.burmeseclassic.com

www.burmeseclassic.com

ကိုယ်ပိုင်

# အိမ်ခြံမြေလုံးချင်း

ကျယ်ကျယ်ဝန်းဝန်း နေထိုင်ရမလား

သရာကြီးဦးအောင်မြင့်
(ဥပဒေဘွဲ့)
လက္ခဏာဗေဒင်ပညာသုတေသီ




ရန်ကုန်မြို့ပေါ်တွင် တိုက်ခန်းငှားရမ်းနေထိုင်ပြီး စားသောက်ဆိုင်လုပ်ငန်း လုပ်ကိုင်နေသော အမျိုးသမီးတစ်ဦး၏ ဘယ်လက်ဖဝါးပုံစံကို ဖော်ပြပေးလိုက်ပါသည်။ သူနှင့် ကျွန်ုပ်ဆုံတွေ့စဉ်က သူမ အသက် (၃၀)ခန့်ဖြစ်သည်။

'ကိုယ်ပိုင်အိမ်(လုံးချင်း)နဲ့ ခြံခြေကျယ်ကျယ်ဝန်းဝန်း ပိုင်ဆိုင်နေထိုင်ရမယ့် ကံကြမ္မာရှိပါရဲ့လား'

ဟု အဓိက မေးမြန်းခဲ့သည်။ သူမ၏ စားသောက်ဆိုင် ရေရှည် အောင်မြင်ကြီးပွား တိုးတက်စေမည့် ဆိုင်နာမည်ကောင်းလည်း ရွေးချယ်ခဲ့သည်။

**"က" အက္ခရာနှင့်** ညွှန်ပြထားသည်မှာ လက်ညှိုးထိပ်၌ **ခရုပတ်ဗွေ** ရှိခြင်းဖြစ်သည်။ ကျန်သော လက်ချောင်းထိပ်ဖျားများတွင် **ကြိုးဗွေ(ကျောကွင်း)**များသာ ရှိသည်။

* * *




ထိုသင်္ကေတကြောင့် သူတစ်ပါးကို ခိုင်းစေစီမံ အုပ်ချုပ်လုပ်ကိုင်ရမည်ဖြစ်ရာ အကြီးအမှူး ကိုယ်ပိုင်လုပ်ငန်းတို့ လုပ်ကိုင် အောင်မြင်မည်ဟု သုံးသပ်နိုင်သည်။




www.burmeseclassic.com

www.burmeseclassic.com

**"ခ"အက္ခရာနှင့်** ညွှန်ပြထားသည်မှာ လက်သူကြွယ်ထိပ်ဖျားက လက်ညှိုးထိပ်ဖျားထက် သိသိသာသာ ပိုမြင့်နေခြင်း ဖြစ်သည်။


* * *




ထိုသင်္ကေတကြောင့် အယုဉ်အပြိုင် ဝါသနာပါခြင်း၊ ငွေရှာကောင်းခြင်းတို့ကိုဖြစ်စေသည်။ အောင်မြင်ကျော်ကြား ချမ်းသာ ကြီးပွားနိုင်သော ပင်ကိုဗီဇဖြစ်သည်။

**"ဂ"အက္ခရာနှင့်** ညွှန်ပြထားသည်မှာ လက်သူကြွယ်ရင်း တနင်္ဂနွေ ဂြိုဟ်ခွင်အပေါ်ထိပ်မှာ အောင်လံ သင်္ကေတရှိခြင်း ဖြစ်သည်။


* * *




ထိုသင်္ကေတကြောင့် အလုပ်အကိုင်မှာ ထိပ်ဆုံးရောက် အောင်မြင်တတ်သည်။ အလွန်ကောင်းသော ပင်္ကလာအခြံအရံ ဖြစ်သည်။

**"ဃ"အက္ခရာနှင့်** ညွှန်ပြထားသည်မှာ နှလုံးလမ်းကြောင်းနှင့် ဦးခေါင်းလမ်းကြောင်းကြား **စတုဂံလွင်ပြင်မှာ** ကြီးမားကျယ်ပြန့်သော **စတုဂံကွက် ဗိမာန်သင်္ကေတ** ရှိခြင်း ဖြစ်သည်။


* * *




ထိုသင်္ကေတကြောင့် ကြီးမားကျယ်ပြန့်သော အိမ်ခြံမြေကျယ်ကျယ် နှစ်ကွက်မကား နှစ်လုံးမက ပိုင်ဆိုင်ရလိမ့်မည်။

**"င"အက္ခရာနှင့်** ညွှန်ပြထားသည်မှာ အသက်လမ်းကြောင်းမှ ထောင်တက်သော တိုးတက်မှုလမ်းက ဦးခေါင်းလမ်းနှင့်ထိပြီး ရတနာဘဏ် တိုက်သင်္ကေတ ဖြစ်ပေါ်နေခြင်း ဖြစ်သည်။

* * *




ဤသင်္ကေတကြောင့် ငွေကြေးဥစ္စာ ပြည့်စုံချမ်းသာ စုမိဆောင်းမိ ဖြစ်ပေလိမ့်မည်။

အထက်ပါ အချက်(၅)ချက်ကြောင့် သူ့အနေဖြင့် ယခုအခါ အိမ်ခြံမြေ ကိုယ်ပိုင် ကျယ်ကျယ်ဝန်းဝန်းနှင့် ပိုင်ဆိုင်နေထိုင်ရပြီ ဖြစ်ပါသည်။ သူ့အသက် သုံးဆယ်ကျော်မှ လေးဆယ် အတွင်း စီးပွားဥစ္စာ ဒီရေအလား အံ့ဖွယ်တိုးတက်ခဲ့ကြောင်း ပြောပြသည်။

စာဖတ်သူများ၏ လက်ဖဝါးပြင်တွင် ကြည့်ပါ။ အထက်ပါ အချက်များ အနက် နံပါတ်"ဃ"နှင့် အခြားနှစ်ချက်လောက် တူညီလျှင် ကိုယ်ပိုင် လုံးချင်း အိမ်ခြံမြေ ကျယ်ကျယ် ပိုင်ဆိုင် နေထိုင်ရပါလိမ့်မည်။

***လက္ခဏာပညာသုတ တိုးပွားရရှိကြပါစေ။***

***အောင်မြင်ကျော်ကြား ချမ်းသာကြီးပွားအောင်...***

**ဆရာကြီး ဦးအောင်မြိုင်**
**(ဥပဒေဘွဲ့)**
**လက္ခဏာဗေဒင်ပညာသုတေသီ**

စာမျက်နှာ (၁၄၇)မှ အဆက်

သော် လည်းကောင်း တွေ့ကြုံရတတ်၏။

**(၈-၄-၂-၆) အကြွင်းဂဏန်းကို တွေ့မူ** နေရာပြောင်းရွှေ့ စီးပွားရှာ ခရီးယာယီသွားပါ။ ယာယီကိန်း ကြုံ၍ မပြောင်းမရွှေ့ ခရီးမသွားဘဲ ယခု နေရာ၌ လုပ်ကိုင် နေထိုင်လျှင် စီးပွား ပျက်တတ်၏။ ရောဂါဝေဒနာ ရတတ်၏။

အကယ်၍ အကြွင်းသည် **(၀)သုည ဖြစ်၍ ခရီးယာယီ သွားမှ ထိုသူတွင်** သေလောက်သော ရောဂါဝေဒနာ ရတတ်၍ ထိုနှစ်အတွင်း ခရီးသွား ရှောင်ပါ။

ဗေဒင်ပညာ လေ့လာလိုသော သူသည် ဗေဒင်အသုံးအခေါ်ဖြစ်သော အောက်ပါ ကိုးကျော့ဂဏန်း အခေါ် အခေါ်တို့ကို သိထားရန်လိုပါသည်။

| | |
|---|---|
| ဧက... | တစ် (၁)ဂဏန်း |
| ဒွေး... | နှစ် (၂)ဂဏန်း |
| တိ-တြိ... | သုံး (၃)ဂဏန်း |
| စတု... | လေး (၄)ဂဏန်း |
| ပဉ္စ... | ငါး (၅)ဂဏန်း |
| ဆ... | ခြောက် (၆)ဂဏန်း |
| သတ္တ... | ခုနစ် (၇)ဂဏန်း |
| အဋ္ဌ... | ရှစ် (၈)ဂဏန်း |
| နဝ-နဝင်း... | ကိုး (၉)ဂဏန်း |
| သုည-သုဉ်း... | သုည (၀)ဂဏန်း |

စသည်တို့မှာ ဗေဒင်ကိုးကျော့ အရေးအခေါ်များဖြစ်၍ ဝါသနာရှင်တို့ လေ့လာဗဟုသုတ ရရှိကြစေရန် ဖြည့်စွက် ရေးသားလိုက်ရပါသည်။

***သုနက္ခတ္တ ကောင်းသော နက္ခတ်နှင့် ကြုံ၍ ကောင်းကျိုးသုခ ရရှိနိုင်ကြပါစေ။***

**ကောင်းခန့် (သခွတ်ခြေ)**
**ဝက်လက်**





www.burmeseclassic.com

www.burmeseclassic.com

ကောင်းခန့် (သဒ္ဓတ်မြေ)
ဝက်လက်



ခရီးသွားနှင့်

# ယာယီ ပြောင်းသင့်၊မပြောင်းသင့်

BURMESE CLASSIC .com

တွက်နည်းနှင့် အဟော

ရှေးလူကြီးသူမတို့သည်...

နောင်လာ နောင်သားတို့အတွက် ထိုင်းစားဆင်ခြင် သုံးသပ်နိုင်ကြစေရန် ဆန့်ကျင်ဘက် စကားပုံနှစ်ခုကို ထားခဲ့ကြ၏။

ထိုစကားပုံ နှစ်ခုသည်ကား...

**"တစ်ရွာမပြောင်းသူကောင်းမဖြစ်"** ဟူသော စကားပုံနှင့် **"သေချင်သည့် ကျား တောပြောင်း"** ဆိုသော စကားပုံ တို့ပင်တည်း...

အထက်ပါ စကားပုံတို့ အတိုင်းပင် အချို့သူတို့သည် မိမိ၏မွေးဇာတိမှအပ တခြား အရပ်ဒေသတွင် ကြီးပွား ချမ်းသာနေသူတို့ ရှိကြသလို...

တစ်မြို့တစ်ရွာ၌ ဆင်းရဲတွင်းနက် နေသူတွေလည်း ဒုနဲ့ဒေးပင် ရှိကြ၏။

ထို့ကြောင့် တိုးတက်ကြီးပွား ချမ်းသာလိုသူများသည် ထိုအရပ်ဝန်း ဒေသရှိ စီးပွားရေးလုပ်ငန်းတို့နှင့် မိမိ အခြေအနေ သင့်မသင့်ကို ပထမ ထိုင်းစားရပေမည်၊ ဆင်ခြင်သုံးသပ်ရပေမည်။

ထို့နောက် **"ရှေးထုံးကိုလည်း မပယ်နှင့်"** ဟူသော စကားပုံနှင့်လည်း ကိုက်ညီအောင် ရှေးပညာရှိများထားခဲ့သော **"ခရီးယာယီပြောင်းသင့်မသင့် နှင့် ယာယီတွက်နည်း"** နှင့်လည်း မိမိကိုယ်တိုင် တွက်ကြည့်သင့်ပါသည်။

စာရေးသူသည် လောကီဗေဒင် အလွယ်တွက်နည်း အမျိုးမျိုးတို့ကို ဗေဒဝါသနာရှင်တို့အတွက် လစဉ် မပြတ်ရအောင် ရှာဖွေတင်ပြနေသူ တစ်ယောက် ဖြစ်သည်နှင့်အညီ ယခုလတွင်လည်း ဗေဒဝါသနာရှင် တို့အတွက် **ခရီးယာယီ ပြောင်းသင့် မသင့် နှင့်ယာယီတွက်နည်းနှင့် အဟောကို ရှင်းလင်းစွာ တွက်ယူ သိရှိကြစေရန်** တင်ပြ ရေးသားလိုက်ရပါသည်။

ထိုသို့ တွက်နည်းအဟောကို တွက် ကြည့်လိုလျှင် ပထမ ရှေးပညာရှိတို့ ထားခဲ့သော တွက်နည်းဟောနည်း လင်္ကာကို ကျေညက်အောင် ဖတ်ရှု လေ့လာရပါမည်။

တွက်နည်းဟောနည်း လင်္ကာ

ခရီးယာယီ၊ ပြောင်းရွှေ့သွားရာ မသွားရာကို၊ မှန်စွာမပျက်၊ ဟောပြမြွက်အံ့ အသက်တည် ပြီး၊ ငါးပါးခွာ၊ မြှောက်ပါမယွင်း၊ ကိုးနှဝင်းဖြင့် စားကြွင်းသေသာ၊ တော ပဋ္ဌ၊ တီ-သတ္တမ၊ ဒေသတခြား၊ မသွားလေရာ၊ နဂိုမှာပင် စီးပွားမြင်၏။

ဆင်ခြင်မရှု ယာယီပြုသော်၊ ကိုယ်မှုရောဂါ၊ ဖြစ်လေရာ၏။

အဌ-ဧယ၊ ဒွေနှင့်သမ္မ၊ သွားထသေစွာ၊ ယာယီမှာလျှင်၊ စီးပွားမြင်၏။ မဆင်ခြင်မှု၊ နဂိုပြုသော်၊ ကြီးထဝေဒနာ၊ ရောက်လေရာ ၏။

သုညာသေသ၊ မြင်လေကမူ၊ ဒုက္ခများစွာ၊ ဘေးရောဂါနှင့်၊ သေခါချိန်ထောက်၊ အချိန် ရောက်သည်၊ အံ့လောက်ဗေဒင် ကျမ်းလာ တည်၏။

အထက်ပါလင်္ကာ တွက်နည်းမှာ...

နေရာဌာနပြောင်းရွှေ့လိုသူ သို့ မဟုတ် ရက်ကြာကြာ ခရီးယာယီသွား ၍ စီးပွားရှာလိုသူသည်...

တွက်လိုသူ၏ အသက်ကိုတည်၍ (၅)နှင့် မြှောက်ပြီး (၉)နှင့်စားပါ။ အကြွင်းသေသ အတိုင်း အောက်ပါအဟောတို့ကို ကြည့်ပါ။

**(၁-၅-၃-၇) စသည့် အကြွင်း ဂဏန်းတို့ကိုတွေ့မှ** မပြောင်းရွှေ့သင့်၊ ခရီးယာယီမသွားသင့် (နဂို) ခုနေမြဲ နေရာမှာ စီးပွားဖြစ်မည်။ အကယ်၍ ပြောင်းရွှေ့ပါက စီးပွားပျက်ခြင်းသော် လည်းကောင်း၊ ရောဂါဘယ ဖြစ်ခြင်း

 စာမျက်နှာ (၁၄၆) သို့


www.burmeseclassic.com

www.burmeseclassic.com

# သင်္ကေတများ၏ ဘာသာစကား (၃၄)

ဟုဂွင်းဇီ

## ပင်လယ်နီ



အနီရောင်ရေမျှား လွှမ်းနေသည့် ပင်လယ် သို့မဟုတ် အနီရောင် လွှမ်းမိုးသည့် ပင်လယ်ကို ရည်ညွှန်းသော်လည်း အနီရောင်ရှိသည့် ပမာဏများပြားသောရေ(အရည်)ကို အဓိက ညွှန်းဆို၏။

ပင်လယ်ပြင်တွင် နေဝင်ချိန်၊ နေထွက်ချိန် ဆည်းဆာနစ်ပါး၍ နေ၏ အလင်းရောင်မှ အလင်းယိုင်သောကြောင့် ရေပြင်တစ်ခုလုံး အနီရောင် လွှမ်းနိုင်သကဲ့သို့ သက်ရှိသတ္တဝါတို့၏ ခန္ဓာကိုယ်မှထွက်သော သွေးများ ပြည့်နှက် နေသောကြောင့်လည်း ပင်လယ်နီ ဖြစ်နိုင်သည်။

ဤသည်ကား မျက်မြင်ဒိဋ္ဌ ပြဆိုနိုင်သော ရုပ်သဘောသဘာဝ ဖြစ်သည်။

စိတ်ခံစားသိဖြင့် သိရှိနိုင်သော **"မီးပင်လယ်"**ကိုလည်း ပမာပြုနိုင်သည်။ သတ္တဝါများ လောဘ၊ ဒေါသ၊ မာနများကြောင့် ခိုက်ရန်ဖြစ်ပွား သတ်ဖြတ်ကြသောအခါ သွေးချင်းချင်းနီ၏။ များပြားလှသော သွေးထွက်သံယိုဖြစ်ပွားမှုကို သွေးပင်လယ်ဝေသည်ဟု နှိုင်းနှိုင်းကြ၏။

ထို့ကြောင့် ပင်လယ်နီသည် သွေးအမြောက်အမြား ယိုစီးထွက်ကျခြင်းကိုလည်း ဖော်ပြသည်။

**"ပင်လယ်နီကို ဖြတ်သန်းခြင်း"** ဟုဆိုပါက **"ဘေးအန္တရာယ် ထူးပြွမ်းလှသော အခြေအနေနှင့် ရင်ဆိုင်နေရခြင်း"**ဟု သင်္ကေတပြုခြင်းဖြစ်သည်။

လူနေမှုဘဝအတွက် အလွန်အရေးကြီးသော အစိတ်အပိုင်း ကဏ္ဍတစ်ရပ်ဖြစ်၍ ယင်းကို ကျော်လွှန်နိုင်ပါက သာယာလှပသော ဘဝအိပ်မက်များ အကောင်အထည် ပေါ်လာနိုင်သဖြင့် အောင်မြင် တိုးတက်ကြီးပွားစေနိုင်သည့် တွန်းအားတစ်ရပ်လည်း ဖြစ်၏။

ပင်လယ်နီသည် သွေးအမြောက်အမြားနှင့် ဆက်စပ်နေသဖြင့် ဝိညာဉ်ပိုင်းဆိုင်ရာ ပုံဖော်မှုဖြစ်စဉ် သင်္ကေတလည်းဖြစ်သည်။ နှစ်ကာလရှည်ကြာစွာ တည်တံ့မြဲမြံနေခြင်း၏ နောက်ဆုံး ပြိုကွဲခြင်းကိုလည်း ညွှန်းဆိုသည်။

လောကတွင်ရှိ ရုပ်ဒြပ်နှင့် ဝိညာဉ်တို့အကြား ဖြစ်စဉ်များ ဆက်စပ်ပြောင်းလဲနေပုံကိုလည်း သရုပ်ဖော်တတ်ကြသည်။

BURMESE CLASSIC .com

လူတစ်ယောက်သည် ပင်လယ်နီကို ကျော်ဖြတ်နေရသည်ဟုဆိုပါက သူသည် သေကောင်ပေါင်းလဲ ရုန်းကန်နေရသည်ဟု ပုံခိုင်းခြင်းဖြစ်သည်။

လူသားတစ်ဦးသည် မလွှဲမရှောင်သာ ဖိအားပေးခံရသဖြင့် မိမိကိုယ်ကို ယဇ်ပူဇော်လိုက်သည့် မြင်ကွင်းဖြစ်စဉ်ကို **"ပင်လယ်နီကို ဖြတ်ကျော်ခြင်း"** **Crossing the Redsea**ဟု အညွှန်းပြုကြလေသည်။

## မြင်းဇက်ကြိုး



ရှေးခေတ် (မြင်း)ရထားများနှင့် မြင်းစီးသမားတို့မှ ထွက်ပေါ်သည့် သင်္ကေတဖြစ်သည်။ မြင်းရထားတွင် ရထားသည် လူ့ကိုယ်ခန္ဓာဖြစ်၍ မြင်းသည် ဘဝအတွက် မောင်းနှင်နေသော စိတ်အင် အား ဖြစ်သည်။

သို့ဖြစ်ရာ ဇက်ကြိုးသည် အရေး သောပစ္စည်း အစိတ်အပိုင်းတစ်ခု ဖြစ် အသက်ဝိညာဉ်နှင့် ရုပ်ခန္ဓာတို့အကြာ ဆက်သွယ်ပေးသော စိတ်တန်ခိုး အာ ကြောတို့ကိုလည်း မြင်းဇက်ကြိုးဖြ သင်္ကေတပြု ညွှန်ပြသည်။


မြင်းဇက်ကြိုးကို ဖြတ်လိုက်သည် ဆိုလျှင် တစ်စုံတစ်ယောက် သို့မဟု ညွှန်းဆိုပြီးသူအား အဆုံးစီရင်လိုက် ခြင်းဟု ဆိုလိုသည်။

အလားတူပင် ပြတ်တောက် သော (ဖြတ်ထားသော) မြင်းဇက်ကြ သည် တစ်ဦးတစ်ယောက် သေဆုံး ကို သတင်းပေးသည့် သင်္ကေတ ဖြ သည်။

အကောင်းပကတိရှိသော မြင်း ကြိုးကို (ရုပ်ပုံလည်းဖြစ်နိုင်သည်။) ပေ လာပါက ညွှန်းဆိုသူသည် အသက် ခန္ဓာ မြဲမြံနေသဲဖြစ်ကြောင်း အကြော ကြားခြင်း ဖြစ်သည်။

မြင်းဇက်ကြိုးသည် အသက်ဇီဝ မက အဖွဲ့အစည်း အခြေအနေ တစ် ၏ အဓိက မောင်းနှင်အားကိုလည် ကိုယ်စားပြုသည့် သင်္ကေတဖြစ်သည်

## အိမ်အပြန်





www.burmeseclassic.com

www.burmeseclassic.com

အိမ်ပြန်သည်၊ ဌာနေသို့ပြန်သည်၊ အမိမြေသို့ပြန်သည်၊ ဇာတိမြေသို့ ပြန်သည် စသည်တို့ အားလုံး အနက် အဓိပ္ပာယ် တူညီကြသည်။

ဆိုလိုရင်းကား တမလွန်သို့ သွားသည်။ သေဆုံးသည်ဟု သင်္ကေတ အမှတ်သညာပြု၏။ သေဆုံးခြင်းသည် မူလပြန်ခြင်း၊ မူရင်းနေရာသို့ ရောက်ရှိခြင်း ဖြစ်သည်။

တစ်ဘဝတာ လှုပ်ရှားခွင့်ရသော ဉာဏ်လိပ်ပြာသည် မူလထာဝရ ဉာဏ်လောကသို့ပြန်လည်ဝင်ရောက်သွားခြင်း ဖြစ်သည်။

တရုတ်တွေးခေါ်ရှင် **"လောင်ဇူ"** Lǎo Zǔ က...

'ဉာဏ်လိပ်ပြာသည် ပုံစံတစ်ခု (လူတစ်ယောက်၏ ကိုယ်ခန္ဓာ)မှ ခွဲခွာလာခြင်းမှာ ထာဝရဉာဏ်လောကသို့ ပြန်လည် ဝင်ရောက် ပေါင်းစည်းခြင်း ဖြစ်သည်။

ထို့ကြောင့် လူသတ္တဝါ တစ်ဦးတစ်ယောက် သေဆုံးခြင်းသည် မိမိအိမ်သို့ ပြန်သွားခြင်း ဖြစ်သည်'

ဟု၍ ဖော်ပြခဲ့၏။

တရုတ် ဝူယင်းဓာတ်ငါးပါးတွင် လူသားတို့ စတင်သန္ဓေတည်ရာ မိခင်၏ သားအိမ်သည် မြေဓာတ်စိုးမိုး၍ ပြောင်းလဲခြင်း သင်္ခါရတရားသည်လည်း မြေဓာတ်ပင် စိုးမိုးသည်။

လူတစ်ယောက် သေဆုံးခြင်းသည် သင်္ခါရသဘောအတိုင်း လိုက်နာခြင်း ...ကာ သေဆုံးခြင်းကို မြေဓာတ်ကပင် ...ထားသဖြင့် ထိုလူသည် မူလနေရာ ...သို့ ပြန်သွားခြင်း ဖြစ်သည်ဟု ဖွင့်ဆိုသည်။

မြေမှလာ၍ မြေသို့ ပြန်မသွားမီ ...ကိုအတန်ကာလကို ဘဝနေမှု ...ing huò **"ရှဲင်းဟော့"** ဟု ခေါ်ဆို ...မှတ်လေသည်။

## စားပွဲဝိုင်း



အဖွဲ့ဝင်များအားလုံး စုံညီတွေ့ဆုံ ဆွေးနွေးညှိနှိုင်းခြင်းသဘောကို ဆောင်သည့်သင်္ကေတ ဖြစ်သည်။ တရုတ်ဓလေ့တွင် **ဗီ(Pi)**ဟူသော ကျောက်စိမ်းပန်းကန်ပြားသည် ကောင်းကင်ဘုံအား ကိုယ်စားပြုခြင်း ဖြစ်သည်။

ဤ ကျောက်စိမ်းပန်းကန်ပြားသည် **"စားပွဲဝိုင်း"**နှင့် အလားသဏ္ဌာန် တူညီ၍ ကောင်းကင်နတ်မင်း၏ မူမပတ် စစ်ကဲများ ကြွရောက်ခြင်းနှင့် ခိုင်းနှိုင်း၍ အလေးအနက်ထားကြခြင်း ဖြစ်သည်။

ထို့အပြင် စားပွဲဝိုင်းသည် ရာသီ(၁၂) ခွင် ပေါင်းစည်းထားသော ရာသီစက်ဝန်းမှ ရှိလေရာ စွမ်းရည်တူ စစ်ကဲ(၁၂) ဦးတို့ စုပေါင်းဝိုင်းထိုင်ကာ ညှိနှိုင်း ဆွေးနွေးခြင်းသဘောလည်း ဆောင်ယူသည်။

**"ပြည်ပမှ စားပွဲဝိုင်း"**ဟု ဆိုပါက တိဗက်၏ (၁၂)ယောက်သော **"နမ်ရှန်"**(Namshans) အကြီးအကဲများ၊ တိဗက် ပြင်ပတွင် ဖွဲ့စည်း ညှိနှိုင်း ဆွေးနွေးပွဲကျင်းပခြင်းကို ရည်ညွှန်း၍ ထို စည်းဝေးပွဲတွင် **ဒလိုင်လာမား** (Dalai Lama)က ဦးဆောင်သည်။

အလားတူပင် **"ပြင်သစ်ပြည်မှ စားပွဲဝိုင်း"**ဆိုပါက ပြင်သစ်နိုင်ငံ၏ ထင်ရှား ထက်မြက်သော သူရဲကောင်း (၁၂)ဦး ပေါင်းစည်းစုံလင်ခြင်းကို ဆိုလို

လေသည်။

## တက်မပဲ့



ရှေးခေတ် လှေသင်္ဘောကြီးများတွင် အစီက ထိန်းကိုင်ရသော အစိတ်အပိုင်း ဖြစ်သည်။ လှေသင်္ဘော တစ်စီးလုံး၏ ဦးတည်ရာသို့ရောက်အောင် ထိန်းကိုင်ပေးရသည်။

ရှေ့သို့ ဖြောင့်တန်းစွာ ရွေ့လျားရန်၊ ကွေ့ဝိုက်ရန်၊ ရပ်နားရန်စသည့် အခရာကျလေရာ ထင်သာမြင်သာရှိသော သင်္ကေတဖြစ်သည်။

**အဖွဲ့အစည်းတစ်ခု စီမံကိန်း လှုပ်ရှားမှုတစ်ခုအား အစီက ထိန်းကွပ်ခြင်း သို့မဟုတ် ထိန်းကွပ်စီမံသူကို ညွှန်းဆိုသည်။**

လှုပ်ရှားနေသော တက်မသည် ရည်ညွှန်းသော ကိစ္စကို နိုင်နင်းစွာ လုပ်ကိုင် ဆောင်ရွက်နေခြင်းဟု ရည်ညွှန်း၍ ရပ်တန့်တည်ငြိမ်နေသော တက်မသည် ပုံမှန်ရွေ့လျားနေကြောင်း ဖော်ပြသည်။ ကျိုးပြတ်နေသော တက်မသည်ကား အထိန်းအကွပ်မဲ့ ပရမ်းပတာ ဖြစ်နေသည်။ ရည်မှန်းချက်မအောင်မြင်ပါ စသည်ဖြင့် သတင်းပေးခြင်းဖြစ်သည်။

## သစ်ပင်ပန်းမန်



တရုတ်သင်္ကေတဗေဒ (Chinese

www.burmeseclassic.com

symbologe)ပညာရပ်မှ ညွှန်းဆိုချက်ဝေါဟာရ ဖြစ်သည်။

ယေဘူယျအားဖြင့် သက်တမ်းရှည်ကြာစွာ ပေါက်ဖွားရှင်သန်လေ့ရှိသောတောစိုးသစ်ပင်၊ ကမ္ဘာတည်သစ်ပင်ကြီးများကို ပန်းချီ၊ ပန်းပု(သစ်ထွင်းပန်းချီ)များဖြင့် သရုပ်ဖော်သင်္ကေတ ပြုကြသည်။

တရုတ်ဓလေ့တွင် လူကြိုက်များခဲ့သောထင်ရှားသော"**သစ်ပင်ပန်းမန်**" သင်္ကေတမှာ ဝါး၊ ချယ်ရီနှင့် ထင်းရှူးဟူသော သက်ရှည်သိဒ္ဓိမြောက် သစ်ပင်သုံးမျိုး ဖြစ်သည်။

ယင်းသုံးမျိုးကို "**ငယ်ပေါင်းကြီးဖော် မိတ်ဆွေရင်းချာသုံးဦး**"ဟု တင်စားလျက် (နံရံကပ်ပိုစတာ)ခန်းမတန်ဆာဆင် ပန်းချီကားများတွင် အလေးထား ရေးဆွဲ ဖော်ပြကြသည်။

ဝါးသည် သိဒ္ဓိမြောက်မြက်ကြီးမျိုး ဖြစ်သည်။ ဝါးမှတစ်ပါး အခြားသော သစ်သားဖြင့်ပြုလုပ်သော ထမ်းပိုးသည် မနိုင်ဝန်ကို ထမ်းရွက်သောအခါ ကျိုးပြတ်၏။

ယင်းအခါ၌ အရုပ်ကြိုးပြတ် ဆတ်ခနဲ ကျိုးပြတ်လေ့ရှိသည်။ ဝါးထမ်းပိုးကား ထိုသို့မဟုတ်ပေ တဖြည်းဖြည်း တအိအိသာလျှင် ကျိုးပြတ်ကြောင်း သိစေလျက် စေးဖွဲ့ရှန်းကန်မှုအား တောင့်ခံကာ ပြင်ဆင်ချိန် ပေး၏။

ဝါးစိမ်း၏ စေးဖွဲ့ရှန်းကန်မှုအားကို အသုံးပြု၍ "**ဒေါင်းရွှေး**"ပညာသည် လူ့လောကအတွက် အထူးပင် ထောက်ပံ့ပေးခဲ့၏။ သံ၊ ကြေး စသည့် သတ္တုများကို နိုင်နင်းစွာ အသုံးမချတတ်သေးသည့် သမိုင်းမတင်မီကာလကပင်လျှင် ဝါးကြိမ်တို့ကို စိတ်ဖြာရက်လုပ်ရသော ဒေါင်းရွှေးပညာသည် လူနေမှုအဆင့်အတန်းကို တိုးတက်မြင့်မားစေခဲ့သည်။

萹竹 Bian Zhu ပြန်းကျူ ခေါ် ဒေါင်းရွှေးပညာသည် တစ်ဆင့်မြင့်ကာ ပြုပြင်မွမ်းမံ၍ 漆 萋萋 Qi Qi ချီးချိ ခေါ် ယွန်းထည်များ ဖန်တီးပြုလုပ်ကြရာ ယနေ့ခေတ်တိုင်ပင် မပျောက်ပျက်သေးသည့် လူသုံးကုန်ပစ္စည်းများ အဖြစ် တွေ့မြင်ရဆဲ ဖြစ်သည်။

ဝါးပင်သည် စေးဖွဲ့မှုရှန်းကြွအားကို ပိုင်ဆိုင်ထားသကဲ့သို့ အသက်တာလည်း ရှည်လျားလှသည်။ ဝါးရုံတစ်ရုံသည် အသီးများ သီးလာပါက မကြာမီ ပျက်သုဉ်းသေဆုံးမည့် နိမိတ်ဖြစ်သည်။

သို့သော် ဝါးသီးများကို လူတိုင်းစားသုံးခွင့် မရကြပါ။ လူတစ်ဦး၏ သက်တမ်းထက် ဝါး(ပင်)ရုံ၏ သက်တမ်းက များစွာ ပိုလွန်ရှည်လျားသောကြောင့် ဖြစ်သည်။ **အသက်(၂၀၀)ကျော်လူသား မတွေ့ရသော်လည်း ဝါးပင်တို့မှာ နှစ်,ရာထောင်ချီ၍ အသက်ရှည်ကြ၏။**

အလားတူပင် ချယ်ရီနှင့် ထင်းရှူးတို့မှာလည်း သက်တမ်းရှည်ကြာလှသော သမပိုင်းဒေသပေါက်ပင်များ ဖြစ်ကြသည်။ အမြဲတမ်း စိမ်းလန်းစိုပြည်ကြသည်။

ထို့ကြောင့် "**မိတ်ဆွေသုံးဖော်**"ဟု ခေါ်သော ဝါး၊ ထင်းရှူးနှင့် ချယ်ရီပင်များကို အတူ စုပေါင်းရေးဆွဲထားသည့် ပန်းချီကားများကို အမြတ်တနိုး ရှိကြခြင်းဖြစ်၏။ "**သစ်ပင်ပန်းမန်**"ဟူသည့်အတိုင်း ယင်းအပင်များ ပွင့်ဖူးဝေဆာ၍ ပသာဒရှိလှသော ပုံစံများ ရေးဖွဲ့တတ်ကြလေသည်။

**ဟူချင်းဇီ**

နယ်မှ စာဖတ်ပရိသတ်များသို့...

မိမိတို့ဒေသတွင်
အစိုးရ စာပို့တိုက်များနှင့်
ဆက်သွယ်၍ ရပါက
နက္ခတ္တရောင်ခြည်မဂ္ဂဇင်းအား
မှာယူ နိုင်ပါသည်၊
တန်ဖိုးပေးရွေးယူစနစ်ဖြင့်
မှာကြားနိုင်ပါသည်၊
နက္ခတ္တရောင်ခြည် မဂ္ဂဇင်း
တစ်အုပ်လျှင် ၂၃၀၀/ကျပ်
(နှစ်ထောင့်သုံးရာကျပ်နှုန်းဖြင့်)
မိမိတို့
လက်ဝယ် အရောက်
ပို့ဆောင်ပေးပါမည်၊
(၃)လ၊ (၆)လ၊ (၉)လ
(၁၂)လ စသည့်
မိမိလိုသော လကို
ရေးသား၍
မှာကြားနိုင် ပါသည်၊


မှာကြားရန် လိပ်စာ. . .

**နက္ခတ္တရောင်ခြည်မဂ္ဂဇင်းတိုက်**
အမှတ် ၂၃၃၊ (၂၉)လမ်း၊
ပန်းဘဲတန်းစာတိုက်၊
ရန်ကုန်မြို့၊
ဖုန်း-၀၁ ၂၄၂[illegible]



www.burmeseclassic.com

www.burmeseclassic.com



မြန်မာ့ကျေးလက်တောရွာက

မောင်ဖဲပိန်း (အင်းတော်)

# ပစ္စည်းပျောက် ရ၊ မရ

အဟော

ဤစာစုကလေးမှာ စာရေးသူ လွန်ခဲ့သည့် အနှစ်(၄၀)ခန့်က ကသာမြို့နယ် ရွှေလီမြစ်ကမ်းနံဘေးက ဆိပ်သာဆိုသည့် ရွာကလေးတစ်ရွာက စာရေးသူ မောင်ဘ နေထိုင်ခဲ့သည့် ဘကြီးကြူးထံ ရရှိခဲ့သည့် ပညာရပ်လေးတစ်ခု ဖြစ်ပါသည်။

တစ်ခေတ်တစ်ခါက မြန်မာ့ကျေးလက်တောရွာနေ တောင်သူများမှာ ဘုန်းတော်ကြီး၏ လက်ဆင့်ကမ်း မြန်မာ့ရိုးရာလက်ဆန်း နည်းပညာရပ်များကို ရခဲ့ကြသည်။

ဘကြီးကြူးကို မေးကြည့်သည့်အခါ ဆရာဘုန်းကြီးထံက ကူးယူခဲ့သည့် ပညာရပ်သာဖြစ်သည်။ ထိုခေတ်ထိုအခါက ပုံနှိပ်စာအုပ် မရှိကြ၊ ပေမူ၊ ပုရပိုက်စက္ကူများဖြင့် ကူးယူများဖြင့် ကူးယူထားရာမှ ပြန်လည် လက်ဆင့်ကမ်း ပညာရပ်များ ဖြစ်ပါသည်။

မတိမ်ကော၊ မပပျောက်စေလို၍ ဖော်ပြရခြင်း ဖြစ်ပါသည်။ မြန်မာ့ကျေးလက်က ရခဲ့သည်ဖြစ်၍ ကျေးလက်တောရွာက အငွေ့အသက်များ မကင်းသည်ကို တွက်နည်းအဟောများအရ သိရှိမည် ဖြစ်ပါသည်။

မြန်မာ့ရိုးရာ လက်ဆန်းနည်းဖြစ်၍ ပညာတန်းအဆင့်ရှိသူများ အလွယ်တကူ တွက်နိုင်မည် ဖြစ်ပါသည်။

အချိန်ကို တည်သဖြင့် အင်္ဂလိပ်ဇာ၏ အချိန်များ လွှမ်းမိုးနေပါသည်။

၁။ မေးလာသော အချိန်ကို တည်ရပါမည်။

၂။ မေးလာသည့် လဆန်း၊ လဆုတ်ရက်နေ့ရမည်။

၃။ မေးလာသူ၏ နေ့နံနှင့် စားရပါမည်။

၄။ အကြွင်းအရ အောက်ပါအတိုင်း ပျောက်ဆုံးသည့်ပစ္စည်းရှိမည့် အရပ်အလိုက် နေရာဌာန ရှာဖွေတွေ့ရှိမည် ဖြစ်ပါသည်။

**တွဲဖက်ပြီး ဟောနိုင်သည်။ အရပ်မျက်နှာနှစ်ခုစလုံးမှာ တွေ့နိုင်သည့်သဘောဖြစ်သည်။**

ထပ်ဆင့် ရှာပုံတော်မှာ အထက်ပါတွက်နည်းမှ အကြွင်းကို (၇)ဖြင့် ထပ်မံစားခြင်းဖြင့် ဒုတိယမ္ပိ အကြွင်းအရ ရှာဖွေနိုင်ပါသည်။ ဟောကိန်း ပြန်ထုတ်နိုင်သည်။

| | | |
|---|---|---|
| (က) **၁ ကြွင်းပါက** | → | အရှေ့အရပ်ဖြစ်သည်။ |
| (ခ) **၂ ကြွင်းပါက** | → | အရှေ့တောင်အရပ် |
| (ဂ) **၃ ကြွင်းပါက** | → | အနောက်တောင်အရပ် |
| (ဃ) **၄ ကြွင်းပါက** | → | တောင်အရပ် |
| (င) **၅ ကြွင်းပါက** | → | အနောက်အရပ် |
| (စ) **၆ ကြွင်းပါက** | → | အနောက်မြောက်၊ အနောက်တောင် |
| (ဆ) **၀ ကြွင်းပါက** | → | အရှေ့မြောက်နှင့် မြောက်အရပ်တို့ ဖြစ်ပါသည်။ |

**မှတ်ချက်။ ။ ၆ နှင့် ၀ ကြွင်းလျှင် အရပ်မျက်နှာ နှစ်ခုကို**

| | |
|---|---|
| (ကက) **၁ ကြွင်းပါက** | → အိမ်အမိုးထက် ဖြစ်ပါသည်။ |
| (ခခ) **၂ ကြွင်းပါက** | → အဖုံးပိတ်ထားသည့် နေရာများတွင် ရှာနိုင်သည်။ |
| (ဂဂ) **၃ ကြွင်းပါက** | → ကျင်းထဲဖြစ်စေ၊ မြေမြှုပ်၍ဖြစ်စေ ထားတတ်သဖြင့် ရှာဖွေတွေ့ရှိနိုင်ပါသည်။ |
| (ဃဃ) **၄ နှင့် ၅ ကြွင်းလျှင်** | → အိုး၊ ခွက်၊ စလောင်းတို့နှင့် ဖုံးဖိထားတတ်သည်။ ဆက်လက်ရှာဖွေပါက တွေ့ရှိနိုင်မည် ဖြစ်ပါသည်။ |
| (ငင) **၆ ကြွင်းလျှင်** | → ကျွန်မိန်းမ (သို့မဟုတ်) သူရင်းငှားမိန်းမ ယူမည်။ |
| (စစ) **၀ ကြွင်းလျှင်** | → အိမ်အောက်၊ ကြမ်းကြား၊ ဆင့်ကြား၊ ဖျာအောက်၊ ခေါင်းအုံးအောက်၊ အိပ်ရာခင်း၊ တုံး၊ ထင်း အကန့်စီထားရာ နေရာကြားညပ်၍ (သို့မဟုတ်) ဖိထားသည့် နေရာမျိုးတွင် တွေ့နိုင်သည်။ |


(စာမျက်နှာ (၁၅၂) သို့)

www.burmeseclassic.com

# ရုံးပတီ အပင်ဝါရောဂါ

ပျော်ကင်းစေရန်



ရုံးပတီပင်သည် တောင်သူဦးကြီးများ စီးပွားဖြစ် စိုက်ပျိုးနိုင်သောအပင် ဖြစ်သည်။ မြောင်းလိုက် တိုက်ရိုက် မျိုးစေ့ချ စိုက်ပျိုးနိုင်သကဲ့သို့ ပျိုးထုပ်ကလေးများဖြင့် ပျိုး၍ စိုက်ကျင်းသို့ ပြောင်း၍ စိုက်နိုင်သည်။

တစ်လခွဲခန့်အတွင်း ပန်းစ, ပွင့်ပြီး အသီးသီးသည်။ ရုံးပတီသီးသည် ကြီးထွားမြန်သဖြင့် အသီးလှိုင်သော စိုက်ခင်းတွင် တစ်ရက်ခြား ခူးဆွတ်နိုင်ကာ ဝင်ငွေ ကောင်းစွာ ရရှိသည်။

ရာသီမရွေး စိုက်ပျိုးနိုင်သော်လည်း မိုးနှင့်ဆောင်းတွင် ပိုမို ဖြစ်ထွန်းသည်။

ခူးဆွတ်ရောင်းချနေသော ရုံးပတီခင်းတွင် လေဝင်လေထွက် ကောင်းစေရန် အသီးမရှိသည့် အောက်လက်များကို ရှင်းပေးရသည်။ အပင်များ စိမ်းစို၍ ပိုးမွှားကင်းနေလျှင် အလွန်သီးသော အပင်မျိုး ဖြစ်သည်။

ရုံးပတီပင်တွင် မှိုရောဂါအဖြစ် ရွက်ပြောက်ရောဂါနှင့် ရွက်ဝါရောဂါများ ကျတတ်သည်။ အထူးသဖြင့် ရွက်ဝါရောဂါသည် ကူးစက်လွယ်ပြီး စိုက်ခင်းတစ်ခင်းလုံး ပျက်စီးနိုင်သည်။

ရွက်ဝါရောဂါ ကျပါက အသီးမသီးတော့ဘဲ အပင်ကျသွားပါသည်။ ရွက်ဝါရောဂါ ကျခါစတွင် အပင်၏ အညွန့်ဖျားမှ စ, ဝါလာပြီး တဖြည်းဖြည်း တစ်ပင်လုံးရှိ အရွက်များ ဝါသွားသည်။ သီးလာသော အသီးများလည်း ဝါ၍ ရောင်းတမ်းမဝင်တော့ချေ။

ရုံးပတီရွက်ဝါရောဂါကို ဖြစ်ပွား ပျံ့နှံ့ပြီးမှ ကုသ၍မရ။ မဖြစ်မီ ကြိုတင်ကာကွယ်မှသာ အကျိုးရှိပါသည်။ ကြိုတင် ကာကွယ်နည်းမှာ **ရုံးပတီပင်ငယ်စဉ်(ရွက်ကြီးလေး,ငါးရွက် ထွက်ချိန်)မှစ၍ ယူရီးယား(ပုလဲမြေသြဇာ)နှင့် အိမ်သုံးဆားအနည်းငယ် ရော၍ ကျွေးပေးရသည်။**

ဤနည်းကို စာရေးသူတို့ ဒေသရှိ စိုက်ပျိုးခင်းများတွင် လက်တွေ့အောင်မြင်မှု ရနေသော နည်းဖြစ်ရာ စိုက်ပျိုးသူများအားလုံး သိရှိ အသုံးပြုနိုင်ရန် ရေးသား တင်ပြလိုက်ပါသည်။

*စိုက်ပျိုးစီးပွား ထွန်းကားကြပါစေ။*

*ညွန့်ဝင်း(နတ်တလင်း)*

---

စာမျက်နှာ (၁၅၁)မှ အဆက်

အကြွင်းကို (၇)ဖြင့် စားပါက အောက်ဖော်ပြပါ အကြွင်းအရ ထပ်ဆင့် ပြန်လည် ဟောထုတ်နိုင်ပါသည်။

ဥပမာ တွက်ပြပါမည်။

လဆန်း (၁၂)ရက် တနင်္ဂနွေနေ့ နံနက်(၁၀)နာရီ (၁၅)မိနစ်တွင် အင် သားတစ်ဦးက ပစ္စည်းပျောက် လာမေး သည် ဆိုပါစို့...

(၁၀)နာရီ (၁၅)မိနစ် ဖြစ်သဖြင့် မိနစ်စွန်း၍ (၁၀)နာရီတွင် (၁)နာရီ ပေါင်းရပါမည်။

* * *

၁၁ နာရီ

၁၂ လဆန်းရက်

၃ | ၂၃ | ၇
၂၁

၂ ကြွင်း

**၂ ကြွင်း၍** ပစ္စည်းရှာလျှင် အရှေ့ တောင်၌ ရှာရန် ဖြစ်ပါသည်။

အဆိုပါ (၂)ကြွင်းကို (၇)ဖြင့် ပြန်စားပါ။ ပစ္စည်း ထားတတ်သည့် နေရာကို ထပ်မံတွက်ချက်မှုအရ တွေ့ ရှိမည် ဖြစ်ပါသည်။

၇ | ၂ | ၀
၀

၂ အကြွင်း

**အကြွင်း–၂** ဖြစ်သဖြင့် အဖုံးအပိတ် ဖြင့် ထားသည့်နေရာကို ထပ်မံ ရှာ မည် ဖြစ်ပါသည်။

မြန်မာ့ ကျေးလက်တောရွာတွင် ယနေ့ထိ သုံးနေဆဲ ဖြစ်ပါသည်။ ကွက်ဟာကွက်များ ရှိမည် အမှန် ပါသည်။ သို့ရာတွင် ယနေ့အထိ တော တည့်မှန်နေဆဲ ဖြစ်ပါသည်။ မှတ်တမ်း တင်နိုင်ရန် နက္ခတ္တရောင်ခြည်မဂ္ဂဇင်း စင်မြင့်မှ တစ်ဆင့် ဖော်ပြအပ်ပါသည်။

**အာယု ဝဏ္ဏော သုခံ ဗလံ**

**မောင်ဗဟိန်း (အင်းတော်)**



www.burmeseclassic.com



ဝိဇ္ဇာဓိုရ် ဦးအောင်

# မဟာဇေယျ မန္တန်တော်ကြီး

ရွတ်ပွားပူဇော်သူများအတွက် ဖြည့်စွက်ပေးပါရစေ

ဇေယျတု။ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ။

ဣတိပိ သော ဘဂဝါ အရဟံ၊
သမ္မာသမ္ဗုဒ္ဓေါ၊ ဝိဇ္ဇာစရဏသမ္ပန္နော၊
သုဂတော၊ လောကဝိဒူ၊ အနုတ္တရော
ပုရိသဒမ္မသာရထိ၊ သတ္ထာဒေဝ
မနုဿာနံ၊ ဗုဒ္ဓေါ၊ ဘဂဝါတိ။

နတ္ထိ မေ သရဏံ အညံ၊
ဗုဒ္ဓေါ မေ သရဏံ ဝရံ။
ဧတေန သစ္စဝဇ္ဇေန၊
မယ့် ကာဠိ န ဝိဇ္ဇတိ။
ဧတေန သစ္စဝဇ္ဇေန၊
ပဝဿန္တု သတ္တရတနာ၊
ဟောတု မေ ဇယမင်္ဂလံ၊
ဟောတု မေ အာယုဝဍ္ဎနံ။
ဟောတု မေ သုခဝဍ္ဎနံ၊
ဟောတု မေ ဓနသိဒ္ဓိလာဘံ။
ဟောတု မေ သဗ္ဗသိဒ္ဓိကိစ္စံ၊
ဟောတု မေ ဝိဇ္ဇာသိဒ္ဓိကိစ္စံ။

ဓမ္မံ သရဏံ ဂစ္ဆာမိ။

သွာက္ခာတော ဘဂဝတာ ဓမ္မော၊
သန္ဒိဋ္ဌိကော၊ အ,ကာလိကော၊ ဧဟိ
ပဿိကော၊ ဩပနေယျိကော၊ ပစ္စတ္တံ
ဝေဒိတဗ္ဗော ဝိညူဟီတိ။

နတ္ထိ မေ သရဏံ အညံ၊
ဓမ္မော မေ သရဏံ ဝရံ။
ဧတံ သရဏံ မုပေတိ၊
မယ့် ကာဠိ န ဝိဇ္ဇတိ။

(ပ)

ဟောတု မေ ဝိဇ္ဇာသိဒ္ဓိကိစ္စံ။

*[(ပ)ကို အထက်ပါအတိုင်း ဖော်ထုတ်ရွတ်ဆိုပါ။]*

သံဃံ သရဏံ ဂစ္ဆာမိ။

သုပ္ပဋိပန္နော ဘဂဝတော သာဝက
သံဃော၊ ဥဇုပ္ပဋိပန္နော ဘဂဝတော
သာဝက သံဃော၊ ဉာယပ္ပဋိပန္နော
ဘဂဝတော သာဝက သံဃော၊ သာမီ
စိပ္ပဋိပန္နော ဘဂဝတော သာဝက
သံဃော၊ ယဒိဒံ စတ္တာရိ ပုရိသယုဂါနိ
အဋ္ဌ ပုရိသ ပုဂ္ဂလာ၊ ဧသ ဘဂဝတော
သာဝက သံဃော၊ အာဟုနေယျော၊
ပါဟုနေယျော၊ ဒက္ခိဏေယျော၊ အဉ္ဇလိ
ကရဏီယော၊ အနုတ္တရံပုညက္ခေတ္တံ
လောကဿာတိ။

နတ္ထိ မေ သရဏံ အညံ၊
သံဃော မေ သရဏံ ဝရံ။
ဧတံ သရဏံ မုပေတိ၊
မယ့် ကာဠိ န ဝိဇ္ဇတိ။

(ပ)

ဟောတု မေ ဝိဇ္ဇာသိဒ္ဓိကိစ္စံ။

၅။ သမာဒိယိ ပဉ္စသီလံ၊
အဋ္ဌင်္ဂမ္ပိ သု,ဒေသိတံ။
ဧတေန သစ္စဝဇ္ဇေန၊
ပဝဿန္တု သတ္တရတနာ။

(ပ)

ဟောတု မေ ဝိဇ္ဇာသိဒ္ဓိကိစ္စံ။

၆။ န ဇီဝိတန္တရာယောပိ၊
ကာတုံ ဗုဒ္ဓဿ ကောနုစိ။
ဧတေန သစ္စဝဇ္ဇေန၊
ပဝဿန္တု သတ္တရတနာ။

(ပ)

ဟောတု မေ ဝိဇ္ဇာသိဒ္ဓိကိစ္စံ။

၇။ န ဉာဏန္တရာယောပိ၊
ကာတုံ ဗုဒ္ဓဿ ကောနုစိ။
ဧတေန သစ္စဝဇ္ဇေန၊
ပဝဿန္တု သတ္တရတနာ။

(ပ)

ဟောတု မေ ဝိဇ္ဇာသိဒ္ဓိကိစ္စံ။

www.burmeseclassic.com

၈။ န ဘိက္ခန္တရာယောပိ၊
ကာတုံ ဗုဒ္ဓဿ ကေနစိ။
တေန သစ္စဝဇ္ဇေန၊
ပဝဿန္တု သတ္တရတနာ။
(ပ)
ဟောတု မေ ဝိဇ္ဇာသိဒ္ဓိကိစ္စံ။

၉။ န ရသ္မိအန္တရာယောပိ၊
ကာတုံ ဗုဒ္ဓဿ ကေနစိ။
တေန သစ္စဝဇ္ဇေန၊
ပဝဿန္တု သတ္တရတနာ။
(ပ)
ဟောတု မေ ဝိဇ္ဇာသိဒ္ဓိကိစ္စံ။

၁၀။ ဗုဒ္ဓေါ အ,ဘေဇ္ဇကာယောပိ၊
နတ္ထိ လောဟိတ သူဒနံ။
တေန သစ္စဝဇ္ဇေန၊
ပဝဿန္တု သတ္တရတနာ။
(ပ)
ဟောတု မေ ဝိဇ္ဇာသိဒ္ဓိကိစ္စံ။

၁၁။ သဒ္ဓါ မေ ဗုဒ္ဓသေဋ္ဌမှိ၊
သံသယော နတ္ထိ သဗ္ဗဒါ။
တေန သစ္စဝဇ္ဇေန၊
ပဝဿန္တု သတ္တရတနာ။
(ပ)
ဟောတု မေ ဝိဇ္ဇာသိဒ္ဓိကိစ္စံ။

၁၂။ သဒ္ဓါ မေ ဓမ္မသေဋ္ဌမှိ၊
သံသယော နတ္ထိ သဗ္ဗဒါ။
တေန သစ္စဝဇ္ဇေန၊
ပဝဿန္တု သတ္တရတနာ။
(ပ)
ဟောတု မေ ဝိဇ္ဇာသိဒ္ဓိကိစ္စံ။

၁၃။ သဒ္ဓါ မေ သံဃသေဋ္ဌမှိ၊
သံသယော နတ္ထိ သဗ္ဗဒါ။
တေန သစ္စဝဇ္ဇေန၊
ပဝဿန္တု သတ္တရတနာ။
(ပ)
ဟောတု မေ ဝိဇ္ဇာသိဒ္ဓိကိစ္စံ။

၁၄။ တိဋ္ဌေယျာ နန္တဝဿမှိ၊
ဓယုဿဝေါ သမာပန္နော။
တေန သစ္စဝဇ္ဇေန၊
ပဝဿန္တု သတ္တရတနာ။
(ပ)
ဟောတု မေ ဝိဇ္ဇာသိဒ္ဓိကိစ္စံ။

***[(ပ)များကို အထက်ပါ ဖော်ထုတ် ရွတ်ဆိုပါ။]***

## ဆုတောင်း

၁၅။ ယထိစ္ဆိတ နိပ္ပါဒနေ၊
အဓိပတိ မဟာမုနိ။
ယထာကာမ သံသိဒ္ဓနေ၊
အဓိပစ္စံ ဒဒါတု မေ။

၁၆။ ပုထဗျာ အာကာသေ ဝနေ၊
ပဗ္ဗတေ ဥဒကေ ထလေ။
နဂရေ စေဝ ဂါမေစ၊
ဂေဟေစ ဝိဟာရမှိစ။
ယံ ယံ ဟတ္ထုပစာရေပိ၊
ဒိဗ္ဗဘက္ခာ ဥပေန္တု မေ။

ခက်ခဲသော ပါဠိအသံထွက်

| | |
|---|---|
| ၁။**ဣတိပိ** | = အိတိပိ |
| **ဗုဒ္ဓံ** | = ဗုတ်ဓံ |
| **ဂစ္ဆာမိ** | = ဂစ်ဆာမိ |
| **နတ္ထိ** | = နတ်ထိ |
| **အညံ** | = အင်ညံ |
| **ဗုဒ္ဓေါ** | = ဗုတ်ဓော |
| ၂။**မယှံ** | = မယ်ရှံ |
| **ကင်္ခါ** | = ကင်ခါ |
| **ဝိဇ္ဇတိ** | = ဝိတ်ဇတိ |
| **သစ္စဝဇ္ဇေန** | = သစ်စဝစ်ဇေန |
| **ပဝဿန္တု** | = ပဝတ်သန်တု |
| **အာယုဝဍ္ဎနံ** | = အာယုဝတ်ဒနံ |
| **သိဒ္ဓိကိစ္စံ** | = သိတ်ဓိကိတ်စံ |
| ၃။**သွာက္ခာ** | = သွက်ခါ |
| **ဧဟိပဿိ** | = ဧဟိပတ်သိ |
| **ဩပ** | = အောပ |
| **ပစ္စတ္တံ** | = ပစ်စတ်တံ |
| **တဗ္ဗော** | = တပ်ဗော |
| **ဝိညူ** | = ဝိန်ညူ |
| **အညံ** | = အင်ညံ |
| **ဓမ္မော** | = ဓမ်မော |
| ၄။**သုပ္ပဋိပန္နော** | = သုပ်ပတိပန်နော |
| **ဥဇုပ္ပဋိပန္နော** | = ဥဇုပ်ပတိပန်နော |
| **ဉာယပ္ပဋိပန္နော** | = ဉာယပ်ပတိပန်နော |
| **သာမီစိပ္ပဋိပန္နော** | = သာမီစိပ်ပတိပန်နော |
| **စတ္တာရိ** | = စတ်တာရိ |
| **အဋ္ဌ** | = အတ်ထ |
| **ပုဂ္ဂလာ** | = ပုတ်ဂလာ |
| **ဒက္ခိ** | = ဒက်ခိ |
| **အဉ္ဇလိ** | = အင်ဇလိ |
| **အနုတ္တရံ** | = အနုတ်တရံ |
| **ပုညက္ခေတ္တံ** | = ပုန်ညက်ခေတ်တံ |
| **လောကဿာတိ** | = လောကတ်သာတိ |
| ၅။**သမာဒိယံ** | = သမာဒိယိန် |
| **ပဉ္စသီလံ** | = ပင်စသီလံ |
| **အဋ္ဌင်္ဂမ္ပိ** | = အတ်ထင်ဂမ် |
| **သတ္တရတနာ** | = သတ်တရတ |
| ၆။**ဇီဝိတန္တရာ** | = ဇီဝိတန်တရာ |
| **ဗုဒ္ဓဿ** | = ဗုတ်ဓတ်သ |
| ၇။**နဉာဏန္တရာ** | = နညာနန်တ |
| ၈။**နဘိက္ခန္တရာ** | = နဘိတ်ခန်တ |
| ၉။**နရသ္မိ** | = နရသမိ |
| **အန္တရာ** | = အန်တရာ |
| ၁၀။**အ,ဘေဇ္ဇ** | = အ,ဘစ်ဇ |
| ၁၁။**သဒ္ဓါ** | = သတ်ဓာ |
| ၁၂။**ဓမ္မသေဋ္ဌမှိ** | = ဓမ်မသစ်ထ |
| **သဗ္ဗဒါ** | = သပ်ဗဒါ |
| ၁၃။**သံဃသေဋ္ဌမှိ** | = သံဃသစ်ထ |
| ၁၄။**တိဋ္ဌေယျာ** | = တိတ်ထေ |
| **နန္တဝဿမှိ** | = နန်တဝတ်သ |
| **ဓယုဿဝေါ** | = ဓယုတ်သဝေ |
| **သမာပန္နော** | = သမာပန်နော |



www.burmeseclassic.com

www.burmeseclassic.com

| | | |
|---|---|---|
| ...သထိစ္စိတ | = | ယထိတ်ဆိတ |
| နိပ္ပါဒနေ | = | နိပ်ဖာဒနေ |
| သံသိဒ္ဓနေ | = | သံသိတ်ဓနေ |
| အဓိပစ္စံ | = | အဓိပစ်စံ |
| ...ပဗ္ဗတေ | = | ပပ်ဗတေ |
| ဥဒကေ | = | အုဒကေ |
| ဝိဟာရမ္ဘိစ | = | ဝိဟာရမ်မှိစ |
| ဒိဗ္ဗဘက္ခာ | = | ဒိပ်ဗဘက်ခါ |
| ဥပေန္တု | = | အုပင်တု |

...နက်

၁။ **ဇေယတု၊** အောင်မြင်စရာ အဖြာဖြာကို သေချာမသွေ ဖြေအောင်မြင်ပါစေသတည်း။ **ဗုဒ္ဓံ၊** မြတ်စွာဘုရားကို။ **သရဏံ၊** ကိုးကွယ်ရာဟူ၍။ **ဂစ္ဆာမိ၊** ဆည်းကပ်ပါ၏။ **သောဘဂဝါ၊** ထိုမြတ်စွာဘုရားသည်။ **ဣတိပိ၊** လူနတ်ဗြဟ္မာသတ္တဝါတို့၏ ပူဇော်အထူးကို ခံယူတော်မူထိုက်သော ဤအကြောင်းကြောင့်လည်း။ **အရဟံ၊** အရဟမည်တော်မူပါပေ၏။

**သောဘဂဝါ၊** ထိုမြတ်စွာဘုရားသည်။ **ဣတိပိ၊** အလုံးစုံသော တရားတို့ကို မဖောက်မပြန် ကိုယ်တော်တိုင်မှန်စွာ သိတော်မူသော ဤအကြောင်းကြောင့်လည်း။ **သမ္မာသမ္ဗုဒ္ဓေါ၊** သမ္မာသမ္ဗုဒ္ဓမည်တော်မူပါပေ၏။

**သောဘဂဝါ၊** ထိုမြတ်စွာဘုရားသည်။ **ဣတိပိ၊** ဝိဇ္ဇာသုံးပါး၊ ဝိဇ္ဇာရှစ်ပါး၊ စရဏတစ်ဆယ့်ငါးပါးတို့နှင့် ပြည့်စုံတော်မူသော ဤအကြောင်းကြောင့်လည်း။ **ဝိဇ္ဇာစရဏသမ္ပန္နော၊** ဝိဇ္ဇာစရဏသမ္ပန္န မည်တော်မူပါပေ၏။

**သောဘဂဝါ၊** ထိုမြတ်စွာဘုရားသည်။ **ဣတိပိ၊** ကောင်းမြတ်သော စကား မိန့်ကြားတော်မူတတ်သော ဤအကြောင်းကြောင့်လည်း။ **သုဂတော၊** သုဂတမည်တော်မူပါပေ၏။



**သောဘဂဝါ၊** ထိုမြတ်စွာဘုရားသည်။ **ဣတိပိ၊** လောကသုံးပါးကို သိတော်မူတတ်သော ဤအကြောင်းကြောင့်လည်း။ **လောကဝိဒူ၊** လောကဝိဒူ မည်တော်မူပါပေ၏။

**သောဘဂဝါ၊** ထိုမြတ်စွာဘုရားသည်။ **ဣတိပိ၊** ဆုံးမသင့် ဆုံးမထိုက်သော သူတို့ကို ယဉ်ကျေးအောင် ဆုံးမတော်မူရာ၌ အတုမရှိသော ဤအကြောင်းကြောင့်လည်း။ **အနုတ္တရော ပုရိသ ဒမ္မသာရထိ၊** အနုတ္တရော ပုရိသ ဒမ္မသာရထိ မည်တော်မူပါပေ၏။

**သောဘဂဝါ၊** ထိုမြတ်စွာဘုရားသည်။ **ဣတိပိ၊** လူနတ်ဗြဟ္မာသတ္တဝါတို့၏ ဆရာဖြစ်တော်မူသော ဤအကြောင်းကြောင့်လည်း။ **သတ္ထာ ဒေဝမနုဿာနံ၊** သတ္ထာဒေဝမနုဿာန မည်တော်မူပါပေ၏။

**သောဘဂဝါ၊** ထိုမြတ်စွာဘုရားသည်။ **ဣတိပိ၊** သစ္စာလေးပါး မြတ်တရားကို ကိုယ်တော်တိုင်လည်း သိ၊ ဝေနေယျသတ္တဝါတို့ကိုလည်း သိစေတော်မူတတ်သော ဤအကြောင်းကြောင့်လည်း။ **ဗုဒ္ဓေါ၊** ဗုဒ္ဓမည်တော်မူပါပေ၏။

**သောဘဂဝါ၊** ထိုမြတ်စွာဘုရားသည်။ **ဣတိပိ၊** ဣဿရိယ၊ ဓမ္မ၊ ယသ၊ သိရီ၊ ကာမ၊ ပယတ္တဟူသော ဘုန်းတော်(၆)ပါးနှင့် ပြည့်စုံတော်မူသော ဤအကြောင်းကြောင့်လည်း။ **ဘဂဝါ၊** ဘဂဝါမည်တော်မူပါပေ၏။

၂။ **မေ၊** အကျွန်ုပ်အား။ **အညံ၊** ဘုရားမှ အခြားသော။ **သရဏံ၊** ကိုးကွယ်ရာသည်။ **နတ္ထိ၊** မရှိ။ **ဗုဒ္ဓေါ၊** မြတ်စွာဘုရားသည်။ **မေ၊** အကျွန်ုပ်၏။ **ဝရံ၊** မြတ်သော။ **သရဏံ၊** ကိုးကွယ်ရာတည်း။ **ဧတံ၊** ထိုမြတ်စွာဘုရားကို။ **သရဏံ၊** ကိုးကွယ်ခြင်းသို့။ **ဥပေတိ၊** ကပ်ရောက်ပါ၏။ **မယှံ၊** ကျွန်ုပ်အား။ **ကဒါ၊** ယုံမှားတွေးတောခြင်းသည်။ **နဝိဇ္ဇတိ၊** မရှိ။ **ဧတေန သစ္စဝဇ္ဇေန၊** ဤမှန်သော သစ္စာစကားကြောင့်။ **သတ္တရတနာ၊** ရတနာ(၇)ပါး မိုးတို့သည်။ **ပဝဿန္တု၊** ရွာသွန်းပါစေကုန်သတည်း။

**မေ၊** အကျွန်ုပ်အား။ **ဇယမင်္ဂလံ၊** အောင်ခြင်းမင်္ဂလာသည်။ **ဟောတု၊** ဖြစ်ပါစေသတည်း။

**မေ၊** အကျွန်ုပ်အား။ **အာယုဝဍ္ဍနံ၊** အသက်ရှည်ခြင်းသည်။ **ဟောတု၊** ဖြစ်ပါစေသတည်း။

**မေ၊** အကျွန်ုပ်အား။ **သုခဝဍ္ဍနံ၊** ချမ်းသာတိုးပွားခြင်းသည်။ **ဟောတု၊** ဖြစ်ပါစေသတည်း။

**မေ၊** အကျွန်ုပ်အား။ **ဓနသိဒ္ဓိလာဘံ၊** ဥစ္စာနှင့်ပြည့်စုံမှုကို ရခြင်းသည်။ **ဟောတု၊** ဖြစ်ပါစေသတည်း။

**မေ၊** အကျွန်ုပ်အား။ **သဗ္ဗသိဒ္ဓိကိစ္စံ၊** အလုံးစုံ ပြီးမြောက်သောကိစ္စရှိသည်။ **ဟောတု၊** ဖြစ်ပါစေသတည်း။

**မေ၊** အကျွန်ုပ်အား။ **ဝိဇ္ဇာသိဒ္ဓိကိစ္စံ၊** ဝိဇ္ဇာ၏ ကိစ္စပြီးစီးခြင်းသည်။ **ဟောတု၊** ဖြစ်ပါစေသတည်း။

၃။ **ဓမ္မံ၊** တရားတော်မြတ်ကို။ **သရဏံ၊** ကိုးကွယ်ရာဟူ၍။ **ဂစ္ဆာမိ၊** ဆည်းကပ်ပါ၏။ **ဘဂဝတာ၊** မြတ်စွာဘုရားသည်။ **ဓမ္မော၊**

www.burmeseclassic.com

တရားတော်မြတ်ကို။ **သွက္ခာတော**၊ ကောင်းစွာ ဟောကြားတော်မူအပ်ပါပေ၏။

**ဓမ္မော**၊ တရားတော်မြတ်သည်။ **သန္ဒိဋ္ဌိကော**၊ ကိုယ်တိုင်ထင်ထင် သိမြင်ထိုက်၏။

**ဓမ္မော**၊ တရားတော်မြတ်သည်။ **အကာလိကော**၊ အခါမလင့် အကျိုးကို ပေးတတ်၏။

**ဓမ္မော**၊ တရားတော်မြတ်သည်။ **ဧဟိပဿိကော**၊ လာလှည့် ရှုလှည့်ဟု အစီအရင် ခံထိုက်သော တရားဖြစ်၏။

**ဓမ္မော**၊ တရားတော်မြတ်သည်။ **ဩပနေယျိကော**၊ ကိုယ်စိတ်ထဲ၌ စွဲပိုက်ဆောင်ထား အပ်သော တရားဖြစ်၏။

**ဓမ္မော**၊ တရားတော်မြတ်ကို။ **ပစ္စတ္တံ**၊ အသီးသီး။ **ဝိညူဟိ**၊ ပညာရှိတို့သည်။ **ဝေဒိတဗ္ဗော**၊ သိအပ် ခံစားအပ်သောတရား ဖြစ်ပါပေ၏။

**မေ**၊ အကျွန်ုပ်အား။ **အညံ**၊ တရားမှ အခြားသော။ **သရဏံ**၊ ကိုးကွယ်ရာသည်။ **နတ္ထိ**၊ မရှိ။ **ဓမ္မော**၊ တရားတော်သည်။ **မေ**၊ အကျွန်ုပ်၏။ **ဝရံ**၊ မြတ်လှစွာသော။ **သရဏံ**၊ ကိုးကွယ်ရာတည်း။ **တေ**၊ ထိုတရားတော်မြတ်ကို။ **သရဏံ**၊ ကိုးကွယ်ခြင်းသို့။ **ဥပေတိ**၊ ကပ်ရောက်ပါ၏။

**မယံ**၊ အကျွန်ုပ်အား။ **ကခါ**၊ ယုံမှားတွေးတောခြင်းသည်။ **နဝိဇ္ဇတိ**၊ မရှိ။ (ပ) **မေ**၊ အကျွန်ုပ်အား။ **ဝိဇ္ဇာသိဒ္ဓိကိစ္စံ**၊ ဝိဇ္ဇာ၏ ကိစ္စပြီးစီးသည်။ **ဟောတု**၊ ဖြစ်ပါစေသတည်း။

[(ပ)မှာ အထက်ကပုဒ်များအတိုင်း ဖော်ထုတ်ရွတ်ဆိုရန် ပေယျာလ–မြှုပ်ခြင်းဖြစ်၏။]

၄။ **သံဃံ**၊ သံဃာတော်မြတ်ကို။ **သရဏံ**၊ ကိုးကွယ်ရာဟူ၍။ **ဂစ္ဆာမိ**၊ ဆည်းကပ်ပါ၏။ **ဘဂဝတော**၊ မြတ်စွာဘုရား၏။ **သာဝကသံဃော**၊ တပည့်သား သံဃာတော်သည်။ **သုပ္ပဋိပန္နော**၊ ကောင်းစွာ ကျင့်တော်မူတတ်ပါပေ၏။

**ဘဂဝတော**၊ မြတ်စွာဘုရား၏။ **သာဝကသံဃော**၊ တပည့်သား သံဃာတော်သည်။ **ဥဇုပ္ပဋိပန္နော**၊ ဖြောင့်မတ်စွာ ကျင့်တော်မူတတ်ပါပေ၏။

**ဘဂဝတော**၊ မြတ်စွာဘုရား၏။ **သာဝကသံဃော**၊ တပည့်သား သံဃာတော်သည်။ **ဉာယပ္ပဋိပန္နော**၊ သင့်လျော် လျောက်ပတ်စွာ ကျင့်တော်မူတတ်ပါပေ၏။

**ဘဂဝတော**၊ မြတ်စွာဘုရား၏။ **သာဝကသံဃော**၊ တပည့်သား သံဃာတော်သည်။ **သာမီစိပ္ပဋိပန္နော**၊ အရိုအသေပြုခြင်းကို ခံထိုက်အောင် ကျင့်တော်မူတတ်ပါပေ၏။

**စတ္တာရိ**၊ လေးပါးကုန်သော။ **ယဒိဒံ ယာနိ ပုရိသ ယုဂါနိ**၊ အကြင်ယောကျ်ားမြတ်အစုံတို့သည်။ **သန္တိ**၊ ရှိကုန်၏။

**တေပုရိသ ပုဂ္ဂလာ**၊ ထိုယောကျ်ားမြတ်အစုံတို့သည်ကား။ **အဋ္ဌ**၊ ရှစ်ယောက်တို့တည်း။

**ဘဂဝတော**၊ မြတ်စွာဘုရား၏။ **ဧသ ဓေသာ သာဝက သံဃော**၊ ထိုတပည့်သားဖြစ်သော သံဃာတော်သည်။ **အာဟုနေယျော**၊ အဝေးမှဆောင်၍ ပူဇော်ခြင်းကို ခံထိုက်ပါပေ၏။

**ပါဟုနေယျော**၊ ဧည့်သည်တို့အား ရည်မှတ် ထားသည့် ပစ္စည်းကိုလည်း ခံထိုက်ပါပေ၏။

**ဒက္ခိဏေယျော**၊ မြတ်သော အလှူကို ခံထိုက်ပါပေ၏။

**အဉ္ဇလီကရဏီယော**၊ လက်အုပ်... မိုး ရှိခိုးခြင်းကို ခံထိုက်ပါပေ၏။

**လောကဿ**၊ လူအများ... **အနုတ္တရံ**၊ အတုမရှိသော။ **ပုညက္ခေ... တ္တံ**၊ ကောင်းမှု၏ စိုက်ပျိုးရာ လယ်... မြေကောင်းသဖွယ် ဖြစ်ပါပေ၏။

**မေ**၊ အကျွန်ုပ်အား။ **အညံ**၊ သံဃာ... မှ အခြားသော။ **သရဏံ**၊ ကိုးကွယ်ရာ... သည်။ **နတ္ထိ**၊ မရှိ။ **သံဃော**၊ သံဃာ... တော်သည်။ **မေ**၊ အကျွန်ုပ်၏။ **ဝရံ**... မြတ်လှစွာသော။ **သရဏံ**၊ ကိုးကွယ်... ရာတည်း။

[ဤမှစ၍ (ပ) ဟောတု မေ ဝိဇ္ဇာ... သိဒ္ဓိကိစ္စံ တိုင်အောင် ပါဠိများသည်... အက္ခရာအရေအတွက် အသံထွက်... သည်ချည်းဖြစ်၍ အနက်အဓိပ္ပာယ်... လည်း တူလေပြီ။]

၅။ **အဟံ**၊ အကျွန်ုပ်သည်။ **သုဒေသိ... တံ**၊ မြတ်စွာဘုရား ကောင်းစွာ... ဟောကြားအပ်သော။ **ပဉ္စသီလမ္ပိ**... ငါးပါးသီလကို လည်းကောင်း... **အဋ္ဌင်္ဂမ္ပိ**၊ အင်္ဂါရှစ်ပါးရှိသည့် ဥပုသ်... သီလကို လည်းကောင်း။ **သမာ... ဒိယိံ**၊ ခံယူဆောက်တည်ခဲ့ပါပြီ... **ဧတေန သစ္စဝဇ္ဇေန**၊ အမှန်ဆိုကြ... ဤသစ္စာစကားကြောင့်။ **သဗ္ဗ... ရတနာ**၊ (၇)ပါးသော ရတနာမိုး... သည်။ **ပဝဿန္တု**၊ ရွာပါစေကုန်... သတည်း။

(ပ)

**[ဟောတုမေ ဝိဇ္ဇာသိဒ္ဓိကိစ္စံ တို့၏ အနက်များကိုလည်း ရှေ့ပုဒ်တွေ... အတိုင်း ဖော်ဆိုလေ။]**

၆။ **ဗုဒ္ဓဿ**၊ မြတ်စွာဘုရား၏။ **ဓိဝိ... တန္တရာယောပိ**၊ အသက်တော်... အန္တရာယ်ကိုလည်း။ ...**ကနစ်**... တစ်စုံတစ်ယောက်သော သူသည်... **ကာတုံ**၊ ပြုခြင်းငှာ။ **နသက္ကာ**...



www.burmeseclassic.com

www.burmeseclassic.com

မတတ်နိုင်။ **ဓတေန သစ္စဝဇ္ဇေန၊** အမှန်ဆိုပြား ဤသစ္စာစကားကြောင့်။ **သတ္တရတနာ၊** (၇)ပါးသော ရတနာမိုးတို့သည်။ **ပဝဿန္တု၊** ရွာပါစေကုန်သတည်း။

(ပ)

**[ယောတု မေ ဝိဇ္ဇာသိဒ္ဓိကိစ္စ တို့၏ အနက်များကိုလည်း ရှေ့ပုဒ်တွေ အတိုင်း ဖော်ဆိုပါလေ။]**

၇။ **ဗုဒ္ဓဿ၊** မြတ်စွာဘုရား၏။ **ဉာဏန္တရာယောပိ၊** ဉာဏ်တော်မြတ် အန္တရာယ်ကိုလည်း။ **ကောနစိ၊** တစ်စုံတစ်ယောက်သော သူသည်။ **ကာတုံ၊** ပြုခြင်းငှာ။ **နသက္ကာ၊** မတတ်နိုင်။ **[ဓတေန သစ္စဝဇ္ဇေန စသည်တို့၏ အနက်များ ရှေ့ပုဒ်တို့နှင့်တူပြီ။]**

၈။ **ဗုဒ္ဓဿ၊** မြတ်စွာဘုရား၏။ **ဘိက္ခန္တရာယောပိ၊** ဆွမ်းတော်မရရန် ပြုစီမံသည် အန္တရာယ်ကိုလည်း။ **ကောနစိ၊** တစ်စုံတစ်ယောက်သော သူသည်။ **ကာတုံ၊** ပြုခြင်းငှာ။ **နသက္ကာ၊** မတတ်နိုင်။ **[ဓတေန သစ္စဝဇ္ဇေန စသည်တို့၏ အနက်များ ရှေ့ပုဒ်တို့နှင့်တူပြီ။]**

၉။ **ဗုဒ္ဓဿ၊** မြတ်စွာဘုရား၏။ **ရသ္မိအန္တရာယောပိ၊** ရောင်ခြည်တော်၏ အန္တရာယ်ကိုလည်း။ **ကောနစိ၊** တစ်စုံတစ်ယောက်သော သူသည်။ **ကာတုံ၊** ပြုခြင်းငှာ။ **နသက္ကာ၊** မတတ်နိုင်။ **[ဓတေန သစ္စဝဇ္ဇေန ရှေ့အတိုင်းဆို။]**

၁၀။ **ဗုဒ္ဓေါ၊** မြတ်စွာဘုရား၏။ **အ,ဘဗ္ဗကာယောပိ၊** မခွဲဖျက်အပ်သော ကိုယ်ရှိသည် (ဝါ) မပျက်စီးနိုင်သော ကိုယ်တော်ရှိသည်ဖြစ်၍လည်း။ **လောဟိတသူဒနံ၊** ကိုယ်တော်မှ သွေးယိုစီးခြင်းသည်။ **နတ္ထိ၊** မရှိ။ **[ဓတေန သစ္စဝဇ္ဇေန ရှေ့အတိုင်းဆို]**

၁၁။ **မေ၊** ကျွန်ုပ်အား။ **ဗုဒ္ဓသေဋ္ဌမှိ၊** မြတ်စွာဘုရား၌။ **သဒ္ဓါ၊** ခိုင်မြဲသော သဒ္ဓါတရားသည်။ **အတ္ထိ၊** ရှိပါ၏။ **သဗ္ဗဒါ၊** အခါခပ်သိမ်း။ **သံသယော၊** သဒ္ဓါ၏ ဆန့်ကျင်ဘက် ယုံမှားသံသယသည်။ **နတ္ထိ၊** တစိုးတစိ မရှိလေပါ။ **[ဓတေနသစ္စဝဇ္ဇေန ရှေ့အတိုင်းဆို]**

၁၂။ **မေ၊** ကျွန်ုပ်အား။ **ဓမ္မသေဋ္ဌမှိ၊** တရားတော်မြတ်၌။ **သဒ္ဓါ၊** မြဲမြဲသော ယုံကြည်ခြင်းသည်။ **အတ္ထိ၊** ရှိ၏။ **သဗ္ဗဒါ၊** အခါခပ်သိမ်း။ **သံသယော၊** ယုံမှားသံသယသည်။ **နတ္ထိ၊** မရှိ။ **[ဓတေန သစ္စဝဇ္ဇေန ရှေ့အတိုင်းဆိုလေ]**

၁၃။ **မေ၊** ကျွန်ုပ်အား။ **သံဃသေဋ္ဌမှိ၊** သံဃာတော်မြတ်၌။ **သဒ္ဓါ၊** မြဲမြဲသော ယုံကြည်ခြင်းသည်။ **အတ္ထိ၊** ရှိ၏။ **သဗ္ဗဒါ၊** အခါခပ်သိမ်း။ **သံသယော၊** ယုံမှားသံသယသည်။ **နတ္ထိ၊** မရှိ။ **[ဓတေန သစ္စဝဇ္ဇေန ရှေ့အတိုင်းဆိုလေ။]**

၁၄။ **သမာပန္နော၊** သမာပတ်ဝင်စားလျက်။ **အနန္တဝဿမှိ၊** မဆုံးနိုင်သော နှစ်ကာလပတ်လုံးလည်း။ **တိဋ္ဌေယျ၊** တည်တော်မူငြားအံ့။ (**ဝေမှိ၊** ဤသို့နေတော်မူစေကာမူ) **ဖယုဿဝေါ၊** အောင်ပွဲတော်သည်။ **ဘဝေယျ၊** ဖြစ်လေရာ၏။ **[ဓတေန သစ္စဝဇ္ဇေန ရှေ့အတိုင်းဆို]**

ဆုတောင်း

၁၅။ **မဟာမုနိ၊** မြတ်စွာဘုရားသည်။ **ယထိစ္ဆိတနိပ္ဖါဒနေ၊** အလိုရှိတိုင်းသော အကျိုးတို့ကို ပြီးစေခြင်း၌။ **အဓိပတိ၊** အစိုးရတော်မူ၏။ (**ဝံ–** တထာ၊ ထို့အတူ။) **မေ၊** ကျွန်ုပ်အား။ **ယထာကာမသံသိဒ္ဓနေ၊** အလိုရှိတိုင်းသော အကျိုးကို ပြီးစေခြင်း၌။ **အဓိပစ္စံ၊** အစိုးရခြင်းကို။ **ဒဒါတု၊** ပေးပါစေသတည်း။

၁၆။ **ပုထဗျာစ၊** မြေ၌ လည်းကောင်း။ **အာကာသေစ၊** ကောင်းကင်၌လည်းကောင်း။ **ဝနေစ၊** တော၌လည်းကောင်း။ **ပဗ္ဗတေစ၊** တောင်၌လည်းကောင်း။ **ဥဒကေစ၊** ရေ၌လည်းကောင်း။ **ထလေစ၊** ကြည်းကုန်း၌လည်းကောင်း။ **နဂရေစေဝ၊** မြို့၌လည်းကောင်း။ **ဂါမေစ၊** ရွာ၌လည်းကောင်း။ **ဂေဟေစ၊** အိမ်၌လည်းကောင်း။ **ဝိဟာရမှိစ၊** ကျောင်း၌လည်းကောင်း။ **မေ၊** အကျွန်ုပ်၏။ **ယံယံဟတ္ထုပစာရေ၊** လက်လှမ်းမီရာ အနီး၌လည်းကောင်း။ **ဒိဗ္ဗဘက္ခာ၊** နတ်၌ဖြစ်သော အစာတို့သည်။ **ဥပေန္တု၊** ကပ်ရောက်လာပါစေကုန်သတည်း။

*[ဤဂါထာတော်များ ပါဠိအနက်ကို နက္ခတ္တရောင်ခြည်မဂ္ဂဇင်းနှင့် ပါရမီမဂ္ဂဇင်းတို့၏ ပါဠိအယ်ဒီတာဆရာကြီး ဦးသန်းအောင်ရွှေ ဓမ္မာစရိယ(မဟာဝဂ္ဂါဒီမြန်မာဂုဏ်ထူး)၊ ဒီဃဘာဏက–ဒီဃနိကာယကောဝိဒ(နိကာယဝိပုလ) ]မှ ပြန်ဆိုပေးပါသည်။ ]*

**ဝိဇ္ဇာဓိုရ် ဦးအောင်**

<u>မှတ်ချက်</u>

အချို့သောမဟာဝေဒဗ္ဗ မန္တန်တော်ကြီးတွင် ဆုတောင်းမပါ,ပါ။

ထို့ပြင် ကိုယ်လက်သန့်စင်ပြီး ခနသိဒ္ဓိနက္ခတ်ကို မော်ကြည့်ပြီးမှ မဟာဝေဒဗ္ဗမန္တန်ကို ရွတ်ဖတ်ရပါမည်ဟု မပါ,ပါ။ သို့ဖြစ်၍ စာရှုသူများ ပြည့်စွက် အသုံးပြုနိုင်ပါသည်။ **စာရေးသူ**



www.burmeseclassic.com

www.burmeseclassic.com

မြောင်းမြ မောင်ယဉ်တင့်

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ အနန္တသုခ တိုင်းရင်းဆေးခန်း

# ဆရာမ ဒေါ်ကလျာစိုး

(တဆ-၀၃၆၁၉)နှင့် တွေ့ဆုံဆွေးနွေးခဲ့သော

# မီးယပ်ဖြူဆင်းရောဂါ

ကာကွယ်စောင့်ရှောက်နည်းများ



ဆရာမ ဒေါ်ကလျာစိုး(တဆ-၀၃၆၁၉)

မီးယပ်ဖြူဆင်းရောဂါဟာ အမျိုးသမီးများ သွေးစ၊ သွေးလယ်၊ သွေးဆုံး အရွယ်သုံးပါးမှာ သွေးစ၊ သွေးလယ် အရွယ်တွေ မီးယပ်ဖြူဆင်းရောဂါ အဖြစ်များတာ တွေ့ရပါတယ်။ မှုမှန် မီးယပ်ဖြူဆင်းတာနဲ့ ရောဂါကြောင့် မှုမမှန် မီးယပ်ဖြူဆင်းရောဂါဆိုပြီး (၂)မျိုးရှိတာ သိရပါတယ်။

အဲဒီ မီးယပ်ဖြူဆင်းရောဂါနဲ့ ပတ်သက်ပြီး ဂဃနဏ သိရှိဖို့အတွက် တောင်ဥက္ကလာပမြို့နယ်ကို ရောက်တဲ့ အခါ အမျိုးသမီး တိုင်းရင်းဆရာမဖြစ်တဲ့ ဒေါ်ကလျာစိုးနဲ့ တွေ့ဆုံဆွေးနွေး ခဲ့ပါတယ်။ ဆေးကုသက် (၁၂)နှစ်ခန့် ရှိနေပြီဖြစ်တဲ့ ဆရာမ ဒေါ်ကလျာစိုးနဲ့ တွေ့ဆုံ ဆွေးနွေးမေးမြန်းခဲ့သမျှ ပြန်လည်တင်ပြလိုက်ပါတယ်။

▲ **'ဆရာမနဲ့ တွေ့ဆုံမေးမြန်းခြင်းဟာ ပထမဦးဆုံးအကြိမ် ဖြစ်ပါတယ်။ ဆရာမနဲ့ ဆွေးနွေးချင်တဲ့ ရောဂါကတော့ အမျိုးသမီးတွေ အများဆုံးဖြစ်တတ်တဲ့ မီးယပ်ဖြူဆင်း ရောဂါအကြောင်းကို ဆွေးနွေးချင်ပါတယ်။**

**မီးယပ်ဖြူဆင်းခြင်း ဘယ်နှမျိုး ရှိလဲဆိုတာ ပထမ ပြောပြပေးပါဦး'**

○ 'မီးယပ်ဖြူဆင်းခြင်း (၂)မျိုး ရှိပါတယ်။ အဲဒါတွေကတော့ မှုမှန်အဖြူဆင်းခြင်းနဲ့ မှုမမှန်အဖြူဆင်းခြင်းတို့ ဖြစ်ပါတယ်။

သာမန်အပျိုဖော်ဝင် အမျိုးသမီးတွေမှာ တစ်လမှာ နှစ်ကြိမ်ခန့် အဖြူဆင်းလေ့ရှိပြီး ပထမအကြိမ်ဟာ ပထမလနဲ့ ဒုတိယလရဲ့ ထက်ဝက် ဝက်လိုက်ရင် အလယ်ရက်တွေမှာ မီးယပ်ဖြူဆင်းလေ့ရှိပါတယ်။

ဒုတိယအကြိမ်ကတော့ မီးယပ်သွေး မပေါ်မီ ဆင်းလေ့ရှိပါတယ်။ အမျိုးသမီးတွေ သတိထားမိလောက်တဲ့ အဖြူများများဆင်းတာ မဟုတ်ဘဲ စိုစိစိ ဖြစ်ရုံလောက် ဆင်းတတ်ပါတယ်။

ဆီးစပ်နဲ့ ပေါင်ရင်း အောက်ခံဘောင်းဘီစိုတဲ့အထိ မများဘဲ ဆိုးရွားတဲ့ အနံ့အသက် မရှိပါဘူး။ ယားယံမှုလဲ မရှိဘဲ အဖြူဖျော့ရောင် ခပ်ကျဲကျဲ ဆင်းပါတယ်။ အဲဒါကို မှုမှန် အဖြူဆင်းခြင်းလို့ သတ်မှတ်ခေါ်ကြပါတယ်။

**မှုမမှန် အဖြူဆင်းခြင်းကတော့** နို့နှစ်ရောင်ဆင်းပြီး ပျစ်ပါတယ်။ ဆိုးရွားတဲ့ အနံ့အသက်ရှိပြီး ယားယံခြင်းတွေ ဖြစ်ပြီး ရက်ရှည်လကြာကြာ မီးယပ်ဖြူဆင်းလေ့ ရှိပါတယ်။ အဲဒါကို ရောဂါကြောင့် ဆင်းတဲ့ မီးယပ်ဖြူ သို့မဟုတ် မှုမမှန်အဖြူဆင်းခြင်းလို့ သတ်မှတ်ခေါ်ကြပါတယ်'

▲ **'မီးယပ်ဖြူဆင်းရောဂါ ဖြစ်စေတဲ့ အကြောင်းရင်းများကို ဆက်ပြီး ပြောပြပေးပါဦး'**

○ 'မီးယပ်ဖြူဆင်းရောဂါ ဖြစ်စေတဲ့ အကြောင်းရင်းများကတော့...

၁။ အပူအစပ် အစားအစာများ

www.burmeseclassic.com

လွန်ကဲစွာ စားသောက်ခြင်း၊
၂။ နေပူမီးပူခံပြီး ရေချိုးခြင်း၊
၃။ ညနေပိုင်း ညပိုင်းတို့တွင် ရေချိုးများခြင်း၊
၄။ အညောင်းထိုင်မှုများခြင်း၊
၅။ အပူကြီးတဲ့ အဖျားရောဂါ ဖြစ်စေခြင်း၊
၆။ စိတ်ဒေါသကြီးပြီး စိတ်ဖိစီးမှုများခြင်း၊
၇။ သန္ဓေတားဆေးများ ထိုးခြင်း၊
၈။ ပင်ပင်ပန်းပန်း အလုပ် လုပ်ရခြင်း၊
၉။ သမ်တလင်း ကျောက်အင်္ဂတေပူများတွင် နေထိုင်မှုများခြင်း၊
၁၀။ မေထုန်မှုလွန်ကဲခြင်း လိင်အပျော်အပါး လိုက်စားသော ခင်ပွန်းသို့မဟုတ် အမျိုးသားနှင့် လိင်ဆက်ဆံမှုပြုခြင်း...

စတဲ့ အကြောင်းအချက်များဟာ ရောဂါကြောင့် မူမမှန် မီးယပ်ဖြူဆင်းရောဂါ ဖြစ်ရတဲ့ အကြောင်းရင်းများဖြစ်ပါတယ်'

▲ **'မီးယပ်ဖြူဆင်း ရောဂါကြောင့် မူမမှန် မီးယပ်ဖြူဆင်းရောဂါရဲ့ လက္ခဏာများကိုလဲ သိပါရစေ'**

○ 'မီးယပ်ဖြူဆင်း ရောဂါကြောင့် မူမမှန်မီးယပ်ဖြူဆင်း ရောဂါရဲ့ လက္ခဏာများကတော့...
၁။ အလိုလိုနေရင်း အားကုန်ခြင်း, အနည်းငယ် လှုပ်ရှားရုံနှင့် မောပန်းခြင်း၊
၂။ နှလုံးတုန် ရင်ခုန်မှုးဝေခြင်း၊
၃။ ရင်ပူရေငတ်ခြင်း၊
၄။ ခန္ဓာကိုယ်အလေးချိန် လျော့ကျခြင်း၊
၅။ ကိုယ်လက် ညောင်းညာ တောင့်တင်း ကိုက်ခဲခြင်း၊
၆။ အစားအသောက် အအိပ်ပျက်ခြင်း၊
၇။ ကိုယ်သားကိုယ်ရေ ဖြူဖတ်ဖြူရော်ရှိခြင်း၊
၈။ ကိုယ်နံ့မကောင်းခြင်း၊
၉။ ယောနိယားယံခြင်း၊
၁၀။ မျက်နှာတွင် တင်းတိပ်, ဝက်ခြံ, မဲ့ခြောက်ပေါက်ခြင်း၊
၁၁။ ခြေသည်းလက်သည်းများ လှိုင်းတွန့်ထခြင်း, ကွဲအက်ခြင်း, ပုပ်ခြင်း၊
၁၂။ ဆံပင်ကျွတ်ခြင်း, နီကြင်ကြင်ဖြစ်ခြင်း၊
၁၃။ အရွယ်နှင့် မလိုက်အောင် အသားအရေ တွန့်ခြင်း၊
၁၄။ ယောနိမှ ဆိုးရွားသော အနံ့ရှိသည့် မီးယပ်ဖြူဆင်းများခြင်း...

စတဲ့ အကြောင်းအချက်များဟာ ရောဂါကြောင့် မူမမှန်ဆင်းတဲ့ မီးယပ်ဖြူဆင်းရောဂါလက္ခဏာများဖြစ်ပါတယ်'

▲ **'မီးယပ်ဖြူဆင်းရောဂါ ကာကွယ်စောင့်ရှောက် ကုသနည်းများကို လိုရင်းတိုရှင်း ပြောပြပေးပါဦး'**

○ 'မီးယပ်ဖြူဆင်းရောဂါ ကြိုတင်ကာကွယ်စောင့်ရှောက်ဖို့ဆိုရင်...
၁။ အပူအစပ် အစားအစာများကို လွန်ကဲစွာ မစားဘဲ ရသာ(၆)ပါး မျှတအောင် စားရပါတယ်။
၂။ နေပူမီးပူခံပြီး ရုတ်တရက် ရေမချိုးဖို့ သတိအမြဲထားရပါမယ်။ ညပိုင်း ညနေပိုင်း မိုးချုပ်အချိန်တွေမှာ ရေချိုးဆင်ခြင်ဖို့ လိုပါတယ်။ နေ့လယ်(၁၁)နာရီ နောက်ပိုင်း ရေလုံးဝ မချိုးမိဖို့ လိုပါတယ်။
၃။ သန္ဓေတားဆေးများ မထိုးခြင်း၊
၄။ မေထုန်မှု လွန်ကဲမှုကို ရှောင်ကြဉ်ပြီး လိင်အပျော်အပါး လိုက်စားတဲ့ အမျိုးသားများနဲ့ လိင်ဆက်ဆံခြင်း ရှောင်ကြဉ်ရပါမယ်။

အထူးသဖြင့် တစ်လင်တစ်မယား စနစ် ကျင့်သုံးဖို့နဲ့ မီးယပ်ဖြူဆင်းရောဂါ ဖြစ်စေတဲ့ အကြောင်းရင်းများကို သိရှိလိုက်နာရင် မီးယပ်ဖြူဆင်းရောဂါ ကြိုတင်ကာကွယ်ပြီးသား ဖြစ်ပါတယ်။

မီးယပ်ဖြူဆင်းရောဂါ ဖြစ်လာရင် **ဟင်းနုနယ်ဆူးပေါက် ပဥ္စငါးပါးကို နှစ်ခွက် တစ်ခွက်တင် တစ်နေ့(၂)ကြိမ် တစ်ကြိမ်ကို** အကြမ်းပန်းကန် တစ်လုံးခန့် သောက်ရပါတယ်။

တိုင်းရင်းဆေးခန်းသုံး ဆေးများနဲ့ ကုသရင် **တိုင်းရင်းဆေး ဆေးအမှတ် (၁၅) သည်းခြေဆေး** လက်ဖက်ရည် တစ်ဇွန်းခန့်ကို ကြံရည်၊ သံပရာရည် တစ်မျိုးမျိုးနဲ့ တိုက်ရပါမယ်။

ညအိပ်ရာဝင်ချိန်မှာ ဆီးဝမ်းလေမှန်တဲ့ ဆေးတစ်မျိုးမျိုးကို သောက်ရပါမယ်။ လိမ်းဆေးအနေနဲ့ **တိုင်းရင်းဆေး ဆေးအမှတ်(၄၄)** ကတိုးလိမ်းဆေးကို သနပ်ခါး၊ နံ့သာရည် တစ်မျိုးမျိုးနဲ့ ရောစပ်ပြီး ခန္ဓာကိုယ်တစ်ကိုယ်လုံး လိမ်းရပါမယ်။

အထူးသဖြင့် ချက်ရဲ့ အောက်ဆီးခုံ အထက်ပိုင်းကို လိမ်းပေးရပါမယ်။ သောက်ဆေး၊ လိမ်းဆေးများနဲ့ စနစ်တကျကုသရင် သက်သာပျောက်ကင်းသွားမှာ ဖြစ်ပါတယ်'

▲ **'ခုလို မီးယပ်ဖြူဆင်းရောဂါ အကြောင်းကို လိုရင်းတိုရှင်း ပြောပြပေးတဲ့အတွက် ကျေးဇူးတင်ပါတယ် ဆရာမ'**

ဆရာမ ဒေါ်ကလျာစိုးနဲ့ ဆက်သွယ်နိုင်တဲ့ လိပ်စာကတော့...

**ဆရာမဒေါ် ကလျာစိုး B.A(Eco)**
**တိုင်းရင်းဆေးဒီပလိုမာ(မန္တလေး)**
အနန္တသုခတိုင်းရင်းဆေးခန်း
အမှတ်(၂၅၇)၊ မိဂသီ(၁၈)လမ်း၊
(၁၂)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊
ရန်ကုန်မြို့။
ဖုန်း-၀၉ ၅၁၈၂၄၁

**မြှောင်းမြ မောင်ယဉ်တင့်**

www.burmeseclassic.com

ကြော်ငြာဆောင်းပါး

# သားမင်း နှလုံးသည်းခြေဆေး

အမှတ်တံဆိပ်

၀၂၁၁Y၀၀၈၉၅၄ လိုင်စင်၇/၂၀၀၈/တဆထလ (၁၆၂၅)
ကြော်ငြာခွင့်ပြုချက် ကဆ၀က (စာနယ်ဇင်း) ၁၆၉/၀၂၀၁၀

ကလင်...ကလင်ဆိုတဲ့ ခေါင်းလောင်းသံကြောင့် တံခါးဖွင့်လိုက်ရာ ရ–လွှာ တက်လာသော ဘရဏီကို တွေ့လိုက်ရသည်။

"တံခါးဖွင့်ပါဦး သရဖီရယ်... မောလိုက်တာ... နောင်ဆို ရ–လွှာမှာမနေဘဲ တာဝတိံသာတက်နေ" ငေါ်ငေါ်တူးတူး ပြောလိုက်သော ဘရဏီစကားကြောင့် သရဖီက ရယ်ကျဲကျဲလုပ်ရင်း...

"နောက်မှပဲစိတ်ဆိုး... ခုတော့ အမောပြေ ဒီဆေးလေးသောက်လိုက်... အမောတွေ ပြေသွားစေရမယ်"

ဆေးလက်ဖက်ရည်ဇွန်း တစ်ဇွန်းခန့် ရေအေးနှင့်သောက်ပြီး ခဏ ဘရဏီ မျက်နှာ ရွှင်ပျလာသည်။



**အမောပြေ၊ လန်းဆန်း၊ ကျန်းမာဖို့**

**သားမင်း** (အမှတ်တံဆိပ်)

**နှလုံးသည်းခြေဆေးကို သုံးစွဲကြစို့**

"ဟယ်...ဆေးကလဲချိုချဉ်အရသာလေးနဲ့ ကောင်းလိုက်တာ... အမောကို ပြေသွားတာပဲ... အခု ငါ့ကို တိုက်တာ ဘာဆေးလဲဟင်"

"ငါတို့မိသားစု အမြဲ သုံးစွဲနေတဲ့ **သားမင်း အမှတ်တံဆိပ် နှလုံးသည်းခြေဆေး**ပါ"

ထိုစဉ် ဘရဏီ၏ မိခင် ဒေါ်မာလာရောက်လာကာ "ဟုတ်တယ်... ဘရဏီရေ... ဒေါ်ဒေါ်တို့က ရ–လွှာမှာနေကြတဲ့သူတွေဆိုတော့ မိတ်ဆွေတစ်ယောက်ရဲ့ ဆေးလမ်းညွှန်မှုကြောင့် **သမားတော် ဦးကိုကိုကြီး ဖော်စပ်ထားတဲ့ သားမင်းအမှတ်တံဆိပ် နှလုံးသည်းခြေဆေး**ကို အမြဲသုံးစွဲနေတာ သရဖီ ရုံးသွားရုံးပြန်သောက်တဲ့ ဆေးဖြစ်သလို ဒေါ်ဒေါ်လည်း ဈေးသွားဈေးပြန်သောက်ရတဲ့ ရ–လွှာအတွက် အမောပြေဆေးပါပဲကွယ်"

"ခုနက သရဖီပြောလိုက်တာ နှလုံးသည်းခြေဆေး ဟုတ်လား"

"ဟုတ်တယ် ဘရဏီ... နှလုံးသည်းခြေဆေးပါ... နှလုံးကောင်းမှ သည်းခြေနဲ့သွေးဟာ တစ်ကိုယ်လုံးပျံ့နှံ့သလို သွေးနဲ့ အဗဒ္ဓသည်းခြေရောစပ်ကာ တစ်ကိုယ်လုံးပျံ့နှံ့ပြီး နှလုံးကို ပြန်စောင့်ရှောက်တာလို့ မြန်မာ့တိုင်းရင်းဆေးပညာကို လေ့လာထားလို့ ငါသိရတာ"

"နှလုံးသည်းခြေဆေးဟာ နှလုံးအတွက်ရော သည်းခြေအတွက်ပါ အကျိုးပြုတယ်ဆိုရင် လူတိုင်း သုံးစွဲသင့်တဲ့ ဆေးတစ်လက်ပဲပေါ့... ဒါဆိုရင် အသက်ကြီးပြီဖြစ်တဲ့ ငါ့ရဲ့ဖေဖေနဲ့ မေမေကို သုံးစွဲဖို့ အသိပေးရဦးမယ်... အဲဒီ သားမင်းအမှတ်တံဆိပ် နှလုံးသည်းခြေဆေးဟာ ဘယ်လိုရောဂါတွေအတွက် သုံးစွဲနိုင်တယ်ဆိုတာ ပြောပြပေးပါဦး သရဖီ"

"ပြောပြမယ်... သေသေချာချာ နား ထောင်... နှလုံးသည်းခြေ အားနည်းခြင်း၊ နှလုံးသွေးကြောကျဉ်းခြင်း၊ နှလုံးသွေးကြောကျယ်ခြင်း၊ နှလုံးသွေးကြော အဆီပိတ်ခြင်း၊ နှလုံးကြွက်သားများ အားနည်းခြင်း၊ ရောင်ခြင်း၊ နှလုံးတုန် ရင်ခုန်ခြင်း၊ အသက်ရှူမဝခြင်း၊ အသက်ရှူကျပ်ခြင်း၊ နှလုံးခုန်မမှန် မူးဝေ မောပန်းခြင်းများကို ရေအေး(သို့မဟုတ်) ဆီးဖျော်ရည် ရရာနှင့် သုံးစွဲနိုင်တယ်တဲ့"

"ဒါဆိုရင် လူတိုင်းနဲ့ သင့်လျော်တဲ့ ဆေးကောင်းတစ်လက်ပဲ ဆက်ပြောပါဦး သရဖီ"

"ရင်ညွန့်၍ စူးအောင့်ခြင်း၊ ကျောနှင့်ရင် ညှပ်အောင့်ခြင်း၊ နှလုံးစူး၍အောင့်ခြင်း ရင်ဝပူ၍ မအီမသာဖြစ်ခြင်း၊ လေးလံထိုင်းမှိုင်းခြင်း၊ အနည်းငယ် လှုပ်ရှားရုံနှင့် မောပန်းနွမ်းနယ်နေခြင်း၊ ဒေါသကြောင့်ဖြစ်စေ၊ စိုးရိမ်ကြောင့်ကြ ထိတ်လန့်ခြင်းကြောင့်ဖြစ်စေ၊ နှလုံးတုန် ရင်ခုန် မောပန်းခြင်းများကို ရေအေး (သို့မဟုတ်) ကြံရည်ရရာနှင့် သုံးစွဲနိုင်ပါတယ်...


ဆက်နားထောင် ဘရဏီ... နှစ်ခြိုက်စွာ အိပ်မပျော်သူများ စိတ်ဖိစီးမှုများ၍ စိတ်မကြည်လင်သူ၊ စိတ်ရောကိုယ်ပါ ပင်ပန်းနွမ်းနယ်သူများ၊ အားအင်ကုန်ခန်းသူ၊ သတိမှတ်ဉာဏ်နည်းသူများ အထူးသဖြင့် အိပ်ပျက်ခံ ကျက်မှတ်ရသော စာသင်သား၊ ရဟန်းသံဃာများ၊ ကျောင်းသူကျောင်းသားများ၊ စိတ်ရောကိုယ်ပါ မောပန်းနွမ်းနယ်သော ကာယ၊ ဉာဏ လုပ်သားများ၊ နာလန်ထ လူနာများ၊ သက်ကြီးရွယ်အိုများ၊ ရေအေး (သို့မဟုတ်) ပျားရည်နဲ့ နေ့စဉ် သုံးစွဲပါက ပင်ပန်းမှုပြေပျောက်လျက် စိတ်ကြည်လင် လန်းဆန်းစေပါတယ်။

အပူအပုပ်များသူ၊ ဆီးနီ၊ ဆီးနည်းသူများ ရေအေး (သို့မဟုတ်) မန်ကျည်းဖျော်ရည်နဲ့ သုံးစွဲနိုင်ပါတယ်။ အထူးသဖြင့် နှလုံးအားသွေးအား၊ သည်းခြေအားနည်းသူများ၊ နှလုံးရောဂါရှင်များ ပုံမှန်သောက်သုံးသင့်ပြီး အရွယ်တင်နုပျိုလိုသူ၊ သွေးတိုးရောဂါ နှလုံးရောဂါ၊ လေငန်းရောဂါ ကာကွယ်လိုသူများအတွက် နေ့စဉ် သောက်သုံးသင့်တဲ့ ဆေးတစ်လက်ဖြစ်ပါတယ်တဲ့ ဘရဏီ"

"အဲဒီလောက်ကောင်းတဲ့ **သားမင်း အမှတ်တံဆိပ် နှလုံးသည်းခြေဆေး**ကို ငါတို့မိသားစုလဲ သုံးစွဲမယ် လိုအပ်တဲ့သူ[cut off] လဲ သုံးစွဲနိုင်အောင် ပြည်ပေါ်မှာ ရှေ့ကြော်ငြာထုတ်လုပ်[obscured by watermark] ဘရဏီရယ်..."

**ပင်ရင်း-သားမင်းဆေးတိုက်** အမှတ် (၁၀၁၃)၊ ဣန္ဒာ(၁၀)လမ်း၊ ၄/ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။ ☎၀၁-၇၀၅၃၆၄ [obscured by watermark] ၅၀ ၉၇၉၈[cut off]

www.burmeseclassic.com



◆ ရှစ်မျက်နှာစေတီတော်

မောင်နို
(ကျောက်မဲ)

ခရီးတစ်ထောက်

# လွယ်ကြူလောက်

ဦးဆမ်အေးမောင် (ဝိဘယ်တည်းခို ...နှင့် လက်ဖက်ရည်ဆိုင်ပိုင်ရှင်)မှာ ...က်(၇၂)နှစ် ရှိပေမယ့် ကျန်းမာ ...ဆဲ ဖြစ်လေ၏။ ကိုယ်ပိုင်ကား ... ကိုယ်တိုင်မောင်းပို့သောကြောင့် ...ကြူလောက်တောင်သို့ ရောက် ...ခြင်း ဖြစ်လေ၏။

...နေ့(၁၆–၂–၀၈)က ကားပေါ်တွင် ...ဦးပါလေ၏။ ဦးဆမ်အေးမောင် ...ကြူလောက် တောင်ပေါ်ရှိ ...တောင်းပြည့်စေတီတော်၏ ဂေါပက ...) မကျည်းတန်(စာရေးဆရာမ)၊ ...တ်ခေါင် (ဗုဒ္ဓဝင်ပြခန်းများ ...ရှင်)နှင့် ကျွန်ုပ်တို့ ဖြစ်ကြ၏။

"...ချိုင့်ခွက်ပေါ်များသည့် မတ်**စောက်သောတောင်**"ဟု အဓိပ္ပာယ်ရသည့် "**လွယ်ကြူလောက်**"တောင် (ရှမ်းဘာသာ)ကို တိန်လုံရွာအထွက်မှ လှမ်းမျှော်ကြည့်လျှင် ဟိုးအဝေးဝယ် ထီးထီးမားမား မြင်နေရလေ၏။ တောင်စဉ်တောင်တန်းများ အစွန်းမှာ မိုးယံထက်သို့ ထိုးထွက်ပြီး ခံ့ညားစွာ ရှိနေ၏။

မြေပြန့်လွင်ပြင်တွင် စုန့်စုန့်တက်၍ တည်နေသော (အညာဒေသရှိ) ပုပ္ပါးတောင်နှင့် တူပေစွတကားဟု အောက်မေ့လိုက်မိ၏။

မူဆယ်မှ **မန့်ဝိန်း၊ ပန်ခမ်း၊ တိန်လုံ** ရွာများကို အစဉ်အတိုင်း ဖြတ်ကျော်ပြီးမှ လွယ်ကြူလောက်တောင်သို့ ရောက်ရခြင်း ဖြစ်ပေ၏။

တောင်ခြေ မုခ်ပေါက်တွင်ကား "**ကူဋ္ဌာသယ ဆုတောင်းပြည့်စေတီ**"ဟု ကမ္ပည်း ရေးထိုးထားသည်ကို တွေ့ရပေ၏။ အချိန်ကို ကြည့်လိုက်တော့ (၁၀း၃၀)နာရီ ရှိပေပြီ။

ကွေ့ကောက်သော လမ်းလေးအတိုင်းတက်သွားခဲ့ရာ မကြာမီ တောင်ထိပ်ရင်ပြင်တော်ပေါ် ရောက်လေ၏။ အရိပ်ကောင်းသော ညောင်ပင်အောက်တွင် ကားကိုရပ်ပြီး လက်ရှိ ကျောင်းထိုင်ဆရာတော် ဦးဩဘာသကို သွားရောက်ဖူးမြော်ကန်တော့၍ အာလာပသလ္လာပ စကားများ ပြောဆိုလျှောက်ထားကာ တောင်ပေါ်မှ လှည့်

www.burmeseclassic.com

လည်ကြည့်ရှုကြလေ၏။

ဘုန်းကြီးကျောင်းမှာ နှစ်ထပ်ဆောင်ဖြစ်၍ အပေါ်ထပ်တွင် ဆရာတော်ကျိန်းစက်၍ မြေညီထပ်ကို စားဖိုဆောင်နှင့် ဆွမ်းစားဆောင်အဖြစ် ထားရှိပေ၏။

ဘုန်းကြီးကျောင်း၏ အရှေ့ဘက်ကို ထွက်လိုက်လျှင် ရှစ်မျက်နှာစေတီကို ဖူးမြော်ရလေ၏။ ထိုရှစ်မျက်နှာစေတီကို ကျော်လွန်သွားလျှင် အနည်းငယ် နိမ့်ကျသော နေရာတွင် နဂါးရုပ်၊ မြွေရုပ်များထားရာ အဆောင်ရှိပေ၏။


ယင်းအဆောင်၏ အရှေ့ဘက်ကပ်လျက် ပို၍နိမ့်သော နေရာတွင် ရုပ်တော်မူ ဆင်းတုတော်တစ်ဆူနှင့် နတ်ကွန်းများ ရှိလေ၏။

ထိုနတ်ကွန်းများ ရှိရာမှ မျှော်ကြည့်လိုက်လျှင် အရှေ့မြောက်ယွန်းယွန်း၌ မူဆယ်မြို့ကို မှုန်ပျပျ မြင်ရပြီး မြောက်ဘက်တွင် ငွေရောင်တောက်ပနေသော ရွှေလီမြစ်ကြီး ရစ်ခွေစီးဆင်းနေသည်ကို မြင်ရလေ၏။

ယင်းမြစ်၏ ဝဲယာဘေးနှစ်ဖက်တွင် အိမ်စုလေးများ၊ တောအုပ်လေးများနှင့် တောင်ယာခင်းလေးများကို တွေ့ရလေ၏။ တောင်ယာခင်း တချို့ကား စိမ်းစိမ်းစိုစို၊ တချို့ကား ဝင်းဝင်းဝါဝါ ရှိလေ၏။

ရှုခင်းများကို ခဏတွင်မျှ ရှုကြည့်ပြီး ပြန်လာရာ မြွေနှင့်နဂါးရုပ်များ ထားရှိရာ အဆောက်အအုံများသို့ ရောက်ပြန်လေ၏။ ထိုနေရာမှ တစ်ဖန် ရှုမငြီးသည့် ရှုခင်းများကို မျှော်ကြည့်ပြန်၏။ အနောက်တောင်ဘက်တွင် ဆယ်လန့်ရွာကို ခပ်ရေးရေးမြင်ရလေ၏။

**ဆယ်လန့်ရွာကား ပုဂံပြည်ရှင် အနော်ရထာမင်းကြီး၏ ထင်ရှားသော**



◆ မြွေရုပ်လုံးပုံ


**မိဖုရားတစ်ပါးဖြစ်သူ စောမွန်လှ၏ ဒွာမြို့ဖြစ်လေ၏။**

စိတ်အလျဉ်သည် ပုဂံပြည်မှ မွေးဇာတိ ဆယ်လန့်ရွာသို့ ကြမ်းတမ်းသော တောတောင်အထပ်ထပ်ကို တရွေ့ရွေ့ ဖြတ်သန်းကြွမြန်းလာသော စောမွန်လှကို မြင်ယောင်မိလေ၏။

ထို့ပြင် မိဖုရားကြီး စောမွန်လှ တည်ထားရစ်ခဲ့သည့် မြန်မာနိုင်ငံအနှံ့ ကျော်ကြားသော ရွှေစာရံနှင့် ဘော်ကြိုစေ[illegible] များကိုပါ တရေးရေး မြင်ယောင်မိ[illegible] ၏။

ဩော်... သူမ၏ ပြည်တော်ပြန်[illegible] တာကား ဝေးလွန်းလှပေစွတကား[illegible] သူမ ဖြတ်သန်းခဲ့ရာ ခရီးလမ်း၌ [illegible] ချ ရပ်နားခဲ့ရာ ဒေသအချို့[illegible] စေ[illegible] အဆူဆူကို ကြည့်ညိုဖွယ်ရာ တ[illegible] ထားရစ်ခဲ့သူပါတကား။ ဗုဒ္ဓ၏ အ[illegible]

www.burmeseclassic.com



လွယ်ကြူလောက်တောင်ကို အဝေးမှ မြင်ရပုံ

အမဒ္ဒ နူးညွတ်ပြီးသော သူပါတကား ဟု နှစ်လိုလေးမြတ်စွာ တွေးတောမိလေ၏။

စောမွန်လှ၏ ဘဝနှင့် လုပ်ရပ်ကို တွေးတောဆန်းစစ်ရင်း ရင်မှာ ဝမ်းနည်းဝမ်းသာဖြစ်ပြီး လွမ်းမောတသရကား မြွေရုပ်၊ နဂါးရုပ်များ ထားရှိရာ အဆောက်အအုံဆီသွား၍ လှေကားခုံတွင် ထိုင်ကာ အပန်းဖြေနားနေမိလေ၏။

ထိုသို့ အပန်းဖြေ နားနေစဉ် ဦးပဉ္စင်းကြီးတစ်ပါး ရောက်ရှိလာသဖြင့် စကားစပ်မိပြီး မြွေရုပ်အကြောင်း၊ တောင်တော်အကြောင်း အတန်ငယ် သိခွင့်ရလေ၏။

နဂါးရုပ်များကိုမူ ထူးခြားချက် တစ်စုံတစ်ရာ မကြုံတွေ့ရဘဲ ပန်းပုထု၍ ပုံဖော်ခဲ့ခြင်း ဖြစ်သော်လည်း မြွေရုပ်ကို ပန်းပုထု၍ ပုံဖော်ခဲ့ခြင်းတွင် ထူးခြားချက် ရှိခဲ့ကြောင်း သိရလေ၏။

တစ်ခုသော ကာလဝယ် တောင်ယာလုပ်ကိုင်စားသူ အမျိုးသမီးကြီး တစ်ဦးနှင့် နတ်ဝင်သည် အမျိုးသမီး တစ်ဦးတို့အား ပေါ်နန်းရွာ ကြက်ခြံအတွင်းရှိ သစ်ယားပင်ကြီးကို တူးဖော်ကြည့်ရန် တစ်နေ့တည်း အိပ်မက်ပေးလေ၏။

အိပ်မက်ရရှိသူ နှစ်ဦးကလည်း ထိုအိပ်မက်ကို အိမ်နီးနားချင်းများအား ပြောပြမိရာ တစ်ရွာလုံး သိရှိသွားကြလေတော့၏။

တူညီသော အိပ်မက်ကို တစ်နေ့တည်း မက်ရခြင်းမှာ ထူးခြားမှု ရှိရပေမည်ဟု ခံစားမိသူ ဦးအိုက်အေးနှင့် ဦးဆန်ရင်တို့က အိပ်မက်အရ သစ်ယားပင်ကို တူးဖော်ကြည့်ရာ ပါးပျဉ်းထောင်နေသော မြွေပုံသဏ္ဌာန်အမြစ်ကို ရရှိခဲ့ခြင်း ဖြစ်လေ၏။

ယင်းအမြစ်ကို ထပ်မံ၍ အနည်းငယ် ပြုပြင်လိုက်သောအခါ အသက် ဝင်လာလေ၏။ ဆေးရောင်ခြယ်သလိုက်သည့် အခါ **(ဓာတ်ပုံတွင် ပြထားသည့်အတိုင်း)** ပို၍ ပီပြင်လာလေ၏။

လုံးပတ် လူကြီးပေါင်လုံးခန့်ရှိပြီး ဦးခေါင်းအမြင့် ရင်ဝခန့်ရှိသော မြွေရုပ်ဖြစ်လာလေ၏။

ထိုဂမ္ဘီရမြွေရုပ်ရှိရာ လွယ်ကြူလောက်တောင်မြေနေရာကို ၁၂၄၇ ခုနှစ်၊ တပို့တွဲလပြည့်တွင် ဆယ်လန့်မြို့စားကြီး ဦးခွန်ဆမ်က ကိုရင်ကြီးအား ဝတ္တကမြေအဖြစ် လှူဒါန်းခဲ့ခြင်း ဖြစ်လေ၏။ သိမ်ပေါ်မင်း ပါတော်မူစကပင် လှူဒါန်းခြင်း ဖြစ်လေရာ နှစ်ပေါင်း (၁၀၀)ကျော် ကြာခဲ့ပေပြီ။

၁၃၅၁ ခုနှစ်တွင် မုန်တိုင်းကြောင့် စေတီတော်၏ ထီးပြိုကျသဖြင့် ပြန်လည် ပြုပြင်ခဲ့ရသကဲ့သို့ ၁၃၅၄ ခုနှစ်



www.burmeseclassic.com

www.burmeseclassic.com

တွင်လည်း ထပ်မံပြုပြင်ပြီး ထီးတော်တင်လှူခဲ့ရပေသည်။

လွန်ခဲ့သော (၉)နှစ်ခန့်ကမူ မည်သို့သော အကြောင်းမှ မရှိဘဲ ထူးဆန်းစွာ ဝုန်းခနဲ ပြိုကျသွားရပြန်၏။

ဘုရားဒကာ၊ ဒကာမ အပေါင်းက ဒီအတိုင်း ပစ်မထားနိုင်သောကြောင့် စတင် ရရှိ ငွေ ကျပ်(၃၆)သိန်းကို မ, တည်၍ ပြုပြင်တည်ဆောက်ခဲ့ပြန်ရာ ထီးတော်တင်ပြီးသည်အထိ (၉)လ ကြာခဲ့ကြောင်းနှင့် ကုန်ကျစရိတ်ပေါင်း ကျပ်သိန်း(၂၀၀)ကျော်ကြောင်း သိရှိခဲ့ရ၏။

ယခုအခါ လွယ်ကြူလောက်တောင်ပေါ်၌ တင့်တယ်သော အဆောက်အအုံများ၊ သပ္ပါယ်စရာကောင်းသော ဆင်းတုတော်များ၊ ဂမ္ဘီရဆန်သော ရုပ်လုံးများနှင့် ပြည့်စုံနေသဖြင့် ကြည်နူးအံ့သြဖွယ်ဖြစ်ရလေသည်။

လက်ရှိ ကျောင်းထိုင်ဆရာတော် ဦးသြဘာသနှင့် ဂေါပကအဖွဲ့ဝင်များကလည်း သာသနာ့အကျိုးအတွက် ဆရာဒကာ ညီညွတ်စွာ အားထုတ်ကြိုးပမ်းနေသည်ကို မြင်တွေ့နေရသောကြောင့် သာဓုအကြိမ်ကြိမ် ခေါ်နေမိလေ၏။

သို့သော် ဒီတောင်ပေါ်တွင် ကြာကြာမနေနိုင်ပါ။ ဒီတောင်ပေါ်နှင့် သမိုင်းကြောင်းအရ ဆက်စပ်နေသော ဆယ်လန့်ရွာဆီသို့ ခရီးဆက်ချင်သေးသဖြင့် ကြည်နူးဝမ်းမြောက်မှုများစွာဖြင့် လွယ်ကြူလောက်တောင်ပေါ်မှ ဆင်းသက်လာကြလေ၏။

'နေရစ်ပေဦးတော့ လွယ်ကြူလောက်တောင်တော်ကြီးရေ'

ဟု စိတ်ထဲမှ နှုတ်ဆက်[illegible] လက်အုပ်ချီလိုက်ချိန်မှာ (၁၁း၃၀)နာ[illegible] ဖြစ်လေ၏။

ကားလေးမှာ မိဖုရားကြီး စောမွန်[illegible] တို့ ဌာနီဖြစ်သည့် ဆယ်လန့်ရွာ[illegible] ဦးတည်လျက် ကောက်ကွေ့သော[illegible] လမ်းလေးတစ်လျှောက် ပြေးလွှား[illegible] ချေသည်တကား။

**မောင်နိုး(ကျောက်မဲ)**

ကိုးကားချက်

၁။ မူဆယ်မဂ္ဂဇင်း(၂၀၀၂ ခုနှစ်)။

၂။ ကိုယ်တိုင် သွားရောက်လေ့လာ[illegible] ချက်၊


မြန်မာ့ရိုးရာ သိုင်းပညာရှင် ဆရာကြီးတစ်ဦးထံမှ စာရေးသူရရှိခဲ့သော ဆေးနည်းဖြစ်ပါသည်။

**အကြောနှင့်**

ပတ်သက်၍ ဤဆေးကိုသုံး



လူ၏ကိုယ်ခန္ဓာ အကြောများ သန့်မာစေရန် လှုပ်ရှားမှုဒဏ်ကြောင့် ဖြစ်သော အကြောထုံခြင်း၊ နာခြင်း၊ ကျဉ်ခြင်း၊ ကိုက်ခြင်းတို့ကို ပျောက်ကင်းစေနိုင်ပါသည်။

အကြော တောင့်တင်းခြင်းကို ပြေပျောက်စေသည်။ ကာယလုပ်သားကြီးများနှင့် အထူး သင့်လျော်ပါသည်။

ပန်းသေပန်းညှိုးနှင့် သုက်အားကို အလွန်ကောင်းမွန်ကြောင်း ဆရာကြီး ဦးမြတ်ထွန်းမှ ရှင်းလင်း ပြောပြပါသည်။

**ဆေးနည်းမှာ...**

ဆူးလက်ပံပင်ပေါက်၏ အမြစ်ကို ရေစင်စွာ ဆေးကြော၍ ပါးပါးလှီးဖြတ်ပြီး အရိပ်ထဲတွင် အခြောက်ခံထားရမည်။

သွေ့ခြောက်သောအခါ ပျားရည်စစ်စစ်နှင့် ရောနယ်၍ တစ်နေ့နှစ်ကြိမ် သောက်သုံးပေးရမည်ဟု စာရေးသူအား ရှင်းလင်းပြောပြပါသည်။

**ဆေးချိန်မှာ** ဆီးကင်းလုံးခန့် ဖြစ်ပါသည်။

ဆရာကြီး ဦးမြတ်ထွန်းကိုယ်တိုင် သောက်သုံးနေသော အကြောနှင့်ပတ်သက်၍ အစွမ်းထက်သောဆေး ဖြစ်ပါသည်။

**[ဤဆောင်းပါးဖြင့် မြတ်စောညီနောင်သိုင်းအဖွဲ့ (မြန်မာနိုင်ငံသိုင်းအဖွဲ့ချုပ်ဝင်) ဆရာကြီး ဦးမြတ်ထွန်းအား ဂါရဝပြုပါ၏။]**

*မေတ္တာများဖြင့်...*

ဉာဏ်မြင့်ဦး[စက္ကူဗျူဟာ] *(အုတ်ရှစ်ကုန်း-အုတ်ဖို)*

www.burmeseclassic.com

သူတစ်ပါးစိတ်ကို သိတော်မူသော အင်းလေးမှ

# ဝက်သကင်ဆရာတော်



ဒေါ်သုဇာနဝိစ္ဆာ
(B.Sc,H.G.P, Dip Ed)

၁၉၉၁ ခုနှစ်၊ နိုဝင်ဘာလ(၁၃)ရက် (၁၃၅၃ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၇–ရက်)က **ဝက်သကင်ဆရာတော်**ကို ဖူးမြော်ခဲ့ရပါသည်။ စာရေးသူတို့အဖွဲ့က ကုံလုံဆရာတော်(ပင်းတယ၊ ဂျွန်တောင်၌ သီတင်းသုံးနေသော ဆရာတော်ကြီး)ထံ၌ ကထိန်မင်္ဂလာအလှူ ပြုလုပ်ပြီး အင်းလေးဖောင်တော်ဦးဘုရား၊ ဝက်သကင်ဆရာတော်တို့ကို ဖူးမြော်ကြခြင်းပါ။

(၁၂–၁၁–၁၉၉၁)နေ့က ကုံလုံဆရာတော်ကြီးကို ကထိန်အလှူ လှူခဲ့ပါသည်။ ဂျွန်တောင်မှ ထွက်ခွာခဲ့ကြပါသည်။ ပင်းတယ၌ ခေတ္တ နားပါသည်။ ပင်းတယ ရွှေဥမင်ဘုရားကတော့ (အသွားခရီး) ဖူးမြော်ပြီးပါပြီ။ ကားဖြင့် ဆက်လက် ထွက်ခွာကြပါသည်။ အင်းထဲ၌ ညအိပ်ပါသည်။ နံနက်တွင် စက်လှေဖြင့် ထွက်ကြပါသည်။

အင်းထဲမှ ဖောင်တော်ဦးဘုရားကို ဖူးမြော်ကြပါ၏။ ပြီးလျှင် ဝက်သကင်ဆရာတော်ကို ဖူးမြော်ရန် စက်လှေဖြင့် ခရီးဆက်ကြပါသည်။ စက်လှေနောက်မှ စင်ရော်ငှက်များကလည်း ဝဲကာ၊ ပျံကာ လိုက်ပါကြပါသည်။ မုန့်များကို စင်ရော်ငှက်များ ကျွေးလိုက်၊ ရေထဲမှ ငါးများကို ကျွေးလိုက်နှင့် အင်မတန် ပျော်ရွှင်ကြပါသည်။

**(၁၂–၁၁–၁၉၉၁)**ညက ဘုရားရှိခိုးပြီးနောက် စကားပြောခဲ့ကြပါသည်။ ကုံလုံဆရာတော်ကြီး ဟောခဲ့သော အနုမောဒနာတရားသည် စာရေးသူကို တိုက်ရိုက်ဟောသောတရား ဖြစ်ပါသည်။ စာရေးသူ၏ သဒ္ဓါတရားကို ချီးမြှင့်သောတရား ဖြစ်ပါသည်။(စာရေးသူမှာ အလုပ်များ မအားလပ်သည့်ကြားမှ အချိန်ယူ၍ စွန့်စားရသောခရီး၊ အလှူဖြစ်ကြောင်း ဆရာတော်ကြီး၏ တရားတွင် ပါဝင်ပါသည်။)

ထိုတရားအကြောင်းကို အိမ်ရှင်များနှင့် အဒေါ်ကို ပြောပါသည်။ အဒေါ်က ဝက်သကင်ဆရာတော် မည်သည့်တရား ဟောမည်နည်းဟု စူးစမ်းလာပါသည်။ ဝက်သကင်ဆရာတော်ကို မဖူးဘူးပါ။ ဆရာတော်အကြောင်းလည်း မကြားဘူးပါ။ ဝက်သကင်ဆရာတော်နှင့် ပတ်သက်ပြီး မိုးကောင်းမြို့က မကြားဘူးကြပါ။ စက်လှေသံကြောင့် စကားပြောရခြင်းကို အားစိုက်ရပါသည်။

စာရေးသူက **"တစ်ယောက်တည်းနေခြင်းက အကောင်းဆုံးဖြစ်ကြောင်း"** ဟောလိမ့်မည်ဟု ပြောလိုက်ပါသည်။ စာရေးသူက တစ်ယောက်တည်းနေပြီး အလုပ်အားလျှင် ဘုရားခန်းထဲ၌သာ တရားအလုပ်ဖြင့် နေလေ့ရှိပါသည်။

စာရေးသူ၏ ဆန္ဒကို စိတ်ထဲက ပေါ်လာသည့်အတိုင်း ပြောကြားခြင်းပါ။ စာရေးသူ ပြောသည့်တရား ဟောလျှင် တောင်ကြီးမှာ ညစာ တကာခံပါမည်ဟု အဒေါ်က ပြောပါသည်။

ဝက်သကင်က ကျွေးမွေးသော အစားအသောက်များလည်း သက်သတ်လွတ်များ ဖြစ်နေမလားဟု အဒေါ်က တွေးပူနေပါသည်။ အဒေါ်က အသား၊ ငါးကြိုက်သူပါ။ ညက အိမ်ရှင်များကျွေးမွေးကြသော အသား၊ ငါးများဖြင့် ထမင်းမြိန်ရှက်ခဲ့ကြောင်းကို အဒေါ်က ပြန်ပြောနေပါသည်။

နံနက်စောစော ငါးနိုင်းချင်း အင်းမုန့်တီ စားခဲ့ရခြင်းကိုလည်း အားမရပါတဲ့။ အဝကြီး စားချင်ပါသတဲ့။ ဖောင်တော်ဦးဘုရား၌လည်း ကြက်ခေါက်ဆွဲစားခဲ့ပါသေးသည်။ ရိုးရာဟင်းထုပ်(ငါးဖိန်း)နှင့် သားရေပွကြော်လည်း စားခဲ့ပါသေးသည်။

စာရေးသူကတော့ နံနက်က နံပြားနှင့် ကော်ဖီ သောက်ခဲ့ပါသည်။ အင်းလေးဖောင်ဦးမှာတော့ ဘာမှ မစားဖြစ်လိုက်ပါ။ အင်းပစ္စည်း(လက်ဆောင်ပေးရန်) ရိုးရာပစ္စည်းများ ဝယ်နေ၍ပါ။ ရိုးရာအစားအသောက် (ကောက်ညှင်းနှင့်လုပ်သော အစားအစာ)များတော့ ဝယ်ခဲ့ပါသည်။ ကြုံရာတွင်စားရန် ဖြစ်ပါသည်။ စာရေးသူ



www.burmeseclassic.com

www.burmeseclassic.com

ကြက်၊ ငါးတော့ စားပါသည်။ ငယ်စဉ်ကတည်းက စာရေးသူ ခြေလေးချောင်း မစားပါ။ ကြက်၊ ငါးကိုလည်း မစွဲမက်ပါ။ ထမင်းချက်ပေးသူက ချက်ပြုတ်ပေးသော အသီးအရွက်ဟင်းများကိုသာ စားလေ့ရှိပါသည်။

စားပွဲပေါ်၌ လာရောက်ပြင်ဆင်ပေးသော ဟင်းများကိုသာ စားလေ့ရှိပါသည်။ ချေးမများပါ။ များများစားစားလည်း ဘာကိုမှ မစားပါ။ အသီးများကိုသာ စားလေ့ရှိပါသည်။ ပန်းသီး၊ လိမ္မော်သီးကိုတော့ စားပါသည်။ စာရေးသူက ကိုလုံတွင် စားခဲ့သော ပဲပုပ်ထောင်း၊ ဆေးခါးဟင်း၊ ဂျုံးမြစ်သုပ်ကိုသာ စားမြိန်ခဲ့ပါသည်ဟု ပြောမိပါသည်။

ဝက်သကင်ဆရာတော်ထံ ရောက်သောအခါ စာရေးသူတို့ မရောက်မီ ရောက်နှင့်နေသော ပရိသတ်များလည်း ရောက်ရှိနေပါသည်။ ထိုသူများက ဆရာတော်၏ ပရိတ်ရေများအကြောင်း ပြောပြပါသည်။ စာရေးသူတို့ကလည်း ပရိတ်ရေ လိုချင်ကြပါသည်။ ပုလင်းများ အဆင်သင့် ရရှိပါသည်။ ရေစက်၌ ရေသွားခပ်ရပါသည်။ (ထိုစဉ်က ရေသန့်ဘူးများ ခေတ်စားသောအချိန် မဟုတ်ပါ။)

အင်းထဲကရေသည် မသန့်စင်ဟု စာရေးသူ၏ စိတ်ထဲက တွေးနေမိပါသည်။ (ရေခပ်ထည့်နေရင်း စိတ်ထဲက တနုံ့နုံ့ ခံစားနေခြင်းဖြစ်ပါသည်။) ရေပုလင်းများ ဆရာတော်ရှေ့၌ စီချထားကြရပါသည်။ ဆရာတော် ပရိတ်မရွတ်မီ ဝက်သကင်ရေစက်မှ ရေသည် အလွန်သန့်စင်ကြောင်း မိန့်တော်မူပါသည်။ စာရေးသူ၏စိတ်ထဲက အတွေးကို ဆရာတော်က ချေပပေးသော စကားတော်ပါ။

စာရေးသူ ပြုံးမိပါသည်။ ပရိတ်ရွတ်နေစဉ် ရေပုလင်း အကုန်လုံး ရေဆူပါသည်။ ဒကာတစ်ဦးက အဖုံးဖွင့်မည်ပြုသောအခါ ဆရာတော်က ဖွင့်ရန်မလိုဟု ပြောပါသည်။ ဆက်လက်ပြီး တရားဟောပါသည်။ **"မြတ်စွာဘုရားအလောင်းတော်ဘဝက တစ်ဦးတည်းနေ၍ တရားရသောဇာတ်တော်"** အကြောင်း ဟောတော်မူပါသည်။

တရားနာပရိသတ်များလည်း တရားရချင်လျှင် တစ်ယောက်တည်းနေ၍ အမြဲတမ်း တရားနှလုံးသွင်းပါဟု တိုက်တွန်းတော်မူပါသည်။ ဆရာတော်က စာရေးသူတို့ ပြောစကား (စက်လှေ၌ အလောင်းအစားပြုသော စကား)ကို သိနေပါပေါ့လား၊ ဆရာတော်ကတော့ ရဟန္တာပဲဟု ထင်လိုက်ပါသည်။(စိတ်ထဲက တွေးနေခြင်းပါ။) တရားဟောပလ္လင်ထက်မှ ဆရာတော်က...

'ဘုန်းကြီးကို ရဟန္တာဟု ထင်နေကြတယ်၊ ဘုန်းကြီး ရဟန္တာမဟုတ်ပါ၊ ဆုကြီးပန်ပါ'

ဟု မိန့်ခဲ့ပါသည်။ ဘာမှ မတွေးရဲစရာပါ။ တွေးတိုင်းသိ၊ ပြောတိုင်းသိသော ဝက်သကင်ဆရာတော်ပါ။

ဆရာတော်၏ တရားဟောပလ္လင်၏ နောက်တွင်ရှိသော သံဖြင့်ပြုလုပ်ထားသော ဗောဓိညောင်ပင်(အရွက်များမှစ၍ သံဖြင့်သာ ပြုလုပ်ထားပါသည်။)ကို ကြည့်မိပြီး စာရေးသူ အံ့ဩဘွယ်ပေါက်ရပါသည်။ ရွှေ၊ ငွေ၊ အသုံးအဆောင်များကို လင်ပန်းတွင်ထည့်ပြီး သိဒ္ဓိတင်ပေးတော်မူပါဟု လျှောက်ထားကြပါသည်။ သိဒ္ဓိတင်ပေးတော်မူပါသည်။

ပရိတ်ရေကို လိုသလို သုံးဆောင်ပါဟု မိန့်တော်မူပါသည်။ **(ဆရာတော်၏ပရိတ်ရေသည် ရောဂါများ ပျောက်ကင်းပါသည်။ ဥာဏ်ရှိသလို သုံးပါက အလွန်မတန် အဖိုးတန်လှပါသည်။)** ဆရာတော်က မေတ္တာပို့များကို စိတ်အားထက်သန်စွာ တိုင်ပေးပါသည်။ မေတ္တာပို့ကြရန်လည်း အထူးတိုက်တွန်းတော်မူပါသည်။

ဆရာတော်က ဘုန်းကြီး ဒါနပြု[...] သောဆွမ်းကို စားသွားကြပါဟု တိုက်[...] တွန်းပါသည်။ သက်သတ်လွတ်ဟင်း[...] မဟုတ်ပါဟု မိန့်ပါသည်။ အဒေါ်က[...] သဘောပေါက်မိ၍ အသံထွက်သည်[...] အထိ ရယ်မောပါသည်။**(စက်လှေတွင် အဒေါ်ပြောသော စကားကို ဆရာ[...] တော်မှ အဖြေပေးခြင်းပါ။)**

ဆွမ်းစားဆောင်တွင် ကျွေးသော[...] ဟင်းများမှာ ရေဗျိုင်းသားဟင်းနှင့်[...] အခြားဟင်းရံများပါ။ တစ်ခါမှ မစား[...] ဘူးသောဟင်း(ရေဗျိုင်းသား)ကို စာရေး[...] သူ မထိခဲ့ပါ။ ပဲပုပ်ကြော်၊ ဂျုံးမြစ်သုပ်[...] (ခရမ်းချဉ်သီးများများ)၊ မုန်ညင်းစော်[...] (အချဉ်ရည်ဟင်း)တို့ဖြင့် သာ စာရေးသူ[...] စားမြိန်ခဲ့ပါသည်။ ကောက်ညှင်းပေါင်း[...] အကြော်နှင့် မွှေးပျံ့သော အခါးရည်[...] (ရေနွေးကြမ်း)ကိုပါ တည်ခင်းကျွေးမွေး[...] ပါသည်။

ဆရာတော်၏ ကျေးဇူးကား ကြီးလှ[...] ပါသည်။ သူတစ်ပါး၏ စိတ်အကြံ[...] အစည်၊ ကွယ်ရာ၌ ပြောသောစကား[...] ပင် သိနိုင်စွမ်းသော ဆရာတော်[...] ကြည်ညိုခြင်းမက ကြည်ညိုရပါသည်။

ဆရာတော်တို့ကဲ့သို့ စရဏ အား[...] ကောင်းသော ထူးမြတ်သည့် ရဟန်း[...] များအတွက် ဂုဏ်ယူရပါသည်။**(မြန်မာ[...] နိုင်ငံ အရပ်ရပ်တွင် ထူးမြတ်သည့် ရဟန်းများ မြောက်မြားစွာ ရှိခဲ့ပါ[...] သည်။ ကိုယ့်နည်းကိုယ့်ဟန်နှင့်[...] သာသနာပြုခဲ့ကြပါသည်။)**

ဆရာတော်၏ ပို့သသော မေတ္တာ[...] ကြောင့် အပြန်လမ်းခရီးတစ်လျှောက်[...] အဆင်ပြေ ချောမောပါသည်။ တောင်[...] ကြီးရောက်တော့ အဒေါ် ဒကာခံသော[...] အစားအစာ(ရှမ်းဟင်း၊ အသီးအနှံ)များ[...] စားရပါသည်။

တောင်ကြီးမှ မန္တလေး ကားလက်[...] မှတ် လွယ်ကူလှပါသည်။ မန္တလေး[...]

www.burmeseclassic.com

ကောင်း ရထားလက်မှတ် လွယ်ကူ ပါသည်။ ဆရာတော်၏ မေတ္တာကြောင့် ပါ။

မေတ္တာစွမ်းအား ကြီးလှသော မေတ္တာပိုင်ရှင် ဝက်သကင်ဆရာတော်ကို မမေ့နိုင်သေးပါ။ တသသနှင့် သတိရနေမိပါသည်။ အားကျစိတ်နှင့် မေတ္တာပို့မြဲပါ။(**မေတ္တာပို့ခြင်းသည် ကောင်းကြောင်း သဘောပေါက်ခဲ့၍ မေတ္တာပို့ခြင်းကို အလေးအနက်** ပြုခဲ့ပါသည်။)

***စာဖတ်သူများ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာကြပါစေ။***

ဒေါ်သုမနဝီစိတ္တ
*(B.Sc,H.G.P,Dip Ed)*

**စာရှုသူ သုတေသီနှင့် ပါသနာရှင်များသို့. . .**

မိမိတို့ဒေသရှိ ဆရာတော်ကြီးများ၊ ပုဂ္ဂိုလ်ထူးကြီးများ၏ မိမိတို့သာသိပြီး သမိုင်းမဝင်သော ဖြစ်ရပ်များကို ရေးသားပေးပို့နိုင်ကြပါပြီ။ ဤသို့ ရေးသားပေးပို့ခြင်းဖြင့် ကွက်လပ်ဖြစ်နေသော၊ အများမသိသော ဖြစ်ရပ်များကို မှတ်တမ်းတင်ပြီးဖြစ်သွားပါမည်။ ဤကုသိုလ်ထူးကြီးကို ပါဝင်မှတ်တမ်းတင်ကြပါရန် မေတ္တာရပ်ခံအပ်ပါသည်။

***လေးစားစွာဖြင့်. . .***

**ဦးကျော်မိုးသိန်း**
**စာတည်းချုပ်**

စာမျက်နှာ (၁၆၈)မှ အဆက်

**သက္ကဏာပဓောဠိ အခြေမျာ**

**၁။ ကိုယ်ပိုင်လုပ်ငန်းနှင့် ဝန်ထမ်းလုပ်ငန်းဆိုလျှင် ဝန်ထမ်းလုပ်ငန်းကသာ ပိုပြီး အကျိုးပေးနိုင်မည်။**

အဘယ်ကြောင့်ဆိုသော် ဦးခေါင်းလမ်းကြောင်းနှင့် အသက်လမ်းကြောင်း အဖျားပိုင်းပူးပြီး ဦးခေါင်းလမ်းကြောင်း ကွေးညွှတ်ခြင်းကြောင့် ဖြစ်သည်။ **"ခ"အက္ခရာ**

* * *




**၂။ လက်အောက်ငယ်သားနှင့် ဦးစီးခေါင်းဆောင်ဆိုလျှင် အကြီးအမှူး ဦးစီးခေါင်းဆောင် အဆင့် အတန်းလုပ်ကိုင်ရမည့်သူဖြစ်သည်။**

အဘယ်ကြောင့်ဆိုသော် ကြာသပတေးဂြိုဟ်ခုံ လက်ညှိုးရင်းထိ နက်ရှိုင်းရှည်လျား အားကောင်းသော ရည်မှန်းချက်လမ်းကြောင်း အဖျက်သင်္ကေတကင်းရှင်းစွာ ထောင်တက်နေခြင်းကြောင့်ဖြစ်သည်။ **"ဂ" အက္ခရာ**


* * *




**၃။ စီးပွားဥစ္စာ ချမ်းသာ ပြည့်စုံနိုင်သောသူဖြစ်သည်။**

အဘယ်ကြောင့်ဆိုသော် အသက်လမ်းကြောင်းမှ ထောင်တက်နေသော တိုးတက်မှုလမ်းနှင့် ရတနာဘဏ်တိုက်လမ်းတို့ သေးသွယ်နက်ရှိုင်း အားကောင်းစွာ ရှိခြင်းကြောင့်ဖြစ်သည်။ **"စ"အက္ခရာ**


* * *




**၄။ ဥပစ္ဆေဒကကံဖြင့် ရုတ်တရက် ကွယ်လွန်တတ်ခြင်း မရှိပါ။**

အဘယ်ကြောင့်ဆိုသော် အသက်လမ်းကြောင်း အတွင်းဘက်မှာ အင်္ဂါလမ်းခေါ် အရံအသက်လမ်းကြောင်း ထင်ရှားအားကောင်းစွာ ပါရှိခြင်းကြောင့် ဖြစ်သည်။ **"က"အက္ခရာ**


* * *




**၅။ ငွေရှာကောင်းသူ၊ ငွေဝင်ကောင်းသူ ဖြစ်သည်။**

အဘယ်ကြောင့်ဆိုသော် လက်သူကြွယ် လက်ချောင်းထိပ်က လက်ညှိုးလက်ချောင်းထိပ်ထက် သိသိသာသာ ပိုရှည်နေခြင်း **"ဃ"အက္ခရာ**နှင့် လက်သူကြွယ်နှင့် လက်သန်းကြားမှ ထွက်သော ကြိုးဗွေမှာ လက်သူကြွယ်အောက် တနင်္ဂနွေဂြိုဟ်ခုံဘက်သို့ ရောက်ရှိနေခြင်း **"င"အက္ခရာ**တို့ကြောင့် ဖြစ်သည်။

* * *




**မှတ်ချက်** ။ ။ အထက်ပါ လက္ခဏာရှင်မှာ အစိုးရဝန်ထမ်း ဌာနကြီးတစ်ခုမှ ဌာနကြီးမှူး အရာရှိတစ်ဦး ဖြစ်သည်။[ယခု အငြိမ်းစားယူသွားပြီ။]

***အောင်မြင်ကျော်ကြား ချမ်းသာကြီးပွားအောင်...***

ဆရာကြီး ဦးအောင်မြိုင်(ဥပဓေတွဲ)
လက္ခဏာဗေဒင်ပညာသုတေသီ



www.burmeseclassic.com

www.burmeseclassic.com

# လက္ခဏာပဟေဠိ

အဖြေညှိကြစို့

ညာ

သရာကြီးဦးအောင်မြင့်
(ဥပဒေဘွဲ့)
လက္ခဏာဗေဒင်ပညာသုတေသီ

ယခုလအတွက် ဖော်ပြပေးလိုက်သော ညာလက်ဖဝါးပုံစံပိုင်ရှင်မှာ **အသက်ငါးဆယ်ခန့် အမျိုးသားတစ်ဦး** ဖြစ်ပါသည်။ လက္ခဏာပညာရှုထောင့်မှ သေချာစွာ ကြည့်ရှု လေ့လာစစ်ဆေးပြီးမှ အောက်ပါ မေးခွန်းများကို ဖြေကြည့်ပါ။

၁။ ကိုယ်ပိုင်လုပ်ငန်းနှင့် ဝန်ထမ်းလုပ်ငန်း မည်သည်က ပိုပြီး အကျိုးပေးနိုင်သနည်း။


၂။ လက်အောက်ငယ်သားနှင့် ဦးစီးခေါင်းဆောင် မည်သည့်အဆင့်အတန်းမျိုး လုပ်ကိုင်ရမည်နည်း။

၃။ စီးပွားဥစ္စာ ချမ်းသာ ပြည့်စုံနိုင်သောသူ ဖြစ်နိုင်,မဖြစ်နိုင်။

၄။ ဥပဒေ္ဒအကာကံဖြင့် ရုတ်တရက် ကွယ်လွန်တတ်ခြင်း ရှိ,မရှိ။

၅။ ငွေရှာ
ကောင်းသူ
ငွေဝင်
ကောင်းသူ
ဟုတ်, မဟုတ်။

မိမိတို့၏ အဖြေများကို အကြောင်းပြချက်နှင့်တကွ သီးခြား စာရွက်လွတ်မှာ ရေးမှတ်ပြီးမှ လက္ခဏာပဟေဠိ အဖြေနှင့် ညှိနှိုင်းတိုက်ဆိုင်ကြည့်ပါရန် အကြံ ပေးအပ်ပါသည်။




ပဟေဠိ အဖြေများကို
စာမျက်နှာ( ၁၆၇ )တွင်
ကြည့်ရှုပါရန်။



www.burmeseclassic.com

www.burmeseclassic.com

အိမ်မဲမြို့ အထက်ပိုင်းရပ်ကွက် သီရောမဏိတိုက်ကျောင်းဆရာတော်
သာသနဓဇဓမ္မာစရိယ ဂန္ထဝါစကပဏ္ဍိတ

# ဘဒ္ဒန္တ ပညာဝံသထေရ်

၏ လက္ခဏာတော်နှင့် ဩဝါဒ



● အိမ်မဲမြို့ သီရောမဏိကျောင်း
ဆရာတော် ဂန္ထဝါစကပဏ္ဍိတ
ဘဒ္ဒန္တပညာဝံသထေရ်

ဆရာဦးခင်မောင်လင်း (B.Sc/ ရွှေဘို)
(လက္ခဏာမဟာဘုတ်သုတေသီ)




## ထေရုပ္ပတ္တိ

ဆရာတော်သည် ...ကျွေးမြို့နယ်၊ ထန်း ...တပင်စန်း ကျေးရွာနေ ...ညီးတော် ဦးစံစနှင့် ...ယ်တော် ဒေါ်စိန်တို့မှ ...၃၁၀ ပြည့်နှစ်၊ ...ဆုန်လပြည့်ကျော် (၁၄)ရက်၊ ...ကြာသပတေးနေ့တွင် ဖွားမြင်တော်မူခဲ့ ...သည်။

၁၃၃၀ ခုနှစ်၊ ကဆုန်လဆန်း(၁) ...ရက်နေ့တွင် အိမ်မဲမြို့နယ် ကျုံကနို ...ကျောင်း ဆရာတော် ဦးပညာဝံသ ...၏ ဥပဇ္ဈာယ်ပြုလျက် ပန်းတနော် ...မြို့နယ် ကျုံလမ်းကြီးဝရွာနေ ဦးသူ ...တော် ဒေါ်သန်းခင် မိသားစုတို့၏

www.burmeseclassic.com




ပစ္စယာနုဂ္ဂဟကို ခံယူကာ မြင့်မြတ်သောရဟန်းအဖြစ်သို့ ရောက်ရှိပါသည်။

၁၃၄၃ ခုနှစ် ဓမ္မာစရိယ စာမေးပွဲကို ဝါးခယ်မမြို့နယ် ကျွန်းကုန်းရွာ ဇေယျဝတီ အနောက်ကျောင်း ဆရာတော် ဦးပဏ္ဍိဝံသထံမှ ဝင်ရောက် ဖြေဆို အောင်မြင်ပါသည်။

## အမြင့်ဆုံးအောင်မြင်ခဲ့သော စာမေးပွဲ

ပါဠိ ပထမပြန် စာမေးပွဲ ပထမကြီး၊ အိမ်မဲမြို့နယ် ခလောက်သိုက်ရွာ ရွှေစက်တော်ရာ ပရိယတ္တိစာမေးပွဲ ပထမကြီးတန်း၊ အစိုးရဓမ္မာစရိယစာမေးပွဲ ပါရာဇိကကဏ္ဍ ပါဠိအဋ္ဌကထာကျမ်း (၁၃၄၀-ပြည့်)၊ ဓမ္မသင်္ဂဏီပါဠိ အဋ္ဌကထာကျမ်း (၁၃၄၂-ခု)၊ သီလက္ခန္ဓဝဂ္ဂ ပါဠိ အဋ္ဌကထာကျမ်း (၁၃၄၃-ခု)တို့ ဖြစ်သည်။

## စာလိုက်ခဲ့သော စာသင်တိုက်များနှင့် ဆရာတော်များ

မကွေးမြို့နယ် ထန်းပင်စန်းရွာ ကျောင်း ဆရာတော် ဦးပဏ္ဍိတ ဝါးခယ်မမြို့နယ် ကျွန်းကုန်းရွာ ဇေယျ ဝတီ အနောက်ကျောင်းဆရာတော် ဦးပဏ္ဍာဝံသ (သာသနဓဇသိရီပဝရ ဓမ္မာ စရိယ) ခရမ်းမြို့ ကိုင်းကုန်းကျောင်း တိုက် ဆရာတော် ဦးသုဒဿ (အဘိဓဇမဟာရဋ္ဌဂုရု)။

ဘုန်းတော်ကြီး ဦးတေ (သာ-သိ-စ)၊ ဦးကေလာသ (သာ-သိ-စ)၊ ဦးဇောတိက (ပါဠိပါရ တို့ ဖြစ်ပါသည်။ ယခုအခါ၌ အိမ်မဲမြို့ အထက်ပိုင်း ရပ်ကွက် သီရောမ တိုက်ကျောင်း၌ သာသနာ့တာဝန် ထမ်းဆောင်လျက် ရှိပါသည်။

## ဩဝါဒ

ကုသိုလ်ပြုလုပ်ရာ၌ ကောင်းကျိုး ရရှိစေရန်အတွက် အလှူဒါနပေး ဒါနတရား၊ ဆောက်တည်ကျင့်သုံး သီလတရား၊ ပွားများအားထုတ် သမထဝိပဿနာ တရားများကို ကိုယ်တိုင် ကျင့်ကြံအားထုတ် ကောင်းကျိုးတရားများ ရရှိကြမှာ ဖြ တယ်။

## လက္ခဏာတော် ဖော်ညွှန်းချက်

❒ ဘယ်ညာ လက်ဝါးပြင်သည် လေးထောင့်သဏ္ဌာန် ရှိ ကံလမ်း မထင်ရှားပါ။ (A-A)



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်တို့ လူသားတိုင်းဟာ **"ကံကောင်းခြင်း"**ကို အမြဲ မျှော်လင့်နေကြပါတယ်။ နှစ်တစ်နှစ် ပြောင်းသွားတိုင်း **"ဒီနှစ် ကံကောင်းမလား"** ဆိုတာ သိချင်ကြမှာ အမှန်ပါ။

ကျွန်တော်တို့ရဲ့ မြန်မာ့ရိုးရာဗေဒင်ပညာမှာ **"မဟာဘုတ်ဗေဒင်"**ပညာကို လူတိုင်း သိပါတယ်။ မြန်မာ့ရိုးရာ မဟာဘုတ်ဗေဒင်ပညာအရ မြန်မာ ကောဇာသက္ကရာဇ်နှစ် ပြောင်းတိုင်း **"မဟာဘုတ်ဇာတာခွင်"**လဲ ပြောင်းသွားပါတယ်။

**ဥပမာ...**

* * *

၁၃၇၅ ခုနှစ် မဟာဘုတ်ဇာတာခွင်

| | | |
|---|---|---|
| | ၀ | |
| ၂ | ၅ | ၁ |
| ၆ | ၃ | ၄ |

၁၃၇၆ ခုနှစ် မဟာဘုတ်ဇာတာခွင်

| | | |
|---|---|---|
| | ၁ | |
| ၃ | ၆ | ၂ |
| ၀ | ၄ | ၅ |

မဟာဘုတ်ဇာတာခွင် ပြောင်းသွားတာနဲ့အမျှ ဂြိုဟ်တွေလဲ နေရာဌာန ပြောင်းလဲသွားပါတယ်။ ဂြိုဟ်တွေ ပြောင်းသွားတာနဲ့အမျှ ခုနစ်ရက်သားသမီးတွေအပေါ် လွှမ်းမိုးသက်ရောက်မှုတွေလဲ ပြောင်းလဲသွားပါတယ်။

ကောဇာသက္ကရာဇ် ၁၃၇၆ ခုနှစ်

# မြန်မာနှစ် အပြောင်းမှာ ကံကောင်းမှာလား




တနင်္ဂနွေသားသမီးတစ်ဦးကို နမူနာအဖြစ် ကြည့်ပါက အောက်ပါအတိုင်း တွေ့နိုင်ပါတယ်။

* * *

| | | |
|---|---|---|
| | အဓိပတိ | |
| အထွန်း | သိုက် | ရာဇ |
| မရဏ | ဘင်္ဂ | ပုတိ |

(မဟာဘုတ် မူလဌာနများ)



(ဂြိုဟ်တစ်လုံးသည် နှစ်စဉ် တစ်ခွင် ကျော်ကာ ပြောင်းသွားသည်။)

**နှစ်အလိုက် ၁-နွေဂြိုဟ် ဌာန ပြောင်းနေပုံ...**

* * *

| | | |
|---|---|---|
| | | |
| | | |
| ၁ | | |

၁၃၇၀ ခုနှစ်

| | | |
|---|---|---|
| | | |
| | ၁ | |
| | | |

၁၃၇၁ ခုနှစ်

| | | |
|---|---|---|
| | | |
| | | |
| | | ၁ |

၁၃၇၂ ခုနှစ်


| | | |
|---|---|---|
| | | |
| | | |
| | ၁ | |

၁၃၇၃ ခုနှစ်




www.burmeseclassic.com


www.burmeseclassic.com



၁၃၇၄ ခုနှစ်



၁၃၇၅ ခုနှစ်



၁၃၇၆ ခုနှစ်

အထက်ပါပုံများကို လေ့လာကြည့်တဲ့အခါ...

၁။ **တနင်္ဂနွေဂြိုဟ်ဟာ...**

❖ ကောင်းတဲ့ဌာနမှ ကောင်းတဲ့ဌာနကို ပြောင်းတဲ့နှစ်၊

❖ ကောင်းတဲ့ဌာနမှ မကောင်းတဲ့ဌာနကို ပြောင်းတဲ့နှစ်၊

❖ မကောင်းတဲ့ဌာနမှ မကောင်းတဲ့ဌာနကို ပြောင်းတဲ့နှစ်၊

❖ မကောင်းတဲ့ဌာနမှ ကောင်းတဲ့ဌာနကို ပြောင်းတဲ့နှစ်

ဆိုပြီး တွေ့ရပါတယ်။

၂။ **ဆက်တိုက် ကောင်းသွားတဲ့ နှစ်၊ ဆက်တိုက်ညံ့သွားတဲ့ နှစ်တွေလဲ ရှိနေပြန်ပါတယ်။**

"နိမ့်တုံမြင့်တုံ လူ့ဇာတ်ခုံ"မှာ လောကဓံအပြောင်းအလဲတွေကြုံတွေ့နေရမှာပါ။ ကောင်းတာလဲ မမြဲသလို ဆိုးတာလဲ မမြဲတာ တွေ့ရမှာပါ။

ဒါကြောင့် ကျွန်တော်တို့ဟာ လောကဓံကို တည်ငြိမ်ရင့်ကျက်စွာ ရင်ဆိုင်ကျော်လွှားကြတာ အကောင်းဆုံးပါ။ မိမိတို့မွေးနံဟာ နှစ်တိုင်းကောင်းတဲ့ဌာနကို မရောက်သလို နှစ်တိုင်း မကောင်းတဲ့ဌာနကို မရောက်ပါဘူး။

အကောင်းအဆိုး အကျိုးအပြစ်ထင်ရှားအောင် အတိတ်,ပစ္စုပ္ပန်, အနာဂတ် နှစ်တွေ ယှဉ်တွဲပြီး လေ့လာကြည့်ကြပါစို့။


တနင်္ဂနွေသားသမီး

* * *



အညံ့ဘက် ဦးတည်နေပါတယ် မတည်မငြိမ် ဖြစ်လာမယ်။ မရဏာန ကို ရောက်တော့မယ်။ ဆုံးဖြတ်ချ မမှားရန်လိုတယ်။ ရသမျှငွေ အဖ မတင်တဲ့နှစ်ပါ။


ဒါကြောင့် **၁၃၇၆ ခုနှစ်ဟာ တနင်္ဂနွေ သားသမီးအတွက်** အကောင်းတစ်ဝက် အဆိုးတစ်ဝက် လို့ ဆိုရပါမယ်။ မဝါမကြွား မထော လွှားဘဲ ရင့်ကျက်စွာ နေထိုင်ရပါမယ်




သုံးနှစ်ဆက်တိုက် ကောင်းနေပါတယ်။ ဒါပေမယ့် **၁၃၇၆ ခုနှစ်မှာ သတိတော့ထား**ပါ။ ကောင်းနေရာက

တနင်္လာသားသမီး

* * *






www.burmeseclassic.com

www.burmeseclassic.com





တနင်္လာသားသမီးဟာ မကောင်းတဲ့ဌာနကနေ ကောင်းတဲ့ဌာနတွေကို ဆက်တိုက် ရောက်သွားတာ တွေ့ရပါတယ်။

ယခင်နှစ်က ငွေကြေးကိစ္စ ကျန်းမာရေးကိစ္စညံ့ပေမယ့် ယခုနှစ် ၁၃၇၅ ခုနှစ်မှာ ငွေကြေး အဆင်ပြေ ကံကောင်းလာမယ်။ ကျန်းမာရေး၊ **အိမ်ထောင်ရေးကအစ ကောင်းမယ်။ လာမယ့် ၁၃၇၆ ခုနှစ်မှာလဲ ဆက်ပြီး ကံကောင်း ပျော်ရွှင်ရဦးမှာပါ။**

၁၃၇၇ ခုနှစ်ထိ မျှော်ကြည့်ရင်လဲ အဓိပတိဌာန အကောင်းဘက် ဦးတည်နေပြန်ပါတယ်။

အင်္ဂါသားသမီး

* * *

| အတိတ် | | | ပစ္စုပ္ပန် | | | အနာဂတ် | | |
|---|---|---|---|---|---|---|---|---|
| | | | | | | | | |
| | | | | | | ၃ | | |
| | | ၃ | | ၃ | | | | |
| ၁၃၇၄ ခုနှစ် | | | ၁၃၇၅ ခုနှစ် | | | ၁၃၇၆ ခုနှစ် | | |

အင်္ဂါသားသမီးဟာ နှစ်,နှစ်ဆက်တိုက် အညံ့ဌာနတွေ ရောက်နေပါတယ်။ ယခင်နှစ်က ပုတိဌာနမှာ မွေးနံ(၃ဂါ)ရောက်နေလို့ ဒေါသအမှား၊ မာန အမှားတွေကြောင့် ဘာလုပ်လုပ် အဆင်မပြေ ဖြစ်ခဲ့တယ်။

ယခုနှစ် **၁၃၇၅ ခုနှစ်မှာလဲ** ဘင်္ဂဌာန မွေးနံရောက်နေလို့ ကျန်းမာရေးလဲညံ့၊ အထင်လွဲခံ၊ အစွပ်စွဲတွေ ခံနေရမယ်။ ရန်များနေမယ်။ စိတ်လိုက်မာန်ပါ မလုပ်ဘဲ၊ အနစ်နာခံ သည်းခံနိုင်မှ တော်ကာကျမယ်။ ဒါပေမယ့် လာမယ့်နှစ်တွေမှာ အကောင်းဌာနတွေ ရောက်တော့မှာပါ။

ကံကောင်းလာမယ်။ လုပ်ငန်းသစ်တွေ လုပ်ရမယ်။ အောင်မြင်ကြီးပွားမယ်၊ စီးပွားဖြစ်မယ်။ ကျန်းမာမယ်။ မွေးနံအင်္ဂါဟာ **၁၃၇၆ ခုနှစ်မှာ အထွန်းဌာန ရောက်မယ်။ ပြီးတော့ ၁၃၇၇ ခုနှစ်မှာ ရာဇဌာန ရောက်မယ်။ ပျော်စရာကောင်းပါတယ်။**

ဗုဒ္ဓဟူးသားသမီး

* * *

| အတိတ် | | | ပစ္စုပ္ပန် | | | အနာဂတ် | | |
|---|---|---|---|---|---|---|---|---|
| | | | | | | | | |
| | ၄ | | | | | | | |
| | | | | | ၄ | | ၄ | |
| ၁၃၇၄ ခုနှစ် | | | ၁၃၇၅ ခုနှစ် | | | ၁၃၇၆ ခုနှစ် | | |

ဗုဒ္ဓဟူးနေ့သားသမီးနေ့နံဟာ ယခင် ၁၃၇၄ ခုနှစ်က သိုက်ဌာနမှာရှိလို့ ကောင်းပါတယ်။ လာဘ်ရွှင်ခြင်း၊ အိမ်ထောင်သုခ ခံစားရခြင်း၊ ကျန်းမာခြင်း၊ ပျော်ရွှင်ခြင်း၊ စည်းစိမ်ခံစားရခြင်းတွေ ကြုံမယ်။ အလှူဒါနလုပ်ရမယ်။ ဘာသာရေးကိစ္စတွေ အောင်မြင်မယ်။


ဒါပေမယ့် ယခု ၁၃၇၅ ခုနှစ်မှာ ပုတိဌာနကို ရောက်သွားတယ်။ မြင့်ရာက နိမ့်ရာရောက်ခြင်း၊ အောင်မြင်မှုနည်းလာခြင်း၊ ချုချာလာခြင်းကြုံမယ်။ ရှုံးရှုံးဒိုင်းဒိုင်း လုပ်မိမယ်။ အမှားများမယ်။ သတိရှိရှိနေရမယ့် နှစ်မျိုးပါ။

လာမယ့် **၁၃၇၆ ခုနှစ်မှာ ဆက်ညံ့မယ်။** မွေးနံ–၄ဟူးက ဘင်္ဂကို ရောက်တော့မယ်။ ဘင်္ဂရောက်ရင် ကျန်းမာရေးညံ့မယ်။ လူမှုရေးတွေ ရှုပ်ထွေးမယ်၊ အလုပ်အကြံတွေ မအောင်မမြင်ဖြစ်မယ်။ အိမ်တွင်းရေးပါ ညံ့လာမယ်။ အစစ အနှံ့တာ ခံရလိမ့်မယ်။ အနစ်နာခံ သည်းခံရမယ်။ ပေါက်ကွဲချင်ပေမယ့် ထိန်းနိုင်အောင် ထိန်းပေးရမယ့် ၁၃၇၆ ခုနှစ်ပါပဲ။

www.burmeseclassic.com

ကြာသပတေးသားသမီး

* * *




ကြာသပတေးသားသမီးရဲ့ မွေးနံ ၅တေးဟာ ၁၃၇၄ ခုနှစ်မှာ မရဏဌာနမှာရှိတယ်။ "သေမြေကြီး ရှင်ရွှေထီး"ဆိုတဲ့ နှစ်နဲ့ ကြုံတာပါ။ ညွှံ့နေသမျှ ကြုံကြုံခံ ကျော်လွှားနိုင်ရင် "ရွှေထီးဆောင်းရတဲ့"နှစ်ပါ။ လုပ်ရဲကိုင်ရဲရှိရမယ်။ မတွေဝေရဘူး။ ဒါပေမယ့် "တုံးတိုက်တိုက် ကျားကိုက်ကိုက်" ဆိုပြီး ခေါင်းမသုံးဘဲ လုပ်တာမျိုးတော့ ရှောင် ရမယ်။


အဆိုးနဲ့အကောင်း ယှဉ်တွဲနေတဲ့နှစ်ပါ။ ပြီးတော့ လာမယ့် **၁၃၇၅ ခုနှစ်မှာ အကောင်းဌာန(သိုက်)အိမ်ကို မွေးနံရောက်မှာဆိုတော့ အနိမ့်က အမြင့်ကို ရောက်ရမယ်။** မမျှော်လင့်ဘဲ ကံကောင်းလာမယ်။ အမိဌာန်တွေ အောင်မယ်။ စည်းစိမ်ခံစားရမယ်။ အိမ်ထောင်ရေး အိမ့်တွင်းရေးတွေ သာယာမယ်။

ဒါပေမယ့် လာမယ့် **၁၃၇၆ ခုနှစ်မှာ မွေးနံဟာ ပုတိဌာနရောက်တော့မယ်။ ဆုံးဖြတ်ချက်တွေ မှားနိုင်တယ်။** တွေဝေစရာ၊ သံသယ ဖြစ်စရာတွေကြုံမယ်။ ချူချာလာမယ်။ ကိုယ့်ရဲ့ အတ္တမာနနဲ့ ဒေါသကို ထိန်းချုပ်နိုင်မှ တော်ကာကျမယ်။

မထိန်းနိုင်ရင် ကံမကောင်းမှုတွေ ဆက်တိုက်ဖြစ်နိုင်တယ်။ ဘာလို့လဲဆိုတော့ **၁၃၇၇ ခုနှစ်မှာ မွေးနံ ၅တေးဟာ (ဘင်္ဂ)အဆိုးအညံ့ဌာန ရောက်တော့မယ်။**

သောကြာသားသမီး

* * *





မွေးနံ ၆ကြာဟာ အတိတ်ကာလ ၁၃၇၄ ခုနှစ်မှာ အဓိပတိဌာနမှာ ရှိနေတော့ **မတည်မငြိမ်ဖြစ်တဲ့နှစ်ပါ။** ဆိုးတော့မလိုလိုနဲ့ ကောင်းမယ်။ ကောင်းတော့မလိုလိုနဲ့ ဆိုးမယ်။ "နာမည်ကြီး ထမင်းငတ်" အဖြစ်မျိုး ကြုံရမယ်။ သေးသိမ်ညံ့ဖျင်းတဲ့ အမြင်သဘောထားရှောင် သဘောထားကြီး၊ မေတ္တာပြည့်ပြည့်နဲ့ ဘာမဆ[ို]တွေးကြံပြောဆို၊ လုပ်ကိုင်ခဲ့မယ်ဆိုရ[င်]ယခု ၁၃၇၅ ခုနှစ်မှာ အထောက်အ[ကူ]ကောင်းရစေမယ်။

ယခု ၁၃၇၅ ခုနှစ်မှာ မွေးနံ ၆ကြ[ာ]ဟာ မရဏဌာန ရောက်တယ်။ အမြ[င့်]ကနေ အောက်ကို ကျသွားတယ်[။] အနေအထိုင်မတတ်ရင် "လေ့လျော[့]ရင်း ရေငတ်"ကိန်းနဲ့ ကြုံတတ်တယ်[။]

အသိဉာဏ် ရှေ့သွားရှိပြီး ဘာမဆ[ို]ရဲရဲတင်းတင်း ရင်ဆိုင်လုပ်ကိုင်[ပါ။] "ကြောက်ရင်လာဘ်လွဲ၊ ရဲရင်မင်းဖြစ်" ကိန်း ကြုံနေတယ်။ **ရှေ့လာမယ့် ၁၃၇၆ ခုနှစ်ကလဲ သိုက်ဌာန ရော[က်]မယ့်နှစ်ဖြစ်နေတော့ ဉာဏ်ယှဉ်[ပြီး] သတ္တိရှိရှိလုပ်ပါ။ အခွင့်အရေး လ[က်]မလွှတ်စေနဲ့။ ၁၃၇၆ ခုနှစ်ဟာ ကံကောင်းပျော်ရွှင်၊ အောင်မြင်မယ့်နှစ် ဖြစ်ပါတယ်။**

စနေသားသမီး

* * *






www.burmeseclassic.com

www.burmeseclassic.com

စနေ သားသမီးအတွက်တော့ **၁၃၇၄ ခုနှစ်မှာ** မွေးနံ စနေဟာ ရာဇဌာနမှာရှိနေခဲ့လို့ ကိုယ်ဖြစ်ချင်တာ ဖြစ်ခဲ့မယ်။ ထင်ရာဆိုင်းရင်တော့ ပြဿနာတွေ ရင်ဆိုင်ရမယ်။ စနေဟာ ရာဇဌာန ရောက်တဲ့နှစ်မှာ ကိုယ်ရည်ကိုယ်သွေး တက်မယ်။ နာမည်၊ ဂုဏ်ကြီးမယ်။ မနာလိုသူ တွေ့မယ်။ ဒါကြောင့် သတိထားရမယ်။

**၁၃၇၅ ခုနှစ်မှာ စနေဟာ အဝိပတိရောက်မယ်။** တိုင်ထိပ်ဖျားက ဘံခွန်အလံဟာ အမြဲလှုပ်နေသလို အဓိပတိရောက်တဲ့ စနေသားသမီးဟာလဲ အတိုက်အခိုက်တွေ ခံနေရမယ်။ ကိုယ်တိုင်ကလဲ စိတ်မငြိမ်ဘူး။ ဆုံးဖြတ်ချက် မှားနိုင်တယ်။ မာန ထောင်လွှားမယ်။ ထောင်လွှားရင်တော့ အကျနာလိမ့်မယ်။

**ရွေ့လာမယ့် ၁၃၇၆ ခုနှစ်**မှာ စနေဟာ မရဏဌာနကို ရောက်ပြီး အမြင့်ဌာနကနေ အနိမ့်ဌာန ရောက်သွားတယ်။ စနေသားသမီး မရဏဌာနရောက်ရင်တော့ ပိုပြီး သတိကြီးကြီး ဉာဏ်ကြီးကြီး ရှိသင့်တယ်။ ဒေါသမာန အတ္တကြီးမှုကြောင့် အမှားတွေ့လိမ့်မယ်။

မတော်တဆ ထိခိုက် နာကျင်မယ်။ နမ်ပွဲတွေ ကြုံမယ်။ အိမ်ထောင်ရေး၊ အိမ်တွင်းရေး ရှုပ်ထွေးမယ်။ ဉာဏ်ရှေ့သွားပြုပြီး သတိနဲ့ယှဉ်လို့ ဘာမဆို လုပ်နိုင်ရင်တော့ ကံကောင်းလာပါလိမ့်မယ်။

**၁၃၇၇ ခုနှစ်မှာ စနေဟာ (သိုက်) ဌာနကို ရောက်တော့မယ်။** ကံကောင်းခြင်းတွေ ဆီးကြိုနေပါတယ်။ ဒါကြောင့် အရေးအကြီးဆုံးက ယခု ပစ္စုပ္ပန် ၁၃၇၅ ခုနှစ်ပါပဲ။

အဓိပတိ ရောက်တဲ့နှစ် ဖြစ်နေလို့ သူကြီး၊ အကြီးအကဲစိတ်နဲ့ လုပ်ကိုင်ပါ၊ စိတ်ရှည်သည်းခံပါ။ မထောင်လွှားမကြွားဝါဘဲ သဘောထားကြီးကြီး အရည်အချင်းပြည့်ပြည့် လုပ်ပြနေပြပါ။ ဒီလိုနေထိုင် ကျင့်ကြံတာဟာ လာမယ့် ၁၃၇၆ ခုနှစ်အတွက် အထောက်အကူ ကောင်းတွေ ဖြစ်ပါတယ်။

ခုနစ်ရက်သားသမီးတွေရဲ့ အတိတ်၊ ပစ္စုပ္ပန်၊ အနာဂတ်နှစ်တွေမှာ ကြုံတွေ့ရမယ့်အခြေအနေတွေကို ကျွန်တော်သုတေသနပြု တွေ့ရတဲ့အတိုင်း ဖော်ပြပေးလိုက်ပါပြီ။

စာရှုသူများ ဗေဒင်ဝါသနာရှင်များ လက်တွေ့ အသုံးဝင်မယ်လို့ မျှော်လင့်ပါတယ်။ ကောဇာသက္ကရာဇ် မြန်မာနှစ်ပြောင်းတိုင်း ကံကောင်းစေရန်အတွက်လဲ လက်တွေ့ နေထိုင်ကျင့်သုံးနည်းတွေကိုပါ . အကြံပြု တင်ပြထားပါတယ်။

နှစ်စဉ်နှစ်တိုင်း ကံကောင်းချင်ရင်တော့ လက်တွေ့ကျင့်ကြံနည်း ရှိပါတယ်။ ကျင့်ဖို့လဲ မခက်ခဲပါဘူး။ **"သရဏဂုံ နေ့တိုင်းထုံပါ"၊ "သစ်၊ စား၊ သွား၊ အိပ်၊ ချိုး၊ သရဏဂုံနှီး ဖြစ်အောင် နှီးပါ"** ဆိုလိုတာကတော့ မျက်နှာသစ်တဲ့အခါ၊ အစာစားတဲ့အခါ၊ အိမ်မှ အပြင်သွားတဲ့အခါ (ဘယ်သွားသွား)၊ အိမ်ရာဝင်၊ အိပ်ရာထတဲ့အခါ၊ ရေချိုးတဲ့အခါ အဲဒီအခါတွေမှာ မမေ့တမ်း သရဏဂုံသုံးပါး ရွတ်ပွားပါ။ မကြာခဏ အနက်အဓိပ္ပာယ်ပါ ပွားပေးပါ။ ဒါဆိုရင် **(သရဏဂုံ နေ့တိုင်း ထုံပြီ။)**

ဒါထက် ကံကောင်းချင်သေးရင်တော့ **(နေ့စဉ် ငါးပါးသီလ လုံအောင် ထိန်းသိမ်းပါ။)** သတိရှိရှိ လုပ်ကြည့်ပါ။ ကျွန်တော်ကိုယ်တိုင် ကြိုးစားနေတုန်းပါပဲ။

**ကောင်းမြင့်မြတ်စိုးနိုင်**

စာမျက်နှာ (၁၇၀)မှ အဆက်

ဒါကတော့ လက်တွေ့ကျကျ တွေးခေါ်၊ လက်တွေ့ကျကျ ဆောင်ရွက်တတ်သော ဗီဇကို သိစေသည့် သင်္ကေတတစ်ခုပါပဲ။ ကံလမ်း မထင်ရှားချွဲ လက်တွေ့ကျမှယုံပြီး ကံတရားကို မယုံတတ်ခြင်းပါပဲ။

❒ **ဘယ်ညာ လက်မသည် ကောနည့်တ်ပြီး ပျော့ပျောင်းပါတယ်။ (က)**

ဒါကတော့ စိတ်နှလုံးနူးညံ့သိမ်မွေ့ခြင်း၊ မေတ္တာတရားထားရှိခြင်း၊ မျှမျှတတ တွေးခေါ်တတ်ခြင်း၊ဆက်ဆံရေးကောင်းခြင်းရဲ့ ပြယုဂ်ပါ။

❒ **ဘယ်ညာ လက်သန်း တိုပါတယ်။ (ခ)**

ဒါကတော့ ဟန်မဆောင်တတ်ခြင်း၊ ဘွင်းဘွင်းပြောတတ်ခြင်း၊ ပွင့်ပွင့်လင်းလင်း ဆက်ဆံခြင်းများကို ပြပါတယ်။

❒ **ဘယ်ညာ စတုဂံလွင်ပြင်မှာ ဂမ္ဘီရ ကြက်ခြေ ထင်ရှားပါတယ်။ (ဂ)**

ဒါကတော့ ဂမ္ဘီရပညာရပ်များကို စိတ်ပါဝင်စားခြင်း၊ အိပ်မက်များ မှန်တတ်ခြင်း၊ စိမ်းခံပစ္စည်းများနှင့် ပြည့်စုံခြင်းရဲ့ ပြယုဂ်ပါ။ ဂါထာမန္တန် ရွတ်ဖတ်ခြင်း၊ သမထအားထုတ်ခြင်းကို ပိုရှုပြုပါမယ်။

❒ **ဘယ်ညာ တနင်္ဂနွေဂြိုဟ်ခုံတွင် မျဉ်းမတ်တစ်ကြောင်း တွေ့ပါတယ်။ (ဃ)**

ဒါကတော့ ဘွဲ့ထူးဂုဏ်ထူးရခြင်းနဲ့ ဆိုင်ပါတယ်။ အသက်ကြီးမှ ကံကောင်းစေတဲ့ သင်္ကေတလဲ ဖြစ်ပါတယ်။ မျဉ်းမတ်တစ်ကြောင်းပါခြင်းသည် အောင်မြင်မှုရဲ့ အမှတ်လက္ခဏာလဲ ဖြစ်ပါတယ်။

***သင်၏ဘဝ သာယာချမ်းမြေ့ပါစေ။***

ဆရာဦးခင်မောင်လင်း
(B.Sci ရွှေဘို)
(လက္ခဏာမဟာဘုတ်သုတေသီ)



www.burmeseclassic.com

www.burmeseclassic.com

၂၀၁၄ ခုနှစ်၊ မေလအတွက်
ဓာတ်ကြီးငါးပါးစိုးမိုးမှုနှင့် အောင်ဘာလေ

# ထီဆုငွေ

မေလတွင် ဖွင့်လှစ်မည့် အောင်ဘာလေထီဆုငွေများနှင့် ပတ်သက်ကာ ကံထူးကံကောင်းနိုင်ကြစေရန် ၅၊ ၀၊ ၉၊ ၈ **ဂဏန်းခြေများကို** ရွေးချယ်၍ **ခ၊ င၊ ထ၊** မအက္ခရာများနှင့် ယှဉ်တွဲကံစမ်းသင့်ပါသည်။

**ဂဏန်းတူ ဂဏန်းထပ်များ အလို ရှိပါက** အဆိုပါ ဂဏန်း(၄)လုံးကို အားပြုပါ။ **၅၊ ၀၊ ၉၊ ၈** ဂဏန်းများ (၂)ခုအထက် ပါဝင်သော ထီလက်မှတ်ကို ရွေးပါ။

မိမိတို့မွေးနှစ်ပုံရိပ်အရ ကံလာဘ်ပွင့်စေမည့် အရောင်၊ ဂဏန်း၊ အရပ်မျက်နှာ၊ နေ့ရက်နှင့် ကံကူပေးမည့် စပ်တူအဖော်တို့ကို အောက်တွင် ကြည့်ပါ။

* * *


| မွေးနှစ် | ကံပွင့်ဂဏန်း | လာဘ်ပွင့်အရောင် | ကံပွင့်အရပ် | တွဲဖက်ကံစမ်းသင့်သူ | ကံပွင့်နေ့ |
|---|---|---|---|---|---|
| ကြွက် | ၆ | အဖြူ | အနောက်မြောက် | ကြာသပတေးသားသမီး | တနင်္ဂနွေနေ့ |
| နွား၊ ကျား | ၃ | အစိမ်းနု | အရှေ့ | သောကြာသားသမီး | ကြာသပတေးနေ့ |
| ယုန် | ၈ | အညို | အရှေ့မြောက် | တနင်္လာသားသမီး | စနေနေ့ |
| နဂါး၊ မြွေ | ၉ | အနီ | တောင် | ဗုဒ္ဓဟူးသားသမီး | အင်္ဂါနေ့ |
| မြင်း | ၄ | အစိမ်းရင့် | အရှေ့တောင် | တနင်္ဂနွေသားသမီး | ကြာသပတေးနေ့ |
| ဆိတ်၊ မျောက် | ၇ | ရွှေဝါ | အနောက် | ကြာသပတေးသားသမီး | သောကြာနေ့ |
| ကြက် | ၂ | မြေဝါ | အနောက်တောင် | စနေသားသမီး | တနင်္လာနေ့ |
| ခွေး၊ ဝက် | ၁ | အပြာ | မြောက် | အင်္ဂါသားသမီး | ဗုဒ္ဓဟူးနေ့ |

**ဥပမာ ။ ။** ယုန်နှစ်ဖွားသည် (၈) ဂဏန်းနှင့် အညိုရောင်တို့ ကံလာဘ် ပွင့်လင်းစေ၍ အရှေ့မြောက်ထောင့် အရပ်သည် ကံပွင့်အရပ်ဖြစ်သည်။ စပ်တူထိုးလိုပါက တနင်္လာသားသမီး နှင့် တွဲဖက်ကံစမ်းပါ။ စနေနေ့ ကံပွင့်စေနိုင်ပါသည်။



**နေရာဌာန အကူအညီကို ရယူ ကံစမ်းလိုပါက** ပန်းခြံများ၊ လွင်ပြင်ကျယ်နေရာ၊ ကုန်းကမူ၊ ကားဂိတ်၊ ကားကွင်း စသည်တို့တွင် ဖွင့်လှစ် ရောင်းချသော ထီလက်မှတ် အရောင်းဆိုင်၊ ဆောက်လက်စ အဆောက်အအုံ၊ ကြွေထည်မြေထည် ပစ္စည်းအရောင်းဆိုင်၊ ဓာတုဗေဒပစ္စည်း အရောင်းဆိုင်...

အုတ်, သဲ, ကျောက်, ဘိလပ်မြေ စသည့် အိမ်ဆောက်ပစ္စည်း အရောင်း



ဆိုင်၊ အမျိုးသမီးဆေးရုံ၊ မိခင်နှင့် ကလေး စောင့်ရှောက်ရေးအသင်း ဘိုးဘွားရိပ်သာ၊ သားဖွားခန်း စသည် တို့အနီး ဖွင့်လှစ်ရောင်းချသော ထီဆိုင် များကို ရွေးချယ်ကံစမ်းပါ။

**ထီးကံမြင့်ယတြာ ပြုလိုပါက** စနေနေ့ တစ်နေ့တွင် သက်လတ်ပိုင်း အရွယ်ရှိသူ အမျိုးသားတစ်ဦးအား ကြွေထည်၊ မြေထည်၊ စဉ့်ထည် ပစ္စည်း တစ်ခုခုကို လက်ဆောင်ပေးပါ။

အတိတ်ကံ နှောင့်နှေး တွဲ့ဆိုင်းနေ ခြင်းများ ပွင့်လင်းကာ ထီဆုငွေများ လက်ဝယ်ပိုင်ဆိုင် ရရှိနိုင်ကြပါလိမ့် မည်။

***ဝှယှင်း၊ ဓာတ်ကြီးငါးပါး အကူအညီ ဖြင့် ထီဆုကြီးများ ဆွတ်ခူးနိုင်ကြပါစေ***

**ထက်မင်းကျော်ဇေ**



www.burmeseclassic.com

www.burmeseclassic.com



ရွှေတောင် ခင်မောင်ကြည်

ရှင်ကောဝိဒရဲ့

# ဒန် နာ သူတ ရုဓတ (၁)

ိုးဟာန် ကျောင်းပြောင်းရပြီ။ မူလ
မ ဝက်ထီးကန်အ.ထ.က။ ပြောင်း
ာက ရွှေတောင်မြို့အ.ထ.က။
လုပ်ဝင်တာက ၁၉၉၄ ခုနှစ်၊
်တင်ဘာလ (၁၅)ရက်။

ကတ်တင်ဘာလ(၁၅)ရက်က ဖိုးဟာန်
မှာ အရမ်းအရမ်း အကျိုးပေး။
ချင်ပြည်နယ် ပူတာအိုခရိုင် နောင်
အ.ထ.ကမှာ အထက်တန်းပြဖြစ်ရ
အဲဒီရက်။ နောင်မွန်းအ.ထ.က
နေ အပြောင်းအရွှေ့ရ။ ပြည်မြို့နယ်
ထီးကန်အ.ထ.ကမှာ အလုပ်ဝင်
လဲ အဲဒီရက်။ အခုလဲ အ.ထ.က
တောင်။

(၃)ချက်ညီအောင် ထပ်တူကျတဲ့
စက်တင်ဘာလ(၁၅)ရက်။ ဒီ
သက်ဖြင့် မမေ့နိုင်စရာအတိ။
သက်ပြည့်နဲ့ ပင်စင်ယူတဲ့အထိ။

ရွှေတောင်မြို့နယ်ထဲမှာ ရွှေနတ်
င်စေတီတော်မြတ်ကြီးက တန်ခိုး
ဆုံး။ သမိုင်းဝင် နှစ်စဉ်နှစ်တိုင်း
ပွဲတော်ကြီးကျင်းပ။ တပေါင်း
လဆန်း (၈)ရက်ကစ
တပေါင်းလပြည့်နေ့
အထိ ခြိမ့်ခြိမ့်သဲမျှ။

လပြည့်နေ့မှာတော့ ဆွမ်း
တော်ကြီးလောင်းလှူပွဲ စည်ကားသိုက်
မြိုက်ဝက်ဝက်ကွဲ။ သံဃာတော် မထေရ်
မြတ်များကလဲ အပါး(၃၀၀)ကျော်။ ပျော်
ပျော်ကြီးလှူကြ။

ဆန်၊ ဆီ၊ ဆား၊ ငါးပိ၊ ငရုတ်၊
ကြက်သွန်ဖြူနီ အသုံးအဆောင်ပစ္စည်း၊
တံမြက်စည်းကအစ နဝကမ္မ ဝတ္ထု
ငွေကြေး အဆုံး။ ပြုံးပြုံး ပြုံးပြုံး။

ရွှေတောင်အ.ထ.ကမှာ **အထက်တန်းပြဆရာ ဦးစိုးသိန်း(အခုတော့ ဒုတိယမြို့နယ် ပညာရေးမှူး ရွှေတောင်မြို့)**နဲ့ အလွန်ရင်းနှီး။ ညီရင်း
အစ်ကိုပမာ ကူညီလို့၊ ရိုင်းပင်းလို့
ပျော်စရာဘဝလေး ဖေးဖေးမမ တည်
ဆောက်။ တစ်ယောက်လက်ကို တစ်
ယောက်ဆွဲ ခိုင်မြဲတဲ့မိတ်ဆွေ။

စနေ၊ တနင်္ဂနွေ ကျောင်းပိတ်ရက်။
အားလပ်ရက်။ မပျက်မကွက် ဦးစိုး
သိန်း ရောက်ရောက်လာတယ်။ ဖိုးဟာန့်
ဆီကို အမြဲ တန်းလာ။ ရေနွေးတစ်ကျိုက်၊
လက်ဖက်နှိုက်စား၊ စကားတွေလဲပြော
ကြ မနား။

ကြားရက်တွေလဲ ရောက်ရောက်
လာ တစ်နေ့တစ်ခေါက် ရောက်မြဲ။
အိမ်ချင်းကလဲ နီးသကို။ မှျော်စရာ
မလို။

စနေ တစ်ရက်မှာတော့ ရောက်ရ
မယ့်အချိန် ရောက်ချမလာဘူး။ နောက်
ကျနေတယ်။ မောင်ဖိုးဟာန်ကတော့
မျှော်လို့။ ကိုယ်တော်ချောက ပေါက်ချ
လာတော့ ပြုံးပြုံးကြီး။

'အစ်ကိုကြီးရေ နောက်ကျသွား
တယ်'

ဖိုးဟာန်မှာတော့ အတွေးတွေများလို့





www.burmeseclassic.com

www.burmeseclassic.com

နေမျှား မကောင်းသလား။ ညောင်စာရေးမျှား ပြန်သွားသလား။ သူ့အမေများ နေကောင်းရဲ့လား။

'ဟာ မင်းဘယ်သွားနေလို့လဲ'

'ရွှေနတ်တောင်သွားတာ။ အပြန်မှာ နောက်ကျသွားလို့ ခုမှပဲ ရောက်လာတော့တယ်'

သူ ရောက်လာတော့ ည(၈)နာရီ။ စကားစမြည် ပြောကြဆိုကြရင်း...

'ဒါနဲ့ မင့် မေးရဦးမယ်။ ရွှေနတ်တောင်မှာ ဘာပြုလို့ ကြာသွားတာလဲ'

'ပုတီးသွားစိပ်တာဗျာ။ အဓိဋ္ဌာန်ပြီးတော့ ကိုရင်ကြီးတစ်ပါးနဲ့ စကားကောင်းနေလို့၊ အဲဒီကပြန်တော့ နေဝင်တော့မယ်။ ရွှေတောင်ရောက်တော့ မှောင်နေပြီ။ လမ်းမီး၊ အိမ်မီးတွေ လင်းနေပြီ'

ကိုရင်ကြီး ဘယ်လိုရင်ကြီးလဲ။ ရွှေနတ်တောင်မှာ ဖိုးဟန်မြင်ခဲ့ဖူးတဲ့ ကိုရင်ကြီးလား။

တစ်လတစ်ခါ၊ နှစ်လတစ်ခါ ရွှေနတ်တောင်ကို မောင်ဖိုးဟန် ရောက်တယ်။ ရွှေနတ်တောင်စေတီတော်ကို သွားရောက် ဖူးမြော်ကန်တော့တာ။ စနေ၊ တနင်္ဂနွေ တစ်ရက်ရက် ဝတ်မပျက်တော့ မဟုတ်ဘူး။ ပျက်ကွက်ပါတယ်။ ရက်မမှန်ဘူး။

ဖိုးဟန် (၈)တန်းကျောင်းသားဘဝ ပြည်မြို့အ.ထ.က(၁)မှာ ကျောင်းနေခဲ့တုန်းက အဖေက စက်ဘီးတစ်စီး ဝယ်ပေးတယ်။ ရာလေး။ စပယ်ရှယ်။ (၂၅၀)ကျပ် ပေးရတယ်။ ဇက်သော့နဲ့။ ကောင်းလိုက်တဲ့စက်ဘီး။

အထအကြွတော့ နေ့းတယ်။ အရှိန်လေးများသာ ရလို့ကတော့ ခြေနှစ်ဖက် ဘယ်ညာလှုပ်ရုံနဲ့ ပြေးလိုက်တဲ့ဘီး။ နောက်ကနေ အပြေးအလွှားနင်းလို့သာ လိုက်ခဲ့ကြပေရော့ ချွေးဒီးဒီး။

အခုအချိန်အထိ အဲဒီစက်ဘီးကလေးကို စီးနေတုန်း။ နှစ်ပေါင်း(၅၀)ကျော်နီးနီး။ အကောင်းကြီးရှိသေး။

ရွှေနတ်တောင်ကို သွားချင်နေရင်၊ တားလို့ဆီးလို့မရ ဖြစ်နေရင် အဲဒီစက်ဘီးလေးကိုစီးပြီး သွားလိုက်တာပဲ။ ရွှေနတ်တောင် စေတီတော်မြတ်ကြီးကို ဖူးမြော်မာန်လျှော့ ကန်တော့လို့ အောင်သပြေပန်း လန်းလန်းဆန်းဆန်း နှံ့သာတိုင် သင်းကြိုင်မွှေးရနံ့ ထုံပျံ့လှိုင်အောင် လှူလို့။

အဖေနဲ့ အမေကစ (၃၁)ဘုံက ဝေနေယျနဲ့ သတ္တဝါတွေကို အမျှဝေ၊ မေတ္တာတွေပို့။

အဓိဋ္ဌာန်ခရီး အောင်မြင်ပြီးမြောက် ခရီးတစ်ထောက်အနား ရွှေနတ်တောင် ဘိုးဘိုးကြီးဆီ အရောက်သွား။ ဝပ်တွားကာ ရှိခိုးကန်တော့။ ကူညီညာဝိုင်း မှိုင်းမပါလို့ ဆုတွေတောင်း။

ရွှေနတ်တောင် စေတီတော်မြတ်ကြီးရဲ့ ရင်ပြင်တော်ထိပ် အနောက်ဘက်စောင်းတန်းအဆင်း လက်ဝဲဘက်ကပ်လျက် ခေါင်းလောင်းလေးကို (၉)ချက်စီထိုး။ အမျှတွေ ထပ်ပြီးဝေ။

(၃)ချက် (၃)ခါ (၉)ချက်၊ (၉)ချက် (၃)ခါ (၂၇)ချက် ထိုးနှက်လို့ ပြီးပါမှ စောင်းတန်းအဆင်းကို ခြေနင်းတယ်။ ပြုနေကျဝတ်၊ ဖြည့်ဆည်းနေကျ အကျင့်။

အနောက်ဘက် စောင်းတန်းကဆင်း။ တောင်ဘက်ကို ကွေ့ပြီး အလျှောက်။ အဆင်းလမ်း ညာဘက်ကွေ့ကလေးထိပ်။ တောင်ကမူကုန်း အတက်ကလေးမှာ ဇရပ်တစ်ဆောင် (အခုတော့ အဲဒီဇရပ် မရှိတော့ဘူး။) (၄)ပင် (၃)ခန်း။ ထုပ်တန်း ပစ်ထားတဲ့ ဖိနပ်ချွတ်ကလေးနဲ့။

ဇရပ်ပေါ်မှာက ကိုရင်ကြီးလား ဦးပဥ္စင်းကြီးလား တစ်ပါး ရပ်လျက် ဖိုးဟန်ကိုကြည့်နေ။ မီးကိုလဲ ကစားနေ လေဖိုလေးနဲ့။

မောင်ဖိုးဟန်ကလဲ လည်ပြန် အကြည့်နဲ့ ဖျတ်ခနဲ ခဏကြည့်ပြီး စက်ဘီးထားတဲ့ဆီကိုသွား ရွှေတောင် ကိုပြန်ပြီ။

ရွှေတောင်နဲ့ ရွှေနတ်တောင်က (၄)မိုင်ခရီး စက်ဘီးစီးတာ နာရီဝက် မှန်မှန်လေးနင်း။ ရွှေနတ်တောင် တောင်အဆင်းကလွဲလို့ ကျန်တာ မြေပြန့်။ ခြေဆန့်လက်ဆန့် သက် သောင့်သက်သာ။

အပြန်လမ်းတစ်လျှောက်မှာ ဖိုးဟန် စဉ်းစားတယ်။ မီးကစားနေတာတော့ အမှန်ပဲ၊ အင်္ဂရုတ်ထိုးနေတာ။ အင်္ဂရုတ် ထိုးနေတဲ့ဟန်။ လေဖိုမှာ မီးဆိုက်က စားနေတဲ့ဟန်။ လေမှန်မီးမှန် ဖိုးဟန် အမြင်။

ကိုရင်ကြီး ကစားနေတာ ဘယ် လမ်းလဲ။ လမ်းနှစ်သွယ်။ ထွက်ရပ် လား၊ လုပ်ရတ်လား။ သိချင်စိတ်တွေ များများပြီး ပွားပွားလာတယ်။ အိမ် သာ ပြန်ရောက်ရော အဲဒီကိစ္စ အတွေး ကမဆုံး။

လုံးလုံးကြီးသတိရ ဦးစိုးသိန်းနဲ့ စကားအစကို ကောက်လိုက်ပြီ ထောက်လိုက်ပြီ၊ မေးလိုက်ပြီ။

'ညီလေး ကိုရင်ကြီးက အင်္ဂရုတ် ထိုးသလား'

'ဟာ ဟုတ်ပါရဲ့ဗျာ။ ကျွန်တော် အခုမှ သတိရတယ်။ အစ်ကိုကြီး မပြောဖြစ်ခဲ့ဘူး။ ထိုးပြီလား။ နေ့မနား ညမနား။ လုံ့လဝီရိယ ကြီးတယ်'

'တို့နှစ်ယောက် တစ်နေ့ ချိန်းပြီး ကိုရင်ကြီးဆီ သွားကြရအောင်'

'ကြာပါတယ်ဗျာ။ နက်ဖြန်သွား





www.burmeseclassic.com

www.burmeseclassic.com

ယ်။ အစ်ကိုကြီး အားတယ် မဟုတ်လား'

'မော ချက်ချင်းကြီးလားဟ'

တနင်္ဂနွေနေ့ မနက်(၇)နာရီမှာ ဖိုးဟန်တို့ ရွှေနတ်တောင်ခရီးကို စတင်ပြီ။ စက်ဘီး တစ်ယောက်တစ်စီးစီ။ (၄)မိုင်ခရီး သွားချင်နေတော့ နီးသလိုလို။

ဟိုကြည့်ဒီကြည့် လမ်းဘေးဝဲယာ မြင်ကွင်းက သာယာလှပါဘိ။ စိမ်းစိုနေတဲ့ နွေစပါးစိုက်ခင်း၊ လေညှင်းက တွေ့ယမ်း။ မောပန်းမှုကင်း၊ ရင်တွင်း အေးမြ၊ မျက်စိပသာဒ၊ ရောင်စုံတွေခလို့ သာစွလေ။

ရောက်ကြလေပြီ ရွှေနတ်တောင်။ အောင်သပြေပန်း၊ နံ့သာအမွှေးတိုင် တွေဝယ်။ အနောက်စောင်းတန်းကနေ ခုင်ပြင်တော်ပေါ်ကိုတက်။ လက်ယာ ရစ်ပတ်။ မြောက်အရပ် သောကြာကို ကျော်။

တနင်္ဂနွေဂြိုဟ်နံပေါ်တဲ့ အရှေ့မြောက်အရပ်။ ဇရပ်ကြီးရဲ့ မြောက်ဘက်ထောင့်စွန်းအစပ်။ ကပ်နေတဲ့ နေရာအောင်မြေ။ အောင်မြေကိုနင်း။

ကြည်နူးခြင်းအရှိန်အဟုန်နဲ့ တုန်တုန်ပြီး တက်လာတဲ့ပီတိ။ ဂွမ်းဆီထိသလို တအိအိစို။ ရင်ကိုအေးမြ။ သုခချမ်းသာ ဘယ်ဟာနဲ့မှ မလဲနိုင်။

မြတ်ဗုဒ္ဓကို ရှိခိုးဦးချကန်တော့။ ပန်း ရေချမ်း၊ အမွှေးတိုင်တို့ကို ပူဇော်၊ ဒါနပါးသီလခံယူ။ ကိုယ်နဲ့ထပ်တူ ညီတူညီမျှ ရပါစေကြောင်း ဝေနေယျသတ္တဝါ အပေါင်းကို အမျှဝေ။ မေတ္တာတွေပို့။ အဓိဋ္ဌာန်ပုတီးစိပ်။

စိတ်လက်ပေါ့ပါး ကောင်းကင်ယံ လေဟုန်စီးသည့်နှယ်။ ပြုဖွယ်ကိစ္စ ရှိန်သမျှ အောင်မြင်ပြီးစီး။

အပြန်ခရီးအတွက် ပြင်ဆင်။



အနောက်ဘက်စောင်းတန်း အောက် ခြေမြေပြင်ကိုအရောက်။ ကိုရင်ကြီးကို ဇရပ်ပေါ်မှာမြင်။ ဖိုခွင်ဝင်တော့မလို့။

ဦးစိုးသိန်းက ဇရပ်လေးပေါ်ကို အရင်တက်။ ကိုရင်ကြီး နှုတ်ဆက်။ ဂါရဝပြု ရှိခိုးဦးချ။ မောင်ဖိုးဟန်နဲ့အတူ ကန်တော့ကြ။

မောင်ဖိုးဟန် ကြည့်လိုက်တော့ ကိုရင်ကြီး ကိုင်နေတဲ့ဖိုက လေဖို။ ရသေ့ဖို၊ ဖားဖိုမဟုတ်ဘူး။ မြောက်အရပ်ကို မျက်နှာလှည့်တဲ့ ဇရပ်ရဲ့ နောက်ဘက်မှာ အဖီလေးချထားတယ်။ အဲဒီအဖီလေးမှာ လေဖိုဆင်ထားတာ။

ဖိုးဟန် မနေနိုင်တော့ဘူး။ ကိုရင်ကြီး အနားကို ရောက်သွားတယ်။ ကိုရင်ကြီးက အပြုံးနဲ့ကြိုတယ်။

နေရာက ကျယ်ကျယ်ဝန်းဝန်းလေးပဲ။ အနောက်မြောက်ထောင့်မှာက မီးသွေးတစ်အိတ် ထောင်ထားတယ်။ လေဖိုဘေးက ရေအင်တုံလေးပေါ်မှာ ညှပ်ရှည်ညှပ်တိုက နှစ်ချောင်း။

ဇရပ်အပေါ်ဆင့်မှာ တင်ထားတဲ့ ပြာမှုတ်တဲ့ ပြောင်းကလေးက (၃)မူး လုံးသွပ်ပိုက်၊ အဖျားမှာ တစ်ထွာလောက် ကောက်ထားတယ်။

သူ့ဘေးမှာ မြေနီမြေစေး အင်တုံ တစ်လုံး ရေစပ်ကျင်းလေး ထည့်ထားတယ်။ အပေါ်မှာတော့ မီးသွေးချတဲ့ လက်ကိုင်ကွင်းနဲ့ တစ်မတ်လုံး သံချောင်းရှည် (၄)ပေလောက်တစ်ချောင်း ဇရပ်နံရံကို ထောင်လျက်။

ထူးခြားတာက လေဖိုလေး ဝန်းကျင်မှာ ဓာတ်ပစ္စည်း မရှိဘူး။ လုံခွံအသစ်တွေတော့ တွေ့နေရ။ ဝယ်တဲ့လုံခွံ မဟုတ်ဘူး။ ကိုယ်တိုင်ရိုက်တဲ့ လုံခွံ။ ထူးတယ်။ သွပ်, ဒန်, နာ, လက်ချား တစ်ပါးမှ မတွေ့မရှိ။

ကိုရင်ကြီး ဘာဓာတ်ကို မီးကစားနေတာလဲ။

မေးလို့တော့မဖြစ်။ ဒီလောက်ကြည့် မိတာတောင် လွန်နေပြီ စည်းစောင့်လေမှ။

ဖိုးဟန် ဇရပ်ရှေ့ပိုင်းကို ပြန်ထွက်လာတယ်။ ဦးစိုးသိန်းက ဖိုးဟန် အကြောင်း ကိုရင်ကြီးကို ပြောပြနေတယ်။ ကိုရင်ကြီးက နောက်ကို လာတိုင်း သူ့ဆီဝင်ဖို့ ပြောတယ်။

ကိုရင်ကြီးကိုကြည့်ပြီး ဖိုးဟန် အသိတစ်ချက် ဝင်လာတယ်။ ကိုရင်ကြီး မီးကစားတော့မယ်။ ဖိုခွင်ဝင် ဓာတ်ကစားတော့မယ်။

'ဖိုခွင်ဝင်နေတဲ့ အဂ္ဂိရတ်သမားတိုင်းအတွက် ဖြည့်ဆည်းဆိုတာက အနှောင့်အယှက် တစ်ခုပဲ။ အဖျက်အဆီးပဲ။ သတိ ကြီးကြီးထားရမယ်။

သတိတစ်ချက် လွတ်လိုက်တာနဲ့ ကစားနေတဲ့ဓာတ်နဲ့ အဂ္ဂိရတ်သမား တစ်ဘဝခြားသွားမယ်။ သွားပြီဆိုတာသာမှတ်။ နည်းမျိုးစုံထဲက နည်းတစ်နည်းနည်းနဲ့ ဖောက်ပြန်ပျက်စီးလေပြီ။ ဆုံးရှုံးပြီ'

အတွေးမဆုံးမီ အပြန်ခရီးကိုစ၊ ဦးစိုးသိန်းနဲ့ စက်ဘီးကို ကိုယ်စီနင်း အောင်မြင်ခြင်း အထိမ်းအမှတ်နဲ့ ရွှေတောင်ကိုပြန်။



www.burmeseclassic.com

www.burmeseclassic.com

စက်ဘီးနှစ်စီး သေးချင်းယှဉ်စီးပြီး စကားတွေ ဖောင်ဖွဲ့ မောရမှန်းမသိ။ ကိုရင်ကြီးကို ဘယ်တုန်းက သိတာလဲ မေးတော့။

'ရွှေနတ်တောင်ဘုရားမှာ ပုတီးလာစိပ်ရင်းကသိတာ။ (၃)ခေါက်လောက်မှာ မျက်မှန်းတန်းမိပြီး နောက်တော့ ခင်မင်ရင်းနှီးသွားကြတာပဲ'

'သပိတ်တစ်လုံးနဲ့ လှန်းထားတဲ့ သင်္ကန်းတစ်ထည် တွေ့တယ်။ အပိုဒုက္ခတွေမရှာ နဂိုဒုက္ခတွေကို ခွာချနေတဲ့ပုံပဲ'

'ဟာ အစ်ကိုကြီးနှယ် ဆွမ်းကိုလဲ သက်လွတ်ဘုဉ်းပေးတာ။ သက်လွတ် ဆွမ်းဟင်းမရှိရင် ဆွမ်းချည်း ဘုဉ်းပေးတာ။ သရက်သီးချဉ် ပရုန်းသီးချဉ်ဟာ ကိုရင်ကြီးရဲ့ ဆွမ်းဟင်းပဲ'

ဦးစိုးသိန်းရဲ့ ပြောစကားကြောင့် ကိုရင်ကြီးရဲ့ ရသာတဏှာကြောင့်ဖြင့် မကြောင့်ကြ၊ မတောင့်တတဲ့ အာလာယပြတ်ပုံကို သိလိုက်ရတယ်။

နောက် စနေ၊ တနင်္ဂနွေနေ့မှာတော့ ဦးစိုးသိန်းနဲ့ မဆုံဖြစ်ဘူး။ သူ့အားချိန်၊ ကိုယ်အားချိန်၊ သူနားချိန်၊ ကိုယ်နားချိန် မတူကြဘူး။

ဖိုးဟန်လဲ အားချိန် နားချိန်တွေမှာ ရွှေနတ်တောင်ကို တစ်ယောက်တည်း သွားတော့တယ်။ ရွှေနတ်တောင်စေတီတော်မြတ်ကြီးကို ဖူးမြော်ကန်တော့။ အဓိဋ္ဌာန်ခရီးပြီးတာနဲ့ ကိုရင်ကြီးဆီကို ဝင်။

ဒုတိယအကြိမ် နှစ်ဦးအတွေ့။ အဲဒီနေ့က ကိုရင်ကြီး ဖိုခွင်မဝင်ဘူး။ နားထားပုံရတယ်။

ကိုရင်ကြီးကို ရှိခိုးဦးချကန်တော့ အာလာပသလ္လာပ စကားတွေပြော။ အပြန်မှာ ဖိုးဟန်က ကိုရင်ကြီးကို ငွေ (၅၀၀)ကျပ် လှူတယ်။



'ဆရာ ပြည့်စုံတယ်။ မလှူနဲ့'

'လိုအပ်တာ စီစဉ်ပါဘုရား၊ နဝကမ္မပါ'

ဖိုးဟန်ရဲ့ တောင်းပန်လျှောက်ထားဒီစကားကြောင့် ကိုရင်ကြီးက နောက်ထပ်စကား မဆိုဘူး။ လက်ခံတော်မူတယ်။

မောင်ဖိုးဟန် ရွှေတောင်ကို ပြန်အလာ အလှူဒါနအတွက် တွေးကာတွေးကာ ကြည်နူးမှုအဟုန်က အရှိန်ပြင်းစွာ တရိပ်ရိပ်တက်။

ညမှာ ဘုရားရှိခိုးတော့ ဝမ်းမြောက်ဝမ်းသာ ကြေးစည်ရိုက်လို့ အမျှဝေ။ ဤသို့ပြုရ ကုသိုလကြောင့် ယခုဘဝမှာလေ...

ရွှေနတ်တောင် စေတီတော်မြတ်ကြီးကို အဖူးအမြော် ရောက်တိုင်း ကိုရင်ကြီးဆီကို ဝင်တယ်။ ဂါရဝပြုတယ်။ ဝတ်ပြုတယ်။ ဝတ္ထုငွေလှူတယ်။ ကိုရင်ကြီးက သရက်သီးပိုးတီချဉ်ကို ဆွမ်းစားတိုင်း ဘုဉ်းပေးတယ်။ ဖိုးဟန်ကလဲ လှူတယ်။ တစ်ခါဝယ် (၅၀)သား။ တစ်ခါတစ်ခါ တစ်ပိဿာ။

အလှူရေစက် လက်နဲ့မကွာ။ အခေါက်တိုင်း ရောက်တိုင်း လှူတာ။ (၁၀)ခေါက်လောက် ရောက်မိတော့ မောင်ဖိုးဟန် မေးပြီ။

'ကိုရင်ကြီး ဘာဓာတ်တွေ ထိုးနေသလဲ'

ကိုရင်ကြီးက ပြောတယ်။ **ခဲရယ်၊ ကြေးရယ်၊ ပြဒါးရယ်၊ ဘော်ရယ်**

ဒန် နာ သုတ ရဇတပေါ့။ မောင်ဖိုးဟန် မသိဘူးလို့ ထင်လို့နဲ့ တူပါ... နာတို့၊ ဒန်တို့၊ သုတတို့၊ ရဇတ... မပြောဘူး။

'ဘယ်လို ထိုးတာလဲ ဘုရား'

ဖိုးဟန်ကမေးတော့ ကိုရင်ကြီး... ကြည့်တယ်။ ဖိုးဟန်ကို တဒင်္ဂအကြ... တုံ့ပြန်မေးခွန်းကလဲ နှုတ်တော်... ထုတ်ဖော်လာတယ်။

'အဂ္ဂိရတ် ဝါသနာ ပါသလား'

'မှန်ပါ့ ဘုရား'

'သာမန်နဲ့တော့ မရနိုင်ဘူးနော်။ ကျားကျ... ကျားခဲ လေ့လာဆည်းပူးပါမှ၊ သည်း... အခါ လုံ့လဝီရိယကြီးပါမှ၊ စိတ်ရှည်သည်... ငွဲလဲသန်မှ အဂ္ဂိရတ်ခရီးပေါက်လို့ ပြီးမြောက်... မယ်'

'မှန်ပါ့ ဘုရား'

'ရှည်မှန်းချက် ကြီးကြီးထားရတယ်... ကိုရင်ကြီး ထိုးနေတာ ထွက်ရပ်ပေါက်... ဓာတ်လုံး'

'ဒန် နာ သုတ ရဇတပေါ့။ ဟုတ်... လားဘုရား'

ဖိုးဟန်စကားကြောင့် ကိုရင်ကြီး... ရုပ်ပိုင်းခန္ဓာ ခဏတာ ငြိမ်သွားတယ်... တုတ်တုတ်မလှုပ်။ ကိုယ်ခန္ဓာ မတ်သွား... တယ်။ မျက်တောင်မခတ် စူးစိုက်ကြည့်... လို့ ချက်ချင်းပဲ မေးတယ်။

'အန္တော ထိုးဖူးသလား'

'ထိုးဖူးတယ် ဘုရား'

'ဘယ်လို ထိုးတာလဲ'

ဖိုးဟန်က ဆရာပုဏ္ဏ သူ့ကို သင်... ပေးတဲ့ အန္တောထိုးနည်းကို ပြော... တယ်။ ကိုရင်ကြီးက ခေါင်းတ... ညိတ်နဲ့ မမိုတ်မသုန်။ အာ... ရုံစူးစိုက်... ထောင်နားစိုက်လို့၊ စိတ်ကြည်လက်ရှ... သည်းခံနားထောင်လို့၊ စကားတစ်ခွန်း...



www.burmeseclassic.com

www.burmeseclassic.com

ဝင်မထောက်ဘူး။ ဖိုးဟန် စကားဆုံးတော့ ကိုရင်ကြီးက...

'ဓာတ်လေးပါး တူတယ်။ လိုရာခရီးပန်းတိုင်တူတယ်။ လမ်းစဉ်တော်ကတော့ မတူ။ သူ့မူကိုယ့်မူ ကွဲပြား။ လုပ်ရတ်က ခြားနားတယ်'

ဖိုးဟန် ရုတ်ခြည်းတွေးတယ်။ လမ်းစဉ်မတူရင် နည်းမတူဘူး။ နည်းမတူရင် မီးမတူဘူး။ ခြားနားမတူ တစ်မူထူးလိမ့်ထင်ရဲ့။

မောင်ဖိုးဟန်လေး လိုချင်ပြီ။ ပညာရှင်ကိုရင်ကြီး ရှင်ဂောဝိဒကို ဆည်းကပ်မှ တော်မယ်။ ချဉ်းကပ်ရမယ်။ အင်္ဂါရုတ်ပညာရှင် ဆရာသခင်။

ကိုရင်ကြီးကလဲ မောင်ဖိုးဟန်ကို မေတ္တာထားပါတယ်။ 'အထုအထည်ကြီးကြီးမားမား။ စေတနာပွားတာကလဲ ရေစီးကမ်းပြို့ တအိအိနဲ့ ပေးသွားတဲ့ပညာ မေ့နိုင်စရာမရှိ။ အမြဲတမ်း သတိရ။

ဖိုခွင်နဲ့ လုံထား၊ မီးနေမီးထား၊ မီးကစားပုံ၊ လေယူလေပေး၊ စ,တည်ရမယ့်ဓာတ်၊ ကူးယှက်ရမယ့်ဓာတ်၊ ဓာတ်မူလအခြေ။ (၂)ထွေ (၂)ထွေပေါင်းစပ်။ (၂)ထွေတွေကို (၂)ထွေပေါင်းစပ်။ (၄)ထွေထပ် ပေါင်းစပ်ရမယ့် အဟပ်အစပ်။

မီးနုပ်။ နုပ်နုပ်ပြီး ထိုးသွားရမယ့်မီး။ ကိတ်သဘောကို နှီးနှောကြည့်ရမယ့် ငရဲမီး။ ရေဆေး။ ဆားရည်ပက်။ ရေဆေး။ လက်ပုတ်။ လက်ပုတ်ခံစပ်သား။

ဖန်,ငန် အရောင်အဆင်း အပျော့အပျဉ်းနဲ့ တူရိုက်ခံ နန်းဆွဲ၊ အခေါက်နဲ့စပ်တွဲ။ ကိတ်စပ်တူ ယိုင်အလုံနဲ့ ယိုင်အလဲ တွဲသွားတဲ့စပ်သား။ (၁၄)ပဲညည်လား။ (၁၅)ပဲရည်လား။

စစရာရာ သိစရာတွေကို ကိုရင်ကြီး



လေ မည်ကာမတ္တမဟုတ်။ အပတ်တကုတ် သင်ကြား။ ခရေစေ့တွင်းကျ။ ချက်ကျလက်ကျ လုံးစေ့ပတ်စေ့ ဖောက်သည်ချ။

မောင်ဖိုးဟန် ယောင်တိယောင်ချာ အယောင်ယောင်အမှားမှား မဖြစ်ရလေအောင် လမ်းညွှန် ပြောပြတော်မူတယ်။ လက်ထပ်သင်သမျှ နှီးနှီး။

နောက် ကိုရင်ကြီးက ပြောလိုက်သေးတယ်။ သူပြောတဲ့အတိုင်း ထိုးကြည့်။ ကိုယ့်အားကိုယ်ကိုး။ ကြိုးစားပမ်းစား ထိုးကြည့်။ အခက်အခဲတွေ့ရင် လာပြီးမေး။ မဖြစ်ရင် ကိုယ်တိုင်ထိုးပြမယ်ဆိုတာလဲ ပါသေး။ နှောင့်နှေးကြန့်ကြာမရှိရာ။

ဒီနေရာမှာ ပြောစရာလေးတစ်ခု ရှိလာပါတယ်။ စကားကြောကတော့ ရှည်ပါလိမ့်မယ်။ သေသေချာချာ လက်ဆုပ်လက်ကိုင် ပြောမှာပါ။

ရွှေတောင် ခင်မောင်ကြည်ဆိုတာ ဖိုးဟန်ပါ။ ရွှေတောင် ကြည်မောင်အေးဆိုတာလဲ ဖိုးဟန်ပါပဲ။

မောင်ဖိုးဟန်ကို ဇာတ်ဆောင်ထားလို့ အင်္ဂါရုတ်မီးအတတ်ကို မှန်မြတ်သော စေတနာအပြည့်နဲ့ နက္ခတ္တရောင်ခြည်မဂ္ဂဇင်းကြီးမှာ ရေးသားခဲ့ပါတယ်။

သိခဲ့သမျှ၊ သင်ယူခဲ့သမျှ၊ တတ်ခဲ့သမျှ၊ ကိုယ်တိုင် လုပ်ကိုင်ဆောင်ရွက်ခဲ့သမျှကိုသာ ရေးခဲ့တာပါ။ ကိုယ်တွေ့ဖြစ်ရပ်မှန်တွေပါ။ ကိုယ့်စာမူ ကိုယ်တာဝန်ယူနိုင်ပါတယ်။

**ဒီလိုပြောတာက အင်္ဂါရုတ်မီး အတတ်ဆိုတာ ရမ်းတိုး မှန်းတိုး ဆင်ကန်းတောတိုး လုပ်လို့မရပါဘူး။ အင်မတန် သိမ်မွေ့တဲ့ပညာ လောကီမှာတော့ အထွတ်အမြတ်ပညာ။ လျှို့ဝှက်နက်နဲ ခက်ခဲလှတဲ့ပညာ။**

ဒီပညာကို ဖိုးဟန် ဘာပြုလို့ ရေးသလဲ။ ရေးချင်လို့ ရေးတာပဲ။ ဖိုးဟန်လို စမ်းတဝါးဝါးနဲ့ ချောက်ကမ်းပါးလျှောက်သွားမနေရအောင် အဓိက။

ဒီလို ဖွင့်ရေးလို့ ဘာဖြစ်လာမလဲ။ ဘာလုပ်ကြမလဲ။ လုပ်လိုက်လေ။ သေရုံအပြင် မရှိဘူး။ တစ်ဘဝမှာ တစ်ခါသေ။ ထွေလာထူးဆန်း အံ့မခန်းလား။ သေတာ ဆန်းသလား။ မွေးပြီး သေမှာပဲ။

သေတာ တွေးကြောက်နေမှဖြင့် ရေးကို မရေးဘူး။

ရေးပြတိုင်းလဲ ဖြစ်လာလိမ့်မယ် မထင်နဲ့။ ပါရမီနဲ့ စရဏ ထပ်တူကျမှ ဖြစ်မယ်။ ပါရမီသာ မပါကြလို့ကတော့ ရှိထည့်ရှိထည့် တက်တက်စင် ပြောင်အောင်မွဲ။ လူတောထဲတောင် တိုးမရဖြစ်မယ်။

ဆရာကလဲမရှိ။ ကျမ်းကလဲမသိ။ အသိဆိုတဲ့ ဉာဏ်ကလဲ မယှဉ်။ ရှေးယခင် နှစ်ပေါင်းများစွာကာလ။ ဒုက္ခတွေရောက် လမ်းစပျောက်ခဲ့ရတဲ့ ဘဝ။ မောင်ဖိုးဟန်ရဲ့ဒုက္ခ။ ကိုယ်ချင်းတွေစာမိ။ အတိအကျရေးတာ။ ထိထိမိမိ။

---

**ရွှေလ ဆက်ဖတ်ပါရန်**

**ရွှေတောင် ခင်မောင်ကြည်**



www.burmeseclassic.com

www.burmeseclassic.com

ထူးခြားဆန်းကြယ် အံ့ဩဖွယ်

မနုမြေသိန်းဇော

# ရှင်သီဝလိ ရုပ်ပွားတော်နှင့်

သိသူများမှ ဖော်ပြပေးစေချင်

ထူးဆန်းထွေလာ ဤကမ္ဘာ ဆိုသည့်အတိုင်း အထူးအဆန်းတွေကား ဤလောကတွင် များပြားလှပါ၏။

ထို့ထက် ဗုဒ္ဓသာသနာ ထွန်းကားရာ အမိမြန်မာနိုင်ငံတွင် သိပ္ပံပညာဖြင့် လေ့လာတိုင်းတာရန် ခက်ခဲလှသော ထူးဆန်းအံ့ဩဖွယ်ရာများ ပြောမကုန်နိုင်အောင် ရှိနေပါ၏။ ယခင်ကလည်း ရှိခဲ့၏။ ယခုလည်း ရှိနေ၏။ နောင်လည်း ရှိဦးမည် ဖြစ်ပါ၏။

ထိုထိုသော ထူးဆန်းထွေလာ အံ့ဖွယ်ရာများထဲတွင် စာရေးသူ ကြုံတွေ့ဖူးသော ရှင်သီဝလိရုပ်ပွားတော်လေးသည်လည်း တစ်ခုအပါအဝင် ဖြစ်ပေ၏။

## ပုလင်းပေါက်သော ရုပ်ပွားတော်

စာရေးသူသည် ထူးခြားသော ရှင်သီဝလိ ရုပ်ပွားတော်လေးကို လွန်ခဲ့သော (၁၃)နှစ်ခန့်က ရှမ်းပြည်နယ်မြောက်ပိုင်း နယ်စပ်မြို့လေးရှိ စာရေးသူ၏ ဦးလေးထံတွင် တွေ့ဖူးခဲ့ခြင်း ဖြစ်၏။

ထိုစဉ်က စာရေးသူ၏ ဦးလေးသည် ရုံးဝန်ထမ်းတစ်ဦးဖြစ်ပြီး ရုံးဝင်းအတွင်း ဝန်ထမ်းအိမ်ရာတွင် နေထိုင်စဉ် အမှတ်မထင် မြေကြီးကို တူးဆွမိရာမှ ယင်းရှင်သီဝလိ ရုပ်ပွားတော်လေးကို ရရှိခဲ့သည်။

**ရုပ်ပွားတော်လေးမှာ ထင်ရှားမြင်**



**ထုလုပ်ထားသော ဥက်ထောက် (၂)စင်တီမီတာခန့်ရှိ ကြွတ်ထဲ ထည့်ဆောင်ရသည့် အရွယ်မျှသာဖြစ်၏။**

စာရေးသူ၏ ဦးလေးသည် ကံကောင်းသဖြင့် ရရှိလာသော ရုပ်ပွားတော်လေးကို ရေသပ္ပါယ်ပြီးနောက် ပင်နီဆီလင်ပုလင်းသန့်သန့် တစ်လုံးထဲတွင် ထည့်၍ အဖုံးပိတ်ပြီး ဘုရားစင်တွင် ပူဇော်ထား၏။

နောက်တစ်ရက်တွင် အနီးကပ်ထပ်မံ ကြည့်ညိုလို၍ ပုလင်းကို ယူမ, လိုက်ရာ ပုလင်းအောက်ခြေ မျက်နှာပြင်တွင် မီးခြစ်ဆံခေါင်းအရွယ် အပေါက်ပိုင်းလေးကို အံ့ဩဖွယ် တွေ့ရှိရလေ၏။

ထို့နောက်တွင် သေချာအောင် စူးစမ်းလိုသဖြင့် နောက်ထပ် ပင်နီဆီလင်ပုလင်း အသစ်တစ်လုံးထဲသို့ ပြောင်းရွှေ့ ပူဇော်ထားလိုက်၏။ ယင်းပုလင်းတွင်လည်း ရှေးနည်းအတိုင်း အပေါက်ပိုင်းကလေး ဖြစ်လာ၏။

ပုလင်း(၅)လုံးခန့် ပြောင်းရွှေ့ကြည့်ပြီးသောအခါ အဖုံးပိတ်၍ ပူဇော်ထားသော ပုလင်းတိုင်း၌ အပေါက်ကလေးများ ဖြစ်ပေါ်ကြောင်း သေချာစွာ သိရှိသွား၏။ အဖုံးဖွင့်၍ ပူဇော်လျှင် အပေါက် မဖြစ်ပေါ်ကြောင်းကိုလည်း စူးစမ်းတွေ့ရှိရ၏။

## ဖန်ပေါင်းချောင်များ အက်ကွဲကုန်ခြင်း

များမကြာမီ ဦးလေးဖြစ်သူသည် ထူးခြားလှသော ယင်းရှင်သီဝလိ ရုပ်ပွားတော်လေးကို ထိုစဉ်က မြို့နယ် အုပ်ချုပ်ရေးတာဝန်များကို ထမ်း ဆောင်နေသော စာရေးသူ၏ ဖခင်ကြီး ထံ လာရောက်ပြသပါ၏။

ရုပ်ပွားတော်လေး၏ အံ့ဩဖွယ် ကောင်းပုံကိုလည်း စီကာပတ်ကုံး ပြောပြလေသောအခါ စာရေးသူ၏ ဖခင်ကြီးလည်း စူးစမ်းလိုသဖြင့် အိမ်တွင် ခေတ္တ အပူဇော်ခံ ထားကြည့် ၏။

ဘုရားစင်တွင် ရုပ်ပွားတော်လေး ကို ကြာကလပ်ပေါ်တင်ပြီး ဖန်အုပ် ဆောင်း အသေးတစ်ခုနှင့်အုပ်၍ ပူဇော် ထားရာ နောက်တစ်နေ့နံနက်တွင် ဖန်အုပ်ဆောင်း ထိပ်ဖျားမှစ၍ အက်ကွဲ ကြောင်းများ ဖြစ်ပေါ်နေသည်ကို တွေ့ ရ၏။

ထို့နောက် ဖန်အုပ်ဆောင်းအလတ် အကြီးများနှင့် စမ်းသပ်ပူဇော်ကြည့် ရှေးနည်းအတိုင်း အက်ကွဲကြောင်းများ ဖြစ်ပေါ်လာ၏။

နောက်ဆုံးတွင် ထိပ်ဖျား၌ အပေါက်

စာမျက်နှာ (၁၈၄) သို့



www.burmeseclassic.com

www.burmeseclassic.com



◆ ကျီးပေါင်းပင်ကို အနီးကပ်တွေ့ရစဉ်

မြဒင် (ဖင်းကျိုက်)

# ဆီးချို အတွက်

ဆေးတစ်ခွက်

ဆီးချိုရောဂါနှင့် ပတ်သက်၍ ဆီးချို ဝေဒနာရှင်များအတွက် ဆေးမြီးတို ဆောင်းပါးတစ်ပုဒ်အဖြစ် ဖော်ပြပေး လိုက်ရပါသည်။

ဆီးချိုရောဂါသည် နာတာရှည် ရောဂါ ဖြစ်သည့်အလျောက် ဤရောဂါ စွဲကပ်ပြီ ဆိုလျှင်ဖြင့် ခံစားရသော ဝေဒနာရှင်တို့သည် စိတ်ဆင်းရဲ ကိုယ် ဆင်းရဲစွာ ဝေဒနာ ခံစားနေရသော အဖြစ်ကို တွေ့မိတိုင်း ကိုယ်ချင်းစာနာ မိတာတော့ အမှန်ပါ။

အစားအသောက် အနေအထိုင်မှ အစ အားလုံးသည် သူတို့အတွက် ပျော်ရွှင်မှုဆိုတာ မရှိခဲ့ပါ။ ထို့ကြောင့် စာရေးသူတို့ အနေနှင့် မိမိတို့ တတ်စွမ်း သည့် ဘက်က တတ်နိုင်သရွေ့ တိုင်း ရင်းမြန်မာ ဆေးမြီးတိုများစွာ ရှာဖွေ စုဆောင်းပြီး စာရှုသူ ပရိသတ်များထံ သို့ အကျိုးရှိရှိ အသုံးပြုနိုင်စေရန် စေတနာ မေတ္တာ အရှေ့ထား၍ တင်ပြ ပေးလိုက်ရခြင်းဖြစ်သည်။

ဤဆီးချိုရောဂါကို သက်သာစေနိုင် သော ဆေးနည်းကို စာရေးသူ ပေါင်မြို့ သို့ရောက်ခဲ့စဉ်က မိတ်ဆွေ ဒေါ်သန်းလှ ထံမှ ရရှိခဲ့သည်။

ဤဆေးနည်းသည် ဒေါ်သန်းလှ ကိုယ်တိုင် သုံးစွဲခဲ့ပြီး တစ်ပါးသူများကို လည်း ဆေးနည်းကို မျှဝေဒါနပြုခဲ့ပါ သည်။

ထို့ကြောင့် စာရေးသူ ပေါင်မြို့သို့ ရောက်ခဲ့စဉ် ဒေါ်သန်းလှနှင့် စကားစပ် မိရာမှ ဤဆေးနည်းကို မေးမြန်းခဲ့သည့် အတွက် စာရှုသူပရိသတ်များထံ လက် ဆင့်ကမ်း တင်ပြပေးလိုက်ရပါသည်။ ဆီးချိုရောဂါအတွက် အသုံးပြုမည့် ဆေးပင်မှာ "**ကျီးပေါင်းပင်**"ဖြစ်သည်။


ဤကျီးပေါင်းပင်သည် အပင်မရွေး ဘဲ ပေါက်တတ်သောအပင် ဖြစ်သည်။ ပေါက်သည့်အခါ အကိုင်းများတွင်သာ ပေါက်လေ့ရှိသည်။

ထိုကျီးပေါင်းပင် တွယ်ကပ်ပေါက်



www.burmeseclassic.com

www.burmeseclassic.com



▲ တညင်းပင်တွင် ပေါက်နေသော ကျီးပေါင်းပင်

သည့် သစ်ကိုင်းတို့သည် ကြာမြင့်လာသည်နှင့် အမျှ ခြောက်သွေ့သွားသည်ကို လည်း တွေ့ရှိရစမြဲပါ။ ယခု ဆေးအဖြစ်သုံးမည့် ကျီးပေါင်း ပင်မှာ တညင်းပင်အကိုင်း တွင် ပေါက်သောအပင်ကို ယူရမည်။

တညင်းပင်ပေါ်တွင် ပေါက်သော ကျီးပေါင်းပင်ကို ပွတ်ပါး ပါအောင် ခုတ်ယူရမည်။ ပထမ အပင်ကို နုပ်နုပ်စဉ်းလိုက်ပါ။ ပြီးမှ ရေစင်အောင် ဆေးပြီး သုံးခွက်တစ်ခွက်တင် ပြုတ်ပြီး တစ်နေ့သုံးကြိမ် သောက်သုံး နိုင်ပါသည်။

ဆေးပင်ကို (၃)ကြိမ် တစ်ခါ ပြုတ်ပြီးလျှင် အသစ် တစ်ဖန် လဲလှယ်ပြီး ပြုတ်ပါ။ ရက်ဆက် သောက်သုံးခြင်းဖြင့် ဆီးချို ဝေဒနာကို သက်သာစေနိုင်ပါသည်။

**[၇-ရက်သားသမီး အပေါင်းတို့ အားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာ ချမ်းသာစွာဖြင့် သာသနာအကျိုး ပြုနိုင်ကြပါစေ။]**

မြဒင်(ဖင်းကျိုက်)

စာမျက်နှာ (၁၈၂)မှ အဆက်

ဝိုင်းလေး ဖောက်ထားသော ဖန်အုပ်ဆောင်းနှင့် ပူဇော် ထားသောအခါတွင်မှ အက်ကွဲကြောင်းများ မဖြစ်ပေါ်တော့ ဘဲ ရှိနေပါတော့၏။

### သက်ရှိပုဂ္ဂိုလ်များ ရှိသည့်အလား

အထက်ပါ ဖြစ်ရပ်များကို ဆန်းစစ်ကြည့်ပါက ယင်း ရှင်သီဝလိ ရုပ်ပွားတော်လေးသည် လေအလုံပိတ် ပူဇော်လျှင် သက်ရှိ လူသားတစ်ဦးကဲ့သို့ မွန်းကျပ်တတ်လေသလား မပြောတတ်ပါ။

ပုလင်းအဖုံးပိတ်၍ ပူဇော်လျှင် အပေါက်ကလေးဖြစ်လာပြီး ဖန်အုပ် ဆောင်းဖြင့် အလုံပိတ် ပူဇော်လျှင် အက်ကွဲကြောင်း များ ဖြစ်ပေါ်လာခြင်းက အသက်ရှူတတ်သည်ဟု ယူဆရမည့် သဘော ရှိပါ၏။

**တစ်ခုံတစ်ရာသော [illegible]**

**[illegible] ရှိနေလေသလားဟုလည်း တွေးတောမိရာ [illegible]**

မည်သို့ဆိုစေ မရေမရာ အဖြေရှာ အတွေးများနှင့်အတူ ထူးဆန်းအံ့သြဖွယ်ရာ တစ်ခုအနေဖြင့် စာရေးသူ၏ စိတ်တွင် အမှတ်ထင်ထင် ရှိနေမည့် ရှင်သီဝလိရုပ်ပွားတော်လေးပင် ဖြစ်ပါသတည်း။


**ဤကဲ့သို့ ဖြစ်ရပ်မျိုး တွေ့ကြုံဖူးသူများနှင့် တတ် သိသူ ပညာရှင်များမှ ဤနက္ခတ္တရောင်ခြည်မဂ္ဂဇင်းတွင် ရေးသားပေးကြပါရန် ပန်ကြားအပ်ပါသည်။**

**မှတ်ချက် ။ ။ ကာယကံရှင်၏ ခွင့်ပြုချက်မရသဖြင့် ဓာတ်ပုံ မဖော်ပြနိုင်သည်ကို ခွင့်လွှတ်ပါရန်။**

**မနှင်းမေသိန်းစော**



www.burmeseclassic.com



◆ နတ်ငါးကန်၏ တစ်ဖက်တွင် မိုးကြိုးပစ်၍ ကာဆီးထားသော သစ်ပင်ကြီး

ဂမ္ဘီရဆန်းဆန်း

# နတ်ငါးကန်

သိုက်ပင်နိုင်

အလွန်မှ ထူးခြားဆန်းကြယ် အံ့သြဖွယ်ရာ ဂမ္ဘီရဆန်သော နတ်ငါးကန် တစ်ကန်အကြောင်းကို ကိုယ်တိုင်ကြုံတွေ့ သိမြင်ခဲ့ရသမျှအားလုံး နက္ခတ္တရောင်ခြည်မဂ္ဂဇင်း စာဖတ်ပရိသတ်များအတွက် ဗဟုသုတအလို့ငှာ တင်ပြလိုက်ပါသည်။

ထိုနတ်ငါးကန်ရှိရာ အရပ်မှာ ရှမ်းပြည်နယ်တောင်ပိုင်း၊ ရပ်စောက်မြို့နယ် အလယ်ချောင်ကျေးရွာအုပ်စု၊ တောင်ကွေးရွာ၏ အနောက်ဘက် တောင်ကြောအခြေတွင် ရှိပါသည်။ ရပ်စောက်မြို့မှဆိုလျှင် နှစ်ဆယ့်တစ်မိုင်ခန့် ကွာလှမ်းပါသည်။

ထိုတောင်ကြော၏ အနောက်ဘက်တွင် ရှေ့မြင်နောက်မြင် တောင်တန်းကြီးရှိသည်။ တောင်ထိပ်ပေါ်သို့ တက်ကြည့်ပါက အရှေ့ဘက်တွင် ရှမ်းပြည်နယ်တောင်ပိုင်း မြို့တော်တောင်ကြီးမြို့ကို မြင်တွေ့ရမည်ဖြစ်ပြီး အနောက်ဘက်ကို လှမ်းမျှော်ကြည့်ရှုပါက မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ ကျောက်ဆည်မြို့ကို မြင်တွေ့နိုင်ပါသည်။

ထို နတ်ငါးကန်ရှိရာ တောင်မှာ ကျောက်သား၊ ကျောက်ဆောင်များနှင့် ဖွဲ့စည်း အခြေပြုထားသော တောင်ဖြစ်ပြီး တောင်ခြေအလယ်ခန့်တွင် လူနှစ်ရပ်ခန့်ရှိ အက်ကွဲကြောင်းကြီးနှင့် အောက်ခြေတွင် ရေထွက်လိုဏ်ဂူ ရှိသည်။

ထို ရေထွက်လိုဏ်ဂူအောက် ကျောက်ဖျာကြားမှ ရေထွက်ပြီး ရေကန်၏ အကျယ်မှာ ပေတစ်ရာ ပတ်လည်ခန့် ရှိပါသည်။ တောကြီးမြိုင်ကြီးများဖြင့် ဝိုင်းရံထားကာ အနောက်ဘက် ရွာပတ်လမ်းမှ နတ်ငါးကန်သို့သွားရန် လူသွားလမ်းလေးတစ်ခု ရှိပါသည်။

ထိုလူသွားလမ်းအတိုင်း ငါးမိနစ်ခန့် ဝင်သွားပါက ညာဘက်တွင် အခိုင်အခံ့ တည်ဆောက် ကိုးကွယ်ထားသော

www.burmeseclassic.com



▲ နတ်ငါးကန် အဝင်လမ်း

နတ်စင်တစ်ခုမှာ နတ်ငါးကန်၏ နံဘေးတွင် တည်ရှိသည်ကို တွေ့မြင်ရပါသည်။

ထိုနတ်စင်၌ တန်ခိုးလရောက်တိုင်း တောင်ကျွေးရွာ အပါအဝင် အလယ်ချောင်ရွာ၊ ကျောက်ဆုံကုန်းရွာ၊ တောယားရွာ၊ ချောင်းဦးတိုပလောင်ရွာ၊ ကံကော်ပင်ပလောင်ရွာ၊ ကောင်းဘို့ကျေးရွာ၊ ဝန်စိုနှင့် ရေအေးရွာ စသည့် ရွာနီးချုပ်စပ်ရွာများမှ **ရေထွက် နတ်တက်ပွဲကို ခလေ့ရှိးရာအတိုင်း** စည်ကားစွာ ကျင်းပလေ့ ရှိပါသည်။

ထိုကန်အတွင်းရှိ နတ်ငါးများ၏ အရွယ်အစားမှာ အငယ်ဆုံး လက်ကောက်ဝတ်ခန့်မှ အကြီးဆုံး လူကြီးတစ်ယောက်၏ လက်မောင်းရင်းခန့်အထိရှိပြီး တချို့ငါးကြီးများမှာ ထွာဆိုင်လုံးခန့်အထိ ရှိသည်ကို တွေ့ရပါသည်။ အကောင်အရေအတွက်မှာ အနည်းဆုံး ငါးထောင်ခန့်မှ တစ်သောင်းဝန်းကျင်အထိ လိုဏ်ဂူအတွင်း ဝင်လိုက်ထွက်လိုက် ရှိသည်ကို တွေ့ရသည်။

လာရောက်ကြည့်ရှုသည့် ဧည့်သည်များမှ ပါလာသည့် ပေါက်ပေါက်ဆုပ်၊ ထမင်းဆုပ်များ ပက်ကျွေးပါက တစ်ကောင်၊ နှစ်ကောင်မှ စ, ထွက်လာပြီး တဖြည်းဖြည်းနှင့် များလာသည်မှာ မျက်စိရှေ့တွင်ပင် အနက်ရောင် စက်ဝိုင်းကြီးတစ်ခု ရေကန်တွင်း လည်နေသည့်အလား အံ့သြဖွယ် မြင်တွေ့ရပါသည်။

**ထိုနတ်ငါးများကို တောင်ကျွေးရွာသူ ရွာသားများအပြင် မည်သည့် ဧည့်သည်ကမှ ဖမ်းယူစားသောက်ခြင်း မပြုကြပေ၊ အကယ်၍ သိသိလျက်ဖြင့် စားသောက်[...] ပါက ဝမ်းသွားအော့အန်ပြီး အသက်[...] ဆုံးရှုံးသည်အထိ ဖြစ်တတ်သည်[...] ရွာသူရွာသားများမှ သက်သေအထောက်[...] အထားများနှင့် ရှင်းပြကြပါသည်။**

လွန်ခဲ့သောနှစ် မိုးနှောင်းပိုင်းတွ[...] မိုး လွန်မင်းစွာ ရွာသွန်းသဖြင့် ချော[...] ကန်များ ရေကြီးရေလျှံ၍ ညောင်[...] မွေးမြူရေးငါးကန်များမှာပင် မွေး[...] သော ငါးများ ပိုက်ကျော်ပါကုန်[...] ဆုံးရှုံးမှုများ ဖြစ်ခဲ့သော်လည်း နတ်[...] ကန်ရှိ ငါးများမှာမူ နတ်ကန်[...] လျှံသော်လည်း ရွာဘက်အဆင်[...] ငါးတစ်ကောင်မှ လျှံမကျလာသည်[...] ထူးဆန်းစွာ ကြားသိရပါသည်[...]

ငါးရှော့ဘုံး (ငါးရှော့ဘိုက်[...] ဘက်ထိရှိအိုးနှင့် ဝါပနှစ်ချောင်း[...] ရေထဲသို့ တတ်ပိုက်စေပြီး ပေါ[...]

www.burmeseclassic.com



နတ်ငါးကန်နှင့် လာရောက်ကြည့်ရှုသူများ

သော ငါးများကို ဖမ်းယူရောင်းချ အသက်မွေးကျောင်းပြုသူများပင်) ထို တောင်ကျွေးရှိ နတ်ငါးကန်ကို ရှောင် ကြပါသည်။

လွန်ခဲ့သော နှစ်ပေါင်း နှစ်ဆယ် ကျော်ခန့် စာရေးသူ အထက်တန်း ကျောင်းသားဘဝတွင် ကြားခဲ့ရသော အဖြစ်အပျက်တစ်ခုမှာ မြို့မှ ငါးဖမ်း သမားနှစ်ယောက်သည် လက်လုပ်မိုင်း ဖြင့် ထိုနတ်ငါးကန်ကို လာရောက်ခွဲ ယူခဲ့သည်ဟု သိရသည်။

ကျေးရွာသူ၊ ကျေးရွာသားများမှ ထိုသို့ မလုပ်ကြရန် ဝိုင်းတားဆီးခဲ့ကြ သော်လည်း လက်မခံဘဲ ကန်ထဲသို့ မိုင်းခွဲပြီး ပေါ်လာသော ငါးကြီးများကို အိတ်နှင့် ထမ်းအပြန် လွယ်မောတောင် ကြောပေါ်တွင် သူတို့၏ ခန္ဓာကိုယ် ပေါ်၌ အပ်ပေါက်ရာကဲ့သို့ ဒဏ်ရာ သေးသေးလေးများနှင့် သေဆုံးနေ သည်ကို သုံးရက်ခန့်အကြာမှ သိကြရ သည်ဟု ဆိုပါသည်။

ပို၍ ဂမ္ဘီရဆန်ပြီး ထူးဆန်းအံ့ဩ ဖွယ်ရာ ဖြစ်ရပ်ဆန်းတစ်ခု မကြာမီကမှ ဖြစ်ပေါ်ခဲ့ပါသည်။ ဖြစ်ပွားပုံမှာ တောင် ကွေးရွာ၏ အနောက်ဘက် တောင် ကြောပေါ်ရှိ ပလောင်တိုင်းရင်းသားများ ၏ ပိုင်ဆိုင်သော ကျွဲများမှာ ကျွဲ ကျောင်းသားဖြင့် မည်သည့်အခါမှ မထိန်းကျောင်းပါ။ အမြဲပင် သွားချင်ရာ သွား၊ စားချင်ရာစား သဘာဝအတိုင်း လွှတ်ထားလေ့ ရှိပါသည်။

နွေရာသီ ပူပြင်းချိန်ကာလများတွင် ရွာရှိ ကျွဲကျောင်းသားများမှ နီးစပ်ရာ ချောင်းမြောင်းများအတွင်း ကျွဲများကို ရေအိပ်(ရေစိမ်)ပေးလေ့ ရှိပါသည်။ အထိန်းအကွပ် မရှိသော ပလောင်ကျွဲ များကမူ ထိုနတ်ငါးကန်သို့ တောင် ကြောတစ်လျှောက် ဆင်းလာ၍ ရေဝင် အိပ်လေ့ ရှိပါသည်။

ရွာသူရွာသားများ၏ ပြောပြချက် အရ ကျွဲအုပ်ကြီး များ နှစ်ကြိမ်ခန့် ရေအိပ်ဆင်းအပြီး နောက်တစ်နေ့နတ် ကန်စောင့်နတ်နှင့် တောတောင်စောင့် နတ်ကြီးများမှ မ ကြိုက် မနှစ်သက် ဟု ဆိုပါသည်။

တပေါင်းလ နွေ ခေါင်ခေါင်ကြီးမှာ ပင် မိုးတိမ် ထူထပ် ခြင်း မရှိပါဘဲနှင့်လူ ငါးယောက် ဖက် စာခန့်ရှိ အင်ကြင်း ပင်ကြီးအား မိုး ကြိုးပစ်ချ၍ ကျွဲ များ ရေအိပ်ဆင်းရာလမ်းကို ကာ ဆီးပိတ်ဆို့ ထားလိုက်ပါတော့သည်။ ပလောင်ကျွဲများ မည်သည့်အခါမှ ရေအိပ်ဆင်း၍ မရတော့ဟု ဆိုပါသည်။

ယခင်ကဆိုလျှင် လူသွားလမ်းလေး မှ ဝင်လျှင် နတ်ငါးကန်သို့ တိုက်ရိုက် သွားနိုင်သော်လည်း ယခု ထိုမိုးကြိုး ပစ်၍ လဲနေသော အင်ကြင်းပင်ကြီး ပေါ်မှ သွားမှသာလျှင် ရောက်ရှိနိုင်ပါ သည်။

ထိုကဲ့သို့ ဂမ္ဘီရဆန်ဆန် ထူးဆန်း သော နတ်ငါးကန်သို့ နက္ခတ္တရောင် ခြည်မဂ္ဂဇင်း ဖတ်ပရိသတ်များ ဗဟု သုတရရှိရန်နှင့် ကြုံကြိုက်ပါက လာ ရောက်လည်ပတ်၍ လေ့လာနိုင်ရန် သတင်းကောင်း ပါးလိုက်ပါသည်။

( ညိုမင်းနိုင် )



www.burmeseclassic.com

www.burmeseclassic.com



မောင်လွယ်
(မော်လမြိုင်)

ဂန္ဓာရီပုဂ္ဂိုလ်တစ်ဦး၏

# ကိုယ်တွေ့ ပုတီးစိပ်

တမြန်နှစ်က ဖြစ်ပေသည်။ တိတိကျကျဆိုရပါက ၁၉၉၉ ခုနှစ်၊ တပေါင်းလ လလယ်လောက်က ဖြစ်ပါသည်။

ညနေပိုင်း (၅)နာရီလောက်တွင် ရပ်ကွက်(ရွာ)ထဲမှ ရွာလူကြီးနှစ်ယောက်နှင့်အတူ ယောဂီရောင်ဝတ်စုံကို ဝတ်ဆင်ထားသည့် အသက်(၆၀)ခန့် ပုဂ္ဂိုလ်တစ်ဦးတို့ စာရေးသူ သီတင်းသုံးရာကျောင်းသို့ ရောက်လာကြပါသည်။

စာရေးသူက ရွာခံလူကြီးများနှင့် ဧည့်သည်တို့အား...

'ဘာကိစ္စများ ရှိကြလို့လဲ ဒကာကြီးတို့'

ဟု ဆိုလိုက်သော် ရွာလူကြီးနှစ်ဦးအနက် ဦးဘခိုင်ဆိုသည့် ဒကာကြီးက ဤသို့ လျှောက်ထားလေသည်။

'ဒီဧည့်သည်ကြီး လာပြီး အကူအညီတောင်းတဲ့ကိစ္စပါဘုရား။ သူက နယ်တကာဘုရားစုံသွားပြီး အဓိဋ္ဌာန်ဝင်နေတဲ့ ပုဂ္ဂိုလ်တစ်ဦးပါဘုရား။ သူ့မှာ တာဝန်ရှိသူတွေရဲ့ ထောက်ခံချက်တွေလဲ ပါ ,ပါတယ်ဘုရား။ သူက တပည့်တော်တို့ ကလော့ရွှေဆံတော်ဘုရားမှာ တစ်ပတ် အဓိဋ္ဌာန်ဝင်ဖို့ လာပြောလို့ အရှင်ဘုရားကို လာလျှောက်တာပါဘုရား'

ဟု ဆိုလေသည်။ စာရေးသူက...

'ဆရာတော်လဲ မရှိဘူး မဟုတ်လား ဒကာကြီးတို့။ ဦးပဥ္ဇင်း ခွင့်ပြုလို့တော့ မသင့်တော်ဘူး ထင်ပါတယ်။ ဒကာကြီးတို့က အရပ်လူကြီးတွေဆိုတော့ သင့်သလို ကြည့်ဆောင်ရွက်ပေးလိုက်ပေါ့'

ဟု စာရေးသူ ဆိုလိုက်ပါသည်။

**ကလော့ကျေးရွာ သမိုင်းဝင်ဆံတော်ရှင်ဘုရားသည်** အဓိကဘုရားဖြစ်ပြီး သိုက်အများအပြားရှိခြင်းတို့ကြောင့် ပဋ္ဌာန်းဆက်၊ သိုက်ဆက်များ မကြာမကြာ လာကြ၍ အဓိဋ္ဌာန်ဝင်ကြပါသည်။

ထိုသို့ အဓိဋ္ဌာန်လာဝင်ကြတိုင်း စာရေးသူတို့ ဆရာတော်အား လာရောက် ခွင့်ပန်လျှောက်ထားနေကျဖြစ်လေသည်။

'ဆရာတော် မရှိတုန်း ဦးပဥ္ဇင်းသိထားရင် လုံလောက်ပါပြီ ဘုရား၊ ကျန်တာ တပည့်တော်တို့က တာဝန်ယူပါတယ်ဘုရား'

ဟု ဦးဘခိုင်က တာဝန်ခံ ဆိုပါသည်။

ဒီလိုနှင့် ထိုပုဂ္ဂိုလ် ရွှေဆံတော်ဘုရားကြီးတွင် အဓိဋ္ဌာန်ဝင်နေသည့် နှစ်ရက်မြောက် ညနေပိုင်းတွင် စာရေးသူ ဘုရားဘက်သို့ လမ်းလျှောက်ထွက်ခဲ့ပါသည်။

အဓိဋ္ဌာန်ဝင်နေသည့် လူပုဂ္ဂိုလ်...
ခေတ္တနားနေသည် ထင်ပါသည်။ ...
ဘေးနားတွင် ရွာထဲမှ ဒကာမ...
ဆယ်ဦးခန့် အမွှေးတိုင်၊ ဖယောင်း...
တို့ဖြင့် ပုဆစ်တုပ် ထိုင်နေသည်...
စာရေးသူ တွေ့ရလေသည်။

စာရေးသူ သူတို့အထဲသို့ မဝင်...
ဘဲ မိမိမွေးနေ့ စနေထောင့်သို့ သွား...
ဘုရားဝတ်ပြုနေပါသည်။ ဘုရား...
ပြုပြီး၍ အမှတ်မထင် ကြည့်လိုက်...
အမျိုးသမီးအုပ်စုမှာ စာရေးသူ...
လှည့်ကြည့် လှည့်ကြည့်ဖြင့် ကြည့်...
ထပြန်သွားကြတော့သည်။

ထိုအမျိုးသမီးတို့ ပြန်သွားမှ ...
သူလည်း အဓိဋ္ဌာန်ဝင်နေသည့် ...
ဆီသို့ လာခဲ့တော့သည်။

အဓိဋ္ဌာန်ဝင်နေသော ဒကာ...



www.burmeseclassic.com

www.burmeseclassic.com

စာရေးသူအား နေရာထိုင်ခင်းပေး၍ ဝတ်ဖြည့်ပြီး ဤသို့ ညည်းတွားရှာသည်။

'ခက်ပါတယ် ဦးပဥ္စင်းရယ်၊ ရောက်လေရာတိုင်းမှာ ဒီလို အမျိုးသမီးတွေနဲ့ပဲ တွေ့နေရတာပါပဲ။ ကိုယ့်အလုပ်ကို ကိုယ် ဖြောင့်ဖြောင့် မလုပ်ရပါဘူး ဘုရား'

ညည်းတွားရှာပါသည်။ စာရေးသူက…

'ဘာကြောင့်တုန်း ဒကာကြီးရယ်၊ ဒီမှာ ဒကာမတွေက ဘာများ အကူအညီများ လာတောင်းကြလို့လဲ'

ဟု မေးလိုက်တော့ သူက ဤသို့ ပြောလာပါသည်။

'တပည့်တော်ဟာ ရွှေဆံတော်ဘုရားကို အဓိဋ္ဌာန်လာမဝင်ခင် ဇင်းကျိုက်တောင်ခြေမှာရှိတဲ့ တစ်ပါးကျောင်းလေးတွေမှာ အဓိဋ္ဌာန် ကိုးရက်ဝင်ပါတယ်ဘုရား။

အောက်ခြေ ကိုးရက် အဓိဋ္ဌာန်ဝင်ပြီးမှ တောင်ပေါ် ဇင်းကျိုက်ဆံတော်ရှင်ဘုရားပေါ်မှာ အဓိဋ္ဌာန်တစ်ဆယ့်နှစ်ရက် ဝင်ရမှာကိုးဘုရား'

စကားမဆုံးသေးဘဲ ဤလောက်တွင် ရပ်ကာ ဓာတ်ဘူးထဲမှ ရေနွေးနှစ်ပန်းကန်ငှဲ့ကာ စာရေးသူသို့ တစ်ပန်းကန်ကပ်၍ ကျန်တစ်ပန်းကန်ကို ဤပုဂ္ဂိုလ်က အေးအေးဆေးဆေး မှုတ်သောက်နေလေသည်။

စာရေးသူမှာလည်း ထိုပုဂ္ဂိုလ်၏ စကားကို စိတ်ဝင်စားနေပြီဖြစ်၍ အားမလိုအားမရ ဖြစ်လာပြီး….

'ကဲ… ဆက်ပါဦး ဒကာကြီးရယ် ဦးပဥ္စင်း စိတ်ဝင်စားလာပြီ'

ဟု လောဆော်လိုက်ရလေသည်။ ရေနွေးတစ်ဝက်ခန့် သောက်ပြီးမှ ပန်းကန်ကို ခေတ္တချကာ ဆက်ပြောပါသည်။

'ဒီလိုပါဘုရား တပည့်တော် အဓိဋ္ဌာန်ဝင်လို့ သုံးရက်မြောက်နေ့ ညနေပိုင်း ခဏနားနေတုန်း တပည့်တော်ဆီ ဖယောင်းတိုင်၊ အမွှေးတိုင်တွေနဲ့ မိန်းကလေး ဆယ်ဦး ရောက်လာပါတယ်။

ပထမတော့ သိုက်တွေက လာတယ်လို့ပဲ ထင်မိတာပါဘုရား။ ဒီလို အဖြစ်မျိုးတွေကို ကြုံခဲ့တွေ့ခဲ့ဖူးတာကိုးဘုရား။

ဒီမိန်းကလေးတို့ စကားအရ သိုက်က မဟုတ်ဘဲ ဇင်းကျိုက်တောင်ခြေရွာက မိန်းကလေးတွေ ဖြစ်နေကြတာကိုး။

သူတို့က ဟိုမေးဒီမေးနဲ့ ဘုရား၊ စကားမပြောဘဲ ဝစီပိတ်နေပြန်တော့လဲ သူတို့က တစ်မျိုးထင်ကြပြန်ရောဘုရား'

ဟု ညည်းတွားလေသည်။

'သူတို့က ဒကာကြီးကို ဘယ်တွေများ မေးကြလို့လဲ။ ဗေဒင်တို့၊ လက္ခဏာတို့ ကြည့်ခိုင်း၊ မေးခိုင်းကြတာလား'

ဟု စာရေးသူမေးလိုက်တော့ သူက…

'ဗေဒင်,လက္ခဏာဆို တော်သေးတာပေါ့ ဘုရား။ တပည့်တော် မတတ်ပါဘူးလို့ ကောင်းအောင် ပြန်ပြောပြလိုက်ရုံပေါ့။ အခုတော့ မြန်မာနိုင်ငံမှာ ရောဂါထနေတဲ့ နှစ်လုံး၊ သုံးလုံးဆေးကို လာတောင်းနေကြတာဘုရား။

ဒီတော့ တပည့်တော်က ဒါမျိုးတွေတော့ ဦးမပေးတတ်ပါဘူး။ လိုချင်ရင်တော့ ဦးအဓိဋ္ဌာန်ဝင်နေတဲ့ ပုတီးစိပ်နည်းကိုတော့ ပေးနိုင်တယ်ပေါ့။

ဒီပုတီးစိပ်နည်းနဲ့ သမီးတို့ စိပ်ရင်လိုတာတွေ ရလာမှာပဲလို့ ပြောတော့ သူတို့က တပည့်တော် စကားကို ကောက်ကြပြီး ထိုးကြတယ်ဆိုတယ်။ မပေါက်တော့ သူတို့ပဲ ဒုက္ခရောက်ကြတာပါပဲ ဘုရား'

'ကောင်းတဲ့နည်း ပေးတော့ မလိုချင်ကြဘူး။ တဏှာနွံထဲမှာပဲ ပျော်နေကြသူတွေပါပဲလေ'

ဟု ဆိုလေသည်။

'ဩော် ဒီလိုပေါ့ ဒကာကြီးရယ်။ သူတို့လဲ တဒင်္ဂထွက်ပေါက် ရှာကြတာဖြစ်မှာပေါ့ဗျာ။ ဒီ ကလော့ရွာမှာတော့ မပူပါနဲ့၊ အခုလာတဲ့ ဒကာမတွေကို ဦးပဥ္စင်း တားထားပေးပါ့မယ်။ ဒကာကြီးရဲ့အလုပ်ကို ပြီးမြောက်အောင်လုပ်ပါ'

ဟု စာရေးသူ နှစ်သိမ့်လိုက်ရတော့သည်။

'ဒကာကြီး အဓိဋ္ဌာန်ပြီးလို့ ပြန်ပါက ဒကာကြီးစိပ်နေတဲ့ ပုတီးစိပ်နည်းကို ဦးပဥ္စင်းကိုလဲ လှူခဲ့ပါလား'

ဟု စာရေးသူဆိုတော့ သူက…

'တပည့်တော် အဓိဋ္ဌာန်ပြည့်ခါနီးကျောင်းကို လာလှူပါမယ်ဘုရား'

ဟု စာရေးသူအား ကတိပေးလေသည်။

ဒီလိုနှင့် သူ အဓိဋ္ဌာန်ပြည့်ခါနီး တစ်ရက်အလို စာရေးသူတို့ နေ့ဆွမ်းစားပြီးအချိန်တွင် သူရောက်ရှိလာလေသည်။ ထမင်းသုံးဆောင်ပြီးပြီလားဟု မေးလိုက်တော့ သူက…

'ကလော့ ရွာသူရွာသားတွေရဲ့ ကျေးဇူးကြောင့် စားရေးသောက်ရေး နေရေးလှူရေး ပြည့်စုံပါတယ် ဘုရား။ အခု တပည့်တော် လာတာ အရှင်ဘုရားကို တပည့်တော် လှည့်စိပ်နေတဲ့ ပုတီးစိပ်နည်း လာလှူတာပါဘုရား'

ဟု ဆို၍ အောက်ပါအတိုင်း ပြောပြ

www.burmeseclassic.com

လေသည်။

စာရေးသူတို့ ကလော့ရွာသမိုင်းဝင် ရွှေဆံတော်ဘုရားတွင် အဓိဋ္ဌာန်လာ၍ ဝင်နေသည့် ထိုပုဂ္ဂိုလ်၏ အမည်မှာ **ဦးဘလွန်း**ဖြစ်ပြီး **ရန်ကုန်၊ ဒေါပုံမြို့နယ်**တွင် နေသူဟု ဆိုသည်။

တစ်နေ့ ရွှေတိဂုံဘုရားကုန်းတော် နောင်တော်ကြီးစေတီတော် အနောက် ရှင်မထီး ဘုရားတန်ဆောင်းပေါ်တွင် မြောက်ဥက္ကလာတွင် နေထိုင်သည့် ဦးညိုမောင်ဆိုသည့် ပုတီးသမား တစ်ဦးနှင့် သိကျွမ်းခဲ့သည်။

ထိုဦးညိုမောင်သည် **ပထမ ကျော်အောင်စံထား ဆရာတော်၏ တပည့်တစ်ဦး ဖြစ်ခဲ့သည်ဟု ဆိုသည်။**

ယခု ဦးဘလွန်း စိပ်နေသော ပုတီးစိပ်နည်းမှာ ဦးညိုမောင်နှင့် သိကျွမ်းပြီး ဦးညိုမောင်ဆီမှ ရရှိခဲ့လေသည်။ ဤပုတီးစိပ်နည်းသည် **"ထွက်ရပ်ပေါက်သွားသော ဆရာတော် အရှင်လောဘီသာရဝံသ၏ စားလမ်း၊ ထွက်လမ်း ပုတီးစိပ်နည်းဟု သိရပါသည်။**

ဦးညိုမောင်စကားအရ ထိုပုတီးစိပ်နည်းသည် ဘယ်စာအုပ်မှာမှ မပါသေးသည့် ပုတီးစိပ်နည်းဟု သိရပြီး ဦးညိုမောင်၏ ကိုယ်တွေ့မှာလည်း စိတ်ဝင်စားစရာကောင်းလှသည်။ ဦးညိုမောင်က ဦးဘလွန်းအား သူကြုံခဲ့ပုံကို အောက်ပါအတိုင်း ပြောပြခဲ့လေသည်။

'ကျွန်တော့်မှာ ဟိုတုန်းက ငွေကလဲ ပြတ်၊ စားစရာကလဲ မရှိဖြစ်နေတဲ့ အချိန်၊ ဟသ်ာတမြို့မှာနေတဲ့ မိခင်ကြီးကလဲ အသည်းအသန် ဖြစ်နေလို့ ကျွန်တော့်ကို အမြန်လာဖို့ မှာတဲ့အချိန်၊ ကျွန်တော် သွားချင်ပေမယ့် သွားဖို့ ခရီးစရိတ်ကလဲ မရှိ၊ ချေးငှားလို့ကလဲ



ဘယ်ကမှ မရတဲ့ အချိန်...

အဲဒီအချိန်မှာ လဲရာသူခိုးထောင်း ဖြစ်နေချိန်မှာ သားတစ်ယောက်ကလဲ မသက်မသာနဲ့ အဖမ်းခံနေရတဲ့အချိန် ဒီလို အရှုံးမီးဝိုင်းနေတဲ့ဘဝကို ခင်ဗျားပဲ စဉ်းစားကြည့်တော့ဗျာ။

ဒီလိုအချိန်မှာ ကျွန်တော် ဘာ စဉ်းစားမိလဲဆိုတော့ ထွက်ရပ်ပေါက် ဆရာတော် အရှင်လာဘီသာရဝံသရဲ့ လက်ာစွဲ ပုတီးစိပ်နည်းကို သွားသတိ ရတော့တာပါပဲ။

ဒီပုတီးစိပ်နည်းကို ကျွန်တော် ရထားတာ သုံးနှစ်လောက်တော့ ရှိပါပြီ။ တစ်ခါမှ မစိပ်ဖြစ်ခဲ့ဘူး။ အခုတော့ ခလုတ်တိုက်မှ ဘုရားတ ဆိုသလို ဒီပုတီးစိပ်နည်းတော့ စိပ်မှပဲလို့ စိတ်ကူးပြီး မြောက်ဥက္ကလာကနေ ပုဇွန်တောင် ရွှေဘုန်းပွင့် ဘုရားကိုသွားပြီး ပုတီးစိပ်တော့တာပဲ။

စိပ်ပြီးလို့ မေတ္တာပို့ အဓိဋ္ဌာန် ဆုတောင်းပြီး အိမ်ကို ပြန်ရောက်တော့ မိခင်ဆုံးပြီးဆိုတဲ့ ကြေးနန်းက ကျွန်တော့်ကို စောင့်ကြိုနေတယ်။

မိခင်ရဲ့ အသုဘကိုလဲ သွားချင်၊ ငွေကလဲ ဘယ်လိုရှာရမှန်းမသိ ဖြစ်နေတုန်း မိတ်ဆွေတစ်ယောက် အိမ်ကို ရောက်လာပြီး ကျွန်တော် သူ့ကို ကူညီထားဖူးတဲ့ ငွေ(၃၀၀)ကျပ်ကို လာပေးတော့တယ်။

ဒီငွေကို ကျွန်တော် မေ့တောင်နေပြီး သူပြောပြမှ သိရတာပါ။ အဲဒီမိတ်ဆွေ

ကို ကျေးဇူးတင်ရင်းနဲ့ မိခင်ရဲ့ အသု[illegible] ကို သွားတော့တယ်။ အသုဘပြီး[illegible] ရက်လည်ပြီး ရန်ကုန်ပြန်ရောက်[illegible] နောက်နှစ်ရက်လောက် အကြ[illegible] သားလဲ အချုပ်က လွတ်လာပါတယ်[illegible]

ဒီအခက်အခဲတွေကို ပြေလည်[illegible] တာဟာ ပုတီးစိပ်ရဲ့ အကျိုးပါပဲ[illegible] ယုံကြည်ပြီး အခုထိ စိပ်နေတာ[illegible] တကယ်လဲ အကျိုးပေးပါတယ်ဗျာ[illegible]

ဘာလုပ်လုပ် ဘယ်သွားသွ[illegible] ငွေရေးကြေးရေး၊ စားရေးသောက်[illegible] မပူရတာတော့ ကျွန်တော်ရဲ့ကိုယ်တွေ့[illegible] ပါပဲ။ ခင်ဗျားလဲ ယုံယုံကြည်ကြည်စိ[illegible] ပါ။ မုချ အကျိုးထူးခံစားရမှာပါ'

ဟု ဦးဘလွန်းက ဦးညိုမောင်[illegible] ကိုယ်တွေ့နှင့် ပုတီးစိပ်နည်း ရခဲ့ပုံ[illegible] ပြောပြ၍ မောသွားသဖြင့် ရေနွေးငံ[illegible] သောက်နေပါသည်။ ရေနွေးသော[illegible] ပြီးမှ သူ့ကိုယ်တွေ့ကို ဆက်၍ ပြော[illegible] ပါသည်။

'အခု တပည့်တော်ရဲ့ ကိုယ်တွေ့[illegible] ဆက်ပြောပြပါ့မယ် ဘုရား။ အ[illegible] တပည့်တော်ရဲ့ လွယ်အိတ်ကို ကြည့်[illegible] ဘုရား'

ဟု ဆို၍ လွယ်အိတ်ထဲမှ တစ်ခုခု[illegible] ထုတ်ပြလေသည်။ လေခေါင်းအုံ[illegible] တစ်လုံး၊ စောင်ပါးတစ်ထည်နှင့် အင်္ကျီ[illegible] လုံချည်တစ်စုံသာလျှင် ပါလေသည်[illegible]

ပြီးနောက် သူဝတ်ထားသော အင်္ကျီ[illegible] အိတ်ကပ်ထဲမှ ပစ္စည်းများ ထုတ်၍[illegible] ပုံချပြီးမှ...

'တပည့်တော် အိတ်ကပ်ထဲမှာလဲ [illegible] တစ်ရာပြည့်အောင် မပါပါဘူး ဘုရား။ ဒီလို[illegible] အဓိဋ္ဌာန် လှည့်ဝင်နေတာပါ။ အဓိဋ္ဌာန်ဝင်[illegible] နေရာတိုင်းမှာ စားဖို့သောက်ဖို့ လှူဖို့ မပူရ[illegible] လှူဒါန်းသူတွေ ရှိလာပါတယ်'

ဟု ဆိုလေသည်။

'သြော်... ဒကာကြီးရယ် ဘုရား[illegible]



www.burmeseclassic.com

www.burmeseclassic.com

ရား၊ သံဃာဆိုတဲ့ ရတနာသုံးပါးကို ့သေလေးစားပြီး ဘုရားအလုပ်၊ ရားအလုပ် လုပ်နေကြသူတိုင်းကို ဘုရားတရားက ပြန်လည်ကြည့်ရှုတာ ကို ဒကာကြီးလဲ သိသားပဲ မဟုတ်သား'

ဟု စာရေးသူ ပြောလိုက်လေသည်။ သူက ဆက်၍...

'တပည့်တော် မနက်အစောကြီး ကနေ ဘားအံ ဖွဲ့ကပင်ကိုသွားပြီး အဓိဋ္ဌာန်ဝင်မှာပါဘုရား။ အခုကတည်း က ဦးပဥ္စင်းကို တပည့်တော် စိပ်နေတဲ့ ပုတီးစိပ်နည်းကို လှူခဲ့ပါ့မယ်။

အရှင်ဘုရား မွေးနေ့ကစပြီး စိပ်ဖြစ် အောင် စိပ်ပါ ဘုရား။ ထူးခြားလာပါ သိမ့်မယ်။ ဘယ်ကိုမှ ခရီးမထွက်နိုင် ရင်လဲ ကျောင်းက ဘုရားစင်မှာပဲ ဖြစ်ဖြစ်၊ အိမ်က ဘုရားစင်မှာပဲ ဖြစ်ဖြစ် စိပ်လို့ရပါတယ်'

ဟု ဆို၍ ဤပုတီးစိပ်နည်းကို စာရေးသူအား လှူဒါန်းခဲ့ပါသည်။

စာရေးသူက ဦးဘလွန်းအား...

'ဒကာကြီး အခု လှူဒါန်းခဲ့တဲ့ ပုတီး စိပ်နည်းကို ဦးပဥ္စင်းလဲ စိပ်ပါ့မယ်။ တခြားပုဂ္ဂိုလ်များလဲ စိပ်နိုင်ကြဖို့ ဒကာကြီးရဲ့ ကိုယ်တွေ့နဲ့ယှဉ်ပြီး ဒီ ပုတီးစိပ်နည်းအကြောင်းကို နဂ္ဂတ္တ ရောင်ခြည်မဂ္ဂဇင်းမှာ ရေးသားချင်ပါ တယ်။ ဒကာကြီး ခွင့်ပြုပါ'

ဟု စာရေးသူ ခွင့်တောင်းလိုက်ရာ ဦးဘလွန်း၏ ခွင့်ပြုချက်ကြောင့် ဤ ဆောင်းပါးကို ရေးသားရပါသည်။

စာရေးသူလည်း ဦးဘလွန်း၏ ပုတီး စိပ်နည်းအတိုင်း စာရေးသူ၏ မွေးနေ့ စနေနေ့မှစ၍ နံနက်(၉)နာရီတိုင်း အလုပ်ကိစ္စ မပေါ်သောနေ့များ (ဆွမ်းစားကွမ်းစား အိမ်အလှူသွား) တွင်မှအပ ရွှေဆံတော်ဘုရားသို့ နေ့စဉ် သွား၍ စနေထောင့်ဂြိုဟ်တိုင်တွင် သွားရောက်စိပ်ခဲ့သည်မှာ အခုဆို တစ်နှစ်နီးပါးခန့် ရှိပါပြီ။ **(ထိုဂန္ထာရီ ပုဂ္ဂိုလ် ဦးဘလွန်း၏ ပုတီးစိပ်နည်း သည် စာရေးသူအပေါ် အကျိုးပေး ပုံကို နောင် အလျဉ်းသင့်က ရေးသား ပါဦးမည်။)**

ပုတီးစိပ်နည်းမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။ ယုံကြည်စွာ စိပ်ကြပါ တိုက်တွန်းလိုပါသည်။

**ပုတီးစိပ်နည်း**

| | | | |
|---|---|---|---|
| ဥုံ-မ-သ-ဒု-ပု-ဒိ-အာ | တစ်နေ့ | (၁၀)ပတ် | (၁၀)ရက်။ |
| ဥုံ-စ-ဓ-ဗ-ဝ | တစ်နေ့ | (၁၀)ပတ် | (၁၀)ရက်။ |
| ဥုံ-လ-က-မ-စ | တစ်နေ့ | (၁၀)ပတ် | (၁၀)ရက်။ |
| ဥုံ-ငု-သ-ည-ခ | တစ်နေ့ | (၁၀)ပတ် | (၁၀)ရက်။ |
| ဥုံ-သ-မ-နိ | တစ်နေ့ | (၁၀)ပတ် | (၁၀)ရက်။ |
| ဥုံ-ဒု-နိ-မ | တစ်နေ့ | (၁၀)ပတ် | (၁၀)ရက်။ |
| ဥုံ-သ-မ-ဒု | တစ်နေ့ | (၁၀)ပတ် | (၁၀)ရက်။ |
| ဥုံ-ဒု-သ-နိ-မ | တစ်နေ့ | (၁၀)ပတ် | (၁၀)ရက်။ |
| ဥုံ-ဒု-နိ-မ-သ | တစ်နေ့ | (၁၀)ပတ် | (၁၀)ရက်။ |
| ဥုံ-သိဒ္ဓိ-နမော-ဗုဒ္ဓါယ | တစ်နေ့ | (၁၀)ပတ် | (၁၀)ရက်။ |

ဤသို့ ရက်ပေါင်း (၁၀၀)ပြည့်လျှင် အဓိဋ္ဌာန်တစ်ဆင့် အောင်မြင်ပါသည်။ ထို့နောက် ဒုတိယ အဓိဋ္ဌာန်အနေဖြင့် **"ဥုံ သိဒ္ဓိ နမော ဗုဒ္ဓါယ(၁၀)ပတ်၊ (၁၀)ရက်"က** ပြန်၍စ,စိပ်ပါ။ တတိယ အဓိဋ္ဌာန်ကို **"ဥုံ-မ-သ-ဒု-ပု-ဒိ-အာ"[(၁၀)ပတ် (၁၀)ရက်]**က ပြန်စ ရပါမည်။

ဤကဲ့သို့ သုံးဆင့် အောင်ပြီးပါက ပုံမှန် ပထမအဆင့် စိပ်နည်းအတိုင်း စိပ်ရပါမည်။ သုံးဆင့် အောင်မြင်ပြီး သော ပုဂ္ဂိုလ်တို့သည် ထူးခြားစွာ အောင်မြင်မှုများ ရရှိပါမည်ဟု ရဲဝံ့စွာ အာမခံပါသည်။

ထိုဝါသနာရှင်များလည်း ဤနည်း အတိုင်း စိပ်သွားပါက မုချထီပေါက် နိုင်ပြီး ဆုကြီးများထိ အကျိုးခံစားရပါ မည်။

**မှတ်ချက် ။ ။ (ရွတ်ဆိုသည့်အခါ ဗျည်းသရများကို မှန်မှန်ကန်ကန် ရွတ်ဆို၍ စိပ်ကြပါ။)**

*ကောင်းကျိုးလိုရာ ပြည့်ပါစေ။*

**မောင်လှယဉ်(*မော်လမြိုင်*)**

စာရှုသူ သူတော်သီ
ပညာရှင်များသို့ ပန်ကြားလွှာ

အထက်ပါ ပုတီးစိပ်နည်း
ကျင့်စဉ်မှ ပုတီးစိပ်များ၏
အနက်အဓိပ္ပာယ်နှင့်
ကျင့်စဉ်များကို ယခုထက်
ပိုသိသူများမှ
ရေးသားပေးပို့ကြပါရန်
မေတ္တာရပ်ခံပါသည်။

လေးစားစွာဖြင့်...

ဦးကျော်မိုးသိန်း
စာတည်းချုပ်
နဂ္ဂတ္တရောင်ခြည်မဂ္ဂဇင်း




www.burmeseclassic.com

www.burmeseclassic.com

မျက်စိရောဂါ

# တိမ်သလ္လာအပွက်

ဆေးနည်း



▲ တပူပင် ပြတ်ပိုင်းတစ်ခု

(၉.၁.၂၀၁၄)ရက်နေ့တွင် ကျွန်တော်တို့ သရက်မြို့နယ် စာရေးဆရာများသမဂ္ဂက ဦးဆောင်ကျင်းပမည့် သတ္တမအကြိမ်မြောက် အမေနေ့ အခမ်းအနားအတွက် အလှူခံရန် မြောက်မင်းတည်းရပ်ကွက်က အသိအန်တီတစ်ယောက်ဆီ ရောက်ရှိသွားခဲ့ပါသည်။

ယင်းအန်တီ၏ အိမ်ရောက်သောအခါ အဆင်သင့်ပင် အန်တီနှင့် တွေ့ရသောကြောင့် အလှူငွေ သုံးထောင်ရရှိခဲ့ပါသည်။

ပြန်အထွက်တွင် တံခါးနားမှာထောင်ထားသည့် တပူပင်အပိုင်းသုံး,လေးခုကို တွေ့၍ အန်တီကို ဘာလုပ်ဖို့လဲဟု မေးကြည့်မိသည်။

'အန်တီ ဒီတပူပင်အပိုင်းတွေက ဘာလုပ်ဖို့လဲဟင်'

'တိမ်တို့ သလ္လာတို့ ဖြစ်နေတဲ့ မျက်စိဝေဒနာရှင်တွေ အဲဒီတပူပင်က ဆူးလေးတွေကို ခွာပြီး သွေးလိမ်းရင် ပျောက်တယ်လေကိုပိုး'

'ဩော်...ဟုတ်လား အန်တီ၊ တော်တော်အစွမ်းထက်တဲ့ ဆူးလေးတွေပဲနော်။ ဒီအကြောင်းလေးကို ကျွန်တော် နက္ခတ္တရောင်ခြည်မဂ္ဂဇင်းထဲ ထည့်ပေးချင်တယ် အန်တီ။ ခွင့်ပြုမယ်မဟုတ်လား'

'ခွင့်ပြုပါတယ်ကွယ် ရေးပါ ရေးပါ'

ဆေးနည်းပြောပြသူ အန်တီ၏ ခွင့်ပြုချက်နှင့် မျက်စိဝေဒနာရှင် တိမ်သလ္လာသမားတွေအတွက် ဒီဆေးနည်းလေးကို စေတနာထား၍ ဖြန့်ဝေပေးလိုက်ခြင်း ဖြစ်ပါသည်။

မိုး(သရက်)



www.burmeseclassic.com

www.burmeseclassic.com

ပုံ-၁



ပုံ-၂



# သျှစ်သောင်းပုထိုးတော်ကြီးမှ

## ရှေးခေတ် ရခိုင်ဂိုးရာ ဝတ်ဆင်ထုံးဖွဲ့မှုနှင့် အခြားဒီဇိုင်းလက်ရာများ(၂)

ပန်းချီထူးဂျ
(ရှေးဟောင်းသုတေသန)

ယခင်လမှ အဆက်

* * *

### ဘနေသော ယောက်ျားရုပ်များ

သျှစ်သောင်းပုထိုးတော်ကြီး အရှေ့ဘက်တောင်ထောင့် အရှေ့ဘက်ခြမ်းတွင် အဆင့်သုံးဆင့်ဖြင့် ရုပ်ကြွများကို ထုဆစ်ထားပါသည်။

ထိုသုံးဆင့်တွင် အပေါ်ဆုံးအဆင့်မှ လက်ရာများကို လက်ယာဘက်မှ စတင်၍ လက်ဝဲဘက်သို့ အစဉ်အတိုင်း ရေးသားဖော်ပြပါမည်။ **ပုံ(၁)**သည် လက်ယာဘက် အစဆုံးမှ ကျောက်ဆစ်ရုပ်ကြွကို ကူးယူ ရေးဆွဲထားသော ဒီဇိုင်းလက်ရာတစ်ခုပင် ဖြစ်ပါသည်။

မူရင်း ကျောက်ဆစ်ရုပ်ကြွအမြင့် (၄၀)စင်တီမီတာခန့်၊ အကျယ်(၃၆) စင်တီမီတာခန့်နှင့် ရုပ်ကြွအထူ (၇) စင်တီမီတာခန့် ရှိပါသည်။

**ပုံ(၁)** ဒီဇိုင်းလက်ရာမှာ ဖောင်းတော်ကို ခပ်ချွန်းချွန်း ဆောင်းထားပါသည်။

ဖောင်းတော် ရှေ့မျက်နှာဘက်တွင် အလယ်၌ ရှည်မျောမျော သစ်ရွက်ရှည်တစ်ခုသဏ္ဍာန် ပါရှိပြီး ထိုသစ်ရွက်ရှည် လက်ဝဲ၊ လက်ယာတွင် ခပ်စောင်းစောင်း အစင်းကြောင်းကလေးများဖြင့်ဖြင့် အလှဆင်ထားပါ၏။

မျက်နှာပေါက် ခပ်လုံးလုံး အနေအထား တွေ့ရှိရပြီး မျက်ခုံး၊ မျက်လုံး၊ နှာတံ၊ ပါးစပ်များ ပီပီပြင်ပြင် တွေ့ရှိရပါသေးသည်။ နားနှစ်ဖက်တွင် နားတောင်းဝန်းကြီးများ ဝတ်ဆင်ထားပါ၏။ တဘက်ကို ရင်ဘတ်တွင် ပတ်၍ တဘက်စ နှစ်ဖက်ကို လက်ဝဲ,လက်ယာတွင် ချထားပါသည်။

မူရင်း ကျောက်ဆစ်ရုပ်ကြွတွင် တဘက်စ အရေးအကြောင်းများ ပြတ်ပြတ်သားသား ပေါ်လွင်မှု မရှိတော့ပေ။ လက်နှစ်ဖက်၊ ခြေနှစ်ဖက်ကို ဘေးသို့ကား၍ ကနေသည်ကို

www.burmeseclassic.com

ပုံ-၃



ပုံ-၄



တွေ့ရှိရပါသည်။

လက်နှစ်ဖက်မှာ တံတောင်ဆစ်ကပင် အပေါ်သို့ မြှောက်၍ လက်ဖျားနှစ်ဖက်ကွေး၍ ထောင်ကာ ကနေပါသည်။ ခါးတွင် ခါးပတ် တစ်ပတ်ပါရှိပြီး ခါးပတ်အပေါ်မှ က္ကန္ဒြေကာပြားကို အောက်သို့ တွဲလောင်းချထားပါသည်။

က္ကန္ဒြေကာကို အဆင့်သုံးဆင့် ဖော်ထားပြီး အောက်ဆုံးအဆင့်တွင် ပွင့်ဖတ်သုံးဖတ်ဖြင့် အလှဆင်ထားပါသည်။ ပုဆိုး(ဒယော)ကို ခါးတောင်းကျိုက် ဝတ်ဆင်ထားသည့် အနေအထား တွေ့ရှိရပါသည်။

ပုဆိုးကို အဆင့်နှစ်ဆင့် ဖော်ထားပါသည်။ ကားထားသည့် ခြေနှစ်ချောင်းမှာ ညာဘက်ဒူးကို ကွေး၍ကပြီး ဘယ်ဘက်ခြေထောက်ကို အနည်းငယ်မြှောက်၍ ကနေသည်ကို တွေ့ရှိရပါသည်။

**ဤပုံ(၁)မူရင်း** ကျောက်ဆစ်ရုပ်ကြွတွင် မူလက စဉ့်ရောင်များရှိခဲ့ပါလိမ့်မည်။ ယခု စဉ့်ရောင် အနည်းငယ်သာ တွေ့ရှိရပါတော့သည်။

အေဒီ(၁၆)ရာစု မြောက်ဦးခေတ်လယ် ကနေသော ယောက်ျားများ၏ ဝတ်ဆင်ထုံးဖွဲ့မှုများ၊ အကပန်းများကို ဤပုံ(၁)ကို လေ့လာကြည့်ခြင်းအားဖြင့် သိရှိနိုင်ပါသည်။

* * *

**ပုံ(၁)** လက်ဝဲဘက်တွင် **ပုံ(၂)** ကျောက်ဆစ်ရုပ်ကြွကို တွေ့ရှိနိုင်ပါသည်။ ပုံ (၂)ဒီဖိုင်းလက်ရာ၏ မူရင်းကျောက်ဆစ်ရုပ်ကြွ အမြင့် (၄၀)စင်တီမီတာခန့်၊ အကျယ် (၃၉)စင်တီမီတာခန့်နှင့် ရုပ်ကြွအထု (၇)စင်တီမီတာခန့် ရှိပါသည်။

မူရင်း ကျောက်ဆစ်ရုပ်ကြွတွင် တဘက် အရေးအကြောင်းများ ပေါ်လွင်ပြတ်သားမှု မတွေ့ရှိရတော့ပေ။ ပုံ(၂)ဒီဖိုင်းလက်ရာ ဖောင်းတော်မှာလည်း ခပ်ချွန်းချွန်း တွေ့ရှိရပါသည်။ ကြာဖူးတစ်ဖူးသဏ္ဌာန် တွေ့ရှိရပါသည်။

မျက်နှာအနေအထားမှာ လုံးသွ[...]ပြီး မေးစေ့ ခပ်ချွန်းချွန်း တွေ့ရှိရ[...]သည်။ မျက်ခုံး၊ မျက်လုံး၊ နှာတံမျာ[...]အားကောင်းလှပါ၏။ ပါးစပ် ခပ်ပြုံးပြုံ[...]လေး တွေ့ရှိရပါသည်။

နားနှစ်ဖက်တွင် နားတောင်းဝန်း[...]ဝတ်ဆင်ထားပါ၏။ တဘက်(ပု[...]ပိုင်း)ကို ညာဘက်ပခုံးတွင် တင်ထာ[...]တဘက်စ နှစ်ဖက်ကို လက်ဝဲ,လ[...]ယာ ပြန့်ကားစွာ ချထားပါသည်။

လက်နှစ်ဖက် ကနေသည့် အ[...]အထားမှာ ညာဘက်လက်ကို က[...]မြှောက်ထောင်ထားပြီး ဘယ်ဘ[...]လက်ကို အောက်သို့ချ၍ တံတောင်[...]မှကွေးကာ လက်ဖျားကို ရင်ဘတ်[...]တည့်ထားပါသည်။

ခန္ဓာကိုယ်အောက်ပိုင်းတွင် ပု[...]ခါးတောင်းကျိုက်ထားပြီး နှစ်[...]ရှိရပါသည်။ က္ကန္ဒြေကာ[...] ရှေ့[...]အပြားလိုက် ချထား[...]၏။



[...].25B. May, 20[...]

www.burmeseclassic.com


ပုံ-၅

အောက်ပိုင်း ကနေသည့် ဟန်မှာ ညာဘက်ခြေထောက်ကို အနည်းငယ် ကား၍ ခြေဖဝါးကို ပြားချထားပါသည်။ ဘယ်ဘက် ခြေထောက်ကို ကား၍ ဒူးဆစ်မှ ကုပ်ကာ ခြေဖျား ထောက်ထားပါသည်။

ညာလက်နှင့် ဘယ်ခြေထောက်၊ ဘယ်လက်နှင့် ညာခြေထောက် ရစ်သမ်မှန်မှန် ချိုးကနေသည်မှာ ဆန်းပြား လှပသော ကဟန်ကကွက်တစ်ခု ဖြစ်ပါသည်။

* * *

ပုံ(၂) လက်ဝဲဘက်တွင် ပုံ(၃) ကျောက်ဆစ်ရုပ်ကြွကို တွေ့ရှိနိုင်ပါသည်။ ပုံ(၃) ဒီဖိုင်း လက်ရာ၏ မူရင်း ကျောက်ဆစ်ရုပ်ကြွ အမြင့် (၄၀)စင်တီ မီတာခန့်၊ အကျယ် (၃၆)စင်တီမီတာခန့်နှင့် ရုပ်ကြွအထူ (၇)စင်တီမီတာခန့် ရှိပါသည်။

**ပုံ(၃)ဒီဖိုင်းလက်ရာ** ဖောင်းတော်မှာ လက်ရာ အနည်းငယ်နုပ်ပြီး အလယ်နန်းဖူးကြီးတစ်ခုကို ပတ်ပတ်လည် ဖူ့ချပ်ငယ်များဖြင့် အလှဆင်ထားသော ဖောင်းတော်ပုံသဏ္ဌာန် တစ်ခုဝင် ဖြစ်ပါသည်။

ဖောင်းတော် အောက်နားကို ဖောင်းလုံးဖြင့် အနားသတ်ထားပါသည်။

မျက်နှာအနေအထားမှာလည်း လုံးသွယ်ပြီး မေးစေ့ချွန်းပါသည်။ မျက်လုံးအားကောင်းပြီး တစ်ဆက်တည်း ပေါ်လွင်ပါသည်။ နှာတံစင်း၍ မျက်လုံးသွယ်ပါသည်။ ပါးစပ် ခပ်ပြုံးပြုံးလေး တွေ့ရှိရပါ၏။

တဘက်(ပုဆိုးပိုင်း)ကို ဘယ်ဘက်ပခုံးနှင့် ညာဘက်ချိုင်းကိုပတ်၍ သိုင်းထားပါသည်။ တဘက်စ နှစ်ဖက်ကို လက်ဝဲ လက်ယာ ဖြန့်ကားစွာ ခပ်ကော့ကော့လေး တွေ့ရှိရပါသည်။

တဘက်ကို လက်ဝဲ၊ လက်ယာ ခပ်စောင်းစောင်း အစင်းကွက်ကလေးများ၊ ဆံမြိတ်များဖြင့် အလှဆင်ထားပါသည်။ တဘက်ကို အနုစိပ်လက်ရာများဖြင့် တန်ဆာဆင်ထားပါသည်။

ပုံ (၃) ခန္ဓာကိုယ်အနေအထားမှာ နွဲ့နွဲ့နှောင်းနှောင်း တြိဘင်္ဂချိုး၍ ကနေသည်မှာ အလွန်လှပပါသည်။ ညာဘက်လက်ကို မြှောက်၍ကပြီး ဘယ်ဘက်လက်ကို အောက်သို့နှိမ့်၍ ကနေပါသည်။

ခြေထောက်နှစ်ဖက်စလုံးကို ခြေဖျား ညာဘက်သို့ လှည့်၍ ဒူး ခပ်ကုပ်ကုပ်လေး ကနေပါသည်။ ခါးတွင် ခါးပတ်နှစ်ဆင့် ပတ်ထားပြီး ခါးပတ်ပေါ်မှ ကွန်ခြေကာကို အပြားလိုက် အရှည်ကြီး အဆင့်သုံးဆင့် ချထားပါသည်။

ပုဆိုးကို ခပ်ရှည်ရှည် ချပြီး ခါးတောင်း ကျိုက်ထားပါသည်။ ပုဆိုးကိုလည်း အစင်းကြောင်းကလေးများဖြင့် ခပ်နုပ်နုပ် အလှဆင်ထားပါသည်။

**ဤပုံ(၃)** ယောကျ်ားရုပ် ဒီဖိုင်းလက်ရာမှာ ကဟန် ထူးခြားသလို ဝတ်ဆင်ထုံးဖွဲ့မှု ဒီဖိုင်းလည်း ထူးခြားလှပါသည်။

* * *

**ပုံ(၄)**သည် ပုံ(၃)၏ လက်ဝဲဘက်တွင် တွေ့ရှိနိုင်ပါသည်။ ပုံ(၄)ဒီဖိုင်းလက်ရာမူရင်းကျောက်ဆစ်ရုပ်ကြွ အမြင့်(၄၀) စင်တီမီတာခန့်၊ အကျယ်လည်း (၄၀)စင်တီမီတာခန့်နှင့် ရုပ်ကြွအထူ (၇)စင်တီမီတာခန့် ရှိပါသည်။

**ပုံ(၄)**ဒီဖိုင်းလက်ရာ ဖောင်းတော်မှာ အဆင်တန်ဆာ မပါရှိဘဲ ခပ်လုံးလုံး ချွန်းချွန်းသာ တွေ့ရှိရပါသည်။ ဖောင်းတော်အောက်နားကို ဖောင်းလုံးဖြင့် အနားသတ်ထားပါ၏။ မျက်နှာခပ်ပြပြ၊ ခပ်လုံးလုံးလေး တွေ့ရှိရပါသည်။

မျက်ခုံးနှင့် နှာခေါင်း တစ်ဆက်တည်း ပေါ်လွင်အားကောင်းလှပြီး မျက်လုံး ခပ်မှိတ်မှိတ်လေး တွေ့ရှိရပါသည်။ ပါးစပ်မှာ ပြုံးယောင်သန်းနေပါသည်။ နားနှစ်ဖက်တွင် နားတောင်းဝန်းကြီး ဝတ်ဆင်ထားပါသည်။

**ဤပုံ(၄)**ဒီဖိုင်းလက်ရာ ယောကျ်ားရုပ် ကနေသည့် ဟန်မှာလည်း ဟန်ချက်ညီလှပါသည်။ လက်နှစ်ဖက်ကို ကား၍ လက်ဖျားကို မြှောက်ကာ ကနေပါသည်။

ညာဘက်လက်ကို နှိမ့်၍ ဘယ်


www.burmeseclassic.com

www.burmeseclassic.com

ဘက်လက်ကို အနည်းငယ် မြှင့်ထားပါသည်။ တဘက်စကို ဘယ်ဘက်ပခုံးနှင့် ညာဘက်ချိုင်းကြားကို တစ်ပတ်ရစ်ပတ်ကာ တဘက်စနှစ်ဖက်ကို ဖြန့်ကား၍ ချထားပါသည်။ တဘက်ကို အစင်းကြောင်း ကလေးများဖြင့် သံမြိတ်ချထားပါသည်။

ခါးတွင် ခါးပတ်ပြားကြီး ပတ်ထားပြီး ခါးပတ်ပေါ်မှ ဣန္ဒြေကာကို အပြားလိုက် အဆင့်နှစ်ဆင့် ချထားပါသည်။ အောက်ဆင့်မှာ ခပ်ကောက်ကောက်လေး တွေ့ရှိရပါသည်။



ပုံ-၆

ပုဆိုးကို ခပ်ရှည်ရှည်ချ၍ ခါးတောင်းကျိုက်ထားပါသည်။ ခြေထောက်နှစ်ဖက်ကား၍ ဒူးကုပ်ကာ ကနေပါသည်။ ညာဘက်ဒူးထက် ဘယ်ဘက်ဒူးကို ပိုကုပ်၍ ပိုမြှောက်ကာ ခြေဖျားထောက် ကနေပါသည်။

ဤပုံ(၄) ယောက်ျားရုပ် ကဟန်ကောင်းပြီး ဝတ်ဆင်ထုံးဖွဲ့မှု ရိုးရိုးလေးသာ တွေ့ရှိရပါသည်။

* * *

**ပုံ(၅)** မူရင်း ကျောက်ဆစ်လက်ရာကို ပုံ(၄)မူရင်း ကျောက်ဆစ်လက်ရာ လက်ဝဲဘက်တွင် တွေ့ရှိနိုင်ပါသည်။ ပုံ(၅)ဒီဇိုင်းလက်ရာ မူရင်း ကျောက်ဆစ်ရုပ်ကြွ အမြင့် (၄၀)စင်တီမီတာခန့်၊ အကျယ် (၃၅)စင်တီမီတာခန့်နှင့် ရုပ်ကြွအထူ (၇)စင်တီမီတာခန့် ရှိပါသည်။

ပုံ (၅)ဒီဇိုင်းလက်ရာ ဗောင်းတော်ဖွဲ့စည်းပုံမှာ အဆင်တန်ဆာ မပါရှိဘဲ ခပ်ချွန်းချွန်းသာ တွေ့ရှိရပါသည်။

မျက်နှာ လုံးချွန်းပြီး နားရွက်နှစ်ဖက်တွင် နားတောင်းဝန်းကြီးများ ဝတ်ဆင်ထားပါသည်။မျက်ခုံး၊ မျက်လုံး၊ နှာတံ၊ ပါးစပ် ပီပီပြင်ပြင် တွေ့ရှိရပါ၏။

ပါးစပ်မှာ ပြုံးယောင်သန်းစွာ တွေ့ရှိရပါသည်။ လက်နှစ်ဖက်တွင် လက်မောင်းပတ် တစ်ဖက် တစ်ပတ် ပါရှိပါသည်။ လက်နှစ်ဖက်ကို ဘေးသို့ ကားထုတ်၍ လက်ဖျားကိုထောင်၍ ကနေပါသည်။

ညာဘက်လက်မှာ ဘယ်ဘက်လက်ထက် ပိုကွေး၍ ပိုနိမ့်ကျနေသည်ကို တွေ့ရှိရပါသည်။

ခါးတွင် ခါးပတ်သုံးဆင့် ပါရှိပြီး ခါးပတ်ပေါ်တွင် ဣန္ဒြေကာအပြားကို နှစ်ခေါက်,ခေါက်၍ အပြားလိုက် ချထားပါသည်။

ဣန္ဒြေကာပြားခေါက်ကို အစင်းကြောင်းများ၊ ပွင့်ဖတ်များဖြင့် အလှဆင်ထားပါသည်။ ပုဆိုးကို ခြေကျင်းဝတ်ထိ ချဝတ်ပြီး ခါးတောင်းကျိုက်ထားသည့်ဟန် တွေ့ရှိပါသည်။

ပုဆိုးကို ကန့်လန့်ဖြတ် အစင်းကြောင်း ကလေးများဖြ[illegible] အလှဆင်ထားပါသည်။

ခြေထောက် နှစ်ဖက်[illegible] ကား၍ ဒူးကုပ်ကနေပါသည်[illegible] ဘယ်ဘက်ဒူးကို ခပ်ကွေ[illegible] ကွေးကုပ်၍ ကနေပြီး ညာ[illegible] ဘက်ဒူးကိုဘယ်ဘက်ဒူးထ[illegible] ပိုကွေး၍ ခြေဖျားထော[illegible] ကနေဟန်ကို တွေ့ရှိရ[illegible] သည်။

**ဤပုံ(၅)** ဒီဇိုင်းလက်[illegible] ယောက်ျားရုပ် ကနေဟ[illegible] ရိုးသော်လည်း ဝတ်ဆ[illegible] ထုံးဖွဲ့မှုမှာ နည်းနည်းဆ[illegible] သည်ကို တွေ့ရှိရပါသည်[illegible]

* * *

**ပုံ(၆)** ဒီဇိုင်းလက်ရာ မူရ[illegible] ကျောက်ဆစ်ရုပ်ကြွကို ပုံ([illegible] ဒီဇိုင်းလက်ရာ မူရင်းကျောက်ဆ[illegible] ရုပ်ကြွ လက်ဝဲဘက်တွင် က[illegible] တွေ့ရှိနိုင်ပါသည်။

**ပုံ(၆)**ဒီဇိုင်းလက်ရာ မူရ[illegible] ကျောက်ဆစ်ရုပ်ကြွ အမြင့် (၄၀)စင်[illegible] မီတာခန့်၊ အကျယ် (၃၀)စင်တီမီ[illegible] ခန့်နှင့် ရုပ်ကြွအထူ (၇)စင်တီမီ[illegible] ခန့် ရှိပါသည်။

**ပုံ(၆)**ဒီဇိုင်းလက်ရာ ဗောင်းတေ[illegible] မှာ ခပ်ချွန်းချွန်း၊ ခပ်ငိုက်ငိုက် [illegible] ဆောင်းထားပါသည်။ ဗောင်းတေ[illegible] အောက်နား ဖောင်းလုံးကြီး တစ်[illegible] ခံထားပါ၏။

မျက်နှာ ခပ်ပြားပြား လုံးလုံး[illegible] တွေ့ရှိရပြီး မျက်ခုံး၊ မျက်လုံး၊ နှာခေ[illegible] ပါးစပ် ပေါ်လွင် ပြတ်သားလှပါ[illegible] သည်။

နားနှစ်ဖက်တွင် နားတော[illegible] ဝတ်ဆင်ထားပါ၏။ [illegible]ည်ပင်[illegible] လည်း လည်ရစ် သုံးရစ် ဖော်ထ[illegible]



www.burmeseclassic.com

www.burmeseclassic.com

သည်။ လက်နှစ်ဖက်ကို ဘေးသို့ကား၍ မြှောက်ကနေပါသည်။

ဘက်ဘက်လက်ကို အဖြောင့် မြှောက်ကပြီး ညာဘက်လက်ကို ကွေး၍ မြှောက်ကနေပါသည်။

ပုဆိုးပိုင်း(တဘက်)ကို ဘယ်ဘက် ပခုံးနှင့် ညာဘက်ချိုင်းကြားကို ပတ်ရစ်ထားပါသည်။ တဘက်စ အစွန်းနှစ်ဖက်ကို လက်နှစ်ဖက်အောက်တွင် ဖြန့်ကားချထားပါသည်။

တဘက်ကို ကန့်လန့်ဖြတ် အစင်းကြောင်းများ ရပ်စောက်အစင်းကြောင်းများနှင့် ဆံမြိတ်ကလေးများဖြင့် အလှဆင်ထားပါသည်။

ခါးတွင် ခါးပတ်ငါးဆင့် တွေ့ရှိပြီး အပေါ်ဆုံးခါးပတ်က ပိုကြီးသည်ကို တွေ့ရှိရပါသည်။

အပေါ်ခါးပတ်ကို ကျော့၍ ဣန္ဒြေကာပြားကိုခေါက်၍ ချထားပါသည်။ ဣန္ဒြေကာပြားကို ကန့်လန့်ဖြတ် အစင်းကြောင်းနှင့် ရပ်စောက်အစင်းကြောင်းများဖြင့် အလှဆင်ထားပါသည်။

ခြေထောက်နှစ်ဖက် ခပ်ကားကားသာ တွေ့ရှိရပြီး ခြေဖျားနှစ်ဖက်ကို ဘယ်ဘက်သို့ လှည့်ထားပါသည်။ ပုဆိုးကိုလည်း အစင်းကြောင်း နုပ်နုပ်ကလေးများဖြင့် အလှဆင်ထားပါသည်။

ပုံ(၆)ဒီဖိုင်းလက်ရာ ယောကျ်ား ကနေဟန်မှာ ရိုးပြီး ဝတ်ဆင်ထုံးဖွဲ့မှုမှာ ခပ်ဆန်းဆန်း တွေ့ရှိရသော လက်ရာ တစ်ခုပင် ဖြစ်ပါသည်။

အထက်ဖော်ပြပါ လက်ရာများမှာ ဒွါရပါလ ဒီဖိုင်းလက်ရာမှာ ဝေသာလီခေတ်လက်ရာ ဖြစ်ပါသည်။ ရခိုင်လူမျိုးတို့၏ ဘာသာရေး အကူးအပြောင်း သင်္ကေတ ဒီဖိုင်းလက်ရာမှာ ဓညဝတီခေတ်လက်ရာဟု သိရှိရပြီး ပုံ(၁)နှင့် ပုံ(၆)မှာ မြောက်ဦးခေတ်လက်ရာများပင် ဖြစ်ပါသည်။

ဤပုံ(၁)နှင့် ပုံ(၆)အထိကို သျှစ်သောင်းပုထိုးတော် စတုတ္ထလိုဏ်ထပ် အရှေ့တောင်ထောင့် အရှေ့ဘက်ခြမ်း အပေါ်ဆုံးအဆင့်တွင် မူရင်းလက်ရာများကို တစ်တန်းတည်း တွေ့ရှိနိုင်ပါသည်။

***အနန္တောအနန္တငါးပါးကို ထာဝရ ဦးထိပ်ပန်ဆင် ကန်တော့လျက်...***

**ပန်းချီထူးလှ**
***(ရှေးဟောင်းသုတေသန)***

မှီငြမ်းချက်

၁။ **တက်ထွန်းနီ(မြောက်ဦး)**–မြောက်ဦးမြို့ ထင်ရှားသောဘုရားများ သမိုင်းအကျဉ်းနှင့် ဘုရားဖူးလမ်းညွှန် အမှတ်(၁)။

၂။ **ရခိုင်ပြည်နယ် ပြည်သူ့ကောင်စီ**–မြောက်ဦးလမ်းညွှန်။

၃။ **မြောက်ဦး ရှေးဟောင်းသုတေသနဌာန** – မြောက်ဦးဒေသရှိ ရှေးဟောင်း စေတီပုထိုးများမှတ်တမ်း။

၄။ ကိုယ်တိုင်ကွင်းဆင်းမှုမှတ်စု။

၅။ ဖော်ပြပါ ကျောက်ဆစ်လက်ရာများ။

၆။ **မြောက်ဦး ယဉ်ကျေးမှုအမွေအနှစ်ဒေသ** – ရှေးဟောင်းအဆောက်အအုံနှင့် စေတီပုထိုးများ စစ်တမ်းကောက်ယူ စာရင်းသွင်းခြင်း ပုံဆွဲ မှတ်တမ်း။

၇။ **ရမ်းဗြဲတောင်ကျောင်း ဆရာတော် ဦးစန္ဒမာလာလင်္ကာရ**–ရခိုင်ရာဇဝင်သစ်ကျမ်း။

**စာမျက်နှာ (၁၉၈)မှ အဆက်**

လမ်း(ရမွက်လမ်း)ရှိပြီး ဦးခေါင်းလမ်းအဖျားနဲ့ အသက်လမ်းအဖျား ကွာဟနေတယ်။

ဒီသင်္ကေတကြောင့် စိတ်မြန်၊ ကိုယ်မြန်၊ စားမြန်၊ သွားမြန်၊ မဟုတ်မခံ၊ ပွင့်လင်း၊ ဦးဆောင်၊ ဆရာလုပ်၊ အနိုင်ရချင်၊ လှုပ်ရှားတက်ကြွဆိုတဲ့ ပင်ကိုဗီဇမျိုးရှိမယ်။

အိမ်ထောင်ရေး၊ စီးပွားရေးမှာ မိသားစုကို ဦးဆောင်လုပ်ကိုင် ကျွေးမွေးရမယ့်လက္ခဏာမျိုး ဖြစ်တယ်။ ခင်ပွန်းအပေါ်လဲ ဩဇာပေး၊ အနိုင်ယူမယ့်သူ ဖြစ်တယ်။

**ဒါကြောင့် အမျိုးသမီး ဦးဆောင်တဲ့ အိမ်ထောင်မှာ သမီးမိန်းကလေး များ တတ်တယ်ဆိုတဲ့အတိုင်း ဒီလက္ခဏာရှင် မျိုးမှာ သမီးများမယ်လို့ အဟောထုတ် နိုင်တယ်။**

စာဖတ်သူ အမျိုးသမီးများရဲ့ ဘယ်လက်ဖဝါးမှာ အဲဒီလို သင်္ကေတမျိုး နီးစပ်တူညီရင် သမီးများမယ့်သူလို့ ကြိုသိနိုင်ပါတယ်။

**မှတ်ချက် ။ ။ ယခုလက္ခဏာရှင်တွင် သမီးချည်း(၃)ယောက် မွေးထားပြီဖြစ်တယ်။ စတုတ္ထကို သားရဖို့ ကျွန်ုပ်ထံ ယတြာတောင်းခံသူ ဖြစ်တယ်။**

***လက္ခဏာပညာသုတ တိုးပွားရရှိကြပါစေ။***

***အောင်မြင်ကျော်ကြား ချမ်းသာကြီးပွားအောင်...***

**ဆရာကြီး ဦးအောင်မြိုင်**
*(ဥပဒေဘွဲ့)*
လက္ခဏာဗေဒင်ပညာသုတေသီ

www.burmeseclassic.com

# သားများမလား

ဆရာကြီးဦးအောင်မြင့်
(ဥပဒေဘွဲ့)
လက္ခဏာဗေဒင်ပညာသုတေသီ

## သမီးများမလား





အိမ်ထောင်ကျခါစ အမျိုးသမီး
အတော်များများက မေးလေ့ရှိတဲ့
မေးခွန်းတစ်ခုကတော့...

'သားများမလား၊ သမီးများမလား'တဲ့။

ယခုဆောင်းပါးနဲ့အတူ ပူးတွဲဖော်ပြ
ပေးလိုက်တဲ့ ဘယ်လက်ဖဝါးပုံစံပိုင်ရှင်
ဟာ အမျိုးသမီးတစ်ဦး ဖြစ်ပါတယ်။

**"က"အက္ခရာနဲ့** ညွှန်ပြထားတာ
ဟာ နှလုံးလမ်းကြောင်း ဝိုက်ကွေးနေ
ခြင်းဖြစ်တယ်။


* * *




ဒီလို နှလုံးလမ်း ဝိုက်ကွေးနေသူဟာ ကျား
ဆန့်တဲ့ လိင်စိတ် ပင်ကိုဗီဇရှိတယ်။

**"ခ"အက္ခရာနဲ့** ညွှန်ပြထားတာ
ဟာ ဦးခေါင်းကြောင်း အဖြောင့်များပြီး
အကွေးနည်းခြင်းဖြစ်တယ်။

* * *




ဒီလို ဦးခေါင်းမျိုးဟာလဲ ကျားဆန့်
လိင်စိတ် ပင်ကိုဗီဇရှိတယ်။

**"ဂ"အက္ခရာနဲ့** ညွှန်ပြထားတာ
ဦးခေါင်းကြောင်းပေါ်မှာ ညီမှန်းချက်

စာမျက်နှာ (၁၉၇) သို့




www.burmeseclassic.com

www.burmeseclassic.com

# ဆိပ်ဖလူးပင်

ဆေးဖက်ဝင်ပုံ

ဆေးသုတေသီ



◆ ဆိပ်ဖလူးပင်

တောင်တွင်းကြီးမြို့နယ် ငွေးတောက်ကုန်းရွာဦးရှိ ဘုန်းကြီးကျောင်းဝင်းအတွင်း **ဆိပ်ဖလူးပန်းများ** ဖူးပွင့်နေသည်ကို မြင်ခဲ့ရသည်။

အရွက်မှာ အနည်းငယ်ကြမ်း၍ ချွန်ပြိုင်ထွက်သည်။ အရင်းပိုင်း၍ ချွန်ဖျားချွန်သည်။ စုပြုံ၍နေသော အစိမ်းနုရောင် အဖူးများမှ အဖြူရောင် အပွင့်များ ထွက်လာသည့်အခါ ရိုးတံမှာ ကြန့်ကြန့်အရောင်ရှိ၏။

သင်းပျံ့သော ရနံ့က စိတ်ကို ကြည်နူးစေ၏။ ဆေးအသုံးဝင်ပုံကို **အရှင်နာဂသိန်၏ ပုံပြဆေးအဘိဓာန် ပထမတွဲ စာမျက်နှာ** (၃၀၁)၌ ဤသို့ တွေ့ရ၏။

**အဆစ်ရောင်** ။ ။ အပွင့်ကို ပြုတ်၍ သောက်လျှင် အဆစ်ရောင်ရောဂါ ပျောက်၏။

**အဖျားဟောင်း** ။ ။ အရွက် သတ္တုရည်ကို ပျားရည်နှင့်ရော၍ သောက်လျှင် အဖျားဟောင်း လျင်မြန်စွာ ပျောက်ကင်း၏။


**သည်းခြေဖောက်ပြန်** ။ ။ အရွက်သတ္တုရည်ကို သကြားနှင့် ရောစပ်၍ သောက်ခဲ့သော် သည်းခြေဖောက်ပြန်သောရောဂါ ပျောက်ကင်း၏။

**သံကျဆေး** ။ ။ အရွက် သတ္တုရည်ကို ဆားအနည်းငယ် ခတ်၍ တိုက်သော် သံများ လွယ်ကူစွာ ကျဆင်း၏။


**ပွေးနာ** ။ ။ ယင်းအရွက်ကို ကြိတ်၍ ထိမ်းလျှင် ပွေးနာများ ပျောက်ကင်း၏။

**ပြည်တုလာသရော** ။ ။ ယင်းအစေ့ (၂)ပဲသားကို ငရုတ်ကောင်း(၃)ပဲသားနှင့် ကြိတ်၍ ရေနှင့်လုံးပြီး (၃)ပဲသားကို ရေအေးနှင့် တိုက်ကျွေးက ပြည်တုလာသရော(ဆီးပူညောင်းကျနာတစ်မျိုး) ရောဂါ ပျောက်ကင်း၏။

www.burmeseclassic.com



◄ ဆိပ်ဖလူးပန်းပွင့်



ဆိပ်ဖလူးရွက်များ ►

**ဒူးခေါင်းကြီးရောဂါ** ။ ။ ဆိပ်ဖလူးရွက်ကို မီးမျှဉ်းမျှဉ်းဖြင့် ထက်ဝက်ခန့် ပြုတ်၍ အနည်းငယ်စီ မကြာခဏ သောက်ခဲ့သော် ဆေးတွေ့ခဲ့သော ဒူးခေါင်းကြီးရောဂါနှင့် တင်ကြော လျှောက်နာများ ပျောက်ကင်း၏။

**သူငယ်နာ** ။ ။ ယင်းအရွက်ကို ရေနွေးဖြော်ပါ။ သို့မဟုတ် ရေနွေးနှင့် စိမ်၍ နယ်ပါ။ နယ်ပြီးသော အရည်ကို တိုက်ခဲ့သော် ကလေးများ သူငယ်နာအဖျား ကျဆင်း၍ ချွေးထွက်ပြီး သူငယ်နာရောဂါမှ ပျောက်ကင်းလိမ့်မည်။

**ဆီးလွန်နာ** ။ ။ ယင်းအရွက်ကို ထက်ဝက်ခန်း ကျို၍ သောက်သော် ဆီးလွန်နာ ပျောက်၏။

**မီးယပ်သွေးလွန်** ။ ။ ဆိပ်ဖလူးအရွက်နုနု အနည်းငယ်ကို ငရုတ်ကောင်း (၇)စေ့ဖြင့် ကြိတ်၍ ကျွေးသော် မိန်းမများအတွက် မီးယပ်သွေးလွန်သော ရောဂါ ပျောက်၏။

**မျက်စိနာ** ။ ။ ဆိပ်ဖလူးခေါက်၊ နှမ်းဆီ၊ **ဆန်ပုန်းရည်(ဆန်ဆေးရည်ကို ဆားနှင့် အချဉ်ဖောက်ထားခြင်း)** သိန္ဓောဆားတို့ကို အညီအမျှစီယူ၍ ကြိတ်ခြေပြီး ကျွေးသော် မျက်စိနာ ရောဂါ ပျောက်၏။

**တီရစ္ဆာန်အစာဆိပ်** ။ ။ တိရစ္ဆာန်များ တစ်စုံတစ်ခု စားမိ၍ အစာအဆိပ်သင့်သော် ဆိပ်ဖလူးရွက် သတ္တုရည်ကို တိုက်ပါက အဆိပ်ပြေ၏။

**ယားနာ** ။ ။ ဆိပ်ဖလူးရွက်ကို နွားနို့နှင့်ကြိတ်၍ လိမ်းပေးရသည်။

**လည်ပင်းနာ** ။ ။ ဆိပ်ဖလူးရွက်၊ ဝါးရွက်၊ သဘော်သဖန်းရွက်တို့ကို ရောကြိတ်၍ (၈)ရက်တိုင် လိမ်းပေးပါက လည်ပင်းနာပျောက်၏။

**ဒက်** ။ ။ ဦးခေါင်းတွင်ဖြစ်သည့် ဒက်နာ၊ ယားနာကို ဆိပ်ဖလူးစေ့ သွေးလိမ်းရသည်။

**မြွေဆိပ်** ။ ။ မြွေကိုက်ခံရလျှင် ဆိပ်ဖလူးအရွက် (သို့မဟုတ်) အခေါက် သတ္တုရည် သောက်ပါက မြွေဆိပ် လျော့ကျ၏။

**အအေးမိ** ။ ။ ဆိပ်ဖလူးရွက်ကို ညက်စွာကြိတ်၊ ထန်းလျက်နှင့်ရောကာ ကွမ်းသီးခန့် လုံးထားပါ။

**အဖျားမတက်မီ** တစ်နာရီခန့်က ကြို၍ ထိုဆေးတစ်လုံးကို ရေနွေးနှင့် သောက်ပေးလျှင် အဖျားမတက်ဘဲ အအေးမိ ဖျားနာခြင်း ပျောက်ကင်း၏။

**ကိုက်ခဲနာ** ။ ။ အဂါကြီးငယ် ကိုက်ခဲသောရောဂါအတွက် ဆိပ်ဖလူးရွက်ကို ညက်စွာကြိတ်ပြီး ရေနွေးနှင့်စိမ်ကာ သတ္တုရည်ညှစ်ယူပါ။

ထိုသတ္တုရည် (၁၂)ပဲသားနှင့် ချင်းစိမ်းသတ္တုရည် (၁၂)ပဲသား ရော၍ သကြားအနည်းငယ် ခွက်ကာ နံနက် ည မှန်စွာ သောက်ပါက လေကြောင့် ဖြစ်သော အင်္ဂါကြီးငယ် ကိုက်ခဲနာကျင်သော ရောဂါ ပျောက်ကင်း၏။

အဆစ်အဆက်များ နာကျင်ကိုက်ခဲပါလျှင် ဆိပ်ဖလူးရွက်ကို မီးအုံ၍ ကပ်ပေးခြင်း၊ ကျပ်ထုပ်ထိုးပေးခြင်း ပြုပါက သက်သာပျောက်ကင်းသည်။

**ဆေးသုတေသီ**



www.burmeseclassic.com



စလင်း ဦးကျော်

စလင်းမြို့နယ်မှ

# ဇရပ်ကြီးဘုရားအောင်မြေ

ကျွန်တော်တို့ မြန်မာနိုင်ငံတွင် အောင်မြေများ အများအပြား ရှိပါသည်။ ပုဂံအောင်မြေ၊ ကုန်းဘောင် အောင်မြေ စသည်ဖြင့် ထင်ရှားသော အောင်မြေများ ရှိသလို မထင်ရှားသော အောင်မြေများလည်း အများအပြား ရှိသည်။

ထို မထင်ရှားသေးသော အောင်မြေများတွင် **စလင်းမြို့နယ်မှ ဇရပ်ကြီး ဘုရားအောင်မြေ**ကို တင်ပြသွားပါမည်။

**ဇရပ်ကြီးဘုရား အောင်မြေသည် စလင်းမြို့၏ အရှေ့တောင်ဘက်(၆) မိုင်ခန့်အကွာတွင် တည်ရှိပါသည်။ စည်းပင်ပုရွာ၏ အရှေ့တောင်ဘက် (၂)မိုင်ခန့်တွင် ရှိပါသည်။ ဆော်လေ ၏ အနောက်တောင်ဘက်(၂)မိုင်ခန့် အကွာတွင် ရှိပါသည်။ ငွေတောင်ရွာ၏ အနောက်မြောက်ဘက် (၂)မိုင်ခန့် အကွာတွင် တည်ရှိပါသည်။**

ထိုတုန်းက ဇရပ်ကြီးဘုရား၏ ဝန်းကျင်တွင် မန်ကျည်းပင်၊ ပေါက်ပင်၊ ချင်းယားပင်၊ သန်းပင်၊ ဒဟတ်ပင်၊ ကြောင်ဝါပင်၊ နဘဲပင်၊ သစ်ချိုပင်၊ နွားလျှာပင်၊ ဘက်လက်ပင်၊ တမာပင်၊ ရှားစောင်းကြီးပင်၊ ထန်းပင်၊ ဘောင်မွှေပင်၊ တရော်ပင်၊ ကြက်ရိုးပင်နှင့် ထနောင်းပင် စသည့် မိုးခေါင်ရေရှားရပ်တွင် ပေါက်သော သစ်ပင်များ ပေါက်ရောက်ပါသည်။

ထိုတောထဲတွင် အလေ့ကျ ပေါက်သော မြက်များကို နွားမများ ကျောင်း ကြပါသည်။ တောမှာ ဧက (၂၀၀၀) ကျော်ရှိပါသည်။

ထိုတောအလယ်တွင် ဆရာတော် ဦးဥက္ကံသသည် တပည့် ကိုရင်၊ ကျောင်းသားများဖြင့် ကျောင်းထိုင် လျက် နေခဲ့ပါသည်။ ဆရာတော်သည် လောကီဂန္ဓာရီလမ်းကို လျှောက်လှမ်း နေပါသည်။ တရားဘာဝနာများကို လည်း အဓိဋ္ဌာန်ဖြင့် ကျင့်ကြံနေပါ သည်။

အင်း၊ အိုင်၊ ခါးလှည့်၊ လက်ဖွဲ့၊ အတတ်၊ ဆေးအတတ်နှင့် အဂ္ဂိရတ် အတတ်တို့ကိုလည်း လေ့လာ တတ် ကျွမ်းပါသည်။

နံနက် ဆွမ်းရေချမ်း၊ ည ရေချမ်းပန်း တို့ကို ဘုရားရှင်အား ပူဇော်လှူဒါန်း ကာ ဝတ်မပျက်ဘဲ စရဏကို ကျင့်ကြံ ကြိုးကုတ် အားထုတ်လျက် သီတင်း သုံး နေထိုင်တော်မူပါသည်။

ဘုရား၊ ကျောင်း၊ ကန်၊ ဇရပ်တို့နှင့် တောအလယ်တွင် သာယာ ကြည်နူး ဖွယ်ရှိပါသည်။

တစ်နေ့မှာ ဝတ်ဖြူစင်ကြယ်နှင့် ဦးသူတော်ကြီးတစ်ယောက် ဆရာ တော်ဦးဥက္ကံသထံ ရောက်လာပါသည်။ ဆရာတော်အား ဝတ်ချရှိခိုးပြီး သူ၏ ဦးခေါင်း(ခေါင်းတုံး)မှ ဆံပင်များကို ရိတ်ပေးပါရန် လျှောက်ထားပါသည်။

ဆရာတော်သည် ဦးသူတော်ကြီးကို ဆံပင်ရိတ်ပေးလိုက်ပါသည်။ ထိုသို့ပင် ဦးသူတော်ကြီးသည် ဆံပင်ရှည်လာ တိုင်း ဆရာတော်ထံ ဆံပင်ရိတ် လာ လေ့ရှိပါသည်။ သို့နှင့် ဆရာတော်သည် ဦးသူတော်ကို အကြောင်းပြု၍ ပြဒါး ရှင်လုံး ရရှိခဲ့သည်ဟု ဆိုပါသည်။

ဆရာတော်သည် ရရှိသော ပြဒါးရှင် လုံးကို အာခံတွင်းမှာငုံ၍ လိုရာခရီးကို သွားလာနိုင်ပါသည်။ နေ့လယ် ဆွမ်း ဘုဉ်းပေးခါနီး ဆွမ်းပွဲပြင်ဆင်နေခိုက် ဆရာတော်သည် ပြဒါးရှင်လုံးကို ငုံကာ ကောင်းကင်ခရီးဖြင့် တောင်အရပ်တွင် ရှိသော မုန်းချောင်းကမ်းဆိပ်သို့ ရေချိုး တော်မူလေ့ ရှိပါသည်။

ဆွမ်းပွဲပြင်မပြီးမီ ကျောင်းပေါ်သို့ ပြန်ရောက်တော်မူပါသည်။ ကျောင်းနှင့်

www.burmeseclassic.com

မုန်းချောင်းဆိပ်မှာ (၁၅)မိုင်ကျော် ဝေးကွာပါသည်။ ကျောင်းပေါ် ဆရာတော် ပြန်ရောက်စဉ်မှာ ခန္ဓာကိုယ်ပေါ်မှ ရေစကလေးများပင် မခြောက်သေးဟု ဆိုပါသည်။

ဆရာတော်သည် မီးမလောင် အင်းများ စီရင်၍ ဇရပ်ကြီး၏ တိုင်အခြေများတွင် မြှုပ်နှံထားခဲ့ပါသည်။ ဆရာတော်သည် ကျောင်း၊ ကန်၊ ဇရပ်ကြီးတို့ကို စွန့်ကာ အတွင်းစခန်းသို့ ကြွမြန်းသွားပါသည်။

ဆရာတော်ဦးဥက္ကံသ မရှိတော့သည့်နောက်ပိုင်းတွင် ဘုရား၊ ကျောင်း၊ ကန်၊ ဇရပ်တို့ကို ထိန်းသိမ်း စောင့်ရှောက်မည့်သူ မရှိသည့်အတွက် ရေကန်ကြီးမှာ တိမ်ကောသွားပါသည်။

ကျောင်းနှင့် ဘုရားမှာလည်း ပြုပြင်မှုမရှိသည့်အတွက် ပြိုကျ ပျက်စီးကုန်ပါသည်။ ဇရပ်ကြီးတစ်ဆောင်သာ ကျန်ရှိနေပါသည်။

မန်ကျည်းပင်ပုရွာ၊ မန်ကျည်းကုန်းရွာ၊ အင်းပုတ်ရွာ၊ ဖောင်းလင်းရွာ၊ ငွေတောင်ရွာ၊ လက်ပကန်ရွာနှင့် ကန်ရွာတို့မှ နွားကျောင်းသမားများသည် တစ်နှစ်ပတ်လည်း ဇရပ်ကြီး၏ ပတ်ဝန်းကျင်ရှိ တောထဲသို့ နွားကျောင်းကြပါသည်။

ယင်း နွားကျောင်းသမားများသည် ဇရပ်ကြီး၌ ဆုံကြပါသည်။ ဇရပ်ကြီး၌ နားခိုကြပါသည်။ မိုးတွင်းကာလများ၌ နွားကျောင်းသမားများသည် မိုးမိ၍ အဝတ်ရေစိုခြင်း၊ ချမ်းတုန်ခြင်း ဖြစ်ပါက ထင်းများ ရှာဖွေကာ ဇရပ်ကြီးပေါ်တွင် မီးမွှေးလှုံကြပါသည်။

သို့သော် ဇရပ်ကြီးကိုတော့ မီးမလောင်ပါ။ ဆရာတော်ဦးဥက္ကံသ စီရင်၍ မြှုပ်နှံထားခဲ့သော မီးမလောင်အင်းများကြောင့် ဇရပ်ကြီး မီးမလောင်ခြင်းဖြစ်ပါသည်။ ထိုအကြောင်းကို ပတ်ဝန်းကျင်မှ ရွာသူရွာသားများ သိရှိကြပါသည်။



ထိုသို့ ဇရပ်ကြီး မီးမလောင်သည့်အတွက် ဇရပ်ကြီးကန်၊ ဇရပ်ကြီးကျောင်း၊ ဇရပ်ကြီးဘုရားဟု ဇရပ်ကြီးကို အထူးပြု၍ ခေါ်ဝေါ်ကြခြင်း ဖြစ်ပါသည်။

တစ်နေ့မှာ လောကီပညာကျွမ်းကျင်သော ကွမ်းထမ်းရောင်းသမားများ ဇရပ်ကြီးသို့ ရောက်လာကြကာ နားခိုကြပါသည်။ ဇရပ်ကြီး၏ တိုင်ခြေများမှာ မီးမလောင်အင်းများ ရှိသည်ကို သိရှိကြပြီး ယင်းအင်းများကို ဖော်ယူသွားကြပါသည်။

အင်းများ ဖော်ယူပြီးနောက်ပိုင်း နွားကျောင်းသားများ ဇရပ်ကြီးပေါ်တွင် မီးမွှေးကြရာ ဇရပ်ကြီး မီးလောင်ပျက်စီးသွားပါသည်။

ထိုဇရပ်ကြီး၏ အနီးတစ်ဝိုက်တွင် စိမ်းလန်းစိုပြည်လျက်ရှိသော ဝါးရုံပင်ကြီးရှိသည်ဟု ဆိုပါသည်။ ထိုဝါးရုံပင်ကြီးကို သာမန်အားဖြင့် မတွေ့မမြင်ရပါ။ မျက်စိလည် လမ်းမှားမှ တွေ့ရသည်ဟု ဆိုပါသည်။

အကယ်၍ မျက်စိလည်ပါက ဝါးရုံပင်ကို တွေ့ရမည်။ ဝါးရုံကိုင်းကို ချိုးကာ မြေပြင်ကို ဖောက်ထိုးစိုက်ပါ။ မျက်စိလည် ပျောက်မည်ဖြစ်သည်။ မျက်စိလည်ပျောက်လျှင် ဖောက်ထိုးစိုက်ထားသော ဝါးရုံကိုင်း၏ အောက်ရှိ မြေကြီးကို တူးပါက ငွေသားအစစ် တင်းတောင်းနှင့် (၉)တင်းရမည်ဟု ဆိုပါသည်။ **"မန်ကျည်းပင်ပု**[...] **အရှေ့တောင် ခွေးတဟော**[...] **ဝါးရုံပင်ခြေရင်း ငွေကိုးတင်း"**[...] တဘောင်စာဆိုလေးပင် ရှိခဲ့ပါသ[...]

လွန်ခဲ့သော အနှစ်(၅၀)ခန့်က [...] တော်ကြီး ဦးဖိုးကွက် စသည့် သ[...] ပညာရှင်များကပင် ထိုတဘောင် စာ[...] ကလေးကို ရွတ်ကာ...

'ချမ်းသာချင်ကြရင် မန်ကျည်းပင်[...]
အရှေ့တောင်အရပ်မှာ ဝါးရုံပင်ရှိတယ်[...]
ဝါးရုံပင်အောက်က ငွေကိုးတင်းကို [...]
ကြပါ'

ဟု ဇာတ်ပွဲ့ကရာတွင် ပြော[...] သည်ဟု ကြားသိရပါသည်။

**လွန်ခဲ့သည့် (၁၉)နှစ်ခန့်က** [...] တောင်ရွာမှ ဦးမြသိန်း၊ ဒေါ်ဝ[...] သည် **"ထီပေါက်ရင် ဇရပ်**[...] **ဘုရားပြုပြင်မည်"**ဟု အဓိဋ္ဌာ[...] ထီထိုးခဲ့ရာ ထီဆုလေး ပေါက်ပါသ[...]

ထို့ကြောင့် ပျက်စီးယိုယွင်းနေ[...] ဘုရားပြိုအုတ်ပုံကို ရှင်းလင်းပြီး[...] တောင်ပြည့်ဘုရား တည်ခဲ့ပါသ[...]

ရုံပင်ကန်ကျေးရွာမှ ပုဂ္ဂိုလ်[...] ယောက် ဇရပ်ကြီးဘုရားလမ်း [...] ရန် အဓိဋ္ဌာန်ပြု၍ ထီထိုးခဲ့ရာ ထီ[...] ခဲ့ပါသည်။ ထီဆုလေးပေါက်[...] ဇရပ်ကြီးဘုရားမှ အနောက်တည့်[...] မဲဇလီဆည် လက်တံမြောင်း[...] သစ်ပင်၊ ချုံပင်များ ရှင်းလင်း၍ [...] ဖောက်ပြုပြင်ခဲ့ပါသည်။

ယခုအခါတွင် ဇရပ်ကြီး[...] ပတ်ဝန်းကျင်တို့၌ ယခင်အခါ[...] သစ်ပင်၊ ချုံပင်များ မရှိတော့ပါ[...]





www.burmeseclassic.com

www.burmeseclassic.com

ကွင်းများနှင့် လယ်ကွင်းများ ဖြစ်ပေါ်နေပါသည်။ တိမ်ကောသွားသော ကန်နေရာကိုလည်း ပြန်လည် ဆည်ဖို့ကြပါသည်။ ကျောင်းကိုလည်း အများအောင်းမှုနှင့် ပေါင်းစု ဆောက်လုပ်ထားပါသည်။

ယင်းကျောင်းတော်တွင် ငွေတောင်ဇာတိ ဆရာတော်တစ်ပါး သီတင်းသုံးနေတော်မူပါသည်။

ဂန္ဓာရီလမ်းကို လျှောက်လှမ်းသောပုဂ္ဂိုလ်များ လာရောက် အဓိဋ္ဌာန်ဝင်ကြား ကျင့်ဆောင်ကြပါသည်။ ထိုသို့ ကျင့်စဉ်လမ်းသို့ ကြွမြန်းသွားသော ဆရာတော် ဦးဥက္ကံသနှင့်တကွ ညွှန်မှန်းချက်ကို အောင်မြင်ခဲ့သော ဘုရားဒကာ၊ လမ်းဒကာ၊ ဂန္ဓာရီလမ်းကို လျှောက်လှမ်းပုဂ္ဂိုလ်ကြီးတို့၏ အောင်မြင်မှုကို ထောက်ရှုကာ မိမိတို့၏ ရည်ရွယ်ချက်၊ အဓိဋ္ဌာန်ချက်များ အောင်မြင်စေရန် ဇရပ်ကြီးဘုရား အောင်မြေသို့ ကြွရောက် ကျင့်ဆောင်ပါကြောင်း ရေးသား တင်ပြအပ်ပါသည်။

**စလင်းမြို့နယ်အတွင်းရှိ ဇရပ်ကြီး ဘုရားအောင်မြေမှ အောင်ဓာတ်များ ရရှိကြပါစေ။**

* * *

လမ်းညွှန်

မြန်မာနိုင်ငံအောက်ပိုင်းအရပ်မှ လာသောပုဂ္ဂိုလ်များ ပုံပါအတိုင်း ရန်ကုန်–မင်းဘူး–စလင်း ကားကို စီးပြီး ပွဲနိသုံးလုံးတွင် ဆင်းပါ။


မြန်မာနိုင်ငံအထက်ပိုင်းအရပ်မှ လာသော ပုဂ္ဂိုလ်များ ပုံပြပါအတိုင်း ပခုက္ကူ–ချောက်–စလင်း ကားကို စီး၍ စလင်းမြို့သို့ရောက်လျှင် ပွဲနိသုံးလုံးသို့ရောက်သော ကားကို တစ်ဆင့်စီး၍ ပွဲနိသုံးလုံးကို ဆင်းပါ။

ပွဲနိသုံးလုံးမှ အရှေ့အရပ်သို့ သွားသော ကားလမ်းအတိုင်း မန်ကျည်းပင်ပုရွာသို့ အရောက်လာပါ။ မန်ကျည်းပင်ပုရွာမှတစ်ဆင့် မဲဇလီဆည် လက်တံခွဲမြောင်းပေါင်အတိုင်း တောင်ဘက်ကို လာခဲ့ပါက (ဆိုက်)ခေါ် ဆည်မြောင်းစောင့်ရှောက်ရေးတဲကို ရောက်ပါလိမ့်မည်။ ယင်းဆိုက်မှ (၃)နံပါတ် ရေမြောင်းပေါင်အတိုင်း အရှေ့ကိုလာလျှင် ဇရပ်ကြီးဘုရားအောင်မြေကို တွေ့ရပါလိမ့်မည်။

**မှတ်ချက်။ ။ မြေပုံ၌ ပြထားသော မြှားများသည် ပွဲနိသုံးလုံးမှ ဇရပ်ကြီးဘုရားသို့သွားရန် ညွှန်ပြထားခြင်း ဖြစ်ပါသည်။**

***လိုရာဆန္ဒ ပြည့်ဝကြပါစေ။***

**စလင်း ဦးကျော်**




**စာရှုသူ သုတေသီ ပါဠိသနာရှင်များသို့**

မိမိတို့ဒေသတွင် လျှို့ဝှက်သော အရိယာအောင်မြေ ဝိဇ္ဇာရေအောင်မြေများရှိပါက ကျင့်စဉ်ပုဂ္ဂိုလ်များ အကျိုးငှာ ဤနက္ခတ္တဗေဒင်ဖြည်မဂ္ဂဇင်းတိုက်သို့ လမ်းညွှန်များ ရေးသားပေးပို့ကြပါရန် မေတ္တာရပ်ခံအပ်ပါသည်။


လေးစားစွာဖြင့်...


ဦးကျော်မိုးသိန်း
စာတည်းချုပ်
နက္ခတ္တဗေဒင်ဖြည်မဂ္ဂဇင်း




www.burmeseclassic.com

www.burmeseclassic.com




(ယခင်လမှ အဆက်)

အခြေခံ ကြိုးထုံးနည်း(၉၀)


寿龟结


Shòu Gūi Jié

ရှိုး ကွေး ကျဲ

သက်ရှည်လိပ်ကြိုးထုံး


ဒေဝတာပုရာဏ်များတွင် သက်တမ်း နှစ်ပေါင်း ရာထောင်ချီ၍ အသက်ရှင်နေနိုင်









ဟုကျင်းဇီ

# တရုတ် ကြိုးထုံးပညာ (၉၀)




သက်ရှည်လိပ်ကြိုးထုံး သော့ကွင်းများ ▶



www.burmeseclassic.com

www.burmeseclassic.com

လူတိုင်းအတွက် တရုတ်ရိုးရာ

# အိပ်မက်ရှင်းတမ်း (၈၀)





ထက်မြင့်ကျော်စွာ

## 吉他 Jí Tā ကျီးထား ဂီတာ

❂ ဂီတာကိုမြင်မက်ခြင်းသည် နှလုံးသားရေးရာနှင့် သက်ဆိုင်ပါသည်။

✤ **အိမ်ထောင်မရှိသေးသူက မြင်မက်လျှင်...**

အချစ်ကို တွေ့ရှိမည်။ ချစ်သူတွေ့မည်။

✤ **အိမ်ရှင်မက မြင်မက်လျှင်...**

သားသမီး တိုးပွားမည်။

✤ **အိမ်ထောင်ဦးစီးက မြင်မက်လျှင်...**

ဇနီးသည်၏ ချစ်ခင်မြတ်နိုးမှု ခံစားရမည်။ သို့မဟုတ် သံယောဇဉ်အသစ်တွေ့နိုင်သည်။

✤ **ချစ်ဖော်ရည်းစားရှိပြီးသူက မြင်မက်လျှင်...**

ချစ်သူနှင့် အတူတကွ တွေ့ဆုံကြည်နူးခွင့် ရတတ်သည်။

❂ ကြိုးပြတ်နေသော ဂီတာသို့မဟုတ် ကွဲအက်နေသောဂီတာကို မြင်မက်လျှင်ကား အထီးကျန်နေရတတ်သည်။

✤ **အိမ်ထောင်ဦးစီးက မြင်မက်လျှင်...**

ဇနီးသည်နှင့် စိတ်သဘောထားကွဲလွဲနေမည်။

✤ **အိမ်ရှင်မက မြင်မက်ပါက...**

ခင်ပွန်းသည်၏ ငြိုငြင်အပြစ်တင်ခြင်း ခံရကိန်း ရှိသည်။

✤ **လူပျိုလူလွတ်က မြင်မက်လျှင်...**

ပြောဆို ဆေ့စပ်ကမ်းလှမ်းမှုများ အဆင်မပြေပါ။

✤ **အပျိုက မြင်မက်လျှင်...**

ယောကျာ်းများ၏ လျစ်လျူပြုမြင်း ခံရဖွယ်ရှိသည်။

✤ **ချစ်သူရည်းစားရှိသူက မြင်မက်လျှင်...**

ပစ်ပယ်ချန်ရစ်ခြင်း ခံရတတ်သည်။

❂ ဂီတာတီး၍ သီချင်းဆိုသည်ဟု မက်လျှင် ပျော်ရွှင်စရာနိမိတ် ဖြစ်သည်။

✤ **အပျိုလူလွတ်ကမြင်မက်လျှင်...**

အသည်းနှင့်အောင် ချစ်ရသည့် ခင်ပွန်းနှင့် ဖူးစာဆုံမည်။

✤ **လူပျိုလူလွတ်က မြင်မက်လျှင်...**

စိတ်သဘောတိုက်ဆိုင်သည့် ဇနီးကောင်း ရရှိမည်။

✤ **အိမ်ထောင်ဦးစီးက မြင်မက်လျှင်...**

မိသားစုအတွင်း သုမင်္ဂလ သာရေးကိစ္စ ပေါ်ပေါက်၍ မိသားစု တစ်စုလုံး ပျော်ရွှင် ပျော်မြူးကြမည်။

✤ **အိမ်ရှင်မက မြင်မက်လျှင်...**

ကျန်းမာသန်စွမ်း၍ ချောမောလှပသည့် သားယောကျာ်းလေး ဖွားမည်။

✤ **ရပ်ဝေးမြေခြားတွင် စီပွားရှာနေသူက မြင်မက်လျှင်...**

ငွေကြေးပြည့်စုံစွာနှင့် ပြည်တော်ပြန်မျက်နှာပန်းလှ၍ ကြင်ယာ ဘဝဖော်ပါ ရရှိမည်။

## 首饰 လက်ဝတ်တန်ဆာ Shōu Shì

❂ လက်ဝတ်ဆန်ဆာကို မြင်မက်ခြင်းသည် ကြွယ်ဝချမ်းသာမည့်နိမိတ် ဖြစ်သည်။

✤ **အိမ်ထောင်ဦးစီးက လက်ဝတ်တန်ဆာကို မြင်မက်ပါက...**

မိသားစု စိုပြည်ပိုလျှံစွာ စားသောက်သုံးစွဲနိုင်မည်။

✤ **အိမ်ရှင်မက မြင်မက်လျှင်...**

ခင်ပွန်းသည် အလုပ်အကိုင် စီးပွားတိုးတက်ကြီးပွားမည်။

✤ **မိန်းမပျိုက မြင်မက်ပါက...**

ငွေကြေးပြည့်စုံသော အမျိုးသားနှင့် လက်ဆက်ရမည်။

✤ **ယောကျာ်းပျိုက မြင်မက်လျှင်...**

ငွေကြေးများများစားစား ဝင်ကိန်းရှိသည်။

✤ **ခရီးသွားစဉ် မြင်မက်ပါက...**

စားရိတ်စားခ အကုန်အကျ နည်းပါးသက်သာမည်။

✤ **ကျန်းမာရေး ချို့ယွင်းသူက မြင်မက်လျှင်...**

ငွေကုန်ကြေးကျများစွာဖြင့် ကုသရပြီးနောက် သက်သာပျောက်ကင်းနိုင်သည်။

✤ **ပစ္စည်းပျောက်စဉ်မြင်မက်ပါက...**

အစား ပြန်ရမည်။

✤ **အချုပ်အနှောင်ခံရသူ၊ အကြပ်အတည်းကြုံနေရသူက မြင်မက်လျှင်...**

မကြာမီ လွတ်မြောက် ပြေလည်သွားမည်။

✤ **အိမ်ထောင်နှင့် ကွဲကွာပြတ်စဲနေသူက မြင်မက်လျှင်...**



www.burmeseclassic.com

www.burmeseclassic.com

နောက်တစ်ပင် ထူဖြစ်မည်။
❂ မင်္ဂလာရင်ဖွဲ့တန်ဆာကို မြင်မက်ခြင်းကား နိမိတ်မကောင်းလှပါ။

**(ဘုရင်မင်းများ သုံးဆောင်သည့် မကိုဋ်၊ မောင်းတော်၊ သရဖူ၊ သင်းကျစ် စသည့် ဦးခေါင်းထက် အဆင်တန်ဆာနှင့် ရင်ဖွဲ့၊ လည်စီး၊ ပုခုံးထောက်၊ လက်ကြိုး စသည့် တော်ဝင် အသုံးအဆောင်များကို ဆိုလို၍ နတ်ဒေဝတာများ၏ အသုံးအဆောင်များလည်း ပါဝင်သည်။)**

✤ **အမျိုးသားက မြင်မက်လျှင်...**

ဇနီးသို့မဟုတ် ချစ်သူ၊ သံယောဇဉ်ကြီးမားသူ လောကကြီးမှ စွန့်ခွာသွားတော့မည်ဟု သတိပေးခြင်းဖြစ်သည်။

✤ **အမျိုးသမီးက မြင်မက်လျှင်...**

ခင်ပွန်းသည် သို့မဟုတ် မှီခိုအားထားရသူက အခက်အခဲကြီးမားစွာ ရင်ဆိုင်ရမည်။ သို့မဟုတ် ထိုသူ ဘဝတစ်ပါးသို့ ကူးပြောင်းမည်။

✤ **မင်းညီမင်းသား၊ ရာထူးအာဏာကြီးမြင့်သူက မြင်မက်လျှင်...**

ဩဇာတိက္ကမ ကြီးမားမည်။

✤ **ခရီးသွားနေစဉ် မြင်မက်ပါက...**

ရည်မှန်းချက် မအောင်မြင်၊ အဖြူရောင်အပြန်ခရီး၊ **(အကျိုးမဲ့ အချည်းအနှီး လှည့်ပြန်လာရခြင်း)**ဖြစ်မည်။

✤ **နာမကျန်းဖြစ်နေသူက မြင်မက်ပါက...**

ဆေးဝါးမတွေ့ဘဲ ရောဂါဝေဒနာ ကြာရှည်နေရတတ်သည်။ သို့မဟုတ် ဝေဒနာ ပြင်းထန်စွာ ခံစားရမည်။

✤ **ရပ်ဝေးမြေခြား စီးပွားရှာနေသူက မြင်မက်ပါက...**

နိုက်ကိုးရာမဲ့ အတိဒုက္ခရောက်ရကိန်းရှိသည်။

✤ **ကုန်သည်က မြင်မက်လျှင်...**

ကုန်ပစ္စည်းများ လေလွင့် ဆုံးရှုံးနိုင်သည်။




✤ **တောင်သူလယ်သမားက မြင်မက်လျှင်...**

လယ်ယာမြေအတွက် စိုးရိမ် ပူပန်ရတတ်သည်။

✤ **ရွှေ့နေက မြင်မက်လျှင်...**

အကျိုးဆောင်ပေးသည့်အမှု ရှုံးနိမ့်မည်။

❂ လက်ဝတ်တန်ဆာတစ်ခု သို့မဟုတ် လက်ဝတ်တန်ဆာများကို တစ်ပါးသူတစ်ဦးဦးက ခိုးယူသွားသည်ဟု မြင်မက်လျှင်ကား ကောင်းသောနိမိတ် ဖြစ်သည်။

ယောက်ျားမိန်းမ လူကြီးလူငယ် (男 女 老 少 နန်းနွီလောင်ရှောက် (Nán nü Lǎo Shào = ကျားမ ပျိုအို၊ ကျားမကြီးငယ်၊ ကျားမမရွေး၊ ခေါင်းဖြူ၊ ခေါင်းမည်း မကျန် လူအားလုံးကို ခြုံငုံရည်ညွှန်းခြင်း ဖြစ်သည်။)မရွေး ဤအိပ်မက်ကို မြင်မက်ပါက ငွေကြေးလာဘ်လာဘဆိုင်ရာ လုပသော စိတ်ကူးအိပ်မက်များ အကောင်အထည် ဖော်လာမည်။

香 水 Xiāng Shuǐ ရှန်ရွှေ ရေမွှေး

❂ ရေမွှေးရနံ့ ရှူရှိုက်ရသည်ကို မြင်မက်ခြင်းမှာ ကောင်းမွန်နှစ်လိုဖွယ်အိပ်မက် ဖြစ်သည်။

✤ **အိမ်ထောင်ဦးစီးဖြစ်သူက မြင်မက်ပါလျှင်...**

ဝင်ငွေတိုးပွားမည့် နိမိတ်ဖြစ်သည်။

✤ **အိမ်ရှင်မက ရေမွှေးနံ့ရသည်ဟု မြင်မက်ပါက...**

ခင်ပွန်းသည်အပေါ် အချစ်တိုးပွားမည်။ ခင်ပွန်းသည်၏ အလိုလိုက် အကြိုက်ဆောင်ခြင်းခံရဖွယ် ရှိသည်။

✤ **အပျိုလူပျို အိမ်ထောင်မဲ့သူက ရေမွှေးနံ့ ရှူရှိုက်ရသည်ဟု မြင်မက်လျှင်ကား...**

မကောင်းလှပါ။ မိမိတစ်ကိုယ်တည်း မိမိအရိပ်နှင့်သာ အဖော်ပြုနေရမည်။ **(အထီးကျန်စွာ နေထိုင်ရမည်ဟု ဆိုလိုသည်။)**

✤ **ကုန်သည်ကမြင်မက်လျှင်ကား...**

ငွေကြေးအမြတ်အစွန်း တိုးတက်ရရှိမည်။

✤ **တောင်သူလယ်သမားက မြင်မက်လျှင်...**

သီးနှံအထွက်တိုး၍ ဈေးကောင်းရနိုင်သည်။

✤ **ကျောင်းသူကျောင်းသားက မြင်မက်လျှင်ကား...**

ဖြေဆိုထားသည့် ၊ စာမေးပွဲများ အခက်အခဲမရှိ ဖြေဆိုအောင်မြင်မည်။

✤ **ခရီးသွားစဉ် မြင်မက်ပါက...**

လမ်းခရီး အစဉ်ပြေချောမွေ့မည်။

✤ **နာမကျန်းဖြစ်စဉ် မြင်မက်ပါက...**

ဝေဒနာ ပြင်းထန်တတ်သည်။

✤ **အမှုတဘောင် ရင်ဆိုင်ရသူက မြင်မက်လျှင်...**

ကူညီသူ ပေါ်ပေါက်မည်။

✤ **ရပ်ဝေးမြေခြား ရောက်နေသူက မြင်မက်လျှင်...**

ပြည်တော်ပြန်ခရီး မဝေးတော့ပြီ။

❂ မိမိ၏ အကျီ အဝတ်အစားတို့အား ရေမွှေးဖျန်းရသည်ဟု မြင်မက်လျှင် အသုံးစားရိတ်ကြီးမား ဝန်ပိနေတတ်သည်။

✤ **အိမ်ထောင်ဦးစီးက မြင်မက်လျှင်...**

မိသားစု ဝင်ငွေထက် ထွက်ငွေပမာဏ ကြွာဟနေမည်။

✤ **အိမ်ရှင်မက မြင်မက်လျှင်...**

ဂုဏ်တုဂုဏ်ပြိုင်ကိစ္စ များပြားနေတတ်သည်။



www.burmeseclassic.com

www.burmeseclassic.com

✤ **အပျိုလူပျို အိမ်ထောင်မရှိသူက မြင်မက်လျှင်ကား...**

အချစ်အတွက် အရှက်တကွဲ အကျိုးနည်းဖြစ်ရကိန်း ရှိ၏။

✤ **ကျောင်းသူကျောင်းသားက မြင်မက်ပါက...**

ပညာရေးတွင် စိတ်ဝင်စားမှု နည်းပါးနေမည်။

✤ **ခရီးသွားစဉ် မြင်မက်ပါက...**

ခရီးစားရိတ်မလုံလောက်၍ ဒုက္ခရောက်ရတတ်သည်။

✤ **နာမကျန်းဖြစ်နေသူက မြင်မက်လျှင်...**

တဖြည်းဖြည်းနှင့် ရောဂါ ကျွမ်းသွားနိုင်သည်။

✤ **ကုန်သည်က မြင်မက်လျှင်...**

ကြီးမားစွာ ဆုံးရှုံးနိုင်သည်။

✤ **တောင်သူလယ်သမားက မြင်မက်လျှင်...**

သီးနှံအထွက်လျော့၍ ဈေးကောင်းမရတတ်ပေ။

◌ သူတစ်ပါး၏အဝတ်အစားကို ရေမွှေးဖျန်းရသည်ဟုမက်လျှင် ကောင်းသောနိမိတ်ဖြစ်သည်။

✤ **ဝန်ထမ်းက မြင်မက်လျှင်...**

ရာထူး တိုးလိမ့်မည်။

✤ **အိမ်ထောင်ဦးစီးက မြင်မက်လျှင်...**

အိမ်ထောင်ရေးသုခ ပြည့်စုံမည်။

✤ **ဖနီးသည်က မြင်မက်လျှင်...**

ခင်ပွန်းသည် ချစ်မြတ်နိုးခြင်းခံရမည်။

✤ **အပျိုလူပျိုက မြင်မက်လျှင်...**

သံယောဇဉ်တွယ်စရာ ဘဝအဖော်ရကိန်း ရှိသည်။

✤ **အိမ်ထောင်ကွဲကွာနေသူက မြင်မက်လျှင်...**

ပြန်လည် ပေါင်းထုပ်ဖြစ်မည်။

✤ **ကုန်သည်က မြင်မက်လျှင်...**

ဆုံးရှုံးမှုများ အစားထိုး ပြန်ရမည်။

✤ **တောင်သူလယ်သမားက မြင်မက်လျှင်...**

လယ်ယာပိုင်ဆိုင်မှု တိုးပွားမည်။

✤ **ခရီးသွားနေစဉ် မြင်မက်ပါက...**

ခရီးဖော်ကောင်း ရရှိမည်။

✤ **နာမကျန်းဖြစ်နေသူ မြင်မက်လျှင်...**

ဆေးဝါးတွေ့၍ နာလန်ထူနိုင်မည်။

✤ **ကျောင်းသူ ကျောင်းသားက မြင်မက်လျှင်...**

စာမေးပွဲ၌ အလွယ်တကူ အောင်မြင်မည်။

◌ မိမိချစ်ခင် နှစ်သက်သူ၏ အဝတ်အစားကို ရေမွှေးဖျန်းရသည်ဟု မြင်မက်ပါက သူ၏အချစ်ကို ပိုင်ဆိုင်ရကိန်းရှိသည်။

✤ **ဇနီးသည်က ခင်ပွန်းသည်၏ အဝတ်အစားများကို ရေမွှေးဖျန်းရသည်ဟု မက်လျှင်...**

ချောမောလှပသော သားရတနာဖွားမြင်မည်။

✤ **ရေမွှေးအရောင်းဆိုင်သို့ သွားရသည်ဟု မြင်မက်ပါက...**

လူနေမှုအဆင့်အတန်း တိုးတက်မြင့်မား၍ မိတ်ဆွေအပေါင်းအသင်း တိုးပွားမည်။

✤ **ရေမွှေးဝယ်ရသည်ဟု မြင်မက်လျှင်...**

လူချစ်လူခင် ပေါများမည်။

✤ **ရေမွှေးအရောင်းဆိုင် ဖွင့်ရသည်ဟု မက်လျှင်...**

မိမိကိုယ်တိုင် လာဘ်လာဘ ရွှင်လန်းသည်သာမက ဆွေမျိုးမိတ်သင်္ဂဟများလည်း ကောင်းကျိုးခံစားရလိမ့်မည်။

**ထက်မင်းကျော်စွာ**

**စာမျက်နှာ (၂၀၄)မှ အဆက်**

သော လိပ်ပိုးဆိုးကို အထူးပြု ဖော်ပြလေ့ရှိကြသည်။

သုခစည်းစိမ်နှင့် သက်ရှည်ကျန်းမာခြင်းကို မင်္ဂလာသုံးပါးအဖြစ် သတ်မှတ်ကြလေရာ အသက်ရှည်သော လိပ်ပုံစံကြိုးထုံးနည်းကို မင်္ဂလာပြည့်ဝစေသော အဆင်တန်ဆာအဖြစ် ပွဲတော်နေ့များ၊ အခမ်းအနား ပွဲလမ်းသဘင်တို့တွင်သာမက နာမကျန်းဖြစ်နေသူအားလည်း ပြန်လည် ကျန်းမာ နာလန်ထူလာစေရန် ဆုတောင်းသည့်အနေဖြင့် လက်ဆောင်ပေးလေ့ ရှိကြလေသည်။

ပုံ(၁) တွင် ကြိုးနှစ်ချောင်းကို အပေါင်းလက္ခဏာပုံစံ ထပ်၍ မြားပြသည့်အတိုင်း ထုံးနှောင်ပါ။ ပုံ(၂)အတိုင်း ရရှိအောင် ထုံးပါ။

ပုံ(၂) ရလာသော ကြိုးထုံးအစကို မြားအတိုင်း တစ်ပင်ကျော် တစ်ပင်ချ ထိုးသွားပါ။

ပုံ(၃) ကြမ်းပေါ်ချ၍ တင်းတင်းရင်းရင်းဖြစ်အောင် ပြုပြင်ပါ။

ပုံ(၄) ပါ လက်ဟန်အတိုင်း ကိုင်တွယ်၍ ကြိုးထုံးကျစ်လျစ်အောင် ဆွဲ၍ တင်းပါ။

ပုံ(၅) မြားပြသည့်အတိုင်း ဒုတိယအကြိမ် ထပ်၍ လုံးချည်ပါ။

ပုံ(၆) လေးဖက်ညီအောင် ဆွဲ၍ ညှိပါ။

ပုံ(၇) အပေါ်နှစ်ချောင်း၊ အောက်နှစ်ချောင်းစီ အမှတ်စဉ် ပြထားသည့် ကွင်းများတွင်းလျှို၍ လေး,ငါးထပ်မျှ ထပ်မံ ထုံးချည်ပါ။


ဘော်ကြယ်များသီ၍ အောက်ကြိုးစတစ်ခုစီကို အခြားကြိုးစများနှင့် စုပေါင်းကာ ပန်းပွားပြုလုပ်ပါ။ ပုံ(၈)သက်ရှည်လိပ်ကြိုးထုံးကို သော့ကွင်းအဖြစ် သုံးထားပုံဖြစ်သည်။

**ဟူဂျင်းဇီ**



www.burmeseclassic.com

www.burmeseclassic.com



ခံဇတ် (သို့) တောခံ (ခေါ်) ခံပင်(အမ) အသီးများ

# တောခံပင်ဓါ် ဆေးအသုံး

တောခံပင်သည် ခြောက်သွေ့သော အရပ်များနှင့် တောင်ကုန်းဒေသတို့တွင် ပေါက်ရောက်လေ့ရှိရာ ဆေးကျမ်းများတွင် **ခံပင်(အမ)**ဟု ဖော်ပြထားသည်။

မြန်မာနိုင်ငံတွင် စစ်ကိုင်း၊ မုံရွာ ခရိုင်များတွင် များစွာ တွေ့ရတတ်သည်။ ပခုက္ကူခရိုင်၊ မြိုင်မြို့နယ် မင်းကန် ဆရာတော် ပြုစုတည်ထောင်တော်မူခဲ့သည့် ချောင်းပုံကန်တောရတွင် တောခံပင်ခေါ် ခံပင်အမများ ပေါက်ရောက်သီးပွင့်နေသည်ကို မှတ်တမ်းပြုခဲ့သည်။ **တောခံ သို့မဟုတ် ခံဇတ်ဟုလည်း ခေါ်ကြောင်း သိရသည်။**

အပင်မှာ ဆူးပါရှိ၍ ခံပင်(အဖို)ထက် သေးငယ်ကြသည်။ အသီးနုစဉ် အစိမ်းရောင်ရှိ၍ ရင့်မှည့်သောအခါ နီညိုရောင်မှအမည်းရောင်အဖြစ် ပြောင်းသွားသည်။

တောခံပင်၏ အတွင်းသား အနှစ်သည် ကိုက်ခဲနာကျင်ခြင်းကို သက်သာပျောက်ကင်းစေသည်။ ဝမ်းနုတ်ဆေးအဖြစ်လည်း သုံးနိုင်သည်။ များစွာ စားမိပါက ဝမ်းလွန်၍ အန္တရာယ်ပေးနိုင်သည်။

**ကိုက်ခဲနာကျင်သောအဖျား ။ ။** အဆစ်အမျက်ကိုက်ခဲနာကျင်၍ ဖျားလျှင် တောခံပင်အမြစ်ကို သွေး၍ သောက်နိုင်သည်။

**အနာပိုးကျခြင်း ။ ။** ကျွဲ၊ နွား တိရစ္ဆာန်များ၌ပေါက်သော အနာများတွင် ပိုးကျခဲ့သော် တောခံပင်အမြစ် သွေး၍ လိမ်းကျံပေးပါက ပိုးသေ၍ အသားနုမြန်စွာတက်၏။

**မြွေအန္တရာယ် ။ ။** မြွေများ ထူထပ်ပေါများသော ဒေသ၌ တောခံပင်များကို စိုက်ပျိုးထားပါက **မြွေများ လာရောက် နှောင့်ယှက်ခြင်း အန္တရာယ်မှ ကင်းဝေးစေသည်။**

မြွေတွင်းများတွင် တောခံပင်အမြစ်ကို ချထားခဲ့ပါက မြွေများ မခိုအောင်းနိုင်ဘဲ ထွက်ပြေး၏။

**မြွေဆိပ် ။ ။** မြွေဆိပ်တက်သောသူအား နှလုံးအနီးတစ်ဝိုက် နေရာကို ချန်လှပ်၍ ကျန်သော အင်္ဂါအစိတ်အပိုင်းတို့၌ တောခံပင်အမြစ်ကို ရေနှင့်သွေး၍ လိမ်းပေးပါက မြွေဆိပ်ပြေပျောက်၍ ချမ်းသာပျောက်ကင်း၏။

*(အရှင်နာဂသိန်၏ ပုံပြဆေးအဘိဓာန် ပထမတွဲ၊ စာမျက်နှာ-၁၃၃)*

## ချောင်းပုံကန်တောရမှ တောခံသီး

ဤသို့လျှင် ဆေးကျမ်းအရ အသုံးဝင်သည့်အပြင် မေတ္တာကရုဏာကြီးမားတော်မူ ဆရာတော် ဦးမာဃိန္ဒ၏ **"ချောင်းပုံကန်"**တောရတွင် ထူးထူးခြားခြား စိမ်းလန်းစိုပြည်စွာ ပွင့်သီးနေသည့် တောခံသီးခေါ် ခံဇတ်သီးမှာ ပို၍ ဆေးဖက်ဝင်သည် ဆိုကြသည်။

တောရသို့ ရောက်လာသူတိုင်း အသီးမှည့် တစ်လုံးမျှ မြို့ဝါးခြင်းဖြင့် ရေငတ်ပြေ အမောအပန်းပြေကာ ခံစားနေရသော အာဂန္တုဝေဒနာများ ပျောက်ကွယ်သက်သာကြသည်ဟု ယုံကြည်ကြသည်။

တောရအမည် ချောင်းပုံကန်နှင့် ခံသီးတို့မှာ တနလာ်နံတူချင်းဖြစ်ရာ ဓာတ်တူနံတူ ဆေးဖက်ယူထားခြင်းဖြစ်သည်။

ဆရာတော် ဦးမာဃိန္ဒမှာ နံတော်ကြာသပတေးဖြစ်ရာ **ဂဗ္ဗေ** ပထဝီမိတ်ဆောင်လျက် တည်တံ့နိုင်မြဲခြင်း အဖြစ်ကို ပေးစွမ်းသည်။

ထို့ကြောင့် ဤတောရမှ ခံပင်က ပို၍ ဆေးစွမ်းထက်သည် ဆိုခြင်းမှာ ဆရာတော်ကြီး၏ ဘုန်းရိပ်ခိုလှုံရသည့်အပြင် ဤသို့သော ကာရကဗေဒ အထောက်အပံ့ အင်အားများကြောင့်ဟု ယူဆဖွယ် ရှိလေသည်။

**ခွန်စိုင်းဝမ်း**




www.burmeseclassic.com

www.burmeseclassic.com

# သိဒ္ဓိအောင်လိုက

ပိတုန်းဆောင်ကြ

ဆရာ မိုးကြည်ဝင်း (ပထဝီ)
(ဘီအေ၊ အာရ်အယ်လ်)



စာရေးသူမှာ နက္ခတ္တရောင်ခြည် မဂ္ဂဇင်း စာဖတ်သူ သုတေသီတစ်ဦးပိပိ ပိတုန်းအကြောင်း သိကောင်းစရာများကို စာဖတ်သူများအား မျှဝေ အသိပေးလိုတဲ့ ဆန္ဒနဲ့အညီ ဤဆောင်းပါးကို ရေးသားရခြင်း ဖြစ်ပါတယ်။

အင်းအိုင်၊ ခါးလှည့်၊ လက်ဖွဲ့၊ ဓာတ်လုံးကဲ့သို့ အဆောင်များစွာ ရှိတဲ့နည်းတူ လူတိုင်းအတွက် အစွမ်းထက်တဲ့ ပိတုန်းအဆောင်လဲ တစ်ခုအပါအဝင် ဖြစ်ပါတယ်။ ဒါကြောင့် **"ပြဒါး၊ ပိတုန်း၊ အများသုံး"**ဟူ၍ ဆရာတော် ခင်ကြီးဖျော်မှ အမိန့်ရှိခဲ့ဖူးပါတယ်။

ရှေးအခါက လောကီဝိဇ္ဇာရေပညာရှင်များသည် ရေမြေ့သနင်း ပြည့်ရှင်မင်းများအား အတိုက်အခိုက် ကိစ္စများ၌ အောင်မြင်စေရန် ရည်သန်၍ **ပိတုန်းရုပ်ခံသော (ဘမယာသန) ပလ္လင်ထားရှိရာ၌ ကျင်းပပြီး ပလ္လင်ပေါ်မှ အမိန့်တော်ပြန်တမ်းများ ထုတ်ပြန်ခဲ့ဖူးကြောင်းလဲ** မှတ်သားရပါတယ်။

ပိတုန်းရုပ်ကလေး စီရင်တဲ့အခါမှာ စီရင်ရမယ့်နေ့ အချိန်အခါနဲ့ နေရာဟာ အရေးကြီးပါတယ်။ တစ်နှစ်ကို တစ်ကြိမ်သာ လုပ်ခွင့်ရှိပြီး တစ်ခါတစ်ရံမှာ နှစ်ကြိမ်ခန့် စီရင်ချိန် ရပါတယ်။

**စီရင်ရာမှာလဲ ပိတောက်သားနဲ့ ပြုလုပ်ထားတဲ့ လှည်းယန်းတောင်း (အကျိုး)ကို ပိတုန်းရုပ်ထု ပြီးနဲ့ အစွမ်းထက်တဲ့ အစီအမံများကို ထည့်ပြီး ပိုင်းသားနဲ့ ပြုပြင်ရပါတယ်။**

အဲဒီလို စီမံပြီးတဲ့ ပိတုန်းကလေးတွေကို သိဒ္ဓိတင်ခြင်း၊ နဝင်းပွဲ, ပဋ္ဌာန်းပွဲတွေ ထည့်ခြင်း စတဲ့ အစီအရင်များကို ပြုရပါတယ်။

ပိတုန်းကလေးတွေဟာ မိမိအတွက် အသက်၊ အိုးအိမ်၊ စည်းစိမ်၊ ဂုဏ်သိန်၊ ရာထူး၊ ငွေကြေးနဲ့ မိသားစုကို နည်းမျိုးစုံနဲ့ ပြိုကွဲအောင် အဓမ္မကြံစည် တိုက်ခိုက် လုနိုက်ယူတာ မှန်သမျှကို တိုက်ခိုက်အောင်မြင်ပြီးသားပါ။

အဲသလို အန္တရာယ်ဘေး ဥပဒ်ဘေးတွေ ကင်းဝေးနေမယ်ဆိုရင်တော့ သင့်ဘဝအတွက် စီးပွားရေးကို ကြိုက်သလို ရှာရင် အောင်မြင်ပြီပေါ့။

ဒါကြောင့် ပိတုန်းကို ကျကျနန စီရင်ထားမယ်ဆိုရင် ဒီကောင်က တန်ပြန်တိုက်ခိုက်သူပဲ။ သူက မြွေပောက်လိုမျိုး လာမထိနဲ့ တိုက်ခိုက်မှုပြင်းထန်ရင် ပြင်းထန်သလောက် သူ့ရဲ့ တုံ့ပြန်မှုကလဲ ကြောက်ခမန်းလိလိပါပဲ။

ဒီပိတုန်းအဆောင်ဟာ ဓားပြအတွက်ချည်း ကာကွယ်တာ မဟုတ်ဘူး။ အကြမ်းဖက်သမား ရန်သူကိုလဲ ကာကွယ်ပြီးသားပါ။

ကိုယ့်ကို ရန်ပြုလာမယ့် ရန်သူ မပြောနဲ့၊ စုန်းတိုက်၊ နတ်တိုက်၊ ပယောဂတိုက် စတဲ့ အားလုံးကို အပြတ်နှိမ်နင်း တိုက်ဖျက်ပစ်မယ့် အကောင်ဖြစ်တယ်။ ဘာရန်မှ ကြောက်စရာမလို လက်တွေ့ စမ်းကြည့်မှ သိမှာပါ။

အကြောင်း ပေါ်လာရင်တော့ အစစအရာရာ စောင့်ရှောက်ပါလို့ ရွှေပိတုန်းကို ဂါထာနဲ့နှိုးပြီး အမိန့်ပေးပါ။ ဒါပေမယ့် ကိုယ့်ဘက်က အမှန်အကန်ဖြစ်ဖို့တော့ လိုတယ်။

ကိုယ်က မှန်ပါလျက်နဲ့ မတရားသဖြင့် အဓမ္မလုပ်လာခဲ့လို့ကတော့ စိန်ခေါ်ရင် တိမ်ပေါ်ထိလိုက်မယ့် အကောင်မျိုးပဲ။ ကိုယ်က မမှန်လို့ကတော့ ဘာမှ ဖြစ်လာမှာ မဟုတ်ဘူး။

* * *

**မှတ်ချက်** ။ ။ **ပိတုန်းအဆောင်ရှိသူတိုင်း မိမိတို့ ပိတုန်းကို ကြာသပတေး၊ သောကြာ၊ စနေရက်များတွင် ဝတ်မှုံပါသော ပန်းနှင့် ပျားရည်ကို ကျွေးကြည့်ပါ။ စရုထာအား မွေး**



 စာမျက်နှာ (၂၁၃) သို့

www.burmeseclassic.com

www.burmeseclassic.com

# ခွေးလေးယားသီး အနက်နှင့် အဖြူ

စိုက်ပျိုးနည်းနှင့် စားသုံးနည်း

စန္ဒာမိုး
(တောင်ငူ)

မနှစ်ကတည်းက စာရေးသူ၏ မိတ်ဆွေဖြစ်သူ **ဦးစိုးတင့်(ရွှေနေ)က တောင်ငူမြို့ရှိ ရှမ်းဝတီးကျေးရွာတွင် ခွေးလေးယားသီးအနက်ကို စိုက်ပျိုးစားသုံးနေသော မိသားစုတစ်စုရှိကြောင်း၊ ခွေးလေးယားသီးအနက်မှာ အလွန်အစွမ်းထက်သော အသီးတစ်မျိုးဖြစ်ပြီး ခွေးလေးယားသီးအဝါလို မယားဘဲ ဆေးဖက်လည်းဝင်ကြောင်း၊** အဆိုပါ စားသုံးနေသော မိသားစုမှာ ရောဂါဘယများ ကင်းရှင်းပြီး တစ်မိသားစုလုံး ကျန်းမာရွှင်လန်း တက်ကြွနေကြကြောင်း ပြောကြားခဲ့ပါသည်။

ထိုစဉ်ကတည်းက စာရေးသူ စိတ်ဝင်စားခဲ့သော ခွေးလေးယားသီးအနက်အကြောင်းကို သိလိုလှသဖြင့် ယခုနှစ်မိုးဦးစမှာ ရှမ်းဝတီးကျေးရွာသို့ သွားရန် ဦးစိုးတင့်ကို ပြောကြည့်ရာ မိုင်ဒါကွင်းအတက်နားတွင် နေထိုင်သော ဦးထွန်းအောင်ထံတွင် အပင်စိုက်ထားပြီးဖြစ်ကြောင်း အသီးသီးမှ သွားကြရန် ဦးစိုးတင့်က ပြောပါသည်။

စာရေးသူလည်း စောင့်ဆိုင်းလာခဲ့ရာ (၆–၁၁–၁၁)နေ့မှာတော့ အိမ်နီးချင်း ဘညာဏ်၏ စိုက်ပျိုးရေးခြံတွင် ရှိနိုင်သည်ထင်ပြီး သွားခဲ့ပါသည်။ (ဘညာဏ်နှင့် ဦးထွန်းအောင်တို့မှာ မိတ်ဆွေရင်းများ ဖြစ်ကြပါသည်။)

ဘညာဏ်က သူ စိုက်ပျိုးထားသော ခွေးလေးယားအနက်ပင်များ မရှင်ကြောင်း၊ ဦးထွန်းအောင်ထံတွင် စိုက်ပျိုးထားပြီး အသီးများ သီးနေပြီဖြစ်ကြောင်း ပြောကြားပြီး သူ့တွင် ကျန်ရှိနေသော ခွေးလေးယားသီး အနက်စေ့များထဲမှ မျိုးစေ့ (၂)စေ့ကို စာရေးသူအား ပေးပြီး ခွေးလေးယားသီးအနက်



◆ ခွေးလေးယားသီး အနက် အပင် အပွင့် အသီး





www.burmeseclassic.com

www.burmeseclassic.com



◆ နွယ်ပင်ကွင်းတိုး ဖြစ်နေသော ခွေးလေးယားအနက်ပင်



◆ ခွေးလေးယားသီး အနက်ပွင့်

အကြောင်းကို သူ သိသလောက် ပြောပြပေးပါသည်။

(၇-၁၁-၁၁)နေ့မှာတော့ ဦးစိုးတင့်နှင့်အတူ ဦးထွန်းအောင်အိမ်သို့ ရောက်ခဲ့ပါသည်။ ဦးထွန်းအောင်မှ နေအိမ်ရှေ့ သရက်ပင်တွင် ကပ်စိုက်ထားသော ခွေးလေးယားသီးအနက်ပင်ကို ပြပါသည်။

သရက်ပင်ရင်းတွင် ကျပ်လုံးခန့်ရှိ နွယ်ပင်သည် သရက်ပင်ပေါ်သို့ နွယ်တက်နေပြီး သရက်ပင်ကိုင်းများတွင် ရှိသော ခွေးလေးယားနွယ်များမှ အသီးတွဲလေးများ တွေ့ရပါသည်။

သရက်ပင်မှာ အတော်မြင့်၍ ဓာတ်ပုံရိုက်ရန် အဆင်မပြေပါ။ ဦးထွန်းအောင်မှ ခြံနောက်ဘက်တွင်လည်း ခွေးလေးယားသီးအဖြူများ စင်တင်စိုက်ပျိုးထားကြောင်း ပြောသဖြင့် သွားရောက်ကြည့်ရှုပြီး ခွေးလေးယားသီးအဖြူသီးကို ဓာတ်ပုံရိုက်ယူခဲ့ပါသည်။

ခွေးလေးယားသီးပင်မှာ ပဲမျိုးနွယ်ပင်မျိုး ဖြစ်ပါသည်။ အရွက်မှာလည်း ပဲရွက်နှင့် (အထူးသဖြင့် ပဲစောင်းလျား၊ ပဲပုစွန်)ရွက်နှင့် အလွန်တူပါသည်။ ခွေးလေးယားအနက်နှင့် အဖြူမှာ အပင်၊ အရွက်၊ အပွင့်၊ အသီး အားလုံး တူညီပြီး အသီးအရင့်များ၏ အထဲက အဆန်ကျမှသာ အနက်စေ့နှင့် အဖြူစေ့ဟူ၍ ကွဲပြားကြောင်း ဦးထွန်းအောင်မှ ရှင်းပြပါသည်။


ခွေးလေးယားအနက် အသီးကို ဓာတ်ပုံရိုက်လိုလျှင် သူ့ဆီက မျိုးယူ၍ စိုက်ပျိုးထားသော ဦးနေဝင်း(မင်းကြီးညိုရပ်ကွက်)ထံတွင် ရှိနေကြောင်း ဦးထွန်းအောင်မှ ပြောပြီး သုံးယောက်သား မင်းကြီးညိုရပ်ကွက်ရှိ ဦးနေဝင်း နေအိမ်သို့ သွားကြပါသည်။

ဦးလေး ဦးထွန်းအောင်မှာ အသက်အရွယ် ကြီးရင့်သော်လည်း စက်ဘီးစီး အလွန်မြန်ပါသည်။ သူ့နောက်မှ ဆိုင်ကယ်နှင့် မောင်းလိုက်ရာတွင် အရှိန်သိပ်မလျှော့ရပါ။

ဦးနေဝင်းအိမ် ရောက်တော့ နေအိမ်ရှေ့ ဘယ်ဘက်တွင် စိုက်ပျိုးထားသော ခွေးလေးယားပင်အနက်ပင်ကို တွေ့ရပါသည်။ ရေချိုးကန်အနီးရှိ ဆီးဖြူပင်ရင်းတွင် စိုက်ထားပြီး ပင်စည်လုံးမှာ ကျပ်လုံးခန့် ရှိပါသည်။

ဆီးဖြူပင်မှတစ်ဆင့် အနီးရှိ သရက်ပင်နှင့် အခြားအပင်များကို နွယ်တက်၍ အသီးများ သီးနေသည်မှာ တစ်ပြွတ်

www.burmeseclassic.com



◆ ခွေးလေးယားသီး အနက်သီးအနု



◆ ခွေးလေးယားသီး အနက်သီးအရင့်

လျှင် အတောင့်(၃၀)ကျော် ရှိပါသည်။ အသီးရင့်၏ အရွယ်မှာ လက်မလုံးခန့် ရှိပြီး အတောင့်၏အရှည်မှာ (၆) လက်မခန့် ရှိပါသည်။ မန်ကျည်းသီးလို အဆစ်ကလေးများရှိပြီး တစ်ဆစ်လျှင် တစ်စေ့ ရှိပါသည်။

တစ်တောင့်လျှင် (၆/၇)ဆစ်ခန့် ရှိပါသည်။ အသီးအရောင်မှာ အစိမ်းရောင်ရှိပြီး ကတ္တီပါမွေးလို အမွေးနုနုကလေးများ ရှိပါသည်။

ရင့်မှည့်သွားလျှင် ခရမ်းရင့်ကတ္တီပါရောင် ဖြစ်သွားသည်ဟု ဦးနေဝင်းမှ ပြောပြပါသည်။ အမွေးနုနုကလေးများ ရှိသော်လည်း မယားပါ။

အပွင့်၏အရောင်မှာ ခရမ်းရောင် ဖြစ်ပါသည်။ ပွင့်ဖတ်အဖြူ အနည်းငယ်ပါရှိပါသည်။ ပဲပွင့်သဏ္ဌာန်ဖြစ်ပြီး ဒန့်သလွန်ပွင့်အရွယ်ပါ။ ပဲပုစွန်သီးအပွင့်နှင့်လည်း ဆင်ဆင်တူပါသည်။

အစေ့မှာလည်း ပဲပုစွန်သီးအစေ့ အရွယ်ပုံသဏ္ဌာန်ဖြစ်ပြီး အရောင်မှာ ခရမ်းရင့်ရောင် ဖြစ်ပါသည်။ နွယ်ပင်၏ အရင်းပိုင်းထိအောင် အပွင့်အသီးများ ထွက်ပါသည်။

ဦးနေဝင်း၏ ခွေးလေးယားအနက်ပင်မှာ ထူးခြားမှုတစ်ခု ဖြစ်ပေါ်နေပါသည်။ အပင်ရင်း၏ အထက် တစ်တောင်ခန့်အကွာတွင် နွယ်ဝင်ကွင်းထိုး ဖြစ်နေသည်မှာ ပုံတွင်မြင်ရသည့် အတိုင်း ဖြစ်ပါသည်။

## ခွေးလေးယားပင် စိုက်ပျိုးပုံ

ခွေးလေးယားသီးအစေ့ (၂,၃)စေ့ကို မိမိတင်လိုသည့် သစ်ပင်ရင်းတွင် မြေကြီးကို တစ်ထွာခန့်တူးဆွ၍ (၃) လက်မခန့် စိုက်ပါ။ နံနက်,ည ရေ လောင်းပေးပါ။ **(တန်ခူးလ သင်္ကြန် တွင်းကာလ အကြတ်နေ့ စိုက်က ပိုကောင်းပါသည်။)**


(၂,၃)ရက်နေလျှင် အညှောက် ပေါက်လာပြီး အရွက်များ ထွက်လာပါ မည်။ ယင်းနောက် တဖြည်းဖြည်း ကြီးလာပြီး နွယ်ဖြစ်၍ မှီစိုက်သည့် အပင်ပေါ်သို့ တက်ရောက်ပွားများလာ ပါသည်။

ထို့နောက် သီတင်းကျွတ်လဆန်း ပိုင်းတွင် ခရမ်းရောင်အပွင့်ကလေးများ အခိုင်လိုက် ပင်စည်လုံးမှသော်လည်း ကောင်း၊ နွယ်ရှိ အရွက်ညှာအရင်းမှ သော်လည်းကောင်း ထွက်လာပါ သည်။ ယင်းအပွင့်ခိုင်များမှ အစိမ်း



www.burmeseclassic.com

www.burmeseclassic.com





◄ ခွေးလျှောယားသီး အနက်အစေ့

ခွေးလျှောယားသီး အပြုအသီး ►

ာင်အသီးများ အပြွတ်လိုက် သီးလာ ါသည်။ တစ်ပြွတ်လျှင် (၃,၄)တောင့် အတောင့်(၃၀)ကျော်အထိသီးပါသည်။ အညှာ အလွန်ခိုင်ပါသည်။ ာ်တရက်ကြည့်လျှင် မန်ကျည်းသီး စိမ်းတောင့်နှင့် ဆင်ဆင်တူပါသည်။

## ခွေးလျှောယားသီး အနက်နှင့် အဖြူ အသုံးဝင်ပုံများ

### ။ ဟင်းချက်စားခြင်း

အသီးအနုအတောင့် (၂၀)ခန့်ကို ၍ အိုးတွင်ထည့်ပြီး ရေဖြင့် နူးအောင် ်ပါ။ နူးလာလျှင် ဆယ်၍ အခွံနှင့် မျှင်များကို ခွာပစ်ပါ။ အခွံခွာရာတွင် တောင့်၏ အညှာတွယ်သည့် အရင်း ာက်မှ ခွာယူပါ။

ခွာပြီးအတောင့်ကို ဓားဖြင့် အတုံး များတုံး၍ ပန်းကန်တစ်ခုတွင် ည့်ထားပါ။ ယင်းနောက် ဒယ်အိုး ဆီထည့်၍ ကြက်သွန်ဖြူ,နီ ထောင်း၊ နနွင်းမှုန့်၊ မဆလာ၊ ဆား တို့ကို သင့်ရုံထည့်ပြီး ဆီသတ်ပါ။ ယင်းနောက် လှီးထားသော အတုံး ကလေးများကို ထည့်မွှေပါ။ ပုစွန် ခြောက် (သို့မဟုတ်) ငါး (သို့မဟုတ်) ကြက်သား အရိုးသင်၍ သေးသေးတုံး ထည့်ပါ။ ပဲရည်အနည်းငယ် ထည့် မွှေပြီး ကြော်ချက်ကလေး ချက်ပါ။

ရန့်အလွန်မွှေးကြိုင်ပြီး အရသာ လည်း အလွန်ကောင်းပါသည်။ ဗိုလ် စားပဲသီးထက်ပင် အရသာကောင်းမွန် ကြောင်း သိရှိရပါသည်။

အသီးအရင့်များကို ခူး၍ အတောင့် လိုက် မီးဖုတ်ပြီး အတွင်းက အစေ့များ ကို ခွာယူ၍ စားသုံးနိုင်ပါသည်။ ရန့် အလွန်မွှေးကြိုင်နေပြီး ပဲစောင်းလျားသီးအရင့်ကို မီးဖုတ်ပြီး အစေ့ကို ခွာစားသလိုမျိုးပါ။

ပဲစောင်းလျားသီး အစေ့မီးဖုတ်ထက် ပိုစားကောင်းပါသည်။ အနှံ့ မီးဖုတ်ထား သည့် အစေ့ကို နို့ဖြင့် ရောကျို၍သော် လည်းကောင်း၊ နို့ထမင်းဖြင့် ရောကျို၍ သော် လည်းကောင်း စားသုံးနိုင်ပါ သည်။

### ၂။ ဆေးဖက်ဝင်ပုံ

ကင်းစသည့် အဆိပ်ရှိသော သတ္တဝါ များ အကိုက်ခံရလျှင် ခွေးလျှောယားသီး အနက်စေ့ (၃,၄)စေ့ခန့်ကိုရေစင်အောင် ဆေး၍ ဝါးစားခြင်းဖြင့် လည်းကောင်း၊ အမှုန့်ပြုလုပ်၍ ရေဖြင့် တိုက်ကျွေးခြင်း

www.burmeseclassic.com

ဖြင့် လည်းကောင်း၊ ဒဏ်ရာပေါ်သို့ အစေ့ကို သွေးလူးပေးခြင်းဖြင့် လည်းကောင်း မကြာမီ ကင်းဆိပ် သက်သာ ပျောက်ကင်းကြောင်း သိရှိရပါသည်။

**(ရိုးမအနီးရှိ ကျေးရွာများမှ ရွာသားများသည် ခွေးလေှးယားသီး အနက်စေ့ (၄,၅)စေ့ခန့်ကို တောထဲသွားသည့်အခါတိုင်းယူဆောင်သွားလေ့ရှိကြောင်း မှတ်သားရပါသည်။)**

ခွေးလေှးယားသီး အနက်စေ့ကို အမှုန့်ထောင်း၍ ပျားရည်ဖြင့်နယ်ပြီး လဲစေ့ခန့် အလုံးကလေးများ လုံးပြီး နေရိပ်တွင် အခြောက်ခံကာ လေလုံ ပုလင်းထဲမှာထားပြီး နေ့စဉ် နံနက် (၃)လုံး၊ ညအိပ်ရာဝင် (၃)လုံး စားပေးခြင်းဖြင့် မိမိ၏ ကုန်ဆုံးသွားသော ခွန်အားများ ပြန်လည် တိုးပွားလာပြီး အရွယ်တင် နုပျိုလာစေပါသည်။ ပန်းသေပန်းညှိုးခြင်းကိုလည်း သက်သာ ပျောက်ကင်းစေပါသည်။

ထို့အပြင် ခွေးလေှးယားသီးအနက်စေ့ကိုလှော်၍ အမှုန့်ထောင်းပြီး ပျားရည်နှင့် စိမ်ထားပြီး နံနက်တစ်ကြိမ်၊ ညအိပ်ရာဝင် တစ်ကြိမ် ဆီး(ဖီး)ကင်းခန့်ကို ရေအေးဖြင့် စားပေးခြင်းဖြင့် ဆီးကျောက်တည်ရောဂါများ သက်သာပျောက်ကင်းစေပါသည်။

အသီးအရင့်တောင့်ကို ပြုတ်၍ အစေ့များကိုထုတ်ပြီး နို့ဖြင့် ဖျော်သောက်ခြင်းဖြင့် လူငယ်များကဲ့သို့ ခွန်အားများ ပြန်လည် တိုးပွားလာစေပါသည်။

ခွေးလေှးယားအဖြူစေ့မှာထောပတ်ကဲ့သို့ အာနိသင်ရှိကြောင်းကိုလည်း ကြားသိရပါသည်။ အနက်စေ့က အဖြူစေ့ထက် ပိုမိုအာနိသင်ရှိကြောင်းကိုလည်း သိရပါသည်။

**(အထူး သတိပေးလိုသည်မှာ ခွေးလေှးယားသီးအနက်စေ့ကို စားသုံးရာတွင် (၇)စေ့ထက် ပိုမစားပါနှင့်။ အန္တရာယ်မဖြစ်သော်လည်း ခွန်အားများ (over)ဖြစ်တတ်ကြောင်း ဦးထွန်းအောင်မှ ပြောကြားပါသည်။)**

၃။ စီးပွားဖြစ် စိုက်ပျိုးခြင်း

ခွေးလေှးယားသီးအနက်စေ့ ... တန်ကို အမေရိကန်ဒေါ်လာ ... ထောင်ဖြင့် တရုတ်နိုင်ငံမှ ဝယ်... ကြောင်း ဘဉာဏ်က ပြောပါသ... သို့ဖြစ်ပါ၍ စနစ်တကျ စိုက်ပျိုး... လုပ်ရောင်းချနိုင်သော ခွေးလေှး... သီးအနက်နှင့် အဖြူသီးအကြော... လက်တွေ့သိသမျှ တင်ပြရေး... လိုက်ရပါသည်။

ဤစာစု ဖြစ်မြောက်ရေးအ... ခွေးလေှးယားသီးအနက်နှင့် ... အကြောင်း ပြောပြပေးသည့်အ... အစေ့နှင့် အသီးများ လက်ဆောင်... သော ဦးစိုးတင့်, ဦးဉာဏ်... ဦးထွန်းအောင်, ဦးနေဝင်းတို့ကို ... ပင် ကျေးဇူးတင်ရှိပါကြောင်း မှတ်... တင်အပ်ပါသည်။

**ခွေးလေှးယားသီး စိုက်ပျိုး... သုံးခြင်းဖြင့် ကျန်းမာဝဖြိုး စီးပွား... ကြပါစေ။**

**စေန္ဒာမိုး (တောင်ငူ)**

စာမျက်နှာ (၂၀၉)မှ အဆက်

**များပါ။**

**မကြာမီအချိန်အတွင်း စီးပွားဥစ္စာ အပါအဝင် အစစအရာရာ သိသာထင်ရှားစွာ တိုးတက်လာပါလိမ့်မယ်။*(စာရေးသူ)***

ပိတုန်းစွမ်းတာတွေကတော့ အများကြီးပဲ။ ''ပြောမဆုံးပေါင် တောသုံးတောင်''ပေါ့။ ပီယပိတုန်းဆိုလဲ မမှားဘူး။ ဈေးသည်တွေအတွက်တော့ ဈေးခေါ်ပေါ့။ ကံနိမ့်ရင် ကံမြင့်စေမယ်။ အတိုက်အခံများလေ သူ ကြိုက်လေပဲ။ အဲ...မိမိကသာ မှန်ပါစေ။

စာရေးသူ အပါအဝင် မည်သူမဆို အဆောင်ကောင်းရင် လိုချင်ကြတယ်။ အဲဒီအဆောင်ပစ္စည်း အစွမ်းထက်အောင် ဘယ်ကံတွေ ထိန်းရတယ် ဘယ်လိုကတိတွေ တည်ရတယ် ဆိုတာကို မလေ့လာ မသိရှိကြဘူး။

ထိန်းသိမ်းရမယ့်ကံက ကံငါးပါး၊ ကတိကဝတ်အနေနဲ့ကတော့ မားပြမတိုက်ရ၊ မူးယစ်ဆေးဝါး မှောင်မခိုရပါ။ သာသနာတော်နဲ့ ဆက်စပ်ပတ်သက်နေတဲ့ ပစ္စည်းများကို မှောင်ခိုရောင်းဝယ်ခြင်း မပြုရပါ။ ခင်ပွန်းကြီးဆယ်ပါးကို မပြစ်မှားရပါ။

**ဆရာ စိုင်းကြည်ဝင်း(ပထဝီ)**
***(ဘီအေ၊ အာရ်အယ်လ်)***

<u>သိဒ္ဓိဆောင် ပိတုန်းဂါထာတော်ကြီး</u>

ဥုံ...မြ ပိတုန်းရောင် သိဒ္ဓိဆောင် ရွှေတောင် အလား(......)တိုင်းသွား
(ကြံ) (စေ) (ပြော) (မြ)။
ငုံအား တန်ခိုး ဆယ်ဆတိုး ရွှေမိုး ငွေမိုး ရွာလို့ မစဲသော်။
***(ကွင်းထဲမှ တစ်ခုစီထည့်၍ လေးခေါက်ရွတ်ပါ။)***

<u>ပန်ကြားလွှာ</u>

ဗိတုန်းအဆောင် စီရင်နည်း ... သူများမှ နက္ခတ္တရောင်ခြည်မဂ္ဂဇင်း... အပြည့်အစုံ ရေးသားပေးပို့ရန် ... ရုပ်ခံ ပန်ကြားအပ်ပါသည်။

**လေးစားစွာဖြင့်...**

**ဦးကျော်...**

**...တည်း...**

**နက္ခတ္တရောင်ခြည်...**



www.burmeseclassic.com

www.burmeseclassic.com


ကန်နီငါးဆင့်ဆရာတော်ကြီး

# အာနန္ဒသိဒ္ဓိ ပြဒါးလေပမ်း

စသည် မြုပ်နှံ၍ စားသွားလျှင် သံပရာသီးလုံးရေ တစ်ထောင်ကျော်လျှင် အာယုသိဒ္ဓိမှစ၍ အနန္တသိဒ္ဓိပြီးကြောင်း ရေးသားဖော်ပြထားသည်ကို ပေမူ၌ ကန်နီငါးဆင့် ဆရာတော်ကြီး ရေးသား ဖော်ပြထားသည်ကို တွေ့ရှိ ဖတ်မှတ်ရဖူးပါသည်။

အဂ္ဂိရတ်ဝါသနာရှင်များ လက်တွေ့စမ်းသပ်ပြုလုပ်လိုပါက ပြုလုပ်နိုင်ရန် ဤနက္ခတ္တရောင်ခြည်မဂ္ဂဇင်းမှ ရေးသားဖော်ပြပါသည်။

**ချမ်းသာအေး ဦးဆန်းမြင့်ထွန်း**



ပြဒါး(၅)ကျပ်သားကို ဒုတ္တာ(၁၀) ကျပ်သားနှင့် ရောမွှေ၍ သံဒယ်အိုးသစ် ...ယ်တစ်လုံးတွင် လက်နှစ်သစ်ခန့်သာ ...၍ ရေထည့်ပြီး မီးခပ်မျှဉ်းမျှဉ်းထိုး၍ ...ည်ပွက်အောင် ကျိုချက်ပါ။ ထည့်...းသော ရေတစ်ဝက်လောက်ကျန် ...အောင် ကျိုချက်ပါ။

ကျိုပြီးလျှင် အပေါ်ယံအရည်ကို ...းကန် သို့မဟုတ် ဇလုံ၊ အိုးခွက် ...စ်ခုခုတွင် ထည့်ထားပြီး အိုးတွင် ...ပ်နေသော ပြဒါးကို ဇွန်းဖြင့် ခြစ်...ည့်ပါ။ ပြဒါးခဲ ညောင်စေး ၀,မ၀ ...ခဲ အကဲခတ်ပါ။

ခဲလျှင် အအေးခံပြီး လက်ဝါးထဲသို့ ...ည့်လျက် ထန်းလျက်လုံးဘိသကဲ့သို့ ...ပါ။ သံပရာရည်လေး အနည်းငယ် ...ည့်၍ ထည့်၍ လုံးပါ။ အတန်ကြာ ...ျှင် ဘော်သားရောင် ဝင်းပြောင်နေ ...သော ပြဒါးလုံးကလေး ရပါလိမ့်မည်။ ...အကယ်၍ အလုံးအခဲ မဖြစ်သေး ...ျှင် ယခင်က နည်းအတိုင်း ဆက် ...၍ ကျိုချက်ပါ။ ကြာလျှင် ခဲလာပါ ...မည်။

ထိုသို့ ပြုလုပ် ဆောင်ရွက်ခြင်းဖြင့် ...လုံး ရလာပြီဆိုလျှင် ယင်းပြဒါးလုံးကို သံပရာသီးတွင် ထိပ်က ဖောက်၍ ယင်းအတွင်းထဲသို့ ပြဒါးလုံး ထည့်ပိတ်ပြီး ထမင်းချက်သည့်အခါ ထမင်းဦးပေါင်းထဲသို့ မြုပ်၍ ယင်းထမင်းကို စားပါ။ ကျန်းမာရေးအတွက် ရောဂါဘယ ကင်းသည်ဟု ဆိုပါသည်။ ထိုသို့ သံပရာသီး တစ်လုံးမှ နှစ်လုံး၊ သုံးလုံး

...န်ကြားပါရစေ . . .

**အထက်ပါစာမူမှာ ပေမူမှာပါသော လမ်းဟူ၍သာ မှတ်တမ်းအဖြစ် ဖော်ပြအပ်ပါသည်။** သို့သော်ကျွန်တော့်...ယူဆချက်အရ ထမင်းဦးပေါင်းထဲထည့်၍ အုံးပြီးသော ထမင်းကို စားခြင်းဖြင့် ပြဒါးအန္တရာယ်ရှိသည်ဟု ယူဆပါသည်။ သို့ဖြစ်၍ တတ်သိသူ အဂ္ဂိရတ်ပညာရှင်များမှ ဓာတ်လုံးတက်စဉ်ကို မည်သည့်နည်းဖြင့် တက်ရမည်ကို အများ...ကျိုးအတွက် ရေးသားပေးပို့ကြပါရန် မေတ္တာရပ်ခံ ပန်ကြားအပ်ပါသည်။

ဦးကျော်မိုးသိန်း
*စာတည်းချုပ်*
*နက္ခတ္တရောင်ခြည်မဂ္ဂဇင်း*

www.burmeseclassic.com

၂၀၁၄ ခုနှစ်၊ မေလ

# ကျန်းမာရေး အတွက် အကြံပေးချက်

| ပုံရိပ် | ဝမ်းတွင်း အင်္ဂါ | အရောင် | ဂဏန်း | စားဖွယ် | အရသာ | အရပ် | မိတ်ဖက် | ကူညီသူ | ကံပွင့်နေ့ |
|---|---|---|---|---|---|---|---|---|---|
| ကြွက် | အဆုတ် | အဖြူ | ၆ | ဆန် | အစပ် | အနောက်မြောက် | ကြွက်, နွား, မြွေ | ကြာသပတေးသားသမီး | တနင်္ဂနွေနေ့ |
| နွား | အသည်း | အစိမ်းနု | ၃ | ဂျုံ | အချဉ် | အရှေ့ | ယုန်, ဆိတ်, ဝက် | သောကြာသားသမီး | ကြာသပတေး |
| ကျား | အသည်း | အစိမ်းနု | ၃ | ဂျုံ | အချဉ် | အရှေ့ | ယုန်, ဆိတ်, ဝက် | သောကြာသားသမီး | ကြာသပတေး |
| ယုန် | အစာအိမ် | အညို | ၈ | ကောက်ညှင်း | အချို | အရှေ့မြောက် | ကျား, မြင်း, ခွေး | တနင်္လာသားသမီး | စနေနေ့ |
| နဂါး | အူသိမ် | အနီ | ၉ | ပြောင်း | အခါး | တောင် | မြင်း, ခွေး, ကျား | ဗုဒ္ဓဟူးသားသမီး | အင်္ဂါနေ့ |
| မြွေ | နှလုံး | အနီ | ၉ | ပြောင်း | အခါး | တောင် | မြင်း, ခွေး, ကျား | ဗုဒ္ဓဟူးသားသမီး | အင်္ဂါနေ့ |
| မြင်း | သည်းခြေ | အစိမ်းရင့် | ၄ | ဂျုံ | အချဉ် | အရှေ့တောင် | နဂါး, မျောက်, ကြွက် | တနင်္ဂနွေသားသမီး | ကြာသပတေး |
| ဆိတ် | အူမ | ရွှေဝါ | ၇ | ဆန် | အစပ် | အနောက် | ကြွက်, နွား, မြွေ | ကြာသပတေးသားသမီး | သောကြာ |
| မျောက် | အူမ | ရွှေဝါ | ၇ | ဆန် | အစပ် | အနောက် | ကြွက်, နွား, မြွေ | ကြာသပတေးသားသမီး | သောကြာ |
| ကြက် | သရက်ရွက် | မြေဝါ | ၂ | ကောက်ညှင်း | အချို | အနောက်တောင် | ဆိတ်, ယုန်, ဝက် | စနေသားသမီး | တနင်္လာ |
| ခွေး | ဆီးအိမ် | အပြာ | ၁ | ပဲအမျိုးမျိုး | အငန် | မြောက် | ကြွက်, နဂါး, မျောက် | အင်္ဂါသားသမီး | ဗုဒ္ဓဟူး |
| ဝက် | ကျောက်ကပ် | အပြာ | ၁ | ပဲအမျိုးမျိုး | အငန် | မြောက် | ကြွက်, နဂါး, မျောက် | အင်္ဂါသားသမီး | ဗုဒ္ဓဟူး |

* * *

မေလတွင် **ယုန်နှစ်ဖွား၊ မြင်းနှစ်ဖွား၊ ခွေးနှစ်ဖွားတို့မှာ** ကျန်းမာရေး ချို့ယွင်းပါက အနာ တာရှည်တတ်သဖြင့် ဂရုစိုက်သင့်သည်။ ဤလတွင် ခွေးနှစ်ဖွားတို့ကို စံပြု၍ ဇယားကို ရှင်းပြပါမည်။

**ခွေးနှစ်ဖွားတို့သည်** ဆီးအိမ်နှင့် ပတ်သက်သော ရောဂါများ သတိထား ကာကွယ်ကုသသင့်သည်။ အပြာရောင် (၁)ဂဏန်းတို့က လာဘ်ကောင်းစေ၍ ပဲအမျိုးမျိုး၊ ငန်သော အရသာတို့နှင့် သင့်လျော်၏။

**ကံလာဘ်ပွင့်အရပ်မှာ** မြောက် အရပ် ဖြစ်သည်။ ကြွက်၊ နဂါး၊ မျောက်



နှစ်ဖွားတို့သည် မိတ်ဖက်ပုံရိပ်ရှင်... ဖြစ်ကြသည်။

**အရေးကိစ္စ ကြုံဆုံရပါက** အ... သားသမီးတစ်ဦးက ကူညီပေး... လိမ့်မည်။ ဗုဒ္ဓဟူးနေ့သည် သ... အတွက် နေ့ကောင်းနေ့မြတ် ဖြစ်... သည်။

**ဆရာကျ ဆုလာဘ်နှင့် ဖြည့်...**
**ဝေ၊**

ဟုဂျင်းဇီ (*Hu Jin Zhi*)



www.burmeseclassic.com

www.burmeseclassic.com

# ကြာခံဘုရားနှင့်

လျှို့ဝှက်ဂမ္ဘီရကျင့်စဉ်

ကဝိသိရေမဏိ



ကြာခံဘုရားများကို ဘုရားရှင်များ ပွင့်ထွန်းမယ့် နိမိတ်ပုံသွင်ကို ဖော်ဆောင်ထားတဲ့သဘောလို့ ဆိုချင်ပါတယ်။ အမှန်ကတော့ တည်ထားကိုးကွယ်ကြတဲ့ အသီးသီးသောပုဂ္ဂိုလ်များရဲ့ အလိုဆန္ဒအရ မိမိတို့ရဲ့ ယုံကြည်မှုသည်သာ မူလပဓာန အနှစ်သာရလို့ ဆိုရင်လဲ ရနိုင်ပါလိမ့်မယ်။

ဤတွင် မှန်ကန်သောစေတနာသည် မှန်ကန်သောအကျိုးကို ဖြစ်မြဲမို့တာမို့ "စေတနာမှန်လျှင် ဂံကောင်းသည်" ဟု ဆိုထားခြင်းလဲ ဖြစ်တန်ကောင်းပါတယ်။

"ကြာခံ"

ဆိုတဲ့ အမည်ပညတ်ကို ကြည့်ရင် "**ကြာရှည်တည်တံ့နိုင်မြဲမှု**" ကို ဖော်ညွှန်းထားကြောင်း သိနိုင်ပါတယ်။

ထို့ကြောင့်...

ရာထူး

စည်းစိမ်ဂုဏ်သိန်

နေရာဌာန

ငွေကြေး

စတဲ့ ချမ်းသာမှုများကို အထူးပေးစွမ်းနိုင်တဲ့ အကျိုးအတွက် ဆုတောင်းပူဇော်နိုင်မှာလဲ ဖြစ်ပါတယ်။ သို့ပါ၍ မြဲသော စည်းစိမ်ချမ်းသာများ တည်တံ့ခိုင်မြဲစေရေးအတွက် အားကိုးထိုက်တဲ့ နေရာထူးလို့ ဆိုရမှာပါပဲ။

ဂမ္ဘီရသဘောအရ ကြည့်ရင်...

"**ကြာခံ**" တနင်္လာနံသင့် အက္ခရာ စာလုံးကို ကိုယ်စားပြုထားရာ နိမိတ်ကောင်း ဖော်ဆောင်ကြည့်ရင်...

**ကြာခံ→ငွေကြေး→** ဖတ်တူနံတူ ဖြစ်ကြောင်း တွေ့ရပါတယ်။

ထို့ကြောင့် အထူးအားဖြင့်...

- ငွေကြေးကိစ္စ အဆင်ပြေရန်၊
- ကြွေးမြီကိစ္စ အဆင်ပြေရန်၊
- ငွေကြေးအခက်အခဲမှ ကင်းဝေးစေရန်၊
- ငွေကြေးရလွယ်ရန်၊
- ငွေကြေးကံပွင့်စေရန်

ဆုတောင်းပူဇော် ဂါရဝထား အမိဌာန်ပြုကြဖို့ပါပဲ။

လူတိုင်း လူတိုင်းသည် ငွေဝင်လမ်းဖြောင့်ခြင်းကို ပုထုဇဉ်များပီပီ နှစ်ခြိုက်ကြပေလိမ့်မည်။ သို့ရာ၌ ငွေကြေးအခက်အခဲကို ကြုံတွေ့နိုင်သော၊ ကြုံတွေ့ရလေ့ရှိသော (၇)ရက်သားသမီးများအတွက် နည်းကောင်းတစ်ခုကို တင်ပြလိုပါတယ်။

အထူးကတော့...

**၁–ကြွင်း၊ ၂–ကြွင်း၊ ၆–ကြွင်း**များသည် အစဉ်တစိုက် ဆောင်ရွက်ရန်





www.burmeseclassic.com

www.burmeseclassic.com

လိုအပ်ကြောင်း ပြောလိုပါတယ်။ ၁-ကြွင်း၊ ၂-ကြွင်း၊ ၆-ကြွင်း မဟာဘုတ်ပိုင်ရှင်များသည် ငွေကြေးဆိုင်ရာ ကံခေတတ်သောကြောင့်လဲ ဖြစ်ပါတယ်။

ငွေကြေးကိစ္စ ဆောင်ရွက်တဲ့အခါတိုင်း ငွေကြေးရလွယ်အောင် ဆောင်ရွက်ရမယ့် အဓိဋ္ဌာန်ကျင့်စဉ်လဲ ဖြစ်ပါတယ်။

ဤတွင် ပညာရပ်သဘောအရကတော့ **ရုပ်ကို နာမ်ကူနည်းအရ** ပူဇော်ဆောင်ရွက်မှာ ဖြစ်ပါတယ်။ ပိတ်နေတဲ့ လာဘ်လာဘများ၊ ကျပ်တည်းနေတဲ့ ငွေကြေးများ ချောင်လည်သွားစေရန် တနင်္လာကို ပဋ္ဌာန်းတိုက်ဖြစ်တဲ့ သောကြာနဲ့ တွဲစပ်ပြီး အသုံးပြုလေ့ရှိပါတယ်။

ထို့ကြောင့်...

ကြာခံရုပ်ပွားတော် ရှေ့မှောက်၌ သက်တော်ထင်ရှား ဘုရားအသွင် မှတ်ယူပြီး တနင်္လာအစ သောကြာ အဆုံးသတ် အမည်ပညတ်ရှိသော ရုပ်ဝတ္ထုပစ္စည်းများကို ဦးစွာ လှူဒါန်းရန် ဖြစ်ပါတယ်။

ထိုအခါတွင်...

**ကသစ်ညွန့်၊**

**ကြံသကာ၊**

**သခွား**

စတဲ့ အမည်ပါ လှူဖွယ်ရာများကို ရရှိပါတယ်။

ဤတွင်...

ငွေကြေး တည်တံ့ခိုင်မြဲစေလိုသောအခါ "**ကြံသကာဆွမ်း**" ကပ်လှူပေးပါ။

ငွေကြေး အလွယ်တကူရလိုသောအခါ၊ လာဘ်ပိတ်သောအခါ "**သခွားသီးဆွမ်း**"ကပ်လှူပါ။

ငွေကြေးအကြောင်းပြုပြီး ပြဿနာ၊ ကြွေးမြီကိစ္စများ ပြေလည်လိုသော် "**ကသစ်ညွန့်**"ကို လှူပါ။

ပြီးလျှင် ဆီမီး၊ ရေချမ်း၊ ပန်း၊ နံ့သာများ လှူဒါန်းခြင်းသည် မိမိတို့ရဲ့ သဒ္ဓါတရားအလျောက်သာ ဖြစ်ပါစေ။

ပြီးရင် ငွေကြေးတည်တံ့ တိုးပွားလိုသူများသည် "**အဘိနိပ္ဖန္နော**"ဂါထာကို (၃၇)ခေါက်ရွတ်ပါ။ ဆုတောင်းပါ။

ငွေကြေးကျပ်တည်း ပိတ်ဆို့နေသူများသည် "**အဘိဟဋ္ဌာနံ**"ဂါထာကို (၄၅)ခေါက် ရွတ်ပါ။ ဆုတောင်းပါ။

ကြွေးမြီကြောင့် ပြဿနာဖြစ်နေသူများသည် "**ဥသဘံ**"ဂါထာကို (၁၆)ခေါက် ရွတ်ပါ။ ဆုတောင်းပါ။

ငွေကြေးဆိုင်ရာ အခက်အခဲများ ကြုံတိုင်း (၃)ရက်၊ (၆)ရက်၊ (၉)ရက် အားဖြင့် သတ်မှတ်အဓိဋ္ဌာန်ဖြင့် ဆောင်ရွက်လျှင်ဖြင့် တစ်စတစ်စ ငွေကြေးကံကောင်းလာပါလိမ့်မယ်။

ထိုအဓိဋ္ဌာန်ကို ဆောင်ရွက်ပြီးတိုင်းမှာ ခိုစာကျွေးခြင်း၊ ငါးစာကျွေးခြင်းများ ပြုပေးပါ။ ကြွေးမြီကိစ္စ ရင်ဆိုင်နေရသူများကတော့ ခိုစာ၊ ငါးစာကျွေးသည့်အပြင် ငါးလွှတ်ခြင်းဒါနကိုလဲ ဖြည့်စွက်ဆောင်ရွက်ရမှာ ဖြစ်ပါတယ်။

ငွေကြေးအခက်အခဲများ ပြေလည်လိုလျှင် ကြာခံဘုရားမှာ ဆုတောင်းပါလို့ တိုက်တွန်းလိုက်ပါတယ်။

### အဘိနိပ္ဖန္နောဂါထာတော်

အဘိနိပ္ဖန္နော လာဘော၊
သိလောကော စ မဟေသိနော၊
ဧတေန သစ္စေန သုဝတ္ထိဟောတု။

***(ငွေကြေး တည်တံ့တိုးပွား ပေါကြွယ်စေသည်)***

ခက်ခဲသော ပါဠိအသံထွက်

| | | |
|---|---|---|
| **နိပ္ဖန္နော** | = | နိပ်ဖန်နော |
| **သစ္စေန** | = | သစ်စေန |
| **သုဝတ္ထိ** | = | သုဝတ်ထိ |

အနက်

**မဟေသိနော၊** သီလက္ခန္ဓ စသည်... ကျေးဇူး ဂုဏ်အထူးကို ဆည်းပူးရှာ... လေ့ရှိထသော။ **ဘဂဝတော၊** မြတ်စွာ... ဘုရားအား။ **လာဘော၊** လာဘ်... လာဘသည်လည်း။ **အဘိနိပ္ဖန္နော၊** ပြီးစီးပြည့်စုံတော်မူ၏။ **သိလောကော စ၊** မြတ်သော ဂုဏ်သတင်းသည်... လည်း။ **အဘိနိပ္ဖန္နော၊** ပြီးစီးပြည့်... တော်မူ၏။ **ဧတေန သစ္စေန၊** ဤမှန်... သော သစ္စာစကားကြောင့် (**တေ၊** သင့်... အား)။ **သုဝတ္ထိ၊** ချမ်းသာခြင်းသည်... **ဟောတု၊** ဖြစ်စေသတည်း။

### အဘိဟဋ္ဌာနံဂါထာတော်

ဗုဒ္ဓါနံ အဘိဟဋ္ဌာနံ စတုန္နံ ပစ္စယာနံ
နသက္ကာ ကေနစိ အန္တရာယောကာတုံ...
ဧတေန သစ္စေန သုဝတ္ထိဟောတု။

***(လာဘ်ပိတ်ခြင်း...
လာဘ်ပွင့်စေသည်)***

အနက်

**ဗုဒ္ဓါနံ၊** မြတ်စွာဘုရားတို့အား... **အဘိဟဋ္ဌာနံ၊** ရည်မှန်းသမှု ရှေး... ဆောင်လာအပ်ကုန်သော။ **စတုန္နံ...** လေးပါးကုန်သော။ **ပစ္စယာနံ၊** ပစ္စည်းတို့၏။ **အန္တရာယော၊** အန္တရာယ်တို့ကို... **ကေနစိ၊** တစ်စုံတစ်ယောက်သော... ကမျှ။ **ကာတုံ၊** ပြုခြင်းငှာ။ **နသက္ကာ...** မစွမ်းနိုင်။ **ဧတေန သစ္စေန၊** ဤမှန်သော... သစ္စာစကားကြောင့်၊ **သုဝတ္ထိဟောတု...** သတ္တဝါတွေ ချမ်းသာပါစေ။

### ဥသဘံဂါထာတော်

ဥသဘံ ပဝရံ ဝီရံ မဟေသိံ ဝိဇိတာ...
သုဝဏ္ဏဝဏ္ဏံ သမ္ဗုဒ္ဓံ ကောဏ္ဍည...
အဘိ...
ဧတေန သစ္စေန သုဝတ္ထိဟောတု။

***(ကြွေးမြီကင်း ငြိမ်းအေးစေသည်)***

www.burmeseclassic.com

သံသေ ဒန့်ကြေ

# သုဝဏ္ဏရွှေ

ရိုးမင်းဇင်
(ရွှေနဝင်း)



စာရေးသူသည် အင်္ဂရတ်ပညာကို လွန်စွာ ဝါသနာပါလွန်းသဖြင့် (၁၃)နှစ်သားအရွယ်မှစ၍ ယနေ့တိုင်ထိ ဝါသနာအလျောက် စာတွေ့ လက်တွေ့ သမ္မာတွေ့ လေ့လာစမ်းသပ် ရှာဖွေ ပြုလုပ်နေသူတစ်ဦးဖြစ်သည်။

စာရေးသူ၏ အင်္ဂရတ်ဝါသနာ သက်တမ်းတစ်လျှောက်တွင် ဆရာအမျိုးမျိုးနှင့် တွေ့ကြုံဆုံစည်းခဲ့ရသည်။ အချို့ကား အပြောကောင်း၏။ အချို့ကား အလုပ်ကောင်း၏။ စကားများများ မပြောပါ။

အချို့ကား အပြောဖောင်ဖောင် အလုပ်ယောင်ယောင်နှင့် အလိမ်အညစ် ကလိမ်ကျစ်၍ ဆရာ လုပ်စားနေကြ၏။

ဤသို့ အမျိုးမျိုးသော အတွေ့အကြုံ ဆရာစုံတို့၏ အင်္ဂရတ် သံသရာထဲတွင် ငွေလည်းကုန်၊ ဆရာလည်းစုံ၊ အဆာရာလည်းစုံ အလိမ်အညာ အဖြီးအဖျန်း ဝေဒနာမျိုးစုံတို့ကို တွေ့ကြုံ၍ ကျောကော့အောင် ခံစားခဲ့ရဖူးပါသည်။

ထိုထိုသော အတွေ့အကြုံများထဲမှ အင်္ဂရတ်ဝါသနာရှင် အပေါင်းအတွက် အကျိုးရှိစေနိုင်မည့် အတွေ့အကြုံ ဗဟုသုတ အကြားအမြင်ကလေးများကို စာရေးသူနှင့် ထပ်တူမျှဝေ ခံစားနိုင်စေရန် ဤဆောင်းပါးကို ရေးသားတင်ပြရခြင်း ဖြစ်ပါသည်။

ဤသို့ အင်္ဂရတ်လောက မစားရအမန်းပြောပြီး နည်းနည်းဖြစ်ပြီး များများပြော စားနေကြသော ဆရာ့ဆရာကြီးများနှင့်မတူ တစ်မူထူးခြားပြီး မိမိလုပ်သလောက်၊ အောင်မြင်ခဲ့သလောက်၊ ဖြစ်သလောက်ကို အပိုမချဲ့ကားဘဲ ပြောဆို ဗဟုသုတ အကြားအမြင် ပေးခဲ့ကြသော ဆရာတော်၊ သမားတော်၊ ဆရာသမား အရိုးခံ အမှန်သမား ဆရာများ၏ အကြားအမြင် ဗဟုသုတလေးများကို အရိုးခံအတိုင်း ရေးသားတင်ဆက်သွားပါမည်။

အားလပ်သော တနင်္ဂနွေ တစ်နေ့တွင် မရောက်တာကြာပြီဖြစ်သော **သက်တော်(၈၀)ကျော် အာဇာနည်ကျောင်းဆရာတော်ကြီးထံသို့** သွားရောက်ဖူးမြော်ခဲ့ပါသည်။

ကျောင်းသို့ရောက်ပြီး ဆရာတော်ကို ဝတ်ပြုပြီးလျှင်ပဲ ဆရာတော်မှ...

'ငါ့တပည့်ကြီး မင်း ကျောင်းမရောက်တာ အတော်ကြာပြီပဲ။ မိသားစုအားလုံး နေထိုင်ကောင်းကြရဲ့လား'

'မှန်ပါ့ အားလုံး နေထိုင်ကောင်းကြပါတယ် ဘုရား။ တပည့်တော် ပြီးခဲ့တဲ့လက ကျောင်းကို တစ်ခေါက် ရောက်လာတယ်။ ဆရာတော် ပဌာန်းပွဲကြွသွားလို့ မဖူးခဲ့ရဘူး ဘုရား'

'အေး ဟုတ်တယ် တပည့်ကြီးရဲ့၊ နယ်ကပင့်လို့ ကြွတာ၊ တစ်လလောက်ကြာတယ်။ အခုတောင် ပြန်ရောက်စပဲရှိတာ'

'ဒါဆို ဆရာတော် ဟိုမှာလဲ အင်္ဂရတ်အတတ်နဲ့ ပတ်သက်တဲ့ ပညာရပ် အထူးအဆန်းလေးများလဲ မကြားခဲ့ရဘူးလား ဘုရား'

'အေးလေ ကိုယ်ကလဲ ဒီအလုပ်ကို ဝါသနာပါတော့ ကိုယ့်တုန်းကြီး အသိုင်းအဝိုင်းမှာတော့ ပြောဆိုဆွေးနွေးကြတာလေးတွေ ရှိတာပေါ့ကွာ။

အဲဒီမှာ ထူးခြားတာလေးတစ်ခု လက်တွေ့ တွေ့ခဲ့တယ်ကွ။ ဒါနဲ့ ငါက ထေရ်ကြီးဝါကြီးဆိုတော့ ငါ့ပြောစကားကို သိပ်ပြီး မလွန်ဆန်ရဲကြဘူးပေါ့ကွာ။

အဲဒီ စကားဝိုင်းမှာပဲ တစ်ယောက်တစ်မျိုး ပညာစုံ ပြောနေကြတာပဲကွ။ ဒါနဲ့ ငါက ကျိန်းနေတဲ့ နေရာကနေပြီးတော့...

"ဟော့ကောင်တွေ မင်းတို့ စကားဝိုင်းက အပြောများပြီး အလုပ် သက်သေမရှိ ဖြစ်နေတယ်။ အဲဒီတော့ တကယ်ဖြစ်တဲ့သူမှ ပြောကွာ။ ဘာမှ မဖြစ်ဘဲနဲ့တော့ ပြောမနေကြနဲ့၊ ငါ ကျိန်းလို့မရဘူး။ နားပူတယ်"

လို့ ထပြီး ဘုစကား ပြောသည့်လိုက်

www.burmeseclassic.com

တယ်။

တကယ်ဖြစ်တဲ့လူကို ငါက တပည့်ခံပြီး ပူဇော်မယ်ကွလို့ ပြောလိုက်ရော အားလုံး ငြိမ်သွားကြတယ်ကွ။

ဒါပေမယ့် ထောင့်တစ်ထောင့်နားမှာ ကပ်နေပြီး စကားဝိုင်းမှာ ဝင်မပါတဲ့ ခပ်ရွယ်ရွယ် ဘုန်းကြီးတစ်ပါးက ငါ့ကို မချိုမချဉ်နဲ့ကြည့်ပြီး **"ဆရာတော် တကယ်ဖြစ်တာ တကယ်မမြင်ဘူးသေးလို့ပါ။ မြင်ရရင် အံ့သြသွားမှာပါ"**လို့ လျှောက်တယ်ကွ။

ဒါနဲ့ ငါလဲ...

"မောင်ရင် တကယ်ဖြစ်ရင် လက်တွေ့ပြ၊ ဟုတ်ရင် ဆရာတင်မယ်။ ပြီးရင် မင်းကြိုက်ရာကို အလှူခံ၊ ငါလှူမယ်"

လို့ ပြောလိုက်တယ်ကွ။ အဲဒီမှာပဲ ဒီကိုယ်တော်က တစ်ချက်တွေ စဉ်းစားလိုက်တယ်။ ပြီးတော့ နက်ဖြန်အလှူပြီးရင် တပည့်တော်ကျောင်းကို လိုက်ကြွခဲ့ပါလို့ လျှောက်တယ်။ ငါကလဲ အေး ကောင်းပြီဆိုပြီး နေလိုက်တယ်။

ဒါနဲ့ပဲ တိုတိုပြောရရင်တော့ကွာ၊ သူ့ကျောင်းရောက်တော့ သူက...

"ဆရာတော်ကို တပည့်တော် လက်တွေ့ပြမယ်။ ဒါပေမယ့် ဆရာတော်ကိုယ်တိုင် လုပ်ပါ။

တပည့်တော်က လုပ်နည်းလုပ်ဟန်ကို ပြောမယ်။ ဘယ်ဓာတ်တစ်ခုကိုမှ တပည့်တော် လက်နဲ့မထိကိုင်ဘူး။ ဒီမှ ဆရာတော် သံသယကင်းမှာ"

လို့ သူက ပြတ်ပြတ်ပြောတယ်။ ငါကလဲ ကိုယ်တိုင် ဓာတ်ကိုင်ပြီး သူ ပြောတဲ့အတိုင်း မီးကြိမ် မီးအားကိုက် ငါကိုယ်တိုင်လုပ်တယ်။ လက်တွေ့ပဲကွာ၊ သူ ပြောတဲ့အတိုင်း ဓာတ်ဟာ အရည်မီ စံကိုက်ထွက်လာတယ်။

ဒါနဲ့ ငါလဲ မကျေနပ်သေးတာနဲ့



ပန်းထိမ်ကို ကိုယ်တိုင်သွားပြီး အရည်အသွေး စစ်ဆေးခိုင်းတော့ ပန်းထိမ်ဆရာက ဒီပစ္စည်းရောင်းမလား ဆိုပြီး အခေါက်ပေါက်ဈေး ပေးလိုက်တယ်။

မရောင်းပါဘူး ပြောပြီး ပစ္စည်းကို ပြန်ယူခဲ့ရတယ်။ ငါကိုယ်တိုင်လဲ သူ ပြောတဲ့အတိုင်း လုပ်ခဲ့တာဆိုတော့ ဘာမှ သံသယ ဖြစ်စရာ မရှိတော့ဘူး။

"ကဲ...ကိုယ်တော် ဘုန်းကြီးက အစက စကားခံခဲ့တဲ့အတိုင်း လက်တွေ့ သိရပြီဆိုတော့ တပည့်ခံမယ်ကွာ။ ကိုယ်တော် လိုချင်တာ အလှူခံ ဘုန်းကြီး လှူမယ်"

လို့ ပြောတော့ သူက...

"ဆရာတော် တပည့်တော် ဒီပညာ ရှိနေတော့ ဘာမှ အလှူခံစရာ မရှိပါဘူး။ ဆရာတော်ကို ပညာအစစ်အမှန်တွေ ရှိသေးတယ်ဆိုတာ သိရအောင်လို့ လက်တွေ့ပြပေးတာပါ"

ငါကတော့ကွာ လက်တွေ့ မြင်ရတော့...

"ကဲ ဒါဆိုလဲ ဘုန်းကြီး ပြောခဲ့ဆိုခဲ့တာတွေကို ကိုယ်တော် သည်းခံပါ။ ဘုန်းကြီးက အပြောများပြီး အလုပ်မပါတဲ့ အဂ္ဂိရတ်လောကထဲမှာပဲ မြင်တွေ့နေရတော့ တစ်ခါတစ်ခါ စိတ်ထဲ ချဉ်ချဉ်ရှိတာနဲ့ ဘု စကား ချည်းပဲ ပြော ပြောမိတယ်။

အခုတော့ ကိုယ်တော်က တကယ့် ပညာအစစ်အမှန် တတ်တယ်ဆိုတာကို ဘုန်းကြီး ဝန်ခံပါတယ်။ သည်းခံပေးပါ"

"ရပါတယ် ဆရာတော်ဘုရား...

တပည့်တော်ကလဲ ဆရာတော်

ထေရ်ကြီးဝါကြီး ဆရာသမားအ

ကြည်ညိုလို့ အခုလို အရင်းခံအတ

ပြပေးတာပါ။ တော်ရုံတန်ရုံ ပုဂ္ဂိုလ်

ရင် တပည့်တော် ဘယ်ပြပေးပါ့မ

ဘုရား"

"ဒါဆို ကိုယ်တော်... ဘုန်း

အားတော့နာပါတယ်။ ကိုယ်တော့်

ပုဂ္ဂိုလ်မျိုး နောင်တွေ့ရဖို့ဆိုတာ လွ

တဲ့ကိစ္စ မဟုတ်ဘူး။ ဒါကြော

ဘုန်းကြီးကို လုပ်ထုံးလုပ်နည်း

ချီးမြှင့်ခဲ့ပါ"

လို့ ပြောရတာပေါ့ကွာ။ ဒီမှာတ

အဲဒီကိုယ်တော်က သူ လုပ်ခဲ့

နည်းစဉ်အတိုင်း အသေးစိတ်

တယ်'

'ဆရာတော် အဲဒီကိုယ်တော်

နည်းကောင်းလေးကို တပည့်တော်

နာကြားခွင့်ပေးပါဘုရား"

ဟု စာရေးသူ လျှောက်ထားလို

သည်။ ဆရာတော်က...

'အေး မင်းကတော့ လက်တွေ့ လုပ်

တပည့်ရင်းဆိုတော့ မျှဝေရတာပေါ့။ ဒါ

ငါ သက်တော်ထင်ရှား ရှိနေသရွေ့ ဘ

ကိုမှ နည်းမပွားနဲ့ကွာ။ ငါ မရှိရင်တော့

စေတနာအလျောက် မင်းသဘောပဲ'

ဟု အမိန့်ရှိပါသည်။

**စကားချပ် ။ ။ ယခု ဆရာတော်**

**လည်း ဘဝနတ်**

**ပျံလွန်တော်မူသည်ဖြစ်၍ စာရေး**

**ကား ဝါသနာတူများအား စေတ**

**ဖြင့် မျှဝေခံစားလိုက်ပါသည်။**

ပထမ

သံကောင်းကောင်းရရန် အရေး

ပါသည်။ ဤနည်းသည် ဓာတ်

ချင်းသတ်သည့် နည်းလမ်းပဲဖြ အ

သည်။

**သံကောင်းကောင်း (၁)ကျပ်**

www.burmeseclassic.com

ကို **ဝွတ်(၁)ကျပ်သား**နှင့် ပေါင်းပြီး လုံပိတ်၍ သံ တစ်လေးကျန်အောင်ထိုး။ သံတစ်လေးကျန်လျှင် **ဘော်**ကောင်းကောင်း (၁)ကျပ်သားထည့်ပြီး လုံပိတ်ထိုး၊ မူရင်း သံတစ်လေးကျန်လျှင် သဘာဝတွင်းထွက် **ကီတ်(၁)ကျပ်သား**ထည့်ပြီး လုံပိတ်ထည့်ထိုး၊

မူလ သံတစ်လေးကျန်လျှင် ယင်းဓာတ်လုံးကို ဓာတ်နှင့်လေးတူ **ဒန်သန့်သန့်**ကို ထည့်ပါ။

**ဥပမာ ။ ။ ဓာတ်လုံး(၆)မူးသား ဆိုလျှင်...**

**ဒန်က (၆)မူးသား၊**

**ကန့် (၃)ပဲသား...**

ယင်း(၃)မျိုးကို ရောပေါင်း၍ လုံခြောက် မီးသွေး (၃)ပြည် ကုန်သည် အထိထိုးပါ။ ပြီးလျှင် အအေးခံ၍ လုံကို ဖွင့်လိုက်လျှင် ဒန်သည် ကြိတ်ကြေဖြစ်နေမည်။

ယင်း ဒန်ကြိတ်ကြေ (၆)မူးသားကို ဘော်စင်(၆)မူးသားနှင့် ရော၍ လုံပက်တွင် ထည့်ပြီး ချက်ထုတ်လိုက်လျှင် ကြိတ်ကြေ(၆)မူးသား ချော်ဖြစ်၍ သွားပြီး ဘော်စင်သည် (၉)ပဲသားခန့် ကျန်၍ (၈)မူးရည် ဝါနေမည်။ ယင်းကို ကီတ်နှင့် ဆတူ တွဲပါက အခေါက်အတိုင်း မိတူ ဖတူ ဖြစ်မည်။

ချိပ်တစ်ခါဖွဲ့ပြီးတိုင်း ပင်မဓာတ်လုံးကို လက်ချားချော်သန့်သန့်ဖြင့် တစ်လုံးစင်ကြယ်အောင် ထိုးပါ။

နောင်တစ်ခါ ချိပ်ဖွဲ့လိုလျှင် အထက်ပါနည်းအတိုင်း ဒန်ကို ဓာတ်လုံးလေးတူ ယူ၍ ချိပ်ဖွဲ့ပြီး အလိုရှိသလို သုံးပါ။

ဤဇာတ်လမ်းတွင် အဓိက ဦးဆောင်ဓာတ်မှာ သံဓာတ်ပင် ဖြစ်သည်။ ထို့ကြောင့် အမျိုးအစားကောင်းသော သံကောင်းသန့်သန့်ကို ရှာကြံ၍ လုပ်ဆောင်ကြရန် အထူးသတိပေးအပ်ပါသည်။

**[ခြသံ၊ ရေသယံသံ စစ်စစ်ရရန် လိုအပ်ပါသည်။]**

ဝါသနာရှင်များ ဤမျှနှင့် ကျေနပ်တော်မူကြပါ။

အလျဉ်းသင့်သော အခါတွင် ဆက်လက်၍ စာရေးသူ ကြားနာမှတ်သားခဲ့ရသော နည်းကောင်းလမ်းမှန် လုပ်လျှင် အမှန် အကျိုးရှိစေနိုင်သော နည်းစနစ်တို့ကို ရေးသားတင်ဆက်သွားပါမည်။

**ဦးမင်းဖင်**
**(ရွှေနဝင်း)**

စာမျက်နှာ (၂၂၈)မှ အဆက်

ခက်ခဲသော ပါဠိအသံထွက်

| | | |
|---|---|---|
| **မဟေသီ** | = | မဟေသိန် |
| **သုဝဏ္ဏ ဝဏ္ဏံ** | = | သုဝန်န ဝန်နံ |
| **သမ္ဗုဒ္ဓံ** | = | သမ်ဗုတ်ဓံ |
| **ဒီသွာန** | = | ဒိတ်သဝါန |

အနက်

**ဥသဘံ၊** ကြောက်ရွံ့ခြင်းကင်း ဖြောင့်စင်းစွာသွားသည့် နွားလားဥသဘနှင့် တူတော်မူသော။ **ပဝရံ၊** မွန်မြတ်လှစွာသော။ **ဝီရံ၊** ရဲရင့်သော လုံ့လရှိတော်မူထသော။ **မဟေသီ၊** သီလက္ခန္ဓ စသည့် ကျေးဇူး ဂုဏ်အထူးကို ဆည်းပူး ရှာမှီးတော်မူထသော။ **ဝိဇိတာဝီနံ၊** ထွင်းပနှစ်တန် ရန်သူတို့ကို အောင်မြင်တော်မူပြီးသော။ **သုဝဏ္ဏဝဏ္ဏံ၊** ရွှေအဆင်းနှင့် မယွင်းတူစွာ ဝင်းဝါသော အဆင်းရှိတော်မူသော။ **သမ္ဗုဒ္ဓံ၊** မြတ်စွာဘုရားကို။ **ဒီသွာ၊** ဖူးမြင်ရသည်ရှိသော်။ **ကော၊** အဘယ်သူသည်။ **နပသီဒတိ၊** မကြည်ညိုဘဲရှိအံ့နည်း။

**ဓေတာနှ သဓေွန၊** ဤမှန်သော သစ္စာစကားကြောင့်(**တေ၊** သင့်အား)၊ (**မေ၊** ငါ့အား)။ –**သုဝတ္ထိ၊** ချမ်းသာခြင်းသည်။ **ဟောတု၊** ဖြစ်ပါစေသတည်း။

*[ဤဂါထာတော် ပါဠိအနက်ကို နက္ခတ္တဗေဒင်ပညာရှင်၊ ဗေဒင်ဂုရု ဦးအောင်ကျော်(သန်လျင်) နှင့် ပါရမီကုဏ်မင်းတို့၏ ပါဠိအယ်ဒီတာဆရာကြီး ဦးသန်းအောင်ရွှေ ဓမ္မာစရိယ(မဟာဝဂ္ဂါဒီမြန်မာ ဂုဏ်ထူး)၊ ဒီဃဘာဏက–ဒီဃနိကာယကောဝိဒ(နိကာယဝိပုလ) ]မှ ပြန်ဆိုပေးပါသည်။]*

ဤဂါထာ၌– အနက်ပါ ကျက်၍ဆိုသောအခါ သူတစ်ပါးအတွက်ဖြစ်မူ တေ၊ သင့်အားဟု ဆို၍ ကိုယ့်အတွက်ဖြစ်မူ မေ–ငါ့အားဟု ဆိုပါ။

ဤကျင့်စဉ်ကို ဂမ္ဘီရအမြင်အရ ကြည့်ရင်...

* * *

| | | | | | | |
|---|---|---|---|---|---|---|
| က | သစ် | = | ချမ်း | သာ | = | ၂ . ၆ |
| ကြ | သကာ | = | ချမ်း | သာ | = | ၂ . ၆ |
| သ | ခွား | = | ချမ်း | သာ | = | ၂ . ၆ |
| သော | ဘ | = | သု | ခ | = | ၆ . ၂ |

*[ဓာတ်တူနံတူ သောဘာဓာတ် ပျော့ကပ်ပြီး ချမ်းသာဓာတ် ပေါ်သည်။]*

*[ကက်ကင်း]*

*သင့်တင့်အောင် နှလုံးသွင်း အခွင်ကင်းပါစေ။*

**ကဝိသိရောမထိ**

www.burmeseclassic.com

# ဆရာကြီး မင်းယက္ခ

၏ ဘဝအတွေ့အကြုံများ ( ၂၅ )

ဆရာကြီးမင်းယက္ခ
(တိုက်ပွဲဝင်)



## ယခင်လမှ အဆက်

ဘယ်လောက် ပင်ပန်းပင်ပန်း လေ့ကျင့်ခိုင်းတဲ့အတိုင်း လုပ်ရမယ်။ သင်ရိုးကုန်လို့ ထက်မြောက်ပြီလို့ ဆရာက ယူဆရင် ဆရာကိုယ်တိုင် တွင်းထဲက တပည့်ကို လုံနဲ့ပစ်ထိုးမယ်။ လုံချက်ကို မထိအောင်ရှောင်ပြီး တွင်းပေါ်ကို ခုန်ပျံတက်လာနိုင်ပြီဆိုရင် ကိုးတွင်းအောင်း သိုင်းပညာကို အောင်မြင်သွားပြီ။

အဲဒီအခါကျမှ ဒုတိယအဆင့်ပညာရပ်ဖြစ်တဲ့ ဓားခုတ်၊ တုတ်ရိုက်၊ လုံထိုး၊ လုံပစ် ဆိုတဲ့ တိုက်ခိုက်ချက်တွေကို ကာကွယ်နိုင်တဲ့ အဆင့်မြင့်ဗန်တိုပညာရပ်တွေကို သင်ပေးမှာဖြစ်လို့ မသက်ဆိုင်သူတွေ မမြင်ရလေအောင် ရိုက်ပတ်ကာရမယ်။

ဒါမှမဟုတ် တာလပတ်အထူနဲ့ ဝိုင်းပတ်ကာရံပေးရမယ်။ အမြင့် ခုနစ်ပေရှိပြီး ဝင်ပေါက်ထွက်ပေါက် ပေးထားရမယ်။

ဒါကလဲ အခုလုပ်ဖို့ မလိုသေးပါဘူး။ ပထမအဆင့် တွင်းအောင်းပညာကို အောင်မြင်မှ လုပ်ရမယ့် ဟာတွေပါ'

ဟူ၍ ကိုးတွင်းအောင်း သိုင်းပညာ သင်ယူနိုင်ရေးအတွက် ထပ်ဆင့်ရှင်းပြလိုက်ပါသည်။

ဆရာတော်ကလည်း ရှမ်းဆရာလေး ရှင်းပြသမျှကို ခေါင်းတညိတ်ညိတ်ဖြင့် သဘောကျနေပါသည်။ သူ့တပည့်များ ထူးချွန်ထက်မြက်သော သိုင်းပညာကို တတ်မြောက်မည့်အရေး ဖြစ်၍ ရင်မှာ ပီတိဖြာနေပါသည်။ ထို့ကြောင့် ဆရာတော်က...

'ကောင်းပြီ ဆရာလေး ပြောတာတာတွေကို အားလုံး လက်ခံတယ်။ ဘယ်နေ့ ဘယ်အချိန် စသင်မယ်ဆိုတာကိုသာပြောပါ။ ဒါနဲ့ ဆရာလေး အနေနဲ့ ရန်ကုန်က သိုင်းပညာရှင် ဆရာမင်းယက္ခ ဆိုတာကိုရော သိသလား၊ နာမည်ကိုရော ကြားဖူးသလား။

ဆရာမင်းယက္ခနဲ့ ကျုပ်က ဆရာတူ တပည့်တွေပဲ၊ သူက ကျုပ်ရဲ့ ဆရာကြီး ဦးနေဝင်းရဲ့ ပညာကုန်ရလိုက်ပြီး ဓားတစ်လက်သိုင်း ပင်မအဖွဲ့ကြီး[illegible] လွှဲအပ်ပေးခဲ့တယ်။

ကျုပ်တို့ဆီမှာ လွန်ခဲ့တဲ့ (၃)[illegible] လောက်ကပဲ သင်တန်းပြီးလို့ ပြန်[illegible] တာ။ သူကတော့ ဆရာ[illegible]တယ် ပညာလဲစုံတယ်။ သူ့ဆီ[illegible] ပညာ[illegible] ရဖို့ဆိုရင်တော့ [illegible]တော် မလွယ်[illegible]

www.burmeseclassic.com

ကိစ္စပဲ။

ကျုပ်ကတော့ သူ့ကို အထင်ကြီးတယ်။ လေးလဲ လေးစားတယ်။ ဒါကြောင့် ဆရာမင်းယက္ခဆီက ပညာတွေကို ရသလောက် ယူနေရတာပေါ့'

ဆရာတော့်စကား ဆုံးသည်နှင့် ရှမ်းမင်းသားလေးက မိန့်မိန့်ကြီးပြုံးပြီး…

'ဩော်…ရန်ကုန် တာမွေမြို့နယ်က ဆရာမင်းယက္ခလား၊ သိပ်သိတာပေါ့။ သိရုံတင်ဘယ်ကပါ့မလဲ။ သူ့ကို လွန်ခဲ့တဲ့ ငါးနှစ်လောက်က ဟော်နန်းသိုင်းပညာအချို့ကို သင်ပေးခဲ့ဖူးပါသေးတယ်။

သူလဲ ကိုးတွင်းအောင်းသိုင်းပညာကို တတ်မြောက်သွားတဲ့ ထူးချွန်ထက်မြက်တဲ့ တပည့်တစ်ယောက်ပါပဲ။

တစ်ခုရှိတာက သူ့အနေနဲ့ ကိုးတွင်းအောင်းသိုင်းပညာကို သူ့ရဲ့ သက်စောင့်သိုင်းအဖြစ် သတ်မှတ်ထားပြီး ဘယ်သူ့ကိုမှ ပြန်မသင်ပေးချင်ဘူးလေ။ ပညာကောင်းရထားတော့ ပညာနဲ့ ပတ်သက်လာရင် လူတွေဟာ တစ်ကိုယ်ကောင်းဆန်ကြတာ ဓမ္မတာပါပဲ။

ဆရာမင်းယက္ခက သူတတ်မြောက်ထားတဲ့ သူ့ဆရာတွေရဲ့ သိုင်းပညာတွေကိုသာ သင်ပေးချင် သင်ပေးမယ်။ သူ့ရဲ့ သက်စောင့်ပညာဖြစ်တဲ့ ကျုပ်ရဲ့ ဟော်နန်းပညာကိုတော့ သင်ပေးမှာ မဟုတ်ပေဘူး။

ဒါကြောင့် သူ့ဆရာစဉ် စာရင်းထဲမှာ နောက်ဆုံးဆရာဖြစ်တဲ့ ကျုပ်ကို ဖော်ပြဘဲ လျှို့ဝှက်ထားတာပဲ။ ဒီလို လျှို့ဝှက်ထားပါရစေလို့လဲ ကျုပ်ဆီမှာ ခွင့်တောင်းထားတယ်လေ။

ဒါကြောင့် ကျုပ်ကလဲ သူ့ဆန္ဒအတိုင်းပဲ ခွင့်ပြုလိုက်ပါတယ်။ ဩော်… မင်းယက္ခ…မင်းယက္ခ… တတ်လဲ



တတ်နိုင်တဲ့ မင်းယက္ခပဲ။ ကျုပ်တပည့်တွေထဲမှာတော့ ကျော်လဲကျော်၊ တော်လဲတော်တဲ့ နာမည်အကျော်ကြားဆုံး တပည့်တစ်ယောက်ပေပဲ။

သူနဲ့ မဆုံလိုက်ရတာ နာတာပဲ။ နို့မို့ရင် တစ်ခါတည်း ရှင်းရှင်းလင်းလင်းသိရမှာကို။ သူကတော့ လူဖြောင့်လူမှန်ဆိုတော့ သူ့ဆရာဟုတ်ရင် ဟုတ်တယ်လို့ပြောမှာ သေချာပါတယ် မဟုတ်တာတော့ ပြောမှာ မဟုတ်ပါဘူး'

ဟူ၍ ဂုဏ်ယူဝင့်ကြွားသော လေသံနှင့် လေအေးလေးနှင့် ရှင်းပြပါသည်။ မာန်တက်လာသောကြောင့် သူ့စကားထဲတွင် ''ကျုပ်''ဟူသော စကားလုံးကို ထပ်တလဲလဲ သုံးနေခြင်းကို ဆရာတော် သတိပြုမိသည်။

ဩော် ပညာရှင်မာန်ပေပဲဟု ဖြေသိမ့်ရသည်။ ဆရာတော်မှာ ကြားသိလိုက်ရသော စကားကြောင့် အတော်လေးပင် အားရဝမ်းသာ ဖြစ်သွားသည်။

သူ အထင်ကြီးလေးစားသည့် ဆရာမင်းယက္ခ၏ ဆရာဆိုတော့ ဘာပြောကောင်းမလဲ အချိုပေါ် သကာလောင်းပြီး အကောင်းဆုံးဖြစ်ကာ အလုတွင် အယဉ်ဆင့်၍ တင့်တယ်ဘိတောင်းဟုသာ ဆိုလိုက်ချင်ပါတော့သည်။

'ဩော် ဟုတ်လား ဒါကြောင့် ဆရာမင်းယက္ခက သူ့ဆရာတွေကို ဖော်ပြတဲ့အခါမှာ ဆရာလေးရဲ့အမည်ကို ဝှက်ထားတာကိုး။ ဟုတ်ပါပြီ၊ ဟုတ်ပါပြီ။ ဆရာမင်းယက္ခက သင်မပေးနိုင်တော့လဲ အခု ဆရာလေးနဲ့ တွေ့နေရပြီပဲ။ ဆရာလေးဆီက တိုက်ရိုက်သင်ကြားပေးတဲ့ မူရင်းမူမှန် ပညာရပ်တွေကို ရတော့မှာ။ ကဲ ပညာ စသင်မယ့်ရက်ကို ဆရာလေးကသာ ရွေးလိုက်ပါတော့'

ဟူ၍ ဝမ်းသာအားရ ပြောကြားလိုက်ပါသည်။ ထို့နောက် တစ်ဆက်တည်းပင် အနီးတွင် ထိုင်လျက်ရှိသော လက်ရင်းတပည့်ကြီးဖြစ်သော ဆရာ ဦးချစ်တင်အား လှမ်းပြောလိုက်ပါသည်။

'ကဲ ချစ်တင်ရေ မင်းအပါအဝင် ဆရာဦးတင်ညွန့်၊ ဆရာဦးငွေသိန်း၊ ဆရာနေဝင်း၊ ဆရာမျိုးမြင့်၊ ဆရာခင်လတ်၊ ဆရာမျိုးချစ်၊ ဆရာစိုးအောင်၊ ဆရာဦးသုနန္ဒတို့ကို သိုင်းသင်တန်းတက်ရမယ်လို့ပြော။ မြို့ပေါ်မှာရှိတဲ့ လူနဲ့ ကျောင်းမှာရှိနေတဲ့ လူတွေကတော့ အကြောင်းမဟုတ်ဘူး။ အဝေးရောက်နေတဲ့ သူတွေကို ချက်ချင်းလူလွှတ်ပြီး အကြောင်းကြားခိုင်း။

ဒီက ဆရာလေး ရွေးပေးတဲ့ရက်မှာ သင်တန်းစမယ်။ သိုင်းဝတ်စုံတွေက အစ သိုင်းပွဲပြင်တာအဆုံး သင်တန်းနဲ့ပတ်သက်တဲ့ ကိစ္စအဝဝကို မင်းကို တာဝန်လွှဲလိုက်ပြီ။ သင်တန်းပြီးဆုံးတဲ့အထိ မင်းပဲ အစစအရာရာ တာဝန်ယူပါ။

ကုန်ကျမယ့်ငွေကို ဦးသုနန္ဒဆီက လိုသလောက်ထုတ်ယူ။ အေး အဆင်ပြေပြေနဲ့ အောင်အောင်မြင်မြင် ဖြစ်အောင်လုပ် ဟုတ်ပြီလား'

ဟူ၍ လက်ရင်းတပည့်ကြီး ဆရာ ဦးချစ်တင်ကို တာဝန်လွှဲအပ်လိုက်ပါ



www.burmeseclassic.com

www.burmeseclassic.com

သည်။

ဆရာတော့်ထံတွင် လက်ရင်း တပည့်ကြီး နှစ်ဦးရှိသည်။ ဆရာဦးတင်ညွှန့်နှင့် ဆရာဦးချစ်တင်တို့ ဖြစ်ကြသည်။ ဆရာဦးတင်ညွှန့်က နယ်တကာလှည့်၍ သိုင်းသင်သည်။

ဆရာ ဦးချစ်တင်က ကန္တာရကျောင်းအနီးတွင် ပန်းပဲဖိုထောင်၍ နေထိုင်သည်။ ကျောင်း၏ ကိစ္စမှန်သမျှကို ဆရာတော့်ကိုယ်စား ဆောင်ရွက်ရသူဖြစ်သည်။ ထို့ပြင် ဆရာတော် အားကိုးရသော ရဟန်းဝတ်နှင့် ဦးသုနန္ဒ ရှိသေးသည်။

သူ့ကို ခေတ်ကာလ အခေါ်အဝေါ် အရ ဘဏ္ဍာစိုးဟု ခေါ်ရမလား၊ ကိုယ်ရေးတာဝန်ခံဟု ခေါ်ရမလား၊ ဆရာတော့်လက်ထောက်ဟု ခေါ်ရမလား၊ ဆရာတော့် ကိုယ်ရေးအတွင်းရေးမှူးဟု ခေါ်ရမလားမသိ။

ဆရာတော့်ကိစ္စများကို ငွေကြေးရေးမှ အစပြု၍ ဆရာတော့်ကိုယ်စား ကျောင်းတိုက်ကြီးကို စီမံအုပ်ချုပ်ရသူဖြစ်သည်။ ကျောင်းတိုက်တွင်းရှိ ရဟန်းသံဃာတော်တို့၏ စားမှုသောက်မှု ဆွမ်း၊ ကွမ်းမှအစ အားလုံးကို တာဝန်ယူပေးသူဖြစ်သည်။

စာရေးသူ မော်လမြိုင်ကျွန်း ကန္တာရကျောင်းတွင် သိုင်းသင်တန်းဖွင့်စဉ် ကာလတစ်လျှောက် စာရေးသောက်ရေး နေထိုင်ရေးတို့ကို ဦးသုနန္ဒက နံနက် ဝက်သား၊ ည ကြက်သားဖြင့် စားမှုသောက်မှုတို့ကို လိုလေးသေးမရှိအောင် စီမံဆောင်ရွက်ပေးခဲ့သူ ဖြစ်ပေသည်။

ဆရာတော်ကြီးနှင့် အခြားသံဃာတော် (၉)ပါးခန့် ဆွမ်းဘုဉ်းပေးပြီးသည်နှင့် ဆွမ်းစား စားပွဲဝိုင်းကြီးပေါ်ရှိ ထမင်းများ၊ ဟင်းများမှာ စာရေးသူ



အတွက်ပင် ဖြစ်တော့သည်။

**(ယခုအခါတွင် ဦးသုနန္ဒမှာ လူဝတ်လဲ၍ ဦးယုလွင်အမည်ဖြင့် ရေစကြိုမြို့နယ်၊ နောင်းဘကျေးရွာတွင် ဇနီး ဒေါ်သန်းလှ၊ သားတစ်ယောက်၊ သမီးတစ်ယောက်တို့နှင့်အတူ နေထိုင်လျက်ရှိသည်။**

**ပဲ၊ နှမ်း၊ ဝါတို့ကို ပွဲရုံဖွင့်လျက် လုပ်ကိုင်လျက်ရှိသည်။ စာရေးသူထံသို့ ၂၀၁၂ ခုနှစ်၊ မတ်လက လာရောက် ကန်တော့သေးသည်။** *စကားချပ်)*

"ကိုးတွင်းအောင်သိုင်းပညာ" နာမည်က ခပ်ဆန်းဆန်း၊ အစွမ်းက အံ့မခန်းဟု ရှမ်းဆရာလေး ပြောပြ၍ သိရသည်။(ရှမ်းဆရာလေး၏ အပြောမှာ ဝမ်းနုတ်ဆေးကြော်ငြာသလို "အညွှန်းနဲ့တင် ဝမ်းသုံးခါသွားတယ်" ဟု ဆိုရလေမလားမသိ။ အညွှန်းကတော့ တော်တော်ကောင်းသည်။)

"ဒီပညာ တတ်သွားလို့ကတော့ ဂျွန်ဟန်နဲ့ ခုန်ပုံမလား၊ နဂါးမင်း တန်ခိုးမျိုးနဲ့ မြေကိုပဲ လျှိုးမလား" သင်ယူရမည့် သူများကတော့ ဆရာလေး၏ အညွှန်းတွင် နစ်မျောနေကြသည်။ သင်ယူချင်လှပြီ။ တတ်ချင်လှပြီ။

ဒီပညာတတ်လို့ကတော့ သူများထက်ထူးပြီး နဖူးမှာ မဲ့ရှင်ပေါက်တာ... ဟု တွေးပြီး ပီတိဖြစ်နေကြသည်။

ပီတိဖြစ်နေသူများထဲတွင် ဆရာဦးငွေသိန်း၊ ဆရာဦးတင်ညွှန့်တို့လို အသက် ငါးဆယ်ကျော်ပိုင်းများ၊ အသက် လေးဆယ်ကျော်အရွယ်များ၊ အနည်းဆုံး အသက်သုံးဆယ်အထိ ပါဝင်ကြသည်။

သိုင်းပညာပေါ်တွင် ဝါသနာ ထက်သန်စွဲလမ်းသူများဖြစ်၍ သိုင်းပညာ ကောင်းသည်ဆိုသည်နှင့် အရူးအမူး တတ်ချင်ကြသည်။ မိမိတို့၏ အသက်အရွယ်နှင့် ဂုဏ်ပုဒ်ကိုမျှ မငဲ့နိုင်ကြတော့။ ဆရာနှင့် တပည့် အသက်ချင်း ဘယ်လောက်ကွာကွာ၊ ဘယ်လောက်ရှိရှိ ပညာတတ်ဖို့သာ လိုရင်းဖြစ်သည် ဟု တွေးထင်သူများ ဖြစ်ကြသည်။

ထို့ကြောင့် မိမိတို့နှင့် အသက် အလွန်ကွာခြားသော သိုင်းဆရာလေးထံတွင် ကျိုးကျိုးနွံနွံ ပညာသင်ယူကြရန် စိတ်ဆုံးဖြတ်လိုက်ကြသည်။

သိုင်းသင်တန်း မစမီ တစ်ရက်အလိုတွင် လူတစ်ယောက်လျှင် (၂)တောင် ပတ်လည် အကျယ်ရှိပြီး တစ်တောင် အနက်ရှိသော မြေကျင်းတစ်တွင်းစီ တူးရသည်။

**ရှေ့လ ဆက်ဖတ်ပါရန်**

**ဆရာကြီး မင်းယက္ခ**
*(တိုက်ပွဲဝင်)*




www.burmeseclassic.com

www.burmeseclassic.com

ဂမ္ဘီရကုဏ္ဍာသယ

# ဖယောင်းတိုင် စီရင်နည်း

ဝေဒသုတေသီ ကျော်ဝင်းအောင်
(ပြည်- ဆည်မြောင်း)



ယခု ကျွန်ုပ် ရေးသားတင်ပြမည့် ပညာသည် ဗုဒ္ဓဂုဏ်တော်များနှင့် ဆက်နွယ်နေသော ပညာလည်း ဖြစ်ပါသည်။ စာဖတ်ရှုသူက ဘာအကြောင်း ကြောင့်ပါလဲဟု မေးလာပါက စာရေးသူမှ ဖြေဆိုရန် အသင့်ရှိပါသည်။

ဤပညာသည် ဝိဇ္ဇာဓရ ဂမ္ဘီရပညာ ဖြင့် ရှေးဆရာတော်ကြီးများ၊ လူ ညာရှိများ၊ ပုဂ္ဂိုလ်ထူးများ စီရင်ခဲ့သော ဂုဏ်တော်ကို လွယ်ကူစွာ စမမီး နည်း ဖယောင်းတိုင် စီရင်နည်းပင်ဖြစ် သည်။

ယင်းဖယောင်းတိုင် စီရင်နည်းဖြင့် လိုရှိရာ သုံးနိုင်သည်ဟု ပြောကြားခဲ့ သော်လည်း စာရေးသူကိုယ်တိုင် ဏ်မမှီသေးပါဟု ဝန်ခံရပါသည်။

ဤစီရင်နည်းသည် နက္ခတ္တ ရောင်ခြည်မဂ္ဂဇင်းတွင် ပါပြီးသော နည်းမတူဘဲ စမပုံကို ဖယောင်း တိုင်တွင် **သိမ်ဝင်အပ်**ဖြင့် စီရင်ရသော နည်း ဖြစ်ပါသည်။ **မျဉ်းဆွဲသွားရာတွင် ကြွစေဘဲ တစ်ဆက်တည်း ရေးဆွဲ သောနည်းစနစ် ဖြစ်ပါသည်။**

ထိုဖယောင်းတိုင်တွင် ရေးသွင်း သော ဂါထာမှာ တချို့က ဂုဏ်တော် ချာဟု လည်းကောင်း၊ မန္တန်ပေါင်း ကျမ်းတွင် ဂုဏ်တော်ပြန်ဟူ၍ လည်းကောင်း၊ ဆရာမင်းသူရိန်၏ ထက်မြတ်သော ဗုဒ္ဓဂုဏ်တော် စာအုပ်တွင် စာရေးဆရာမ ဒေါ်ကြွယ် ၏ ရေးသားချက်အရ ဣန္ဒာသယ ဂါထာဟု လည်းကောင်း မြင်ဖတ်ရှု လေ့လာရပါသည်။

ကျွန်ုပ်သည် ဤပညာကို ကျောင်း ဘဝကပင် ရရှိခဲ့ပါသည်။ ရရှိပုံ နည်းမှာ ဂုဏ်တော်ကိုးပါးကို အထက်ပစ္စယံ ပတ္တမြားစေတီ တနင်္ဂနွေနေ့တိုင်း ပုတီးစိပ်လေ့ ရှိပါသည်။

ထိုအခါ ညီအစ်ကိုကဲ့သို့ ခင်သော ဗေဒင်ပညာတချို့ သင်ပေးသည့် အစ်ကိုစန်းမောင်ဆိုသော မြင်းခြံနယ် သား တစ်ယောက်ထံမှ သင်အံလေ့လာ ရရှိခဲ့ပါသည်။

ယင်းပညာကိုသင်ပေးသော အစ်ကို စန်းမောင်မှာ ဤပညာကိုရရှိပုံမှာ သူ့ ပြောကြားချက်အရ အလွန် ဂမ္ဘီရဆန်ပါ သည်။

သူသည် လုပ်ငန်းခွင်တွင် လုပ်ငန်း လုပ်ကိုင်နေရာမှ ထိခိုက်ဒဏ်ရာရ၍ ရက်တစ်ပတ်လုံး ရန်ကုန်ဆေးရုံကြီး တွင် သတိမေ့နေခဲ့ရာ ပြန်လည် သတိရ လာသောအခါ နယ်မှ ဆေးလာကု သည့် ဆရာတော်တစ်ပါးမှ သူ့ကို လက်ဖွဲ့ကဝေးတစ်ခု ပေးခဲ့ကြောင်း ပြောပြပါသည်။ ဤဆရာတော်မှ သူ့ကို ဤပညာအစကို သဲလွန်စ ပေးခဲ့သည် ဆိုခဲ့ပါသည်။

ဤပညာကို စီရင်လိုသောအခါ ကိုယ်လက်သန့်စင်ပြီး (၉) ရက်အဓိဋ္ဌာန် ကို စတင် တည်ဆောက်ရပါမည်။ ပြီး လျှင် ဖယောင်းတိုင်ထုပ်ကို ဂုဏ်တော် များဖြင့် မွှန်းထားရပါမည်။ သိမ်ဝင်အပ် ကိုလည်း ဂုဏ်တော်မွှန်းထားပါက ပိုမို ကောင်းပါသည်။

ပထမဦးဆုံး စီရင်နည်းကို ကျွမ်းကျင် စေရန် အောက်ပါစမပုံများကို အချိုး အစားလှပသေသပ်စေရန် အကြိမ်ကြိမ် အခါခါ လေ့ကျင့်ထားရန် လိုအပ်ပါ သည်။ ဤပညာစီရင်သူသည် အောက် ပါ စည်းကမ်းချက်များကို စောင့်ထိန်း ရပါမည်။


၁။ သေရည် သေရက် လုံးဝ မသောက်စားသူ ဖြစ်ရမည်။
၂။ သူတစ်ပါး သားမယားကို ပြစ်မှား ကျူးလွန်ခြင်း ကင်းရမည်။
၃။ အမဲသား (ကျွဲသား၊ နွားသား) တစ်သက်လုံး မစားသူ ဖြစ်ရမည်။
၄။ မတော်လောဘ ကင်းစင်ရမည်။
၅။ စမတွင်ပါသော ဂုဏ်တော်ကို အမြဲ နှုတ်ရွတ် ဆောင်ရမည်။

ဤစည်းကမ်းများကို လိုက်နာကျင့်

www.burmeseclassic.com


သုံးပြီး အမြဲတမ်း လိုက်နာနိုင်သည်ဆိုပါက စမပုံများကို အလွတ်ရစေရန် အဆွဲရေးသားလေ့ကျင့်ပါ။ စမပုံမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

* * *




ဤပုံကို ဖယောင်းတိုင်ထိပ်ပိုင်းတွင် စတင်ရေးဆွဲရပါမည်။ ယင်းစမကို ရေးဆွဲပြီးပါကအောက်ပါဂုဏ်တော်ရဟန္တာပုံကို ရေးဆွဲရပါမည်။

* * *





ဤရဟန္တာပုံကို ဖယောင်းတိုင်ခါးလည်တွင် စီရင်ရေးသားရပါမည်။ ထိုသို့ စီရင်ရေးသားပြီးပါက ယင်းရဟန္တာအောက်တွင် အောက်ပါ စမရုပ်ပုံကို ဆက်လက် ရေးဆွဲရပါမည်။


* * *

ဤပုံကို ဖယောင်းတိုင်၏ အောက်ဆုံးနေရာတွင် ရေးဆွဲပြီးပါက စမများကို အထက်ဆုံးပုံမှ ခါးလယ်ပုံအထိ ရေးသွင်းရပါမည်။ အားလုံး စမများပါ ရေးသွင်းပြီးပါက သရဏဂုံနှင့် ဂုဏ်တော်ကို ဖယောင်းတိုင်မှာ တတ်အားသရွေ့ စုတ်(ရွတ်)ပေးရန် လိုပါသည်။

ဤဖယောင်းတိုင်သည် အသုံးကို ဆက်လက်ပြီး ဖော်ပြပေးပါမည်။ ယင်းအသုံးမဖော်ပြခင် ဖယောင်းတိုင်အချောရေးဆွဲပုံကို ဆက်လက် လေ့လာကြည့်ပါ။

* * *




ရေးသွင်းရန် စမဂုဏ်တော်မှာ...

၁။ ဣရစ္ဆာဂတ္တရသာ

***[အိရစ်ဇာဂတ်တရတ်သာ]***

၂။ တိပဟံစသောရောထိန်

၃။ ပိသရလောပုသဇု

၄။ သောမ္မာဏကရိတ္တာဒွေါ

***[သွန်မာဏကရိတ်ထတ်ဒေါ်]***

၅။ ဘာသသပိသဒေတ

၆။ ဂမ္ဘမ္ဘုဒ္ဒဝဂ

***[ဂမ်ဗုမ်ပဒ္ဒုဝဂ]***

၇။ ဝိဒ္ဒေါန္တောအမ္ဗပဝိ

***[ဝတ်ခွန်နောအမ်မပဝိ]***

၈။ အဝိသုန္ဒသာနုတိ

ဤစမများကို ခါးလယ်ရှိ ရဟန္တာ... တော်တွင် ထည့်သွင်းရမည်။ ဤတွ... အရေးကြီး သတိပြုရန် ကျန်ပါသေ... သည်။

အက္ခရာထည့်ရာတွင် ဦးခေါင်း... လက်ဝဲရစ် (သို့မဟုတ်) လက်ယာ... ထည့်သွင်းရပါသည်။ နားလည်လွ... အောင်ပြောရသော် ညာရစ် သို့မဟု... ဘယ်ရစ် ထည့်သွားရမည်။

**ညာရစ်သည်** ရရှိလိုမှုအတွက် အ... စီရင်ခြင်း ဖြစ်သည်။ **ဘယ်ရစ်သ...** အခက်အခဲ အားလုံးအတွက် အထွ... စီရင်မှု ဖြစ်သည်။

**ညာရစ်ပါက** အထက် မွေးနံ့ပုံတော်... ပါ ညာရစ်သွင်းရမည်။ ဘယ်ရစ်လ... လည်း အထက်မွေးနံ့ပုံတော်ပါ ဘ... ရစ်ရမည်။ **အထက်ပါ နမူနာပုံစံသ... ညာရစ်ပုံစံ ဖြစ်ပါသည်။**

အထက်ပါ ဂုဏ်တော်ရှစ်မျိုး၏ သ... ရန်အညွှန်းကို နံပါတ်ဖြင့်သာ ဖော်... လိုက်ပါသည်။

၁။ ဣ [အစားအစာ စားတိုင်း ရွတ်... က သူတစ်ပါး ရန်မမူနိုင်]

၂။ တိ [မိမိစားသုံးသည့် ကွမ်း...

www.burmeseclassic.com

ဆေးလိပ်ကို အမြဲ မန်းစားက မြင်သူတိုင်း ချစ်ခင်၏]

၃။ ပိ [အနာပေါက်သူများ ရေတ်သီးကို မန်းလိမ်းက ပျောက်သည်]

၄။ သော [နေ့တိုင်းရွတ်လျှင် ပီယသိဒ္ဓိကောင်းသည်]

၅။ ဘ [အကျဉ်းကျနေသူများ ရွတ်ပွားလျှင် လွတ်နိုင်သည်]

၆။ ဂ [ဆီမန်း၍ ကိုယ်ကို လိမ်းပါကဓား၊ တုတ်ပြီးသည်]

၇။ ဝါ [ရန်သူတွေ့၍ အရေးရှိက ရွတ်လျှင် ကာယသိဒ္ဓိရှိန်းပြီးသည်]

၈။ အ [ဣစ္ဆာသယ လိုသလို သုံးနိုင်သည်]

ဤကား ဆရာမင်းသူရိန်ရေးသော အစွမ်းထက်မြတ် ဗုဒ္ဓဂုဏ်တော်များအုပ်မှ စာရေးဆရာမ ဒေါ်ကြွယ်ကြွယ်ကိုယ်တွေ့ဖြစ်စဉ်မှ သုံးစွဲနည်းဖြစ်ပါသည်။ ကျွန်ုပ်တို့၏ အသုံးနှင့် မူခြင်းကွာခြားပါသည်။

ကျွန်ုပ်တို့ သုံးစွဲနည်းမှာ...

၁။ ဣ [အတိုက်အခိုက်]

၂။ တိ [ပီယဆိုင်ရာ]

၃။ ပိ [ရောင်းရေး/ဝယ်တာ]

၄။ သော [ယက္ခနှဲ့ နတ်အပေါင်းနိုင်]

၅။ ဘ [မြေကိုင်/မြေနတ်တို့နိုင်]

၆။ ဂ [အခက်အခဲဟူသမျှ သုံးရန်]

၇။ ဝါ [ရုံးပြင်ကန္နား/အခက်အခဲသုံးရန်]

၈။ အ [ရလိုမှု အခက်အခဲသုံးရန်]

ထို့ကြောင့် ဂမ္ဘီရဆန်သော ဣစ္ဆာသယ ဖယောင်းတိုင်ယတြာမှာ ကျွန်ုပ်တို့ ဝန်ထမ်းဘဝ နေရာအနှံ့ရောက်ခဲ့သော်လည်း သုံးစွဲမှု ရှားပါးလှပါသည်။

အင်းကွက်အနေဖြင့် **ပဲခူးတိုင်းဒေသကြီး သနပ္ပင်မြို့နယ်တွင် သာသနာ့ဂုဏ်တော်ဂိုဏ်းမှ** ကိုးကွက်ပတ်လည်အင်း စီရင်သုံးစွဲပုံကို တွေ့ရဖူးပါသည်။

ကျွန်ုပ်တို့ကဲ့သို့ စမပုံကို မြန်မာပြည်အထက်ပိုင်း ဒေသအချို့ရှိ ကျေးလက်နေအိမ်များတွင် စမဘုရားကားချပ်များတွင် အမှတ်မထင် တွေ့ရဖူးသည်။ ပုံနှိပ်ဘုရားကားမို့ စုံစမ်းရန် အခြေအမြစ် မရခဲ့ပါ။

ဤ ဂမ္ဘီရဆန်သော ရှေးဟောင်းပညာရပ်မှာ ပုတီးကျင့်စဉ်၊ နံ့သင့်အသားပေါ်တွင် ရေးဆွဲစီရင်နည်း မြောက်မြားစွာ ရှိပါသည်။ စာရေးသူသည် တစ်ခါတစ်ရံ ခင်မင်ရင်းနှီးသူများကို စီရင်ပေးဖူးပါသည်။ ထူးလဲ ထူးခြားပါသည်။

ထို့ကြောင့် ဆယ်နှစ်ကျော်ထိန်းသိမ်းထားသော ဤပညာကို ပညာပါရမီဖြည့်ပေးသောအားဖြင့်နက္ခတ္တရောင်ခြည်မဂ္ဂဇင်းမှ တင်ပြရခြင်း ဖြစ်ပါသည်။

***နတ်လူသတ္တဝါအားလုံး ရင်ကိုအေးမြပါစေ။***

**ဝေဒသုတေသီ ကျော်ဝင်းအောင်**
***(ပြည်–ဆည်မြောင်း)***

စာမျက်နှာ (၂၂၈)မှ အဆက်

…ခြေဖျားကို တစ်လက်မကျော်လျှင်ရပ်ပါ။ နောက်တစ်ကြိမ် ထပ်လုပ်လျှင် လက်ဖျားက ခြေဖျားကို နှစ်လက်မကျော်လျှင် ရပ်ပါ။

လေ့ကျင့်ခန်းသည် ထိုမျှသာ ဖြစ်ပါသည်။ ထို့နောက် ရေနွေးပူပူကို အဝတ်နှစ် ရေညှစ်ပြီး ခန္ဓာကိုယ်အနှံ့ ပွတ်တိုက်ပေးရမည်။

ကလေး၊ လူကြီး၊ လူလတ် အရွယ်မရွေး လုပ်နိုင်သည်။ ကျား၊မ မဟူ လုပ်နိုင်သည်။

တစ်လခန့် လုပ်ပြီးသည်နှင့် မိမိတို့ ခံစား နေရသော ရောဂါဝေဒနာ အလှုသဖြင့် လေးတိုး၊ အာရုံကြောဝေဒနာ၊ အဆစ်အမျက်၊ အကြောအချင်ညောင်ညာကိုက်ခဲခြင်း၊ ဇက်ထိုးခေါင်းကိုက်၊ အသက်ရှူလျှင် ရင်ဘတ်ပင်းဗိုက်အောင့်ခြင်း၊ ဝမ္ဘာမမှန်ခြင်း၊ ကြွက်တက်ခြင်း စသော ဝေဒနာအသီးသီးမှ သက်သာ ပျောက်ကင်းကြောင်း လက်တွေ့ သိရှိကြပါမည်။

နေ့စဉ်မှန်မှန် လေ့ကျင့်ကြခြင်းဖြင့် ကိုယ်လက်ပေါ့ပါး လန်းဆန်းတက်ကြွ အိပ်ပျော်စားဝင် ရောဂါစင်၍ ပျော်ရွှင်ချမ်းမြေ့သောဘဝကို ရာသက်ပန် ရရှိပိုင်ဆိုင်ကြပါမည်။

အာမဟုတ်သော လေ့ကျင့်ခန်းလေးက ကြီးကျယ်လှသည်ဟု မထင်ပါနှင့်။ ဂမ္ဘီရလက်ချောင်းများပိုင်ရှင် တီထွင်ထားသလျက်ရှိသော ခန္ဓာဗေဒ ကျင့်စဉ် ကုထုံးသစ်၏ အခြေခံ အစိတ်အပိုင်း ဖြစ်ပါသည်။

**သွေးလှတ်ကြောနှင့် သွေးပြန်ကြောတို့ကို သန့်စင်စေပြီး အာရုံ ကြောစနစ်ကို အထောက်အကူပေးသော နည်းမြင့်ချက်အတွက် အကျိုးရှိစေပါသည်။**

**အသဝတီ**



www.burmeseclassic.com

ခြေထောက်နှစ်ဖက် ပူးလျက် ခြေဆင်းထိုင်နိုင်းထားသည်။ ဦးခေါင်းကို အောက်သို့ ငုံ့နိုင်သမျှ ငုံ့နိုင်းသည်။

အပေါ်သို့လည်း မော့နိုင်သမျှ မော့နိုင်းသည်။ ဝဲဘက်သို့ လည်းကောင်း၊ ယာဘက်သို့ လည်းကောင်း လှည့်နိုင်သမျှ လှည့်နိုင်းပြန်သည်။

တစ်ဖန် လက်နှစ်ဖက်ကို ဆန့်တန်းပြီး ခါးညွှတ်စေ၍ ခြေဖျားဘက်သို့ လက်ကို ထိနိုင်သမျှ ထိအောင် လုပ်နိုင်းပြန်သည်။

'ခင်ဗျားရဲ့ ဇနီးဟာ ညာခြေတစ်ဖက် မကြာခဏ ကြွက်တက်သလို ဖြစ်တတ်မယ်။ အသက်ရှူလိုက်ရင် တစ်ခါတလေ နံဘေးက ထိုးအောင့်တဲ့ဝေဒနာ ခံစားရမယ်။

ညာဘက်ဇက်ထိုး ခေါင်းကိုက်ဝေဒနာ ရှိနေတယ်။ တစ်ခါတလေ ခါးနာမယ်။ လစဉ်ဓမ္မတာလာတဲ့အခါ တစ်ရက်ခွဲလောက်နဲ့ပဲ ရပ်သွားမယ်။

ဒီမှာထားရင် ဒီမှာမေ့ ဟိုမှာထားရင် ဟိုမှာ ကျန်နဲ့ သတိမှတ်ဉာဏ် ချွတ်ယွင်းနေမယ်။ ခြေထောက်တွေ ညောင်းညာပြီး အနိုင်အနင်း ခံချင်လိမ့်မယ်။ နှိပ်နင်းပေးပြန်ရင်လဲ မသက်သာဘူး။ ကဲ ကျွန်တော်ပြောတာ မှန်ရဲ့လား လို့ မေးကြည့်ပါဦး'

ဆရာကိုထွန်းဝင်းက ထိုသို့ ပြောသဖြင့် စာရေးသူမှ မေးကြည့်ရာ ဇနီးမှ မှန်ကန်ကြောင်း တအံ့တသြနှင့် ပြန်ဖြေပါသည်။


ဦးနှောက်နှင့်အာရုံကြော စနစ်အကြောင်း လွန်စွာကျွမ်းကျင်သော ပုဂ္ဂိုလ်ဖြစ်၍ သူ ညွှန်ပြသော ကုထုံးအတိုင်း လိုက်နာလုပ်ဆောင်သောအခါ ဆေးမလိမ်း၊ ဆေးမသောက်၊ ဆေးမထိုးရဘဲ လွယ်ကူလျင်မြန်စွာ သက်သာပျောက်ကင်းခဲ့ပါသည်။

အထူးကုဆေးခန်းတစ်ခုသို့ သွားပြ

# ရက်ထိုး ခြေတက်

ဘာသဝကီ

အသက်ရှူခက်





ခဲ့စဉ်က ဝမ်းဗိုက်အတွင်း အလုံးရှိနေသည်။ ခွဲစိတ်ကုသမှုခံယူရမည်ဟု ပြောခဲ့ခြင်းကို အမှတ်ရနေဆဲ ဖြစ်ပါသည်။

ယခုတော့ ဘာအလုံးမှ မရှိ။ သွေးလွှတ်ကြောနှင့် သွေးပြန်ကြောစနစ်၏ ဆန်းကြယ်သော အလုပ်လုပ်ပုံ၊ ကြွက်သားတို့၏ အနေအထား၊ ဘယ်ညာဦးနှောက် တစ်စုံ၏ ဆောင်ရွက်ချက်တို့ကို ရှင်းပြပြီးနောက် နံနက်တိုင်း လေ့ကျင့်ခန်းလုပ်ပေးပါဟု ညွှန်ပြခဲ့ပါသည်။

ထိုလေ့ကျင့်ခန်းမှာ ဘာမှ မခဲယဉ်း။ ပင်ပန်းခြင်းလည်းမရှိ။ အိပ်ရာထဲ၌ပင် လုပ်၍ရသည်။ တစ်ပတ်၊ နှစ်ပတ်မျှအတွင်း ရောဂါများ သက်သာပျောက်ကင်းသည့်အပြင် လေ့ကျင့်ခန်း မှန်မှန်လုပ်ပြီး အစားရှောင်မည်၊ အအေးမပတ်အောင် ဂရုစိုက်မည်ဆိုလျှင် ဘယ်သောအခါမှ လေမဖြတ်ပါဟု အာမခံနှင့်ပြောသည်။

**သိနှာ၊ ဇက်ထိုး၊ ဗိုက်အောင့် ကြွက်တက်ဝေဒနာများလည်း ဘယ်တော့ ခံစားရမည် မဟုတ်တော့ပါဟု ဆို သည်**

စာရေးသူတို့မှာ လက်တွေ့ အကျိုး ရှိနေပြီဖြစ်၍ စာဖတ်သူတို့လည်း အကျိုး ရှိနိုင်ကြစေရန် တင်ပြပေးလိုက်ရခြင်း ဖြစ်ပါသည်။

**နံနက်အိပ်ရာမှ ထသည်နှင့် အိပ်ရာ ထဲ၌ပင် ခြေဆင်းထိုင်လိုက်ပါ။ ဘယ် လက်ကို ဘယ်ဘက်ပေါင်ရင်း၊ ညာ လက်ကို ညာဘက်ပေါင်ရင်းတွင် ဖိထား ထားပါ။ ခြေနှစ်ချောင်းကို ဖြန့် ခြေဖနောင့်ကို ရှေ့သို့ တွန်းခြင်း၊ ... ခြင်းကို တစ်ကြိမ်လျှင် (၁၅)ခါ သုံး... လေ့ကျင့်ပါ။**

ထို့နောက် ဘယ်လက်ကို ဘယ်ဒူးပေါ်... ညာလက်ကို ညာဒူးပေါ်တင်၍ ခါးကို အ... ငယ် ညွှတ်ပါ။ ပြန်ဆန့်ပါ။ နောက်တစ်... ခါးအညွှတ်တွင် လက်နှစ်ဖက်ကို ... တစ်လက်မခန့် တိုးပါ။ ခါးပြန်ဆန့်ပါ။ ... တစ်ကြိမ် လက်ကို ရှေ့သို့ တစ်လက်... တိုးပါ။ ခါးပြန်ဆန့်ပါ။

ဤနည်းအတိုင်း မှန်မှန်... လက်ဖျားနှင့် ခြေဖျားထိလျှင် ... နောက်တစ်ကြိမ် ပြန်လုပ်ပြီး လက်...

www.burmeseclassic.com

# တစ်ချက်ကောင်း ဟောကွက်




ကြည့်ပါ။

○ **သယမ္ဘူလမ်းကြောင်းကို တွေ့ရတယ်။ အာစရိယဝါဒအရ ဗုဒ္ဓဟူးထီးရိုးလို့ မှတ်သားထားဖူးပါတယ်။**

ဒါကတော့...

- ❖ ဉာဏ်ရည်ဉာဏ်သွေးထက်မြက်မယ်၊
- ❖ ပညာရေး၌ ထူးချွန်ထက်မြက်မယ်၊
- ❖ နိုင်ငံခြား တိုင်းပြည်များနဲ့အကျိုးပေးမယ်၊
- ❖ ပညာလောဘရှိမယ်၊
- ❖ အာရုံခံစားလွယ်မယ်၊
- ❖ အကြားအမြင်ရမယ်၊
- ❖ အိပ်မက်ဆန်းများ မက်တတ်တယ်၊
- ❖ အိပ်မက်များ မှန်တတ်တယ်၊
- ❖ သမထ အားထုတ်ရင် ထူးထူးခြားခြား အောင်မြင်မယ်၊
- ❖ ခက်ခဲနက်နဲတဲ့ ဂမ္ဘီရပညာရပ်များ၌ ထူးချွန်မယ်၊ တတ်မြောက်မယ်၊
- ❖ အပြောအဟော ကောင်းမယ်၊
- ❖ ပရလောကနဲ့ ဆက်နွယ် ပတ်သက်ရတတ်တယ်...

စသည်ဖြင့် ပြောဟောလို့ရပါတယ်။

လက္ခဏာရှင်ရဲ့ အမေးကို ကြည့်ပြီး ဖြေလိုက်ရုံပါပဲ။-

***ပရံ ရက္ခန္တော အတ္တာနံ ရက္ခတိ။***

**ဦးသော်ခင် (ဟသ်ာတ)**



www.burmeseclassic.com

www.burmeseclassic.com

## တနင်္ဂနွေ

**စီးပွားရေး** ။ ငွေကြေးလဲလှယ်ရေး၊ ရောင်းဝယ်ရေး လုပ်ငန်းများ ငွေဝင်ကောင်းမည်။ ငွေပန်းထိမ်များ၊ ငွေထည်ပစ္စည်းများ ရောင်းဝယ်ရေး အကျိုးဖြစ်ထွန်းမည်။ မြေအရောင်းအဝယ် လုပ်ငန်းများ ငွေကြေးပိုမို ရရှိမည်။

**ဝန်ထမ်းရေးရာ** ။ ခရီးသွားလာရေးနှင့် သက်ဆိုင်သော ဝန်ထမ်းများ အထက်လူကြီး၏ ချီးကျူးမှု ခံရမည်။ ရာထူးတက်မည်။

**အိမ်တွင်းရေး** ။ အိမ်တွင်းရေး ပုံမှန်ပင်ဖြစ်မည်။ ငွေရေးကြေးရေးက အစ အားလုံး အဆင်ပြေနေ၍ ပြဿနာ ကြီးကြီးကျယ်ကျယ်မရှိ။

**အချစ်ရေး** ။ အချစ်ရေး အဆင်ပြေမည်။ လက်ထပ်လိုက လက်ထပ်နိုင်သောကာလဖြစ်သည်။ အောင်မြင်သော မင်္ဂလာပွဲဖြစ်မည်။

**ပညာရေး** ။ ပညာရေး ကောင်းသောကာလ ဖြစ်သည်။ ငွေလည်းဝင် ခရီးကြုံဟ်ကလည်း ကောင်း၍ နိုင်ငံခြား ပညာတော်သင် သွားရောက်မည်ဆိုပါက အောင်မြင်မည်။

**ကျန်းမာရေး** ။ ဆီးပူ၊ မီးပူ လောင်တတ်၍ အစစ အရာရာ သတိထားကိုင်တွယ်ပါ။

**ဆောင်ရန်ရက်များ** ။ ၂၊ ၅၊ ၈၊ ၁၀၊ ၃၊ ၁၆၊ ၁၈၊ ၂၁၊ ၂၄၊ ၂၆၊ ၂၉။

**ရှောင်ရန်ရက်များ** ။ ၃၊ ၆၊ ၉၊ ၁၁၊ ၁၄၊ ၁၇၊ ၁၉၊ ၂၂၊ ၂၅၊ ၂၇၊ ၃၀။

**ထီထိုးရန်ရက်များ** ။ ၄၊ ၇၊ ၁၀၊ ၁၂၊ ၁၅၊ ၁၈၊ ၂၀၊ ၂၃၊ ၂၆၊ ၂၈၊ ၃၁။

**ထီထိုးရန်ဂဏန်းများ** ။ ၂၊ ၅၊ ၈၊ ၀ ဂဏန်းများများပါအောင် ရွေးချယ်ပါ။

**အဆောင်သကြော** ။ မြတ်စွာဘုရားအား သစ်သီးကပ်လှူပါ။ လိုရာဆုတောင်းပါ။ အကြံအစည် အပြောအဆိုရှိလျှင် ပန်းသီးစားသွားပါ။

## တနင်္လာ

**စီးပွားရေး** ။ ပလတ်စတစ်လုပ်ငန်းများ၊ လျှပ်စစ်ပစ္စည်း လုပ်ငန်းများ အဆင်ပြေမည်။ ရွှေပန်းထိမ်လုပ်ငန်း၊ ရွှေအရောင်းအဝယ် [illegible]နှင့်သည်တို့ အချိုးကြီးရမည့်ကာလဖြစ်သည်။

**ဝန်ထမ်းရေးရာ** ။ အလုပ်အကိုင်များ အဆင်ပြေမည်။ အထက်လူကြီးများ၏ မေတ္တာကို ရရှိမည်။ တာဝန်သစ်များ ထပ်မံရရှိမည်။

**အိမ်တွင်းရေး** ။ အိမ်တွင်းရေး အဆင်ပြေမည်။ သားသမီးများနှင့်ပတ်သက်၍ ငွေဝင်ခြင်း၊ လုပ်ငန်းများ ဖြစ်ထွန်းခြင်း၊ ရွှေဝင်ခြင်းတို့ ရှိမည်။

**အချစ်ရေး** ။ ချစ်သူ၏ စိတ်ပျက်ခြင်း၊ စိတ်ကွက်ခြင်း ခံရမည်။

**ပညာရေး** ။ ရပ်ဝေးတွင် ပညာသင်ကြားရခြင်း၊ သင်တန်းတက်ရခြင်း ရှိမည်။ ဘဝတစ်သက်တာအတွက်ဖြစ်၍ ပညာရေးကို ကြိုးစားပါ။

**ကျန်းမာရေး** ။ ကျန်းမာရေးညံ့မည်။ ဝေတ္တသာပါ။ ဆေးကုသလိုက်ပါ။ ချက်ချင်း ပြန်ကျန်းမာလာမည်။

**ဆောင်ရန်ရက်များ** ။ ၃၊ ၅၊ ၈၊ ၁၁၊ ၁၃၊ ၁၆၊ ၁၉၊ ၂၁၊ ၂၄၊ ၂၇၊ ၂၉၊ ၃၁။

**ရှောင်ရန်ရက်များ** ။ ၄၊ ၆၊ ၉၊ ၁၂၊ ၁၄၊ ၁၇၊ ၂၀၊ ၂၂၊ ၂၅၊ ၂၈၊ ၃၀။

**ထီထိုးရန်ရက်များ** ။ ၂၊ ၅၊ ၇၊ ၁၀၊ ၁၃၊ ၁၅၊ ၁၈၊ ၂၃၊ ၂၆၊ ၂၉၊ ၃၁။

**ထီထိုးရန်ဂဏန်းများ** ။ ၃၊ ၅၊ ၇၊ ၀ ဂဏန်းများများပါအောင် ရွေးချယ်ပါ။

**အဆောင်သကြော** ။ ကလေးများ သက်ကြီးရွယ်အိုများကို နွားနို့တိုက်ပါ။

## အင်္ဂါ

**စီးပွားရေး** ။ လုပ်ငန်းများ တိုးချဲ့နိုင်သည်။ လုပ်ငန်းသစ်များ ထူထောင်နိုင်သောကာလဖြစ်သည်။ ခရီးသွားလုပ်ငန်းများ ပုံမှန် လုပ်ကိုင်နေရ

၂၀၁၄ ခုနှစ်၊ မေလ (၁)ရက်မှ (၃၁)ရက်နေ့အထိ ခုနှစ်ရက်သားသမီးများအတွက်

# ဟောစာတမ်း

ဆရာကျော်မြင့်



မည်။ လျှပ်စစ်ပစ္စည်းများ၊ ပလတ်စတစ်ပစ္စည်း၊ ဆေးဝါး လုပ်ငန်းများ အရောင်းအဝယ် ကောင်းမည်။

**ဝန်ထမ်းရေးရာ** ။ လုပ်ငန်းများ အောင်မြင်စွာ လုပ်ကိုင်နိုင်ပါလိမ့်မည်။ လုပ်ဖော်ကိုင်ဖက်များ၏ ကူညီမှုကို ရရှိမည်။

**အိမ်တွင်းရေး** ။ မိသားဘစ်စု ပျော်ရွှင်ချမ်းမြေ့ရမည့်ကာလဖြစ်သည်။ သားသမီးများ၏ ပညာရေး ကျန်းမာရေး၊ စီးပွားရေး အစစ အရာရာ အဆင်ပြေမည်။

**အချစ်ရေး** ။ ချစ်ရေးချစ်ရာ အောင်မြင်နေသောကာလဖြစ်သည်။ လူကြီးမိဘများကလည်း သဘောတူမည်။ လက်ခံမည်။

**ပညာရေး** ။ တက်ချင်သည့် သင်တန်းတက်ပါ။ သင်ယူချင်သည့် ပညာကို သင်ယူပါ။ အောင်မြင်မည်။

**ကျန်းမာရေး** ။ ခြေချော်လဲခြင်း၊ ခြေခေါက်ခြင်း၊ ခြေနာခြင်းတို့ ဖြစ်တတ်၍ အသွားအလာ အနေအထိုင် သတိထားပါ။

**ဆောင်ရန်ရက်များ** ။ ၅၊ ၇၊ ၁၀၊ ၁၃၊ ၁၆၊ ၂၀၊ ၂၄၊ ၂၇၊ ၂၉။

**ရှောင်ရန်ရက်များ** ။ ၄၊ ၆၊ ၈၊ ၁၁၊ ၁၅၊ ၁၉၊ ၂၅၊ ၂၈။

**ထီထိုးရန်ရက်များ** ။ ၃၊ ၉၊ ၁၂၊ ၁၄၊ ၁၇၊ ၁၈၊ ၂၁၊ ၂၃၊ ၂၆၊ ၃၀၊ ၃၁။

**ထီထိုးရန်ဂဏန်းများ** ။ ၃၊ ၅၊ ၇၊ ၉ ဂဏန်းများများပါအောင် ရွေးချယ်ပါ။

**အဆောင်သကြော** ။ ကလေးများကို နွားနို့ထမင်း ကျွေးမွေးပါ။ ခွေးများကို အစာကျွေးပါ။

## ဗုဒ္ဓဟူး

**စီးပွားရေး** ။ ပညာရေး ဝန်ဆောင်မှုလုပ်ငန်းများ၊ ဘော်ဒါများ စီးပွားဖြစ်မည်။ အောင်မြင်မည်။ ဘာသာရေးဆိုင်ရာ စီးပွားရေးလုပ်ငန်းများ ဝင်ငွေကောင်းမည်။ လျှပ်စစ်ပစ္စည်း ထုတ်လုပ်မှုလုပ်ငန်းများ အမြတ်များမည်။

**ဝန်ထမ်းရေးရာ** ။ ဝင်ငွေကောင်းသော နေရာရမည်။ ငွေဝင်သလောက် လုပ်ငန်းတာဝန်. ကြီးမားမည်။

**အိမ်တွင်းရေး** ။ အိမ်တွင်းရေး သာယာမည်။ စီးပွားရေး အခြေခိုင်၍ အစစအရာရာ အောင်မြင်ပျော်ရွှင်ရမည်။

**အချစ်ရေး** ။ အချစ်ရေး အောင်မြင်ပျော်ရွှင်ရမည်။ ရုတ်တရက် အိမ်ထောင်ကျတတ်သည်။

**ပညာရေး** ။ ပညာရေး ကံကောင်းပါသည်။ နည်းနည်း ကြိုးစားလိုက်ရုံဖြင့် များများအောင်မြင်မည်။

**ကျန်းမာရေး** ။ ဖျားနာတတ်၍ နေပူထဲမှ ပြန်လာလာချင်း ရေမချိုးပါနှင့်။

**ဆောင်ရန်ရက်များ** ။ ၃၊ ၅၊ ၆၊ ၈၊ ၁၁၊ ၁၄၊ ၁၇၊ ၁၉၊ ၂၃၊ ၂၅၊ ၂၇



www.burmeseclassic.com

www.burmeseclassic.com

**ရှောင်ရန်ရက်များ။** ။ ၄၊ ၇၊ ၁၀၊ ၁၃၊ ၁၅၊ ၁၈၊ ၂၁၊ ၂၄၊ ၂၆၊ ၂၉။

**ထီထိုးရန်ရက်များ။** ။ ၂၊ ၃၊ ၆၊ ၉၊ ၁၂၊ ၁၆၊ ၁၉၊ ၂၂၊ ၂၅၊ ၂၈၊ ၃၁။

**ထီထိုးရန်ဂဏန်းများ။** ။ **၁၊ ၃၊ ၈၊ ၉** ဂဏန်းများများပါအောင် ရွေးချယ်ပါ။

**အဆောင်သကြေား။** ။ ဘုန်းတော်ကြီးအား အုန်းဆွမ်းကပ်လှူပါ။

## ကြာသပတေး

**စီးပွားရေး။** ။ အလုပ်ကုန်များ၊ ပတ်စုံများ အရောင်းအဝယ်ကောင်းမည်။ အမြတ်များမည်။ အမျိုးသမီးအသုံးအဆောင်ဆိုင် တိုးချဲ့ခြင်း၊ ဆိုင်သစ်ဖွင့်ခြင်း လုပ်နိုင်သည်။

**ဝန်ထမ်းရေးရာ။** ။ လုပ်ငန်းများ အောင်မြင်၍ ချီးကျူးခံရမည်။ ဆုငွေများ ရရှိမည်။ နေရာကောင်းသို့ ပြောင်းရွှေ့ခံရမည်။

**အိမ်တွင်းရေး။** ။ အိမ်ထောင်ဖက်၏ လုပ်ငန်း၊ စီးပွားရေး ဝင်ငွေကောင်း၍ အိမ်တွင်းရေးတွင် အဆင်ပြေမည်။ သားသမီးထဲမှ နိုင်ငံခြားခရီးထွက်ရကိန်း ရှိနေသည်။

**အချစ်ရေး။** ။ ချစ်သူ၏စကားကို လိုက်နာပြီး မိဘများ မဆန့်ကျင်ပါနှင့်။ အချစ်သည် တစ်ခဏ မေတ္တာသည်သာ ထာဝရဖြစ်သည်။ မိဘမေတ္တာကို နားလည်ပါ။ သိပါ။

**ပညာရေး။** ။ ကြိုက်သည့် သင်တန်းကိုတက်၊ တက်ချင်သည့် ပညာရပ်ကိုသင် ထိပ်တန်းမှ အောင်မြင်မည့်ကာလဖြစ်သည်။

**ကျန်းမာရေး။** ။ သွေးတိုး၊ နှလုံးရောဂါအခံရှိလျှင် ရောဂါပြန်တတတ်သည်။ အအိပ်အနေ အစားအသောက် သတိထားပါ။

**ဆောင်ရန်ရက်များ။** ။ ၃၊ ၄၊ ၅၊ ၈၊ ၁၀၊ ၁၃၊ ၁၆၊ ၂၀၊ ၂၂၊ ၂၅၊ ၂၇၊ ၂၉။

**ရှောင်ရန်ရက်များ။** ။ ၂၊ ၆၊ ၉၊ ၁၁၊ ၁၄၊ ၁၇၊ ၂၁၊ ၂၃၊ ၂၆၊ ၂၈၊ ၃၀။

**ထီထိုးရန်ရက်များ။** ။ ၄၊ ၇၊ ၁၀၊ ၁၂၊ ၁၅၊ ၁၈၊ ၂၂၊ ၂၄၊ ၂၇၊ ၂၉၊ ၃၁။

**ထီထိုးရန်ဂဏန်းများ။** ။ **၃၊ ၄၊ ၅၊ ၈** ဂဏန်းများများပါအောင် ရွေးချယ်ပါ။

**အဆောင်သကြေား။** ။ ကန့်စွန်းရွက်ကို ဝက်အူချောင်းနှင့်ကြော်၍ မိသားတစ်စု စားပါ။

## သောကြာ

**စီးပွားရေး။** ။ လုပ်ငန်းများ ပုံမှန်လုပ်ကိုင်နေရမည်။ လုပ်ငန်းသစ်များ မတင်သင့်ပါ။ လုပ်ငန်းများ မတိုးချဲ့သင့်သေးပါ။ လက်ရှိလုပ်ငန်းကို အခြေခိုင်အောင် လုပ်ဆောင်ပါ။

**ဝန်ထမ်းရေးရာ။** ။ လူကြီးများက မိမိအား ယုံကြည်၍ ပေးအပ်သော တာဝန်များကို ကျေပွန်အောင် ဆောင်ရွက်ပါ။ မိမိအတွက် အခွင့်အလမ်းများ ရရှိမည်။

**အိမ်တွင်းရေး။** ။ မိသားစု သာယာမည်။ စီးပွားရေး ကောင်းမည်။ သားသမီးထဲမှ နိုင်ငံခြားခရီး သွားရကိန်းရှိသည်။

**အချစ်ရေး။** ။ အသက်လေးဆယ်ကျော် ငါးဆယ်အတွင်း လူကြီးများ အချစ်ရောဂါ မထပါနှင့်။ အချစ်ဖျားသည် ပြင်းထန်ပါသည်။







**ပညာရေး။** ။ အခက်အခဲ ဆိုသည်မှာ တွေ့ရတတ်စမြဲပါ။ အခက်အခဲများများ တွေ့လေ အောင်မြင်မှုများများ ရလေဟု မှတ်ယူထားပါ။

**ကျန်းမာရေး။** ။ အဆစ်အမျက် ကိုက်ခဲနာကျင်ခြင်း၊ လေဖက်နာစသော ရောဂါများ ဖြစ်တတ်၍ သတိထားပါ။

**ဆောင်ရန်ရက်များ။** ။ ၂၊ ၅၊ ၇၊ ၁၁၊ ၁၃၊ ၁၆၊ ၁၇၊ ၁၉၊ ၂၂၊ ၂၅၊ ၂၇၊ ၃၀။

**ရှောင်ရန်ရက်များ။** ။ ၃၊ ၆၊ ၈၊ ၁၂၊ ၁၄၊ ၁၈၊ ၂၀၊ ၂၃၊ ၂၆၊ ၂၈၊ ၃၁။

**ထီထိုးရန်ရက်များ။** ။ ၄၊ ၇၊ ၉၊ ၁၀၊ ၁၃၊ ၁၅၊ ၁၉၊ ၂၄၊ ၂၇၊ ၂၉၊ ၃၀။

**ထီထိုးရန်ဂဏန်းများ။** ။ **၂၊ ၅၊ ၇၊ ၉** ဂဏန်းများများပါအောင် ရွေးချယ်ပါ။

**အဆောင်သကြေား။** ။ ဝက်သား (သို့မဟုတ်) ကြက်သား ဆန်ပြုတ်ပြုတ်၍ တတ်နိုင်သမျှ လမ်းထဲတွင် ဝေပါ။

## စနေ

**စီးပွားရေး။** ။ ရွှေအရောင်းအဝယ်လုပ်ငန်းများ၊ ရွှေပန်းထိမ်လုပ်ငန်းများ စီးပွားဖြစ်မည်။ ငွေကြေးလဲလှယ်ရေးလုပ်ငန်း ရောင်းဝယ်ရေးလုပ်ငန်းများ အမြတ်များမည်။ နိုင်ငံခြားကုမ္ပဏီနှင့် ဆက်သွယ်လုပ်ကိုင်ရလိမ့်မည်။

**ဝန်ထမ်းရေးရာ။** ။ ပေးအပ်သော တာဝန်များကို ကျေပွန်အောင် ဆောင်ရွက်နိုင်သော်လည်း လူကြီးများ၏ အထင်အမြင် လွဲမှားမှု ခံရတတ်သည်။

**အိမ်တွင်းရေး။** ။ သာယာချမ်းမြေ့သော မိသားစု ဖြစ်မည်။ မိသားစုအတွင်း ကြီးပွားရေး၊ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေးများကောင်းမွန်မည်။ သားသမီးထဲမှ နိုင်ငံခြားခရီး သွားရကိန်းရှိသည်။

**အချစ်ရေး။** ။ ဆုံးဖြတ်ရန် ကိစ္စရှိလျှင် နှလုံးသားဖြင့် ခံစားပါ။ ဦးနှောက်ဖြင့် ဆုံးဖြတ်ပါ။ ဘဝတစ်သက်တာအတွက်ဖြစ်၍ စဉ်းစားဆင်ခြင်ဆုံးဖြတ်ပါ။

**ပညာရေး။** ။ ဆရာကောင်း သမားကောင်း ပညာကောင်းနှင့် တွေ့မည်။ အောင်မြင်မည်။

**ကျန်းမာရေး။** ။ သွေးတိုးရောဂါ အခံရှိပါက ရောဂါပြန်ထတတ်သည်။ အစားအသောက် အအိပ်အနေ သတိထားပါ။ စိတ်ရောကိုယ်ပါ အနားယူပေးပါ။

**ဆောင်ရန်ရက်များ။** ။ ၃၊ ၄၊ ၇၊ ၁၁၊ ၁၄၊ ၁၇၊ ၂၀၊ ၂၃၊ ၂၆၊ ၂၉၊ ၃၁။

**ရှောင်ရန်ရက်များ။** ။ ၅၊ ၈၊ ၁၂၊ ၁၅၊ ၁၈၊ ၂၁၊ ၂၄၊ ၂၇၊ ၃၀။

**ထီထိုးရန်ရက်များ။** ။ ၂၊ ၆၊ ၉၊ ၁၀၊ ၁၃၊ ၁၆၊ ၁၉၊ ၂၂၊ ၂၅၊ ၂၈၊ ၃၁။

**ထီထိုးရန်ဂဏန်းများ။** ။ **၃၊ ၄၊ ၇၊ ၀** ဂဏန်းများများပါအောင် ရွေးချယ်ပါ။

**အဆောင်သကြေား။** ။ အုန်းနို့ သကြား သာကူ ကျို၍ လမ်းထဲတွင် ဝေငှပါ။

*ကျန်းမာ ချမ်းသာကြပါစေ။*

**ဆရာ ရောင်ခြည်**



www.burmeseclassic.com

www.burmeseclassic.com

# ခိုင်းနွား

ဖွေဆိုး အာနိုသင်ပြယ်အောင်

**ကျိုက်ပေါ်–လွှန်းညာသွား** မြေနီလှည်းလမ်းကလေးပေါ်တွင် တအီအီမြည်ကာ ဘီးလိမ့်နေသည့် နွားလှည်းထက်မှ . လှည်းမောင်းသမားသည် စုတ်တသပ်သပ်ဖြင့် သူ့နွားများအား ချော့မြူကာ မောင်းနှင်နေလေသည်။

လှည်းကြုံ လိုက်လာသည့် စောအွာဒီးက လှုပ်လီလှုပ်လဲ့ဖြင့် တရွေ့ရွေ့ သွားနေသည့် နွားများကို အားမလို အားမရဖြစ်ကာ...


'နွားတွေက မင်းကိုင်နေကျ မဟုတ်လို့ ထင်တယ်၊ အမိန့် မနာခံချင်ကြဘူး'

'မဟုတ်ဘူး မာန်နဲ့(ဘကြီး) နွားက ခြံပေါက်နွားပါ။ ခါးမှာ ကန်ဖွေ(ပေါင်ရင်းအရှေ့ ခါးနံဘေးတွင်ရှိသော မွေးညင်းပေါက်ပုံနက်) မွဲ့ပါနေလို့ အကြမ်းမကိုင် မရိုက်မနှက်ဘူးတော့ အတင့်ရဲပြီး လူမကြောက်တော့ဘူး။ တစ်ခါတလေ ရိုက်နှက်ဆုံးမချင်ပေမယ့် ကန်ဖွေကြောင့် လူကို ခိုက်မှာစိုးလို့ပါ'

'ဟ ဒီအတိုင်း အနေကြာရင် မင်းနွားက နဖျင်းဖြစ်သွားပြီး အသားချိန်ဈေးပဲ ရတော့မှာပေါ့။ ညှင်းဆဲတာတော့ ဘယ်ဟုတ်မလဲ၊ ခိုင်းနွားကောင်းဖြစ်အောင် တစ်ခါတလေလဲ သွန်သင်ဆုံးမရတာပေါ့။

အိမ်ပြန်ရောက်ရင် ဒီနွားကို ရေတိုက်အစာကျွေးပြီး အနားပေးထား။ မနက်လင်းတာနဲ့ ခြံဝင်းအတွင်းက သစ်ငုတ်တိုတစ်ခုမှာ ချည်ပြီး လှန်ထား။

**ထမင်းတစ်ဆုပ်ကို နှမ်းလှော်**



ဘယ်ဘက်မှ ကန်ဖွေမွဲနှင့် ခိုင်းနွား ၊

**ဖြူးပြီး** သစ်ငုတ်မှာတင် "**အမိန့်နာခံတဲ့ သစ္စာရှိ ခိုင်းနွားကောင်းဖြစ်အောင် ကြည့်ရှုပေးပါ**"လို့ ရွတ်ဆိုဆုတောင်းပြီး ရေတစ်မှုတ် လောင်းချပြီးရင် မင်းနွားကို ဆွဲပြီး ပြန်လာခဲ့ပေတော့ကွာ။ ပိုင်ရှင်ရဲ့ အသက်ကို ရန်ရှာတဲ့ နွားဖွေဆိုးကိုတောင် ပျက်ပြယ်စေတယ်ကွ'

'ဘယ်နေ့ လုပ်ရမှာမှာလဲ ဘကြီး'

'ဘယ်နေ့မဆို ရပါတယ်။ သစ်ငုတ်ချည်တိုင်က ပြန်လာလို့ တင်းကုပ်ထဲရောက်တာနဲ့ အသင့်လုပ်ထားတဲ့ **ပေါက်ပန်းဖြူအကိုင်းနဲ့ နွားတစ်ကိုယ်လုံး နေရာအနှံ့ (၇)ချက်အသက်အောင့်ရိုက်ပေး စတီပေါ့ကွာ'**

'ဟုတ်ကဲ့ အဘိုး ပြောတာတော့ ကြားဖူးတယ်။ ပေါက်ပန်းဖြူကိုင်းကို မေ့နေလို့ မလုပ်ဖြစ်တာပါ။ ဝမ်းသာလိုက်တာ ဘကြီးရယ်'

**အိန္ဒုလမ်းခွဲတွင်** စောအွာဒီး ဆင်းကျန်ရစ်သောအခါ လှည်းသမားသူငယ်ကလေးမှာ ကျေးဇူးတင်စကားကို အထပ်ထပ်ဆိုလျက် ဝမ်းသာအားရ နှုတ်ဆက်ထွက်ခွာသွားလေသည်။

စောသိင်းလ

www.burmeseclassic.com



ဘီလူးမြို့ဝင်ပေါက်ကြီးအဖြစ် ခမ်းနားလှသည့် မုခ်ဦး

# ထူးတာတွေတော့

ပြောချင်ပြချင်

မောင်ကံ
(ထုံတားရွာ)

## ဘီလူးမြို့ကို လေ့လာခြင်း

"ဘီလူး"

ဤအမည်မှာ မြန်မာများနှင့် လူမှန်း ...စ ကလေးဘဝကတည်းက ရင်းနှီး ...မ်းဝင်ခဲ့သည့် အမည်ပင်။ ကောင်း ...ည့်ဘက်က ရင်းနှီးကျွမ်းဝင်ခြင်း ...ဟုတ်။ မကောင်းသည့်ဘက်က ...နှီးကျွမ်းဝင်မှုပင်။

ဘီလူးကို သက်ရှိထင်ရှား မမြင်ဘူး ...သော်လည်း ဘီလူး ဆိုသည်မှာ **...ယ်ငေါငေါ၊ ကြောက်မက်ဖွယ်ရာ ...နှာ** တစ်ကိုယ်လုံး အမွေးထူထူ ... ကလေးငယ်များကို ကိုက်စားတတ် ...ည်ဟုသည့် အဘိုး၊ အဘွားတို့ ...ပြသော အိပ်ရာဝင်ပုံပြင်များနှင့် ...ရားတန်ဆောင်းတို့ရှေ့ရှိ သန်လျက် ... ထမ်းထားသော မျက်နှာပေါက် ...သည့် ဘီလူးရုပ်တုများကြောင့် မြန်မာလူမျိုးတို့အဖို့ ဘီလူးဆိုလျှင် မမြင်ဘူးဘဲနှင့် ကျွမ်းဝင်သည့်ပုဂ္ဂိုလ်။

ဤကဲ့သို့ လူတိုင်းသိထားသော ဘီလူးများ စုပေါင်းနေထိုင်ရာ မြို့ သို့မဟုတ် ဒေသတစ်ခုသည် မြန်မာနိုင်ငံအတွင်း၌ အမှန်တကယ်ပင် ရှိခဲ့ပြီး ယခုတိုင်လည်း ထိုမြို့ကို ဘီလူးများ နေထိုင်ခဲ့သည်ကို အစွဲပြု၍ **ဘီလူးမြို့**ဟု ခေါ်တွင်နေကြောင်း ပြောပြလျှင် မသိသေးသူများ ယုံမည်မဟုတ်ပါ။

ယုံသည်ဖြစ်စေ မယုံသည်ဖြစ်စေ ဘီလူးမြို့ကို ကျွန်တော် သွားရောက်လေ့လာခဲ့ပုံကို ဓာတ်ပုံမှတ်တမ်းနှင့် အတူ တင်ပြပေးပါမည်။

ကျွန်တော် မြစ်ကြီးနားမြို့တွင် တာဝန်ထမ်းဆောင်စဉ်က ဖြစ်ပါသည်။ လုပ်ငန်းတာဝန်အရ မိုးညှင်းမြို့သို့ သွားရောက်ရပါသည်။

လုပ်ငန်းများ ဆောင်ရွက်ပြီးနောက် သူငယ်ချင်းဖြစ်သူ ခရိုင်အုပ်ချုပ်ရေးမှူးက ဘီလူးမြို့ကို လေ့လာရင်း ဘီလူးဘုရားလည်း ဖူးခဲ့ရန် ပြောသဖြင့် မိုးညှင်းခရိုင်ရုံးက ဝန်ထမ်းများနှင့်အတူ



www.burmeseclassic.com

www.burmeseclassic.com

ဘီလူးမြို့သို့ မော်တော်ယာဉ်ဖြင့် ထွက်ခဲ့ပါသည်။ **ဘီလူးမြို့သည် မိုးညှင်းမြို့၏ အနောက်မြောက် အရပ်၌ရှိပြီး (၅)မိုင်ခန့်သာ ကွာဝေးပါသည်။**

ဘီလူးမြို့ဟု ခေါ်တွင်ရခြင်းမှာ ဒေသခံများ၏ ပြောပြချက်ကို အကျဉ်းမျှ ဖော်ပြပါမည်။ လွန်ခဲ့သော တစ်ချိန်က (ဘီစီ မည်မျှ၊ အေဒီ မည်မျှ၊ သက္ကရာဇ် မည်မျှဟုတော့ မဖော်ပြနိုင်ပါ။) ညီနောင်မင်းသား(၂)ပါး စိုးစံသော နေပြည်တော်တစ်ခု ရှိခဲ့ပါသည်။

အသေးစိတ် လေ့လာသူများကမူ ထိုနေပြည်တော်သည် ယခု ကသာမြို့ တည်နေရာဟု ဆိုသည်။ ကြားဖူးသမျှ ဖော်ပြခြင်း ဖြစ်ပါသည်။ တစ်နေ့တွင် အစ်ကိုဖြစ်သူ ဘုရင်သည် တောကစားထွက်ရာ အခြွေအရံများနှင့် လူချင်းကွဲသွားခိုက်တွင် တောတွင်းတစ်နေရာ၌ အလွန် ချောမောလှပသော မိန်းမပျိုတစ်ဦးကို တွေ့ရာ စွဲလမ်းသဖြင့် မြို့တော်သို့ ခေါ်ဆောင်လာပြီး မိဖုရားမြှောက်ပါသည်။

ထိုမိန်းမပျိုသည် ဘီလူးများ နေထိုင်သည့် ဘီလူးမြို့မှ ဘီလူးမက လူယောင်ဖန်ဆင်းထားသည်ကို ဘုရင် မသိပါ။ ထိုဘုရင်တွင် ယခင်က တင်မြှောက်ထားပြီးသည့် မိဖုရားများ လည်းရှိပြီးဖြစ်သည်။

ဘီလူးမသည် ယခင် မိဖုရားများကို ဒုက္ခပေးလိုသဖြင့် ဖျားနာချင်ယောင်ဆောင်သောအခါ ဘုရင်သည် မိမိ မြတ်နိုးသော မိဖုရား နေကောင်းစေရန်အတွက် မည်ကဲ့သို့ လုပ်ပေးရမည်နည်းဟု မေးသောအခါ မိဖုရားဘီလူးမက ယခင် မိဖုရားများ၏ မျက်လုံးများကို ဖောက်ထုတ်မှသာ မိမိ နေကောင်းမည်ဟု ပြောသဖြင့် မိုက်မဲသော ဘုရင်သည် ယခင် မိဖုရားများ၏ မျက်လုံးများကို ဖောက်ထုတ်စေပါသည်။

ဖောက်ထုတ်ထားသော မျက်လုံးများကို နန်းတော်ထဲ၌ ကြိုးဖြင့် သီထားပါသည်။ မိဖုရားများအားလုံး မျက်မမြင်ဘဝသို့ ရောက်ရလေသည်။ ဖျားနာချင်ယောင် ဆောင်သော ဘီလူးမသည် သူ၏ဆန္ဒ ပြည့်ဝသဖြင့် နေကောင်းသွားလေသည်။

တစ်ကြိမ်တွင် ညီဖြစ်သူ မင်းသားသည် တောကစားထွက်ရာ အစ်ကိုဖြစ်သူ ရောက်ခဲ့သော ဘီလူးများ နေထိုင်ရာ ဒေသသို့ရောက်ရာ ချောမောလှပသော မိန်းမပျိုကို တွေ့၍ မည်သည့်မျိုးနွယ်ဖြစ်ကြောင်း မေးရာ မိန်းမပျိုက မိမိသည် ဘီလူးမျိုးနွယ်ဖြစ်ကြောင်း၊ မိမိတို့မျိုးနွယ်သည် ဤဒေသ၌ ရပ်ရွာ တည်ထောင်နေထိုင်ကြောင်း၊ လူယောင်ဖန်ဆင်း၍ရကြောင်း၊ ယခင်ကလည်း လူယောင်ဖန်ဆင်းထားသော မိမိ၏ အစ်မကို ဘုရင်တစ်ပါးက ခေါ်ယူ မိဖုရားမြှောက်ထားကြောင်း ပြောပြပါသည်။

ထိုအခါ ညီငယ်မင်းသားက ထိုဘီလူးမ၏ ပရိယာယ်ကြောင့် ကျန်မိဖုရား၏ မျက်လုံးများ ဖောက်ထုတ်ခံရကြောင်း၊ ကူညီနိုင်ပါက ကူညီပါရန် ပြောရာ စိတ်စေတနာကောင်းပြီး ကြင်နာတတ်သော ညီမငယ် ဘီလူးမသည် အစွမ်းထက်မြက်သော သိဒ္ဓိဝင်ဓာတ်လုံးကို မင်းသားငယ်အား ပေးအပ်ပါသည်။

မင်းသားငယ်သည် နန်းတော်သို့ ပြန်ရောက်သည့်အခါ အစ်ကို ဘုရင်အား အကြောင်းစုံပြောပြပြီး မိဖုရားများ၏ မျက်လုံးများကိုယူကာ သိဒ္ဓိဝင်ဓာတ်လုံးဖြင့် ပွတ်သတ်ရာ မျက်လုံးများအားလုံး ပြန်ကောင်းလေသည်။ ဘုရင်က မိမိစွဲလမ်းသော မိန်းမပျိုမှာ ဘီလူးမမှန်း သိသောအခါ နေရပ်သို့ နှင်ထုတ်လေသည်။ ဤကား အကျဉ်းမျှ ဖြစ်ပါသည်။

**အဓိက တင်ပြလိုသည်မှာ ဘီလူးမြို့ဆိုသည်မှာ အမှန်တကယ်ရှိခဲ့ကြောင်း တင်ပြလိုခြင်းသာဖြစ်ပါသည်။** အတူလိုက်ပါလာသော ခရိုင်ရုံးဝန်ထမ်းများများ ဤဘီလူးမြို့သည် ပြည်ထဲရေးပြန်တမ်းတွင် မည်သည့်အမည်ပေါက်သလဲဟုမေးရာ ဘီလူးမြို့ဟုပင် အမည်ပေါက်ကြောင်း ပြောပါသည်။

ဘီလူးမြို့မှာ ယခုအချိန်တွင် တိုက်တာ အိမ်ကြီးအိမ်ကောင်းများဖြင့် စီးပွားရေးဖွံ့ဖြိုးသော မြို့တစ်မြို့ဖြစ်နေပါသည်။ တည်ထားကိုးကွယ်သည့် စေတီတော်ကြီးမှာလည်း လွန်စွာကြီးမားကာ ကြည်ညိုဖွယ်ရာဖြစ်ပြီး သာသနိက အဆောက်အအုံများမှာလည်း နေရာအနှံ့ပင် သာသနာတော် စည်ပင်ဖွံ့ဖြိုးမှုကို ဖော်ပြနေရာ အကြိမ်ကြိမ် သာဓုခေါ်မိပါသည်။

စေတီတော်ကြီး၏ အဝင်ခမ်းနားသော မုခ်ဦးကို ဓာတ်ပုံမှတ်တမ်းယူခဲ့ပါသည်။ မုခ်ဦးတွင် **ဘီလူးမြို့**ဟူသော စာသားကို ဖတ်ရှုနိုင်ပါသည်။

မြန်မာတို့နှင့် သက်ရှိထင်ရှား မမြင်ဘူးဘဲနှင့် ကျွမ်းဝင်သော ပုဂ္ဂိုလ်များဖြစ်သည့် ဘီလူးများ စုပေါင်းနေထိုင်ခဲ့သည့် ဘီလူးမြို့မှာ စိတ်ဝင်စားဖွယ်ကောင်းလှသဖြင့် ဒေသန္တရဗဟုသုတတစ်ခုကို မျှဝေဖော်ပြခြင်း ဖြစ်ပါသည်။ မိုးညှင်းမြို့သို့ အကြောင်း ညီညွတ်၍ ရောက်ရှိပါက မလွတ်တမ်း သွားရောက် ကြည့်ရှု လေ့လာသင့်သော မြို့ဖြစ်ပါကြောင်း သတင်း…





www.burmeseclassic.com

www.burmeseclassic.com

အပ်ပါသည်။


## လက်တော်မှ ရေများ ယိုစီးသည့် ရဟန္တာရုပ်တုတော်

ကျွန်တော် တာချီလိတ်မြို့တွင် တာဝန်ထမ်းဆောင်စဉ်က **ကျေးဇူးတော်ရှင် နဂါးနှစ်ကောင်ဆရာတော်ကြီး** ကြိုးပမ်းမှုဖြင့် ပြည်သူများ စုပေါင်းတည်ထားကိုးကွယ်သော တာချီလိတ် ရွှေတိဂုံစေတီတော်၏ တန်ဆောင်းအတွင်းရှိ ထိုင်တော်မူ ဆင်းတုတော်ကြီး၏ လက်ညှိုးတော်မှ ရေများ စီးကျသည်ကို ကိုယ်တိုင် ဖူးမြင်ရပြီး ဓာတ်ပုံမှတ်တမ်းလည်း ယူခဲ့ပါသည်။

နှစ်အတော်ကြာပြီး တစ်နေရာမှ တစ်နေရာ ပြောင်းရွှေ့မှုများကြောင့် ဓာတ်ပုံများ ရှာမတွေ့ခဲ့၍ မဖော်ပြနိုင်တော့ပါ။

ယခုမူ လက်တော်မှ (၃)ရက်တိုင်တိုင် ရေများ စီးကျသော ရဟန္တာရုပ်တုတော်ကို ဖော်ပြပါမည်။ **ပဲခူးတိုင်းဒေသကြီး၊ ကဝမြို့နယ်၊ ဖလေးရွာမှ ကျိုက်မတ်ကော်စေတီတော် [အရပ်အခေါ် ဖလေးဘုရားကြီး]**သည် ထုထည်ကြီးမားရုံသာမက တောင်ကုန်းတစ်ခုပေါ်၌ တည်ထားခြင်းဖြစ်ရာ ဖလေးဘုရားကြီးကို အလွန်ဝေးသောနေရာ ရန်ကုန်-ပဲခူး မီးရထား စီးနေခြင်းပင် ရထားပေါ်မှ ဖူးမြော်နိုင်ပေသည်။

ဖလေးဘုရားကြီးတွင် အဝင်ဆောင်းတန်းမှစ၍ ရဟန္တာရုပ်တုတော်များ စီတန်းနေသည်ကို ဖူးမြော်ရပြီး ဘုရားကြီး တစ်ပတ်လုံး၌လည်း ရဟန္တာရုပ်တုတော်များ အပြည့်ပင်။ မြန်မာတို့အဆို ရဟန္တာ(၅၀၀)ဟု ဆိုကြသော ရုပ်တုတော်များကို မရေတွက်ခဲ့သော်လည်း (၅၀၀)ပြည့်မည်ပင် ဖြစ်ပါသည်။



▲ လက်တော်မှ ရေယိုစီးသည့် ရဟန္တာရုပ်တုတော်

၂၀၁၂ ခုနှစ်အတွင်း ရုပ်မြင်သံကြားတွင် ဖလေးဘုရားကြီးနှင့် ပတ်သက်၍ မေးမြန်းဖြေကြားချက်ကို ကြည့်ရှုခဲ့ရာ များပြားလှသော ရဟန္တာရုပ်တုတော်များအနက်မှ **ရဟန္တာရုပ်တုတော်တစ်ဆူ၏ လက်တော်မှ (၃)ရက်တိုင်တိုင် ရေများ စီးဆင်းသည်ဟု ကြည့်ရှုခဲ့ရပါသည်။**

ထိုအချိန်တွင် ကျွန်တော် အဝေး၌ တာဝန်ကျနေသဖြင့် ဖလေးဘုရားကြီးသို့ မရောက်ခဲ့ပါ။ ယခု ရောက်သည့်အခါမှသာ လက်တော်က ရေစီးကျသော ရဟန္တာကိုယ်တော်၏ ရုပ်တုကို ဖူးမြော်ပြီး ဓာတ်ပုံမှတ်တမ်း ယူခဲ့ပါသည်။ စာဖတ်သူများ ပူဇော်နိုင်ရန် ဖော်ပြအပ်ပါသည်။

အခြား သိစေလိုသော အချက်မှာ ဖလေးဘုရားကြီးသည် တောင်ကုန်းပေါ်တွင် တည်ရှိပြီး သစ်ပင်ကြီးများ

 စာမျက်နှာ (၂၄၀) သို့

www.burmeseclassic.com

www.burmeseclassic.com

ရှိန်းဆာယာ ပို့မောက်လို

# ကိုယ်ပျောက်တဲ့ဝိဇ္ဇာ

ရွှေတောင်ကြည်မောင်ဘိုး



ပြည်မြို့ ရွှေဆံတော်စေတီတော်မြတ်ကြီးကို အဖူးအမြော် တစ်ခေါက် ဖိုးဟန် ရောက်ခဲ့ပြန်ပါပြီ။ တစ်လကို တစ်ခေါက် ပုံမှန်ရောက်ခဲ့သည်မှာ လပေါင်းများစွာ ကြာခဲ့ပြီ။ လစဉ် လတိုင်း လပြည့်နေ့တိုင်း ရောက်ရသည်။ အဓိဋ္ဌာန်ဝင်ရသည်။ မပျက်မကွက် အဓိဋ္ဌာန် ဆက်ခဲ့ရသည်။

အဓိဋ္ဌာန်ရက်တိုင်း ဆရာရသေ့ ဦးအောင်နက်နှင့်လည်း တွေ့ရသည်။

ရွှေဆံတော် စေတီတော်မြတ်ကြီး၏ မြောက်ဘက်စောင်းတန်းမှ ဖိုးဟန် တရွေ့ရွေ့ တက်လာခဲ့သည်။ စေတီတော်ကို အဓိဋ္ဌာန် (၃)ပတ် ပတ်၍ ကြည်ညိုသည်။ တော်သလင်းနေမှာ အပူရှိန်ပြင်းလှသည်။ နေမွန်းတိမ်းပြီ။ မွန်းလွဲချိန်တွင် နေရှိန်က ခြေဖဝါးအစုံကို စူးစူးရှရှ ထိထိမိမိ ရှိလှသည်။

ရွှေဆံတော် စေတီတော်ကို တနင်္ဂနွေထောင့်မှ ရှိသေမြတ်နိုး လက်စုံမိုး၍ ရှိခိုးဦးချ အားရအော[င်] ကန်တော့ဝတ်ပြု ကြည်ညိုပြီးသ[ည်] နောက် ဘိုးဘိုးအောင်တိုက်ရွေ[့] တရားဂူ(၃)သို့ ရှေးရှု၍ထွက်လာ[ခဲ့] သည်။

စွယ်တော်တိုက်ရှေ့ရှိ ပထမံဘိုး[ဘိုး] အောင် ကိုးကွယ်ခဲ့သော ဗုဒ္ဓရုပ်[ပွား] တော်ကို ရှိခိုးကန်တော့ပြီး အနော[က်] ဘက်စောင်းတန်းကို ကျော်သ[ည်။] စောင်းတန်းအလွန်တွင် အနော[က်] အရပ်ကို ဦးတည်၍ အောက်ဘက်[သို့] ဆင်းသော အုတ်လှေကားအတိုင်[း] ဆင်းလိုက်သည်။

တစ်ဆစ်ချိုး လှေကားအဆုံးတ[ွင်] အောက်ဘက်သို့ ကွေ့လိုက်ရာ တ[ရား] ဂူ (၃)ကို ဘွားခနဲ မြင်လိုက်ရသ[ည်။]

တရားဂူ မြောက်ဘက်[ရှိ]ဆော[င်] လေးထဲတွင် ဦးစိန်[...] ဦးဟန်[...] ဦးလှသန်း၊ ဒေါ်ရှင်[နှင့်] ဒေါ်ကြည်အေး

www.burmeseclassic.com

တို့ ရှိနေကြသည်။ ထွေရာလေးပါး စကား ဆိုနေကြဟန်ရှိသည်။ အာဟာရ ဖြည့်ပြီးကြပြီဖြစ်မည်။ ဖိုးဟန်သည်လည်း နံနက်စာ စားခဲ့ပြီးပြီ။

ဖိုးဟန်ကို သူတို့အားလုံးက ဝမ်းမြောက်ဝမ်းသာ ကြိုဆိုကြပါသည်။ တစ်ယောက်တစ်ပေါက် ရွာအကြောင်း၊ ရပ်အကြောင်း၊ မိတ်ဆွေများအကြောင်း၊ မာကြောင်းသာကြောင်း အကြောင်းတို့ကို မေးကြမြန်းကြလေသည်။ ဖိုးဟန် လက်မလည်အောင် ပြန်လည် ဖြေကြားရတော့သည်။

ဆရာရသေ့ ထိုင်နေကျ နေရာလေးမှာမူ ဆရာရသေ့၏ အရိပ်အယောင်ကင်းမဲ့နေသည်။ ဖိုးဟန် ဘဝင်မကျဖြစ်မိသည်။ မနေနိုင်သည့်အဆုံး မေးလိုက်မိသည်။

'ဆရာတော် ကြွလာသလား'

'မမြင်ဘူးလားကွ'

ဆရာဟန်က နေရာထိုင်လေးကို လက်ညှိုးညွှန်ပြသည်။

'ဘယ်ကြွသွားလဲဗျ'

အားလုံးက ဖိုးဟန်ကိုကြည့်ပြီး ပြုံးလိုက်ကြသည်။

'တရားဂူထဲမှာ'

ဦးလှသန်း(ဆရာပုဏ်)က မေးငေါ့၍ပြသည်။

ဖိုးဟန်က ဆရာရသေ့ ဦးအောင်နက်ကို ဆရာတော်ဟု ခေါ်သည်။ ဦးဟန်တိုးကို ဆရာဟန်၊ ဦးလှသန်းကို ဆရာပုဏ်ဟုခေါ်သည်။ ဆရာဟန် ကွယ်လွန်ခဲ့သည်မှာ (၁၀)နှစ်ခန့်ရှိပါပြီ။ ဆရာပုဏ်က ဆရာဟန်ထက် စောသည်။ (၂၃)နှစ် ကျော်ပြီ။



အကြောင်းတစ်ခုကြောင့် ဆရာပုဏ်ကို သင်္ဂြိုဟ်ခဲ့သော သချိုင်းရှိ မြေပုံကို ပြန်လည်တူးဖော်သောအခါ ခေါင်းတလားကိုသာ တွေ့ရသည်။ ဆရာပုဏ်၏ ရုပ်ခန္ဓာမှာ ခေါင်းထဲတွင် မရှိ။ ပဟေဠိသဖွယ်။ တကယ့်အဖြစ်။

ဆရာဟန်နှင့် ဆရာပုဏ်တို့မှာ ဖိုးဟန်ကို သိုင်းပညာ သင်ပေးခဲ့ကြသော ဆရာများ ဖြစ်ကြသည်။

ဆရာဟန်ဆီက အခြေခံကစားကွက်များ ရရှိခဲ့သည်။ ဆရာပုဏ်ထံတွင် ဆက်လက်သင်ယူခဲ့သည်။ ဖိုးဟန်၏ ပထမဆရာနှင့် ဒုတိယဆရာတို့ ဖြစ်ကြသည်။

သိုင်းပညာနှင့် ပတ်သက်လျှင် ဆရာဟန်သည် ဆရာပုဏ်၏တပည့်ဖြစ်သည်။ ဆရာနှစ်ဦးထံမှ ရှမ်းတရုတ်သိုင်းပညာကို ဖိုးဟန် ရခဲ့ပါသည်။ ရန်ကုန်မြို့တွင် ဆရာကြီး ဦးလှသိန်းရှိကြောင်း၊ သူ့အစ်ကို ဆရာဖြစ်ကြောင်း ဆရာပုဏ်က ပြောပြပါသည်။ သို့သော် ဆရာကြီးကို တစ်ခါမျှ ကန်တော့ခွင့် မကြုံခဲ့ပါ။ ယခု ရှိခိုးကန်တော့လိုက်ပါပြီ။

ယောဂီဒေါ်ရှင်းမှာမူ ယခုအခါ ကျိုက်ထီးဆောင်းတွင် သီလရှင်ကြီးအဖြစ် သာသနာ့ဝန်ထမ်းလျက် ရှိနေကြောင်း ကြားသိရပါသည်။ ဒေါ်ရှင်း၏ မူလအမည်မှာ (၃)လုံးရှိပါသည်။ အင်္ဂလန်နိုင်ငံမှ အင်ဂျင်နီယာဘွဲ့ ရခဲ့သူဖြစ်ပါသည်။ မတွေ့ရသည်မှာ နှစ်ပေါင်း(၄၀)ကျော်ခဲ့ပါပြီ။

ဆရာပုဏ်က ဖိုးဟန်ကို...

'မထိုင်ဘူးလား'

ဟု မေးသည်။ ဖိုးဟန် မထိုင်နိုင်ပါ။ ပြုနေကျဝတ်ကို ပြုရမည်။ တရားဂူ(၃)၏ တံခါးရှေ့တွင် ဆရာရသေ့ ဦးအောင်နက်ကို ရှိခိုးဦးချ ကန်တော့လိုက်သည်။

တရားဂူအတွင်းမှ ဆရာရသေ့၏ ရွတ်ဖတ်သံတို့ကို တိုးတိုး...တိုးတိုးနှင့် ဖိုးဟန် ကြားရသည်။ အချို့ ဂါထာများကို ဉုံခံ၍ ရွတ်နေသည်။ ဂါထာမှန် ဉုံခံရမည်ကို ဖိုးဟန် ပညာရလိုက် သည်။

တရားဂူတံခါးကို ဖိုးဟန် ဆွဲဖွင့်ကြည့်သည်။ ဖွင့်၍မရ။ တံခါးကို အတွင်းမှ ချက်(ဂျက်)ထားသည်။ သော့ပေါက်ကလေးမှ ချောင်းကြည့်လိုက်သည့်အခါ ဗုဒ္ဓရုပ်ပွားတော်ရှေ့တွင် ဖယောင်းတိုင်တစ်တိုင်ကို မီးပူဖော်ထားသည်။

တရားဂူအတွင်းရှိ ခုတင်ခေါင်းရင်းတွင် ဆရာရသေ့မှာ တင်ပျဉ်ခွေထိုင်နေပါသည်။ ဆရာရသေ့ တရားဂူမှ အထွက်တွင် ပထမဆုံး ဖူးမည်ဟူသော စိတ်ဖြင့် ဂူတံခါးကို ကျောခိုင်းကာ ထိုင်လိုက်ပါသည်။

ဘိုးဘိုးအောင်တိုက် ခေါင်းရင်းဘက်ရှိ ဗောဓိညောင်ရိပ်သည် ဖိုးဟန်အတွက် ချွေးသိပ်ပေးသည့် အေးရိပ်သာယာ ဖြစ်နေပါသည်။ လွယ်အိတ်ထဲမှ ဒူးယားဘူးကို ထုတ်၍ တစ်လိပ်



www.burmeseclassic.com

www.burmeseclassic.com

သောက်လိုက်သည်။ မီးခိုးများကို မှုတ်ထုတ်ရင်း ဆရာရသေ့အကြောင်းကို တွေးတောစဉ်းစားနေမိသည်။

ဖိုးဟာန်၏ စိတ်အာရုံမြင်ကွင်းဝယ် ဆရာရသေ့၏ ပုံရိပ်ပေါင်းများစွာကို မြင်လာသည်။ အကြောင်းအရာ မထပ်သော်လည်း ဖြစ်ရပ်များက အဆက်အစပ် ရှိနေကြသည်။ အင်း၊ ဆေး၊ အဂ္ဂိရတ်၊ ဓာတ်ရိုက်ဓာတ်ဆင်၊ ဗေဒင်၊ နက္ခတ်၊ မနောဓာတ်တို့ဖြင့် ပြည့်ကျပ်နေသည်။

မေးစရာက တစ်ပုံတစ်ပင် ရှိနေသည်။ တွေးစရာကလည်း အစုံအလင် ရှိနေပြန်ပါသည်။ ရောပြွမ်းနေသည်။ အမေးနှင့် အတွေး ခွဲရေးကလည်း မလွယ်။ မြေလျှောက်ဝိဇ္ဇာတစ်ယောက်မှာ ဆိုင်ရာဆိုင်ရာ ပညာအတတ် စုံလင်အပ်သည်။ ပညာ မစုံလျှင် မြေမလျှောက်လေနှင့်၊ ရိက္ခာပျောက်သွားမည်။ ရိက္ခာပျောက်လျှင် အသက်ပါ ပျောက်သွားမည်။

အာဟာရသိဒ္ဓိမြောက်သည့် မြေလျှောက်ဝိဇ္ဇာများလည်း ရှိကြပါသည်။

ဆရာသခင်တို့ကသာ တတ်သမျှပညာကို သစ္စာရှိတပည့်တို့အား လက်ဆင့်ကမ်းကြပါလျှင် မြန်မာ့ဝိဇ္ဇာပညာရပ် တန်ဖိုးမဖြတ်နိုင်။ အနဂ္ဃ။ အတိုင်းမသိ။

ဖိုးဟာန် အတွေးစတို့ အမျှင်တန်းနေစဉ် ဆရာဟာန်က လှမ်းခေါ်သည်။ ဒေါ်ကြည်အေးက ခေါင်းညိတ်ပြသည်။ ဖိုးဟာန်က ''မလာသေးဘူး''ဟု ပြန်ပြောလိုက်သည်။ ဒေါ်ရှင်းက ရေနွေးအိုးကို မြှောက်ပြပြန်သည်။ ဖိုးဟာန် မသောက်လိုပါ။ ခေါင်းခါပြလိုက်သည်။

တရားဂူတံခါးကိုမှီလျက် ဒူးယား



တစ်လိပ်ပြီး တစ်လိပ် သောက်နေမိပါသည်။ လမ်းကြမ်းတွင် ကားစီးခဲ့ရသဖြင့် တစ်ကိုယ်လုံး ရိုက်ထားသကဲ့သို့ နာကျင်နေသည်။ ပင်ပန်းနွမ်းနယ်လှပြီ။

အချိန်မှာ ကုန်ခဲလှသည်။ ဆရာရသေ့ကလည်း ဂူထဲက ထွက်မလာသေး။ ရွတ်သံ ဖတ်သံများ တိတ်ဆိတ်သွားခဲ့သည်မှာ ကြာပြီ။ ဆရာဟာန်နှင့် ဆရာပုဏ်တို့၏ စကားသံများမှာ တစ်ခါတစ်ခါ ဖိုးဟာန်နားမှာ ဖြတ်တိုးသွားသည်။

တရားဂူ(၃)ရှေ့တွင် ဖိုးဟာန် ထိုင်နေခဲ့သည်မှာ တစ်နာရီခွဲကျော်သွားပြီ။ ဖိုးဟာန်လက်က နာရီက (၂)နာရီကို ပြနေသည်။ မွန်းလွဲ(၂)နာရီ။ သုဒဿနတောင်ခြေမှ ဝေ့၍ဝေ့၍ တက်လာသော လေပြည်သည် ဖိုးဟာန်၏ရင်ကို အေးစေသည်။

ဆရာဟာန်တို့ စကားဝိုင်းမှ ''ဟယ်'' ခနဲအသံ ထွက်ပေါ်လာသည်။ အံ့ဩမှုကြောင့် တုန်ခါသံများ ပါနေသည်။ စကားဝိုင်းဆီသို့ ဖိုးဟာန် ခေါင်းထောင်ကြည့်လိုက်သည်။ စကားဝိုင်းနှင့် ဖိုးဟာန်ထိုင်နေသော နေရာမှာ (၁၀)ပေ

ခန့်သာ ဝေးမည်။ မြင်ကွင်းမှာ အထင်သားရှိသည်။ သို့သော် သူတို့ ဘာ ''ဟယ်''ကြသည်ကို ဖိုးဟာန် မသိ မမြင်ရ။

ဝိုင်းဖွဲ့ပြီး ထိုင်နေကြသူအားလုံး မျက်လုံးမျက်ဆန် ပြူးနေကြသည်။ ရုတ်ရုတ်သဲသဲ မဖြစ်ရုံတမည် အံ့ဩ တုန်လှုပ်ဟန်တို့ကို အတိုင်းသား မြင် နေရသည်။

ဆရာပုဏ်နှင့် ဆရာဟာန်က သမင် လည်ပြန် အကြည့်၊ ဦးစိန်လှခေါင်း က ညာဘက်ကို စောင်းနေသည်။ ဒေါ်ရှင်းနှင့် ဒေါ်ကြည်အေးတို့က ကိုယ်စီကိုယ်င ပါးစပ်ဟကြလျက် မြောက်အရပ်သို့ မျက်နှာမူနေကြ သည်။ မဝေခွဲနိုင်သော အသွင်ကို သူတို့မျက်နှာများမှာ မြင်နေရသည်။

မကြာလိုက်ပါ။ ရင်ပြင်တော်ပေါ်က လှမ်းနင်းလိုက်သော ခြေတစ်ဖက် သည် တစ်ဆစ်ချိုး အုတ်လှေကား လေး၏ ပထမအထစ်ကို ထိလိုက် သည်။ နောက်တစ်လှမ်းတွင် သက်နှ ပါ ပေါ်လာသည်။ ဒုတိယအထစ်ကို နင်းလိုက်သည့်အချိန်တွင် ဦးအောင် နက်ဆရာရသေ့ကို မြင်တွေ့လိုက်ရပါ သည်။

ယပ်အညိုလေးတစ်ချောင်းကို ညာ လက်က ရင်မှာ အပ်ထားသည်။ ပုတီး မပါ။ လွယ်အိတ်အညိုလေး မပါ။ ဘယ်လက်က တောင်ဝှေးတစ်ချောင်း ကိုကိုင်လျက် ထောက်ကာ ထောက် ကာ လာနေသည်။ ကတိုက်ကရိုက် မဟုတ်။ ကျနွေ့အပြည့် စကျွံကျ ချလျက်။ ကြွကာလှမ်းကာ ဘရား ဘာဝနာနှင့် တည်ကြည်ခံ့ညားသော မျက်နှာက ရင့်ကျက်မှုကို ဆောင်နေ သည်။



www.burmeseclassic.com

www.burmeseclassic.com

ဆရာရသေ့ ထိုင်နေကျ နေရာလေးကို ဝင်လာသည်နှင့် ဆရာပုဏ်တို့တစ်စု လမ်းဖယ်ပေးကြသည်။ ရှိခိုးဦးတိုက် ကန်တော့လိုက်ကြသည်။ ဖိုးဟန်မှာမူ အံ့သြတွေဝေ မိန်းမောလျက်ရှိသည်။ ဆရာရသေ့ ဦးအောင်နက် ဟုတ်မှဟုတ်ပါလေစ။ သံသယကြောင့် နေရာကလည်းမထ။ ဦးလည်းမချ။ မလှုပ်မယှက် နေရာမပျက် ထိုင်လျက်က...

တရားဂူ(၃)ထဲမှာ ရှိနေခဲ့သောဆရာရသေ့သည် ရင်ပြင်တော်ပေါ်ကကြွလာသည်။ ဆန်းကြယ်လှပါဘိ။ မျက်စိနှင့် တပ်အပ်မြင်သည့် မောင်ဖိုးဟန် ကြံစမ်း။

ဖိုးဟန် ရောက်စအချိန် ဆရာရသေ့ကို ရှိခိုးဦးချကန်တော့စဉ်က ရသေ့ဆရာ ဂူတွင်းမှာ ရှိပါသည်။ ပရိတ်တော်တို့ကို ရွတ်ဖတ်၊ ဂါထာမြတ်တို့ကို သရဇ္ဈာယ်နေသည်။

ဖိုးဟန် မျက်စိအမြင်နှင့် နားအကြားမမှားနိုင်။ ကိုယ်တွေ့အမြင်နှင့် ကိုယ်တိုင်အကြား။ သော့ပေါက်ကချောင်းကြည့်ထားတာ၊ ဆရာရသေ့ကိုတွေ့တာ၊ ရွတ်သံဖတ်သံများလည်းကြားရတာ... ယခုမူ... ဘယ်လိုကြီးတုံး၊ ဘယ်လိုတုံး...

ဆရာရသေ့ နေကထိုင်မှာ ဝင်ထိုင်သည့် အချိန်အထိ ဖိုးဟန် နေရာကမရွေ့။ ဆရာရသေ့ ရှိရာသို့လည်းမသွား။ ဂူတံခါးကို ကျောခိုင်း၍ နေမြဲတိုင်း ထိုင်အနေ။ မှင်တက်မိသကဲ့သို့လည်း ရှိ၍နေသည်။

'လူလေး'

ဆရာရသေ့က ဖိုးဟန်ကို လှမ်းခေါ်သည်။ ခပ်ထေ့ထေ့ဟန်က ခေါ်သံမှာပါနေသည်။ ဖိုးဟန်က ဆရာရသေ့ကို



ဖျတ်ခနဲ ကြည့်လိုက်သည်။

'တရားဂူထဲက ခုတင်ပေါ်မှာ ခပေါင်းဘူးရှိတယ်၊ ယူလာခဲ့'

မောင်ဖိုးဟန် တရားဂူရှေ့ကို ရောက်စဉ်က ဂူတံခါးကို ဖွင့်ကြည့်သည်။ ချက်(ဂျက်)ချထားသည်။ ဖိုးဟန်အသိ ဆရာရသေ့၏ ကျန်တပည့်များလည်း အသိ။ အရှိအတိုင်း ကေန်။

ဖိုးဟန်ဂူတံခါးကို ဘယ်လိုဖွင့်မလဲ၊ ဂူထဲကို ဘယ်လိုဝင်မလဲ... အဲဒီမှာတင် ပြဿနာ စ,တော့သည်။ ကဲ မောင်ဖိုးဟန် မင်းဘယ်လိုကြံမလဲ။ ဖိုးဟန် အနေရ အထိုင်ရ ခက်နေပြီ။

ဖိုးဟန် ထိုင်ရာကထ ဆရာရသေ့ထံသွားရပြီ၊ ရှိခိုးဦးချကန်တော့ရပြန်ပြီ။ လွယ်အိတ်ထဲက ဒူးယားဘူးကို ထုတ်၍ ကပ်လှူသည်။ ဆရာရသေ့ကမူ ဒူးယားကို သောက်လိုဟန်မပြ၊ လှမ်းမယူ ညာဘက်နှုတ်ခမ်းထောင့် တွန့်၍ ပြုံးပြီး...

'ဂူထဲက ခပေါင်းဘူး သွားယူ'

ဆရာရသေ့ နိုင်းပုံကြီးက မဟုတ်လိုက်တာ။ ဖိုးဟန် ဘယ်လိုမှ ဖွင့်၍မရသည့် ဂူတံခါး။ ဦးနှောက်စားရလေပြီ။ မပြောမပြီး မတီးမမြည် ရှိချေတော့မည်၊ ပြောမှ ပြီးမည်။ ပြောကို ပြောမည်။

'တပည့်တော် မရောက်ခင်ကတည်းက ပိတ်ထားတဲ့ ဒီတံခါး...'

ဖိုးဟန် စကားဆုံးအောင် မပြောလိုက်ရ။

'ဖွင့်လိုက်'

ဆရာရသေ့၏ တစ်ချက်လွှတ် အမိန့်...

'တံခါးကို အတွင်းက ချက်(ဂျက်) ချထားတယ်။ ဘယ်လိုလုပ် ဖွင့်မလဲ'

မောင်ဖိုးဟန် စိတ်တိုတိုနှင့် ပြန်ပြောလိုက်သည်။ စကားသံလည်း မာသွားသည်။ ချက်ချင်း ရိုကျိုးတုတ်ကွမာန်ကို ချလိုက်ရသည်။

'ချက်(ဂျက်)မချပါဘူးကွ၊ ပွင့်နေတယ်'

ဆရာရသေ့က အပြုံးတစ်ဝက်နှင့် ပြောသည်။

တံခါးပိတ်ထားမှန်း သိပါလျက် ပွင့်နေကြောင်း ပြောသည့်စကား ဖိုးဟန်လားလားမျှ လက်မခံနိုင်ပါ။ ရုတ်ခြည်းနေရာမှ ထလိုက်သည်။ ပုဆိုးကို တိုတိုပြင်ဝတ်လိုက်သေးသည်။ ဂူတံခါးပိတ်ထားကြောင်း သိအောင် ဖွင့်ပြလိုက်ချင်သည်။ ဖွင့်တော့မည်။

ဖိုးဟန်တရားဂူ(၃)ကို ပြန်သွားသည်။ ကိုယ်ခန္ဓာတစ်ခုလုံးတွင်ရှိသော အင်အားများကို စုစည်းပြီး ညာလက်ထဲသို့ ထည့်လိုက်သည်။ ခြေစုံကန်ကာ ဂူတံခါးကို တအားကုန် ဆွဲဖွင့်လိုက်သည်။

ရုတ်တရက် ဝင်လာသော ဂူတံခါး၏ ညာဘက်ခြမ်း တံခါးရွက်သည် ဖိုးဟန် ဘယ်ဘက်ချိုစောင်းကို ပြင်းထန်စွာ ဝင်ဆောင့်လိုက်ပါသည်။ နေရာတွင်ပင် ပုံလျက်သား လဲကျသွားသည်။ ခေါင်းထဲမှာ မူးဝေသွားသည်။



www.burmeseclassic.com

www.burmeseclassic.com

မျက်စိထဲတွင် ရောင်စုံရောယှက် ဝင်းလက်သွားသည်။ ဘယ်ဘက် နဖူးပြင်ဝယ် သွေးများ ဖြာထွက်ကာ စီးကျလာသည့် ဖိုးဟန် လဲကျရာက မထနိုင်တော့ပြီ။ မောင်ဖိုးဟန် ခံလိုက်ရလေပြီ။

ဘယ်ဘက်ချိုစောင်းကို ဘယ်လက်နှင့် ဖိလျက် ဂူအတွင်းသို့ ဖိုးဟန် ကြည့်လိုက်သည်။ တံခါးနှစ်ရွက်မှာ ပတ္တာကို ခိုစီးလျက် မြောက်နှင့်တောင်ကို တုံ့ပြန်လူးလာ ကစားနေသည်။

မီးပူဖော်ထားသော ဖယောင်းတိုင်၏ မီးညွန့်မှာ လေအဟေ့တွင် တိမ်းလိုက်ယိမ်းလိုက် ရှိနေသည်။ လက်တစ်ဆစ်ခန့် ကျန်နေသေးသည်။ ခပေါင်းဒူးယားလေးမှာ ခုတင်ခေါင်းရင်း မြောက်ဘက်ထိပ်မှာ မလှုပ်မယှက် ငြိမ်သက်စွာ ရှိနေသည်။ သူတို့တစ်တွေမှာ ဘယ်လိုပင် ခ...ကာပေါင်းသော်လည်း...

ဖိုးဟန် တံခါးရွက်ကိုကိုင်၍ လဲရာက ထလိုက်သည်။

ဆရာဟန်နှင့် ဆရာပုဏ်တို့ ဖိုးဟန်ဆီ ပြေးလာကြသည်။ ဖိုးဟန်ကို ပွေ့ထူလိုက်ကြသည်။ စက္ကန့်ပိုင်းအတွင်း ရုတ်တရက် ပေါ်ပေါက်လာသော အဖြစ်အပျက်ကြောင့် အားလုံးသော လူများ ကြောင်တက်တက် ဖြစ်နေကြသည်။

ဒေါ်ရှင်းနှင့် ဒေါ်ကြည်အေးတို့မှာ ခြေမကိုင်မိ လက်မကိုင်မိ ငေးမောသောအကြည့်နှင့် တွေဝေနေကြ၏။

မောင်ဖိုးဟန်၏ နဖူးက ဒဏ်ရာမှာ အမာရွတ်ထင်ကာ တစ်သက်တာလုံး ရှိ သေရွာအထိ ပါပေတော့မည်။ နဖူးပေါ်က အမာရွတ်ကလေး။

တရားဂူ(၃)မှာ အနောက်အရပ်ကို မျက်နှာမူလျက် တည်ဆောက်ထားသည်။ အရှေ့နှင့် အနောက် အလျားရှည်သည်။ မြောက်နှင့် တောင် အနံတိုသည်။ အနောက်တွင် ဂူအဝင် နှစ်ချပ်ဖွင့်တံခါးရှိသည်။ အရှေ့ဘက်တွင် ရင်ပြင်တော်၏ အုတ်တံတိုင်း ခံနေသည်။ ဂူတံခါးရှေ့မှာ နေရာမရွေ့ ဖိုးဟန် ပိတ်၍ ထိုင်နေသည်။

ဆရာရသေ့ တရားဂူ(၃)ထဲမှာ ရှိနေတာ အားလုံးအသိ။ ဖိုးဟန်က ဂူတံခါးကို ဆွဲဖွင့်ကြည့်သည်။ ဖွင့်၍မရ။ အတွင်းက ချက်(ဂျက်)ချထားသည်။ တံခါးပိတ်ထားသော ဂူထဲမှာ ဆရာရသေ့ အလုပ် လုပ်နေသည်။ သော့ပေါက်က ချောင်းအကြည့် ဖိုးဟန် မြင်မိသည်။

ဆရာရသေ့ ဂူထဲက ဘယ်လိုမှ ထွက်၍မရ။ ရိုးရှင်းလှသည့်အချက်။

'ဆရာရသေ့ ဦးအောင်နက် ဂူအပြင်ဘက် ဘယ်လိုထွက်...'

'ရင်ပြင်တော်ပေါ် ဘယ်လိုတက်...'

'မြေကိုပင် လျှိုးလေသလား...'

'မိုးကိုပင် ပျံလေသလား...'

**ရွှေတောင် ကြည်မောင်အေး**

စာမျက်နှာ (၂၃၅)မှ အဆက်

ပိုင်းပတ်ပေါက်နေသောကြောင့် ဘုရားကုန်းတော်ပေါ် ရောက်လျှင် သဘာဝတောတောင်အလှကို အပြည့်အဝ ခံစားရပါသည်။

ထူးခြားမှုတစ်ခုမှာ ဘုရားကုန်းတော်ပေါ်ရှိ စံကားဖြူပင်ကြီးသည် နှစ်ပေါင်း မည်မျှ ရှိသည်ကိုတော့ မသိပါ။ မြေပြင်ပေါ်သို့ ကိုင်းကျနေသော စံကားဖြူပင်ကြီး၏ ကိုင်းများသည်ပင် ပုံမှန် သစ်ပင်ကြီးတစ်ပင်၏ ပင်စည်ခန့်ရှိရာ စံကားဖြူပင်ကြီး၏ ပင်စည်မှာမူ လွန်စွာ ကြီးမားလှပါသည်။ **ဤမျှကြီးမားသော စံကားဖြူပင်မျိုး မည်သည့်နေရာမှာမှ မတွေ့ဘူးပါ။**

ဂေါပကအဖွဲ့၏ ပြောကြားချက်အရ အဆိုပါ စံကားဖြူပင်ကြီးသည် နွေမိုးဆောင်း (၃)ရာသီလုံး မပြတ်အောင် ပွင့်သည် သိရပါသည်။ ကျွန်တော် ရောက်ရှိသော ဩဂုတ်လတွင်လည်း စံကားဖြူပင်များ ပွင့်နေကြောင်းလည်း တွေ့မြင်ခဲ့ပါသည်။

ဖလေးရွာကြီးသည် ကာဝမြို့မှ သွားလျှင်ဖြစ်စေ၊ အုန်ရွာမှ သွားလျှင် ဖြစ်စေ လမ်းအလယ်ခန့်၌ရှိပြီး ကတ္တရာလမ်း ကောင်းမွန်သဖြင့် သွားရောက်ရန် လွယ်ကူပါသည်။

ဖလေးဘုရားကြီးသည် ရွှေတိဂုံစေတီတော်၊ ရွှေမော်ဓော စေတီတော်ကဲ့သို့ ထုထည်ကြီးမားပြီး ဥဒါန်တော်မြင့်မားခြင်း ဘုရားကြီးပတ်လည်သည် တောတောင် စိမ့်စမ်းများနှင့် သစ်ပင်ကြီးများသာဖြစ်၍ သာယာလှပသော သဘာဝပတ်ဝန်းကျင်ကို ခံစားနိုင်ခြင်း တန်ခိုးတော်ကြီးလှသော ရဟန္တာရုပ်တုတော်နှင့် ရဟန္တာ(၅၀၀)တို့၏ ရုပ်တုများကို ဖူးမြော်နိုင်ခြင်း **အုန်ရွာသိနာနှင့် ခမဲပြင်ဘိုးဘိုးကြီးနတ်နန်းနှင့် မုခနိမ်ရသေ့တောင် စေတီတော်တို့မှာ ဖလေးဘုရားကြီးနှင့် မဝေးလှသောကြောင့် ခရီးတစ်ကြောင်းတည်းဖြင့် ဘုရားစုံ ဖူးမြော်နိုင်ပါကြောင်း** သတင်းကောင်း ပါးအပ်ပါသည်။

**မောင်ကံ(တံတားရွာ)**

www.burmeseclassic.com



ချစ်ဆိုင်

# ကင်းစစ်ပေးသော

## ပရလောကသားများ(၃)

ကျွန်ုပ်သည် ၂၀၁၀ ပြည့်နှစ်၊ မေလထုတ် နက္ခတ္တရောင်ခြည်မဂ္ဂဇင်း တွင် "ကင်းစစ်ပေးသော ပရလောကသားများ (၁)"ကို ရေးသားတင်ပြခဲ့ပြီး ၂၀၁၁ ခုနှစ်၊ မေလထုတ်တွင် "ကင်းစစ်ပေးသော ပရလောကသားများ (၂)"ကို ရေးသားတင်ပြခဲ့ပြီး ဖြစ်ပါသည်။ ယခုတစ်ဖန် ကင်းစစ်ပေးသော ပရလောကသားများ(၃)ကို ဆက်လက်တင်ပြသွားပါမည်။

ကျွန်ုပ်၏ မွေးရပ်မြေဖြစ်သော ဟုမ္မလင်းမြို့နယ်၊ ရေလဲ(မြင်သာ)ရွာသည် ၁၉၆၂ ခုနှစ် ဝန်းကျင်လောက်ကဆိုလျှင် ရွာ၏ ပတ်ဝန်းကျင်တစ်လျှောက်တွင် သစ်တောသစ်ပင်တွေက ထူထပ်စွာ ပေါက်ရောက်လျက် ရှိပါသည်။

သားရဲတိရစ္ဆာန်တို့၏ အန္တရာယ်ပေးမှုကြောင့် ကျွဲပါလိုက်၊ နွားပါလိုက်၊ လူကို အန္တရာယ်ပေးလိုက်နှင့် ရှိခဲ့ရသလို ကလေးသူငယ်များ နတ်ဖမ်းလိုက်

www.burmeseclassic.com

သည့် ကိစ္စလည်း မကြာခဏ ကြုံတွေ့ခဲ့ရသည်။

ကလေးသူငယ်များ ပျောက်ပြီဆိုလျှင် ရွာတွင် ရှိနေသော နတ်ဆရာ၊ နတ်ကတော်များထံ သွားပြီး မေးရသည်။ သူတို့ အဟောထုတ်သည့်အတိုင်း သတ်မှတ်ထားသော နေရာသို့ သတ်မှတ်အချိန်အတွင်းမှာ လူစုလူဝေးဖြင့် သွားပြီး ရှာရသည်။ တွေ့လည်း ပြန်တွေ့ကြသည်ချည်းသာ ဖြစ်သည်။

ထိုကဲ့သို့ တောတွင်းက သားရဲတိရစ္ဆာန်တို့၏ အန္တရာယ်နှင့် မမြင်တွေ့ရနိုင်သော နတ်ပြိတ္တာတို့၏ ဒုက္ခပေးမှုများကို ရင်ဆိုင်နေရသည့်အပြင် လူသားအချင်းချင်းဟု ဆိုအပ်သော ဗမာပြည်ကွန်မြူနစ်ပါတီ၏ အကြွင်းအကျန်သောင်းကျန်းသူတို့၏ အကြမ်းဖက်မှုများကို ပါခံနေကြရသည်။

မိုးမောင်၊ မောက်စံ၊ ငကျား အစရှိသော သောင်းကျန်းသူများသည် မီးကြိုးမောင်းပျက် သေနတ်များကိုသာ ကိုင်ထားရသည် ဆိုလင့်ကစား ကျွန်ုပ်တို့ တောသူတောင်သားများအဖို့မှာတော့ ကြောက်စရာကောင်းသော လက်နက်များသာ ဖြစ်ခဲ့ရသည်။

ကျွန်ုပ်တို့ဘက်မှာတော့ ပြန်လည်ခုခံစရာ သေနတ်နှင့်တူတာဆိုလို့ တူမီးအစုတ်ပင် မရှိခဲ့ကြပါ။ မြို့ပြ၏ အုပ်ချုပ်မှုနဲ့ အတန်အသင့် ကင်းကွာနေရသော ကျွန်ုပ်တို့၏ ရွာမှာတော့ သူတို့ပြုသမျှနခဲ့ရသည်သာ။

ညအချိန် ရောက်လာပြီ ဆိုသည်နှင့် ဘယ်တော့လောက် လာပြီး ဒုက္ခပေးမလဲ။ ဒါပဲစဉ်းစားပြီး ကြောက်လန့်နေခဲ့ကြရသည်။ တစ်ခါတစ်ရံ ညကြီးအချိန်မတော် ဝင်ရောက်လာပြီး ရွာက သမဝါယမဆိုင်ကို ဖွင့်ခိုင်းကာ သူတို့ယူချင်တာ ယူသွားကြသည်။

ရွာသားများကို အသက်အန္တရာယ်မပေးခဲ့တာကိုပဲ ပြန်ပြီး ကျေးဇူးတင်ရမလို ဖြစ်နေရသည်။ တခြားသော ရွာသားအချို့ကို သတ်ဖြတ်သွားသော သတင်းများကိုမူ တစ်ခါတစ်ရံ ကြားနေရသည်။

သို့ဖြစ်၍ ကျွန်ုပ်တို့ရွာတွင် တပ်ခြံစည်းရိုးကာရန် စီစဉ်ကြရတော့သည်။ ထိုကဲ့သို့ စီစဉ်ကြသောအခါ အရှည်(၁၀)တောင်ရှိပြီး တိုင်၏ထိပ်ဝမှာ နှစ်ထွာခန့်ရှိသော သစ်လုံးတိုင်ကြီးများကို ခုတ်ကြရသည်။

တိုင်တစ်လုံးနှင့် တစ်လုံးမှာ တစ်ထွာ၊ တစ်မိုက် အကွာအဝေးဖြင့် စိုက်ကြရသည်။ ရွာတစ်ပတ် ကာရံခြံခတ်ပြီးသောအခါ ခြံစည်းရိုးကို ထပ်ပြီး ဆူးပါသော အကိုင်းအခက်များဖြင့် ထပ်ပိုးရပြန်သေး၏။ ခွေးတိုး၍ပင် မပေါက်နိုင်လောက်အောင် ကာရံကြရသည်။

ရွာ၏ အဓိက ဝင်ပေါက်ထွက်ပေါက်နေရာများအား ကြီးမား ခိုင်ခံ့သော တံခါးများဖြင့် ပြုလုပ်ပြီး ထားပေးရသည်။ နေ့ရောညပါ ရွာသားများက ပြည်သူ့စစ်အသွင်ဖွဲ့ပြီး ကင်းစောင့်ပေးရသည်။

ည(၆)နာရီမှ နောက်တစ်နေ့ နံနက်(၆)နာရီအထိ မည်သူမှ ဝင်ခွင့်ထွက်ခွင့်မပြုတော့ပါ။ အစောင့်တာဝန် ကျသူများက ထိုနေရာတွင် ကင်းစောင့်ဘန်ကာများ ဆောက်ကာ အလှည့်ကျစောင့်ကြရပါသည်။

ကျေးရွာအနေဖြင့် ယခင်ကထက်စာလျှင် အတန်အသင့်တော့ လုံခြုံမှုရရှိခဲ့ပြီဖြစ်သည်။ ထိုကဲ့သို့ ရှိလာစဉ်ကျွန်ုပ်တို့ရွာအား ရဲစခန်းတစ်ခု လာပြီးတည်ဆောက်ပေးမည်ဟု သတင်းကြားရလိုက်သောအခါ ကျွန်ုပ်တို့

တစ်ရွာလုံးက ဝမ်းသာမဆုံး တပြုံး...
ဖြစ်သွားကြရပါသည်။

ရဲစခန်း တည်ဆောက်ရန် မြေနေ...
ရွေးကြသောအခါ ရွာ၏ အောက်ပို...
နေရာကို ရွေးသည်။ ထိုနေရာသ...
ကျွန်ုပ်၏အဘိုး ဦးဖိုးသန့်ပိုင်ဆိုင်သော...
ကုန်းခင်းမြေဖြစ်သည်။

အဆိုပါ ကုန်းခင်းမြေနေရာတွ...
ရဲစခန်း တည်ဆောက်မည် ဆိုသော...
အခါ ကျွန်ုပ်အဘိုး ကျေနပ်စေ...
သူကြီးဦးဖေခင်က ကျွန်ုပ်အဘိုး...
လာပြီး ဘယ်လောက် လျော်ကြေး...
ရမလဲဟု လာရောက်ညှိနှိုင်းရာ ကျွ...
အဘိုးက သူကြီးအား မာန်မဲပြီး ...
လွှတ်လိုက်သည်။

ကျွန်ုပ်၏အဘိုးက ကျေးရွာလုံ...
ရေးအတွက် ရဲစခန်း လာဆောက်...
ကို ကြိုဆိုသည်။ မြေကွက်ကို လှူ...
နောက်တစ်ခါ ငွေကြေးကိစ္စနှင့် ...
သက်ပြီး လာမပြောနှင့် စသည်...
ပြောလိုက်ခြင်းဖြစ်သည်။

သူကြီးဦးဖေခင် ခပ်ကုတ်ကု...
ကလေး အိမ်ခြံအပြင် ထွက်လာ...
ကျွန်ုပ်၏ဖခင် ဦးအောင်ချယ်...
ဆီးကြိုပြီး...

'တွေ့လား ဖေခင် နေရာတကာ...
မင်းစိတ်နဲ့ နှိုင်းပြီး ငွေစကား ...
မပြောနဲ့ ကြားလား ဟေ့ကောင်'

ဟု ပြောလိုက်ရာ သူကြီးက ကျွ...
၏အဘိုးရှေ့မှာမို့ ဘာမှ ပြန်မပြော...
ပေမယ့် မကျေမနပ် အောက်သ...
သက်နှင့် ပြန်သွားသည်။

**(ကျွန်ုပ်၏ဖခင်မှာ ရွာထဲ...**
**အချစ်ရဆုံးသော သူငယ်ချင်း...**
**ယောက်ရှိသည်။ ထိုသူတို့မှ...**
**သူကြီး ဦးဖေခင်နှင့် ...ောင်...**
**အခါ ပြည်သူ့စစ်အ...ခေါင်း...**
**ဖြစ်လာတော့မည့် ဦးဖိုးစိုး...**





www.burmeseclassic.com

www.burmeseclassic.com



**ဖြစ်သည်။ သူတို့သုံးယောက်သည် ကျောင်းနေဖက် သူငယ်ချင်းများ ဖြစ်ကြပြီး တစ်ယောက်နှင့် တစ် ယောက် လွန်စွာမှ ချစ်ကြသည်။**
*ဤကား စကားချပ်)*

ဤသို့ဖြင့် ကျွန်ုပ်တို့ရွာတွင် မကြာ မီကာလအတွင်း ရဲစခန်းကြီးတစ်ခု တည်ဆောက် ဖြစ်ခဲ့ကြပါတော့သည်။ ရဲစခန်း တည်ဆောက်ကြသောအခါ ကျွန်ုပ်တို့ ရွာသူရွာသားများက တစ်တပ်တစ်အား ပါဝင်တည်ဆောက် ပေးခဲ့ကြပါသည်။

စခန်းမှူးမှာ ရဲအုပ် ဦးအောင်သန်း ဖြစ်ပါသည်။ ဘာသာတရား ကိုင်းရှိုင်း ပြီး စိတ်ရင်းသဘောထား ဖြူစင်သူကြီး ပင် ဖြစ်ပါသည်။ ရဲစခန်းကြီး တည် ဆောက်ပြီးသောအခါ ကျွန်ုပ်တို့ရွာ အနေဖြင့် ယခင်က ကျီးလန့်စာစား ဘဝမျိုး မဟုတ်တော့ ခေါင်းပြားအောင် အိပ်နိုင်ခဲ့ကြလေပြီ။

သို့ပါသော်လည်း ကျွန်ုပ်တို့ ရွာသား များအနေဖြင့် ရဲစခန်းကိုချည်းလည်း အားကိုးပြီး မနေလိုကြသေး။ ကိုယ့် အားကိုယ်ကိုး သဘောမျိုးဖြင့် ပြည်သူ့စစ်အဖွဲ့များကို ဖွဲ့ကြသည်။ စစ်သင်တန်း ပေးနိုင်မည့် တပ်မတော် သား အငြိမ်းစားတစ်ဦးကို သွားခေါ်ခဲ့ ကြသည်။

ထိုအငြိမ်းစား တပ်မတော်သား တစ်ဦး၏ စစ်သင်တန်းပေးမှုကို နေပူ ကျဲတဲကြားတွင် ဖင်ကြား ချွေးယိုသည် အထိ သင်ယူမှတ်သားနာခံကြသည်။ ပြည်သူ့စစ် ယူနီဖောင်းမှာ ဇင်ပြာစဖြင့် ချုပ်ပြီး ဝတ်ဆင်ကြသည်။ သေနတ် များကိုတော့ သစ်သားများကို သေနတ် ပုံစံမျိုး တူနိုင်သမျှ တူအောင် ခုတ်ထစ် ပြီး ပြုလုပ်ပြီး ကိုင်ဆောင်ကာ သင်တန်းတက်ကြသည်။

သင်တန်း ပြီးဆုံးသောအခါ အဆိုပါ ပြည်သူ့စစ်များကို တူမီးသေနတ်များ တပ်ဆင်ပေးပါသည်။ ပြည်သူ့စစ်တိုင်း တော့ မရကြပါ။ ပြည်သူ့စစ်အင်အား များသော်လည်း တူမီးသေနတ် ခွဲတမ်း က နည်းနေ၍ ဖြစ်သည်။

မည်သို့ပင်ဆိုစေကာမူ ယခင်အခါ က တုတ်၊ ဓား၊ လှံများဖြင့် ကိုင်ဆောင် ပြီး ကျေးရွာအား ကာကွယ်ခဲ့ရသည် ထက်စာလျှင်တော့ ပိုပြီး တိုးတက်လာ ခဲ့ရသည်ကတော့ အမှန်ပါ။

အဆိုပါ သင်တန်းတွင် ကျွန်ုပ်၏ ဖခင်နှင့် ဖခင်၏သူငယ်ချင်း ဦးဖိုးစိုးတို့ နှစ်ယောက် ပါဝင်တက်ခွင့်ရခဲ့ကြသော် လည်း သေနတ် ခွဲတမ်းပေးသောအခါ ကျွန်ုပ်၏ဖခင်က မရဘဲ ဦးဖိုးစိုးကတော့ ရသည်။ သူကြီးဦးဖေခင်ကတော့ ထို သင်တန်းကိုလည်း မတက်၊ သေနတ် လည်း ကိုင်ဆောင်ခွင့် မရပါ။

ရွာ၏အောက်ပိုင်းတွင် ရဲစခန်းရှိပြီး ရွာထဲတွင်လည်း ပြည်သူ့စစ်တွေက ရှိနေပြီ။ သို့သော်လည်း ရွာ၏ ဝင် ပေါက် ထွက်ပေါက်နေရာများတွင် ကင်းစောင့်ရသော တာဝန်ကတော့ဖြင့် ယခင်ကအတိုင်း ရှိနေဆဲပါ။

သို့ဖြင့် တစ်နေ့သောအခါ ကျွန်ုပ်၏ ဖခင်က ကင်းတာဝန် ကျပါတော့ သည်။ သို့ဖြစ်၍ ညစာထမင်းကို ခပ်စောစောစားပြီး ကျွန်ုပ်၏မိခင် ဒေါ်အုန်းညွန့် လိပ်ပေးသော ပြောင်းဖူး ဖက်ဆေးပေါ့လိပ်များကို ယူဆောင်က ကင်းစောင့် ဘန်ကာသို့ ထွက်သွား သည်။ လိုအပ်သော တုတ်၊ ဓားနှင့် အိပ်ရာလိပ်များလည်း ယူသွားရ သည်။

မိုးလင်းပြီး (၈)နာရီလောက်မှ အိမ် ကို ပြန်ရောက်လာသည်။ အိမ်ကို ပြန်ရောက်လာသောအခါ ပြဿနာက ပါလာတော့သည်။ အဆိုပါ ပြဿနာ မှာ ကျွန်ုပ်ဖခင် ကင်းစောင့်နေရသော အလှည့် (ညဉ့် ၁၂နာရီ မှ ၂ နာရီအထိ) တွင် ဘန်ကာအတွင်းရှိ မီးဖိုဘေးမှာ ထိုင်ပြီး ကင်းငိုက်နေသည်ဆို၏။

ထိုအခါ ကင်းစစ်လာသော ရဲတပ် သား လှမောင်သိန်း ရောက်ရှိလာသည် ကို ကျွန်ုပ်ဖခင်က ကောင်းစွာ မြင်တွေ့ နေရသည်။ ရဲတပ်သားအား သူ ကင်း မအိပ်ကြောင်း ရှင်းပြရန် အားယူနေစဉ် ရဲတပ်သားက ဖခင်၏ ရှင်းပြလာမှုကို လက်ခံချင်ပုံမပေါ်။ သို့ဖြစ်၍ သူ၏ ညာဘက်လက်အား ဆန့်ထုတ်လာ ကာ ပြင်းထန်သော ရိုက်ချက်ဖြင့် ပါး ပြင်ပေါ်သို့ ထိရောက်စေခဲ့တော့သည်။

ထိုအခါ ကျွန်ုပ်ဖခင်က သိုင်းဆရာ ပီပီ လန့်ဖျပ်ပြီး ရုတ်တရက် ထကန် ထည့်လိုက်ရာ ရဲတပ်သားလှမောင် သိန်း အပြင်ဘက်သို့ လွင့်စဉ်ထွက်သွား ရသည်။ ရဲတပ်သား လှမောင်သိန်းက သာ အပြင်ဘက်ကို လွင့်ထွက်သွား ရသည်။

ကျွန်ုပ်ဖခင်၏ ခြေထောက်မှာတော့ လှမောင်သိန်း၏ ခန္ဓာကိုယ်အား သွား

www.burmeseclassic.com

ပြီး ထိမိသည်ဟု မခံစားရ။ လေထဲကိုသာ ကန်မိသလိုမျိုး ဖြစ်နေသည်။ ဒါကလည်း ပြင်းထန်သော လေ့ကျင့်ထားမှုကြောင့် ဖြစ်မည်။

တကယ်တော့ လုမောင်သိန်းကို ကန်ချင်၍ ကန်လိုက်ခြင်းလည်း မဟုတ်ပါပေ။ သိုင်းသမားတို့၏ ထုံးစံအတိုင်း ခြေမြန်လက်မြန် ပြန်လည်ခုခံတတ်မှုကြောင့် ဖြစ်သွားရခြင်းမျှသာ ဖြစ်သည်။

မည်သို့ပင်ဖြစ်စေကာမူ ထိုကဲ့သို့ ဘန်ကာအတွင်း ဝရုန်းသုန်းကား ဖြစ်သွားရသောအခါ အခြားသော ကင်းသမားများလည်း နိုးထလာကြပြီး ကျွန်ုပ်၏ ဖခင်အား မေးမြန်းကြလေရာ ကျွန်ုပ်ဖခင်က သူ၏ ဖြစ်စဉ်ကို ရှင်းပြလိုက်သည်။

ထိုအခါ အခြားသူများ အပါအဝင် အပြင်ကို ထွက်ပြီး ဓာတ်မီးဖြင့် လိုက်ရှာကြသော်လည်း တပ်သားလုမောင်သိန်းကို မတွေ့ရဟု ဆိုပါသည်။

ကျွန်ုပ်၏ ဖခင်မှာ ထိုကဲ့သို့ ရဲဝန်ထမ်းတစ်ယောက်အား ကိုယ်ထိလက်ရောက် ကျူးလွန်လိုက်မိသဖြင့် မည်ကဲ့သို့သော ပြစ်မှုမျိုးဖြင့် ကျခံရမည်ကို စဉ်းစားတွေးတောပြီး ရင်ပူနေရလေတော့သည်။

သို့ဖြစ်၍ မိုးလင်းလာသည်နှင့် သူငယ်ချင်း သူကြီးဦးဖေခင်ထံ သွားပြီး အကျိုးအကြောင်း ပြောပြကာ ဘာမှ ပြဿနာမှ တက်မလာအောင် ကူညီပေးဖို့ အကူအညီ သွားတောင်းလေသည်။ ထိုအခါ သူကြီးက...

'အောင်ချယ်ရေ ဒီကိစ္စက ရာဇဝတ်မှုကွ ရာဇဝတ်မှု။ ရာဇဝတ်မှုဆိုတာ ပါလီမန်ခေတ်မှာတော့ သေဒဏ်ပေါ့ကွာ။ ဒီလိုသေဒဏ်မျိုးကို ငါလို သူကြီးတစ်ယောက် ကယ်ပေးဖို့ဆို



အတော်ကြီးကို ခက်တယ်ကွ'

ဟု ပြောလေတော့သည်။ ထိုအခါ ကျွန်ုပ်၏ဖခင်မှာလည်း သူငယ်ချင်း သူကြီးအား...

'နေစမ်းပါဦး သူငယ်ချင်း ငါလဲ ကန်ချင်လို့ တမင်တကာ ကန်လိုက်တာ မဟုတ်ပါဘဲနဲ့။ အခု မင်းပြောပုံအရဆိုရင် ငါပဲ သေဒဏ်အကျခံရတော့မယ့်အတိုင်းပဲ။ မင်းပြောတဲ့ ရာဇဝတ်မှုဆိုတဲ့ ဥပဒေရဲ့စကားအဓိပ္ပာယ်ကိုကော မင်း သိလို့ ပြောနေတာလား'

ဟု မေးလိုက်လျှင် သူကြီးက...

'ငါပြောပြလဲ မင်း နားမလည်ပါဘူးကွာ။ ဒါနဲ့ မင်းဆီမှာ ကျွဲ(၆)ကောင်နဲ့ နွား(၂)ကောင်တော့ ရှိတယ်နော်။ ကဲ သွားပြီး နားပါကွာ။ ဒီကိစ္စ ငါ ရှင်းလိုက်ပါ့မယ်။ ဘာမှ မပူနဲ့။ နည်းနည်းနေရင် ငါနဲ့ ဖိုးစိုး နှစ်ယောက်ပေါင်းပြီး ကူညီပေးပါ့မယ်ကွာ'

ဟု ပြောဆိုလွှတ်လိုက်ရာ ကျွန်ုပ်၏ဖခင်မှာ သူကြီးအား မကျေမနပ်ဖြစ်သော်လည်း လတ်တလော အခြေအနေအရ အောင့်သက်သက်နှင့် အိမ်ကို ပြန်ခဲ့ရသည်ဟူ၏။

ကျွန်ုပ်တို့ မိသားစုမှာ အိမ်ရှေ့တွင် စိတ်မချမ်းမသာနှင့် ထိုင်နေကြစဉ် သူကြီးဦးဖေခင်နှင့် ပြည်သူ့စစ် ဦးဖိုးစိုးတို့နှစ်ယောက် ရွာအောက်ပိုင်းသို့ စုန်ဆင်းလာကြသည်ကို မြင်တွေ့ကြရလေသည်။

ရဲစခန်းသို့သွားမည်ဖြစ်မှန်း ကျွန်တို့မိသားစုက သိပါသည်။ ကျွန်ုပ်အိမ်ရှေ့ကို ရောက်သောအခါ ကျွန်တို့မိသားစုကို လှမ်းပြီး ကြည့်ကြသည် ပြီးတော့ ပြည်သူ့စစ်ခေါင်းဆော ဦးဖိုးစိုးက...

'သူငယ်ချင်း ဘာမှ ပူမနေပါနဲ့ မင်းမှာ ကျွဲတွေ နွားတွေ ရှိနေသ ပေါ့'

ဟု ပြုံးစိစိဖြင့် ပြောဆိုကာ ရဲစခန်းရှိရာဘက်ဆီသို့ ထွက်ခွာသွားကြလေတော့သည်။ ကျွန်ုပ်၏ ဖခင်ကတော့မှု သူတို့နှစ်ယောက်ကိုကြည့်ပြီး...

'ပြောထားကြဦးပေါ့ကွာ တောက်'

ဟု တောက်တစ်ချက် ခေါက်လိုက်လေတော့သည်။

တကယ်တမ်း တရားတဘောင်နှင့် ရင်ဆိုင်လာခဲ့ရပြီဆိုလျှင်ကား ထိုအခါ အခါက ကျွန်ုပ်တို့ ရွာသားများ၏ အခြေအနေမှာ တရားဥပဒေနှင့် ပတ်သက်ပြီး နကန်း တစ်လုံး နားလည်ကြသူများ မဟုတ်။ ရုံးရောက်ဂတ်ရောက် မည်သူမျှ မလုပ်လို သို့ဖြစ်၍ ရွာတွင် ပြဿနာတစ်ခု ပေါ်ပေါက်လာခဲ့တိုင်း ရပ်မိရပ်ဖများ တိုင်ပင်ကာ ကိုယ့်နည်းကိုယ့်ဟန် သာ ဖြေရှင်းကြသည်။

ရပ်မိရပ်ဖများကလည်း မတရား မဆုံးဖြတ်သလို ဆုံးဖြတ်ချက်အ အပြစ်ပေးခံရသူကလည်း တစ်သ မတိမ်း လိုက်နာတတ်ကြသည်သာ ရှေ့နေရှေ့ရပ်မလို လာစာပေးထား သော တရားသူကြီးများ မလို တောအရပ် တောဓလေ့ပါပြီ

ကျွန်ုပ်တို့ မိသားစုမှာ ရင်တမ စိတ္တဇ မဖြစ်ရုံတမယ် ဘုရားတ

www.burmeseclassic.com

သောအချိန်တွင် သူကြီးဦးဖေခင်နှင့် ပြည်သူ့စစ်အဖွဲ့ ဦးဖိုးစိုးတို့နှစ်ယောက် ရဲစခန်းကနေပြီး ပြန်လာခဲ့ကြလေသည်။ အိမ်ပေါ်သို့ရောက်လာကြသော အခါ သူကြီးက...

'ကဲ ဘာမှ ပူမနေကြနဲ့တော့ သွားဖို့သာ ပြင်ထားပေတော့'

ဟု ပြောလိုက်လျှင် ကျွန်ုပ်ဖခင်က ကြောက်လန့်သွားပြီး...

'ဘယ်ကိုသွားရမှာလဲကွ ပြောစမ်းပါဦး။ ငါ့ကိစ္စ အဆင်ပြေခဲ့တယ် မဟုတ်လား'

'မင်းကိစ္စက အဆင်ပြေတယ်လဲ ဟုတ်တယ်၊ မပြေသေးဘူးဆိုလဲ ဟုတ်တယ်'

'ဟော့ကောင်တွေ ငါ့ကို ရှင်းရှင်းလင်းလင်းဖြစ်အောင် အရင်ပြောကွ'

ဟု မာမာထန်ထန် ပြောလိုက်ရာ သူကြီးက...

'ငါက ဒီရွာမှာ သူကြီးနော် သူကြီး၊ စကားကို ဆင်ခြင်ပြော'

ဟု ဦးဖေခင်က ပြောလိုက်လျှင် ဦးဖိုးစိုးကလည်း...

'ပြည်သူ့စစ် ခေါင်းဆောင်နော်... ပြည်သူ့စစ်ခေါင်းဆောင်၊ စကားကို ဆင်ခြင်'

ဟု ပြောလေသည်။ ထိုအခါ ကျွန်ုပ်ဖခင်က...

'ကဲပါကွာ ငါ စကားကို ဆင်ခြင်ပြောပါ့မယ်။ လောလောဆယ် ငါ့ကိစ္စလေးကို အရင်ပြောပေးကြကွာ'

ဟု ပြောလိုက်လျှင် ဦးဖိုးစိုးက...

'အဖြစ်က ဒီလိုကွာ... တကယ်တမ်းပြောရရင် မင်း အိပ်ပိုက်နေတုန်း ပရလောကသားတစ်ဦးက ရဲတပ်သားလှမောင်သိန်း ဟန်ဆောင်ပြီး ဝင်ရိုက်သွားတာပါပဲ။

ဘာကြောင့်လဲဆိုတော့ အဲဒီ လှမောင်သိန်းဆိုတဲ့ ရဲက မနေ့ နေ့လယ်လောက်ကတည်းက ဟုမ္မလင်းရဲ စခန်းဘက်ကို တာဝန်တစ်ခုနဲ့ ထွက်သွားတာ ခုထိ ပြန်မရောက်သေးပါဘူး။ မနက်ဖြန်မှ ပြန်ရောက်လာမှာပါ။

ပြီးတော့ စခန်းမှူးဦးအောင်သန်းကလဲ ပြောတယ်။ မနေ့ညက သူဆီက ရဲတွေ ဘယ်သူကမှ ရွာထဲကိုဝင်ပြီး ကင်းမစစ်ကြပါဘူးတဲ့။ ငါတို့ဆီကလဲ ကင်းမစစ်ကြပါဘူး။ ကင်းစစ်ရင်လဲ ရဲယူနီဖောင်းနဲ့ ဘယ်သူက စစ်မှာလဲ။

ကဲ အဲဒီတော့ ငါတို့ ကင်းလာမစစ်ပေမယ့် ပရလောကသားတစ်ကောင်က ကင်းဝင်စစ်ပေးသွားတဲ့အတွက် မင်း ကင်းအိပ်နေတာက တော့ဖြင့် သေချာသွားပြီ။

မင်း ဘာပြောင်းဦးမှာလဲ။ ရဲကိစ္စ အဆင်ပြေသွားပေမယ့် ကင်းအိပ်မှုအတွက် အဆင်မပြေသေးဘူး။ ဒီတော့ ရွာလယ်က နတ်စင်ရှေ့မှာရှိတဲ့ ဦးမောင်လှိုင်တို့ ခေါက်ဆွဲဆိုင်ကို လိုက်ပြီး တစ်ဝိုင်းစာလိုက်ပြီး ညှိခံပေတော့။ ညှိမခံလို့ကတော့ ကင်းအိပ်တဲ့ ဥပဒေပုဒ်မနဲ့ မိပြီသာ မှတ်ပေတော့'

ဟု ပြောလိုက်ရာ ကျွန်ုပ်၏ ဖခင်က...

'ဟော့ကောင်တွေ ငါကလဲ ဒီရွာမှာ သိုင်းဆရာကွနော်...သိုင်းဆရာကွ'

ဆိုပြီး နီးစပ်ရာ ထင်းချောင်းတစ်ချောင်းကို ပြေးကောက်စဉ် သူကြီးနှင့် ပြည်သူ့စစ်တို့ နှစ်ယောက်မှာ အိမ်ပေါ်မှ ဒရောသောပါးနှင့် ပြေးဆင်းကြရသည်။

ပြေးဆင်းပြီး ခေါက်ဆွဲဆိုင်ရှိရာဆီသို့ ကိုယ့်စရိတ်နှင့်ကိုယ် အကုန်အကျခံပြီး သွားစားသောက်ကြမည် ထင်ရပါသည်။

ထိုအခါကျမှ ကျွန်ုပ်တို့ မိသားစုမှာလည်း ငိုအားထက် ရယ်(ရီ)အား သန်ကြရတော့သည်။ ကျွန်ုပ်၏ မိခင်ကလည်း ကျွန်ုပ်၏ ဖခင်အား...

'ကဲပါ သူတို့နှစ်ယောက် နောက်ကို လိုက်ပြီး ညှိခံလိုက်ပါ။ ပြန်လာရင် တို့အတွက်လဲ ဝယ်လာခဲ့ဦး'

ဟု အားပေးလိုက်ရပါတော့သည်။

အချို့သော သူများသည် သေဆုံးခါနီးတွင် ဖြစ်ပေါ်လာတတ်သော စွဲလမ်းစိတ်တစ်ခုခုကြောင့် မကျွတ်မလွတ်ဘဲ ရှိနေတတ်ကြသည်။

အဆိုပါ မကျွတ်မလွတ်သော ပရလောကသားအချို့သည် ကျန်ရစ်ခဲ့ကြသော မိမိတို့၏ မိသားစု၊ ရပ်ရွာ၊ အချို့ဆိုလျှင် မိမိတို့၏ တိုင်းနိုင်ငံများအတွက်ပါ ပါဝင်ကူညီဆောင်ရွက်တတ်ကြသေးကြောင်း ဖတ်မှတ်လေ့လာခဲ့ဖူးရာ ယခု ပရလောကသားသည် ရပ်ရွာအတွက် အခွင့်ကြုံ၍ ဝင်ရောက်စစ်ဆေး ကူညီပေးခြင်းသာ ဖြစ်မည်။

မည်သို့ပင်ဖြစ်စေကာမူ သူသည်လည်း ကင်းစစ်ပေးသော ပရလောကသားပင် ဖြစ်ပါလေတော့သည်။

**[ဟုမ္မလင်းမြို့နယ်၊ ရေလဲ(မြင်သာ)ရွာသို့ အမှတ်တရ...]**

***ရွှင်လန်းချမ်းမြေ့ကြပါစေ။***



**ချစ်ဆိုင်**

www.burmeseclassic.com



သုတေသီ မြလှထွန်း

မြင်တွေ့ခဲ့ဖူးသော

# မြွေကုဆရာသုံးဦး

[ ၁ ]

ကျွန်တော်နှင့် သက်တူရွယ်တူသော ငယ်သူငယ်ချင်း တော်တော်များများသည် ကွယ်လွန်သွားကြလေပြီ။

အသက်ကကြီး သေဖို့လည်း နီးနေပြီဖြစ်သော ကျွန်တော်သည် မည်မည်ရရ လုပ်စရာ အလုပ်များလည်း မရှိတော့ပါ။

နေ့စဉ်နေ့တိုင်း ဘုရားရှိခိုးခြင်း၊ တရားရှုမှတ်ခြင်း၊ ပုတီးစိပ်ခြင်း အလုပ်များကိုသာ လုပ်ကိုင်နေပြီး အချိန်ကို ကုန်လွန်စေရပါသည်။

စကားပြောဖော်လည်း မရှိ။ ကျွန်တော် တစ်ယောက်တည်း နေရသောအခါ စိတ်အာရုံတို့သည် ရောက်တတ်ရာရာတို့ကို တွေးတောနေတတ်ပါသည်။

မိမိဘဝရီးလမ်းတွင် မြင်တွေ့ခဲ့ရသော လူတွေအကြောင်းကို ပြန်လည်သတိရနေမိသည်။

ကျွန်တော် မြင်တွေ့ခဲ့ဖူးသော ထူးခြားသည့် မြွေကိုက်ခဲ့လျှင် ကုသသော မြွေကုဆရာသုံးဦး ရှိသည်။ အလျဉ်းသင့်၍ ရေးသားတင်ပြပါမည်။

---

## မုတ္တမက ဆရာခ

---

ကျွန်တော် (၁၂)နှစ်သားအရွယ်က အဒေါ်ဖြစ်သူနှင့်အတူ မုတ္တမတွင် နေထိုင်ခဲ့ဖူးသည်။

ကျွန်တော်တို့နေထိုင်ရာ ရပ်ကွက်ထဲတွင် ဦးခဆိုသော လူကြီးတစ်ယောက် ရှိသည်။ သူ့ကို လူအများက **"ဆရာခ"**ဟု ခေါ်ကြပါသည်။

ဆရာခသည် ထိုအချိန်က အသက် (၅၀)ခန့်ဟု ထင်မှတ်ရသည်။ လူကအသားမည်းမည်း၊ အရပ်ပုပု၊ ဝဝဖိုင့်ဖိုင့်ဂင်တိုတို ဖြစ်သည်။

အလုပ်က သူ့နေအိမ် နောက်ဖေးကခြံတွင် တောင်ယာ လုပ်ကိုင်စားသောက်သည်။

ဆရာခသည် အဆိပ်ရှိသော မြွေဆိုး အကိုက်ခံရလျှင် ဆေးကုအလွန်တော်သည်ဟု လူအများက ပြောကြသည်။ ရပ်မိရပ်ဖတစ်ဦးက...

'မြွေကိုက်ခံရရင် အသက်သာ ပါပါစေ ဆရာခ ကုရင် ပျောက်တယ်'

ဟု ပြောပြပါသည်။

တစ်ညနေတွင် ကျွန်တော်တို့အိမ်နံဘေးက မကြေးမုံဆိုသော ကောင်မလေးသည် တောထဲတွင် ထင်းသွားခုတ်ယင်း ပိုးထိ(မြွေကိုက်ခံရ)ပြီး မေ့မြောနေသည်။

လူများက မြင်တွေ့မှ ကြေးမုံကို နေအိမ်သို့ ပွေ့ခေါ်လာပါသည်။

အိမ်ရောက်သောအခါ ကြေးမုံသည် မြွေဆိပ်များတက်နေ၍ သတိမေ့တစ်ချက် ရတစ်ချက် ဖြစ်နေသည်။

မကြေးမုံကို ရပ်ကွက်တွင်းရှိ ကလေးလူကြီးများက ဝိုင်းအုံပြီး ကြည့်နေကြသည်။

www.burmeseclassic.com

သူ့အိမ်က လူကြီးများက ဆရာခ ကို သွား၍ ပင့်ပါသည်။

ဆရာခ ရောက်ရှိလာသည်။ မကြေးမုံ၏ မြွေကိုက်သော ဒဏ်ရာကို ကြည့်သည်။ ဘယ်ဘက်ခြေထောက် ခြေမျက်စိအထက်နားတွင် မြွေပေါက်ထားသော အစွယ်ရာနှစ်ပေါက်ကို မြင်တွေ့ရသည်။

မြွေဆိပ်များ တက်နေ၍ ခြေသလုံးသည် ညိုမည်း ရောင်ကိုင်းနေသည်ကို မြင်တွေ့ရပါသည်။

ဆရာခသည် သတိမရတစ်ချက် ရတစ်ချက် ဖြစ်နေသော မကြေးမုံ၏ ဦးခေါင်းထိပ်ကို ညာလက်ဝါးဖြင့် သုံးချက် ရိုက်လိုက်သည်။

မြွေပေါက်ထားသော အစွယ်ရာနှစ်ပေါက်မှ မြွေဆိပ်မည်းမည်း အဆိပ်ရည်များ ယိုစီးကျလာတော့သည်။ ဆရာခက...

'မြွေဆိပ်ရည်တွေ ကုန်ရင် ပျောက်ပြီ'

ဟု ပြောပြီး သူ့အိမ်ကို ပြန်သွားပါသည်။ မြွေဆိပ်ရည်တွေ လက်ဖက်ရည်ကြမ်း ပန်းကန်လုံး တစ်ဝက်ခန့် ထွက်ကျပြီးသောအခါ ရပ်တန့်သွားပါသည်။

မကြာမီမှာပင် မကြေးမုံသည် သတိရလာပါသည်။ မြွေပေါက်ထားသော ဒဏ်ရာကို ဖယောင်းချက် ကပ်ထားသည်။ နောက်တစ်နေ့တွင် မကြေးမုံသည် လူကောင်းပကတိ ပြန်ဖြစ်နေပြီး သွားလာ လှုပ်ရှားနေသည်ကို မြင်တွေ့ရပါသည်။

ကျွန်တော်တို့ ကလေးတစ်သိုက်သည် ဆော့ကစားရင်း ဆရာခ၏ ခြံထဲသို့ ရောက်ရှိသွားကြသည်။ ခြံထဲက တဲပေါ်တွင် ထိုင်နေသော ဆရာခကို မြင်တွေ့ရ၏။ စပ်စုတတ်သော ကျွန်တော်က...



'ဆရာကြီးက မြွေပေါက်တဲ့ သူကို ကုတာ သိပ်တော်တာပဲ။ မြွေကုတဲ့ အတတ်ပညာကို ဘယ်ဆရာဆီမှာ သင်ပါသလဲ'

'မွေးရာပါ တတ်တာ'

'ဘယ်လို မွေးရာပါတတ်တာလဲ ဆရာကြီး'

'မင်းတို့ လူဝင်စားဆိုတာ ကြားဖူးသလား'

'ကြားဖူးပါတယ် ဆရာကြီး'

'ငါက မြွေပါသေလို့ ဖြစ်လာတဲ့ လူကွ။ မင်းတို့ ယုံရဲ့လား'

ဆရာခ၏ ပြောစကားကြောင့် ကျွန်တော်တို့ ကလေးတစ်သိုက်သည် မယုံလည်းခက် ယုံရလည်းခက် ဖြစ်နေကြပါသည်။

ဤတွင် ဆရာခက...

'မယုံရင် ဟောဒီမှာကြည့်'

ဟု ပြောဆိုပြီး ဝတ်ထားသော အင်္ကျီကြယ်သီးကို ဖြုတ်ကာ သူ့ရင်ဘတ်ကို ပြလိုက်သည်။

**ဆရာခ၏ ရင်ဘတ်အပေါ်ဝယ် မြွေပါ ကောင်ပုံသဏ္ဍာန် အမာရွတ်ကြီး ထင်ထင်ရှားရှား ဖြစ်နေသည် မြင်တွေ့ လိုက်ရပါသည်။**

[ ၂ ]

## သထုံက ဆရာဆာဒစ်

ကျွန်တော် အသက်(၂၀)နှစ်တွင် မွန်ပြည်နယ်၊ သထုံမြို့တွင် ထူးခြားသော မြွေကုဆရာတစ်ဦးကို မြင်တွေ့ခဲ့ရပါဖူးသည်။

သူ့အမည်က ဆာဒစ်ဖြစ်သည်။ အိန္ဒိယလူမျိုး ဟိန္ဒူဘာသာဝင် ဖြစ်သည်။ အသက်က (၄၀)ခန့်ဟု ထင်မှတ်ရသည်။

နို့စားနွားမ (၁၀)ကောင် မွေးထားပြီး နွားနို့ညှစ်၍ ကုလားလေးသုံးယောက်ကို လက်ဖက်ရည်ဆိုင်များသို့ သွားရောက်ပို့၍ အသက်မွေးဝမ်းကျောင်းနေသူ ဖြစ်ပါသည်။

**ဆရာဆာဒစ်၏ ထူးခြားချက်မှာ နံနက် နေထွက်လျှင် တစ်ကြိမ်၊ ညနေ နေဝင်လျှင် တစ်ကြိမ် နေကို ကြည့်၍ အိန္ဒိယ ဘာသာစကားဖြင့် ဂါထာမန္တန်မန္တရားများကို တစ်နေ့လျှင် (၂)ကြိမ် မြန်မြန်ရွတ်ဖတ်ဆိုလေ့ရှိသည်။** ဆရာဆာဒစ်က...

'မြွေကိုက်ခံရရင် နေ့ညမရွေး လာခေါ်ပါ ငွေကြေးတစ်ပြားတစ်ချပ်မှ မယူဘဲ ကုသိုလ်ဖြစ် ကုသပေးမယ်'

ဟု လူအများ သိရှိအောင် ကြေညာထားသူ ဖြစ်ပါသည်။

ထို့ကြောင့် မြွေကိုက်ခံရ၍ ဆရာဆာဒစ်ကို သွားရောက်ပင့်လျှင် ဆရာဆာဒစ်က လမ်းတွင် တမာပင်မှ တမာကိုင်းတစ်ကိုင်းကို ချိုးယူသွားတတ်သည်။

မြွေကိုက်ခံရသူ အိမ်သို့ရောက်သော အခါ အပ်ချည်လုံး တစ်လုံးကို တောင်းယူပြီး မြွေကိုက်ခံရသူ၏ ကိုယ်ကို တိုင်း၍ ဖြတ်ပြီး၍ မြွေကိုက်ခံရသူ၏ ခြေထောက် ဒူးအောက်တွင် ချည်နှောင်ပေးလိုက်ပြီး အိန္ဒိယဘာသာစကားဖြင့် ဂါထာမန္တန်ကို ရွတ်ဆိုပြီး မြွေကိုက်ခံရသူ၏ ဦးခေါင်းထက်မှ တမာကိုင်းဖြင့် ရိုက်ချသည်။

မြွေကိုက်ထားသော နေရာက မြွေဆိပ်တွေ ပြန်လည်ပြီးထွက်ကာ အသက်ချမ်းသာရာ ရသွားတော့



www.burmeseclassic.com

www.burmeseclassic.com

သည်။

[၃]

## သန်လျင်က နဂါးအုပ်ဆရာစံ

နောက် မြွေကုဆရာတစ်ဦးလည်း ရှိသေးသည်။ သူကား နဂါးအုပ် ဆရာစံပင် ဖြစ်ပါသည်။

ကျွန်တော် အသက်(၃၅)နှစ်အရွယ်က မြင်တွေ့ခဲ့ခြင်း ဖြစ်သည်။ နဂါးအုပ်ဆရာစံက အသက်(၆၀)ခန့်ရှိပြီဟု ခန့်မှန်းရသည်။

သန်လျင်ဇာတိတော့ ဟုတ်ဟန်မတူပါ။ နဂါးအုပ်ဆရာစံဟု ဘာကြောင့် လူအများက ခေါ်သည်ကို မသိပါ။ မှော်ပညာတတ်ကျွမ်းသည်ဟု လူအများက ဆိုကြပါသည်။ သူ၏ မှော်ပညာကို ကျွန်တော် မမြင်တွေ့ဘူးပါ။

ဖြစ်ချင်တော့ မြစ်ထဲသို့ ဆင်းပြီး ရေကူးကြသည့် ကလေးတစ်ယောက်ကို ရေထဲတွင် မြွေပေါက်ခံရသည်။

မြစ်ကမ်းပေါ်သို့ ဆယ်ယူလာကြပြီး နဂါးအုပ်ဆရာစံကို သွား၍ ပင့်ကြပါသည်။ နဂါးအုပ်ဆရာစံက လက်ဖက်ရည်ကြမ်း နွားနို့တစ်ခွက် သောက်ပါသည်။

ကလေးငယ်တစ်ယောက်ကို နဂါးအုပ်ဆရာစံခေါ်ပြီး...

'မြစ်ဆိပ်ကို သွားပြီး ရေထဲကို လက်ညှိုးထိုး မြေပေါ်က ဆရာကြီး ခေါ်နေတယ်လို့ ပါးစပ်က ပြောပြီး မြန်မြန်ပြေးတက်ခဲ့'

ဟု ပြောပါသည်။

ကလေးငယ်က နဂါးအုပ်ဆရာစံ ခိုင်းစေသည့်အတိုင်း မြစ်ကမ်းသို့ သွားရောက် ပြုလုပ်ပြီး ကုန်းပေါ်သို့ ပြေးတက်ခဲ့သည်။

ကလေးငယ်၏ အနောက်တွင် ရေထဲက မြွေတစ်ကောင် ထွက်လာပြီး လိုက်ပါလာသည်။



နဂါးအုပ်ဆရာစံက မြွေကိုက်ခံရ၍ အဆိပ်တက်ပြီး မြေကြီးပေါ်ဝယ် ပက်လက်ဖြစ်နေသော ကလေးငယ်၏ မြွေပေါက်ထားသော ဒဏ်ရာနံဘေးတွင် နို့ခွက်လေးကို ချထားလိုက်ပါသည်။

နဂါးအုပ်ဆရာစံက မြွေကို ကြည့်ပြီး မြွေကိုက်ထားသည့် ဒဏ်ရာကို လက်ညှိုးထိုးပြလိုက်သည်။

ရေထဲက တက်လာသော မြွေက သူကိုက်ထားသော ဒဏ်ရာက မြွေဆိပ်များကို စုပ်ယူပြီး နို့ခွက်ထဲသို့ အန်ချသည်။

ဤသို့ အကြိမ်ကြိမ် ပြုလုပ်၍ မြွေဆိပ်တွေကုန်သော မြစ်ထဲသို့ ပြန်ဆင်းသွားတော့သည်။

နဂါးအုပ်ဆရာစံက...

'မြွေကို ဘာမှ ရန်မရှာကြနဲ့ သူ့ကို ဘေးမဲ့ပေးလိုက်'

ဟု ပြောပါသည်။

တက်နေသော မြွေဆိပ်များကုန်၍ မြေကြီးပေါ်ဝယ် ပက်လက်ဖြစ်နေသော မြွေကိုက်ခံရသော ကလေးငယ်သည် အိပ်နေရာမှ ထပြီး ထိုင်နိုင်တော့သည်။

ဤကားသည် သန်လျင်က နဂါးအုပ်ဆရာစံ မြွေကုသပုံကို ကျွန်တော် မြင်တွေ့ခဲ့ရပုံဖြစ်ပါသည်။

[၄]

အဆိပ်ရှိသော မြွေဆိုးများ အကိုက်ခံရလျှင် အချိန်မီ ဆေးရုံဆေးခန်းများသို့ပို့ (သို့မဟုတ်) အသက်ဆုံးပါးတတ်သည်ဟု လူအများ သိနားလည်ထားကြပါသည်။

ကျွန်တော် မြင်တွေ့ခဲ့ရသော မြွေကုဆရာသုံးဦးက ဂမ္ဘီရလောကီပညာဖြင့် ကုသပေး၍ မြွေကိုက်ခံရသူများ အသက်ချမ်းသာရာရခဲ့တာ ထူးဆန်းလှပေစွ။

လောကတွင် ဆန်းကြယ်၍ အံ့ဖွယ်ဖြစ်နေသည် မဟုတ်ပါလား။

*အားလုံး သတ္တဝါ ချမ်းသာပါစေ။*

**သုတေသီ မြင့်ထွန်း**


**စာရှုသူ သုတေသီနှင့် ဝါသနာရှင်များသို့...**

မိမိတို့ဒေသရှိ အတတ်ပညာရှင် ပညာများအကြောင်း သိသမျှ ရေးသားပေးပို့ကာ မှတ်တမ်းတင်ခြင်း ပြုပေးကြပါရန် ပန်ကြားအပ်ပါသည်။

လေးစားစွာဖြင့်...

ဦးကျော်မိုးသိန်း
စာတည်းချုပ်
နက္ခတ်ဗေဒင်မဂ္ဂဇင်း




www.burmeseclassic.com

www.burmeseclassic.com

မကျီးစုရွာက

# ပဋ္ဌာကြားမျှ

ဘဂါမိုး (မြင်းမူ)

မကျီးစုရွာသည် မြင်းမူမြို့နယ်၏ အနောက်တောင်ထောင့် အစွန်ဆုံးတွင် တည်ရှိပြီး အိမ်ခြေနှစ်ရာခန့် ရှိပါသည်။

ရွာ၏ အနောက်မြောက်ပိုင်းရှိ ကိုပေါ်မြတို့ မိသားစုမှာ ဆင်းရဲလှပါသည်။ မြေအနည်းငယ်သာ ရှိသည့်အတွက် ကူလီလုပ်ငန်းဖြင့် စားဝတ်နေရေးကို ဖြေရှင်းနေကြရသည်။

ကိုပေါ်မြသည် ညနေ ထမင်းစားပြီးတွင် ရွာအရှေ့ပိုင်းသို့ ထွက်ခဲ့သည်။ ဆေးပျိုးပင်ငယ်များ ရောင်းရန်ဖြစ်သည်။

တခြားရွာမှ ဝယ်လက်နှင့် တွေ့သဖြင့် ဈေးကောင်းရပါသည်။ ကိုပေါ်မြ ပျော်ရွှင်သွားမိသည်။ ထို့ကြောင့် စကားပိုင်းမှာ ညဉ့်နက်သည်အထိ ထဖြစ်ဘဲ ထွေရာလေးပါး ပြောဖြစ်ကြသည်။

အစပိုင်းတွင် အာသွက်သော်လည်း (၁၀)နာရီ ပတ်ဝန်းကျင်လောက်တွင် အိပ်ချင်လာပါသည်။ အပေါင်းအသင်းများကို အားနာသဖြင့်သာ ပေ၍ ထိုင်နေခြင်းဖြစ်သည်။

ည(၁၁)နာရီခွဲတွင်မှ လူစုခွဲ၍ ကိုယ့်အိမ်ကို ပြန်ဖြစ်ကြသည်။ သီတင်းကျွတ်လပြည့်ကျော် (၂)ရက်နေ့ ညဖြစ်၍ လရောင်က ဝင်းထိန်လျက်ရှိသည်။

အိမ်ဝင်းထဲသို့အရောက် အမှတ်တမဲ့ အိမ်ခေါင်းရင်းသို့ ကြည့်မိရာ အရောင်တောက်ပသော အရာလေးတစ်ခုကို မြင်ရသည်။ အိပ်ချင်လွန်းသဖြင့် စိုက်ကြည့်မနေတော့ဘဲ အိပ်ရာထဲသို့ ဝင်ခဲ့သည်။

အိပ်ရာပေါ်ရောက်ခါမှ စောစောက အရောင်တောက်နေသော အရာဝတ္ထုလေးကို ပြန်စဉ်းစားမိသည်။



မကျီးစုရွာ၏ အံ့သြစရာအချက်မှာ လက်စွပ် ဆွဲကြိုး နားတောင်း အဖိုးတန် ကျောက်များ မကြာခဏ ကောက်ရကြခြင်းပင် ဖြစ်သည်။

ထို့ကြောင့် အိပ်ရာမှထ၍ စောစောက မြင်ရသော အရာဝတ္ထုလေးကို သွားရောက်ကောက်ယူလိုက်သည်။ **လက်တစ်ဆစ်ခန့် နီရဲရဲကျောက်ကလေး ဖြစ်နေသည်။**

ဘာကျောက် ဆိုသည်ကို ကိုပေါ်မြ မသိပါ။ ဦးနှောက်အခြောက်ခံ တွေးမနေတော့ဘဲ အိတ်ထောင်ထဲသို့ ထည့်၍ အိပ်ပစ်လိုက်တော့သည်။

နောက်တစ်နေ့ နံနက်တွင် မြေပဲခင်း မှုန်းရန် တောသို့ ထွက်လာခဲ့သည်။

ကိုပေါ်မြမှာ ပိန်လှီနွေးကွေးသော နွားပြာနီတစ်ရှဉ်းရှိသည်။ နွားများက လေးကန်လွန်းလှပါသည်။ တစ်နံနက်ခင်း ထွန်ရမည့်အတွက်ကို တစ်နေကုန် ထွန်ယူရသည်။ ဆင်းရဲတော့ နွားကောင်း မကိုင်နိုင်တာလည်း ပါမည်။

ယခုနံနက်တွင် အံ့သြစရာ ဖြစ်နေသည်။ နွားများက အိမ်အထွက်ကတည်းက မြူးနေသည်။ မြေပဲခင်းကို ခဏနှင့် မှုန်းလိုက်ရသည်။ အိမ်ကို အစောကြီး ပြန်ရောက်တော့ မိသားစုအားလုံးက အံ့သြနေကြသည်။

ရေစည်တိုက်တော့လည်း သွက်သွက်လက်လက် ထင်းတိုက်သွားတော့လည်း သွက်နေသည်။ နွားများ ဘာကြောင့် မှုပြောင်းသွားရသည်ကို ကိုပေါ်မြ စဉ်းစားမရပါ။

ညနေပိုင်းတွင် ကိုပေါ်မြ၏ဖခင် ဦးဘိုးတင်နှင့် ဦးလေးနှစ်ယောက် အိမ်အလည်လာရင်း ရောက်တတ်ရာရာ စကားပိုင်းဖွဲ့မိကြသည်။ စကားပိုင်းဖွဲ့မိရာမှ ညက ကောက်ရသည့် ကျောက်ကလေးအကြောင်း ရောက်သွားသည်။

အားလုံးက ကြည့်ချင်သည်ဆိုသောကြောင့် ကျောက်လေးကို စားပွဲပေါ် တင်ပြလိုက်သည်။ ဦးဘိုးတင်က ကျောက်ကလေးကို ကောက်ယူလိုက်



www.burmeseclassic.com

www.burmeseclassic.com

သည်။ ကျောက်ကလေးက နေရာရွှေ့သွားသည်။

တစ်ဖန် ထပ်ကောက်ကြည့်ပြန်သည်။ ကျောက်ကလေးက နေရာရွှေ့သွားပြန်သည်။ ဦးလေးနှစ်ယောက်က ကောက်ကြည့်သော် လည်းမရ။ ကျောက်ကလေးက နေရာရွှေ့ရွှေ့သွားသည်။ အားလုံး အံ့သြကုန်ကြပါသည်။ ဦးဘိုးတင်က...

**'ဘယ်လိုလဲ ပေါ်မြရဲ့ မင်း ကျောက်က ကောက်လို့ မရပါလား'**

ဟု ပြောမှ ကိုပေါ်မြက စားပွဲပေါ်မှ ကျောက်ကလေးကို အလွယ်တကူ ကောက်ယူ၍ ဦးဘိုးတင်၏ လက်ဝါးပေါ်သို့ တင်ပေးလိုက်သည်။

ထို့နောက် လေးဦးသား ကျောက်ကလေးကို ဝိုင်းအကဲခတ်ကြည့်ကြသည်။ နီရဲရဲ အရောင်တွင် အဝါရောင်လည်း အနည်းငယ်ပါသည်။ **လက်တစ်ဆစ်ခန့်သာရှိပြီး ပြေးနေသည့် ကြိုးကလေးတစ်ချောင်းလည်း တွေ့ရသည်။** ပြန်ခါနီး ဦးဘိုးတင်က...

**'မင်းကျောက်ဟာ ပတ္တမြားပုံ ဖြစ်ရမယ်ကွ။ သေသေချာချာ သိမ်း ထား'**

ဟု မှာခဲ့သည်။ ကိုပေါ်မြလည်း လက်ကိုင်ပဝါတွင် ကျောက်ကိုထည့်၍ နှစ်ထပ်မျှ ချည်ပြီး အိတ်ထောင်ထဲသို့ ထည့်ထားလိုက်သည်။

ညတွင် ဆေးလိပ်မီးညှိရန် အိတ်ထောင်ထဲမှ မီးခြစ်ကို နှိုက်ယူလိုက်ရာ ကျောက်ကလေးက လက်ကိုင်ပဝါအပြင်ဘက်သို့ ရောက်နေသည်။ ထို့ကြောင့် လက်ကိုင်ပဝါတွင် ပြန်ထည့်၍ အထပ်ထပ် ရစ်ချည်ပြီး အိတ်ထောင်ထဲသို့ ထည့်ထားလိုက်ပြန်သည်။

မီးခြစ် နှိုက်ယူလိုက်သောအခါ ကျောက်ကလေးက လက်ကိုင်ပဝါအပြင်သို့ ရောက်နေပြန်သည်။ ကိုပေါ်မြ အံ့သြသွားပါသည်။



ကျောက်ကလေး ပျောက်မည်စိုးသဖြင့် အဝကျယ် ပုလင်းသန့်သန့်တွင်ထည့်၍ ဘုရားအိုးစင်ပေါ် တင်ထားလိုက်သည်။

နံနက်လင်း၍ ပုလင်းကို ယူကြည့်လိုက်သောအခါ ကျောက်ကလေးမှာ ပုလင်းထဲတွင် မရှိတော့။ ဘုရားအိုးစင် ပျဉ်ပြားပေါ်တွင် ရောက်နေသည်။ မည်သို့ ထားရမည်ကို ကိုပေါ်မြ စဉ်းစား မရတော့ပါ။

ပတ္တမြားပုံ ဆိုသည်မှာ ဗိုက်ထဲ မျိုထားရသည်ဟု ကိုပေါ်မြ ကြားဖူးသည်။ ထို့ကြောင့် ဗိုက်ထဲ မျိုချလိုက်သည်။ ခဏအကြာ ဝမ်းက ယားသဖြင့် ကုတ်လိုက်ရာ ပတ္တမြားပုံက လက်ထဲ ပါလာသည်။

ထပ်၍ ဗိုက်ထဲ မျိုချလိုက်ပြန်သည်။ ပါးက ယားလာသဖြင့် ကုတ်လိုက်ရာ ပတ္တမြားပုံက လက်ထဲပါလာပြန်သည်။ မည်သို့ ထားရမည်ကို ကိုပေါ်မြ စဉ်းစားမရတော့ပါ။ နောက်ဆုံးတွင် ဘုရားအိုးစင်ပေါ်၌ ဒီအတိုင်း တင်ထားလိုက်တော့သည်။

ပတ္တမြားပုံရအပြီး မကြာမီမှာပင် ကိုပေါ်မြ အမြင်၊ အကြား ရလာသည်။ မြောင်မြို့ ရွှေပေါ်ကျွန်း ဘုရားပွဲတော်၏ ဒုတိယမြောက်နေ့တွင်ဖြစ်သည်

ခေါက်ဆွဲကြော် လာဝယ်သော မြော

မရှိးကုန်းရွာသား ကိုမြကျော်အား

'သူငယ်ချင်းရေ အားရပါးရသာ စား

ပေတော့။ တော်သလင်းလပြည့်ကျော်

သေလိမ့်မယ်'

ဟု ပြောလိုက်ပါသည်။ ကိုမြကျော်

က နောက်ပြောင်ပြောသည်ဟု ထ

သဖြင့် ရယ်မောထွက်သွားပါသည်။

တော်သလင်းလပြည့်ကျော် (

ရက် နံနက်ပိုင်းတွင် ကိုပေါ်မြသည်

ကိုကျော်သောင်းကို အဖော်ခေါ်

မြောင်မရှိးကုန်းရွာသို့ လာခဲ့သည်။

ကိုမြကျော်ကို နှုတ်ဆက်ရန်ဖြ

သည်။ ယနေ့ သေမည်ဟု သူ သိသော

ကြောင့်ဖြစ်သည်။ မရှိးကုန်းရော

တော့ ကိုမြကျော်က နွားစာ စဉ်း

သည်။ မသေမီ လာနှုတ်ဆက်သည်

ပြောသည့် ကိုပေါ်မြကိုပင် လှောင်လှ

လိုက်သေးသည်။

နောက်တစ်နေ့ နံနက်တွင် မ

သို့ လူခေါ်ရောက်လာသည်။ မနေ့

ကိုမြကျော် ဆုံးသွား၍ဟု အကြော

ကြားပါသည်။

**မြေတွင်း မြှုပ်နှံထားသော ရွှေ ရတနာများကို မြင်သိနေသော်လည် မယူခဲ့၊ တရားစောင့်ခဲ့ပါသည်။ တိုက်ရန် လာသည်ကို သိရှိသ ကြိုတင်ချောင်နိုင်ခဲ့ပါသည်။**

ပတ္တမြားပုံသည် **ထူးကဲသော အလင်းရောင်များ ထွက်ပေါ်တတ် သည်။**

အထူးသဖြင့် တန်ဆောင်မုန်းလပြည့် လပြည့်၊ သီတင်းကျွတ်လပြည့်နှင့်

တစ်ရက် ညတို့တွင် ဗိုရှ်

လင်းကြောင်း တွေ့ရသည်။ ပတ္တမြ

ရေစိမ်၍ တိုက်ခြင်းဖြင့် ရောဂါဝေဒ

ပျောက်ကင်းကြောင်း တွေ့ရသည်။





www.burmeseclassic.com

www.burmeseclassic.com

ဘယ်သူပေးတဲ့

# အမွေးနံ့လဲ

မောင်ငြိအားကြူ
(စီးပွားရေး)



၂၀၁၄ ခုနှစ်၊ ဖေဖော်ဝါရီလ အမှတ်(၃၃၁)၊ စာမျက်နှာ(၂၃၃) နက္ခတ္တရောင်ခြည် မဂ္ဂဇင်းကြီးတွင် ဆရာ ညီလေးငယ် (လယ်တော်) ရေးသားသည့် **"အမေသူရဿတီ မယ်တော်နှင့် ကျွန်ုပ်တို့မိသားစု"** ဟူသော စာမူကို ဖတ်ရသဖြင့် အတိတ် ဖြစ်ရပ်တစ်ခုကို ပြန်လည် အမှတ်ရ လာမိပါသည်။

ထိုအဖြစ်အပျက်ကား ၁၉၈၅ ခုနှစ် ခန့်တွင် ကျွန်တော်တို့ မိသားစုသည် ရန်ကုန်မြို့ (၂၉)လမ်းရှိ တိုက်တစ်တိုက်၏ စတုတ္ထ(အပေါ်ဆုံးထပ်)တွင် နေထိုင်ခဲ့ကြပါသည်။

ထိုတိုက်ခန်းတွင် မီးဖိုချောင်ကိုသာ နံရံကာထားပြီး အိမ်ရှေ့ဘက်ခြမ်းတွင် ဘုရားခန်း ရှိပါသည်။ ကျန်တစ်ခန်းလုံးမှာ အိပ်ခန်းဧည့်ခန်းဟု အခန်းဖွဲ့ထားခြင်း မရှိပါ။

ထို့ကြောင့် အိပ်ခန်းအဖြစ် အသုံးပြုရန် လိုက်ကာ ကာရံပြီး အတွင်းတွင် နှစ်ယောက်အိပ်ခုတင် ခင်းကာ ကျွန်တော်တို့မိသားစုလေးဦး အတူ အိပ်စက်ကြပါသည်။

မိသားစုဆိုရာတွင် ကျွန်တော်ရယ်၊ အိမ်သူရယ်၊ ကိုးနှစ်အရွယ် သမီးကြီးနှင့် ခုနစ်နှစ်အရွယ် သမီးငယ်တို့ ဖြစ်ပါသည်။

ဘုရားစင်တွင်မူ ဗုဒ္ဓရုပ်ပွားတော်နှင့် ပဥ္စဝဂ္ဂီငါးဦး၏ရုပ်တု ရှိပါသည်။ ဘိုးဘိုးအောင်၊ ဘိုးမင်းခေါင်နှင့် သူရဿတီမယ်တော် ရုပ်တုများကို သစ်သားကြာပလ္လင်ပေါ်တွင် အုပ်ဆောင်းဖြင့် ဖုံးအုပ်ထားရှိပါသည်။

ထို့ပြင် ရှင်သီဝလိနှင့် ရှင်ဥပဂုတ္တ ရုပ်တုများလည်း ရှိပါသည်။ အိမ်တွင်းအုန်းလည်း ချိတ်ဆွဲထားပါသေးသည်။

www.burmeseclassic.com

ဤသည်တို့မှာ ကျွန်တော့်ယောက္ခမ၏ အစီအမံများ ဖြစ်ပါသည်။

ကျွန်တော့် အိမ်သူကလည်း ထိုဆင်းတုတော်နှင့် ရုပ်တုများကို ပန်း၊ ရေချမ်းများ မလစ်ဟင်းရအောင် ကပ်လှူလေ့ ရှိပါသည်။

ဤသို့ ဖော်ပြရခြင်းမှာ ကျွန်တော် တွေ့ကြုံရသော အဖြစ်အပျက်နှင့်များ ဆက်စပ်မှု ရှိနေလေသလားဟု စဉ်းစား နိုင်ရန်အတွက် ဖြစ်ပါသည်။

တစ်နေ့တွင် ကျွန်တော့်ဦးလေးတို့ ဇနီးမောင်နှံ အိမ်အလည်လာပါသည်။ ကျွန်တော် အိမ်မတံခါး ဖွင့်ပေးရင်း ခရီးဦးကြို ပြုပါသည်။ ဦးလေး၏ ဇနီးက အိမ်တွင်း လှမ်းဝင်လိုက်ရင်းမှ **"မွှေးလိုက်တာ"**ဟု ဆိုပါသည်။

ဦးလေးကလည်း "ဟုတ်ပါရဲ့"ဟု ထောက်ခံပါသည်။ ကျွန်တော် အိမ် အတွင်းဘက်သို့ ပြန်လှည့်လိုက်သော အခါမှ ကျွန်တော်လည်း အမွှေးနံ့ကို ရပါသည်။

ထိုအမွှေးနံ့ကား ကျွန်တော် အလွန် ကြိုက်နှစ်သက်သော ရေသူမတံဆိပ် ရေမွှေးနံ့ Mermaid(ခေါင်းလိမ်း၍ လည်း ရပါသည်) ဖြစ်နေပါသည်။ နှာသီးဖျားတွင် ဆွတ်ထားသလို ထင်ရ ပါသည်။ ကျွန်တော်လည်း ကိုယ် အလွန်ကြိုက်သော ရေမွှေးနံ့ ဖြစ်နေ သဖြင့် ခေါင်းမော့ပြီး အားပါးတရပင် ရှူရှိုက်လိုက်ပါသည်။

ဤနေရာတွင် Mermaidရေမွှေးနှင့် ကျွန်တော့်အကြောင်း အနည်းငယ် ပြောချင်ပါသည်။ ကျွန်တော် သတ္တမ တန်းတွင် စာသင်နေစဉ်က ပေါင်ဒါ ရေမွှေးနှင့် ခေါင်းလိမ်းဆီကို စတင် အသုံးပြုကြောင်း မှတ်မိနေပါသည်။ (၁၃–၁၄နှစ်အရွယ် လူပျိုပေါက်ပေ ကိုး) ထိုစဉ်ကပင် Mermaid ရေမွှေးကို



စတင် ကြိုက်နှစ်သက်ခဲ့ပါသည်။

(Mermaid)တံဆိပ် ခေါင်းလိမ်းဆီ ပုလင်းဝိုင်း(အဝါရောင်)လည်း ထွက်ပါ သည်။ ကျွန်တော့်အနေဖြင့် အထူး သဖြင့် ဆောင်းတွင်းကာလ ဆောင်း လေအေးအေးနှင့် Mermaidနံ့သည် အလွန် လိုက်ဖက်သည်ဟု ထင်မှတ် စွဲလမ်းခဲ့ပါသည်။

စထွက်စဉ်က Mermaidသည် England Madeဖြစ်ပါသည်။ နောင်အခါ တွင် Thailandမှထုတ်သော Mermaid ကိုသာ သုံးစွဲခဲ့ရပါသည်။

ဇာတ်လမ်းကို ပြန်ဆက်ပါမည်။ Mermaidနံ့ကြောင့် စိတ်ကြည်လင် လန်းဆန်းနေသော ကျွန်တော်က ရေမွှေးပုလင်းများ မှောက်နေလေ သလားဟု တွေးမိသွားပါသည်။

ထို့ကြောင့် လိုက်ကာ ကာရံထား သော အိပ်ခန်းတွင်း ခုတင်ရှိရာသို့ ရောက်သွားပါသည်။ ခုတင်ခေါင်းရင်း နားရှိ စားပွဲပေါ်တွင် Mermaidပုလင်း ပေါင်ဒါဘူးနှင့်အတူ အိမ်သူ၏ အလှ ပြင်ပစ္စည်းများ ရှိပါသည်။

Mermaidပုလင်းမှာ ထောင်လျက် အတိုင်းပင် ဖြစ်သည်။ ပုလင်းအဖုံးမှာ လည်း လုံးဝ ချောင်မနေပါ။ သို့ဖြစ်ရာ ဤအမွှေးနံ့သည် ပုလင်းမှ လာခြင်း မဟုတ်သည်မှာ သေချာပါသည်။

သို့ဆိုလျှင် ရေမွှေးနံ့ဘယ်က ထ… သနည်း…

ကျွန်တော် မကျေနပ်။ နှာခေါင်း… မှာလည်း အနံ့က ရနေဆဲ။ အိမ်သူ… များ ခေါင်းအုံးစွပ်တွင် ဆွတ်ထားေ… သလား။ ကျွန်တော် ခုတင်ေ… လေးဖက်ထောက်တက်၍ လိုက်… အနံ့ခံကြည့်မိသည်။ ခုတင် အချို့နေ… တွင် အနံ့ရသော်လည်း အချို့နေ… တွင် အနံ့မရချေ။ ထူးဆန်းနေပြန်… သည်။

ခေါင်းအုံးတွင်လည်း ရေမွှေးဆွတ် ထားခြင်းမရှိ။ ရော… ခက်ချေပြီ… နောက်ဆုံး ခုတင်ပေါ်မှဆင်းကာ ဦးလေးတို့ဇနီးမောင်နှံကို ညွှန်ခံစကား ပြောရသည်။ ထိုအခါ အနံ့မရ ပြန်… ချေ။ ထိုစဉ် အိမ်သူက မီးဖိုခန်းမှ ထွက်လာသဖြင့် လှမ်းပြောမိသည်။

'ရေမွှေးနံ့ရလို့ကွ… အိပ်ခန်းထဲ ဝင်ကြည့် လိုက်ပါဦး'

အိမ်သူက အိပ်ခန်းတွင်း ဝင်သွား… သည်။ ခဏနေ ပြန်ထွက်လာပြီး ပြော… သည်။

'ဟုတ်တယ်… အိပ်ခန်းထဲမှာ Mermaidနံ့ ရနေတယ်'

ဘာကြောင့် မိမိအကြိုက်ဆုံး ရေမွှေးနံ့ကို ရနေတာလဲဟု စဉ်းစား၍ လုံးဝ မရခဲ့ပါ။

ရက် အတန်ကြာသွားပါသည်။ ကျွန်တော်သည် ကီစွတစ်ခုဖြင့် လမ်းမတော်ဘက်သို့ သွားခဲ့သည်။ အချိန်ကား နံနက်(၇း၀၀)နာရီခန့်။ ပလက်ဖောင်းပေါ်၌ပင် လူအသွား အလာ ရှင်းနေသည်။ ကားလည်း ရှင်းနေသည်။

အနော်ရထာလမ်း လျှောက် တောင်ဘက်ခြမ်း ပလက်ဖောင်း အနောက်အရပ်သို့ လျှောက်လာ…



www.burmeseclassic.com

www.burmeseclassic.com

သည်။ (၁၃)လမ်းကိုကျော်ပြီး လျှောက်လာစဉ်(ယခု Forever Wedding Dress) ဆိုင်ရှေ့အရောက်တွင် Mermaidနံ့ကို ရပြန်ပါသည်။

နံ့နက် လေနုအေးနှင့်အတူ Mermaidနံ့ကို ရှူရှိုက်လိုက်ရသဖြင့် စိတ်ရောကိုယ်ပါ လန်းဆန်းသွားခဲ့ပါသည်။

ကောင်းလိုက်တာဟု စိတ်ထဲက တွေးမိပါသည်။ Mermaid ဆွတ်ထားသူ တစ်ယောက်ယောက်ထံက ဖြစ်မှာပဲဟု သာမန်တွေးကာ ဆက်လျှောက်နေမိပါသည်။ ရေမွှေးနံ့ကတော့ ရနေဆဲ။

စိတ်ထဲ အတွေးတစ်ခု ဝင်လာမိသည်။ ကွယ်လွန်သူ ဆရာနှစ်ဖက်လှ (ဦးကျော်လွင်) ကျွန်တော်တို့ရုံးမှာ ဘာသာရေးများ ပို့ချဆွေးနွေးစဉ်က ကုသိုလ်,အကုသိုလ် အကြောင်းရောက်သောအခါ ကျွန်တော်က ဆရာ့ကို မေးမိသည်။

'ဒီအချိန်ဟာ ငါ့ကိုကုသိုလ် အကျိုးပေးနေတာပဲ သို့မဟုတ် အကုသိုလ် အကျိုးပေးနေတာပဲလို့ ဘယ်လိုလုပ် သိနိုင်မလဲ ဆရာ'

ဆရာက မဆိုင်းမတွပင် ပြန်ဖြေခဲ့ပါသည်။

'အနိဋ္ဌာရုံနဲ့ တွေ့နေချိန်ဟာ အကုသိုလ် အကျိုးပေးချိန်ဖြစ်ပြီး ဣဋ္ဌာရုံနဲ့ တွေ့နေချိန်ဟာ ကုသိုလ်အကျိုးပေးနေချိန်လို့ သိနိုင်ပါတယ်'

ဆရာ့စကားကို စိတ်ထဲမှာ ပြန်လည်ကြားယောင်ပြီး တစ်ကိုယ်တည်း ပြုံးမိလိုက်ရပါသေးသည်။ ဩော် ငါ့ကို ကုသိုလ် အကျိုးပေးနေချိန်ပါလားလို့ပေါ့။

ကျွန်တော် ဆက်လျှောက်လာရင်း ပလက်ဖောင်းအဆုံး ဘုန်းကြီးလမ်း



ထိပ်သို့ ရောက်လာပါသည်။ ကန့်လန့်ထောင့်ချိုးတွင် စံပြရုပ်ရှင်ရုံကို မြင်ရသည်။ ဘုန်းကြီးလမ်းကို ဖြတ်ကူးရန် ကားရှင်း,မရှင်း ကြည့်လိုက်ပါသည်။ ခေတ္တ ရပ်၍ အကဲခတ်လိုက်ပါသည်။

ထိုခဏ၌ သတိ ဝင်လာမိခဲ့ပါသည်။ ရေမွှေးဆွတ်လာသူတစ်ယောက် မိမိနောက်တွင် ရှိလေသလားဟု တွေးကာနောက်ကို လှည့်ကြည့်လိုက်မိပါသည်။

ပလက်ဖောင်းပေါ်တွင် မိမိမှတစ်ပါး အခြားသူမရှိ။ ဘေးဘီဝဲယာကို ကြည့်တော့လည်း လူတစ်ဦးကိုမျှ မတွေ့။ မိမိတစ်ယောက်တည်းမှ တစ်ယောက်တည်း။ ရော... ခက်ချေပြီ။ "ဘယ်သူပေးတဲ့ အမွှေးနံ့လဲ" တွေးမရအောင် ရှိချေသည်။

အထက်ပါကဲ့သို့ အမွှေးနံ့ရခြင်း အကြောင်းကို စပ်မိစပ်ရာ ပြောမိသောအခါ "မယ်တော်သူရဿတီ စောင့်ရှောက်တာ ဖြစ်မယ်။ စောင့်ရှောက်ကြောင်းသိအောင် အမွှေးနံ့ပေးတာ" ဟု ဆိုသူက ဆိုသည်။ "မင်း...စိတ်ထင်လို့ပါ"ဟု ပြောသူကလည်း မရှား။

ကျွန်တော် ဘာသာရေးလုပ်၍ အစောင့်အရှောက်တစ်ဦးဦးက အနံ့ပေးသည်ဟု ပြောသူက ပြောသည်။

သို့သော် ကျွန်တော့်အနေနှင့် ဘာသာရေးကို ထူးထူးကဲကဲ လုပ်ခဲ့ခြင်းမရှိလှ။ အဓိဋ္ဌာန်တွေ ဘာတွေလည်း မဝင်ဘူးခဲ့ပါ။ ပုံမှန်အားဖြင့် ဘုရားကန်တော့ ဘုရားစာများရွတ်၊ ပရိတ်ကြီး(၁၁)သုတ်ရွတ် ပုတီးစိပ် ရံဖန်ရံခါ တရားထိုင်၊ (၃၁)ဘုံကို အမျှဝေခြင်းသာ ရှိပါသည်။

ထို့ထက်မူ အမျှဝေသောအခါ ဘိုးဘိုးအောင်၊ ဘိုးမင်းခေါင်တို့မှစ ရသေ့ရှစ်သောင်း ဆရာပေါင်းနှင့်တကွ မယ်တော်သူရဿတီ၊ စန္ဒီဒေဝီ၊ လက်ချမ်း စသော မယ်တော်အပေါင်းတို့ကိုမူ နှုတ်မှ ရွတ်ဆို၍ အမျှပေးဝေမှု ရှိခဲ့ပါသည်။ ထို့ထက် မပိုပါ။

သို့ဆိုပါလျှင် "ကျွန်တော့် အကြိုက်ဆုံး Mermaidရေမွှေးနံ့ကို ဘယ်သူပေးတာလဲ" အဖြေမရှိသော ပုစ္ဆာတစ်ပုဒ်ပင် ဖြစ်ပါသည်။

ဤနှစ်ကြိမ်မျှ အနံ့ရပြီးသည့်နောက် ယခုအချိန်ထိလည်း ထိုအဖြစ်မျိုး ထပ်မံ မကြုံဆုံခဲ့ရတော့ပါ။

သူရဿတီမှစ မည်သည့်ပုဂ္ဂိုလ်ကိုမျှလည်း အိပ်မက် တစ်ကြိမ်တစ်ခါ မမက်ခဲ့ဘူးပါ။ ပုဂ္ဂိုလ် တစ်ဦးတစ်ယောက်၏ သိသာထင်ရှားစွာ စောင့်ရှောက်ခြင်းကိုလည်း မခံစားရဘူးခဲ့ပါ။

**စာရှုသူများခင်ဗျား** ကျွန်တော်ကဲ့သို့ အတွေ့အကြုံမျိုး ရှိပါလျှင် သိချင်ပါသည်။ **ဘာကြောင့်ဆိုသော** အဖြေကိုလည်း သိချင်ပါသည်။ နက္ခတ္တရောင်ခြည်မဂ္ဂဇင်းမှတစ်ဆင့် ပြန်ကြားပေးကြပါရန် ပန်ကြားလိုက်ရပါသည်။

**ရွှင်လန်းချမ်းမြေ့ကြပါစေ။**

**မောင်အေးကြူ(စီးပွားရေး)**



www.burmeseclassic.com

www.burmeseclassic.com



# ပုတ်ဝင်တဲ့ နွား

ညီလေးငယ်
(လယ်တော်)

နံနက်ခင်း ရောင်နီတက်ချိန် ရောက်လေပြီ။ ထိုအချိန်၌ အောင်ကြီးတို့အဖွဲ့မှာ ထုံးစံအတိုင်း ဟင်းစား ပေါ်ရန် ရုတ်ရုတ်သဲသဲ ဖြစ်နေကြသည်။ အမဲဖျက်ရန် ဓားသွေးသူကသွေး၊ ခုတ်ထစ် ထည့် သယ်ပိုးဖို့ အိတ်တွေ ပြင်ဆင်သူက ပြင်ဆင်နှင့် ရှိနေကြသည်။

အားလုံး ပြင်ဆင်ပြီးသော် အောင်ကြီးက သူ၏ ထုံးစံအတိုင်း ဟင်းစားပေါ်မည့် နွားမကြီးကို ဆွဲပြီး ရွာမြောက်ချောင်းရိုးထဲသို့ ထွက်လာခဲ့သည်။ သူ၏ နောက်မှာတော့ ဘက်တော်သားတွေဖြစ်သည့် မြင့်မောင်နှင့် လှတိုးတို့က လိုအပ်သည့် ဓားများ၊ ပုဆိန်များကိုင်၍ လိုက်လာကြသည်။

ခါးကြားထဲတွင်လည်း အမြည်း ကောင်းကောင်းဖြင့် တစ်ပွဲတစ်လမ်း နွှဲရန် အရက်ပုလင်းများပါ ပါလာကြသေး၏။ ဟင်းဖျက်ပြီးလျှင် အသားတွေကို ကျက်အောင်ကင်၍ အမြည်း လုပ်ကြမည် ဖြစ်ပေသည်။

အောင်ကြီးတို့ နေထိုင်သော သရက်ကုန်းရွာလေးသည် အိမ်ခြေ(၂၀၀) ကျော်ရှိသော ရွာကြီးတစ်ရွာ ဖြစ်သည်။ အများစုမှာ တောင်ယာလုပ်ငန်း လုပ်ကိုင်ခြင်းဖြင့် အသက်မွေးကြပြီး ထင်းခုတ်၊ ဝါးခုတ် လုပ်သူများလည်း ရှိကြပါသည်။

ထိုရွာ၌ (၇)ရက် (၁)ပတ်ပြည့်သည့်နေ့တိုင်း ဟင်းစား(အမဲ၊ ဝက်) ပေါ်လေ့ ရှိသည်။ ထိုသို့ ဟင်းစားပေါ်တိုင်း အောင်ကြီးတို့အဖွဲ့က ဒိုင်ခံပေါ် ပေးလေ့ ရှိပါသည်။ ဟင်းစားပေါ်မည့် နွားပိုင်ရှင်က အောင်ကြီးတို့အဖွဲ့အား အခကြေးငွေနှင့် ဟင်းစား အနည်းငယ် ပေး၍ ပေါ်ခိုင်းတတ်သည်။

အောင်ကြီးတို့က ခုတ်ထစ်ပြီး အသားများကို တစ်ပိသာတွဲစီ တွဲပြီးမှ ပိုင်ရှင်က ညနေပိုင်း၌ ရွာအနှံ့ လှည့်လည်ထမ်းရောင်းခြင်းဖြစ်သည်။

ထိုသို့ ထမ်းရောင်းရာ၌ ငွေများကို လက်ငင်းတောင်းခံခြင်းမျိုး မဟုတ်ပါ။ (၅)ရက်မြောက်သောနေ့မှ ပေးရပါသည်။ သူတို့၏ အရပ်အခေါ်မှာ (၅)ရက်ချိန်းဟု ခေါ်ပါသည်။ ထိုသို့ ဟင်းစားရောင်းချပြီး (၅)မြောက်သော နေ့တွင် ဟင်းစားပေါ်သူ ပိုင်ရှင်က ဟင်းစားယူထားသူများထံ ငွေလိုက်ကောက်ခြင်းဖြစ်သည်။

သို့ပါ၍ လက်ငင်းပေးရခြင်း မဟုတ် သောကြောင့် တစ်ရွာလုံးနီးပါး ဝယ်စား ကြပါသည်။ ဟင်းစားပေါ်တိုင်း မကုန် သည့်အခါ မရှိသောကြောင့် ထိုရွာ၌



www.burmeseclassic.com

www.burmeseclassic.com

တစ်ပတ်တစ်ခါ ဟင်းစားပေါ်သည့် ခလေ့ထုံးစံ ပေါ်ပေါက်ခဲ့ပါသည်။

ယခုတစ်ပတ် အောင်ကြီးတို့ ပေါ်ပေးရမည့် နွားမှာ ရွာလယ်က မုဆိုးမ ဒေါ်ရွှေ၏ နွားမဖြစ်သည်။ နွားမမှာ သားငယ်ကျ(ပေါက်ဖွားမှု) မကောင်း၍ ဟင်းစားပေါ်ခြင်းဖြစ်သည်။ ထိုနွားမမှာ ဝဖြိုးပြီး အရွယ်ကောင်းတုန်း ဖြစ်ပါသည်။

အောင်ကြီးတို့အဖွဲ့ ရွာမြောက်ဘက်ချောင်းရိုးသို့ ရောက်သော် သူတို့ ဟင်းစားပေါ်နေကျ ချောင်းစပ်က ကွင်းပြင်သို့ သွားခဲ့ကြသည်။ ထိုကွင်းပြင်မှာ ကျေးရွာလယ်ကွက်များ၏ ဘေးတွင်ဖြစ်သည်။ ကွင်းပြင်သို့ ရောက်သော် ကွင်းလယ်တွင် အသင့်ရှိသော သစ်ပင်၌ နွားကို ကြိုးချည်ထားလိုက်သည်။

ထိုနွားကိုသတ်၍ ဖျက်ပြီး ခုတ်ထစ်ကာ ပိုင်ရှင်ထံသို့ အပ်နှံပြီးသော် အောင်ကြီးတို့ တာဝန်ပြီးမည်ဖြစ်သည်။

အောင်ကြီးက နွားမသတ်မီ အသင့်ပါလာသော အရက်ကို ရေမရောဘဲ မော့သောက်လိုက်သေး၏။ ထို့နောက် မြင့်မောင် အသင့်ယူလာသော ပုဆိန်ကို ယူ၍ လုတိုးအား နွားကို ငြိမ်အောင် ချော့မြှူပွတ်သပ်စေပြီး နွားငြိမ်သွားသော် ပုဆိန်အား ကိုင်မြှောက်၍ နွားဦးခေါင်း၏ ချက်ကောင်းကောင်းနေရာကို အားကုန်ထုချလိုက်တော့သည်။

အောင်ကြီး၏ နွားသတ်ရာ၌ သတ်တမ်းရင့်နေပြီဖြစ်သော လက်ချက်ကြောင့် ဝဝဖီးဖီး နွားမကြီးခမျာ မြေပြင်ပေါ် ဗုန်းဗုန်းလဲကျသွားရပါတော့သည်။

ထို့နောက် သစ်ပင်တွင် နွားချည်ထားသော ကြိုးကို ဖြေ၍ အောင်ကြီးတို့ (၃)ယောက်သား ဓားကိုယ်စီဖြင့် အောင်မြင်သည့် အထိမ်းအမှတ်ဖြင့်



အရက်ပုလင်းမှ အရက်များကို တစ်ယောက်တစ်ငုံစီ အလှည့်ကျ မော့သောက်လိုက်ကြသည်။

ထို့နောက် လဲနေသော နွားကို ဖျက်ရန် ဓားကိုယ်စီဖြင့် နွားဘေးသို့ ဝိုင်းထိုင်လိုက်ချိန်၌ လဲနေသော နွားမှာ အော်၍ နေရာမှ အသားကုန် ထပြေးတော့သည်။ နွား၏ ရုတ်တရက် အတင်းထပြေးမှုကြောင့် အောင်ကြီးတို့ (၃)ယောက်စလုံး မြေပေါ်လဲကျကုန်သည်။

ထို့နောက် ကမန်းကတမ်း ထကာ နွားမနောက်သို့ လိုက်ကြသည်။ လုတိုးနှင့် မြင့်မောင်တို့က အောင်ကြီးအား နွားသတ်တာ မသေချာဟု အပြစ်တင်ကြ၏။

သို့သော် အောင်ကြီးကတော့ သူ့လက်ချက်ကို သူ အသိဆုံးဖြစ်သည်။ အောင်ကြီး နွားသတ်လာသည်မှာ အကောင်ပေါင်း မရေတွက်နိုင်တော့။ အားလုံးမှာ တစ်ချက်တည်းနှင့် ပွဲပြီးသွားစမြဲဖြစ်သည်။

ယခုတွင်မူ ထိုနွားမ မသေ၍ အောင်ကြီးကိုယ်တိုင်ပင် နားမလည်နိုင်တော့ပါ။ နွားမှာ သာမန်နွားတစ်ကောင်ကဲ့သို့ လျင်မြန်ဖျတ်လတ်စွာ ပြေးနှင်နေ၏။ ပြေးရင်း၊ ပြေးရင်း အောင်ကြီးတို့ လိုက်မမီနိုင်တော့သည့် နေရာတွင် ရပ်သွားသည်။

သို့သော် အနီးသို့ ရောက်သော် ပြေးပြန်၏။ ဤသို့လျှင် အောင်ကြီးတို့ (၃)ယောက် လိုက်ဖမ်းရင်း နဖူးမှ ချွေးများ တဒီးဒီး ကျလာကုန်သည်။ နွားကို လုံးဝ ဖမ်းမမိသေးပါ။ ထိုနွားကို အဝေးမှ မြင်နေရသော်လည်း အနီးသို့ ကပ်မရဘဲ ရှိနေပါသည်။ ဤသို့ဖြင့် လိုက်ဖမ်းရင်း အချိန်တွေ လင့်လာကာ လူတွေလည်း ပင်ပန်းလာကြသည်။

နွားမှာ အောင်ကြီးတို့ မလိုက်လျှင် မပြေးဘဲ ရပ်နေ၏။ အောင်ကြီးတို့ ဆက်လိုက်ပါက ပြေးပြန်သည်။ ဤသို့ဖြင့် ချောင်းစပ်ကွင်း လယ်ထဲတွင်သာ ပတ်ချာလည်နေပါတော့သည်။

အချိန်မှာ နေ့လယ်(၁)နာရီကျော်လာပြီဖြစ်သည်။ နွေရာသီ၏ နေက အတိုင်းမသိ ပူပြင်း၍နေ၏။ အောင်ကြီးတို့ (၃)ဦးမှာလည်း ဆက်မလိုက်ဖမ်းနိုင်တော့ မောပမ်း၍ လာလေသည်။

ထိုနွားမှာ ဤတော၏ အလွန်သို့ ပြေးဟန်မတူပါ။ ထို့ကြောင့် အောင်ကြီးတို့မှာ နွားကို ထားခဲ့ပြီး လူအင်အား ပြန်ခေါ်ရန် ရွာသို့ သုတ်ခြေတင်ခဲ့ရပါတော့သည်။

နေ့လယ် (၂)နာရီကျော်ကျော်လောက်တွင် အောင်ကြီးတို့ ဇတာထဲ ပြန်ရောက်လာခဲ့ကြသည်။ နွားမှာ ထိုနေရာမှာပင် ငြိမ်သက်စွာ ရပ်နေဆဲဖြစ်သည်။ ရွာထဲတွင် ယခုလို နေ့လယ်ခင်း၌ တောထဲသို့ သစ်ခုတ်၊ ဝါးခုတ် သွားကုန်ကြသဖြင့် လူမရှိသောကြောင့် ကာလသား လူငယ်နှစ်ဦးသာ ခေါ်လာနိုင်သည်။

ဤသို့ဖြင့် (၅)ဦးသား နွားကို ထပ်မံလိုက်ဖမ်းကြပြန်သည်။ သို့သော် ဖမ်း၍ မမိခဲ့ပေ။ မည်မျှပင် ကြိုးစား၍ ဖမ်းပါသော်လည်း အချည်းနှီးသာ ဖြစ်ခဲ့၏။ နွားမှာ သာမန် နွားတစ်ကောင်ကဲ့သို့ပင် လျင်မြန်ဖျတ်လတ်နေသဖြင့် ထင်ရ

www.burmeseclassic.com

သည်။

အောင်ကြီးတို့ အားလုံးမှာလည်း နွေရာသီ၏ နေပူအောက်တွင် ပင်ပန်းလွန်းသဖြင့် အားအင်ချည့်နဲ့ကုန်ကြသည်။ ခဏနားလိုက်၊ ထပ်မံလိုက်ဖမ်းလိုက်ဖြင့် လုပ်နေခဲ့သည်မှာ အချိန်တွေတောင် တဖြည်းဖြည်း လင့်လာခဲ့ပြီဖြစ်သည်။

နေမင်းကြီးသည်လည်း အနောက်ဂေါယာကျွန်းသို့ မေးတင်စ ပြုနေလေပြီ။ အောင်ကြီးတို့ အဖွဲ့မှာလည်း ပင်ပန်းလွန်းသဖြင့် စိတ်လျှော့၍သာ ရွာသို့ ပြန်ခဲ့ကြရပါတော့သည်။ နွားမကြီးကတော့ အောင်ကြီးတို့နှင့် ဝေးရာမှာ ငြိမ်သက်စွာရပ်၍ ကျန်ရစ်ခဲ့ပါ၏။


အောင်ကြီးတို့အဖွဲ့ ရွာသို့ ပြန်ရောက်ပြီး နွားပိုင်ရှင်အား အကျိုးအကြောင်းပြောပြကာ မနက်ဖြန်လင်းမှ ရွာက လူအင်အားများများဖြင့် ကြိုးစား၍ ဖမ်းတော့မည်ဟု ဆုံးဖြတ်လိုက်ကြပါတော့သည်။

* * *

နံနက်ခင်း မိုးစင်စင်လင်းခဲ့လေပြီ။ အောင်ကြီးတို့အဖွဲ့ ရွာကလူများ ထင်းခုတ်၊ ဝါးခုတ် မထွက်မီ လူစုရုံးကြ၏။ လူအင်အား လုံလောက်စွာ ရရှိသော် နံနက်(၉)နာရီလောက်တွင် နွားမကြီးကျန်ခဲ့သော ရွာမြောက်ဘက်ချောင်းရိုးသို့ ချီတက်လာခဲ့ကြပါတော့သည်။

ယနေ့တွင် အောင်ကြီးတို့အဖွဲ့မှာ စုစုပေါင်း လူ(၁၅)ယောက်ဖြစ်သည်။ အားလုံးမှာ တုတ်များ၊ ဓားများ၊ ကြိုးများဖြင့် ဖြစ်လေသည်။ အောင်ကြီးတို့ရွာတွင် အမဲပစ်သေနတ် မရှိသောကြောင့် ယခုလို အခက်တွေ့နေရသည်။

သို့သော် ယခုနေ့မှ ဖမ်း၍ မရပါက တစ်ဖက်ရွာမှ မုဆိုးတစ်ဦးထံ အကူ



အညီတောင်း၍ ထိုနွားအား သေနတ်ဖြင့် ပစ်ခိုင်းမည် ဖြစ်ပေသည်။

ဤသို့ဖြင့် အောင်ကြီးတို့အဖွဲ့ မြောက်ချောင်းရိုးသို့ ရောက်သောအခါ ထိုနွားမှာ မနေ့ညနေက အောင်ကြီးတို့ ပြန်စဉ် ကျန်ခဲ့သည့် နေရာမှာပင် ငြိမ်သက်စွာ ရပ်နေဆဲဖြစ်သည်။

ထို့ကြောင့် အောင်ကြီးတို့အဖွဲ့မှာ ထိုနွားအား ပတ်လည်ဝိုင်း၍ အနီးသို့ ချဉ်းကပ်ခဲ့ကြသည်။ နွားမှာ များလွန်းသော လူများကြောင့် မပြေးတတ်တော့ဘဲ အလယ်တွင် ရပ်နေသည်။

နွားအနီးသို့ ရောက်သော် အဖွဲ့ထဲမှ အသက်(၄၀)ကျော်အရွယ် ဦးသောင်းရွှေက နွားကို ကြိုးပစ်၍ ဖမ်းလိုက်သည်။ နွား ကြိုးကွင်းထဲ မိသွားသောအခါ အားလုံး ဝိုင်းဖွဲ့၍ နွားထံ ပြေးသွားကြသည်။

ထိုအခိုက် နွားမှာ မြေပေါ်သို့ ဘုန်းဘုန်းလဲကျ၍သွားခဲ့သည်။

အောင်ကြီးတို့အဖွဲ့မှာ အံ့သြစွာဖြင့် နွားအား ကိုင်ကြည့်သောအခါ နွားမှာ အေးစက်နေပြီး ခြေလက်တို့ တောင့်ခဲကာ ဆန့်နေ၏။ ထို့နောက် ဝမ်းဗိုက်မှာလည်း ဖောင်းကား၍ နေပါသည်။

ယခုမှ လတ်လတ်ဆတ်ဆတ် သေထားသည့်ပုံစံ မဟုတ်ဘဲ သေပြီး တစ်ရက်လောက် ကြာနေသည့်ပုံစံဖြစ်နေသည်။ ထို့ပြင် နွေရာသီ၏ နေပူဒဏ်ကြောင့် နွားမှာ ပုပ်အက်အက် အနံ့ဆိုးပင် ထွက်၍နေလေပြီဖြစ်သည်။

ထို အခြင်းအရာများအတွက် အောင်ကြီးတို့အားလုံး လွန်စွာ အံ့သြသွားကြရပါသည်။ နွားမှာ အပုပ်နံ့ထွက်နေပြီ ဖြစ်နေ၍ မည်သူမျှ မဖျက်ကြတော့ဘဲ မြေမြှုပ်လိုက်ရပါတော့သည်။

ဤသည်ကို ရွာရှိ လူကြီးများ၏ ပြောပြချက်အရ ထိုနွားသည် ဖုတ်ဝင်သွားခြင်းကြောင့်ဖြစ်ကြောင်း သိခဲ့ရပါသည်။ အောင်ကြီး ထုသတ်စဉ် နွားမှာ သေသွားသော်လည်း မြေပေါ်လဲကျပြီး ဖုတ်ဝင်ကာ ယခုကဲ့သို့ အသက်ဝင်လာပြီး ဖုတ်၏ အသက်ဖြင့် ထပြေးကြောင်း…

ထို့ကြောင့် ထိုဖုတ်များသည် လူအများ၏ အသံကြား၍ လည်းကောင်း၊ ထိတွေ့ခဲ့သည်သော် လည်းကောင်း ဝင်ရောက်ပူးကပ်နေရာမှ ထွက်သွားတတ်ကြောင်း…

ထိုနွားမှာ အောင်ကြီး ထုသတ်စဉ်ကတည်းက သေနေပြီဖြစ်သောကြောင့် နွေရာသီ၏ အပူချိန်ဖြင့် ယခုလို (၁)ရက်လင်းသော အချိန်၌ ပုပ်စော်နံသွားကြောင်း စသည်ဖြင့် သိရှိခဲ့ရပါသည်။

အောင်ကြီးတို့မှာ မယုံနိုင်စရာဖြစ်ရပ်အတွက် အံ့သြမဆုံး ဖြစ်ခဲ့ကြရပါသည်။ အောင်ကြီး နွားသတ်လာသော သက်တမ်းတစ်လျှောက်၌ ဤတစ်ကြိမ်သာ ဖုတ်ဝင်သော နွားနှင့် ကြုံဆုံခဲ့ရဖူးပါသည်။

**(ဖြစ်ရပ်မှန်ကို ပြောပြသူကာယကံရှင်၏ ဆန္ဒအရ အမည်၊ နေရပ် လွှဲပြောင်းရေးဖွဲ့ပါသည်။)**


***စာရှုသူများအား အစဉ် လေးစားလျက်…***

**ညီလေးငယ်(လယ်တော်)**




www.burmeseclassic.com

www.burmeseclassic.com



◆ ငါးမျက်နှာအောင်မြေစေတီ



◆ ကျိုက်သန်လန်အား နောက်ခံပြု
ဖူးတွေ့ရသည့် နောင်တော်ကြီးစေတီ

ကျိုက်သန်လန်မှ

# ငါးမျက်နှာ အောင်မြေစေတီ

ဂေါတမဘုရားရှင် (၈)ဝါအရတွင် သုဝဏ္ဏဘူမိ (မွန်ရာမညဒေသ)သို့ ဒေသစာရီ လှည့်လည်စဉ် ပေးသနားခဲ့သော ဆံတော်နှင့် ဘုရားရှင် ပရိနိဗ္ဗာန်ပြုပြီးနောက် သထုံပြည်မှ ပင့်ဆောင်ရရှိသော အံတော်တို့ စုပေါင်း ဌာပနာထားသည့် ကျိုက်သန်လန် စေတီကား မူလ စေတီငယ်တစ်ဆူ ဖြစ်ခဲ့ရာ နောင်ကာလတွင် မြောက်ဘက်အရပ်၌ စေတီကြီးတစ်ဆူ တည်၍ ရွှေ့ပြောင်း ဌာပနာ ပူဇော်ကြလေသည်။

မူလစေတီအား **နောင်တော်ကြီး စေတီ**ဟု ဘွဲ့မည်သမုတ်ကြသည်။ ယင်းစေတီ၏ အနောက်ထောင်ထောင့် အရပ်တွင် မူလစေတီ တည်စဉ်က အောင်နိမိတ်ယူ အဓိဋ္ဌာန်ပြုရာ အောင်မြေဌာန ရှိခဲ့ရာ ယင်းနေရာတွင် ငါးမျက်နှာစေတီငယ်တစ်ဆူကို တည်ထားကြသဖြင့် **"မူလအောင်မြေ ငါးမျက်နှာစေတီ"**ဟု ခေါ်တွင်ကြသည်။

မိမိတို့လုပ်ငန်း၊ စရဏ၊ အလုပ်စခန်းများအတွက် အောင်ဓာတ်ယူ၍ အောင်နိမိတ် ဆောင်လိုသူများသည် **မော်လမြိုင်၊ ကျိုက်သန်လန် စေတီတောင်ဘက်မုခ် အနီးရှိ ငါးမျက်နှာ အောင်စေတီသို့ သွားရောက် ဖူးမြော်နိုင်ကြလေသည်။**

**ထိုင်းလီစု**



www.burmeseclassic.com

www.burmeseclassic.com



ရေနံ့သာ အောင်မြင့်ကျော်

တမလွန်ဘဝက

# တစ်ပြည်သူ မရွှေလား

ကျွန်တော် ထူးဆန်းအံ့သြဖွယ်ကောင်းတဲ့ အဖြစ်အပျက်လေးတစ်ခု တွေ့ကြုံဖူးပါတယ်။ ဘယ်သူ့ကိုမှ ဖွင့်မပြော ရေးမပြခဲ့ဘူး။ ပြောပြရင်လဲ ယုံနိုင်စရာ မရှိဘူး။ ယုံကြမှာလဲ မဟုတ်ဘူး။ သိပ်ပြီး ခေတ်မီ တိုးတက်နေတဲ့ သိပ္ပံခေတ်ကြီးထဲမှာ ကျွန်တော့်ကိုယ်တွေ့ အဖြစ်အပျက်ကို ပြောပြရင် မယုံတဲ့အပြင် လှောင်ကြရယ်ကြမယ်။

ဒီအကြောင်းတွေကို စာရေးပြချင်တယ်။ ကျွန်တော် စာရေးဆရာ သိပ်ဖြစ်ချင်တယ်။ အဲဒီတုန်းက ကျွန်တော် စာမရေးတတ်သေးဘူး။ တစ်နေ့နေ့ စာရေးဆရာဖြစ်အောင် ကြိုးစားမယ်။ စာရေးဆရာဖြစ်ရင် အဲဒီအတွေ့အကြုံလေးကို စာရေးမယ်လို့ အားခဲ ရည်မှန်းထားခဲ့တယ်။

ကြာတော့ ကြာခဲ့ပါပြီ။

**လွန်ခဲ့တဲ့ နှစ်ပေါင်း (၂၀)လောက်ကပါ။** ကျွန်တော် တွေ့ကြုံရတဲ့ ထူးဆန်းတဲ့ အဖြစ်အပျက်လေးကလဲ မြန်မာနိုင်ငံထဲမှာ မဟုတ်ဘူး။ **စင်ကာပူနိုင်ငံမှာပါ။**

တစ်ချိန်က ကျွန်တော် ဆောက်လုပ်ရေး လုပ်သားဘဝ(ဝပ်ခ်ပါမစ်) (၂)နှစ်စာချုပ်နဲ့ စင်ကာပူနိုင်ငံမှာ သွားပြီး အလုပ် လုပ်ခဲ့ရဖူးပါတယ်။ အဲဒီအချိန်က စင်ကာပူ တစ်ဒေါ်လာကို မြန်မာငွေ (၂၀၀)ကျပ်လောက်သာ ပေါက်ဈေး ရှိပါတယ်။

ကျွန်တော်တို့ မြန်မာလုပ်သား (၅) ဦး၊ စင်ကာပူ ဘိလ်တင်းကွန်စတတ်ရှင် ကုမ္ပဏီမှာ လုပ်ကြပါတယ်။ ကျွန်တော် အသက်အကြီးဆုံးပါ။ ကျန်တဲ့ မြန်မာလူငယ်လေးတွေက အသက်(၂၀) ဝန်းကျင်လောက်သာ ရှိကြပါတယ်။ အလုပ်က ပင်ပန်းပါတယ်။ အန္တရာယ်လဲ အလွန်များတယ်။

အထပ်(၂၀-၃၀) အဆောက်အအုံ အမြင့်ကြီးတွေပေါ်မှာ သက်စွန့်ဆံဖျား လုပ်ကြရတယ်။ တစ်နေ့ကို အလုပ်ချိန် (၈)နာရီအပြင် အချိန်ပို အိုဗာတိုင်(၅) နာရီ စုစုပေါင်း(၁၃)နာရီ အလုပ်လုပ် ကြရတယ်။

မြန်မာလုပ်သားက ကျွန်တော်တို့ (၅)ဦးပဲရှိတယ်။ ဘင်္ဂလား၊ အိန္ဒိယ၊ နီပေါ၊ ထိုင်း၊ မလေးရှား၊ တရုတ် အလုပ်သမား တစ်ထောင်လောက် ရှိ တယ်။

ကျွန်တော် ကံကောင်းတာ စင်ကာပူ သူဌေး၊ ဖိုမင်၊ မန်နေဂျာ အင်ဂျင်နီယာတွေနဲ့ နည်းနည်းပါး





www.burmeseclassic.com

www.burmeseclassic.com

စကားပြောနိုင်တာရယ်၊ ပြီးတော့ ကျွန်တော်က ယန္တရားမျိုးစုံ မောင်းတတ်တာရယ်။ ရန်ကုန်မှာ တက္ကစီကားမောင်းခဲ့ဖူးလို့ မြန်မာနိုင်ငံက ကားမောင်းလိုင်စင်ကို နိုင်ငံခြားလုပ်ခဲ့တာကြောင့် ကျွန်တော် အလုပ်ကြမ်းတွေ မလုပ်ရတော့ဘဲ စင်ကာပူ ကားမောင်းလိုင်စင် လွယ်လွယ်ရခဲ့တယ်။ ကားမောင်းနေရတယ်။

ကျွန်တော်တို့ဆီမှာ ညာမောင်း၊ စင်ကာပူမှာက ဘယ်မောင်း။ သူတို့ဆီ ကားမောင်းရတာက ပိုလွယ်တယ်။ လမ်းတွေကောင်း၊ စနစ်တွေကောင်း၊ ကားတွေက ကောင်းတော့ မခက်ပါဘူး။ (၂)ရက်လောက် စမ်းမောင်းကြည့်ပြီး ဘယ်ကိုသွားသွား မြေပုံစာအုပ်ကြည့် မြေပုံညွှန်းနဲ့ မောင်းရတော့ အဆင်ပြေသွားတယ်။

(၁)နှစ်လောက်ရှိတော့ မြေပုံစာအုပ် မလိုတော့ဘူး။ သူတို့နိုင်ငံက သေးသေးလေး ကျဉ်းကျဉ်းလေး ဆိုတော့ အခက်အခဲ မရှိဘူး။ ကျွန်းနိုင်ငံသေးသေးလေးဆိုတော့ ခရီးရှည် ဝေးဝေးလံလံလဲ မောင်းစရာမရှိဘူး။ သတိတော့ထားရတယ်။ ကားတွေက သိပ်များတယ်။

ပြီးတော့ မြန်မာနိုင်ငံလို နွေမိုးဆောင်း ရာသီဥတုရယ်လို့ရှိတာ မဟုတ်ဘူး။ နေ့တိုင်း နေပူပြီး နေ့တိုင်း မိုးတွေရွာတယ်။ တစ်နှစ်ပတ်လုံးပဲ။ ချမ်းတဲ့အေးတဲ့ ဆောင်းမရှိတဲ့ အပြင်အမြဲ ပူအိုက်နေတယ်။

ဒါကြောင့် မိုးရွာထဲ ကားမောင်းရတာကို သတိထားရတယ်။ ပီအိုင်အီး၊ အက်စ်အယ်အီးစတဲ့ အမြန်လမ်းအဝေးပြေးလမ်းတွေရှိတယ်။ လမ်းမမှားအောင်တော့ သတိထားရတယ်။ တစ်ချက်မှားမိရင် သွားချင်တဲ့ ခရီးလိုရာကို တော်တော်နဲ့ ပြန်မရောက်ဘူး။

ကျွန်တော်တွေ့ကြုံရတဲ့ အဖြစ်အပျက်က အဲဒီ အမြန်လမ်းမကြီးပေါ်မှာပါ။ ကုမ္ပဏီလုပ်သားအားလုံးဟာ ဆောက်လုပ်နေတဲ့ ကွန်ဒိုမီနီယံ အဆင့်မြင့်အိမ်ရာ စခန်းဝင်းကြီးထဲမှာ ဖြစ်သလို နေကြရပေမယ့် ကျွန်တော်တို့ မြန်မာလုပ်သား(၅)ဦးကတော့ ကံကောင်းတယ်။ လုပ်ငန်းခွင်ထဲမှာ မနေရဘူး။ နောင်တစ်ချိန် ဖြိုဖျက်ပြီး အသစ်ဆောက်လုပ်မယ့် ခြံဝိုင်းကျယ်ကြီးနဲ့ ရှေးဟောင်း(၂)ထပ်တိုက်ကြီးထဲမှာ နေရတယ်။

အဲဒီခြံကြီးနဲ့ ရှေးဟောင်းတိုက်ကြီးဟာ အမှတ်(၂၇) ဒီဗင်ရှဲယားလမ်းမှာရှိတယ်။ စင်ကာပူနိုင်ငံရဲ့ အစည်ကားဆုံး အချက်အချာ အကျဆုံးမြို့လယ်ခေါင် အော်ချပ်လမ်းမကြီးရဲ့ဘေးမှာ အင်နိုတူးလို့ခေါ်တဲ့ ဆန်းမားဆက်မြေအောက် အမ်အာရ်တီမီးရထား ဘူတာရုံ ရှိတယ်။

မြေအောက် ဘူတာဘေးမှာက စင်ကာပူ တယ်လီကွန်းအဆောက်အအုံအမြင့်ကြီးရှိတယ်။ စင်ကာပူ တယ်လီကွန်း အဆောက်အအုံကြီးရဲ့ တစ်လမ်းကျော်မှာက ဒီဗင်ရှဲယားလမ်းတို ရှိတယ်။

ဒီဗင်ရှဲယားလမ်းထဲမှာက ခြံဝိုင်းကျယ်ကြီးနဲ့ ရှေးဟောင်းနှစ်ထပ် တိုက်ကြီးက ဒီတစ်ခုပဲရှိတယ်။ ခြံကြီးနဲ့ကပ်လျက် အိမ်တွေက ရှေးက နှစ်ထပ်တိုက်လေးတွေ ခြံဝင်းမရှိကြဘူး။ နှစ်ထပ် တိုက်တန်းတွေဆိုပါတော့။ စင်ကာပူမှာက ချမ်းသာတဲ့ သူဌေးမှ တစ်ထပ်တိုက်တို့ ခြံဝင်းတို့နဲ့ နေနိုင်ကြတယ်။ မြေနေရာက သိပ်ရှားတယ်။ ဈေးကြီးတယ်။

ကျွန်တော်တို့ကုမ္ပဏီက ခြံဝိုင်းကျယ်ကြီးနဲ့ ရှေးဟောင်းနှစ်ထပ်ကြီးကို ပိုင်ရှင်ဆီက ဝယ်ထားတယ်။ လူမနေတာကြာပြီ။ ကျွန်တော်တို့ မြန်မာလုပ်သား(၅)ဦးကို ခြံစောင့် အိမ်စောင့်အဖြစ် နေခိုင်းပြီး ကုမ္ပဏီက ဆောက်လုပ်ရေးပစ္စည်းတွေကိုလဲ ဂိုထောင်အဖြစ် လာထားတယ်။

နည်းနည်း အနေကြာလာတော့ ဘေးပတ်ဝန်းကျင်က အိမ်တွေနဲ့ မျက်မှန်းတန်း ခင်မင်လာတယ်။ တရင်းတနှီး အရောတဝင်မျိုးကြီးတော့ မဟုတ်ပါဘူး။ မေးထူးခေါ်ပြော ပြုံးပြရုံလောက်ပါ။ ကျွန်တော်တို့ မြန်မာလုပ်သားတွေ ပင်ပန်းဆင်းရဲကြီးစွာ လုပ်ကိုင်နေရတာတွေ၊ အစားအသောက် အနေအထိုင် ဆင်းရဲချို့တဲ့တာတွေ၊ လုပ်ခလစာ နည်းတာတွေကို သူတို့က သနားကရုဏာသက်နေကြတယ်။

အထူးသဖြင့် အိမ်နားနီးချင်း တိုက်ခန်းတွေက အဘိုးအို၊ အဘွားအိုကြီးတွေက ကျွန်တော်တို့ကို ပိုပြီး ကရုဏာသက်ကြတယ်။ ဒီအထဲ ကျွန်တော် အာသွက်လျှာသွက် ပြောတတ်ဆိုတတ် နှုတ်ဆက်တတ်တော့ အဘိုး၊ အဘွားတို့က ကျွန်တော့်ကို ပိုခင်ကြတယ်။ မကြာခဏ ထမင်းဟင်းစားစရာ သောက်စရာ မုန့်ပဲသရေစာတွေ လာလာပေးတယ်။

စင်ကာပူနိုင်ငံသား အများစုကလဲ ဗုဒ္ဓဘာသာဝင်တွေ ဖြစ်ကြတယ်။ ကျွန်တော်တို့ မြန်မာတွေကလဲ ဗုဒ္ဓဘာသာဝင်တွေဆိုတော့ ဘာသာရေးအရ သံယောဇဉ် ဖြစ်တာလဲ ပါတယ်။ ကျွန်တော်တို့က ယဉ်ကျေးသိမ်မွေ့စွာ ဂါရဝတရားနဲ့ ရိုရိုသေသေ ဆက်ဆံတော့ သဘောကျကြတယ်။



www.burmeseclassic.com

www.burmeseclassic.com



တကယ်တော့ ကျွန်တော် အင်္ဂလိပ်စကားကို ကျွမ်းကျွမ်းကျင်ကျင် အဆင်ပြေပြေ ပြောနိုင်သူ မဟုတ်ပါဘူး။ ပြောလေ့ပြောထ မရှိတဲ့ အညာသား တစ်ယောက်ပါ။ တောသားပါ။ စင်ကာပူ နိုင်ငံသားတွေကလဲ အသက်(၄၀)အထက်လူကြီးတွေ သက်ကြီးရွယ်အိုတွေအားလုံး အင်္ဂလိပ်စကားကို ကျွမ်းကျွမ်းကျင်ကျင် ချောချောမွေ့မွေ့ မပြောတတ်ကြပါဘူး။ အိုးနင်းခွက်နင်း လက်ဟန်ခြေဟန်ပါ သုံးပြီး ပြောတတ်သလောက် ဖြတ်ညှပ်သုံးတတ်သူ အချင်းချင်းမှ အဆင်ပြေတယ်။

အသက်(၃၀)ဝန်းကျင်နဲ့ ခေတ်ပညာတတ်လူငယ်လေးတွေနဲ့ အင်္ဂလိပ်လို ပြောဆိုဖို့ အတော်ခက်ပါတယ်။ သူတို့ကျတော့ အဆင့်မြင့်သွားပြီ။ ပညာတတ်ကြပြီ။ အင်္ဂလိပ်စာ သိပ်ကောင်းကြတယ်။ ဒါကြောင့် ကျွန်တော် သက်ကြီးရွယ်အိုတွေ အဘိုး အဘွားတွေနဲ့ စကားပြော အဆင်ပြေပြီး ခင်မင်တာပါ။

ကျွန်တော်တို့ မြန်မာနိုင်ငံ အပြီးပြန်တော့မယ့်နေ့ကလဲ ရင်းနှီးတဲ့ အိမ်နီးနားချင်း အဘိုး အဘွားတွေကို နှုတ်ဆက်ကန်တော့ကြတော့ သူတို့က စိတ်မကောင်းဖြစ်ကြ၊ မျက်ရည်ဝဲကြသေးတယ်။

စင်ကာပူမှာ ကျွန်တော်တို့ နေခဲ့တဲ့ ခြံကြီးနဲ့ ကပ်လျက်အိမ်က အဘွားဟာ ကျွန်တော်နဲ့ အခင်မင်အရင်းနှီးဆုံးပါပဲ။ ကျွန်တော်ကြုံတွေ့ခဲ့ရတဲ့ ထူးထူးဆန်းဆန်း အံ့ဩစရာ အဖြစ်အပျက်ကလဲ အဲဒီအဘွားနဲ့ ပတ်သက်ပါတယ်။

ကျွန်တော် မြန်မာနိုင်ငံ ပြန်ရောက်ပြီး မကွေးမြို့မှာ အခြေချနေဖြစ်တယ်။ အခြေအနေ အချိန်အခါ ပေးလာပြီး အချိန်အားလေးတွေ ရလာလို့ ဝါသနာပါတဲ့ စာရေးခြင်း အလုပ်ကို လုပ်ဖြစ်တယ်။

မကွေးမြို့ ပြည်တော်သာလမ်းပေါ်က စွဲမက်လက်ဖက်ရည်ဆိုင်မှာ စာနယ်ဇင်းဆရာကြီးတွေ စုဝေးတတ်ပြီး စာနယ်ဇင်းသမားတွေက မကွေးလေအံကုန်းလို့တောင် ခေါ်ကြပြန်ပါတယ်။ ကျွန်တော် စာလေးတွေရေးစကလောင်သစ်လေးဘဝမို့ စာရေးဆရာကြီးတွေနဲ့ အင်မတန် ခင်မင်ရင်းနှီးပြီး ဝင်ဆံ့ချင်ပါတယ်။

ဒါကြောင့် မကွေးလေအံကုန်းလို့ ခေါ်တဲ့ စွဲမက် လက်ဖက်ရည်ဆိုင်သွားခဲ့ရာက မကွေးမြို့နယ် စာပေနှင့်စာနယ်ဇင်းဥက္ကဋ္ဌ စာရေးဆရာကြီး မကွေးဝင်းမြင့်၊ မကွေးဝင်းမောင်တို့နဲ့ သိကျွမ်းရင်းနှီး ခင်မင်လာပါတယ်။

စာကြောင်းပေကြောင်း ဆွေးနွေးဖြစ်၊ ဆည်းပူးလေ့လာခွင့်တွေ ရပြီး ဗဟုသုတတွေလဲ ရပါတယ်။ တစ်နေ့တော့ စာကြောင်းပေကြောင်း ပြောဖြစ်ကြရင်း ကျွန်တော် ဖတ်ဖူးတဲ့ ဆရာကြီး နိုင်ပန်းလှရဲ့ ရာဇဝိရာဇ်အရေးတော် ကျမ်းကြီးအကြောင်း ဆွေးနွေးဖြစ် တယ်။

'သက္ကရာဇ် ၇၈၂ ခုနှစ်မှာ သုဒေါ ရာဇဝိရာဇ်ဟာ ဟံသာဝတီ ထီးနန်း ရပြီး နန်းတက်ပြီးတာနဲ့ ခမည်းတော် ရဲ့အလောင်းကို မီးသင်္ဂြိုဟ်ပြီး အရိုးတော် ကောက်လို့ ရတနာကိုးပါး မွမ်းမံထား တဲ့ ပုလဲစီတဲ့ ရွှေကြုတ်မှာ အရိုးတော် တွေ ထည့်တယ်။ ရွှေမော်ဓောဘုရား အနီး ဉာဏ်တော် (၁၀)လံမြင့်တဲ့ စေတီ တည်တော်မူတယ်။

ဟံသာဝတီပြည်ကြီးဟာလဲ အေး ချမ်း သာယာနေတယ်။ ဒုန်ဝန်းစား သမိန်ဗရမ်းဟာ ဟံသာဝတီရွှေနန်း စံမြန်းနေတဲ့ မင်းကြီး သုဒေါဓမ္မရာဇ ဝိရာဇ်ထံ နေ့စဉ်ပုံမှန် အခစားရောက် တယ်တဲ့။

သမိန်ဗရမ်းဟာ ဒုန်ဝန်းမှ နံနက် မိုးသောက်ယံမှာ ဟံသာဝတီကို မြင်းစီး လာတယ်။ ညချမ်းချိန်မှာ ဟံသာဝတီ က မြင်းကို ဒုန်းစိုင်းစီးကာ ဒုန်ဝန်းကို ပြန်လေ့ရှိတယ်။ တစ်နေ့မှာတော့ ကွာဘယဂါမရွာကို ဓားပြဝင်တယ်။

ရွာသားတွေက ဓားပြဗိုလ်ကို ဖမ်းမိ နှိပ်စက် သတ်ဖြတ်လိုက်ကြတယ်။ ဓားပြဗိုလ်အလောင်းကို တံကျင်နဲ့သိ ရွာပြင်ထုတ်ကြတယ်။ အလောင်းကို ရွာပြင် တောလမ်းအနီးမှာ ချိတ်ဆွဲထား လိုက်ကြတယ်။

သမိန်ဗရမ်းဟာ ဟံသာဝတီမှာ ညီလာခံတက်ပြီး အပြန်ခရီး ညချမ်း ဆည်းဆာ နေဝင်ရီတရော မြင်းကို ဒုန်းစိုင်းစီးလာရင်း ကွာဘယဂါမ နား ရောက်လာတယ်။ ရွာအနီး တော လမ်းခရီးကို ဖြတ်သန်းနေစဉ်

**"ဟယ်သမိန်ဗရမ်း... ဟယ် သမိန် ဗရမ်း နင့်မြင်းကို ငါလဲ စီးချင်လို့**



www.burmeseclassic.com

www.burmeseclassic.com

**ငါ့ကိုလဲ တင်သွားပါ''**ဆိုတဲ့ ထူးဆန်းအံ့ဩဖွယ်ကောင်းတဲ့ အသံကြီးကို နားထဲမှာ စူးစူးရှရှ ကြားလိုက်ရတော့ ကြက်သီးမွေးညင်းဖြန်းဖြန်း ထသွားတယ်တဲ့။

ဒီတောကြီးထဲမှာ ငါ့နာမည်ကို ဘယ်သူ တစ်ဦးတစ်ယောက် မသိလေးစား ခေါ်တာလဲလို့ စိတ်မှာ ဇဝေဇဝါဖြစ်၊ မြင်းဇက်ကြိုး တုံ့ခနဲဆွဲပြီး ပတ်ပတ်လည်ကို ကြည့်လိုက်တဲ့အခါ တံကျင်သီထားတဲ့ မားပြု အလောင်းကို မြင်ရတော့ တစ္ဆေ(အဝိသ်ာတ်)ခြောက်လှန့်တာကို သိလိုက်တော့ ပိုပြီး ဒေါသထွက်သွားခဲ့သတဲ့။

ကျွန်တော်က ဒီလို ဖြစ်ပျက်တာတွေဟာ ဒီခေတ်ဒီအခါမှာ ရှိနိုင်သေးသလားလို့ ဆရာကြီး မကွေးဝင်းမြင့်ကို မေးလိုက်တော့ ဆရာကြီးက ပြုံးပြီး ဆရာ မကွေးဝင်းမောင်ကို လှမ်းကြည့်ပါတယ်။ ဆရာ မကွေးဝင်းမောင်ကလဲ ခေါင်းတညိတ်ညိတ် ပြုံးနေရင်းက...

'ဆရာကြီး မကွေးဝင်းမြင့်ရေးတဲ့ ခရီးသွားဆေးသမားစာအုပ် ဖတ်ဖူးလား'

လို့ ကျွန်တော့်ကို မေးပါတယ်။ ကျွန်တော်က မဖတ်ဘူးလို့ ခေါင်းခါပြတော့ ဆရာကြီး မကွေးဝင်းမြင့်က...

'ကျွန်တော်နဲ့ ဆရာဝင်းမောင်တို့တော့ ကြုံဖူးတယ်။ ကြာတော့ ကြာပါပြီ။ ဟိုတစ်ချိန်က မကွေးဟာ အခုလို ရောဝတီမြစ်ကူးတံတားကြီးလဲ မရှိသေးဘူး။ တက္ကသိုလ်တွေလဲ မရှိသေးဘူး။ စည်စည်ကားကား သိပ်မရှိခဲ့ဘူး။ တိုးချဲ့မြို့သစ်တွေ မရှိသေးဘူး။ မြို့က ဧရာဝတီမြစ်ကြောတစ်လျှောက် ကျဉ်းကျဉ်းလေး ရှိခဲ့တယ်။ လူဦးရေကလဲ အတော်နည်းသေးတယ်။



အခု သိင်္ဂါဂီရိရပ်ကွက်ထဲက ဗိုလ်ချုပ်လမ်းပေါ်က မင်္ဂလာဈေးကြီးဆိုတဲ့နေရာဟာ အရင်က သင်္ချိုင်းသုသာန်ပဲ။ လူသွားလူလာ ပြတ်တယ်။ တစ်နေ့တော့ မဲထီးလမ်းထိပ် ကျွန်တော့်အိမ်ကနေ ဆရာဝင်းမောင်နဲ့ ကျွန်တော် မြင်းလှည်းငှားစီးလာတာ သိင်္ဂါဂီရိသင်္ချိုင်းသုသာန်နား ရောက်တော့ ဝဝမည်းမည်း လူကြီးတစ်ယောက်က မြင်းလှည်းကို တားတယ်။

မြင်းလှည်းဆရာကလဲ လမ်းကြုံတင်လိုက်တယ်။ အဲဒီ ဝဝမည်းမည်း လူကြီး မြင်းလှည်းပေါ် တက်လိုက်တယ်ဆိုရင်ပဲ မြင်းလှည်းဟာ လူ(၁၀)ယောက်လောက် တင်လိုက်သလို သိမ့်ခနဲ ငြိမ့်ခနဲ ဖြစ်သွားတယ်။

ဒါကြောင့် ဆရာဝင်းမောင်က အဲဒီလူကြီးပေါင်ကို ပုတ်ပြီး ခင်ဗျား ဘော်ဒီဝိတ်က တော်တော်များတာပဲဗျာလို့တောင် ရယ်ရယ်မောမော ပြောလိုက်သေးတယ်။

ဒီလိုနဲ့ မြင်းလှည်းဆရာနောက်မှာ (၃)ယောက်သား ထိုင်စီးလာကြရင်း ကျွန်တော်တို့ သွားချင်တဲ့နေရာ ရောက်တော့ ကျွန်တော်နဲ့ ဆရာဝင်းမောင်တို့ မြင်းလှည်းပေါ်က ဆင်းလိုက်ကြတယ်။ ကျွန်တော်က ကျသင့်တဲ့ မြင်းလှည်းခကို မြင်းလှည်းဆရာကို ထုတ်ပေးလိုက်ချိန် မြင်းလှည်းဟာ လူတစ်ယောက်မှ မပါတော့သလို ပေါ့ပြီး ကြွတက်သွားတာကြောင့် မြင်းလှည်းဆရာက ပိုက်ဆံကို လှမ်းယူပြီး သူ့မြင်းလှည်းထဲ လှည့်ကြည့်တယ်။

အံ့ဩစရာပဲ မြင်းလှည်းပေါ်မှာ ဘယ်သူမှ မရှိတော့ဘူး။ မြင်းလှည်းမောင်းတဲ့ မြင်းလှည်းဆရာပဲ ရှိတော့တယ်။ သုံးယောက်သား ဟို ဝဝမည်းမည်းလူကြီးရောလို့ အော်မိမေးမိကြတယ်။ ဘယ်အချိန် ဘယ်နေရာ ဆင်းပြီး ပျောက်သွားတယ် မသိဘူးကွ။ ကျွန်တော်တို့ ထူးထူးဆန်းဆန်း တအံ့တဩ ဖြစ်နေချိန် မြင်းလှည်းဆရာလဲ ကြောက်ကြောက်လန့်လန့်နဲ့ မြင်းလှည်းကို ဒုန်းစိုင်းမောင်းပြီး ထွက်ပြေးတော့တာပဲ'

ဆရာကြီး မကွေးဝင်းမြင့်က သူ့အတွေ့အကြုံကို ရယ်ရယ်မောမော ပြောပြတယ်။ ဒီအကြောင်းတွေ ခရီးသွားဆေးသမား လုံးချင်းစာအုပ်ထဲ ရေးထားတယ်လို့ ဆရာဝင်းမောင်က ပြောပြပါတယ်။

ကျွန်တော်လဲ ထူးထူးဆန်းဆန်း အံ့ဩစရာ အကြောင်းတွေ ကြားရတော့ အနှစ်နှစ်အလလက ကျွန်တော့်ရင်ထဲမှာ သိမ်းထားခဲ့ရတဲ့ အဖြစ်အပျက်ဆန်းကို ပြောပြမိတယ်။ ဆရာကြီး မကွေးဝင်းမြင့်နဲ့ ဆရာ ဝင်းမောင်တို့က စိတ်ဝင်တစား နားထောင်နေကြတယ်။

* * *

ကြာတော့ကြာပါပြီ။ ကျွန်တော် စင်ကာပူနိုင်ငံ ပီအိုင်အီး အမြန် လမ်းမကြီးပေါ် တစ်ယောက်တည်း အရှိန်မှန်မှန်နဲ့ ကားမောင်းနေတယ်။ မိုးကလဲ ရွာနေတယ်။ တနင်္ဂနွေနေ့မို့ ထင်ပါရဲ့ လမ်းမကြီးပေါ်မှာ ကားတွေ ကျဲတယ်။ တစ်ရံတစ်ခါမှ တစ်စီးတလေ ဖြတ်သွားတာ တွေ့ရတယ်။

www.burmeseclassic.com

ညနေစောင်း နေဝင်တော့မယ်။ မှောင်ရီပျိုးချိန် မိုးကလဲ ရွာနေတော့ အိမ်ပြန်ချင်စိတ်နဲ့ သတိထား မောင်းလာတယ်။ ပီအိုင်အီး အမြန် လမ်းမကြီးတွေဆိုတာ အမြန်မောင်းကြတဲ့ ကားတွေကလွဲလို့ ဘာမှ ရှိတာ မဟုတ်ဘူး။

အသွား(၃)လမ်း အပြန်(၃)လမ်း အလယ်မှာ အတားအဆီး သံတန်းတွေနဲ့ ကာထားတယ်။ လမ်းတစ်ဖက်တစ်ချက်မှာက လူနေအိမ်ခြေ ရပ်ကွက် ဘာမှ မရှိတဲ့ တောအုပ်တန်းလေးတွေ ပဲရှိတယ်။

ကျွန်တော် ကားမောင်းလာရင်း ဟိုးရှေ့ ခပ်လှမ်းလှမ်းမှာ မိုးရေတွေ စိုရွှဲနေတဲ့ မိန်းကလေးတစ်ယောက်က ကားကို လက်ပြတားနေတယ်။ ကျွန်တော်လဲ ရုတ်တရက် ကြောင်တောင်တောင် ဖြစ်သွားပြီး ကားကို တားနေတဲ့ မိန်းကလေးရှေ့နား ထိုးရပ်လိုက်တယ်။

စင်ကာပူမှာက ကားမောင်းရင် ခါးပတ်ပတ်၊ မှန်အလုံပိတ် အဲကွန်းဖွင့်ပြီး မောင်းလေ့ရှိတာမို့ ကျွန်တော် ကားပေါ်ကနေ တံခါးမှန်ကိုချပြီး မေးလိုက်မယ်လုပ်တုန်း မိုးရေတွေ ရွှဲနေတဲ့ မိန်းမပျိုဟာ မပြောမဆို တံခါးကိုဆွဲပြီး ကားထဲဝင်ထိုင်တယ်။

သူ ထိုင်လိုက်တာနဲ့ မိုးရေစတွေလဲ ထိုင်ခုံပေါ် တဖွဲဖွဲကျနေပြီး သူ့ကိုယ်က အင်မတန်မွှေးတဲ့ အကောင်းစား ရေမွှေးနံ့ သင်းသင်းလေးက ကားထဲမှာ မွှေးကြိုင်သွားတယ်။ စင်ကာပူမလေးတွေ ထုံးစံအတိုင်း သူတို့ နိုင်ငံက အိုက်တဲ့ပူတဲ့ နိုင်ငံဖြစ်တော့ အောက်ခံဘော်လီမပါ၊ ကြိုးသိုင်းအင်္ကျီ ပါးပါးလေးသာ ဝတ်ထားပြီး ခန္ဓာကိုယ်အောက်ပိုင်းကလဲ ပေါင်လယ်သာသာ



စကပ်တိုလေးသာ ဝတ်ထားတယ်။ အဝတ်တွေအားလုံး မိုးရေတွေ စိုရွှဲနေလို့ အသားနဲ့ ကပ်နေတယ်။

ကျွန်တော်နဲ့ ထိလုနီးနီး ကားရှေ့ခန်း ဒရိုင်ဘာ ထိုင်ခုံလေးမှာ မိန်းမပျိုလေး ထိုင်လိုက်တော့ ကျွန်တော်လဲ ရုတ်တရက် သာယာကြည်နူးသွားမိတယ်။ ကားမောင်းလာရင်းမှ စဉ်းစားမိတယ်။

လူသူပြတ်တဲ့ အဝေးပြေး လမ်းမကြီးပေါ်မှာ ကားပျက်တာ၊ ကားတိုက်ထားတာလဲ မတွေ့။ လူနေ ရပ်ကွက်လဲ မနီး၊ မိုးရေရွှဲနေတဲ့ မိန်းမပျိုလေး ဘာဖြစ်လို့ ငါ့ကားကို တားစီးတာပါလိမ့် တွေးရင်းက သူ့ကို မကြာခဏ အကဲခတ် ကြည့်မိတယ်။

မိန်းမပျိုလေးက မိုးရေရွှဲနေတဲ့ ဆံပင်လေးတွေ ပွတ်သပ်ရင်း ကျွန်တော့်ကို ပြုံးပြုံးကြည့်တယ်။ **“မင်း ဘယ်ကိုသွားမှာလဲ၊ တစ်ယောက်တည်း ဘာဖြစ်လာတာလဲ”** လို့ ကျွန်တော် မေးလိုက်တယ်။

မိန်းမပျိုက ပြုံးပြီး...

‘ငါမောင်းလာတဲ့ကား မိုးတွေရွာနေတော့ စလစ်ဖြစ်ပြီး မှောက်သွားတယ်’

‘ဟင်...ဒါဆို မင်း ဘာမှ မဖြစ်ဘူးလား၊ မှောက်သွားတဲ့ မင်းကားက ဘယ်မှာလဲ မတွေ့ပါဘူး’

‘ပုလိပ်တွေ ရောက်လာပြီး ကရိန်းကားနဲ့ ဆွဲသွားပြီ’

‘မင်းက ဘာလို့ ကျန်နေခဲ့ရတာလဲ’

‘ငါ့ကို ပုလိပ်က ဖမ်းမယ်၊ ငါ့အိမ်က လူကြီးတွေက ငါ့ကိုဆူမှာ ရိုက်မှာကြောက်လို့ ဟိုတောစပ်မှာ ပုန်းနေခဲ့တာ’

‘အေး ဟုတ်ပါပြီ၊ အခုမင်းက ဘယ်ကို သွားမှာလဲ၊ မင်းအိမ်က ဘယ်မှာလဲ’

‘မြို့ထဲလောက်ရောက်ရင် တော်ပါပြီ။ ဒီနေရာမှာက တက္ကစီကား ငှားလို့မရဘူး။ မြို့ထဲရောက်ရင် တက္ကစီငှားပြန်မယ်’

ကျွန်တော် ဘာမှ ဆက်မပြောဖြစ် ဆက်မတွေးဖြစ်တော့ပါဘူး။ အပြုံးလေးနဲ့ ချစ်စဖွယ် အပြောလေးကြောင့် ရယ်။ သူ့ရဲ့အလှ၊ သူ့ထံက ရေမွှေးနံ့ ကိုယ်သင်းနံ့လေးရယ်ကြောင့် မပြော မတွေးနိုင်တော့ဘဲ ကားကို မောင်းလာခဲ့တယ်။ စင်ကာပူမြို့လယ်ကောင် ကျွန်တော့်နေအိမ် ဒီဗင်ရှဲယားလမ်းထဲ ရောက်တော့ ကျွန်တော်က...

‘ဒါ ငါနေတဲ့ အိမ်ပဲ၊ ငါ အိမ်ထဲ ခဏဝင်မယ်။ မင်းကားပေါ်က စောင့်နေ။ မင်းကို ငါအိမ်အထိ လိုက်ပို့ပေးမယ်’

မိန်းမပျိုက မဆိုတရို့လေးပြုံးပြီး ခေါင်းညိတ်ပြတယ်။ ကျွန်တော် ကားရပ်ပြီး အိမ်ထဲ ခဏဝင်တယ်။ ယူစရာ ရှိတာယူပြီး ထွက်လာတော့ ကားထဲမှာ မိန်းမပျိုလေး မရှိတော့ဘူး။ ပျောက်ခြင်းမလှ ရုတ်တရက် ပျောက်



www.burmeseclassic.com

www.burmeseclassic.com

သွားတယ်။

ကျွန်တော် အိမ်ထဲဝင်တာ မကြာပါဘူး။ ဒီကလေးမ ကျွန်တော့်ကို မစောင့်တော့ဘဲ တက္ကစီငှားပြီး ပြန်သွားပြီထင်ပါရဲ့လို့ တွေးရင်း သက်ပြင်းချနေမိခဲ့ပါတယ်။ မိန်းမပျိုလေးထိုင်သွားတဲ့ဘက်မှာ မိုးရေစက်လေးတွေ တင်ကျန်နေဆဲပါ။

ကျွန်တော် ထိုင်ခုံပေါ်က မိုးရေစက်လေးတွေကို အဝတ်နဲ့ သုတ်နေစဉ်မှာပဲ ခြံနဲ့ကပ်လျက်တိုက်က စင်ကာပူ တရုတ်မအဘွားကြီး ကျွန်တော့်နားကို ရောက်လာပါတယ်။

ကျွန်တော်နဲ့ အခင်မင်အရင်းနှီးဆုံး အဘွားအိုပါပဲ။ ကျွန်တော့်အပေါ် သားတစ်ယောက်လို သံယောဇဉ်ဖြစ်နေပြီး နေ့စဉ်လိုလို စားစရာလေးတွေ အဘွားက လာပေးနေကျပါ။

ဒီနေ့တော့ ကျွန်တော့်ကို သူ့တိုက်ထဲခေါ်သွားပါတယ်။ ကျွန်တော်လဲ ကားကို ခြံဝမှာ ရပ်ထားခဲ့ပြီး အဘွားရဲ့ တိုက်ထဲ ဝင်လိုက်သွားတယ်။ အဘွားရဲ့ တိုက်ထဲကို ဒီတစ်ခါ ပထမဆုံး ရောက်ဖူးခြင်းပါပဲ။ အဘွားက ဟိုတစ်နေ့ကတည်းက ကျွန်တော့်ကို ပြောထားပါတယ်။

အလုပ်လုပ်ရင်း အကြမ်းဝတ်ဖို့ အဝတ်အစားတွေ မဝယ်ပါနဲ့။ ပိုက်ဆံအပိုကုန်မယ်။ သူ့မှာ သားကြီး တစ်ယောက်ရှိတယ်။ ကျွန်တော်နဲ့ ရွယ်တူတဲ့။ သားကြီးရဲ့ ဇနီးက အိမ်ထောင်ကျပြီး(၂)နှစ်လောက်ရှိတော့ ကင်ဆာရောဂါနဲ့ ကွယ်လွန်သွားတယ်။သမီးလေးတစ်ယောက် ကျန်ခဲ့တယ်။ ဘာဘရာချမ်းလို့ ခေါ်တယ်။

သားကြီးဟာ မုဆိုးဖိုဘဝနဲ့ သမီးလေးနဲ့ အတူနေကြောင်း၊ အဘွားအနေနဲ့လဲ မိခင် မရှိတော့တဲ့ မြေးမလေးကို သနားချစ်နဲ့ ကရုဏာ ပိုနေခဲ့ရကြောင်း၊ မြေးမလေး တက္ကသိုလ်က ဘွဲ့ရ အရွယ်ရောက်သည်အထိ ထိန်းကျောင်းရင်း အတူနေခဲ့ကြောင်း၊ မုဆိုးဖို သားကြီးကလဲ မိခင် မရှိရှာတဲ့ တစ်ဦးတည်းသော သမီးလေးကို အလိုလိုက် ချစ်ရှာလို့ နောက်အိမ်ထောင် မပြုခဲ့တဲ့အကြောင်း...

အခုတော့ သားကြီးဟာ အမေရိကန်နိုင်ငံကို ထွက်သွားပြီဖြစ်လို့ ကျန်ခဲ့တဲ့ သူ့ရဲ့ အဝတ်အစားတွေကို ကျွန်တော်ဝတ်ဖို့ ပေးချင်ကြောင်း၊ အလုပ်သိမ်းလို့ အိမ်ပြန်ရောက်ရင် အဘွားတိုက်ထဲ လာယူဖို့ မှာထားခဲ့ဖူးတယ်။

ကျွန်တော် မလာလို့ အဘွားက ထွက်မျှော်နေသတဲ့။ အခုမှ ကားနဲ့ပြန်ရောက်လာတာမြင်လို့ ကျွန်တော့်ကို လာခေါ်တယ်။ အဘွားက ကျွန်တော့်ကို ကော်ဖီတစ်ခွက် သောက်ဖို့ ချထားပေးပြီး သူ့သားအဝတ်အစားတွေ ယူဖို့ တိုက်အပေါ်ထပ် တက်သွားပါတယ်။

ကျွန်တော်လဲ ကော်ဖီသောက်ရင်း တိုက်ခန်းဧည့်ခန်းထဲကို မျက်စိကစားအကဲခတ်ပြီး ဟိုဟိုဒီဒီ ကြည့်နေမိတယ်။ ပညာတတ် အထက်တန်းလွှာမိသားစု ဖြစ်နိုင်ပါတယ်။ အဘွားကိုယ်တိုင်လဲ ပညာတတ်တစ်ယောက် ဖြစ်ခဲ့



ပြီး ပြည်ပနိုင်ငံတွေမှာ နေခဲ့ဖူးတယ်။ ဘွဲ့ရ သားသမီးမြေးတွေရဲ့ ဘွဲ့ဝတ်စုံနဲ့ ဓာတ်ပုံတွေ များတယ်။

အဘွားက အဝတ်အစားတွေ ထည့်ထားတဲ့ သားရေသေတ္တာလေး ဆွဲပြီး တိုက်ပေါ်က ဆင်းလာတယ်။ ကျွန်တော် အလုပ်လုပ်ရင်း အကြမ်းဝတ်ဖို့ပေးတာ လက်ခံပါဆိုပြီး ကျွန်တော့်ကို ပေးတယ်။

ကျွန်တော်လဲ လက်ခံယူပြီး နံရံမှာ ချိတ်ဆွဲထားတဲ့ ဓာတ်ပုံတွေ ကြည့်နေစဉ် အဘွားက "ဒါအမေရိကားကို ထွက်သွားတဲ့ သားကြီးပေါ့" လို့ ပြောရင်း မျက်ရည်တွေဝဲ အသံတွေ တုန်လာတယ်။

'သားကြီးက ကံမကောင်းရှာပါဘူးကွယ်။ သိပ်ပြီး ရိုးတဲ့အေးတဲ့သူ သူ့မယားနဲ့ သူ့သမီးလေးကို သိပ်ချစ်တာ။ မယားဖြစ်သူက အိမ်ထောင်ကျပြီး (၂)နှစ်လောက်မှာ သမီးလေးတစ်ယောက် ထားခဲ့ပြီး ကွယ်လွန်သွားခဲ့တယ်။

သမီးလေးကလဲ မင်းတို့ ဒီခြံကြီး မရောက်ခင်လေးကပဲ ပီအိုင်အီး အမြန်လမ်းမကြီးပေါ်မှာ ကားမှောက်ပြီး ကွယ်လွန်သွားရှာတယ်။

အဘွားရဲ့ မြေးမလေးက ကားမောင်းကျွမ်းကျင်ပါတယ်ကွယ်။ အဲဒီနေ့က မိုးတွေကလဲ သဲသဲမဲမဲ ရွာနေတယ်။ အဘွားက သိပ်နေမကောင်းဘူး။ အဘွားအတွက် စိုးရိမ်ပြီး ကားမြန်မြန်မောင်းတယ်နဲ့ တူပါတယ်ကွယ်။

ပီအိုင်အီး အမြန်လမ်းပေါ်မှာ ကားမှောက်ပြီး ဆုံးသွားတယ်။ ဟောဒီ မြေးမလေးပေါ့။ ကွယ်လွန်သွားတဲ့ မြေးမလေး ဘာဘရာချမ်းဆိုတာ သူပေါ့ကွယ်'

အဘွားက ပြောပြောဆိုဆို ငိုရှိုက်



www.burmeseclassic.com

www.burmeseclassic.com

ရင်း နံရံမှာ ချိတ်ဆွဲထားတဲ့ ဓာတ်ပုံကို လက်ညှိုးထိုးပြပါတယ်။ ကျွန်တော်လဲ အဘွားပြတဲ့ ဓာတ်ပုံကို ကြည့်လိုက်မိတဲ့အခါ အံ့သြတုန်လှုပ် ချောက်ချား သွားမိတယ်။ မယုံနိုင်လောက်စရာ ထူးဆန်းလွန်းလို့ အံ့သြတုန်လှုပ် ရတာပါ။

ပီအိုင်မီးအမြန်လမ်းပေါ် ကား မှောက် သေဆုံးသွားတဲ့ အဘွားရဲ့ မြေးမလေးဆိုတာ ယခု နာရီပိုင်းလေးမှာ ကျွန်တော့်ကားပေါ် တက်လိုက်လာတဲ့ မိန်းမပျိုလေးပါ။ မလွဲပါဘူး။ ကျွန်တော် အသေအချာ မှတ်မိနေပါတယ်။

မိန်းမပျိုလေးရဲ့ ရုပ်ပုံလွှာကို ယခုတိုင် မျက်လုံးထဲ စွဲထင်နေသေးသလို သူရဲ့ ကိုယ်သင်းနံ့လေး ရေမွှေးနံ့လေးဟာလဲ ကျွန်တော့်နှာခေါင်းထဲ ယခုတိုင် သင်းပျံ့နေဆဲ ရှိပါသေးတယ်။သူ ထိုင်သွားလို့ စိုပြီး ကျန်ရစ်နေသေးတဲ့ မိုးရေစက်တွေ မခြောက်သေးပါဘူး။

ကျွန်တော် ငေးငိုင်နေစဉ် အဘွားက စားပွဲအံဆွဲထဲက ဓာတ်ပုံ အယ်လ်ဘန် တစ်ခုကို ဆွဲယူပြီး လှန်လိုက်တယ်။ ပြီးတော့ တုန်နေတဲ့ လက်နဲ့ဓာတ်ပုံ တစ်ခုကို ထောက်ပြရင်း...

'မြေးမလေး ဘာဘရာ ကားမှောက်ပြီး ကွယ်လွန်မယ့်နေ့ မနက်က သူ့အဖေက ကင်မရာ အသစ်တစ်လုံး ကံစမ်းမဲပေါက်လို့ ရလာတယ်။ သူ့သမီးကိုပေးတယ်။ ဝမ်းသာလွန်းလို့ ဒီတိုက်ရှေ့မှာ ဓာတ်ပုံတွေ ရိုက်ကြသေးတယ်။ ဒီပုံက မြေးမလေး ကားမောင်းထွက်မသွားခင် မနက်က ဒီတိုက်ရှေ့မှာ သူ့ကို ဓာတ်ပုံတစ်ပုံလောက် ရိုက်ပေးပါဆိုလို့ အဘွားကိုယ်တိုင် ရိုက်ပေးလိုက်တဲ့ နောက်ဆုံးပုံပဲ'

အဘွားပြတဲ့ ဓာတ်ပုံကို ကြည့်မိတော့မှ ကျွန်တော် ပိုပြီး အံ့သြတုန်လှုပ် ရပါတော့တယ်။ ဓာတ်ပုံ အယ်လ်ဘန် ကိုင်ထားတဲ့ ကျွန်တော့် လက်တွေလဲ တဆတ်ဆတ် တုန်လှုပ်နေပါတယ်။ ဘာကြောင့်လဲဆိုတော့ ကားမှောက်ပြီး သေဆုံးသွားတဲ့ အဘွားရဲ့ မြေးမလေး မကွယ်လွန်ခင် ဝတ်ထားတဲ့ အင်္ကျီနဲ့ စကပ်လေးဟာ မကြာသေးခင် နာရီ ပိုင်းအတွင်းက ပီအိုင်အီး အမြန် လမ်းမကြီးပေါ်မှာ မိုးရေတွေ ရွှဲရွှဲ စိုလျက် ကျွန်တော့်ကားကိုတားပြီး တက်စီးခဲ့တဲ့ မိန်းမပျိုလေး ဝတ်စား ထားတဲ့ အဝတ်အစားတွေပါပဲ။

သေချာလွန်းပြီး ထူးဆန်းအံ့သြစရာကောင်းလွန်းလို့ ကျွန်တော် သတိ တောင် လစ်သွားမိပါတယ်။ ခြော်... ဘာဘရာ သူ့အိမ်ရှေ့နားရောက်တော့ ကျွန်တော့်ကို နှုတ်မဆက် မပြောမဆို ဘဲ ဆင်းသွားတယ် ထင်ပါရဲ့။ ကျွန်တော့်အနားက ရုတ်တရက် ပျောက်ကွယ်သွားခဲ့တယ်။

နောက်နေ့မှာတော့ ကျွန်တော် စင်ကာပူ တိုပရိုးအရပ်က မြန်မာဗုဒ္ဓ ဘာသာဘုန်းကြီးကျောင်းကို သွားပြီး ဆရာတော်များထံမှာ ကွယ်လွန်သူ ဘာဘရာအတွက် ရည်စူးပြီး ဝတ္ထုငွေ လှူဒါန်းခဲ့တယ်။ ဘုန်းကြီးကျောင်း အောက ပီအိုင်အီး အမြန်လမ်းမကြီးကို ကြည့်ပြီး ဘာဘရာရေ အမျှ...အမျှ... အမျှ...လို့ အမျှပေးဝေလိုက်တယ်။

ဘာဘရာဆိုတာ မြန်မာလို တစ်ပြည်သူလို့ အဓိပ္ပာယ်ရတာကြောင့် ကျွန်တော့်ကို တစ်ခဏနဲ့ တစ်ဘဝ မေ့မရနိုင်အောင် ပြုခဲ့တဲ့ တစ်ပြည်သူ မရွှေထားကို တမ်းတသတိရ လွမ်းလျှ နေမိပါတော့တယ်။

**ရေနံ့သာ အောင်ချမ်းဇော်**

### စာမျက်နှာ (၂၅၀)မှ အဆက်

ကိုပေါ်မြသည် ပတ္တမြားပုံကြောင့် ကောင်းကင်ခရီး သွားနိုင်ခဲ့ပါသည်။ အရှေ့အရပ်သွားလိုပါက အရှေ့အရပ်စောင့် နတ်မင်းကိုလည်းကောင်း၊ အနောက်အရပ် သွားလိုပါက အနောက်အရပ်စောင့် နတ်မင်းကိုလည်းကောင်း မေးမြန်းစုံစမ်းခြင်းဖြင့် လိုရာနေရာဒေသတို့ကို ချောမောစွာ သွားလာနိုင်ခဲ့သည်။

နတ်မင်းကြီးများက ကိုပေါ်မြကို ကောင်းကင်ခရီးသွားရာ၌ ရွာများနှင့် မြို့များပေါ်မှ ဖြတ်၍ မသွားရန် ဆုံးမကြသည်။ အောက်တွင် ဘုရားစေတီများ၊ သက်ကြီးရွယ်အိုများ၊ သီလရှိပုဂ္ဂိုလ်များကြောင့် ဟုဆိုသည်။

ကောင်းကင်တွင် မြန်မြန်သွားပါက လေထုကို တိုးဝှေ့ရသောကြောင့် တစ်ကိုယ်လုံး ပူခြစ်လာသည့်အတွက် နှမ်းမှန်သွားရသည်။ ရွာဦးကျောင်းဆရာတော် ဦးဝိမလက ဘုရားပွင့်သည့်ဒေသသို့ သွားလိုသည်ဟု မိန့်သောကြောင့် ကောင်းကင်မှ ပို့ပေးရသေးသည်။

ကိုပေါ်မြသည် မကျိုးစုတွင် မနေလိုသဖြင့် မြောင်မြို့တွင် အိမ်ဝင်းဝယ်လိုက်သည်။ ပြောင်းရွှေ့မည့် နံနက်တွင် အိတ်ထောင်ထဲမှ ပတ္တမြားပုံကို ထုတ်ယူလိုက်ရာ လက်ထဲမှ လွတ်ကျသွားသည်။

ကိုပေါ်မြ ပြန်ကောက်ယူသော်လည်း မရတော့ပါ။ မြေကြီးထဲသို့ တန်းဝင်သွားပါတော့သည်။

**ယခုအခါ(ယခု စာရေးနေချိန်တွင်) ဘဘ ဦးပေါ်မြ၏ အသက်မှာ (၇၈)[illegible] [illegible]သည်။ [illegible] [illegible] [illegible] [illegible] မှာ[illegible] ရှိသည်[illegible]**

**အဂ္ဂါနီး(မြင်း[illegible])**



www.burmeseclassic.com

www.burmeseclassic.com



# ရကျွန်း မ့သူ

ဝေစည်
(ရွှေဘို)

မူးကမ်းကြီးရွာသည် မူးမြစ်၏ အနောက်ဘက်ကမ်း၌ တည်ရှိပါသည်။ ယခုအခါ အိမ်ခြေ နှစ်ထောင်ကျော် ရှိနေပြီ။ တိုက်နယ်ဆေးရုံ၊ တွဲဘက် အထက်တန်းကျောင်း၊ ရဲစခန်းနှင့် ကျေးလက်ဈေးတန်း ရှိပါသည်။

လွန်ခဲ့သော အနှစ်(၅၀)ခန့်ကမူ ကျေးလက်ဆေးပေးခန်း (ကျန်းမာရေး မှူးတစ်ယောက်နှင့် အနီဝတ် သားဖွား ဆရာမတစ်ယောက်)၊ ရဲစခန်း (ထိုစဉ်က အခေါ် ဂတ်တဲ)နှင့် မူလတန်းကျောင်းသာ ရှိခဲ့ပါသည်။

ရွာကြီးမှာ ကျင်တွယ်ချိုးဖြစ်ပြီး ရွာ ရှေ့ပိုင်း၊ ရွာလယ်ပိုင်း၊ ဆူးတပ်ပိုင်း၊ ကုန်းသာပိုင်း၊ ပေါက်တောပိုင်း၊ မြောက်တောပိုင်း ဟူ၍ ရပ်ကွက်များ ရှိပါသည်။

ထိုရပ်ကွက်များထဲမှ ကုန်းသာပိုင်း ရပ်ကွက်တွင် ဦးရာမောင်နှင့် ဒေါ်ငွေယုံတို့ ဇနီးမောင်နှံ ရှိပါသည်။ သားသမီး ငါးယောက် ရှိပြီး တောင်သူအလုပ် ငှက်ပျောခြံအလုပ်တို့ဖြင့် အသက်မွေးကြပါသည်။

ဦးရာမောင်မှာ အသားညိုညို၊ ထွားထွားကျိုင်းကျိုင်းနှင့် အညာသားကြီးဟန်အပြည့် ရှိပါသည်။ ဇနီး ဒေါ်ငွေယုံမှာ ဖြူဖြူ သေးသေးသွယ်သွယ်ဖြစ်ပြီး အလွန် သပ်သပ်ရပ်ရပ် နေပါသည်။ တောသူတစ်ယောက်နှင့်ပင် မတူပါချေ။

ဒေါ်ငွေယုံ၏ မိခင်မှာ ဒေါ်ငွေယုံအား မွေးပြီး (၆)လအကြာတွင် ကွယ်လွန်ခဲ့ပါသည်။ သမီးလေးအား

www.burmeseclassic.com

ချစ်ရှာလှန်းသော ဒေါ်ငွေယုံ၏ ဖခင်က အသက်(၂၀)အရွယ်တွင် ဖနီး ဆုံးပါးခဲ့သော်လည်း နောက်အိမ်ထောင် မပြုတော့ဘဲ သမီးလေးအား အရိပ်တကြည့်ကြည့်ဖြင့် ကျွေးမွေး စောင့်ရှောက်လာခဲ့ပါသည်။

ဒေါ်ငွေယုံ၏ ဖခင်ကြီးသည် အလှူရေစက် လက်နှင့်မကွာ ပြုသူဖြစ်ပြီး ပြုပြုသမျှ ကုသိုလ်အဖို့ကို ကွယ်လွန်လေပြီဖြစ်သော မိဘများနှင့် ဖနီးဖြစ်သူအား အမြဲ အမျှပေးဝေပါသည်။ ပရိတ်ကြီး (၁၁)သုတ်ကို နံနက်, ညရွတ်သည့်အပြင် လယ်ထွန်ရင်း ပျိုးကြဲရင်းလည်း ရွတ်ဆိုနေပါသည်။

ဒေါ်ငွေယုံ (၁၆)နှစ်သမီးအရွယ်တွင် ဖခင်ဖြစ်သူက တစ်ရွာတည်းနေ ကိုရာမောင်နှင့် အိမ်ထောင်ချပေးပြီး များမကြာမီ ကွယ်လွန်သွားခဲ့ပါသည်။

**ဒေါ်ငွေယုံသည် အိပ်မက်ထဲတွင် ဖခင်အား အမြဲလိုလို တွေ့နေရပါသည်။ ဖိဖိအား လိမ်လိမ်မာမာနေဖို့ ထုံးမခြားများ။ ဘုရားဆွမ်း၊ ပန်း၊ ရေချမ်း၊ ဆီမီးများ အမြဲကပ်လှူရန် သတိသကြေးများကို ကြားသိနေရပါသည်။**

ဒေါ်ငွေယုံတို့တွင် ငွေကြေး အခက်အခဲရှိတိုင်း တစ်ဆယ်ကျပ်တန်များကို အသစ်ကျပ်ချွတ်အတိုင်း ဘုရားစင်ဘေးမှဖြစ်စေ၊ အိပ်ရာဘေးမှဖြစ်စေ တွေ့ရပါသည်။

ထူးခြားသည်မှာ ထိုတစ်ဆယ်ကျပ်တန်များကို ဒေါ်ငွေယုံကသာ ကောက်ယူရရှိပြီး ဦးရာမောင်နှင့် သားသမီးများက တစ်ခါမှ တွေ့ဖူးခြင်း မရှိကြပါ။

ဒေါ်ငွေယုံသည် ဖြူဖြူ ပျော့ပျော့ ပျောင်းပျောင်း ဖြစ်ရကား တောအလုပ်များ လုပ်နိုင်အောင် အင်အားမရှိပါ။ ငယ်စဉ်က ဖခင်က ဘာမှ မခိုင်းခဲ့သောကြောင့် အိမ်ထောင်ကျခါစ၌ ထမင်းပင် ကောင်းအောင် မချက်တတ်ပါ။



သို့သော် အိမ်ထောင်သည်ဘဝတွင် လောက်လောက်ငငရှိစေရန် ကောက်စိုက်၊ ပဲကောက်၊ နှမ်းရိတ်၊ မြေပဲနုတ် အငှားလုပ်ရန် ဒေါ်ငွေယုံ တောသို့လိုက်ရန် စီစဉ်နေလျှင် အိပ်မက်ထဲ၌…

'အဲဒီအလုပ်တွေ လိုက်မလုပ်ပါနဲ့အေ ဂုဏ်တော်ပွားပါ။ ထန်းခေါက်ဖာလေးထဲမှာ ငွေတစ်ဆယ်တန် လေးရွက် ထည့်ထားတာ သွားယူပါ'

လို့ အိပ်မက်ပေးပါသည်။ တကယ်ပင် ငွေများ တွေ့ရပါသည်။

ထိုစဉ်က ဆန်တစ်ပြည် တစ်မတ်၊ အမဲသား တစ်ပိဿာ (၅)မတ်လောက်ဖြစ်ပြီး၊ ရွှေတစ်ကျပ်သား (၈၀)ကျပ်ခန့်က ဖြစ်ပါသည်။

ဒေါ်ငွေယုံသည် သူ့အား အိပ်မက်များပေးပြီး ငွေကြေးများ မ,စနေသည်မှာ သူမ၏ ဖခင်ဖြစ်ကြောင်း သိရှိသော်လည်း အလွန်နှုတ်လုံပြီး (ထိုစဉ်က) မည်သူ့ကိုမျှ မပြောပါ။ ခင်ပွန်းဖြစ်သူနှင့် သားသမီးများကိုပင် မပြောပါ။

တစ်လလျှင် ဥပုသ် လေးရက်လုံးလုံး ဒေါ်ငွေယုံ ဥပုသ်စောင့်ရပါသည်။ အိပ်မက်ထဲတွင် ဥပုသ်စောင့်ခိုင်းပါသည်။ ဥပုသ်နေ့တိုင်း ဆွမ်းချိုင့်လှူရပြီး ဥပုသ်သည်များအား လက်ဖက်၊ ဆေးလိပ်များ ဒါနပြုခိုင်းပါသည်။

ဒေါ်ငွေယုံ အသက် လေးဆယ် ခန့်တွင် ခင်ပွန်းဖြစ်သူ ဦးရာမောင် ဆုံးပါးသွားပါသည်။ သားအလတ် မောင်ဆန်းဝေလည်း ထိုနှစ်မှာပင် ဆုံး လေရာ ဒေါ်ငွေယုံမှာ ငိုကြွေးပူပန်ခြင်း မဖြစ်လှဘဲ တရားနှင့်သာ ဖြေနေပါ သည်။

ထိုနှစ် ဆောင်းရာသီတွင် ဒေါ်ငွေယုံ နာဖျားမကျန်း ဖြစ်ပါသည်။ သူ မနေရ တော့ကြောင်း သိလေသောအခါ သမီး မရွှေကြည်နှင့် သား မောင်ဆန်းငြိ တို့အား ချစ်ချစ်ခင်ခင် စောင့်စော ရှောက်ရှောက် နေကြရန် မှာကြားရင်း သူ့ဘဝတစ်လျှောက်လုံး ဖခင် ရုက္ခစိုး ကြီးက မည်သို့မည်ပုံ စောင့်ရှောက် ကြောင်း ပြောပြပြီး သားသမီးများ ကလည်း ဆက်လက်၍ သူ၏ ဖခင် (အဘိုးဖြစ်သော) ရုက္ခစိုးကြီးအား ရိုရို သေသေဖြင့် ကန်တော့ကြရန်၊ မေတ္တာ ပို့ကြ အမျှဝေကြရန် မှာကြားရင်း ကွယ်လွန်ခဲ့ပါသည်။

ဒေါ်ငွေယုံ အသုဘ လာသူများအား သားသမီးများက ထိုအကြောင်းကို ပြောပြကြသဖြင့် မူးကမ်းကြီးတစ်ရွာလုံး သိသွားကြပါသည်။ သို့သော် မြေးများ ကိုမူ ရုက္ခစိုးကြီးက တစ်ပြားတစ်ချပ်မျှ ပေးကြောင်း မတွေ့ကြရပါ။

ကျွတ်တမ်းပင် ဝင်လေသလား မဟုတ် လျှို့ဝှက်ချက် ပေါက်ကြား လေလား မည်သူမျှ မပြောနိုင်တော့ ဒေါ်ငွေယုံအား ဖခင် ရုက္ခစိုးက စော ရှောက်ကြောင်းကို ဘာမှ ပင်ပင် ပန်း မလုပ်ရဘဲ လူချင်းတူ သူ မျှမျှ နေနိုင်ခဲ့သည်မှာ အံ့ဖွယ်ပင် ဖြစ် သည်။

ဝေညည်(ရွှေဘို)

www.burmeseclassic.com



ရှစ်ခွင်ကျော်
(ဖောင်တော်သီ)

# ပေါက်ကျိုသွားသော ကွင်းပိုင်ကြီး

မောင်ဘိုကြီးတို့ ဒိုက်ဦးမြို့နယ်၊ ဖောင်တော်သီရွာဟာ ဘိုးစဉ်ဘောင်ဆက်လယ်ယာကိုင်းကျွန်း လုပ်ကိုင်ပြီး အသက်မွေးတဲ့ ရွာကြီးပဲ ဖြစ်ပါတယ်။ ဒါနဲ့တွဲပြီး ချောင်းမြောင်းအင်းအိုင်တွေ ပေါလို့ ငါးဖားလုပ်ငန်းကိုလဲ တွဲပြီး လုပ်ကိုင်ကြပါတယ်။ လယ်ယာလုပ်ငန်းကတော့ အဓိက လုပ်ငန်းပါ။

ဖောင်တော်သီရွာကို ဗဟိုပြုပြီး တောင်မြောက်ဖြတ်သန်းသွားတဲ့ မီးရထားလမ်းကြီးကို ပိုင်းခြားကာ အရှေ့ခြမ်းကို တစ်ပွဲစား ကွင်းပိုင်ဦးဘစိန်နဲ့ ဦးဘမဲ့ အမည်ရှိ ညီအစ်ကိုနှစ်ဦးက စောင့်ရှောက်ပြီး အနောက်ခြမ်းကိုတော့ တစ်ပွဲစား ဦးမောက်က စောင့်ရှောက်တယ်လို့ ဆိုပါတယ်။

ကွင်းပိုင်ကြီးတွေဟာ စပါးအထွက်ကောင်းအောင်၊ သားငါးပေါအောင်၊ ပိုးမွှား(မြွေဆိုး) ကင်းစင်အောင် စောင့်ရှောက်တယ်လို့လဲ ယုံကြည်မှုတွေ ထားရှိကြပါတယ်။

မောင်ဘိုကြီးတို့ အရှေ့ခြမ်းမှာဆိုရင် ရွာအရှေ့တောင်ဘက် ဂျောက်ကြီးကွင်းမှာ နတ်ကွန်းတွေဆောက်ပြီး နှစ်စဉ် လယ်ယာလုပ်ငန်းအစ (မိုးဦး) ကာလမှာ ကွင်းပိုင်ကြီးတွေကို ပူဇော် ပသကြပါတယ်။ လုပ်ငန်းစကတည်းက လယ်ထွန်ချိန်၊ ပျိုးကြဲချိန်၊ ပျိုးနုတ်ချိန်၊ ကောက်စိုက်ချိန်၊ ကောက်ရိတ်ချိန် စတဲ့ လုပ်ငန်းစဉ်တိုင်းမှာလဲ လက်ဖက်၊ ကွမ်း၊ ကောက်ညှင်းပေါင်း၊ ငှက်ပျောသီး၊ အုန်း စတာတွေနဲ့ တင်မြှောက် ပသကြရပါတယ်။

မိုးဦးကာလ လယ်ယာလုပ်ငန်းအစ တွင်မြှောက်ပသတဲ့ပွဲကတော့ ပွဲကြီးလို့ ဆိုပါတယ်။ အဲဒီပွဲမှာ နတ်ဝင်သည်နဲ့ ကွင်းပိုင်ကြီးတွေကို သွင်း(ပူးကပ်)ပြီး

www.burmeseclassic.com

ဆန်ရေစပါး ကောင်းအောင်၊ သားငါး ပုစွန်တွေပေါ်အောင်၊ ပိုးမွှားကင်းစင်အောင် လယ်ယာလုပ်ငန်းရှင်တွေက ပြောဆိုတောင်းခံကြပါတယ်။ ကွင်းပိုင်ကြီးတွေဘက်ကလဲ သူတို့အလိုရှိရာ ဖြစ်စေချင်တာတွေကို ပြောပြတောင်းဆိုတယ်လို့ ဆိုပါတယ်။

မောင်ဘိုကြီးတို့ အရှေ့ခြမ်းကို စောင့်ရှောက်တဲ့ ဦးဘစိန်၊ ဦးဘမဲ ညီအစ်ကိုတစ်ပွဲစား ကွင်းပိုင်ကြီးတွေဟာ သည်းခံခွင့်လွှတ်ပြီး စိတ်နေသဘောထား ပျော့ပြောင်းသလောက် အနောက်ခြမ်း တစ်ပွဲစား ကွင်းပိုင်ဘိုးမောက်ကတော့ စိတ်သဘောထား မာကျောတယ်။ သည်းခံခွင့်လွှတ်စိတ်နည်းတယ်။ အမှားမခံဘူးလို့ သိရပါတယ်။

မောင်ဘိုကြီးရဲ့ ဖခင်ကြီး ပြောပြတာကတော့ မောင်ဘိုကြီး မမွေးခင် ငါးနှစ်လောက် ၁၉၄၀ ပြည့်နှစ်ဝန်းကျင် ဖြစ်မှာပေါ့။(အဲဒီကာလကို အင်္ဂလိပ်ခေတ်လို့ ဆိုပါတယ်။) အရှေ့တစ်ပွဲစား ညီအစ်ကိုဟာ သူပိုင် သူစောင့်ရှောက်တဲ့ အရှေ့ကွင်းမှာ ဆန်ရေစပါး ပေါ်များမယ်၊ သားငါးပုစွန်ပေါ်မယ်၊ ခြင်ယင်ပေါ်မယ်၊ ပိုးမွှားကင်းစင်မယ်လို့ ဟောကိန်းကြိုထုတ်ထားတယ်လို့ ဆိုပါတယ်။

ဒါ ဘာကြောင့် ဒီလို ပြောနိုင်လဲဆိုရင် နှစ်စဉ်ကွင်းပိုင် ပူဇော်ပသပွဲ မတိုင်ခင် အရှေ့ အနောက် ကွင်းပိုင်ကြီးတွေဟာ စပါး၊ ငါး၊ ဖား၊ ပုစွန်၊ ခြင်၊ မြွေကို ကြေးထပ်ပြီး ကြွေအံလောင်းကစားတဲ့အခါ အနိုင်အရှုံးပေါ်မူတည်ပြီး ဟောကိန်းထုတ်တာလို့ ဆိုပါတယ်။

အဲဒီနှစ်က ကျန်တာတွေ ပေါ်မယ် ဆိုခြင်းကြောင့် သူ အနိုင်ရတဲ့သဘောဖြစ်ပြီး၊ ပိုးမွှားကင်းစင်မယ် ဆိုခြင်းကြောင့် ကြွေအံကစားတုန်းက ပိုးမွှားရှုံးတယ်ဆိုတဲ့ သဘောပါပဲ။ ဒါကို လယ်ယာဦးကြီးတွေလဲ သဘောပေါက်ကြပါတယ်။



သို့သော် အဲဒီနှစ်က လုပ်ငန်းစပြီဆိုကတည်းက ဆုံးတဲ့အထိ ပိုးထိ(မြွေကိုက်)လို့ သေတဲ့ လူဦးရေဟာ အရေအတွက် တော်တော်များတယ်လို့ ဆိုပါတယ်။ ဘယ်လိုမှ တင်မြှောက်ပသတောင်းပန်ခယလို့လဲ ကျေအေးမှု မရှိ သည်းခံခွင့်လွှတ်မှု မရှိဘူးလို့ ဆိုပါတယ်။

ဟောကိန်း ကြိုထုတ်ထားတာတွေဟာ ကွဲလွဲမှုတွေ ရှိပါတယ်။ ဆန်ရေစပါးလဲမပေါ်၊ သားငါးပုစွန်လဲမပေါ်၊ ပိုးမွှားပဲ ပေါ်တာကြောင့် လယ်ယာဦးကြီးတွေဘက်က သဘောပေါက်ထားကြပါပြီ။ **နှစ်ရှည်လများ စောင့်ရှောက်ခဲ့တဲ့ ဘိုးဘစိန်၊ ဘိုးဘမဲတို့ ညီအစ်ကို မဟုတ်တော့ဘူးပဲ ဆိုတာကိုပါ။**

လယ်ယာဦးကြီးတွေ တွက်ကိန်းအတိုင်းပါပဲ။ နောက်နှစ် လယ်ယာလုပ်ငန်းအကြို ကွင်းပိုင် ပူဇော်ပသပွဲကျင်းပတဲ့အခါ နတ်ဝင်သည်နဲ့ ကွင်းပိုင်ကို သွင်းပါတယ်။

ထုံးစံအတိုင်း အုန်း၊ ငှက်ပျော လက်ဖက်၊ ကွမ်းယာနဲ့ပေါ့။ ဝင်ဝင်ချင်း ဆောက်နဲ့ထွင်း ဆိုသလိုပါပဲ။ အဲဒီပွဲ တွေကို ပုတ်ထုတ်၊ ကန်ကျောက်ပစ် တယ်တဲ့။ ပြီးတော့ သူဟာ အနောက် ခြမ်းကွင်းပိုင်ဦးမောက် ဖြစ်တဲ့ အကြောင်းပါ ပြောပါရောတဲ့။

အရှေ့ခြမ်းကွင်းပိုင်တွေနဲ့ ကြွေအံ ကစားတဲ့အခါ နေရာချင်း အလဲအလှယ် လုပ်ဖို့ရယ်၊ ပိုးမွှားရယ်၊ လောင်းကြေး ထပ်တာ သူအနိုင်ရလို့ပါတဲ့၊ ဝင်ဝင်ချင်း ကြောက်အောင်လန့်အောင် မလှန်ရဲ အောင် လုပ်တာဆိုပဲ။

သူ့ကို ပူဇော်ပသတဲ့အခါမှာ ကြက် နဲ့ အရက်ပဲ ဆက်ရမယ်။ ကြက်ကို ကာလသားဟင်း ချက်ရမယ်။ နှုတ်သီး ခြေသည်း၊ အကြေးခွံတွေ မလိုးဖြတ်ရ ဘူး။ ဝမ်းထဲက အသည်းအမြစ် ကလီစာတွေ အမွေးအမှင်တွေကို အစိမ်းလိုက် ဖက်နဲ့ ခင်းပြီး ပသရမယ့် အကြောင်း အမိန့်ရှိပါတယ်။

လယ်ယာ ဦးကြီးတွေကတော့ အားလုံးဆောင်ရွက်ပေးဖို့ ကတိပေး ကြရပါတယ်။ သူနဲ့မှ မကောင်းဘဲကို ပြီးတော့ မမြင်အပ် မမြင်ရတဲ့ ပုဂ္ဂိုလ်လဲ ဖြစ်လေတော့ နာခံကြတာပေါ့။

ဒီကိစ္စ ဒီသတင်းဟာ ဒီမှာတင် မပြီးပြတ်ဘဲ သူကြီးနား ပေါက်သွား တယ်။ ဒေါသူပုန်ထပါတော့တယ်။

ပေါ့သေးသေး သူကြီးမှ မဟုတ်ဘဲ ဒိုက်ဦးမြို့နယ်၊ ဖောင်တော်သီ စိုရင် အပိုင် ရွာကြီးဆယ်ရွာကို အုပ်ချုပ်ထား တဲ့ သူကြီးအုပ်၊ အင်္ဂလိပ်မင်းရဲ့လက်မှ နာမည်ကောင်းလက်မှတ်ရ၊ နှစ်လုံး ကိုင်သူကြီးပေပဲ။

သူ့နယ်မှာ ဒီလိုလာကျယ်ကောင်း လား။ သူ့ရွာသားတွေကို ဒီလို သေကျေ ပျက်စီးအောင် လုပ်ရကောင်းလား



www.burmeseclassic.com

www.burmeseclassic.com

ဆိုပြီး အမိန့်ပြန်စာကို အားချင်းကောက်ရေး တပည့်နှစ်ယောက်ကို သက်တော်စောင့်ခေါ် သူကိုယ်တိုင် နှစ်လုံးပြူးသေနတ်ကြီးကို ထမ်းပြီး ကွင်းပိုင်ကြီးတွေ နတ်ကွန်းများရှိရာ ဂျောက်ကြိုးကွင်းကို သွက်သွက်လေး ထွက်သွားပါတယ်။

နတ်ကွန်းရောက်တဲ့အခါ သတ်မှတ်နေရာပေးထားတဲ့ တစ်ပွဲစားကွင်းပိုင်ရဲ့ နတ်နန်းကို မျက်နှာမူပြီး အမိန့်ပြန်စာကို သူကိုယ်တိုင် ဖတ်ကြားပါတော့တယ်။

'မြန်မာနိုင်ငံတော် ဘုရင်ခံကိုယ်စား ပဲခူးဒိစတြိတ်ဒိုက်ဦးမြို့နယ်၊ ဖောင်တော်သီစီရင်စု၊ သူကြီးအုပ် ငါ သိန်းမောင်မှ အသင်တစ်ပွဲစားကွင်းပိုင် မောက်အား အမိန့်တော်ထုတ်ပြန်လိုက်သည်။

သင် မောက် ရောက်ရာအရပ်က လာရောက်နာခံလော့။ သင်သည် ငါ့စီရင်စုပိုင်လယ်ယာလုပ်ငန်းခွင်မှ လယ်ပိုင်၊ သူရင်းငှား၊ ပျိုးနုတ်၊ ကောက်စိုက်၊ ကောက်ရိတ်သမများကို အဃက်ဝိဇ်နှိပ်စက်အောင် ဆောင်ရွက်ခဲ့သည့် လူသတ်သမားဖြစ်သည်။

သို့အတွက် သင့်အား ငါကိုယ်တိုင်မှလည်းကောင်း၊ ငါ့ရွာသူရွာသား လယ်ယာသမားများမှလည်းကောင်း အလိုမရှိပြီဖြစ်၍ ငါ့စီရင်စုအပိုင်မှ လွတ်ကင်းရာသို့ ထွက်ခွာရမည်။ သင် သွားလိုရာသို့ သွားနိုင်သည်'

ပုံ

**သိန်းမောင်**

**သူကြီးအုပ်၊ ဖောင်တော်သီစီရင်စု**

'ဒိန်း...ဒိန်း'

အမိန့်စာကို ကိုယ်တိုင် ဖတ်ကြားပြီး နတ်နန်းရဲ့ နောက်ကျောဘက်ကနေ နတ်နန်းခါးလယ်ကိုချိန်ပြီး နှစ်လုံးပြူးသေနတ်ကြီးနဲ့ နှစ်ချက်ပစ်ထည့်လိုက်ပါတယ်။

အဲဒီနေ့ နေဝင်မိုးချုပ်ခါနီးလောက်



မှာ ပဲခူးရိုးမတောင်အခြေနား ကပ်နေတဲ့ ရွှေညောင်ပင်ရွာကသူကြီးနဲ့ ရွာသားသုံးယောက်ဟာ သူကြီးအုပ်ဦးသိန်းမောင်အိမ်ကို ပေါက်ချလာပါတယ်။ ဖြစ်ပုံကတော့...

ရွှေညောင်ပင်ရွာ နတ်ဝင်သည်ကို တစ်ပွဲစား ကွင်းပိုင်ဦးမောက်ဟာ ဝင်ရောက်ပူးကပ်ပြီး ဒီနေ့မနက်ပိုင်းဖြစ်စဉ်တွေကို ပြောပြပါသတဲ့။ သူကြီးမင်း အမိန့်ပြန်တာနဲ့ လုံလောက်နေပါပြီတဲ့။ သူဟာ မဖြစ်မနေ ပြောင်းပေးရမှာပါတဲ့။

အဲဒါ နှစ်လုံးပြူးသေနတ်ကြီးနဲ့ နှစ်ချက်ဆင့်ပြီး ပစ်ထည့်လိုက်လို့ သူ့ပေါင်နှစ်ဖက်လုံး ထိမှန်ပြီး ကျိုးသွားပါပြီ။ သူကြီးအမိန့်နဲ့ ပြန်ကောင်းစေလို့ အမိန့်ထုတ်ပေးပါတဲ့။

အနောက်ခြမ်းက ကွင်းပိုင်တွေရော၊ ရိုးမစောင့်နတ်တွေကရော သူ့ကို လက်မခံလို့ နေရာထိုင်ခင်းပါ စီစဉ်ပေးပါတဲ့။ နောင်ကို ဒီလို အကျိုးယုတ်အောင်၊ ပျက်စီးအောင် မလုပ်ဖို့ကိုလဲ ကတိပေးပါတယ်ဆိုတဲ့ အကြောင်းဖောက်သည်ချ ပြန်ပြောပါတယ်။

မြန်မာနိုင်ငံတော်ကိုယ်စားလို့ ဆိုထားတာပဲဗျာ၊ ဘာခံနိုင်တာမှတ်လို့ နိုင်ငံတော်ဝန်ထမ်းတွေ သေဆုံးတဲ့အခါ ကြည့်ပါလား။ လွတ်အောင်ကျွတ်အောင် သပိတ်သွတ် အလှူအတန်းလုပ် အမျှဝေတာက သတ်သတ်ပါ။

အကယ်၍ မလွတ်မကျွတ်ဘဲ အလုပ်သံယောဇဉ်နဲ့ ပရလောကကနေ နှောင့်ယှက်တာက သတ်သတ်ပဲလေ။ ဒါမျိုး မဖြစ်ရလေအောင် သင့်အား ဝမ်းနည်းစွာနဲ့ ထုတ်ပယ်လိုက်သည်။ သင်သွားလိုရာ သွားနိုင်သည်လို့ အမိန့်စာ ပြန်ပေးရတာ မဟုတ်လား။

ရေမြေတောတောင်တွေရဲ့ အရှင်သခင်ဟာ အစိုးရပဲ။ ဒါ ခုမှမဟုတ်ဘဲ မြန်မာဘုရင်တွေ လက်ထက်တော်က ကြည့်ပါလား ကြိမ်စကြာနဲ့ ရိုက်ခေါ်ရင် ဘယ်နတ်ပဲဖြစ်ဖြစ် လာရောက်နာခံရတာ မောင်ဘိုကြီး ပြန်စဉ်းစားမိပါတယ်။

သူကြီးအုပ် ဘိုးသိန်းမောင်ဟာ နာယကဂုဏ်ခြောက်ပါးနဲ့ ပြည့်စုံတဲ့ သူကြီးပါ။ လူသားတစ်ဦးမှာရှိတဲ့ ခံစားချက်တွေ သူကြီးမှာ ရှိပါတယ်။

နောက်ဆုံး စည်းကမ်းသတ်မှတ်ချက်တွေ လိုက်နာဆောင်ရွက်ရမှာတွေ မှာကြားကတိခံယူစေပြီး သူကြီးအုပ် အပိုင်နယ်စွန် ပဲခူးရိုးမအစပ်ကို ပြောင်းရွှေ့နေထိုင်ဖို့ရယ် ဒဏ်ရာပျောက်ကင်းဖို့ရယ် အမိန့်စာ ထပ်ထုတ်လိုက်ရတယ်လို့ ဆိုပါတယ်။

**အစ်ကိုကြီး အောင်မောင်း၏ ကိုယ်တွေ့ဖြစ်စဉ် ပြောပြချက်အား ခံစားရေးဖွဲ့ပါသည်။**

***စာဖတ်ပရိသတ် ထမင်းရှင်များအား လေးစားလျက်...***

**ရှစ်ခွင်ကျော်(ဖောင်တော်သီ)**

www.burmeseclassic.com

ရခိုင်ပြည်နယ်

# မဟာမုနိဘုရားကျောင်း မှ

## ပျောက်ဆုံးနေသော ခေါင်းလောင်း

ရွှေခိုင်ကျော် (မြောက်ဦး)



ညာလက်မှ ဖြည့်စောင့်ခေါင်းလောင်း

ခေါင်းလောင်းကို တိုင်းပြည်အများ၌ အသုံးပြုလျက် ရှိကြသည်။ ခေါင်းလောင်းကို ရှေးနှစ်ပေါင်း လေးထောင်ကျော်မှ စ၍ တရုတ်နိုင်ငံ၌ စတင်အသုံးပြုခဲ့ကြောင်း သိရှိရပါသည်။

ယခုအခါ ကမ္ဘာ့အကြီးဆုံး ခေါင်းလောင်းများတွင် မြန်မာနိုင်ငံမှ **မင်းကွန်းခေါင်းလောင်းမှာ တတိယအကြီးဆုံး** ဖြစ်သည်။ ရှေးအခါက ဘုရင်များသည် ခေါင်းလောင်းကို လှူဒါန်းပြီး ကမ္ဘည်းထိုးခဲ့ကြသည်။

ရခိုင်ပြည်နယ်၌ ရှေးအခါက ဝေသာလီခေတ်၌ စာတန်းထိုးထားသော ခေါင်းလောင်းငယ်များကို တွေ့ရှိရပေသည်။ ထို့ကြောင့် ရခိုင်ဘုရင်များသည် ခေါင်းလောင်း ပြုလုပ် လှူဒါန်းလေ့ရှိကြောင်း သိရပေသည်။

ယခု ဖော်ပြမည့် ခေါင်းလောင်းမှာ ထူးခြားသော ခေါင်းလောင်း ဖြစ်ပေသည်။ ထို့ကြောင့် လူများက **ယတ္တြာခေါင်းလောင်း**ဟု ခေါ်ဆိုကြပေသည်။

ခေါင်းလောင်းကို စီမံထားပုံမှာ **ယတ္တြာ** ဆိုသော စကားနှင့်အညီ ယတ္တြာ ပြုလုပ်နိုင်ရန် အင်းကွက်များစွာ ရှိလေသည်။ ခေါင်းလောင်း၏ အထက်ပိုင်းတွင် အင်းကွက်ပေါင်း သုံးဆယ် ရှိလေသည်။ ယင်းအင်းကွက်များအပေါ်၌ အင်းကွက် ရှစ်ကွက် ရှိလေသည်။

၎င်းတို့မှာ **မြေ** (ပထဝီအင်းကွက်)၊ **ရေ** (အာပေါအင်းကွက်)၊ **လေ** (ဝါယောအင်းကွက်)၊ **တေဇော** (မီးအင်းကွက်) စသည်တို့ ဖြစ်လေသည်။ ထိုအင်းကွက်တို့မှာ အတိုက်အခံအား ဖြင့် ပြုလုပ်ထားသော် ရှစ်ကွက် ဖြစ်လာလေသည်။

မြေအင်းကွက်အတိုက်၌ မြေငလျင်လှုပ်ခြင်း၊ မီးတောင်ပေါက်ကွဲခြင်းတို့ ဖြစ်ပွားနိုင်သည်။ အာပေါအင်းကွက်မှာ ရေကြီးခြင်း၊ မိုးကြီးရွာခြင်း စသည်တို့ ဖြစ်ပေါ်စေသည်။

ဝါယောအင်းကွက်မှာ လေပြင်းမုန်တိုင်းတိုက်ခြင်း စသည်တို့ ဖြစ်သည်။ တေဇောအင်းကို အသုံးပြုလျှင် မီးလောင်ခြင်း စသည်တို့ ဖြစ်သည်။

ထိုသို့ အတိုက်အင်းကွက်အားဖြင့် လေးကွက်ရှိလေသည်။ ၎င်းအင်းကွက်များ၏ အခံအဖြစ် အတိုက်ခံရလျှင် ခုခံရန်အတွက် ပြုပြင်သော အင်းကွက်များကို အသုံးပြုရန် ဖြစ်သည်။ ထို့ကြောင့် အတိုက်နှင့်အခံဖြစ်၍ ရှစ်ကွက် ဖြစ်လေသည်။

www.burmeseclassic.com

၎င်းအင်းကွက်များ၏ အောက်မှ တိုင်းပြည်များအတွက် အင်းကွက် သုံးဆယ် ရှိလေသည်။ ထိုအင်းကွက် သုံးဆယ်မှာ ရခိုင်ပြည်နယ်နှင့် နီးစပ်သော တိုင်းပြည်များအတွက် အင်းကွက် အတိုက် တစ်ဆယ့်ငါးကွက်၊ အခံ တစ်ဆယ့်ငါးကွက် ပေါင်း အင်းကွက် ပေါင်း သုံးဆယ် ဖြစ်လေသည်။

တိုင်းပြည်များ၏ အမည်ကိုလည်း ဖော်ပြထားသော **ရှေးဟောင်း ပေမူ အတိုင်း** ဖော်ပြလိုက်ရပေသည်။ ၎င်းတို့မှာ **ယိုးဒယား** (ထိုင်း)၊ **ဘရင်ကျီ** (မုတ္တမ)၊ **ပဲခူး** (ဟံသာဝတီ)၊ **ရာမည** (မွန်)၊ သံလျင်၊ ပြည်၊ တောင်ငူ၊ ပုဂံ၊ အင်းဝ၊ အောင်သား၊ ဥဒရစ်၊ ပထန်၊ ရှမ်း၊ သက်ပြည်တို့အတွက် ဖြစ်သည်။

ခေါင်းလောင်း၏အတွင်း၌ ကြောက်မက်ဖွယ် ဘီလူးရုပ်တစ်ခု ရှိလေသည်။ ထိုဘီလူးရုပ်၏ လက်ဝါးကျရာ၌ အပြင်ဘက်တွင် အင်းကွက် လေးကွက် ကျရောက်လေသည်။

ထိုသို့ စီမံထားခဲ့သော ခေါင်းလောင်းမှာ **ဥသ္သလင်း**ဘုရား၌ နံ့သင့်သော အရပ်တွင် ထားရှိခဲ့သည်။ ရခိုင်ပြည်နယ်ကို ဘိုးတော် ဦးဝိုင်း သိမ်းသွင်းသော အခါ ရခိုင်ပြည်နယ်မှ လူအများတို့သည် ယခု ဘင်္ဂလားဒေ့ရှ် ထိုခေတ်က ဘင်္ဂလားသို့ ဝင်ပြေးသွားကြသည်။

ထိုအခါ ရခိုင်ပြည်နယ်၌ လူသူကင်းမဲ့ပြီး ဥသ္သလင်းဘုရားကို တောဖုံးအုပ်နေသဖြင့် လူသူ အရောက်နည်းသွားခဲ့သည်။ တိုင်းပြည် ငြိမ်သက်၍ အေးချမ်းလာသောအခါ ရခိုင်ပြည်နယ်မှ ဘင်္ဂလားသို့ ခိုဝင်သူများ ပြန်ရောက်လာကြ၍ ဥသ္သလင်းရှိ ခေါင်းလောင်းကို ကုန်းတော်ဘုရားသို့ ပြောင်းရွှေ့ကြလေသည်။

မြန်မာ – အင်္ဂလိပ် စစ်ဖြစ်ပြီး ရခိုင်ပြည်နယ်ကို နယ်ချဲ့အင်္ဂလိပ်တို့ အုပ်စိုးသောအခါ ရခိုင်ပြည်နယ်ရှိ ကြေးထည်များကို အားလုံး အင်္ဂလိပ်တို့ယူပြီး ပိုက်ဆံ (သို့မဟုတ်) ကြေးအမြောက် ပြုလုပ်ကြသည်။

ထိုအခါ ရခိုင်ပြည်နယ်အနှံ့ကြေးထည်များကို ယူပြီး စစ်တွေမြို့မှ တစ်ဆင့် လိုသောနိုင်ငံသို့ ပို့ဆောင်ကြသည်။ ထို့ကြောင့် ကုန်းတော်ရှိ ကြေးခေါင်းလောင်းကို ပလက်ဝသို့ ပြောင်းပြီး စစ်တွေမြို့သို့ ယူရန် ကြံစည်ခဲ့သည်။

ထို့ကြောင့် ကုန်းတော်ရှိ ခေါင်းလောင်းကို ဆင်ပေါ်တင်၍ ပလက်ဝသို့ ပြောင်းယူခဲ့သည်။ ပလက်ဝ ရောက်သောအခါ ခေါင်းလောင်းမှာ ဆင်ပေါ်မှ ကျသဖြင့် တစ်ပေခန့် ကွဲအက်သွားလေသည်။

ထိုခေါင်းလောင်းကို စစ်တွေသို့ယူပြီး တရားရုံးမှာ အချက်ပေးနာရီအဖြစ် အသုံးပြုလေသည်။ ထိုသို့ ပြုလုပ်ထားသည်ကို မျိုးချစ် ရခိုင်တိုင်းရင်းသား လူငယ်တစ်ဦး၏ စွမ်းဆောင်ချက်ဖြင့် ကျောက်တော်မြို့သို့ ခေါင်းလောင်း ပြန်ရောက်လာသည်။

ထိုစဉ် ကျောက်တော်ရှိ လူကြီးများက ခေါင်းလောင်းကို မဟာမုနိဘုရားသို့ ပို့လေသည်။ သိတတ်သော လူတစ်စုက ခေါင်းလောင်းကို မတီးမိစေရန် ဝှက်ထားခဲ့ကြသည်။

ထိုလူများမှာလည်း ကွယ်လွန်ပြီး ဖြစ်သဖြင့် တစ်စုံတစ်ယောက်မျှ ခေါင်းလောင်းဝှက်ထားခဲ့သော နေရာကို မသိဘဲ ရှိလေသည်။ ထို့ကြောင့် ယက္ကရာ ခေါင်းလောင်း၏ ဝှက်ထားသောနေရာကို မသိ၍ ယခုထိ ပျောက်နေပေတော့သည်။

**ရွှေနိုင်ကျော်(မြောက်ဦး)**

စာမျက်နှာ (၂၇၂)မှ အဆက်

(ခ) ဝိတောက်နှစ်
(ဂ) နံ့သာဖြူ

တို့ ဖြစ်ပါသည်။

ထိုဆေးမည်သုံးမျိုးကို ကျောက်ပျဉ်တွင် သွေးရပါမည်။ သွေးရသောဆေးအနှစ်ကို သောက်ရ တိုက်ရပါမည်။

နို့စို့အရွယ်ဆိုလျှင် ဆေးရည်ကျဲကျဲကို အချိုခွန်းဟုခေါ်ကြသော(**ထက် ဖက်စားရာတွင် သုံးစွဲကြသော) ခွန်းငယ်နှင့်၊ တစ်ခွန်းစာ**ကို သူငယ်နာ ဝမ်းသွားနေသော ကလေးကို တိုက်ကျွေးပေးပါ။

နို့စို့အရွယ် ဖြစ်နေသည့်အတွက် မိခင်ကလည်း ထိုဆေးရည်ကို စားပွဲစားခွန်း(ယခု ဟင်းခပ်စတီးခွန်းဆိုလျှင်လည်း ရပါသည်။) သုံးခွန်းသောက်ရပါမည်။

မြန်မာ့ဆေးပညာနယ်တွင် (၁၂)နှစ်အထိ သူငယ်နာရှိသည်ဟု ယုံကြည်ကြသဖြင့် ကလေး၏ အသက်အရွယ်လိုက်ပြီး ဆေးရည်ကို ချင့်ချိန်ပြီး တိုက်ကျွေးကြရမည် ဖြစ်ပါသည်။

စရိတ်စက အကုန်အကျ သက်သာပြီး သူငယ်နာဝမ်းသွားသည့်ရောဂါအတွက် နတ်ဆေးဟု ခေါ်ရလောက်အောင် အစွမ်းထက်သော ဆေးဖြစ်၍ ယုံယုံကြည်ကြည် သုံးစွဲသင့်ကြောင်း ဓိဝိတဒါနအနေဖြင့် ဖြန့်ဝေပေးလိုက်ရပါတော့သည်။

***ရောဂါ ကင်းကွာ၍ ကိုယ်ကျန်းမာ စိတ်ချမ်းသာကြပါစေ။***

**အောင်ထက်**
**(ရခိုင်မြို့နယ်...)**

**(ရောအနောက်မြို့နယ်)**

www.burmeseclassic.com



ကလေးသူငယ်

# သူငယ်နာဝမ်း သွားနေခဲ့လျှင်

အောင်လက်
(ဖျာပုံအနောက်မြို့တော်)



'ဆရာ'

ကျွန်ုပ်၏ အိမ်ရှေ့မှ ခေါ်သံနှင့်အတူ ကလေးငယ်တစ်ယောက်ကို ချီလာခဲ့ကြသော ဇနီးမောင်နှံကို တွေ့လိုက်ပါသည်။

'မောင်မောင်စိုးနဲ့ မကြည်ဝင်းတို့ လာကြဖော့'

ဟု ကျွန်ုပ်မှ နှုတ်ဆက်ပြီး ဆီးကြို ဖိတ်ခေါ်လိုက်ပါသည်။

ကျွန်ုပ်မှ...

'စောစောကြီး လာခဲ့ကြတာဆိုတော့ ကိစ္စအထူးများပါသလား'

ဟု ထပ်ဆင့် မေးပြော,ပြောပြီး နေရာပေးလိုက်ရလေ၏။ သားအမိ သားအဖ (၃)ယောက်၊ မိခင်မှ ကလေးကို ပွေ့ထားရင်း ကျွန်ုပ်၏ရှေ့တွင် ထိုင်လိုက်ကြပါသည်။

ကျွန်ုပ်၏တပည့် မောင်မောင်စိုးမှ...

'ဒီနေ့ နယုန်လပြည့် ဥပုသ်ဆိုတော့ ဈေးပိတ်တယ်လေ ဆရာ၊ ဆရာပေးလိုက်တဲ့ဆေးနဲ့ သားသားကို တိုက်လိုက်တာ အခုတော့ ကျန်းမာပြီးရွှင်လို့ပါ။ ဈေးပိတ်တုန်းမို့ ဆရာ့ကို လာကန်တော့တာပါ'

ဟု ပြောလေသည်။

ပြီးခဲ့သည့် သီတင်းပတ်က ကျွန်ုပ်၏ တပည့်မောင်မောင်စိုး ကျွန်ုပ်ထံရောက်လာပြီး...

'ကလေးမှာ သူငယ်နာဝမ်းသွားနေခဲ့တာ (၁၄,၁၅)ရက် ကြာသွားပြီ၊ ဆေးခန်းသွားပြတာလဲ မသက်သာဘူး။ မြန်မာ့တိုင်းရင်းဆေးတွေနဲ့လဲ ပြုစုကုခဲ့တာလဲ မသက်သာနဲ့၊ ကလေးမှာ ပိန်ချုံးလာပြီး ဝမ်းဗိုက်ထဲက အူတွေကို အခွေလိုက် မြင်နေရပါပြီ။

မျက်တွင်းဟောက်ပက်နဲ့ ဖြစ်ပြီးတော့ စကားလဲ ရေရေလည်လည် ပြောတတ်,ဆိုတတ်တဲ့ အရွယ်ကလဲမဟုတ်တော့ အတော့်ကို စိတ်ဆင်းရဲရပါတယ် ဆရာရယ်။

ဆရာ့သမီး မကြည်ဝင်းလဲ ရက်ကြာလာတော့ သူပါ အတော်ပင်ပန်းနေတာပေါ့ဆရာ။ အစားပျက်၊ အအိပ်ပျက်နေတာ ရက်ကြာတော့ အတော့်ကို စိတ်မချမ်းမသာ ဖြစ်ရပါတယ်။

ဖေဖေတို့ ရောက်လာပြီး မင်းတို့ ဆရာ့ဆီ မသွားကြဘူးလားလို့ မေးပြီး မသွားလို့ ကြိမ်းလိုက်,မောင်းလိုက်တာ လွန်ရောပါ။ အမှန်ပြောရရင် ကျွန်တော်တို့လဲ ခပ်ပေါ့ပေါ့နဲ့ ပျော့ မယ်ထင်ခဲ့တာက အခုလို ဖြစ်ခဲ့တာ ပါ'

ဟု ပြောပြီး ကျွန်ုပ်ထံ ရောက်လာ ပြီး ဆေးတောင်းခဲ့၍ ဆေးပေးလိုက်ရ ပါသည်။

ယခုတော့ ကလေးလည်း ကျန်းမာ ဝဖြိုးလာ၍ ကျွန်ုပ်ထံ လာရောက် ကန်တော့ခြင်း ဖြစ်ပါသည်။

စာဖတ်သူ မိတ်ဆွေများ မြန်မာ တိုင်းရင်းဆေးဝါး ဆေးမြီးတိုကို ယုံကြည်လျှင် အသုံးပြုနိုင်ရန် နက္ခတ္တရောင်ခြည်မဂ္ဂဇင်း ပရိသတ် များအတွက် သူငယ်နာဝမ်းသွား သက်သာပျောက်ကင်းသည့် ဆေး နည်းနှင့် အသုံးလမ်းညွှန်ကို အောက် တွင် ရေးသားပေးလိုက်ပါသည်။

သူငယ်နာဝမ်းသွား သက်သာ ကင်းဆေး

**လိုအပ်သော ဆေးစည်များ**

(က) ခံတက်ခေါက်

www.burmeseclassic.com

ထူးဆန်းသော ခွေးနှင့်

# ဆန်းပြားသော သင်္ချာနည်း

ထီလာကျော်



ဤလောကတွင် သက်ရှိ သက်မဲ့တို့၏ ထူးဆန်းမှုများသည် လက်တွေ့ မျက်မြင် မဟုတ်ဘဲ ပြောပြရုံမျှဖြင့် မယုံကြည်နိုင်လောက်သော ကိစ္စများစွာ ရှိနေပေသည်။ စာပေပညာရှင် အသီးသီးမှ ရေးသား ဖော်ပြကြ၍ ဖတ်ရှုသိရှိခွင့် ရခဲ့ရပါသည်။ ခေတ်အဆက်ဆက် ရေးသားကြဦးမည်သာ ဖြစ်သည်။

စာရေးသူ (၈)နှစ်သားအရွယ် မြင်တွေ့ သိရှိခဲ့ရသော အဖြစ်အပျက်လေး တစ်ခုသည် ဆန်းကြယ်လွန်း၍ ဘယ်သောအခါမှ မေ့မည် မထင်ပါ။ မည်မျှ ဆန်းကြယ်သနည်းဆိုသည်ကို နက္ခတ္တရောင်ခြည်မဂ္ဂဇင်း စာဖတ်ပရိသတ်များအတွက် ရေးသား တင်ဆက်လိုက်ပါသည်။

တောင်သာမြို့၏ တောင်ဘက်ရှိ (...)ရွာလေးသည် မြို့နှင့် အလှမ်းမဝေးသောကြောင့် နေချင့်စဖွယ် ကောင်းသည်ဟု မဆိုသာသော်လည်း ဝေးလံခေါင်းပါးသော ရွာလေးတော့ မဟုတ်ပါ။





www.burmeseclassic.com

www.burmeseclassic.com

ထိုရွာလေးတွင် ကိုပြားဆိုသူ တစ်ဦးလည်း နေထိုင်သည်။ ကိုပြားသည် ထိုရွာသားစစ်စစ်တော့ မဟုတ်ပါ။ ထိုရွာလေးမှ မအေးစိန်နှင့် အိမ်ထောင်ကျ၍ ရောက်လာသူ ဖြစ်သည်။ ကြာလာတော့လည်း ထို ရွာသားနှင့် မခြားတော့ပါ။

ကိုပြား၏အကြောင်း အနည်းငယ် တင်ပြပါဦးမည်။ ရွာ၏သာရေး၊ နာရေး ကိစ္စများတွင် ပါဝင် လုပ်ကိုင်တတ်သည်။ ရိုးသားသည်။ ကြိုးစားသည်။ လူအများနှင့် ပြေလည်အောင် ဆက်ဆံတတ်သည်။

တစ်ရွာလုံးကလည်း ချစ်ခင်ကြသည်။ အသောက်အစား၊ လောင်းကစား၊ မ,ကိစ္စ အားလုံးကင်းသည်။ ကျားထိုး အလွန်တော်သည်။ (၁၂) ကောင်ကျား၊ သုံးထပ်ကျား၊ လဝိုင်းကျား အစုံရသည်။ သူ့ကို နိုင်အောင် ကျားထိုးနိုင်သူ မရှိပါ။

အလောင်းအစားသဘော ထိုးခြင်းတော့ တစ်ခါမျှ မတွေ့ဖူးပါ။ အပျင်းပြေ သက်သက်သာ ထိုးခြင်း ဖြစ်သည်။ သူ မည်မျှ ကြိုးစား ကြိုးစား စီးပွားရေးကတော့ သိပ်အဆင်မပြေပါ။ ရရစား စား အဆင့်သာလျှင် ရှိပါသည်။

သူသည် ဘာသာရေး ကိုင်းရှိုင်းသူလည်း ဖြစ်သည်။ နေ့စဉ် နံနက်၊ ည ဘုရားရှိခိုး မပျက်ပါ။ တာဝန်ဝတ္တရားတစ်ခုလို ဆောင်ရွက်လျက်ရှိသည်။ ၂၄ ပစ္စည်းကိုလည်း နေ့စဉ် ရွတ်ဖတ်သံ ကြားရသည်။ ငါးပါးသီလကိုလည်း မြဲမြဲစွာ စောင့်ထိန်းသည်။

သူ၏ကိုယ်ကျင့်တရား ကောင်းမွန်မှုကြောင့် လူရွယ်လူငယ်များ၊ ကလေးသူငယ်များက လေးစားကြသည်။

သူ့အိမ်၏ အရှေ့ဘက်မှာတော့ ကိုတင်ရွှေ+မတင်ရွှေတို့အိမ် ရှိသည်။ ကိုတင်ရွှေတို့ မိသားစုကတော့ စီးပွားရေး အဆင်ပြေကြသည်။ ကိုတင်ရွှေတို့မိသားစုသည် တိရစ္ဆာန်မွေးမြူခြင်း ဝါသနာပါသည်။ သိုး၊ နွား၊ ဆိတ်၊ ကြောင်၊ ကြက်၊ ဝက်၊ ခွေးတို့ မွေးထားသည်။ တိရစ္ဆာန်လေးများကိုလည်း အမည်နာမ ပေးထားတတ်ကြသည်။

ခွေးကိုတော့ ရန်လုံဟု အမည်ပေးထားသည်။ ရန်လုံသည် အမည်နှင့် လိုက်အောင်ပင် လုံခြုံလှသည်။ အိမ်ဝင်းအတွင်းသို့ မည်သူမျှ မဝင်ရဲကြပါ။ ကိစ္စကြီးငယ်ရှိ၍ သွားရောက်ရပါက ခွေးကြည့်ပါဦးဟုဆိုကာ အိမ်ရှင် တစ်ယောက်ယောက် ကိုင်ထားမှ (သို့မဟုတ်) ကြိုးချည်ထားမှ ဝင်ရဲကြသည်။

ရန်လုံသည် အကိုက်လည်း ကြမ်းသည်။ အိမ်ဝင်းအတွင်း အကိုက်ကြမ်းသည်က ပြဿနာမဖြစ်သေး၊ လမ်းထွက်၍ပင် ကိုက်တတ်သည်။ လမ်းထွက်ကိုက်၍ တောင်းပန်ရပေါင်း၊ လျော်ရပေါင်းလည်း မနည်းတော့ပေ။

အကိုက်ခံရသဖြင့် မကျေနပ်၍



လိုက်သတ်သော်လည်း မည်သို့ သတ်၍ မရပါ။ တစ်ဦးတစ်ယောက် မဆိုထားနှင့် အဖွဲ့လိုက် (၅ ယောက် ၆ ယောက်) လိုက်သတ်သော်မှ လွတ် အောင် ရှောင်ပုန်းတတ်သည်။ အချို့က အဆိပ်ခတ်သတ်ရန် ကြိုးစား သည်။

ထိုခွေးသည် လူထက်ပင်ပို၍ သိ သည်ဟု ပြောရမည်။ အစားအစာတွင် အဆိပ်ခတ်ထားမှန်းသိသည်။ အဆိပ် ခတ်ထားသော အစားအစာကို လုံး မစားပေ။ သခင်ကျွေးသော အစား အစာကိုသာ စားလေ့ရှိသည်။

တစ်ခါကတော့ ပိုင်ရှင်ကိုယ်တိုင် စိတ်ပျက်ပျက်နှင့် အဆိပ်ခတ်ထား သော အစာကို ကျွေးသည်။ ရန်လုံ ကလည်း စားသည်။ သို့သော် အသက် မသေပါ။ အဆိပ်ပါသော အစားအစာ များကို ပြန်အန်ထုတ်နိုင်သည်။

အညာဒေသရှိ မြွေပွေးများမှာ အလွန်ပင် အဆိပ်ပြင်းသည်။ မြွေပွေး အကိုက်ခံရသူများသည် ဆေးရုံသို့ အချိန်မီ မရောက်ပါက အသက်ဆုံး ကြရသည်။ ဆေးရုံသို့ အချိန်မီရောက် သူများပင် ဒဏ်ရာပြင်းထန်ပါက (မြွေ ကိုက်ချက် ထိမိပါက) သေဆုံးတတ်ကြ သေးသည်။ လူမဟုတ်သော အခြား တိရစ္ဆာန်များ မြွေပွေး အကိုက်ခံရပါက အသက်ရှင်ရိုး ထုံးစံမရှိပါ။

မြွေပွေးအကိုက်ခံရပြီး ဆေး မရောက်၊ ဆေးမကုသဘဲ အသက်ရှင် သည်ဟုဆိုလျှင် စာရှုသူများ အံ့သြ ထင်ပါသည်။ စာရေးသူလည်း အံ့သြ ရပါသည်။

ရန်လုံသည် မြွေပွေးကိုက်ခံ လည်း အသက်မသေ မြွေပွေးကိုက်သည်လည်း

 
www.burmeseclassic.com

www.burmeseclassic.com



မျက်မြင် ကိုယ်တွေ့ပါ။ မြွေပွေးက ရန်လုံ့ကို ကိုက်လိုက်၊ ရန်လုံ့က မြွေပွေးကို ကိုက်လိုက်နှင့်ပါ။

ရန်လုံ့သည် အဖွဲ့လိုက် လိုက်သတ်သည်ကို ရှောင်တိမ်းနိုင်ခြင်း၊ အဆိပ်ခတ်သည်ကို သိရှိခြင်း၊ အဆိပ်မိလျှင်သော်မှ ပြန်အန်ထုတ်နိုင်ခြင်း၊ မြွေပွေးကိုက်သော်မှ မသေခြင်းတို့မှာ အဘယ်ကြောင့်နည်း၊ စာရှုသူများ သိချင်လောက်မည် ထင်ပါသည်။

စာရေးသူလည်း သိပ်ကို သိချင်ခဲ့ပါသည်။ သိရှိခွင့်ရရှိခဲ့ပါသည်။ လျှာတွင် **အမည်းစက်(၉)စက်** ပါရှိသည်ဟု သိရသည်။ အစက်(၉)စက် ပါရှိသည်ကတော့ အမှန်ပင်။ ဤ **အစက်(၉) စက်ကြောင့်** စွမ်းသည်ဟု ပြောကြသည်ကတော့ ဟုတ်မဟုတ် မသိပါ။ ဖြစ်နိုင်သည်လို့ပဲ ပြောပါရစေ။

ဤမျှ အကိုက်ကြမ်းသော ခွေးကို တစ်ရွာလုံးက သတ်ချင်နေကြသည်ကတော့ အမှန်ပင်။ ခွေးပိုင်ရှင်၏ ခွင့်ပြုချက်ရလျှင်ဖြင့် ဤခွေးကို သေအောင် သတ်နိုင်သူတစ်ဦး ရှိသည်။ ခွေးပိုင်ရှင်သည် ဤခွေးကြောင့် တောင်းပန်ရပေါင်း၊ လျော်ရပေါင်း များလာသောအခါ စိတ်ပျက်ပြီး သတ်ရန် ခွင့်ပြုလိုက်သည်။

ဤခွေးကို သတ်မည့်သူမှာ ကိုပြားဖြစ်ပါသည်။ သူသည် ဤခွေးကို တုတ်နှင့် ရိုက်ခြင်း၊ ဓားနှင့် ခုတ်ခြင်း၊ လှံနှင့် ထိုးခြင်း၊ အဆိပ်ခတ်ခြင်းတို့ဖြင့် သတ်မည် မဟုတ်ပါ။ ခွေးကိုပင် မကြည့်ဘဲ သူ၏နေအိမ်မှပင် ဂါထာတစ်ပုဒ်ဖြင့် သတ်မည် ဖြစ်သည်။

ဤမျှဆိုလျှင် စာရှုသူများ လွန်စွာမှ စိတ်ဝင်စားကြပါလိမ့်မည်။ ကိုပြားသည် ဤခွေးကို ချက်ချင်း သတ်၍ မရသေးပါ။ အခွင့်အရေးတစ်ရပ်ကို စောင့်နေရသေးသည်။

ထိုအခွင့်အရေးကား ရန်လုံ့မှာ လူတစ်ဦးတစ်ယောက်ကို ကိုက်ခြင်းပင် ဖြစ်သည်။ ဤခွေး အကိုက်ခံရ၍ ထွက်သည့် သွေးကို ယူ၍ သတ်ရမည်ဟု ဆိုပါသည်။

ကိုပြား၏ ပြောပြချက်အရ ဤသို့ သတ်ခြင်းမှာ ဒေါသကြောင့် မဟုတ်။ အများသူငါ၏အကျိုးကို လိုလား၍သာ ဖြစ်ကြောင်း သိရသည်။

တစ်နေ့မှာတော့ ရန်လုံ့သည် သန်းဇော်ဆိုသည့်ကလေးကို ကိုက်လိုက်သည်။ ကိုက်ပြီးသည်နှင့် ရန်လုံ့သည် အန္တရာယ်မှ လွတ်ကင်းရန် အိမ်အတွင်းသို့ ပြေးဝင်သွားသည်။

သန်းဇော်၏ အမျိုးအဆွေများက ဤခွေးကို လိုက်သတ်မည် တကဲကဲ ဖြစ်နေသည်။ ကိုတင်ရွှေကိုယ်တိုင် အကိုက်ခံရသည့် သန်းဇော်ကို ကိုပြားထံ ခေါ်သွားသည်။

စာရေးသူတို့ ကလေးတစ်သိုက် ဝိုင်းအုံကြည့်ရင်း ပါသွားကြသည်။ ကိုပြားသည် အိမ်ရှေ့တလင်းတွင် ဓားပွင့်(ဓားမြှောင်)ဖြင့် အကွက်(၉)ကွက် ခြစ်လိုက်သည်။ ဂါထာတစ်ပုဒ် ရွတ်လိုက်သည်။ အသံထွက်၍ ဆိုခြင်း မဟုတ်သောကြောင့် မည်သည့်ဂါထာ ရွတ်သည်ဆိုသည်ကိုတော့ မသိရပါ။

ပြီးသည့်အခါမှာတော့ ခွေးကိုက်ခံရ၍ ထွက်နေသော သွေးကို လက်ပြန်(လက်ဖမိုးဖြင့်)ယူလိုက်သည်။ အဆိုပါ လက်ကို ဂါထာရွတ်ထားသည့် အကွက်(၉)ကွက်အနက် အလယ်အကွက်ပေါ်သို့ သုတ်လိုက်သည်။ ပြီးသည်နှင့် ခွေးသေပြီ သွားကြည့်ပါဟု ပြောပါသည်။

စာရေးသူတို့ ကလေးအချို့ မဝံ့မရဲနှင့် ကိုတင်ရွှေနှင့်အတူ လိုက်ကြည့်ပါသည်။ အမှန်တကယ်ပင် ရန်လုံ့မှာ အသက်ဝိညာဉ် မရှိတော့ပါ။ ဤသို့ မပြုမီ ခွေးကိုက်ဒဏ်ရာမှ သွေးကို မည်သူမျှ မထိရပါ။ ထိခဲ့လျှင် ဤသို့ လုပ်၍ မရကြောင်းလည်း သိရပါသည်။

သူ၏ဆရာထံမှ ဤပညာရပ် သင်ယူစဉ်က ခွေး(၃)ကောင်ထက် ပိုမသတ်ရ၊ နောက်ထပ် ဆင့်ပွားမည်သူ့ကိုမှ ပညာသင်မပေးပါဟု သစ္စာဆိုကာ သစ္စာရေ သောက်ထားသည်ဟုလည်း သိရပါသည်။ ဤရန်လုံ့ကို သတ်ခြင်းမှာ တတိယမြောက်ဖြစ်၍ နောက်ဆုံးအကြိမ်ဟုလည်း ပြောပြပါသည်။

နောက် (၃)နှစ်လောက်အကြာမှာတော့ ကိုပြား၏ဇနီး မအေးစိန်သည် (၉၆)ပါးသော ရောဂါဖြင့် ကွယ်လွန်သွားပါသည်။ ထိုအချိန်မှစ၍ ကိုပြားလည်း ဤရွာလေးမှ ပြောင်းရွှေ့သွားသည်မှာ ယနေ့တိုင်ပါပဲ။

**(အမည်များ လွှဲပြောင်းထားပါသည်။)**

**ထီလာကျော်**

www.burmeseclassic.com



အစ်ကိုတော် ဦးပဉ္စင်း

# ယူငြောက်ကာလေး

စောမွန်မြတ်
(မန္တလေး)

ကျွန်မတို့ကတော့ သတ်မှ
အားကိုးမြဲ၊ အကူအညီလိုရင် တော
မြဲ။

ကျွန်မတို့ ငယ်စဉ်တုန်းက
နံ့ဘေးမှာ မေးတင်ထားတဲ့ အ
ပိုင်ဆိုင်တဲ့ နှစ်ထပ်တိုက်ကြီးမှာ
ကြပါတယ်။ အဖေဖွင့်တဲ့ မြန်မာ
နိုင်ငံလုံးကို ဖြန့်တဲ့ ကားပစ္စည်း
ကလဲ နာရီစင်အနီးက (၈၃)လမ်း
မှာပေါ့။

မနက်ဆိုရင် အဖေနဲ့အ
ကလေးတွေကိုပါခေါ်ပြီး (၈၃)
ဘက်ကို သွားကြတယ်။
တနင်္ဂနွေဆိုရင် ဆိုင်ပိတ်
အဖေက မန္တလေး
ဂေါက်ကလပ်မှာ ဂေါက်
ရိုက်လေ့ ရှိပါတ
တစ်နေ့တော့ စနေ၊ တန
ဆိုင်ပိတ်ထားပေ
ဂေါက်ရိုက်မသွ
ကျွန်မတို့အစ်ကို အစ်ကို
ကိုကျော်ကျော်ကို အိမ်
သင်္ကန်းဆီးပေးကြ
ကျွန်မတို့ မောင်နှမတစ်
ခန်းဆီးကာရံထား
အထဲကို ချောင်းကြည့်နေကြ
အဖေက ထွက်လာပြီး ကျွန်
မောင်နှမအားလုံးကို ကျုံးနံ့
သွားဆော့ဖို့ မောင်းထုတ်
အဖေပြောတာကတော့...

'ညီတွေ၊ ညီမတွေ ကြည့်
ရှက်လို့တဲ့။ သွားကစားနိုင်းပါ'

အမေကတော့ သူမွေးတာမဟုတ်ဘူး၊ ဂျစ်ကားတစ်စီး (၁၀၀၀)ကျပ်ခေတ်တုန်းက ငွေကျပ်တစ်သောင်း ဂျစ်ကား(၁၀)စီးဖိုးတိတိ ပေးဝယ်ပြီး မွေးစားလိုက်တာလို့ ပြောပါတယ်။ အဖေကတော့...

'နင်တို့အမေက ညာတာ၊ သူမွေးတယ်ပြောရမှာ ရှက်လို့ မောင်နှမထဲမှာ အကြီးဆုံး'

အဖေပြောတာပဲ ဟုတ်နိုးနိုး၊ အမေပြောတာပဲ ဟုတ်နိုးနိုး။ ဘာပဲပြောပြော ကျွန်မတို့ရဲ့ အစ်ကိုအကြီးဆုံးအဖြစ်

www.burmeseclassic.com



လို့ အဖေတစ်ယောက်တည်းကြား အောင် ပြောတယ်တဲ့။ ပြောပြီးတာနဲ့ သူ့လက်နှစ်ဖက်က ဘေးမှာချထားရာ ကနေ သူ့ရဲ့ပေါင်နှစ်ခုပေါ်မှာ လက်ဝါး နှစ်ခုထပ်ပြီး အလယ်နေရာကို ဖုံးလျက် သား အနေအထားကို သူ့ဟာသူ ပြောင်းသွားပါလေရော။

ကျွန်မတို့ အိမ်ပေါ်ပြန်တက်လာ တော့ ဘုန်းကြီးတွေနဲ့အတူ ကျွန်မတို့ အစ်ကိုတော်က သူ့ရဲ့ မှန်စီရွှေချ ခုတင်လေးပေါ်မှာ သင်္ကန်းဝတ်နဲ့ ဘုန်းကြီးတွေနဲ့အတူ တစ်စားပွဲတည်း ဘုဉ်းပေးနေတာကို တွေ့ရပါတယ်။ ဘုန်းတော်ကြီးတွေ ပြန်ကြွသွားတော့ ဦးပဥ္စင်း လူခြောက်လေးလဲ တစ်ပါ တည်း လိုက်ကြွသွားပါတယ်။

အခုဆိုရင် ကျွန်မအသက် (၄၀) ကျော်ရှိပြီ။ အစ်ကိုအကြီးဆုံး ဦးပဥ္စင်း က အဖေရော၊ အမေရောကို စီးပွား ပေးသလားတော့ မမေးနဲ့၊ ကျွန်မတို့ ဟာ ကျိုကျိုတက်ချမ်းသာတဲ့ မိသားစု ဖြစ်ခဲ့ရပါတယ်။

အဖေနဲ့အမေဆုံးသွားပြီး နောက် ပိုင်း ကျန်တဲ့ မောင်နှမတွေကတော့ သူ့ကို သိပ် ဂရုတစိုက် မရှိကြလှပါဘူး။ ကျွန်မရဲ့အစ်ကို (၃)ယောက်ထဲက အငယ်ဆုံးဖြစ်တဲ့ အစ်ကိုငယ်ကတော့ ရန်ကုန်မှာ နေထိုင်သူဖြစ်ပြီး အစ်ကို ကြီးကို သူနဲ့ခေါ်ထားချင်ကြောင်း၊ သူ လူလိမ်ခံရလို့ စီးပွားရေးပျက်၊ ကား တွေဘာတွေ ရောင်းလိုက်ရကြောင်း။

ဒါကြောင့် အစ်ကိုကြီးကို ခေါ်ထား လိုက်ခြင်းအားဖြင့် သူ့စီးပွားရေးများ ပြန်တက်လာမလားဆိုပြီး ဖုန်းဆက် ပြောလာလို့ ကျွန်မကပဲ အစ်ကိုအကြီး ဆုံး ဦးပဥ္စင်း လူခြောက်လေးကို ရန်ကုန်ပင့်လာပြီး အစ်ကိုငယ်ရဲ့အိမ်ကို ပို့ပေးလိုက်ပါတယ်။

ဒီလိုနဲ့ နေလာကြရင်း တစ်နေ့တော့ ကျွန်မရဲ့သမီး အိပ်မက်တစ်ခု မြင်မက် ပါတယ်။ အစ်ကိုတော် ဦးပဥ္စင်းလေးက အိပ်မက်ထဲမှာ…

'ငါ့ကို လာခေါ်ကြတော့၊ ဒီကောင်က အရက်သမား။ ငါ သူနဲ့ မနေနိုင်ဘူး။ ငါ အသက်ကြီးမှ အေးအေးမနေရဘူး။ သင်္ကန်း ဝတ်ကြီးနဲ့ ဘုန်းကြီးကို အရက်သမား အိမ် ဘာလို့ပို့ရတာလဲ။ ငါ့ကို မြန်မြန်လာ ခေါ်ကြ'

လို့ အိပ်မက်တယ်တဲ့။

ကျွန်မတို့လဲ ခေါ်ဖို့ အစီအစဉ်ရှိ ပေမယ့် ရန်ကုန်–မန္တလေး နီးတဲ့ခရီး မဟုတ်တော့ ချက်ချင်း သွားမခေါ်ဖြစ် ခဲ့ကြဘူးပေါ့။ နောက်ပြီး သူက ပြော စရာရှိရင်သာ ကျွန်မတို့ကို အိပ်မက် ထဲမှာပဲ ပြောတာ၊ ကျွန်မတို့က ပြောချင်ရင် စိတ်ထဲကတို့၊ ပါးစပ်က တို့ ပြောလိုက်ပေမယ့် သူသိလား၊ မသိလား၊ ကြားလား၊ မကြားလား မသိရတော့ သိပ် ရေးကြီးခွင်ကျယ် ကိစ္စရယ်လို့ ဂရုမစိုက်မိဘူးပေါ့ရှင်။

ဒီလိုနဲ့ တစ်လလောက် ထပ်ကြာ တော့ ကျွန်မကို အိပ်မက်ပေးပြန်ပါ လေရော။

'ငါ့ကို ချက်ချင်းလာခေါ်ကြတော့ဟေ့၊ ငါ့ကို ဆွမ်းလဲ မကပ်ဘူး။ ဂရုမစိုက်တဲ့ ပစ်ထားလို့ ငါ့ ဘယ်ဘက်မျက်လုံး ကြွက်ကိုက်လို့ အပေါက်ကြီးဖြစ်သွားပြီ။ မျက်လုံးတစ်ဖက် လဲ မရှိတော့ဘူး။ ဘယ်ဘက်ခြေထောက် လဲ ကြွက်ကိုက်လို့ အုကာစပြီး ကျိုးသွားပြီ' လို့ အိပ်မက်ပါတယ်။

အဲဒါနဲ့ ကျွန်မလဲ ကမန်းကတန်း ကျွန်မအစ်ကိုငယ်ရှိတဲ့ ရန်ကုန်ကို ဖုန်းလှမ်းဆက်မေးတော့ သူက ပျာယီး ပျာယာနဲ့ အစ်ကိုကြီးကို ထားတဲ့နေရာ ကို သွားကြည့်ပြီးမှ ကျွန်မမေးတဲ့ အတိုင်း ဟုတ်တယ်လို့ ဖုန်းပြန်ဆက် လာပါတယ်။

ကျွန်မလဲ လုပ်ငန်းကိစ္စတွေ ပြတ် အောင် ဖြတ်ရပြီး ရန်ကုန်ကို ဆင်း လာခဲ့ပါတယ်။ ဦးပဥ္စင်း လူခြောက် လေးကို မန္တလေးကို ပြန်ပင့်ဖို့ကိစ္စ လုပ်ရပါတော့တယ်။ ကျွန်မရောက် သွားတဲ့အချိန်မှာ ကျွန်မအစ်ကိုငယ် က အရက်တွေ အရမ်းသောက်ပြီး ကျန်းမာရေးအခြေအနေ တော်တော် ဆိုးရွားနေပါပြီ။

သူ့ခြေထောက်က သွေးကို ဖောက် ကြည့်တော့ ချောကလက်လို ညိုညို ပျစ်ပျစ် သွေးတွေသာ တွေ့နေရပြီး ဆရာဝန်က အသည်းခြောက်နေလို့ အရက်ဖြတ်ခိုင်းထားကြောင်း သိရပါ တယ်။ ဆရာဝန့်စကားကို နားထောင်ပုံ ရပါရဲ့။ ကျွန်မအစ်ကိုငယ်က မနက် စောစော (၆း၀၀)နာရီလောက် နိုး ကတည်းက သောက်လိုက်ရတဲ့အရက် ည(၁း၀၀)နာရီ၊ (၂း၀၀)နာရီထိလဲ မရပ်ဘူး၊ မူးတယ်ဆိုပြီး မူးတဲ့အရှိန်နဲ့ တွေ့သမျှလူတွေကို လိုက်ရန်စ၊ ဗိုလ်ကျ ဆိုးနေပါလေရော။

သူ့ရဲ့ ဖိနပ်လုပ်ငန်းမှာ ရှေ့ဘား လာလုပ်ကြတဲ့ ကောင်လေးတွေက

www.burmeseclassic.com



# ပရလောက အိမ်ဂေဟာမှာ တစ်ခဏတာ

ရဲအောင် (ကယားမြေ)

အချိန်ကာလအားဖြင့် ၁၉၉၀ ပြည့်နှစ်ဝန်းကျင်ကာလက ဖြစ်ပါသည်။

ပရလောကသားနှစ်ဦး၏ စိတ်ညို့ခံလိုက်ရသည့်ကိစ္စနှင့် ပတ်သက်၍ ပရလောကသားတွေ နေထိုင်ရာ အိမ်အိုအိမ်ဟောင်းကြီးတစ်လုံးပေါ်သို့ ရောက်ရှိသွားခဲ့ရသည့် ဒီမော့ဆိုမြို့နယ်၊ နန်းမယ်ခုံကျေးရွာမှ ကျောင်းဆရာတစ်ဦးဖြစ်သူ ဦးမားရိယို၏ ကိုယ်တွေ့ကြုံခဲ့ရသော ဖြစ်ရပ်မှန်တစ်ခု ဖြစ်ပါသည်။

မိုးရာသီကာလ၏ နေ့တစ်နေ့တွင် ဖြစ်ပါသည်။ ထိုနေ့က ဆရာဦးမားရိယိုသည် ကျောင်းပိတ်ရက်ဖြစ်သဖြင့် လယ်ထဲသို့ ပျိုးကြဲရန်အတွက် မိမိနေအိမ်မှ နံနက် (၆) နာရီလောက်တွင် အိမ်မှာရှိသော ကလေးငယ်များကို နွားလှည်းပေါ်တင်၍ မောင်းထွက်လာခဲ့ရာ နန်းမယ်ခုံကျေးရွာ၏ မြောက်ဘက် (၂) မိုင်ခန့်ဝေးသော ဝီသဲကူးကျေးရွာသို့ နံနက်(၇) နာရီလောက်တွင် ရောက်လေ၏။

သူ၏လယ်တောမှာ ဝီသဲကူးကျေးရွာမှတစ်ဆင့် ဆက်လက်၍ သွားရပါမည်။ လယ်တောမှာ ဝီသဲကူးကျေးရွာ၏ အရှေ့တောင်ဘက် (၁) ဖာလုံခွဲလောက်တွင် ရှိသည်။

ဆရာဦးမားရိယိုသည် ဝီသဲကူးကျေးရွာရောက်သည်နှင့် နွားလှည်းနှင့် ကလေးငယ်များကို ဆွေမျိုးအိမ်တစ်အိမ်မှာ ထားခဲ့ပြီး ပေါက်ပြားထမ်း၍ လယ်တောသို့ ဆက်လက် ထွက်ခွာလာလေသည်။

ဆရာဦးမားရိယိုသည် ဝီသဲကူးကျေးရွာမှအထွက် ရွာ၏ တောင်ဘက်တွင် အသားမည်းမည်း ထွားထွားကျိုင်းကျိုင်းနှင့် လူနှစ်ဦးကို တွေ့လေသည်။ ထိုလူနှစ်ဦးမှ ဆရာဦးမားရိယိုကို ခေါ်သည်။

'ဆရာ ကျွန်တော်တို့နဲ့ လိုက်ခဲ့ပါ'

ဆရာဦးမားရိယိုမှာ ဘာမျှပြန်ပြော၍ မရဘဲနှင့် ထိုသူနှစ်ဦးခေါ်ရာ နောက်သို့ တကောက်ကောက်နှင့် လိုက်ပါသွားရလေတော့သည်။

*   *   *



www.burmeseclassic.com

www.burmeseclassic.com



ယခု ဆရာဦးမားရှိယိုသည် တစ်ခါမျှ မရောက်ဖူးသေးသည့် ပျဉ်ထောင်အိမ်အိုအိုကြီးတစ်လုံးဆီသို့ ရောက်ရှိသွားပါတော့သည်။

အိမ်ကြီး၏ပုံစံမှာ နှစ်ပေါင်းတော်တော်ကြာလောက်က ဆောက်လုပ်ခဲ့သည့် အိမ်ကြီးတစ်လုံးနှင့် တူပေသည်။

ဆရာဦးမားရှိယိုမှာ ထိုအိမ်ကြီးထဲသို့ ရောက်သည်နှင့် ခုနက သူ့ကို ခေါ်လာကြသည့် သူနှစ်ဦး၏ မိသားစုဟု ထင်ရသော သူများကို တွေ့ရလေသည်။

အိမ်ထဲကို ရောက်သည်နှင့် အသားဖြူဖြူ ချောချောလှလှနှင့် မိန်းမပျိုလေးနှစ်ဦးက ရေနွေးပွဲလေး လာချပေး၏။

'ဆရာ ရေနွေးကြမ်းလေး သောက်ပါဦး'

ဟု ဆို၍ မိန်းမပျိုလေးတစ်ဦးက ရေနွေးတစ်ခွက် ငှဲ့ပေး၏။

ဆရာဦးမားရှိယိုသည် မိန်းမပျိုလေးတစ်ဦးက ငှဲ့ထားပေးသော ရေနွေးကြမ်းကို မသောက်သေးဘဲ အိမ်ထဲမှာ တခမ်းတနားနှင့် ပြင်ဆင်ထားသော အလှအပများကို ဟိုကြည့်ဒီကြည့် လုပ်နေမိ၏။

အိမ်တစ်အိမ်လုံးမှာ တစ်ထွာခန့်လောက်ထူသည့် ဂွမ်းဖုံများဖြင့် ခင်းကျင်းထားသည်။ ခုတင်ခြေထောက်များနှင့် စားပွဲခုံ ခြေထောက်များမှာလည်း ရွှေများဖြင့် ပြုလုပ်ထားသည်ကို တွေ့ရလေ၏။

အိမ်ကြီး၏ အပြင်ပိုင်းမှာ ဟောင်းနွမ်း အိုစာသလောက် အိမ်၏ အတွင်းပိုင်းမှာ လှလှပပ ခမ်းခမ်းနားနား ရှိနေသည်ကို ဆရာဦးမားရှိယို တအံ့တဩ ဖြစ်နေမိ၏။

ဆရာဦးမားရှိယိုမှာ အိမ်တွင်းမှာ ပြင်ဆင်ထားသည့်အရာများကို ဟိုကြည့်ဒီကြည့်နှင့် ကြည့်ပြီးမှ ယခုနက မိန်းမပျိုလေးတစ်ဦးက ငှဲ့ထားပေးသော ရေနွေးကြမ်းတစ်ခွက်ကို သောက်လိုက်သည်။

ရေနွေးကြမ်းတစ်ခွက် သောက်ပြီးသည်နှင့် ဆရာဦးမားရှိယို၏စိတ်မှာ အိမ်ကို ပြန်ချင်စိတ် ပေါက်လာတော့၏။ ဒီလိုနှင့် ဆရာဦးမားရှိယိုသည် မိမိအား ခေါ်လာသည့် သူနှစ်ဦးကို ပြောလိုက်၏။

'ကျွန်တော် အိမ်ပြန်တော့မယ်'

ဆရာဦးမားရှိယိုကို ခေါ်လာသည့် သူနှစ်ဦးကလည်း ပြန်၍ လိုက်ပို့ပေးပါမည်ဟု ပြောကာ ခေါ်လာရာလမ်းအတိုင်း ပြန်လည်၍ လိုက်ပို့ပေး၏။

ပြန်လိုက်ပို့ပေးတော့လည်း ဆရာဦးမားရှိယိုကို ခေါ်သွားသည့်နေရာ ဖြစ်သော ဝီသဲကူးကျေးရွာခြေ၏ တောင်ဘက်အထိသာ လိုက်ပို့ပေးပါသည်။

* * *

ဆရာဦးမားရှိယိုမှာ လူမည်းကြီးနှစ်ယောက် လိုက်ပို့သည့်နေရာ ရောက်၍ ခြေလှမ်းအနည်းငယ်သာ လှမ်းရသေး၏။ သူ၏နောက်မှ ရှုံ့ဖွက်ထဲတွင် တစွပ်စွပ်ဖြင့် လမ်းလျှောက်သံ ကြား၍ နောက်ကို လှည့်ကြည့်လိုက်ရာတွင် နန်းမယ်ခုံကျေးရွာရှိ သူ့အိမ်အနီးက အန်ထော်နီဆိုသူ ဖြစ်နေသည်။

ဆရာဦးမားရှိယိုက နောက်လှည့်၍ ကြည့်လိုက်ချိန်ကျမှ သူ့အိမ်နားက အန်ထော်နီဆိုသူက...

'ဆရာ ဘယ်က ပြန်လာတာလဲ'

ဟု မေး၏။

ဆရာဦးမားရှိယိုကလည်း သူ၏ ဖြစ်ရပ်ကို ထုတ်ဖော်၍ မပြောဘဲ စကားလွှဲလိုက်သည်။

'ငါ လယ်ထဲက ပြန်လာတာကွ'

'အခုနက ဆရာ့ကို ကျွန်တော် မတွေ့မိပါဘူး'

ဆရာဦးမားရှိယိုက ပြန်ဖြေ၏။

'ငါက မင်းကို မြင်သားပဲ'

ဆရာဦးမားရှိယိုက အစောကတည်းက အန်ထော်နီကို မြင်နေရ၏။ သို့သော်လည်း မြင်ရရုံမှ လွဲ၍ စကားပြော၍ မရပါ။

ယခု ဆရာဦးမားရှိယိုအား လူမည်းကြီးနှစ်ယောက်က စ၍ ခေါ်သွားသည့် နေရာနှင့် ပြန်၍ လိုက်ပို့သည့်နေရာ ကျော်လွန်မှသာ တစ်ဦးနှင့်တစ်ဦး မြင်ခွင့်၊ စကားပြောခွင့်များ ရရှိကြလေသည်။

ထိုဖြစ်ရပ်နှစ်ခုမှာ ပရလောကသားတွေက ဆရာဦးမားရှိယိုနှင့် အန်ထော်နီတို့နှစ်ဦးအကြားမှာ ဟန့်တား ပိတ်ပင်ထားခြင်း ဖြစ်ပေလိမ့်မည်။

* * *

ယခု ဆရာဦးမားရှိယိုမှာ နွားလှည်းနှင့် ကလေးငယ်များ ထားရှိခဲ့သော ဝီသဲကူးကျေးရွာက သူ့နေအိမ်ရောက်သည့်အချိန်မှာ မွန်းလွဲ (၂) နာရီ

www.burmeseclassic.com

ရှိနေပြီ။

ဆရာဦးမားရိယို၏ ဖြစ်ရပ်မှာ ဂမ္ဘီရ ဆန်လွန်းလှပါသည်။ သူ လယ်တောသို့ သွားချိန်မှာ နံနက် (၇)နာရီ ကျော်ကျော်အချိန် ဖြစ်လေသည်။

သို့သော် သူ လယ်တောသို့ မရောက်ဘဲ လူမည်းကြီးနှစ်ယောက် ခေါ်ရာ နောက်သို့ လိုက်ပါသွားခဲ့ရပြီး လူမည်းကြီးတို့ နေထိုင်ရာ ပျဉ်ထောင် အိမ်အိုအိုကြီးထဲ ရောက်ရှိသည့်အခါ မှာလည်း အိမ်ထဲတွင် ပြင်ဆင်ထားသော အရာများကို တစ်ခဏတာ အချိန်တိုအတွင်းမှာ မျက်စိ ဟိုကြည့် ဒီကြည့် ကြည့်ရင်းနှင့် ရေနွေးကြမ်း လေးတစ်ခွက် သောက်သည့်အချိန် လေးသာ ကြာခဲ့ကြောင်း...

ထို ပရလောကသားတွေနှင့်လည်း စကားအထွေအထူး ဘာမျှမပြောခဲ့ရ ကြောင်း၊ သို့သော်လည်း ယခု ဝီသဲကူး ကျေးရွာကို ပြန်လည် ရောက်ရှိသည့် အချိန်မှာ မွန်းလွဲ(၂)နာရီ ထိုးနေပြီဖြစ် သောကြောင့် သူ၏ စိတ်ထဲတွင် အတော် အံ့ဩမိကြောင်း...

ဝီသဲကူးကျေးရွာမှ နန်းမယ်ခုံကျေးရွာသို့ အပြန်လမ်းတွင် မိမိ၏ ထူးဆန်းသောဖြစ်ရပ်ကို တစိမ့်စိမ့် တွေး၍ အိမ်ရောက်သည့်အခါ ဇနီးဖြစ်သူအား ပြန်လည် ပြောပြပါတော့သည်။ ထို့အပြင် မိတ်ဆွေအပေါင်းအသင်း တချို့ကိုလည်း မိမိ၏ ဖြစ်ရပ်ဆန်းကို ပြန်လည် ပြောပြလေသည်။

**❂ အထက်ပါ ဖြစ်ရပ်၏ ရည်ညွှန်းချက်**

အထက်ဖော်ပြပါ ဖြစ်ရပ်၏ နောက်ဆက်တွဲ သိရှိရသည်မှာ ဝီသဲကူးကျေးရွာ၏ အရှေ့ဘက် တစ်မိုင်လောက်တွင် (ဖောင်းတောအင်း)ဟူသော နေရာ ရှိပါသည်။

ဒေသခံတချို့က ပြောကြသည်မှာ ယနေ့ထက်တိုင် ထိုအင်းထဲတွင် တိုင်ဟောင်းတိုင်ဆွေးများ တွေ့ရှိရပါကြောင်း ဆိုပါသည်။

ထိုဖြစ်ရပ်ကို ထောက်ဆပါက ယင်းနေရာတွင် ရှေးနှစ်ပေါင်း အဖော်ကြာကတည်းက ယခုထက်တိုင် မကျွတ်မလွတ်ကြသေးသော ပရလောကသားများ ရှိနေသေးသည်ဟု ယူဆရပါမည်။

**❂ စာရေးသူ၏ ဝန်ခံကတိပြုချက်**

**ဖော်ပြပါ ပရလောကသားများ နေထိုင်ရာ အိမ်ဂေဟာသို့ ရောက်ရှိခဲ့သူ ကယန်း၊ ပဒေါင်တိုင်းရင်းသားလူမျိုး ကျောင်းဆရာ ဦးမားရိယိုသည် ယခုအချိန်တွင် ကွယ်လွန်သွားခဲ့ပါပြီ။**

ထို့အပြင် အန်ထော်နီဆိုသည့် လူအမည်မှာ အမည်မှန် မသိရှိရသဖြင့် အစားထိုး၍ ရေးသားထားခြင်း ဖြစ်ပါသည်။

ဤဖြစ်ရပ်နှင့် ပတ်သက်၍ ဆရာဦးမားရိယို ရှိစဉ်အခါက သူ၏ မိတ်ဆွေ မနန်းကြည်ကြည်သိန်းအား ပြောပြခဲ့သော ဖြစ်ရပ် ဖြစ်ပါသည်။

မနန်းကြည်ကြည်သိန်းမှ တစ်ဆင့် စာရေးသူအား ပြန်လည်ပြောပြသည်ကို စာရေးသူမှ တစ်ဆင့် ပြန်လည်၍ ရေးသားထားခြင်း ဖြစ်ပါသည်။

**[ဒီမောဆိုမြို့နယ်၊ နန်းမယ်ခုံကျေးရွာ (အ.ထ.က)မှ ကျောင်းစာရေးမ ဒေါ်နန်းကြည်ကြည်သိန်းအား ဤစာမူဖြင့် မှတ်တမ်းတင်အပ်ပါသည်။]**

**အောင်(ကယားမြေ)**

စာမျက်နှာ (၂၇၇)မှ အဆက်

အသက်ကြီးတာရော၊ အလုပ်ရှင်ဆိုတဲ့ အရှိန်နဲ့ရော သူအနိုင်ကျင့်သမျှ ခံနေရပြီး သူ့ကို သည်းခံကြပေမယ့် အရက်မမူးဘဲ လူကောင်းဖြစ်နေတဲ့ ကျွန်မအဖို့ကတော့ အဲဒီအလုပ်သမားလေးတွေကို အားနာမိတာပေါ့။

ရန်ကုန် ရောက်တုန်းရောက်ခိုက် နေနေတုန်းမှာ တစ်နေ့တော့ အရက်မူးပြီး လာရစ်တဲ့ ကျွန်မရဲ့ အစ်ကိုယ်နဲ့ သူ့အလုပ်သမားတွေ ရန်ဖြစ်ကြပါလေရော။ သူကအကြီး ကျွန်မကအငယ် ဖြစ်နေတော့ ခင်ပွန်းကြီး (၁၀)ပါး ဝဋ်ကြွေးဒဏ်ခံရမှာစိုးလို့ ကျွန်မ အတန့်တန် ရှောင်ပါတယ်။ နောက်ဆုံး ဘယ်လိုမှ မခံရပ်နိုင်တဲ့ အလုပ်သမားတွေနဲ့ သူတစ်ယောက်တည်းက တစ်ဖက် ရိုက်ကြနက်ကြ ဖြစ်ကုန်ကြပါလေရော။

နောက်ဆုံးရလဒ်က ကျွန်မအစ်ကိုယ် ဘယ်ဘက်မျက်လုံး သူငယ်အိမ်ကွဲသွားတယ်။ ဘယ်ဘက်ဒူးခေါင်း ခုံညင်းရိုး ထွက်သွားတယ်။ ရန်ဖြစ်နေစဉ်အတွင်းမှာ ကျွန်မကို ထိခိုက်ဒဏ်ရာရခြင်း လုံးဝမရှိပါ။ ကျွန်မလဲ တော်တော် အံ့ဩမိတယ်။ ဝိုင်းဆွဲကြ ဖျန်ဖြေကြတဲ့ အလုပ်သမားတွေ ဝိုင်းရိုက်တာ ဖြစ်မှာပေါ့။

နောက်ဆုံး သွေးအေးသွားတဲ့အချိန်မှာ စဉ်းစားကြည့်လိုက်တော့ အစ်ကိုကြီး ဦးပွင့်း လူခြောက်လေးရဲ့ ဘယ်ဘက်မျက်လုံးတစ်လုံး ပေါက်ခဲ့ရသလို အစ်ကိုယ်လဲ ဘယ်ဘက်မျက်လုံး ဆုံးရှုံးခဲ့ရတယ်။ အစ်ကိုကြီး ဦးပွင့်း လူခြောက်လေးရဲ့ ဘယ်ဘက်ဒူးအစ်ကြွက်ကိုက်ခံရလို့ ပြတ်သွားသလို အစ်ကိုယ်ရဲ့ ဘယ်ဘက်ဒူး ခုံညင်းရိုးလဲ ကွဲခဲ့ရတယ်။

သူ့အကြောင်းပြောတာ မကြိုက်တဲ့ အစ်ကိုတော် ဦးပွင့်းလူခြောက်လေးကို ရိုသေစွာ ရှိခိုးဦးချ တောင်းပန်ရင်း ချမ်းမြေ့ကြပါစေ။

**စောမွန်မြတ် (မှော်လေး)**

www.burmeseclassic.com



စောမိုးသွင် (ရန်ကုန်)

# အောက်လမ်းပညာဖြင့်

## လုပ်ကြံမှု ခံရသည့်အခါ

လွန်ခဲ့သော နှစ်ပေါင်းသုံးဆယ်ခန့်က ဖြစ်ပါသည်။ နေပြည်တော် လယ်ဝေးမြို့အနီးတွင် စီမံကိန်းအသစ် စ,လုပ်၍ ရုံးချုပ်မှ ဝန်ထမ်းကိုးဦးကို ရွေးချယ်စေလွှတ်လိုက်ပါသည်။ ဝန်ထမ်းအိမ်ရာအဖြစ် အိပ်ခန်းသုံးခန်းပါ သစ်သားအိမ်အကြီးကြီး တစ်လုံးစီကို လေးလုံးတန်း တန်းစီ ဆောက်ထားကာ ခြံစည်းရိုးကို သံဆူးကြိုး ကာပေးထားပြီး တစ်ဖက်ခြံသို့ ကူးနိုင်ရန် မလွယ်ပေါက်လည်း ဖောက်ပေးထားသည်။

ခြံများကို နောက်ကျောချင်းကပ် ဆောက်ထားသည်။ နိုင်ငံခြားသားများက တိုက်အိမ်တန်းတွင် နေထိုင်ကြသည်။ စကားပြောစက်များ ဝိုင်ယာလက်စက်များထားရာ အိမ်တွင် အော်ပရေတာနှင့်အတူ စစ်တပ်မှလည်း တပ်ကြပ်တစ်ဦး ရဲဘော်တစ်ဦး သစ်သားအိမ်ကြီးတစ်လုံးတွင် အတူနေကြသည်။

စီမံကိန်းအစဖြစ်၍ ဝန်ထမ်းဦးရေနည်း၍ တစ်အိမ်နှင့်တစ်အိမ်လည်း ခင်ကြသည်။ ညဆယ်နာရီ မီးမရတော့၍ မီးမပိတ်မီ တစ်အိမ်နှင့်တစ်အိမ် အလည်ထွက်ကြ စကားလုံးဆက်တန်း ကစားကြသည်။ ညနေဘက်တွင် တစ်ဖက်အိမ်သို့ နိုင်ငံခြားသားများ လာလည်တတ်သည်။

ညှော်သည်လာသည့်အခါ လက်ဖက်ရည်တို့ မုန့်ကိုဖြင့် ဧည့်ခံတတ်သည်။ နိုင်ငံခြားသားများကလည်း သဘောကောင်းသလို ခေါင်းကိုက်သည် နေမကောင်းဘူးဆိုလျှင် သူတို့ဆေးကို လာပေးတတ်ပြီး ဆေးကလည်း စွမ်းသည်။ တစ်ခါသောက်ရုံနှင့် သိသိသာသာ သက်သာသွားသည်။

တစ်ဖက်အိမ်သို့ နိုင်ငံခြားသားများ

www.burmeseclassic.com

လာလည်သည့်အချိန်တွင် မမြစမ်း၏ (၂)နှစ်အရွယ် သမီးငယ်သည် ထိုအိမ်သို့ မလွယ်ပေါက်မှနေ၍ ကူးသွားခဲ့သည်။ ထမင်းခွံ့လျက် တန်းလန်းဖြစ်၍ မမြစမ်းက လိုက်ခေါ်ရာ ကလေးက ခေါ်မရပါပေ။

အိပ်ခါနီးမှ ထိုအိမ်မှ ပြန်လာတတ်သည့် ကလေးဖြစ်၍ အဖေရော၊ အမေပါ ရှုံးသွားနေသည့်အခါ ကလေးထိန်းနှင့်အတူ တစ်ဖက်အိမ်တွင် အနေများ၍ ခင်မင်ရင်းနှီးနေသလို ဝဝ တုတ်တုတ် ဖြူဖြူဖွေးဖွေး သမီးလေးကို အန်တီကြီးတို့ကလည်း ချစ်ကြသည်။

အမေကခေါ် သူက မလိုက်ဘဲ ပက်လက်လှဲချကာ ဂျစ်တိုက်နေသည်။ ခေါ်မရသည့် ကလေးကို အိမ်ရှင်တွေက အိပ်ခန်းထဲ ထည့်ပိတ်ထားလေသည်။

ကလေးကို ခေါ်မရ၍ စိတ်တိုသည်က တစ်မျိုး ကိုယ့်သားသမီးကို ဒီလိုပိတ်ထား၍ အတင်းတံခါးဖွင့်ပြီး ဆွဲခေါ်ကာ တစ်ချက်လောက်တော့ ရိုက်လိုက်မိသည်ကို အန်တီကြီးက စိတ်ဆိုးသည်။ ကိုယ့်သားသမီးကို ဘယ်သူက နာအောင်ရိုက်ပါမည်နည်း။

'တစ်အိမ်လုံးက ချစ်ပြီး ခေါ်ခေါ်ထိန်းနေတာကို ဒီလိုရိုက်ပြီးခေါ်သွားရသလား၊ ညှော်သည်တွေ ပြန်မှ လာခေါ်တာ မဟုတ်ဘူး'

အန်တီကြီးက ထိုသို့ ပြောပြီး ကိုယ့်အိမ်ဘက်ကို လှမ်းမြင်ရသည့် သူတို့အိမ်ဘေး ပြတင်းပေါက် တံခါးများကိုလည်းမဖွင့်။ အိမ်သို့လည်း လာမလည်တော့ဘဲ စကားအပြောအဆိုမလုပ်ဘဲနေသည်။

မမြစမ်းကလည်း ကလေးသာ နှစ်ယောက်ရနေသည် ကျောင်းပြီးပြီးချင်း



အသက်ငယ်ငယ်နှင့် အိမ်ထောင်ကျတော့ ဘာမှ မစဉ်းစားတတ်သေးပါ။ သူမခေါ် ကိုယ်မခေါ်ဘဲ နေခဲ့ကြသည်။ အန်တီကြီးတို့အိမ်လည်း အိမ်လည်မသွားဖြစ်တော့သလို သူတို့ကလည်း အလည်မလာတော့ပါ။

မမြစမ်းလည်း ကလေးငယ်တစ်ဖက် အလုပ်တစ်ဖက်နှင့်ဖြစ်၍ ပင်ပန်းပြီး ကျန်းမာရေး မကောင်းပါ။ မကြာခဏ ဗိုက်အောင့်တတ်ပါသည်။ ဆေးသောက်လိုက်၊ သက်သာသလိုဖြစ်လိုက်နှင့် တစ်ချိန်လုံး အောင့်နေ၍ ဆေးခန်းနှင့် မပြတ်ခဲ့ပါ။

သားငယ်လေးက ငါးလသားခန့်သာ ရှိသေး၍ မမြစမ်းက မိခင်နို့သာ တိုက်ပါသည်။ ဝန်ထမ်းအိမ်ရာနှင့်ရုံးနီး၍ နေ့လယ် ထမင်းပြန်စားသည့်အခါ သားငယ်ကို နို့တိုက်ရသည်။

ဇာတ်လမ်းက စ,ပါပြီ။ သားငယ်လေးက မမြစမ်း ချီလိုက်သည့်အခါတိုင်း ကော့ကော့ထိုးကာ ငိုသည်။

ခြေထောက်လေးနှင့်လည်း ကန်ကျောက်တတ်သည်။ သူ့အဖေ ယူလိုက်လျှင် ချက်ချင်းအငိုတတ်သည်။ မအေနို့တိုက် မရ၍ နို့ဘူးဖျော်တိုက်သည်။

'စမ်းရာ ကလေးကို ဆွဲများဆိတ် သလား၊ စမ်းချီတာနဲ့ ကလေး သဲသဲ မဲမဲငိုလို့ ကိုယ် စိတ်ည လိုက်တာ၊ အမေနို့ မစို့ရ ကလေး ဒုက္ခဖြစ်နေဦးမယ် ကလေး နှစ်ပတ်လောက် နို့မစို့ မိဘများ စိတ်ဆင်းရဲကြသည် ညနေပိုင်း ထမင်းစားနေကြ ထမင်းပန်းကန် လက်နှိုက်လျက်နှ မမြစမ်းအား ကိုသက်ဆွေက ပြော သည်။ ပြောသည့်စကားသံက ခပ် မာ မျက်လုံးက ဝင်းဝင်းတောက်လျ ဝိုင်းပြီးလည်နေသည်။

'ကလေးနဲ့အမေကို မတည့်အောင် ထား ကြတယ်။ မင်းတို့ အဖေကြီးဆီ ပြ ဆေးကုကြဦး ဘုရား တရားလဲ နေ့တိုင်းလဲ ဘုရားမရှိခိုးနဲ့ ဒုက္ခရောက် လိမ်မယ့်'

ဘာတွေ ပြောနေတာလဲ မေးတော့ သူ့ဘာသာမသိ။ ပြန်ပြောပြတော့ ကိုသက်ဆွေက ပြောသည်။

'ကို ဘာမှ မသိဘူး၊ ကိုယ်တို့နယ် ပြောင်းရတော့ ဖေဖေကြီးက ဂိုဏ်း တော်က ဝိဇ္ဇာတွေကို စောင့်ရှောက် အပ်ပေးလိုက်တယ်။ စမ်း သားလေး ချီလို့မရတာ တစ်ခုခုကြောင့်ဖြစ်မယ် ရန်ကုန်ပြန်ပြီး ဖေဖေကြီးကို ပြကြ ကြရအောင်'

ဒီလိုနှင့် ရန်ကုန်ပြန်ခဲ့ကြပြီး ဖေ ကြီးကို အကျိုးအကြောင်း ပြောပြကြ သည်။

ဖေဖေကြီး(အဘိုး) ဖြစ်သူသည် အသက်ရှစ်ဆယ်ကျော်ပြီး **နေလဆ**

www.burmeseclassic.com

**ကျော်(သို့မဟုတ်) ပြည်လုံးချမ်းသာ ဆရာကျော်၏ မနောမယိဒ္ဓိဂိုဏ်းဝင် ဖြစ်ပြီး** ဂိုဏ်းထောက်ဆရာတစ်ဦး လည်းဖြစ်သည်။ ငါးပါးသီလကို လုံခြုံအောင် ထိန်းသိမ်းသော ငါးကံထိန်း သောသူလည်း ဖြစ်ပါသည်။

ဖေဖေကြီးမှ သူများ ပြုလုပ်ထားခြင်း ရှိ၊ မရှိ ဓာတ်စစ်ကြည့်မည်ဆိုကာ ဘုရားကို ရေတော်ကပ်၊ အလင်းတိုင်၊ အမွှေးတိုင်ထွန်းပြီး ဘုရားကန်တော့စေပါသည်။ လက်နှစ်ဖက်ကို ရှေ့သို့ ထုတ်စေပြီး လက်ဝါးကို ဖြန့်စေပါသည်။

'ကြာသပတေးသားသမီး မမြစမ်းကို သူတစ်ပါး မကောင်းသည့် အောက်ဓာတ်များဖြင့် ပြုလုပ်ထားသည် ရှိပါက လက်ချောင်းတွေ ကွဲထွက်ပါစေ။ ငါ့ဆရာအမိန့် အောက်ဓာတ်များဖြင့် ပြုလုပ်ထားသည်များ ရှိပါက လက်တွေ ကွဲထွက်စေ'

ဖေဖေကြီးမှ အမိန့်ပေးလိုက်သည်နှင့် လက်ချောင်းများ စေ့ထား၍ မရအောင် ကွဲထွက်ကုန်သည်။ ပြန်စေ့၍လည်း မရပါပေ။

နဂိုအတိုင်း ပြန်ဖြစ်စေဟု အမိန့်ပေးကာ ပြုလုပ်ထားသူကို အရောက်လာရန် ခေါ်ပါတော့သည်။ မကြာမီ မမြစမ်းကို ဝင်ပူးကာ ရောက်လာသည်။

'ကလေးနဲ့အမေကို ဘာလို့ မတည့်အောင် လုပ်ထားရတာလဲ၊ ကလေးမှာ ဘာအပြစ်ရှိလို့လဲ၊ လုပ်ထားတဲ့ မကောင်းတဲ့ဓာတ်တွေကို အခု ထုတ်ပေး။ မကျန်စေနဲ့နော် အကုန်ထုတ်'

မမြစမ်းကို ခြေဆင်းထိုင်စေကာ ခေါင်းမှ၍ ခြေဖျားအထိ လက်ဝါးဖြင့် ချိုက်ပြီး ပြုလုပ်ထားသည့် မကောင်းသည့် အောက်ဓာတ်များကို ထုတ်စေပါသည်။

မမြစမ်း ခြေဖဝါးနှစ်ခုကလည်း



ခြေဆင်းထိုင်လျက်ကနေ ဘေးတိုက် လှုပ်ရှားရိုက်ခတ်နေသည်။ အတော်ကြာသည့်အခါ ခြေဖဝါး လှုပ်ရှားခြင်း ရပ်သွား၍ ထပ်မေးပါသည်။

'မင်း လုပ်ထားတာတွေ ကုန်ပြီလား။ အကုန်ထုတ်နော်၊ မကုန်ရင် မပြန်ရဘူး ဓာတ်ပြန်စစ်ကြည့်မယ်'

ဓာတ်စစ်ကြည့်သည့်အခါ လက်ချောင်းတွေ ကွဲထွက်လာပြန်၍ ဖေဖေကြီးမှ လက်နောက်ပြန်ကြိုးတုပ်ရန် အမိန့်ပေးလိုက်သည်နှင့် ထိုသူကို လက်ဖျားနှင့် မထိဘဲ လက်နှစ်ဖက် နောက်ပစ်ကာ ကြိုးတုပ်ထားသည့်ပုံ ဖြစ်သွားသည်။

'ဆရာက မလုပ်ချင်လို့ မေတ္တာနဲ့ ပြောနေတာကို မနာခံဘူး။ ကဲ စည်းဝိုင်း ဝိုင်းလိုက်ပြီ။ ပြန်လို့ မရတော့ဘူး။ လုပ်တဲ့လူကို မသိစေချင်လို့ အမုန်းမပွားစေချင်လို့ ပြောနေတာကို မနာခံဘူး။ မင်း ဘယ်သူလဲ'

'ကျွန်မ သူတို့အိမ်နားကပါ။ ကလေးနဲ့ပတ်သက်ပြီး ကလေးကို အတင်းခေါ်သွားလို့ မုန်းလို့ လုပ်မိတာပါ'

'မင်းပညာတွေကို ကုန်အောင်နုတ်စမ်း၊ ကလေးကို ချိလို့မရအောင် လုပ်ထားတာတွေရော မိုက်အောင့်အောင် လုပ်ထားတာတွေရော အကုန်ရှင်းလင်းအောင် လုပ်စမ်း ဆရာ့အမိန့်'

ဖေဖေကြီးက ခေါင်းမှ ခြေဖျားအထိ လက်ဖြင့်သပ်ကာ ပုတ်ထုတ်ပေးပြီး ပါးစပ်မှလည်း မကောင်းသည့် အောက်ဓာတ်တွေ ထွက်စေဟု အမိန့်ပေးနေသည်။ ခြေဖဝါးနှစ်ခုကလည်း ယမ်းခါကာ လှုပ်ရှားနေသည်။ ဘုရားသောက်တော်ရေဖြင့်လည်း ခေါင်းပေါ်ကို တောက်ရာ သူ၏ နှုတ်မှ...

'ပူပါတယ် မလုပ်ပါနဲ့တော့ ပညာတွေကို ထုတ်ပါ့မယ် ချမ်းသာပေးပါ'

ဟု အော်နေတော့သည်။

ခြေထောက် အလှုပ်ရပ်သွားသည်နှင့် ဓာတ်ပြန်စစ်ကာ မရှိတော့မှ ကြိုးဖြေစေဟု နှုတ်ဖြင့်သာ အမိန့်ပေးလိုက်တော့မှ လက်တွေက ရှေ့ဘက် ပြန်ရောက်လာသည်။

'ညည်း... ဒီပညာတွေနဲ့ သူတစ်ပါး ဒုက္ခရောက်အောင် လုပ်တာဟာ နောင်သံသရာအတွက်လဲ မကောင်းဘူး။ အပါယ်ရဲ့ ကျလိမ့်မယ်။ နောင် သူများကို ဒုက္ခမပေးနိုင်အောင် ပညာတွေအားလုံးကို ဘုရားကို လှူစမ်း လက်အုပ်ချီ ဘုရားကို လှူပါတယ် ပြော'

ဖေဖေကြီးက ထိုသို့ ပြောသည်နှင့် ငိုပါတော့သည်။

'သူများတွေကို နောက် ဘယ်တော့မှ မလုပ်တော့ပါဘူး။ ပညာတွေ မလှူပါရစေနဲ့။ ပိုက်ဆံပေးပြီး သင်ထားရတာပါ။ သူတို့ကို တောင်းပန်ပါတယ် ဆရာကြီးရယ်၊ နောင် မလုပ်တော့ပါဘူး။ ကျွန်မ သွားပါစေတော့'

'မလှူရင် မပြန်ရဘူး။ အိမ်ရှေ့က ညောင်ပင်အောက်မှာ တစ်ညလုံး ချုပ်ထားလိုက်မယ်'

ထိုသို့ပြောတော့ အတင်းငိုနေပြီးမှ...

'ဘုရားကို တပည့်တော်မရဲ့



www.burmeseclassic.com

www.burmeseclassic.com



မကောင်းသော အောက်ဓာတ်ဖြင့် ပြုစားတတ်သည့် ပညာတွေကို လှူပါသည်ဘုရား'

ဟု ပြောကာ ဘုရား ကန်တော့ပါသည်။ သူ့ကို သာဓုခေါ်စေပြီးမှ...

'သာဓု...သာဓု...သာဓု...ကဲ ဒီနေ့မှစ၍ ကောင်းကောင်းမွန်မွန် နေပြီး စိတ်ချမ်းသာ ကိုယ်ချမ်းသာနှင့် ဘဝလမ်းကို ဆက်လျှောက်နိုင်ပါစေ။ သင်၏ နေရာသို့ ပြန်နိုင်ပြီ။ သင်ပူးကပ်နေသူကို ဒုက္ခမပေးဘဲပြန်၊ အသက်နတ်တာတို့ မဖြစ်စေနဲ့ ဆရာ့အမိန့်'

ဖေဖေကြီးမှ ထိုသို့ဆိုပြီး သောက်တော်ရေဖြင့် တောက်ပေးနေရာ ပူးကပ်ခံနေရသော မမြစမ်းက နောက်ပြန်လန်ကျလာ၍ ပွေ့ထားကြရသည်။ ပညာသည်ကတော့ ထွက်သွားပြီဖြစ်သည်။ တစ်ခါတလေ ပညာသည်တွေက ထွက်ရင်းနှင့် ဝိညာဉ်ပါ နုတ်သွားတတ်၍ သတိပေးရခြင်း ဖြစ်ကြောင်း ပြောပြပါသည်။

## ဒီလိုကြုံလာလျှင် ဘယ်လိုလုပ်မလဲ

တကယ် အောက်လမ်းအတတ်ဖြင့် လုပ်ကြံခြင်း ခံရပါက ဆရာဝန်နှင့် ကုမရပါ။ ခေတ္တသာ သက်သာပြီး ကိုယ်က မိုက်အောင့်တတ်သည့် ရောဂါအခံ သို့မဟုတ် တခြားရောဂါ အခံရှိပါက ထိုရောဂါကို ပိုဆိုးအောင် မှီ၍ ပြုလုပ်တတ်ပါသည်။

တတ်သိနားလည်သော ဆရာစစ်များနှင့် ကုသဖို့ လိုပါသည်။ အထက်လမ်းဆရာ အထက်ဂိုဏ်းများက ဆရာများ သို့မဟုတ် သီလ၊ သမာဓိနှင့် ပြည့်စုံသော ဆရာတော်တို့၏ မေတ္တာရေဖြင့် ကုသလျှင်လည်း ပျောက်ကင်းတတ်ပါသည်။

မနောမယိဒ္ဓိပညာသည် မြတ်စွာဘုရားရှင်၏ ဩဝါဒနှင့် ကိုက်ညီပြီး လူပေါင်းများစွာကို အနန္တငါးပါးကို မပြစ်မှားစေဘဲ သီလကံ(လူ့ကျင့်ဝတ်)များ ထိန်းပေးခြင်း၊ သူတစ်ထူး လုံ့လပယောဂကြောင့် ဖြစ်ပေါ်ခံစားရသော ဝေဒနာများအား ကုသပေးခြင်း စသည့် ကုသိုလ်ကိုလည်းယူသော ဂိုဏ်းတော်ကြီး ဖြစ်ပါသည်။

ထိုဂိုဏ်းတော်ကြီးမှ ဂိုဏ်းထောက်ဆရာ အဘိုးဖြစ်သူ၏ ကုသပေးမှုတို့ကို မြင်တွေ့ဖူးနေ၍ တကယ့်ဆရာအစစ်သည် ဝင်ပူးကပ်ခံရသူကို ရိုက်နှက်မကုပါ။ တုတ်မဆောင်ပါ။

မေတ္တာဖြင့်ဖြစ်စေ၊ နှုတ်ဖြင့်ဖြစ်စေ၊ အမိန့်အာဏာဖြင့်ဖြစ်စေ ကုတတ်သည်ကို လက်တွေ့သိခဲ့၍ ပညာဖြင့် လုပ်ကြံခံရမှုကို ကြုံတွေ့လာကြသည့်အခါ မေတ္တာဖြင့် ကုသသော ဆရာများဖြစ်ဖို့ လိုအပ်ပါပေသည်။

## အောက်လမ်းပညာတွေနှင့် လုပ်ကြံမှုတွေကို ဘယ်လို ကာကွယ်မလဲ

အောက်လမ်းပညာတွေနှင့် လုပ်ကြံမှုတွေကို ဘယ်လို ကာကွယ်မလဲ[...] သော အမေးနှင့် ပတ်သက်၍ ဗဟုသု[...] အလို့ငှာ ဖော်ပြချင်ပါသည်။

အဖေကြီး ဆေးကုသပေး[...] ပြုလုပ်သူကို သိရှိရ၍ မမြစမ်း[...] အောက်လမ်းပညာ[...] လုပ်ကြံသူမှာ အန်တီကြီး[...] ဖြစ်ကြောင်း သိခဲ့ရသည်[...] မမြစမ်းတို့နှင့် ခင်စဉ်က[...] မမြစမ်းကို သင်ပေးတတ်သော[...] အကြောင်းအရာများ[...] ပြန်သတိရမိသည်။

'ကောင်မလေး ကလေးကို နို့တိုက်[...] ရင် လူရှေ့မတိုက်နဲ့၊ ပြုစားတတ်တဲ့[...] လူနဲ့တွေ့ရင် နို့ရည်ကလဲ ပြုစားလို့[...] တယ်။ ရေကနေလဲ တစ်ဆင့် ပြုစားလို့[...] ရတယ်။ ကိုယ့်အိမ်က အုတ်ရေကန်[...] တို့ကို သေချာအုပ်ဆိုင်း သော့ခတ်[...] ထားရင် ပိုကောင်းမယ်။

အောက်လမ်းပညာတွေနဲ့ လုပ်ကြံ[...] လို့မရအောင် အင်္ကျီမှာ အပ်ချိတ်တစ်[...] ချောင်း အမြဲချိတ်ထား၊ ခေါင်းအုံး[...] အောက်မှာ ကတ်ကြေးကို ထားအိပ်[...] သူတစ်ပါး မကောင်းကြံလို့ မရဘူး'

သူတစ်ပါး မပြုစားနိုင်သော နည်း[...] ကို အောက်လမ်းပညာကို ကိုယ်တိုင်[...] တတ်သည့် အန်တီကြီးကိုယ်တိုင်က[...] သင်ပေးထားပါသော်လည်း မလိုက်နာ[...] ခဲ့ပါ၍ သူ့စိတ်နှင့် အခန့်မသင့်သည့်[...] အခါ လုပ်ကြံခံရပါသည်။

ကာကွယ်ရန် အကောင်းဆုံးနည်း[...] လမ်းကိုတော့ ဖေဖေကြီးက ပြောပြ[...] သည်။

'သူတို့တွေက ပရိယာယ်များတယ်[...] ပညာကို ပြန်ထုတ်ချင်ဟန်ဆောင်[...] ပြီး ကိုယ်က ဘုရား တရားမေ့[...] ပြန်ပြီး အလုပ်မခံရအောင် ဘုရားနည်း[...] နဲ့ ကာကွယ်ရမယ်'



www.burmeseclassic.com

www.burmeseclassic.com

၁။ ဇေယာစက္ကော ဇေယနန္တော ယော၊
ဇေယိတဗ္ဗေ ဇေယာသနေ။
ဇေယာပေယိ ဇေယေသိနံ၊
ဇေယံ ဒေတု ဇေယုတ္တရော။
၂။ ဝေဒါသာကု ကုသာဒါဝေ၊
ဒါယသာတ တသာယဒါ။
သာသာဓိကု ကုဓိသာသာ၊
ကုတာကုဘု ဘုကု တကု။
၃။ ဒေဝိကာနိ နိကာဝိဒေ၊
ဓိဟိကာသု သုကာဟိဓိ။
ကာကာယေဘာ ဘယေကာကာ၊
နိသုဘာယံ ယံဘာသုနိ။

ခက်ခဲသော ပါဠိအသံထွက်

**စက္ကော** = စက်ကော
**ဇေယန္တော** = ဇေယန်တော
**တဗ္ဗေ** = တပ်ဗေ
**ဇေယုတ္တရော** = ဇေယုတ်တရော

အနက်

၁။ **ယော ဇေယစက္ကာ၊** ပါရမီတော်ဆယ်ချက် အောင်လက်နက်ပိုင်ရှင် အကြင် ဘုရားရှင်ကိုယ်တော်မြတ်ကြီးသည်။ **ဇေယာသနေ၊** အောင်သိဒ္ဓိ ဆင်မြန်းသည့် ပလ္လင်မှန်ကင်း အောင်ဗောဓိပင်ရင်း၌။ **ဇေယိတဗ္ဗေ၊** အောင်အပ်သည့်တရား မာရ်ငါးပါး အပေါင်းကို။ **ဇေယန္တော၊** အကြွင်းမဲ့ ချေမှုန်းလျက် ဖျက်ဖြုန်းကာ ပယ်ရှင်း၍ အောင်ခြင်းကြီး အောင်မြင်တော်မူခဲ့လေပြီ။

**ဇေယေသိနံ၊** မြတ်နိဗ္ဗာန် အောင်ခန်းနှင့် အောင်ဘိသိက်ပန်း မင်္ဂဖိုလ်ကို များထိုထို ဝဋ်အတွင်းမှ လွတ်ကင်းအောင် အာသာကြီးဖြင့် ရှာမှီးကာ နေကြကုန်သော သူတို့ကား။ **ဇေယာပေယိ၊** ကိုယ်တော်မြတ်နှင့်အတူ အောင်ပန်းကို ဆွတ်ချူရန် ထွတ်အငူ အမြိုက်ဓာတ်သို့ ဆိုက်ကပ်တော်မူစေ၍ အောင်စေတော်မူခဲ့လေပြီ။



**ဇေယုတ္တရော၊** အောင်သူတကာတို့၏မှန်ကင်း အောင်ခြင်းတကာတို့၏ ဦးသျှောင်ထွတ်ခေါင် မြတ်သရဖူ သယမ္ဘူမကိုဋ်ထီး အောင်ပွဲဝင် ပုဂ္ဂိုလ်ကြီး ဖြစ်ပေထသော။ **သော ဇေယစက္ကော၊** အလုံးစုံအောင်ခြင်းနှင့် ပြည့်စုံတော်မူသော ထိုဘုရားရှင် ကိုယ်တော်မြတ်သည်။ **မေ၊** မြတ်နိဗ္ဗူ အောင်ပန်းကို ဆွတ်ချူရန် လက်လှမ်း၍ ကြိုးပမ်းကာ အာသာကြီးဖြင့် ရှာမှီးသူ အကျွန်ုပ်အား။ **ဇေယံ၊** အောင်သိဒ္ဓိပန်းခိုင်ကြီးကို။ **ဒေတု၊** ပေးသနားတော်မူပါ အရှင်မြတ်ဘုရား။

၂။ **ဝေဒါသာ၊** ရန်အပေါင်းတို့သည်။ **ကု၊** ဝေးသောအရပ်၌။ **ဝေ၊** စင်စစ်၊ **ကုသာဒါ၊** ပျောက်ပျက်စေကုန်သတည်း။ **ယသာ၊** အခြံအရံ အကျော်အစောတို့သည်။ **ဒါတ၊** လျင်စွာ ဖြစ်စေသတည်း။

**တသာ၊** ကောင်းသော ပရိက္ခရာတို့သည်။ **ယဒါ၊** အလိုရှိတိုင်းပင် ပြည့်စုံစေသတည်း။ **သာသာ၊** ကြီးသော ဘုန်းတန်ခိုးအသရေတို့သည်။ **ဓိကု၊** လျင်စွာ ပြည့်စုံစွာသည်ဖြစ်၍။ **ကုဓိ၊** ကောင်းသော အကြံအစည်တို့သည်။ **သာသာ၊** ကောင်းစွာ ပြည့်စုံစေသတည်း။

**ကုတ၊** ကောင်းသော လာဘ်လာဘတို့သည်။ **ကုဘု၊** မပျောက်မပျက် ရောက်သည်ဖြစ်၍။ **ဘုကု၊** ကောင်းသောစီးပွားတို့သည်။ **တကု၊** ရောက်စေသတည်း။

၃။ **ဤဂါထာ အနက်ပြန်ဆို၍ မရပါ။**

***[ဤဂါထာတော်များ ပါဠိအနက်ကို နက္ခတ္တရောင်ခြည်မဂ္ဂဇင်းနှင့် ပါရမီမဂ္ဂဇင်းတို့၏ ပါဠိအယ်ဒီတာ ဆရာကြီး ဦးသန်းအောင်ရွှေ(ဓမ္မာစရိယ (မဟာဝဂ္ဂဒိမြန်မာဂုဏ်ထူး)၊ ဒီဃဘာဏက - ဒီဃနိကာယကောဝိဒ (နိကာယဝိပုလ)]မှ ပြန်ဆိုပေးပါသည်။]***

ထိုဂါထာတော်တို့တွင် ဇေယစက္ကော ဂါထာတော်သည် အောင်ခြင်းဂါထာတော်ဖြစ်ပြီး၊ ဝေဒါသာကု ဂါထာတော်သည် ရန်သူကာကွယ်၍ ဒေဝိကာနိ ဂါထာပြန်သည် သူတစ်ထူး မကောင်းမကြံနိုင် ပညာသည်တို့ မပူးကပ်နိုင်သော ဂါထာဖြစ်၍ အမြဲရွတ်ရန် သင်ကြားပေးခဲ့ပါသည်။

ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ
ဓမ္မံ သရဏံ ဂစ္ဆာမိ

သံဃံ သရဏံ ဂစ္ဆာမိကိုတော့ ထမင်းစားတော့မယ် မစားမီ ထမင်းမြူကို ထမင်းဆုပ်ကလေးတွေ သုံးဆုပ်လောက် ဆုပ်ပြီး ဗုဒ္ဓံ သရဏံ ဂစ္ဆာမိလို့ရွတ် တစ်ဆုပ်စား။ ဓမ္မံ သရဏံ ဂစ္ဆာမိလို့ရွတ် တစ်ဆုပ်စား။ သံဃံ သရဏံ ဂစ္ဆာမိလို့ရွတ် တစ်ဆုပ်စား။ သရဏဂုံသုံးပါး ရွတ်ပြီးမှ တစ်ဆုပ်စီစား သူတစ်ပါး မပြုစားနိုင်အောင်။

မမြစမ်းတို့ သူတစ်ပါး မကောင်းသည့် အောက်ဓာတ်ဖြင့် လုပ်ကြံခံရပြီးကတည်းက ထမင်းစားလည်း သရဏဂုံသုံးပါး ရွတ်ပြီးမှစားခဲ့ပါသည်။



www.burmeseclassic.com

www.burmeseclassic.com




# သိပ်ပက်ပက်ကြီး ရှုံးသော

## ရွှေထည်ဝစ္စည်းများနှင့် ငွေဒင်္ဂါးပြားများ

'စေတနာရဲ့ သတ္တိ၊ ကံရဲ့ သတ္တိကပဲ ကမ္ဘာပေါ်မှာ ကြာနေတာတောင် အကျိုးပေးပါတယ်'

ဟု သဗ္ဗညုတွတ်တင် ရှင်တော်ဂေါတမက ဟောကြားထားခဲ့ပါသည်။ ရှေးကံဆိုသည်မှာ ဘဝခြားပြီးမှသာ အကျိုးပေးပါသည်။ သူ့သတ္တိချည်း အကျိုးပေးနိုင်သောကံက အလွန်နည်းပါးပါသည်။

ဤဘဝ ဉာဏ်၊ သတိ၊ ဝီရိယပူ သော ပယောဂသမ္ပတ္တိ အကူအညီ ရမှသာလျှင် ရှေးကံက အကူအညီ ပေးနိုင်ပါသည်။ (ပယောဂ = ကာယ



www.burmeseclassic.com

www.burmeseclassic.com

ပယောဂ၊ ဝစီပယောဂ၊ မနောပယောဂ၏ သမ္မတ္တိပြည့်စုံခြင်း) ထိုပယောဂကိုပင် အချုပ်အားဖြင့် သတိ၊ ဉာဏ်၊ ဝီရိယဟု ယူဆမိပါသည်။

ထို့ပြင် လူတိုင်း အိပ်မက်မက်ခဲ့ကြသည်။ အိပ်မက်မက်ခြင်း အကြောင်း (၄)ပါးဟူ၍ ရှိပါသည်။

၁။ စိတ်ချောက်ချား၍ မက်သော အိပ်မက်၊ မမှန်ပါ။
၂။ ရှေးက လေ့ကျက်ခံစားဖူး၍ မက်သော အိပ်မက်၊ မမှန်ပါ။
၃။ နတ်တို့ လှည့်စား၍ မက်သော အိပ်မက်၊ အမှားအမှန် ဖြစ်နိုင်သည်။
၄။ ပုဗ္ဗနိမိတ်ဖြစ်စေသော အိပ်မက်၊ မှန်ပါသည်။

ထို့ပြင် အိပ်မက်ထဲတွင် ပုဂ္ဂိုလ်တစ်ဦး၏ ပြောစကားအရ လက်တွေ့ ရရှိခံစားခဲ့ဖူးသော လူတစ်ဦးအကြောင်းကို ရေးသားဖော်ပြပါမည်။

လွန်ခဲ့သော (၃၅)နှစ်ဝန်းကျင်က ဖြစ်ပေါ်ခဲ့ခြင်း ဖြစ်ပါသည်။ **မြန်အောင်မြို့နယ်၊ အင်ပင်အုပ်စု၊ ဝွေးကုန်းကျေးရွာတွင်** အ.မ.ကကျောင်း ဆရာဦးအောင်လှ (အသက် ၄၀ ဝန်းကျင်) နေထိုင်ခဲ့ပါသည်။

ငါးပါးသီလကို အထူးလုံခြုံအောင် စောင့်ထိန်းနိုင်ခဲ့ပါသည်။ သဒ္ဓါတရားရှိသောကြောင့် အလှူဒါနတို့ကို တတ်စွမ်းသမျှ ပေးလှူတတ်ပါသည်။ တစ်ညအိပ်မက်မက်ခဲ့ပါသည်။

'အောင်လှ မင်း ဘုန်းကြီးပင့်ပြီး ဆွမ်းကျွေးပါ။ ငါ မင်းကို ရွှေနဲ့ ငွေအိုးများပေးမယ်'

ထိုကဲ့သို့ အိပ်မက်ခဲ့သော်လည်း စိတ်ချောက်ချား၍ မက်သည်ဖြစ်မည်ဟု စိတ်က ယူဆသဖြင့် အလေးမထားခဲ့ပါ။



များမကြာမီ နောက်တစ်ကြိမ် ထပ်မံ၍ အိပ်မက်မက်ခဲ့ပြန်ပါသည်။

'အောင်လှ မင်းက ငါပြောတာကို မယုံဘူးပဲ။ အေးလေ မယုံရင် မလုပ်နဲ့ပေါ့'

ထိုကဲ့သို့ မြင်မက်ခဲ့ရာ ယခင်အိပ်မက်ထဲက ဝတ်ဖြူစင်ကြယ်ဝတ်ထားသော ပုဂ္ဂိုလ်သာလျှင် ဖြစ်ပါသည်။ ဆရာဦးအောင်လှသည် မယုံကြည်၍ မဖြစ်တော့ပါ။ ဘုန်းကြီးတစ်ပါးကို အလျှင်အမြန်ပင့်၍ အကျဉ်းချုပ်ဆွမ်းကျွေးခဲ့ပါသည်။ ထိုကဲ့သို့ ဆွမ်းကျွေးပြီးသောညတွင် ယခင်အတိုင်း အိပ်မက်မက်ပါသည်။ အိပ်မက်ထဲတွင် ဝတ်ဖြူစင်ကြယ်ဝတ် ပုဂ္ဂိုလ်တစ်ဦးက...

'အောင်လှ လာမယ့် နတ်တော်လဆန်း (၉)ရက်နေ့ နံနက်(၉)နာရီ (၄၅)မိနစ်မှာ မင်း ကျောင်းကိုသွားတဲ့လမ်းဘေးကို ဂရုစိုက်ပြီး ကြည့်ရှုသွား။ ငါ ရွှေထည်ပစ္စည်းတွေနဲ့ ငွေအိုးပြားတွေကိုပေးမယ်။ ကြိုက်သလောက်ယူ။ ဒါပေမယ့် အဲဒီအချိန်မှာ လူနှစ်ယောက်လာလိမ့်မယ်။ သူတို့လဲ ယူလိမ့်မယ်၊ ရန်မဖြစ်ကြနဲ့'

ဟူ၍ တိတိကျကျ မက်ခဲ့ပါသည်။ နတ်တော်လဆန်း (၉)ရက်နေ့သို့ ရောက်သောအခါ သူ၏ကျောင်းသည် သူ့အိမ်၏ တောင်ဘက် တစ်မိုင်ခန့် အကွာအဝေးတွင် တည်ရှိပါသည်။ နံနက် (၉)နာရီထိုးသောအခါ ဇနီးဖြစ်သူ ဒေါ်ခင်မြင့်နှင့် သား မောင်လှမြင့်တို့အား နှုတ်ဆက်ပြီး ထွက်ခွာခဲ့ပါသည်။

အိပ်မက်အကြောင်းကို မည်သူတစ်ဦးတစ်ယောက်မျှ မပြောပြခဲ့ပါ။ အချိန်အနည်းငယ် စောနေသဖြင့် လမ်းခရီးတွင်ရှိသော ဈေးဆိုင်တစ်ဆိုင်တွင် ဝင်၍ ထိုင်နေခဲ့ပါသည်။ စိတ်လှုပ်ရှားနေသောကြောင့် နာရီကို မကြာခဏ ကြည့်နေသဖြင့် ဆိုင်ရှင်ဖြစ်သူ ဒေါ်ကြီးက...

'ဆရာ ဘယ်လိုဖြစ်နေတာလဲ၊ နာရီကိုပဲ မကြာမကြာ ကြည့်နေတယ်။ ဘာအကြောင်းတွေ ထူးနေလို့လဲ၊ ပြောပြပါဦး'

'ဟို ဟို ဘာမှမထူးပါဘူး။ ဒီနေ့ ကျွန်တော် ကျောင်းမတက်ဘူး၊ ခွင့်တစ်ရက် ယူထားတယ်လေ'

ထိုကဲ့သို့ ပြောဆိုပြီး နာရီကို ကြည့်သောအခါ (၉)နာရီခွဲခါနီးနေသဖြင့် ထိုဆိုင်မှ ထွက်လာခဲ့ပါသည်။ ကွမ်းယာကို တစ်ယာပြီးတစ်ယာ ဝါးလျက် လမ်းဘေးဝဲယာတို့ကို ဂရုတစိုက်ကြည့်ကာ သွားခဲ့သဖြင့် ခရီးမတွင်ပါ။

မကြာမီ လူတစ်ရပ်ခန့်မြင့်သော ကုန်းမြင့်တစ်ခုဘေးသို့ ရောက်သောအခါ ကွမ်းတံတွေး ထပ်မံထွေးလိုက်ပြန်ပါသည်။ နာရီကို ကြည့်လျက် မတ်တတ်ရပ်၍ နေခဲ့ပါသည်။

ဟော (၉)နာရီ (၄၅)မိနစ်ရောက်သွားပါပြီ။ ထိုကုန်းမြင့်အောက်ခြေဘက် မိမိ ကွမ်းတံတွေးထွေးသောနေရာမှ အက်ကွဲကြောင်းတစ်ခု ထူး



www.burmeseclassic.com

www.burmeseclassic.com

ဆန်းစွာ ဖြစ်ပေါ်လာပြီး ငွေဒင်္ဂါးပြား များ ထွက်ကျ၍လာပါသည်။

'ဟာ ငွေဒင်္ဂါးပြားတွေပါလား'

သူသည် အလွန် အံ့ဩဝမ်းသာစွာဖြင့် မိမိလွယ်၍ထားသော ''ကဝ'' လွယ်အိတ်ထဲသို့အလျင်အမြန် ကောက်ယူ၍ထည့်ရာ အိတ်ထက်ဝက်ခန့် ရရှိခဲ့ပါသည်။

'ဟော ရွှေတွေ ထွက်လာပြန်ပြီ'

သူသည် ပို၍ ပို၍ ဝမ်းသာစွာဖြင့် ကောက်ယူကြည့်လိုက်ရာ လက်ကောက်များနှင့် ရွှေနားတောင်း၊ ရွှေလက်စွပ်များ ဖြစ်နေပါသည်။ ကောက်ယူပြီး လွယ်အိတ်ထဲသို့ ထည့်နေစဉ် ပေ (၁၀၀)ခန့်အကွာမှ လူနှစ်ဦးလာနေသည်ကို ရုတ်တရက် လှမ်း၍ မြင်ခဲ့ပါသည်။

လွယ်အိတ်တစ်လုံး ပြည့်သွားပါပြီ။ သူသည် အလျင်မြန်ထကာ ထိုလူနှစ်ယောက်ရှိရာဘက်သို့ လှမ်း၍ လာခဲ့ပါသည်။ ထိုလူနှစ်ယောက်ကို ကျော်ပြီးသည့်နောက် သူသည် နောက်ဘက်သို့လှည့်၍ ကြည့်ခဲ့ပါသည်။ ထိုလူနှစ်ယောက်သည်လည်း မိမိတွေ့ရှိခဲ့သောနေရာတွင် ထိုင်၍ ကောက်ယူထည့်နေကြသည်ကို အဝေးမှ မြင်တွေ့ခဲ့ပါသည်။

သူသည် ဘာဆက်လုပ်ရမှန်းမသိအောင် ဝမ်းသာနေပါသည်။ ဘုရားကြီးကျောင်းဆရာတော်ကို ဝင်ရောက်ပြသဦးမည်ဟု စဉ်းစားကာ ကျောင်းထဲသို့ ဝင်ခဲ့ပါသည်။ ဆရာတော်ကြီးအား ဖြစ်ကြောင်းကုန်စင်အောင် လျှောက်ထားပြီးသော် ဆရာတော်ကြီးက...

'အေး အကာအောင်လှ ဟိုယခင်အတိတ်က ပြုခဲ့တဲ့ ဒါနအကြောင်း တစ်ခုခုကြောင့် ဒီဘဝမှာ အဲဒီအကျိုးတရားကို ခံစားရတာပဲ။ ဒါနကို ဆက်ကာဆက်ကာ ပြုလုပ်ပါ။ "ကမ္မသတ္တေ ဝိဘဇတိ"၊ "သတ္တဝါတွေကို ကံက စီမံခန့်ခွဲ၏"လို့ ဗုဒ္ဓမြတ်ဘုရားက ဟောကြားထားခဲ့တယ်။ အကုသိုလ်မဖြစ်ဖို့က ပထမ၊ ကုသိုလ်ဖြစ်ဖို့က ဒုတိယပါ၊ မမေ့မလျော့ သတိနဲ့နေပါ အကာတော်'

'တင်ပါ့ဘုရား'

ဆရာဦးအောင်လှသည် မိမိကျေးရွာတွင် တစ်နှစ်ခန့်သာနေပြီး ရန်ကုန်သို့ ရွှေ့ပြောင်းသွားခဲ့ပါသည်။ သို့သော် သူ၏ကုသိုလ်ကံ ဆန်းကြယ်ပုံကို ကြားသိခဲ့သူ ရွာသူရွာသားများက ယနေ့တိုင် ပြော၍မဆုံး ရှိနေပါသတည်း။

မှတ်ချက်

**ဤဆောင်းပါး ဖြစ်ပေါ်လာစေရန် ပြောပြခဲ့သူ ကွမ်းခြံကုန်းရွာနေ ဦးမောင်နီအား အထူး ကျေးဇူးတင်ရှိပါကြောင်း မှတ်တမ်းတင်ပါသည်။ ဖြစ်ရပ်မှန်ဖြစ်သော်လည်း လူနာမည်တို့အား ပြောင်းလွဲ၍ ရေးသားထားပါသည်။**

*သဗ္ဗေသတ္တာ ဘဝန္တု သုခိတတ္တာ*

*ဦးအေးရွှေ (ကနောင်)*

စာမျက်နှာ (၂၈၅)မှ အဆက်

ဗယာစကြောနှင့် ဝေဒါသာကုဂ်တေတော်၊ အေဝိကာနိုက်တေးပြန်တို့ကိုလည်း အမြဲရွတ်ခဲ့သည်။

ပညာတတ်သူဟု သိနိုင်သောနည်း

'နောက်တစ်ခုက ကိုယ်က စကားပြော ဆင်ခြင်ရမယ်။ အောက်လမ်းပညာတတ်တဲ့ သူတွေက သည်းခံစိတ်နည်းတယ်။ ပညာတတ်တော့ ထစ်ခနဲရှိ သူများကို ဒုက္ခရောက်အောင် လုပ်ချင်တဲ့စိတ်ရှိလို့ ကိုယ်က လူတစ်ယောက်ကို မိတ်ဆွေအဖြစ် ပေါင်းသင်းပြီဆိုလျှင် သူ့မျက်စိကိုကြည့်ပါ။

အောက်လမ်းပညာ တတ်တဲ့သူရဲ့ မျက်စိက နီနေတတ်တယ်၊ လူပုံစောက်ထိုးပေါ်တတ်တယ်။ မျက်တောင် သိပ်မခတ်ဘူး။ သူ့ မျက်လုံးကို အကြည့်မခံဘူး။ မျက်နှာလွှဲရင် လွှဲနေတတ်တယ်'

ဖေဖေကြီးထံမှ ထိုသို့ ဗဟုသုတများကိုလည်း သိခဲ့ရသည်။

အချိန်မီကုသပေးရန်လိုသည်

လူတစ်ယောက် စိတ်နောက်သွားရာ ရိုးရိုးစိတ်နောက်ခြင်းမဟုတ်ဘဲ အောက်လမ်းပညာဖြင့် လုပ်ကြံခံရ၍ ဖြစ်သည်ကို မသိ၍ ဆေးရုံတွင် ကုသသော်လည်း မသက်သာ။ တတ်သိနားလည်သော ဆရာတို့ဖြင့် မကုသပေးဘဲထားရာ နောင်မှ သူတစ်ပါး လုပ်ကြံထားကြောင်း သိရ၍ ကုသဖို့ ကြိုးစားကြသည်။

သူ ဖြစ်နေသည်မှာ သုံး၊ လေးနှစ်ခန့် ကြာပြီဖြစ်၍ သူ့ကို ကုသရန် ဆရာက လုပ်ကြံသူကို ခေါ်သော်လည်း မလာပါ။ သူ့ကို လုပ်ကြံခဲ့သောသူမှာ ဆုံးသွားပြီဖြစ်ကြောင်း နောင်မှ သိလိုက်ရသည်။ လုပ်ကြံသူ ဆုံးသွားပါက သူ့ဘဝတစ်လျှောက်လုံး ပြန်မကောင်းနိုင်တော့၍ အချိန်မီ ကုသရန် လိုပေသည်။

**၂၀၁၃ ခုနှစ်၊ ဒီဇင်ဘာလ၊ အမှတ်(၃၂၉)၊ စာမျက်နှာ (၂၅၉) နက္ခတ္တရောင်ခြည်မဂ္ဂဇင်းတွင် ပါရှိသော ဆရာကောင်းမြင့်မြတ်စိန် ရေးသော စာကို ဖတ်ရသည့်အခါ** အောက်လမ်းပညာတွေဖြင့် လုပ်ကြံမှုခံရသည့်အခါ ဘယ်လိုကာကွယ်ရမလဲ၊ တကယ်လို့ ဒီလိုကြုံလာရင် ဘယ်လိုလုပ်ရမလဲဟူသော အမေးစာလေးပါ၍ ကြုံတွေ့ဖူးသည့် အောက်လမ်းပညာဖြင့် လုပ်ကြံမှုခံရသည့် အကြောင်းကို စာဖတ်သူများ လေ့လာနိုင်ရန် ရေးသားလိုက်ပါသည်။

**စောမိသွင်(ရန်ကုန်)**



www.burmeseclassic.com

www.burmeseclassic.com



ပုတီးကျင့်စဉ်နှင့်

# ယတြာ

တက္ကသိုလ် ဘုန်းနိုင်

၁၉၈၀ ပြည့်နှစ်က ဖြစ်ပါသည်။ ကျွန်တော်တို့ ရုံးဌာနတွင် ရာထူးတိုးမြှင့် စာမေးပွဲ ကျင်းပတော့မည်ဖြစ်၏။ စာရင်းစစ်မှူးရာထူးမှ မြို့နယ်ဦးစီးဌာနမှူးရာထူးသို့ တိုးမြှင့်ရရှိရန် ရေးဖြေစာမေးပွဲ ဦးစွာ ဖြေဆိုကြရပါမည်။ သင်ကြား တတ်မြောက်ထားသော ဗေဒင်ပညာဖြင့် ကိုယ်တိုင် တွက်ချက်ကြည့်သောအခါ ပညာရေးဂြိုဟ်မှာ အလွန်ညံ့နေသဖြင့် ယတြာချေရန်အတွက် ရွှေတိဂုံစေတီသို့ နံနက်စောစောထွက်ခဲ့၏။

ဘုရားပေါ်သို့ ရောက်သောအခါ စနေသားဖြစ်၍ အနောက်တောင်ထောင့်ဂြိုဟ်တိုင်တွင် မေမြို့ပန်းများ လှူဒါန်းလိုက်သည်။ ပြီးနောက် အရှေ့ဘက်မုခ်အနားရှိ ဓမ္မစေတီဘုရားတွင် ပေါက်ပေါက်များ လှူဒါန်းပြီး ဂုဏ်တော်ပုတီး ကိုးပတ်စိပ်လိုက်၏။ ပုတီးစိပ်ပြီးနောက် အာနာပါနသသတိ နာရီဝက်မျှပြုလုပ်ပြီးနောက် စေတီကို တစ်ပတ်,ပတ် လှည့်လည်ကြည့်ရှုရန် အရှေ့မြောက်ထောင့်သို့ စတင်သွားပါသည်။

ခေါင်းလောင်းကြီးအနားသို့ ရောက်သောအခါ ယောဂီဝတ်စုံဝတ်ထားသော ပုဂ္ဂိုလ်တစ်ဦးက အဝေးမှ လှမ်းခေါ်သဖြင့် ယောဂီဝတ် ဝင်သွားသော ခေါင်းလောင်းကြီးအရှေ့ ကပ်လျက်ရှိသော တန်ဆောင်းထဲသို့ ဝင်လိုက်သွားပါသည်။

တန်ဆောင်းထဲသို့ ရောက်သွားသောအခါ ယောဂီဝတ်ပုဂ္ဂိုလ်ကြီးမှာ ယောဂီရောင်လွယ်အိတ်ကို ပေါင်ပေါ်တင်ထားပြီး ထိုင်လျက်ရှိနေသည်။ ဝင်လာသော ကျွန်တော့်အား သူ၏ ရှေ့တွင် ထိုင်ခိုင်း၏။

ယောဂီဝတ်ပုဂ္ဂိုလ်ကြီးမှာ အသက် (၇၅)နှစ်ကျော်မျှ ရှိမည် ထင်ပါသည်။ ဆံပင်၊ မျက်ခုံးမွေး၊ နှုတ်ခမ်းမွေး၊ မုတ်ဆိတ်မွေးတို့မှာ ဖြူစွတ်နေသည်။ အသားအရေမှာ ဖြူဖွေးနေပြီး မျက်လုံးအစုံမှာ တောက်ပနေ၏။ ယောဂီဝတ်ပုဂ္ဂိုလ်က စကားစ၍ ပြောလာသည်။

'သားတော်ကြီးက ဘုရားမှာ ပုတီးလာစိပ်တာလား'

'ဟုတ်ပါတယ် အဘ၊ ပုတီးလာစိပ်ရင်းနဲ့ ယတြာလာချေတာပါ'

'ယတြာလာချေတာ ကျန်းမာရေးအတွက်လား၊ ပညာရေးအတွက်လား'

'ရာထူးတိုးမြှင့်ဖို့ စာမေးပွဲဖြေဆိုရမှာမို့ ကြာသပတေးဂြိုဟ်အတွက် ဆိုပါတော့'

ထိုအခါ ယောဂီဝတ်ပုဂ္ဂိုလ်ကြီးက ကျွန်တော့်ကို စိုက်ကြည့်ပြီး...

'သားတော်ကြီးက ရာထူးတက်ဦး





www.burmeseclassic.com

www.burmeseclassic.com

မှာပါ။ ဒါနဲ့ ဘာယတြာတွေ လုပ်ထားလဲ'

'ကျွန်တော်က ဒီနှစ်ထဲမှာ ကြာသပတေးဂြိုဟ် အရမ်းညံ့နေတယ်။ အဲဒါကြောင့် မေမြို့ပန်းတို့ ပေါက်ပေါက်တို့ ဘုရားမှာ ယတြာလုပ်ခဲ့ပါတယ်။ ဂုဏ်တော်ပုတီးကိုတော့ နေ့စဉ် ပုံမှန်စိပ်ခဲ့ပါတယ်'

ယောဂီဝတ်ပုဂ္ဂိုလ်ကြီးက ခေတ္တစဉ်းစားကာ ရွှေတိဂုံစေတီတော်အား ဖူးမြော်ကန်တော့လိုက်ပြီးနောက်...

'ယတြာချေတာနဲ့ ပတ်သက်ပြီး အဘတစ်ခု အကြံဉာဏ်ပေးချင်တယ်'

'ဟုတ်ကဲ့ပေးပါ အဘ'

'ယတြာဆိုတာ ဂြိုဟ်ညံ့တာတွေကို ကောင်းလာအောင်၊ ဘုန်းနိမ့်တာတွေကို ဘုန်းကြီးလာအောင် လုပ်တာပဲ။ ယတြာဖြစ်လာပုံ အခြေခံအကြောင်းရင်းကို သားတော်ကြီး သိမှာပါ။ အဘထပ်ပြောရရင်တော့...'

ဟု အစပျိုးပြီး အောက်ပါအတိုင်း ပြောပြပါတော့သည်။

ရှေးအခါက ဒိသာပါမောက္ခကြီးတစ်ဦးတွင် လာရောက် ပညာသင်ကြားနေကြသော တပည့်များရှိသည်။ တပည့်များထဲတွင် တစ်ဦးမှာ ဗေဒင်ကိန်းခန်းအရ မကြာမီ သေရတော့မည်ကိုသိသဖြင့် ဆရာကြီးက တပည့်ဖြစ်သူကို မိဘရပ်ထံပြန်၍ ကန်တော့ရန် စေလွှတ်ပါသည်။

တပည့်ဖြစ်သူလည်း ဆရာကြီး ညွှန်ကြား ခိုင်းစေသည့်အတိုင်း မိဘရပ်ထံ ပြန်သွားပါသည်။ တစ်လကျော်မျှ ကြာသောအခါ တပည့်ဖြစ်သူသည် မသေသေးဘဲ ဆရာကြီးထံ ပြန်ရောက်လာ၏။ ဆရာကြီးက ဗေဒင်ကိန်းခန်းအရ သေကိန်းကြုံနေသော်လည်း မသေဘဲ ပြန်ရောက်လာသဖြင့် ပြန်လည်စမ်းစစ်သည့်အနေဖြင့် တပည့်ဖြစ်သူကို လမ်းခရီးတွင် ကြုံတွေ့ခဲ့ရသည့် အဖြစ်အပျက်အလုံးစုံကို ပြန်လည် ပြောပြနိုင်းတော့သည်။

တပည့်ဖြစ်သူက အိမ်သို့ အပြန်လမ်း တစ်နေရာတွင် ချောင်းပင်မှ ချောင်းကိုင်းကြီးတစ်ခုသည် လူသွားလမ်းပေါ် ကိုင်းညွတ်ကျလျက်ရှိကြောင်း၊ ခရီးသွားများ ကွေ့ပတ် ကျော်လွှား၍ သွားနေရသဖြင့် ချောင်းကိုင်းကြီးကို လမ်းသွားခရီးသည်များ လွတ်ကင်းစွာ သွားနိုင်အောင် ထောက်ပေးခဲ့ကြောင်း...

ထိုသို့ ချောင်းကိုင်းကို လူသွားလမ်းနှင့် လွတ်အောင် ထောက်ပေးခဲ့သဖြင့် လွယ်ကူချောမောစွာ သွားလာခဲ့ရသော ခရီးသွားများက **"မောင်မင်းကြီးသား ကျန်းမာပါစေ၊ ချမ်းသာပါစေ၊ အသက်ရှည်ပါစေ"** လို့ ဆုပေးသွားကြကြောင်း...

နောက်တစ်နေရာသို့ ရောက်သွားသောအခါ ချောင်းကူးတံတားတစ်ခုမှာ ပျက်စီးနေသဖြင့် ခရီးသွားများ အန္တရာယ်ကြီး ခက်ခဲစွာ သွားနေရကြောင်း၊ ခရီးသွားများ လွယ်ကူအဆင်ပြေချောမောစွာ ကူးသွားနိုင်ရန်အတွက် ပျက်နေသောတံတားကို ပြင်ဆင်ပေးခဲ့ကြောင်းနှင့် ခရီးသွားများက **"မောင်မင်းကြီးသား ကျန်းမာပါစေ၊ ချမ်းသာပါစေ၊ အသက်ရှည်ပါစေ"** လို့ ဆုပေးသွားကြကြောင်း ပြောပြရာ ဆရာကြီးက အဖြေမှန်ကို သိသွားတော့သည်။

ခရီးသွားများ၏ ပို့သသောမေတ္တာကြောင့် အသက်မသေဘဲ ပြန်ရောက်လာခြင်း ဖြစ်သည်။ မေတ္တာ၏တန်ခိုးသည် ကြီးမားလှပါသည်။

ယောဂီပုဂ္ဂိုလ်ကြီးက ဆက်ပြီး...

'ကျန်းမာရေးကောင်းအောင် ချောင်းထောက်၊ တံတားခင်းပါဆိုတဲ့ ယတြာကိုလုပ်ခိုင်းတာ အဲဒီသဘောပါပဲ။ ယခုခေတ်လူတွေက ချောင်းပင်တွေကို ထောက်ထားလိုက်တော့ သွားလို့ မရလောက်အောင် လမ်းပိတ်ဆို့နေတယ်လေ။ တံတားခင်းကြတာလဲ ဝါးလုံးတိုလေး လေးလုံးလောက်ကို သံကြိုးနဲ့ချည်ပြီး လမ်းမှာ ချထားကြတော့ ပိုပြီးလို့တောင် စိတ်အနှောင့်အယှက် ဖြစ်နေဦးမယ်။ မေတ္တာပို့ပေးမှုယတြာက ထိရောက်မှုရှိပါတယ်'

ယောဂီဝတ်ပုဂ္ဂိုလ်က ဆက်ပြီး ပြောလာပါသည်။

'ယတြာကောင်းရင် မင်းလောင်းတောင် ပျောက်တယ်လို့ ကြားဖူးလား'

'ကြားဖူးပါတယ် အဘ'

'အေး... ယတြာကိုတော့ ပြီးစလွယ် မလုပ်သင့်ဘူး'

'ဘယ်လို ပြီးစလွယ် မလုပ်ရတာလဲ အဘ'

'ခုခေတ်လူတွေက ကြာသပတေးဂြိုဟ်ညံ့ရင် မေမြို့ပန်း၊ ပေါက်ပေါက်တို့ ဘုရားမှာလှူ၊ တနင်္လာညံ့ရင် ကံ့ကော်၊ အင်္ဂါညံ့ရင် စွယ်တော်၊ ဗုဒ္ဓဟူးညံ့ရင် ရွက်လှ၊ စနေညံ့ရင် ဒေါနပန်းတွေနဲ့ ဘုရားမှာလှူ ယတြာပြုလုပ်ကြတယ်ကွယ့်'

'အဲဒါ ယတြာပဲ မဟုတ်လား'

'ယတြာတော့ ဟုတ်တယ်၊ ဒါပေမယ့် ရာခိုင်နှုန်းပြည့်အောင်မြင်မှု မရဘူး။ ပန်းလှူတာတို့က ဂြိုဟ်ညံ့ကို တစ်ဝက်လောက်ပဲ အားကောင်းစေတာကွယ့်။ ဂြိုဟ်အား အပြည့်အဝ မကောင်းစေဘူး။ ထိရောက်မှုက (၅၀%)ရာခိုင်နှုန်းလောက်ပဲ ရှိတယ်'

'ရာခိုင်နှုန်းပြည့် ကောင်းလာအောင် ဘယ်လိုလုပ်ရမလဲအဘ'

'အဓိက ယတြာဆိုတာ ညံ့နေတဲ့ဂြိုဟ်





www.burmeseclassic.com

www.burmeseclassic.com

ကောင်းလာအောင် တစ်နည်းအားဖြင့် ဘုန်းကြီးလာအောင် လုပ်ပေးတာပဲ။ အဲဒီတော့ ဂြိုဟ်တွေ ဘုန်းကြီးလာအောင် စာတ်သဘောအရ ထပ်တူပြုရမယ်ဆိုရင် ဘုန်းကြီးလာအောင် ဘုန်းကြီးကို လှူလိုက်ပေါ့'

'ကျွန်တော် နားမလည်ဘူးအဘ'

'ဥပမာ...စနေသားဟာ ကြာသပတေးဂြိုဟ် ညှို့နေတယ်ဆိုရင် ကြာသပတေးသား ဘုန်းကြီးကို ရှာပြီး ဘဲသားနဲ့ ပဲပြုတ်ဆွမ်း ကပ်လိုက်ရင် ဘုန်းကြီးမယ့်ယတြာပဲပေါ့'

'ကျွန်တော် သဘောပေါက်ပါပြီ။ ဥပမာ– တနင်္လာဂြိုဟ်ညှို့ရင် တနင်္လာသား ဘုန်းကြီးကိုရှာပြီး ကြက်သားဟင်းနဲ့ ဆွမ်းကပ်လိုက်၊ ဗုဒ္ဓဟူးဂြိုဟ်ညှို့ရင် ဗုဒ္ဓဟူးသား ဘုန်းကြီးကို ရှာပြီး ဝက်သားဟင်းနဲ့ ဆွမ်းကပ်လိုက်၊ တနင်္ဂနွေဂြိုဟ်ညှို့ရင် တနင်္ဂနွေသား ဘုန်းကြီးကိုရှာပြီး အုန်းထမင်းနဲ့ ဆွမ်းကပ်လိုက်၊ နောက်ပြီး အင်္ဂါဂြိုဟ်ညှို့ရင် အင်္ဂါသားဘုန်းကြီးကို ရှာပြီး ဆိတ်သားဟင်းနဲ့ ဆွမ်းကပ်လိုက် ဟုတ်တယ်နော် အဘ'

'သားတော်ကြီးက သဘောပေါက်သွားပြီပဲ'

'ဒါပေမယ့် ဘယ်နေ့တွေမှာ ဆွမ်းကပ်ရမှာလဲ အဘ'

'**ကာယကံရှင်တွေရဲ့ မွေးနေ့မှာ** ဆွမ်းကပ်ရင် ပြီးတာပါပဲ'

'အချိန်ကရော အဘ'

'အရုဏ်ဆွမ်း သို့မဟုတ် နေ့ဆွမ်းမှာ ကပ်လဲရတယ်။ ဘုန်းကြီးကိုတော့ ယတြာဆွမ်းပါလို့ ပြောပြီး ကပ်ပေါ့။ ဘုန်းကြီးက ဘုဉ်းပေးပါမှ ဘုန်းကြီးမှာပေါ့။ အိမ်မှာ မကပ်ချင်ရင် ဘုန်းကြီးကျောင်းကို ဆွမ်းပို့ပေးလိုက်ပေါ့'

'ဒါဆိုရင် ရာခိုင်နှုန်းပြည့် အောင်မြင်သွားပြီလား'



'မရသေးဘူး။ (၇၅)ရာခိုင်နှုန်းလောက်ပဲ အောင်မြင်တာ။ ကျန်တဲ့ (၂၅)ရာခိုင်နှုန်းကိုတော့ ဘုရားရှင်ကို ဦးတည်ပြီး ကုသိုလ်ကံဆက် ယတြာလုပ်ရဦးမယ်'

'ဘုရားရှင်ကို ဦးတည်တဲ့ ကုသိုလ်ကံဆက်ယတြာက ဘယ်လိုလုပ်ရမှာလဲ'

'ခက်ပါလား... သားတော်ကြီးက အခု အဓိဋ္ဌာန်ပုတီးစိပ်တာလဲ ဘုရားရှင်ကို ဦးတည်တဲ့ ကုသိုလ်ကံဆက်ယတြာပဲပေါ့။ ကံငါးပါးကို လုံခြုံအောင် ထိန်းသိမ်းပြီး ပုတီးစိပ်တာတို့၊ အာနာပါနဿတိတာဝနာပွားများတာတို့ ပဋိစ္စ ပဋ္ဌာန်းဒေသနာတော်တို့ကို အမြဲ ရွတ်ဖတ်ပူဇော်နေတာကလဲ ဘုရားရှင်ကို ဦးတည်တဲ့ ကုသိုလ်ကံဆက် ယတြာပဲပေါ့။ ပညာရေးကောင်းချင်ရင် စိန္တာမဏိဂါထာကို ရွတ်၊ ကျန်းမာရေးကောင်းချင်ရင် ဗောဇ္ဈင်သုတ်ကို ရွတ်ဖတ်ပူဇော်ပေးရင် ပိုကောင်းတာပေါ့ မဟုတ်ဘူးလား'

'ဒါဆို ပြည့်စုံပြီလား'

'ဒါပေါ့ သားတော်ကြီးက နေ့စဉ် ပုတီးစိပ်နေတာမို့ စနေနေ့မှာ ကြာသပတေးသားဘုန်းကြီးကို ရှာပြီး ဘဲသား၊ ပဲပြုတ်၊ ပဲဟင်းနဲ့ ဆွမ်းကပ်လိုက်ရင် အားလုံးပြည့်စုံပြီး စာမေးပွဲအောင်မြင်မှာ အသေအချာပဲပေါ့'

'ကျေးဇူးတင်ပါတယ် အဘ၊ အဘနာမည်လေး သိပါရစေ'

'အဘအောင်လို့ပဲ ခေါ်ကြတယ်။ **နေပြည်တော် ပျဉ်းမနားရောက်ရင် ဆင်သေရွာ**ကို လာခဲ့ပေါ့'

'အဘကို ကျွန်တော် လမ်းစရိတ်ကန်တော့ပါရစေ'

ဟု ပြောပြီး လွယ်အိတ်ထဲမှာ ပိုက်ဆံထုတ်၍ ပိုက်ဆံရှာနေစဉ်...

'ခဏလေး... အဘ အခု ပြန်လာခဲ့မယ်၊ သားတော်ကြီး သွားစရာမရှိဘူးမဟုတ်လား။ ဒီနေရာမှာ ဝတ်ပြုရင်းစောင့်နေပါ။ အဘ မကြာလောက်ပါဘူး'

ဟု ပြောပြီး မြောက်ဘက်မုခ်သို့ ခပ်သုတ်သုတ်လေး ထွက်သွားသည်။

ကျွန်တော်သည် တန်ဆောင်းအတွင်းမှာပင် အာနာပါနဿတိ ပြုလုပ်ရင်း အဘကို စောင့်မျှော်နေမိ၏။ အခု ပြန်လာခဲ့မယ်ဆိုသော အဘ တစ်ယောက်ပြန်၍ မလာတော့ပါ။

လာနိုးလာနိုးနှင့် မျှော်ရင်း နေဝင်သွားတော့သည်။ ကျွန်တော်သည် စိတ်လျှော့လိုက်ပြီး လွယ်အိတ်ကို လွယ်၍ ဘုရားပေါ်တွင် ပတ်ရှာမိသည်။ တောင်ဘက်မုခ်သို့ ရောက်သောအခါ လှေကားထစ်များကို တစ်လှမ်းချင်းနင်းပြီး ဆင်းသွားသောအဘကို လှမ်းမြင်လိုက်ရသည်။

ကျွန်တော်သည် လှေကားထစ်များမှ ပြေးဆင်း၍ လိုက်သွားသောအခါ ဘုရားဖူးအုပ်စု တစ်စုအကြွယ်တွင် ပျောက်သွားတော့သည်။ လှည့်ပတ်၍ ထပ်ရှာပါသော်လည်း အချည်းအနှီးသာ ဖြစ်သဖြင့် စိတ်လျှော့၍ အိမ်သို့ ပြန်လာခဲ့ပါတော့သည်။

**တက္ကသိုလ် အပန်ငယ်**

www.burmeseclassic.com



မိုးကျော်အောင်

## လိုရာခိုင်းနိုင်တဲ့

# နာနာဘာဝသရဲ

နာနာဘာဝ တစ္ဆေသရဲ ရှိတယ်လို့ ယုံကြည်ကြသူရှိသလို မယုံကြည်သူလဲ ရှိပါတယ်။ တချို့က မယုံဘူးတော့ပြောတယ်။ မယုံရင် စမ်းကြည့်ပါလား ဆိုတဲ့ အခါမှာတော့ မစမ်းရဲကြသူတွေလဲ ရှိတယ်။ စမ်းရဲတဲ့သူလဲ ရှိပါတယ်။

တစ်ခါတစ်ရံကျတော့ တကယ်သတ္တိရှိရှိနဲ့ မယုံကြည်တဲ့စိတ်နဲ့ သွားစမ်းကြည့်တဲ့အခါ အခါအခွင့် မကြုံလို့လား။ မယုံကြည်တဲ့သူရဲ့ စိတ်တန်ခိုး ပါဝါအရှိန်ကြောင့်လားတော့ မသိ အဲဒီတစ္ဆေသရဲဆိုတဲ့ ဝိညာဉ်ကောင်တွေကို မတွေ့ကြဘူး။ မရင်ဆိုင်ခဲ့ကြဘူး။

ဒါပေမယ့် ရှိတယ်လို့ ပြောတဲ့သူ၊ ယုံကြည်တဲ့လူက ကျွန်တော်တို့ မြန်မာ... တွေထဲမှာ အများစု ဖြစ်ကြပါတယ်။ ဒါပေမယ့်လဲ တကယ်တွေ့ဖူး ကြုံဖူး... ပြောတဲ့သူကလဲ ယုံကြည်လောက်တဲ့... ပုဂ္ဂိုလ်က ပြောတယ်ဆိုရင်တော့ ယုံ... မှာ ဖြစ်ပါတယ်။

**၁၉၅၅ ခုနှစ်၊ ရှလိုင်လ...** ကျွန်တော်ဟာ မူလတန်းပြ ဆရာ... စာရလို့ **ရွှေဘိုခရိုင်၊ ...ကဲလက်မြို့နယ်၊ ရွာသာကြီးရွာ မူလတန်း...**

www.burmeseclassic.com



**ကျောင်းသို့** တာဝန်ထမ်းဆောင်ရန် ရောက်ခဲ့ပါတယ်။ အဲဒီတုန်းက မူလတန်းကျောင်းအများစုဟာ ဘုန်းတော်ကြီးကျောင်းဝင်းထဲမှာ တည်ရှိကြပါတယ်။

ဘုန်းတော်ကြီးတွေရဲ့ အနီးကပ် စောင့်ကြည့် ပံ့ပိုးမှုတွေနဲ့ ဆရာတွေနဲ့ ကျောင်းသားတွေ ပျော်ပျော်ပါးပါး ပညာသင်ယူကြ၊ ပညာသင်ပေးကြနဲ့ အဲဒီအချိန်ကာလကို လွမ်းဆွတ်တမ်းတ သတိရမိပါတယ်။

အဲဒီလို သတိရမိတဲ့အထဲမှာ ဆေးဆရာကြီး ဆရာမြနဲ့ ကျွန်တော့်ကို သူပြောပြတဲ့ တေဇအမည် ပေးထားတဲ့ သရဲကြီးအကြောင်း အဖြစ်အပျက်ကို ကျွန်တော် ယနေ့အထိ နှစ်ပေါင်း(၆၀)ခန့် ကြာပြီးသော်လဲ တစ်ခါတစ်ရံ သတိရမိနေသေးပါတယ်။

ဆရာမြခေါ် မြန်မာဆေးဆရာကြီးသည် သျှောင်ထုံးနဲ့ တိုက်ပုံအကျႌနဲ့ အမြဲလိုလိုနေတတ်ပြီး တကယ့် ရှေးရိုးမြန်မာ့ဆေးဆရာတစ်ဦး ပုံသဏ္ဌာန်လဲ ပေါက်ပါတယ်။ ရပ်ရွာကလဲ ရိုသေလေးစားကြပါတယ်။ အဲဒီအချိန်က ဆရာကြီးမြက အသက်(၅၀)ကျော် ကျွန်တော်က ကျောင်းဆရာပေါက်စ အသက်(၁၈)နှစ်အရွယ် ဖြစ်ပါတယ်။

ဆရာကြီး ဆရာမြဟာ ဗိန္ဒောဆေးကုပြီး မြန်မာဆေးမျိုးစုံ ရှိသလို အဲဒီခေတ်က ရပ်ရွာဓလေ့အရ စုန်းတို့၊ တစ္ဆေ သရဲ အောက်လမ်းတို့ ယုံကြည်သူ အများစု (၉၅)ရာခိုင်နှုန်း ရှိကြတာမို့ အင်း၊ လက်ဖွဲ့များ၊ ဆေးတောင့်၊ ဆေးတော်စုံများစွာ ဆေးကွမ်းအစ်ဘူးကြီးနဲ့ အပြည့်ရှိပါတယ်။

ဒါပေမယ့် ဆရာကြီးက ဗိန္ဒောဆေးကုသဘက်မှာ အာရုံပိုစိုက်ပြီး အစွဲတို့၊ စုန်းပူး နတ်ပူးတို့ကိစ္စမှာ သူ ဘာမှ မသိမတတ်သလို နေပါတယ်။ အခြားပယောဂကု ဆရာတွေအလုပ်လို့ သဘောထားပုံ ရပါတယ်။

ဆရာကြီး ဆရာမြရဲ့ သားသုံးယောက်နဲ့ သမီးတစ်ယောက်တို့ဟာ ကျွန်တော့်တပည့်များ ဖြစ်ကြပါတယ်။ ဒါကြောင့် မိဘ၊ ဆရာအနေနဲ့ တွေ့ထိဆက်ဆံလာကြရာမှာ ကျွန်တော်နဲ့ ဆရာကြီး ဆရာမြတို့ တစ်ဦးနဲ့တစ်ဦး ပိုနီးစပ်ခင်မင် အကျွမ်းတဝင် ဖြစ်လာကြပါတယ်။

ဆရာကြီး ဆရာမြဟာ ဦးပဥ္စင်း ဝတ်ခဲ့ဖူးပါတယ်။ သူ ဦးပဥ္စင်း ငယ်ဘဝက တေဇအမည်ပေးထားတဲ့ သရဲကြီးကို ကိုယ်တိုင်တွေ့ကြုံခဲ့ရဖူးတဲ့ ဇာတ်လမ်းကို ဒီလို ပြောပြခဲ့ပါတယ်။

* * *

ဒုတိယကမ္ဘာစစ် မဖြစ်မီ ကျုပ် ပဥ္စင်းဘဝက ဟိုအောက်ပိုင်း ထန်းတပင်(တောင်ငူခရိုင်)မြို့နယ်မှာ နေဖူးတယ်။ အဲဒီမှာ တောကျောင်းကြီးတစ်ကျောင်း ရှိတယ်။ ဘုန်းကြီးတစ်ပါးတည်း နေထိုင် သီတင်းသုံးတယ်။

အဲဒီဘုန်းကြီးက အဲဒီနယ်တစ်ဝိုက်မှာ အလွန် ဘုန်းတန်ခိုးကြီး နာမည်လဲ ကျော်ကြားတယ်။ သူ့ကျောင်းဝင်းကြီးကလဲ အုပ်အုပ်ဆိုင်းဆိုင်း သစ်ပင်တွေနဲ့၊ ကျောင်းတစ်ပတ်လုံး ဆူးတွေနဲ့ အလုံ ကာရံထားတယ်။

ကျုပ်နေခဲ့တာကတော့ အဲဒီနဲ့ တစ်မိုင်ကျော်ကျော်လောက် ဝေးတဲ့ ဘုန်းကြီးကျောင်းမှာ စာဝါလိုက်နေတယ်။ စာဝါနားတဲ့ အချိန်မှာ ကျုပ်လဲ ပျင်းပျင်းရှိတာနဲ့ အဲဒီ တောကျောင်း ဘုန်းကြီးဆီ အလည်လိုက်သွားတယ်။ ကျုပ်ကို အထက် ရွှေဘိုဘက်ဆီကဆိုတာ သိတော့ ရွှေဘိုဦးပဥ္စင်းလေးလို့ အဲဒီဆရာတော်ကြီးက ခေါ်လေ့ ရှိတယ်။

သူ့ဆီ နေ့လယ်ပိုင်း အပျင်းပြေသွားတဲ့အခါ အဲဒီဘုန်းတော်ကြီးက **"ရွှေဘိုဦးပဥ္စင်းလေး ပျင်းနေသလား"**လို့ မေးတယ်။ မေးရင်းနဲ့ ဟိုခပ်လှမ်းလှမ်းမှာရှိတဲ့ ရေနွေးကရားအိုးကို လက်ညှိုးထိုးပြီး **"ဟော့ ဒီကို လာခဲ့စမ်း"**လို့ လှမ်းခေါ်လိုက်တယ်။ အဲဒီအခါ ရေနွေးကရားအိုးကြီးဟာ သူ့ဟာသူ ဘယ်သူမှ ကိုင်မလာဘဲနဲ့ ဆရာတော်ဆီ ရောက်လာတာ မြင်ရတယ်။

ပန်းကန်ဆိုရင် ပန်းကန်ချည်းကိုင်သူ မပါဘဲ လာနေတာကို မြင်ရတယ်။ ဘုန်းကြီးက သူ့ခါးပန်းကြိုးကို ကျောင်းအခန်းဟိုဘက်နံရံကို လှမ်းပစ်လိုက်တယ်။ လာခဲ့ လာခဲ့လို့ ခေါ်လိုက်တဲ့အခါ ခါးပန်းကြိုးက တွဲလျောင်းတွဲလျောင်းနဲ့ သူ့ဆီ ရောက်လာတယ်။ ကျုပ်လဲ အံ့ဩနေတာပေါ့။

အဲဒီလိုပဲ တောင်ဝှေးတို့၊ ထီးတို့ဆိုရင်လဲ ဘုန်းကြီးက ပါးစပ်က ခေါ်လိုက်ရင် သူ့ဆီ လာကြတယ်။ ကျုပ်လဲ အမျိုးမျိုးမြင်တော့ အပျင်းလဲပြေ



www.burmeseclassic.com

www.burmeseclassic.com

အံ့သြဝမ်းသာနေတာပေါ့။

တစ်ခါက ကြုံဖူးတာတစ်ခု ပြောရဦးမယ်။ အလှူတစ်ခုကပင့်လို့ ကျုပ်ကို "ဦးပဥ္စင်း လိုက်ခဲ့"ခေါ်လို့ လိုက်သွားတယ်။ အဲဒီ ထန်းတပင်နယ်ထဲ မြစ်တစ်ခုနားကို ရောက်သွားတယ်။ အဲဒီတောကျောင်းဘုန်းကြီးက ဒီဘက်ကမ်းကနေ လှမ်းအော်တယ်။



"ဟိုလှေ ဒီဘက်လာခဲ့စမ်း"လို့ လှမ်းအော်လိုက်တယ်။

ကျုပ်လဲ အဲဒီ လှေပေါ်မှာ လူလဲ မရှိပါဘူးလို့ ထင်လိုက်တယ်။ မကြာခင် လှေဟာ လှုပ်လာပြီး မြစ်ကို တည့်တည့်ကြီး ဖြတ်ကူးလာတယ်။ လူလှော်သလို အစုန်အဆန် ရေစီးကို ကြည့်မနေဘူး။ ဒီဘက်ကမ်း လှေရောက်တော့ "တက်... ဦးပဥ္စင်းလေး"လို့ ဆိုတယ်။ "နောက်လှည့်မကြည့်နဲ့နော်" လို့ ပြောလို့ လှည့်မကြည့်မိပါဘူး။

လှေက မြစ်ကို တည့်တည့်ကြီး ဖြတ်ကူးတယ်။ ဟိုဘက်ရောက်တော့ ဆင်းကြပြီး အလှူအိမ်ဆီကို သွားကြရတယ်။ အဲဒီမှာ တောကျောင်းဘုန်းကြီး ဆရာတော်ကြီးကို လူတွေက ဝိုင်းကန်တော့ကြ၊ အထူးအလေးပြု ဂါရဝတရား ပိုထားကြ၊ လုပ်ကြတယ်။ အလှူရေစက်ချပြီးလို့ လှူတာတွေကို အကုန်မယူဘူး။ ဘုန်းကြီးတွေကို စွန့်ထားပြီး ကျောင်းပြန်ခဲ့ကြတယ်။

တစ်ရက်မှာတော့ ကျုပ်ကို သူ့ကျောင်းကို ညအိပ်ဖို့ပြောတယ်။ ဒါနဲ့ အိပ်ဖို့ ဆုံးဖြတ်ခဲ့တယ်။ ညပိုင်းစောစောမှာပဲ ကျောင်းဝင်းခွေးတွေကအူ၊ အသံရှည်ကြီးတွေနဲ့လဲအူ၊ တစ်ခါတစ်ရံ ထိုးထိုးဟောင်တယ်။

အဲဒီအချိန်မှာ "**ဘုန်းကြီး တပည့်တော်တို့ ဧည့်သည်တွေပါ။ တည်းခွင့်ပြုပါ**"လို့ ခွင့်တောင်းအော်သံကြားလို့ ဘုန်းကြီးက ကျောင်းဝင်းဆူးတံခါးကြီးကို ဖွင့်ပေးလိုက်တယ်။

တိုက်ပုံအင်္ကျီ ပင်နီရောင်နဲ့ ခေါင်းပေါင်းနဲ့ နှုတ်ခမ်းမွေးတွေနဲ့ ခံ့ခံ့ညားညား လူကြီးတစ်ယောက်နဲ့ တပည့်တစ်ဦးတို့ ဝင်လာကြတယ်။ ဒါပေမယ့် အဲဒီလူကြီးက ဘုန်းတော်ကြီးကို ဝပ်မချဘူး။ ခပ်တည်တည်ပဲ ထိုင်နေတယ်။

ဘုန်းကြီးက "**ဘယ်က လာသလဲ**"လို့မေးတော့ "**တပည့်တော်တို့က ယောနယ်ကလာတဲ့ ယောဆရာကြီး ဖြစ်ပါတယ်**"လို့ လျှောက်တယ်။ ပြောပြောဆိုဆို သူ့လွယ်အိတ်ထဲ ပါလာတဲ့ အရုပ်မျိုးစုံကို ထုတ်ပြတယ်။ အရုပ်တွေက ရွှေချထားတယ်။

'ဒါတွေက ဘာအရုပ်တွေလဲ ဆရာကြီး'

လို့ မေးတယ်။

'မှန်ပါ့ ဒါက ပုဏ္ဏကရုပ်၊ ဒါက မြင်းဖြူရှင်၊ ဒါက အနောက်မယ်တော်ကြီးခေါ်တယ်။ ဒါက နွားသိုးရုပ်၊ ဒါက ကျား၊ စီးတော်ကျား'

လို့ စုံအောင်ပြပါတယ်။ အမည်ပေးထားတဲ့ နတ်တွေကလဲ မျိုးစုံပါပဲ။

အဲဒီအခါ ဘုန်းကြီးက "**ဆရာကြီး အရုပ်တွေက ရွှေတွေချထားလို့ တော်တော် အဖိုးတန်မှာပဲနော်**"လို့ ပြောတော့ "**အဖိုးတန်ရုံတင် ဘယ်ကမလဲ ဘုရား၊ အစွမ်းလဲ ထက်ကြတယ်**"လို့ ယောဆရာကြီးက ပြန်ပြောတယ်။

ဘုန်းကြီးက သူ့ကွမ်းအစ်ထဲက ကွမ်းသီးလေးတစ်ခြမ်းကို ထုတ်လိုက်တယ်။

'ဒီကွမ်းသီးခြမ်းလေး တစ်ခြမ်းက ဘယ်လောက်တန်မလဲ။ တစ်ပိဿာ တစ်မူးတစ်မတ်ဆိုရင် တစ်ခြမ်းဆိုပြားလောက်ပဲ တန်မှာပေါ့နော်'

လို့ ဘုန်းကြီးက ပြောပြီး "**ကဲ လာလာ**"ဆိုပြီး အဲဒီရွှေချထားတဲ့ ပုဏ္ဏကနတ်ရုပ်ကလေးနား သူ့ကွမ်းသီးခြမ်းလေး ယှဉ်ချထားလိုက်တယ်။

'ကဲ...ကဲ...ဒီကွမ်းသီးခြမ်းလေးနဲ့ ပုဏ္ဏကနတ်တို့ ဘယ်သူက စွမ်းသလဲ ကြည့်ရအောင် ဘုန်းကြီးလက်ဖဝါးပေါ် ခုန်တက်ကြစမ်း'

လို့ ပါးစပ်က ပြောလိုက်တယ်။

'ဘယ်သူက အရင်ရောက်သလဲ ကြည့်ရတာပေါ့'

လို့လဲ ပြောလိုက်ရော ဘတ်ဆို ကွမ်းသီးခြမ်းလေးက ဘုန်းကြီးလက်ဖဝါးပေါ် ရောက်လာတယ်။ ပုဏ္ဏကအရုပ်က တုတ်တုတ်မျှ မလှုပ်ဘူး။

'ဘယ့်နှယ်လဲ ယောဆရာကြီးအရုပ်က ဘာမှလဲ မလုပ်ပါလား'

လို့လဲ မေးလိုက်သေးတယ်။

အဲဒီအခါ ယောဆရာကြီးဆိုသူက ဘုန်းကြီးကို ဦးသုံးကြိမ်ဝပ်လို့ ကန်တော့တယ်။ အဲဒီအဖြစ်အပျက်ပြီး နောက်တစ်ရက်လဲ အိပ်ပါဦးလို့ ကျုပ်ကို



www.burmeseclassic.com

www.burmeseclassic.com

ပြောလို့ အိပ်ဖို့ဆုံးဖြတ်တယ်။ ညနေ နေဝင်ခါနီးတော့ ဦးပဉ္စင်းလေးကို ပြောစရာနဲ့ ပြစရာရှိတယ်လို့ ပြော တယ်။

နေဝင်ခါနီးတော့ ဆန်ကောဝိုင်း အလတ်စားလောက်ရှိတဲ့ မြေစလောင်း ဖုံးကြီး တစ်ချပ်ထဲမှာ ထမင်းတွေထည့် ပြီးတော့ မျှင်ငါးပိဖုတ် အဝိုင်းချပ်ကြီး တစ်ခု အဲဒီထမင်းပုံပေါ်မှာတင်ပြီး ကျက်သရေခန်းခေါ်တဲ့ ကျောင်းအခန်း ခပ်မှောင်မှောင် 'ထောင့်တစ်နေရာကို သွားထားတယ်။

ဘုန်းကြီးက "တောဇ တောဇ လာ လာ" လို့ ခေါ်လိုက်တယ်။ ပြီးမှ ကျုပ် ကို ဘုန်းကြီးက လှမ်းခေါ်လိုက်တယ်။ အခန်းနဲ့ မလှမ်းမကမ်းမှာ ရပ်နေပြီး ကြည့်လိုက်တော့ လား လား နည်းတဲ့ အကောင်ကြီး မဟုတ်ဘူး။ ကျုပ်တို့ကို ကျောပေးပြီး စားနေလိုက်တာ တစ်ကိုယ်လုံးလဲ အမွေးတွေကဖုံးလို့။

အဲဒီမှာတင် ဘုန်းကြီးက ကျုပ်ကို ဒီလိုပြောတယ်။

'ဦးပဉ္စင်းလေး ရွှေဘိုအရပ် ပြန်တဲ့အခါ ဒီကောင်ကြီးကို ခေါ်သွားစမ်းပါ။ ကျုပ် (ဘုန်းကြီး)လဲ အရွယ်က ကြီးလာပြီဆိုတော့ ကျုပ်မရှိရင် သူ့ကို ကစဉ့်ကလျား မဖြစ်စေ ချင်ဘူး။ ကျုပ် ဦးပဉ္စင်းလေးထံ တစ်လ ငါးပိတစ်တုံး မှန်မှန်ပို့ပေးသွားပါမယ်။ သူ့ အတွက် ရထားခပေးစရာ မလိုပါဘူး။ သူ့ ဘာသာ လိုက်လာမှာပါ'

တဲ့။

ဩော်... လတ်စသတ်တော့ ဒီကောင်ကြီး မွေးထားတာပါလားလို့ ကျုပ် သဘောပေါက် သိသွားရပြီး အဲဒီနောက် သူ့ကျောင်းကို မရောက် ဖြစ်တော့ဘူး။

* * *

အထက်ပါအတိုင်း ဆရာကြီး ဆရာမြ ဗိန္ဒောဆရာကြီးက ကျွန်တော့် ကို ပြောခဲ့တာ အမှန်ဖြစ်ပါတယ်။ ဆရာကြီးကို သတိရသလို အဲဒီတောဇ သရဲကြီးအကြောင်း ကျွန်တော့်ခေါင်း ထဲမှာ ရုံခါရုံဖန် ပေါ်,ပေါ်လာပါတယ်။ အမှန်ကတော့ တစ္ဆေ၊ သရဲ၊ ဖုတ်၊ ပြိတ္တာတွေ တကယ်ရှိခဲ့ကြောင်း ဘုရား ဟောနိပါတ်တွေနဲ့ ဘုရားလက်ထက် က ပြိတ္တာတွေအကြောင်း ဗုဒ္ဓစာပေ တွေမှာ ကျွန်ုပ်တို့ ဖတ်ရှု၍ သိရှိရပါ တယ်။

သိပ္ပံထွန်းကားသော အနောက်နိုင်ငံ တို့တွင်လဲ တစ္ဆေ တွေ့မြင်ခဲ့ကြတဲ့ အဖြစ်အပျက်များကို မဂ္ဂဇင်းများ၌ တစ်ခါတစ်ရံ ဖတ်ရှုရပါတယ်။

တစ္ဆေ၊ သရဲရှိတာ သိတော့ ယုံတော့ ဘာဖြစ်နိုင်သလဲ မေးသော် တစ္ဆေသရဲ ရှိတော့ နတ်တို့၊ ဗြဟ္မာတို့ ဆိုတာလဲ တကယ်ရှိတာပေါ့လို့ စဉ်းစားတွေး တော လက်ခံရပါမယ်။

ထိုမှတစ်ဆင့် ဆက်လက်တွေး သော် ကျွန်ုပ်တို့ ကုသိုလ်ကောင်းမှုဒါန စတာတို့ လုပ်တိုင်း နတ်၊ ဗြဟ္မာတွေကို အမျှပေးဝေသကဲ့သို့ မကျွတ်မလွတ် ဖြစ်နေကြရှာသော တစ္ဆေ၊ သရဲ၊ ဖုတ်၊ ပြိတ္တာတို့ကိုလဲ ကျွတ်လွတ်ကြပါစေ ခြင်းငှာ အမျှအတမ်း ဝေသင့်ပါတယ်။

**မိုးဇော်အောင်**

---

**ပန်းသေပန်းညှိုး**

**လိမ်းဆေး**



**မြတ်လေးပန်းအဖြူ ပင်၏ အရွက်သတ္တု ရည် (၁၀)ကျပ်သား၊ နှမ်းဆီ (၁၀)ကျပ်သား တို့ကို ပေါင်းစပ်ပြီးဆီ အလေးချိန်ကျန်အောင် ချက်ပါ။**

ယင်းဆီကို ပန်းသေ ပန်းညှိုးဖြစ်သူ ဖွားဖက် တော်အားလိမ်းနယ်ပေး ပါက အလွန်သန်စွမ်းခြင်း ဖြစ်လာပါမည်။

လောကီအာရုံ ကာမဂုဏ်ကို ကောင်းစွာ ခံစားနိုင်တော့ မည် ဖြစ်ပါသည်။

**ဘုမ္မဝတီကိုကိုလေး**

**မိုငြမ်း ။ ။အရှင်နာဂသိန်ပုံပြ ဆေးအဘိဓာန်(ဒုတိယတွဲ)**

---

**အာခေါင်ယားလျှင်**

**ပိန်းရိုးဟင်းချို**



တညင်းသီးစိမ်း၊ ပိန်းရိုး စသည့် သစ်သီးသစ်စို့များ စားသောက်ပြီးသည့် အခါ ခံတွင်း၌ ဖန်ရှရှ ဝေဒနာကလေး ကျန်ရစ်လေ့ရှိသည်။ မွန်ဒေသမှ ဝေါဟာရအားဖြင့် "**ပါးစပ်ပအာ**"သည် "**စကား များ**"သည်ဟု ဆိုရိုးပြုကြသည်။

ထိုသို့ ဖြစ်ပေါ်ပါက ဆန်လက်တစ်ဆုပ်မျှကို ကြေညက်စွာဝါး၍ ထွေးထုတ်ခြင်းဖြင့် ပကတိ ကောင်းမွန်နိုင်လေသည်။

**နန်းဖြူဖြူဝင်း**




www.burmeseclassic.com

www.burmeseclassic.com

# အကြော်ဆောင်လား

## အချဉ့်, အခါးဆောင်လား



အဖျားပျောက်ပြီးခါစ နာလန်ထလာသောသူသည် လွန်စွာ သတိထားရပါသည်။ အဘယ်ကြောင့်ဆိုသော် မတည့်သော အစားအစာကို စားမိပါက ပြန်ဖျားလျှင် ယခင်က ဖျားသည်ထက် ပိုမို၍ ဆိုးဝါးတတ်သောကြောင့် ဖြစ်၏။

မတည့်သော အစားအစာသည် ကြော်လှော်ထားသော အစားအစာလား (သို့မဟုတ်) အချဉ့်, အခါးလား ဆိုသည်ကို အောက်ပါအတိုင်း တွက်ချက်၍ သိရှိနိုင်ပါသည်။

လူမမာ၏ အသက်ကို တည်၍ (၇)ဖြင့် စားပါ။ ရရှိလာသော အကြွင်းကို ကြည့်ပြီး...

(၁)ခုကြွင်းလျှင် အကြော်ဆောင်
(၂)ခုကြွင်းလျှင် အချဉ်အခါးဆောင်
(၃)ခုကြွင်းလျှင် အကြော်ဆောင်
(၄)ခုကြွင်းလျှင် အချဉ်အခါးဆောင်
(၅)ခုကြွင်းလျှင် အကြော်ဆောင်
(၆)ခုကြွင်းလျှင် အကြော်ဆောင်
(၀)ခုကြွင်းလျှင် အချဉ်အခါးဆောင်

ဟု သိရှိနိုင်ပါသည်။

**အကြော်ဆောင် ကျသောသူသည်** အချဉ့်,အခါးကို အတည့်ဘဲ အချဉ်အခါးဆောင် ကျသောသူသည် ကြော်လှော်ထားသည့် အစားအစာနှင့် လုံးဝမတည့်ပါ။

**အကယ်၍ အကြော်ဆောင်ကျသောသူက အချဉ်အခါးကို အစားမှားသွားပြီး ပြန်ဖြေလိုသည် ဆိုပါက...**

ချင်း( ဂျင်း )ခုနစ်လွှာ၊ ဝရောမထန်းလျက်ကြီး တစ်လုံး၊ ဇရုတ်တစ်ပြူး( ရွှေအပ်ဇရုတ်သီး နှစ်တောင့် )ကို ရေအနေတော် ထည့်ပြုတ်၍ သောက်ပါ။

**အချဉ်အခါးဆောင်ကျသော သူက အကြော်အလှော်ကို အစားမှားသွားပြီး ပြန်ဖြေလိုသည် ဆိုပါက...**

ကန့်ကလာရွက်ပြုတ်ရည်ထဲသို့ သံပရာသီး တစ်လုံး ညှစ်ထည့်၍ သောက်ပါ။

**အကြော်ဆောင် ကျသောသူက ခံတွင်းပျက်၍ မစားချင်မသောက်ချင် ဖြစ်နေလျှင်...**

ဟင်းနုနွယ်အမြစ်ကို ဆားနှင့် သွေး၍ လျှာပွတ်ပေးပါ။

**အချဉ်အခါးဆောင်ကျသော သူက ခံတွင်းပျက်၍ မစားချင်မသောက်ချင်ဖြစ်နေလျှင်...**

ရွှေအပ်ဇရုတ်သီးနှစ်တောင့်ကို ဆားနှင့် ရောပြီး ညက်အောင်ထောင်း၍ လျှာပွတ်ပေးပါ။

**[ဤနည်းသည် ကသာမြို့ အမှတ်(၅)ရပ်ကွက်၊ (၃)လမ်းနေ အသက်(၇၃)နှစ်အရွယ်ရှိ ဒေါ်မြကြည်တို့၏ ဘိုးစဉ်ဘောင်ဆက် အသုံးပြုခဲ့ကြသော "ဓာတ်စာကုထုံး" ဖြစ်သဖြင့် နက္ခတ္တရောင်ခြည်မဂ္ဂဇင်းစာရှုသူများအနေနှင့် ယုံကြည်စိတ်ချစွာ အသုံးပြုနိုင်ပါသည်။]**

**ကိုကိုခန့်ချော(ကသာမြေ)**

www.burmeseclassic.com

ထူးထူးဆန်းဆန်း

# သိုက်နန်းရှင်တို့၏

သက်နှိုးအလှူ

ကြော့ကြော့
(ပုစွန်မြောင်း)



မိုင်းမွန်ပြာရီ လှချင်တိုင်း လှနေသော လွမ်းမောဖွယ် တောင်စခန်းမြို့ကလေး။ ထိုမြို့ကလေးတွင် တာဝန်ထမ်းဆောင်ခဲ့စဉ်က ထူးထူးခြားခြား ဂမ္ဘီရဇာတ်လမ်းကလေးများနှင့် ကြုံခဲ့ရသည်။

ထိုမြို့ကလေးသည် ပဲခူးတိုင်းဒေသကြီးအတွင်း၌ရှိသော **ကျောက်ကြီးမြို့** ဖြစ်ပါသည်။ **ရွှေကျင်နှင့် ကျောက်ကြီးမြို့တို့**သည် ရေမြေချင်း ထိစပ်နေကြသော အရှေ့ရိုးမ၏ သဘာဝလက်ဆောင်ဖြစ်သည်။

ထိုမြို့ကလေး နှစ်မြို့တို့သည် ရှေးခေတ်ကာလသမယ နှစ်များစွာက လူတို့ အခြေချ နေထိုင်ခဲ့ရာဒေသများဟု ဆိုနိုင်သည်။ စေတီ၊ တန်ဆောင်း၊ ဂူ ကျောင်း၊ ဇရပ်ဟောင်းများ ယနေ့တိုင် အခိုင်အမာ ကျန်သေးသည်။

ကျောက်ကြီးမြို့တွင် မင်းအိုကြီး၊ ကျောက်လုံးကြီး၊ ရွှေဂူကြီးဘုရားများမှာ ထင်ရှားသည်။ ဝက်မင်းညီနောင်ကုန်းတော်ပေါ်မှ ဝက်မင်းညီနောင် စေတီတည်ရာသည် ဘုရားလောင်း ဝက်မင်းဘဝ၌ ကျက်စားခဲ့ရာဒေသဟု ဆိုကြသည်။

ဆင်မယဉ်သာစေတီမှာ ဆင်ကြီးတစ်ကောင် ဝပ်တွားနေဟန် ကျောက်တုံးကြီးပေါ်၌ ကြည်ညိုဖွယ် တည်ထားသော ဘုရားဖြစ်သည်။ ထိုအနီးတစ်ဝိုက်တွင် ကျောက်ညှပ်၊ ကျောက်ထပ် ကျောက်ဂူများရှိသည်။ အံ့မခန်းစရာ သဘာဝတရား၏ ထုဆစ်မှုဟု ဆိုနိုင်သည်။

သဘာဝ စိမ့်စမ်းရေတံခွန်များနှင့် သစ်သီးစုံ ပန်းစုံ ပေါသည်။ အထူးသဖြင့် မိုးကာလတွင် ဒူးရင်းသီးရနံ့တို့ တစ်မြို့လုံးလှိုင် လျက်ရှိသည်ကို နှစ်ပေါင်း (၄၀)ကျော်ခဲ့သည့်တိုင် မမေ့နိုင်ခဲ့ပါ။

ကျောက်ကြီးမြို့၏ အရှေ့ဘက် တောင်ကုန်းခြေတွင် တပ်မတော် တပ်ရင်းရုံးများရှိသည်။ ထိုတပ်ရင်းရုံးများနှင့် မလှမ်းမကမ်း၌ ကျောက်ကြီးမြို့နယ်၏ ပညာရေးဗိမာန်တော်ကြီးဟု တင်စားရမည့် အထက်တန်းကျောင်းကြီးရှိသည်။

ထိုကျောင်းတော်ကြီးမှ တိုင်းရင်းသား ရှမ်း၊ ဗမာ၊ ကရင်၊ ပအိုဝ်း စသော လူမျိုးနွယ် အသီးသီး၏ ပညာရောင်အလင်းကို ထွန်းညှိပေးသည်။ ထိုကျောင်းတွင် ဆရာမ ဒေါ်ခင်ဖြူ အထက်တန်းပြဆရာမဘဝနှင့် တာဝန်ကျခဲ့သည်။

ထိုအကြောင်းများကို ဒေါ်ခင်ဖြူ

www.burmeseclassic.com

ဆိုသော အငြိမ်းစား အလယ်တန်းကျောင်းအုပ်ဆရာမကြီးသည် ပြန်တွေးနေမိသည်။ နှစ်(၄၀)ကျော်ကြာကာလက ပုံရိပ်များသည် မမေ့နိုင်စရာ တမ်းတလွမ်းဆွတ်ဖွယ်များသာ ဖြစ်နေသည်။

ထို ပုံရိပ်ပေါင်း များစွာတို့ထဲမှ ကထိန်လရာသီ ခဝဲပန်းဝါဝါကလေးတွေ ပွင့်နေသော တန်ဆောင်မုန်းလ၏ သာယာလှပလွန်းသည့် နေ့တစ်နေ့ ရှိခဲ့ပါသည်။



* * *

'ခြေတော်ရာတောင်ပေါ် ဘုန်းတော်ကြီးကျောင်းမှာ ဥစ္စာစောင့်က ကထိန်သင်္ကန်းလာကပ်မယ်တဲ့။ ဖော့သင်္ကန်းလှူချင်လို့ ငွေ(၃၀၀)ကျပ်ကို ဆရာတော်ကြီးကို လာလှူသွားတဲ့ သတင်းကြားတယ်။ အဲဒီ လိုက်မလား မမ'

ထိုသတင်းကိုပြော၍ ဥစ္စာစောင့်သင်္ကန်းကပ်လှူပွဲသို့ လိုက်ရန် အဖော်ညှိသူမှာ ဖြူဖြူလှလှ ကျောက်ကြီးသူမဆရာမလေး ဒေါ်အေးသီရယ်ပါ။

ဒေါ်ခင်ဖြူသည် အမျိုးသမီးတို့သဘာဝအတိုင်း အထူးအဆန်းဖြစ်၍ စိတ်ဝင်စားသွားသည်။ ကျောင်းသူကလေးများကလည်း တစ်ယောက်တစ်ပေါက် လာရောက် ပြောပြနေသည်။

သွားကလည်း သွားချင်၊ ကျောင်းဖွင့်ရက်ဖြစ်၍ အတန်းများကို ပစ်ပယ်ပြီး သွားရန်ကလည်း မသင့်သဖြင့် အောင့်အည်းသည်းခံနေခဲ့ရသည်။

တနင်္ဂနွေရက်များ ရောက်လာသည့်ဒီတစ်ချီတွင်တော့ သွားဖြစ်အောင်သွားမည်။ ဆရာမလေး ဒေါ်တင်မေအေးနှင့် အဖော်စပ်၍ ရသည်။

ခြေတော်ရာ တောင်တော်သည် ကျောက်ကြီးမြို့၏ အထင်ကရ တောင်တော်။ ထိုတောင်တော်ပေါ်၌ ရှင်သီဝလိရဟန္တာမြတ်ကြီး၏ ခြေတော်ရာ(ပါဒတော်) တည်ရှိသည်။ ရဟန္တာမြတ်ကြီး ခြေဆေးတော်မူရာ ခြေဆေးကန်လည်း ရှိသည်။ ကျောက်ကြီးမြို့သူမြို့သားများအတွက် ဂုဏ်ယူဖွယ်နေရာထူးဖြစ်သည်။

တန်ဆောင်မုန်းလ၏ အေးမြမြ ဆောင်းရာသီသည် ကျောက်ကြီးမြို့ကလေးကို နေခြည်ဝင်း၍ နှင်းထုကွဲစပြုချိန်တိုင် ထွေးပွေ့ထားဆဲ ဖြစ်သည်။ နံနက်(၇) နာရီအချိန်တွင် ဆီမီးနံ့သာ တိုင်များ၊ ဘုရားပန်းများနှင့် ခြေတော်ရာစေတီကို ဖူးမြော်မည်။ ဆရာတော်ကြီးကိုလည်း ဆွမ်းဟင်းနှင့် သစ်သီးများ ဆက်ကပ်ရန် ရည်မှန်းရင်းချီတက်ခဲ့ကြသည်။

ခြေကျင်ခရီးဖြစ်၍ ဆရာမလေးနှစ်ဦးလုံး ချွေးစို့လာသည်။ ခြေတော်ရာတောင်မုခ်ဦးအထိ တောတန်းတောင်ကုန်းကလေးများကို ဖြတ်ကျော်ခဲ့ရသည်။ သဘာဝ၏ လတ်ဆတ်သော လေပြည်တွင် တောပန်းတောင်ပန်းတို့ရနံ့ သင်းပျံ့လာ၍ စိတ်တွင်ကြည်လင်ချမ်းမြေ့ရသည်။

မုခ်ဦးသို့ ဝင်ပြီးသည်နှင့် တောင်တက်ခရီး တမောတော့ တက်ရမြဲ။ စိတ်ထဲတွင် ဥစ္စာစောင့်အကြောင်း သိလိုစိတ်ကြောင့် မောရိပ်မထင်ခဲ့။ တန်ဆောင်းတော်မှာ စစ်ကြိုခေတ်၏ လက်ရာ ရသေ့ကြီးဦးခန္တီ သာသနာပြုခဲ့သော သံတန်ဆောင်းကြီး ဖြစ်သည်။

တန်ခိုးကြီးသော ရဟန္တာမြတ် ခြေတော်ရာကို အေးချမ်းစွာ ကြည်ညို ဖူးမြော်ရန် တည်ထားခဲ့သော ရသေ့ကြီးဦးခန္တီ၏ ကောင်းမှုတော်ကို ကြည်နူးစွာ သာဓုခေါ်မိပါသည်။

* * *

ခြေတော်ရာတောင်ပေါ်သို့ ရောက်ပြီ။ စေတီတော်ကို ဝင်းပသော နေခြည်၌ ကြည်ညိုဖွယ် ဖူးရသည်။ ကျောက်တောင်၊ ကျောက်ထပ်များပေါ်၌ ခြေတော်ရာကို ရဟန္တာမြတ်ကြီး ချတော်မူခဲ့သည်။

အနာဂတ် သာသနာတော်အကျိုးမျှော်ကိုးတော်မူလျက် အနာဂတဉာဏ်တော်မြတ်နှင့် ဤနေရာ ဤဒေသ၌ ချထားတော်မူခဲ့သည်။

ခြေတော်ရာစေတီထက်မှ ဆည်းလည်းသံသည် လေပြည်နှော၍ တလွင်လွင် မြည်နေသည်။ သာယာလှပါဘိခြင်း။ ခြေတော်ရာ တောင်ကုန်းမှ လှမ်း၍မျှော်လျှင် အရှေ့ရိုးမ၏ လက်တက် တောင်စွယ်တောင်တန်းများနှင့် ညှို့မှိုင်းနေသော တောင်ထွတ် တောင်တန်းများကို လွမ်းမောဖွယ်ရှုမဆုံး မြင်တွေ့ရသည်။

ခြေတော်ရာစေတီတော်နှင့် သီဝလိစက်တော်ရာကို ဆီမီးနံ့သာ ဖြင့် ပူဇော်ပြီးမှ ခြေတော်ရာဘုန်းတော်ကြီးကျောင်းရှိရာ တောင်ထိပ်တစ်နေရာမှ အတန်ငယ် နိမ့်ပြူးပြီး သရက်ပင်



www.burmeseclassic.com

www.burmeseclassic.com

အိုကြီးများနှင့် အုံဆိုင်းနေသော ရွှေဟောင်းကျောင်းတော်ကြီးသို့ ဝင်ခဲ့ကြသည်။

ဆရာတော်ကြီးသည် တစ်ပါးတည်း သီတင်းသုံးတော်မူသော ဧကစာရီပုဂ္ဂိုလ်မြတ်ဖြစ်သည်။ သက်တော် (၇၀) ခန့် ရှိသည်။ အသားညိုညို ကိုယ်ဟန်မှာ ပိန်ပိန်ပါးပါး စူးရှသော မျက်ဝန်းများမှာ တောက်ပနေသည်။

တစ်ပါးတည်း သီတင်းသုံးတော်မူသောကြောင့် ဆွမ်းကွမ်းကိစ္စကို မည်သို့ ဆောင်ရွက်နေသည်ကို ခန့်မှန်းရခက်သည်။

တောင်ပေါ်မှ တောင်အောက် (၁) နာရီလောက် သာမန် လူငယ်လူရွယ်များ သွားရသော လမ်းမျိုးကို ဆရာတော်ကြီး ကြွတော်မမူနိုင်၊ ဆွမ်းကို ပုံမှန်ပို့သူများက မည်သူများပါနည်း။ မြို့ထဲမှလည်း တစ်ခါတစ်ရံသာ ဆရာတော်ကြီးထံ ရောက်လာတတ်ကြရာ ဆွမ်းကိစ္စမှာ ဆရာတော်ကြီးအတွက် ရတက်မအေးစရာဟု ဆရာမ ဒေါ်ခင်ဖြူ တွေးမိသည်။

သို့ပါသော်လည်း ဆရာတော်ကြီးထံသို့ နေ့စဉ် ဆွမ်းပို့နေသူများ ရှိကြောင်းကို ကျောက်ကြီးသူ ဆရာမ ဒေါ်တင်မေအေးက ရှင်းပြသည်။

'ဆရာတော်ကြီးကို ဥစ္စာစောင့်တွေ ဆွမ်းပို့တယ်လို့ ကျွန်မတို့ မြို့ထဲက လူကြီးတွေက ယုံကြည်ကြတယ် မရဲ့'

ဖြစ်နိုင်လောက်ပေသည်။ ဒေါ်တင်မေအေး ပြောပြ၍ ဆရာတော်ကြီး၏ သည်းခံတော်မူပုံကို ကြားဖူးသည်။ တစ်ခါက ဆရာတော်ကြီးထံတွင် သူခိုး ဝင်ခိုးသည်။ ဆရာတော်ကြီးက **"လိုချင်တာ ယူသွားပါ မောင်ရယ် ငါ့မှာ ဘာမှ မလိုပါဘူး"** ဆိုတော်မူကာ ရှိသမျှ ထုတ်ပေးတော်မူသည်။



သူခိုးမှာ ဆရာတော်ကြီး အော်ဟစ်မည်ကို စိုးရိမ်သည်။ မောင်းထု၍ လူများသိအောင် ပြုလုပ်မည်ကိုလည်း စိတ်ပူသည်။

ဤသို့ဖြင့် ဆရာတော်ကြီးကို ပါးစပ်ကို ပဝါစည်းသည်။ တိုင်တွင် ကြိုးနှင့် တုပ်ချည်ပြီး လိုချင်သမျှ စိမ်ပြေနပြေ သယ်ယူသွားသည်။ သူခိုးမှာ မျက်နှာဖုံးစွပ်ထားသော်လည်း ဆရာတော် ကောင်းစွာ မှတ်မိသည်။

သို့သော် သူခိုး၏ အမည်ကို ပျံ့လွင့်သည်အထိ မိန့်တော်မမူသွားခဲ့ကြောင်း သိရသည်။ နောက်တစ်နေ့မှ ဘုရားဖူးများက ဆရာတော်ကြီးထံ ရောက်လာကြပြီး ကြိုးဖြေပေးကြရသည်။

ဤကဲ့သို့သော သည်းခံနိုင်စွမ်းသော အကျင့်သီလနှင့် ပြည့်စုံသော ဆရာတော်ကြီးဖြစ်၍ ဥစ္စာစောင့်များ ဆွမ်းကပ်သည်မှာ ယုံကြည်လောက်ပေသည်ဟု ဒေါ်ခင်ဖြူ တွေးမိသည်။

* * *

ကျောင်းမကြီးပေါ်တွင် တစ်ပါးတည်း ကျမ်းစာအုပ်ကို အေးချမ်းတည်ငြိမ်စွာ ဖတ်နေသော ဆရာတော်ကြီးကို ဖူးရသည်။

ဆရာမ ဒေါ်တင်မေအေးသည် ကျောက်ကြီးဇာတိဖြစ်၍ ဆရာတော်ကြီးကို ရင်းနှီးစွာ သိရှိနေသည်။

ဒေါ်ခင်ဖြူတို့နှစ်ဦးသားသည် ဆရာတော်ကြီးကို ရိုသေစွာ ကန်တော့ပြီးသော် ဆွမ်းချိုင့်နှင့် သစ်သီးမုန့်ထုပ်များကို ကပ်လှူကြသည်။

ဆရာတော်ကြီးသည် တည်ငြိမ်စွာ အလှူခံပြီး ဆုများပေးသည်။ ဒေါ်တင်မေအေးက ဆွမ်းဟင်းများကို ကပ္ပိယ လုပ်၍ လဲလှယ်ပေးသည်။

မလှမ်းမကမ်းတွင် တွေ့ရသော ဒကာကြီးတစ်ဦးအား ဆရာတော်ကြီးက ခေါ်ယူပြီး ဒေါ်တင်မေအေးကို ကူညီစေသည်။

တစ်ခါတစ်ရံတွင် ဆရာတော်ထံ၌ ကပ္ပိယကြီးဦးညိုဆိုသူ လာရောက်၍ ဝေယျာဝစ္စ ဆောင်ရွက်တတ်သည်။

ဒေါ်တင်မေအေးက...

'ဆရာတော်ဘုရားကြီး ဒီက မမက ညောင်လေးပင်ကပါ။ ဒီကျောက်ကြီးကျောင်းမှာ အထက်တန်းပြ ဆရာမအဖြစ် တာဝန်ကျလို့ ရောက်လာတာပါ။ မမက ဥစ္စာစောင့်တွေအကြောင်း သိချင်နေလို့ တပည့်တော် ခေါ်လာတာဘုရား။ ကထိန်ခင်းနေတုန်းက ဥစ္စာစောင့်က ဖော့သက်န်း လာကပ်သွားတယ်လို့ မြို့ထဲမှာ ပြောနေကြတယ် ဘုရား၊ ဟုတ်ပါသလားဘုရား'

ဆရာတော်ကြီးက ပြုံးတော်မူသည်။ ပြီးမှ အေးဆေးစွာ ရှင်းပြတော်မူခဲ့သည်။

'ဆရာမလေးတွေ သိချင်ရင် ပြောပြမယ်။ လာကပ်တဲ့ ဥစ္စာစောင့်မလေးက မလှမြင့်လို့ ခေါ်တယ်ကွယ့်။ ဝတ္ထုငွေ(၃၀၀)ကျပ် လာကပ်တယ်။ ဝတ္ထုငွေနဲ့ ဒကာများကို ဖော့သက်န်း ဝယ်ခိုင်းထားပေးဖို့ လျှောက်တယ်ဗျား။ ပြီးတော့ ကောင်းကောင်းမွန်မွန် ကန်တော့ပြီး ပြန်ဆင်းသွားတာပဲ။

အေး ဘုန်းကြီးပြောဖို့ ကျန်သွားတယ်။ သူက ဒီနားမှာရှိတဲ့ သိုက်နန်း



www.burmeseclassic.com

www.burmeseclassic.com

တစ်ခုကပါ။ ကောင်းမှု ပြုချင်လွန်းလို့ လာရတာပါလို့ ပြောရှာတယ်။ ဘုန်းကြီးက ဒကာမလေးကို သက်န်း ကပ်ဖို့ ကထိန်ရက်မှာ ဘယ်လိုဖိတ်ရ မလဲကွယ့်လို့ မေးတာပ...

"မလှမြင့်နဲ့ သိုက်နန်းသူ သိုက်နန်းသားတွေ သင်္ကန်းလာကပ်ပြီး တရားနာကြွကြပါ့မယ်လို့ (၃)ခါတိတိ ဖိတ်ပါဘုရား။ တပည့်တော်မ တို့အတွက်လဲ ရည်မှန်းပြီး နေရာလေးဘာ လေး စီစဉ်ပေးထားပေါ့ ဘုရား"

လို့ ပြောပြီး လူတွေလိုပါပဲ ဆင်း သွားပါလေရော'

ဆရာတော်ပြောသော ဥစ္စာစောင့် မလှမြင့်အကြောင်းကို တအံ့တသြ နားထောင်ရင်း ဒေါ်ခင်ဖြူသည် ဥစ္စာ စောင့် မလှမြင့်၏ ပုံဟန်ကို သိချင်လာ သည်နှင့်...

'ဥစ္စာစောင့်မ မလှမြင့်က လှသလား ဘုရား ဘယ်လိုမျိုးလေးလဲဘုရား၊ ဆံပင်ကကော အရှည်ကြီးပဲလား ဘုရား'

ဟု သဘောကောင်းသော ဆရာ တော်ကြီးကို လျှောက်ထားမေးမြန်းမိ သည်။

ဆရာတော်ကြီးက ကလေးဆန် သော ဒေါ်ခင်ဖြူကို ပြုံးရယ်၍ ကြည့် တော်မူရင်းက...

'ဥစ္စာစောင့်တို့ သိုက်နန်းရှင်တို့ဆိုတာ လူတွေက ထင်သလို ညှိုးယူဖမ်းစားတတ်တဲ့ လုလုပပ ပုံစံမျိုး မဟုတ်ပါဘူးကွယ်။ သူလို ငါလို ကပိုကရို ပုံစံမျိုးပါပဲ။

သူတို့ဟာ သနားစရာကောင်းတဲ့ ပရ လောကသားတွေကွယ့်။ လူတွေလို ကုသိုလ် ကောင်းမှုကို အချိန်ပြည့် လုပ်ခွင့်မရကြ ဘူး။ အလွန် အခါအခွင့်သင့်မှ လုပ်ကြရတာ လေ'

ဆရာတော်ကြီး၏ စကားကို နားထောင်ရင်းမှ ဒေါ်ခင်ဖြူသည် ကထိန်နေ့က အဖြစ်အပျက်ကို ခရေ



စေ့တွင်းကျ သိလိုပြန်၍ မေးမြန်းခဲ့ပြန် သည်။

'ဆရာတော်ဘုရား... ကထိန်နေ့ တုန်းက မလှမြင့်တို့အဖွဲ့ လာကြပုံနဲ့ သင်္ကန်းကပ် အမျှဝေပုံလေး မိန့်ပါဦး ဘုရား'

ဆရာတော်ကြီးသည် တည်ငြိမ် ရင့်ကျက်သော အသွင်တော်ဖြင့် ပတ်ဝန်းကျင် တောတောင် လျှိုမြောင် များဘက်သို့ တစ်ချက်မျက်စိဝေ့၍ ကြည့်လိုက်ရင်းမှ...

'အေးလေ ပြောမှတော့ ပြီးအောင် ပြောရတော့မပေါ့။ အဲဒီနေ့က ကထိန် ခင်းတာ ဥစ္စာစောင့်သတင်းကြောင့် တော်တော် စည်ကားသွားတာ။ ဂေါပကတွေရော၊ ဧည့်ပရိသတ်တွေပါ ကြောက်တဲ့ မျက်နှာ၊ စူးစမ်းလေ့လာ ချင်တဲ့ မျက်နှာတွေနဲ့ တစ်ယောက်ကို တစ်ယောက် အကဲခတ်ကြည့်နေကြ တာပေါ့။ အသံချဲ့စက်ကနေပြီး...

"သိုက်နန်းရှင် မလှမြင့်နဲ့ အပေါင်းပါတို့ ကထိန်သင်္ကန်းတော် ကပ်လှူရန် အချိန် ရောက်ပြီမို့ ကြွရောက်တော်မူကြပါခင်ဗျား"

လို့ ဂေါပကအဖွဲ့က (၃)ကြိမ် (၃)ခါ ဖိတ်ခေါ်ခဲ့တယ်။

ထူးထူးခြားခြားတော့ လာကြတာ မတွေ့ရဘူးတဲ့။ ဒါပေမယ့် တစ် ယောက်ကို တစ်ယောက် မသိ မျက်နှာစိမ်းတွေကလဲ အများကြီး ဆိုကိုးဗျ။

လူတွေဟာ ဘယ်သူ သိုက်နန်းရှင်တွေ ခွဲခြားပြီး မသိနိုင်ကြတော ဘူးပေါ့။ သူတို့အတွက် ပေးထားတဲ့ ထိုင်စ အခင်းတွေမှာလဲ လူတွေ ပြည့်နေတာပါ

'ဆရာတော်ဘုရား့ ဖော့သင်္ကန်းကို သိုက်နန်းရှင် မလှမြင့်က သူကိုယ်တိုင် မကပ်ဘူးလား ဘုရား'

ဒေါ်ခင်ဖြူက အကွက်စေ့ မေးခွန်းထုတ်လိုက်သည်။

'ဆရာမရေ အရုံသင်္ကန်းတွေကလဲ များသားကလား။ ဖော့သင်္ကန်း ကပ် တဲ့လူတွေလဲ ရှိနေတော့ လူတွေက ဘယ်သူကပ်လို့ ဘယ်လိုကပ်မှန်း မသိ ကြဘူးပေါ့။ ဘုန်းကြီးကတော့ မလှမြင့် ကို တွေ့ဖူးထားတော့ သိတာပေါ့။

သူတို့ကတော့ လူတွေ မရိပ်မိ အောင် ရောရောနှောနှော နေကြရင်း ရေစက်ချပြီးတော့ ပရိသတ်နဲ့အတူ ပြန်ဆင်းသွားခဲ့တာပေါ့ကွယ်'

ဒေါ်ခင်ဖြူသည် သိလိုသမျှ သိရ ဖြစ်၍ ကြည်ညိုဖွယ်ရာ ခြေတော်ရ တောင် ဆရာတော်ကြီး၏ မိန့်တော်မူ သော အသံတော်ကို ဆက်၍ နာယူ တော်မူနေမိသည်။

'ခက်သားကွယ် ဒီပရလောကသားတွေ လောကလူသားတွေက လူစားလဲမ လိုပြောနေတယ်၊ ခြောက်လှန့်လိုမယ် ထင်နေကြတာ။ ခြေတော်ရာ တစ်ဝိုက် သိုက်နန်းရှင်တွေကတော့ ကောင်း တွေပါ။

သင်္ကန်းတွေကပ်ကြတယ်၊ ဆွမ်းကျွေး လှူကြတယ်ကွယ်၊ လူနေအိမ်ခြေနဲ့ ဝေ

စာမျက်နှာ (၃၀၂) သို့

www.burmeseclassic.com

### သူ့အသက်ကို ဂမ္ဘီရနည်းဖြင့်
### ထပ်မံ ကယ်တင်လိုက်နိုင်ပြီ

စာရေးသူသည် **အမှတ်(၃၂၅) ၂၀၁၃ ခုနှစ်၊ ဩဂုတ်လထုတ် နဂ္ဂတွာရောင်ခြည်မဂ္ဂဇင်း၊ စာမျက်နှာ (၁၃၇)**တွင် ဆောင်းပါးရှင် **ဗိုလ်မှူးတင်လှ(ငြိမ်း)၏ "သူ့အသက်ကို ဂမ္ဘီရနည်းဖြင့် ကယ်လိုက်ပြီ"** ဆောင်းပါးကို ဖတ်လိုက်ရ၏။

စာရေးသူတို့ မြဝတီမြို့နှင့် (၃)မိုင်ခန့်ဝေးသော မြဝတီမြို့နယ် စစ်မှုထမ်းဟောင်း စိုက်ပျိုးရေးခြံများတွင် စာရေးသူနှင့် တပ်ရင်းတစ်ရင်းတည်း (ခလရ ၁၁)တွင် တာဝန်ထမ်းဆောင်ခဲ့ဖူးသည့် ညီရင်းအစ်ကိုသဖွယ် ခင်မင်ရင်းနှီးသော ဦးမြသာဆိုသည့် သူငယ်ချင်းတစ်ဦးရှိ၏။

**(၁၁-၁၀-၁၃)ရက်နေ့**တွင် ဦးမြသာ ဆေးရုံတက်ရကြောင်း အကြောင်းကြားလာပါသဖြင့် ဆေးရုံတွင် သွားတွေ့ဖြစ်၏။ အသက်(၇၀)ရှိပါပြီ။ လူကြီးရောဂါ အကြောတွေ ထုံကျဉ်ပြီး အစားအသောက်မဝင်ကြောင်း သိရ၏။

စာရေးသူလည်း လိုအပ်သည်များ တတ်နိုင်သမျှ အကူအညီပေးပြီး နေ့စဉ်သွားတွေ့ဖြစ်၏။ **(၁၆-၁၀-၁၃)ရက်**နေ့တွင် သက်သာ၍ ဆေးရုံက ပြန်ဆင်းသွားပါသည်။

(၂၃-၁၀-၁၃)ရက်နေ့တွင် ဦးမြသာ ဒုတိယအကြိမ် ဆေးရုံပြန်တက်ရပြန်ပါသည်။ "သွေးအန်ပြီး သွေးဝမ်းသွား" သည်ဟု သိရ၏။ မြဝတီခရိုင်ဆေးရုံကြီး၏ ကြိုးစားကုသမှုဖြင့် သက်သာပြီး (၂၈-၁၀-၁၃)ရက်နေ့တွင် ဆေးရုံမှ ပြန်ဆင်းသွားပြန်ပါသည်။




# ကျေးဇူးတင်ပါသည် နဂ္ဂတွာရောင်ခြည်

**(၂-၁၁-၁၃)ရက်နေ့**မှာတော့ စာရေးသူ ဦးမြသာထံ ရောက်သွားသောအခါ ဦးမြသာတစ်ယောက် ပက်လက်အနေအထားဖြင့် ပါးစပ်ကလေးဟပြီး မှိန်းနေသည်ကို ဝမ်းနည်းစွာ တွေ့ရပါတော့သည်။

စာရေးသူလာကြောင်း လှုပ်ပြီး ပြောလိုက်သောအခါ မျက်စိဖွင့်ကြည့်ပြီး စူးစူးဝါးဝါးဖြင့် စကားတွေ ပြောပါတော့သည်။ အသံတွေ ဝါးနေပါပြီ။ စကားတွေ မပီသတော့ပါ။

ဦးမြသာ၏ဇနီး မစမ်းရှင်က...

'မြင်တဲ့အတိုင်းပဲ ဦးမင်းညို အစာလဲ မဝင်တော့ဘူး။ ရေ အချိုရည်၊ လိမ္မော်ရည်ကို အစက်ချပေးနေရတယ်။ ဆေးရုံပြန်တင်ရင်ကောင်းမလား'

ဟု ပြောပါသည်။

စာရေးသူ စဉ်းစားနေရင်း ဦးနှောက်ထဲလက်ခနဲ ဝင်လာသည်က ဗိုလ်မှူးတင်လှ၏ဆောင်းပါး။ "**ကိုမြသာ ဘာနေသလဲ**"ဟု မေးရာ "**စနေသား**" ဟု သိရ၏။

'ခဏ စောင့်ကြည့်ကြရအောင်ကွာ ခရီးကလဲ ဝေးတယ်။ ကားနဲ့သွားလဲ လမ်းကကြမ်းတော့ သူခံနိုင်ပါ့မလား။ မတော် လမ်းတွင် ပြီးသွားဦးမယ်။ မနက်ဖြန် ပြန်လာခဲ့မယ်'

ဟု ပြောပြီး စာရေးသူ ပြန်လာခဲ့၏။

အိမ်ရောက်တော့ ဆောင်းပါးရှင် ဗိုလ်မှူးတင်လှ(ငြိမ်း)၏ ဆောင်းပါးကို အကြိမ်ကြိမ် ဖတ်ကြည့်မိရာ လွန်ခဲ့သော နှစ်အတန်ကြာက အဖြစ်အပျက် အကြောင်းအရာတစ်ခုကို ပြန်လည် သတိရပါတော့သည်။

၂၀၀၅ ခုနှစ်ကဟု မှတ်မိပါသေးသည်။ မြဝတီမြို့ အမှတ်(၁)ရပ်ကွက်တွင် စာရေးသူနှင့် ကိုမြသာတို့နှင့် ခင်မင်သော ဦးမြလွင်ဆိုသော ဗိုလ်ဆွေ

www.burmeseclassic.com

တစ်ဦး ရှိခဲ့ဖူး၏။

တစ်နေ့တွင် ဦးမောင်လွင် စာရေးသူ အိမ် ရောက်လာပြီး...

'ဟော့...သူငယ်ချင်း မင်း မနက်ဖြန် မနက်(၅)နာရီလောက် ငါ့အိမ် အရောက်လာခဲ့ကွာ။ မင်းနဲ့ငါ လုပ်စရာ ရှိတယ်'

ဟု ပြောသွားပါသည်။ နောက်တစ်နေ့စာရေးသူ ဦးမောင်လွင်အိမ် ရောက်သွားသောအခါ...

'သူငယ်ချင်းရေ ဖို့ငါ့နီး မင်းအစ်မကြီး ဆုံးပြီ လို့သဘောထား။ မင်းနဲ့ငါ သူ့ အသုဘကို ချောင်းထဲ သွားမျှောရမယ်ကွ။ မင်းက ဦးခေါင်း ပိုင်းကမ၊ ငါက ခြေထောက်ဘက်က မ,မယ်'

ဟု ဆိုကာ အဝတ်တွေ ပတ်ထားသော သစ်ချောင်းတစ်ချောင်းကို နှစ်ယောက်သား ရှေ့နောက်ကိုင်ကာ သောင်ရင်းမြစ်ထဲ သွားမျှောခဲ့သည့် အဖြစ်ကို ပြန်လည် သတိရနေမိခြင်း ဖြစ်၏။

ဦးမောင်လွင် ပြောပြ၍ သိရသည်မှာ ယတြာချေသည်ဟုသာ သိရှိပြီး အစီအရင်ကို သေချာစွာ ဂဃနဏ မသိရှိခဲ့ပါ။ ***(ထိုအချိန်က ဦးမောင်လွင်၏ ဇနီးမှာ အတော်နာမကျန်း ဖြစ်နေသည်ကိုတော့ သိရှိ၏။)***

စာရေးသူ ဆက်တင် ပြလိုသည်က ဦးမောင်လွင်သည် လူကြီးရောဂါဖြင့် ၂၀၀၇ ခုနှစ်တွင် ကွယ်လွန်အနိစ္စ ရောက်သွားသော်လည်း ယတြာချေထားသော သူ၏ဇနီးမှာ ၂၀၁၂ ခုနှစ်ကျမှ ကွယ်လွန်သည်ကို ယခုမှပင် စာရေးသူ သတိပြုမိပါတော့သည်။

နောက်တစ်နေ့ (၃-၁၁-၁၃)ရက်နေ့မှာ စာရေးသူ ဦးမြသာထံ ပြန်သွားပြီး စနေသားဖြစ်သည့်အတွက် နေ့နံသင့် **ထိမ်သား**ဖြင့် ဆောင်းပါးရှင် ဗိုလ်မှူးတင်လှ(ငြိမ်း)၏ ဆောင်းပါးပါအတိုင်း စီရင်ဆောင်ရွက်ပြီး...

'စနေသား ဦးမြသာ၏ ရုပ်နာမ်တို့သည် ဤရုပ်ထား နာမ်ထား၌ တိဌာတု တည်ပေစေ'

ဟု သုံးကြိမ် သုံးခါရွတ်ပြီး ယင်း၏ ဇနီးအား နောက်တစ်နေ့ နံနက်စောစောတွင် သောင်ရင်းမြစ်ထဲ သွားမျှောရန် သေချာစွာ မှာကြားပြီး ပြန်ခဲ့ပါသည်။

စာရေးသူ တစ်လခန့် ကြာသည် အထိ ဦးမြသာထံ မရောက်ဖြစ်ပါ။ (၁-၁၂-၁၃)ရက်နေ့ကျမှ သွားဖြစ်၏။ စာရေးသူ ဆိုင်ကယ်သံ ကြားသည်နှင့် အိပ်ရာမှ ထထိုင်ပြီး စောင့်နေပါသည်။

'မင်းလာတာ ငါ သိတယ်ကွ။ ငါနေကောင်းနေပြီ။ ဘာပဲစားစား စားလို့ကောင်းတယ် ထမင်းလဲ စားနိုင်နေပြီကွ'

ဟု ဆီးပြောပါသည်။

အသားတွေ သွေးရောင်သန်းပြီး မျက်နှာလည်း ကြည်လင်နေသည်ကို ဝမ်းမြောက်ဖွယ် တွေ့ရပါ၏။ စာရေးသူ ဝမ်းသာမိသည်မှာ ပြော၍ပင်မတတ်တော့ပါ။ သူ၏ မိသားစုများလည်း ဝမ်းသာပျော်ရွှင်နေသည်ကို တွေ့ရ၏။

စာရေးသူအနေဖြင့် ဂမ္ဘီရနည်းဖြင့် အသက်ကယ်ခြင်းကို နှစ်ကြိမ်မြောက် ဆောင်ရွက်မိသည်ဟု ဆိုနိုင်ပါသည်။

နက္ခတ္တရောင်ခြည် . မဂ္ဂဇင်းအားလည်းကောင်း၊ ဆောင်းပါးရှင် ဗိုလ်မှူးတင်လှ(ငြိမ်း)အား လည်းကောင်း မှတ်တမ်းတင် ဂုဏ်ပြုကျေးဇူး တင်ရှိပါကြောင်း တင်ပြအပ်ပါသည်ခင်ဗျာ...

မှတ်ချက်

**အဖြစ်မှန်ကို ရေးသားတင်ပြခြင်းဖြစ်သည့်အလျောက် အမည်များကို အမှန်အတိုင်း ဖော်ပြထားပါသည်။**

( ဦးမင်းညို *(မြဝတီ)*

စာမျက်နှာ (၃၀၀)မှ အဆက်

မယ့် ဟင်းချက်တဲ့ရနံ့မျိုး ကြက်သွန်ဆီသတ်တာ၊ ငါးကြော်တဲ့ အနံ့တွေ ထုံထုံ ဆန်းဆန်းရတယ်။

နောက်နေ့ဆိုရင် ဒီဟင်းတွေ ထမင်းတွေ ဘုန်းကြီးဆီကို လာပို့ဆက်ကပ်ကြတာပါ။ ဘုန်းကြီးနဲ့ သူတို့ကတော့ အလှူပေး အလှူ သဘောမို့သွမ်း အကာ,အကာမတွေ အမြဲ မေတ္တာပို့ရတာပေါ့ကွယ်'

နံနက်(၉)နာရီခန့်ရှိပါပြီ။ ဆရာမ နှစ်ဦးသည် ခြေတော်ရာတောင် ဆရာတော်ကြီးကို ရှိသေစွာ ကန်တော့ကြပြီး ခြေတော်ရာတောင်ပေါ်မှ ငြိမ်းသက်စွာ အတွေးကိုယ်စီနှင့် ဆင်းလာခဲ့ကြသည်။

တောပန်းတောင်ပန်းတို့၏ ရနံ့သည် ချိုအီသင်းပျံ့ စီးမျောလာသည်။ ထိုရနံ့ သင်းများတွင် နံ့သာဖြူရနံ့သင်းကလေးကို ရှူရှိုက်လိုက်မိ၍ ဆရာမ ဒေါ်ခင်ဖြူ ကြက်သီးမြမြထသွားသည်။ စိတ်ထဲက ကထိန်သင်္ကန်းအလှူရှင် မလှမြင့်ကို ပုံဖော်ကြည့်လိုက်မိသည်။

တောင်ဆင်းလမ်းမှ လှမ်းမျှော် ကြည့်သော် တောင်နီးဝေဝေ မြူခိုး ဆိုင်းဆိုင်း ညှိမှိုင်းဝေရီသော တောင်တန်းကြီးများကိုရှုမောမဆုံး တွေ့ရသည်။

မြေပြန့်ဒေသတွင် အသီးဝင်စ ပြူနေ သော လယ်ပြင်ကြီးကို သစ်လွင်လှပ စွာ တွေ့ရသည်။

မြအသွေးကို ရွှေရေးလှနေသော စပါးကွင်းသည် မြစိမ်းတောင်တန်းများ၏ အောက်ခြေတွင် ရွှေသားနှင့် အနား သတ်ပေးထားသကဲ့သို့ ရှိသည်။

"သိုက်နန်းသူ သိုက်နန်းသားတွေ ဒီနားတစ်ဝိုက်မှာ နေကြမှာပဲနော်" ဟု စိတ်ထဲက စကားပြောနေမိသည် ဘာရယ်မသိ ဝမ်းနည်းသလိုလိုလည်း ခံစားရသည်။

သတိထားမှုကြောင့် မေတ္တာပွား များခြင်းကို ပြုဖို့ တွေးမိသည်။ မေတ္တာ အတွေး ဝင်လာသောအခါ ဆရာမ ဒေါ်ခင်ဖြူ၏ စိတ်နှလုံးသည် ဖြူစင် ဝင်းပလာခဲ့ရပေတော့သည်။

***ကျောက်ကြီး အလွှမ်းပြေ ခံစား ဖွဲ့ပါသည်။***

ကြော့ကြော့(ပုဂ္ဂိုလ်မြောင်း)



www.burmeseclassic.com